www.burmeseclassic.com

တက္ကသိုလ်

# ငှက်ပင့်ဒေါင်

ကျွင်း၊ ကျိုဆ်ဝမ်း၊ ယန်ကျုန်

## ဖျိုင်းဖြူသခင် မာယာရှင်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## မျိုးမြှုသခင်မာယာရှင်

(စာစဉ်-၁)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် ၅၀၁၃၇၀၄၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၄၂၂၀၄၀၇

၂၀၀၇ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။


**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ☆ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

## ကျောက်စိတ်သွင်းသူ

ဆယ်နှစ်အရွယ် လူငယ်ကလေးတစ်ယောက် ကျောက်ရေကန်ကြီးထဲတွင် ကြောက်လန့်တကြား ကူးခတ်နေသည်။

ရေကန်ကြီးမှာ ပေငါးဆယ်ပတ်လည်ခန့် ကျယ်ဝန်းသော လူတို့ ဖန်တီးပြုလုပ်ထားသော ကျောက်ရေကန်ကြီးဖြစ်၏။

ရေကန်ကြီးထဲတွင် ကူးခတ်နေသောလူငယ်ကလေးမှာ လွန်စွာ မောဟိုက်နွမ်းနယ်နေသည်။

ခြေကုန်လက်ပန်း ကျလုလု ဖြစ်နေသည်။

ရေကန်အစပ် ကျောက်ခုံပေါ်တွင် အသက်လေးဆယ်အရွယ် လူကြီးတစ်ယောက်ရပ်နေသည်။

သူသည် ရေကန်ကြီးထဲမှ လူငယ်ကလေး၏ အဖြစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ကောက်ကျစ်စဉ်းလဲစွာ ပြုံးနေသည်။

လူငယ်ကလေးက ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ရေကန်အစပ်ဆီ ကူးခတ်လာခဲ့သည်။

ယင်းလူငယ်ကလေး ရေကန်အစပ်ဆီသို့ အရောက်တွင် လူကြီးလည်း ဖျတ်ခနဲ ရောက်လာသည်။

ရေကန်ပေါ်တက်ရန် လက်လှမ်းနေသော လူငယ်ကလေးကို လူကြီးက ဆွဲကိုင်သည်။

ယင်းလူကြီးသည် လူငယ်ကလေးကို အရှုပ်ဆွဲတင်မလိုလို လုပ်ပြီးမှ ရေကန်ထဲကို ပစ်ချလိုက်ပြန်သည်။

လူငယ်ကလေး ရေထဲသို့ငုပ်မိုးခနဲ ကျသွားပြန်သည်။

ရေထဲတွင် မြုပ်လိုက်ပေါ်လိုက်ဖြစ်ပြီးမှ ကူးခတ်ပြန်သည်။

သူသည် နံ့စပ်ရာရေ ကန်အစပ်သို့ ကူးခတ်လာခဲ့ခြင်း ဖြစ်၏။

ရေကန်မှာ ပေနှစ်ဆယ်ကျော် အနက်ရှိသဖြင့် မကူးခတ်ပါက ရေနစ်သေဆုံးသွားနိုင်လေသည်။

လူငယ်၏နာမည်မှာ ချန်ဝူးဝမ်းဖြစ်လေသည်။

သူသည် သေဆုံးသွားပြီးဖြစ်သော ငွေမျိုးဖြူဂိုဏ်းချုပ်ကြီး ချန်စီးလင်း၏ တစ်ဦးတည်းသောသား ဖြစ်၏။

လူကြီးကမူ မကြာခင်ကမှ ငွေမျိုးဖြူ ယာယီဂိုဏ်းချုပ်ကြီးဖြစ်လာသော လင်ချမ်းကျုံးပင် ဖြစ်လေသည်။



တစ်ချိန်က လင်ချမ်းကျုံးသည် လူငယ်ကလေး ချမ်းဝူးဝမ်း၏ဖခင် ငွေမျိုးဖြူဂိုဏ်းချုပ်ကြီးဟောင်း ချန်စီးလင်း၏ လူယုံတော်ကြီးဖြစ်၏။ ငွေမျိုးဖြူ ဂိုဏ်းကြီး၏ ဒုဂိုဏ်းချုပ်လည်းဖြစ်၏။

ချန်စီးလင်း ရုတ်တရက် ကွယ်လွန်သွားသောအခါ သားဖြစ်သူ ချန်ဝူးဝမ်းမှာ အရွယ်မရောက်သေးသော ဆယ်နှစ်အရွယ် ကလေးငယ်ဖြစ်သောကြောင့် လင်ချမ်းကျုံးသည် ယာယီဂိုဏ်းချုပ်ကြီး ဖြစ်လာခဲ့ရတော့၏။

ငွေမျိုးဖြူဂိုဏ်း၏ ထုံးတမ်းစဉ်လာအရဆိုပါက ချန်ဝူးဝမ်း အသက်ဆယ့်ရှစ်နှစ်ပြည့်လျှင် ငွေမျိုးဖြူဂိုဏ်းချုပ်ကြီးအဖြစ် လင်ချမ်းကျုံးသည် ပြန်လည်လွှဲအပ်ပေးရမည် ဖြစ်၏။

ချန်ဝူးဝမ်းအနေနှင့်လည်း လက်ရုံးရည် နှလုံးရည် ပြည့်ဝသူ ဖြစ်ရမည်။

အကယ်၍ ချန်ဝူးဝမ်းအနေနှင့် လက်ရုံးရည်၊ နှလုံးရည်မပြည့်ပါက ငွေမျိုးဖြူဂိုဏ်းချုပ်ကြီးအဖြစ် တင်မြှောက်ရန်မလိုပေ။

ယခု လူငယ်ကလေး ချန်ဝူးဝမ်း ကူးခတ်နေသော ရေကန်ကြီးမှာ ငွေမျိုးဖြူစံအိမ်တော်ကြီး၏ ခြံဝင်းအတွင်းတွင် ရှိလေသည်။

ငွေမျိုးဖြူစံအိမ်တော်ကြီးမှာ ချန်ဝူးဝမ်း၏ မိဘဘိုးဘွား အစဉ်အဆက် နေထိုင်လာခဲ့သော စံအိမ်တော်ကြီးလည်းဖြစ်၏။

ငွေမျိုးဖြူ ဂိုဏ်းချုပ်ကြီးဖြစ်လာသူတိုင်း ဤစံအိမ်တော်

www.burmeseclassic.com

www.burmeseclassic.com



ကြီးတွင် နေထိုင်နိုင်ခွင့် ရှိသည်။

ထို့ကြောင့် လင်ချမ်းကျိုးသည် ချန်ဝူးဝမ်းကိုစောင့်ရှောက်ရင်း ဤစံအိမ်တော်ကြီးထဲတွင်ပင် နေထိုင်သည်။

ယခုအခါ ငွေဖျိုင်းဖြူစံအိမ်တော်ကြီး၏ အရှင်သခင်ကား ဝိုထီးချုပ်ကြီးလင်ချမ်းကျိုးပင် ဖြစ်နေလေပြီ။

ချန်ဝူးဝမ်းကလေးသည် လွန်စွာလည်း မောဟိုက်နေသည်။

လွန်စွာလည်း ထိတ်လန့်ကြောက်ရွံ့နေသည်။

ရေထဲတွင် နေရသည်မှာ ကြာပြီမို့ လွန်စွာလည်း ချမ်းအေးရသည်။

ရေကန်ထဲတွင် မနားမနေ ကူးခတ်နေရသဖြင့် အတော်ကလေး ခြေကုန်လက်ပန်းလည်း ကျနေသည်။

သူသည် ရေကန်စပ်ဆီသို့ မောဟိုက်နွမ်းနယ်စွာ ပြန်လည်ကူးခတ်လာသည်။

ရေကန်စပ်သို့ သူအရောက်တွင် လင်ချမ်းကျိုးလည်း လှစ်ကနဲ ရောက်လာသည်။



ဘောင်ကိုဆွဲကိုင်ထားသော လူငယ်၏လက်ကို လင်ချမ်းကျိုးက ဖမ်းကိုင်သည်။

ချန်ဝူးဝမ်၏ခန္ဓာကိုယ်ကလေးမှာ တဆတ်ဆတ် တုန်နေသည်။

ချမ်းလည်းချမ်း၊ ကြောက်လည်း ကြောက်သောကြောင့် ဖြစ်၏။

သူ့နှုတ်မှလည်း တုန်တုန်ယင်ယင် ထစ်ထစ်ငေါ့ငေါ့နှင့် စကားဆိုသည်။

"ကြောက်... ကြောက်ပါပြီ ဦးကြီးရယ်၊ ကြောက်... ကြောက်ပါပြီ"

လင်ချမ်းကျိုးက ခက်ထန်တင်းမာသော လေသံဖြင့်မေးသည်။

"ဘာကိုကြောက်တာလဲ... သေရမှာကို ကြောက်တာလား"

"ငါ့ကိုကော မကြောက်ဖူးလား"

"ဦး... ဦးကြီးကိုလဲ ကြောက်ပါတယ်"

"ငါ့ကိုလဲ ကြောက်ရမယ်... လူတိုင်းလူတိုင်းကိုလဲ ကြောက်ရမယ်၊ လောကကြီးတစ်ခုလုံးကိုလဲ မင်း ကြောက်ရမယ်၊ နားလည်လား"

"စွဲစွဲမြဲမြဲ နားလည်အောင်"

လင်ချမ်းကျိုးစကားဖြတ်ပြီး ချန်ဝူးဝမ်းကိုလှိုင်မြှောက်၍

www.burmeseclassic.com



ရေကန်အလယ်ကို ပစ်ချလိုက်ပြန်သည်။

ချန်းဂူးဝမ်း ကြောက်အား လန့်အားနှင့် ရေထဲကျသွားပြန်သည်။

"ဗွမ်း....."

ချန်ဂူးဝမ်း၏ခန္ဓာကိုယ် ရေထဲသို့မြုပ်ဝင်သွားသည်။ ခဏနှင့် ရေမျက်နှာပြင်ပေါ် ပြန်ပေါ်လာသည်။

သူသည် အနည်းငယ် ရေမွန်းသွားသဖြင့် ဂူးဂူးဝါးဝါး ဖြစ်သွားသည်။ ရေကန်စပ်ကို ကတိုက်ကရိုက် ပြန်ကူးလာသည်။

ချန်ဂူးဝမ်းရောက်လာမည့် ရေကန်စပ်တွင် လင်ချမ်းကျုံးကြို့ရောက်နေသည်။

ရေကန်ပေါ်တက်ရန် လှမ်းနေသော ချန်ဂူးဝမ်း၏လက်ကို ဆွဲကိုင်၍ မြှောက်လိုက်သည်။

ချန်ဂူးဝမ်းမှာ ကြောက်ရွံ့ထိတ်လန့် စိတ်ကြောင့် မရှန်းကန်ရဲချေ။

နှုတ်မှသာ ကြောက်လန့်တကြီး ပြောဆိုတောင်းပန်နေသည်။

"ကျွန်... ကျွန်တော့်ကို ရေကန်ထဲ ပစ်... ပစ်မချပါနဲ့ဦးကြီးရယ်၊ ကျွန်... ကျွန်တော် ကြောက်ပါတယ်၊ အများကြီး ကြောက်ပါတယ်"

"မင်း ဘာကိုကြောက်တာလဲ"



"သေရမှာကို ကြောက်ပါတယ်"

"ပြီးတော့"

"ဦးကြီးကိုလဲ ကြောက်... ကြောက်ပါတယ်"

"ပြီးတော့...."

"အေး... မင်းဟာ လူကြောက်ကလေး ဖြစ်နေရမယ်၊ သတ္တိမရှိတဲ့ကောင် ဖြစ်ရမယ်၊ နားလည်လား"

"ဟုတ်... ဟုတ်ကဲ့... နားလည်ပါတယ်"

"မင်း သတ္တိရှိလာတဲ့နေ့ဟာ မင်း သေရမယ့်နေ့ပဲဆိုတာ မှတ်ထား"

"ဟုတ်... ဟုတ်ကဲ့၊ မှတ်ထားပါ့မယ်"

လင်ချမ်းကျုံးက ချန်ဂူးဝမ်းခန္ဓာကိုယ်ကို မြှောက်ပစ်လိုက်၏။

"အား"

လေထဲသို့မြှောက်သွားသော ချန်ဂူးဝမ်း ကြောက်လန့်တကြီး အော်လိုက်၏။

ယခုအခါတော့ လင်ချမ်းကျုံးသည် ချန်ဂူးဝမ်းအား ရေကန်ထဲသို့ပစ်လိုက်ခြင်းမဟုတ်ဘဲ ကျောက်ခင်းပြင်ပေါ်သို့ ပစ်ချလိုက်ခြင်းဖြစ်၏။

ချန်ဂူးဝမ်းခန္ဓာကိုယ်က ကျောက်ခင်းပြင်ပေါ် အရှိန်နဲ့ကျ

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး နှစ်ဝတ်သုံးပတ် လိမ့်သွားသည်။

နာကျင်မှုကြောင့် သူ့မျက်နှာလည်း ရှုံ့မဲ့သွားသည်။

သူသည် ရှစ်နှစ်သားအရွယ်မှစ၍ သိုင်းပညာကို ဖခင်ဖြစ်သူထံမှ သင်ကြားခဲ့ရသဖြင့် အနည်းငယ်တော့ တတ်မြောက်သည်။

သို့သော် ဖခင်ကြီးကွယ်လွန်သွားသည့် လွန်ခဲ့သောခြောက်လကျော်က စပြီး သိုင်းပညာကိုလေ့ကျင့်သင်ကြားခွင့် မရတော့ချေ။

ထို့ကြောင့် လင်ချမ်းကျူးက ကိုင်မြှောက်၍ ပစ်လိုက်သောအခါ အကျနာရခြင်းဖြစ်၏။

ချန်ဂူးဝမ်း ပြန်မထနိုင်ခင်မှာပင် အသက်သုံးဆယ့်ငါးနှစ်အရွယ်ခန့် ရှိပြီဖြစ်သော အမျိုးသမီးတစ်ယောက် အပြေးကလေး ရောက်လာသည်။

စိုးရိမ်ပူပန်သောမျက်နှာနှင့် ချန်ဂူးဝမ်းကို ကမန်းကတန်း ပွေ့ထူသည်။

"ဖြစ်ရလေ လူကလေးရယ်... ဖြစ်ရလေ"

သူမ၏နှုတ်မှလည်း မချိတင်ကဲ လေသံဖြင့် တီးတိုးပြောဆိုသည်။

တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသော ချန်ဂူးဝမ်းကလည်း ယင်းအမျိုးသမီးကို အားကိုးတကြီးဖြင့် ပွေ့ဖက်သည်။

သူတို့နှစ်ယောက်အနီးသို့ လင်ချမ်းကျူး ရောက်လာသည်။



အမျိုးသမီးက လင်ချမ်းကျူးကို မဝံ့မရဲဖြင့် ပြောသည်။

"အစ်ကိုကြီးရယ်... ကလေးကိုတော့ ဒီလောက်အထိ ရက်ရက်စက်စက် မလုပ်သင့်ပါဘူး"

လင်ချမ်းကျူး၏မျက်နှာက ပိုမိုတင်းမာသွားသည်။ ပြတ်သားသောလေသံဖြင့်လည်း ပြန်ပြောသည်။

"ကျိုဖေ့ကျန်း... ငါ့ကို နင် ဘာမှပြောစရာမလိုဘူး၊ ဒီကောင့်ကို ငါလိုချင်တဲ့ပုံစံမျိုးဖြစ်အောင် သင်ယူရမယ်၊ သူ့ကိုနင် ဆက်ပြီး ထိန်းချင်ထိန်း မထိန်းချင်နေ၊ ဒီကောင်နဲ့ ပတ်သက်လို့ ငါ ဘာပဲလုပ်လုပ် နောက်ကို နင်ဝင်မပြောနဲ့၊ ပြောတဲ့နေ့ဟာ ဒီအိမ်က နင် ဆင်းရမယ့်နေ့ပဲ နားလည်လား"

"ဟုတ်... ဟုတ်ကဲ့၊ နားလည်ပါတယ် အစ်ကိုကြီး"

တကယ်တော့ ယင်းအမျိုးသမီးမှာ ချန်ဂူးဝမ်း လသားအရွယ်ကတည်းက ထိန်းသိမ်းစောင့်ရှောက်လာသူဖြစ်၏။

ချန်ဂူးဝမ်း၏ မိခင်ကြီးမှာ သူ့ကိုမွေးပြီးပြီးခြင်း သေဆုံးသွားခဲ့သည်။

ထို့ကြောင့် ဖခင်ဖြစ်သူက ချန်ဂူးဝမ်းကို ထိန်းသိမ်းစောင့်ရှောက်ရန် ခေါ်ထားခြင်းဖြစ်သည်။

သူမ၏နာမည်မှာ ကျိုဖေ့ကျန်းဖြစ်၏။ ရုပ်ဆိုးအကျည်းတန်သူလည်း ဖြစ်၏။

သူမတွင် ဆွေမျိုးသားချင်း တစ်ဦးတစ်ယောက်မျှလည်း

www.burmeseclassic.com

www.burmeseclassic.com



မရှိချေ။

အားကိုးရာမဲ့နေသောသူမကို ချန်စီးလင်းက ကရုဏာသက်သက်ဖြင့် ခေါ်ထားခြင်းဖြစ်၏။

ကျိုဖေ့ကျန်းသည် ချန်ဂူးဝမ်းကလေးကို သူမ၏တူသားရင်းတစ်ယောက်ပမာ ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ပြုစုယုယခဲ့သည်။

ဆယ်နှစ်လုံးလုံး နေလာရသော ချန်ဂူးဝမ်းအပေါ် ကျိုဖေ့ကျန်းသည် များစွာသံယောဇဉ်ရှိနေလေပြီ။ မခွဲနိုင် မခွာရက်အောင်ဖြစ်နေလေပြီ။

ဤအိမ်ကြီးမှ ခင်းသွားရမှာကို သူမအနေနှင့် မကြောက်ပါ။

သို့သော် ချန်ဂူးဝမ်းနှင့်ခွဲသွားရမည်ကိုမူ သေရမှာထက်ကြောက်သည်။

ချန်ဂူးဝမ်းတွင် အားကိုးအားထား မိဘဆွေမျိုးသားချင်းမရှိသော ဤအချိန်မျိုးတွင် သူမအနေနှင့် ပို၍ ခွဲမသွားရက်ပါချေ။

ယခုအချိန်တွင် ယာယီဂိုဏ်းချုပ်ကြီး ဖြစ်လာသော လင်ချမ်းကျိုးကလည်း လူအများ၏နောက်ကွယ်တွင် ချန်ဂူးဝမ်းကိုနှိပ်စက်ကလူ ပြုနေသည်မဟုတ်ပါလား။

ထို့ကြောင့် သူမသည် ချန်ဂူးဝမ်းကို ပို၍ထားမသွားရက်ပါချေ။



လင်ချမ်းကျိုးက သူမကို ထပ်မံပြီး သတိပေးသည်။

"နောက်ထပ် နင် စွဲစွဲမြဲမြဲ မှတ်ထားဖို့က ဒီကောင့်အပေါ် အခုလို ငါဆက်ဆံတာကို နင် ဘယ်သူ့ကိုမှ လျှောက်မပြောဖို့ပဲ၊ ပြောတာနဲ့ နင်အသေပဲ၊ ဒီကောင့်ကိုပါ ငါ သတ်ပစ်မယ်"

"မ... မပြောပါဘူး အစ်ကိုကြီးရယ်၊ လူကလေးကိုတော့ ဒုက္ခမပေးပါနဲ့"

"အေး... နင့်စကား မြဲမြဲမှတ်ထား"

လင်ချမ်းကျိုး ပြောပြီးသည်နှင့် ချန်ဂူးဝမ်းနှင့်ကျိုဖေ့ကျန်းတို့ကို ကျောခိုင်း၍ထွက်ခွာသွားတော့သည်။

ကျိုဖေ့ကျန်းသည် တုန်တုန်ယင်ယင်ဖြစ်နေသော ချန်ဂူးဝမ်းကလေးကို ဖက်၍ငိုလိုက်တော့၏။

"ကုသိုလ်ကံ ဆိုးလိုက်ပါဘိ လူကလေးရယ်"

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

## မြွေဆိပ်အရက်

အခန်းထဲတွင် မြွေလှောင်အိမ်များရှိသည်။

လှောင်အိမ်နှစ် ဆယ်ခန့်ရှိပြီး လှောင်အိမ်တစ်အိမ်တွင် မြွေတစ်ကောင်စီရှိနေသည်။

မြွေများမှာ အရွယ်အစားအမျိုးမျိုး။ တချို့က ရွှေဝါရောင်၊ တချို့က အစိမ်း၊ တချို့က အနက်၊ တချို့က ကွက်ကျား၊ လက်မောင်းခန့်အထိ ကြီးမားသော မြွေကြီးများရှိနေသလို လက်သန်းလုံးခန့်ရှိသော မြွေကလေးများလည်း ရှိနေသည်။

မြွေများထားရာ အခန်းအလယ်တွင် ကျောက်စားပွဲတစ်လုံး ရှိနေသည်။



ကျောက်စားပွဲကြီးအလယ်တွင် အရက်အိုးကြီးတစ်လုံး ရှိနေသည်။

ဤအရက်အိုးကြီးအတွင်းတွင်ရှိသော အရက်များမှာ ရိုးရိုးတန်းတန်း အရက်များမဟုတ်ချေ။

ဂိုဏ်းချုပ်ကြီး လင်ချမ်းကျုံးသည် သူတစ်ဦးတည်းသာ သောက်သုံးရန်အတွက် သူကိုယ်တိုင် အထူးစီမံ ဖော်စပ်ထားသောအရက် ဖြစ်လေသည်။

ဦးစွာ အိုးအလွတ်ထဲသို့ အဆိပ်သိပ်မပြင်းသော မြွေတစ်ကောင်ကို အရှင်အတိုင်း ထည့်လိုက်သည်။

ပြီးနောက် အိုးထဲကို အရက်ပြင်းများ လောင်းချပြီး အိုးအဝကို အလုံပိတ်လိုက်တော့၏။

မြွေမှာ အရက်ပြင်းအပြည့်ရှိသောအိုးထဲတွင် ရုန်းကန်ရင်း အဆိပ်များ အန်ထွက်ကာ နောက်ဆုံးတွင် သေဆုံးသွားသည်။

မြွေဆိပ်နှင့် အရက်များ ရောသွားသည်။ မြွေမသေခင် ရုန်းယင်းဆန်ခတ် လှုပ်ရှားခဲ့သောကြောင့် အဆိပ်နှင့်အရက်တို့ကို သမအောင် မွှေနှောက်ပြီးသား ဖြစ်သွားသည်။

ထိုသို့ အဆိပ်နှင့်ရောနေသော အရက်ထဲကိုမှ တောဓာတ်နှိမ်နိုင်းသော ဆေးတစ်မျိုးထပ်၍ ထည့်ပြန်သောအခါ ထူးခြားသော အရက်တစ်မျိုးဖြစ်လာတော့သည်။

၎င်းအရက်ကို လင်ချမ်းကျုံးသည် တစ်နေ့တစ်ခွက် မှန်မှန်

www.burmeseclassic.com



သောက်လာခဲ့သည်မှာ နှစ်နှစ်ကျော် သုံးနှစ်နီးပါးရှိနေပြီ ဖြစ်၏။

ထို့ကြောင့် အတွင်းအားက ပို၍ကောင်းခဲ့သည်။ တော်ရုံတန်ရုံ အဆိပ်ကိုလည်းစီးသည်။

ပထမ စ၍သောက်စဉ်က လုံးလုံးအဆိပ်မရှိသော မြွေနှင့်အရက်ကို ရောခဲ့သော်လည်း တဖြည်းဖြည်းနှင့် အဆိပ်ပြင်းသထက်ပြင်းသော မြွေတစ်ကောင်ချင်းဖြင့် အရက်ကို စိမ်၍သောက်ခဲ့သည်။

ယခုလည်း လင်ချမ်းကျိုးသည် မြွေဆိပ်ရည်ရောနေသော အရက်တစ်ခွက်ကို သောက်ချလိုက်သည်။

၎င်းအဆိပ်အရက် ဝမ်းထဲကိုရောက်သွားသည်နှင့် သူ့ရင်ကို မီးစကြီးနှင့် အထိုးခံလိုက်ရသကဲ့သို့ ခံစားလိုက်ရ၏။

သူ၏မျက်နှာမှာလည်း ညိုမည်းသွားသည်။

သူသည် အံကိုတင်းတင်းကြိတ်၍ မျက်လုံးအစုံကိုလည်း မှိတ်ထားလိုက်သည်။

ဤမြွေဆိပ်ရည်ကို ရောထားသောအရက်ကို သောက်ပြီးပြီးချင်း သူသည် ဤသို့ခံစားနေကျ ဖြစ်လေသည်။

သို့သော် ဤသို့သော ခံစားချက်မှာ ခဏသာကြာသည်။

ပူလောင်နေသော သူ့ရင်ထဲတွင် ခဏနှင့်ပြန်အေးလာသည်။

ညိုမည်းနေသော သူ၏မျက်နှာကလည်း သွေးရောင်ပြန်သမ်းလာသည်။



သွန့်နားထင်ကြောကြီးများလည်း ဖုထွက်လာသည်။

သူ့ငယ်ထိပ်ဆီမှ အခိုးအငွေ့များ ထွက်လာသယောင်ပင်ထင်ရသည်။

လင်ချမ်းကျိုးသည် အတန်ကြာအောင် ငြိမ်ရပ်နေပြီးနောက်မှ မူလပကတိ အခြေအနေအတိုင်း ပြန်ဖြစ်လာလေသည်။

မြွေများထားရာ အခန်းတွင်းမှ လင်ချမ်းကျိုး ပြန်ထွက်လာခဲ့သည်။

ချန့်ဂူးဝမ်းကလေး၏အိမ်ခန်းရှေ့မှ ဖြတ်အလျှောက် အိပ်ခန်းတွင်းရှိ ခုံတစ်လုံးပေါ်တွင် ငူငူကြီးထိုင်နေသော ချန့်ဂူးဝမ်းကလေးကို လင်ချမ်းကျိုး မြင်လိုက်ရသည်။

လင်ချမ်းကျိုး အိပ်ခန်းဝတွင် ရပ်လိုက်ပြီး တင်းမာပြတ်သားသောလေသံဖြင့် မေးလိုက်သည်။

“မင်း ဘာလုပ်နေတာလဲ ချန့်ဂူးဝမ်း”

လင်ချမ်းကျိုး ရုတ်တရက် မေးမြန်းသံကြောင့် ချန့်ဂူးဝမ်း ထိတ်လန့်သွားပြီး တစ်ကိုယ်လုံး ဆတ်ဆတ်တုန်သွားသည်။

လင်ချမ်းကျိုးကိုလည်း မျက်လုံးအပြူးသားနှင့်ဖြတ်ခနဲကြည့်လိုက်သည်။

ထိုင်ရာမှာလည်း ဆတ်ခနဲ ထရပ်လိုက်သည်။

သူသည် ကြောက်ရွံ့စိတ်ကြောင့် လင်ချမ်းကျိုး၏အမေးကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်မဖြေနိုင်ချေ။

လင်ချမ်းကျုံးသည် အိပ်ခန်းထဲကိုလှမ်းဝင်လိုက်ပြီးနောက် ကြိမ်းဝါးလိုက်ပြန်သည်။

"ချန်ဂူးဝမ်း... ငါမေးနေတာကို မကြားဘူးလား"

"ကြား... ကြားပါတယ် ဦးကြီး"

"ကြားရဲ့သားနဲ့ မင်းက ဘာဖြစ်လို့မဖြေတာလဲ၊ ငါ့ကို ဂရုမစိုက်တဲ့သဘောလား"

"မ... မဟုတ်ပါဘူး ဦးကြီးရယ်၊ ဦး... ဦးကြီးကို ကြောက်လို့ပါ"

ထိုအဖြေကိုတော့ လင်ချမ်းကျုံး သဘောကျသွားသည်။

သို့သော် သူသည် အနည်းငယ်မျှ မပြုံးချေ။ သူ့မျက်နှာ တင်းမြဲတင်းထားသည်။

"အေး... ငါ့ကို မင်း ကြောက်ရမယ်၊ အိုလေ... ငါ့ကိုသာ မဟုတ်ဘူး၊ လူတိုင်းလူတိုင်းကို မင်း ကြောက်ရမယ်၊ တလောကလုံးကို မင်း ကြောက်ရမယ်"

"ဟုတ်... ဟုတ်ကဲ့၊ ကြောက်ပါတယ်"

"မင်း ဘာလုပ်နေတာလဲ"

"ကျွန်... ကျွန်တော် ဘာမှမလုပ်ပါဘူး"

"လူမှန်ရင် အလုပ်တစ်ခုခုတော့ လုပ်နေရတယ်ကွ၊ အလုပ်မလုပ်ဘဲ ထိုင်နေ ငိုင်နေတဲ့သူဟာ လူမှုဟုတ်ဘူး၊ တိရစ္ဆာန်"



"ကျွန်... ကျွန်တော့်မှာ လုပ်စရာအလုပ်မှမရှိဘဲ၊ ဘာလုပ်ရမှာလဲ"

"မင်း ဘာလုပ်ရမယ်ဆိုတာ ငါ ပြောမယ်"

လင်ချမ်းကျုံးက ပြောပြောဆိုဆို အိပ်ခန်းထောင့်ဆီ လျှောက်သွားသည်။

အခန်းထောင့်တွင် သုံးပေခန့်မြင့်မားသော ကျောက်သား ဖြင့် ထုလုပ်ထားသည့် ကျားရုပ်ကြီးတစ်ရုပ် ရှိနေသည်။

လင်ချမ်းကျုံးသည် ကျားရုပ်ကြီးကို မ,ယူလိုက်ပြီး ချန်ဂူးဝမ်းကလေးထံ ပြန်လျှောက်လာသည်။

ကျားရုပ်ကြီးမှာ အချိန်တစ်ဆယ်ခန့် အလေးချိန်စီးလေသည်။

ချန်ဂူးဝမ်းကလေးမှာ လင်ချမ်းကျုံး၏အပြုအမူကို နားမလည်သဖြင့် မျက်လုံးအပြူးသားကလေးဖြင့် ကြည့်နေသည်။

လင်ချမ်းကျုံးက ကျားရုပ်ကြီးကို ချန်ဂူးဝမ်း၏ ပခုံးပေါ်သို့ တင်လိုက်သည်။

"ယောကျ်ားဆိုတာ အမြဲတမ်း လှုပ်လှုပ်ရှားရှား သွက်သွက်လက်လက် နေရတယ်ကွ၊ လုပ်စရာ အလုပ်မရှိရင် တစ်ခုခုကိုရှာကြံပြီး လုပ်နေရတယ်၊ ကဲ... ဒီကျားရုပ်ကြီးကိုထမ်းပြီး ဟိုဘက်ထိပ်နဲ့ ဒီဘက်ထိပ်ကို ခေါက်တုံ့ခေါက်ပြန် ပြေးစမ်း"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ...."

ချန်ဂူးဝမ်း ဝိုပြီး မျက်လုံးပြူးသွားသည်။

သူသည် လင်ချမ်းကျုံးကို ကြောက်ရွံ့၍သာ ကျားရုပ်ကြီးကိုထမ်းထားရသော်လည်း သူ့အရွယ်နှင့်စာလျှင် လေးလွန်းလှသည်။

ထိုကြားထဲ ခေါက်တုံ့ခေါက်ပြန် ပြေးရဦးမည်ဆိုသဖြင့် အတော်လန့်သွားမိသည်။

သို့သော် သူကြောက်ရွံ့ရသော လင်ချမ်းကျုံးကိုယ်တိုင် ခိုင်းစေနေပြီဖြစ်၍ သူမလုပ်ဘဲ မနေရဲချေ။

သူ၏အိပ်ခန်းအရှည်မှာ ပေသုံးဆယ်ခန့် ကျယ်ဝန်းသည်။

ချန်ဂူးဝမ်းသည် အိပ်ခန်းကို ခေါက်တုံ့ခေါက်ပြန် စတင်၍ ပြေးရတော့သည်။

လင်ချမ်းကျုံးက ခုံတစ်လုံးပေါ်တွင် အသာအယာထိုင်ပြီး ချန်ဂူးဝမ်း လှုပ်ရှားပုံကို မျက်ခြည်မပြတ် လိုက်ကြည့်နေသည်။

တိတ်ဆိတ်နေသော အိပ်ခန်းထဲတွင် ချန်ဂူးဝမ်း၏ပြေးလွှားနေသော ခြေသံ၊ ပြင်းပြသော အသက်ရှူသံသာ ပေါ်ထွက်နေသည်။

ချန်ဂူးဝမ်းသည် လေးလံလှသော ကျားရုပ်ကြီးကိုထမ်း၍ ခေါက်တုံ့ခေါက်ပြန် ပြေးနေရသဖြင့် ဆယ်ခေါက်မပြည့်ခင်မှာပင် မောဟိုက်ပင်ပန်းလာသည်။

သူ့ခြေထောက်နှစ်ဖက်စလုံး ဆတ်ဆတ်တုန်လာသည်။

သူ၏ခြေလှမ်းများ နှေးလာပြီး ရပ်တော့မလိုလို ဖြစ်လာသည်။



"ဘာဖြစ်လို့ နှေးသွားရတာလဲ၊ ပြေး... ဆက်ပြေး၊ မြန်မြန်ပြေး"

လင်ချမ်းကျုံးက တင်းမာစွာ အမိန့်ပေးလိုက်သည်။

ချန်ဂူးဝမ်း ပြေးနေရင်းမှ မောဟိုက်စွာ တောင်းပန်စကားဆိုသည်။

"ကျွန်... ကျွန်တော် မ... မပြေးနိုင်တော့ဘူး၊ ခ... ခဏနားပါရစေ"

"မလိုချင်ဘူး၊ မနားနဲ့ ဆက်ပြေး"

ချန်ဂူးဝမ်း မနားရဲတော့ချေ။ အားတင်းပြီး ခေါက်တုံ့ခေါက်ပြန် ဆက်ပြေးရပြန်သည်။

သူ့ခန္ဓာကိုယ်က တဖြည်းဖြည်း ယိမ်းထိုးလာသည်။

ပခုံးပေါ်တွင် ကျားရုပ်ကို ထမ်းထားရသဖြင့် အနည်းငယ်ညွှတ်စပြုလာသည်။ နှလုံးသားက တဒိန်းဒိန်း ခုန်လာသည်။

"ဆက်ပြေး၊ မရပ်နဲ့ ဆက်ပြေး"

လင်ချမ်းကျုံး၏အမိန့်သံကလည်း အဆက်မပြတ် ပေါ်နေသည်။

ထို့ကြောင့် အခြေအနေ ဆိုးဆိုးရွားရွား ရောက်နေသော ချန်ဂူးဝမ်းမှာ မရပ်ရဲပါချေ။

❀

www.burmeseclassic.com

www.burmeseclassic.com



သူ့တစ်ကိုယ်လုံးချွေးတွေ ရွှဲရွှဲစိုနေသည်။ နှုတ်ခမ်းတွေ ခြောက်ပြီး မျက်လုံးတွေ ပြာဝေလာသည်။

နောက်ဆုံးတွင် မည်သို့မှ မဟန်နိုင်တော့ဘဲ မှောက်လျက် လဲကျသွားသည်။

"ဂုန်း...."

သူ့ကိုယ်ပေါ်တွင် ကျောက်သားဖြင့် ထုလုပ်ထားသော ကျားရုပ်ကြီးလည်း လွင့်စဉ်သွားသော ကျောက်ပြားခင်းနှင့်ထိပြီး အစိပ်စိပ် အမြွှာမြွှာ ကွဲသွားတော့သည်။

အမောဆို့ လဲကျသွားသော ချန်ဂူးဝမ်းလည်း တော်တော်နှင့် ပြန်မထနိုင်ချေ။

ကျောက်ပြားခင်းပြင်ပေါ်တွင် ဟောဟဲ ဟောဟဲ ဖြစ်နေသည်။ အသက်ရှူမှားမတတ် ခံစားနေရသည်။

ထိုအခါမှ လင်ချမ်းကျူးလည်း နှစ်မြိုက်စွာပြုံးပြီး အိပ်ခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

ခဏအကြာတွင် အိပ်ခန်းထဲသို့ အမျိုးသမီးကြီး ကျိုဖေ့ ကျန်း ပြေးဝင်လာသည်။

သူမ ပါးပြင်တွင် မျက်ရည်များ စိုရွှဲနေသည်။

သူမ မျက်နှာတွင် ပူပန်စိုးရိမ်ခြင်း၊ ဝမ်းနည်းခြင်း၊ ကြေကွဲခြင်းတို့ဖြင့် ရောယှက်လျက်ရှိနေသည်။



သူမသည် အခန်းထောင့်တွင်ရှိသော သောက်ရေအိုးရေ တစ်ခွက်ကို ခပ်ယူပြီး ချန်ဂူးဝမ်းကလေးထံသို့ ခပ်သွက်သွက်လာသည်။

ထို့နောက် ချန်ဂူးဝမ်းကလေးကို ပွေ့ထူလျက် မျက်နှာကို ရေဖြင့်တောက်ပေးသည်။

သူမ၏နှုတ်မှလည်း တတွတ်တွတ် ပြောဆိုခေါ်ဝေါ်သည်။

"လူကလေး... လူကလေး ချန်"

ချန်ဂူးဝမ်းကလေးက မျက်လုံးအစုံကို ဖြည်းဖြည်းချင်းဖွင့်၍ ကျိုဖေ့ကျန်းကို ကြည့်သည်။

သို့သော် မျက်လုံးတွေက ပြာဝေနေသဖြင့် ကျိုဖေ့ကျန်းကို သဲကွဲစွာ မမြင်ရပါချေ။

"အဖြစ်ဆိုးလှချည်လား လူကလေးရယ်"

ကျိုဖေ့ကျန်း မချိတင်ကဲ ရေရွတ်လိုက်ပြန်သည်။

သူမအနေနှင့် ချန်ဂူးဝမ်းကလေး၏အဖြစ်ကို အစမှအဆုံး တိုင် မြင်သည်။

ချန်ဂူးဝမ်းကလေး၏ကျောပေါ်သို့ လင်ချမ်းကျူးက ကျားရုပ်ကြီး စပြီး တင်ချိန်ကတည်းက အိပ်ခန်းဝသို့ ကျိုဖေ့ကျန်း ရောက်နေသည်။

သို့သော် သူမသည်လင်ချမ်းကျူးကို အလွန်အမင်းကြောက် ရသောကြောင့် အိပ်ခန်းထဲသို့မဝင်ရဲဘဲ အပြင်ဘက်တွင်သာ ရပ်မြဲ

www.burmeseclassic.com



စိတ်အချမ်းသာဆုံး ဖြစ်အောင် ဖေဖေ ထားမယ်"

စိတ်အားငယ်နေချိန်တွင် ဖခင်ဖြစ်သူနှင့်လည်း တွေ့ရ ဖခင်ဖြစ်သူ၏ အားပေးစကားကိုလည်း ကြားရသဖြင့် မိခင်အတွက် ပူဆွေးသောက ရောက်နေသော လင်ချွင်စစ်ကလေးမှာ အတော်ကလေး စိတ်သက်သာရာ ရသွားလေသည်။



## အခန်း(၂)

## အပြောင်းအလဲ

ငွေဖျိုင်းဖြူစံအိမ်ဝင်းအတွင်းရှိ ပန်းဥယျာဉ်ကြီးထဲတွင် လင်ချွင်စစ်သည် ရှုအုံကြူနှင့်အတူ ပျော်ရွှင်စွာ ကစားနေသည်။

ယခုအခါ ရှုအုံကြူသည် မီးဖိုဆောင်ကိစ္စများကို လုံးလုံးမလုပ်ရတော့ဘဲ လင်ချွင်စစ်ကို ထိန်းသိမ်းစောင့်ရှောက်ရသော ကလေးထိန်းဖြစ်နေလေပြီ။

ဂိုဏ်းချုပ်ကြီး လင်ချမ်းကျုံးသည် ချန်ဂူးဝမ်းအား နာမည်ပျက်စေရန် ထောင်ချောက်ဆင်ခဲ့ပြီးကတည်းက မြောင်ယိလန်းနှင့် ရှုအုံကြူတို့ဇနီးမောင်နှံကို ပိုမိုအခွင့်အရေးပေး မြှောက်စားခဲ့သည်။

မြောင်ယိလန်းကိုလည်း ကိုယ်တိုင်ကိုယ်ကျ ဘာမှမလုပ်ရဘဲ လက်ညှိုးထိုး၍သာ ခိုင်းစေရသော စဖိုမှူးချုပ်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။ လခရိက္ခာကိုလည်း တိုးမြှင့်ပေးခဲ့သည်။

ယခုလည်း ငွေဖျိုင်းဖြူစံအိမ်သို့ လင်ချွင်စစ်ရောက်လာသည်နှင့် ရှုအုံကြူကို ကလေးထိန်းအဖြစ် ခန့်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အတက်အဆင်း ပြုလုပ်နိုင်သည်။

ငွေဖျိုင်းဖြူဂိုဏ်း၏အရေးပါ အရာရောက်သော ခေါင်းဆောင်များနှင့် ဂိုဏ်းဝင်များမှာ ဤဖိန်းစန်းတောင်ထိပ်ရှိ ငွေဖျိုင်းဖြူဌာနချုပ်တွင်သာ နေထိုင်ကြလေသည်။

ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးကား အရေးကြီးငယ် ကိစ္စရှိမှသာ ဌာနချုပ်သို့ရောက်လာတတ်သည်။ များသောအားဖြင့် အိမ်တော်တွင် နေထိုင်သည်။

အများအားဖြင့် ဖိန်းစန်းတောင်တွင် နေ့စဉ်လိုလို အတက်အဆင်း နည်းကြသည်။

တစ်ခါတစ်ရံ တစ်နေ့လုံးနေမှ လူတစ်ယောက်တလေမှအင် အတက်အဆင်း မရှိချေ။

ပြီးတော့ လုံခြုံရေးအစောင့်များကိုလည်း များများစားစား ချမထားတတ်ချေ။

ငွေဖျိုင်းဖြူဂိုဏ်းမှာ လူမှုန်းနည်းသောဂိုဏ်းကြီး ဖြစ်သော ကြောင့်ပင်ဖြစ်၏။

ငွေဖျိုင်းဖြူဂိုဏ်းကြီးကို တည်ထောင်လာခဲ့သည်မှာ နှစ်ပေါင်းရှစ်ဆယ်ကျော်သွားပြီဖြစ်၏။

ချန်ဂူးဝမ်းကလေး၏ ဖခင် ချန်စီးလင်း၏ အဘိုးဖြစ်သူက စတင်တည်ထောင်ခဲ့ခြင်းဖြစ်၏။



ထို့နောက် သားစဉ်မြေးဆက် ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် ဆက်ခံလာခဲ့ကြသည်မှာ ချန်စီးလင်း လက်ထက်အထိဖြစ်သည်။

ချန်စီးလင်း သေဆုံးသွားသည့် အချိန်ကာလအထိ ငွေဖျိုင်းဖြူဂိုဏ်းသည် နာမည်ပျက်မရှိခဲ့ချေ။

အမှန်တရားကို ရှေ့ရှုကာ အများအကျိုးအတွက် ဆောင်ရွက်ခဲ့သည်။

ရိုးရိုးသားသား လုပ်ကိုင် စားသောက်ရင်း ဒုက္ခရောက်နေသူများကို အတတ်နိုင်ဆုံး ကူညီခဲ့သည်။

မတော်လောဘဖြင့် ဆိုးသွမ်းယုတ်မာ နေသူများကိုလည်း အတတ်နိုင်ဆုံး နှိမ်နင်းခဲ့သည်။

ငွေဖျိုင်းဖြူဂိုဏ်းတွင် လူအင်အားမများ လှသော်လည်း အဆင့်မြင့် ထိပ်တန်းသိုင်းသမားတွေ အများဆုံးရှိနေသဖြင့် အခြားလူအင်အားများသော သိုင်းဂိုဏ်းများကပါ လေးစားခဲ့ရသည်။

ငွေဖျိုင်းဖြူဂိုဏ်း တည်ရှိရာ စီးချွမ်းပြည်နယ် နယ်စားကြီး နန့်ဟုမ်းယမ်း ကိုယ်တိုင်ပင်လျှင် ငွေဖျိုင်းဖြူဂိုဏ်းကြီးကို အသိအမှတ်ပြု အလေးထားခဲ့ရသည်။

တစ်နှစ်လျှင် အနည်းဆုံးတစ်ခေါက်တော့ ငွေဖျိုင်းဖြူဂိုဏ်းဌာနချုပ်ရှိရာ ဖိန်းစန်းတောင်သို့ရောက်အောင် လာတတ်ပြီး ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးနှင့်တွေ့ဆုံတတ်သည်။

ချန်ဝမ်းဝမ်းကလေး၏ဖခင် ချန်စီးလင်းနှင့်နယ်စားကြီးစန့်

www.burmeseclassic.com

www.burmeseclassic.com



ဟုမ်းယန်းတို့မှာ တစ်ဦးကိုတစ်ဦး အပြန်အလှန် လေးစားကြသည်။ ခင်မင်ရင်းနှီးမှုလည်း ရှိလာသည်။

တစ်ခါတစ်ရံ နယ်စားကြီး စန့်ဟုမ်းယန်းသည် ပြည်သူ့အကျိုးပြုလုပ်ငန်း၊ ဒုစရိုက်သမား နှိမ်နင်းရေးလုပ်ငန်းများကို ဂိုဏ်းချုပ်ကြီး ချန်စီးလင်းနှင့်ပူးပေါင်း၍ လုပ်ဆောင်ခဲ့ကြသည်။

ချန်စီးလင်း အသုဘအခမ်းအနား ကျင်းပစဉ်က နယ်စားကြီး စန့်ဟုမ်းယန်းကိုယ်တိုင် တက်ရောက်ခဲ့သည်။

ထိုစဉ်က ချန့်ဝူးဝမ်းကလေးမှာ အသက်အရွယ်ငယ်သေးသဖြင့် နယ်စားကြီး စန့်ဟုမ်းယန်းသည် လင်ချမ်းကျူးကို ယာယီဂိုဏ်းချုပ်ကြီးအဖြစ် ခန့်အပ်အသိအမှတ်ပြုခဲ့သည်။

ထိုစဉ်က နယ်စားကြီး စန့်ဟုမ်းယန်းသည် လင်ချမ်းကျူးနှင့် ငွေဖျိုင်းဖြူဂိုဏ်းအခြေအနေများကို မဆွေးနွေးနိုင်ဘဲ သူ့တွင် ဆောင်ရွက်စရာကိစ္စရပ်များ ရှိနေသဖြင့် အသုဘအခမ်းအနားသို့ ခဏသာ တက်ရောက်ပြီး ပြန်သွားခဲ့သည်။

ယခုမူ ငွေဖျိုင်းဖြူဂိုဏ်းဌာနချုပ်သို့ နယ်စားကြီး စန့်ဟုမ်းယန်း လာရောက်မည်ဟု အကြောင်းကြားစာ ရောက်လာသည်။

ထို့ကြောင့် ခါတိုင်းဖိန်းစန်းတောင်တွင် လုံခြုံရေးအစောင့်အကြပ်များကို အနည်းငယ်သာ ချထားသော်လည်း ယခုမူ နေရာတိုင်းလိုလို အစောင့်များကို အကွက်စိစိ ချထားသည်။

ယနေ့တွင် နယ်စားကြီး စန့်ဟုမ်းယန်း ရောက်လာပေလိမ့်မည်။



ငွေဖျိုင်းဖြူ ယာယီဂိုဏ်းချုပ်ကြီး လင်ချမ်းကျူးကမူ မနေ့ကတည်းက ဌာနချုပ်သို့ပြန်၍ ရောက်နှင့်နေသည်။

အစောင့်အကြပ်များမှာ နယ်စားကြီး စန့်ဟုမ်းယန်း လာမည့် လမ်းတစ်လျှောက်၏အထက်စီးမှနေ၍ နေရာယူစောင့်ကြပ်နေကြသည်။

အစောင့်များအားလုံး မိုးလင်းကတည်းက နယ်စားကြီး ရောက်အလာကို တမျှော်မျှော် ဖြစ်နေကြသည်။

တောင်ခြေနားတွင် စောင့်ကြပ်နေကြသော အစောင့်သုံးယောက်မှာလည်း နယ်စားကြီးလာမည့်လမ်းကို တကြည့်ကြည့်ကြည့်နေကြသည်။

သူတို့သုံးယောက်စလုံး အတန်ကြာအောင် စကားမပြောဘဲ နေခဲ့ကြရာမှ တစ်ဦးက ဦးစွာစတင် စကားဆိုလိုက် လေသည်။

"နယ်စားကြီးလဲ ခုအချိန်ထိ ရောက်မလာသေးပါလားကွ၊ သာမှ လာပါတော့မလား"

တစ်ယောက်က လမ်းဆီကို တစ်ချက်ကြည့်လိုက်ပြီး....

"မလာဘဲနေပါ့မလား ဖန်း၊ သေသေချာချာ အကြောင်းကြားစာ ပို့ထားတာပဲ၊ နယ်စားကြီး သေသေချာချာလာမှာမို့လို့ ဂိုဏ်းချုပ်ကြီး ကိုယ်တိုင်တောင် မနေ့ကတည်းက ဌာနချုပ်ကို ရောက်နေ

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့"

နောက်တစ်ယောက်ကလည်း....

"ဟုတ်သားပဲ ဖန်းရယ်၊ နယ်စားကြီး သေချာပေါက်လာမှာ မို့လို့ တို့တွေ အခုလို စောင့်နေကြရတာပေါ့၊ နို့မို့ ဘယ်တုန်းက ဒီလိုစောင့်နေကြရလို့လဲ"

ပထမဦးဆုံး စကားဆိုသောဖန်းက....

"တကယ်တမ်းဆိုရင် နယ်စားကြီးရဲ့အကြောင်းကြားစာအရ မိုးလင်းလင်းချင်း ဒီကိုရောက်လာရမယ် မဟုတ်လား၊ မွန်းတည့်ချိန်တောင် ရောက်တော့မယ်၊ ပေါ်မလာသေးဘူး မဟုတ်လား ချို"

ချိုဆိုသူက....

"ဒါကတော့ကွာ လာရတဲ့ခရီးကလဲ နီးတာမှ မဟုတ်ဘဲ၊ လမ်းခရီးမှာ အကြောင်းကြီးငယ်ရှိရင် ဒီလောက်တော့ နောက်ကျနိုင်တာပေါ့ ဖန်းရယ်၊ မဟုတ်ဘူးလား စေ့ရယ်"

စေ့ဆိုသူကလည်း ခေါင်းညိတ်၍....

"ဟုတ်သားပဲ ဖန်းရယ်၊ ချိုပြောတဲ့အတိုင်း နယ်စားကြီးလာရတဲ့ခရီးက နီးတာ မဟုတ်တော့ ဒီလောက်တော့လဲ နောက်ကျမှာပေါ့၊ မင်းကလဲ ဘာဖြစ်လို့ ပူပန်နေရတာလဲ၊ တို့အလုပ်က နယ်စားကြီး ရောက်လာတာ မရောက်လာတာ တွေးပူနေဖို့ မဟုတ်ဘူး၊ တို့နယ်မြေကို နယ်စားကြီးရောက်လာရင် လုံခြုံရေးအတွက် တာဝန်



ယူဖို့ပဲ မဟုတ်လား"

သူတို့သုံးဦးသည် တစ်ဦး၏နာမည်ကို တစ်ဦးအဖျားဆွတ်၍ ခေါ်နေကြခြင်းဖြစ်၏။ ခင်မင်ရင်းနှီးသော သူငယ်ချင်းများလည်း ဖြစ်သည်။

ဖန်းသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး....

"နယ်စားကြီး စောစောက ရောက်လာတော့ တို့တွေလဲ စောစော နားရတာပေါ့ကွာ၊ တို့တွေ ညကတည်းက တစ်ညလုံး အိပ်ကြရသေးဘူး မဟုတ်လား၊ ဒီတော့ စောစောနားရင် ပိုကောင်းတာပေါ့"

"မင်း အိပ်ချင်ရင် ခဏအိပ်လိုက်ပါလား ဖန်း၊ တို့နှစ်ယောက် စောင့်နေမယ်၊ အကြောင်းရှိတော့ မင်းကိုနှိုးမယ်"

"မလုပ်ပါနဲ့ စေ့ရယ်၊ အုပ်ချုပ်ရေးမှူးကြီးကိုယ်တိုင် တို့လို အစောင့်အကြပ်တွေကို လှည့်ပြီး စစ်ဆေးနေတာ၊ ငါအိပ်နေတုန်း အုပ်ချုပ်ရေးမှူးရောက်လာလို့ ပြဿနာတက်နေပါဦးမယ်"

"အေး... ဒါလဲဟုတ်တာပဲ ဖန်း၊ အုပ်ချုပ်ရေးမှူးကြီး ရောက်မလာဘူးလို့ မပြောနိုင်ဘူး၊ ကဲကွာ ခွဲတင်းထားလိုက်စမ်းပါ၊ နယ်စားကြီးရောက်လာမယ့်အချိန်က နီးသထက် နီးလာပါပြီ၊ နယ်စားကြီး ရောက်လာပြီးမှပဲ တို့တွေ စိတ်လွတ်ကိုယ်လွတ် အနားယူလိုက်ကြတာပေါ့"

ဖန်းသည် သက်ပြင်းချ ခေါင်းညိတ်လိုက်ပြီး အမှုပြန်မ

www.burmeseclassic.com

www.burmeseclassic.com



ပြောတော့ချေ။

သူတို့သုံးယောက်၏စကားဝိုင်းမှာ တိတ်ဆိတ်ငြိမ်သက်သွားသည်။ အတန်ကြာသွားမှ ဖန်းက စကားစလိုက်ပြန်သည်။

“တို့တွေလဲ ဂိုဏ်းချုပ်ကြီးချန် ဆုံးပြီးကတည်းက သခင်လေး ချန်ဝူးဝမ်းကလေးကို မတွေ့ကြရတော့ဘူးနော်၊ တို့ကလဲ စံအိမ်တော်ကိုရောက်ဖို့ အခြေအနေမပေး၊ သခင်လေး ချန်ကလဲ ဒီကို တစ်ခေါက်မှ ရောက်မလာ၊ သခင်လေးချန် ကျန်းမာရွှင်လန်းစွာနဲ့ ရှိရဲ့လားတောင် မသိပါဘူးကွာ”

စေ့ဆိုသူကလည်း မျက်နှာအနည်းငယ်ညှိုးသွားပြီး သက်ပြင်းတစ်ချက်ချကာ....

“အေးကွာ... ဂိုဏ်းချုပ်ကြီးချန် ကွယ်လွန်သွားတဲ့အတွက်တော့ တို့တွေ အတော်ကလေး အားလျော့မိကြတယ်၊ ဂိုဏ်းချုပ်ကြီးချန်ဟာ တို့ဂိုဏ်းသားတွေအားလုံးရဲ့ အပေါ်မှာ သိပ်ပြီး ကောင်းရှာတာ၊ စိတ်သဘောထားလဲ သိပ်ပြီး ပြည့်ဝတဲ့ပုဂ္ဂိုလ်ကြီး၊ သခင်လေးချန်ကလဲ သူ့အဖေလိုပဲ စိတ်သဘောထား ကောင်းရှာပါတယ် သူ့ကိုမချစ်တဲ့သူ မရှိသလောက်ပါဘဲ၊ ဒါပေမယ့်ကွာ...”

စေ့သည် စကားကို ဆက်ပြောမည့်လုပ်ပြီးမှ ရပ်လိုက်လေသည်။

ဖန်းနှင့်ချိုတို့သည် စေ့ထံမှ ဆက်ထွက်လာမည့်စကားသံကို နားစွင့်ထောင်နေကြသည်။



သို့သော် စေ့သည် တောင်ပတ်လမ်းဆီသို့ ခပ်ငိုင်ငိုင်ကြီး ကြည့်နေပြီး ဘာစကားမှ ဆက်မပြောတော့ချေ။

ဖန်းက စိတ်မရှည်တော့ဘဲ မေးလိုက်သည်။

“ဒါပေမယ့် ဘာဖြစ်သလဲ စေ့၊ ဆက်ပြောလေကွာ”

စေ့က ဖန်းကိုကြည့်လိုက်ပြီး....

“ဒီစကားတွေ ဆက်မပြောတာပဲ ကောင်းပါတယ်ဖန်းရယ်”

“ဘာဖြစ်လို့လဲကွ”

“ငွေဗျိုင်းဖြူစံအိမ်တော်က လာတဲ့သတင်းအချို့ကို ငါကြားရတယ်၊ သခင်လေးချန့်အတွက် တို့တတွေ စိတ်မကောင်းဖြစ်ရမယ့် သတင်းမျိုးတွေပဲ”

“ဟေ... သခင်လေးချန် ဘာဖြစ်လို့လဲကွ”

“ပြောစမ်းပါ စေ့ရယ်၊ တို့လဲ သခင်လေးချန်နဲ့ပတ်သက်လို့ သိသင့်ပါတယ်”

ဖန်းနှင့်ချိုတို့က အတင်းမေးကြသည်။ စေ့သည် မလုံမလဲနှင့် ဘေးတိကို တစ်ချက်ကြည့်လိုက်ပြီး....

“အခု ငါပြောမယ့် စကားတွေကို မင်းတို့ဘယ်သူ့ကိုမှ လျှောက်မပြောရဘူးနော်၊ ဒါဆိုရင်တော့ ငါပြောပြမယ်”

“ဘာစကားတွေမို့လို့လဲ စေ့ရယ်၊ ကဲပါကွာ... မင်းပြောမယ့် စကားတွေကို ဘယ်သူ့ကိုမှ ငါ လျှောက်မပြောပါဘူးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ကတိပေးပါတယ်၊ ပြောမှသာ ပြောစမ်းပါ"

"ငါလဲ ကတိပေးပါတယ် ဇွေရယ်"

ဖန်းနှင့်ချိုတို့ နှစ်ယောက်စလုံး ကတိပေးကြသည်။ ဇွေက ဘေးဘီကို တစ်ချက်ကြည့်လိုက်ပြန်ပြီး....

"ငါကြားရတဲ့သတင်းစကားတွေက အတိအကျ မှန်လိမ့် မယ်လို့တော့ ငါ အာမ,မခံနိုင်ဘူး၊ စံအိမ်တော်မှာ အမှုထမ်းနေတဲ့ ငါ့မိတ်ဆွေတွေဆီကကြားရတဲ့ သတင်းစကားပါကွ၊ ငါသိသလောက် တော့ သူတစ်သက်မှာ မဟုတ်တာ မမှန်တာ တစ်ခါမှ မပြော သေးဘူး"

"ဘာသတင်းစကားလဲ ပြောပါဦး"

"သခင်လေးချန်ဟာ ဂိုဏ်းချုပ်ကြီးလင်ချမ်းကျုံးရဲ့နှိပ်စက် ညှဉ်းပန်းမှုကို ခံနေရသတဲ့ကွ"

"ဟေ.... ဟုတ်လား"

"ဟုတ်ရဲ့လား ဇွေရယ်၊ ဖြစ်နိုင်ပါ့မလား၊ သခင်လေးချန် မမွေးခင်ကတည်းက အခု ဂိုဏ်းချုပ်ကြီး လင်ချမ်းကျုံးဟာ ဒုဂိုဏ်း ချုပ်ဘဝနဲ့ရှိနေခဲ့တာပဲ၊ တို့သိသလောက် သခင်လေးချန် မွေးလာ တော့လဲ ဒုဂိုဏ်းချုပ်လင်ဟာ သခင်လေးချန်ရဲ့အပေါ်မှာ သူ့ရဲ့တ သားရင်းတစ်ယောက်လို ချစ်ခဲ့တာပဲ"

"ဒါကတော့ ချိုရယ်.... ဂိုဏ်းချုပ်ကြီးချန် သက်ရှိထင်ရှားနဲ့



နေတဲ့အချိန်မို့လို့ ဒုဂိုဏ်းချုပ်လင်ဟာ သခင်လေးချန်အပေါ်မှာ ချစ် ခင်ယောင်ဆောင်နေတာ ဖြစ်ချင် ဖြစ်မှာပေါ့၊ ဂိုဏ်းချုပ်ကြီးချန် ဆုံး သွားပြီးတဲ့နောက် သခင်လေးချန်သာ မရှိရင် ဒုဂိုဏ်းချုပ်လင်ဟာ ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် ရာသက်ပန် ဖြစ်သွားနိုင်တယ် မ ဟုတ်လား၊ သူဟာ မဟုတ်ဘူး၊ သူ့ရဲ့သားစဉ်မြေးဆက် ငွေဖျိုင်းဖြူ ဂိုဏ်းချုပ် ဖြစ်သွားနိုင်တယ်လေ"

"အေး.... ဒါတော့လဲ ဟုတ်ပါတယ်၊ ဒါပေမယ့် သခင်လေး ချန် အသက်ဆယ့်ရှစ်နှစ်ပြည့်တဲ့နေ့ကျရင်တော့ ငွေဖျိုင်းဖြူဂိုဏ်းချုပ် ကြီးအဖြစ် လွှဲအပ်ပေးရမယ် မဟုတ်လား"

"ဒါကလဲ သခင်လေးချန်အနေနဲ့ အဆင့်မြင့် သိုင်းပညာကို တတ်ထားဦးမှ၊ ပြီးတော့ အသက်ဆယ့်ရှစ်နှစ်အတွင်း ပြစ်မှုတစ်စုံ တစ်ရာကို မကျူးလွန်မှ၊ ဒီအချက်နှစ်ချက်စလုံး ပြည့်စုံမှ ငွေဖျိုင်းဖြူ ဂိုဏ်းချုပ်ကြီးအဖြစ် ဆက်ခံနိုင်မှာကွ"

"အိုကွာ.... သခင်လေးချန်လို လူမျိုးကတော့မဟုတ်တာကို လုပ်မယ့် လူစားမျိုးမဟုတ်ပါဘူး၊ အခု ကလေးဘဝမှာတောင် မမှန် တာ မဟုတ်တာ မလုပ်ခဲ့ဖူးဘူးဆိုတာ တို့အသိပဲ"

"နေပါဦး ဇွေရယ်၊ ဂိုဏ်းချုပ်ကြီးလင်က သခင်လေးချန်ကို ဘယ်ပုံဘယ်နည်း နှိပ်စက်နေသတဲ့လဲ"

"ဒါတော့ ငါလဲ တိတိကျကျ မကြားရဘူးကွ၊ သခင်လေးချန် က ဂိုဏ်းချုပ်ကြီးလင်ကို အသေအလဲ ကြောက်ရတယ်၊ သခင်လေး

www.burmeseclassic.com

www.burmeseclassic.com



ချန်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရတဲ့ မိန်းမကြီးကလဲ ဂိုဏ်းချုပ်ကြီး
လင်ကို ဘာတစ်ခွန်းမှ မပြောရဲတော့ဘူး၊ ငါ့မိတ်ဆွေကိုယ်တိုင် အ
မြဲတမ်း မြင်တွေ့နေရတာကတော့ သခင်လေးချန်ဟာ ဘယ်တော့
ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ ရှိမနေဘူးတဲ့၊ အမြဲတမ်း မှိုင်
မှိုင်ငေးငေး ဖြစ်နေပြီး လူတိုင်းလူတိုင်းကိုလဲ ကြောက်နေသလိုပဲတဲ့
ဂိုဏ်းချုပ်ကြီးလင်ကို သေမလောက် ကြောက်ရတာကတော့ သူ
သိဆုံးပဲတဲ့”

ဖန်းသည် စိတ်မကောင်းဖြစ်သွားကာ သက်ပြင်းတစ်ချ
ချ၍...

“အင်း... ဒီသတင်းစကားသာ မှန်ရင်တော့ သခင်လေး
အတွက် စိတ်မကောင်းစရာအမှန်ပဲ ဇွေ့၊ ဘာပဲဖြစ်ဖြစ် ဂိုဏ်းချုပ်ကြီး
ချန်ရဲ့ ကျေးဇူးတွေ တို့အပေါ်မှာ အများကြီးရှိနေတယ်၊ ဒီတော
သွေးသားရင်းဆိုလို့ တစ်ယောက်တည်းသာ ကျန်ခဲ့တော့တဲ့ သခ
လေးချန်ကို တို့တွေ အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်ကြရမ
ဒါမှလဲ တမလွန်ဘုံကိုရောက်နေတဲ့ ဂိုဏ်းချုပ်ကြီးချန်ဟာ တို့တ
ကို ကျေနပ်လိမ့်မယ်”

“ငါ တစ်ခုလောက် မေးပါရစေဦး”

“ဘာများလဲ ချီ”

“ဂိုဏ်းချုပ်ကြီး လင်အနေနဲ့ ဘာအကြောင်းကြောင့် သခ
လေးချန်ကို နှိပ်စက်နေရတာလဲ၊ တစ်ချိန်မှာ သခင်လေးချန်တို့ဂို



ရဲ့ ဂိုဏ်းချုပ်ကြီးဖြစ်လာတဲ့အခါကျတော့ သူ့ကိုပြန်ပြီး လက်စားချေ
မှာကိုတော့ ဂိုဏ်းချုပ်ကြီးလင်ဟာ တွက်မိမှာပဲ”

“သခင်လေးချန်ကိုသာ ဂိုဏ်းချုပ်ကြီးလင် နှိပ်စက်နေရိုး
သာ မှန်ရင် ဂိုဏ်းချုပ်ကြီးလင်အနေနဲ့ သခင်လေးချန်ကို တို့ဂိုဏ်းရဲ့
ဂိုဏ်းချုပ်ကြီးဖြစ်မလာအောင် နည်းအမျိုးမျိုးနဲ့ ကြိုးစားမှာပဲ ချီ
ဘယ်လိုနည်းနဲ့မှ သခင်လေးချန်ကို တို့ဂိုဏ်းရဲ့ဂိုဏ်းချုပ်ကြီးအဖြစ်ခံ
မှာ မဟုတ်ဘူး”

“ဒါဆိုလဲကွာ... သခင်လေးချန်ဟာ ခုအချိန်မှာ သူ့ရဲ့အုပ်
ထိန်းမှုအောက်မှာ ရောက်နေတာပဲ၊ ဂိုဏ်းချုပ်ကြီးလင်အနေနဲ့ သ
ခင်လေးချန်ကို သတ်ပစ်မယ်ဆိုလဲ သူ့လက်ချက်လို့ အများက မထင်
အောင် သတ်ပစ်နိုင်တာပဲ”

“ဟာ... ဒီနည်းကိုတော့ ဂိုဏ်းချုပ်ကြီးလင် သုံးလို့မရဘူး
ကွ၊ သခင်လေးချန် အသက်ဆယ့်ရှစ်နှစ်အတွင်းမှာ သွေးရိုးသားရိုး
ရောဂါကြောင့် သေတာမဟုတ်ဘဲ လုပ်ကြံခံရလို့ သေသွားရင် ဂိုဏ်း
ချုပ်ကြီးလင်အပေါ်မှာ လုံးလုံးလျားလျား တာဝန်ရှိနေတယ်လို့ နယ်
စားကြီးက မိန့်မှာထားတယ်လေကွာ၊ သခင်လေးရဲ့ အသက်အန္တရာယ်လုံ
ခြုံရေးကို လုံးလုံးလျားလျား တာဝန်ယူရမယ်လို့ နယ်စားကြီးက ဂိုဏ်း
ချုပ်ကြီးလင်ကို တစ်ချက်လွှတ်အမိန့်ထုတ်ထားတယ်၊ တကယ်လို့
အသက်ဆယ့်ရှစ်နှစ်မပြည့်ခင် သခင်လေးချန်သာ တစ်ဦးဦးရဲ့ လုပ်

www.burmeseclassic.com

www.burmeseclassic.com



ကြံမှုကြောင့် သေဆုံးသွားရင် နယ်စားကြီးဟာ ဦးဆုံး ဂိုဏ်းချုပ်ကြီးလင်ကို ဖမ်းမှာပဲ၊ ဒီအကြောင်းကို မင်းမသိဘူးလား ချို”

“ဟင့်အင်း… မသိဘူး၊ အခု မင်းပြောမှ သိရတာ ဖန်း အေး… ဒီလိုဆိုတော့လဲ ဂိုဏ်းချုပ်ကြီးလင်ဟာ သခင်လေးချန်ကို ဘယ်လုပ်ကြံရဲပါတော့မလဲ၊ ဒါပေမယ့် နှိပ်စက်ညှဉ်းပန်းနေတယ်ဆိုတော့ စိတ်ကောင်းစရာပဲ”

တောင်ပတ်လမ်းကိုကြည့်နေသော ဇွေသည် ချိုကိုကြည့်လိုက်ပြီး….

“သခင်လေးချန်ဟာ ဂိုဏ်းချုပ်ကြီးလင်ရဲ့နှိပ်စက်ညှဉ်းပန်းမှုကို ခံနေရတာတော့ အမှန်ပဲကွ၊ ဒီအကြောင်းကို နယ်စားကြီးကြားသိအောင် တို့တွေ ပြောပြလိုက်ရင် ကောင်းမလားလို့ ငါစဉ်းစားမိတယ်၊ နယ်စားကြီးဟာ သခင်လေးချန်အပေါ်မှာ အတော်ကလေးချစ်တယ်ဆိုတာ မင်းတို့ငါတို့ အသိပဲ”

ဖန်းနှင့်ချိုတို့ စဉ်းစားကြသည်။ ဖန်းက မျက်မှောင်ကြုတ်လိုက်၍….

“နယ်စားကြီးကို ပြောရမှာဆိုတော့ အခုလို လွယ်လွယ်နဲ့ ပြောလို့တော့ ရမှာမဟုတ်ဘူးကွ၊ သက်သေအထောက်အထား ခိုင်ခိုင်လုံလုံနဲ့ပြောမှ ဖြစ်မှာ၊ မရေမရာနဲ့ပြောရင် နယ်စားကြီးကလဲ ယုံမှာမဟုတ်ဘူး၊ လောလောဆယ် ဂိုဏ်းချုပ်ကြီးလင်က တို့ကို အ



လျှင်သတ်မှာ”

“အေး…မင်းပြောတာလဲ ဟုတ်တာပဲ ဖန်း”

“အချိန်တွေ ရပါတယ်ကွာ၊ ဒီကြားထဲ တို့သုံးယောက် စံအိမ်တော်ကိုရောက်ကြဦးမှာ၊ ရောက်တာနဲ့ သခင်လေးချန်ရဲ့အကြောင်းကို အနီးကပ် စုံစမ်းကြတာပေါ့၊ သခင်လေးချန်နဲ့ဖြစ်ဖြစ်၊ သူ့ရဲ့အထိန်းတော်ကြီးနဲ့ဖြစ်ဖြစ် တွေ့အောင် ကြိုးစားကြမယ်၊ တို့ကြားထားတဲ့ သတင်းမှန်နေရင် သက်သေအထောက်အထားရအောင် ယူကြမယ်၊ ဒီတော့မှ နယ်စားကြီး နားကိုရောက်အောင် ပြောဆိုလျှောက်ထားကြတာပေါ့”

“အေး… ကောင်းတယ် ဖန်း၊ မင်းပေးတဲ့အကြံ ကောင်းတယ်၊ တို့တွေ စိတ်ရှည်ရှည်ထားပြီး မင်း ပြောသလိုပဲ လုပ်ကြတာပေါ့”

“ဟုတ်တယ်… ဒီအတိုင်းပဲ လုပ်မယ်၊ ဒါပေမယ့် ဝိဝိရိရိရှိဖို့တော့ လိုမယ်နော်၊ ဒီကြားထဲ တို့အကြံအစည်တွေကို ဂိုဏ်းချုပ်ကြီးလင် မသိဖို့ အရေးကြီးဆုံးပဲ”

“အိုကွာ… တို့သုံးယောက်တည်း သိတဲ့ကိစ္စကို တို့အထဲက တစ်ယောက်ယောက်မပြောဘဲ ဘယ်သူမှမသိနိုင်ပါဘူး၊ တို့ကလဲ ကိုယ့်အသက်ဘေးနဲ့ နီးကပ်တဲ့ကိစ္စကို ဘယ်သူ့ပြောပါ့မလဲ”

ဖန်း၊ဇွေနှင့်ချိုတို့သုံးယောက်စလုံး သူတို့၏အကြံအစည်ကို ဘယ်သူမှမသိနိုင်ဟု စိတ်ချလက်ချ ယုံကြည်ထားကြသည်။ ဂိုဏ်းချုပ်

www.burmeseclassic.com



ကြီးဟောင်း ချမ်းစီးလင်း၏ကျေးဇူးကိုထောက်ထား၍ ချမ်းငှုံးဝမ်းက လေး၏အကျိုးကို ဆောင်ရွက်ကြရမည့်အတွက်လည်း စိတ်အား ထက်သန်နေကြသည်။

ယခုမှ ဤကိစ္စကို သုံးယောက်ပေါင်း ဆောင်ရွက်နိုင်တော့ မည့်အတွက် ဧရာသည် စိတ်အေးလက်အေး ဖြစ်သွားမိသည်။

သို့သော် သူတို့၏နောက်ဘက် မလှမ်းမကမ်းရှိ ကျောက် တုံးကြီးနောက်ကွယ်တွင် ငွေဖျိုင်းဖြူဂိုဏ်း၏ ခုပ်ချုပ်ရေးမှူးကြီး ထုံ ဟူလူးသာ သူတို့သုံးယောက်၏စကားများကို အစအဆုံးကြားသိ သွားကြောင်း သူတို့တတွေသိရပါလျှင် ဤနေရာပတ်ဝန်းကျင်မှ ဝေး ရာကို ထွက်ပြေးသွားမိကြမည်မှာ သေချာလေသည်။

အကြောင်းမူ အုပ်ချုပ်ရေးမှူးကြီး ထုံဟူလူးသည် ယာယီ ဂိုဏ်းချုပ်ကြီး လင်ချမ်းကျူး၏လူယုံတပည့်ရင်း ဖြစ်နေသောကြောင့် ပင်တည်း။



အခန်း(၄)

နယ်စားအဝိနှ်

ငွေဖျိုင်းဖြူဂိုဏ်းဌာနချုပ် အဆောက်အအုံကား ဂဝံ ကျောက်သားဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံကြီးပင် ဖြစ်သည်။

အပြင်ဘက်မှကြည့်လျှင် သားသားနားနား သိပ်မရှိလှချေ။

အနီရောင်ကျောက်သားများပေါ်တွင် ရေညှိတွေ အထပ် ထပ်တက်နေသဖြင့် ညို့မှိုင်းမှိုင်းကြီးဖြစ်နေသည်။

အဆောက်အအုံကြီး၏ ဘေးပတ်မိတ်လည်တွင်လည်း အိမ်ကလေးများ ဝိုင်းရံလျက်ရှိသည်။

ဂဝံကျောက်သားဖြင့် ဆောက်လုပ်ထားသော အိမ်ငယ်လေး

www.burmeseclassic.com



များပင် ဖြစ်ကြ၏။

ဌာနချုပ် အဆောက်အအုံကြီးအတွင်းရှိ အခန်းတိုင်း၊ အဆောင်တိုင်းမှာမှု ခမ်းနားထည်ဝါစွာ ရှိနေလေသည်။

အပိုးတန် ပရိဘောဂ ပစ္စည်းပစ္စယများဖြင့်သာ မွမ်းမံထားသည်။

ညအချိန်ဖြစ်သဖြင့် အဆောက်အအုံကြီးထဲတွင် ထိန်ထိန်လင်းနေသည်။

အဆောက်အအုံကြီးထဲမှ မီးရောင်ဖြင့် အဆောက်အအုံဝင်းပတ်လည်တွင် စောင့်ကြပ်နေကြသော အစောင့်အကြပ်များကို ပါ ဒိုးတဝါး တွေ့မြင်နိုင်လေသည်။

ငွေမျိုးဖြူဂိုဏ်းဝတ်စုံကို ဝတ်ဆင်ထားကြသော ငွေမျိုးဖြူဂိုဏ်းသား အစောင့်များနှင့် နယ်စားကြီး၏ကိုယ်ရံတော်တပ်မှ အစောင့်များမှာ အတူတွဲလျှက် စောင့်ကြပ်နေကြခြင်းဖြစ်၏။

နယ်စားကြီး စန္ဒဟုမ်းယန်းသည် မွန်းလွဲချိန်က ငွေမျိုးဖြူဂိုဏ်းဌာနချုပ်ကို သူ၏ကိုယ်ရံတော်တပ်ဖွဲ့နှင့်အတူ ရောက်လာခဲ့သည်။

ယာယီဂိုဏ်းချုပ်ကြီး လင်ချမ်းကျုံးက ရိုကျိုးလေးစားစွာ နယ်စားကြီး စန္ဒဟုမ်းယန်းကို ကြိုဆိုသည်။

ရောက်ပြီး ခဏသာ နယ်စားကြီးသည် အနားယူပြီး လင်



ချမ်းကျုံးဦးဆောင်သော ငွေမျိုးဖြူဂိုဏ်းမှ အရေးပါအရာရောက်သော ခေါင်းဆောင်များနှင့် ဆွေးနွေးသည်။

ဂိုဏ်းချုပ်ကြီးဟောင်း ချန်စီးလင်းရှိစဉ်ကပင် ယာယီဂိုဏ်းချုပ်ကြီး လင်ချမ်းကျုံးအနေနှင့် ငွေမျိုးဖြူဂိုဏ်းကြီးကို ပြည်သူ့အကျိုးပြုဂိုဏ်းကြီးအဖြစ် ဆက် လက်တည်ရှိအောင် ချန်ဂူးဝမ်းကလေး အသက်(၁၈)နှစ်မပြည့်မီ အချိန်အတွင်း အုပ်ချုပ်သွားရန် နယ်စားကြီးက အမိကထား၍ မှာကြားသည်။

ယာယီဂိုဏ်းချုပ်ကြီး လင်ချမ်းကျုံးကလည်း သူအုပ်ချုပ်ခဲ့သော ၅၂(၆)လအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို မည်ကဲ့သို့ ဆောင်ရွက်ခဲ့ကြောင်း အစီရင်ခံသည်။

အုပ်ချုပ်ရေးမှူးကြီး ထုံဟူလျူနှင့် ခေါင်းဆောင်များကလည်း သူတို့၏ကောင်းမွန်သော လုပ်ဆောင်ချက်များကို တင်ပြကြသည်။

ညနေပိုင်းတွင် ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြသည်။

နယ်စားကြီးစန္ဒဟုမ်းယန်းသည် မနက်စောစော ပြန်လည်ထွက်ခွာမည်ဖြစ်၏။

ညဘက်တွင် နယ်စားကြီး စန္ဒဟုမ်းယန်သည် ညစာကို ယာယီဂိုဏ်းချုပ်ကြီး လင်ချမ်းကျုံးနှင့်နှစ်ယောက်တည်း စားသောက်ရင်း စပ်မိစပ်ရာစကားများကို ပြောဆိုကြရင်း ငွေမျိုးဖြူဂိုဏ်းကြီးကိုတည်ထောင်သော ချန်ဂူးဝမ်းကလေး၏ မိဘ၊ ဘိုးဘေးတို့အ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကို ရောက်လာသည်။

"အိမ်း... ငွေဖျိုင်းဖြူဂိုဏ်းကြီးကို ချန်စီးလင်းရဲ့ အဘိုးလက်ထက်ကတည်းက တည်ထောင်လာပြီး ချန်စီးလင်း ကွယ်လွန်တဲ့အထိ ဂိုဏ်းရဲ့ နာမည်ဟာ နည်းနည်းကလေးမှ မပျက်ခဲ့တာ ချီးကျူးစရာပဲ ဂိုဏ်းချုပ်လင်"

ယာယီဂိုဏ်းချုပ်ကြီး လင်ချမ်းကျူးသည် အရက်တစ်ခွက်ကိုငုံ၍ နယ်စားကြီးလက်သို့ ကျိုးနွံ့စွာ ကမ်းပေးရင်း ခေါင်းညိတ်၍...

"မှန်ပါတယ် နယ်စားကြီး၊ ကျွန်တော်ဟာ ဂိုဏ်းချုပ်ကြီးချန်နဲ့လက်တွဲခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ကျော် ရှိပါပြီ၊ ဒီနှစ်ပေါင်း နှစ်ဆယ်အတွင်းမှာ ဂိုဏ်းချုပ်ကြီးချန်အနေနဲ့ မဟုတ်မမှန်တဲ့ကိစ္စဆိုလို့ လူရှေ့မှာကော လူကွယ်ရာမှာကော နည်းနည်းကလေးမှ မလုပ်ခဲ့ဘူးဆိုတာ ကျွန်တော်အသိဆုံးပါ၊ သိပ်ပြီး လေးစားချီးကျူးထိုက်တဲ့ပုဂ္ဂိုလ်ကြီးတစ်ယောက်ပါပဲခင်ဗျာ၊ ဂိုဏ်းချုပ်ကြီးချန် ကွယ်လွန်သွားတာဟာ ကျွန်တော်တို့ငွေဖျိုင်းဖြူဂိုဏ်းကြီးအတွက် အစားထိုးလို့မရတဲ့ဆုံးရှုံးမှုကြီးတစ်ခုပါပဲ"

နယ်စားကြီး စန့်ဟုမ်းယန်းသည် သက်ပြင်းတစ်ချက်ချကာ ခေါင်းတဆတ်ဆတ်ညိတ်၍...

"အိမ်း... ဟုတ်တော့ ဟုတ်ပါတယ်လေ၊ ဒါပေမယ့် ချန်မျိုးအနွယ်ရဲ့ မျိုးဆက်အဖြစ် ချန်ငူးဝမ်းကလေး ကျန်နေခဲ့သေး



တော်ပါသေးရဲ့၊ ချန်ငူးဝမ်းကလေးဟာလဲ အမျိုးဘိုးတူမယ့် ကောင်လေးဖြစ်လိမ့်မယ်လို့ ကျုပ်တော့ တွက်ဆမိတာပဲ၊ ချန်ငူးဝမ်းကလေးနဲ့အတူနေပြီး အုပ်ထိန်းနေရတဲ့ ဂိုဏ်းချုပ်လင်အနေနဲ့တော့ သူ့အကြောင်းကို ကျုပ်ထက် ပိုသိမှာပေါ့လေ၊ ချန်ငူးဝမ်းလေးရဲ့ အခြေအနေ ဘယ်လိုလဲ"

နယ်စားကြီး စန့်ဟုမ်းယန်းသည် သူ၏မျက်နှာကို စေ့စေ့ကြည့်၍ မေးမြန်းနေခြင်းဖြစ်သဖြင့် လင်ချမ်းကျူး၏စိတ်ထဲတွင် မလုံမလဲဖြစ်မိလေသည်။

ချန်ငူးဝမ်းကို သူနှိပ်စက်နေသည့်အကြောင်းကို နယ်စားကြီးကြားသိသွားပြီလားဟုလည်း စိုးရိမ်စိတ်ဖြစ်မိသည်။

သို့သော် သူသည် ဣန္ဒြေမပျက်အောင် ထိန်းထားပြီး ခပ်အေးအေးပင် ပြန်ပြောလေသည်။

"ဩော်... ဟုတ်ကဲ့ နယ်စားကြီး၊ အခုအချိန်အထိတော့ ချန်ငူးဝမ်းလေးဟာ လူတော်ကလေးတစ်ယောက်ပါပဲ၊ နယ်စားကြီး"

"ဘယ်လိုလဲ ဂိုဏ်းချုပ်ကြီးလင်၊ ချန်ငူးဝမ်းဟာ ခုထိ လူတော်ကလေးဆိုတော့ နောက်ကို လူဆိုးကလေးဖြစ်ချင် ဖြစ်သွားနိုင်တယ်လို့ ဆိုလိုက်တာလား"

လင်ချမ်းကျူး ထိတ်ခနဲဖြစ်သွားကာ လက်နှစ်ဖက်ကိုကာလိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"ဒီသဘောမျိုးနဲ့ကျွန်တော်ပြောတာ မဟုတ်ပါဘူး နယ်စားကြီးခင်ဗျာ၊ ကျွန်တော်က သဘာဝတရားကို ပြောပြတာပါ၊ ကျွန်တော်သိသလောက်တော့ ကွယ်လွန်သွားတဲ့ ဂိုဏ်းချုပ်ကြီးချန်ရဲ့ အဖေဟာလဲ လူကောင်းလူတော်တစ်ယောက်ပါပဲ၊ ကျွန်တော်တို့နဲ့ ငွေဖျိုင်းဖြူဂိုဏ်းကြီးကိုစပြီး တည်ထောင်ခဲ့တဲ့ဂိုဏ်းချုပ်ကြီးချန်ရဲ့ အဘိုးဟာလဲ လူကောင်းလူတော်ကြီးတစ်ယောက်ပါပဲ၊ ဒါပေမယ့် နယ်စားကြီးခင်ဗျာ"

"ဒါပေမယ့် ဘာဖြစ်သလဲ ဂိုဏ်းချုပ်လင် ပြောမှသာ ရှင်းပြောပါ"

လင်ချမ်းကျူးက မဝံ့မရဲဖြင့် ဆက်ပြောသည်။

"ချန်ဂူးဝမ်းကလေးဟာ လူရိုးလူအေးလေး တစ်ယောက်ပါ နယ်စားကြီးခင်ဗျာ၊ ဒါပေမယ့် သိပ်ရိုးအေးလွန်းတယ်လို့ ကျွန်တော် အကဲခတ်မိတယ်၊ သူ့အဖေရှိစဉ် အချိန်တုန်းကလို မဟုတ်တော့ဘူး သူ့အဖေရှိတုန်းကဆိုရင် တက်တက်ကြွကြွ ဖျတ်ဖျတ်လတ်လတ်ရှိတယ်"

"ဟုတ်တယ်လေ... ကျုပ်ကိုယ်တိုင်လဲ တစ်နှစ်တစ်ခေါက်ဆိုသလို ချန်ဂူးဝမ်းကို တွေ့နေရတာပဲ၊ အခု ဘယ်လိုပြောင်းလဲနေလို့လဲ"

"အမြဲတမ်း ငိုင်ငိုင်မှိုင်မှိုင်ကြီး ဖြစ်နေတတ်ပါတယ်"



"ဒါကတော့ သူ့အဖေ ဆုံးတာမှ ခုနစ်လလောက်ပဲ ရှိသေးလို့ သူ့အဖေကိုလွမ်းဦးမှာပေါ့ ဂိုဏ်းချုပ်လင်၊ သူ့မှာက ဆွေမျိုးသားချင်း တစ်ယောက်မှ မရှိရှာဘူး မဟုတ်လား"

"ကျွန်တော်ကတော့ ဒီကလေးကို အမြဲပဲ စိတ်ချမ်းသာအောင် ထားပါတယ် နယ်စားကြီးလင်၊ သူ့စိတ်ကြိုက် ဘာမဆိုဆောင်ကျဉ်းပေးတာပါပဲ နယ်စားကြီးခင်ဗျာ၊ ခုရိုန်မှာတော့ သူဟာ သိုင်းပညာကို စိတ်ပါလက်ပါ သင်ချင်ပုံမရဘူး"

"သူ စိတ်ပြေလက်ပျောက်ရှိတဲ့အချိန်အထိ တစ်နှစ်လောက် စောင့်ကြည့်နေလိုက်ပါဦး ဂိုဏ်းချုပ်လင်"

"ဟုတ်ကဲ့ နယ်စားကြီး၊ ကျွန်တော်လဲ ဒီလိုပဲ စောင့်ကြည့်ဖို့ ဆုံးဖြတ်ထားပါတယ်၊ ခက်တာက သူ့စိတ်ထဲမှာ တစ်ခုခုကို ကြောက်နေသလိုပဲ၊ တစ်ခါတစ်ခါ ပေါက်ကရ စကားတွေကိုလဲ ပြောတတ်ပါတယ်"

"ဟင်... ဘယ်လိုပေါက်ကရ စကားတွေကို ပြောတတ်တာလဲ"

လင်ချမ်းကျူးသည် သက်ပြင်းတစ်ချက်ချပြီး အရက်ခွက်ကို ယူကာ တစ်ငုံမော့သောက်သည်။

ပြီးမှ ခေါင်းကိုခါယမ်း၍...

"ကောင်လေးဟာ သူ့အဖေသေသွားတာကြောင့်ပဲလား တော့ မသိဘူး၊ လောလောဆယ်မှာတော့ စိတ်ကယောင်ကတမ်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာတော့ အမှန်ပါပဲ၊ လူတွေကို တွေ့တိုင်း ကြောက်တယ် ကြောက်တယ်လို့ပြောတတ်တယ်၊ တစ်ခါတလေ သူ့အဖေက သူ့ကို လာစကားပြောတယ်လို့လဲ ပြောတတ်တယ်၊ တစ်ခါတလေ ကျွန်တော်က သူ့ကိုနှိပ်စက်နေပါတယ်လို့ တွေ့တဲ့လူတိုင်းကိုပြောတယ် အဲဒီလို ပြောတာကို ကျွန်တော် ဝမ်းအနည်းဆုံးပါပဲ၊ သူ့အပေါ် ကျွန်တော်ထားတဲ့စေတနာတွေဟာ အလကားဖြစ်ကုန်ပြီလားလို့တောင် တွေးမိပါတယ်၊ ဒါပေမယ့် သူ့စိတ်တွေလှုပ်ရှားပြီး မမှန်လို့ ပြောတာပါလေဆိုပြီး ကျွန်တော် ဖြေသိမ့်ခဲ့ပါတယ်"

နယ်စားကြီး စန္ဒဟုမ်းယန်းလည်း စိတ်မကောင်းဖြစ်သွားကာ...

"အိမ်း... အခုလိုကြားရတာကတော့ စိတ်မကောင်းစရာပါပဲ၊ ဂိုဏ်းချုပ်လင်ပြောတဲ့အတိုင်းဆိုရင်တော့ ဒီကောင်လေးစိတ်ကယောင်ကတမ်း ဖြစ်နေတာတော့ အမှန်ပဲ၊ အဖေ သေတာကလဲ မကြာသေးဘူးကိုး၊ ဂိုဏ်းချုပ်လင်အနေနဲ့ သူ့ကို ပိုပြီး ဂရုစိုက်ပါ"

"ကျွန်တော့်အနေနဲ့ကတော့ ဂရုစိုက်ပါတယ်နယ်စားကြီးခင်ဗျား၊ နားလည်တတ်ကျွမ်းတဲ့ သမားတော်ကြီးတွေကိုလဲ ပြပြီး ကုသနေပါတယ်၊ ဒါပေမယ့် ကောင်လေးဆီက ထွက်လာတဲ့စကားကို နယ်စားကြီးကိုယ်တိုင်ကြားပြီး ကျွန်တော့်အပေါ် အထင်လွဲမှာကိုပဲ စိုးရိမ်မိပါတယ်"

"ဘာစကားလဲ"



"တစ်ခါတလေ သူ့ပါးစပ်က ပြောတဲ့စကားပါ၊ သူ့ကို ကျွန်တော်က နှိပ်စက်နေပါတယ်ဆိုတဲ့စကားပါ၊ တစ်ခုရှိတာက သူ့ကို ကျွန်တော်ထိန်းထိန်းသိမ်းသိမ်းလုပ်ပြီး ချုပ်ကိုင်ထားတဲ့အတွက် ကျွန်တော့်အပေါ် အထင်လွဲချင် လွဲနိုင်ပါတယ်၊ သူ့စိတ် ကယောင်ကတမ်းဖြစ်နေချိန်ဆိုတော့ ပိုပြီး ထင်စရာဖြစ်တာပေါ့"

"သူ စိတ်မမှန်သေးတဲ့အချိန်မှာ ကောင်လေးအနေနဲ့ ဂိုဏ်းချုပ်လင်အပေါ် ဘယ်လိုပဲ အထင်လွဲချင် လွဲပါစေ၊ ဂိုဏ်းချုပ်လင်အနေနဲ့ ကလေးရဲ့အကျိုးကိုရှေ့ရှုပြီး ထိန်းသိမ်းပါ၊ သူကိုယ်တိုင် ဂိုဏ်းချုပ်လင်က သူ့ကိုနှိပ်စက်နေပါတယ်လို့ ပြောရင်တောင် ကျုပ် မယုံပါဘူး၊ ဂိုဏ်းချုပ်လင်အပေါ် ဘယ်လိုမှ ကျုပ်အထင်မလွဲပါဘူး"

"ဟုတ်ကဲ့... အခုလို နယ်စားကြီးဆီက စကားမျိုးကြားရတာ ကျွန်တော် ဝမ်းသာပါတယ်ခင်ဗျာ၊ အားလဲ တက်မိပါတယ်"

"တစ်ခုတော့ ရှိတယ်နော်"

"အမိန့်ရှိပါ နယ်စားကြီး"

"ကောင်လေး အသက်ဆယ့်ရှစ်နှစ်မပြည့်ခင် တစ်ဦးဦးရဲ့ပယောဂနဲ့ သေဆုံးသွားတာမျိုးကိုတော့ ကျုပ်မလိုလားဘူး၊ ဒီတော့ ကောင်လေးရဲ့အသက်အန္တရာယ် လုံခြုံရေးအတွက်တော့ ဂိုဏ်းချုပ်လင်အနေနဲ့ လုံးလုံးလျားလျား တာဝန်ယူရလိမ့်မယ်၊ ရိုးရိုးတန်းတန်း ရောဂါရလို့ သေဆုံးသွားတာမျိုးကိုတော့ ကျုပ် အပြစ်မယူပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



လင်ချမ်းကျုံး မျက်စိမျက်နှာပျက်သွားပြီး...

"ချန်ဂူးဝမ်းကလေး အသက်လုံခြုံရေးအတွက်တော့ ကျွန်တော်အစွမ်းကုန် စီစဉ်ထားပါတယ် နယ်စားကြီး၊ ပြီးတော့ ကလေးအရွယ်သာရှိသေးတဲ့ သူ့ကိုတော့ ဘယ်သူကမှလဲ အသက်သေလောက်တဲ့အထိ အန္တရာယ်ပြုကြလိမ့်မယ်လို့ ကျွန်တော် မထင်ပါဘူး"

"အင်းလေ ဘာပဲဖြစ်ဖြစ် ကောင်လေးအသက်အန္တရာယ်လုံခြုံရေးတော့ ဂိုဏ်းချုပ်လင်မှာ တာဝန်ရှိတယ်၊ ကျုပ်လဲ တစ်နှစ်တစ်ခေါက်ဆိုသလို အားရင်အားသလို ကောင်လေးကို လာကြည့်ပါမယ်၊ လောလောဆယ်တော့ ဆောင်ရွက်စရာကလေးတွေ များနေသေးလို့ သူ့ကိုသွားမကြည့်နိုင်သေးဘူး၊ လောလောဆယ်တော့ ကောင်လေးစိတ်ငြိမ်လာအောင် အစွမ်းကုန်ကူညီပါ ဂိုဏ်းချုပ်လင်၊ လိုအပ်ရင် ကျုပ်ဆီက သမားတော်တွေကို လွှတ်ပေးပါ့မယ်"

"ဒီလောက်အထိတော့ မလိုအပ်သေးပါဘူး နယ်စားကြီး လိုအပ်တဲ့အချိန်ကျရင် နယ်စားကြီးဆီ ကျွန်တော်အကြောင်းကြားလိုက်ပါ့မယ်ခင်ဗျာ"

"ကောင်းပြီလေ ဂိုဏ်းချုပ်လင်၊ ချန်ဂူးဝမ်းကလေး အမြန်ဆုံးစိတ်တည်ငြိမ်မှုရအောင်သာ သမားတော်ကောင်းတွေနဲ့ ကုသပါ နှလုံးရည်ရော လက်ရုံးရည်ပါ ထက်မြက်လာအောင်လဲ ဂိုဏ်းချုပ်



လင်ကပဲ ဆောင်ရွက်ပေးပါ၊ သူ့ရဲ့တိုးတက်မှုဆုတ်ယုတ်မှုဟာ ဂိုဏ်းချုပ်လင်အပေါ်မှာ မူတည်နေပါတယ်"

"ဟုတ်ကဲ့နယ်စားကြီး၊ ခုချိန်မှာတော့ သူ့ကိုကျွန်တော်လိုချင်တဲ့ပုံစံမျိုးသွင်းလို့ မရသေးပါဘူး၊ ကယောင်ကတန်းဖြစ်နေတဲ့ သူ့စိတ်တွေ မှန်လာမှပဲ နယ်စားကြီးလိုချင်တဲ့အရည်အချင်းမျိုးရအောင် ကျွန်တော် ပုံသွင်းပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၅)

## မတရားသောစွပ်စွဲမှု

ဗလုံးဗထွေးအသံများကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသောဖန်းသည် ဖျတ်ကနဲ နိုးလာ၏။ လှဲအိပ်နေရာမှလည်း ဝုန်းကနဲ ထရပ်လိုက်သည်။

ထိုစဉ် လက်တစ်လက်က သူ၏ပခုံးမှသွေးကြောဆီသို့ လှစ်ခနဲ ဝင်လာသည်ကို မြင်လိုက်ရ၏။

အိပ်ချင်မူးတူးဖြစ်နေသောဖန်းက မရှောင်တိမ်းနိုင်မီ တစ်စုံတစ်ယောက်သောသူ၏လက်က သူ့ပခုံးမှ သွေးကြောကိုထောက်မိသွားသည်။

ဖန်း၏တစ်ကိုယ်လုံး ထုံကျင်သွားပြီး ခြေလက်များ လှုပ်ရှား၍ မရတော့ချေ။



သို့သော်သူသည် သူ့ပတ်ဝန်းကျင်မှ အခြေအနေအရပ်ရပ်ကိုတော့ မြင်ရပြီဖြစ်၏။

သူနှင့်မလှမ်းမကမ်းတွင် ရှိနေသော သူ၏သူငယ်ချင်း စေ့နှင့်ချိတို့သည် သူကဲ့သို့ပင် အကြောပိတ်ခံထားကြရသည်။

စေ့နှင့်ချိတို့၏အနီးတွင် ရပ်နေသော အုပ်ချုပ်ရေးမှူးကြီး ထုံဟူလူးကို တွေ့ရသောအခါ ဖန်း အံ့သြသွားမိသည်။

အုပ်ချုပ်ရေးမှူးကြီး ထုံဟူလူး၏အနီးတွင် သူနှင့်သိကျွမ်းသော ငွေဗျိုင်းဖြူဂိုဏ်းသားလေးယောက် ရပ်နေကြသည်။

သူ့အနီးတွင်လည်း ငွေဗျိုင်းဖြူဂိုဏ်းဝင်နှစ်ယောက် ရပ်နေကြသည်။

မိမိတို့၏ ငွေဗျိုင်းဖြူဂိုဏ်းဝင် အချင်းချင်း၏သွေးကြောပိတ်ခြင်းကိုခံကြရအောင် ဖန်း သိရလေပြီ။

ပြီးတော့ မိမိတို့ကို သွေးကြောပိတ်ခြင်းမှာလည်း အုပ်ချုပ်ရေးမှူးကြီးထုံ၏အမိန့်ကြောင့်ပင် ဖြစ်လိမ့်မည်ဟု တွက်ဆမိသည်။

မည်သည့်အတွက် ဤသို့ပြုမူကြောင်း ဖန်း စဉ်းစား၍ မရပါချေ။

ဖန်းက အုပ်ချုပ်ရေးမှူးထုံအား မေးမြန်းမည်အပြုတွင် စေ့က မကျေမနပ်နှင့် ဦးစွာ မေးမြန်းလိုက်၏။

"ဒါက ဘာသဘောလဲ အုပ်ချုပ်ရေးမှူးကြီး၊ ကျွန်တော်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



အခုလို ဘာဖြစ်လို့လုပ်ရတာလဲ"

ချီကလည်း ခပ်ပြင်းပြင်းဖြင့် ဝင်ပြောသည်။

"ကျွန်တော်တို့တွေ တစ်ရက်နဲ့နှစ်ညလုံးလုံး အိပ်ရေးပျက်ခဲ့ကြတာပါ အုပ်ချုပ်ရေးမှူးကြီး၊ မနက်က နယ်စားကြီး ပြန်သွားမှ အိပ်ခွင့်ရကြတာပါ။ အခုအိပ်တာမှ ဘာမှမကြာသေးဘူး ကျွန်တော်တို့ကို ခုလိုလာပြီး ပြုမူတာတော့ မကောင်းပါဘူး"

အုပ်ချုပ်ရေးမှူးကြီး ထုံဟူလူးက မဲ့ပြုံးပြုံးလိုက်ပြီး—

"နယ်စားကြီးရောက်မလာခင် တစ်ညကတည်းက ဒီမနက်အထိ မင်းတို့တွေ အိပ်ခွင့်မရဘဲ စောင့်ကြပ်နေရကြတယ်ဆိုတာ ငါနားလည်ပါတယ် ချီ၊ စိတ်မပူပါနဲ့ကွာ၊ နောက်ဆို မင်းတို့ကို ထချင်ပါတယ်ဆိုလို့တောင် ထလို့ရတော့မယ့် အိပ်ခြင်းမျိုးနဲ့ အိပ်ကြရတော့မှာပါ"

အုပ်ချုပ်ရေးမှူးကြီး ထုံဟူလူး၏အကြည့်က ချေဆီသို့ ရောက်သွားပြီး....

"ဒီမယ်ချေ မင်းတို့ကို ငါက အခုလို ဘာဖြစ်လို့ ပြုမူတယ်ဆိုတာ မင်းတို့တွေ တကယ်ပဲ မသိကြဘူးလား၊ မင်းတို့ရဲ့ကြီးလေးတဲ့ ပြစ်ချက်ကို မင်းတို့တကယ်ပဲ မသိကြဘူးလား"

"ကျွန်တော်တို့ရဲ့ပြစ်ချက် ဟုတ်လား၊ ကျွန်တော်တို့တွေ ဘာပြစ်ချက်ကျူးလွန်လို့လဲ၊ ကျွန်တော်တို့ဟာ ပေးအပ်တဲ့တာဝန်ကို



ကျေကျေပွန်ပွန်နဲ့ ဆောင်ရွက်ခဲ့ကြတယ် မဟုတ်လား"

"အေးလေ၊ မင်းတို့တွေ ဘာပြစ်ချက်ရှိတယ်ဆိုတာ ဂိုဏ်းချုပ်ကြီးဆီရောက်တော့ သိရမှာပေါ့၊ ဒါဟေ့... သူတို့ကို ကြိုးနဲ့တုပ်လိုက်ကြ"

အုပ်ချုပ်ရေးမှူးကြီး ထုံ၏အမိန့်သံအဆုံးတွင် သူနှင့်အတူပါလာသော ဂိုဏ်းသားများက ချေ၊ ချီနှင့်ဖန်းတို့ သုံးယောက်ကို လက်ပြန်ကြိုးတုပ်လိုက်ကြတော့၏။

သွေးကြောပိတ်ခံထားကြရသော ဖန်း တို့သုံးယောက်စလုံး အနည်းငယ်မျှ လှုပ်ရှားရုန်းကန်နိုင်ခြင်း မရှိခဲ့ကြချေ။

***

သုံးယောက်စလုံး လက်ပြန်ကြိုးတုပ်ပြီးမှ သူတို့အပိတ်ခံထားရသော သွေးကြောများကို ပြန်ဖွင့်ပေးကြသည်။

ဖန်းတို့သုံးယောက်စလုံး အဆင်မြင့်သိုင်းသမားများ ဖြစ်သောကြောင့် အုပ်ချုပ်ရေးမှူးကြီးထုံသည် ဤသို့ပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင်ဖမ်းဆီးရခြင်း ဖြစ်လေသည်။

ထို့နောက် ဖန်းတို့တစ်ဦးချင်းကို လူနှစ်ယောက်စီ ညှပ်၍ အုပ်ချုပ်ရေးမှူးကြီးထုံက ရှေ့ဆောင်ကာ ခေါ်ဆောင်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက်အား အဆောက်အအုံကြီး၏ သီးသန့်ခန်း ထဲသို့ ခေါ်ဆောင်လာခဲ့ကြခြင်းဖြစ်၏။

ဖန်းတို့တတွေ ဖြတ်သန်းလာရာ လမ်းတစ်လျှောက်တွင်ရှိ သော ငွေဖျိုင်းဖြူဂိုဏ်းသားများမှာ ဖန်းတို့အဖမ်းခံလာရသည်ကို မြင်ရသောအခါ အံ့ဩတကြီးဖြစ်ကြသည်။

နားမလည်နိုင်အောင် ဖြစ်ကြရသည်။

ဤဌာနချုပ်တွင် စခန်းချနေထိုင်သော ငွေဖျိုင်းဖြူဂိုဏ်း သားများသည် ရင်းရင်းနှီးနှီးကြီး မခင်မင်ကြသည့်တိုင်အောင် တစ်ဦး ကို တစ်ဦးတော့ မျက်မှန်းတန်းမိကြသည်။

မေးထူးခေါ် ပြော အဆင့်လောက်တော့ သိကြသည်။

ထို့ကြောင့် ဂိုဏ်းဝင်အားလုံးမှာ ဖန်းတို့သုံးယောက်စလုံးကို သိကြသည်။

မြင်ရသူများအားလုံး ဖန်းတို့သုံးယောက် အဘယ်ကြောင့် အဖမ်းခံလာကြရကြောင်း စဉ်းစားမရ ဖြစ်ကြသည်။

ဖန်းတို့သုံးယောက်စလုံးကို ခင်မင်သော ငွေဖျိုင်းဖြူဂိုဏ်းမှ အရေးပါအရာရောက်သည့် ခေါင်းဆောင်တစ်ယောက်က သိလိုစိတ် ဖြင့် အုပ်ချုပ်ရေးမှူးကြီးထံကို လှမ်းမေးသည်။

"ဘယ်လိုဖြစ်လို့လဲ အုပ်ချုပ်ရေးမှူးကြီး"

"ဘာဖြစ်တယ်ဆိုတာ သိချင်သူအားလုံး လိုက်ကြည့်ကြ"

အုပ်ချုပ်ရေးမှူးကြီး ထုံပျာလူးက ဤမျှသာ ဖြေသည်။ ဖန်း



ကို ဆက်ခေါ်ပြီး ခေါ်ခဲ့ကြသည်။

သူတို့နောက်မှ အဖြစ်မှန်ကို သိလိုသူများလည်း လိုက်လာ ၏။

သီးသန့်ခန်း၏တံခါးဆီသို့အရောက် တံခါး၏တစ်ဘက်တစ် တွင် ယာယီဂိုဏ်းချုပ်ကြီးလင်ချမ်းကျူး၏ ကိုယ်ရံတော်ဂိုဏ်း းလေးယောက်တို့သည် လက်နက်ကိုယ်စီကိုင်၍ စောင့်ကြည့်နေ သည်။ သီးသန့်ခန်း၏တံခါးကိုမူ ပိတ်ထားသည်။

ကိုယ်ရံတော်ဂိုဏ်းသားလေးယောက်က တံခါးပေါက်ဆီဦး ည်လာနေသော အုပ်ချုပ်ရေးမှူးကြီးထံကို မြင်ကြသောအခါ ပိတ် းသောတံခါးကို ဖွင့်ပေးကြသည်။

တံခါးပွင့်သွားသော်လည်း တံခါးပေါက်တွင် အစိမ်းရောင် ဆီးကို တပ်ဆင်ထားသဖြင့် အတွင်းဘက်ကို မမြင်ရချေ။

တံခါးပေါက်ဝနားသို့အရောက်တွင် အုပ်ချုပ်ရေးမှူးကြီးထုံ ည် ရပ်တန့်လိုက်ပြီး ဖန်းတို့၏နောက်မှ လိုက်ပါလာသောဂိုဏ်း များကို လှည့်ပြီး ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့အားလုံး ဒီမှာပဲ နေခဲ့ကြဦး၊ ဂိုဏ်းချုပ်ကြီးရဲ့ခွင့်ပြုချက်မရဘဲ အခန်းထဲကို ဘယ်သူမှ ဝင်ပိုင်ခွင့်မရှိဘူး မကြာခင်မှာ ဒီကောင်တွေ ဘယ်လိုပြစ်မှုကိုကျူးလွန်လို့ အဖမ်းခံရတယ်ဆိုတာ မင်းတို့သိရမယ်၊ ဒီကောင်သုံးကောင်ကို ဘယ်လိုအပြစ်ပေးတယ်ဆိုတာလဲ မင်းတို့ မြင်သိကြရလိမ့်မယ်"

အုပ်ချုပ်ရေးမှူးကြီးထံ၏အမိန့်စကားကြောင့် ဖန်းတို့သုံးယောက်၏အကြောင်းကို သိလို၍ နောက်မှလိုက်ပါလာကြသော ဂိုဏ်းဝင်များသည် သီးသန့်ခန်း အပြင်ဘက်တွင်ပင် စုရုံးကျန်ရစ်ခဲ့ကြသည်။

အုပ်ချုပ်ရေးမှူးကြီးထံနှင့်အတူ ဖန်းတို့သုံးယောက်ကိုဖမ်းခေါ်လာသော ဂိုဏ်းသားခြောက်ယောက်သာ သီးသန့်ခန်းထဲကို ဝင်ခဲ့ကြသည်။

သီးသန့်ခန်းတွင်းရှိ ထိုင်ခုံကြီးတစ်လုံးပေါ်တွင် လင်ချမ်းကျိုးသည် အခန့်သားထိုင်လျက် ရှိနေသည်။

သူသည် အခန်းထဲသို့ ရောက်လာသော ဖန်း၊ ချိနှင့် ချော်တို့သုံးယောက်ကို အေးစက်မာကျောသော မျက်လုံးအစုံဖြင့် စူးစူးရှရှ ကြည့်လျက်ရှိသည်။

ဂိုဏ်းသားခြောက်ယောက်က ဖန်တို့သုံးယောက်ကို လင်ချမ်းကျိုး၏ရှေ့ ဆယ့်ငါးပေခန့်အကွာတွင် တန်းစီ၍ ရပ်နေသည်။



အုပ်ချုပ်ရေးမှူးကြီးထံကမူ လင်ချမ်းကျိုး၏ ညာဘက်နားတွင် သွားရပ်သည်။

အုပ်ချုပ်ရေးမှူးကြီးထံက လက်ပြလိုက်သောအခါ ဖန်းတို့ကို ဖမ်းခေါ်လာသော ဂိုဏ်းသားခြောက်ယောက်တို့သည် သီးသန့်ခန်းထဲမှ ပြန်ထွက်သွားကြတော့၏။

သီးသန့်ခန်းထဲတွင် ဖန်းတို့သုံးယောက်နှင့် လင်ချမ်းကျိုး၊ အုပ်ချုပ်ရေးမှူးကြီးထံတို့သာ ကျန်နေခဲ့ကြ တော့၏။

မည်သူမှ စကားမစကြသေးသဖြင့် တစ်ခန်းလုံး အပ်ကျသံပင် ကြားရလောက်အောင်တိတ်ဆိတ်နေသည်။

အုပ်ချုပ်ရေးမှူးကြီး ထံက ကျောက်ရုပ်ကြီးတစ်ရုပ်လို ရပ်မြဲရပ်နေလေသည်။

လင်ချမ်းကျိုးကလည်း ဖန်တို့သုံးယောက်ကို စူးစူးရှရှသာ ကြည့်မြဲကြည့်နေသည်။

သူ၏အကြည့်ဒဏ်မှာ စူးရှလွန်းလှသဖြင့် သူ၏အကြည့်ဒဏ်ကို ဖန်းတို့သုံးယောက်စလုံး မခံနိုင်ကြချေ။

ထို့ကြောင့် မျက်လွှာချပြီး နေကြရသည်။

ယခုအထိ သူတို့ကို ဘယ်အတွက်ကြောင့် ယခုကဲ့သို့ ဖမ်းခေါ်ထားကြခြင်းဖြစ်ကြောင်း ဖန်းတို့တွေ မတွေးနိုင်ကြသေးချေ။

မနေ့က သူတို့သုံးယောက်သည် ယာယီဂိုဏ်းချုပ်ကြီး လင်ချမ်းကျိုးနှင့် ချန်ဝူဝမ်းကလေး၏အကြောင်းကို ပြောမိခဲ့သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဍ်အကြောင်းကို တခြားဘယ်သူမှမသိနိုင်ဟု ယုံကြည်ထားကြ

တကယ်တော့ သူတို့၏စကားများကို အစမှအဆုံး အုပ်ချု

ရေးမှူးကြီးထံ ကြားသွားကြောင်းကို သူတို့တွေ မသိပါချေ။

"မင်းတို့သုံးယောက်စလုံး ငါ့ကို ကြည့်ကြစမ်း"

တိတ်ဆိတ်မှုကိုဖောက်ခွင်းလျက် လင်ချမ်းကျူး၏အေ

မြင့်စူးရှသော စကားသံပေါ်ထွက်လာသည်။

သူသည် ခပ်တိုးတိုးသာ ပြောလိုက်ခြင်းဖြစ်သော်လည်

ဖန်းတို့၏နားထဲတွင် ကျယ်လောင်စွာ ကြားကြရပြီး ဖြိုင်တူလို

လင်ချမ်းကျူးကို ကြည့်လိုက်မိကြ၏။

လင်ချမ်းကျူး၏မျက်လုံးအစုံမှာ မီးရဲရဲ တောက်နေရှေ

လားဟုပင် သူတို့တွေ ထင်မိကြ၏။

ဖန်းတို့သုံးယောက်မှာ စွမ်းရည်သတ္တိရှိကြသူများ ဖြစ်ကြ

သော်လည်း လင်ချမ်းကျူး၏အကြည့်ဒဏ်ကြောင့် ရင်ထဲတွင် တဒိ

ဒိန်း ခုန်နေကြသည်။

သူတို့၏ရင်ခုန်သံကို သူတို့နားမှအတိုင်းသား ကြားနေကြ

၏။

လင်ချမ်းကျူးက အေးစက်စက်လေသံဖြင့် ဆက်ပြောပြ

သည်။

"မင်းတို့သုံးယောက်က ငါ့ကိုအာခံဖို့ အစီအစဉ်တွေတော

ရေးဆွဲနေကြပါလား၊ တယ်ပြီး အစွမ်းထက်တဲ့ကောင်တွေပဲကိုးကွ



ဖန်းတို့သုံးယောက်မှာ လင်ချမ်းကျူး၏စကားကို ခုထိနားမ လည်ကြသေးချေ။

ထို့ကြောင့် စေ့ကပင် တုန်ယင်သောလေသံဖြင့် ကမန်းကတန်း ပြန်ပြောသည်။

"ကျွန်တော်တို့တွေ ဘယ်တုန်းကမှ ဂိုဏ်းချုပ်ကြီးကို အာမခံခဲ့ပါဘူး၊ အာခံဖို့လဲ အစီအစဉ်မဆွဲခဲ့ပါဘူး၊ ကျွန်တော်တို့ဟာ ငွေဖျိုင်းဖြူဂိုဏ်းအပေါ်မှာ သစ္စာရှိရှိနဲ့အမှုထမ်းခဲ့ကြတယ်ဆိုတာ ဂိုဏ်းချုပ်ကြီးအနေနဲ့ သိသင့်သလောက်လဲ သိပါတယ်ခင်ဗျာ"

လင်ချမ်းကျူးက မဲ့ပြုံးပြုံးလိုက်ပြီး....

"ခုချိန်မှာ ငါဟာ ငွေဖျိုင်းဖြူဂိုဏ်းကြီးရဲ့ဦးစီးခေါင်းဆောင်၊ မင်းတို့အနေနဲ့ ငွေဖျိုင်းဖြူဂိုဏ်းကြီးအပေါ်မှာလဲ သစ္စာရှိရမယ်၊ ငါ့အပေါ်မှာလဲ သစ္စာရှိရမယ်၊ ငါ့ကို ဆန့်ကျင်မယ့်စိတ်မျိုး မမွေးသင့်ဘူး"

ဖန်းက ဝင်ပြောသည်။

"ကျွန်တော်တို့တွေ ဂိုဏ်းချုပ်ကြီးအပေါ် ဘယ်တုန်းက ဆန့်ကျင်ခဲ့လို့လဲ"

"အလျင်တုန်းက မဆန့်ကျင်ပေမယ့် နောက် ဆန့်ကျင်တော့မယ် မဟုတ်လား"

"ဂိုဏ်းချုပ်ကြီး ကျွန်တော်တို့အပေါ် အထင်အမြင် လွဲမှားနေတာပါ"

www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်ရေးမှူးကြီးထံက တင်းမာခက်ထန်စွာ ဝင်ပြော သည်။

"ဘာ အထင်အမြင်လွဲရမှာလဲကွ၊ မနေ့က နယ်စားကြီး ရောက်မလာခင် မင်းတို့တွေ အစောင့်တာဝန် ကျနေတဲ့အချိန်တုန်းက မင်းတို့သုံးယောက် ဘာတွေပြောခဲ့တယ်ဆိုတာ မေ့သွားကြပြီလား ငွေဖျိုင်းဖြူစံအိမ်တော်ရဲ့ ချန်ဝူးဝမ်းရဲ့အကြောင်းကို မင်းတို့တွေ ပြောနေကတည်းက ငါရောက်နေတာ၊ မင်းတို့သုံးယောက် ပြောဆို ကြတာတွေကို အစအဆုံး ငါကြားတယ်၊ ဘာတွေပြောကြတယ်ဆို တာ တစ်လုံးချင်း ငါ ပြန်ပြောရဦးမှာလား"

အုပ်ချုပ်ရေးမှူးကြီးထံ၏စကားကြောင့် ဖန်တို့သုံးယောက်စ လုံး အံ့သြတုန်လှုပ်သွားကြသည်။

သူတို့သုံးယောက်တည်း ရှိသည်အထင်ဖြင့် ပြောဆိုတိုင်ပင် နေကြသော ချန်ဝူးဝမ်းနှင့်ပတ်သက်သည့် စကားများကို အုပ်ချုပ် ရေးမှူးကြီးထံ ကြားခဲ့သည်ဆိုခြင်းမှာ အမှန်ဖြစ် လိမ့်မည်ဟုလည်း တွေးမိကြသည်။

လင်ချမ်းကျိုးကလည်း တင်းမာစွာ ဝင်ပြောသည်။

"ကဲ... မင်းတို့သုံးယောက်စလုံး ဘာငြင်းဦးမလဲ၊ မနေ့က မင်းတို့တွေ ဒီစကားမျိုးကို မပြောခဲ့ကြပါဘူးလို့ ငြင်းဦးမလား"

အုပ်ချုပ်ရေးမှူးကြီးထံ ကိုယ်တိုင် ကြားသွားမှတော့ သူတို့



တွေ ငြင်းနေလို့လဲ လေကုန်ရုံပဲ ရှိလိမ့်မည်ဟု တွေးမိကြ၏။

အုပ်ချုပ်ရေးမှူးကြီးထံသည် လင်ချမ်းကျိုး၏ လူယုံစစ်စစ် ကြီးဖြစ်၏။

သူတို့တတွေ အမှန်တကယ် မပြောခဲ့ကြသည့်တိုင်အောင် အုပ်ချုပ်ရေးမှူးကြီးထံက ဤသို့ဤပုံ ပြောခဲ့ပါသည်ဟု လီဆယ်တိုင် ကြားလျှင်ပင် လင်ချမ်းကျိုးသည် ယုံကြည်ပေလိမ့်မည်။

ဖန်တို့သုံးယောက်စလုံး ခေါင်းငိုက်စိုက် ကျသွားကြသည်။

လင်ချမ်းကျိုးကို ဘာပြန်ပြောရမှန်းလည်း မသိကြတော့။

လင်ချမ်းကျိုးထံမှ အေးစက်စက်လေသံသာ ဆက်၍ ပေါ် ထွက်လာသည်။

"မင်းတို့သုံးယောက်စလုံး ငါ့ကိုကြည့်ကြစမ်း"

ဖန်းတို့သုံးယောက်စလုံး ခေါင်းပြန်မော့လိုက်ကြရပြန် သည်။

သူတို့သုံးယောက်စလုံး အခြေအနေ ဆိုးဆိုးရွားရွားနှင့် ကြုံ တွေ့ရတော့မည်ဖြစ်ကြောင်းလည်း တွေးမိကြကာ တုန်လှုပ်ချောက် ချားလျက် ရှိနေကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

## သေမင်းခံတွင်းဆီသို့

လင်ချမ်းကျိုးက စွေကို စေ့စေ့ကြည့်ပြီး မေးမြန်းသည်။

"ငါမေးတာကို မှန်မှန်ဖြေစမ်းစေ၊ ငါမေးတာကို မှန်မှန်ဖြေ ရင်တော့ မင်းတို့သုံးယောက်စလုံး သက်သာမယ်"

"မေး... မေးပါ ဂိုဏ်းချုပ်ကြီး"

"ချန်ဂူးဝမ်းကို ငါက နှိပ်စက်နေတဲ့အကြောင်းကို စံ တော်မှာရှိတဲ့ မင်းမိတ်ဆွေတစ်ယောက်ပြောပြလို့ မင်း ကြားရတာ နော်"

"ဟုတ်... ဟုတ်ပါတယ်"

"အဲဒီ မင်းမိတ်ဆွေဆိုတာ ဘယ်သူလဲ"

စွေသည် ဖြေရခက်နေသဖြင့် ငြိမ်နေသည်။ လင်ချမ်းကျိုး



က တင်းမာစွာ ဆက်မေးသည်။

"ဟော့ကောင် ငါမေးတာကို ဖြေလေ"

"သူ... သူ့အပြစ် ဖြစ်မှာစိုးလို့ပါ ဂိုဏ်းချုပ်ကြီး"

"ဒါကတော့ မင်းတို့အပေါ်မှာ မူတည်တယ်စွေ၊ မင်းတို့ ကော မင်းမိတ်ဆွေပါ အပြစ်မမြင်ချင်ရင်တော့ အပြစ်မဖြစ်အောင် မင်းတို့တွေလုပ်လို့ ရပါသေးတယ်၊ နည်းလည်းရှိပါသေးတယ်"

"ဘယ်လိုနည်းလမ်းများလဲ ဂိုဏ်းချုပ်ကြီး"

"ငါ မေးတာကိုသာ အလျှင်ဖြေစမ်းပါဦးလေ၊ ငါ့အနေနဲ့ မင်း တို့ကို ညှဉ်းပန်းနှိပ်စက်ပြီး မမေးချင်လို့ ကောင်းကောင်းမွန်မွန် မေးနေတာပါ။ ငါ့မှာ လူတစ်ယောက်ရဲ့ပါးစပ်ကို ပွင့်လာအောင် လုပ် နိုင်တဲ့နည်းလမ်းတွေ ဘယ်လောက်ရှိနေတယ်ဆိုတာ မင်းတို့လဲ သိ ပါတယ်"

"ဟုတ်... ဟုတ်ကဲ့၊ ကျွန်တော် ဖြေပါ့မယ် ဂိုဏ်းချုပ်ကြီး"

"အေး... ဒီလိုမှပေါ့ကွာ၊ ကဲ... ပြောစမ်း၊ မင်းကို ဒီသတင်း ပေးလိုက်တဲ့ မင်းမိတ်ဆွေဆိုတာ ဘယ်သူလဲ"

"ဝဝစား ထိုးဝိကျင်းပါ"

လင်ချမ်းကျိုး မျက်မှောင်ကြုတ်သွားပြီးမှ ခေါင်းတဆတ် ဆတ် ညိတ်လိုက်ပြီး...

"သြော်... ဝိကျင်းကိုး၊ ချန်ဂူးဝမ်းကို ငါက ဘယ်ပုံဘယ်နည်း

www.burmeseclassic.com

www.burmeseclassic.com



နှိပ်စက်ညှဉ်းပန်းနေတယ်ဆိုတာကော မင်းတို့ကို ပြောမပြဘူးလား

"ဒါတော့ ပြောမပြပါဘူး ဂိုဏ်းချုပ်ကြီး"

"မင်းတို့ကကော ချန်ဂူးဝမ်းကို နှိပ်စက်ညှဉ်းပန်းနေတယ် ဆိုတာ ယုံကြသလား"

စေ့ကပင် ပြန်ပြောသည်။

"ကျွန်တော်တို့အနေနဲ့ မယုံချင်ပါဘူး ဂိုဏ်းချုပ်ကြီး၊ ဒါ မယ့် ပိကျင်းအကြောင်း ကျွန်တော် ကောင်းကောင်းသိပါတယ်၊ ကျွန် တော် သိသလောက်တော့ ပိကျင်းဟာ သူတစ်သက်နဲ့တစ်ကိုယ် တ ခါမှ လိမ်ပြောဖူးတယ်လို့ ကျွန်တော်မတွေ့ရ မကြားရသေးပါဘူး ဒီတော့ မယုံလို့လဲ မဖြစ်ပါဘူး"

"ကဲကွာ... းပါတော့၊ ပိကျင်းပြောသလို ငါဟာ ချန်ဂူး ဝမ်းကို ညှဉ်းပန်းနှိပ်စက်နေတယ်ပဲ ထားပါတော့၊ ဒါဆိုရင် မင်းတို့ ဘာလုပ်ကြမလဲ"

ယခုမေးခွန်း တော့ စေ့သည် ပြန်ဖြေရခက်နေသဖြင့် မ ဖြေဘဲ နှုတ်ဆိတ်နေမိသည်။

ဖန်းနှင့်ချီတို့ကလည်း မဖြေချေ။ သူတို့ ရင်ထဲတွင်တော့ ဘာလုပ်သင့်သည်ကို သိထားကြ၏။

လင်ချမ်းကျုံးက မဲ့ပြုံးပြုံးလိုက်ပြီး....

"မင်းတို့သုံးယောက်စလုံး ဖြေဖို့ခက်နေကြတယ် မဟုတ်လား၊ မင်းတို့မဖြေလဲ မင်းတို့ ဘယ်လိုလုပ်ကြမယ်ဆိုတာ ငါသိထားပြီးပါပြီ၊ ချန်ဂူးဝမ်းကို ငါ ဘယ်ပုံဘယ်နည်းနဲ့ နှိပ်စက်နေတယ်ဆိုတာ သက်သေအထောက်အထားနဲ့ မင်းတို့သိကြရင် နယ်စားကြီးဆီကို သတင်းကြောင်းကြားမယ် မဟုတ်လား၊ ဟား... ဟား... ဟား... တော် တော်လဲ အကြံကြီးတဲ့ကောင်တွေပဲ"



ဖန်းတို့ သုံးယောက်စလုံး ဘာမှပြန်မပြောဘဲ ခေါင်းငိုက် စိုက်ဖြစ်နေကြပြန်သည်။

သို့သော် သူတို့၏ မျက်နှာများမှာ စောစောကလောက် စိတ်လန့်စိုးရိမ်ခြင်း မရှိကြတော့ဘဲ ခံပြင်းစိတ်ကြောင့် အနည်းငယ် တင်းမာနေကြသည်။

လင်ချမ်းကျုံး၏ စကားအသွားအလာကိုကြည့်၍ သူတို့ ကြားသိထားရသော သတင်းစကားမှာ မှန်နေပြီဖြစ်ကြောင်း တွေးမိ သောကြောင့် ဖြစ်လေသည်။

လင်ချမ်းကျုံးက လေသံကို အနည်းငယ်ဖျော့ပြီး ဆက်ပြော သည်။

"မင်းတို့သုံးယောက်ဟာ အမြဲတမ်း တတွဲတွဲ နေကြတဲ့သူ တွေ၊ ပြီးတော့ မင်းတို့သုံးယောက်စလုံး သိုင်းပညာထက်မြက်ကြ တဲ့သူတွေ၊ ဉာဏ်အမြော်အမြင်နဲ့လဲ ပြည့်စုံကြတဲ့သူတွေ၊ မင်းတို့ကို အပြစ်မပေးချင်ဘူး၊ မင်းတို့တွေကို ငါ ဆက်ပြီး အသုံးချချင်တယ်၊ မင်းတို့ ငါ့ဆီမှာ သစ္စာခံကြမလား"

www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ခါတော့ ဖန်းက ပြန်ပြောသည်။

"ကျွန်တော်တို့ဟာ ငွေဖျိုင်းဖြူဂိုဏ်းဝင်တွေပါ ဂိုဏ်းချုပ် ကြီး၊ ငွေဖျိုင်းဖြူဂိုဏ်းအပေါ်မှာ သစ္စာထားခဲ့ကြပါတယ်၊ အခု ငွေ ဖျိုင်းဖြူဂိုဏ်းကြီးရဲ့အကြီးအကဲဖြစ်နေတဲ့ ဂိုဏ်းချုပ်ကြီးအပေါ်မှာလဲ သစ္စာထားကြရမယ်ဆိုတာ ကျွန်တော်တို့သုံးယောက်စလုံး သဘော ပေါက်နားလည်ထားကြပါတယ်"

"ဟား... ဟား... ဟား... ဒါဆိုရင် ပြီးတာပဲပေါ့ကွာ"

"တစ်ခုတော့ ရှိပါတယ် ဂိုဏ်းချုပ်ကြီး"

"ဟေ.. ဘာတစ်ခုလဲကွ"

"ကျွန်တော်တို့ သုံးယောက်စလုံးရဲ့အပေါ်မှာ ကွယ်လွန် သွားတဲ့ ဂိုဏ်းချုပ်ကြီးချန်ရဲ့ကျေးဇူးတွေဆပ်လို့ မကုန်အောင်ရှိနေ ပါတယ်၊ ကျွန်တော်တို့အနေနဲ့ ဂိုဏ်းချုပ်ကြီးချန်အပေါ် ဦးဆုံးသစ္စာ ထားခဲ့ကြသူတွေပါ၊ သူ မကွယ်လွန်ကလေးတင် သူမရှိတဲ့နောက်မှာ တစ်ကောင်ကြွက်ကျန်ခဲ့တော့မယ့် သူ့သားကလေးကို ကျွန်တော်တို့ သုံးယောက်က အတတ်နိုင်ဆုံး စောင့်ရှောက်ဖို့ အထပ်ထပ်မှာကြား သွားပါတယ်၊ ကျွန်တော်တို့သုံးယောက်လဲ ချန်ဂူးဝမ်းကလေးကို စောင့်ရှောက်ပါ့မယ်လို့ ကတိပေးခဲ့မိကြပါတယ်"

ဖန်းက စကားရပ်လိုက်စဉ် ချီက ဆက်ပြောသည်။

"ကျွန်တော်တို့သုံးယောက်ကို ငွေဖျိုင်းဖြူဂိုဏ်းကြီး တိုး တက်ရေး တိုးတက်ကြောင်းအတွက် ဂိုဏ်းချုပ်ကြီးအနေနဲ့ ဘာခိုင်



း အသက်စွန့်ပြီးလုပ်ဖို့ ဝန်မလေးကြပါဘူး၊ ဒါပေမယ့် ကွယ်လွန် ပြီဖြစ်တဲ့ ဂိုဏ်းချုပ်ကြီးချန်ကို ကျွန်တော်တို့ဟာ ကတိပေးထား လေတော့ ဒီကတိစကားအတိုင်း တည်အောင်ဆောင်ရွက်ကြမှ ပါလိမ့်မယ်"

စေ့ကလည်း ဝင်ပြောသည်။

"ကျွန်တော်တို့အနေနဲ့ အတတ်နိုင်ဆုံး ချန်ဂူးဝမ်းကလေးရဲ့ ကျေးစီးပွား၊ အသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ကြရပါ မယ်၊ ဂိုဏ်းချုပ်ကြီးအနေနဲ့ ချန်ဂူးဝမ်းကလေးကို နှိပ်စက်ညှဉ်း ခြင်းမပြုပါဘူးလို့ ကတိပေးရင် ကျွန်တော်တို့သုံးယောက်စလုံး ဏ်းချုပ်ကြီးဆီမှာ သစ္စာခံဖို့ ဝန်မလေးကြပါဘူး"

"တော်စမ်းကွာ"

ဒေါသတကြီး အော်ဟစ်လိုက်သော လင်ချမ်းကျိုး၏အသံ ဟိန်းထွက်လာသည်။

သူသည် ဖန်တို့သုံးယောက်၏ စကားများကို အလိုမကျ သာမျက်နှာဖြင့် နားထောင်နေရာမှ မည်သို့မျှ ဆက်လက်နား ထောင်နိုင်စွမ်း မရှိတော့သဖြင့် အော်ဟစ်လိုက်ခြင်းဖြစ်လေသည်။

လင်ချမ်းကျိုးက ဒေါသတကြီးဖြင့်ပင် ဆက်ပြောသည်။

"ငါလိုလူမျိုးကပဲ မင်းတို့ကို ကတိတွေ ဝန်ခံချက်တွေပေးရ မှာလား၊ တော်တော်လဲ တရားကျဖို့ကောင်းတဲ့ကောင်တွေ၊ မင်း

www.burmeseclassic.com

www.burmeseclassic.com



တို့သုံးယောက်စလုံး အရည်အချင်းရှိတဲ့ ကောင်တွေမို့လို့ ငါက ဒီလိုအခွင့်အရေးပေးနေတာ”

သူသည် လေသံကိုလျှော့ချလိုက်ပြီး....

“ငါဟာ အခု ငွေဖျိုင်းဖြူဂိုဏ်းရဲ့ ယာယီဂိုဏ်းချုပ်ကြီးပဲ ဖြစ်သေးတယ်၊ ဒီတော့ ရာသက်ပန်ဂိုဏ်းချုပ်ကြီးဖြစ်အောင် ကြိုးစားရမှာပဲ၊ ဘယ်နည်းနဲ့ပဲ ကြိုးစားကြိုးစား၊ ကြိုးစားပေမယ့် ဘယ်လိုအနှောင့်အယှက်မျိုးပဲတွေ့တွေ့ ရင်ဆိုင်ဖြေရှင်းမယ်၊ တွေ့လာတဲ့ အနှောင့်အယှက်တွေကိုလဲ ဖယ်ရှားမယ်၊ ငါ့ရဲ့ရည်ရွယ်ချက်ကိုတော့ အထိပါးမခံဘူး။ ငါ ရှင်းရှင်းပဲပြောမယ်၊ ချန်ဂူးဝမ်းကို ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် ဘယ်တော့မှ ငါ မလွှဲအပ်နိုင်ဘူး၊ မလွှဲအပ်ဖြစ်တဲ့ နည်းလမ်းတွေ မှန်သမျှလဲ ဘယ်လိုပဲ မတရား မတရား ငါသုံးမှာပဲ၊ ခုဆို ဒီကောင်လေးဟာ ငါ့လက်ခုပ်ထဲက ရေဖြစ်နေပြီ၊ ငါကြိုက်သလို ပုံသွင်းလို့ရတယ်၊ ဒီတော့ သူ့အသက် ဆယ့်ရှစ်နှစ်ပြည့်မကလို့ အဘိုးကြီးဖြစ်သွားတာတောင် ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးဖြစ်မှာ မဟုတ်ဘူး၊ ငါပဲ ရာသက်ပန် ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီး ဖြစ်မယ်၊ ငါ့ရဲ့သားစဉ်မြေးဆက်တွေပဲ ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးတွေ ဖြစ်ကြရမယ်”

လင်ချမ်းကျုံးသည် စကားဖြတ်လိုက်ပြီး ဖန်းတို့သုံးယောက်စလုံး၏မျက်နှာများကို အကဲခတ်ကြည့်သည်။



ဖန်းတို့သုံးယောက်စလုံး၏ မျက်နှာများမှာ အလိုမကျဟန်ဖြင့် သုန်မှုန်တင်းမာနေကြသည်။

လင်ချမ်းကျုံးက လေသံကို လျှော့လိုက်ပြီး ခပ်အေးအေးပင်ဆက်ပြောသည်။

“မင်းတို့သုံးယောက်သာ ငါ့ဆီမှာ သစ္စာခံမယ်ဆိုရင် မင်းတို့ကို ချီးမြှင့်မြှောက်စားမယ်၊ အေး... ဒါမှမဟုတ်ရင်တော့ မင်းတို့သုံးယောက်စလုံးကို ငါ မညှာနိုင်ဘူး”

ဖန်းက ခံပြင်းစိတ်ဖြင့် လေသံမာမာ ပြန်ပြောသည်။

“ခင်ဗျားမှာ ဒီလိုယုတ်မာတဲ့အကြံအစည်မျိုး ရှိနေမှတော့ ခင်ဗျားလို လူမျိုးဆီမှာ ဘယ်တော့မှ သစ္စာမခံဘူး၊ ခင်ဗျားလိုလူမျိုးဆီမှာ သစ္စာခံတာထက် သေရတာကမှ မြတ်ဦးမယ်”

စော့ကလည်း တင်းမာစွာ ဝင်ပြောသည်။

“ကျုပ်တို့ အသက်ရှင်နေသရွေ့တော့ သခင်လေးချန်ဂူးဝမ်းရဲ့အကျိုးစီးပွား၊ အသက်အန္တရာယ်လုံခြုံရေးကို အစွမ်းကုန်ကာကွယ်ရမှာပဲ၊ သခင်လေး ချန်ဂူးဝမ်းကလွဲလို့ ဘယ်သူ့ပေါ်အပေါ်မှ သစ္စာမထားနိုင်ဘူး”

ချိုကလည်း ဝင်ပြောသည်။

“ငွေဖျိုင်းဖြူဂိုဏ်းထဲမှ သခင်လေးချန်အပေါ် သစ္စာထားမယ့်ဂိုဏ်းသားတွေ အများကြီးရှိတယ်၊ သခင်လေးချန်ကို ခင်ဗျားနှိပ်စက်ညှဉ်းပန်းနေတဲ့အကြောင်း သူတို့သိအောင်ဖွင့်ချလိုက်ရင် ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



ရဲ့အခြေအနေဟာ အများကြီးဆိုးရွားသွား....”

“ဗိုး....”

“အင့်....”

“အ....”

“အွန့်....”

ချိုသည် စကားဆုံးအောင်ပင် မပြောလိုက်ရချေ။

လင်ချမ်းကျူး၏ခန္ဓာကိုယ်ယံကြီးက သူတို့ရှေ့သို့ ဗိုးခနဲ ရောက်လာသည်။

တစ်ဆက်တည်းပင် သူ၏လက်နှစ်ဖက်က ဖန်းတို့သုံး ယောက်၏ အကြောတစ်နေရာဆီကို ထောက်လိုက်သည်။

သွက်လက်မြန်ဆန်လှ သော လင်ချမ်းကျူး၏လှုပ်ရှားမှုကို ဖန်းတို့သုံးယောက်စလုံး မရှောင်တိမ်းနိုင်ကြချေ။

အကြောပိတ်ခံရပြီးမှ သူတို့သုံးယောက်စလုံး နောက်ကိုခြေ သုံးလေးလှမ်းစာ ယိမ်းယိုင်သွားကြသည်။

သူတို့သုံးယောက်စလုံး ဤသို့ အကြောပိတ်ခံလိုက်ရခြင်း ကြောင့် စကားမပြောနိုင်ကြချေ။

လင်ချမ်းကျူးက ဆွံ့အကြောကိုထိုးလိုက်ခြင်း ဖြစ်လေ သည်။

ခြေလက်များကမူ လှုပ်ရှားနိုင်သည်။ သို့သော် လက်ပြန် ကြိုးတုပ်ခံထားရသဖြင့် လက်များကတော့ မလှုပ်နိုင်ချေ။ ခြေနှစ်



ဖက်သော လှုပ်ရှားနိုင်သည်။

လင်ချမ်းကျူးသည် ဖန်းတို့သုံးယောက်ကို ခံပြင်းဒေါသစိတ် ဖြင့် စူးစူးရှားရှားကြည့်၍ ပြောသည်။

“မင်းတို့ကိုယ်တိုင်က သေလမ်းကိုပဲ သွားချင်နေမှတော့ ငါကလဲ သေလမ်းကိုပဲ ပို့ပေးရတော့မှာပေါ့”

ထိုစဉ် ဖန်းတို့သုံးယောက်စလုံး ပြိုင်တူလိုလို လှုပ်ရှားလိုက် ကြသည်။

သူတို့သည် လင်ချမ်းကျူးထံ ခုန်ဝင်ကြပြီး ခြေများဖြင့် တိုက်ခိုက်ကြသည်။

သူတို့၏ခြေများက လင်ချမ်းကျူး၏ ခန္ဓာကိုယ်အနှံ့သို့ အ ရှိန်ပြင်းစွာ ဝင်လာကြသည်။

လင်ချမ်းကျူးကမူ အနည်းငယ်မျှ မျက်နှာပျက်သွားခြင်း ရှိချေ။

နောက်ကိုလည်း ခြေတစ်လှမ်းမှ မဆုတ်ချေ။ ဖန်းတို့သုံး ယောက်၏ခြေထောက်များကို သူ၏လက်နှစ်ဖက်နှင့်သာ ရိုက်ဖယ် ထုတ်သည်။

အရှိန်ပြင်းလှသော သူ၏လက်ဝါးရိုက်ချက်ကြောင့် ဖန်းတို့ သုံးယောက်၏တိုက်ချက်မှာ မထိရောက်ဘဲ ကစဉ့်ကလျား ဖြစ်ကုန် သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်နှစ်ဖက်က ဖန်းတို့သုံးယောက်စလုံး၏ မျက်နှာရင်ဘတ်များဆီကို အရှိန်ပြင်းစွာ ဆက်၍ ရိုက်မိသွားတော့သည်။

"ဖြန်း....."

"ဖန်း....."

"ဖြန်း....."

ဖန်းတို့သုံးယောက်စလုံး ဖရိုဖရဲလဲကျကုန်သည်။

သူတို့သုံး ယောက်ပြန်မထနိုင်ခင်မှာပင် လင်ချမ်းကျူးက လက်ခုပ်သုံးချက် တီးလိုက်သည်။

"ဖြောင်း... ဖြောင်း... ဖြောင်း"

စောစောက အခန်းထဲမှထွက်ခွာသွားသော ဂိုဏ်းသားခြောက်ယောက် ခပ်သွက်သွက်ဝင်လာကြပြီး ဖန်းတို့သုံးယောက်ကို ချုပ်ကိုင်ထားလိုက်ကြ၏။

လင်ချမ်းကျူးက အုပ်ချုပ်ရေးမှူးကြီးထံကို အမိန့်ပေးလေသည်။

"ထုံဟူလူ... ဒီကောင်သုံးကောင်ကို သေမင်းခံတွင်းဆီခေါ်သွား၊ အားလပ်နေတဲ့ဂိုဏ်းသားတွေ အားလုံးကိုပါ ခေါ်သွား၊ ကျုပ်လိုက်ခဲ့မယ်"

"ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး"

အုပ်ချုပ်ရေးမှူးကြီးထံသည် သီးသန့်ခန်းထဲမှ ရှေ့ဆုံးက



ထွက်သွားသည်။

သူ့နောက်မှ ဖန်းတို့သုံးယောက်ကို ဖမ်းချုပ်ကိုင်ထားသော ဂိုဏ်းသားခြောက်ယောက်က ထက်ကြပ်မကွာ လိုက်ပါသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

## သေမည့်လူနှင့်အတူ

သေမင်းခံတွင်းဆိုသည်မှာ နက်ရှိုင်းသော ချောက်ကမ်းပါး ကြီးကို ခေါ်ဝေါ်ခြင်းသာဖြစ်၏။

ချောက်ကြီးမှာ မတ်စောက်မြင့်မား လွန်းသည်။

အပေါ်စီးမှ ငုံ့ကြည့်မည်ဆိုလျှင် ချောက်အောက်ခြေတွင် ကျယ်ဝန်းသောစမ်းချောင်းတစ်ချောင်းကို ခပ်ရေးရေး မြင်နိုင်သေး သည်။

ယခုအခါ ချောက်ကမ်းပါးကြီးထိပ်တွင် လူအများရောက်ရှိ နေကြသည်။

လူများအားလုံးပင် ငွေဖျိုင်းဖြူဂိုဏ်းဝင်များပင် ဖြစ်ကြသေး သည်။



ချောက်ကမ်းပါးအစပ်တွင် လက်ပြန်ကြိုးတုပ်ခံထားရသော ဖန်း၊ ဇွေနှင့်ချိုတို့သုံးယောက် ရှိနေကြ၏။

သူတို့သုံးယောက်ကို ဂိုဏ်းသားခြောက်ယောက်က ဖမ်းချုပ်ထားကြသေးသည်။

သူတို့နှင့် မလှမ်းမကမ်းရှိ ကျောက်တုံးကြီးပေါ်တွင် ယာယီဂိုဏ်းချုပ်ကြီး လင်ချမ်းကျုံးရပ်နေသည်။

ကျောက်တုံးကြီးအောက်ခြေတွင် အုပ်ချုပ်ရေးမှူးကြီး ထုံဟူလူး ရပ်နေသည်။

သူတို့ရှေ့တွင်မူ ဌာနချုပ်တွင်ရှိသော ငွေဖျိုင်းဖြူဂိုဏ်းဝင်အားလုံးလိုလို ရှိနေကြသည်။

များသောအားဖြင့် သူတို့၏ မျက်နှာများသည် မကောင်းကြချေ။ အချို့က ဖန်းတို့သုံးယောက်ကိုကြည့်၍ သနားနေကြ၏။

အချို့ကလည်း စိုးရိမ်ထိတ်လန့်ခြင်း ဖြစ်နေကြ၏။

ချောက်ကမ်းပါးအောက်ခြေမှ လိုက်ပြီး တိုက်လာသောလေက သူတို့ကိုတိုးဝှေ့ဖြတ်သန်းသွားသဖြင့် သူတို့၏ဆံပင်နှင့် အဝတ်များ မှာ လူးလွန့်လှုပ်ရှားနေသည်။

လေတိုးသံမှာ တဟူးဟူးနှင့် ပေါ်ထွက်နေသည်။

လင်ချမ်းကျုံးသည် ဖန်းတို့သုံးယောက်ဘက်ကို လက်ညှိုး တထိုးထိုးဖြင့် သူ့ဂိုဏ်းဝင်များကို စကားပြောနေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်သုံးကောင်စလုံး တို့ရဲ့ ငွေဖျိုင်းဖြူဂိုဏ်းအပေါ် ပြီးတော့ ငွေဖျိုင်းဖြူဂိုဏ်းရဲ့ဦးစီးဦးဆောင်ဖြစ်တဲ့ ငါ့အပေါ်မှာ သစ္စာဖောက်ဖို့ ကြိုးစားကြံစည်ကြတယ်၊ ငါ့အပေါ်သစ္စာဖောက်တဲ့သူမှန်သမျှ အခု သူတို့သွားမယ့်လမ်းမျိုးကို သွားကြရမှာပဲ၊ မင်းတို့တွေထဲက သစ္စာဖောက်ရဲတဲ့သူရှိရင်လဲ ဖောက်ကြ၊ ငါကတော့ ဘယ်သူ့မှ မညှာနိုင်ဘူး၊ ပြတ်ပြတ်သားသား ရက်ရက်စက်စက် အပြစ်ပေးရမှာပဲ၊ ငါပြောတာကို နားထောင်၊ ငါခိုင်းတာကိုလုပ်၊ မင်းတို့အားလုံးရဲ့အရှင်သခင်ဟာ ငါပဲဆိုတာ မင်းတို့ နားလည်ထားရမယ်၊ ဒီလိုနားလည်ထားမယ်ဆိုရင်တော့ မင်းတို့ကို ငါ အစွမ်းကုန် ချီးမြှင့်မြှောက်စားမယ်၊ အရင်ဂိုဏ်းချုပ်ကြီး ချုန်စီးလင်းလက်ထက်က ထောက်ပံ့တဲ့ငွေကြေးထက် သုံးဆပိုပြီးပေးမယ်၊ အေး... ဒါမှမြင့်တယ်ထင်လို့ ခုန်ချရင်တော့ မင်းတို့ထိုက်နဲ့ မင်းတို့ကံပဲ"

လင်ချမ်းကျိုးသည် စကားဖြတ်လိုက်ပြီး သူ့စကားကို နားထောင်နေသောဂိုဏ်းဝင်များကို ခဏမျှအံကဲခတ်ကြည့်သည်။

အားလုံးစိုးရွံ့ထိတ်လန့်သောမျက်နှာများဖြင့် ငြိမ်ပြီးနားထောင်နေကြသည်။

လင်ချမ်းကျိုးက အုပ်ချုပ်ရေးမှူးကြီးထုံကို အမိန့်ပေးလိုက်၏။

"ကိုင်း... အုပ်ချုပ်ရေးမှူးကြီးထုံ၊ ဟိုကောင် သုံးကောင်ကို



တစ်ယောက်ပြီးတစ်ယောက် ငရဲပြည်ကို ပို့လိုက်ပေတော့"

"ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး"

ဖန်းတို့သုံးယောက်ရှိရာသို့ အုပ်ချုပ်ရေးမှူးကြီး ထုံဟူလူး လျှောက်လာသည်။

ဖန်းတို့သုံးယောက်နှင့် ဆယ်ပေခန့် အကွာအဝေးတွင် ရပ်သည်။

ဖန်း၊ စေ့နှင့်ချိတို့သည် သူတို့သေဆုံးရမည့်အချိန်မှာ အနီးကပ်ဆုံးသို့ ရောက်လာပြီဖြစ်ကြောင်း သိကြသော်လည်း စိုးရွံ့ကြောက်လန့်ခြင်းအသွင်ကို မပြကြချေ။

သူတို့၏မျက်နှာများမှာ တင်းမာခက်ထန်နေကြသည်။

အုပ်ချုပ်ရေးမှူးကြီးလင်သည် သူတို့သုံးယောက်ကို လှောင်ပြုံးပြုံး၍ ကြည့်လိုက်ပြီး ခပ်ထေ့ထေ့ ပြောသည်။

"မင်းတို့တွေ နားနားနေနေ အိပ်ချင်ကြတယ်ဆိုလို့ အခုတော့ ဘယ်တော့မှ ပြန်မနိုးတော့ဘဲ အိပ်ခြင်းမျိုးနဲ့အိပ်ကြရမယ့်နေရာကို သွားကြရတော့မယ်၊ ကဲ... ဘယ်သူက စပြီးသွားမလဲ၊ သြော်... ငါ မေ့သွားလို့ မင်းတို့မှ စကားမပြောနိုင်ကြတာပဲ၊ ဒီတော့ ငါကပဲ ဆောင်သွားရမယ့်သူနဲ့ နောက်ဆုံးသွားရမယ့်သူကို ခွဲပေးပါ့မယ်၊ ... ဇေ့ မင်းက ဒီပြဿနာကိုစတဲ့လူဆိုတော့ မင်းပဲစပြီး သွားပေတော့"

စကားအဆုံးတွင် အုပ်ချုပ်ရေးမှူးကြီးထုံသည် ဇေ့ကို လက်

www.burmeseclassic.com

www.burmeseclassic.com



ညှိုးထိုးပြလိုက်၏။

စေ့ကိုဖမ်းချုပ်ထားသော ဂိုဏ်းသားနှစ်ယောက်သ
ချောက်ကမ်းပါးအစပ်ရောက်အောင် စေ့ကိုဆွဲခေါ်သွားကြသည်

စေ့က အံတင်းတင်းကြိတ်ပြီး မရုန်းကန်ဘဲ လိုက်သွ
သည်။

ဂိုဏ်းသားအများစုမှာ ရင်တထိတ်ထိတ်ဖြင့် ကြည့်နေ
သည်။ စိတ်မချမ်းမမြေ့ ဖြစ်နေကြသည်။

စေ့ကို ဖမ်းခေါ်သွားသော ဂိုဏ်းသားနှစ်ယောက်သ
ချောက်ကမ်းပါးအစပ်နှင့်သုံးပေခန့်အကွာသို့အရောက် ရပ်လိုက်
ပြီး အုပ်ချုပ်ရေးမှူးကြီးထံကို ပြန်လည်ကြည့်သည်။

အုပ်ချုပ်ရေးမှူးကြီးထံက ခေါင်းတစ်ချက်ညိတ်၍ အချ
ပေးလိုက်သည်။

ဂိုဏ်းသားနှစ်ယောက်သည် စေ့၏ခြေထောက်နှင့် လ
မောင်းကိုခဖျတ်ခနဲ ဆွဲကိုင်၍ မြှောက်လိုက်ကြ၏။

ပြီးနောက် လက်ကိုလွှဲကာ ချောက်ကမ်းပါးကြီးထဲသို့
ချလိုက်ကြ၏။

ဖန်းနှင့်ချိုတို့နှစ်ယောက်စလုံး စေ့အဖြစ်ကို မကြည့်ရက
ဖြင့် မျက်နှာလွှဲလိုက်ကြသည်။

အခြားဂိုဏ်းသားများထံမှလည်း 'ဟင်'ခနဲ 'ဟာ'ခနဲ ညည
တွားသံများ ပေါ်ထွက်လာသည်။



စေ့ကား နက်ရှိုင်းလှသော ချောက်ကမ်းပါးကြီးထဲသို့ တစ်
ရှိန်ထိုး ကျဆင်းသွားလေပြီ။

"ဟား... ဟား... ဟား... ဟား..."

လင်ချမ်းကျူးကမူ အားပါးတရ ရယ်မောလိုက်သည်။ သူ
၏ ရယ်မောသံကြီးက ဖွဲတင်ထပ်သွားသည်။

အုပ်ချုပ်ရေးမှူးကြီးထံက ဒုတိယအသတ်ခံရမည့်ချိုထံသို့
လက်ညှိုးညွှန်ပြလိုက်၏။

ချိုကိုချုပ်ကိုင်ထားကြသော ဂိုဏ်းသားနှစ်ဦးက ချောက်
ကမ်းပါးအစပ်သို့ ဆွဲခေါ်သွားကြပြန်သည်။

ထိုစဉ် ချိုသည် ဖျတ်ကနဲ ရုန်းထွက်လိုက်၏။

ဂိုဏ်းသားနှစ်ဦး၏ချုပ်ကိုင်ထားခြင်းမှ ချိုလွတ်သွားသည်။

ချိုသည် ဂိုဏ်းသားနှစ်ဦးကို တိုက်ခိုက်ခြင်းမပြုဘဲ လင်ချမ်း
ကျူးထံသို့ တစ်ရှိန်းထိုး ပြေးသွားသည်။

လင်ချမ်းကျူး ရပ်နေသော ကျောက်တုံးကြီးပေါ်သို့ ခုန်
တက်သည်။

ဂိုဏ်းသားတွေ အားလုံးအံ့သြတကြီး ဖြစ်ကုန်သည်။ ရုတ်
ရုတ်သဲသဲ ဖြစ်ကုန်သည်။

လင်ချမ်းကျူးက စိုးရိမ်တုန်လှုပ်ခြင်း မရှိချေ။ လက်ပြင်ကြီး
တုပ်ခံထားရသော ချိုကျောက်တုံးပေါ် ခုန် တက်လာခြင်းကို မမှုချေ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အပေါ်သို့မြောက်တက်လာသော ချို၏ဦးခေါင်း...
သာ လက်ဝါးနှင့်ရိုက်ချလိုက်၏။

ဘန်းကနဲမြည်သံနှင့်အတူ ကျောက်စားကြီးအောက်ခြေ...
ချို ဝုန်းခနဲ ပြန်ကျသွားသည်။

ခေါင်းမှ သွေးများလည်း ဖြာစီးကျလာသည်။ သူသည် အ...
တိမ့မသွားသော်လည်း လုံးလုံး မလှုပ်ရှားနိုင်တော့ချေ။

စောစောက ချိုကို ဖမ်းချုပ်ကိုင်ထားသော ဂိုဏ်းသားနှစ်...
ယောက်ရောက်လာပြီး ချုပ်ကိုင်လိုက်ကြ၏။

"ပစ်ချလိုက်"

လင်ချမ်းကျူးက အမိန့်ပေးသည်နှင့် ဂိုဏ်းသားနှစ်ယောက်
သည် ချိုကိုမယူပြီး ချောက်နှုတ်ခမ်းဆီ ပြေးသွားကြသည်။

ထို့နောက် တုံ့ဆိုင်းမနေကြတော့ဘဲ ချောက်ထဲသို့ ပစ်ချ...
လိုက်ကြတော့၏။

အုပ်ချုပ်ရေးမှူးကြီးထုံ၏လက်ညှိုးက နောက်ဆုံး ကျန်နေ...
သောဖန်းကို ထိုးလိုက်ပြန်သည်။

ဖန်းကိုချုပ်ကိုင်ထားသော ဂိုဏ်းသားနှစ်ယောက် ချောက်
နှုတ်ခမ်းဆီ ဆွဲခေါ်သွားကြပြန်သည်။

ဖန်းက ရုန်းကန်ခြင်းမရှိဘဲ အေးအေးဆေးဆေးပင် လိုက်
သွားသည်။



ချောက်နှုတ်ခမ်းနှင့်သုံးပေခန့်အကွာအဝေးသို့ အရောက်
...င် ဖန်းသည် ဖျတ်ခနဲ လှုပ်ရှားလိုက်သည်။

သူသည် ကိုယ်ကို ဆတ်ခနဲ တစ်ပတ်လှည့်လိုက်ပြီး သူ့ကို
...မ်းချုပ်ထားသောဂိုဏ်းသားနှစ်ယောက်စလုံး၏ မျက်နှာကို ခြေ
...ားဖြင့် ပစ်ခတ်လိုက်ခြင်းဖြစ်သည်။

သူ့ခြေဖျားခတ်ချက်ကို ဂိုဏ်းသားနှစ်ယောက်စလုံး ထိထိ
...မိ ခံလိုက်ကြရ၏။

"အား....."

"အွန့်....."

ပြင်းထန်လှသော ကန်ချက်ကြောင့် ဂိုဏ်းသားနှစ်ယောက်
...လုံး ချောက်ကမ်းပါးအစပ်ဆီ ယိမ်းထိုးသွားကြပြီး မည်သို့မှမထိန်း
...ိုင်ကြတော့ဘဲ ဆက်၍ ချောက်ထဲသို့ ကျသွားကြတော့၏။

သူတို့နှစ် ဦး၏အော်သံမှာ ကြောက်ခမန်းလိလိ ပေါ်ထွက်
...သွားသည်။

"အား...."

"အား...."

ရှေ့ဆင့်နောက်ဆင့် ဆိုသလိုပင် ဖန်းသည်လည်း ချောက်
...ကြီးထဲသို့ ခုန်ဆင်းသွားသည်။

သူသည် သေရမည့်အတူ ရန်သူနှစ်ယောက်ကို ဒူးနှင့်အတူ
...ါသွားခြင်းသာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအပြုအမူကြောင့် ဂိုဏ်းသားများသာမက လင်ချမ်းကျိုးပင် မျက်လုံးအပြူးသား ဖြစ်သွားမိလေ၏။



## အခန်း(၁)

## ကျွန်တော်အရှုံးပါ

"ရှမ်း....."

"အား....."

"ရှမ်း....."

"အ....."

"ရှမ်း....."

"အင့်....."

ငွေဖျိုင်းဖြူစံအိမ်တော်ကြီး၏ နောက်ဘက်ခြံဝင်းကြီးထဲမှ တစ်ချက်ချင်း ကျာပွတ်ရိုက်သံကြောင့် နာကျင်စွာ ညည်းတွားအော်ဟစ်သံမှာ အဆက်မပြတ် ပေါ်ထွက်လျက်ရှိနေသည်။

ငွေဖျိုင်းဖြူစံအိမ်တော်ကြီး၏နောက်ဘက်တွင် ခြံဝင်းထဲ

www.burmeseclassic.com

www.burmeseclassic.com



တွင် ကျယ်ဝန်းသော မြေကွက်လပ်ကြီးရှိသည်။

ဎင်းမြေကွက်လပ်ကြီးထဲတွင် ငွေဇျိုင်းဖြူစံအိမ်တော်၌ အမှုထမ်းကြသော အမှုထမ်းများ အားလုံးတစ်ယောက်မကျန် စုဝေးရောက်နေကြသည်။

လင်ချမ်းကျိုး၏ ဆင့်ခေါ်ထားချက်အရ ရောက်နေကြခြင်းဖြစ်၏။

အမှုထမ်းများအနက် အများစုမှာ မျက်နှာမသာမယာ ဖြစ်နေကြသည်။ စိတ်မချမ်းမသာ ဖြစ်နေကြသည်။

လင်ချမ်းကျိုး၏အကျိုးကို လိုလားသောအမှုထမ်းအနည်းငယ်လောက်သာ ကျေနပ်အားရသောအသွင် ရှိနေကြသည်။

သူတို့အားလုံးရှေ့ရှိ သစ်ပင်ကြီးတစ်ပင်တွင် ပင်စည်မျက်နှာအပ်လျက် လူတစ်ယောက်ကိုကြိုးတုပ်ထားသည်။

ထိုသူ၏အပေါ် ပိုင်းတွင် အကျႌမရှိဘဲ ဗလာကျင်းနေသည်။

အောက်ဘက်တွင်သာ ဘောင်းဘီဝတ်ထားလေသည်။

ဗလာကျင်းနေသော သူ၏ကျောပြင် တွင် ကျာပွတ်ရာတွေက အလျှိုလျှိုပေါ်နေပြီး သွေးချင်းချင်းရဲနေသည်။

ထိုသူကား ငွေဇျိုင်းဖြူစံအိမ်ကြီးမှ စားပွဲထိုး ပိကျင်းဖြစ်လေသည်။

စားပွဲထိုးပိကျင်း၏နောက်တွင် လင်ချမ်းကျိုးရပ်နေသည်။

လင်ချမ်းကျိုး၏လက်ထဲ၌ အရောင်တဖျပ်ဖျပ် လက်နေသော ကျာပွတ်ကိုကိုင်ထားသည်။

သံမဏိဖြင့် ပြုလုပ်ထားသောကျာပွတ် ဖြစ်၏။

ထိုသံမဏိကျာပွတ်ကား လင်ချမ်းကျိုး၏ လက်စွဲတော်ကျာပွတ်ပင်ဖြစ်၏။

လင်ချမ်းကျိုးသည် သံမဏိကျာပွတ်ကိုကိုင်ရာတွင် အထူးကျွမ်းကျင်သည်။

ကျာပွတ်ရိုက်ချက် တစ်ချက်တည်းနှင့်လည်း ရန်သူကို သေအောင် ရိုက်နိုင်သည်။

ကျာပွတ်ရိုက်ချက် အချက်တစ်ရာရိုက်ပြီး ရန်သူကို ဒဏ်ရာအနည်းငယ် ရရုံလောက်လည်း ရိုက်နိုင်သည်။

သူသည် မည်သို့သော ရန်သူမျိုးနှင့်ပင် တိုက်ခိုက်သည်ဖြစ်စေ၊ ဤကျာပွတ်ကိုသာ အသုံးချ၍ တိုက်ခိုက်တတ်လေသည်။

ယခုလည်း သူသည် စားပွဲထိုးပိကျင်း၏ကျောပြင်ကို အချိန်အဆဖြင့် တစ်ချက်ချင်း ရိုက်လျက်ရှိသည်။

စားပွဲထိုးပိကျင်းမှာ သူ တစ်ကြိမ်ရိုက်လိုက်တိုင်း နာကျင်စွာအော်ဟစ်လျက် အသားတွေ ဆတ်ဆတ် တုန်သွားတတ်သည်။

စိတ်မချမ်းသာဖွယ်ရာ ဤအဖြစ်ကို လာကြည့်နေကြသော အမှုထမ်းများအနက် လင်ချမ်းကျိုး၏လူများသာ သူတို့၏သခင်လင်ချမ်းကျိုးက စားပွဲထိုးပိကျင်းကို အဘယ်ကြောင့် ဤသို့ အပြစ်ပေးကြောင်း သိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



တခြားလူများကမူ မသိကြချေ။ လင်ချမ်းကျုံး၏အမိန့်ဖြင့် လာရောက်စုဝေးကာ ဤစိတ်မချမ်းမသာ မြင်ကွင်းကိုကြည့်နေကြခြင်း ဖြစ်၏။

လင်ချမ်းကျုံးက ပြန်ခွင့်မပေးသဖြင့် မည်သူမှလည်း မပြန်ရဲကြချေ။

မကြည့်ရက်သူအချို့မှာ မျက်နှာလွှဲ၍သာ နေကြရ၏။

"ရှမ်း....."

"အီး....."

"ရှမ်း....."

"အား....."

စားပွဲထိုးသည် တောင့်ခံနိုင်စွမ်းမရှိတော့ဘဲ ခေါင်းငိုက်စိုက်ကျကာ သတိမေ့သွားတော့သည်။

ထိုအခါမှ လင်ချမ်းကျုံးက အရိုက် ရပ်သွားသည်။

ထို့နောက် လင်ချမ်းကျုံးသည် ရပ်ကြည့်နေကြသော စံအိမ်အမှုထမ်းများဘက်ကို လှည့်၍မေးသည်။

"ဒီကောင့်ကို ငါက ဘာဖြစ်လို့ အခုလို အပြစ်ပေးတယ်ဆိုတာ မင်းတို့သိကြရဲ့လား"

အမှုထမ်းများအားလုံး ငြိမ်နေပြီး ဘာမှပြန်မပြောကြချေ။

သူတို့စိတ်ထဲတွင် ကြောက်ရွံ့နေသဖြင့် မဖြေရဲကြခြင်းဖြစ်၏။



လင်ချမ်းကျုံး မျက်နှာတစ်ချက်တင်းသွားပြီး ကျာပွတ်ကို လေထဲတွင် ရှမ်းကနဲ တစ်ချက်ရိုက်၍ တင်းမာစွာ ဆက်ပြောသည်။

"ဖြေကြလေ... ငါမေးတာ ဖြေကြ၊ ဒီကောင့်ကို ငါ ဘာဖြစ်လို့ ခုလိုအပြစ်ပေးတယ်ဆိုတာ မင်းတို့သိကြရဲ့လား"

ထိုအခါမှ စံအိမ်အမှုထမ်းအများစုမှာ လှုပ်လှုပ်ရွရွဖြစ်လာပြီး တစ်ပြိုင်တည်းလိုလို ပြန်ဖြေကြသည်။

"မသိပါဘူး"

သူတို့၏ဖြေသံများက ဟိန်းပြီး ထွက်သွားသည်။

လင်ချမ်းကျုံး၏ဘက်တော်သား အမှုထမ်းများကမူ အသာကလေး ငြိမ်နေကြသည်။

လင်ချမ်းကျုံးက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး....

"ငါပြောတာကို အားလုံးဂရုစိုက်ပြီး နားထောင်ကြ၊ မှတ်လဲမှတ်ထားကြ မင်းတို့ရဲ့ သခင်ကြီး ချုန်စီးလင်း ကွယ်လွန်ပြီးတဲ့နောက် ငါဟာ အခုလောလောဆယ် ဒီစံအိမ်တော်ကြီးကို စောင့်ရှောက်ထားရတယ်၊ ချုန်ပူးဝမ်းအတွက်လဲ တာဝန်ယူထားရတယ်၊ ဘာပဲဖြစ်ဖြစ် ခုချိန်မှာ ငါဟာ ဒီစံအိမ်တော်ကြီးရဲ့အရှင်သခင်ပဲ၊ မင်းတို့အားလုံး ငါပေးတဲ့ အခကြေးငွေကိုယူပြီး စံအိမ်ကြီးမှာ အမှုထမ်းနေကြရတဲ့သူတွေ၊ ဒါကြောင့် မင်းတို့အားလုံး ငါ့အပေါ်မှာပဲ သစ္စာထားရမယ်၊ တခြား ဘယ်သူ့အပေါ်မှာမှ သစ္စာထားစရာမလိုဘူး"

လင်ချမ်းကျုံးသည် သစ်ပင်ပင်စည်တွင် မတ်တတ်ကြီး သ

www.burmeseclassic.com

www.burmeseclassic.com



တိမ်မှုန်နေသော စားပွဲထိုးဝီကျင်းကို လက်ညှိုးထိုးလိုက်ပြီး စံအိမ်အမှုထမ်းများကို ဆက်ပြောသည်။

"ဒီကောင်ဟာ ငါ့အပေါ် သစ္စာမဲ့ခဲ့တယ်၊ ငါ့ရဲ့ဂုဏ်သိက္ခာကို ထိပါးအောင် ငါ့အကြောင်းကို လူတကာလျှောက်ပြောခဲ့တယ်၊ ချုန်ဂူးဝမ်းကို ငါက မတရားသဖြင့် ညှဉ်းပန်းနှိပ်စက်နေပါတယ်လို့ လျှောက်ပြောတယ်၊ ဒါကြောင့် ဒီကောင့်ကို ခုလို ငါ အပြစ်ပေးရတာပဲ"

လင်ချမ်းကျူးသည် စကားဖြတ်လိုက်ပြီးမှ စံအိမ်အမှုထမ်းအားလုံး၏မျက်နှာများကို အကဲခတ်ကြည့်သည်။

အားလုံးပင် သူ့ကိုကြောက်လန့်တကြား ကြည့်နေကြောင်း တွေ့ရသဖြင့် ကျေနပ်သွားပြီး ဆက်ပြောသည်။

"ခုချိန်မှာ ချုန်ဂူးဝမ်းဟာ ငါ့ရဲ့အုပ်ထိန်းမှုအောက်မှာရှိနေတယ်ဆိုတာ မင်းတို့အားလုံး အသိပဲ၊ သူ့ လိမ္မာရေးခြားရှိဖို့အတွက် ငါ့မှာလုံးလုံးလျားလျား တာဝန်ရှိတယ်၊ သူမလိမ္မာရင် သူ့ကိုရိုက်ပြီး ဆုံးမတန် ဆုံးမရမှာပဲ၊ ဒါကို နှိပ်စက်ညှဉ်းပန်းပါတယ်လို့ ခေါ်မလား။ အားလုံးကို ငါမှာထားမယ်၊ သေသေချာချာ မှတ်ထားကြ၊ မင်းတို့အားလုံး ကိုယ့်တာဝန် ကိုယ်သာ ကျေပွန်အောင်လုပ်ကြ၊ ဒီစံအိမ်ကြီးထဲ ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စမှန်သမျှ ဘယ်ကိစ္စမှာမှ ဝင်မပါနဲ့၊ ပြီးတော့ ဒီစံအိမ်ကြီးထဲမှာ ငါ ဘာပဲလုပ်နေ လုပ်နေ နောက်ဆုံး ကောင်းတာပဲလုပ်လုပ် ဆိုးတာပဲလုပ်လုပ် တခြား ဘယ်သူ့ကိုမှ ပြန်ပြောစရာမလိုဘူး၊ ရေငုံနှုတ်ပိတ်နေကြရမယ်၊ အေး... ငါပြောသလိုမှမဟုတ်ဘဲ



ပါးစပ်အငြိမ်မနေနိုင်ကြရင်တော့ ဒီကောင့်အဖြစ်ထက် ဆိုးရွားတဲ့အဖြစ်ဒဏ်ကို ခံကြရလိမ့်မယ်ဆိုတာ သတိပေးထားပါရဲ့"

စံအိမ်အမှုထမ်းများသည် မျက်စိမျက်နှာပျက်လျက်ရှိနေကြသည်။

လင်ချမ်းကျူးသည် ပြောသည့်အတိုင်း လုပ်မည့်သူဖြစ်ကြောင်းလည်း ယခု သူတို့ကိုယ်တိုင် မြင်ကြရပြီမဟုတ်ပါလား။

လင်ချမ်းကျူးက လေသံကိုလျှော့လိုက်ပြီး ခပ်အေးအေး ဆက်ပြောသည်။

"အခု ဒီကောင့်ကို နမူနာသဘောလောက်ပဲ ပညာပေးလိုက်တာပဲ၊ အေး... မင်းတို့တွေအနေနဲ့ ငါ့အပေါ်မှာ သစ္စာထားမယ်၊ ငါပြောသလို နေကြမယ်ဆိုရင်တော့ မင်းတို့ကိုလဲ ငါက ဒီထက် ပိုပြီး ချီးမြှင့်မြှောက်စားမယ်၊ ကဲ... ခုကတည်းက ရှင်းရှင်းပြတ်ပြတ်ပဲ လုပ်မယ်၊ မင်းတို့အားလုံး မြေကွက်လပ်ရဲ့ဘယ်ဘက်ကိုစုပြီး ရပ်လိုက်ကြစမ်း"

စံအိမ်အမှုထမ်းများသည် သူတို့ကို လင်ချမ်းကျူးက အဘယ်ကြောင့် ဤသို့ခိုင်းကြောင်း မသိကြသော်လည်း ဆိုင်းငံ့မနေရဲ

www.burmeseclassic.com

www.burmeseclassic.com



ကြတဲ့ ရှန်းရှန်း ရှန်းရှန်းနှင့် မြေကွက်လပ်၏ဝဲဘက်တွင် စုရပ်လိုက်ကြသည်။

အားလုံး နေရာတကျဖြစ်သွားတော့မှ လင်ချမ်းကျိုးက ဆက်ပြောသည်။

"ကဲ… ငါ့အပေါ်မှာလဲ သစ္စာရှိမယ်၊ ငါပြောတဲ့စကားကိုလဲ တသဝေမတိမ်း နားထောင်မယ်၊ ငါ့ရဲ့စည်းကမ်းချက်တွေကိုလဲ လိုက်နာမယ်ဆိုတဲ့အမှုထမ်းတွေက ကွပ်လက်ရဲ့ညာဘက်မှာ သွားရပ်ကြစမ်း၊ ဒါမှမဟုတ် ငါ့ဆီမှာ ဆက်ပြီး အမှုမထမ်းလိုကြတဲ့သူဆိုရင်တော့ ဒီအတိုင်းပဲရပ်ပြီး ကျန်နေနိုင်တယ်"

လင်ချမ်းကျိုး၏စကားအဆုံးတွင် သူ၏ဘက်တော်သားအိမ်အမှုထမ်းများက စပြီး လှုပ်ရှားကြသည်။

ယင်းအမှုထမ်း လေးငါးယောက်က မြေကွက်လပ်၏ဘက်မှ ညာဘက်ဆီကိုလျှောက်လာပြီး ဦးစွာ ရပ်နေလိုက်ကြ၏

ထို့နောက် ကျန်လူများလည်း တစ်ယောက်ချင်းနှစ်ယောက်ချင်းဆိုသလို ကွက်လပ်ညာဘက်တွင် လာရပ်နေကြသည်။

ကွက်လပ်ဝဲဘက်တွင် လူသုံးလေးယောက်သာ တွေဝေစဉ်စားရင်း ကျန်ခဲ့သည်။

သို့သော် ထိုသူများလည်း ကြာကြာမစဉ်းစားရဲချေ။

ယခုအချိန်တွင် နီးရာစား ကြောက်ရသည်မဟုတ်ပါလား

ထို့ကြောင့် သူတို့လည်း ကွက်လပ်ညာဘက်ဆီကို လျှောက်



လာပြီး ရပ်နေလိုက်ကြရတော့သည်။

မြေကွပ်လက်ဝဲဘက်တွင် ရပ်နေသူဆို၍ တစ်ဦးတစ်ယောက် မှ မရှိတော့ချေ။

လင်ချမ်းကျိုး ကျေနပ်သွားပြီး လိုလှဲစွာ ပြုံးလိုက်သည်။

"အေး… အခုလို မင်းတို့အားလုံး တစ်ယောက်မကျန် ငါ့ရဲ့သစ္စာကို ခံကြမယ်ဆိုတာကို သိရလို့ ငါအများကြီး ဝမ်းသာတယ်၊ မနက်ဖြန်ကျ တစ်ဦးချင်း ငါ့ဆီမှာ သစ္စာခံကြရမယ်၊ ကတိပေးကြရလိမ့်မယ်၊ ခုတော့ မင်းတို့အားလုံး ကိုယ့်အလုပ် ကိုယ်ပြန်လုပ်ကြပေတော့"

စံအိမ်အမှုထမ်းအများစုမှာ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် စံအိမ်ကြီးရှိရာသို့ အသီးသီး ပြန်လည်ထွက်ခွာသွားကြ၏။

မြေကွက် လပ်ထဲတွင် လင်ချမ်းကျိုး၏ ဘက်တော်သားလူယုံအမှုထမ်းများသာ ကျန်နေခဲ့ကြသည်။

တခြား အမှုထမ်းများ ခပ်ဝေးဝေးကိုရောက်သွားမှ လင်ချမ်းကျိုးက သူ့လူများကို ပြောလိုက်သည်။

"ဒီကောင့်ကို မင်းတို့တွေ အပျောက်သာ ရှင်းလိုက်ကြပေတော့၊ ဝိုဝိုရိုရိုတော့ ရှိပေစေနော်၊ တခြား ဘယ်သူမှ မသိရင် ပိုကောင်းတယ်"

"စိတ်ချပါ သခင်ကြီး"

သူ၏တပည့်များက သတိမေ့နေသော စားပွဲထိုးဗိုကျင်းကို

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်မှကြိုးဖြေနေစဉ် လင်ချမ်းကျိုးသည် စံအိမ်ကြီးဆီထွက်ခွာလာခဲ့သည်။



## အခန်း(၉)

## သစ္စာခံ

လင်ချမ်းကျိုးသည် ယနေ့အဖို့ မြွေဆိပ်နှင့်ရောထားသော အရက်ကို မသောက်ရသေးသဖြင့် မြွေများထားရာ အခန်းထဲသို့ လာခဲ့သည်။

ထိုအခန်းထဲသို့လာခဲ့စဉ် ချန်ဂူးဝမ်းကလေး၏ အိပ်ခန်းထဲတွင် ချန်ဂူးဝမ်းကလေးနှင့် အထိန်းတော်ကြီး ကျိဖေ့ကျန်းတို့ထိုင်နေကြသည်ကို တွေ့ခဲ့ရသော်လည်း မမြင်ချင်ယောင်ဆောင်လာခဲ့သည်။

သူသည် မြွေများထားသော အခန်းထဲမှ အဆိပ်အရက်ကိုသောက်ပြီးမှ ချန်ဂူးဝမ်းကလေး၏အိပ်ခန်းဆီကို ပြန်လျှောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းထဲသို့ လင်ချမ်းကျိုးဝင်လာသည်ကို မြင်သည်နှင့် ချန်ဂူးဝမ်းကလေးမှာ လွန်စွာ ထိတ်လန့်ကြောက်ရွံ့သွားသည်။

အထိန်းတော်ကြီး ကျိဖေ့ကျန်းသည် မျက်စိမျက်နှာပျက်သွားသည်။

နှစ်ယောက်စလုံး ကမန်းကတန်း ထရပ်လိုက်ကြသည်။

လင်ချမ်းကျိုးသည် သူတို့နှစ်ဦးအရှေ့တွင် မျက်နှာတင်းတင်းနှင့် ရပ်လိုက်ပြီး ချန်ဂူးဝမ်းကလေးကို တစ်ချက်အကဲခတ်ကြည့်ကာ အထိန်းတော်ကြီး ကျိဖေ့ကျန်းကို လေသံပြတ်ဖြင့် မေးလိုက်သည်။

"ဒီကောင့်ကို ဘာတွေမြှောက်ပေးနေတာလဲ ကျိဖေ့ကျန်း"

အထိန်းတော်ကြီး ကျိဖေ့ကျန်းသည် ကမန်းကတန်း လက်ကိုကာလိုက်ပြီး....

"ဘာမှမြှောက်မပေးပါဘူး အစ်ကိုကြီးရယ်၊ ဘာမှမြှောက်မ ပေးပါဘူး၊ လူကလေးတစ်ယောက်တည်း ပျင်းနေမှာစိုးလို့ ပုံပြောပြနေတာပါ"

"ဒီကောင့်ကို အလုပ်တစ်ခုခု အမြဲတမ်း လုပ်နေရမယ်လို့ ကျုပ် ပြောထားတာပဲ၊ နေပါဦး နင်က ဘာပုံတွေ ပြောနေတာလဲ"

"သူရဲကောင်း တန်ဖန်မင်းရဲ့ပုံပြင်ပါ"

"တော်စမ်း၊ နောက်ဆို ဒီကောင့်ကို ဒီလိုပုံပြင်မျိုးတွေ ဘာတွေမှ မပြောနဲ့၊ ပြောရင် နင် အသေပဲ၊ နင်သိပ်ပြီး ပြောချင်သလား ရင်တော့ အရှုံးရှိဇာလို ပုံပြင်မျိုးတွေကိုသာ ပြောရမယ်၊ ငါပြောတာ နားလည်ရဲ့လား ကျိဖေ့ကျန်း"



အထိန်းတော်ကြီး ကျိဖေ့ကျန်း ကြောက်ကြောက်ရွံ့ရွံ့နှင့် ခေါင်းတဆတ်ဆတ်ညိတ်၍....

"ဟုတ်... ဟုတ်ကဲ့၊ နား... နားလည်ပါတယ် အစ်ကိုကြီး"

သူရဲကောင်း တုန်ဖန်မင်းပုံပြင်ကို နားထောင်ရသော ကလေးသူငယ်တိုင်း စိတ်ဓာတ်တက်ကြွပြီး အားငယ်ခြင်း၊ ကြောက်ရွံ့ခြင်းတို့ပျောက်ကွယ်တတ်သောကြောင့် လင်ချမ်းကျိုးသည် ချန်ဂူးဝမ်းအား အထိန်းတော်ကြီးကျိဖေ့ကျန်းကို မပြောစေခြင်းဖြစ်၏။

ပုံပြင်ထဲမှ တုန်ဖန်မင်းသည် မျိုးရိုးမြင့်မြတ်သော မိဘများမှ ပေါက်ဖွားသူဖြစ်ပြီး ရဲစွမ်းသတ္တိလည်း များစွာရှိသည်။ မဟုတ်မခံစိတ်လည်း ရှိသည်။

သူသည် မကောင်းသူများကိုပယ်ပြီး ကောင်းသူများကို ကယ်တင်ခဲ့သူဖြစ်၏။

နောက်ဆုံး ဘုရင်မင်းမြတ်ကိုယ်တိုင် သူရဲကောင်းဘွဲ့ကို ပေးရလေသည်။

လင်ချမ်းကျိုးအနေနှင့် ချန်ဂူးဝမ်းကလေးကို လူကြောက်ကလေးဖြစ်အောင်၊ စိတ်အားငယ်သူတစ်ယောက်ဖြစ်အောင် ပုံသွင်းနေခြင်းဖြစ်လေရာ ဤလိုပုံပြင်မျိုးကိုကြားပြီး ချန်ဂူးဝမ်းစိတ်ပြောင်းသွားမှာကို လုံးလုံး မလိုလားပါချေ။

www.burmeseclassic.com

www.burmeseclassic.com



အရူးရှီဇာလိုပုံပြင်မျိုးကိုသာ ချန်ဝူးဝမ်းကလေး များများနားထောင်စေချင်သည်။

ရှီဇာ၏ဖခင်မှာ သူတောင်းစားဖြစ်ပြီး မိခင်မှာ အခြေအနေမှဲ့ ရူးသွပ်နေသူဖြစ်၏။

ထို့ကြောင့် ရှီဇာသည် မွေးကတည်းက လူတကာ၏အနှိမ်ခံရသည်။ အနိုင်ကျင့်ခံရသည်။ သူသည် အရာရာကို ကြောက်သည်။

သူ့အယူအဆမှာ ကြောက်တတ်လျှင် ရန်ကင်းဟူသော အယူအဆ မျိုးသာဖြစ်၏။

လူတိုင်းကို အလျှော့ပေး၍ ဆက်ဆံသည်။ သူ့တစ်သက်တွင် တစ်ခါမှရန်မဖြစ်ဖူးချေ။

သူ့ကိုယ်သူ မိခင်ဘက်မှ အရူးသွေးပါသည်ဟု ထင်မှတ်နေ၏။

လူတိုင်းကလည်း ဤကဲ့သို့ပင် ပြောဆိုစွပ်စွဲကြသည်။

ရှီဇာသည် သူ့အပေါ် မည်သူက မည်သို့ပင် မတရားလုပ်သော်လည်း သည်းခံသည်။

သူ့အသက် သေမှာကို အလွန်ကြောက်သည်။ နောက်ဆုံးတွင် သူ့ကိုကြင်နာသနားသော ဘုရင့်သမီးတော်နှင့် တွေ့ဆုံပြီး ညားသွားသောပုံပြင် ဖြစ်လေသည်။

ထိုပုံပြင်မျိုးကို နားထောင်ရခြင်းအားဖြင့် ချန်ဝူးဝမ်းသည် ရဲစွမ်းသတ္တိစိတ်မျိုးကို မွေးလိမ့်မည် မဟုတ်ကြောင်း လင်ချမ်းကျုံး



သိသည်။

သူလိုချင်သောပုံစံမျိုးကို ရောက်လာနိုင်သည်။

ထို့ကြောင့် ဤပုံပြင်မျိုးကိုသာ အထိန်းတော်ကြီး ကျိဖေ့ကျုန်းအား ပြောခိုင်းခြင်း ဖြစ်၏။

"ငါပြောတာ နင် မြဲမြဲမှတ်ထားနော် ကျိဖေ့ကျုန်း"

"ဟုတ်... ဟုတ်ကဲ့၊ မှတ်ထားပါ့မယ် အစ်ကိုကြီး"

"နောက်တစ်ခါ ဒီကောင့်ကို ပုံပြောမယ်ဆိုရင် ဘယ်လိုပုံပြင်မျိုး ပြောရမလဲ"

"အရူးရှီဇာလို ပုံပြင်မျိုးကိုပဲ ပြောရပါ့မယ်"

"အေး... ပြောတဲ့အတိုင်း မလုပ်ရင်တော့ ငါ့အဆိုးမဆိုနဲ့နော်။ ဒီစံအိမ်က အမှုထမ်းတွေအားလုံး ငါ့ဆီမှာ သစ္စာခံကြမယ်၊ ငါ့စည်းကမ်းကို လိုက်နာကြမယ်၊ ငါ့စကားကို နားထောင်ကြမယ်လို့ ကတိပေးကြတာ နင်လဲသိပြီးပြီ မဟုတ်လား"

"ဟုတ်ကဲ့... သိပြီးပါပြီ အစ်ကိုကြီး"

"အေး... ဒီအိမ်မှာ ငါ့ကိုသစ္စာမခံတဲ့သူဆိုရင် ဘယ်အမှုထမ်းမှ မနေရဘူး၊ နင်လဲ ဒီစံအိမ်ရဲ့အမှုထမ်း တစ်ယောက်ပဲ၊ ငါ့ဆီမှာ သစ္စာခံရမယ်၊ ငါ့အကျိုးစီးပွား တိုးတက်ရာတိုးတက်ကြောင်းကိုပဲ ဆောင်ရွက်ရမယ်၊ ဘယ်လိုလဲ"

ကျိဖေ့ကျုန်း ပြန်ဖြေရန် ခက်သွားသဖြင့် တွေတွေကြီး ဖြစ်သွားသည်။

www.burmeseclassic.com



လင်ချမ်းကျူးသည် ပြောသည့်အတိုင်း ပြတ်ပြတ်သားသား လုပ်တော့မည်ဖြစ်ကြောင်းလည်း ကိုဖေကျန်းနားလည်သည်။

သူမသာ သစ္စာမခံပါက မဆိုင်းမတွ ဤစံအိမ်ကြီးမှ ထွက်ခွာရလိမ့်မည် ဖြစ်၏။

ချန်ဂူးဝမ်းကလေးကို သူမ စိတ်မချနိုင်ပါက သူမသာရှိမနေ ပါက လင်ချမ်းကျူးသည် ချန်ဂူးဝမ်းကလေးကို ပို၍နှိပ်စက်ညှဥ်းပန်း ပေတော့မည်။

သူမကွယ်ရာတွင် ချန်ဂူးဝမ်းကလေးသည် အခြေအနေ ဆိုး ဆိုးရွားရွားနှင့် တွေ့နိုင်လေသည်။

တကယ်တမ်းမှု လင်ချမ်းကျူးလိုလူမျိုးထံတွင် သစ္စာမခံ ပါချေ။

သို့သော် သစ္စာမခံလျှင် ဤအိမ်မှ ဆင်းရမည်ဖြစ်သော ကြောင့် လောလောဆယ် အခြေအနေအရ သစ္စာခံမှသာ ဖြစ်ပေလိမ့် မည်။

လင်ချမ်းကျူးအား ဆန့်ကျင်၍မရသည့်အချိန်တွင် လင်ချမ်း ကျူးအား အယုံသွင်းကာ ချန်ဂူးဝမ်းကလေးအား စောင့်ရှောက်ရပေ လိမ့်မည်။

"ဘယ်လိုလဲ ကိုဖေကျန်း၊ အဖြေပေးလေ"

"ကျွန်မ... ကျွန်မ ဒီအိမ်က ဆင်းမသွားရဲပါဘူး အစ်ကိုကြီး ကျွန်မမှာ အားကိုးအားထားလဲ မရှိ ဆွေမျိုးသားချင်းလဲ မရှိ၊ ဘာ

ဲ မလုပ်ကိုင် မစားသောက်တတ်ပါဘူး"

"ဒါဆိုရင် ငါ့ဆီမှာ သစ္စာခံဖို့ပဲ ရှိတော့တာပေါ့"

"ဟုတ်... ဟုတ်ကဲ့၊ ကျွန်မ သစ္စာခံပါ့မယ်"

"ပါးစပ်နဲ့ လွယ်လွယ်သစ္စာခံလို့တော့ မဖြစ်ဘူးနော်၊ ငါချ တ်တဲ့စည်းကမ်းကို တိတိကျကျ လိုက်နာရမယ်၊ ငါ့စကားကို တသ သမတိမ်း နားထောင်ရမယ်"

"ဟုတ်... ဟုတ်ကဲ့ အစ်ကိုကြီး၊ အစ်ကိုကြီး စိတ်တိုင်းကျ ကျွန်မ နေပါ့မယ်၊ အစ်ကိုကြီးစကားကို နားထောင်ပါ့မယ်"

ကိုဖေကျန်းထံမှ ဤသို့သောစကားကို ကြားရသဖြင့် လင် ချမ်းကျူး ကျေနပ်သွားသည်။

သူသည် ကိုဖေကျန်းအား သူ့ဘက် တော်သားဖြစ်စေရန် စည်းရုံးခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း စည်းရုံး၍မရခဲ့ချေ။

ယခု စားမွဲထိုးကို နှိပ်စက်ပြီး စံအိမ်က အမှုထမ်းများ အားလုံးကို အကျုပ်ကိုင်တော့မှ ကိုဖေကျန်းသည် အလျှော့ပေးလိုက် ခြင်းဖြစ်လိမ့်မည်ဟု တွေးမိသည်။

လင်ချမ်းကျူးသည် ခေါင်းငိုက်စိုက်ချ၍ ရပ်နေသော ချန် ဂူးဝမ်းကလေးကို ရုတ်တရက် ခေါ်လိုက်သည်။

"ဟေ့ကောင်"

ချန်ဂူးဝမ်း၏ခန္ဓာကိုယ်ဆတ်ကနဲတုန်သွားပြီး လင်ချမ်းကျူး ကို ထိတ်လန့်တကြီး မော့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



လင်ချမ်းကျူးက အေးစက်စက်လေသံဖြင့် ဆက်ပြောသည်။

"ဆယ်ရက်တစ်ကြိမ် မင်းကို ဘယ်လိုစကားမျိုးတွေ ရွတ်ရမယ်ဆိုတာ ငါမှာထားတယ် မဟုတ်လား၊ အဲဒီစကားတွေကို ရွတ်စမ်း"

"ဘာ... ဘာစကားတွေလဲ ဦးကြီး"

"မင်းအမေဟာ ရူးသွပ်သေသွားတယ်၊ မင်းလဲ အရူးသွေးပါတဲ့ကောင်ပဲ၊ ကဲ... မင်းဘဝကို မင်းသိရမယ်၊ မင်း ဘယ်လိုရွတ်ရမယ်ဆိုတာကို သိပြီလား ရွတ်စမ်း"

ချန်ဂူးဝမ်းကလေး၏မျက်နှာမှာ တွေတွေကလေးဖြစ်သွားသည်။

ကြောက်ရွံ့စိတ်မှ ညှိုးငယ်ဝမ်းနည်းစိတ်များ ပေါ်လာသည်။

ကျိဖေ့ကျန်းက ချန်ဂူးဝမ်းကလေး၏မျက်နှာကို မရိုတင်ကဲစိတ်ဖြင့် ကြည့်သည်။

ချန်ဂူးဝမ်းသည် သူ မည်ကဲ့သို့ရွတ်ဆိုရမည်ဖြစ်ကြောင်းကို သိသည်။

ဖခင်ဖြစ်သူ ချန်စီးလင်း သေဆုံးသွားပြီး သုံးလခန့်မှစ၍ သူသည် ဆယ်ရက်တစ်ကြိမ် သူ့ခေါင်းထဲ စွဲအောင်ရွတ်ဆိုခဲ့ရသော စကားစုများ ဖြစ်၏။



ထိုစကားစုများကို သူသည် မရွတ်ဆိုချင်ပေ။ သို့သော် လင်ချမ်းကျူးကိုကြောက်ရွံ့၍ ရွတ်ဆိုခဲ့ရလေသည်။

"ဟေ့ကောင်... ရွတ်လေ"

လင်ချမ်းကျူးသည် အော်ငေါက်လိုက်ပြီး ရှေ့ကိုခြေတစ်လှမ်းတိုးလိုက်၏။

ချန်ဂူးဝမ်း ငြိမ်မနေရဲတော့ပါချေ။ သူသည် ကမန်းကတန်း အဆက်မပြတ် ရေရွတ်ရလေတော့သည်။

"ကျွန်တော် အရူးပါ... ကျွန်တော် အရူးပါ... ကျွန်တော့်ကိုယ်မှာ အရူးသွေး ပါပါတယ်"

"ကျွန်တော် အရူးပါ... ကျွန်တော် အရူးပါ၊ ကျွန်တော့်ကိုယ်မှာ အရူးသွေး ပါပါတယ်"

ဤစကားစုကို ချန်ဂူးဝမ်းကလေးသည် အဆက်မပြတ် ရေရွတ်လျက် ရှိနေသည်။ လင်ချမ်းကျူးကမူ လွန်စွာ ကျေနပ်နေသည်။

သူသည် ချန်ဂူးဝမ်းကလေး ကိုယ်တိုင်က သူ့ကိုယ်သူ ရူးနေသည်ဟု ထင်မှတ်စေရန် ဤနည်းဖြင့် စိတ်ဓာတ်ချောက်ချားအောင် လုပ်နေခြင်း ဖြစ်လေသည်။

အဆက်မပြတ် ရေရွတ်နေသဖြင့် ချန်ဂူးဝမ်ကလေး မောန်းသွားကာ ခဏရပ်လိုက်သည်။

"ဟေ့ကောင်... ဘာဖြစ်လို့ ရပ်လိုက်ရတာလဲ၊ ဆက်ဆို"

"မော... မောလို့ပါ ဦးကြီး"

www.burmeseclassic.com

www.burmeseclassic.com



"နားမလည်ဘူး... ဆက်ဆို"

ချန်ဂူးဝမ်းကလေးသည် မနားရဲတော့ဘဲ ဆက်ဆိုရပြန်လေသည်။

"ကျွန်တော် အရှုးပါ... ကျွန်တော် အရှုးပါ... ကျွန်တော့်ကိုယ်မှာ အရှုးသွေး ပါပါတယ်"

အထိန်းတော်ကြီး ကျိဖေ့ကျန်းကမူ ချန်ဂူးဝမ်းကလေး၏အဖြစ်ကိုကြည့်ကာ မျက်ရည်မကျမိအောင် မနည်းထိန်းထားရသည်။

တကယ်တော့ ချန်ဂူးဝမ်း၏မိခင်သည် လင်ချမ်းကျုံးပြောသလို ရူး၍ သေသွားခြင်း မဟုတ်ချေ။ လွန်စွာ စိတ်ထားတည်ငြိမ်သူဖြစ်၏။

သို့သော် ကျိဖေ့ကျန်းသည် ဤအဖြစ်မှန်ကို ချန်ဂူးဝမ်းကလေးအား မပြောရဲချေ။

သူမကသာ ဤအဖြစ်မှန်ကို ဖွင့်ပြောလိုက်လျှင် လင်ချမ်းကျုံးက သူမကို ကြီးစွာသော အပြစ်ဒဏ်ပေးပေလိမ့်မည်။

ထို့ကြောင့် မချိသောစိတ်ဖြင့် နှုတ်ဆိတ်နေခဲ့ရခြင်း ဖြစ်လေသည်။

ချန်ဂူးဝမ်းကလေးကား 'ကျွန်တော်အရှုးပါ'ဟူသော စကားကို အဆက်မပြတ် ရေရွတ်မြဲ ရေရွတ်နေသည်။



## အခန်း(၁၀)

### သိုင်းပွဲနှုတ်ဆက်ချုပ်သို့

"ကျွန်တော် အရှုးပါ... ကျွန်တော့် အရှုးပါ... ကျွန်တော့်ကိုယ်မှာ အရှုးသွေး ပါပါတယ်"

"ကျွန်တော် အရှုးပါ၊ ကျွန်တော် အရှုးပါ၊ ကျွန်တော့်ကိုယ်မှာ အရှုးသွေး ပါပါတယ်"

ချန်ဂူးဝမ်းသည် အဆက်မပြတ် ရေရွတ်မြဲ ရေရွတ်နေသည်။

သူ့အနီးရှိ ကျောက်တုံးကြီးတစ်တုံးပေါ်တွင် လင်ချမ်းကျုံးထိုင်နေပြီး အေးစက်ခက်ထန်သော မျက်နှာထားဖြင့် သူ့ကိုကြည့်နေသည်။

ချမ်းအေးလှသော ဆောင်းရာသီညနေဆည်းဆာ ဖြစ်သဖြင့် ပတ်ဝန်းကျင်တစ်ခွင်လုံး နှင်းမြူတွေဆိုင်းကာ လွန်စွာ လှပနေ

www.burmeseclassic.com



သည်။

စိမ့်နေအောင် အေးလှသော အချိန်အခါလည်း ဖြစ်၏။

သို့သော် ချန်ဂူးဝမ်းအဖို့မူ သာယာလှပသော ပတ်ဝန်းကျင် ရှုခင်းရှုကွက်များကိုလည်း အာရုံမခံစားနိုင်ချေ။

ချမ်းသောဒဏ်ကိုလည်း မခံစားရပါချေ။ သူ့နဖူးပြင်တွင် ချွေးများပင် စို့ထွက်နေသည်။

အဆက်မပြတ် ရေရွတ်ပြောဆိုနေသဖြင့် လွန်စွာမောဟိုက် နွမ်းနယ်နေသည်။

ချန်ဂူးဝမ်းသည် လွန်ခဲ့သော ခုနစ်နှစ်ကျော်ကျော်ခန့်က ဖခင်ဖြစ်သူ ကွယ်လွန်သွားပြီးသည့်နောက် ဤစကားစုကို ဆယ်ရက် တစ်ကြိမ် မှန်မှန် ရေရွတ်ခဲ့ရသည်။

လင်ချမ်းကျုံး အတင်းအဓမ္မခိုင်းစေချက်ဖြင့် 'ကျွန်တော်အရူးပါ၊ ကျွန်တော်အရူးပါ'ဟူသော စကားကို ရေရွတ်ခဲ့ရခြင်းဖြစ်၏။

သူသည် ခုနစ်နှစ်ခန့်ကတည်းက ဤသို့ ရေရွတ်ခဲ့ရသည့်ပြင် လင်ချမ်းကျုံး၏ ပုံသွင်းထားချက်အရ အားငယ်သောစိတ်၊ ကြောက်ရွံ့ထိတ်လန့်သောစိတ်များက အဆက်မပြတ် စိုးမိုးနေပြန်ရာ သူ့ကိုယ်သူပင် တကယ်ရူးနေသယောင်ယောင် ထင်မြင်လာခဲ့သည်။

သူ့အမူအရာများလည်း ခပ်ကြောင်ကြောင်ဖြစ်လာခဲ့သည်။

လင်ချမ်းကျုံးအပေါ်တွင်လည်း ကြာလေ ကြောက်ရွံ့လာလေဖြစ်၏။



ချန်ဂူးဝမ်းသည် ယခုအခါ အသက်ဆယ့်ခုနစ်နှစ်ကျော်ကျော်အရွယ် ရှိလာပြီဖြစ်သော်လည်း ရဲစွမ်းသတ္တိဆို၍ နည်းနည်းကလေးမှ မရှိတော့ချေ။

သိုင်းပညာကိုလည်း ဖခင်ကြီးမသေဆုံးခင်ကသာ သင်ကြားခဲ့ရသည်။

နောက်ပိုင်းတွင် လုံးဝလေ့ကျင့်သင်ကြားရခြင်း မရှိတော့ချေ။

ထို့ကြောင့် သူသည် သိုင်းပညာလုံးလုံး မတတ်မြောက်တော့သူကဲ့သို့ ဖြစ်နေသည်။

လင်ချမ်းကျုံးကမူ သူပုံသွင်းထားသည့်အတိုင်း ချန်ဂူးဝမ်းဖြစ်နေသောကြောင့် များစွာ ကျေနပ်အားရနေသည်။

အထိန်းတော်ကြီး ကျိဖေ့ကျန်းအနေနှင့်မူ ချန်ဂူးဝမ်းကို ထက်မြက်သော အဆင့်မြင့်သိုင်းသမားတစ်ယောက်ဖြစ်စေလိုသည်။ ရဲစွမ်းသတ္တိ ရှိစေချင်သည်။

သို့သော် အထိန်းတော်ကြီး ကျိဖေ့ကျန်းသည် ချန်ဂူးဝမ်းကို သူမကိုယ်တိုင် ဤသို့ဖြစ်လာစေရန် ပုံသွင်းနိုင်စွမ်း မရှိပါချေ။

လင်ချမ်းကျုံးကို သူမသည် အနည်းငယ်မျှ ဆန့်ကျင်၍မရပါချေ။

ထိုခုနစ်နှစ်အတွင်း ငွေဗျိုင်းဖြူစံအိမ်ကြီးအမှုထမ်းအားလုံးသိလိုမှာလည်း လင်ချမ်းကျုံး၏ဘက်တော်သားသစ္စာခံများဖြစ်ကြ

www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်။

ထိုသို့ဖြစ်လာစေရန်လည်း လင်ချမ်းကျုံးသည် အမှုထမ်းများအားလုံးကို အခွင့်အရေးကောင်းကောင်းပေးပြီး စည်းရုံးခဲ့သည်။

သိမ်းသွင်းခဲ့သည်။ လစာရိက္ခာများလည်း တိုး၍ပေးခဲ့သည်။

ငွေဖျိုင်းဖြူစံအိမ်တော်ကြီးမှ အမှုထမ်းများသာမက ငွေဖျိုင်းဖြူဂိုဏ်းသားအတော်များများမှာလည်း လင်ချမ်းကျုံး၏သစ္စာခံများ ဖြစ်ကုန်ကြသည်။

လင်ချမ်းကျုံး၏အမိန့်ဆိုလျှင် အသက်နှင့်လဲပြီး ထမ်းဆောင်ကြမည့်သူများ ဖြစ်ကုန်ကြ၏။

ထိုသို့ဖြစ်လာရန်လည်း လင်ချမ်းကျုံးသည် လခ၊ ရိက္ခာအခွင့်အရေးများကို ချန်ဂူးဝမ်း၏ဖခင် ယခင်ဂိုဏ်းချုပ်ကြီးချန်စီးလင်း၏ လက်ထက်ကထက် ပို၍ သုံးဆခန့် ပေးခဲ့သည်။

ထိုသို့ ငွေကြေးကိုသုံးစွဲပေးကမ်းနိုင်ရန်အတွက်မူ လင်ချမ်းကျုံးသည် ငွေကိုပိုပြီး ရှာခဲ့ရသည်။

ယခင်က ဂိုဏ်းချုပ်ကြီး ချန်စီးလင်း လက်ထက်ကမူ ငွေဖျိုင်းဖြူဂိုဏ်းသည် ပြည်သူ့အကျိုးပြုဂိုဏ်းကြီး သက်သက်သာဖြစ်ခဲ့သည်။

လူကောင်းသူကောင်းတွေ အားလုံး၏ချစ်ခင်လေးစား အားကိုးခြင်းကိုသာ ခံခဲ့ရသော ဂိုဏ်းကြီးသာဖြစ်၏။



လူဆိုးလူမိုက်ဒုစရိုက်သမားများက ကြောက်ရွံ့စိုးထိတ်ရသော ဂိုဏ်းကြီးဖြစ်၏။

ယခုမူ ယာယီဂိုဏ်းချုပ်ကြီး လင်ချမ်းကျုံးသည် သူ၏ဂိုဏ်းအင်အားကိုသုံး၍ မတော်မတရားသောနည်းဖြင့် ဥစ္စာပစ္စည်းရွှေငွေတို့ကို ရှာဖွေခဲ့သည်။

ဒုစရိုက်လုပ်ငန်းများကို တိတ်တဆိတ်လုပ်ခဲ့သည်။

ထိုသို့ တိတ်တဆိတ်လုပ်ရခြင်းမှာ စီချွမ်းပြည်နယ် နယ်စားကြီး စန့်ဟုမ်းယန်း သိမှာစိုးသောကြောင့်ဖြစ်၏။

နယ်စားကြီး စန့်ဟုမ်းယန်းနှင့်လင်ချမ်းကျုံးတို့သည် တစ်နှစ်တစ်ကြိမ် နှစ်ကြိမ်ဆိုသလို တွေ့ဆုံခဲ့သည်။

ဤခုနစ်နှစ်အတွင်း နယ်စားကြီး စန့်ဟုမ်းယန်းနှင့် ချန်ဂူးဝမ်းတို့လည်း သုံးလေးကြိမ် တွေ့ဆုံခဲ့ရသည်။

သို့သော် ချန်ဂူးဝမ်းမှာ လွန်စွာ ကြောက်စိတ်ဝင်နေပြီဖြစ်၍ သူ့ဘဝ သူ့အကြောင်းကို နယ်စားကြီး စန့်ဟုမ်းယန်းအား ဖွင့်ဟမပြောရဲချေ။

ဤသို့ဖွင့်ပြောသည်နှင့် သူ့အသက်ကို လင်ချမ်းကျုံးက သတ်ပစ်မှာ စိုးရိမ်နေသည်။

လင်ချမ်းကျုံး နယ်စားကြီး စန့်ဟုမ်းယန်းနှင့် အထိန်းတော်ကြီး ကျိဖေ့ကျန်းကိုမူ လုံးလုံးတွေ့ခွင့်မပေးချေ။

နယ်စားကြီးသည် ချန်ဂူးဝမ်းနှင့်တွေ့ရသောအခါတွင်

www.burmeseclassic.com

www.burmeseclassic.com



လည်း ချန်ဂူးဝမ်း၏အမူအရာမှာ ရူးသလိုလို ကြောင်သလိုလိုဖြစ်နေ ကြောင်း အကဲခတ်မိသည်။

ချန်ဂူးဝမ်းသည် နယ်စားကြီးမေးမြန်းသည့်စကားကိုကြား ချင်မှလည်း ကြားသည်။

သူသည် တွေဝေပြီး ငေးချင်လည်း ငေးနေတတ်သည်။

တစ်စုံတစ်ခုကို ကြောက်ရွံ့ထိတ်လန့်နေသလို အမူအရာမျိုး လည်း ဖြစ်နေသည်။

ထို့ကြောင့် နယ်စားကြီးသည် ချန်ဂူးဝမ်းကို သမားတော် ကောင်းကောင်းဖြင့် ဂရုစိုက်၍ ကုသရန်သာ လင်ချမ်းကျူးကို မှာ ကြားနိုင်ခဲ့သည်။

❁ ❁ ❁

ချန်ဂူးဝမ်းသည် ဖခင်ကြီးချန်စီးလင်း ကွယ်လွန်သွားပြီး သုံး လေးနှစ်ခန့်အကြာတွင် သူ့အပြောအဆို အမူအရာတွေက မူမမှန် တော့ချေ။ စိတ္တဇဝေဒနာ စွဲကပ်စပြုနေပြီဖြစ်၏။

လင်ချမ်းကျူးက သူ့ကိုအမျိုးမျိုး ခြိမ်းခြောက်နှိပ်စက်ညှဉ်း ပန်းခဲ့ခြင်းကြောင့်လည်း သူသည် ဤသို့ဖြစ်လာရခြင်းဖြစ်၏။

ငွေဗျိုင်းဖြူစံအိမ်မှာ အမှုထမ်းအားလုံးကိုလည်း လင်ချမ်း



ကျူးက စည်းရုံးထားနိုင်ပြီဖြစ်၍ ချန်ဂူးဝမ်း၏အဖြစ်မှန်သတင်းမှာ အပြင်သို့ လုံးလုံးမပေါက်ကြားတော့ချေ။

စံအိမ်အမှုထမ်းများက ချန်ဂူးဝမ်းမှာ အထိန်းတော်ကြီး ကျိ ဖေ့ကျန်းတို့ကို မျက်ခြည်မပြတ် ကြည့်ရှုနေကြသဖြင့်လည်း အထိန်း တော်ကြီးကျိဖေ့ကျန်းသည် ချန်ဂူးဝမ်း၏စိတ်ဓာတ်ကို ခိုင်မာတည် ငြိမ်အောင် ထိန်းသိမ်းနိုင်ခွင့်မရခဲ့ချေ။

နောက်ဆုံးတော့ အထိန်းတော်ကြီး ကျိဖေ့ကျန်းသည် ချန် ဂူးဝမ်းကို သူ့မစိတ်ကြိုက်ပုံသွင်းနိုင်ရန် လက်လျှော့လိုက်ရတော့၏။

လင်ချမ်းကျူးသည် ချန်ဂူးဝမ်း အသက်ဆယ့်ရှစ်နှစ်ပြည့် သည့်နေ့တွင် ငွေဗျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် မလွှဲအပ်ပေးလိုသော ကြောင့် ချန်ဂူးဝမ်းအား ဤသို့လူကြောက်လေးဖြစ်အောင်၊ စိတ် ဓာတ်မမှန်အောင် ပုံသွင်းနေကြောင်း အထိန်းတော်ကြီး ကျိဖေ့ကျန်း သိသည်။

ပထမတော့ အထိန်းတော်ကြီး ကျိဖေ့ကျန်း၏စိတ်ထဲတွင် ချန်ဂူးဝမ်း အသက်ဆယ့်ရှစ်နှစ်ပြည့်ပါက ဖခင်ဖြစ်သူ၏အရိုက်အရာ ဖြစ်သော ငွေဗျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် ဆက်ခံနိုင်ရန် ဆန္ဒရှိနေ သည်။

သို့သော် ယခုတော့ ထိုဆန္ဒကို လုံးလုံးလျှော့လိုက်ရပြီ ဖြစ် ၏။

ယခုအချိန်တွင် လင်ချမ်းကျူးမှာ တန်ခိုးအာဏာထက်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ငွေဖျိုင်းဖြူဂိုဏ်းဝင်အားလုံးလိုလိုမှာ သူ၏တပည့်တော်သားများ ဖြစ်ကုန်ကြလေပြီ။

ထိုသို့သောအချိန်မျိုးနှင့် အထိန်းတော်ကြီးကျိဖေ့ကျန်းသည် လင်ချမ်းကျုံးကို အနည်းငယ်မှ မဆန့်ကျင်ရဲတော့ချေ။

အကယ်၍ဆန့်ကျင်မည်ဆိုပါက သူမသည် လောကကြီးတွင် အသက်ရှင်လျက် ဆက်လက်နေထိုင်ခွင့် ရှိတော့မည် မဟုတ်ချေ။

လင်ချမ်းကျုံးသည် သူ့ကိုဆန့်ကျင်သော စံအိမ်အမှုထမ်းများ၊ ငွေဖျိုင်းဖြူဂိုဏ်းဝင်များကို ရက်ရက်စက်စက် အပြစ်ပေးသတ်ဖြတ်ပတ်တတ်ကြောင်း သူမကိုယ်တိုင် ကောင်းစွာ သိထားသောကြောင့် ဖြစ်၏။

ထို့ကြောင့် အထိန်းတော်ကြီးကျိဖေ့ကျန်းသည် ချန်ဂူးဝမ်းကို ဂိုဏ်းချုပ်ကြီးအဖြစ် ဆက်ခံနိုင်ရန် အခွင့်အရေးကို မမျှော်မှန်းရဲတော့ချေ။

သူမအနေနှင့် ချန်ဂူးဝမ်းအသက်ရှင်ရေး၊ ဘဝ်နိုင်သမျှ စိတ်ချမ်းသာမှုရရှိရေးတို့ကိုသာ အလေးထားခဲ့ရလေသည်။

ယခုလည်း လင်ချမ်းကျုံးသည် ချန်ဂူးဝမ်းကို ငွေဖျိုင်းဖြူဂိုဏ်းဌာနချုပ်ရှိရာ ဖိန်းဖိန်းတောင်ပေါ်သို့ခေါ် လာပြီး ဆယ်ရက်တစ်ခါ ရွတ်ဆိုနေကျ စကားစုများကို ရွတ်ဆိုခိုင်းနေခြင်းဖြစ်၏။



"ကျွန်တော် အရှုံးပါ… ကျွန်တော် အရှုံးပါ… ကျွန်တော့်ယ်မှာ အရှုံးသွေး ပါပါတယ်"

ချန်ဂူးဝမ်းသည် ရွတ်ဆိုနေရာမှ မောဟိုက်လွန်းသဖြင့် ရပ်ိုက်မိ၏။ သူ့အာတွေလဲ ခြောက်နေပြီဖြစ်၏။

မလှမ်းမကမ်းတွင် ထိုင်နေသောလင်ချမ်းကျုံးက ဖျတ်ကနဲည့်လိုက်ပြီး တင်းမာခက်ထန်စွာ မေးလိုက်၏။

"ဟေ့ကောင် ဘာဖြစ်လို့ ရပ်လိုက်ရတာလဲ၊ ဆက်ရွတ်လေ"

"ကျွန်… ကျွန်တော် မောလို့ပါ ဦးကြီးရယ်၊ ခဏလောက်းပါရစေဦး"

"မလိုချင်ဘူး၊ မနားနဲ့ ဆက်ပြီးရွတ်"

"ကျွန်တော် အရှုံးပါ၊ ကျွန်တော် အရှုံးပါ"

ချန်ဂူးဝမ်းသည်လင်ချမ်းကျုံး၏ ယတိပြတ်အမိန့်ကြောင့်းရဲတော့ဘဲ ဆက်၍ ရွတ်ဆိုရပြန်တော့သည်။

သူသည် အသက်ဆယ့်ခုနစ်နှစ်ကျော်ကျော်ရှိလာပြီ ဖြစ်သာကြောင့် လူကြီးတစ်ယောက်၏မျက်နှာမျိုး၊ ခန္ဓာကိုယ်ဖြစ်စလာလေပြီ။

သို့သော်သူ့မျက်နှာမှာ တင်းမာပြတ်သားသောအသွင် မျိုး

သူ့ခန္ဓာကိုယ်မှာလည်း ကျစ်လျစ်သန်မာသော ခန္ဓာကိုယ်း မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ခန္ဓာကိုယ်ရုပ်သွင်က လူပျော့လူညံ့တစ်ယောက်လို ဖြစ်နေသည်။ ခန္ဓာကိုယ်က နွဲ့နွဲ့နှောင်းနှောင်း ခပ်ပိန်ပိန် ဖြစ်၏။

ချန်ဂူးဝမ်း ဆက်လက်ရေးခြစ်နေစဉ် သူတို့ထံသို့ ငွေဖျိုင်းဖြူဂိုဏ်း၏အုပ်ချုပ်ရေးမှူးကြီး ထုံဟူလူး ခပ်သွက်သွက်ရောက်လာလေသည်။

သူသည် ချန်ဂူးဝမ်းကို လှောင်ပြုံးပြုံး၍ တစ်ချက်ကြည့်ကာ လင်ချမ်းကျုံးရှေ့ကို လျှောက်လာပြီး ရပ်လိုက်၏။

ပြီးနောက် လက်ဖမိုးနှစ်ဘက်ကိုယှက်၍ ဦးညွှတ်အရိုအသေပေးလိုက်၏။

"ဘာများထူးလို့လဲ ထုံဟူလူး"

"ဌာနချုပ်မှာ မြို့စားကြီး ချိုကုဖိန်း ရောက်နေပါတယ် ဂိုဏ်းချုပ်ကြီး"

လင်ချမ်းကျုံးမျက်နှာ ရွှင်လန်းသွားပြီး....

"ဟော... မြို့စားကြီး ရောက်လာပြီလား၊ ဘယ်တုန်းကဘာ ရောက်လာတာလဲ"

"အခုကလေးတင်ပဲ ရောက်လာတာပါ ဂိုဏ်းချုပ်ကြီး။ ရောက်ရောက်ချင်း မြို့စားကြီးကို နေရာထိုင်ခင်းပေးပြီးတာနဲ့ အခု ဂိုဏ်းချုပ်ကြီးဆီကို လာပြီး အကြောင်းကြားတာပါ"

"အေး... ဒါဆို ငါအခုပဲ သွားလိုက်မယ်၊ မင်းက ဟိုကောင်နဲ့ အတူ ဒီမှာပဲ နေခဲ့ဦး"



"ဟုတ်ကဲ့"

"ဒီကောင် အခုရှုတ်နေတဲ့စကားတွေကို မိုးချုပ်တဲ့အထိ မနားတမ်းဆက်ပြီး ရှုတ်နေပေစေ၊ မိုးမချုပ်မချင်းမသွားစေနဲ့၊ ဒီကြား ထဲမှာ နားတာနဲ့ မှတ်လောက် သားလောက်အောင်ရိုက်ပေး"

"ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး၊ ပြီးရင် ဒီကောင့်ကို ဘယ်ခေါ် လာခဲ့ရမလဲ"

"ဌာနချုပ်ကိုပဲခေါ်လာ၊ မင်းရဲ့အခန်းထဲမှာပဲ ခေါ်ထား လိုက်၊ ပြီးရင် ငါနဲ့မြို့စားကြီးရှိတဲ့နေရာကို မင်းလာခဲ့၊ သူ့ကိုခေါ်မလာ နဲ့ အခန်းထဲမှာပဲ ပိတ်ထားခဲ့"

"ဟုတ်ကဲ့... ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး"

ထို့နောက် လင်ချမ်းကျုံးသည် ချန်ဂူးဝမ်းကို တစ်ချက်ကြည့် ကာ ဌာနချုပ်အဆောက်အအုံရှိရာသို့ ခပ်သွက်သွက် လျှောက်လာခဲ့ လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

## ရှေ့တစ်မျိုးနောက်တစ်ဖုံ

ငွေဗိုလ်ငွေ့ဗြူဂိုဏ်းဌာနချုပ် အဆောက်အအုံအတွင်းရှိ ဒ
သန့်ခန်းထဲသို့ လင်ချမ်းကျူးဝင်လိုက်သည်နှင့်စားသောက်ဖွယ်ရာ
ပြင်ဆင်ထားသော စားပွဲကြီး၏ဘေးရှိ ခုံများပေါ်တွင် လူကြီး
ယောက် ထိုင်နေကြသည်ကိုတွေ့ရလေသည်။

တစ်ဦးမှာ ချုံကင်းမြို့စားကြီး ချိုကုဖိန်းဖြစ်ပြီး တစ်ဦး
ချုံကင်းမြို့စားကြီး ချိုကုဖိန်း၏အပါးတော်မြဲ လူယုံတော်ကြီးရွှဲ့ဖူး
လေသည်။

လင်ချမ်းကျူး ဝင်လာသည်ကိုမြင်သည်နှင့် လူယုံတော်ကြီး
ရွှဲ့ဖူးကထ၍ ရပ်ပြီး လက်ဖမိုးနှစ်ဖက်ကိုယှက်ကာ နှုတ်ဆက်လိုက်
သည်။



မြို့စားကြီးချိုကုဖိန်းကမူ ထမရပ်ဘဲ ထိုင်လျက်မှပင် လင်ချမ်းကျူးကို လိုက်လိုက်လှဲလှဲ ပြုံးပြသည်။

လင်ချမ်းကျူးသည် မြို့စားကြီးချိုကုဖိန်း၏အနီးကို လျှောက်သွားပြီး လက်ဖမိုးနှစ်ဖက်ကိုယှက်၍ နှုတ်ဆက်စကားဆိုလိုက်သည်။

"ကျွန်တော့်စိတ်ထဲမှာ မြို့စားကြီး ဒီနေ့ရောက်လာလိမ့်မယ်လို့ ထင်မထားမိဘူး၊ မနက်စောစောမှပဲ ရောက်လာလိမ့်မယ်လို့ပဲ တွက်ထားတာ၊ ဒါကြောင့် မြို့စားကြီးကို ကျွန်တော်ကိုယ်တိုင်တောင် ထွက်ကြိုဖို့အခွင့်အရေးမရတော့ဘူး၊ ဒီအတွက် မြို့စားကြီးကို ကျွန်တော် တောင်းပန်ပါတယ်"

မြို့စားကြီး ချိုကုဖိန်းက ပြုံး၍ လက်ကာပြလိုက်ပြီး....

"ကိစ္စမရှိပါဘူး ဂိုဏ်းချုပ်ကြီးရယ်၊ ဂိုဏ်းချုပ်ကြီးဆီကို ကျုပ်ပို့လိုက်တဲ့ အကြောင်းကြားစာထဲမှာ ဒီကို မနက်ဖြန်မှ ကျုပ်ရောက်လာမယ်လို့ ပါတာပဲ၊ ဒီတော့ ဂိုဏ်းချုပ်ကြီးအနေနဲ့ ဒီနေ့လို ဖြုန်းစားကြီး ကျုပ်ရောက်လာလိမ့်မယ်လို့ ဘယ်ထင်ထားပါ့မလဲ၊ ကျုပ်ကို မကြိုနိုင်တဲ့အတွက် ကျုပ်စိတ်ထဲမှာ ဘယ်လိုမှသဘောမထားပါဘူး၊ ကျုပ်လဲ ဝမ်းသာစရာစကားလေးတွေကို ဂိုဏ်းချုပ်ကြီး ကြားရအောင် ပြောချင်လို့ သတ်မှတ်ထားတဲ့ရက်ထက်စောပြီး ရောက်အောင် လာခဲ့ရတာပဲ"

"ဘယ်လို ဝမ်းသာစရာစကားမျိုးလဲ မြို့စားကြီးခင်ဗျာ"

"ပြောတာပေါ့ ဂိုဏ်းချုပ်ကြီးရယ်၊ အေးအေးဆေးဆေး

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ပါဦး"

ထိုအခါမှ လင်ချမ်းကျိုးလည်း မြို့စားကြီး၏လူယုံတော်ကြီး ရွှဲဖူးကိုပြုံး၍ နှုတ်ဆက်လိုက်ပြီး မြို့စားကြီးချိုကုဖိန်းနှင့်မျက်နှာချင်း ဆိုင်တွင် ဝင်ထိုင်လိုက်သည်။ လူယုံတော်ရွှဲဖူးလည်း ပြန်ထိုင်သည်။

ယခုမှ လင်ချမ်းကျိုးသည် စားပွဲပေါ်မှ ပြင်ဆင်ထားသော စားသောက်ဖွယ်ရာများကို သေချာစွာ ကြည့်မိသည်။

မြို့စားကြီးနှင့် သူ့လူယုံတော်ကြီးနှစ်ယောက်စလုံး စားပွဲ ပေါ်မှ စားသောက်ဖွယ်ရာများကို လုံးလုံးမထိကိုင်ရသေးကြောင်း အိုးခွက်ပန်းကန် အနေအထားများကိုကြည့်၍ သိနိုင်လေသည်။

"အို... မြို့စားကြီးလဲ ဘာမှ မစားမသောက်ရသေးပါလား"

"ဂိုဏ်းချုပ်ကြီး ရောက်အလာကို ကျုပ်တို့စောင့်နေကြတာ ပါ"

"အားနာစရာတော့ ကောင်းနေပါပြီ၊ ကဲ... ကဲ... သုံး ဆောင်လိုက်ပါဦးခင်ဗျာ၊ အားပါးတရ သုံးဆောင်ကြပါ"

လင်ချမ်းကျိုးသည် ပြောပြောဆိုဆို သူကိုယ်တိုင် အရက် သုံးခွက်ကိုငှဲ့ထည့်၍ နှစ်ခွက်ကို မြို့စားကြီးနှင့်လူယုံတော်ကြီးတို့၏ လက်ထဲသို့ ကမ်းပေးသည်။

ပြီးနောက် သူသည် အရက်တစ်ငုံကို အလျှင်သောက်ပြီးမှ အရက်ခွက်ကို စားပွဲပေါ် ပြန်ချထားကာ မေးမြန်းခြင်းပြုသည်။

"နယ်စားကြီး စန့်ဟုမ်းယန်းနဲ့ပတ်သက်လို့ ဘယ်လိုများ သတင်းထူးပါသေးသလဲ မြို့စားကြီးခင်ဗျာ"

မြို့စားကြီး ချိုကုဖိန်းက လိုက်လှဲစွာ ပြုံးလိုက်ပြီး....

"ဟား... ဟား... ဟား... ဟား၊ ထူးပါဘိလားဗျာ၊ သိပ် ထူးတာပေါ့၊ နယ်စားကြီးရဲ့သတင်းသာ မဟုတ်ဘူး၊ ကျုပ်ရဲ့သတင်း လဲ သိပ်ပြီးထူးတယ်လေ၊ ဂိုဏ်းချုပ်ကြီးရဲ့"

"အမိန့်ရှိပါဦး မြို့စားကြီး"

"ကျုပ်နဲ့ဂိုဏ်းချုပ်ကြီးနဲ့ ပူးပေါင်းကြံစည်မှု၊ ပြီးတော့ ဂိုဏ်း ချုပ်ကြီးရဲ့ဆောင်ရွက်မှုကြောင့် နယ်စားကြီးဟာ အဆိပ်သင့်ဝေဒနာ ခံစားနေရပြီ"

"ဟင်... ဟုတ်လား မြို့စားကြီး"

"နယ်စားကြီးစားမယ့် အစာထဲကို ကျွန်တော်ဟာ အဆိပ် ခတ်နိုင်ခဲ့ပါတယ်၊ ချက်ချင်းသေစေနိုင်တဲ့ အဆိပ်မျိုးတော့ မဟုတ် ဘူး၊ ဒီအဆိပ်ကို အခတ်ခံရစဲ့သူဟာ တဖြည်းဖြည်း အဆိပ်ဒဏ် သင့်တဲ့ဝေဒနာမျိုးကို ခံစားလာရပြီး အဆိပ်ခတ်ခံရတဲ့ နေ့ကစပြီး လေးငါးလအတွင်းမှာ သေဆုံးသွားနိုင်ပါတယ်"

"ဒီလိုကြံစည်မှုကို မြို့စားကြီးနဲ့ကျွန်တော်တို့ တိုင်ပင်ပြီးမှ ကြံစည်ခဲ့ကြတာပဲ မဟုတ်လား"

"ဟား... ဟား... ဟား၊ ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီးရယ်၊ နယ်စားကြီးဟာ ကျုပ်နဲ့ဂိုဏ်းချုပ်ကြီးတို့အတွက် ကြီးစွာသော အ ဟန့်အတားကြီးတစ်ခုဖြစ်နေတယ် မဟုတ်လား၊ ဒါကြောင့် ဒီအ



www.burmeseclassic.com

www.burmeseclassic.com



ဟန့်အတားကြီးကို ဝိဝိရိရိနဲ့ ရှင်းပစ်ဖို့ ဂိုဏ်းချုပ်ကြီးကို ကျုပ် ဖြေ ခဲ့ရတာပေါ့"

"ကျွန်တော့်အနေနဲ့နယ်စားကြီးကို အဆိပ်ခတ်နိုင်ခဲ့ပေမယ့် အဲဒီအဆိပ်ရဲ့အစွမ်းသတ္တိကို တစ်ခါမှ ကြုံသိရသေးတာမဟုတ်ဘူး နယ်စားကြီးကို ပထမဦးဆုံးစပြီး စမ်းသပ်လိုက်တဲ့သဘောမျိုး တော့ ကျွန်တော်တို့ဖြစ်စေချင်တဲ့အတိုင်း ဖြစ်မှဖြစ်ပါ့မလားလို့ စိတ် တထင့်ထင့် ဖြစ်နေမိတာ၊ လူတစ်ယောက်ကို တုံးကန်းသေစေနိုင်တဲ့ အဆိပ်မျိုး သုံးလေးရက်အတွင်း သေစေနိုင်တဲ့အဆိပ်မျိုးတွေကိုသာ ကျွန်တော့်အနေနဲ့ ကိုယ်တွေ့စမ်းသပ်ခဲ့ဖူးတာ"

မြို့စားကြီးသည် သူ့ခွက်ထဲမှ အရက်တစ်ငုံကို မော့သော် ပြီးမှ....

"နယ်စားကြီးကို ဒီလိုအဆိပ်မျိုးတွေနဲ့ကြံစည်လို့ မဖြစ်ဘူး လေ၊ ဒီလိုအဆိပ်မျိုးတွေနဲ့ ကြံစည်ရင် နယ်စားကြီးအဆိပ်မိသွား တယ်ဆိုတာ သူ့လူတွေ သိသွားမယ်၊ ဘယ်လိုနေရာမျိုးမှာ ဘယ် ကျွေးတဲ့အစားအသောက်ကို စားသောက်မိလို့ ခုလိုအဆိပ်မိတာ ဆိုတာ ခြေရာခံလိုက်ကြရင် ဂိုဏ်းချုပ်ကြီးနဲ့ကျုပ်တို့ရဲ့လက်ချက် တာ သိသွားနိုင်တယ်၊ ဒါဆိုရင် ကျုပ်တို့ရဲ့အခြေအနေဟာ အရေး ကြီး ဆိုးရွားသွားနိုင်တယ်"

"ဒါတော့ ဟုတ်ပါတယ် မြို့စားကြီး"

"ဒါကြောင့်လဲ ကျုပ်ဟာ ကျုပ်လိုချင်တဲ့ အဆိပ်မျိုး



ဂိုဏ်းချုပ်ကြီး ဖော်စပ်နိုင်မလားလို့မေးပြီး ဂိုဏ်းချုပ်ကြီးကိုပဲ ကြံ စည်ခိုင်းရတာပဲပေါ့၊ ဂိုဏ်းချုပ်ကြီးရဲ့အဆိပ်ကလဲ ကျုပ်လိုချင်သလို တကယ်ပဲ စွမ်းနေပါတယ်၊ အခုဆိုရင် နယ်စားကြီး အဆိပ်ခတ်ခံရ တာ တစ်လနီးပါးရှိသွားပြီနော်"

"ဟုတ်ကဲ့ မြို့စားကြီး၊ ဒီနေ့ပါနဲ့ဆိုရင် တစ်လနီးပါး ရှိပါ သွားပါပြီ"

"အခုဆိုရင် နယ်စားကြီးဟာ အိပ်ရာပေါ်မှာ ဗုန်းဗုန်းလဲနေ ပြီ၊ လုံးလုံး လမ်းမလျှောက်နိုင်တော့ဘူး၊ အစားအသောက်ကိုတောင် ကောင်းကောင်း မစားသောက်နိုင်တော့ပါဘူး"

"ဟင်... ဟုတ်လား၊ ဒီအကြောင်းကို ကျွန်တော်လုံးလုံး မ သိသေးဘူး၊ အင်းလေ... မသိဆို စုံမှ မစုံစမ်းခဲ့ဘဲ"

"ဂိုဏ်းချုပ်ကြီးအနေနဲ့ နယ်စားကြီးအကြောင်းကို မစုံစမ်းဖို့ ကျုပ်မှာထားတာကလဲ အကြောင်းရှိနေလို့ပါ၊ နယ်စားကြီးရဲ့သတင်း ကို ဂိုဏ်းချုပ်ကြီးစုံစမ်းနေတယ်ဆိုတာသာ သူ့လူတွေ သိသွားရင် ဂိုဏ်းချုပ်ကြီးအပေါ် သင်္ကာမကင်းဖြစ်လာကြမှာ ကျုပ်က စိုးရိမ်လို့ ပါ"

"မှန်ပါတယ် မြို့စားကြီး၊ ဒါကြောင့်လဲ ကျွန်တော်မြို့စားကြီး ရဲ့စကားကိုနာခံပြီး နယ်စားကြီးရဲ့သတင်းကို မစုံစမ်းခဲ့ပါဘူး"

"နယ်စားကြီး အခုလို ဝေဒနာဖြစ်ပြီး အိပ်ရာပေါ်လဲနေ တယ်ဆိုတဲ့သတင်းကို အပြင်ဘက်မှာ လုံးလုံးမပေါက်ကြားအောင်

www.burmeseclassic.com

www.burmeseclassic.com



သူ့လူတွေက ဖုံးထားကြတယ်၊ နယ်စားကြီး ကျိတ်ပြီး ကုသနေကြတယ်၊ ဒါပေမယ့် အသက်ရှင်ဖို့မျှော်လင့်ချက်တော့ လုံးလုံးမရှိတော့ပါဘူးလေ"

"သေချာရဲ့လား မြို့စားကြီး"

လင်ချမ်းကျူးက ဝမ်းသာအားရ မေးလိုက်သည်။

မြို့စားကြီး ချီကုဖိန်းသည် ပြုံး၍ခေါင်းညိတ်ပြီး....

"သိပ်ပြီး သေချာတာပေါ့ ဂိုဏ်းချုပ်ကြီး၊ လွန်ခဲ့တဲ့လေးငါးရက်က နယ်စားကြီးဆီ ကျုပ်ကိုယ်တိုင်ရောက်သွားခဲ့တယ်၊ နယ်စားကြီးရဲ့အထူးသမားတော်ကြီးက ကျုပ်ကိုတိုးတိုးပြောလိုက်တဲ့စကားပဲ၊ နယ်စားကြီးဟာ လေးငါးလပြည့်အောင်တောင်ခံတော့မှာ မဟုတ်ဘူးတဲ့"

"နယ်စားကြီး အဆိပ်မိခံရတယ်ဆိုတာကော သူ့ရဲ့သမားတော်ကြီးတွေက သိကြသလား"

"လုံးလုံး မသိကြဘူး ဂိုဏ်းချုပ်ကြီး၊ နယ်စားကြီးဟာ အဆိပ်မိခံရတဲ့လက္ခဏာမျိုး လုံးလုံးမပြလို့ဘဲ၊ သမားတော်ကြီးတွေကတော့ နယ်စားကြီးဟာ စိတ်ထိခိုက်စရာ တစ်ခုခုနဲ့ ကြုံတွေ့ခဲ့ရလို့ သူ့ခန္ဓာကိုယ်ထဲက သွေးကြောတချို့ပြတ်ကုန်တယ်လို့ ဝေဖန်ကြတယ်"

"ဟား... ဟား.... ဟား"

လင်ချမ်းကျူးက သဘောကျစွာဖြင့် အားပါးတရ ရယ်မောလိုက်သည်။



အရက်ခွက်ငှဲ့ထည့်ပြီး တစ်ရှိန်ထိုးလည်း မော့သောက်လိုက်သည်။

ပြီးမှ မြို့စားကြီးနှင့် လူယုံတော်ကြီးတို့ကိုလည်း ပြောဆိုတိုက်တွန်းသည်။

"ကဲ... မြို့စားကြီးနဲ့လူယုံတော်ကြီးတို့လဲ စိတ်တိုင်းကျ စားသောက်ကြပါဦး၊ ကျွန်တော်တို့ရဲ့ကြံစည်မှုကြီး အောင်မြင်တဲ့အထိမ်းအမှတ်ပေါ့"

မြို့စားကြီး ချီကုဖိန်းနှင့် လူယုံတော်ကြီး ရွှဲ့ဖူးတို့လည်း စတင်စားသောက်ကြလေသည်။

သူတို့ရှိသော သီးသန့်ခန်းထဲသို့ အုပ်ချုပ်ရေးမှူးကြီး ထုံဟူလူးတစ်ယောက်မှလွဲပြီး မည်သူမှ ဝင်ခွင့်မရှိချေ။

ထို့ကြောင့် လွတ်လပ်စွာ ပြောဆိုတိုင်ပင်နိုင်သည်။

သူတို့သည် နယ်စားကြီးကို လုပ်ကြံရန် အစီအစဉ်ကိုလည်း သီးသန့်ခန်းထဲတွင်ပင် တိုင်ပင်ဆွေးနွေးခဲ့ကြသည်။

ထိုအကြံအစည်ကို လင်ချမ်းကျူး၊ အုပ်ချုပ်ရေးမှူးကြီး ထုံဟူလူး၊ ချူကင်း မြို့စားကြီး ချီကုဖိန်းနှင့် လူယုံတော်ကြီး ရွှဲ့ဖူးတို့လေးယောက်သာ သိကြသည်။

အခြားမည်သူ တစ်ဦးတစ်ယောက်ကိုသော်မှ အသိမပေးခဲ့ကြချေ။

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီး ချီကုဖိန်း အုပ်ချုပ်ရသော ချုံကင်းမြို့ကား စီးချွမ်းပြည်နယ်ကြီး၏ မြို့တော်ဖြစ်၏။

စီးချွမ်းပြည်နယ်တွင် အများဆုံးလူဦးရေနှင့် အကြီးဆုံးမြို့ကြီးလည်း ဖြစ်သည်။

စီးချွမ်းပြည်နယ်တွင် မြို့စားကြီးများ များစွာရှိသည်။

ထိုမြို့ စားကြီးများအနက် ချုံကင်းမြို့တော်ကို အုပ်ချုပ်ရသော မြို့စားကြီး ချီကုဖိန်းမှာ အခြားမြို့စားကြီးများထက် တန်ခိုးအာဏာ ထက်သည်။

နယ်စားကြီးပြီးလျှင် စန့်ဟုမ်းယန်းကွယ်လွန်လျှင် နယ်စားကြီးရာထူးကို မြို့စားကြီးချီကုဖိန်းပင် ရနိုင်သည်ဟုလည်း သတင်းထွက်နေကြသည်။

ထိုသတင်း စတွက်ကတည်းက ချီကုဖိန်းသည် နယ်စားကြီးဖြစ်လိုစိတ် ပေါ်ပေါက်လာသည်။

နယ်စားကြီး ဖြစ်လိုရခြင်းမှာလည်း သူ့တွင်အကြောင်း ရှိသည်။

သူသည် စီးချွမ်းပြည်နယ် နယ်စားကြီးဖြစ်လာလျှင် စီးချွမ်းပြည်နယ်ကြီးတွင် သူလုပ်ချင်ရာလုပ်၍ ရတော့မည်ဖြစ်၏။

တကယ်တော့မူ မြို့စားကြီးချီကုဖိန်းသည် လိုချင်လောဘကြီးသူဖြစ်၏။

ငွေကြေး ကြွယ်ဝမှု၊ စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာမှုနှင့်



ထူးဂုဏ်သိမ်ကြီးမြင့်မှုကို လိုချင်တပ်မက်မောသူဖြစ်၏။

ထို့ကြောင့် သူသည် မြို့စားကြီးဘဝမှာပင် နယ်စားကြီးမသိစေရန် မသမာသောနည်းများဖြင့် တိတ်တဆိတ် ငွေရှာခဲ့သည်။

အင်အားကြီးသော လင်ချမ်းကျုံးတို့လို လူမျိုးများဖြင့်လည်း တိတ်တဆိတ်ပူးပေါင်း၍ မကောင်းသောလုပ်ငန်းများကို လုပ်ကိုင်ခဲ့ရသည်။

သူ့အမိန့်အာဏာဖြင့် သူနှင့်ပတ်သက်ရာပတ်သက်ကြောင်းကောင်းသော ဒုစရိုက်သမားများကို အကာအကွယ်ပေးခဲ့၏။

စီးချွမ်းပြည်နယ် နယ်စားကြီး စန့်ဟုမ်းယန်းကမူ ပြည်သူ့အကျိုးကိုသာ ဆောင်ရွက်နေသူဖြစ်၏။

သူ့ပြည်နယ်ကြီးအတွင်းတွင် ရပ်ရွာအေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒုစရိုက်မှုများကျဆင်းရေး၊ ဒုစရိုက်သမားများကိုနှိမ်နင်းရေးအတွက်သာ ဆောင်ရွက်နေသူ ဖြစ်၏။

ပြီးတော့ တာဝန်နဲ့ ဝတ္တရားကိုလည်း ပြတ်သားတိကျစွာ ကိုက်နာဆောင်ရွက်သူဖြစ်၏။

သူ၏သွေးသားရင်းချာပင် ဖြစ်ပါစေ ကောင်းလျှင်ကောင်းသလို ချီးမြှင့်မြှောက်စားခဲ့ပြီး မကောင်းလျှင် မကောင်းသလို ပြတ်သားစွာ အပြစ်ပေးခဲ့သူဖြစ်၏။

ထို့ကြောင့် မြို့စားကြီး ချီကုဖိန်းသည် သူ၏တိတ်တဆိတ်လုပ်ရပ်များကို နယ်စားကြီး စန့်ဟုမ်းယန်းသိမှာ စိုးရိမ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



နယ်စားကြီးသာ သူ၏လုပ်ရပ်အမှန်များကို သိသွားပါက အခြေအနေသည် နေ့ချင်းညချင်း ဆိုးရွားသွားနိုင်လေသည်။

ထိုအခါ သူသည် နယ်စားကြီးကို ရှင်းလင်းသုတ်သင်ပစ်ရန် ကြံစည်အားထုတ်ရတော့သည်။

နယ်စားကြီးသာ သေဆုံးသွားပါက သူသည် ကံကောင်းလျှင် ၎င်းနယ်စားကြီး၏နေရာကိုပင် ရချင်ရနိုင်သည်။

အကယ်၍ သူသည် နယ်စားကြီးအဖြစ် မရနိုင်ပါကလည်း နောက်ရောက်လာမည့် နယ်စားကြီးအသစ်ကို သူ့လူဖြစ်အောင် စည်းရုံးနိုင်မည်ဖြစ်၏။

ဤနယ်မြေမှာ သူကျွမ်းကျင်သော နယ်မြေဖြစ်သောကြောင့် နောက်ရောက်လာမည့်နယ်စားကြီးကို သူစည်းရုံး၍ ရလိမ့်မည်ဟု သေချာပေါက်ပင် တွက်ဆထားသည်။

ထို့နောက် မြို့စားကြီး ချီကုဖိန်းသည် သူ၏ကြံစည်မှုကို အကောင်အထည်ဖော်ရန်အတွက် လူရှာလိုက်သောအခါ ငွေဖျိုင်းဖြူဂိုဏ်း၏ယာယီဂိုဏ်းချုပ်ကြီး လင်ချမ်းကျုံးကို တွေ့ရလေတော့သည်။

လင်ချမ်းကျုံးသည်လည်း နယ်စားကြီး နောက်ကွယ်တွင် မကောင်းမှု ဒုစရိုက်များကို သူ့လိုပင် လုပ်ရှားနေသူ မဟုတ်ပါလား။



## အခန်း(၁၂)

## နောက်ခုနစ်လ

လင်ချမ်းကျုံးနှင့် မြို့စားကြီးချီကုဖိန်းတို့သည် လွန်ခဲ့သောငါးနှစ်ကျော်လောက်ကမှ စတင်သိကျွမ်းခဲ့ရပြီး တစ်ဦး၏လုပ်ရပ်များကိုလည်း တစ်ဦးက သိလာခဲ့ကြရ၏။

သူတို့နှစ်ဦးစလုံးအတွက် နယ်စားကြီးမှာ ကြီးစွာသော အနှောင့်အယှက် အဟန့်အတား ဖြစ်နေရသည်။

နယ်စားကြီး စန့်ဟုမ်းယန်းသည် ကွယ်လွန်သွားပြီဖြစ်သော သူ၏မိတ်ဆွေ ချန်စီးလင်း၏သား ချန်ဝူးဝမ်းကို ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် ဆက်ခံစေချင်သည်။

လင်ချမ်းကျုံးကမူ သူသာလျှင် ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးဘဝကို သူ့တစ်သက်တာသာမက သူ့သားစဉ်မြေးဆက်တိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဆက်ခံချင်သည်။

သို့သော် စီးချမ်းပြည်နယ်တွင် နယ်စားကြီး စန့်ဟုမ်းယန်း မှာ အာဏာအရှိဆုံး ပုဂ္ဂိုလ်ဖြစ်သောကြောင့် သူသည် နယ်စားကြီး စန့်ဟုမ်းယန်းကို ပြောင်းပြောင်းတင်းတင်း မဆန့်ကျင်ရဲချေ။

နယ်စားကြီး စန့်ဟုမ်းယန်းသာ မရှိလျှင် သူ့အကြံအစည် များ လွယ်လွယ်ကူကူ အောင်မြင်နိုင်ကြောင်း လင်ချမ်းကျုံးသိသည်

သူသည်လည်း နယ်စားကြီး စန့်ဟုမ်းယန်းကို သေစေချင် သည်။

ထို့ကြောင့် လင်ချမ်းကျုံးနှင့်မြို့စားကြီး ချီကုဖိန်းတို့သည် နယ်စားကြီး စန့်ဟုမ်းယန်းအား သုတ်သင်နိုင်ရေးအတွက် ပူးပေါင်း ကြံစည်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်၏။

သူတို့အကြံအစည်အောင်မြင်၍ နယ်စားကြီးသာ သေဆုံး သွားပါက တစ်ဦးကိုတစ်ဦးက မည်ကဲ့သို့သော ကူညီမှုမျိုးများပေး မည်ဖြစ်ကြောင်းကိုလည်း အပြန်အလှန် ကတိစကားထားခဲ့ကြ သည်။

ယခုတော့ နယ်စားကြီး စန့်ဟုမ်းယန်းသည် သူတို့ဖြစ်စေ ချင်သလို ဖြစ်ရတော့မည်ဖြစ်၏။

သေမင်းနိုင်ငံကို ခြေတစ်လှမ်းလှမ်း နေရပြီဖြစ်၏။

ထို့အတွက် လင်ချမ်းကျုံးသည် လွန်စွာ ဝမ်းမြောက်ဝမ်း သာ ဖြစ်နေသည်။



"ကျွန်တော်တော့ နယ်စားကြီးရဲ့သတင်းကိုကြားရတော့ မြို့ စားထက် ပိုပြီး ဝမ်းသာမိတယ် ထင်ပါတယ်"

လင်ချမ်းကျုံးသည် ခွက်ထဲသို့ အရက်ကိုငှဲ့ထည့်ရင်းမှပြော လိုက်ရာ မြို့စားကြီးက မျက်မှောင်တစ်ချက်ကြုတ်သွားပြီးမှ....

"ဘာဖြစ်လို့များလဲ ဂိုဏ်းချုပ်ကြီးရဲ့"

"မြို့စားကြီး စဉ်းစားကြည့်လေ၊ နယ်စားကြီး မရှိရင် ကျွန် တော်ရော မြို့စားကြီးရဲ့ဘဝပါ တိုးတက်လာမယ်ဆိုတော့ ဒီလိုဝမ်း သာပုံချင်းကတော့ အတူတူပါပဲ၊ ကျွန်တော်က ပိုပြီး ဝမ်းသာရတဲ့အ ကြောင်းကတော့ နယ်စားကြီးကို ပထမဦးဆုံး စမ်းသပ်လိုက်တဲ့ ကျွန် တော့်ရဲ့အဆိပ်ဆေးဟာ လိုချင်တဲ့အတိုင်းအတာအတိုင်း အံဝင်ခွင် ကျဖြစ်လာလို့ပါပဲ"

"ဟား... ဟား... ဟား၊ ကျုပ်ကတော့ ကျုပ်တို့အကြံအ စည် အောင်မြင်တဲ့အတွက် ဂိုဏ်းချုပ်ကြီးထက် ကျုပ်က ပိုပြီး ဝမ်း သာတယ်လို့ပဲ ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဂိုဏ်းချုပ်ကြီးမသိ သေးတဲ့အကြောင်းတစ်ကြောင်း ကျုပ်မှာ ရှိနေလို့ပဲ"

"ဟင်... ဘယ်လိုအကြောင်းများလဲ မြို့စားကြီး"

"အခု ကျုပ်ဟာ ဒုတိယနယ်စားကြီး ဖြစ်သွားပြီလေ"

"ဗျာ...."

"ဟား... ဟား... ဟား၊ ဂိုဏ်းချုပ်ကြီး သိပ်ပြီး အံ့ဩသွား သလား၊ ဒီသတင်းကို ဂိုဏ်းချုပ်ကြီးကြားစေချင်လို့ တစ်ရက်စောပြီး

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် လာခဲ့တာပေါ့"

"ကျွန်တော့်ကို အကျိုးအကြောင်းရှင်းပြပါဦး မြို့စားကြီး"

"ကျုပ် ဒီကိုမလာခင် တစ်ရက်လောက်အလိုက ကျုပ်ဆီကို ဘုရင်မင်းမြတ်ဆီက အမိန့်စာရောက်လာတယ်လေ၊ အမိန့်စာနဲ့အတူ ရာထူးခန့်အပ်လွှာလဲ ပါလာတယ်၊ ခုချိန်မှာ နယ်စားကြီးဟာ အိပ်ရာပေါ်မှာ ဗုန်းဗုန်းလဲပြီး သူ့ရဲ့တာဝန်တွေကို မထမ်းဆောင်နိုင်တော့ဘူး မဟုတ်လား"

"ဟုတ်ကဲ့"

"ဘုရင်မင်းမြတ်ရဲ့အမိန့်စာထဲမှာ ပါတာကတော့ နယ်စားကြီးဟာ တာဝန်နဲ့ဝတ္တရားကိုပြန်ပြီး မထမ်းဆောင်နိုင်သေးခင် ကာလအတွင်းမှာ ကျုပ်ဟာ ချုံကင်းမြို့စားကြီးတာဝန် ဝတ္တရားအပြင် စီးချမ်းပြည်နယ် နယ်စားရဲ့တာဝန်ဝတ္တရားတွေကိုပါ ပူးတွဲဆောင်ရွက်ရမယ်လို့ ပါတယ်၊ ခန့်အပ်လွှာကတော့ ကျုပ်ကို ဒုနယ်စားကြီးအဖြစ် ခန့်အပ်လွှာပဲ"

လင်ချမ်းကျုံးသည် ဝမ်းသာအယ်လဲ ထိုင်ရာမှ ထရပ်ကာ လက်ဖမိုးနှစ်ဖက်ကိုယှက်၍ မြို့စားကြီးချိကုဖိန်းကို အရိုအသေပြုလိုက်သည်။

"ခုလို သတင်းကောင်းကြားရတဲ့အတွက် ကျွန်တော် ဖော်ပြနိုင်လောက်အောင် ဝမ်းသာမိပါတယ် မြို့စား... အဲ... နယ်စားကြီးခင်ဗျာ"



"ဟား... ဟား... ဟား... ဟား"

လင်ချမ်းကျုံးသည် မြို့စားကြီးဟု ခေါ်မည်ပြုပြီးမှ အခြေအနေကိုတွေးမိကာ နယ်စားကြီးဟု ချက်ချင်း ပြောင်း၍ခေါ်လိုက်သည်။

ချုံကင်းမြို့စားကြီး(သို့မဟုတ်) စီးချမ်းပြည်နယ်၏ဒုနယ်စားကြီး ချိကုဖိန်းသည်လည်း လင်ချမ်းကျုံး၏အခေါ်အဝေါ်ပြောင်းသွားခြင်းအတွက် သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား... ဟား... ဟား၊ ကျုပ်ကို ဒီလောက်အထိ ဂါရဝပြုဖို့ မလိုပါဘူး ဂိုဏ်းချုပ်ကြီးရယ်၊ ကျုပ် အခုလို ဖြစ်လာရတာ ဂိုဏ်းချုပ်ကြီးရဲ့ကျေးဇူးက အဓိကရှိနေပါတယ်၊ ကဲပါဗျာ... ထိုင်ပါ"

လင်ချမ်းကျုံးလည်း ပြန်ထိုင်လိုက်သည်။ သူ့မျက်နှာက တကယ်ပင် ဝမ်းသာအယ်လဲ ဖြစ်နေသည်။

နယ်စားကြီး စန့်ဟုမ်းယန်းသာ သေဆုံးသွားပြီး သူနှင့်ကြံစည်ဖော် ချိကုဖိန်းလိုလူမျိုးသာ နယ်စားကြီးဖြစ်လာပါက သူလည်း စီးချမ်းပြည်နယ်တွင် လုပ်ချင်ရာလုပ်၍ ရနိုင်တော့မည်။

ငွေဖျိုင်းဖြူဂိုဏ်းကြီး၏ရာသက်ပန် ဂိုဏ်းချုပ်ကြီးအဖြစ်လည်း မလွဲမသွေ ရရှိနိုင်တော့မည်ဖြစ်၏။

"ဒီအတိုင်းဆို နယ်စားကြီး စန့်ဟုမ်းယန်းသာ သေသွားရင် စီးချမ်းပြည်နယ်ရဲ့နယ်စားကြီးဟာ မြို့စားကြီး အဲ... နယ်စားကြီးပဲ ဖြစ်ဖို့သေချာတယ်"

www.burmeseclassic.com

www.burmeseclassic.com



ယာယီနယ်စားကြီး ချီကုဖိန်းက ခေါင်းတဆတ်ဆတ်ညိတ်၍....

"အိမ်း... အခုမဲ ကျုပ်ကို ဒုနယ်စားကြီးအဖြစ် ခန့်အပ်တယ်ဆိုတော့ နယ်စားကြီးသာ သေသွားရင် ကျုပ်လဲ နယ်စားကြီးနေရာမှာရဖို့ သေချာနေပါတယ်၊ ပြီးတော့ နယ်စားကြီးဟာ မလွဲမသွေသေတော့မှာပဲ မဟုတ်လား"

"ကဲ... ကဲ... နယ်စားကြီးသာ စီးချွမ်းပြည်နယ်ရဲ့အမြဲတမ်းနယ်စားကြီးဖြစ်သွားရင် ကျွန်တော့်ကိုလဲ ချီးမြှင့်မြှောက်စားပါဦး ခင်ဗျာ"

"စိတ်ချပါ ဂိုဏ်းချုပ်ကြီးရယ် စိတ်ချစမ်းပါ၊ ဂိုဏ်းချုပ်ကြီးနဲ့ကျုပ်ဟာ ကြံစည်ဖော် ကြံစည်ဘက်တွေပဲ၊ ဂိုဏ်းချုပ်ကြီးကို ကျုပ်ပစ်မထားပါဘူး၊ ရွှေမြင့်တော့ ကြာတင့်ရမှာပေါ့ဗျာ၊ ဟား... ဟား... ဟား"

"ဟဲ... ဟဲ... ဟဲ ကျေးဇူးပါပဲ နယ်စားကြီးခင်ဗျာ၊ ကျေးဇူးပါပဲ၊ ခုလိုစကားမျိုး ကြားရတာ ကျွန်တော်သိပ်ပြီး ဝမ်းသာအားတက် သွားပါပြီ၊ ကဲ... သုံးဆောင်လိုက်ပါဦးခင်ဗျာ၊ သုံးဆောင်လိုက်ပါဦး"

လင်ချမ်းကျုံးသည် စားဖွယ်ရာများကို ဒုနယ်စားကြီး ချီကုဖိန်းဘက်သို့ တွန်းပို့ပေးသည်။

ချီကုဖိန်းနှင့် ရွှဲ့ဖူးတို့၏ခွက်များထဲသို့လည်း အရက်များကို ငှဲ့ထည့်ပေးသည်။

ဒုနယ်စားကြီး ချီကုဖိန်းကလည်း အသားကြော်တစ်ဖတ်ကိုတူနှင့်ညှပ်၍ ဝါးလိုက်ပြီး အရက်ကို တစ်ငုံလောက် သောက်လိုက်သည်။

ပြီးမှ သူသည် လင်ချမ်းကျုံးကို လေးလေးနက်နက် အမူအရာဖြင့် မေးမြန်းသည်။

"ဒါနဲ့ နေပါဦး ဂိုဏ်းချုပ်ကြီး၊ ချန်ဂူးဝမ်း အသက်ဆယ့်ရှစ်နှစ်ပြည့်ဖို့ ဘယ်လောက်လိုသေးလဲ"

လင်ချမ်းကျုံးက ခေတ္တမျှ စဉ်းစားလိုက်ပြီး....

"ခုနစ်လကျော်ကျော်လောက်ပဲ လိုပါတော့တယ် နယ်စားကြီး"

"ဒါဆို သိပ်ပြီး မလိုတော့ဘူးပေါ့၊ သတ်မှတ်ထားတဲ့စည်းတမ်းချက်အတိုင်းဆိုရင်တော့ ချန်ဂူးဝမ်း အသက်ဆယ့်ရှစ်နှစ်ပြည့်တဲ့နေ့မှာ သူ့ကို ငွေဖျိုင်းဖြူဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးအဖြစ် လွှဲပြောင်းပေးရမယ်နော်"

"မှန်ပါတယ် နယ်စားကြီး"

"ဂိုဏ်းချုပ်ကြီးအနေနဲ့ ချန်ဂူးဝမ်းကို ဂိုဏ်းချုပ်ကြီးအဖြစ် လွှဲအပ်မပေးဘဲ အခုအတိုင်းပဲ ဂိုဏ်းချုပ်ကြီးက ဆက်ပြီး ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် ဆက်ခံပါလား"

"အခုလို ကျွန်တော် ဖွတ်မလုပ်တာက နယ်စားကြီး စန့်



www.burmeseclassic.com

www.burmeseclassic.com



ဟုမ်းယန်းကြောင့်ပါ”

“နယ်စားကြီး စန့်ဟုမ်းယန်းဟာ လူ့လောကမှာ နောက်ထပ် သုံးလေးလပဲ အသက်ရှင်နေနိုင်တော့မှာပါ၊ အခုလဲ နယ်စားကြီးဟာ အိပ်ရာပေါ်က လုံးလုံးမထနိုင်တော့ဘူး၊ ပြီးတော့ ကျုပ်ဟာ ဒုနယ်စားကြီးဖြစ်သွားပြီ မဟုတ်လား၊ ဒီတော့ ဂိုဏ်းချုပ်ကြီးအနေနဲ့ ချန်ဂူးဝမ်းကိစ္စကို လုံးလုံးစဉ်းစားမနေပါနဲ့တော့၊ ဒီကောင့် ဆယ့်ရှစ်နှစ်ပြည့်ရင်လဲ ဂရုစိုက်ပြီး လွှဲပေးမနေနဲ့ ပြောင်ပြောင်တင်းတင်းပဲ ငွေဗျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် ဂိုဏ်းချုပ်ကြီးကပဲ ဆက်ခံပေါ့၊ ဒါမှ မဟုတ်ရင်လဲ ဒီကောင့်ကို အခုကတည်းက သတ်ပစ်လိုက်”

“ဒီကောင့်ကို ကျွန်တော် သတ်ပစ်ချင်နေတာ ကြာပါပြီ၊ ဒါပေမယ့် နယ်စားကြီး စန့်ဟုမ်းယန်းက ဒီကောင်သေရင် ကျွန်တော်ရဲ့တာဝန်ပဲလို့ အကျပ်ကိုင်ခဲ့လို့ ကျွန်တော် မသတ်ဖြစ်ခဲ့တာပါ”

“ဒါဆိုရင် နယ်စားကြီး စန့်ဟုမ်းယန်းဟာ သုံးလေးလပဲ အသက်ရှင်တော့မှာပဲ၊ နယ်စားကြီး စန့်ဟုမ်းယန်းသေမှပဲ ဒီကောင့်ကို သတ်လိုက်ပေါ့၊ ဒီအချိန်မှာ ဒီကောင့်အသက်ဆယ့်ရှစ်နှစ်ပြည့်ဖို့ သုံးလေးလလောက် လိုဦးမယ်မဟုတ်လား”

လင်ချမ်းကျူးက စဉ်းစဉ်းစားစားနှင့်ခေါင်းကို ခါယမ်းလိုက်ပြီး....

“ဒီကောင့် အသက်ဆယ့်ရှစ်နှစ်ပြည့်ကာနီး သုံးလေးလအလိုကျမှ ဒီကောင့်ကို သတ်လို့လဲ မဖြစ်ဘူးနယ်စားကြီး”



“ဘာဖြစ်လို့လဲ၊ ဒီအချိန်မှာ နယ်စားကြီး စန့်ဟုမ်းယန်းသေပြီပဲ၊ ကျုပ်လဲ နယ်စားကြီးဖြစ်ချင် ဖြစ်နေမှာပါ၊ ဂိုဏ်းချုပ်ကြီးအနေနဲ့ ဘယ်သူ့ကိုမှမှုစရာ မလိုတော့ပါဘူး”

“ချန်ဂူးဝမ်း အသက်ဆယ့်ရှစ်နှစ်ပြည့်ဖို့ သုံးလေးလအလိုလောက်မှာ အသတ်ခံရရင် ကျွန်တော့်လက်ချက်ပဲဆိုတာ သိသာနိုင်ပါတယ်”

“သိသာတော့ကော ဘာဖြစ်သလဲ၊ ဒီအချိန်မှာ ဂိုဏ်းချုပ်ကြီးကိုအရေးယူမယ့် နယ်စားကြီး စန့်ဟုမ်းယန်းမှရှိတော့မှာ မဟုတ်ဘဲ”

“ဒါပေမယ့် သိုင်းလောကမှာ အင်အားအကြီးမားဆုံး ဂိုဏ်းကြီးတွေဖြစ်တဲ့ ရှောင်လင်ဂိုဏ်းတို့ ဟူတန်းဂိုဏ်းတို့က ကျွန်တော်တို့ပြဿနာ ရှာကြတော့မယ်၊ သူတို့လို အင်အားကြီးမားတဲ့ ဂိုဏ်းကြီးတွေက ပြဿနာရှာလာရင် ကျွန်တော်တို့လို ဂိုဏ်းမျိုးက ခံနိုင်မှာ မဟုတ်ဘူး”

“ကျုပ်တော့ ဂိုဏ်းချုပ်ကြီးရဲ့စကားကို နားမလည်ဘူး၊ ကျုပ် နားရှင်းအောင် ပြောစမ်းပါဦး”

“ချန်ဂူးဝမ်းရဲ့အဖေ ဂိုဏ်းချုပ်ကြီး ချန်စီးလင်း သေဆုံးကာနီးတုန်းက ဂိုဏ်းချုပ်ကြီးရဲ့အနားမှာ နယ်စားကြီး စန့်ဟုမ်းယန်းသာ မကပဲ ရှောင်လင်ဂိုဏ်းတော်ကြီးရဲ့ ဂိုဏ်းချုပ်ဆရာတော်ကြီးရယ် ဟူတန်းဂိုဏ်းက ဂိုဏ်းချုပ်ကြီးရယ်ပဲ ရှိနေကြတယ်”

www.burmeseclassic.com

www.burmeseclassic.com



“ဟင်... ဟုတ်လား၊ ဒီအကြောင်းကို ခုမှပဲ ကျုပ်သိရတော့တယ်၊ အင်း... ဆက်ပြောစမ်းပါဦး”

“ဂိုဏ်းချုပ်ကြီးက သူ သေဆုံးသွားတဲ့အခါ ကျုပ်ကိုငွေဗျိုင်းဖြူဂိုဏ်းရဲ့ ယာယီဂိုဏ်းချုပ်ကြီးအဖြစ် ဆက်ခံဖို့ သူ့သား ချန်ဝူးဝမ်း ဆယ့်ရှစ်နှစ်တင်းတင်း ပြည့်တဲ့နေ့မှာ ငွေဗျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် လွှဲအပ်ပေးဖို့ အားလုံးရဲ့ရှေ့မှာ မှာကြားခဲ့တယ်၊ ပြီးတော့ ရှောင်လင်ဂိုဏ်းချုပ် ဆရာတော်ကြီးရဲ့လက်ထဲကိုလဲ ရှင်ရှန်းသိုင်းကျမ်းစာအုပ်ကို အပ်နှံခဲ့တယ်”

“ဟင်... ရှင်ရှန်း သိုင်းကျမ်းစာအုပ် ဟုတ်လား၊ ဘယ်သူ့ရဲ့ သိုင်းကျမ်းလဲ၊ ဒီအကြောင်းကို ကျုပ် မသိပါလား”

“ရှင်ရှန်း သိုင်းကျမ်းဟာ ဂိုဏ်းချုပ်ကြီး ချန်စီးလင်းတို့ မိဘဘိုးဘွား အစဉ်အဆက်ပိုင်ဆိုင်ခဲ့တဲ့ ထက်မြက်လှတဲ့သိုင်းကွက်တွေပါတဲ့ သိုင်းကျမ်းကြီးပဲ နယ်စားကြီး”

“အင်း... ချန်မျိုးဆက်ရဲ့သိုင်းကျမ်းဆိုတော့ တကယ့်ကို ထက်မြက်တဲ့သိုင်းကွက်တွေ ပါမှာ အမှန်ပဲ၊ နေပါဦး၊ ချန်စီးလင်းက သူတို့မျိုးဆက်ကိုင်လာတဲ့ ဒီရှင်ရှန်းသိုင်းကျမ်းကို ဘာဖြစ်လို့ ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီးဆီမှာ အပ်ခဲ့ရတာလဲ”

“သိုင်းလောကမှာ ရှောင်လင်ဂိုဏ်းတော်ကြီးဟာ အမှန်တရားကို ရှေ့အရှုဆုံးဂိုဏ်း၊ ပြီးတော့ သိုင်းဂိုဏ်းအားလုံးရဲ့ထိပ်ဆုံးမှာ ရပ်တည်နေတဲ့ ဂိုဏ်းတော်ကြီးဖြစ်လို့ ဂိုဏ်းချုပ်ကြီး ချန်စီးလင်းဟာ



သူတို့မျိုးဆက်ရဲ့သိုင်းကျမ်းတော်ကြီးကို ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီးရဲ့လက်မှာ ယုံယုံကြည်ကြည်နဲ့အပ်နှံခဲ့တာပါပဲ နယ်စားကြီး၊ ဒီအချိန်တုန်းက ချန်ဝူးဝမ်းကလေးလဲ အသက်ခုနစ်နှစ်အရွယ်ပဲ ရှိသေးတော့ သားကိုပေးရမှာလဲ စိတ်မချဘူး”

“ဒါဆိုလဲ ဂိုဏ်းချုပ်ကြီးကိုပဲ ပေးသွားရမှာပေါ့၊ ဂိုဏ်းချုပ်ကြီးအနေနဲ့ သူ့သား ချန်ဝူးဝမ်းကိုတောင် စောင့်ရှောက်ရဦးမှာ မဟုတ်လား”

“မှန်တော့ မှန်ပါတယ် နယ်စားကြီး၊ ဘာသဘောနဲ့ ကျွန်တော့်လက်ထဲကို မပေးခဲ့တာလဲတော့ ခုချိန်ထိ ကျွန်တော်လဲ တွေးလို့မရဘူး”

“ထားပါတော့လေ ဆက်ပြောပါဦး၊ ချန်ဝူးဝမ်းကို ဘယ်လို အရည်အချင်းမျိုးတွေနဲ့ ပြည့်စုံနေမှ ငွေဗျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် လွှဲအပ်ရမှာလဲ”

“တွေးခေါ် မြော်မြင်တတ်တဲ့ဉာဏ် ရှိရမယ်၊ ပြီးတော့ အသက်ဆယ့်ရှစ်နှစ်အတွင်းမှာ မဟုတ်မတရားတဲ့ အလုပ်ဆိုလို့ တစ်ခုတစ်လေမှ မလုပ်ရဘူး၊ ဒီအချက် နှစ်ချက်အနက် ပထမအချက် ချွတ်ယွင်းရင်တောင် ခြွင်းချက်ထားလို့ရတယ်၊ အဲ ဒုတိယအချက်ကို ကျူးလွန်ရင်တော့ ဂိုဏ်းချုပ်ကြီးအဖြစ်လွှဲအပ်စရာ မလိုတော့ဘူးလို့ပြင်းထန်တဲ့စည်းကမ်းချက်ကို ဂိုဏ်းချုပ်ကြီး ချန်စီးလင်းဟာ အများရှေ့မှာ သတ်မှတ်ထားခဲ့တယ်လေ”

www.burmeseclassic.com

www.burmeseclassic.com



"ဂိုဏ်းချုပ်ကြီးအဖြစ် ဆက်ခံမယ့်လူက ထက်မြက်တဲ့ သိုင်းပညာတတ်ဖို့တော့ မလိုဘူးလား"

"ဂိုဏ်းချုပ်ကြီး ချန်စီးလင်းကတော့ သူ့သားကို ထက်မြက်တဲ့သိုင်းပညာတွေသင်ပေးဖို့ ကျွန်တော့်ကို အထပ်ထပ်မှာခဲ့တယ်၊ ဒါပေမယ့် ကျွန်တော်ကတော့ နည်းနည်းကလေးမှ သင်မပေးခဲ့ဘူး၊ တကယ်လို့ သင်ပေးမိလို့ သူ့သား သိုင်းပညာထက်ထက်မြက်မြက်တတ်ရင် အခုလို ကျွန်တော်ပုံသွင်းလို့တော့ ရမှာမဟုတ်တော့ဘူး၊ လူကြောက်ကလေး ဖြစ်နေမှာ မဟုတ်ဘူး၊ သူ့ကိုသိုင်းပညာသင်မပေးတာ ဒါကြောင့်ပါ၊ စည်းကမ်းချက်ထဲမှာ သူ့သိုင်းပညာတတ်မှ ဂိုဏ်းချုပ်ကြီးအဖြစ် ဆက်ခံရမယ်ဆိုတဲ့အချက်တစ်ချက်မှ မပါဘူး၊ ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီး ချန်စီးလင်းအနေနဲ့ ဒီအချက်ကို ခြွင်းချက်အနေနဲ့ ထားခဲ့တာကတော့ သူ့သားဟာ အသက်ဆယ့်ရှစ်နှစ်ပြည့်တဲ့အခါမှာ ရောင်လင်ဂိုဏ်းချုပ် ဆရာတော်ဆီမှာ အပ်ထားတဲ့ ရွှင်ရှန်းသိုင်းကျမ်းစာအုပ်ကိုပါ ပြန်ရမယ်၊ အဲဒီသိုင်းကျမ်းထဲက နည်းစနစ်တွေကိုသာ ချန်ဂူးဝမ်းအချိန်တိုတိုနဲ့ ထက်မြက်တဲ့ အဆင့်မြင့်သိုင်းသမားဖြစ်သွားနိုင်တယ်ဆိုတာ ဂိုဏ်းချုပ်ကြီး ချန်စီးလင်း တွက်ဆမိတယ်လေ၊ ဒီလိုတွက်ဆမိလို့လဲ ဒီသိုင်းပညာတတ်ရေး မတတ်ရေး ခြွင်းချက်ထားခဲ့တာပါပဲ"

ဒုနယ်စားကြီး ချိုကုဖိန်းသည် မျက်မှောင်ကြုတ်လိုက်ကာ...

"ချန်ဂူးဝမ်း အသက်ဆယ့်ရှစ်နှစ်ပြည့်ရင် ရောင်လင်ဂိုဏ်းဆရာတော်ကြီးမှာ အပ်ထားတဲ့ရွှင်ရှန်းသိုင်းကျမ်းကို ချန်ဂူးဝမ်း ပြန်ရမှာကိုး၊ ချန်ဂူးဝမ်းဟာ ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီး ဖြစ်မလာဘူးဆိုရင်ကော"



"ရွှင်ရှန်းသိုင်းကျမ်းကို ချန်ဂူးဝမ်းဟာ ဂိုဏ်းချုပ်ကြီးဖြစ်ဖြစ် မဖြစ်ဖြစ် ပြန်ရမှာပါ၊ ဆယ့်ရှစ်နှစ်ပြည့်ပြီးရင် ချန်ဂူးဝမ်းဟာ ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးဖြစ်ဖြစ် မဖြစ်ဖြစ် ဘယ်လိုဘဝမျိုးပဲ ရောက်နေနေ ရောင်လင်ကျောင်းတော်ကြီးကိုသွားပြီး ဂိုဏ်းချုပ်ကြီးဆရာတော်ကြီးဆီက ရွှင်ရှန်းသိုင်းကျမ်းစာအုပ်ကို ပြန်ယူနိုင်ခွင့်ရှိတယ်၊ ရှင်းရှင်းပြောရရင် ကျွန်တော်ကိုယ်တိုင်လဲ ရွှင်ရှန်းသိုင်းကျမ်းကိုလိုချင်လို့ ချန်ဂူးဝမ်းကိုသတ်ဖို့ မကြိုးစားမကြံစည်ခဲ့တာပဲ"

"ကျူပ် သဘောမပေါက်ဘူး ဂိုဏ်းချုပ်ကြီး"

"ဒီလိုလေ ဆယ့်ရှစ်နှစ်မပြည့်ခင် ချန်ဂူးဝမ်း သေသွားမယ်ဆိုရင်တော့ ရွှင်ရှန်းသိုင်းကျမ်းစာအုပ်ကို လက်ဝယ်ထားတဲ့ ရောင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီးဟာ ဘယ်သူ့ကိုမှ ပေးဖို့မလိုဘဲ သူ့ဆန္ဒ ရှိသလို သူ့စိတ်ကြိုက်သုံးစွဲနိုင်ခွင့်ရှိတယ်၊ အဲ... ချန်ဂူးဝမ်းအနေနဲ့ မသေမပျောက်ဘဲ ရှိနေလို့ အသက်ဆယ့်ရှစ်နှစ်ပြည့်ရင်တော့ သူကိုယ်တိုင် ရောင်လင်ကျောင်းတော်ကြီးကိုသွားပြီး ယူမယ်ဆိုရင် ဂိုဏ်းချုပ်ဆရာတော်ကြီးက ပေးလိုက်လိမ့်မယ်၊ ခုလို အချိန်မျိုးမှာ ချန်ဂူးဝမ်း လက်ထဲသာ သိုင်းကျမ်းပြန်ရလာလို့ကတော့ ကျူပ်ယူဖို့ မခက်တော့ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အင်း... အင်း ဟုတ်ပြီ ဂိုဏ်းချုပ်ကြီး ဟုတ်ပြီ၊ ကျုပ် နားလည်ပြီ၊ အဲ... တစ်ခုတော့ ရှိတယ်နော်"

"အမိန့်ရှိပါ နယ်စားကြီး"

"ချန်ဂူးဝမ်းဟာ အသက်ဆယ့်ရှစ်နှစ်ပြည့်ဖို့ ခုနစ်လကျော်ကျော်ပဲ လိုတော့တယ်နော်"

"မှန်ပါတယ်"

"ခုအချိန်ထိ သူဟာ မကောင်းတဲ့လုပ်ရပ်မျိုးကို လုပ်ခဲ့သလား"

"မလုပ်ခဲ့သေးပါဘူး"

"ဒါဆို နောက်ခုနစ်လအတွင်းမှာတော့ ကျူးလွန်လိမ့်မယ်လို့ ထင်သလား"

"အခုဆိုရင် ချန်ဂူးဝမ်းဟာ လူကြောက်ကလေးဖြစ်နေလို့ မကောင်းတဲ့အလုပ်မျိုးကိုလဲ လုပ်ရဲလိမ့်မယ် မထင်ပါဘူး"

"ဟင်... ဒီအချက်တစ်ချက်ကို မကျူးလွန်ရင် ဂိုဏ်းချုပ်ကြီးအဖြစ် လွှဲအပ်ရမယ်လို့ သတ်မှတ်ချက်ထားခဲ့လေတော့ နောက်ခုနစ်လအတွင်းမှာ သူသာ မကောင်းတဲ့ပြစ်မှုတစ်ခုခုကို မကျူးလွန်ရင် သူ့ကိုပဲ ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် လွှဲအပ်ရတော့မယ့်ကိန်းမျိုး ဖြစ်နေပါပြီ"

"မှန်ပါတယ် နယ်စားကြီး၊ သူသာ နောက်ခုနစ်လအတွင်းမှာ မကောင်းတဲ့ပြစ်မှုတစ်ခုခုကို မကျူးလွန်ရင် သူ့ကိုငွေဖျိုင်းဖြူ



ဂိုဏ်းချုပ်ကြီးအဖြစ် လွှဲအပ်ပေးရပါလိမ့်မယ်"

"ဟင်... ဒါဆို"

"ဒါပေမယ့် သူဟာ နောက်ခုနစ်လအတွင်းမှာ မကောင်းတဲ့ပြစ်မှုတစ်ခုခုကို ကျူးလွန်ပါလိမ့်မယ် နယ်စားကြီး၊ ဒီအတွက် မပူပါနဲ့၊ နောက်ဆုံး သူတကယ် မကျူးလွန်တာတောင် သူကျူးလွန်ပါတယ်လို့ အများက လက်ခံလာအောင် ကျွန်တော် ဖန်တီးနိုင်ပါတယ်၊ ဖန်လဲဖန်တီးရပါလိမ့်မယ် နယ်စားကြီးခင်ဗျာ"

ထိုအခါမှ ဒုနယ်စားကြီး ချီကုဖိန်းသည် လင်ချမ်းကျူး၏ဆိုလိုချက်ကို သဘောပေါက်နားလည်သွားပြီး ခေါင်းတဆတ်ဆတ် ညိတ်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၃)

## အရက်

ချန်ဂူးဝမ်းသည် လင်ချမ်းကျုံး ကမ်းပေးသော အရက်ခွက်ကို မျက်လုံးအပြူးသားဖြင့်ကြည့်၍ ခေါင်းကိုသွက်သွက်ခါယမ်းသည်။

သူသည် မျက်စိမျက်နှာလည်း ပျက်နေလေသည်။

လင်ချမ်းကျုံးက ခက်ထန်သောလေသံဖြင့် ပြောလိုက်သည်။

"ယူပြီး သောက်လိုက်လေကွာ"

"ဟင့်အင်း... ဟင့်အင်း... ကျွန်တော် မသောက်ပါရစေနဲ့ ဦးကြီး၊ မသောက်ပါရစေနဲ့"

"မင်းက ဘာဖြစ်လို့ မသောက်ချင်ရတာလဲ"



"အရက်မို့လို့ပါ"

"မင်း ယောကျ်ားလား မိန်းမလား"

"ယောကျ်ားပါ ဦးကြီး"

"ယောကျ်ားပီသအောင် အရက်သောက်ရတယ်ကွ၊ နေရာတကာမှာ မိန်းမလို ပျော့ညံ့ပျော့ညံ့ လုပ်မနေစမ်းနဲ့၊ မင်း မကြာခင်မှာ ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးတောင် ဖြစ်လာမယ့်သူ၊ နေရာတကာမှာ ဒီလိုပျော့ညံ့နေလို့ ဖြစ်မလား ရော့၊ သောက်ချလိုက်"

"ကျွန်... ကျွန်တော် ဂိုဏ်းချုပ်ကြီး မလုပ်ချင်ပါဘူး၊ အရက်လဲ မသောက်ပါရစေနဲ့ ဦးကြီးရယ်၊ တခြား ဦး ဘာပဲခိုင်းခိုင်း ကျွန်တော် နာခံခဲ့တာချည်းပါပဲ၊ ဒီတစ်ခုတော့ ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်"

"မလိုချင်ဘူး"

"ရှမ်း....."

လင်ချမ်းကျုံးသည် ဟိန်းဟောက်လိုက်ပြီး သူ့လက်တစ်ဖက်တွင်ကိုင်ထားသော ကျာပွတ်ကိုလည်း လေထဲတွင် ရိုက်လိုက်သည်။

ဤကဲ့သို့ ပြုမူခြင်း၏သဘောကို အနေကြာလာပြီဖြစ်သော ချန်ဂူးဝမ်း သိပါသည်။

အကယ်၍ သူ့အမိန့်ကိုသာ မနာခံပါက လင်ချမ်းကျုံးသည် မိမိကို ကျာပွတ်နှင့်ရိုက်၍ နှိပ်စက်တော့မည်ဖြစ်ကြောင်း ချန်ဂူးဝမ်း

www.burmeseclassic.com

www.burmeseclassic.com



သိပါသည်။

တကယ်တမ်းမှု လင်ချမ်းကျိုး၏ကျာပွတ်ဒဏ်ကိုခံရလျှင် မည်မျှအထိ ဝေဒနာခံစားရကြောင်း ချန်ဂူးဝမ်း ကောင်းကောင်းကြီး သိသည်။

သူသည် လင်ချမ်းကျိုး၏ရိုက်နှက်ခြင်းကိုမခံလိုပါ။

သို့သော် အရက်ကိုသောက်ရမှာလည်း ဝန်လေးနေသည်။

သူ့ဖခင် ချန်စီးလင်း မသေဆုံးခင်က အထပ်ထပ် မှာကြားခဲ့သောစကားကြောင့် ဖြစ်၏။

"သားလေး ချန်ဂူးဝမ်း၊ သားဟာ ငွေဗျိုင်းဖြူဂိုဏ်းကြီးကို ဆက်ပြီး ဦးဆောင်ရမယ့်သူမို့ ဖြစ်နိုင်ရင် သားတစ်သက်မှာ အရက်သေစာကို မသောက်ပါနဲ့သားရယ်၊ အရက်သေစာသောက်စားပြီး အလုပ်လုပ်ရင် အမှားတွေ့တတ်တယ်၊ ဖေဖေ့တစ်သက်မှာလဲ အရက်မ သောက်ခဲ့ဘူး။ အေး... ပြီးတော့ ဖေဖေ့ရဲ့အဖေ မင်းရဲ့ဘိုးဘိုး တစ်သက်မှာလဲ အရက်မသောက်ခဲ့ဘူး ဒီတော့ ဖေဖေတို့ ဘိုးဘိုးတို့ဟာ ငွေဗျိုင်းဖြူဂိုဏ်းကြီးကို ဖြောင့်ဖြောင့်မတ်မတ် မယိမ်းမယိုင်အောင် ဦးစီးဦးဆောင်လာနိုင်ခဲ့ကြတယ်၊ သားလဲ ဖေဖေတို့လို ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်လာအောင် သားတစ်သက်မှာ အရက် မသောက်စေချင်ဘူးကွယ်၊ သားဆီက ဒီကတိကိုတော့ ဖေဖေ မတောင်းပါဘူး၊ သားအနေနဲ့ ကတိပေးပြီးမှ အခြေအနေတစ်ခုခုကြောင့် ကတိပျက်သွားရင် သားအတွက် မကောင်းဘူးဖြစ်သွားမယ်၊



တော့ အရက်မသောက်ပါဘူးဆိုတဲ့ ကတိကိုတော့ ဖေဖေ့ကို မပေးနဲ့ အတတ်နိုင်ဆုံး ဆင်ခြင်ပါလို့သာ ဖေဖေ မှာခဲ့ပါရစေ သားလေးယ်"

ထိုကဲ့သို့သော ဖခင်ကြီး၏မှာစကားကြောင့်လည်း ချန်ဂူးမ်းသည် သူသေလုမတတ်ကြောက်သော လင်ချမ်းကျိုး၏စကားကို ငြင်းပယ်နေခြင်းဖြစ်လေသည်။

လင်ချမ်းကျိုးကမူ အရက်ခွက်ကိုကမ်းပေးမြဲ ပေးရင်း ခြိမ်းခြောက်စကားဆိုသည်။

"မင်းမှာ ကြောက်လန့်တဲ့ စိတ်တွေ သိပ်များနေလို့ ရဲရင့်တ်ကလေးဝင်လာအောင် မင်းကို ငါ သောက်ခိုင်းနေတာ၊ ဒါမှ မင်းက်ပြီး ငြင်းနေဦးမယ်ဆိုရင်တော့ မင်းကိုသေလုမျောပါး ဖြစ်တဲ့အထိ ငါ ရိုက်ရလိမ့်မယ်"

"ရှမ်း... ရှမ်း"

ကျာပွတ်ရိုက်သံ ပေါ်ထွက်လာတိုင်း ချန်ဂူးဝမ်း ကျောတွန့်သွားမိသည်။

မျက်နှာတွင် ချွေးသီးချွေးပေါက်များ ထွက်လာသည်။ အခည်းအကျပ် ဖြစ်နေမိသည်။

အရက်ကို သောက်ရအခက်၊ မသောက်ရ အခက်။

ထိုစဉ် အထိန်းတော်ကြီး ကျိဖေ့ကျန်း အပြေးကလေး ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် တစ်နေရာမှ ချန်ဂူးဝမ်း၏အဖြစ်ကို ကြည့်နေခဲ့သည်။

ယခု မဖြစ်သည့်အဆုံးမှ ဖွတ်ထွက်လာခဲ့ရခြင်း ဖြစ်လေသည်။

သူမသည် လင်ချမ်းကျိုး၏ရှေ့တွင် ဒူးထောက်ထိုင်ချလိုက်ပြီး တောင်းပန်စကားလည်း ဆိုမိသည်။

"အစ်ကိုကြီးရယ် ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ဒီကလေးကို အစ်ကိုကြီးအနေနဲ့တခြား ဘာကိုပဲဖြစ်ဖြစ် လုပ်ခိုင်းပါ၊ သူ မသောက်ချင်တဲ့ ဒီအရက်ကိုတော့ အတင်းမသောက်ခိုင်းပါနဲ့ရှင်၊ သူ့အဖေ မဆုံးခင်ကလဲ ဒီအရက်ကို မသောက်ဖို့ သူ့ကိုအတန်တန်မှာ...."

"ရှမ်း...."

"အား...."

အထိန်းတော်ကြီး ကျိုဖေ့ကျန်း စကားဆုံးအောင် မပြောလိုက်ရချေ။

လင်ချမ်းကျိုး၏လက်တွင် ကိုင်ထားသော ကျာပွတ်အဖျားက သူမ၏ကျောပေါ်ကို ရှမ်းကနဲကျလာသည်။

အထိန်းတော်ကြီး ကျိုဖေ့ကျန်း ကျောကော့သွားပြီး နာကျင်လွန်းသဖြင့် မျက်နှာလဲ ရှုံ့မဲ့သွားသည်။

လင်ချမ်းကျိုးက ကျိုဖေ့ကျန်းကို အေးစက်စက်လေသံဖြင့် ပြောသည်။



"ငါနဲ့ ဒီကောင့်ကြားမှာ နင် ဘာတစ်ခွန်းမှ ဝင်မပြောရဘူးလို့ ငါမှာထားတာ နင် မေ့သွားပြီလား ကျိုဖေ့ကျန်း၊ သွား ထွက်သွား၊ ဘာမှလဲ ထပ်မပြောနဲ့၊ နင့်ပါးစပ်ကနေ နောက်ထပ် လေသံထွက်လာတာနဲ့ နင် အသေပဲ"

အထိန်းတော်ကြီး ကျိုဖေ့ကျန်း ဘာတစ်ခွန်းမှ ထပ်၍မပြောရဲတော့ပါချေ။

သူမသည် ချန်ဂူးဝမ်းကလေးကို ကြင်နာသနားစွာဖြင့် တစ်ချက်ကြည့်ပြီး ငိုရှိုက်၍ အပြေးကလေး ထွက်ခွာသွားရတော့သည်။

ချန်ဂူးဝမ်းသည် ပထမ အထိန်းတော်ကြီး ကျိုဖေ့ကျန်း ရောက်လာစဉ်က ဝမ်းသာအားတက်သွားမိသည်။

သူ့ဘက်မှ ကျိုဖေ့ကျန်းက ပြောနေသည့်အတွက် အားတက်မိသည်။

သူ့အနေနှင့် သူ့အပေါ်ထားရှိသော အထိန်းတော်ကြီး ကျိုဖေ့ကျန်း၏ မေတ္တာတရားကို သိရှိနားလည်သည်။

သူကိုယ်တိုင်လည်း မိဘဆွေမျိုးသားချင်း မရှိတော့ပြီဖြစ်၍ သူ့ကို ငယ်ငယ်ကလေးထဲက စေတနာမှန်၊ မေတ္တာမှန်ဖြင့် ပြုစုထိန်းသိမ်းစောင့်ရှောက်လာသော အထိန်းတော်ကြီး ကျိုဖေ့ကျန်းအပေါ် မိခင်ရင်းတစ်ယောက်ကဲ့သို့ ချစ်ခင်သည်။ အားကိုးသည်။

သို့သော် သူကော အထိန်းတော်ကြီး ကျိုဖေ့ကျန်းတို့ပါ လင်ချမ်းကျိုးကို အသေအလဲ ကြောက်ရွံ့နေကြရသဖြင့် ယူကြုံးမရဖြစ်မိ

www.burmeseclassic.com

www.burmeseclassic.com



သည်မှလွဲ၍ မည်သို့မှမတတ်နိုင်ပါချေ။

ယခု အထိန်းတော်ကြီးကိုဖွေ့ကျွန်း ထွက်ခွာသွားသောအ
သူသည် လင်ချမ်းကျိုးကို မဆန့်ကျင်ရဲတော့ပါချေ။

လင်ချမ်းကျိုးကလည်း သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး ပြုံး
ခြောက်စကားဆို၏။

"ကဲ... မင်း သောက်မလား မသောက်ဘူးလား"

ချန်ဂူးဝမ်းသည် ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်နေ
သည်။

သူ့နှုတ်မှ မသောက်ဘူးဟူသော စကားမျိုးကိုမူ မထွက်
တော့ချေ။

"မင်း အသားအနာခံပြီးမှ သောက်မယ်ကောင်စားမျိုး
ကိုး"

"ရှမ်း...."

"အား...."

လင်ချမ်းကျိုးသည် စကားဆုံးသည်နှင့် ချန်ဂူးဝမ်း၏ကျော
ပြင်ကို ကျာပွတ်ဖြင့် လွှဲရိုက်လိုက်၏။

ချန်ဂူးဝမ်းသည် ကျောကော့သွားပြီး နာကျင်လွန်းသဖြင့်
အသားများ တဆတ်ဆတ်တုန်သွားသည်။

ယခု လင်ချမ်းကျိုးလက်ထဲတွင် ကိုင်ထားသော ကျာပွတ်
မှာ သူကိုင်နေကျ သံမဏိကျာပွတ် မဟုတ်ချေ။



ချန်ဂူးဝမ်းကို ရိုက်နှက်ရာတွင် အသုံးပြုသော သားရေကျာ
ပွတ်ဖြစ်၏။

သူသည် ထိုကျာပွတ်ဖြင့် ချန်ဂူးဝမ်းကိုယ်တွင် အရိုးရာမ
ထင်အောင် အကြိမ်ကြိမ် ရိုက်နှက်ခဲ့ဖူးသည်။

အရိုးရာမထင်သော်လည်း အရိုက်ခံရသော ချန်ဂူးဝမ်းအဖို့
မူ သေလုမတတ် နာကျင်မှု ဝေဒနာကို ခံစားခဲ့ရသည်။

ဤသည်မှာလည်း လင်ချမ်းကျိုးသည် ကျာပွတ်ကို ကျွမ်း
ကျင်စွာ သုံးစွဲနိုင်သောကြောင့် ဖြစ်လေသည်။

"ကဲ... မင်း ဆက်ပြီး အရိုက်ခံမလား၊ ဒါကို သောက်မ
လား"

လင်ချမ်းကျိုးက ရက်စက်ကြမ်းကြုတ်တော့မည့် မျက်နှာ
မျိုးဖြင့် မေးလာသည်။

တကယ်တမ်းသာ ချန်ဂူးဝမ်းသည် သတ္တိရှိသူတစ်ယောက်
ဆိုပါက ဖခင်၏စကားကို အသက်နှင့်လဲပြီး လိုက်နာသောအနေဖြင့်
အသက်သာ အသေခံမည်ဖြစ်၏။

လင်ချမ်းကျိုး တိုက်သောအရက်ကို သောက်လိမ့်မည်မ
ဟုတ်ချေ။

ယခုမူ ချန်ဂူးဝမ်းသည် လင်ချမ်းကျိုး ပိုသွင်းထားသော
ကြောင့် အရာရာကိုကြောက်သော လူကြောက်ကလေး ဖြစ်နေ
သည်။

www.burmeseclassic.com

www.burmeseclassic.com



သေရမှာကိုလည်း အလွန်ကြောက်သည်။ အသားနာမှာကိုလည်း များစွာ ကြောက်သည်။

ထို့ကြောင့် ချန်ဂူးဝမ်းသည် ဆက်၍ မငြင်းရဲတော့ချေ။

"ကျွန်တော်... ကျွန်တော့်ကို မရိုက်ပါနဲ့တော့ ဦးကြီးရယ်၊ ကြောက်... ကြောက်ပါတယ်၊ ကျွန်... ကျွန်တော် သောက်ပါ့မယ်"

"ဟား... ဟား... ဟား... ဟား ဒီလိုမှပေါ့ကွ၊ ရော့"

ချန်ဂူးဝမ်းသည် တုန်ယင်သော လက်နှစ်ဖက်ဖြင့် အရက်ခွက်ကိုလှမ်းယူပြီး မျက်လုံးအစုံကိုမှိတ်ကာ ခွက်ထဲမှအရက်များကို တစ်ရှိန်ထိုး မော့သောက်ချလိုက်တော့သည်။

ဝမ်းထဲသို့အရက်များ ရောက်သွားသည်နှင့် သူ့မျက်နှာရှုံ့မဲ့သွားသည်။

သူ့ရင်ထဲ၌လည်း မီးစကြီးနှင့် အထိုးခံလိုက်ရသကဲ့သို့ ပူလောင်သွားသည်။

သူ့နားထင်ကြောများလည်း တဒိန်းဒိန်း ခုန်လာသည်။ ချက်ချင်းပင် ခေါင်းထဲတွင် ရီဝေလာသည်။

သူ့မြင်ကွင်းများကလည်း ဝေဝါးလာသည်။ သူ့ရှေ့တွင်ရှိသော လင်ချမ်းကျိုးကိုပင် ပီပီသသ မမြင်ရတော့ချေ။

လင်ချမ်းကျိုးသည် တစ်ယောက်တည်း မဟုတ်တော့ဘဲ နှစ်ကိုယ်သုံးကိုယ် ကွဲသွားသကဲ့သို့ သူမြင်ရသည်။

"မူးလိုက်တာ... မူးလိုက်တာ"



သူ့နှုတ်မှာလည်း မြည်တမ်းရေရွတ်မိသည်။

"ဟား... ဟား... ဟား... ဟား"

သူ့အဖြစ်ကိုကြည့်ပြီး လင်ချမ်းကျိုးသည် ကျေနပ်အားရစွာ ရယ်မောလိုက်၏။

ချန်ဂူးဝမ်း၏ခေါင်းထဲတွင် မူးဝေသထက် မူးဝေလာပြီး ခန္ဓာကိုယ်ပါ ယိမ်းထိုးလာသည်။

ဤလိုခံစားမှုမျိုးကို သူသည် တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မခံစားဖူးပါချေ။

နောက်ဆုံးတော့ သူသည် မည်သို့မှ မဟန်နိုင်တော့ချေ။

ကြမ်းပြင်ပေါ် ဝုန်းခနဲ လဲကျသွားသည်။ သို့သော် သတိမေ့သွားခြင်းတော့ မရှိသေးချေ။

"ဟား... ဟား... ဟား"

လင်ချမ်းကျိုး၏ရယ်မောသံကို အနီးကလိုလို အဝေးဆီမှလိုလို ကြားနေရသေးသည်။

သူ့ခန္ဓာကိုယ်မှာ လေဟာပြင်ထဲ ချာလည်ပတ် လည်နေသလိုလို ကမ္ဘာမြေကြီးကျွမ်းထိုးမှောက်ခုံ ဖြစ်သွားသလိုလို သူ ခံစားပြီးမှ သူသည် ဘာကိုမှမသိတော့ဘဲ လုံးလုံး လျားလျား သတိမေ့သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

## ယောင်ချောက်ထဲကလူ

သူသည် အခန်းတစ်ခန်းထဲရှိ အိပ်ရာတစ်ခုပေါ်သို့ရောက်နေကြောင်းတော့ သတိထားမိသည်။

မည်သည့်အခန်း၊ မည်သည့် အိပ်ရာပေါ်ကို ရောက်နေကြောင်းတော့ စဉ်းစားမရချေ။ သူ့အသိ စိတ်တွေ လွတ်နေသည်။

သူသည် အိပ်လျက်အနေအထားမှ ထထိုင်လိုက်သည်။

လူ့ခေါင်းထဲတွင် မိုက်ခနဲ တစ်ချက်မူးသွားသော်လည်း ပြန်လဲကျသွားခြင်းတော့ မရှိချေ။

ခုတင်ပေါ်တွင် ထိုင်လိုက်နိုင်သည်။

ထိုင်ပြီးမှ သူ့ဘေးတွင် အိပ်နေသော လူတစ်ယောက်ကိုမြင်သည်။



သူ့ကိုကျောပေး၍ တစောင်းအိပ်နေသော အမျိုးသမီးတစ်ယောက်ဖြစ်၏။

ချန်ဂူးဝမ်းသည် သတိလက်လွတ်ဖြစ်နေလေပြီ။

ငွေဖျိုင်းဖြူစံအိမ်တော်ကြီး၏ဧည့်ခန်းဆောင်တွင် လင်းချမ်းကျူးသည် ဧည့်သည်များအား ဧည့်ခံစကားပြောလျက် ရှိနေသည်။

ဧည့်သည်များမှာ သုံးယောက်ဖြစ်၏။

တစ်ဦးမှာမူ ဟူတန်းဂိုဏ်းမှ ဒုဂိုဏ်းချုပ်ကွန့်ဖြစ်ပြီး တစ်ဦးမှာ ခွန်းတုံဂိုဏ်းမှ ဒုဂိုဏ်းချုပ် ချုံ့ဖြစ်ကာ နောက်တစ်ဦးကား စီးချွမ်းပြည်နယ် နယ်စားကြီး စန့်ဟုမ်းယန်း၏လူယုံတော်ကြီး ထိလုံးတို့ဖြစ်ကြလေသည်။

သူတို့သုံးဦးစလုံး မနက်စောစောကတည်းက ငွေဖျိုင်းဖြူစံအိမ်တော်ကြီးသို့ ရောက်နေကြခြင်းဖြစ်၏။

ယခုမူ သူတို့သည် နာမကျန်းဖြစ်နေသော နယ်စားကြီးစန့်ဟုမ်းယန်းအကြောင်းကို ပြောဆိုတိုင်ပင်နေကြခြင်းဖြစ်သည်။

သူတို့တတွေ စကားကောင်းနေစဉ် ဧည့်ခန်းဆောင်ထဲသို့

www.burmeseclassic.com



လူတစ်ယောက် အပြေးအလွှားရောက်လာသည်။

အသက်နှစ်ဆယ့်ငါးနှစ်အရွယ်ခန့် ရှိပြီဖြစ်သော လူငယ်တစ်ယောက်ပင်ဖြစ်၏။

အားလုံး၏အကြည့်က လူငယ်ထံသို့ ရောက်သွားကြလေသည်။

လူငယ်၏မျက်နှာမှာ စိုးရိမ်ခံပြင်းစိတ် ယှက်သန်းနေသည်။ အလွန်အမင်း မျက်စိမျက်နှာပျက်နေသည်။

လင်ချမ်းကျူးက မျက်ခုံး ထရစ်လိုက်ပြီး လူငယ်ကို လှမ်းမေးသည်။

"ဘာဖြစ်လာတာလဲ မြောင်လိလန်း"

လူငယ် မြောင်ယိလန်းကလည်း အမောတကောပင် ပြန်ပြောသည်။

"ကျွန်... ကျွန်တော့်မိန်းမကို သခင်လေးချန်ဂူးဝမ်း မတော်မတရား ကြံစည်နေပါတယ် သခင်ကြီး၊ ကယ်ပါဦး"

မြောင်ယိလန်း စကားကြောင့် အားလုံးမျက်လုံးပြူးသွားကြသည်။

လင်ချမ်းကျူးကလည်း အံ့သြသွားဟန် ပြုပြီးမှ...

"ဟေ... ဟုတ်ရဲ့လား မြောင်ယိလန်းရယ်"

"ကျွန်တော်နဲ့ မြန်မြန်လိုက်ကြည့်ပါခင်ဗျာ၊ မြန်မြန်လိုက်ကြည့်ပါ သခင်ကြီး၊ အချိန်နှောင်းသွားရင် မကောင်းပါဘူး"



"အေး... ငါ လိုက်ကြည့်မယ်၊ မဟုတ်ရင်တော့ မင်းအသေပဲ၊ ကဲ... ဧည့်သည်တွေလဲ ကျွန်တော်နဲ့လိုက်ခဲ့ကြပါဦး"

မြောင်ယိလန်း နောက်သို့ လင်ချမ်းကျူးနှင့်အတူ ဧည့်သည်သုံးယောက်လည်း ကတိုက်ကရိုက် လိုက်လာခဲ့ကြသည်။

မြောင်ယိလန်းတို့ ဇနီးမောင်နှံသည် ငွေဖျိုင်းဖြူစံအိမ်ကြီး၏ နောက်ဘက်ရှိ မီးဖိုဆောင်နှင့်တွဲနေသော အခန်းတစ်ခန်းထဲတွင် နေကြခြင်းဖြစ်၏။

မြောင်ယိလန်းက ငွေဖျိုင်းဖြူစံအိမ်ကြီးမှ လက်ထောက်စဖိုမှူးဖြစ်ပြီး ဇနီးဖြစ်သူကလည်း စဖိုဆောင်တွင်ပင် တာဝန်ထမ်းဆောင် သည်။

သူတို့နေသော စဖိုဆောင်ရှိ အခန်းမှာ အခြားအခန်းများနှင့် ခပ်လှမ်းလှမ်းတွင်သာ ရှိနေသည်။

မြောင်ယိလန်းတို့နေသော အခန်းရှေ့သို့ အရောက်တွင် ပွင့်ဟနေသော တံခါးပေါက်မှ အခန်းထဲမှမြင်ကွင်းကို မြင်ကြရသည်။

ဧည့်သည်သုံးယောက်စလုံး မျက်စိမျက်နှာ ပျက်သွားကြသည်။ သူတို့သည် မျက်နှာကိုပင် လွှဲလိုက်မိကြ၏။

ချန်ဂူးဝမ်းသည် မြောင်ယိလန်း၏ဇနီးဖြစ်ကို အတင်းဖက်၍ အဓမ္မကြံစည်ရန် ကြိုးစားနေသည်။

မြောင်ယိလန်း၏ဇနီး ရှုအုံကြူက အတင်းရုန်းကန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှုအုံကြူ၏အဝတ်များက ဖရိုဖရဲ မလုံမလဲ ဖြစ်နေသည်။

"လွှတ်ပါ... လွှတ်စမ်းပါ"

"မလွှတ်နိုင်ဘူး... မလွှတ်နိုင်ဘူး"

ထိုမြင်ကွင်းကိုကြည့်ပြီး လင်ချမ်းကျိုးကပင် ဧည့်သည်များ မမြင်အောင် ပြုံးလိုက်မိသည်။

အခြေအနေက သူဖန်တီးသလို ကွက်တိဖြစ်လာခဲ့ပြီ မဟုတ်ပါလား။

လင်ချမ်းကျိုးသည် ခက်ထန်တင်းမာသောမျက်နှာထားဖြင့် ဧည့်ခန်းထဲသို့ ခုန်ဝင်လိုက်သည်။

သူသည် ချက်ချင်းပင် ချန်ဂူးဝမ်း အနီးကို ရောက်သွားသည်။

သူ့လက်ဝါးရိုက်ချက်က ချန်ဂူးဝမ်း မျက်နှာပြင်ကို ကျသွားသည်။

"ဖြန်း....."

"အား....."

ချန်ဂူးဝမ်း နာကျင်စွာ ညည်းတွားရင်း လဲကျသွားသည်။

မြောင်ယိလန်းက စောင်တစ်ထည်ကိုယူပြီး မလုံမလဲဖြစ်နေသော ဇနီးဖြစ်သူ၏ကိုယ်ပေါ်တွင် ခြုံပေးလိုက်၏။

ရှုအုံကြူသည် ရက်စွဲ့စိတ်ဖြင့် ရှိုက်ငိုလိုက်သည်။

အရိုက်ခံလိုက်ရသော ချန်ဂူးဝမ်းသည် နာကျင်မှုကြောင့်



သူ့ကိုယ်တွင်ဖိစီးနေသော ရမ္မက်ဆန္ဒများသည် တမုဟုတ်ခြင်း ပျောက်ကွယ်သွားသည်။

သို့သော် သူသည် ချက်ချင်း ပြန်ထမရပ်နိုင်ချေ။

လင်ချမ်းကျိုးက သူ့ရှေ့တွင် လက်ထောက်ရပ်၍ ဒေါသတကြီး လေသံဖြင့် ပြောသည်။

"ဟေ့ကောင်... ဒီလောက်တောင် ဘာဖြစ်လို့ မင်း ယုတ်မာရတာလဲ"

ရမ္မက်ဆန္ဒများ ချုပ်ငြိမ်းစပြုလာသော ချန်ဂူးဝမ်းသည် ယခုမှ သူ၏လုပ်ရပ်မှာ အများကြီး မှားသွားပြီဖြစ်ကြောင်း နားလည်လာသည်။

ဤသို့သောစိတ်မျိုး သူ့ထံတွင် ဝင်လာသည့်အတွက်လည်း စဉ်းစားမရအောင် ဖြစ်မိသည်။

သူသည် ရှက်လည်းရှက်၊ ဝမ်းလည်းနည်းသွားပြီး လင်ချမ်းကျိုးကို ဘာမှပြန်မပြောနိုင်ဘဲ ရှိုက်ကြီးတငင် ငိုလိုက်တော့၏။

ဧည့်သည်သုံးယောက်မှာ ချန်ဂူးဝမ်းကို ကြည့်လိုက်၊ မိန်းမချောကလေး ရှုအုံကြူကိုကြည့်လိုက်ဖြင့် ခေါင်းတခါခါ သက်ပြင်းတခါခါ ဖြစ်နေကြသည်။

ဟူတန်းဂိုဏ်းမှ ဒုဂိုဏ်းချုပ်ကွန်သည် ချန်ဂူးဝမ်းကိုကြည့်၍ စိတ်မသက်မသာဖြင့် စကားဆိုသည်။

"သိက္ခာသမာဓိနဲ့ ပြည့်စုံတဲ့ ဂိုဏ်းချုပ်ကြီး ချန်စီးလင်းရဲ့

www.burmeseclassic.com

www.burmeseclassic.com



သားက အခုလိုလုပ်ရပ်မျိုးလုပ်တယ်ဆိုတာ မယုံစရာပါဘဲ၊ တစ်ယောက်ယောက်ကသာ ပြောရင် တို့တွေ ယုံမှာမဟုတ်ဘူး၊ ခုတော့ ကိုယ်တွေ့ မျက်မြင်မို့လို့ပဲ"

နယ်စားကြီး၏လူယုံတော်ကြီး ထိလုံးကလည်း ခေါင်းတခါခါ လည်တယမ်းယမ်းနှင့်ဝင်ပြောသည်။

"ဒီကောင်လေးကို ကျုပ်က လူအေးလူရိုးလေးလို့ ထင်နေတာ၊ ခုတော့ ကျုပ်ထင်သလို မဟုတ်တော့ဘူး၊ လင်ရှိမယားတစ်ယောက်ကို ခုလိုစော်ကားတာဟာ အကြီးဆုံးသော ပြစ်မှုကြီးကို ကျူးလွန်လိုက်တာပါပဲ"

ခွန်းတုံဂိုဏ်းမှ ဒုဂိုဏ်းချုပ် ချိုကလည်း သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး....

"အခုအချိန်မှာ ဂိုဏ်းချုပ်ကြီး ချန်စီးလင်း သက်ရှိထင်ရှားမရှိတော့လို့ တော်သေးတာပေါ့၊ ဂိုဏ်းချုပ်ကြီး ချန်စီးလင်းသာရှိရင် အခု သူ့သားရဲ့လုပ်ပုံကြောင့် ရှက်ပြီး သေလိမ့်မယ်၊ သူ့အဘိုး သူ့အဖေတွေ အားလုံး မဟုတ်မတရား မလုပ်ခဲ့သလောက် ဒီကောင်လေးကျမှ ဒီအသက်အရွယ်ပဲ ရှိသေးတယ်၊ ဘာဖြစ်လို့ မိုက်လုံးကြီးတာပါလိမ့်"

လင်ချမ်းကျူးသည် ဧည့်သည်များ၏စကားကို နားထောင်ပြီး စိတ်ထဲတွင် လွန်စွာ ဝမ်းသာကျေနပ်နေသည်။

သူ့မျက်နှာသွင်ပြင်ကမူ ခံပြင်းဒေါသဖြစ်နေသည့် အသွင်မျိုးကို ဆောင်ထားသည်။



မိန်းမချောကလေး ရှုအုံကြူမှာ အသက်နှစ်ဆယ်ကျော်ခန့်သာ ရှိသေးပြီး မျက်နှာသွင်ပြင် ကိုယ်လုံးကိုယ်ပေါက်ကအစ ချောမောလှပသူဖြစ်၏။

သူမသည် ခေါင်းမဖော်ဘဲ တရှိုက်ရှိုက်ငိုကြွေးနေသည်။

သူမ၏ခင်ပွန်းဖြစ်သူ မြောင်ယီလန်း၏မျက်နှာကမူ မကျေမနပ်နှင့် သုန်သုန်မှုန်မှုန်ဖြစ်နေသည်။

ချန်ဂူးဝမ်းသည် ဤအိမ်တွင် သခင်လေးသဖွယ်ဖြစ်နေ၍ မပြောရဲသဖြင့်သာ နှုတ်ပိတ်နေရပုံမျိုး ဖြစ်နေသည်။

လင်ချမ်းကျူးက ဧည့်သည်သုံးယောက်ကိုကြည့်လိုက်ပြီး စိတ်မချမ်းသာသည့်လေသံမျိုးဖြင့် ပြောဆိုလေသည်။

"ဒီကောင်လေးဟာ ကျွန်တော် သူ့ကိုငယ်ငယ်ကလေးကတည်းက ထိန်းသိမ်းစောင့်ရှောက်လာခဲ့တာပေါ့ဗျာ၊ သူ့အဖေသေသွားတော့ ကျွန်တော့်အပေါ်မှာ လုံးလုံးတာဝန်ဖြစ်လာပြီး အမြဲဘမ်း လိမ္မာရေးခြားရှိလာအောင် သွန်သင်ဆုံးမခဲ့ပါတယ်၊ ဒါနဲ့တောင် ခုလို မိုက်တွင်းနက်တော့ အုပ်ထိန်းသူ ကျွန်တော်အနေနဲ့ အရှက်ရစရာ ဖြစ်ရတာပေါ့"

ဟွတန်းဂိုဏ်းမှ ဒုဂိုဏ်းချုပ် ကွန့်က....

"ကဲပါ ဂိုဏ်းချုပ်ကြီးရယ်၊ ကောင်လေးကိုကော ကောင်မလေးကိုပါ အကျိုးအကြောင်း မေးကြည့်ပါဦး၊ ဒါမှ ကျွန်တော်တို့တ

www.burmeseclassic.com

www.burmeseclassic.com



တွေလဲ ပြတ်ပြတ်သားသား ဆုံးဖြတ်လို့ရမှာ”

လင်ချမ်းကျိုးက ခေါင်းညိတ်လိုက်သည်။



## အခန်း(၁၅)

## လုပ်ဇာတ်

လင်ချမ်းကျိုးသည် မိန်းမချောကလေး ရှုအံ့ကြူကိုကြည့်၍ ညင်သာစွာ မေးမြန်းသည်။

“ကဲ… မိန်းကလေး၊ ဒီကောင်ကတော့ အမှန်အတိုင်း ပြောချင်မှ ပြောတော့မယ်၊ ဘာဖြစ်တယ်ဆိုတာ မိန်းကလေးသာ အမှန်အတိုင်း ပြောပေတော့ကွယ်၊ ဘာမှမကြောက်နဲ့ ဘယ်သူ့ကိုမှလဲ မကြောက်နဲ့၊ အမှန်အတိုင်းပဲ ဖြစ်စေရမယ်”

မိန်းမချောကလေး ရှုအံ့ကြူသည် ပြောရန် နှုတ်တွန့်နေပုံဖြင့် ဘာမှမပြောဘဲ ငိုမြဲငိုနေသည်။

သူမ၏ယောကျ်ား မြောင်လိယန်းက ဝင်ပြောသည်။

“ရှုအံ့ကြူ… ခုလိုငိုနေလို့ပြီးမှာ မဟုတ်ဘူး၊ သခင်ကြီးမေး

www.burmeseclassic.com

www.burmeseclassic.com



နေတာကို အမှန်အတိုင်း ပြောလိုက်လေ”

ထိုအခါမှ ရှုအုံကြူက ငိုရှိုက်ရင်း ခေါင်းကိုမဖော်ဘဲ ပြောဆိုလေသည်။

“ကျွန်မ... ကျွန်မ အလုပ်အားတာနဲ့ အိပ်ရာပေါ်မှာ လှဲအိပ်နေတုန်း အခန်းထဲကို သခင်လေးချန် ဝင်လာပြီး ကျွန်မကို... ကျွန်မကို အတင်း... အတင်း”

မိန်းမချောကလေး ရှုအုံကြူသည် ဆက်လက်မပြောတော့ ရှိုက်ကြီးတငင် ငိုကြွေးလိုက်တော့၏။

သူမ၏စကားကြောင့် ချန်ဂူးဝမ်း မျက်လုံးပြူးသွားပြီး ဆတ်ခနဲထရပ်သည်။ ကမန်းကတန်း ဝင်ပြောသည်။

“မဟုတ်ဘူး ဦးကြီး... မဟုတ်ဘူး”

လင်ချမ်းကျူးက ချန်ဂူးဝမ်းကို ဖျတ်ကနဲ ကြည့်လိုက်ပြီး—

“ဘာ မဟုတ်တာလဲကွ၊ မင်းက သူ့ကို မတော်မတရား ကြံစည်တာ မဟုတ်ပါဘူးလို့ ငြင်းဦးမလို့လား၊ တို့ကိုယ်တိုင်မြင်တာတောင် မင်းက ဖြောင်ငြင်းချင်သေးသလား”

“ဒီ... ဒီလိုပါဦးကြီး.. ဒီအခန်းထဲကို ကျွန်မ‌ေ‌တာ့်ဘာသာ ကျွန်တော် ဝင်လာတာ မဟုတ်ပါဘူး”

“ဘာကွ... မင်းဘာသာမင်း ဝင်မလာလို့ မင်းကို ဘယ်သူက ခေါ်လာတယ်လို့ ပြောချင်းသေးတာလဲ၊ ရှုအုံကြူကပဲ မင်းကိုဆွဲပြီး ခေါ်လာတယ်လို့ ပြောချင်သေးသလား”



“ဒီလိုတော့ မဟုတ်ပါဘူး ဦးကြီး၊ ဦးကြီးပေးတဲ့အရက်ကို သောက်ပြီး ကျွန်တော် သတိမေ့သွားတယ်၊ သတိရလာတော့ ဒီအခန်းထဲက ခုတင်ပေါ်မှာ ရောက်နေတယ်”

“ဟေ့ကောင် တော်စမ်း၊ မင်းကိုများ ငါက အရက်တိုက်တယ် ဟုတ်လား၊ ပေါက်ကရတွေ လျှောက်မပြောနဲ့၊ တယ်... ငါ လုပ်လိုက်ရ သေတော့မယ်”

ဟူတန်းဂိုဏ်းမှ ဒုဂိုဏ်းချုပ် ကွန်နှံက လင်ချမ်းကျူး၏လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီး ဖျောင်းဖျစကား ပြောဆိုသည်။

“သူ ဘာပြောမယ်ဆိုတာ နားထောင်ကြည့်လိုက်ပါဦး ဂိုဏ်းချုပ်ကြီးရယ်၊ သူပြောချင်တာ ပြောပါစေဦး၊ ကဲ... ချန်ဂူးဝမ်း ဆက်ပြောစမ်းပါဦး”

ချန်ဂူးဝမ်းက ခေါင်းညိတ်ပြီး....

“ဦးကြီး လင်ချမ်းကျူးတိုက်တဲ့ အရက်ကိုသောက်မိပြီး သတိမေ့သွားပါတယ်၊ သတိရတော့ ဒီခုတင်ပေါ်ရောက်နေပါတယ်၊ ကျွန်တော် ဘယ်လိုလုပ်ပြီးရောက်နေတယ်ဆိုတာတော့ မသိပါဘူး၊ ကျွန်တော့်ဘာသာ ကျွန်တော် ဒီကိုမလာတာတော့ အမှန်ပဲ၊ ကျွန်တော့်ဘာသာ ကျွန်တော်ဝင်လာတာမဟုတ်ပါဘူး”

လင်ချမ်းကျူးက ခံပြင်းဒေါသစိတ်ဖြင့် ဝင်ပြောသည်။

“ဟေ့ကောင် မဟုတ်တန်းတရားတွေ လုပ်ကြံပြီးတော့ ပြောမနေစမ်းနဲ့ကွာ၊ နားကြားပြင်းကပ်လှတယ်၊ အခုဆိုရင် မင်းဟာ

www.burmeseclassic.com

www.burmeseclassic.com



လိမ်ညာတဲ့ပြစ်မှုကိုပါ ထပ်ပြီးကျူးလွန်နေပြန်ပြီ၊ မင်းဘာသာမင်း လိမ်တာက အကြောင်းမဟုတ်ဘူး၊ ငါ့ကိုပါ မင်းက ဆွဲထည့်သေးတယ်၊ ကဲပါကွာ ထားလိုက်ပါတော့၊ မင်းကို ငါက အရက်တိုက်လို့ သတိမေ့သွားတယ်ပဲ ထားလိုက်၊ မင်းကို ဒီအခန်းထဲ ဘယ်သူကလာပို့မှန်း မသိဘူး၊ မင်းဘာသာ မင်းလာတာ မဟုတ်ဘူးဆိုတာလဲ ထားလိုက်ပါဦး၊ မင်းသာ စိတ်ထားမှန်မှန်နဲ့ဆိုရင် ဘယ်လိုနည်းနဲ့မှအဓမ္မကြံစရာ မလိုဘူး၊ အခုတော့ ဒီကောင်မလေး အတင်းရုန်းကန်နေတဲ့ကြားက မင်းက အဓမ္မကြံစည်ဖို့ ကြိုးစားတယ်၊ ဒါက တို့အားလုံးအမြင်၊ ဒါကိုကော မင်း ဘယ်လိုလိမ်ဦးညာဦးမလဲ”

ချန်ဂူးဝမ်း မည်သို့ပြန်ဖြေရမှန်းမသိအောင် ဖြစ်သွားရသည်။

သူ့တွင် ရမက်ဆန္ဒများပြင်းပြပြီး ရှုအုံကြူကို အဓမ္မကြံစည်ခဲ့သည်ကိုတော့ သူ မငြင်းနိုင်ပါချေ။

ဤကဲ့သို့ ယုတ်မာသော စိတ်မိုက်စိတ်ရိုင်းများ သူ့ထံတွင် ဝင်ရောက်လာရသည့်အကြောင်းကို အနည်းငယ်မျှ စဉ်းစား၍မရချေ။

“ဟေ့ကောင် ပြောလေကွာ၊ တို့ကိုယ်တိုင် မျက်စိနဲ့ တပ်အပ်မြင်၊ နားနဲ့တပ်အပ်ကြားတဲ့ ဒီကိစ္စကိုတော့ မင်း မဖြေရှင်းနိုင်တော့ဘူးလား”

“ကျွန်တော် ကျွန်တော် ဘယ်လိုဖြစ်သွားတာလဲ မသိပါဘူး



ဦးကြီး၊ ကျွန်တော့်မှာ ဒီလိုစိတ်မိုက်စိတ်ရိုင်းတွေ ဘာဖြစ်လို့ ဝင်လာရတယ်ဆိုတာကိုလဲ စဉ်းစားလို့မရတော့ဘူး”

ချန်ဂူးဝမ်းသည် ပြောရင်းမှ ရှိုက်ကြီးတငင် ငိုကြွေးလိုက်သည်။

လင်ချမ်းကျူးသည် သူ့နောက်နားတွင် ရပ်နေသော မြောင်ယိလန်းကိုကြည့်၍ အမိန့်ပေးလိုက်သည်။

“မြောင်ယိလန်း… နောက်ဖေး မြေကွက်လပ်မှာ စံအိမ်အမှုထမ်းတွေအားလုံးကိုစုပြီး ခေါ်ထားလိုက်စမ်း၊ ငါ အခုလိုက်ခဲ့မယ်”

“ဟုတ်ကဲ့ သခင်ကြီး”

မြောင်ယိလန်းသည် ဇနီးဖြစ်သူ ရှုအုံကြူကို တစ်ချက်ကြည့်လိုက်ပြီး အခန်းထဲမှ ခပ်သွက်သွက် ထွက်ခွာသွားလေတော့သည်။

ထိုစဉ် လင်ချမ်းကျူးလည်း ချန်ဂူးဝမ်း၏လက်နှစ်ဖက်ကို ဆတ်ကနဲ ကိုင်လိုက်ပြီး နောက်ကိုလှန်ကာ ဖမ်းချုပ်ကိုင်လိုက်တော့သည်။

ချန်ဂူးဝမ်း ထိတ်လန့်တကြားဖြင့် ရုန်းကန်ကြည့်သော်လည်း မလွတ်ချေ။

လင်ချမ်းကျူးသည် ချန်ဂူးဝမ်းအား အေးစက်တင်းမာနေသော မျက်နှာဖြင့် ကြည့်၍ ပြောလိုက်၏။

“မင်းဟာ ဒီနေ့ ဘယ်လိုမှ ခွင့်လွှတ်လို့မဖြစ်တဲ့ ပြစ်မှုကြီးကိုလဲ ကျူးလွန်တယ်၊ ပြီးတော့ ငါ့ဂိုဏ်းသိက္ခာကိုပါ ထိခိုက်စေတဲ့

www.burmeseclassic.com

www.burmeseclassic.com



လိမ်ညာမှုကြီးကိုလဲ ကျူးလွန်သေးတယ်၊ ဒီတော့ မင်းကိုထိုက်တန်တဲ့အပြစ် ပေးရလိမ့်မယ်၊ မင်းအဖေကိုယ်တိုင် ရှိနေရင့်လဲ မင်းကို အနည်းဆုံး ငါပေးတဲ့အပြစ်မျိုးလောက်တော့ ပေးမှာပဲ"

"လွှတ်ပါ ဦးကြီးရယ်၊ ကျွန်တော် ကြောက်ပါတယ်ဗျာ၊ ကြောက်ပါတယ်"

ချန်ဂူးဝမ်းက ထိတ်လန့်တကြီး ငိုယို၍ ပြောဆိုနေသည်။

သူ့ကိုရိုက်နှက် အပြစ်ပေးတော့မည်ဖြစ်ကြောင်း သိသဖြင့်လည်း အသားတွေ တဆတ်ဆတ် တုန်နေသည်။

ညှော့သည်သုံးယောက်ပင်လျှင် ချန်ဂူးဝမ်း၏အပြစ်ကို ခွင့်မလွှတ်နိုင်အောင် ဖြစ်နေကြသည်။

သူတို့ကိုယ်တိုင်ပင် လင်ချမ်းကျုံးက ချန်ဂူးဝမ်းကို ဤကိစ္စအတွက် အပြစ်တစ်ခုခုကို ပေးစေချင်ကြသည်။

ထို့ကြောင့်လည်း မည်သူကမှ ချန်ဂူးဝမ်းကို တစ်ကြိမ်တစ်ခါမျှ ခွင့်လွှတ်ပါရန် တောင်းပန်ခြင်းမပြုကြချေ။

မသိချင်ယောင်သာ ဆောင်နေကြလေသည်။

ငွေမျိုင်းဖြူစံအိမ်ကြီး နောက်ဘက်ရှိ မြေကွက်လပ်ကြီးထဲတွင် စံအိမ်အမှုထမ်းအားလုံးလိုလို ရောက်နေကြသည်။



စံအိမ်အမှုထမ်းများအားလုံး မြေကွက်လပ်ကို ဝိုင်း၍ရပ်နေကြခြင်းဖြစ်၏။

စံအိမ်အမှုထမ်းများ၏အလယ်တွင် ချန်ဂူးဝမ်း၊ လင်ချမ်းကျုံး မြောင်ယိလန်း၊ ရှုအုံကြူနှင့်ညှော့သည်သုံးယောက်တို့ ရပ်လျက်ရှိနေကြသည်။

ရှုအုံကြူသည် အဝတ်ကို လုံလုံခြုံခြုံ ဝတ်ထားသည်။ ခေါင်းငိုက်စိုက်ချ၍ ရပ်နေသည်။

လင်ချမ်းကျုံးသည် လက်တစ်ဖက်တွင် သားရေကြာပွတ်ကို ကိုင်ထားပြီး ကျန်လက်တစ်ဖက်နှင့် ချန်ဂူးဝမ်းကို ချုပ်ကိုင်ထားသည်။

ချန်ဂူးဝမ်းမှာ ရှက်စိတ်ကြောင့် ခေါင်းကိုငုံ့ထားပြီး ကြောက်စိတ်ကြောင့် အသားတွေ တဆတ်ဆတ် တုန်နေသည်။

လင်ချမ်းကျုံးသည် စူးရှကျယ်လောင်သောအသံဖြင့် ချန်ဂူးဝမ်းက ရှုအုံကြူကို အဓမ္မကျင့်ကြံစည်မှုကို စံအိမ်တော်အမှုထမ်းများအား ပြောပြနေသည်။

စံအိမ်အမှုထမ်းများမှာ တအံ့တသြနှင့် နားထောင်နေကြ၏။

အမှုထမ်းအများစုမှာ လင်ချမ်းကျုံး၏လူများ ဖြစ်ကြသောကြောင့် ချန်ဂူးဝမ်းကို ပြစ်တင်ရှုတ်ချစကားပြောကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အထင်သေးသော မျက်လုံးများဖြင့် ကြည့်ကြ၏။

"ဒီအရွယ်နဲ့ ဒီလောက်တောင် ယုတ်မာရသလား"

"အမျိုးရဲ့ဂုဏ်ကို မထောက်တဲ့ကောင်ပဲ"

"ဒီလိုလူမျိုးကများ ငွေဗျိုင်းဖြူဂိုဏ်းချုပ်ကြီး လုပ်ချင်သေးတယ်၊ ဒီလိုလူမျိုးသာ ငွေဗျိုင်းဖြူဂိုဏ်းချုပ်ကြီးဖြစ်ရင် ငွေဗျိုင်းဖြူဂိုဏ်းကြီးလဲ မဟုတ်တယုတ်တွေလုပ်တဲ့ ဂိုဏ်းကြီးဖြစ်သွားမှာပဲ"

"ဟုတ်ပါရဲ့ဟယ်၊ သူလိုလူမျိုးသာ ဒီစံအိမ်ကြီးရဲ့အကြီးအကဲဖြစ်မယ်ဆိုရင် တို့တော့ အမှုထမ်းဘဝကို နှုတ်ထွက်လိုက်တော့မယ်၊ တို့လို မိန်းကလေးတွေအတွက် စိတ်မချရဘူးမဟုတ်လား"

တစ်ယောက်တစ်ပေါက် ပြောဆိုကြသံများကို ချန်ဂူးဝမ်းကြားနေရသော်လည်း ဘာတစ်ခွန်းမှ ပြန်လည်ချေပနိုင်ခြင်းမရှိပါချေ။

သူ့အဖြစ်က ပြန်လည်ချေပရန်လည်း မဖြစ်တော့ပါချေ။

အရေးပါအရာရောက်သော အထူးဧည့်သည်တော်ကြီးသုံးယောက် ကိုယ်တိုင်ပင်လျှင် ဤကိစ္စတွင် သူ့ကိုလုံးလုံးလျားလျားအပြစ်ရှိသူဟု ထင်မှတ်နေကြပြီ မဟုတ်ပါလား။

လင်ချမ်းကျိုးက အားလုံးကြားသာရုံလေသံဖြင့် ဆက်၍ပြောဆိုပြန်သည်။

"ခုလို စံအိမ်အမှုထမ်းတွေကိုခေါ်ပြီး ပြောရတာကတော့ ဒီကောင့်မှာ ဒီလိုအကျင့်မျိုးရှိတဲ့အတွက် အထူးသဖြင့် မိန်းကလေး



တွေ၊ အမျိုးသမီးတွေ သတိထားကြဖို့ သတိပေးတဲ့သဘောပဲ၊ ခုတောင် တို့တွေ အချိန်မီရောက်သွားလို့၊ နို့မို့ ဒီကောင့်အကြံအစည်အောင်မြင်သွားရင် ရှုအုံကြူနဲ့မြောင်ယီလန်းတို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးပါ ကစဉ့်ကလျား ဖြစ်သွားနိုင်တယ်"

"မှန်ပါတယ် သခင်ကြီး"

"ဟုတ်ပါတယ်"

"ဒီလိုပြစ်မှုမျိုးကို ကျူးလွန်လာရင် ငါ့အနေနဲ့ ဘယ်သူ့ကိုမှ ခွင့်မလွှတ်ဘူးဆိုတာ အားလုံးမြဲမြဲ မှတ်ထားကြ၊ အခု ဒီကောင့်ကို နမူနာအနေနဲ့ ငါ အပြစ်ပေးဆုံးမရမယ်"

စကားအဆုံးတွင် လင်ချမ်းကျိုးသည် ချန်ဂူးဝမ်းကို သူနှင့်ကွာသွားအောင် တွန်းထုတ်လိုက်သည်။

တစ်ပြိုင်တည်းမှာပင် သူ့လက်ထဲမှ ကျာပွတ်လည်း လှုပ်ယမ်းသွားသည်။

"ရွှမ်း....."

"အား....."

"ရွှမ်း....."

"အင့်....."

"ရွှမ်း....."

"အွန့်... ကြောက်ပါပြီ"

လင်ချမ်းကျိုးလက်မှ သားရေကျာပွတ်အဖျားက ချန်ဂူးဝမ်း

www.burmeseclassic.com

www.burmeseclassic.com



၏ခန္ဓာကိုယ်ပေါ်သို့ အဆက်မပြတ်ကျသည်။

ချန်ဂူးဝမ်းသည် ရောင်တိမ်းသော်လည်း မလွတ်ချေ။

နောက်ဆုံး မြေပေါ်သို့ လဲကျသွားသည်။

သူ့ကိုယ်ပေါ်တွင် ဝတ်ထားသောအဝတ်မှာ စုတ်ပြဲကုန်သည်။

အရိုက်ခံရသော သူ့အသားတွင် သွေးတွေ စို့ထွက်လာ၏။

ချန်ဂူးဝမ်း မြေပေါ်တွင် လူးလိမ့်နေသော်လည်း လင်ချမ်းကျိုးက အဆက်မပြတ် ရိုက်မြဲ ဆက်ရိုက်နေသည်။

ချန်ဂူးဝမ်း၏နာကျင်စွာ ညည်းတွားအော်ဟစ်သံမှာလည်း ဆက်တိုက်ပေါ်ထွက်နေသည်။

စံအိမ်အမှုထမ်းများထဲတွင် ချန်ဂူးဝမ်းကို ချစ်ခင်ကြသူများ ရှိကြသော်လည်း ထိုသူများသည်လည်း လင်ချမ်းကျိုးကို မဟန့်တားရဲကြချေ။

အထူးဧည့်သည်တော် သုံးယောက်ပင်လျှင် ချန်ဂူးဝမ်း အပြစ်ဒဏ်ခံနေရသည်ကို မျက်နှာလွှဲနေကြလေ၏။

သူတို့စိတ်ထဲတွင်လည်း လင်ချမ်းကျိုးက ချန်ဂူးဝမ်းကို မှတ်လောက်သားလောက်အောင် ဆုံးမစေချင်သည်။

လက်ရှိအခြေအနေအရ ချန်ဂူးဝမ်းကို အုပ်ထိန်းသူမှာ လင်ချမ်းကျိုးသာ မဟုတ်ပါလား။

ထိုစဉ် စံအိမ်အမှုထမ်းများ တိုးဝှေ့ဖောက်လျက် အထိန်း



တော်ကြီး ကျိဖေ့ကျန်း ပြေးဝင်လာသည်။

"တော်ပါတော့ အစ်ကိုကြီးရယ်၊ ရပ်ပါတော့ရှင်"

လင်ချမ်းကျိုးက အထိန်းတော်ကြီး ကျိဖေ့ကျန်းကို လက်ညှိုးထိုးပြပြီး သူ့လူများကို အမိန့်ပေးလိုက်သည်။

"သူ့ကို ဖမ်းကိုင်ထားကြစမ်းဟေ့"

စံအိမ်အမှုထမ်းနှစ်ယောက်က အထိန်းတော်ကြီး ကျိဖေ့ကျန်းကို ဖမ်းချုပ်ကိုင်ထားလိုက်ကြသည်။

ထို့ကြောင့် အထိန်းတော်ကြီး ကျိဖေ့ကျန်းသည် ချန်ဂူးဝမ်းနှင့် လင်ချမ်းကျိုး အနီးသို့ရောက်အောင် မလာနိုင်တော့ချေ။

သူမသည် အမှုထမ်းနှစ်ယောက်၏လက်မှ ရုန်းကန်ရင်း တောင်းပန်စကားပြောနေရှာလေသည်။

"ကျွန်မ တောင်းပန်ပါတယ် အစ်ကိုကြီးရယ်၊ ကလေး သေပါတော့မယ်၊ တော်ပါတော့ ရပ်ပါတော့"

လင်ချမ်းကျိုးက အထိန်းတော်ကြီးကျိဖေ့ကျန်းကို အရေးမစိုက်ဘဲ မြေပေါ်မှ ပြန်မထနိုင်ဖြစ်နေသော ချန်ဂူးဝမ်းကိုကျာပွတ်ဖြင့် ဆက်ရိုက်နေသည်။

"နောက်ကို ဒီလိုယုတ်မာတဲ့ အပြုအမူမျိုး လုပ်ဦးမလားကွ"

"ရှမ်း....."

"အား... မလုပ်တော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို လိမ်ဦး ညာဦးမလားကွ"

"ရှမ်း...."

"အ..., မလိမ်တော့ပါဘူး"

"မှတ်ထားမလား"

"အင်း... မှတ်ထား"

"ရှမ်း...."

"အား...."

"ရှမ်း... ရှမ်း... ရှမ်း"

နောက်ဆုံးတွင် ချန်ဂူးဝမ်းထံမှ အသံပင် မထွက်နိုင်ချေ။

ထိုအခါမှ လင်ချမ်းကျုံးသည် အရိုက်ရပ်လိုက်တော့သည်။

ချန်ဂူးဝမ်းမှာ မြေပေါ်တွင် မလှုးလွန့်နိုင်တော့ဘဲ သတိမေ့လုပင် ဖြစ်နေ၏။ သူ့ကိုယ်တွင်မူ သွေးချင်းချင်း နီနေသည်။

လင်ချမ်းကျုံးက မလှမ်းမကမ်းတွင် ရပ်နေသော စံအိမ်မှ သမားတော်ကြီးကိုကြည့်၍ ပြောလိုက်၏။

"သမားတော်ကြီး... ဒီကောင့်ရဲ့ဒဏ်ရာတွေကို ဆေးထည့်ပေးလိုက်ပါ၊ ဒဏ်ရာတွေ ပျောက်တဲ့အထိ ကုပါ"

ထို့နောက် လင်ချမ်းကျုံးသည် ဧည့်သည်သုံးယောက်နှင့်အတူ ဤနေရာမှ ထွက်ခွာသွားလေသည်။

သည်တော့မှ အထိန်းတော်ကြီး ကျိဖေ့ကျုန်းကို ဖမ်းချုပ်ကိုင်ထားကြသော အမှုထမ်းနှစ်ယောက်ကလည်း လွှတ်လိုက်သည်။



အထိန်းတော်ကြီး ကျိဖေ့ကျုန်းသည် ငိုယိုပြီး ချန်ဂူးဝမ်းထံ ပြေးလာသည်။

သွေးသံရဲရဲနှင့် လဲကျနေသော ချန်ဂူးဝမ်းကိုပွေ့ထူပြီး ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

## အမွေ

ချန်ဝူးဝမ်း၏သတင်းကား သိုင်းလောက၏ထိပ်တန်းသိုင်းဂိုဏ်းကြီးများဖြစ်သော ရှောင်လင်ဂိုဏ်း၊ ဟူတန်းဂိုဏ်း၊ ခွန်တုံဂိုဏ်း၊ ဝေါင်မေဂိုဏ်း အစရှိသည့် သိုင်းဂိုဏ်းကြီးများဆီသို့ ရောက်သွားသည်။

ဤသို့ဖြစ်ပျက်ခဲ့သည့် တစ်လကျော်ခန့်အကြာတွင် ယင်းဂိုဏ်းကြီးများ၏ဂိုဏ်းချုပ်ကြီးများထံမှ လင်ချမ်းကျုံးထံသို့ စာများရောက်လာကြသည်။

ချန်ဝူးဝမ်းသည် ခွင့်မလွှတ်ထိုက်သော အပြုအမူမျိုးကို ကျူးလွန်သူဖြစ်သောကြောင့် ဖခင်ဖြစ်သူ ဂိုဏ်းချုပ်ကြီး ချန်စီးလင်း၏ စည်းကမ်းချက်အတိုင်း ချန်ဝူးဝမ်းအား ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီး



အဖြစ် မလွှဲအပ်၊ မတင်မြှောက်သင့်ကြောင်း စာများတွင် ရေးသားထားလေသည်။

လင်ချမ်းကျုံးကသာ ယာယီဂိုဏ်းချုပ်ကြီးအဖြစ်မှ ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် ရာသက်ပန်ထမ်းဆောင်သွားရန် သိုင်းဂိုဏ်းကြီးများအားလုံးက တညီတညွတ်တည်း ဆန္ဒပေးရေးသားလိုက်လေသည်။

အဆိပ်သင့်သောဝေဒနာကို ခံစားနေရပြီး အိပ်ရာပေါ်မှမထနိုင်သော စီးချမ်းပြည်နယ် နယ်စားကြီးစန့်ဟုမ်းယန်းကလည်း ချန်ဝူးဝမ်း၏သတင်းကိုကြားသိရပြီးနောက် လင်ချမ်းကျုံးကို လူလွှတ်ခေါ်ခိုင်းသည်။

နယ်စားကြီး စန့်ဟုမ်းယန်းသည် အိပ်ရာပေါ်မှ မထနိုင်အစားလည်း ကောင်းစွာ မစားနိုင်တော့၊ စကားကိုတော့ ခပ်သဲ့သဲ့ပြောနိုင်သေးသည်။

လင်ချမ်းကျုံးလည်း မဆိုင်းမတွပင် လာခေါ်သူနှင့်အတူ နယ်စားကြီး စံအိမ်တော်သို့လိုက်သွားပြီး နယ်စားကြီးစန့်ဟုမ်းယန်းနှင့် တွေ့ဆုံသည်။

ဦးစွာ လင်ချမ်းကျုံးက နယ်စားကြီး ယခုကဲ့သို့ နာမကျန်းဖြစ်နေသည်ကို လွန်စွာ စိတ်ထိခိုက်မိပါကြောင်း၊ တကယ်ပင် စိတ်မချမ်းသာဟန်ဖြင့် လောကွတ်စကား ပြောဆိုသည်။

ထိုအချိန်တွင် ဒုနယ်စားကြီးအဖြစ် အမှုတော်ထမ်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



နေသော ချုံကင်းမြို့စားကြီး ချီကုဖိန်းလည်း နယ်စားကြီးနှင့်အတူရှိနေသည်။

လင်ချမ်းကျုံးနှင့် ဒုနယ်စားကြီး ချီကုဖိန်းတို့သည် ဟန်ဆောင်၍ အပူရုပ်ဆင်နေကြသော်လည်း သူတို့နှစ်ယောက်စလုံး စိတ်ထဲတွင် နယ်စားကြီးအခြေအနေဆိုးရွားနေသည့်အတွက် အလွန်အမင်း ဝမ်းသာနေကြသည်။

နယ်စားကြီး စန့်ဟုမ်းယန်း၏အသွင်အပြင်ပုံသဏ္ဌာန်ကို ကြည့်၍ သေဖို့ရက် နီးကပ်လာပြီဖြစ်ကြောင်း အကဲခတ်မိကြသောကြောင့် ဖြစ်လေသည်။

နယ်စားကြီး စန့်ဟုမ်းယန်းသည် စကားသွက်သွက်လက်လက်လည်း မပြောနိုင်ချေ။

လေသံကိုလည်း အနီးဆုံးမှ လူသုံးလေးယောက် ကြားသာရုံသာ ပြောနိုင်သည်။

"ချန်ဂူးဝမ်းနဲ့ပတ်သက်ပြီး ကြားရတဲ့သတင်းကတော့ စိတ်မချမ်းသာစရာပါဘဲ၊ ကျုပ်ရဲ့လူယုံတော်ကြီးကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ကြုံလာခဲ့ရတယ်ဆိုတော့ ကျုပ်က ပိုပြီး တိတိကျကျ သိရတာပေါ့၊ သိပ်မိုက်တဲ့ကောင်လေးပဲ၊ ဒီကောင်လေး အစက ဒီလောက်ထိ ဆိုးဆိုးရွားရွား ဖြစ်လိမ့်မယ်လို့ ကျုပ် လုံးလုံး ထင်မထားဘူး"

လင်ချမ်းကျုံးကလည်း တကယ့်ကို စိတ်မချမ်းမြေ့သံဖြင့် ပြန်ပြောသည်။



"ကျွန်တော်လဲ ဒီကောင်လေးကို အတတ်နိုင်ဆုံး ဆုံးမခဲ့ပါတယ် နယ်စားကြီး၊ လိမ္မာရေးခြားရှိအောင် အမျိုးမျိုးသွန်သင်ခဲ့ပါတယ်၊ ပါးစပ်နဲ့ချည်းပဲပြောရင် မကြောက်မှာစိုးလို့ တစ်ခါတလေလဲ ရိုက်တန်ရိုက်ပြီး ဆုံးမခဲ့ပါတယ်၊ ဒါနဲ့တောင် အခုလို ဖြစ်မှုကြီးကို သူကျူးလွန်တာ မြင်ရတော့ ကျွန်တော်သိပ်ပြီး အံ့သြသွားမိပါတယ်၊ ဒေါသလဲဖြစ်သွားမိပါတယ်၊ ဒါကြောင့်လဲ သူ့ကို အတော်ကလေး နာကျင်သွားအောင်ရိုက်ပြီး ဆုံးမခဲ့ပါတယ်၊ နည်းနည်းတောင် လက်လွန်သွားပါတယ် နယ်စားကြီး၊ ကျွန်တော့်ကို နယ်စားကြီးတို့က တောင် တစ်မျိုးထင်ကြမလား မသိဘူး"

"ကျုပ်အနေနဲ့ကတော့ ဂိုဏ်းချုပ်လင်အပေါ် ဘယ်လိုမှမထင်ပါဘူးလေ၊ ဒီကောင်လေးရဲ့အဖေ ဂိုဏ်းချုပ်ကြီး ချန်စီးလင်းကိုယ်တိုင်ရှိနေရင်လဲ သူ့သားကို ဒီ့ထက်မက အပြစ်ပေးမှာ အမှန်ပါပဲ၊ အခု ကောင်လေးကျူးလွန်တဲ့ ဖြစ်မှုက ဘယ်လိုမှ ခွင့်မလွှတ်နိုင်တဲ့ ဖြစ်မှုမျိုး မဟုတ်လား"

ဒုနယ်စားကြီး ချီကုဖိန်းက ဝင်ပြောသည်။

"ချန်ဂူးဝမ်း အသက်ဆယ့်ရှစ်နှစ်ပြည့်ဖို့ ဘာမှမလိုတော့ပါဘူး နယ်စားကြီး၊ ဒီကောင်လေးကို ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် လွှဲပြောင်းတင်မြှောက်ဖို့ကိစ္စကို နယ်စားကြီး ဘယ်လိုစဉ်းစားမလဲခင်ဗျာ"

နယ်စားကြီး စန့်ဟုမ်းယန်းသည် ချက်ချင်း ပြန်မပြောသေး

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ခဏမျှ စဉ်းစားနေလိုက်ပြီးမှ....

"အခင်း... ဒီတိုင်းဆို ဒီကောင်လေးကို သူ့ဖခင်ရဲ့ဆန္ဒအတိုင်း ငွေဗျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် ဘယ်လိုလွှဲပြောင်းမြှောက်လို့ ရပါတော့မလဲ၊ သူဟာ အသက်အရွယ်လဲ ငယ်နေတယ်၊ ပြီးတော့ စိတ်ကလဲ တည်ငြိမ်မှုမရှိဘဲ ကယောက်ကယက်ဖြစ်နေတယ်၊ ဒီလိုလူမျိုးသာ ငွေဗျိုင်းဖြူဂိုဏ်းကြီးရဲ့ဂိုဏ်းချုပ်ကြီးဖြစ်သွားရင် အကုန်လုံး ပရမ်းပတာဖြစ်ကုန်ကြမှာပဲ၊ ထိန်းမနိုင် သိမ်းမနိုင်ဖြစ်ကုန်မှာပဲ၊ ပြီးတော့ ဂိုဏ်းချုပ်ကြီး ချန်စီးလင်းကိုယ်တိုင်ကလဲ သူ့ရဲ့သားဟာ ခွင့်လွှတ်လို့မရတဲ့ ဒီလိုပြစ်မှုကြီးတစ်ခုခုကို ကျူးလွန်ရင် ငွေဗျိုင်းဖြူဂိုဏ်းချုပ်ကြီးရဲ့အရာကို မအပ်နှင်းနဲ့တော့လို့ သေသေချာချာ မှာခဲ့တာပဲ"

"ဒါဖြင့် ငွေဗျိုင်းဖြူဂိုဏ်းနဲ့ပတ်သက်ပြီး နယ်စားကြီးအနေနဲ့ ဘယ်လိုဖြစ်စေချင်ပါသလဲခင်ဗျာ"

ဒုနယ်စားကြီး ချီကုဖိန်း၏အမေးကို နယ်စားကြီးသည် ချက်ချင်း ပြန်မဖြေသေးဘဲ စဉ်းစားနေသေးသည်။

လင်ချမ်းကျူးနှင့် ဒုနယ်စားကြီး ချီကုဖိန်းတို့၏စိတ်ထဲတွင်မူ လွန်စွာမှ ဝမ်းသာပျော်ရွှင်နေကြသည်။

ချီကုဖိန်းက နယ်စားကြီး စန့်ဟုမ်းယန်းကို စကားထောက်၍ မေးလိုက်သော်လည်း နယ်စားကြီး စန့်ဟုမ်းယန်းသည် ငွေဗျိုင်းဖြူဂိုဏ်းကြီးကို လင်ချမ်းကျူးကိုသာ ဆက်၍ ဦးစီးစေမည်ဖြစ်ကြောင်း



သိနေကြ၏။

ချန်ဂူးဝမ်းကို ငွေဗျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် လွှဲပြောင်း တင်မြှောက်ရန် နယ်စားကြီး စန့်ဟုမ်းယန်းသည် သဘောမတူတော့ပြီ မဟုတ်ပါလား။

သို့သော် လင်ချမ်းကျူးရော ချီကုဖိန်းတို့နှစ်ဦးစလုံး အနည်းငယ်မျှ ဝမ်းသာပျော်ရွှင်သည့်အမူအရာမျိုး မပြကြ။

စိတ်လက်မကြည် သာသောအမူအရာမျိုးဖြင့်သာ ဟန်ဆောင်နေကြ၏။

နယ်စားကြီးထံမှလည်း စကားသံသဲ့သဲ့ ထွက်ပေါ်လာသည်။

"ဂိုဏ်းချုပ်ကြီး ချန်စီးလင်းတို့ မိဘဘိုးဘွားလက်ထက်ကတည်းက တည်ထောင်လာခဲ့တဲ့ ငွေဗျိုင်းဖြူဂိုဏ်းကြီး ပြိုကွဲပျက်စီးသွားမှာ ကျုပ် မလိုလားပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငွေဗျိုင်းဖြူဂိုဏ်းကြီးဟာ ကျုပ်တို့စီးချမ်းပြည်နယ်မှာတော့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို ထိပ်ဆုံးက လုပ်နေလို့ပါပဲ၊ ဒီတော့ ဂိုဏ်းချုပ်လင်းကပဲ ငွေဗျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် ဆက်ခံပြီး ငွေဗျိုင်းဖြူဂိုဏ်းကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ဦးစီးဦးဆောင် လုပ်သွားပါတော့၊ ငွေဖျိုင်းဖြူဂိုဏ်းကြီးကို ဂိုဏ်းချုပ်ကြီး ချန်စီးလင်းတို့ချမှတ်ထားတဲ့ လမ်းစဉ်ကနေ သွေဖည်ပြီး မသွားအောင် ထိန်းသိမ်းသွားပါတော့"

လင်ချမ်းကျူး၏ရင်ထဲတွင်မူ ဝမ်းသာလွန်းသဖြင့် တဒိန်းဒိန်း ခုန်နေသည်။

သူ့စိတ်ခံစားချက်အမှန်ကို နယ်စားကြီး စန့်ဟုမ်းယန်း မရိပ်မိအောင် မနည်းကြွေ့ဆယ်ထားရလေသည်။

သူသည် ဟန်ဆောင်၍ ပြောလိုက်သေး၏။

"ချန်ဂူးဝမ်းဟာ မလိမ်မာ တစ်ခါမိုက်တာမျိုး ဖြစ်ပါလိမ့်မယ် နယ်စားကြီးခင်ဗျာ၊ ဒီပြစ်မှုအတွက် ကျွန်တော်ပြင်းပြင်းထန်ထန်ရိုက်နှက်ပြီး ဆုံးမခဲ့လို့ အခုဆိုရင် သူဟာ နောင်တရနေလောက်ပြီလို့ ကျွန်တော်ထင်ပါတယ်၊ ဒီတော့ သူ့ရဲ့ပြစ်မှုတစ်ခုကို ကျွန်တော်တို့ခွင့်လွှတ်ပြီး ဂိုဏ်းချုပ်ကြီးချန်စီးလင်းရဲ့ ဆန္ဒအတိုင်း သူ့ကိုပဲ ငွေဖျိုင်းဖြူ ဂိုဏ်းချုပ်ကြီးအဖြစ် လွှဲအပ်ပေးရရင် ကောင်းလိမ့်မယ်လို့ ကျွန်တော် စဉ်းစားမိပါတယ်"

"ချန်ဂူးဝမ်းကို ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် လွှဲအပ်တင်မြှောက်ဖို့တော့ မဖြစ်နိုင်ပါဘူး ဂိုဏ်းချုပ်လင်၊ သူဟာ အသက်ငယ်သေးတဲ့အပြင် သူ့စိတ်ဓာတ်ကလဲ တည်ငြိမ်မှန်ကန်ခြင်း မရှိတော့ဘူး ဒါကိုတော့ မစဉ်းစားပါနဲ့တော့၊ ချန်ဂူးဝမ်းဟာ ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီး ဖြစ်မလာပေမယ့်လဲ အခြေအနေမဲ့မသွားပါဘူး၊ သူ့အဖေ ဂိုဏ်း



ချုပ်ကြီး ချန်စီးလင်းက သူ့သားသာ တကယ်လို့ ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးဖြစ်မလာရင် သူ့သားအတွက် တခြားစီစဉ်ပေးခဲ့သေးတယ် မဟုတ်လား"

ဒုနယ်စားကြီး ချိုကုဖိန်းက နားမလည်သည့်အသွင်ဖြင့် ဝင်မေးသည်။

"ချန်ဂူးဝမ်း ကလေးအတွက် သူ့အဖေ ဂိုဏ်းချုပ်ကြီးချန်စီးလင်းက ဘယ်လိုစီစဉ်ခဲ့ပါသေးသလဲ နယ်စားကြီး၊ ကျွန်တော်က ဂိုဏ်းချုပ်ကြီးချန်စီးလင်းရဲ့ ရင်းနှီးသိကျွမ်းခြင်းမရှိလို့ ဒီအကြောင်းတွေ သိမထားပါဘူး"

နယ်စားကြီးမှာ စကားပြောရလွန်းသဖြင့် အတော်လေးမောနေပြီဖြစ်၏။

ထို့ကြောင့် သူ့အနီးတွင် ထိုင်နေသော သူ၏လူယုံ တော်ကြီးရွှဲ့ဖူးကိုသာ ပြောလိုက်၏။

"ကဲ… လူယုံတော်ကြီး၊ ချန်မိသားစုနဲ့ ငွေဖျိုင်းဖြူဂိုဏ်းအကြောင်းကို လူယုံတော်ကြီးလဲ အတော်ကလေး သိထားတာပဲ၊ မြို့စားကြီး ချိုကုဖိန်းကို ပြောပြလိုက်ပါ၊ ခုဆို မြို့စားကြီး ချိုဟာလဲ စီးချွမ်းပြည်နယ်ရဲ့ဒုတိယ နယ်စားကြီးတစ်ယောက် ဖြစ်နေပြီပဲ၊ သိထားထိုက်ပါတယ်လေ"

လူယုံတော်ကြီး ရွှဲ့ဖူးက ခေါင်းညိတ်လိုက်ပြီး မြို့စားကြီးချိုကုဖိန်းကို ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြို့စားကြီး ချီ… ဂိုဏ်းချုပ်ကြီး မသေဆုံးခင်က သူ့ရဲ့တစ်ဦးတည်းသော အမွေခံသား ချန်ဂူးဝမ်းအတွက် တစ်သက်လုံး စိတ်အေးသွားရအောင် အစီအစဉ်တွေ လုပ်ခဲ့ပါတယ်၊ ဒီအစီအစဉ်တွေ သွပ်စဉ်က ဂိုဏ်းချုပ်ကြီး ချန်စီးလင်းနဲ့အတူ နယ်စားကြီးရယ်၊ ဂိုဏ်းချုပ်လင်ရယ်၊ ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီးရယ်၊ ဟူတန်းဂိုဏ်းချုပ် ကြီးရယ်၊ ကျူပ်ရယ်၊ ပြီးတော့ ချန်ဂူးဝမ်းရဲ့ အထိန်းတော်ကြီး ကျိဖေ့ကျန်းတို့ပါရှိနေကြပါတယ်၊ ဂိုဏ်းချုပ်ကြီး ချန်စီးလင်းကတော့ သူ့ရဲ့သား ချန်ဂူးဝမ်းကို ငွေကြေးပြည့်စုံကြွယ်ဝသူသာမက ဩဇာအာဏာနဲ့ပြည့်ဝတဲ့ ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးလဲ ဖြစ်စေချင်ပါတယ်၊ ဒါကြောင့်လဲ သူ့သား ဆယ့်ရှစ်နှစ်ပြည့်တဲ့အခါ ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ်တင်မြှောက်ဖို့ ခြွင်းချက်တွေနဲ့ မှာကြားခဲ့တာပေါ့၊ တကယ်လို့ သူမျှော်မှန်းထားသလို ချန်ဂူးဝမ်းဟာ ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီး ဖြစ်မလာတော့ဘူးဆိုရင်လဲ တစ်သက်လုံး ချမ်းချမ်းသာသာ ငြိမ်းငြိမ်း အေးအေးနဲ့ နေထိုင်နိုင်အောင် အမွေပစ္စည်းတော်တော်များများကို ထားခဲ့ပါတယ်"

ဒုနယ်စားကြီး ချီကုဖိန်းသည် လူယုံတော်ကြီးရွှဲ့ဖူး၏စကားကို စိတ်ဝင်တစားပင် နားထောင်နေသည်။

သူသည် ဤအကြောင်းများကို လင်ချမ်းကျူးမှတစ်ဆင့် တချို့တစ်ဝက်သိထားပြီး ဖြစ်သော်လည်း ယခုကဲ့သို့ ပြည့်ပြည့်စုံစုံ မသိရသေးချေ။



လူယုံတော်ကြီး ရွှဲ့ဖူးက ခပ်အေးအေးပင် ဆက်၍ ပြောပြနေသည်။

"တကယ်လို့ ချန်ဂူးဝမ်းသာ ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးမဖြစ်တော့ဘူးဆိုရင် သူ အသက်နှစ်ဆယ်ပြည့်တာနဲ့ ဂိုဏ်းချုပ်လင်ဟာ ငွေဖျိုင်းဖြူစံအိမ်ကြီးနဲ့ ချန်ဂူးဝမ်းအတွက် ထားခဲ့တဲ့ ဥစ္စာပစ္စည်းတွေ အကုန်လုံးကို ချန်ဂူးဝမ်း လက်ထဲလွှဲပေးရပါလိမ့်မယ်"

လင်ချမ်းကျူးကလည်း ခေါင်းညိတ်၍ ဝင်ပြောသည်။

"ဟုတ်ပါတယ် မြို့စားကြီး၊ ကျွန်တော်ဟာ ချန်ဂူးဝမ်းရဲ့အမွေပစ္စည်းအားလုံးကို မပျောက်မပျက် မလျော့ပါးအောင် ထိန်းသိမ်းထားရပါတယ်၊ သူ့အသက်နှစ်ဆယ်ပြည့်တဲ့နေ့ကျရင် သူဟာ ဘယ်လိုဘဝမျိုးပဲ ရောက်နေရောက်နေ သူ့လက်ထဲကို ပေးအပ်ရပါလိမ့်မယ်၊ ကျွန်တော်တောင် ငွေဖျိုင်းဖြူစံအိမ်ကြီးမှာ သူ့အသက်နှစ်ဆယ်ပြည့်တဲ့အထိပဲ နေခွင့်ရပါတယ်၊ သူ့ကိုလွှဲပြီးတာနဲ့ ချန်ဂူးဝမ်းက မလိုလားရင် နေခွင့်မရှိတော့ပါဘူး"

"ချန်ဂူးဝမ်းအတွက် သူ့အဖေ ထားခဲ့တဲ့ ဥစ္စာပစ္စည်းတွေဟာ ဘယ်လောက်တောင် များပါသလဲ ဂိုဏ်းချုပ်ကြီး"

လင်ချမ်းကျူးက စဉ်းစဉ်းစားစားနှင့်ပြန်ပြောသည်။

"အင်း… စာရင်းအတိအကျတော့ ကျွန်တော့်ဆီမှာကော၊ နယ်စားကြီးဆီမှာကော၊ ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီးရဲ့ ဟူတန်းဂိုဏ်းချုပ်ကြီးတို့ဆီမှာ ရှိနေပါတယ်၊ တန်ဖိုးကိုခန့်မှန်းတွက်

www.burmeseclassic.com

www.burmeseclassic.com



ဆပြီး ပြောရမယ်ဆိုရင်တော့ လုံငွေ သိန်းသုံးဆယ်ဖိုးလောက်တော့ ရှိလိမ့်မယ် မြို့စားကြီး"

မြို့စားကြီး ချီကုဖိန်း မျက်လုံးပြူးသွားသည်။

"အို... ချန်ဂူးဝမ်း တစ်သက်တာ မဟုတ်ဘူး၊ သူ့သား၊ သူ့မြေးတစ်သက်တောင် အေးအေးဆေးဆေး ထိုင်စားနိုင်တဲ့ငွေကြေးပမာဏပါပဲ၊ ချန်မျိုးနွယ်ဟာ ကျူပ်ထင်တာထက်တောင် ချမ်းသာနေပါကလား"

"ဟုတ်ကဲ့ မြို့စားကြီး၊ ဂိုဏ်းချုပ်ကြီး ချန်စီးလင်းကော သူ့မိဘဘိုးဘွားတွေကော အစဉ်အဆက် ချမ်းသာလာခဲ့ကြတဲ့သူတွေပါ။ အင်း... ချန်ဂူးဝမ်းသာ ဆက်မိုက်နေဦးမယ်ဆိုရင်တော့ နောက်ပိုင်း ချန်မျိုးနွယ်ဟာ အခြေအနေဆိုးဆိုးရွားရွား ဖြစ်ရပါလိမ့်မယ်"

နယ်စားကြီး စန့်ဟုမ်းယန်းကပါ ဝင်ပြောသည်။

"အင်းလေ... ဒါကတော့ သူ့ကုသိုလ်ကံတရားပဲပေါ့ ဂိုဏ်းချုပ်လင်၊ ခုချိန်မှာ ကျူပ်ကိုယ်တိုင်တောင် သေဖို့ရက်ကို တွက်နေရလေတော့ ဒီကောင်လေးအတွက် ဘာကိုမှမဆောင်ရွက်ပေးနိုင်တော့ပါဘူး။ ဂိုဏ်းချုပ်လင်တို့၊ မြို့စားကြီးတို့သာ ဒီကောင်လေးကို အတတ်နိုင်ဆုံး ထိန်းထိန်းသိမ်းသိမ်းနဲ့စောင့်ရှောက်သွားကြပါ"

"ဟုတ်ကဲ့... ဒါတော့ စိတ်ချပါ နယ်စားကြီး"

"ကိုယ့်တူသားရင်းတစ်ယောက်လို သဘောထားပြီး စောင့်ရှောက်ပါ့မယ်"



မြို့စားကြီး ချီကုဖိန်းနှင့် လင်ချမ်းကျူးတို့နှစ်ယောက်စလုံး နှုတ်မှ ခပ်လွယ်လွယ် ကတိပြုလိုက်ကြလေသည်။

၀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

### နယ်စားအမိန့်

လင်ချမ်းကျုံးနှင့်မြို့စားကြီး ချိုကုဖိန်းတို့၏စကားကြောင့် မြို့စားကြီး စန့်ဟုမ်းယန်းသည် ကျေနပ်သွားဟန်ဖြင့် ခပ်သွဲ့သွဲ့ပြုံးလိုက်သည်။ ပြီးမှ လင်ချမ်းကျုံးကို မေးသည်။

"ချန်ဂူးဝမ်းမှာ ချစ်သူရည်းစားများကော ရှိနေပြီလား ဂိုဏ်းချုပ်လင်"

လင်ချမ်းကျုံး မျက်မှောင်ကြုတ်စဉ်းစားလိုက်ပြီး ခါင်းခါယမ်းကာ....

"ကျွန်တော် သိသလောက်တော့ ချန်ဂူးဝမ်းမှာ ချစ်သူရည်းစားတော့ မရှိသေးပါဘူး နယ်စားကြီး၊ အိမ်ထဲကနေ အိမ်ပြင်ကို သူ သိပ်ပြီးထွက်ရတာမှ မဟုတ်ဘဲ၊ ကျွန်တော့်စိတ်ထဲမှာလဲ သူ့ကိုက



လေးပဲ ထင်နေသေးတာပါ၊ ဒီချစ်ရေးကြိုက်ရေးကို စိတ်ဝင်စားလိမ့်မယ် မဟုတ်ဘူးလို့ ထင်နေမိတာပါ"

"ဒါပေမယ့် သူဟာ စိတ်ဝင်စားမှုရှိနေပြီဆိုတာ အခု သူ ကျုံးလွန်သွားတဲ့ပြစ်မှုက သက်သေခံနေပြီ ဂိုဏ်းချုပ်လင်၊ ကျုပ်မေးတာက သူ့မှာ ချစ်သူရည်စားရှိနေရင် မြန်မြန်ပေးစား လိုက်စေချင်လို့ပါ၊ ဒါမှ သူဟာ နောက်ထပ် ဒီလိုပြစ်မှုမျိုးကို မကျုံးလွန်မှာ"

မြို့စားကြီး ချိုကုဖိန်းက ဝင်ပြောသည်။

"တကယ်လို့ သူ့မှာ ချစ်သူရည်စားမရှိသေးဘူးဆိုရင်လဲ ကျွန်တော်က သင့်တော်မယ် မိန်းကလေးတစ်ယောက်ကို ရှာဖွေပြီး ပေးစားလိုက်မယ်ဆိုရင်ကော မဖြစ်ဘူးလား နယ်စားကြီး"

နယ်စားကြီးက မျက်မှောင်ကို အသာအယာကြုတ်၍....

"ဒီလိုတော့ မဖြစ်ဘူး မြို့စားကြီး၊ သူ့အဖေ ချန်စီးလင်းက သူ့သားအိမ်ထောင်ရေးနဲ့ ပတ်သက်ပြီးတော့လဲ ကျုပ်တို့ကို မှာခဲ့တယ်"

"အမိန့်ရှိပါ နယ်စားကြီး"

"ပြောပြလိုက်ပါ ဂိုဏ်းချုပ်လင်"

နယ်စားကြီးမှာမောနေ၍ မပြောနိုင်သဖြင့် လင်ချမ်းကျုံးကိုပင် ပြောခိုင်းလိုက်ခြင်းဖြစ်၏။

လင်ချမ်းကျုံးက ချိုကုဖိန်းကို ရှင်းပြသည်။

"နယ်စားကြီးပြောတာ မှန်ပါတယ် မြို့စားကြီး၊ ဂိုဏ်းချုပ်

www.burmeseclassic.com

www.burmeseclassic.com



ကြီး ချန်စီးလင်းဟာ သူ့သား ချန်ဂူးဝမ်းရဲ့ အိမ်ထောင်ရေးနဲ့ပတ်သက်လို့လဲ ကျွန်တော်တို့ကို မှာခဲ့ပါတယ်၊ သူ့သားချစ်မြတ်နိုးခြင်းမရှိဘဲ လူကြီးတွေက အတင်းစီမံပေးစားတာမျိုး မလုပ်ပါနဲ့တဲ့၊ သူ့သားအနေနဲ့ အိမ်ထောင်ရေးကို စိတ်မဝင်စားသေးရင် ချစ်ကြိုက်တဲ့သူကိုမတွေ့ရင် နေပါစေတဲ့၊ အဲ... သူ့သား ချန်ဂူးဝမ်းကိုယ်တိုင်က တကယ်ပဲ ချစ်ကြိုက်မြတ်နိုးလို့ လက်ထပ်ချင်လာတယ်ဆိုရင်တော့ အဲဒီမိန်းကလေးဟာ သူတောင်းစားပဲ ဖြစ်နေပေစေ၊ ဆွံ့အနေသူပဲ ဖြစ်ပေစေ၊ ခြေလက်မသန်စွမ်းသူပဲဖြစ်ပေစေ လက်ထပ်ပေးလိုက်ကြပါတဲ့"

"ဂိုဏ်းချုပ်ကြီး ချန်စီးလင်းဟာ အခုလို ဘာဖြစ်လို့ မှာခဲ့ရတာလဲဆိုတာ ဂိုဏ်းချုပ်ကြီးလင် သိသလား"

"ကျွန်တော့်အနေနဲ့ သေသေချာချာတော့ မသိပါဘူး၊ စဉ်းစားကြည့်ရတာတော့ ချစ်ရေးချစ်ရာကိစ္စနဲ့ပတ်သက်လို့ သူ့သား စိတ်မဆင်းရဲစေချင်လို့ပဲ ဖြစ်ပါလိမ့်မယ်၊ သားဖြစ်သူဟာ မချစ်မနှစ်သက်တဲ့သူနဲ့ ပေါင်းသင်းပြီး တစ်သက်လုံး နေသွားရရင် စိတ်ဆင်းရဲလိမ့်မယ်ဆိုတာ တွက်ဆမိလို့ ဖြစ်ပါလိမ့်မယ်၊ ကျွန်တော်သိသလောက် ဂိုဏ်းချုပ်ကြီး ချန်စီးလင်းကိုယ်တိုင်လဲ သူချစ်မြတ်နိုးခဲ့တဲ့သူကို လက်ထပ်ခဲ့တာပဲ၊ မြို့စားကြီး ချိုကုဖိန်းသည် ဘာမှပြန်မပြောဘဲ ခေါင်းတဆတ်ဆတ်သာ ညိတ်နေသည်။

လင်ချမ်းကျုံးကသာ ဆက်ပြောသည်။

"တကယ်လို့ ချန်ဂူးဝမ်းသာ ချစ်ကြိုက်သူတွေ့လို့ လက်



ထပ်မယ်ဆိုရင် သတို့သမီးကို ဝတ်ဆင်ပေးဖို့ လက်ဝတ်ရတာတွေ သပ်သပ်ရှိပါတယ်၊ အဲဒီလက်ဝတ်ရတနာတွေကတော့ ချန်ဂူးဝမ်းအမေရဲ့ လက်ဝတ်ရတနာတွေပဲ၊ အဲဒီလက်ဝတ်ရတနာတွေရဲ့တန်ဖိုးတင် လျံငွေ နှစ်သိန်းကျော်ကျော် ရှိလိမ့်မယ်"

"အင်း... ချန်ဂူးဝမ်းနဲ့လက်ထပ်မယ့် မိန်းကလေးကတော့ နေ့ချင်းညချင်း ကြီးပွားချမ်းသာသွားမှာပဲ၊ အဲဒီလက်ဝတ်ရတနာတွေကိုကော ဂိုဏ်းချုပ်ကြီးပဲ ထိန်းသိမ်းထားရတာလား"

"ဒီလက်ဝတ်ရတနာတွေတော့ ကျွန်တော့်ဆီမှာ မရှိပါဘူး၊ ဂိုဏ်းချုပ်ကြီး ချန်စီးလင်း မဆုံးခင် နှစ်နှစ်လောက်ကတည်းက ထိုးကျန်း အာမခံဌာနမှာ အဲဒီလက်ဝတ်ရတနာတွေနဲ့ လျံငွေတစ်သိန်းကို မင်္ဂလာစရိတ်အနေနဲ့ အပ်ထားခဲ့တာပါ"

"အင်း.... ဒါဆို ချန်ဂူးဝမ်းဟာ ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးမဖြစ်ပေမယ့် ဥစ္စာပစ္စည်းကြွယ်ဝတဲ့ သူဌေးကြီးအဖြစ် နေသွားရမှာပဲ၊ ကောင်းပါတယ်လေ၊ သူလိုလူမျိုးက စဉ်းစားတွေးခေါ်ပြီး ဦးစီးဦးဆောင်လုပ်ရတဲ့ အလုပ်မျိုးကိုမလုပ်ဘဲ အေးအေးဆေးဆေး စည်းစိမ်ခံစားပြီး နေရတဲ့အလုပ်မျိုးကိုလုပ်တာ အကောင်းဆုံးပါပဲ၊ ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီးလင်၊ နယ်စားကြီးအမိန့်ရှိသလိုပဲ ချန်ဂူးဝမ်းကို ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် လွှဲအပ်တင်မြှောက်ဖို့ကိစ္စကို မေ့ဦးဟးပါနဲ့တော့၊ ငွေဖျိုင်းဖြူဂိုဏ်းကို ဂိုဏ်းချုပ်ကြီးလင်ကပဲ ဆက်လက် ဦးဆောင်သွားပါလို့ ကျုပ်ကလဲ မေတ္တာရပ်ခံပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



နယ်စားကြီး စန့်ဟုမ်းယန်းကလည်း အိပ်ရာပေါ် လှဲနေရင်းမှ ဝင်ပြောသည်။

"ဂိုဏ်းချုပ်လင်… ကျုပ်ရဲ့ကျန်းမာရေးကလဲ သိပ်ကောင်းတာ မဟုတ်ဘူး၊ ဒီတော့ ကျုပ် စကားများများ မပြောပါရစေနဲ့၊ ဂိုဏ်းချုပ်လင်ကို ကျုပ် အမိန့်ပေးတယ်၊ ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် ဂိုဏ်းချုပ်လင်ကပဲ ဆက်ခံပါ၊ ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီးနဲ့ ဟူတန်းဂိုဏ်းချုပ်ကြီးဆီကလဲ ကျုပ်ဆီကို စာရောက်လာတယ်၊ သူတို့ကိုယ်တိုင်လဲ ချန်ဂူးဝမ်းရဲ့သတင်းကိုကြားပြီးကြလို့ ဂိုဏ်းချုပ်လင်ကိုပဲ ငွေဖျိုင်းဖြူဂိုဏ်းချုပ်အဖြစ် ဆက်ခံဖို့ သဘောတူကြတယ်၊ ဒီတော့ ကျုပ်ရဲ့လူယုံတော်ကြီး မြို့စားကြီးချိုကုဖိန်းတို့နဲ့ဂိုဏ်းချုပ်လင်တို့ တိုင်ပင်စီစဉ်ပြီး ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် ခံယူလိုက်ပါ၊ ဒါ ကျုပ်ရဲ့ အမိန့်ပဲ"

လင်ချမ်းကျုံးက ပျာပျာသလဲ ပြန်ပြောသည်။

"ကောင်းပါပြီ နယ်စားကြီး၊ ကောင်းပါပြီ၊ ရှောင်လင်ဂိုဏ်းချုပ်ကြီးနဲ့ ဟူတန်းဂိုဏ်းချုပ်ကြီးဆီက ခုလိုသဘောတူတဲ့စာမျိုးရောက်နေတယ်ဆိုတာ ကျွန်တော်မသိလို့ မငံ့မရဲဖြစ်နေမိတာပါ၊ အခုဆိုရင် နယ်စားကြီးရဲ့အမိန့်ကို ကျွန်တော် နာခံပါတော့မယ်၊ ကြိုက်သလိုသာ စီစဉ်ဆောင်ရွက်ပါခင်ဗျာ"

"နယ်စားကြီးက မကျန်းမမာဖြစ်နေတော့ ကျုပ်ကပဲ နယ်စားကြီးကိုယ်စား လူယုံတော်ကြီးရွဲ့ဖူနဲ့တိုင်ပင်ပြီး ဂိုဏ်းချုပ်ကြီးလင်ကို ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် တရားဝင် ခန့်အပ်ပွဲအခမ်းအနားကို စီစဉ်လိုက်ပါ့မယ်"

မြို့စားကြီးချိုကုဖိန်းက ဝမ်းပန်းတသာ ပြောလိုက်သည်။

လင်ချမ်းကျုံးသည် နယ်စားကြီး စန့်ဟုမ်းယန်းကို လက်ဖမိုးနှစ်ဖက် ယှက်၍ ဦးညွှတ်အရိုအသေပြုလိုက်ပြီး….

"ကျွန်တော်တစ်ခုလောက် ခွင့်ပန်ပါရစေ နယ်စားကြီးခင်ဗျာ"

"ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းပြောပါ ဂိုဏ်းချုပ်လင်"

"အဲပင်မြို့မှာနေတဲ့ ကျွန်တော်ရဲ့ဇနီးနဲ့သားကို ကျွန်တော်နဲ့အတူ ခေါ်ထားချင်ပါတယ်"

"သြော်… ဒါလား ဂိုဏ်းချုပ်လင်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပဲ၊ ဂိုဏ်းချုပ်လင် ကြိုက်သလိုသာ လုပ်ပါ၊ ကျုပ်ကိုတောင် တိုင်ပင်နေစရာမလိုပါဘူး"

မြို့စားကြီး ချိုကုဖိန်းက လင်ချမ်းကျုံးကို ပါးစပ်အဟောင်းသားဖြင့်ကြည့်၍….

"ဟင်… ဂိုဏ်ချုပ်ကြီးလင်မှာ သားမယား ရှိတယ်ဟုတ်လား… ကျုပ်တောင် အခုမှ သိရပါလား၊ ကျုပ်က ဂိုဏ်းချုပ်ကြီးလင်ကို လူလွတ်ပဲ မှတ်နေတာ၊ နေပါဦး အခုဂိုဏ်းချုပ်ကြီးလင်ရဲ့သားက ဘယ်အရွယ်တောင် ရောက်နေပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှစ်နှစ်သားအရွယ် ရောက်နေပါပြီ မြို့စားကြီး"

"ဒါနဲ့တောင် ဂိုဏ်းချုပ်ကြီး လင်ရဲ့ယ်၊ ကိုယ့်သား ကိုယ့်မယားကို ဘာဖြစ်လို့ အတူတူခေါ်မထားတာလဲ"

"ကျွန်တော့်အနေနဲ့ ငွေဗျိုင်းဖြူစံအိမ်မှာ ခေါ်မထားချင်လို့ပါ မြို့စားကြီး၊ ကိုယ့်မိသားစုကိုခေါ်ထားရင် လူတွေက ကျွန်တော့်ကို တစ်မျိုးမြင်ကြမှာ စိုးလို့ပါပဲ၊ ပြီးတော့ ငွေဗျိုင်းဖြူဂိုဏ်းဌာနချုပ်မှာ ခေါ်ထားရအောင်ကလဲ တစ်နေ့ ချန်ဂူးဝမ်းဂိုဏ်းချုပ်ကြီးဖြစ်လာရင် မကြိုက်မနှစ်သက်မှာ စိုးလို့ပါ၊ ကျွန်တော့်မှာလဲ ဆောင်ရွက်စရာတာဝန်တွေက များတော့ သားဒုက္ခ မယားဒုက္ခ မခံချင်သေးဘူးလေ၊ အခုတော့ ငွေဗျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် ကျွန်တော်ရပ်တည်ရတော့မယ်ဆိုလို့ သားနဲ့မယားကိုခေါ်ယူဖို့ ဆုံးဖြတ်မိတာပါ"

"ဂိုဏ်းချုပ်ကြီးလင်ရဲ့ သားနဲ့မယားက ဒီကိုတစ်ခါမှ လာမလည်ဘူးလား"

"ကျွန်တော်က လာခွင့်မပေးလို့ တစ်ခါမှ မလာကြပါဘူး၊ ကျွန်တော်သာ သုံးလေးလ တစ်ခေါက်ဆိုသလို ရောက်ခဲ့ပါတယ်"

"ဒါဆိုလဲ ဂိုဏ်းချုပ်ကြီးလင်ရဲ့ယ်၊ ကိုယ့်သားကိုယ့်မယားကို အမြန်ဆုံးသာ ခေါ်လိုက်ပါဗျာ၊ သူတို့ကို ငွေဗျိုင်းဖြူစံအိမ်ကြီးမှာ ထားခဲ့မယ်ဆိုလဲ ချန်ဂူးဝမ်းဟာ ကန့်ကွက်မှာ မဟုတ်ပါဘူး၊ သူ့မှာ အားကိုးအားထားဆိုလို့ ဂိုဏ်းချုပ်ကြီးလင်တို့ကလွဲပြီး တခြား ဘယ်



သူမှရှိတာမှ မဟုတ်ဘဲ၊ နောက်ဆုံးဂိုဏ်းချုပ်ကြီးလင်အနေနဲ့ သူတို့ကို ငွေဗျိုင်းဖြူစံအိမ်မှာ မထားချင်ဘူးဆိုရင်လဲ နေရေးထိုင်ရေးကို အကောင်းဆုံးဖြစ်အောင် ကျုပ် စီစဉ်ပေးပါ့မယ်"

"ဟုတ်ကဲ့… ကျေးဇူးတင်ပါတယ် မြို့စားကြီး၊ ကျွန်တော့်သားနဲ့မယားကို အမြန်ဆုံးခေါ်ဖို့ စီစဉ်လိုက်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

## ဂိုဏ်းချုပ်သစ်၏ညွှန်ခံပွဲ

စီးချွမ်းပြည်နယ် နယ်စားကြီးစန့်ဟုမ်းယန်းထံမှ ခွင့်ပြုချက်ရပြီး နှစ်ဆယ့်တစ်ရက်မြောက်တွင် လင်ချမ်းကျုံးကို ငွေဖျိုင်းဖြူဂိုဏ်းကြီး၏ရာသက်ပန် ဂိုဏ်းချုပ်ကြီးအဖြစ် အသိအမှတ်ပြုပွဲ အခမ်းအနားကို ဖိန်းစန်းတောင်ပေါ်ရှိ ငွေဖျိုင်းဖြူဂိုဏ်းဌာနချုပ်တွင် ကြီးကျယ်ခမ်းနားစွာ ကျင်းပလေသည်။

ယင်းအခမ်းအနားသို့ စီးချွမ်းပြည်နယ် နယ်စားကြီး စန့်ဟုမ်းယန်းကိုယ်စား ဒုတိယနယ်စားကြီး ချီကုဖိန်း၊ ရှောင်လင်ဂိုဏ်းတော်ကြီးမှ ဒုဂိုဏ်းချုပ်ဆရာတော်ကြီးများ၊ ဟုတန်းဂိုဏ်း၊ ဝေါင်မေဂိုဏ်း၊ ခွန်တုံဂိုဏ်းနှင့်အခြားဂိုဏ်းများမှ ဒုဂိုဏ်းချုပ်များ၊ သိုင်းလောကမှ ထိပ်တန်းသိုင်းအကျော်အမော်ကြီးများ တက်ရောက်ကြသည်။



သိုင်းဂိုဏ်းအတော်များများမှ ဦးစီးခေါင်းဆောင်များသည် ချန်ဂူးဝမ်း၏သတင်းကို ကြားသိပြီးဖြစ်ကြ၍ အများစုက ချန်ဂူးဝမ်းကို ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် တင်မြှောက်ရန် မလိုလားကြတော့ချေ။

ငွေဖျိုင်းဖြူဂိုဏ်းကြီးတွင် ဒုဂိုဏ်းချုပ်အဖြစ် အနှစ်နှစ်ဆယ်ကျော် ထမ်းဆောင်ခဲ့သော လင်ချမ်းကျုံးကိုပင် ဂိုဏ်းချုပ်ကြီးအဖြစ် ဆက်ခံရန် ဘုံဘောတူဆန္ဒရှိကြသည်။

တကယ်တော့ ထိုသူများသည် နောက်ကွယ်မှ လင်ချမ်းကျုံး၏ယုတ်မာကောက်ကျစ်သော အဖြစ်အပျက်အကြောင်းအရာများကို မသိကြချေ။

ထိုသို့မသိအောင်လည်း လင်ချမ်းကျုံးသည် အနေအထိုင်သိပ်သည်း ကျစ်လျစ်ခဲ့သည်။

ချန်ဂူးဝမ်း၏ဖခင် ဂိုဏ်းချုပ်ကြီး ချန်စီးလင်း သေဆုံးသွားပြီးနောက် သူသည် ယာယီဂိုဏ်းချုပ်ကြီးအဖြစ် ငွေဖျိုင်းဖြူဂိုဏ်းကြီးကို ဦးဆောင်နေချိန်အတွင်းတွင်လည်း ဂိုဏ်း၏အင်အားကိုသုံးကာ ကိုယ်ကျိုးရှာ တရားလုပ်ဆောင်ချက်များကို လုပ်ဆောင်ခဲ့သည်။

သို့သော် သတိဖြင့်ပိပိရိရိ လုပ်ဆောင်ခဲ့သဖြင့် သူ၏ယုံ

www.burmeseclassic.com

www.burmeseclassic.com



ကြည်စိတ်ချရသော ဝိုဏ်းဝင်များမှအစ အပြင်လူများက မရိပ်မိ မသိရှိခဲ့ကြချေ။

သူသည် လူအင်အားဖြင့် မတရားမှုများကို လုပ်ရာတွင် ငွေဖျိုးဖြုဂိုဏ်းအနေဖြင့် လှုပ်ရှားခြင်းမရှိဘဲ သီးခြားအဖွဲ့အစည်း တစ်ခုအနေဖြင့် လှုပ်ရှားခဲ့ခြင်းဖြစ်သောကြောင့်လည်း အပြင်လူများ မရိပ်မိခဲ့ခြင်းဖြစ်၏။

ဥပမာ လျှောင်နင်းမြို့ သူဌေးကြီးဟူယောင်၏အိမ်ကို သူ့လူများအား ဒမြတိုက်ခိုင်းရာတွင် ယုံကြည်စိတ်ချရသော သူ့လူစုလောက်ကိုသာ လွှတ်၍ သီးခြားဒမြအဖွဲ့အနေဖြင့် ဒမြတိုက်ခိုင်းခဲ့ခြင်းသာ ဖြစ်၏။

လျှန်အင်းရွာကို သူ့လူများ လွှတ်ပြီး ရွာလုံးကျွတ်ဒမြတိုက်ခိုင်းရာတွင်လည်း ငွေဖျိုးဖြုဆိုသော နာမည်ကို တစ်စွန်းတစ်စမှ မသုံးစေဘဲ သီးခြားဒမြအဖွဲ့အနေဖြင့် ဒမြတိုက်ခိုင်းခဲ့ခြင်းသာ ဖြစ်၏။

ဒမြတိုက်ခဲ့သူ အားလုံးကိုလည်း ကျေနပ်လောက်အောင် ငွေကြေးချီးမြှင့်ခဲ့သဖြင့် အဖြစ်မှန်ကား ပေါ်မလာချေ။

သူသည် ဒမြတိုက်ခံရသော လျှန်အင်းရွာသို့ ငွေဖျိုးဖြုဂိုဏ်းချုပ်ကြီးအဖြစ် ရောက်သွားပြီး ဒမြတိုက်ခိုက်ခံရသည့်လူများအား ငွေကြေးပစ္စည်းအသုံးအဆောင်တို့ကိုပင် ထောက်ပံ့ကူညီခဲ့



သည်။

ထိုသို့ထောက်ပံ့ကူညီခဲ့သော တန်ဖိုးမှာ ဒမြတိုက်ယူ၍ ရခဲ့သောတန်ဖိုး၏ ဆယ်ပုံတစ်ပုံသာ ရှိလေသည်။

ထိုအပြုအမူကြောင့် သူသည် နာမည်ပျက်ဟူ၍ မရှိခဲ့ဘဲ နာမည်ကောင်းပင် ရခဲ့သေးသည်။

ယင်းကြောင့်လည်း သူ့အကြောင်းရင်းမှန်ကို မသိသော နယ်စားကြီး စန့်ဟုမ်းယန်းမှအစ သိုင်းဂိုဏ်းကြီးများမှ ဦးစီးခေါင်းဆောင်များသည် သူ့ကိုငွေဖျိုးဖြုကြီးဂိုဏ်းချုပ်ကြီးအဖြစ် တင်မြှောက်ကြခြင်း ဖြစ်လေသည်။

ငွေဖျိုးဖြုဂိုဏ်းဌာနချုပ်အတွင်းရှိ ကျယ်ဝန်းသော ခန်းမဆောင်ကြီးထဲတွင် ငွေဖျိုးဖြုဂိုဏ်းဝင်များအပြင် ဒုနယ်စားကြီး ချီကုဖိန်း၊ သိုင်းလောက၏နာယကကြီး ကျင့်ကျန်းရှင်၊ သိုင်းဂိုဏ်းအသီးသီးမှ ခေါင်းဆောင်များ ရောက်ရှိနေကြသည်။

ဒုနယ်စားကြီး ချီကုဖိန်းက နယ်စားကြီး စန့်ဟုမ်းယန်းနှင့် သိုင်းလောက၏နာယကကြီး ကျင့်ကျန်းရှင်တို့ အပါအဝင် သိုင်းဂိုဏ်းအသီးသီးမှ ခေါင်းဆောင်ကြီးများ၏သဘောတူညီချက်အရ ငွေဖျိုးဖြုဂိုဏ်း၏ယာယီဂိုဏ်းချုပ်ကြီး လင်ချမ်းကျူးကို ငွေဖျိုးဖြုဂိုဏ်း၏ ရာသက်ပန်ဂိုဏ်းချုပ်ကြီးအဖြစ် ခန့်အပ်ပါကြောင်း ဝမ်းပန်းတသာ ကြေငြာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဂိုဏ်းချုပ်ကြီး လင်ချမ်းကျုံးသည် သိုင်းလောကကြီး၏ နာယကကြီး ကျင့်ကျန်းရှင်း၏ ရှေ့မှောက်တွင် ကတိသစ္စာခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လင်ချမ်းကျုံးကား ငွေဖျိုင်းဖြူဂိုဏ်းကြီး၏ရာသက်ပန်ဂိုဏ်းချုပ် ဖြစ်သွားလေပြီ။

ထိုညတွင် ဂိုဏ်းချုပ်ကြီး လင်ချမ်းကျုံးသည် ဧည့်သည်များအားလုံးကို ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံလေသည်။

လင်ချမ်းကျုံးသည် အနှောင့်အယှက်အနည်းငယ်မှမရှိဘဲ ဂိုဏ်းချုပ်ကြီးဖြစ်သွားသည့်အတွက် လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်နေသည်။

သူ၏ဝမ်းသာမှုကိုဟန်ပင် မဆောင်နိုင်တော့ချေ။ သူ့အမူအရာ၊ သူ့အပြောဆိုများမှာ လွန်စွာ ရွှင်မြူးတက်ကြွနေသည်။

ဧည့်သည်များကလည်း ဂိုဏ်းချုပ်ကြီး လင်ချမ်းကျုံးအတွက် အမျိုးမျိုးဆုမွန်ကောင်းများ တောင်းကြသည်။

ဂိုဏ်းချုပ်ကြီး လင်ချမ်းကျုံး တစ်သက်သာမကဘဲ သားစဉ်မြေးဆက် ငွေဖျိုင်းဖြူ ဂိုဏ်းချုပ်ကြီးအဖြစ် ဆက်ခံ၍ ငွေဖျိုင်းဖြူဂိုဏ်းကြီးကို ဆက်လက် ထိန်းသိမ်းသွားနိုင်ပါစေဟုလည်း ဆုမွန်ကောင်း တောင်းကြသည်။

ဂိုဏ်းချုပ်ကြီး လင်ချမ်းကျုံးနှင့်အတူ အရေးပါ အရာ



ရောက်သော ဧည့်သည်များသည် စားပွဲကြီး တစ်စားပွဲထဲတွင် ဝိုင်းထိုင်စားသောက်နေကြခြင်း ဖြစ်၏။

ရှောင်လင်ဂိုဏ်းတော်ကြီးမှ ဒုဂိုဏ်းချုပ် ဆရာတော်ဂူဆန်းသည် ရေနွေးကြမ်းတစ်ငုံသောက်လိုက်ပြီးမှ ညင်သာအေးဆေးစွာ လင်ချမ်းကျုံးကို ပြောလိုက်သည်။

"ကျုပ်ကို ဂိုဏ်းချုပ်ဆရာတော်ကြီးက ချန်ဂူးဝမ်းနဲ့တွေ့ခဲ့ဖို့လဲ မှာလိုက်ပါတယ် ဒကာကြီး၊ ချန်ဂူးဝမ်းနဲ့ ကျုပ် သွားတွေ့ပါရစေ"

"ချန်ဂူးဝမ်းဟာ ငွေဖျိုင်းဖြူစံအိမ်မှာ ရှိနေပါတယ် အရှင်ဘုရား၊ တပည့်တော်နဲ့အတူ အရှင်ဘုရားလဲ ငွေဖျိုင်းဖြူစံအိမ်ကိုလိုက်ခဲ့ပြီး ချန်ဂူးဝမ်းနဲ့တွေ့နိုင်ပါတယ် ဘုရား"

ဂိုဏ်းချုပ်ကြီး လင်ချမ်းကျုံးကလည်း ရိုကျိုးလေးစားစွာ ပြန်၍ လျှောက်သည်။

ရှောင်လင်ဂိုဏ်းတော်ကြီးမှ ဒုဂိုဏ်းချုပ်ဆရာတော် ဂူဆန်းသည် သက်တော် ခုနစ်ဆယ်အရွယ်ခန့် ရှိနေပြီဖြစ်၏။

ကြည်ညိုဖွယ်ရာ ဥပမိလည်း ရှိသည်။

"ချန်ဂူးဝမ်းကလေး အသက်ဆယ့်ရှစ်နှစ်ပြည့်ဖို့ နှစ်လကျော်ကျော်ပဲ လိုတော့တယ်နော်"

"မှန်ပါတယ် ဘုရား... နှစ်လကျော်ကျော်လောက်ပဲ လိုပါတော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ချန်ဂူးဝမ်း အသက်ဆယ့်ရှစ်နှစ်ပြည့်တာနဲ့ ကျုပ်တို့ရဲ့ ရှောင်လင်ဂိုဏ်းတော်ကြီး တည်ရှိရာကို လွှတ်လိုက်ဖို့ ဂိုဏ်းချုပ်ဆရာတော်ကြီးက အမှာပါးလိုက်ပါတယ်၊ သူ့ရဲ့မျိုးဆက် ရှင်ရှန်းသိုင်းကျမ်းကို သူ့လက်ထဲ ပေးရမယ်လေ"

"တင်ပါ့ဘုရား၊ ချန်ဂူးဝမ်း အသက်ဆယ့်ရှစ်နှစ် ပြည့်တာနဲ့ သူ့ကိုတပည့်တော် လွှတ်လိုက်ပါ့မယ်"

သိုင်းလောက၏နာယကကြီး ကျင့်ကျန်းရှင်းက လင်ချမ်းကျိုးကို ဝင်ပြောသည်။

"ဂိုဏ်းချုပ်ကြီး လင်... ချန်ဂူးဝမ်းရဲ့သတင်းကို ကျုပ်ကြားသိထားရသလောက် သူဟာ အကျင့်စာရိတ္တမကောင်းဘူး၊ စိတ်ထားလဲ မမှန်ဘဲ ကယောက်ကယက် ဖြစ်နေတယ်ဆိုတာ ဟုတ်ရဲ့လား"

"မှန်ပါတယ် နာယကကြီး"

"ဒါဆို သူ့လိုလူမျိုးရဲ့လက်ထဲကို ရှင်ရှန်းသိုင်းကျမ်းစာအုပ် ပေးလိုက်လို့ ကောင်းပါ့မလား၊ ရှင်ရှန်းသိုင်းကျမ်းထဲက နည်းစနစ်တွေက သိပ်ပြီး ထက်မြက်လိမ့်မယ်ဆိုတာ ယုံမှားစရာ မရှိဘူး၊ ချန်ဂူးဝမ်းသာ ဒီသိုင်းကျမ်းစာအုပ်ထဲက နည်းစနစ်တွေတတ်မြောက်ပြီး လူဆိုးဖြစ်နေမယ်ဆိုရင် သိုင်းလောကရဲ့အခြေအနေဟာ ဆိုးရွားသွားနိုင်တယ်လို့ ကျုပ်တော့ ယူဆတယ်"

"ဒကာကြီး ကျင့်ကျန်းရှင်း"



ဆရာတော် ဂူဆန်းက ညင်သာစွာ ခေါ်လိုက်သည်။

နာယကကြီး ကျင့်ကျန်းရှင်း၏အကြည့်က ဆရာတော်ဂူဆန်းထံ ရောက်သွားသည်။

"အမိန့်ရှိပါ ဆရာတော်"

"ချန်ဂူးဝမ်း အသက်ဆယ့်ရှစ်နှစ်ပြည့်တဲ့အချိန်မှာတော့ ကျုပ်တို့လက်ထဲမှာ ထိန်းသိမ်းထားတဲ့ ရှင်ရှန်းသိုင်းကျမ်းကို သူ့လက်ထဲပဲ အပ်ရမှာပါပဲ၊ ဒါကလဲ သူ့ဖခင် ချန်စီးလင်းကိုယ်တိုင် မှာကြားခဲ့တဲ့အတွက်ပဲ ဖြစ်ပါတယ်ဒကာကြီး၊ တကယ်လို့ သူဟာ ဒီရှင်ရှန်းသိုင်းကျမ်းထဲက နည်းစနစ်တွေကို လေ့ကျင့်တတ်မြောက်ပြီး လူဆိုးကလေးဖြစ်နေမယ်ဆိုတော့မှ ကျုပ်တို့အနေနဲ့ တသီးတခြား ဆုံးမကြရမှာပါပဲ၊ ရှင်ရှန်းသိုင်းကျမ်းဟာ ချန်မျိုးဆက်ကိုင်ဆောင်သုံးစွဲလာတဲ့ မူပိုင်သိုင်းကျမ်းဖြစ်လို့ တခြားသူတွေ ကိုင်ဆောင်သုံးစွဲခွင့်မရှိဘူးလို့ ဂိုဏ်းချုပ်ဆရာတော်ကြီးကလဲ ယူဆထားပါတယ်"

နယကကြီး ကျင့်ကျန်းရှင်း သက်ပြင်းချ၍ ခေါင်းတဆတ်ဆတ်ညိတ်ကာ....

"အင်း... အရှင်ဘုရားရဲ့အမိန့်စကားဟာ မှန်ပါတယ်ဘုရား၊ ကွယ်လွန်သွားပြီဖြစ်တဲ့ ဂိုဏ်းချုပ်ကြီး ချန်စီးလင်းကလဲ သူတို့မျိုးဆက်ကိုင်ဆောင်သုံးစွဲလာတဲ့ ရှင်ရှန်းသိုင်းကျမ်းထဲက နည်းစနစ်ကို သူတို့မျိုးစဉ်မျိုးဆက်ကလွဲပြီး တခြားဘယ်သူ့ကိုမှ မသုံးစွဲချင်လို့ ခုလို

www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ခဲ့တယ်ဆိုတာ တပည့်တော်လဲ စဉ်းစားမိပါတယ်၊ တပည့်တော် စိုးရိမ်စိတ်နဲ့ပြောမိတာပါ"

"ကျုပ်တို့အနေနဲ့ ဒကာကြီး လင်ချမ်းကျူးကိုပဲ ဝိုင်းပြီး မေတ္တာရပ်ခံရမှာပဲ"

"အမိန့်ရှိပါ အရှင်ဘုရား"

"ချန်ဂူးဝမ်းဟာ ဒကာကြီးနဲ့အနီးဆုံး နေရမယ့်ကလေးပဲ ဖြစ်လေတော့ သူ့ကိုလမ်းမှား မရောက်အောင် ဒကာကြီးအနေနဲ့ အတတ်နိုင်ဆုံး ထိန်းသိမ်းသွားစေချင်ပါတယ်၊ ရှင်ရှန်းသိုင်းကျမ်းထဲက နည်းစနစ်တွေကိုလဲ လမ်းမှန်တဲ့ နေရာမျိုးတွေမှာသာသုံးဖို့ ဒကာကြီးအနေနဲ့ အမြဲတမ်း ဆိုဆုံးမိစေချင်ပါတယ် ဒကာကြီး"

"သူ့ဖခင် သေဆုံးသွားကတည်းက သူ့ကိုတပည့်တော်ပဲ တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ပြီး အတတ်နိုင်ဆုံး ဆုံးမခဲ့ပါတယ် ဘုရား၊ တစ်ခါတလေ ပါးစပ်နဲ့ပြောဆိုဆုံးမလို့မရရင် ရိုက်တန် ရိုက်ပြီးတော့တောင် ဆုံးမခဲ့ပါတယ်၊ အဲဒါတောင် သူဟာ အရွယ်နဲ့မလိုက်အောင် ကြီးကျယ်တဲ့ပြစ်မှုကြီးကို ကျူးလွန်ခဲ့ပါတယ်၊ သူ့အဘိုး၊ သူ့အဖေတွေရဲ့တစ်သက်တာလုံး မဟုတ်မမှန်ဆိုလို့ နည်းနည်းမှ မလုပ်ခဲ့သမျှ ဒီကောင်လေးကျမှ ဘယ်လိုဖြစ်ရတယ်ဆိုတာ တပည့်တော် တွေးလို့ မရတော့ပါဘူး ဘုရား"

တစ်ချိန်လုံး ငြိမ်သက်နေသော ဒုနယ်စားကြီး ချီကုဖိန်းက



ယခုမှ ဝင်ပြောသည်။

"ဒါကတော့ ဂိုဏ်းချုပ်ကြီးလင်ရယ်၊ မိဘက လူကောင်းလူတော်ဖြစ်တိုင်း သူတို့က မွေးဖွားလာတဲ့သားသမီးဟာလဲ လူကောင်းလူတော်ဖြစ်ရမယ်လို့ ပုံသေတွက်ဆလို့ ဘယ်ရပ့်မလဲ၊ မိဘက လူကောင်းလူတော်ဖြစ်ပြီး သားသမီးက လူဆိုးဖြစ်သွားတဲ့အဖြစ်အပျက်တွေ တစ်ပုံကြီးပါပဲ၊ မိဘက လူဆိုးသူခိုးဖြစ်ပြီး သားသမီးကျမှ လူကောင်းလူတော်ဖြစ်သွားတဲ့ သာဓကတွေလဲ အများကြီး ရှိပါတယ်"

စားသောက်စားပွဲတွင်ရှိနေကြသူအားလုံးသည် ဒုနယ်စားကြီး ချီကုဖိန်း၏စကားကို ခေါင်းတညိတ်ညိတ်နှင့်လက်ခံကြသည်။

ဂိုဏ်းချုပ်ကြီး လင်ချမ်းကျူးက ဆရာတော် ဂူဆန်းကို ပြောပြန်သည်။

"ချန်ဂူးဝမ်းဟာ အသိစိတ်နည်းသေးတဲ့ကလေးအရွယ်သာ ရှိနေသေးလို့ အခုလို မိုက်မဲနေတာ ဖြစ်ချင်လဲ ဖြစ်ချင်လဲဖြစ်နိုင်ပါတယ် ဘုရား၊ တပည့်တော်အနေနဲ့ကတော့ သူ့ကို အတတ်နိုင်ဆုံး ဆိုဆုံးမသွားပါဦးမယ်"

"ဆုံးမသွားပါဦး ဒကာကြီး လင်ချမ်းကျူးရယ်၊ သူကိုယ်တိုင် ရှောင်လင်ကျောင်းတော်ကြီးကို ရောက်လာတဲ့အခါမှာပဲ ကျုပ်တို့

www.burmeseclassic.com



တွေဝိုင်းပြီး ဆုံးမလိုက်ပါဦးမယ်၊ ဒီအရွယ်က ဆုံးမရင် ရနိုင်ပါသေးတယ်”

နာယကကြီး ကျင့်ကျန်းရှင်းက လင်ချမ်းကျိုး ဝင်မေးသည်။

“ဒါနဲ့ ဂိုဏ်းချုပ်ကြီးလင်ကို ငွေဖျိုင်းဖြူဂိုဏ်းရဲ့ရာသက်ပန် ဂိုဏ်းချုပ်ကြီးအဖြစ် ခန့်အပ်တဲ့ကိစ္စနဲ့ ပတ်သက်လို့ ဒီကောင်လေး ကျေကျေနပ်နပ် ရှိရဲ့လား”

“ကျွန်တော့်စိတ်ထင်ကိုပြောရရင် သိပ်ပြီးတော့ ကျေနပ်ပုံမရလှဘူး နာယကကြီး၊ သူ့ရဲ့မိဘဘိုးစဉ်ဘောင်ဆက်က ဦးစီးတည်ထောင်လာခဲ့တဲ့ ငွေဖျိုင်းဖြူဂိုဏ်းကြီးကို သူကပဲဆက်ပြီး ဦးဆောင်သွားသင့်တယ်လို့ စံအိမ်အမှုထမ်းအချို့ကို ပြောခဲ့ပါတယ်၊ ကျွန်တော်လဲ အဲဒီစံအိမ်အမှုထမ်းတွေ ပြန်ပြောလို့သိရတာပါ၊ ကျွန်တော်ကိုတော့ မပြောရဲလို့ သူ ဘာမှမပြောပါဘူး”

ဒုနယ်စားကြီး ချီကုဖိန်းက....

“ဒါကတော့ဗျာ ကျုပ်တို့တွေ အခုလို စီစဉ်ဆောင်ရွက်ခဲ့ကြတာလဲ သူ့ဖခင်ရဲ့ အစီအစဉ်အတိုင်းပဲ ဆောင်ရွက်ကြတာပါ၊ အကျင့်စာရိတ္တမကောင်းတဲ့သူကို သနားပြီးတော့ ငွေဖျိုင်းဖြူဂိုဏ်းရဲ့ ဦးစီးခေါင်းဆောင်အဖြစ် မတင်မြှောက်ရဲဘူးလေ”

ထိုစဉ် ဂိုဏ်းချုပ်ကြီး လင်ချမ်းကျိုးအနီးသို့ ငွေဖျိုင်းဖြူ



ဂိုဏ်းဝင်တစ်ယောက် ခွပ်သွက်သွက် ရောက်လာသည်။

လင်ချမ်း ကျိုးကို အရိုအသေပေး၍ စကားဆိုသည်။

“အုပ်ချုပ်ရေးမှူးကြီးနဲ့အဖွဲ့ ပြန်ရောက်လာကြပြီ ဂိုဏ်းချုပ်ကြီး”

“ဟော... ဟုတ်လား”

ဂိုဏ်းချုပ်ကြီး လင်ချမ်းကျိုး၏မျက်နှာမှာ ဝမ်းသာရွှင်မြူးသွားသည်။

သူသည် တံခါးဝဆီကို တစ်ချက်ကြည့်လိုက်ပြီးမှ ဆက်မေးသည်။

“အခု အုပ်ချုပ်ရေးမှူးကြီးက ဘယ်မှာလဲ၊ ငါ့သားနဲ့ မယားကော ပါလာခဲ့ကြသလား”

“အုပ်ချုပ်ရေးမှူးကြီးထံ့ သီးသန့်ခန်းဆောင်မှာ စောင့်နေပါတယ်၊ ဂိုဏ်းချုပ်ကြီးကို အထူးပြောစရာရှိနေလို့ စောင့်နေပါတယ်လို့ အကြောင်းကြားခိုင်းလိုက်ပါတယ်”

လင်ချမ်းကျိုး မျက်မှောင်တစ်ချက် ကြုတ်သွားပြီး....

“အထူးပြောစရာရှိလို့ ဟုတ်လား၊ ဘာတွေများ ထူးထူးထွေထွေ ပြောစရာရှိနေလို့လဲ၊ ကဲဟေ့... ငါ့သား ငါ့မယားနဲ့ ပတ်သက်လို့ ဘာမှလျှို့ဝှက်ထားစရာ မလိုဘူး၊ အခု ဒီမှာရှိနေတဲ့ပုဂ္ဂိုလ်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရင်မှာ ဘာကိစ္စမဆို ပြောနိုင်တယ်လို့ ထုံဟူလူးကို ပြောလိုက်၊ ထုံဟူလူးကို ငါ့ဆီပဲ လွှတ်လိုက်၊ ညွှန်သည်တွေကိုထားပြီး ငါ မလိုက်လာနိုင်ဘူး သွား... သွား"

"ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး"

လာရောက်သတင်းပို့သော ဂိုဏ်းသားသည် အရိုအသေပြု၍ ပြန်လည်ထွက်ခွာသွားသည်။

တစဉ်(၁) ပြီး၏။

တစဉ်(၂)ကို ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ် နေလင်းအောင်

www.burmeseclassic.com

www.burmeseclassic.com

ကဏ္ဍသိုလ်

# နေလင်းအောင်

# မျိုးဖြုံးသခင်မာယာရှင်

(ခါစဉ်-၂)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၃၇၇၀၄၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၄၂၂၀၄၀၇

၂၀၀၇ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးဇေနိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

## သတင်းဆိုး

စားပွဲတွင် ဝိုင်းထိုင်နေကြသူများ ခုနယ်စားကြီး ချိုကုဖိန်း တစ်ယောက်ကလွဲပြီး အခြားလူများသည် ဂိုဏ်းချုပ်ကြီးလင်ချမ်းကျူးနှင့် သူ့ဝိုက်သားတို့ ပြောနေကြသည့် စကားအဓိပ္ပာယ်ကို နားမလည်ကြချေ။

သို့သော် လင်ချမ်းကျူး၏ကိုယ်ရေးကိုယ်တာကိစ္စ ဖြစ်နေသဖြင့် မည်သူကမှလည်း ဝင်မမေးကြချေ။ အကဲခတ်၍သာ ကြည့်နေကြသည်။

လင်ချမ်းကျူးကာပင် ဧည့်သည်များအားလုံးကို တစ်ချက် အကဲခတ်ကြည့်လိုက်ပြီး ပြောသည်။

"အုပ်ချုပ်ရေးမှူးကြီး ထုံဟူလူးကို အဲပင်မြို့ ရွှတ်ပြီး ဆျွန် တော့်သားနဲ့မယားကို သွားခေါ်ခိုင်းလိုက်တာပါ။ ရောက်သင့်ရောက် ထိုက်တဲ့ရက်ထက် သုံးလေးရက်နောက်ကျနေလို့ ကျွန်တော်စိတ်ပူနေ

www.burmeseclassic.com

www.burmeseclassic.com



တာ၊ အခု အုပ်ချုပ်ရေးမှူးကြီးထုံရဲ့ အပြုအမူကြောင့် ကျွန်တော်ပိုပြီး စိတ်ပူမိပါတယ်"

နာယကကြီး ကျင့်ကျန်းရှင်းက အံ့ဩသွားဟန်ဖြင့်....

"ဟင်... ကျုပ်တို့က ဂိုဏ်းချုပ်ကြီးလင်ကို လူလွတ်တစ်ယောက်လို့ပဲ ထင်နေကြတာ၊ အခုတော့ ဂိုဏ်းချုပ်ကြီးလင်မှာ သားမယား ရှိနေတာကိုး"

ဒုနယ်စားကြီး ချီကုဖိန်းက ဝင်ပြောသည်။

"ဂိုဏ်းချုပ်ကြီးလင်နဲ့ အနေများတဲ့ ကျွန်တော်တောင် သူ့ကို သားမယားရှိမှန်း မသိခဲ့ပါဘူး နာယကကြီး၊ မကြာသေးခင်ကမှ သိရတာပါ။ ဂိုဏ်းချုပ်ကြီးလင်ရဲ့ သားနဲ့မယားဟာ အဲပင်မြို့မှာ နေပါတယ်၊ အခု ကျွန်တော်တို့က တိုက်တွန်းလို့ ဂိုဏ်းချုပ်ကြီးလင်ဟာ သူ့သားနဲ့မယားကို အခေါ် လွှတ်လိုက်တာပါ၊ အစကတော့ သားနဲ့မယားကို ငွေဖျိုင်းဖြူစံအိမ်မှာ ခေါ် ထားရင် သူ့အပေါ် တခြားလူတွေက တစ်မျိုးတမည် ထင်မှာစိုးလို့မခေါ်ဘဲ ထားတာပါ"

လင်ချမ်းကျုံးကလည်း ခေါင်းညိတ်၍...

"ဟုတ်ပါတယ် နာယကကြီး၊ ခုချိန်မှာ ကျွန်တော် ချန်ရှူဝမ်းရဲ့ အမွေပစ္စည်းတွေကို ထိန်းသိမ်းထားရတာဆိုတော့ ကျွန်တော့်အပေါ် တစ်မျိုးမြင်မှာ စိုးရိမ်ပါတယ်၊ အခုတော့ ကျွန်တော်ဟာ ငွေဖျိုင်းဖြူ ဂိုဏ်းချုပ်ကြီးဖြစ်လာလို့ ကျွန်တော့်သားနဲ့မယားကို ဒီဌာနချုပ်မှာ ထားနိုင်ခွင့်ရှိလာပါပြီ၊ ဒါကြောင့် ခေါ်လိုက်တာပါ"

ထိုစဉ် သူ့ထံသို့ ခေါင်းငိုက်စိုက်ချ၍ လာနေသောအုပ်ချုပ်ရေးမှူးကြီး ထုံဟူလူးကို တွေ့လိုက်ရသဖြင့် လင်ချမ်းကျုံးသည် စကားဖြတ်လိုက်သည်။



အုပ်ချုပ်ရေးမှူးကြီး ထုံဟူလူးက သူ့ကိုအရိုအသေပြုလိုက်စဉ်မှာပင် လင်ချမ်းကျုံးက စိုးရိမ်စိတ်ဖြင့် မေးလိုက်သည်။

"ထုံဟူလူး... မေနန်းတို့ သားအမိကော ဘယ်မလဲ"

အုပ်ချုပ်ရေးမှူး ထုံဟူလူးက စိတ်မချမ်းမြေ့သံကြီးဖြင့် ပြန်ပြောသည်။

"ကျွန်တော်နဲ့အတူ လင်ချွင်စစ်ပဲ ပါလာပါတယ် ဂိုဏ်းချုပ်ကြီး၊ အခုသီးသန့်ခန်းထဲမှာ ရှိနေပါတယ်"

သူ့သား လင်ချွင်စစ်ပါလာသည်ဆိုသည့်အတွက်တော့ လင်ချမ်းကျုံး အဲတော်ကလေး စိတ်သက်သာရာ ရသွားသည်။

"မေနန်းရော ပါမလာဘူးလား"

"ဟုတ်... ဟုတ်ကဲ့ ဂိုဏ်းချုပ်ကြီး၊ ပါ... ပါမလာခဲ့ပါဘူး"

"ဟင်... မေနန်းက ဘာဖြစ်လို့ တပါတည်း လိုက်မလာခဲ့တာလဲ"

အုပ်ချုပ်ရေးမှူးကြီး ထုံဟူလူး ပိုပြီး မျက်စိမျက်နှာပျက်သွားသည်။

သူသည် လင်ချမ်းကျုံး၏အမေးကို ပြန်ဖြေရခက်နေပုံဖြင့် သက်ပြင်းရှည်ကြီးကိုသာ ချလိုက်သည်။

လင်ချမ်းကျုံး၏စိတ်ထဲတွင် စိုးရိမ်ပူပန်စိတ် မရှိတော့ချေ။

သူ့ဇနီးမေနန်းသည် အကြောင်းကိစ္စတစ်ခုခု ရှိနေ၍ အုပ်ချုပ်ရေးမှူးကြီး ထုံဟူလူးတို့နှင့်အတူ လိုက်မလာသေးဘဲ နောက်မှ လိုက်လာလိမ့်မည်ဟု တွေးမိသည်။

လင်ချမ်းကျုံးသည် အုပ်ချုပ်ရေးမှူးကြီး ထုံဟူလူးကို သေ

www.burmeseclassic.com

www.burmeseclassic.com



ချက်ချာ မှာကြားလိုက်သည်။

မေနန်းတို့သားအမိတွင် မည့်သည့်အကြောင်းကိစ္စ ရှိနေနိုင်နေ ထိုကိစ္စကိုထားခဲ့ကာ တပါတည်းလိုက်ခဲ့ရမည်ဟု ပြော၍ ခေါ်ခဲ့ရန် မှာကြားလိုက်သည်။

အုပ်ချုပ်ရေးမှူးကြီး ထုံဟူလူးသည် မိမိကို ရှိသေလေးစားကာ မိမိ၏အမိန့်အတိုင်း တစ်သဝေမတိမ်း ဆောင်ရွက်ခဲ့သူဖြစ်ကြောင်း လင်ချမ်းကျိုး အသိဆုံးပင်။

ထုံဟူလူးကတော့ မိမိမှာကြား လိုက်သည့်အတိုင်း မေနန်းကို ပြောပြလိမ့်မည်ဖြစ်ကြောင်းကိုတော့ လင်ချမ်းကျိုး ယုံကြည်သည်။

သူ့အမိန့်အတိုင်း တိကျစွာ မလိုက်နာဘဲနေခဲ့သော မေနန်းကိုသာ စိတ်ထဲတွင် မကျေမနပ်ဖြစ်မိသည်။

သူ့အမေးကို အုပ်ချုပ်ရေးမှူးကြီး ထုံဟူလူး ချက်ချင်း ပြန်မဖြေသည့်အတွက်လည်း မကျေမနပ် ဖြစ်မိသည်။

"ထုံဟူလူး... မေနန်း ဘာဖြစ်လို့တပါတည်း မလိုက်ခဲ့သလဲလို့ ကျုပ် မေးနေထယ်လေ၊ ဘာဖြစ်လို့ မဖြေတာလဲ"

အုပ်ချုပ်ရေးမှူးကြီး ထုံဟူလူးသည် မျက်စိမျက်နှာပျက်ဖြင့် ညွှဲသည်များကို တစ်ချက်ကြည့်လိုက်ပြီးမှ လင်ချမ်းကျိုးကို တုန်ယင်သောအသံဖြင့် ပြန်ပြောသည်။

"ကျွန်... ကျွန်တော်ဖြေရမှာ ခက်နေလို့ပါ ဂိုဏ်းချုပ်ကြီး"

"ဘာမှဖြေရမှာ ခက်နေစရာမလိုပါဘူး၊ ဒီညွှဲသည်တွေရှိနေလို့လား၊ ပြောစရာရှိတာသာ ပြောပါ၊ ကျုပ်ရဲ့ကိုယ်ရေးကိုယ်



တာကိစ္စကို ဒီညွှဲသည်တွေမသိအောင် ဘာမှဖုံးကွယ်စရာ မလိုဘူး"

"ဒီနေ့ ဒီရက်ဟာ ဂိုဏ်းချုပ်ကြီးအတွက် မင်္ဂလာယူတဲ့နေ့ပါ၊ ကျွန်တော့်အနေနဲ့ မင်္ဂလာစကားပဲ ပြောချင်ပါတယ် ဂိုဏ်းချုပ်ကြီးနဲ့ ညွှဲသည်များ အားလုံးစိတ်မချမ်းမသာ ဖြစ်စေမယ့် အမင်္ဂလာစကားကို လုံးလုံးမပြောချင်ပါဘူး၊ ဒါကြောင့် ဂိုဏ်းချုပ်ကြီးနဲ့နှစ်ယောက်ထဲ ပြောရအောင် ဒီကို ကျွန်တော် တန်းမလာခဲ့တာပါ"

ထိုစကားကြောင့် လင်ချမ်းကျိုး စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားသည်။

သို့သော် ညွှဲသည်များ ရှေ့တွင်မို့ ဣန္ဒြေဆယ်ထား လိုက်ပြီး....

"ပြောစရာ ရှိတာသာ ရဲရဲပြောစမ်းပါ ထုံဟူလူး"

"ဂိုဏ်း... ဂိုဏ်းချုပ်ကြီးရဲ့ ဇနီး... ဇနီး မေနန်း... မေနန်းမ... မရှိတော့ပါဘူး"

"ဘာ"

"သူ... သူ ကွယ်လွန်သွားပါပြီ"

"ဘာ"

လင်ချမ်းကျိုး ဣန္ဒြေမဆယ်နိုင်လောက်အောင် တုန်လှုပ်သွားသည်။

ညွှဲသည်များပင်လျှင် မျက်စိမျက်နှာပျက်သွားကြသည်။

လင်ချမ်းကျိုးသည် သူ့နားကိုပင် သူမယုံနိုင်လောက်အောင် ဖြစ်မိသည်။ သူသည် ဆို့နင့်စွာဖြင့် ပြန်မေးသည်။

"မေနန်း... မေနန်း ဆုံးသွားပြီ ဟုတ်လား"

"ဟုတ်... ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ ထုံဟူလူး၊ ဘယ်လိုဖြစ်တာလဲ... မေနန်းဆီ လွှန်ခဲ့တဲ့ သုံးလေးလလောက်က ငါ ရောက်လာတာပဲ၊ သူ... သူ ကျန်းကျန်းမာမာပါ"

"ရောဂါကြောင့် သေဆုံးရတာ မဟုတ်ပါဘူး ဂိုဏ်းချုပ်ကြီး"

"ဟင်... ဘာဖြစ်လို့ဆုံးရတာလဲ"

"အသတ်ခံရတာပါ ခင်ဗျာ"

"အို..."

"ဖြစ်မှ ဖြစ်ရလေ"

"စိတ်မကောင်းစရာပဲ"

"ကျွတ်... ကျွတ်... ကျွတ်"

လင်ချမ်းကျူး အံ့ဩသွားသလို ဧည့်သည်များ အားလုံးလည်း စိတ်မကောင်းဖြစ်သွားကြသည်။

မည်သူမှ စားချင်သောက်ချင်စိတ် မရှိကြတော့ချေ။

ပျော်ရွှင်ချမ်းမြေ့စရာ စားသောက်ဝိုင်းကား စိတ်မချမ်းမသာဖြစ်ရလေပြီ။

ဧည့်သည့်အားလုံးသည် လင်ချမ်းကျူးကို စိတ်မကောင်းဟန်ဖြင့် အကဲခတ်နေကြသည်။

လင်ချမ်းကျူးမျက်နှာသည် ကြေကွဲဆို့နင့်သောအသွင်ကိုဆောင်နေရာမှ ခံပြင်းဒေါသဖြစ်သည့်အသွင်မျိုးကို ပြောင်းလာသည်။

ခန်းဆောင်ကြီးတစ်ခုလုံး အပ်ကျသံပင် ကြားနိုင်လောက်အောင် တိတ်ဆိတ်ငြိမ်သက်နေစဉ် လင်ချမ်းကျူးထံမှ ခံပြင်းစွာ တောက်ခေါက်လိုက်သံ ပေါ်ထွက်လာသည်။



တောက်ခေါက်သံနှင့်အတူ လင်ချမ်းကျူးသည် အုပ်ချုပ်ရေးမှူးကြီး ထုံဟူလူးကို အံကြိတ်၍ မေးလိုက်၏။

"ဘယ်သူ့လက်ချက်နဲ့ မေနန်း သေရတာလဲ ထုံဟူလူး"

"ဒမြတွေလက်ချက်ကြောင့် သေရတာပါ ဂိုဏ်းချုပ်ကြီး"

"တောက်"

လင်ချမ်းကျူး ခံပြင်းစွာ တက်တစ်ချက် ခေါက်လိုက်ပြန်သည်။

"ကျွန်တော် ရှင်းလင်းပြောပြပါ့မယ် ဂိုဏ်းချုပ်ကြီး၊ ကျွန်တော်တို့တတွေ အဲပင်မြို့ကိုရောက်သွားတော့ သန်းခေါင်ယံအချိန်ပါ၊ မေနန်းတို့နေတဲ့ အိမ်နားကိုရောက်သွားတော့ အိမ်ထဲက အော်ဟစ်တိုက်ခိုက်နေတဲ့အသံတွေကို ကြားရပါတယ်၊ ကျွန်တော်တို့တတွေ အိမ်ထဲကိုပြေးဝင်သွားတော့ မေနန်းနဲ့ဒမြလေးယောက် တိုက်ခိုက်နေတာကိုတွေ့ရပါတယ်၊ ဒီအချိန်မှာ မေနန်းကိုယ်မှာလဲ ဒဏ်ရာပြင်းပြင်းထန်ထန် ရနေပါပြီ"

နယကကြီး ကျင့်ကျန်းရှင်းက စင်မေးသည်။

"တိတ်ဆိတ်ငြိမ်သက်တဲ့ ဒီလိုအချိန်မျိုးမှာ အော်ဟစ်တိုက်ခိုက်နေတဲ့အသံတွေကို တခြားအိမ်တွေကကော မကြားဘူးလား"

"မကြားနိုင်ပါဘူး ခင်ဗျာ၊ သူတို့သားအမိနေတဲ့ အိမ်က မြို့စွန်မှာကျနေပြီး တခြားအိမ်တွေနဲ့လဲ ဝေးပါတယ်"

"အင်း... ဆက်ပြောပါဦး အုပ်ချုပ်ရေးမှူးကြီး"

"ကျွန်တော်တို့လူစုလဲ ဒမြတွေကို အတင်းဝင်တိုက်ပါတယ်၊ ကျွန်တော်တို့ရဲ့ လက်ချက်နဲ့ ဒမြနှစ်ယောက်သေပြီး နှစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



အရှင်ဖမ်းမိပါတယ်၊ မေနန်းလဲ ရထားတွဲဒဏ်ရာနဲ့ မိုးမလင်းခင် သေဆုံးသွားပါတယ်၊ သူ့ရဲ့သားလေးကို ဂိုဏ်းချုပ်ကြီးအနေနဲ့ ဂရုစိုက်ပြီး စောင့်ရှောက်ဖို့ လင်ချင်စစ်ကလေး စိတ်ချမ်းသာအောင်ထားဖို့ မေနန်းဟာ သူမသေခင် ကျွန်တော်တို့ကို အထပ်ထပ် မှာကြားသွားပါတယ် ဂိုဏ်းချုပ်ကြီး"

"ဖြစ်မှ ဖြစ်ရလေ မေနန်းရယ်... ဖြစ်မှ ဖြစ်ရလေ"

လင်ချမ်းကျိုးသည် ဆို့နင့်စွာကြေကွဲစွာဖြင့် ရေရွတ်လိုက်သည်။

သူသည် စိတ်ကိုထိန်းထားသော်လည်း သူ့မျက်လုံးအိမ်ထဲတွင် မျက်ရည်ကြည်များ ရစ်ဝဲလာလေသည်။

အုပ်ချုပ်ရေးမှူးကြီး ထုံဟူလူးက ဆက်လက်ရှင်းပြတော့သည်။

"အရှင်ဖမ်းမိတဲ့ ဒမြနှစ်ယောက်ကိုတော့ အဲပင်မြို့ မြို့စားကြီးလက်ထဲမှာ ကျွန်တော်တို့ အပ်ခဲ့ပါတယ်၊ မေနန်းကိုလဲ ကျွန်တော်တို့တွေ ကောင်းကောင်းမွန်မွန် သင်္ဂြိုလ်ခဲ့ကြပါတယ် ဂိုဏ်းချုပ်ကြီး၊ ဒီကိစ္စတွေကြောင့် ကျွန်တော်တို့တွေ ပြန်ရောက်ရက်ထက် လေးငါးရက်နောက်ကျပြီးမှ ရောက်လာခဲ့ကြရတာပါ"

လင်ချမ်းကျိုးက ညီ့သည်များကိုကြည့်ပြီး တောင်းပန်စကားဆိုသည်။

"ကျွန်တော်နဲ့ပတ်သက်ပြီး ညီ့သည်များလဲ စိတ်မချမ်းမသာဖြစ်ကြမှာပါ၊ ဒီအတွက် ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော့်သားနဲ့ ကျွန်တော်ခဏလောက် သွားတွေ့ပါရစေ၊ ပြီးတော့



ကျွန်တော် ပြန်လာပါ့မယ်"

နာယကကြီး ကျုင့်ကျန်းရှင်းက....

"သွားတွေ့ပါ ဂိုဏ်းချုပ်ကြီး၊ သွားတွေ့ပါ၊ ပြီးတော့ ဂိုဏ်းချုပ်ကြီးရဲ့သားကိုလဲ ကျုပ်တို့ဆီ ခေါ်လာခဲ့ပါဦး၊ ကျုပ်တို့ကလဲ အားပေးစကား ပြောချင်ပါသေးတယ်"

"ဟုတ်ကဲ့ ကောင်းပါပြီ"

ဂိုဏ်းချုပ်ကြီး လင်ချမ်းကျိုးသည် ညီ့သည်များအား ညီ့ခံရန် အုပ်ချုပ်ရေးမှူးကြီး ထုံဟူလူးကိုထားခဲ့ပြီး သူတစ်ဦးတည်း ထွက်ခွာလာခဲ့သည်။

သူ့စိတ်တွေမှာ ကစဥ့်ကလျား ဖြစ်နေသည်။ ဆောက်တည်ရာမရ ဖြစ်နေသည်။

သို့သော် အတတ်နိုင်ဆုံး သူ့စိတ်ကိုသူ ထိန်းထားသည်။

သူသည် မေနန်းအပေါ် လွန်စွာ ချစ်မြတ်နိုးသည်။

မေနန်းသည် သူ့ထက် အသက်ဆယ့်ငါးနှစ်ခန့် ငယ်ပြီး လွန်စွာ ချောမောလှပ ပါသည်။

လင်သားဖြစ်သူ စကားကိုလည်း တစ်သဝေမတိမ်း နားထောင်သော မယားကောင်းတစ်ယောက်ဖြစ်၏။

သို့သော် မေနန်းသည် လူတစ်ဘက်သားအပေါ် သနားညှာတာစိတ် ရှိသည်။

မဟုတ်မမှန်သော ကိစ္စမျိုးကို လုံးလုံးမလုပ်ချေ။

လင်ချမ်းကျိုးကိုလည်း မဟုတ်မမှန်သော အလုပ်မျိုးကို နည်းနည်းကလေးမှ မလုပ်ရန် တွေ့တိုင်း ပြောဆိုသတိပေးတတ်

www.burmeseclassic.com

www.burmeseclassic.com



သည်။

ထို့ကြောင့် လင်ချမ်းကျူးသည် ဂိုဏ်းချုပ်ကြီး မဖြစ်ခင်ကာလတွင် သူနှင့်အတူ မေနန်းအား ခေါ်မထားရခြင်းဖြစ်၏။

သူ့ရည်ရွယ်ချက် မအောင်မြင်ခင် မေနန်းအား ခေါ်ထားပါက သူ့အစီအစဉ် ရည်ရွယ်ချက်များပင် ပျက်နိုင်လေသည်။

ထိုကြားထဲတွင် သူနှင့်အတူ မေနန်းကိုသာ ခေါ်ထားပါက ငွေဗျိုင်းဖြူစံအိမ်ကြီးတွင်ပင် ခေါ်ထားရမည်ဖြစ်၏။

ထိုအချိန်တွင် ချန်ပူးဝမ်းအပေါ် သူ မတရားသဖြင့် လုပ်ဆောင်နေသော အချက်အလက်များကို မေနန်းသိသွားမည်။

မေနန်းသည် ချန်ပူးဝမ်းအပေါ် သနားကြင်နာစိတ်ဖြင့် သူ့ကို ဤသို့ မတရားသဖြင့် မလုပ်ရန် ဖျောင်းဖျစကားဆိုမည်။

ထိုအခါ မေနန်းကိုချစ်သော သူသည် မေနန်း၏စကားကို လိုက်နာရတော့မည်။

ငွေဗျိုင်းဖြူဂိုဏ်းချုပ်ကြီးဖြစ်ရန် သူ့ကြိုးပမ်းချက်များလည်း အကုန်ပျက်ကုန်မည်ဖြစ်၏။

ထို့ကြောင့် လင်ချမ်းကျူးသည် မေနန်းအား သူနှင့်ခေါ်မထားရခြင်း ဖြစ်၏။

ယခုတော့ သူနှင့်တကွဲတပြားစီ နေရသော မေနန်းတစ်ယောက် အသေဆိုးနှင့်သေဆုံးရလေပြီ။

သားကလေး လင်ချွင်စစ်မှာ အမိမဲ့ သားကလေး ဖြစ်ရလေပြီ။

သီးသန့်ခန်းထဲသို့ လင်ချမ်းကျူးဝင်လိုက်သည်နှင့် ခုတင်လုံး



ပေါ်တွင် ငိုင်ငိုင်ကလေးထိုင်နေသော သားကလေး လင်ချွင်စစ်ကို လှမ်းတွေ့ရသည်။

သားကလေး လင်ချွင်စစ်ကိုမြင်တော့ လင်ချမ်းကျူး ရင်ထဲတွင် ပိုဆို့သွားသည်။

မေနန်းကိုလည်း ပိုပြီး သတိရမိသည်။

လင်ချွင်စစ်ကလေး၏ မျက်နှာမှာ သူ့မိခင် မေနန်း၏ မျက်နှာနှင့် တူသောကြောင့်ဖြစ်၏။

လင်ချွင်စစ်သည် သီးသန့်ခန်းထဲသို့ဝင်လာသော ဖခင်ဖြစ်သူ လင်ချမ်းကျူးကိုတွေ့သည်နှင့် ထိုင်ရာမှထ၍ ပြေးလာသည်။

"ဖေဖေ... ဖေဖေ"

"သား... သားလေး"

သားအဖနှစ်ယောက် တစ်ဦးကိုတစ်ဦး ပွေ့ဖက်လိုက်ကြသည်။

လင်ချွင်စစ်မှာ တစ်နှစ်ကျော်အရွယ် ရှိနေပြီဖြစ်၏။

"မေမေ သေပြီ ဖေဖေ၊ မေမေ မရှိတော့ဘူး"

လင်ချွင်စစ်က ဖခင် လင်ချမ်းကျူးကို ပွေ့ဖက်ရင်းမှ ငို၍ ပြောသည်။ ယခုတော့ လင်ချမ်းကျူးလည်း မျက်ရည်ကျရလေပြီ။

သူသည် သားဖြစ်သူကို ပွေ့ဖက်နမ်းရှုံ့၍ အားပေးစကား ပြောရသည်။

"ဖေဖေ သိပြီးသားပါ သားလေးရယ်၊ မေမေ မရှိတော့ပေမယ့် ဖေဖေ ရှိသေးသားပဲ သားလေးရယ်၊ ဘာမှ အားမငယ်နဲ့နော်၊ နောက်ဆို ဖေဖေနဲ့အတူ သားလေး နေသွားရတော့မှာပါ၊ သားလေး

www.burmeseclassic.com

လင်ချွင်စစ်အား မည်ကဲ့သို့ ပုံသွင်းရမည်ဖြစ်ကြောင်းလည်း ရှုအုံကြူအား လင်ချမ်းကျုံးသည် အထပ်ထပ်အခါခါ မှာကြားခဲ့သည်။

မိခင်သွေးပါသော လင်ချွင်စစ်သည် ငွေဖျိုင်းဖြူစံအိမ်ကြီးသို့ရောက်စက တစ်ပါးသူအပေါ် ကြင်နာသနားစိတ်ရှိခဲ့သည်။

ချန်ဂူးဝမ်းကိုလည်း ခင်မင်စိတ် ဖြစ်မိသည်။

သို့သော် ဖခင်ဖြစ်သူ လင်ချမ်းကျုံးနှင့် လင်ချမ်းကျုံး၏ ဘက်တော်သား စံအိမ်အမှုထမ်းများက လင်ချွင်စစ်ကို အမျိုးမျိုး သွေးထိုး ပေးကြသဖြင့် နောက်ဆုံးတွင် မသိနားမလည်သေးသော လင်ချွင်စစ် သည် ချန်ဂူးဝမ်းအပေါ် ရွံ့ရှာမုန်းတီးစိတ်ဖြစ်လာသည်။

ချန်ဂူးဝမ်းကို ရန်သူကြီးတစ်ယောက်လို ဆက်ဆံလာသည်။

လင်ချွင်စစ်သည် စည်းစိမ်ယစ်မူးပြီး သူ့ထက် အသက် ဆယ်နှစ်ခန့်ကြီးသော ချန်ဂူးဝမ်းကိုပင် အနိုင်ကျင့်သော အပြုအမူ များ လုပ်လာသည်။

ချန်ဂူးဝမ်းကမူ လင်ချွင်စစ်အပေါ် အတတ်နိုင်ဆုံး အလျှော့ပေး ဆက်ဆံသည်။

လင်ချွင်စစ် အနိုင်ကျင့်သမျှကိုခံသည်။ မခံ၍လည်း မဖြစ်ချေ။

လင်ချွင်စစ်က ချန်ဂူးဝမ်းပေါ် မကျေနပ်သည့်စကားရှိ တစ်ခွန်းပြောဆိုတိုင်တန်းသည်နှင့် လင်ချမ်းကျုံးသည် ချန်ဂူးဝမ်းအား ကျာပွတ်ဖြင့် ရိုက်၍ ဆုံးမတတ်လေ့ရှိသည်။

ထို့ကြောင့် နောက်ပိုင်းတွင် ချန်ဂူးဝမ်းသည် လင်ချွင်စစ်နှင့် မျက်နှာချင်းမဆိုင်မိအောင် အတတ်နိုင်ဆုံး ရှောင်ရှားခဲ့ရသည်။



ယခုဆိုလျှင် ငွေဖျိုင်းဖြူစံအိမ်သို့ လင်ချွင်စစ်ရောက်လာသည်မှာ နှစ်လကျော်ခန့် ရှိသွားပြီဖြစ်၏။

အထိန်းတော်ကြီး ကျိဖေ့ကျန်းကမူ ငွေဖျိုင်းဖြူစံအိမ်သို့ လင်ချွင်စစ်ရောက်လာသည့်အတွက် ပိုပြီး စိတ်မချမ်းမသာဖြစ်ရသည်။

ချန်ဂူးဝမ်းသည် လင်ချမ်းကျုံး၏အနိုင်ကျင့်မှုကိုသာမကဘဲ သားဖြစ်သူ လင်ချွင်စစ်၏အနိုင်ကျင့်မှုကိုပါ ပိုး၍ခံလာရသောကြောင့် ဖြစ်၏။

သို့သော် ယခုအခါ စံအိမ်တော်အမှုထမ်းအားလုံးလိုလို လင်ချမ်းကျုံး၏လူများ ဖြစ်ကုန်ကြပြီဖြစ်သဖြင့် သူမသည် ချန်ဂူးဝမ်း၏အရေးအခင်းနှင့်ပတ်သက်၍ မည်သူ့ကိုမှ မပြောဆိုရဲတော့ချေ။

ချန်ဂူးဝမ်းမှာ ရှုအုံကြူနှင့်ပတ်သက်ပြီး နာမည်ပျက်ရှိသွားပြီဖြစ်သောကြောင့် မည်သူ့ကိုမှလည်း ချန်ဂူးဝမ်းနှင့်ပတ်သက်၍ မတိုင်တောရဲတော့ချေ။

သူမအနေနှင့် တိုင်တောမည်ဆိုလျှင်လည်း မည်သူမှ ယုံကြည်လိမ့်မည် မဟုတ်တော့ချေ။

သူမကိုယ်တိုင်ပင်လျှင် ချန်ဂူးဝမ်း ဤကဲ့သို့ စိတ်မိုက်စိတ်နိုင်း ဝင်ခဲ့ရသည့်အတွက် ယခုထက်တိုင်အောင် အဖြေရှာ၍ မရသေးချေ။

ချန်ဂူးဝမ်းအပေါ် ဤသို့ပြစ်ချက်ရှိအောင် လင်ချမ်းကျုံး၊ မြောင်ယိလန်းနှင့် ရှုအုံကြူတို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းကိုတော့ အထိန်းတော်ကြီး ကျိဖေ့ကျန်း ရိပ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ချန်ဂူးဝမ်း စိတ်လွတ်ကိုယ်လွတ် ဖြစ်သွားအောင် လင်ချမ်းကျုံးက မည်ကဲ့သို့ စီစဉ်ကြောင်းကိုမူ ကျိုဖေ့ကျန်းသည် အ နည်းငယ်မှ စဉ်းစား၍မရချေ။

ယခုဆိုလျှင် ရှုအုံကြူသည် သူမထက်ပင် အဆင့်မြင့်သော နေရာကို ရရှိနေပြီ။ သူမကိုပင် အမိန့်ပေး ခိုင်းစေနေလေပြီ။

ကျိုဖေ့ကျန်းသည် ကျိတ်မှိတ်သည်းခံ၍ ရှုအုံကြူကို လိုက်လိုက်လျောလျော ဆက်ဆံနေရသည်။

သူမသည် လင်ချမ်းကျုံး လက်တွင်းမှ ချန်ဂူးဝမ်း ထွက်မြော မည့်နေ့ကိုသာ မျှော်လင့်စောင့်စားနေသည်။

ချန်ဂူးဝမ်း အသက်နှစ်ဆယ်ပြည့်လျှင် ဖခင်ဖြစ်သူထားခဲ့ သော ဤစံအိမ်နှင့်အမွေပစ္စည်းများကို လင်ချမ်းကျုံးလက်တွင်မှ ပြန်ရမည်။

ထိုအခါ လင်ချမ်းကျုံးတို့တတွေ ဤအိမ်မှ ထွက်သွားရ မည်။

ထိုအခါမှ ချန်ဂူးဝမ်းသည် လွတ်လွတ်လပ်လပ် စိတ်ချမ်း သာစွာ နေရမည်။

အထိန်းတော်ကြီး ကျိုဖေ့ကျန်းသည် ဤနေ့ ဤရက်ကို စောင့်မျှော်၍ အစစအရာရာ သည်းခံနေရခြင်းဖြစ်၏။

ချန်ဂူးဝမ်းသည် သူ့အိမ်ခန်းတွင်းရှိ ထိုင်ခုံတစ်လုံးပေါ်တွင်



ခေါင်းငိုက်စိုက်ချကာ တွေတွေကြီး ထိုင်နေသည်။

သူ့အနီးရှိ ထိုင်ခုံတစ်လုံးပေါ်တွင်လည်း စိတ်မချမ်းမြေ့ သာအသွင်ဖြင့် အထိန်းတော်ကြီး ကျိုဖေ့ကျန်း ထိုင်နေပေသည်။

သူမသည် ချန်ဂူးဝမ်း၏ ဖြစ်အင်ကိုကြည့်၍ စိတ်မချမ်းမ သာ ဖြစ်နေခြင်းပင်။

"အိပ်ခန်းထဲမှာပဲ တကုတ်ကုတ် မနေပါနဲ့ လူကလေးရယ်၊ တော်ကြာ အညောင်းမိပြီး ကျန်းမာရေးထိခိုက်နေပါဦးမယ်၊ ခြံထဲ ဆင်းပြီး အညောင်းပြေအညာပြေ လမ်းလျှောက်ပါဦးလာကွယ်"

ချန်ဂူးဝမ်းက ဖြည်းလေးစွာ ခေါင်းကိုခါယမ်းလိုက်ပြီး....

"ကျွန်တော့်အဖို့ ဒီအိပ်ခန်းထဲမှာနေတာ အကောင်းဆုံးပါပဲ အမေကျိုရယ်၊ ဒီအိမ်က အမှုထမ်းတွေအားလုံးက ကျွန်တော့်ကိုအ ခင်အမြင်သေးတဲ့ မျက်လုံးတွေနဲ့ကြည့်ကြလို့ပါ၊ ပြီးတော့ ဦးကြီး သင်တို့သားအဖနဲ့ တွေ့ရင်လဲ ကျွန်တော့်ကိုတစ်နည်းမဟုတ် တစ် နည်းနဲ့-နှိပ်စက်ညှဉ်းပန်းကြဦးမယ်၊ ကျွန်တော့်အဖို့ ဒီအိပ်ခန်းဟာ အန္တရာယ်အကင်းဆုံးပါပဲ မေမေကျို"

မိခင်ရင်းကို မမြင်ဖူး မတွေ့ဖူးသော ချန်ဂူးဝမ်းသည် သူ့အ ပေါ် မိခင်ရင်းနှင့်မခြား ကောင်းခဲ့သော အထိန်းတော်ကျိုဖေ့ကျန်းကို ငယ်စဉ်ကတည်းကပင်'မေမေကျို'ဟု ခေါ်ခဲ့လေသည်။

ကျိုဖေ့ကျန်းက ချန်ဂူးဝမ်းကို အားပေးစကား ပြောပြန် သည်။

"ဒီလောက်လဲ ကိုယ့်စိတ်ကို ကိုယ်မလျှော့စမ်းပါနဲ့ လူလေး ရယ်၊ ရှုအုံကြူရဲ့ကိစ္စမှာ လူလေးဟာ မတရား ထောင်ချောက်ဆင်ခံရ တယ်ဆိုတာ မေမေကျို သိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် တခြားလူတွေ မသိကြဘူး မေမေကျို၊ ကျွန်တော် ကိုယ်တိုင်လဲ ဘယ်လိုမှမဖြေရှင်းပြတတ်ဘူး၊ ကျွန်တော့်ကိုယ်ကျွန်တော်တောင် ငါဟာ တကယ်ပဲ ယုတ်မာတဲ့သူလားလို့ တွေးနေမိတယ်"

"ဒီကိစ္စကို ခေါင်းထဲက ဖျောက်ထားလိုက်စမ်းပါ လူလေးရယ်၊ အမှန်တရားဟာ တစ်နေ့တော့ ပေါ်လာမှာပါ"

"ကျွန်တော်တော့ ဒီအိမ်ကနေပြီး အပြီးအပိုင် ထွက်သွားချင်တော့တာပဲ"

"မဟုတ်တာ လူလေးရယ်၊ ဒီအိမ်က လူလေးရဲ့အိမ်ပဲ၊ ဘာဖြစ်လို့ ထွက်သွားရမှာလဲ၊ ပြီးတော့ လူလေး အသက်နှစ်ဆယ်ပြည့်ရင် လူလေးဖေဖေထားခဲ့တဲ့ အမွေတွေကို ဆက်ခံရဦးမယ်၊ မိဘရဲ့အမွေဟာ သားရင်းသမီးရင်းသာ ဆက်ခံထိုက်တယ် လူလေး၊ မဆိုင်တဲ့လူတွေ မဆက်ခံထိုက်ဘူး၊ လူလေးသာမရှိရင် လင်ချမ်းကျိုးတို့သားအဖက လူလေးရဲ့အမွေပစ္စည်းတွေကို ပိုင်သွားတော့မှာပါ၊ ဒီလောက်ကြီးတောင် လောကကြီးကို အလျှော့မပေးချင်စမ်းပါနဲ့ ရှုလေးရယ်၊ လူလေးက သိပ်ပြီး စိတ်ပျော့တာကိုး"

"ဖေဖေ ဆုံးသွားပြီးကတည်းက မေမေကျိုကလွဲပြီး ကျွန်တော့်အပေါ် ဘယ်သူမှမကောင်းကြဘူး၊ ကျွန်တော့်ကိုဝိုင်းပြီး အနိုင်ကျင့်ကြတယ်၊ လူတွေကို ကျွန်တော်စိတ်လဲ နာတယ်၊ ကြောက်လဲကြောက်တယ်၊ ဒါကြောင့် ဒီအသိုင်းအဝိုင်းက ကျွန်တော်ထွက်ပြေးသွားချင်တာပါ"

"လူလေးဟာ ယောကျ်ားပါ၊ လူလေးရဲ့အဖေနဲ့ အဘိုးတို့ဟာလဲ မတရားရင် မခံတတ်တဲ့သူတွေ၊ ရဲစွမ်းသတ္တိရှိတဲ့ ထိပ်တန်း



သိုင်းသမားကြီးတွေပါ၊ လူလေးလဲ ဘမျိုးဘိုးတူဆိုသလို အဖေ့စိတ်၊ အဘိုးစိတ်ကို မွေးစမ်းပါ၊ အခုလူလေးဟာ အရွယ်ရောက်လာပြီ၊ ကိုယ်ကသာ မတရားမလုပ်နဲ့ ဘယ်သူ့မှကြောက်စရာ မလိုဘူး၊ လင်ချမ်းကျိုးတို့သားအဖကိုလဲ ဘယ်ကိစ္စမဆို ရင်ဆိုင်ဖြေရှင်းစမ်းပါ၊ လူလေးသာ ရဲရဲဝံ့ဝံ့ဖြေရှင်းမယ်ဆိုရင် မေမေကျိုက လူလေးဘက်က ခားမားမတ်မတ် ရပ်တည်ပါ့မယ်"

"မဖြစ်ပါဘူး မေမေကျိုရယ်၊ မဖြစ်ပါဘူး"

ချန်ဂူးဝမ်းသည် ညှိုးငယ်နွမ်းလျသော မျက်နှာဖြင့်ပင် ခေါင်းကိုတွင်တွင် ခါယမ်းနေသည်။

ချန်ဂူးဝမ်းအတွက် ကျိုဖေ့ကျန်း စိတ်မောတ်ကျရတော့သည်။

သူမအနေနှင့် ချန်ဂူးဝမ်းကို ဤကဲသို့ စိတ်မာတတ်ပျော့မနေစေချင်ပေ။

မဟုတ်မခံစိတ်မျိုး ရဲစွမ်းသတ္တိရှိသည့် စိတ်မျိုးရှိစေချင်ပါသည်။

ယခုမူ လင်ချမ်းကျိုးက ရှစ်နှစ်ဟူသော ကာလအတွင်း ချန်ဂူးဝမ်းကို သတိနည်းသော လူကြောက်ကလေးဖြစ်အောင် အမျိုးမျိုးသောနည်းဖြင့် ပုံသွင်းထားသည့်အပြင် ဆယ်ရက်တစ်ကြိမ် 'ကျွန်တော် အရှုံးပါ'ဆိုသောစကားကို ရွတ်ဆိုခိုင်းခဲ့သဖြင့် ချန်ဂူးဝမ်း စိတ်ထဲတွင် အမှန်ပင် သူ့ကိုယ်သူ ရှုံးနေရှာသလားဟု ထင်လာပြန်ပြီး သူ့အနေအထိုင်အပြောဆိုများပင် တစ်ခါတစ်ခါ အရှုံးတစ်ယောက်လို ဖြစ်နေပြန်လေသည်။

လင်ချမ်းကျိုးနှင့်သူ၏ဘက်တော်သားများ နောက်ခွယ်

www.burmeseclassic.com

www.burmeseclassic.com



တွင်သာ အထိန်းတော်ကြီး ကျိဖေ့ကျန်းသည် ချန်ဝူးဝမ်းကို စိတ်ဓာတ်မြှင့်တင်ပေးရသဖြင့် အရာမရောက်ဘဲ အချည်းအနှီးဖြစ်ရလေသည်။

အထိန်းတော်ကြီး ကျိဖေ့ကျန်းသည် ချန်ဝူးဝမ်းရှေ့ရေးအတွက် လွန်စွာ စိတ်မောမိလေသည်။

တစ်သက်လုံး လူပျော့လူညံ့ လေးဖြစ်နေပြီး လူတကာကို ကြောက်ရွံ့နေပါလျှင် လူဖြစ်ရှုံးပါတော့ မည်။

ချန်ဝူးဝမ်း ရဲစွမ်းသတ္တိရှိအောင် မည်သို့မည်ပုံ လုပ်ဆောင်ရမှန်းမသိဖြစ်နေသော အထိန်းတော်ကြီး ကျိဖေ့ကျန်းသည် ဘာမှ ထပ် မပြောတော့ဘဲ ငိုင်တွေတွေကြီး ငြိမ်နေသည်။

ထိုစဉ် အိပ်ခန်းဝသို့ စံအိမ်အမှုထမ်းတစ်ယောက် ရောက်လာပြီး ပြောသည်။

“အထိန်းတော်ကြီး... ခင်ဗျားနဲ့သခင်လေးတို့ ဧည့်ခန်းဆောင်ထဲကို လာခဲ့ကြပါ၊ ဧည့်ခန်းဆောင်ထဲမှာ သခင်ကြီးလင်စောင့်နေပါတယ်”

အမှုထမ်းက ပြောပြီးသည်နှင့် ပြန်လည်ထွက်ခွာသွားလေသည်။

လင်ချမ်းကျိုးအနေနှင့် ဤကဲ့သို့ပုံစံမျိုးဖြင့်မခေါ်စဖူးအခေါ် ထူးလှသဖြင့် ချန်ဝူးဝမ်းနှင့်ကျိဖေ့ကျန်းတို့မှာ အံ့သြကြ၏။

စဉ်းစားမရဟန်ဖြင့်လည်း တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်မိကြ၏။

သူတို့နှစ်ဦး၏မျက်နှာများတွင်လည်း စိုးရိမ်စိတ်ယှက်သမ်း



လာကြသည်။

လင်ချမ်းကျိုးသည် သူတို့နှစ်ယောက်ကိုခေါ်ပြီး မည်ကဲ့သို့သော ပြဿနာရှာလိမ့်မည်လဲဟု တွေးမိကြသည်။

သူတို့သည် လင်ချမ်းကျိုးနှင့် မဆုံတွေ့ချင်ကြပါချေ။

ဆုံတွေ့သည့်အခါတိုင်း သူတို့ကို မတရားသဖြင့် အနိုင်ကျင့်ခဲ့သောကြောင့် ဖြစ်၏။

သို့သော် လင်ချမ်းကျိုးက တွေ့လို၍ အခေါ် လွှတ်လိုက်သဖြင့် သူတို့တတွေ မသွားဘဲ မနေရဲကြချေ။

မသွားဘဲနေပါက ပို၍ ပြဿနာတက်သွားနိုင်လေသည်။

ဦးစွာ အထိန်းတော်ကြီး ကျိဖေ့ကျန်းက ထရပ်၍ စိတ်မသက်မသာဖြင့် ပြောသည်။

“ကိုင်း... သွားလိုက်ကြဦးစို့ လူလေး”

“သူနဲ့တွေ့ရမှာ ကျွန်တော်ကြောက်တယ် မေမေကျို၊ တွေ့ရင် တစ်နည်းမဟုတ် တစ်နည်းနှိပ်စက်ဦးမယ်”

“ဒါပေမယ့် သူခေါ်နေတာကို သွားမတွေ့လို့ ဘယ်ဖြစ်ပါ့မလဲ လူလေးရယ်၊ ပိုပြီးတော့ လူလေးကို နှိပ်စက်တော့မပေါ့၊ လာပါ လူလေးရယ်၊ ကြာနေလို့ သူလိုက်လာရင် ခက်ကုန်ဦးမယ်”

ချန်ဝူးဝမ်းသည် လင်ချမ်းကျိုးနှင့်တွေ့ရမည့်အတွက် လွန်စွာ ကြောက်ရွံ့နေသည်။ မျက်စိမျက်နှာ ပျက်နေသည်။

အထိန်းတော်ကြီး ကျိဖေ့ကျန်းက ဖေးမခေါ်၍သာ လိုက်လာခဲ့ရလေသည်။

ဧည့်ခန်းဆောင်ထဲသို့ရောက်လာသောအခါ ထိုင်ခုံကြီးတစ်လုံးပေါ်တွင် အခန့်သားထိုင်နေသော လင်ချမ်းကျိုးကို တွေ့ကြရ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ကိုဖေ့ကျန်းနှင့်ချန်ဂူးဝမ်းတို့နှစ်ယောက်စလုံး ခြေလှမ်းတန့်ရပ်သွားမိကြသည်။

လင်ချမ်းကျုံးသည် ချန်ဂူးဝမ်းနှင့်ကိုဖေ့ကျန်းတို့ကို လှမ်းကြည့်ပြီး လှိုက်လှိုက်လှဲလှဲ ပြုံးလိုက်သည်။

ပြီးမှ ချိုသာသောအသံဖြင့် ခေါ်လိုက်၏။

"တူမောင်ချန်... လာလေကွယ်၊ လာပါ၊ ညီမ ကိုဖေ့ကျန်း တူမောင်ချန်ကို ခေါ်လာပါကွယ်၊ ဟဲ... ဟဲ... ဟဲ"

လင်ချမ်းကျုံး၏ပြောင်းလဲသွားသော အပြောအဆိုအမူအရာကြောင့် ချန်ဂူးဝမ်းနှင့်ကိုဖေ့ကျန်းတို့နှစ်ယောက်စလုံး အံ့သြတကြီး ဖြစ်သွားကြ၏။

သူတို့မျက်စိ သူတို့နားကိုပင် မယုံကြည်မိအောင် ဖြစ်သွားကြသည်။

လင်ချမ်းကျုံးသည် သူတို့ကို ဤကဲ့သို့ ချိုသာစွာ ပြောဆိုဆက်ဆံခြင်း မရှိခဲ့သည်မှာ ရှစ်နှစ်ခန့်ရှိသွားပြီဖြစ်၏။

ချန်ဂူးဝမ်း၏ဖခင် ချန်စီးလင်း အသက်ထင်ရှားရှိစဉ် ကာလကသာ ဤကဲ့သို့ ပြောဆိုဆက်ဆံပြီး ချန်စီးလင်း ကွယ်လွန်သွားပြီးသည့်နောက်ပိုင်းတွင် ဤသို့ဆက်ဆံခြင်း မပြုခဲ့သည်မှာ ရှစ်နှစ်ခန့်ရှိသွားပြီဖြစ်၏။

ယခုမှ ယခင်ကကဲ့သို့ ပြောဆိုဆက်ဆံလာသဖြင့် ချန်ဂူးဝမ်းနှင့် ကိုဖေ့ကျန်းတို့ မယုံကြည်နိုင်လောက်အောင် အံ့သြရခြင်းဖြစ်လေသည်။

"လာကြလေကွယ်... ဘာလဲ ဦးကြီးရဲ့ပြောဆိုဆက်ဆံပုံ



ပြောင်းလဲသွားလို့ တူမောင်တို့ အံ့သြသွားကြတယ် ထင်တယ်၊ ကဲ လာကြပါကွယ်၊ ဦးကြီး ရှင်းပြပါ့မယ်"

လင်ချမ်းကျုံးက ပြုံးပြုံးရွှင်ရွှင် ထပ်မံ၍ ခေါ်လိုက်ပြန်သည်။

ချန်ဂူးဝမ်းနှင့် ကိုဖေ့ကျန်းတို့သည် ထပ်၍ ရပ်တန့်မနေရဲကြတော့ဘဲ ရှေ့ကိုဆက်တိုးခဲ့ကြရသည်။

လင်ချမ်းကျုံးရှေ့တွင် ခေါင်းငိုက်စိုက်ချ၍ ရပ်မိကြသည်။

"ထိုင်ကြပါကွယ်... ခုံပေါ်မှာ ထိုင်ကြပါ"

လင်ချမ်းကျုံးက ညွှန်ပြပြောဆိုလာပြန်သဖြင့် ချန်ဂူးဝမ်းနှင့် ကိုဖေ့ကျန်းတို့လည်း သူနှင့်မျက်နှာချင်းဆိုင်ရှိ ခုံများတွင် မရဲတရဲ ဝင်ထိုင်ကြရသည်။ ခေါင်းကိုတော့ ငုံ့ထားမိကြသည်။

"ခေါင်းကို ငုံ့မထားစမ်းပါနဲ့ တူမောင်ချန်ရယ်၊ ဦးကြီးမျက်နှာကို ရဲရဲဝံ့ဝံ့ကြည့်စမ်းပါ၊ ညီမ ကိုဖေ့ကျန်းလဲ ခေါင်းကိုမော့ထားစမ်းပါ"

ထိုအခါမှ ချန်ဂူးဝမ်းနှင့် ကိုဖေ့ကျန်းတို့လည်း မဝံ့မရဲဖြင့် ခေါင်းကိုအသာအယာ မော့၍ လင်ချမ်းကျုံးကို ကြည့်မိကြသည်။

လင်ချမ်းကျုံးမျက်နှာမှာ ချိုသာပြုံးရွှင်လျက် ရှိနေသည်။

သူသည် အထိန်းတော်ကြီး ကိုဖေ့ကျန်းကို ကြည့်လိုက်ပြီး....

"ညီမ ကိုဖေ့ကျန်း၊ တူမောင် အသက်ဆယ့်ရှစ်နှစ်ပြည့်ပြီးလို့ သုံးလေးရက်တောင် စွန်းသွားပြီနော်"

အထိန်းတော်ကြီး ကိုဖေ့ကျန်းသည် ခေါင်းကို ကနန်းက

www.burmeseclassic.com

www.burmeseclassic.com



တန်း ညိတ်လိုက်ပြီး....

"ဟုတ်... ဟုတ်ပါတယ် အစ်ကိုကြီး"

"အင်း... ဒါဆို တူမောင်ချန်ဟာ လူကြီးစာရင်းထဲ ဝင်သွားပြီ ပေါ့ကွယ်၊ လူကြီးတစ်ယောက်ဖြစ်သွားပြီပေါ့။ စဉ်းစားချင့်ချိန်နိုင်တဲ့ အသိဉာဏ်မျိုးလဲ ရှိလာနိုင်ပြီ၊ ဒီမယ် တူမောင်ချန်"

ချန်ဂူးဝမ်းက လင်ချမ်းကျူးကို မျက်လုံးအပြူးသားဖြင့် ကြည့်သည်။

သူ့စိတ်ထဲတွင် လင်ချမ်းကျူး၏ပြောဆိုဆက်ဆံပုံကို မယုံမရဲ ဖြစ်နေမိသည်။

လင်ချမ်းကျူးက ညင်သာ အေးဆေးစွာ ဆက်ပြောသည်။

"တူမောင်ချန်... တူမောင်ရဲ့ဖေဖေ ဂိုဏ်းချုပ်ကြီး ချန်စီးလင်း ဆုံးသွားပြီးကတည်းက တူမောင့်ကို ဦးကြီးကပဲ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ရတယ်နော်"

"ဟုတ်... ဟုတ်ကဲ့"

"အေး... အဲဒီလို ထိန်းသိမ်းစောင့်လာတဲ့ ကာလတစ်လျှောက်မှာ တူမောင့်ကို ဦးကြီးက အမျိုးမျိုးဆုံးမခဲ့တယ်၊ တစ်ခါတလေ ပါးစပ်နဲ့သာမဟုတ်ဘဲ ကရုဏာဒေါသောနဲ့ လက်ပါပါလာခဲ့ရတယ်၊ တကယ်တော့ ဒါတွေဟာ တူမောင့်ကို ကောင်းစေချင်လို့ ဦးကြီးဟာ အမုန်းခံပြီး ဆုံးမလာခဲ့ရတာပါ၊ တူမောင့်ကတော့ ငယ်သေးလို့ ဦးကြီးရဲ့စေတနာကိုနားလည်ချင်မှ နားလည်လိမ့်မယ်၊ အေးလေ... ဦးကြီးကိုယ်တိုင်က တစ်ခါတလေ တူမောင့်အပေါ် မှားခဲ့တာလဲ ရှိချင်ရှိမှာပေါ့"



လင်ချမ်းကျူးက စကားဖြတ်ပြီး ချန်ဂူးဝမ်းကို အကဲခတ်ကြည့်သည်။

ချန်ဂူးဝမ်းက ဘာမှပြန်မပြောဘဲ သူ့စကားကို ဂရုတစိုက် နားထောင်နေကြောင်း တွေ့ရမှ ဆက်ပြောသည်။

"အခုတော့ တူမောင့်အသက် တစ်ဆယ့်ရှစ်နှစ် ပြည့်ပြီးပြီ၊ လူကြီးစာရင်းဝင်လာပြီ၊ အလျှင်ကထက် တူမောင့်မှာ အသိဉာဏ်လဲ ရှိလာပြီ၊ ပြီးတော့ တူမောင့်ရဲ့အရွယ်ဟာ ရိုက်နှက်ပြီး ဆုံးမရမယ့်အရွယ်လဲ မဟုတ်တော့ဘူး၊ တူမောင့်ရဲ့အရွယ်ဟာ မိဘအုပ်ထိန်းသူအောက်က လွတ်တဲ့အရွယ်လို့ ပြောမယ်ဆိုရင်တောင် ပြောနိုင်တယ်၊ ဒါကြောင့် တူမောင့်အပေါ် ဦးကြီးရဲ့ဆက်ဆံရေးကို ပြောင်းလိုက်တာပါ၊ တကယ်လို့ ဦးကြီးမှားခဲ့တာရှိရင်လဲ တူမောင့်အနေနဲ့ ခွင့်လွှတ်စေချင်တယ်၊ ဘယ့်နှယ်လဲ တူမောင်၊ ခွင့်လွှတ်တယ် မဟုတ်လား"

"ဟုတ်... ဟုတ်ကဲ့၊ ခွင့်... ခွင့်လွှတ်ပါတယ် ဦးကြီး"

"အေးကွယ်... ခုလို တူမောင့်ဆီက ဒီစကားမျိုးကြားရတာ ဦးကြီး ဝမ်းသာပါတယ်၊ နောက်ဆို တူမောင့်ကို ဦးကြီးရိုက်နှက်ဆုံးမတဲ့ အပြုအမူမျိုး မလုပ်တော့ပါဘူး၊ သိပ်ပြီးလွန်ကဲတဲ့ကိစ္စတွေကိုတောင်မှ ပါးစပ်နဲ့ပဲ ဦးကြီးနည်းနည်းပါးပါး ဆုံးမမယ်၊ နောက်ဆုံးကွယ် တူမောင်က မနာခံရင်တောင်မှ တူမောင့်ကို ဦးကြီး အပြစ်မယူဘူး၊ ဒီစံအိမ်ကြီးဟာ တူမောင် ပိုင်တဲ့အိမ်၊ တူမောင့် စိတ်ကြိုက် လွတ်လွတ်လပ်လပ်ကြိုက်သလို နေနိုင်ပြီ၊ နားလည်လား တူမောင်"

"ဟုတ်... ဟုတ်ကဲ့"

"တကယ်တော့ ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီး ဖြစ်ရမယ့်သူဟာ တူမောင်ပါ၊ ဒါပေမယ့် နယ်စားကြီးနဲ့ သိုင်းဂိုဏ်းအသီးသီးက ခေါင်း

www.burmeseclassic.com



ဆောင်ကြီးတွေရဲ့တိုက်တွန်းချက်ဆန္ဒအရ ဦးကြီးဟာ ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် ဆက်ခံလိုက်ရတယ်၊ ဒီအတွက် ဦးကြီးအပေါ် တူမောင် တစ်မျိုးမြင်ချင် မြင်နေမယ်"

"ကျွန်… ကျွန်တော် ဘယ်လိုမှမမြင်ပါဘူး ဦးကြီး၊ ကျွန်တော် ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးလဲ မလုပ်ချင်ဘူး၊ လူတွေ အများကြီးနဲ့လဲ မဆက်ဆံချင်ဘူး၊ ကျွန်တော့် ဘာသာ အေးအေးဆေးဆေးပဲ နေချင်တယ်"

"အေးအေးဆေးဆေး နေတယ်ဆိုတာ လူငယ်ဘဝမှာသာ ဖြစ်တာကွယ့်၊ အခု တူမောင်က လူကြီးစာရင်း ဝင်လာပြီ အေးအေးဆေးဆေး နေလို့မဖြစ်တော့ဘူး၊ မဆောင်ရွက်ရင်မဖြစ်တဲ့ ကိစ္စအဝဝကို ဆောင်ရွက်ရလိမ့်မယ်"

"ကျွန်တော် ဘာလုပ်ရမှာလဲ ဦးကြီး"

"တူမောင်တို့ မျိုးစဉ်မျိုးဆက် ကိုင်ဆောင်လာခဲ့တဲ့ ရွှင်ရှန်းသိုင်းကျမ်းစာအုပ်ကို ရောင်လင်ဂိုဏ်းတော်ကြီးရဲ့ ဂိုဏ်းချုပ်ဆရာတော်ကြီး မိန္ဒကျန်းရဲ့လက်ထဲမှာ ထိန်းသိမ်းစောင့်ရှောက်ထားတယ် တူမောင်အသက်ဆယ့်ရှစ်နှစ်ပြည့်ရင် ဆရာတော်ကြီး မိန္ဒကျန်းလက်ထဲက ရွှင်ရှန်းသိုင်းကျမ်းကိုသွားပြီး ယူရလိမ့်မယ်"

ချန်ဂူးဝမ်းက ခေါင်းကိုအသာအယာ ခါယမ်းလိုက်ပြီး—

"ရွှင်ရှန်းသိုင်းကျမ်းဟာ ကျွန်တော့်အဖေ ကျွန်တော့်အဘိုးအစဉ်အဆက်ကိုင်ဆောင်လာတဲ့သိုင်းကျမ်းဖြစ်ပေမယ့် ကျွန်တော် မလိုချင်တော့ပါဘူး ဦးကြီး၊ ရန်များတဲ့သိုင်းပညာကိုလဲ ကျွန်တော် မကတ်ချင်ဘူး၊ ဒီတော့ ကျွန်တော့်အတွက် ဒီသိုင်းကျမ်းဟာလဲ အသုံးကျမှာ မဟုတ်ပါဘူး"



"ဒီလိုလဲ မဟုတ်သေးဘူးလေ တူမောင့်အနေနဲ့ သိုင်းကျမ်းကိုတော့ တူမောင့်လက်ထဲမှာ မြဲမြဲမြံမြံနိုးနိုးနဲ့ဆက်ပြီး သိမ်းထားသင့်တယ်၊ တကယ်လို့ တူမောင်က သိုင်းပညာသင်ရမှာ ဝါသနာမပါလို့ ဒီသိုင်းကျမ်း တူမောင့်အတွက် အပိုဖြစ်တယ်ပဲထားဦး တူမောင်ရဲ့သားစဉ်မြေးဆက်ထဲမှာ သိုင်းပညာသင်ဖို့ ဝါသနာထုံတဲ့ လူပါလာဦးမှာပဲ၊ ဒီတော့တူမောင်တို့ရဲ့ ချန်မျိုးဆက်ကိုယ်ပိုင် သိုင်းကျမ်းထဲက ဒီသိုင်းကွက်တွေဟာ အသုံးဝင်လာမှာပေါ့ကွယ်"

ချန်ဂူးဝမ်း သဘောပေါက်နားလည်အောင် စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြနေသော လင်ချမ်းကျုံးကိုကြည့်၍ အထိန်းတော်ကြီး ကျိုဖေ့ကျန်း အံ့သြတကြီး ဖြစ်နေမိသည်။

အဘယ်ကြောင့် ချန်ဂူးဝမ်းအပေါ် လင်ချမ်းကျုံး စေတနာကောင်းနေကြောင်းကို စဉ်းစားမရဖြစ်မိသည်။

သူမအနေနှင့်လည်း ရွှင်ရှန်းသိုင်းကျမ်းကို ချန်ဂူးဝမ်းယူ၍ သိမ်းထားစေချင်သည်။

ဖြစ်နိုင်လျှင် ရွှင်ရှန်းသိုင်းကျမ်းထဲမှ သိုင်းကွက်များကိုလေ့ကျင့်၍ ချန်ဂူးဝမ်းကို အဆင့်မြင့်သိုင်းသမားတစ်ယောက် ဖြစ်စေချင်သည်။

ထို့ကြောင့်လည်း ကျိုဖေ့ကျန်းသည် ဝင်ပြောမိ၏။

"အစ်ကိုကြီးလင် ပြောတာ မှန်ပါတယ် လူလေးရယ်၊ လူလေးအနေနဲ့ သိုင်းပညာသင်ဖို့တတ်ဖို့ စိတ်မဝင်စားပေမယ့် မိဘဘိုးဘွားအစဉ်အဆက် မြဲမြဲမြံမြံနိုးနိုး ကိုင်ဆောင်လာတဲ့ ပစ္စည်းတစ်ခုအနေနဲ့တော့ ရွှင်ရှန်းသိုင်းကျမ်းကို လူလေးလက်ထဲမှာ သိမ်းဆည်းထားသင့်ပါတယ်၊ ကိုယ်နဲ့အသုံးမတည့်ပေမယ့် ကိုယ့်သားစဉ်မြေး

www.burmeseclassic.com

www.burmeseclassic.com



ဆက်မှာ အသုံးဝင်ချင် ဝင်မှာပေါ့ကွယ်"

သူ့မိခင်ရင်းသဖွယ် ချစ်ခင်အားကိုးသော အထိန်းတော်ကြီး ဖေ့ကျန်းကိုယ်တိုင်က ဝင်ရောက်ပြောဆိုတိုက်တွန်းနေသဖြင့် ချန်ဂူ ဝမ်း ငြင်းရန် ခက်သွားသည်။

"ကျွန်တော်ကိုယ်တိုင် ရှောင်လင်ကျောင်းတော်ကြီးကိုသွား ပြီး ရွှင်ရှန်းသိုင်းကျမ်းကို ယူရမှာလား"

"ဒါပေါ့ တူမောင်၊ တူမောင်ကိုယ်တိုင်သွားပြီး ယူရမှာပေါ့"

"တခြား တစ်ယောက်ယောက်ကိုလွှတ်ပြီး ယူခိုင်းလိုက်လို့ မဖြစ်ဘူးလား"

"မဖြစ်လို့ပေါ့ တူမောင်ရယ်၊ တူမောင့်ကိုယ်စား ဦးကြီးသွား ယူလို့လဲ ရမှာမဟုတ်ဘူး၊ နောက်ဆုံး နယ်စားကြီးကိုယ်တိုင် သွား ယူမယ်ဆိုရင်တောင် ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီးက ပေး လိုက်မှာ မဟုတ်ဘူး၊ ဒါကြောင့် တူမောင့်ကို ခုလို ပြောနေရတာပေါ့"

"ရှောင်လင်ကျောင်းတော်ကြီးကို ကျွန်တော်မှ မရောက်ဖူး ဘဲ၊ ဘယ်နှစ်ရက်ခရီးလောက် သွားရမှာလဲဦးကြီး"

"တူမောင့်အနေနဲ့ သွားမယ်ဆိုရင် ဆယ့်ငါးရက် ခရီး လောက် သွားရလိမ့်မယ်၊ အသွားအပြန် တစ်လကျော်ကျော်ကြာနိုင် တယ်၊ ရှောင်လင်ကျောင်းတော်ကြီးကို တူမောင်က မရောက်ဖူးပေ မယ့် ရောက်ဖူးတဲ့သူကို ဦးကြီးက လမ်းပြအဖြစ် ထည့်လိုက်မှာပေါ့"

ချန်ဂူဝမ်းက ကျိဖေ့ကျန်းကို လှည့်ကြည့်ပြီး....

"မေမေကျိကော ကျွန်တော်နဲ့လိုက်မှာလား။ မေမေကျိပါ လိုက်မယ်ဆိုရင်တော့ ကျွန်တော် သွားမယ်"

ကျိဖေ့ကျန်း ပြန်မပြောခင် လင်ချမ်းကျုံးက ဝင်ပြောသည်။



"တူမောင် သွားမှတော့ တူမောင့်ရဲ့ မေမေကျိပါ လိုက်ရမှာ ပေါ့ကွယ်၊ ပြီးတော့ ဒီခရီးစဉ်မှာ တူမောင်ကပဲ ဦးစီးဦးဆောင်လုပ်ပြီး သွားရမှာ၊ တူမောင့်ကို ဘယ်သူကမှ အမိန့်မပေးနိုင်ဘူး၊ တူမောင်က သာ ပါလာတဲ့လူတွေကို အမိန့်ပေးနိုင်တယ်၊ ခိုင်းလိုရာ ခိုင်းနိုင်တယ်"

ချုပ်ချယ်ခြင်းမရှိသော ခရီးစဉ်ဖြစ်သောကြောင့် အထိန်း တော်ကြီး ကျိဖေ့ကျန်း ပိုပြီး သဘောကျသွားသည်။

ချန်ဂူဝမ်းကို လင်ချမ်းကျုံးက ဤကဲ့သို့သော အခွင့်အရေး မျိုး ပေးသည့်အတွက်လည်း သူမသည် အံ့ဩဝမ်းသာဖြစ်မိလေ သည်။

သူမသည် တွေဝေနေသော ချန်ဂူဝမ်းကိုပင် တိုက်တွန်းမိ လေသည်။

"ဘာမှ တွေဝေစဉ်းစားနေစရာ မလိုပါဘူး လူလေးရယ်၊ လူလေးအတွက် အကောင်းဆုံးဖြစ်အောင် အစ်ကိုကြီးက စီစဉ်ပေး နေတာပဲ"

ကျိဖေ့ကျန်းက တိုက်တွန်းနေသဖြင့် ချန်ဂူဝမ်းလည်း ခေါင်းညိတ်လိုက်ရတော့၏။

"ကောင်းပါပြီ ဦးကြီး၊ ဦးကြီးစီစဉ်တဲ့အတိုင်း ကျွန်တော် သွားပါတော့မယ်"

လင်ချမ်းကျုံး ကျေကျေနပ်နပ်ကြီး ပြုံးလိုက်သည်။

ရွှင်ရှန်းသိုင်းကျမ်း သူ့လက်ဝယ်သို့ရောက်ရန်မှာ နီးစပ်သွား ပြီ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

### လွှတ်မြောက်ရာလမ်း

လုံးလန်စန်းတောင်မှာ မြင့်မားသော်လည်း မတ်စောက် ခြင်းမရှိချေ။

သွားလာဆင်းတက်ရန် လမ်းမှာလည်း ပြေပြေပြစ်ပြစ် သည့် ကျောက်တောင်ကြီးမဟုတ်သဖြင့် သစ်ပင်ကြီးငယ်တို့ဖြင့် အု ဆိုင်းဝေမှိုင်းလျက်လည်း ရှိနေသည်။

ထို့ကြောင့် ခရီးသွားများသည် လုံးလန်စန်းတောင်ကိုဖြ ကျော်၍ နားနားနေနေ ခရီးသွားနိုင်ကြလေသည်။

လူသွားလူလမ်းနှင့်ဝေးသော လုံးလန်စန်းတောင်၏ နောက်ဘက်တွင် သစ်ပင်ချုံပင်ကြီးများမှာ နေပြောက်ပင်မထိုး အောင်ပိုပြီး ပေါက်ရောက်နေကြသည်။

လူသွားလမ်းနှင့် ဝေးသောကြောင့် ခရီးသွားများသည် ယင်းတောအုပ်ကြီးအတွင်းသို့ မလာရောက်ကြချေ။

၎င်းတောအုပ်ကြီးထဲတွင် ကျောက်လိုဏ်ဂူကြီး ရှိ



ကြောင်းကို သိသူမရှိသလောက်ပင် နည်းသည်။

ကျောက်လိုဏ်ဂူကြီးမှာ နှစ်ပေါင်းများစွာကတည်းက ပေါ်ပေါက်နေသော လိုဏ်ဂူကြီးဖြစ်လေသည်။

တကယ်တော့ ၎င်းကျောက်လိုဏ်ဂူကြီးထဲတွင် လူဆိုးအဖွဲ့တစ်ဖွဲ့ စခန်းချနေထိုင်ကြောင်းကိုလည်း အပြင်လူများ မည်သူမှမသိကြချေ။

ကျောက်လိုဏ်ဂူတွင် နေထိုင်ကြသော လူဆိုးများသည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်ကပင် ၎င်းကျောက်လိုဏ်ဂူကြီးထဲတွင် စခန်းချနေထိုင်ခဲ့ကြခြင်းဖြစ်၏။

သူတို့သည် ဒုစရိုက်မှုများကို ပိပိရိရိ လုပ်ဆောင်ခဲ့ကြသဖြင့်လည်း ယခုကဲ့သို့ သက်တမ်းရှည်အောင် နေနိုင်ခဲ့ကြခြင်းဖြစ်၏။

သူတို့နေထိုင်သော လုံးလန်စန်းတောင်ပေါ်မှ ဖြတ်သွားဖြတ်လာ လုပ်ကြသော ခရီးသည်များကို သူတို့သည် တစ်ခါမှ လုယက်တိုက်ခိုက် ခြင်းမပြုကြချေ။

သူတို့နယ်မြေနှင့် တစ်ရက်နှစ်ရက် ခရီးဝေးသော နေရာများတွင်သာ ပိပိရိရိနှင့် ဒမြတိုက်လုယက်သည့် အလုပ်မျိုးကို လုပ်ကိုင်တတ်ကြသည်။

ထို့ကြောင့်လည်း သူတို့နေထိုင်ရာစခန်းကို မည်သူက မှ မသိကြခြင်းဖြစ်၏။

ပြီးတော့ သူတို့အဖွဲ့တွင် အဖွဲ့ဝင်များများစားစားလည်း မရှိချေ။

အဖွဲ့အပေါ်လည်း အတတ်နိုင်ဆုံး သစ္စာရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း သူတို့အဖွဲ့၏လုပ်ရပ်များမှာ မပေါ်ပေါ ခြင်းဖြစ်၏။

အကယ်၍ သစ္စာမဲ့သူဆိုပါကလည်း ပြင်းပြင်းထန်ထန် ရေးယူဆုံးမ တတ်သည်။

သူတို့အဖွဲ့၏နာမည်ကို 'ကြောင်နက်အဖွဲ့' ဟု လျှို့ဝှက် နာမည်ပေးထားကြသည်။

ကြောင်နက်အဖွဲ့ကို လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျေ က စတင်ဖွဲ့စည်းစဉ်က အဖွဲ့ဝင်ခြောက်ယောက်သာ ရှိခဲ့သည်။ ယ မူ အဖွဲ့ဝင် ရှစ်ယောက်ရှိလေသည်။

ကြောင်နက်အဖွဲ့ဝင် ရှစ်ယောက်စလုံးပင် သိုင်းပညာတ မြောက်ကြသူများ ဖြစ်၏။

သူတို့စခန်းချရာနေရာကို နှစ်ပေါင်းနှစ်ဆယ်အတွင်း ရော သည့်လူစိမ်းတစ်ယောက်မှ ရောက်မလာသော်လည်း လိုဏ်ဂူအ နားတွင် အမြဲလိုလို အစောင့်တစ်ယောက်ယောက်က လျှို့ဝှက် စောင့်ကြပ်နေတတ်သည်။

လိုဏ်ဂူကြီးမှာ ကျယ်ဝန်းလှပြီး အခန်းကြီးတစ်ခန်းအပြ ထပ်မံ၍ အခန်းငယ်ကလေးပေါင်း သုံးခန်းရှိနေသေးသည်။

ဥမင်လမ်းမရှိဘဲ တစ်ခန်းနှင့်တစ်ခန်း ကျောက်နံရံသာ ခြား



နေသည်။

လိုဏ်ဂူတွင် နေထိုင်ကြသော ကြောင်နက်အဖွဲ့သားများ သည် အခန်းကျယ်ကြီးကို နံပါတ်တစ်၊ အခြားအခန်းငယ်သုံးခန်းကို ပါတ်နှစ်၊ နံပါတ်သုံး၊ နံပါတ်လေး အစရှိသဖြင့် ပေးထားကြသည်။

"ဖြန်း....."

"အား....."

"ဘုံး....."

"အွန်း....."

"တော်ပါတော့ရှင်... ရပ်ပါတော့... ဖေဖေ့ကို ဒီလောက်အ ပြီ မနှိပ်စက်ပါနဲ့၊ ကျွန်မ တောင်းပန်ပါတယ်"

အခန်းနံပါသုံးအတွင်းမှ ရိုက်နှက်သံ၊ နာကျင်စွာ ညည်း ငြူသံ၊ မိန်းကလေးတစ်ယောက်၏ အော်ဟစ်ငိုယို၍ တောင်းပန်သံ များမှာ ဆက်တိုက်ပေါ်ထွက်လာသည်။

အခန်းသုံးအတွင်းရှိ နံရံနှင့်တွဲထားသော သံကြိုးကြီးများ နှင့် အသက်ငါးဆယ်အရွယ်လူကြီးတစ်ယောက်၏ ခြေလက်များကို ပ်နှောင်ထားသည်။

လူကြီး၏မျက်နှာတွင် မျက်ကွင်းများ ကျနေပြီး ပါးနှစ်ဖက် ည်း ချိုင့်ဝင်နေသည်။

ဒဏ်ရာဒဏ်ရာချက်များဖြင့်လည်း ညိုမည်းနေသည်။

သူ၏ရှေ့ဝဲယာ တစ်ဘက်တစ်ချက်စီတွင် ဝတ်စုံနက်ဝတ် ထားသော အသက်လေးဆယ်ရွယ် လူကြီးတစ်ယောက်နှင့်အသက် း ဆယ်ရွယ် လူတစ်ယောက်တို့ ရပ်နေကြသည်။

နှစ်ဦးစလုံး ခန္ဓာကိုယ် တုတ်ခိုင်သန်မာသူများ ဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှင့် မလှမ်းမကမ်း အခန်းထောင့်တွင် အညိုရော
ဝတ်စုံဝတ်ဆင်ထားသူ လူနှစ်ယောက်က အသက်နှစ်ဆယ်ရွယ်ခန့်
မိန်းမချောကလေးတစ်ယောက်ကို ချုပ်ကိုင်ထားကြသည်။

မိန်းမချောကလေးမှာ ရုပ်ရည်သာမက ခန္ဓာကိုယ်အချိုး
စားပါ ပြေပြစ်သူ ဖြစ်၏။

သူမသည် သံကြိုးဖြင့် တုပ်နှောင်ခြင်းခံထားရသောလူကြီး
ကိုသာ ကြည့်၍ မချိတင်ကဲ ငိုယိုလျက် ရှိနေသည်။

"ဖေဖေ့ကို မနှိပ်စက်ကြပါနဲ့ရှင်၊ မနှိပ်စက်ကြပါနဲ့၊ ကျွန်
တောင်းပန်ပါတယ်"

ချုပ်နှောင်ခြင်းခံထားရသော လူကြီး၏ဝဲဘက်တွင် ရပ်
သော အသက်လေးဆယ်ရွယ်ခန့်ရှိလူကြီးက မိန်းကလေးကိုမဲ့ရွဲ့
ကြည့်လိုက်ပြီး တံတွေးတစ်ချက် ထွီကနဲ ထွေးလိုက်သည်။

ပြီးမှ ခက်ထန်တင်းမာသော လေသံဖြင့် မိန်းမချောက
ကို ပြောသည်။

"ယီးယီး တို့က နင့်အဖေကို နှိပ်စက်ရုံတင်မကဘူး၊ တ
တည်း သတ်ပစ်ဖို့တောင် ကောင်းနေပြီ၊ တို့အဖွဲ့မှာ သစ္စာဖောက်
လူကို ဘယ်လိုနှိပ်စက်ညှဉ်းပန်းပြီး သတ်ပစ်တယ်ဆိုတာ နင့်အ
ကိုယ်တိုင် ကောင်းကောင်းကြီး သိထားတယ်၊ ဒီလိုသစ္စာဖောက်
လူတွေကို သူကိုယ်တိုင် ညှဉ်းပန်းနှိပ်စက်ပြီး သတ်ပစ်ခဲ့ဖူးတ
အခုတော့ နင့်အဖေကိုယ်တိုင် တို့အဖွဲ့ကို သစ္စာဖောက်ဖို့ ကြိုး
တယ်၊ ဒီတော့ တို့က ညာတာထောက်ထားနေလို့ ဘယ်ဖြစ်ပါ
ထုံးစံအတိုင်း လုပ်ကြရမှာပဲ"

နှိပ်စက်ခြင်းခံထားရသော လူကြီးသည် ဝတ်စုံနက်



ထားသည့်သူကို ရွံ့ရှာမုန်းတီးသည့်အကြည့်ဖြင့် ကြည့်လိုက်ပြီး အား
ယူ၍ ပြောဆိုသည်။

"ဟော့ကောင် ဖုန်းဖေး၊ ဒီအဖွဲ့မှာ ငါဟာ ဦးစီးဦးဆောင်လုပ်
လာတဲ့ ကောင်ပါကွ၊ ငါ ဦးစီးခဲ့တဲ့ ဒီအဖွဲ့အပေါ် ဘယ်တုန်းကမှ ငါ
သစ္စာမဖောက်ခဲ့ဘူး၊ ငါ့သမီးလေးတစ်သက်မှာ မင်းတို့နဲ့ အတူတူ
လက်တွဲခဲ့တာပဲ မဟုတ်လား၊ အခု ငါ့သမီးလေး အရွယ်ရောက်လာ
လို့ သမီးရဲ့ရှေ့ရေးကို ငဲ့ကွက်ပြီး မကောင်းတဲ့အလုပ်တွေကို ငါ မလုပ်
ချင်တော့ဘူး၊ ကောင်းရောင်းကောင်းဝယ်ပဲ လုပ်ကိုင်စားပြီး ငါတို့
သားအဖ အေးအေးဆေးဆေးပဲ နေချင်တယ်၊ ဒါကြောင့် ဒီအဖွဲ့ကို
ဖျက်သိမ်းပြီး တို့တတွေ လူကောင်းသူကောင်းဘဝနဲ့ နေကြရအောင်
လို့ မင်းတို့ကို ငါ ဖျောင်းဖျခဲ့တယ်၊ မင်းတို့က ဆက်မိုက်ချင်တဲ့ကောင်
တွေဆိုတော့ ငါ့စကားကို နားမဝင်ကြဘူး"

အစာငတ်ရေငတ် နေခဲ့ရသည့်ပြင် ချုပ်နှောင်နှိပ်စက်ခြင်းခံ
ထားရသဖြင့် သူသည် လွန်စွာ အားနည်းနေသည်။

ထို့ကြောင့် ဤမျှ စကားပြောလိုက်ရသည်ကိုပင် မောဟိုက်
နေသည်။

သူသည် ခဏမျှ စကားရပ်၍ အမောဖြေလိုက်ပြီးမှ ဆက်
ပြောသည်။

"ငါကတော့ ငါ့သမီးရဲ့ဘဝရှေ့ရေးကိုငဲ့ကွက်ပြီး ရှေ့ဆက်မ
မိုက်နိုင်တော့ဘူး၊ မင်းတို့ကိုလဲ ဖျောင်းဖျလို့မရတော့ မင်းတို့အဖွဲ့က
တို့သားအဖ ခွဲထွက်ဖို့ကြိုးစားတယ်၊ ဒါဟာ မင်းတို့အဖွဲ့ကို သစ္စာ
ဖောက်တာလား၊ အဖွဲ့နစ်နာအောင် ဘာများလုပ်ခဲ့လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံနက်ဝတ်ထားသော ဖုန်းဖေးဆိုသူက လက်ကာလိုက်ပြီး.....

"တော်စမ်းဗျာ... ခင်ဗျားသာ အပြင်လူဖြစ်သွားရင် ကျုပ်တို့ အဖွဲ့ရဲ့ လျှို့ဝှက်ချက်တွေကိုသိတဲ့ ခင်ဗျားက လူတကာကိုဖွင့်ပြောရင် ကျုပ်တို့အတွက် အခြေအနေ ဆိုးဆိုးရွားရွား ဖြစ်ကုန်ကြမှာပေါ့"

"မင်းတို့အဖွဲ့ကို ငါက စိတ်နာပြီး ရန်ငြိုးထားပြီး မင်းတို့နဲ့ ခွဲထွက်သွားတာမျိုးမှ မဟုတ်ဘဲ ဖုန်းဖေး၊ ဒီအလုပ်တွေကို ငါ မလုပ်ချင်တော့လို့ မင်းတို့အဖွဲ့က တို့သားအဖ ထွက်သွားကြမှာပဲ၊ ဘာဖြစ်လို့ ငါက မင်းတို့အဖွဲ့အကြောင်း လူတကာ လျှောက်ပြောနေရမှာလဲ"

"အိုဗျာ... ကျုပ်တို့ ယုံကိုမယုံနိုင်ဘူး"

"ဒါတော့ ငါလဲ မတတ်နိုင်ဘူး ဖုန်းဖေး"

"ကျုပ်ကတော့ တတ်နိုင်ပါတယ်"

"ဗုန်း....."

"အင့်...."

"ဖြန်း...."

"အ...."

"ရမ်လိုက်... လူတစ်ယောက်ကို ကြိုးတုပ်ပြီးမှ နှိပ်စက်တာ သတ္တိရှိတဲ့အပြုအမူမျိုး မဟုတ်ပါဘူး၊ သတ္တိရှိရင် ကျွန်မနဲ့ဘယ်သူမဆို တစ်ယောက်ချင်း ယှဉ်ပြိုင်နိုင်တယ်"

ဖုန်းဖေးက အားပါးတရ ရယ်မောလိုက်ပြီး....

"ဟား... ဟား... ဟား... ဟား၊ ယီးယီး မင်းရဲ့သတ္တိ၊ မင်းရဲ့ သိုင်းပညာ ဘယ်လောက်အထိ တတ်တယ်ဆိုတာ တို့ သိပါတယ်၊ မင်းဟာ အသက်ငယ်ပေမယ့် တို့ထက် သိုင်းပညာထက်မြက်တယ်၊ ဒီတော့ မင်းနဲ့တစ်ဦးချင်းတော့ မယှဉ်ပြိုင်ပါရစေနဲ့"



မိန်းမချောကလေး၏နာမည်မှာ ပိုင်ယီးယီး ဖြစ်လေသည်။

သူမ၏ဖခင် ပိုင်ကျန်းသည် သူမကို မမွေးဖွားခင်ကတည်းက ကြောင်နက်အဖွဲ့တွင် အဖွဲ့ဝင်တစ်ယောက်ဖြစ်ခဲ့သည်။

ပိုင်ယီးယီး၏မိခင်ကို အစမှခေါ်ဆောင်လာပြီး ပေါင်းသင်းနေထိုင်ခဲ့သည်။

ကျောက်လိုဏ်ဂူကြီးမှာပင် ပိုင်ယီးယီးကို မွေးသည်။

ပိုင်ယီးယီးကို မွေးပြီး လေးနှစ်ခန့်အကြာတွင် မိခင်ဖြစ်သူ သေဆုံးသွားသည်။

ပိုင်ယီးယီး ခုနစ်နှစ်သမီးအရွယ်တွင် ဖခင်ဖြစ်သူ ပိုင်ကျန်းသည် ကြောင်နက်အဖွဲ့တွင် ဦးစီးခေါင်းဆောင်ဖြစ်လာခဲ့သည်။

ပိုင်ကျန်းသည် သူသာ ဒုစရိုက်လုပ်ငန်းများကို လုပ်နေသော်လည်း သမီး ဖြစ်သူကို မဟုတ်မမှန်တာဆို၍ တစ်ခုတလေမှ မလုပ်နိုင်းခဲ့ချေ။

ပိုင်ယီးယီး ကိုးနှစ်သမီးအရွယ်ခန့်တွင် ဖခင်ဖြစ်သူ ပိုင်ကျန်းသည် သမီးဖြစ်သူကို သူနှင့်ထားရန် မသင့်တော်မှန်း စဉ်းစားလာမိသည်။

ထို့ကြောင့် ယုံကြည်စိတ်ချရသော မန်းစန်းတောင်တွင် နေသည့် သူ့မိတ်ဆွေ မိုးကြိုးသိုင်းသမားကြီး လီခုံးချိုထံသို့ သမီးဖြစ်သူကို ပို့လိုက်ကာ ထက်မြက်သောသိုင်းပညာရပ်များကို သင်ယူစေလေသည်။

ပိုင်ကျန်းနှင့် မိုးကြိုးသိုင်းသမားကြီး လီခုံးချိုတို့သည် ညီအစ်

www.burmeseclassic.com



ကိုရင်းတမျှ ခင်မင်သော မိတ်ဆွေများ ဖြစ်ကြ၏။

သို့သော် မိုးကြိုး သိုင်းသမားကြီး လီခုံးချီသည် မဟုတ်မမှန်တာကိုလုပ်တတ်သူမဟုတ်ဘဲ အမှန်တရားကိုသာ လိုလားသူဖြစ်လေသည်။

မိတ်ဆွေဖြစ်သူ ပိုင်ကျန်း လမ်းမှား လမ်းလွဲကိုရောက်နေကြောင်းသိသဖြင့် သတိပေးစကားပြောခဲ့သော်လည်း ထိုစဉ်က ပိုင်ကျန်းသည် နားဝင်ခဲ့ခြင်းမရှိချေ။

ထို့ကြောင့် မိုးကြိုးသိုင်းသမားကြီး လီခုံးချီသည် ဘာမှမပြောတော့ဘဲ နှုတ်ဆိတ်၍သာ နေခဲ့သည်။

ပိုင်ကျန်းက သမီးဖြစ်သူက ပိုင်ယီးယီးကို သိုင်းပညာသင်ကြားပေးရန် လာရောက်အပ်နှံသောအခါ မိုးကြိုးသိုင်းသမားကြီး လီခုံးချီသည် ဝမ်းမြောက်ဝမ်းသာ လက်ခံခဲ့သည်။

ဤသမီးကလေးကြောင့် မိတ်ဆွေဖြစ်သူ ပိုင်ကျန်း အကျတ်တရားရလိမ့်မည်ဟုလည်း တွက်ဆာမိသည်။

သူသည် ပိုင်ယီးယီးကို ထက်မြက်သောသိုင်းပညာရပ်များသင်ကြားပေးခဲ့သည်။

လိမ္မာရေးခြားရှိရန်လည်း နေ့စဉ်နှင့်အမျှ ဆုံးမသွန်သင်ခဲ့သည်။

ပိုင်ယီးယီးသည် မိုးကြိုးသိုင်းသမားကြီး လီခုံးချီထံတွင် ဆယ်နှစ်ဆယ်မိုး ပညာသင်ကြားပြီး ဆယ့်ကိုးနှစ်အရွယ်သို့ရောက်သောအခါ ထက်မြက်သော သိုင်းပညာရပ်များကို တတ်မြောက်ခဲ့သည်။

လိမ္မာရေးခြားလည်း ရှိလာသည်။ မဟုတ်မခံလည်း ရှိလာ



သည်။

ပိုင်ယီးယီးသည် လူဆိုးများ နေထိုင်သော လိုဏ်ဂူကြီးကို ပြန်မလာလိုသော်လည်း ဖခင်ကြီးရှိနေသဖြင့် ပြန်လာခဲ့ရသည်။

လိုဏ်ဂူကြီးကို သူမ ပြန်ရောက်စက ချောမောလှပ၍ ခန္ဓာကိုယ်အချိုးအစားပြေပြစ်သော သူမကိုအဖွဲ့ဝင်အချို့က နိုင့်ထက်စီးနင်းလုပ်ရန် အကဲစမ်းကြသေးသည်။

သို့သော် သူမ၏ထက်မြက်သော သိုင်းပညာကို မည်သူမှ မယှဉ်နိုင်ကြဘဲ နောက်ဆုတ်သွားကြရသည်သာ ဖြစ်၏။

နောက်တော့ သူမနားသို့ မည်သူမှ မကပ်ရဲကြတော့ချေ။

လိုဏ်ဂူသို့ သူမရောက်ချိန်တွင် ဖခင်ဖြစ်သူ ပိုင်ကျန်းကို ခေါင်းဆောင်အဖြစ်မှ ဖြုတ်ချပြီး ခေါင်းဆောင်လုပ်လိုသူများ ရှိကြသည်။

ထိုအထဲတွင် ဖုန်းဖေးက ရှေ့ဆုံးမှ ပါဝင်နေသည်။

အဖေ့ထက် လက်စောင်းထက်သော သမီးဖြစ်သူ ပိုင်ယီးယီး ရောက်လာသောအခါ ပိုင်ကျန်းသည် သမီးဖြစ်သူကို အားကိုးလာရသည်။

မည်သူမှလည်း ပိုင်ကျန်းကို ဖယ်ရှား၍ ခေါင်းဆောင်လုပ်ရန် မကြိုးစား မကြံစည်ရဲကြတော့ချေ။

ထိုအချိန်တွင် ပိုင်ကျန်းမှာလည်း ပိုင်ယီးယီး၏နားချမှုကြောင့် နောင်တရစပြုလာသည်။

နောက်ဆုံး ဒုစရိုက်လုပ်ငန်းများကို စွန့်လွှတ်၍ သမီးဖြစ်သူနှင့် တစ်နေရာရာတွင် အေးအေးလူလူ ကောင်းရောင်းကောင်းဝယ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်စားရန် ပိုင်ကျန်းဆုံးဖြတ်ချက် ချလိုက်သည်။

ပိုင်ကျန်းသည် ပထမ သူ့အဖွဲ့သားများကိုစည်းရုံး နားချခဲ့သေးသည်။ မည်သူ့ကိုမှ သူ စည်းရုံးနားချ၍ မရချေ။

ထို့ကြောင့် သားအဖနှစ်ယောက် တိတ်တဆိတ် ထွက်ပြေးရန် ကြံစည်သည်။

သို့သော် ဖုန်းဖေးတို့လူစု အချိန်မီ သိသွားပြီး ပိုင်ကျန်းကို ဖမ်းဆီးထားလိုက်နိုင်ကြသည်။

ဖုန်းဖေးတို့လက်ထဲ ဖခင်ဖြစ်သူ ရောက်နေသောအခါ ပိုင်ယီးယီးသည် ဖခင်ဖြစ်သူကိုငဲ့ညှာ၍ မာန်လျှော့လိုက်ရ၏။

ဖုန်းဖေးတို့လူစုကို မတိုက်ခိုက်ရဲချေ။

သူမက စတင်တိုက်ခိုက်သည်နှင့် ဖုန်းဖေးတို့လူစုက ဖခင်ဖြစ်သူ ပိုင်ကျန်းကို သတ်လိုက်ကြမည်ဖြစ်ကြောင်း သိသောကြောင့်ပင်။

အဖေတစ်ခု သမီးတစ်ခုမို့ သူမသည် ဖခင်ကြီးကို လွန်စွာချစ်ခင်သည်။

ဖခင်ကြီး ညှဉ်းပန်းနှိပ်စက်ခြင်း ခံနေရသည်ကို သူမ မကြည့်ရက်ပါချေ။

ဖခင်ကြီး လွတ်မြောက်ရန် လမ်းစကိုလည်း သူမသည် စဉ်းစား၍ မရအောင် ဖြစ်နေမိလေသည်။



## အခန်း(၄)

## လှုပ်ရှားနေသောသူ

လောလောဆယ် အခြေအနေတွင် ပိုင်ယီးယီးသည် ဖခင်ဖြစ်သူအတွက် ငိုကြွေးသောကရောက်ရုံမှလွဲပြီး ဘာကိုမှမတတ်နိုင်ပါချေ။

ဝတ်ရုံညိုနှစ်ယောက် ချုပ်နှောင်ထားသောလက်မှ သူမအနေနှင့်အလွယ်တကူ ရုန်းထွက်နိုင်ပါသည်။

သို့သော် ထိုသို့ရုန်းထွက်ပြီး ဖခင်ကြီးရှိရာသို့ သူမ မရောက်ခင် ဖခင်ကြီး အသက်သေဆုံး သွားနိုင်လေသည်။

ဖခင်ကြီးအနီးတွင် ရပ်နေသော ဝတ်စုံနက်တစ်ဦး၏လက်ထဲတွင် ဓားမြှောင်ရှည်တစ်လက်ကို ကိုင်ထားသည်။

ထိုဓားမြှောင် ရှည်က ဖခင်ကြီး၏လည်ပင်းကို တစ်ထွာခန့်အကွာအဝေးမှ ချိန်ရွယ် ထားသည်။

သူမသာ လှုပ်ရှားလိုက်သည်နှင့် ဓားမြှောင်သွားတစ်ခုလုံးက ဖခင်ဖြစ်သူ ပိုင်ကျန်း၏လည်ပင်းထဲကို စိုက်ဝင်သွားပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူမသည် ဝတ်စုံညိုနှစ်ယောက် ချုပ်ကိုင်ထားသည့်လက်မှ ရုန်းမထွက်ရဲဘဲ ဖုန်းဖေးကိုသာ ငိုယိုတောင်းပန်ရခြင်းဖြစ်၏။

ယခုအခါ ဖုန်းဖေးသည် ကြောင်နက်အဖွဲ့တွင် အလိုအလျောက် ခေါင်းဆောင်ဖြစ်သွားလေသည်။

ဖုန်းဖေး၏အမိန့်ကို အဖွဲ့ဝင်အားလုံးက လိုက်နာကြရသည်။

"ကျွန်မတို့သားအဖ ဒီကနေ အေးအေးဆေးဆေး ထွက်သွားပါရစေ ဦးကြီးဖုန်းဖေး၊ ဦးကြီးဖုန်းဖေးတို့ အဖွဲ့ကို ဘယ်တော့မှ အနှောင့်အယှက်မပေးပါဘူး၊ ကျွန်မတို့ရဲ့ခေါင်းထဲမှာ ဦးကြီးဖုန်းဖေးတို့အဖွဲ့ကို လုံးလုံးကြီး မေ့လိုက်ကြမှာပါ။ ဒါကို ကျွန်မ ရဲရဲကြီး ကတိပေးပါတယ်"

ပိုင်ယီးယီးက ငိုယိုတောင်းပန်ပြန်သည်။

ဖုန်းဖေးက ဖြည်းလေးစွာ ခေါင်းကိုခါယမ်း၍....

"မဖြစ်ဘူး ယီးယီး မဖြစ်ဘူး၊ မင်းတို့ သားအဖကို ဘယ်လိုနည်းနဲ့မှ တို့မယုံနိုင်ဘူး၊ အေး... မင်းတို့သားအဖကို လွှတ်ပေးလိုက်ရင် တို့ရဲ့အဖွဲ့ ဒီမှာ စခန်းမချရဲတော့ဘူး၊ ဒါမှမဟုတ်လဲ တို့တွေအဖွဲ့ကိုဖျက်ပြီး လူစုခွဲလိုက်ကြတော့မှ ဖြစ်မယ်၊ ဒါမှ တို့အတွက် အန္တရာယ်မရှိနိုင်တော့ဘူး"

"ဒါဆိုလဲ ဦးကြီးဖုန်းဖေးတို့လဲ ဒီအဖွဲ့ကိုဖျက် လူစုခွဲပြီး ကောင်းရောင်းကောင်းဝယ်ပဲ လုပ်ကိုင်စားကြပါလား"

"တို့အဖွဲ့မှာ အခု မင်းအဖေကို ဖယ်လိုက်ရင် ခုနစ်ယောက်တိတိ ရှိသေးတယ်၊ မင်းတို့သားအဖက အစ တို့လူခုနစ်ယောက်စလုံး



မှာ ဘယ်သူမှ အေးအေးဆေးဆေး ထိုင်စားနိုင်လောက်အောင် စုမိဆောင်းမိတဲ့သူမရှိသေးဘူးဆိုတာ မင်းအသိ"

"ဒါကို ကျွန်မ သိသားပဲ"

"အေး... တို့က ဒီအလုပ်တွေကို မလုပ်တော့ဘဲ အေးအေးဆေးဆေး နေတော့မယ်ဆိုရင်လဲ တခြားဘာအလုပ်မှမလုပ်ဘဲ တစ်သက်လုံး ထိုင်စားသွားရမယ့် ဘဝမျိုးကိုပဲ လိုချင်ကြတယ်"

"ဒါတော့ ဘယ်ဖြစ်ပါ့မလဲ ဦးကြီးဖုန်းဖေး"

ဖုန်းဖေးက ချုပ်နှောင်ခံထားရသော ပိုင်ကျုန်းကို တစ်ချက်ကြည့်လိုက်ပြီးမှ ပိုင်ယီးယီးကိုကြည့်ကာ လေးလေးနက်နက် ပြန်မေးသည်။

"မင်းကို ငါမေးမယ် ယီးယီး"

"မေးပါ"

"မင်းဖေဖေကို အချုပ်အနှောင်က တကယ်ပဲ လွှတ်စေချင်သလား၊ မင်းတို့သားအဖနှစ်ယောက်စလုံးကို တို့က အနှောင့်အယှက်မပေးဘဲ လွှတ်လိုက်စေချင်သလား"

"မေးနေစရာ လိုသေးသလား ဦးကြီးဖုန်းဖေး"

"ဒါဆို ငါခိုင်းတဲ့ အလုပ်တစ်ခုကို အောင်မြင်အောင် အစအဆုံး မင်း လုပ်ပေးရလိမ့်မယ်၊ အောင်မြင်ရင် မင်းတို့သားအဖကို တို့တွေ အနှောင့်အယှက်မပေးတော့ဘူး"

"ကျွန်မ ဘာလုပ်ပေးရမှာလဲ"

"ငါ့နောက်ကိုလိုက်ခဲ့ ယီးယီး၊ မင်း သဘောပေါက်နားလည်အောင် ငါ ပြောပြပါ့မယ်"

ထိုစဉ် သတိရတစ်ချက် မရတစ်ချက်ဖြစ်နေသော ပိုင်ကျုန်း

www.burmeseclassic.com

www.burmeseclassic.com



က ဝင်အော်ပြောသည်။

"ဒီကောင့်နောက်ကို မလိုက်နဲ့သမီး၊ ဒီကောင်တွေနဲ့ ဘာ ညှိနှိုင်းနေစရာ မလိုဘူး၊ ဖေဖေ့အတွက် ဘာမှမငဲ့နဲ့၊ သမီးသာ ကိုယ် လွတ်ရုန်းပြီး ပြေး"

တကယ်တန်းဆိုလျှင် ပိုင်ယီးယီးအနေနှင့်ဖုန်းဖေးတို့လူ ကို တိုက်ခိုက်၍ ကိုယ်လွတ်ရုန်းပြေးမည်ဆိုလျှင် လွတ်မြောက်နိုင် သည်။

သို့သော် သူမသည် ဖုန်းဖေးတို့လူစု၏ လက်ထဲတွင် ဖခင် ကြီးကို ထားမပစ်ခဲ့ရက်ချေ။

ဖုန်းဖေးတို့လူစုသည် ဖခင်ကြီးသည် သေသည်အထိ တ ဖြည်းဖြည်း ညှဉ်းပန်းနှိပ်စက်ကြလိမ့်မည်ဖြစ်ကြောင်း သူမ ကောင်း ကောင်းကြီး သိထားသောကြောင့်ဖြစ်၏။

သူမအတွက် စိုးရိမ်နေသော ဖခင်ဖြစ်သူကို ပိုင်ယီးယီး သည် လှမ်း၍ အားပေးစကား ပြောလိုက်၏။

"သမီးအတွက် ဘာမှမစိုးရိမ်ပါနဲ့ဖေဖေ၊ မတရားတဲ့အလုပ် မျိုးကို သမီးမလုပ်တတ်ဘူးဆိုတာ ဖေဖေ သိပါတယ်၊ သမီးကိုလဲ ဘယ်သူမှ မစော်ကားရဲပါဘူး၊ ဦးကြီးဖုန်းဖေးနဲ့ သမီး စကားပြော ကြည့်လိုက်ပါဦးမယ်"

"ဟား... ဟား... ဟား၊ ယီးယီး မင်းဟာ မင်းအဖေထက် တောင် လိမ္မာပါးနပ်တဲ့ မိန်းကလေးပါပဲ၊ ကဲ... လာလာ၊ အခန်းတစ် ကို သွားကြရအောင်၊ တစ်ခုတော့ ရှိတယ်နော်၊ ငါ့လူသုံးယောက်က မင်း အဖေနားမှာ ကျန်နေခဲ့မှာ၊ မင်းမဟုတ်မဟုတ် ကြံစည်ရင်တော့ အလျှင်ဆုံး မင်းအဖေ သေသွားမယ်ဆိုတာတော့ မမေ့မထားပါနဲ့"



"ကျွန်မ နားလည်ပါတယ်"

"ကဲဟေ့... ယီးယီးကို လွှတ်ပေးလိုက်၊ မင်းတို့သုံးယောက် မှာ စောင့်ကျန်နေခဲ့ကြ၊ အပြင်ဘက်က ရုတ်ရုတ်သဲသဲ အသံကြားရ င် ဒီလူကြီးကို သတ်ပစ်လိုက်ကြ"

ယီးယီးကို ဖမ်းချုပ်ထားသောဝတ်ရုံညိုနှစ်ယောက်က တ်ပေးလိုက်ကြသည်။

ချက်ချင်းပင် ဝတ်ရုံညိုနှစ်ယောက်သည် ပိုင်ကျန်းအနီးတွင် ားရပ်နေလိုက်ကြသည်။

ပိုင်ယီးယီးသည် ဖခင်ကြီးကို တစ်ချက်ကြည့်ပြီး ယင်းအ န်းထဲမှ ထွက်ခဲ့သည်။

သူမနောက်မှ ဖုန်းဖေးသည် လိုက်ပါလာသည်။

လိုဏ်ဂူနံပါတ်တစ်မှာ ကျယ်ဝန်းလှသည်။ ကျောက်စားပွဲ ကြီးနှင့် ကျောက်ထိုင်ခုံများလည်း ရှိသည်။

ဂူထောင့်ရှိ မီးဖိုကြီးတွင် အဖွဲ့ဝင်သုံးယောက်တို့က ညစာ တွက် ချက်ပြုတ်နေကြသည်။

ပိုင်ယီးယီးနှင့်ဖုန်းဖေးတို့သည် ကျောက်ခုံတစ်လုံးစီတွင် က်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။

ယခုအခါ ဖုန်းဖေး၏မျက်နှာမှာ "တည်ငြိမ်လေးနက်မှုအ ပ်င်ကို ဆောင်နေသည်။

သူသည် ချက်ချင်း စကားမစသေးဘဲ တစ်စုံတစ်ခုကို လေး လေးနက်နက် စဉ်းစားခန်းဝင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ယီးယီးက ဖုန်းဖေး၏စကားကို နားစွင့်နေသည်။

အတန်ကြာမှ ဖုန်းဖေးက ပိုင်ယီးယီး၏မျက်နှာကို စေ့ကြည့်လိုက်ပြီး စကားစတင်ဆိုလေသည်။

"တို့တွေအတွက် ငွေကြေး ဖူဖူလုံလုံရမယ့် နည်းလမ်းတစ်ခုကို ငါ တွေ့ထားတယ် ယီးယီး၊ အဓိက မင်းက ပါဝင်လှုပ်ရှားမယ်ဆိုရင်တော့ အောင်မြင်နိုင်မယ့်နည်းလမ်းပဲ"

"ဘာလဲ... ကျွန်မ လုယက်တိုက်ခိုက်တဲ့ အလုပ်မျိုး လုပ်ရမှာလား၊ ဒါမျိုးဆိုရင်တော့ ကျွန်မ မလုပ်နိုင်ဘူး"

"မင်းအဖေအတွက် ငွဲပြီး နောက်ဆုံး လုယက်တိုက်ခိုက်တဲ့ အလုပ်မျိုးကိုတောင် မင်း လုပ်သင့်ရင် လုပ်ရမှာပဲ ယီးယီး၊ ဒါပေမယ့် မင်းကို အခု ငါလုပ်ခိုင်းမယ့်အလုပ်ဟာ လုယက်တိုက်ခိုက်ရမယ့်အလုပ်မျိုး မဟုတ်ပါဘူး၊ အေး... ရေရှည်တော့ လုပ်ရမယ်၊ စိတ်ရှည်ရှည်တော့ ထားရလိမ့်မယ်၊ နည်းနည်းတော့ စွန့်စားရမယ်"

ဖုန်းဖေး၏စကားကို ပိုင်ယီးယီး လုံးလုံးသဘောမပေါက်ချေ။

သူမသည် မျက်မှောင်ကြုတ်လိုက်ပြီး....

"ဘာအလုပ်လဲ ကျွန်မကို ရှင်းရှင်းပြောစမ်းပါ"

"ငွေဗျိုင်းဖြူဂိုဏ်းကို မင်း သိလား"

"မသိဘူး၊ ကြားလဲ မကြားဘူး၊ ကျွန်မရဲ့ဆရာ ပြောပြထားလို့ ရှောင်လင်ဂိုဏ်းတော်ကြီးနဲ့ဟူတန်းတို့လို ထိပ်တန်းဂိုဏ်းကြီးတွေအကြောင်းတော့ သိထားတယ်"



"ထားပါတော့လေ... မင်းအနေနဲ့ ငွေဗျိုင်းဖြူဂိုဏ်းအကြောင်းကို မသိလဲ အကြောင်းမဟုတ်ပါဘူး၊ ဒါပေမယ့် ငွေဗျိုင်းဖြူစံအိမ်အကြောင်းကို သိထားဖို့တော့ လိုတယ်၊ ငါပြောတာ သေသေချာချာနားထောင် ယီးယီး"

"ပြောသာ ပြောပါ"

"ရဲယန်းမြို့စွန်မှာ ကြီးကျယ်ခမ်းနားတဲ့ ငွေဗျိုင်းဖြူလို့နာမည်ပေးထားတဲ့ စံအိမ်ကြီးတစ်အိမ်ရှိတယ် ယီးယီး၊ ငွေဗျိုင်းဖြူစံအိမ်ကြီးကို ပိုင်ဆိုင်လာကြတဲ့ ချန်မျိုးနွယ် အစဉ်အဆက်ဟာလဲ သိပ်ပြီးချမ်းသာကြွယ်ဝကြတဲ့သူတွေပေါ့၊ အခု နောက်ဆုံး ချန်မျိုးနွယ်မှာ ချန်ဂူးဝမ်းဆိုတဲ့ ကောင်လေးတစ်ယောက်ကလွဲပြီး ဘယ်သူမှမကျန်တော့ဘူး၊ ချန်ဂူးဝမ်းဟာ မင်းထက် တစ်နှစ်ကျော် နှစ်နှစ်လောက်ငယ်လိမ့်မယ်၊ ချန်ဂူးဝမ်းရဲ့အဖေ ချန်စီးလင်းဟာ လွန်ခဲ့တဲ့ ရှစ်နှစ်လောက်က ဆုံးသွားတယ်၊ ဒီတုန်းက ချန်ဂူးဝမ်း ဆယ်နှစ်သားလောက်ပဲ ရှိဦးမယ်"

"နေပါဦး ဦးကြီးဖုန်းဖေး၊ ငွေဗျိုင်းဖြူစံအိမ်က ချန်မျိုးနွယ်နဲ့ ကျွန်မနဲ့ ဘာဆိုင်လို့လဲ"

"ငါ့စကားကိုသာ နားထောင်ပါဦးလေ၊ ဆိုင်မဆိုင် မင်း နားလည်လာပါလိမ့်မယ်"

ပိုင်ယီးယီး ဘာမှမပြောတော့ဘဲ ငြိမ်နေလိုက်သည်။ ဖုန်းဖေးက ဆက်လက်ပြောဆိုသည်။

"အဲ... ချန်စီးလင်း ကွယ်လွန်ခါနီးတုန်းက သားဖြစ်တဲ့ချန်ဂူး

www.burmeseclassic.com



ဝမ်းဟာ အသက်ငယ်သေးလို့ သူ့ရဲ့လူယုံတော်လဲဖြစ်၊ ငွေဖျိုင်းဖြူ ဂိုဏ်းရဲ့ ဒုတိယဂိုဏ်းချုပ်လဲ ဖြစ်တဲ့ လင်ချမ်းကျူးကို ချန်စီးလင်းဟာ သူ့သားချန်ဂူးဝမ်းကို စောင့်ရှောက်ထိန်းသိမ်းဖို့ အပ်သွားတယ်၊ အဲ အဲဒီတုန်းက ချန်စီးလင်းဟာ ငွေဖျိုင်းဖြူဂိုဏ်းရဲ့ဂိုဏ်းချုပ်ကြီးပဲ၊ မင်း လုပ်ဆောင်ရမယ့်အပိုင်းမှာ ငွေဖျိုင်းဖြူဂိုဏ်းနဲ့မပတ်သက်လေတော့ ဒီဂိုဏ်းအကြောင်းကို မပြောတော့ဘူး၊ မင်းလဲ သိထားစရာ မလို ဘူး၊ မင်း သိထားရမှာက ချန်ဂူးဝမ်းရဲ့အကြောင်းပဲ”

ဖုန်းဖေးက စကားဖြတ်လိုက်ပြီးမှ ဆက်ပြောသည်။

“ချန်စီးလင်းဟာ သူ့အသားအတွက် ငွေဖျိုင်းဖြူစံအိမ်ကြီး ဥစ္စာပစ္စည်း အတော်များများထားခဲ့တယ်၊ ဒါကတော့ တို့တွေအနေ မျှော်မှန်းစရာ မလိုဘူး၊ ချန်ဂူးဝမ်း အသက်နှစ်ဆယ်ပြည့်မှ ရမယ် ဟာတွေပါ၊ အဲ... တို့နဲ့ဆိုင်တာကိုပဲ ပြောမယ်၊ ချန်ဂူးဝမ်း ကြိုက်နှ သက်တဲ့ မိန်းကလေးတစ်ယောက်ကို တွေ့မယ်ဆိုရင် ဘယ်သူပဲဖြ ဖြစ် သူ့ကိုထိန်းသိမ်းစောင့်ရှောက်တဲ့ လင်ချမ်းကျူးက လက်ထပ်ပေ စားရမယ်၊ ချန်ဂူးဝမ်းကလဲ သတို့သမီးဝတ်ဖို့ သိပ်ပြီး အဖိုးတန် လက်ဝတ်ရတနာတွေကို ရထားခဲ့တယ်၊ အဲဒီလက်ဝတ်ရတနာတွေ လိုချင်တယ်၊ မင်းက ရအောင် ယူပေးရလိမ့်မယ် ယီးယီး”

ပိုင်ယီးယီးသည် ဖုန်းဖေးကို မျက်လုံးအပြူးသားဖြင့် ကြ လိုက်ပြီး....

“ဟင်... ကျွန်မက ဒီလက်ဝတ်ရတနာတွေကို ဘယ်လို ပေးရမှာလဲ၊ မဖြစ်နိုင်တာပဲ၊ ငွေဖျိုင်းဖြူစံအိမ်ကိုလဲ ကျွန်မ မသိ ချန်ဂူးဝမ်းဆိုတာကိုလဲ ဖြူသလား မည်းသလား မြင်ဖူးတာ မဟု ဘူး”



“ငါပြောတာ နားထောင်စမ်းပါဦးလေ၊ ချန်ဂူးဝမ်းဟာ အခု က်ပိုင်းအတွင်းမှာပဲ ရောင်လင်ကျောင်းတော်ကြီးကို သွားလိမ့်မယ်၊ သွားရမယ့်ကိစ္စကတော့ ရောင်လင်ဂိုဏ်းချုပ် ဆရာတော်ကြီးဆီမှာ အပ်ထားတဲ့ သူတို့မျိုးနွယ်ပိုင်ဆိုင်တဲ့ ရွှင်ရှန်းသိုင်းကျမ်းကို သွားယူမ လို့ပဲ၊ အဲဒီရွှင်ရှန်းသိုင်းကျမ်းကို တန်ဖိုးကြီးကြီးပေးပြီး ဝယ်ချင်တဲ့သူ တွေအများကြီး ရှိနေတယ်၊ မင်းအနေနဲ့ သတို့သမီးအတွက် လက် ဝတ်ရတနာတွေရယ်၊ ရွှင်ရှန်းသိုင်းကျမ်းရယ်ကိုရအောင်ယူပြီး တို့ သက်ကို အပ်ရမယ်၊ ဒါဆို မင်းတို့သားအဖကို ဘာမှဒုက္ခမပေးတော့ ဲ လွှတ်ဖို့ ငါ ကတိပေးတယ်၊ တို့ရဲ့အဖွဲ့ကိုလဲ ဖျက်သိမ်းလိုက်တော့ ယ်”

“နေပါဦး... ချန်ဂူးဝမ်းမှာ ချစ်သူရှိနေလို့လား၊ သူ့ချစ်သူနဲ့ သက်ထပ်တဲ့အခါမှာ ကျွန်မက သတို့သမီးဆီက လက်ဝတ်ရတနာ တွေကို လုပေးရမှာလား”

“မဟုတ်သေးပါဘူးလေ၊ သတို့သမီးဆီက လက်ဝတ်ရတ ာတွေကို လုယက်ရမယ်ဆိုမှတော့ မင်းကို ခိုင်းပါ့မလား၊ တို့ဘာသာ ် လုပ်လို့ရတာပေါ့၊ အခု ဒီနည်းကိုသုံးလို့ မရလို့ မင်းကိုခိုင်းရတာ ပါ၊ ချန်ဂူးဝမ်းမှာ ချစ်သူလဲ မရှိသေးဘူး၊ ဘယ်သူနဲ့ဘယ်အချိန်မှာ က်ထပ်မယ်ဆိုတာလဲ တို့ မသိဘူး”

“ဟင်... ဒါဖြင့် ကျွန်မက ဘယ်လိုလုပ်”

“ငါ့စကားကိုဆုံးအောင် နားထောင်စမ်းပါဦး၊ မင်းလုပ်ရမှာ ို ငါပြောပြမယ်၊ မင်းကို ချန်ဂူးဝမ်းနဲ့တွေ့အောင် ငါဖန်တီးပေးမယ်၊ င်းက သူ့ချစ်သူဖြစ်အောင် ကြိုးစားရမယ်၊ သူနဲ့လက်ထပ်နိုင်အောင် ြိုးစားရမယ်၊ ဒါဆို သတို့သမီးဝတ်မယ့် လက်ဝတ်ရတနာတွေကို

www.burmeseclassic.com

www.burmeseclassic.com



မင်းယူဖို့ ဘယ်မှာခဲယဉ်းတော့မှာလဲ"

ပိုင်ယီးယီး မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ခေါင်းကိုသွက် သွက်ခါယမ်း၍....

"အို... ဘယ်ဖြစ်မလဲ၊ ချန်ဂူးဝမ်းက ဘယ်လိုလူမျိုးမှန်း သိတဲ့နဲ့ ကျွန်မ မချစ်မနှစ်သက်ပဲ ကျွန်မရဲ့ဘဝတစ်ခုလုံးကို မြှုပ်နှံပြီး ဘာဖြစ်လို့ လက်ထပ်ရမှာလဲ"

"နေပါဦး... ချန်ဂူးဝမ်းနဲ့ မင်းကိုလက်ထပ်ဖို့သာ ငါက ပြော တာပါ၊ တကယ်ပေါင်းသင်းစရာ မလိုပါဘူး"

"ဘယ်လို...."

"သူနဲ့လက်ထပ်တဲ့အခမ်းအနား လုပ်ပြီးတာနဲ့ ညဘက်အ ထိ မင်းနေစရာ မလိုဘူး၊ လက်ဝတ်ရတနာတွေနဲ့ ရှင်ရှန်းသိုင်းကျမ်း ကိုယူပြီး ငွေဖျိုင်းဖြူစံအိမ်က မင်း လစ်ထွက်လာခဲ့လို့ရပါတယ်၊ ချန် ဂူးဝမ်းဟာ သိုင်းပညာမတတ်တဲ့အပြင် လူပျော့လူညံ့တစ်ယောက်ဆို တာ ငါသိထားတယ်"

"အို... ဖြစ်နိုင်မယ် မထင်ပါဘူး"

"ဖြစ်အောင်လုပ်ရင် ဖြစ်နိုင်ပါတယ်လေ"

"ဒါပေမယ့် ကျွန်မ မလုပ်ချင်ဘူး"

"အေးလေ...မင်းအဖေ အသေဆိုးနဲ့သေတာ မြင်ချင်ချင် တော့ မလုပ်နဲ့ပေါ့"

ဖုန်းဖေး၏စကားကြောင့် ပိုင်ယီးယီး ငိုင်ကျသွားသည်။

သူမ၏စိတ်အာရုံထဲတွင် ဝေဒနာ မချိမဆန့် ခံစားနေရ သောဖခင်ကြီးကို မြင်ယောင်လာသည်။

သူမ မျက်လုံးအိမ်ထဲမှ မျက်ရည်များ တသွင်သွင် စီးကျ လာသည်။

"တို့တွေဆီမှာ လူတစ်ယောက်ကို လနဲ့ချီပြီး မသေစေသေး ဲ နေ့စဉ်နဲ့အမျှ မချိမဆန့်ဝေဒနာခံစားရအောင် ညှဉ်းပန်းနှိပ်စက်တဲ့ ည်းတွေ အများကြီးရှိနေတယ်ဆိုတာ မင်း အသိဆုံးပါ ယီးယီး၊ မ တ်ချင်စမ်းပါနဲ့"

"တော်ပါတော့ရှင်... တော်ပါတော့"

ပိုင်ယီးယီးသည် ဤအပြောမျိုးကိုပင် မကြားချင်တော့ချေ။

ဖုန်းဖေးသည် သူမကို လိမ်ညာခြိမ်းခြောက်နေခြင်းမဟုတ် ကြောင်း သူမ သိသောကြောင့်ဖြစ်၏။

ဖုန်းဖေးက ခပ်သွဲ့သွဲ့ ပြုံးလိုက်ပြီး....

"ကဲ... ဘယ်လိုလဲ ယီးယီး၊ မင်းရဲ့အဖေကို တို့တွေ စိတ် တိုင်းကျနှိပ်စက်ရမလား၊ ဒါမှမဟုတ် တို့ခိုင်းတဲ့အတိုင်း မင်းလုပ်မ လား၊ မင်းအတွက် ဘယ်လိုမှ အန္တရာယ်မရှိနိုင်တဲ့အလုပ်မျိုးပါ၊ ပြီး တော့ လျှံငွေ သိန်းသုံးဆယ် လေးဆယ်လောက် ချမ်းသာကြွယ်ဝတဲ့ ချန်ဂူးဝမ်းလို လူမျိုးဆီက လျှံငွေ လေးငါးသိန်းလောက်တန်တဲ့ လက် ဝတ်ရတနာတွေနဲ့ ရှင်ရှန်းသိုင်းကျမ်းကို အလိမ္မာနည်းသုံးပြီး ယူလိုက် ရတာတွေဟာ သူ့အတွက် ထိခိုက်လောက်အောင် မဖြစ်နိုင်ပါဘူး ယီးယီး"

ဖခင်ကြီး ပိုင်ကျန်းလွတ်မြောက်ရေးအတွက် ပိုင်ယီးယီး သည် ယတိပြတ် ဆုံးဖြတ်ချက်ကို ချလိုက်လေတော့၏။

"ကောင်းပြီး ဦးကြီးဖုန်းဖေး၊ ကျွန်မတို့သ...အဖေ လွတ် မြောက်ရေးအတွက် ဦးကြီးဖုန်းဖေး ခိုင်းတဲ့အတိုင်း အောင်မြင်အောင် ကျွန်မ ကြိုးစားပြီးလုပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား... ဟား... ဟား... ဟား ဒီလိုလိမ္မာစမ်းပါ ယီးယီး ရယ်"

"ဒါပေမယ့် တစ်ခုတော့ရှိတယ် ဦးကြီးဖုန်းဖေး"

"ဟေ... ဘာများလဲ"

"အခုအချိန်ကစပြီး ကျွန်မဖေဖေကို အစားအသောက် ကောင်းကောင်း ကျွေးမွေးရမယ်၊ ပြီးတော့ လုံးလုံးနှိပ်စက်ညှဉ်းပန်း ခြင်းလဲ မပြုရတော့ဘူး၊ ဒါကိုတော့ ဦးကြီးဖုန်းဖေး ကတိပေးရလိမ့် မယ်"

"စိတ်ချ ယီးယီး၊ ငါ ရဲရဲကြီး ကတိပေးတယ်၊ အဲ... ဒါပေ မယ့် အချုပ်အနှောင်နဲ့တော့ ထားရဦးမယ်နော်၊ ငါခိုင်းတာကို မင်း အောင် မြင်အောင်ဆောင်ရွက်ပြီးမှ မင်းအဖေကို လွှတ်ပေးနိုင်မယ်"

"ကောင်းပြီလေ"

ထိုထက်ပို၍ အခွင့်အရေးတောင်း၍ ရလိမ့်မည် မဟုတ်သ ဖြင့် ဝိုင်ယီးယီးလည်း ဤမျှနှင့်သဘောတူလိုက်ရတော့၏။

"နေပါဦး ဦးကြီးဖုန်းဖေး၊ ငွေဖျိုင်းဖြူစံအိမ်ကြီးနဲ့ ချန်ဂူးဝမ်း ရဲ့အကြောင်းကို ဦးကြီးဖုန်းဖေးက ဘယ်လိုလုပ် ဒီလောက်အထိ အ တွင်းကျကျ သိနေရတာလဲ"

"ငွေဖျိုင်းဖြူစံအိမ်နဲ့နီးစပ်တဲ့ ငါ့လူတစ်ယောက်ဆီက သိရ တာပါ ယီးယီး၊ အဲဒီလူဟာ ဘယ်သူဘယ်ဝါဆိုတာတော့ နင် သိစရာ မလိုဘူး၊ ငါသိထားတဲ့ ဒီအချက်အလက်တွေဟာ အားလုံးမှန်တယ်ဆို တာတော့ ရဲရဲကြီး ငါပြောရဲတယ်"

တကယ်တော့ ငွေဖျိုင်းဖြူစံအိမ်ကြီးနှင့် ချန်ဂူးဝမ်း၏အ ကြောင်းကို ဖုန်းဖေးသည် သူတို့ကဲ့သို့ လူဆိုးလူမိုက်များနှင့် အဆက်



အသွယ်ရှိသော ချုံဂေါင်းမြို့စားကြီး(သို့မဟုတ်)စီးချွမ်းပြည်နယ်၏ ဒုတိယနယ်စားကြီး ချီကုဖိန်းထံမှ သိခဲ့ရခြင်းဖြစ်၏။

အကယ်၍ သူ့လက်ထဲသို့သာ ရွှင်ရှန်းသိုင်းကျမ်း ရောက် လာလျှင် ချီကုဖိန်းက တန်ဖိုးကြီးကြီးပေး၍ ဝယ်ယူရန် အသင့်ရှိနေ လေသည်။

www.burmeseclassic.com



## အခန်း(၅)

## သွေးစွန်းနေသောထားမြှောင်

လုံးလန်စန်းတောင်နှင့် တစ်ရက်ခရီးအကွာအဝေးခန့်တွင် ကျယ်ဝန်းနက်ရှိုင်းသော တောအုပ်ကြီးတစ်အုပ်ရှိလေသည်။

တောလမ်းအတိုင်း ခရီးသည်တစ်စု လာနေကြသည်။

တိတ်ဆိတ်ငြိမ်သက်သော တောအုပ်ကြီးထဲတွင် မြင်းခွာသံများ၊ လှည်းဘီးကြိတ်သံများ ခပ်မှန်မှန် ပေါ်ထွက်နေသည်။

ရှေ့ဆုံးမှ မြင်းညိုကြီးနှစ်ကောင်ကို ရင်ဘောင်တန်း၍ စီးလာသူ နှစ်ဦးမှာ မီးခိုးရောင်ဝတ်စုံများကို တူညီစွာ ဝတ်ဆင်ထားကြသည်။

သူတို့၏ကျောတွင် ဓားရှည်တစ်လက်စီ ချိတ်ဆွဲထားကြ၏။

ယင်းမီးခိုးရောင်ဝတ်စုံနှစ်ဦး၏နောက်တွင် နက်မှောင်နေသော မြင်းနှစ်စီးကို စီးလာကြသူနှစ်ဦးကမူ ပန်းရောင်ဝတ်စုံကို ကိုယ်စီဝတ်ဆင်ထားကြ၏။

သူတို့၏ကျောတွင်မူ ငွေရောင်ဝင်းလက်နေသော လှံတံ



တစ်ချောင်းစီကို လွယ်သိုင်းထားကြလေသည်။

မဟူရာမြင်းနက်ကြီးနှစ်ကောင်၏ နောက်တွင်မူ ဖွေးဖွေးဖြူနေသော မြင်းနှစ်ကောင်မှာလည်း ယှဉ်၍ လိုက်ပါလာကြသည်။

မြင်းဖြူကြီးနှစ်ကောင်ပေါ်တွင်မူ ရွှေဝါရောင်ဝတ်စုံကိုယ်စီကို ဝတ်ဆင်ထားသူနှစ်ယောက် စီးနင်းလာပါလာကြသည်။

သူတို့၏ခါးတွင်မူ ကြီးမားသော ဓားမကြီး တစ်လက်စီ ချိတ်ဆွဲထားကြသည်။

ငင်းမြင်းနက်ကြီးနှစ်ကောင် နောက်တွင်မူ အားကောင်းမောင်းသန် ငွေရောင်တောက်ပနေသောမြင်းကြီးနှစ်ကောင်ဆွဲသည့် မြင်းလှည်းကြီးတစ်စီးက ကပ်ပါလာ၏။

မြင်းလှည်းကြီးမှာ ခန့်ညားထည်ဝါလှသဖြင့် ငင်းမြင်းလှည်းကြီးကို မြင်သည်နှင့် ငွေကြေးပြည့်စုံ ကြွယ်ဝသော သူဌေးကြီးတစ်ဦး သို့မဟုတ် မင်းစိုးရာဇာတစ်ဦးပိုင် မြင်းလှည်းဖြစ်ကြောင်း သိနိုင်ကြလေသည်။

မြင်းလှည်းမောင်းသူမှာလည်း လူသန်ကြီးတစ်ယောက်ဖြစ်ပြီး သူ့ကိုယ်ပေါ်တွင် အဖိုးတန်လှသော ဝတ်စုံကို ဝတ်ဆင်ထားသည်။

သူသည် ကျာပွတ်ကို လက်မှကိုင်ထားသော်လည်း လုံးဝအသုံးမပြုဘဲ မြင်းများကို ညင်သာအေးဆေးစွာ မောင်းနှင်လျက်ရှိနေသည်။

မြင်းလှည်းဦး၏ တစ်ဘက်တစ်ချက်စီတွင် သုံးမြောင့်သဏ္ဌာန်အလံတစ်ခုစီကို လွှင့်ထူထားသည်။

အလံနှစ်ခုစလုံးမှာ အရွယ်အစား ပုံသဏ္ဌာန်အတူတူဖြစ်

www.burmeseclassic.com

www.burmeseclassic.com



၏။

အလံ၏အောက်ခံအရောင်မှာ အပြာရောင်ဖြစ်ပြီး အလံအလယ်တွင် ငွေရောင်တောက်နေသော ဗျိုင်းတစ်ကောင်ပျံသန်းနေသည့် ရုပ်ပုံပါရှိလေသည်။

သာမန်လူများအနေနှင့် ဤအလံမှာ မည်သည့်အဖွဲ့အစည်း၏ အလံဖြစ်ကြောင်း မသိနိုင်သော်လည်း သိုင်းလောကတွင် နှံ့စပ်သူ များကမူ ဤအလံမှာ ငွေဗျိုင်းဖြူဂိုဏ်း၏အလံဖြစ်ကြောင်း သိနိုင်လေသည်။

ယင်းအလံကြောင့်လည်း ငွေဗျိုင်းဖြူဂိုဏ်းအကြောင်းကိုသိထားသော သိုင်းလောကသားများနှင့်ဒုစရိုက်သမားများသည် ဤခရီးသွားအဖွဲ့ကို အနှောင့်အယှက်ပေးရဲကြလိမ့်မည် မဟုတ်ချေ။

မြင်းလှည်းမှာ အမိုးပါပြီး အကာကိုဖွင့်ထားသဖြင့် မြင်းလှည်းထဲတွင် လိုက်ပါသူများကို မြင်နိုင်လေသည်။

မြင်းလှည်းထဲတွင် လိုက်ပါလာသူမှာ နှစ်ဦးဖြစ်ပြီး ထိုနှစ်ဦးမှာ ချန်ဂူးဝမ်းနှင့် အထိန်းတော်ကြီးကျိဖေ့ကျန်းတို့ ဖြစ်ကြလေသည်။

ချန်ဂူးဝမ်းနှင့် အထိန်းတော်ကြီး ကျိဖေ့ကျန်းတို့သည် သူတို့ပတ်ဝန်းကျင်မှ အေးချမ်းသော ရှုခင်းရှုကွက်များကိုကြည့်ပြီး ပျော်ရွှင်မြူးနေကြသည်။

သူတို့တတွေ ငွေဗျိုင်းဖြူစံအိမ်ကြီးမှ ထွက်ခွာလာခဲ့ကြသည်မှာ ယနေ့ပါနှင့်ဆိုလျှင် ခြောက်ရက်မြောက် ရှိသွားပြီးဖြစ်၏။

ဤခရီးစဉ်ကို ထွက်လာကတည်းက ချန်ဂူးဝမ်းနှင့်အထိန်းတော်ကြီး ကျိဖေ့ကျန်းတို့သည် စိတ်ချမ်းသာမှုကို အပြည့်အဝရခဲ့ကြသည်။



သူတို့ကို မည်သူကမှ ချုပ်ချယ်ခြင်း၊ အမိန့်ပေးခြင်း မပြုရဲကြချေ။

လိုက်ပါလာသူအားလုံးက ချန်ဂူးဝမ်းကို ကျိုးကျိုးနွံ့နွံ့ ဆက်ဆံကြရသည်။

ချန်ဂူးဝမ်း၏အမိန့်ကိုသာ တစ်သဝေမတိမ်း နာခံကြရသည်။

ဤကဲ့သို့ဖြစ်အောင်လည်း လင်ချမ်းကျုံးက ဂရုတစိုက် စီစဉ်ပေးလိုက်ခြင်းဖြစ်လေသည်။

ယခုမှ လင်ချမ်းကျုံးသည် မိမိအပေါ် အဘယ်ကြောင့် ဤမျှစေတနာကောင်းနေကြောင်းကို ချန်ဂူးဝမ်း လုံးလုံးစဉ်းစား၍ မရချေ။

အထိန်းတော်ကြီး ကျိဖေ့ကျန်းလည်း တွေး၍ မရပါချေ။

ဤခရီးကိုထွက်လာကတည်းက သူတို့သည် ငွေဗျိုင်းဖြူစံအိမ်ကြီးအကြောင်းကို လည်းကောင်း၊ လင်ချမ်းကျုံးအကြောင်းကိုလည်းကောင်း မေ့ထားလိုက်ကြသည်။

လာခဲ့စဉ် ခရီးတလျှောက်လုံး လိုက်ပါလာသူ အားလုံးက ချန်ဂူးဝမ်းကို အရှင်သခင်သဖွယ် ဆက်ဆံကြသည်။

အကောင်းဆုံး နေရာထိုင်ခင်းရအောင် စီစဉ်ပေးသည်။

ထို့ကြောင့် ချန်ဂူးဝမ်းတို့နှစ်ယောက်စလုံး လွန်စွာ စိတ်ချမ်းသာခဲ့ကြရ၏။

သူတို့တတွေ အပျော်ခရီးထွက်လာခြင်းဟုသာ စိတ်သဘောထားလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ချန်ဂူးဝမ်းကို စောင့်ရှောက်ရန် လိုက်ပါလာကြသူများသည် ခရီးစဉ်တလျှောက်လုံး အမှန်လည်း ဂရုတစိုက် စောင့်ရှောက်ခဲ့ကြသည်။

သူတို့သည် တောင်ဆင်းတောင်တက်လမ်းများ၊ မြင်းလှည်းသွား၍မရသော လမ်းများကိုရှောင်ကာ မြင်းလှည်းတိုက်ရိုက်သွား၍ရသော လမ်းများကိုရွေးချယ်ပြီး လာခဲ့ကြခြင်းဖြစ်၏။

ထိုသို့လာခဲ့ခြင်းမှာလည်း မြင်းလှည်းပေါ်တွင် ချန်ဂူးဝမ်းနှင့် ကျိဖေ့ကျန်းတို့ အမြဲတမ်းသက်တောင့်သက်သာ လိုက်ပါနိုင်ရန် ဖြစ်လေသည်။

ချန်ဂူးဝမ်းအနေနှင့်လည်း ဤခရီးကို အလောတကြီး လာစရာမလိုချေ။

ဆယ့်ငါးရက်ခရီးကို တစ်လနှစ်လပဲ ကြာကြာ သူ့အတွက် အကြောင်းမဟုတ်ချေ။

ရှောင်လင်ကျောင်းတော်ကြီးကို သူ့အနေနှင့် ဘယ်အချိန်ရောက်ရောက် ဂိုဏ်းချုပ်ဆရာတော်ကြီး ဖိန်းကျန်းထံမှ ရှင်ရှန်းသိုင်းကျမ်းကို ရမည်သာဖြစ်၏။

ချန်ဂူးဝမ်းသည် ဤကဲ့သို့လွတ်လပ်စွာ ခရီးသွားလာရခြင်းကို ပျော်ရွှင်သဖြင့် ကြာလေကောင်းလေဟုပင် သဘောထားမိလေသည်။



ချန်ဂူးဝမ်းတို့လိုက်ပါလာသော မြင်းလှည်းကြီး၏နောက်တွင်ကပ်လျက် ဖွေးဖွေးဖြူနေသော မြင်းကြီးနှစ်ကောင်ယှဉ်၍ လိုက်ပါလာသည်။

၎င်းမြင်းဖြူကြီးနှစ်ကောင်ပေါ်တွင် ရွှေဝါရောင်ဝတ်ရုံကိုယ်စီ ဝတ်ထားသူနှစ်ယောက် စီးနင်းလိုက်ပါလာကြသည်။

သူတို့၏ခါးတွင်မူ ကြီးမားသော ဓားမကြီးတစ်လက်စီ ချိတ်ဆွဲထားကြ၏။

မြင်းဖြူကြီးနှစ်ကောင်၏နောက်တွင်မူ မဟူရာရောင်တောက်နေသော မြင်းကြီးနှစ်ကောင်မှာယှဉ်လျက် လိုက်ပါလာကြပြန်သည်။

မြင်းနက်ကြီးပေါ်တွင် လိုက်ပါလာသူနှစ်ဦးစလုံး ပန်းရောင်ဝတ်စုံကို ဝတ်ဆင်ထားကြသည်။

သူတို့၏ကျောတွင်မူ ငွေရောင်ဝင်းလက်နေသော လှံတံတစ်ချောင်းစီကို သိုင်းထားကြ၏။

၎င်းပန်းနုရောင်ဝတ်စုံနှစ်ယောက်၏နောက်တွင်မူ မြင်းညိုကြီးနှစ်ကောင်ယှဉ်၍ လိုက်ပါလာကြပြန်သည်။

မြင်းညိုကြီးနှစ်ကောင်ပေါ်တွင် မီးခိုးရောင်ဝတ်စုံကို တူညီစွာ ဝတ်ဆင်ထားသူ နှစ်ယောက်စီးနင်းလာကြသည်။

သူတို့နှစ်ဦး၏ကျောတွင်မူ ဓားရှည်တစ်လက်စီကို ချိတ်ဆွဲထားကြ၏။

ချန်ဂူးဝမ်း စီးနင်းလိုက်ပါလာသော မြင်းလှည်းကို ရှေ့ဘက်မှ မြင်းကိုယ်စီနှင့်သိုင်းသမား ခြောက်ယောက်၊ နောက်ဘက်မှ မြင်းကိုယ်စီနှင့်သိုင်းသမားခြောက်ယောက်တို့က ညှပ်၍ လိုက်ပါလာကြ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်လေသည်။

ယခုအခါ ချန်ဂူးဝမ်းသည် သိုင်းပညာမတတ်သူတစ်ယောက်လို ဖြစ်နေသည်။

ဖခင်ဖြစ်သူ မသေဆုံးခင်က သိုင်းပညာကို သင်ကြားခဲ့ရသော်လည်း ဖခင်ဖြစ်သူ သေဆုံးသွားပြီးနောက် သိုင်းပညာကို လေ့ကျင့်သင်ကြားခြင်း အလျဉ်းမလုပ်ခဲ့ရချေ။

ထို့ကြောင့် သူတတ်မြောက်ထားသည့် အနည်းငယ်မျှသော သိုင်းပညာများကိုပင် မေ့လျော့လျော့ဖြစ်နေသည်။

ထို့ကြောင့် လမ်းခရီးတွင် အန္တရာယ်ပေါ်ပေါက်လာပါက မိမိကို ကာကွယ်နိုင်ရန် ဤအစောင့်အရှောက်များကို လင်ချမ်းကျုံးက ထည့်လိုက်ခြင်းဖြစ်ကြောင်း ချန်ဂူးဝမ်း စဉ်းစားသည်။

မိမိကို စောင့်ရှောက်ရန် လိုက်ပါလာကြသော သိုင်းသမားများမှာလည်း အဆင့်မြင့်သိုင်းသမားများပင် ဖြစ်လိမ့်မည်ဟု ချန်ဂူးဝမ်း ယုံကြည်သည်။

သို့သော် သူသည် လာခဲ့စဉ်ခရီးစဉ် တစ်လျှောက်လုံးမည်သည့် အန္တရာယ်ကိုမှ မတွေ့ခဲ့ရသေးသဖြင့် သူနှင့်လိုက်ပါလာသော သိုင်းသမားများ၏ အစွမ်းကို မသိရသေးချေ။

ချန်ဂူးဝမ်း တစ်သက်တွင် ဤကဲ့သို့ ခရီးရှည်ကြီးကို တစ်ခါမှ မသွားဘူးချေ။

ထို့ကြောင့် သူသည် မည့်သည့်အရေးအခင်းကိုမှ မတွေးဘဲ ပတ်ဝန်းကျင်ရှုခင်းရှုကွက်များကိုသာ အာရုံခံစားရင်း စိတ်ချမ်းမြေ့စွာ လိုက်ပါလာခဲ့သည်။

"မေမေကျီ… ရှောင်လင်ကျောင်းတော်ကြီးကိုရောက်



အောင် ကျွန်တော်တို့တတွေ နောက်ထပ် ဘယ်နှစ်ရက်လောက်သွားဦးမလဲဟင်"

ချန်ဂူးဝမ်းသည် တစ်ပင်မှတစ်ပင် ကူးလူးပျံသန်းပြီး မြူးတူးနေကြသော အရောင်မျိုးစုံလှသည့် ကျေးငှက်ကလေးများကို မော့ကြည့်နေရာမှ သူနှင့်မျက်နှာချင်းဆိုင်တွင် ထိုင်၍ လိုက်ပါလာသော ကျိဖေ့ကျန်းကို မေးလိုက်သည်။

ကျိဖေ့ကျန်းက လိုက်လှဲစွာ ပြုံးလိုက်ပြီး…

"ဘာလဲ… လူကလေးက ရှောင်လင်ကျောင်းတော်ကြီးကို မြန်မြန်ရောက်ချင်နေပြီလား"

"မြန်မြန်ရောက်ချင်လို့ မဟုတ်ပါဘူး မေမေကျီရယ်၊ ကျွန်တော်လေ ဖေဖေဆုံးသွားပြီးကတည်းက အခု ခရီးထွက်လာခဲ့တဲ့အချိန်ဟာ စိတ်အချမ်းသာဆုံးပါပဲ၊ ဖြစ်နိုင်မယ်ဆိုရင် ခရီးစဉ်အဆုံးအစမရှိဘဲ ခုလို ခရီးပဲသွားနေချင်တော့တာပဲ၊ နို့… မေမေကျီကော ခုလို ခရီးထွက်လာရတာကို မပျော်ဘူးလား"

"ပျော်ပါတယ် လူလေးရယ်၊ လူလေးကို ပျော်ပျော်ရွှင်ရွှင်ဖြစ်နေတာကို မြင်ရလို့ မေမေကျီပိုပြီး ပျော်မိပါတယ်ကွယ်၊ မေမေကျီလဲ လူလေးလိုပါပဲ၊ ခုလိုသာ ခရီးသွားနေချင်တော့တာပဲ"

ချန်ဂူးဝမ်းက အသံကိုအနည်းငယ် တိုးလိုက်ပြီး…

"ဒီတစ်ခါ ဦးကြီးလင် စီစဉ်ပေးလိုက်တဲ့ အစီအစဉ်ဟာ ကျွန်တော်တို့အတွက် လိုလေသေးမရှိအောင် သိပ်ပြီးကောင်းနေတယ်နော် မေမေကျီ၊ ဦးကြီးလင် ကျွန်တော်တို့အပေါ်မှာ ဘာဖြစ်လို့ ခုလို သိပ်ကောင်းသွားတာပဲဆိုတာ ကျွန်တော်တော့ စဉ်းစားလို့ကိုမရဘူး သူတကယ်ပဲ နောင်တရသွားလို့လားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"မေမေကျိုလဲ အမှန်ကို မပြောတတ်သေးပါဘူး လူလေး ရယ်၊ အစ်ကိုကြီးလင်ဟာ လူလေး ယူဆသလို တကယ်ပဲ နှောင်တ သွားတာဟာ ဖြစ်ချင်လဲ ဖြစ်မယ်၊ ဒါမှမဟုတ် လူလေးအပေါ်မှာ ဟန်ဆောင်ပြီး ကောင်းချင်ယောင် ဆောင်တာမျိုးလဲ ဖြစ်နိုင်တာပဲ"

"သူ ဘာပဲလုပ်လုပ် သူ့ကို ကျွန်တော်ဆန့်ကျင်ရဲတာမှ မဟုတ်ဘဲ မေမေကျို၊ ဘာဖြစ်လို့ဟန်ဆောင်ပြီး ကောင်းချင်ယောင် ဆောင်ရမှာလဲ"

"အစ်ကိုကြီးလင်အကြောင်းကို မေမေကျို ကောင်းကောင်း သိတယ် လူလေး၊ သူဟာ ဥာဏ်နီဥာဏ်နက်များတယ်၊ ပရိယာယ် များတယ်၊ သူ့ကို လုံးလုံးယုံလို့တော့ မဖြစ်သေးဘူး၊ သတိတော့ ထား ရမယ်ကွယ့်၊ လူလေးကို...."

"ဟေး... ဟေး... ဟေး"

"ဝိုင်းထားဟေ့ ဝိုင်းထား မလွတ်စေနဲ့"

"ခုခံတဲ့သူ အသေသတ်"

ရုတ်တရက် သူတို့ပတ်ဝန်းကျင်မှ ကြိမ်းဝမ်းအော်ဟစ်သံ များ ပေါ်လာသဖြင့် ကျိုဖေ့ကျန်း တစ်ပိုင်းတစ်စနှင့် စကားရပ်သွား သည်။

မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ဘေးပတ်ဝန်းကျင်ကို ကြည့် သည်။

မြင်းလှည်းကို မောင်းလာသည့် လူသန်ကြီးလည်း မြင်းနှ ကောင်၏ဇက်ကြိုးကိုဆွဲ၍ တုန့်ခနဲ ရပ်လိုက်သည်။

မြင်းကိုယ်စီ စီးလာကြသော သိုင်းသမားဆယ့်နှစ်ယောက် ကလည်း သူတို့၏လက်နက်များကို ရုတ်ခြည်း ထုတ်ကိုင်လိုက်ကြ



သည်။

သို့သော် သူတို့တွေ တိုက်ခိုက်ရန် အသင့်မဖြစ်သေးခင်မှာ ပင် အခက်အလက်ဝေဆာသော သစ်ပင်ကြီးများပေါ်မှ ဝတ်စုံနက် ဝတ် ထားသူများ လွှားခနဲ လွှားခနဲ ခုန်ဆင်းလာကြသည်။

ဝတ်စုံနက်များသည် မြင်းကိုယ်စီ စီးလာကြသည့် သိုင်းသ မားများ အပေါ်သို့တိုက်ခိုက်ခုန်ဆင်းကြခြင်းဖြစ်၏။

ဝတ်စုံနက်များ ၏ခေါင်းတွင်လည်း ခေါင်းစွပ်နက်ကြီးများ ကို စွပ်ထားကြသည်။

စုစုပေါင်း ဝတ်စုံနက်ခြောက်ယောက် ဖြစ်လေသည်။

သူတို့၏ လှုပ်ရှားမှုက သွက်လက်မြန်ဆန်လွန်းလှသည်။

မြင်းပေါ်မှ သိုင်းသမားများက မတိုက်ခိုက်နိုင်ခင် ဝတ်စုံ နက်များက ခြေဖျားများဖြင့် ခတ်၍ စတင်တိုက်ခိုက်ကြ၏။

"ခွပ်... ဗုန်း...."

"အင့်... အွန့်...."

"ဖြန်း... ခွပ်... ဖြန်း...."

"အား... အွန်ပ.... အ...."

"ဗုန်း...."

"အိ... ဟီး... ဟီး.... ဟီး"

မြင်းတွေ လူတွေ ရှုပ်ထွေးကုန်သည်။ မြင်းဟီသံတွေ ပေါ် ထွက်လာသည်။

လှည်းရှေ့မှ ဦးဆောင်လာသော သိုင်းသမားခြောက် ယောက်ကို တစ်ပြိုင်တည်း စတင် တိုက်ခိုက်ကြခြင်းဖြစ်လေသည်။

ဝတ်စုံနက်ခြောက်ယောက်၏လက်ထဲတွင် ဓားမြှောင်ရှည်

www.burmeseclassic.com

www.burmeseclassic.com



တစ်လက်စီကို အသင့်ကိုင်ဆောင်ထားကြသည်။

သူတို့သည် မြင်းလှည်းရှေ့မှ မြင်းကိုယ်စီ စီးလာသော သိုင်းသမားခြောက်ယောက်ပေါ်ကို တိုက်ရိုက်ခုန်ဆင်းပြီး ဦးဆုံးခြေဖြင့် ခတ်ချသည်။

မြင်းပေါ်မှ ကျလုလု သိုင်းသမားကို သူတို့လက်ထဲမှ ဓား မြှောင်ရှည်ဖြင့် ဆက်တိုက်တွက်လိုက်ကြပြန်သည်။

မြင်းစီးသိုင်းသ မားခြောက်ယောက်တို့သည် မည်သို့မှခု ရန် အခွင့်အရေးမရကြဘဲ ဓားဒဏ်ရာကိုယ်စီရကာ မြင်းပေါ်မှ လိမ့် ကျသွားကြသည်။

မြင်းလှည်းနောက်ဘက်မှ မြင်းကိုယ်စီ စီးထားသောသိုင်း သမား ခြောက်ယောက်သည် တုံ့ဆိုင်းတွေဝေ မနေကြဘဲ မြင်းများ ကို အပြင်းစီးပြီး မြင်းလှည်းကိုကွင်းပတ်ကာ မြင်းလှည်းရှေ့ကို လာ ကြသည်။

ထိုအချိန်တွင် မြင်းလှည်းရှေ့ရှိ မြင်းခြောက်ကောင်ပေါ်တွင် မျက်နှာဖုံးကိုယ်စီနှင့် ဝတ်စုံနက်ခြောက်ယောက်တို့ရောက်နေကြပြီ ဖြစ်၏။

ဝတ်စုံနက် ခြောက်ယောက်တို့သည် မြင်းလှည်းနောက်မှ ရောက်လာသော ချန်ဂူးဝမ်းတို့၏ဘက်တော်သားသိုင်းသမားခြောက် ယောက်ကို ဆီး၍ တိုက်ခိုက်ကြသည်။

"ဟိတ်...."

"ယား....."

"ထန်း... ထန်း... ချွမ်း"

"ဂွစ်... ဂွစ်... ထန်း"



"အားရိုး...."

"အင့်...."

"ဝိုး... ဝိုး"

"အီး...."

မြင်းများ လူများ ရှုပ်ထွေးသွားပြီး ဓားရောင်တွေလည်း တဝင်းဝင်း လက်သွားသည်။ အော်ဟစ်တိုက်ခိုက်သံတွေလည်း ဆူ ညံသွားသည်။

ချန်ဂူးဝမ်းနှင့်အထိန်းတော်ကြီး ကျိဖေ့ကျန်းတို့သည် ကြောက်လန့်တကြီးဖြင့် တစ်ဦးကိုတစ်ဦး ဖက်ထားကြသည်။

မျက်စိမျက်နှာပျက်ဖြင့် တိုက်ပွဲဖြစ်ပွားရာကို မျက်လုံးအ ပြူးသား ကြည့်နေကြသည်။

မြင်းပေါ်မှ သူတို့ဘက်တော်သားများသာ တစ်ယောက်ပြီး တစ်ယောက် ညည်းတွား၍ ကျသွားကြကြောင်း တွေ့ရသောအခါ မှ၍ ထိတ်လန့်မိကြသည်။

မိမိတို့ဘက်မှ အခြေအနေဆိုးရွားနေကြောင်း ချန်ဂူးဝမ်း သိသည်။

ယှဉ်ပြိုင်တိုက်ခိုက်ပုံကိုကြည့်၍လည်း မိမိကို စောင့်ရှောက် ရန် လိုက်ပါလာကြသော သိုင်းသမားများမှာ ဝတ်စုံနက်များ၏ သိုင်း ပညာထက်များစွာ အဆင့်နိမ့်ကြောင်း ချန်ဂူးဝမ်း သိရလေပြီ။

"ပြေးကြစို့ လူလေး၊ ပြေးကြစို့"

အထိန်းတော်ကြီး ကျိဖေ့ကျန်းက သူမတို့ဘက်မှ အခြေအ နေ မဟန်တော့ကြောင်းသိသည်နှင့် ချန်ဂူးဝမ်း လက်ကိုဆွဲကာ မြင်းလှည်းပေါ်မှ ဆင်းပြေးရန် ခြေလှမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သူတို့နှစ်ဦး ရှေ့နားဆီသို့ မျက်နှာဖုံးစွပ် ဝတ်စုံနက် နှစ်ဦး ခုန်ပျံ၍ရောက်လာသည်။

ဝတ်စုံနက်နှစ်ဦးသည် သူတို့လက်ထဲမှ သွေးစွန်းနေသော ဓားမြှောင်ကိုယ်စီနှင့် ချန်ဂူးဝမ်းတို့နှစ်ယောက်ကို ချိန်ရွယ်လိုက်ကြ၏။

ချန်ဂူးဝမ်းနှင့် အထိန်းတော်ကြီး ကျိဖေ့ကျန်းတို့နှစ်ယောက် စလုံး အနည်းငယ်မှ မလှုပ်ရဲကြတော့ချေ။

ထိုအချိန်တွင် မြင်းလှည်းမောင်းသော လူသန်ကြီးမှာလည် ဝတ်စုံနက်တစ်ယောက်၏ တိုက်ခိုက်မှုကြောင့် မြေပေါ်သို့ကျသွား ဖြစ်၏။

ချန်ဂူးဝမ်းနှင့် အထိန်းတော်ကြီး ကျိဖေ့ကျန်းတို့သည် ကြောက်စိတ်ကြောင့် သူတို့ခန္ဓာကိုယ်များ တဆတ်ဆတ် တုန်နေ ကြလေသည်။



## အခန်း(၆)

## ဝတ်စုံနက်နှင့် ချန်ဂူးဝမ်း

ချန်ဂူးဝမ်းကိုစောင့်ရှောက်ရန် လိုက်ပါလာကြသော သိုင်းသမားဆယ့်နှစ်ယောက်နှင့် မြင်းလှည်းမောင်းသမားလူသန်ကြီးတို့မှာ ဒဏ်ရာကိုယ်စီရလျက် မြေပေါ်တွင် လဲကျနေကြသည်။

သူတို့သည် နာကျင်စွာ ညည်းတွားနေကြပြီး ထမရပ်နိုင်ကြချေ။

အချိန်ခဏကလေး အတွင်းမှာပင် ဝတ်စုံနက်ခြောက်ယောက်သည် ချန်ဂူးဝမ်း၏လူများကို အလွယ်တကူ အနိုင်ယူလိုက်ကြခြင်းဖြစ်၏။

ဝတ်စုံနက်များသည် ချန်ဂူးဝမ်း၏လူများကို အသေတိုက်ခိုက်ခြင်းတော့ မရှိချေ။

သို့သော် သိုင်းသမားဆယ့်နှစ်ယောက်နှင့် မြင်းလှည်းမောင်းသမားလူသန်ကြီးတို့သည် ဒဏ်ရာပြင်းပြင်း ထိထိရောက်ရောက်တော့ ရနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်ဂူးဝမ်းသည် ကြောက်လွန်းသဖြင့် ဝတ်စုံနက်များကိုပင် မကြည့်ဘဲ မျက်နှာလွှဲထားသည်။

အထိန်းတော်ကြီး ကိုဖေ့ကျန်းကသာ သူမတို့အနီးမှ ဝတ်စုံနက်နှစ်ယောက်ကို မျက်လုံးပြူး မျက်ဆန်ပြူးဖြင့်ကြည့်၍ စိုးရိမ်ထိတ်လန့်စွာ တုန်တုန်ယင်ယင် မေးမြန်းလိုက်သည်။

"မင်း… မင်းတို့တွေ၊ ဘယ်… ဘယ်သူလဲဟင်"

ခေါင်းစွပ် စွပ်ထားသောဝတ်စုံနက်ခြောက်ယောက်က မျက်နှာဖုံးတွင် ဖောက်ထားသော မျက်လုံးပေါက်မှအထိန်းတော်ကြီး ကိုဖေ့ကျန်းကို စူးစူးရားရားကြည့်ပြီး အော်ငေါက်လိုက်၏။

"ခင်ဗျား ပါးစပ်ပိတ်ထားစမ်း၊ ကျုပ်တို့ကို ဘာမှမေးစရာမလိုဘူး၊ ထပ်ပြီး လျှာရှည်ရင် ခင်ဗျားအသေပဲ၊ အေးအေးပြန်ထိုင်နေကြ"

အထိန်းတော်ကြီး ကိုဖေ့ကျန်း ဘာမှထပ်မပြောရဲတော့ချေ။

ချန်ဂူးဝမ်းနှင့် ကိုဖေ့ကျန်းတို့သည် ကြောက်လန့်၍ ပြန်ထိုင်လိုက်ကြရသည်။

မြင်းလှည်းမောင်းသူနေရာတွင် မျက်နှာဖုံးစွပ် ဝတ်စုံနက်တစ်ယောက်က အသင့်ထိုင်လျက် ရှိနေသည်။

ချန်ဂူးဝမ်းတို့အနီးတွင်လည်း ဝတ်စုံနက်နှစ်ယောက် ရပ်နေကြသည်။

ကျန်ဝတ်စုံနက်သုံးယောက်သည် မြင်းလှည်းရှေ့တွင် ဒဏ်ရာဖြင့် လဲကျနေသူများကို လမ်းဘေးသို့ဆွဲဖယ်နေကြသည်။ ပြီးမှ မြင်းသုံးစီးပေါ်သို့ ခုန်တက်သည်။



ထို့နောက် ဝတ်စုံနက်သုံးယောက်သည် ရှေ့မှမြင်းကိုယ်စီစီး၍ ထွက်ခွာသွားကြရာ၊ မြင်းလှည်းပေါ်မှ ဝတ်စုံနက်က မြင်းလှည်းကို မောင်း၍ နောက်မှလိုက်သည်။

ဝတ်စုံနက်များသည် သူတို့ကို ဖမ်းဆီးခေါ်ဆောင်သွားကြခြင်းဖြစ်ကြောင်း တွေးမိကြသောအခါ ချန်ဂူးဝမ်းနှင့် ကိုဖေ့ကျန်းတို့နှစ်ယောက်စလုံး ပူပန်သောက ရောက်ကြရလေသည်။

သူတို့သည် တစ်ဦးကိုတစ်ဦးသာ ဖက်ထားကြပြီး ဝတ်စုံနက်များကိုလည်း ဘာမှမမေးမြန်းရဲကြချေ။

ရှေ့မှ ဝတ်စုံနက်သုံးယောက်က မြင်းများကို တရကြမ်းစီးသည်။

လှည်းမောင်းသော ဝတ်စုံနက်ကလည်း မြင်းလှည်းကို တရကြမ်းမောင်း၍ လိုက်သည်။

တောအုပ်ကြီးအတွင်း မြင်းခွာသံများ၊ လှည်းဘီး ကြိတ်သံများ၊ ကျာပွတ်သံများ ဆူညံစွာပေါ်ထွက်လျက် ရှိနေသည်။

အတန်ကြာအောင် ခရီးပြင်းနှင်လာခဲ့ကြပြီးနောက် တောအုပ်ကြီးအစပ်ကို ရောက်လာကြသည်။

တောအုပ်အစပ်တွင် ကွေ့ကောက် စီးဆင်းနေသော စမ်းချောင်းတစ်ချောင်းကို တွေ့ကြရသည်။

မလှမ်းမကမ်းတွင် မြင့်မားသောတောင်ကမ်းပါးယံပေါ်မှ တဝေါဝေါ စီးကျနေသော ရေတံခွန်ကြီးကိုလည်း မြင်ကြရသည်။

ဝတ်စုံနက်များသည် ရေတံခွန်ကြီးဆီသို့ ရောက်အောင်လာကြပြီးမှ ရပ်တန့်လိုက်ကြလေသည်။

ရေတံခွန်စီးကျသံမှာ ညံစီလျက် ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေတံခွန်အောက်ခြေဖြစ်သောကြောင့် ရေမှုန်ရေမွှားများမှလည်း အနီးပတ်ဝန်းကျင်တစ်ခွင် ဝဲပျံလျက် ရှိနေသည်။

မြင်းလှည်းပေါ်မှ ဝတ်စုံနက်နှစ်ယောက်သည် ချန်ဂူးဝမ်းနှင့်အထိန်းတော်ကြီး ကျိဖေ့ကျန်းတို့ကို လှုချင်းခွဲလိုက်ကြပြီး မြင်းလှည်းပေါ်မှ အောက်ကိုဆွဲချသည်။

ချန်ဂူးဝမ်းနှင့် ကျိဖေ့ကျန်းတို့နှစ်ယောက်စလုံး ရုန်းကန်ကြသော်လည်း မလွတ်ကြချေ။

ဝတ်စုံနက်များမှာ အဆင့်မြင့်သိုင်းသမား များဖြစ်သောကြောင့် သူတို့ကို ပိုင်နိုင်စွာ အလွယ်တကူ ချုပ်ကိုင်ထားနိုင်ကြလေသည်။

မြင်းများပေါ်မှ ဝတ်စုံနက်သုံးယောက်တို့လည်း ခုန်ဆင်းလာကာ ချန်ဂူးဝမ်းတို့အနီးသို့ ရောက်လာကြသည်။

သုံးယောက်အနက် တစ်ယောက်က ချန်ဂူးဝမ်းကို လက်ညှိုးဆတ်ခနဲထိုးလိုက်ပြီး လေသံမာမာဖြင့် မေးသည်။

"မင်းဟာ ချန်စီးလင်းရဲ့သား ချန်ဂူးဝမ်းမဟုတ်လား"

ချန်ဂူးဝမ်းက ကြောက်ကြောက်လန့်လန့်ဖြင့် ပြန်ဖြေလေသည်။

"ဟုတ်... ဟုတ်ပါတယ်"

အထိန်းတော်ကြီး ကျိဖေ့ကျန်းက အရဲစွန့်ပြီး တုန်တုန်ယင်ယင်ဖြင့် ဝင်ပြောသည်။

"မောင်ရင်တို့ရယ်... တို့မှာပါလာတဲ့ ဥစ္စာပစ္စည်းတွေကို မောင်ရင်တို့ကြိုက်သလို ယူပါကွယ်၊ လူကိုတော့ ဒုက္ခမပေးပါနဲ့၊ အဒေါ် တောင်းပန်ပါတယ်"



"တော်... ခင်ဗျား ဘာမှဝင်မပြောနဲ့၊ ခင်ဗျားအသက် မသေချင်ရင်သာ ဒီကအမြန်ထွက်သွား၊ ဒီမိန်းမကြီးကို လွှတ်ပေးလိုက်ကွာ"

ကျိဖေ့ကျန်းကိုချုပ်ကိုင်ထားသော ဝတ်စုံနက်က လွှတ်ပေးလိုက်သည်။

သို့သော် အထိန်းတော်ကြီး ကျိဖေ့ကျန်းသည် ထွက်ခွာမသွားပါချေ။

ခေါင်းဆောင်ဖြစ်ဟန်တူသော မျက်နှာဖုံးစွပ် ဝတ်စုံနက်က ကျိဖေ့ကျန်းက အော်ငေါက်လိုက်သည်။

"ခင်ဗျား ထွက်သွားလေ၊ ဘာလဲ ခင်ဗျားပါ ဒီကောင်နဲ့အဆစ်ပါပြီး သေချင်လို့လား"

ဝတ်စုံနက်၏စကားကြောင့် ချန်ဂူးဝမ်းမှာ လွန်စွာ ကြောက်ရွံ့ထိတ်လန့်သွားသည်။

ဝတ်စုံနက်က သူ့ကိုသတ်ပစ်တော့မည် သဘောမျိုး ပြောနေသောကြောင့် ဖြစ်၏။

ကျိဖေ့ကျန်းသည်လည်း ချန်ဂူးဝမ်းအတွက် စိုးရိမ်သွားသည်။

သူမသည် ချန်ဂူးဝမ်းထံ ပြေးသွားမည်ပြုသည်။

သို့သော် ဝတ်စုံနက်တစ်ယောက်က သူမကို သွက်လက်စွာ ဖမ်းချုပ်ကိုင်လိုက်သည်။

သူမသည် ဝတ်စုံနက်လက်မှ ရုန်းကန်သော်လည်း မလွတ်ချေ။

ရုန်းကန်ရင်းမှလည်း ခေါင်းဆောင်ဖြစ်ဟန်တူသော ဝတ်စုံ

www.burmeseclassic.com

www.burmeseclassic.com



နက်ကို မေးလိုက်သည်။

"မောင်ရင်တို့နဲ့ ဒီကောင်လေးနဲ့ ဘာမှရန်ငြိုးရန်စရှိတာ မဟုတ်ဘဲနဲ့ ဘာဖြစ်လို့ အသက်ကိုရန်ရှာချင်ရတာလဲ"

"ဒီကောင်နဲ့ ကျုပ်နဲ့ဘာမှ ရန်ငြိုးရန်စ မရှိဘူးဆိုတာတော့ မှန်တယ်၊ ဒါပေမယ့် သူ့အဖေ ချန်စီးလင်းနဲ့တော့ ရန်ငြိုးရန်စရှိတယ်၊ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်တုန်းက ချန်စီးလင်းက ကျုပ်ရဲ့အစ်ကိုကို သတ်ခဲ့တယ်၊ ချန်စီးလင်းရဲ့လက်ချက်နဲ့ ကျုပ်အစ်ကိုဟာ အသေဆိုးနဲ့သေခဲ့ရတယ်"

ဝတ်စုံနက်၏လေသံမှာ တင်းမာလာသည်။

သူသည် ခံပြင်း ဒေါသဖြစ်နေကြောင်း သူ့မျက်နှာကို မမြင်ရသော်လည်း သူ့လေသံကို ကြားရုံဖြင့် သိနိုင်လေသည်။

"ကျုပ်ဟာ ချန်စီးလင်းကို လက်စားချေဖို့ကြိုးစားခဲ့တယ်၊ ဒါပေမယ့် အခွင့်အရေးမရခဲ့ဘူး၊ ကျုပ် လက်စားမချေလိုက်ရဘဲ သူဘာသာ သူသေသွားတယ်၊ ဒီတော့ သူ့ကိုယ်စား သူ့ရဲ့သားကို လက်စားချေဖို့ အခွင့်ကောင်းကိုစောင့်ခဲ့တယ်၊ အခုတော့ ဒီအခွင့်ကောင်းကို ကျုပ်ရပြီ၊ ဒီကောင့်ကို သတ်ရမယ်၊ ဒါမှ တမလွန်ဘုံကိုရောက်နေတဲ့ ကျုပ် အစ်ကိုလဲ ကျေနပ်မယ်"

"ဟင်… ကျွန်… ကျွန်တော့်ကို မ… မသတ်ပါနဲ့ဗျာ… မသတ်ပါနဲ့"

ချန်ပူးဝမ်းက ငိုတော့မယောင် မျက်နှာဖြင့် တောင်းပန်စကားဆိုသည်။

အထိန်းတော်ကြီး ကျိဖေ့ကျန်းကလည်း ပူပန်စိုးရိမ်စွာ ဖြင့် ဝင်တောင်းပန်သည်။



"သခင်ကြီး ချန်စီးလင်းဟာ ဘယ်သူ့အပေါ်ကိုမှ မတရားမလုပ်ခဲ့ပါဘူးကွယ်၊ လူတစ်ယောက်ကိုလဲ လက်လွတ်စပယ် မသတ်တတ်ပါဘူး၊ မောင်ရင် အထင်မှားနေတာ ဖြစ်ပါလိမ့်မယ်၊ နောက်ဆုံး သခင်ကြီး ချန်စီးလင်းဟာ မောင်ရင့်ရဲ့အစ်ကိုကို သတ်မိတယ်ပဲထား။ ဘာမှ ဒီအကြောင်းကို မသိတဲ့ဒီကောင်လေးကိုတော့ ဒုက္ခမပေးပါနဲ့ကွယ်၊ တောင်းပန်ပါတယ်"

"တိတ်စမ်းဗျာ… ကဲဟေ့… ဒီမိန်းမကြီးကို မလွှတ်စေနဲ့၊ ဒီကောင်လေးကို ခေါ်ခဲ့ကြ"

ခေါင်းဆောင်ဖြစ်သူ ဝတ်စုံနက်က သူ့လူများက အမိန့်ပေးပြီး ရေတံခွန်ကြီးဆီ လျှောက်သွားသည်။

ဝတ်စုံနက်နှစ်ယောက်က ချန်ပူးဝမ်း၏တစ်ဘက်တစ်ချက်မှ ချုပ်ကိုင်ပြီး ခေါင်းဆောင်ဖြစ်သူ နောက်ကိုလိုက်ပါလာခဲ့ကြသည်။

ကျန်ဝတ်စုံနက်သုံးယောက်မှာ အထိန်းတော်ကြီး ကျိဖေ့ကျန်းနှင့်အတူ ကျန်နေခဲ့ကြသည်။

"လွှတ်… လွှတ်… လွှတ်ပါဗျာ… လွှတ်ပါ"

"တူလေး… တူလေး… တူလေးကို လွှတ်လိုက်ကြပါ"

ချန်ပူးဝမ်းနှင့်အထိန်းတော်ကြီး ကျိဖေ့ကျန်းတို့က အော်ဟစ်ရုန်းကန်ကြသည်။

သို့သော် ရုန်း၍ မလွှတ်ကြချေ။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့... အားလုံး ရပ်လိုက်ကြစမ်း"

ထိုစဉ် စူးရှသောအသံတစ်သံက အခြားအသံများအားလုံးကို ဖောက်ခွင်းလျက် ကျယ်လောင်စွာ ပေါ်ထွက်လာသည်။

ဝတ်စုံနက်များနှင့် ချန်ဂူးဝမ်းတို့အားလုံး အသံလာရာကို တစ်ပြိုင်တည်း ကြည့်လိုက်ကြသည်။

မလှမ်းမကမ်းတွင် ရှိသော ကျောက်တုံးကြီးတစ်တုံးပေါ်တွင် အဖြူရောင်ဝတ်စုံကိုဝတ်ဆင်ထားသော မိန်းမချောလေးတစ်ယောက်ရပ်နေသည်ကို တွေ့ကြရသည်။

သူမ၏ကျောတွင် ဓားရှည်တစ်လက်နှင့် ခရီးဆောင်အိတ်တစ်လုံးကို လွယ်ထားသည်။

ချန်ဂူးဝမ်းတို့ကြည့်လိုက်စဉ်မှာပင် မိန်းမချောလေးသည် ကျောက်တုံးကြီးပေါ်မှ မြေပေါ်ကို ပေါ့ပါးစွာ ခုန်ဆင်းလိုက်သည်။

သူမ၏ လှုပ်ရှားဟန်၊ သူမ၏ အသံကြောင့် သူမသည် အတွင်းအား ကောင်းသူဖြစ်ကြောင်း ကိုယ်ဖော့ပညာ ထက်မြက်သူဖြစ်ကြောင်း သိနိုင်လေသည်။

မိန်းမချောကလေးသည် ချန်ဂူးဝမ်းရှိရာသို့ ဦးတည်ပြီး တဖြည်းဖြည်း လျှောက်လာသည်။

ချန်ဂူးဝမ်းသည် သူနှင့်အသက်ချင်း မတိမ်းမယိမ်းသာရှိသော ရုပ်ရည်ချောမောပြီး ခန္ဓာကိုယ်အချိုးအစား ပြေပြစ်သည့် မိန်းမချောကလေးကိုကြည့်၍ လောလောဆယ် သူ့ဒုက္ခကိုပင် မေ့သလိုလို ဖြစ်သွားသည်။

ခေါင်းဆောင်ဖြစ်ဟန်တူသော ဝတ်စုံနက်က ခုန်လိုက်ပြီး မိန်းမချောကလေးရှေ့ ဆယ်ပေခန့်အကွာတွင် ရပ်လိုက်သည်။



မိန်းမချောကလေးကလည်း ဖျတ်ခနဲ ရပ်လိုက်သည်။

ခေါင်းဆောင်ဝတ်စုံနက်က လေသံမာမာဖြင့် မေးသည်။

"နင် ဘယ်သူလဲ၊ ဘာဖြစ်လို့ တို့ကိစ္စမှာ ဝင်ရှုပ်ရတာလဲ"

မိန်းမချောကလေးကလည်း လေသံမာမာဖြင့် ပြန်ပြောသည်။

"ကျွန်မ ဘယ်သူလဲဆိုတာ ရှင် သိစရာ မလိုဘူး၊ ရှင်တို့တွေ ဘာဖြစ်လို့ ခုလို မတရားလုပ်နေကြသလဲ ဆိုတာသာ ကျွန်မသိချင်တယ်"

"ဟား... ဟား... ဟား... ဟား၊ မင်းရဲ့လေသံက တယ်ပြီး မာပါလား၊ ဒီမယ် မိန်းကလေး၊ မင်းအသက် အများကြီးငယ်ပါသေးတယ်၊ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စမှာ ဘာဖြစ်လို့ဝင်ပြီး စပ်စုချင်ရတာလဲ၊ နေရာတကာ စပ်စပ်စုစုလုပ်ရင် အထိနာတတ်တယ်နော်၊ အေးအေးဆေးဆေးသာ ထွက်သွားစမ်းပါလေ"

"ရှင်တို့ဖမ်းထားတဲ့ လူနှစ်ယောက်ကိုသာ လွှတ်ပေးလိုက်၊ ဒါဆို ကျွန်မ ထွက်သွားမယ်"

ခေါင်းဆောင်ဖြစ်သူ ဝတ်စုံနက်သည် သူ့လူဝတ်စုံနက်များကို ကြည့်လိုက်ပြီးမှ....

"ကဲ... ငါ့လူတို့၊ ဒီလောက်တောင် ဇွတ်တရွတ် နိုင်လှတဲ့ ကောင်မလေးကို တို့တွေ ဝိုင်းပြီး ပညာပေးလိုက်ကြရအောင်၊ လေးနဲ့ခြောက် ဒီကောင်မလေးကိုပါ ဖမ်းချုပ်ထားလိုက်၊ တို့ကိစ္စပြီးမှ ဒီကောင်မလေးကို စခန်းခေါ်သွားပြီး ဒီည ဟား... ဟား... ဟား"

ကျန်ဝတ်စုံနက်များအားလုံး သဘောခွေ့သွားကြကာ အားပါးတရ ရယ်မောလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်ဂူးဝမ်းနှင့် အထိန်းတော်ကြီး ကျိုဖေ့ကျန်းတို့သည် သူတို့အတွက်နှင့် မိန်းမချောကလေး ဒုက္ခရောက်ရမည့်အရေးကိုတွေးပြီး စိတ်ပူသွားကြသည်။

ဝတ်စုံနက်နှစ်ယောက်က ရယ်မောရှ် မိန်းမချောကလေးထံ တိုးတက်လာကြသည်။

မိန်းမချောကလေးကမူ စိုးရိမ်ပူပန်သည့် အသွင်မျိုး လုံးလုံးမရှိဘဲ မလှုပ်မယှက်သာ ရပ်မြဲရပ်နေသည်။

ဝတ်စုံနက် နှစ်ယောက်သည် မိန်းမချောကလေး၏ဝဲယာတစ်ဘက်တစ်ချက်ဆီသို့ လှစ်ခနဲရောက်လာပြီး ဖျတ်ခနဲ ဖမ်းချုပ်ကိုင်လိုက်ကြ၏။

သူတို့နှစ်ဦးစလုံး မိန်းမချောကလေး၏ အသားကို မထိခင်မှာပင် မိန်းမချောကလေးက လျှပ်တစ်ပြက် လှုပ်ရှားလိုက်သည်။

"ဘန်း... ဗုန်း"

"အင့်... အားရီး"

မိန်းမချောကလေး၏ လက်ဝါးရိုက်ချက်က ဝတ်စုံနက်နှစ်ယောက်ကိုထိသွားပြီး နှစ်ယောက်စလုံး နောက်ကိုခြေသုံးလှမ်းခန့် ယိမ်းယိုင်သွားကာ မြေပေါ်သို့ဖင်ထိုင်လျက် ကျသွားကြသည်။

ဝတ်စုံနက်နှစ်ယောက်ကို မိန်းမချောကလေးက အလွယ်တကူ တိုက်ခိုက်လိုက်နိုင်သဖြင့် သူမအတွက် စိုးရိမ်နေကြသော ချန်ဂူးဝမ်းနှင့်အထိန်းတော်ကြီး ကျိုဖေ့ကျန်းတို့သည်လည်း ဝမ်းသာအားတက်သွားကြတော့၏။

"ဝိုင်းတိုက်"

ထိုစဉ်ခေါင်းဆောင်ဖြစ်သူ ဝတ်စုံနက်ထံမှ အမိန့်ပေးသံ



ပေါ်လာသည်။

သူသည် နောက်ဘက်ကို ဖျတ်ခနဲလှည့်လိုက်ပြီး သူ၏ ညာဘက်လက်ဖဝါးနှင့် ချန်ဂူးဝမ်း ရင်ဘတ်ကို လွှဲရိုက်လိုက်သည်။

"ဗုန်း...."

"အွန်း...."

ချန်ဂူးဝမ်းသည် မည်သို့မျှ မရှောင်တိမ်းနိုင်တော့ဘဲ ရိုက်ချက်မိသွားသည်။

သူ့ပါးစပ်မှ သွေးများလည်း ပွက်ခနဲ ထွက်လာသည်။ ဝတ်စုံနက်နှစ်ယောက်က လွှတ်လိုက်ရာ ချန်ဂူးဝမ်းမှာ မြေပေါ် ဝုန်းခနဲကျသွားသည်။

"လူလေး"

အထိန်းတော်ကြီး ကျိုဖေ့ကျန်းက စိုးရိမ်တကြီး ခေါ်လိုက်သည်။

ထိုစဉ် မိန်းမချောလေးမှာ ခုန်ဝင်လာပြီး ဝတ်စုံနက်များကို စတင် တိုက်ခိုက်လေတော့သည်။

ဝတ်စုံနက်သုံးယောက်က မိန်းမချောလေးကို ပြန်တိုက်သည်။

ပထမဦးဆုံး မိန်းမချောလေး၏ ရိုက်ချက်ကို မိသွားကြသော ဝတ်စုံနက်နှစ်ယောက်မှာ ယိမ်းယိမ်းယိုင်ယိုင်နှင့် ပြန်ရပ်နေကြ၏။

ကျန်ဝတ်စုံနက်တစ်ယောက်ကမူ အထိန်းတော်ကြီး ကျိုဖေ့ကျန်းကို ချုပ်ကိုင်ထားတုန်းပင်။

ချန်ဂူးဝမ်းမှာမူ မြေပေါ်တွင် လဲကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံနက်များနှင့် မိန်းမချောလေးသည် လက်နက်များ ထုတ်မသုံးဘဲ လက်ဝါးသိုင်းကွက်များဖြင့် တိုက်ခိုက်နေကြခြင်း ဖြ လေသည်။



## အခန်း(၅)

## ကယ်တင်ရှင်မိန်းမချော

အထိန်းတော်ကြီး ကျိဖေ့ကျန်းသည် ချန်ဂူးဝမ်းအတွက် စိုးရိမ်ပူပန်နေသလို မိန်းမချောလေးနှင့် ဝတ်စုံနက်များ၏တိုက်ပွဲကို လည်း ရင်တထိတ်ထိတ်နှင့်ကြည့်နေမိသည်။

ယခုအခါ ပထမဦးစွာ မိန်းမချောလေး၏ ရိုက်ချက်ကို မိထားကြသော ဝတ်စုံနက်နှစ်ယောက်ပါ သူမကို ဝိုင်းတိုက်နေကြပြီ ဖြစ်၍ သူမသည် ဝတ်စုံနက်ငါးယောက်နှင့်တိုက်ခိုက်နေရသည်။

"ဝှစ်... ဝှစ်... ဝှစ်"

"ဗိုး... ဗိုး"

"ဝှစ်... ဝှစ်"

လက်ဝါးရိုက်ချက်များက လူကိုမထိဘဲ လေကိုသာ တိုးဝှေ့နေကြသည်။

မိန်းမချောကလေးက ပေါ့ပါးသွက်လက်စွာ ဝတ်စုံနက်များကို ပြန်လည်တိုက်ခိုက်လျှက်ရှိသည်။

"ဖြန်း... ဖြန်း"

www.burmeseclassic.com

www.burmeseclassic.com



"အွန်… အင့်"

မိန်းမချောကလေးက ကိုယ်ကို ချာခနဲလှည့်၍ သူ့ဓား လက်ဝါးနှစ်ဖက်ကို ဆန့်ထုတ်လိုက်သည်။

ဝတ်စုံနက်နှစ်ယောက်၏ ရင်ဘတ်ကိုရိုက်မိသွားပြီး လဲကျ သွားကြသည်။

ကျန်ဝတ်စုံနက်သုံးယောက်က သူတို့ခါးမှ ဓားမြှောင်ရှည် များကို ဆွဲထုတ်ကြပြီး မိန်းမချောလေးကို တရကြမ်းပင် တိုက်ခိုက် ကြပြန်သည်။

အထိန်းတော်ကြီး ကျိုဖေ့ကျုန်းကို ဖမ်းချုပ်ထားသောဝတ်စုံ နက်ကလည်း သူမကိုလွှတ်လိုက်ပြီး ဓားမြှောင်ရှည်ကို ဆွဲထုတ်ကိုင် ကာ တိုက်ပွဲတွင်းသို့ခုန်ဝင်သွားသည်။

ထိုအခါမှ အထိန်းတော်ကြီး ကျိုဖေ့ကျုန်းသည် မြေပေါ်တွင် လဲကျနေသော ချန်ဂူးဝမ်းထံ ကတိုက်ကရိုက် ပြေးသွားသည်။

ချန်ဂူးဝမ်းကို စိုးရိမ်တကြီး ပွေ့ထူသည်။

"လူလေး… လူလေး"

ချန်ဂူးဝမ်းသည် လက်ဝါးဖြင့် ရင်ဘတ်ကိုဖိကာ နာကျင်စွာ ညည်းညူနေသည်။

သူ့ပါးစပ်မှထွက်သော သွေးများက အင်္ကျီရင်ဘတ်တွင် စွန်း ပေနေသည်။

သူသည် သတိမေ့သွားခြင်းတော့ မရှိချေ။

ကျိုဖေ့ကျုန်းသည် ချန်ဂူးဝမ်းအတွက် စိုးရိမ်စိတ်ကြောင့် မိန်းမချောလေးနှင့်ဝတ်စုံနက်များ၏ တိုက်ပွဲကိုပင် မကြည့်နိုင်တော့ ချေ။



"လူလေး… လူလေး သတိရတယ်နော်"

"ဟုတ်… ဟုတ်ကဲ့"

ချန်ဂူးဝမ်းသည် လေသံသဲ့သဲ့ဖြင့် ပြန်ပြောသည်။

ချန်ဂူးဝမ်းရသော ဒဏ်ရာမှာ အသက်ဘေးအန္တရာယ် မ ဖြစ်နိုင်ကြောင်း ကျိုဖေ့ကျုန်း အကဲခတ်မိသဖြင့် အနည်းငယ် စိတ် သက်သာရာ ရသွားမိသည်။

"အားရီး…."

"အား…."

တိုက်ပွဲဆီမှ ညည်းတွားအော်ဟစ်သံ ပေါ်လာသည်။

ထိုအခါ ကျိုဖေ့ကျုန်းသည် တိုက်ပွဲဆီကို ကြည့်လိုက်မိ သည်။

ဝတ်စုံနက်နှစ်ယောက် ဖင်ထိုင်လျက် လဲကျသွားသည်ကို မြင်ရသည်။

သို့သော် ၎င်းဝတ်စုံနက်နှစ်ယောက်သည် ကမန်းကတန်း ပြန်ထရပ်ပြီး မိန်းမချောကလေးကို မတိုက်ကြတော့ဘဲ တစ်ရှိန်ထိုး ထွက်ပြေးသွားကြတော့သည်။

ဒဏ်ရာလုံးလုံးမရသော ဝတ်စုံနက်နှစ်ယောက်ကလည်း နောက်ကိုခုန်ဆုတ်ကာ ဒဏ်ရာအနည်းငယ်ရထားသော ဝတ်စုံနက် နှစ်ယောက်ကို ကတိုက်ကရိုက် ဆွဲခေါ်၍ ထွက်ပြေးသွားကြပြန် သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံနက်များအားလုံး ထွက်ပြေးသွားကြသည့်အတွက် အထိန်းတော်ကြီးကျိုဖေ့ကျန်းမှာ များစွာ စိတ်သက်သာရာ ရသွားလေသည်။

မိန်းမချောလေးသည် ဝတ်စုံနက်များနောက်ကို မလိုက်တော့ဘဲ ပျောက်ကွယ်သွားသည်အထိ မျက်စိတစ်ဆုံး ကြည့်နေသေးသည်။

နောက်မှ ချန်ဂူးဝမ်းနှင့် ကျိုဖေ့ကျန်းတို့ထံ လျှောက်လာသည်။

သူ့ထံသို့ မိန်းမချောလေး လျှောက်လာနေသည်ကိုမြင်ရသောအခါ ချန်ဂူးဝမ်းက အားယူ၍ ထရပ်သည်။

ကျိုဖေ့ကျန်းက ဖေးမတွဲထူသည်။ ချန်ဂူးဝမ်းမှာ ကျိုဖေ့ကျန်းတွဲထားသည့်တိုင်အောင် ဒယိမ်း ဒယိုင်ဖြစ်နေသည်။

သူ့ရှေ့တွင် မိန်းမချောကလေးရပ်လိုက်သည်နှင့် ချန်ဂူးဝမ်းသည် နာကျင်သောဝေဒနာ ခံစားနေရာမှ အားယူ၍ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ခင်ဗျားသာ ရောက်မလာရင် သူတို့က ကျွန်တော့်ကိုသတ်...."

မိန်းမချောကလေးက လက်ကာပြလိုက်ပြီး....

"ရှင် စကားမပြောနဲ့ဦး၊ ရှင့်မှာ အတွင်းဒဏ်ရာ ရထားတယ်၊ တင်ပျဉ်ခွေ ပြန်ထိုင်လိုက်ဦး"



ချန်ဂူးဝမ်းသည် မိန်းမချောလေးက သူ့ကိုအဘယ်ကြောင့် တင်ပျဉ်ခွေထိုင်ခိုင်းကြောင်း မသိသော်လည်း အသက်သခင် သူ၏ ကျေးဇူးရှင်ဖြစ်နေသောကြောင့် ပြန်ထိုင်ရသည်။

အထိန်းတော်ကြီး ကျိုဖေ့ကျန်းက ဖေဖေးမမနှင့် တွဲထားသည်။

မိန်းမချောကလေးသည် ချန်ဂူးဝမ်း၏နောက်နားတွင် လာရပ်သည်။ ပြီးမှ အထိန်းတော်ကြီး ကျိုဖေ့ကျန်းကို ပြောသည်။

"သူ့ကိုလွှတ်လိုက်ပါ အဒေါ်၊ လောလောဆယ် သူ့ရဲ့အတွင်းဒဏ်ရာကို ကျွန်မအတွင်းအားနဲ့ကုပေးမယ်၊ ကင်းကင်းရှင်းရှင်း မပျောက်ပေမယ့် နေလို့ထိုင်လို့တော့ အတော်ကလေး သက်သာလိမ့်မယ်၊ အဒေါ်က ဘေးပတ်ဝန်းကျင်ကို ခဏလောက် ဂရုစိုက်ကြည့်ပေးပါ၊ ဘယ်သူလာနေတာပဲတွေ့တွေ့ ကျွန်မကို ပြောပါ"

အထိန်းတော်ကြီး ကျိုဖေ့ကျန်းကလည်း မိန်းမချောပြောသည့်အတိုင်း လိုက်နာလိုက်သည်။

မိန်းမချောကလေးက တင်ပျဉ်ခွေထိုင်နေသော ချန်ဂူးဝမ်းနောက်တွင်ကပ်၍ တင်ပျဉ်ခွေထိုင်ချလိုက်သည်။ ပြီးမှ ချန်ဂူးဝမ်းကို ပြောသည်။

"ရှင့်မျက်လုံးတွေကို မှိတ်ထားနော်၊ ကျွန်မ ပြန်မဖွင့်ခိုင်းမချင်း မဖွင့်နဲ့"

ချန်ဂူးဝမ်းက ဘာမှပြန်မပြောဘဲ ခေါင်းကိုသာ ညိတ်ပြသည်။

မိန်းမချောကလေးက သူမ၏လက်နှစ်ဖက်ကို ရှေ့သို့ဆန့်တန်းပြီး လက်ဝါးနှစ်ဖက်ကို ချန်ဂူးဝမ်းကျောပြင်တွင် ထိကပ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

အတွင်းအားဖြင့် ကုစားနည်းအကြောင်းကို အနည်းငယ်ကြားဖူးနားဝရှိထားသော ချန်ဂူးဝမ်းသည် မျက်လုံးအစုံကိုမှိတ်ပြီး အာရုံကိုမပြန့်လွင့်အောင် အတတ်နိုင်ဆုံးစုစည်းထားသည်။

မိန်းမချောလေး၏လက်ဝါးနှစ်ဖက်က သူ့ကျောကို မထိခင်ကဆိုလျှင် သူ၏ရင်ဘတ်တွင် လွန်စွာ နာကျင်လျက်ရှိသည်။

သူ၏ အသည်းနှလုံးပင် ကွဲကြေသွားပြီလားဟု ထင်မှတ်ရလောက်အောင် ဝေဒနာခံစားနေရသည်။

မိန်းမချောလေး၏လက်ဝါး သူ့ကျောကို ထိကပ်ထားပြီး မကြာခင်မှာပင် သူ့တစ်ကိုယ်လုံး ထုံကျဉ်လာသည်။

နောက်သွေး ကြောများထဲမှ သွေးများတစ်ကိုယ်လုံး အနှံ့လည်ပတ်နေသကဲ့သို့ ခံစားလာရပြီး သူ့ရင်ထဲတွင်လည်း ပူနွေးလာသည်။

နာကျင်မှုဝေဒနာမှာ တဖြည်းဖြည်း လျော့ပါးလာသည်ကိုလည်း သတိပြုမိသည်။

နောက်အပူငွေ့များမှာ သူ့ခေါင်းဆီသို့ တက်လာပြီး ငယ်ထိပ်မှထွက်သွားသကဲ့သို့ ခံစားရပြန်လေသည်။

သူ့တစ်ကိုယ်လုံး စောစောကထက် ပေါ့ပါးလန်းဆန်း သွားသည်။

"ကဲ... မျက်လုံးဖွင့်လိုက်တော့"

မိန်းမချောကလေး၏အသံ ပေါ်လာသည်။

ချန်ဂူးဝမ်း မျက်လုံးအစုံကို အသာအယာ ဖွင့်လိုက်သည်။

သူ့မျက်လုံးမှာလည်း စောစောကထက် ကြည်လင်လာ



ကြောင်း သတိပြုမိသည်။

သူသည် အသက်ပြင်းပြင်းတစ်ချက် ရှုလိုက်ပြီး နောက်ဘက်မှ မိန်းမချောကလေးကို လှည့်ကြည့်သည်။

မိန်းမချောလေးသည် တင်ပျဉ်ခွေ၍ ထိုင်မြဲ ထိုင်နေပြီး မျက်လုံးအစုံကိုမှိတ်ထားသည်။

သူမ၏လက်ဝါးနှစ်ဖက်ကို ပေါင်ပေါ် တွင် တင်ထားသည်။

လွန်စွာမောဟိုက်နေသကဲ့သို့ အသက်ပြင်းပြင်းလည်း ရှူရှိုက်နေသည်။

မို့မောက်ဖွံ့ထွားသော သူမ၏ရင်နှစ်မွှာမှာ နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။

ချန်ဂူးဝမ်း ကြည့်နေစဉ်မှာပင် မိန်းမချောလေး မျက်လုံးပွင့်လာသည်။ ချန်းဂူးဝမ်းနှင့်အကြည့်ချင်း ဆုံမိကြသည်။

မိန်းမချောကလေးက နှမ်းလျှာစွာ ပြုံးလိုက်ပြီး....

"ရှင် သက်သာရဲ့လား"

"တော်တော်ကလေး သက်သာသွားပါပြီဗျာ၊ ခင်ဗျားကို ကျေးဇူးတင်ပြီးရင်း တင်ရင်းပါပဲ"

"ခဏသာ နေလို့ထိုင်လို့ သက်သာအောင် ကျွန်မက ရှင့်ကို လုပ်ပေးနိုင်တာ၊ ရှင်ရထားတဲ့ အတွင်းဒဏ်ရာ လုံးလုံးပျောက်သွားအောင်တော့ ကုရလိမ့်မယ်ဦးမယ်၊ လေးငါးဆယ်ရက်လောက်တော့ ကုရလိမ့်မယ် ထင်တယ်၊ ဒီလိုမှ မကုရင် ရှင်ဒုက္ခရောက်သွားနိုင်တယ်"

မိန်းမချောလေး၏စကားကြောင့် အထိန်းတော်ကြီးကျိုမေ့ကျန်း စိုးရိမ်သွားကာ ထိုင်ချလိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒုက္ခပါပဲကွယ်၊ အဒေါ်တို့တော့ ဘာမှနားမလည်ပါဘူး မိန်းကလေးရယ်၊ မိန်းကလေးနားလည်ရင် အတတ်နိုင်ဆုံး ကူညီပါဦးကွယ်"

"ကျွန်မလဲ အစအဆုံး ကူညီချင်ပါတယ် အဒေါ်၊ ဒါပေမယ့် ကျွန်မက ဖန်းလို့မြို့ကို အမြန်ဆုံးရောက်အောင် သွားရမှာမို့လို့"

"နေဦး မိန်းကလေး၊ မိန်းကလေးသွားမယ့် ဖန်းလို့မြို့နားက ပေယွှင်းစန်း တောင်ပေါ်မှာ ရှောင်လင်ကျောင်းတော်ကြီးရှိတယ် မဟုတ်လား"

မိန်းမချောလေးက မျက်မှောင်ကြုတ်လိုက်ပြီး....

"ဟုတ်ကဲ့ ရှိပါတယ် အဒေါ်၊ ဖန်းလို့မြို့ကနေ ရှောင်လင်ကျောင်းတော်ကြီးကို သွားမယ်ဆိုရင် နေ့ဝင်ခရီးလောက်ပဲ ဝေးပါတယ်၊ ဘာဖြစ်လို့လဲဟင်"

ချန်ဝူးဝမ်းက ဝမ်းသာအားတက်စွာဖြင့် ဝင်ပြောသည်။

"ဟာ... ဒါဆို ကျွန်တော်တို့က ရှောင်လင်ကျောင်းကြီးကို သွားကြမယ့် ခရီးသည်တွေပါ မမ၊ အဲ... မမလို့ပဲ ခေါ်ပါရစေနော်"

"ရှင့် အသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ရှစ်နှစ်ကျော်ရုံပဲ ရှိပါသေးတယ်"

"ကျွန်မအသက်က နှစ်ဆယ်ပြည့်တော့မယ်၊ အင်းလေ ရှင်ခေါ်ချင်သလို ခေါ်နိုင်ပါတယ်"

အထိန်းတော်ကြီး ကျိဖေ့ကျန်းက ဝင်မေးသည်။

"မိန်းကလေးရဲ့နာမည် သိခွင့်ရှိရင် သိပါရစေလားကွယ်"

"သိရပါတယ် အဒေါ်၊ ကျွန်မနာမည် ပိုင်ယီးယီးပါ"

"အဒေါ့်နာမည်က ကျိဖေ့ကျန်းပါကွယ်၊ ဟောဒီလူလေးကျ



ချန်ဝူးဝမ်းပါ၊ မိန်းကလေးက ဖန်းလို့မြို့ကို တစ်ယောက်တည်း သွားမှာလား"

"တစ်ယောက်တည်းပါပဲ အဒေါ်"

"အေးလေ... မိန်းကလေးအတွက် ဘယ်အဖော်လိုပါ့မလဲ၊ ဖြစ်နိုင်ရင် မိန်းကလေးရယ် မိန်းကလေးနဲ့အဒေါ်တို့ သွားကြမယ့်ခရီးစဉ်ဟာ ဖန်းလို့မြို့အထိတူနေတော့ အဒေါ်တို့နဲ့ မိန်းကလေးအတူ လိုက်ခဲ့ပြီး လူလေးရဲ့ဝေဒနာပျောက်ကင်းဖို့ အရေး အတတ်နိုင်ဆုံး အကူအညီပေးပါလား မိန်းကလေးရယ်"

"ဟုတ်ပါတယ် မမရယ်၊ ကျွန်တော်တို့သွားမယ့် ခရီးစဉ်မှာ မမ ပါလာမယ်ဆိုရင်တော့ ကျွန်တော်တို့အတွက် တအားပါပဲ၊ ဖြစ်နိုင်မယ်ဆိုရင် ဒီခရီးစဉ်ကို ကျွန်တော်တို့နဲ့ပဲ လိုက်ခဲ့စေချင်ပါတယ်"

မိန်းမချောလေး ပိုင်ယီးယီးက ပြုံးလိုက်ပြီး....

"ဖြစ်ပါတယ်... ခရီးစဉ်ချင်း တူနေတာပဲ၊ မောင်လေးမှာလဲ အတွင်းဒဏ်ရာ ရထားတယ်၊ ပြီးတော့ မောင်လေးကြည့်ရတာ သိုင်းပညာမတတ်ဘူးနဲ့တူတယ်"

ပိုင်ယီးယီးက ချန်ဝူးဝမ်းကို 'မောင်လေး'ဟူသောအ ခေါ်အဝေါ်လည်း ပြောင်းလိုက်သည်။

"ဟုတ်ကဲ့... မတတ်ပါဘူး မမရယ်"

"ဒါနဲ့များ ဒီလောက်ဝေးတဲ့ခရီးစဉ်ကို မောင်လေးတို့နှစ်ယောက်ထဲ ဘာဖြစ်လို့လာခဲ့ကြရတာလဲ၊ လမ်းခရီးမှာ ခုလိုအန္တရာယ်တွေ့တော့ မခက်ဘူးလား"

"ကျွန်တော်တို့နှစ်ယောက်ထဲ ဒီခရီးစဉ်ကိုလာခဲ့ကြတာ မဟုတ်ပါဘူးမမ၊ ကျွန်တော်တို့ကို စောင့်ရှောက်ဖို့ သိုင်းသမားတွေလဲ

www.burmeseclassic.com

www.burmeseclassic.com



ပါလာခဲ့ကြပါတယ်၊ ဟိုတောထဲမှာ အခု ကျွန်တော်တို့ကို နှိပ်စက်တဲ့လူဆိုးတွေရဲ့လက်ချက်နဲ့ ဒဏ်ရာရပြီး ကျန်နေခဲ့ကြပါတယ် မမ"

ပိုင်ယီးယီးက တောအုပ်ကြီးဆီ ကြည့်လိုက်ပြီးမှ....

"ဟင်... ဟုတ်လား၊ မောင်လေးတို့နဲ့ ပါလာတဲ့ သိုင်းသမားတွေက ဘယ်နှစ်ယောက်မို့လဲ"

"မြင်းလှည်းမောင်းတဲ့လူအပြင် သိုင်းသမား ဆယ့်နှစ်ယောက် ပါလာပါတယ်"

"အခု မမနဲ့တိုက်ကြတဲ့ လူဆိုးခြောက်ယောက်ဟာ သိုင်းပညာ ဒီလောက်ကြီးတောင် မထက်မြက်ကြပါဘူး၊ ဒါတောင် မောင်လေးရဲ့လူတွေက အင်အားများလျက်နဲ့ရှုံးတယ်ဆိုတော့ မောင်လေးနဲ့ ပါလာတဲ့ သိုင်းသမားတွေဟာ တော်တော့်ကိုညံ့တဲ့ သိုင်းသမားတွေဖြစ်မှာပဲ"

"ကျွန်တော့်လူတွေ ဘယ်သူသေပြီး ဘယ်သူရှင်သလဲ မသိဘူး၊ ဖြစ်ပွားခဲ့တဲ့နေရာကို ကျွန်တော် သွားကြည့်ချင်ပါတယ် မမ"

"သွားကြည့်ရမှာပေါ့ မောင်လေးရယ်"

"ဒါပေမယ့် ကျွန်တော် မြင်းလှည်း မမောင်းတတ်ဘူးမမ"

"ဟင်... ဖြစ်မှဖြစ်ရလေ မောင်လေးရယ်၊ ဒီအရွယ်တောင်ရောက်နေပြီ"

"ကျွန်တော့်ဘဝဖြစ်စဉ်ကို မမသိရရင် ဒီအရွယ်ရောက်တာတောင် ကျွန်တော် ဘာဖြစ်လို့ ဒီလောက်ညံ့နေတယ်ဆိုတာ မမသိရပါလိမ့်မယ်"

"ကဲပါလေ... မြင်းလှည်းပေါ် တက်ကြ၊ မမ မောင်းမယ်"

ဦးစွာ ပိုင်ယီးယီးသည် မြင်းလွတ်သုံးကောင်ဆီသို့ လျှောက်



သွားပြီး မြင်းဇက်ကြိုးကိုဆွဲကာ မြင်းသုံးကောင်ကို မြင်းလှည်းနောက်ဘက်တွင် ချိတ်လိုက်သည်။

ချန်ဂူးဝမ်းနှင့် အထိန်းတော်ကြီး ကျိဖေ့ကျန်းတို့က မြင်းလှည်းပေါ် တက်ထိုင်ကြသည်။

ပိုင်ယီးယီးက မြင်းလှည်းမောင်းသူနေရာတွင် ဝင်ထိုင်ပြီး မြင်းလှည်းကို ပြန်လှည့်ကာ တောအုပ်ဆီသို့ မောင်းနှင်ခဲ့သည်။

တောအုပ်ကြီးထဲတွင် တောလမ်းများ များစွာရှိနေသဖြင့် ချန်ဂူးဝမ်းနှင့် အထိန်းတော်ကြီး ကျိဖေ့ကျန်းတို့က လမ်းညွှန်ပြကြသည်။

အတော်ကြာအောင် လာမိကြမှ တိုက်ပွဲဖြစ်ပွားခဲ့ရာနေရာသို့ ရောက်လာခဲ့ကြသည်။

"ဒီနေရာမှာပဲ ဟေ့၊ ရပ်တော့... ရပ်တော့"

ပိုင်ယီးယီးလည်း မြင်းလှည်းကို ရပ်လိုက်သည်။

သူမသည် ဘေးဘီပတ်ဝန်းကျင်ကို ကြည့်လိုက်ပြီး....

"ဘယ်သူမှလဲ မရှိပါလား မောင်လေး၊ ဒီနေရာမှ ဟုတ်ရဲ့လား"

ချန်ဂူးဝမ်းနှင့် အထိန်းတော်ကြီး ကျိဖေ့ကျန်းတို့လည်း ဘေးပတ်ပတ်လည်ကိုကြည့်ပြီး အံ့သြတကြီး ဖြစ်နေကြသည်။

ဤနေရာတွင် သူတို့ကို ဝတ်စုံနက်များ တိုက်ခိုက်ခဲ့ကြခြင်းဖြစ်ကြောင်း သူတို့ကောင်းစွာ မှတ်မိသည်။

သို့သော် ဤပတ်ဝန်းကျင်တွင် မကြာခင်က တိုက်ပွဲဖြစ်ပွားခဲ့သော လက္ခဏာမျိုးကိုမတွေ့ရချေ။

ဒဏ်ရာများဖြင့် ကျန်ခဲ့သော သူတို့၏ ဘက်တော်သား

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားများအနက် တစ်ဦးတစ်ယောက်ကိုမျှလည်း မတွေ့ရချေ။

ချန်ဝူးဝမ်းနှင့် ကျိဖေ့ကျန်းတို့သည် အံ့သြစိတ်ဖြင့် တစ်ဦးမျက်နှာကို တစ်ဦးကြည့်လိုက်မိကြသည်။

"ဒီနေရာပါပဲနော် မေမေကျိ၊ ကျွန်တော်တို့ နေရာမှားတာ မဟုတ်ပါဘူး"

"နေရာမမှားပါဘူး လူလေးရယ်၊ ဒီနေရာပါပဲ၊ မေမေကျိ ဒီမိုးမခပင်ကြီးနှစ်ပင်ကို သေချာမှတ်ထားတာပဲ"

ကျိဖေ့ကျန်းက လမ်းဘေးမှပူး၍ ပေါက်နေသော မိုးမခပင်ကြီးနှစ်ပင်ကို လက်ညှိုးထိုးပြပြီး ပြန်ပြောသည်။

ချန်ဝူးဝမ်းကလည်း ခေါင်းညိတ်၍....

"ဟုတ်ပါတယ်... ကျွန်တော်လဲ ဒီမိုးမခပင်ကြီးနှစ်ပင်ကို မှတ်မိနေတာပါပဲ၊ ဒါဖြင့် ဒဏ်ရာရပြီး ကျန်ခဲ့တဲ့ ကျွန်တော်တို့ရဲ့လူတွေ ဘယ်ရောက်ကုန်ပြီလဲ"

"သူတို့ဘာသာ သူတို့ ဒီကထွက်သွားတာလဲ မဖြစ်နိုင်ဘူး လူလေး၊ သူတို့တွေ လမ်းလျှောက်နိုင်လောက်အောင် အခြေအနေကောင်းတာ မဟုတ်ဘူး၊ သူတို့ဒဏ်ရာတွေ ပြင်းပြင်းထန်ထန် ရထားကြတယ်"

"ဟိုလူဆိုးတွေရဲ့ရန်ကို ကြောက်ပြီး ဒီအနီးအနားက လုံခြုံတဲ့နေရာတစ်နေရာမှာများ ပုန်းနေလား မသိဘူး"

ချန်ဝူးဝမ်း၊ ပိုင်ယီးယီးနှင့်ကျိဖေ့ကျန်းတို့ သုံးယောက်စလုံး မြင်းလှည်းပေါ်မှ ဆင်းလိုက်ကြပြီး အနီးအနားပတ်ဝန်းကျင်ကို သေချာစွာ ကြည့်ကြသည်။

မြေပြင်ကိုသေချာစွာ ငုံ့ကြည့်နေသော ပိုင်ယီးယီးက ခြေ



ထောက်ထိုင်လိုက်ပြီး....

"ဒီမှာ မောင်လေး၊ သွေးစ သွေးနတွေ တွေ့ရတယ်၊ မောင်လေးတို့ နေရာ မမှားတာတော့ အမှန်ပဲ"

ချန်ဝူးဝမ်းနှင့်ကျိဖေ့ကျန်းတို့လည်း သူတို့နှင့်ပါလာသူအချို့၏ နာမည်များကိုခေါ်ပြီး အနီးပတ်ဝန်းကျင်တွင် ရှာကြပြန်သည်။

သို့သော် မည်သူ၏အရိပ်အရောင်ကိုမျှ မတွေ့ရချေ။

အချိန်သာ အတော်ကလေး ကုန်သွားသည်။

⁂

အတွင်းဒဏ်ရာပြေသားသော ချန်ဝူးဝမ်းမှာလည်း အော်ရဟစ်ရ လှုပ်ရှားရလွန်းသဖြင့် သူ့ရင်ထဲတွင် နာကျင်လာ၏။

"မောင်လေးရဲ့လူတွေ ဒီအနီးအနားမှာ မရှိတော့တာတော့ သေချာသွားပြီ မောင်လေး၊ သူတို့ဘာသာ သူတို့ ဖေးဖေးမမနဲ့ ထွက်သွားကြပြီလား၊ ဒါမှမဟုတ် ဒီလမ်းကို ရောက်လာတဲ့ တခြားခရီးသွားတစ်စုက သူတို့ကိုတွေ့လို့ ခေါ်သွားတာမျိုးလဲ ဖြစ်နိုင်တယ်၊ လောလောဆယ် မောင်လေးအနေနဲ့ သိပ်ပြီးအပင်ပန်းခံလို့ မဖြစ်ဘူး၊ မောင်လေးရထားတဲ့ အတွင်းဒဏ်ရာက ပိုဆိုးလာလိမ့်မယ်"

"အဒေါ်တို့တွေ သူတို့ကို ဘယ်လိုလုပ်ရှာမလဲ"

"သူတို့တွေ ဘယ်ဘက်ကိုသွားကြတယ်မှ မသိတာ လိုက်ရှာဖို့ မလွယ်ဘူး အဒေါ်၊ ဒီမှာက လမ်းခွဲတွေ အများကြီး၊ အဒေါ်တို့ရဲ့ခရီးစဉ်က သူတို့တွေပါမှ ဖြစ်မှာလား"

www.burmeseclassic.com

www.burmeseclassic.com



"လူလေး ချန်ဂူးဝမ်းတစ်ယောက်တည်း ရှောင်လင်ကျောင်းကြီးကို ရောက်သွားမယ်ဆိုရင်လဲ ဖြစ်ပါတယ်ကွယ်"

"ဒါဆိုလဲ ကျွန်မတို့ပဲ ခရီးဆက်ကြရင် ကောင်းမယ် အဒေါ်၊ အဒေါ်တို့ကို ရှောင်လင်ကျောင်းတော်ကြီးရောက်အောင် ကျွန်မ ပို့ပေးပါ့မယ်၊ ဒဏ်ရာရသွားတဲ့ အဒေါ်တို့လူတွေလဲ ဒဏ်ရာပျောက်ရင် ရှောင်လင်ကျောင်းတော်ကြီးကို လိုက်ချင် လိုက်လာကြလိမ့်မယ်၊ ဒါမှမဟုတ်လဲ အိမ်ကိုပြန်ကြလိမ့်မပေါ့"

"အေးကွယ်... ခုမှတော့ မိန်းကလေး ပြောသလို လုပ်ရမှာပဲ၊ အဒေါ်နဲ့လူလေးတို့အတွက်တော့ သူတို့တွေ ပါတာထက် မိန်းကလေးပါတာကမှ ပိုပြီး အားကိုးရပါသေးတယ်ကွယ်၊ လောလောဆယ် လူလေးက အတွင်းဒဏ်ရာရနေတော့ သူ့ကို ပိုပြီးငဲ့ရလိမ့်မယ်"

သူတို့အားလုံး မြင်းလှည်းပေါ် ပြန်တက်ကြသည်။ ပိုင်ယီးယီးက မြင်းလှည်းကိုမောင်းပြီး ထွက်ခွာသွားကြသည်။

တကယ်တမ်းတွင်မူ ချန်ဂူးဝမ်း၏လူများကို မည်သူခေါ်ဆောင်သွားကြောင်း ပိုင်ယီးယီး သိပါသည်။

ချန်ဂူးဝမ်းတို့လူစုကို စတင်တိုက်ခိုက်သော ဝတ်စုံနက်ခြောက်ယောက်မှာ ကြောင်နက်အဖွဲ့ဝင် လူဆိုးခြောက်ယောက်ဖြစ်ပြီး ဒဏ်ရာရထားသော ချန်ဂူးဝမ်း၏လူများကို ခေါ်ဆောင်သွားသူမှာ ဖုန်းဖေးပင် ဖြစ်လေသည်။

အားလုံးအကွက်ရိုက်ကာ သေချာစွာ စီစဉ်၍ ဤဇာတ်ကွက်ကို ဖန်တီးခဲ့ခြင်းဖြစ်၏။

ဝတ်စုံနက်များက ချန်ဂူးဝမ်း၏လူများကို တိုက်သည်။

ချန်ဂူးဝမ်းနှင့်ပါလာသော သိုင်းသမားဆယ့်နှစ်ယောက်မှာ



သိုင်းပညာ အဆင့်နိမ့်ကျသူများဖြစ်ကြောင်း ဒုတိယနယ်စားကြီး ချိုကုဖိန်းထံမှ တစ်ဆင့် ဖုန်းဖေးသိရသည်။

ထို့ကြောင့် သူ့လူခြောက်ယောက်ကိုသာ လွှတ်ပြီး ချန်ဂူးဝမ်းနှင့်ပါလာသော သိုင်းသမားဆယ့်နှစ်ယောက်ကို တိုက်ခိုက်စေခြင်း ဖြစ်၏။

သို့သော် ပိုင်ယီးယီးက မည်သူ့ကိုမှ သေလောက်အောင် မတိုက်ရဟု အရေးဆိုလာသဖြင့် ဒဏ်ရာရရုံသာ တိုက်ခိုက်ကြသည်။

နောက် ဝတ်စုံနက်ခြောက်ယောက် လက်ထဲမှ ချန်ဂူးဝမ်းနှင့်ကျိုဖေ့ကျန်းကို ပိုင်ယီးယီးက ကယ်သည်။

ဤသို့ ကယ်တင်ခြင်းမှာလည်း အကြိတ်အခြောက်လုပ်၍ ကယ်တင်ခြင်းသာ ဖြစ်၏။

အကယ်၍ ချန်ဂူးဝမ်းက တိုက်ပွဲဖြစ်ပွားရာသို့ ပြန်လာလျှင် သူ့လူများနှင့်မတွေ့စေရန် ဖုန်းဖေးက ခရီးသွားရန်... မြင်းလှည်းဖြင့်တင်၍ ခေါ်ဆောင်သွားခြင်းဖြစ်၏။

ဖုန်းဖေးသည် ထိုလူများကို ... တစ်နေရာသို့ ပို့ပေးမည်ဟု ပိုင်ယီးယီးကို ကတိပေးထားသည်။

သူ့လူများနှင့် ချန်ဂူးဝမ်းပြန်မတွေ့ရလျှင် ... ပိုင်ယီးယီးနှင့်သာ ခရီးသွားနိုင်မည် မဟုတ်လား။

သို့မှသာ ပိုင်ယီးယီးသည် ချန်ဂူးဝမ်းနှင့် နီးစပ်ရန် ခက်ခက်ခဲခဲမရှိဘဲ ကြိုးစားနိုင်မည် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

## လှည်းကွက်

ညဘက်တွင် ချန်ဂူးဝမ်းတို့သည် စမ်းချောင်းကလေးတစ်
၏ ဘေးရှိ မြက်ခင်းလွင်ပြင်တွင် စခန်းချ ရပ်နားကြသည်။

မြင်းလှည်းနှင့်မနီးမဝေးတွင် မီးပုံကြီးတစ်ပုံကိုလည်း
ထားကြသည်။

မြင်းလှည်းထဲတွင် စားနပ်ရိက္ခာများ ပါလာသဖြင့် တေ
လမ်းခရီးတွင် စခန်းချ ရပ်နားခြင်းဖြစ်သော်လည်း သူတို့သည် အဝေ
အသောက် ပြည့်စုံကြသည်။

ပိုင်ယီးယီးသည် သူမတွင် ပါလာသောဒဏ်ကြေဆေးများ
ကို ချန်ဂူးဝမ်းအား တိုက်သည်။

ပြီးနောက် အတွင်းအား ကုစားနည်းနှင့်လည်း ကုသပေ
သည်။

ချန်ဂူးဝမ်းနှင့် ကျိဖေ့ကျုန်းတို့သည် ပိုင်ယီးယီးအား လွန်
ကျေးဇူးတင်နေကြသည်။ အားလည်း ကိုးကြသည်။

အကယ်၍ ပိုင်ယီးယီးသာ သူတို့နှင့်အတူတူ ပါမလာခဲ့လျှ



သူတို့သည် ဤခရီးကိုဆက်လာနိုင်ကြလိမ့်မည် မဟုတ်ချေ။

အတွင်းဒဏ်ရာရနေသော ချန်ဂူးဝမ်းလည်း ဒုက္ခရောက်ပေလိမ့်မည်။

အတွင်းအားနှင့် ကုစားအပြီးတွင် သူတို့သုံးယောက်ဝိုင်းပြီး ညစာစားကြသည်။

အထိန်းတော်ကြီး ကျိဖေ့ကျုန်းက ပိုင်ယီးယီးကို လှိုက်လှဲစွာ ကျေးဇူးတင်စကား ဆိုသည်။

"အဒေါ်တို့နဲ့အတူ မိန်းကလေးပါလာလို့ တော်သေးတာပေါ့ကွယ်၊ နို့မို့ဆို အမေတို့ ရှေ့တိုးရမလား၊ နောက်ပြန်ဆုတ်ရမလားလို့ ဝေခွဲရတောင် ခပ်ခက်ခက်၊ အတွင်းဒဏ်ရာရနေတဲ့လူလေးလဲ ဒုက္ခရောက်လိမ့်မယ်၊ မိန်းကလေးကိုတော့ ကျေးဇူးတင်လို့မဆုံးတော့ပါဘူးကွယ်"

ချန်ဂူးဝမ်းကလည်း လှိုက်လှိုက်လှဲလှဲ ဝင်ပြောသည်။

"ဟုတ်ပါတယ် မမရယ်၊ မမရဲ့ကျေးဇူးကတော့ ကျွန်တော်တို့ အပေါ်မှာ ဆပ်လို့ကုန်မှာ မဟုတ်တော့ပါဘူး၊ မမရဲ့ကျေးဇူးကို ကျွန်တော့်တစ်သက်မှာ မမေ့တော့ပါဘူး"

"ကျေးဇူးတင်စရာ မလိုပါဘူး မောင်လေးရယ်၊ မမအနေနဲ့ ခရီးသွားဟန်လွဲဆိုသလို ဒုက္ခရောက်နေတဲ့ မောင်လေးတို့ကို ကူညီတာပဲ၊ ဒီနေရာမှာ မောင်လေးတို့တင် မဟုတ်ဘူး၊ တခြားဘယ်သူပဲဖြစ်ဖြစ် မမကတော့ ကူညီရမှာပါပဲ"

ပိုင်ယီးယီးသည် နှုတ်မှ ဤသို့ပြောလိုက်ရသော်လည်း စိတ်ထဲတွင်မူ မကောင်းလှချေ။

တကယ်တမ်းမူ သူမအနေနှင့် ချန်ဂူးဝမ်း တို့ကိုကူညီခြင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



စေတနာသန့်သန့်နှင့်မဟုတ်ဘဲ ချန်ဝူးဝမ်းထံမှ ရှင်ရှန်းသိုင်းကျမ်းနှင့် သတို့သမီး၏ လက်ဝတ်ရတနာများကို ရယူလိုသောကြောင့် ဖြစ်လေသည်။

ဤအလုပ်မျိုးကို သူမသည် အနည်းငယ်မှ မလုပ်ချင်ပေ။

သို့သော် အသေဆိုးနှင့်သေရတော့မည့် ဖခင်ကြီးဝိုင်ကျန်းကို ကယ်တင်ရန် ဤနည်းလမ်း တစ်လမ်းသာ ရှိသဖြင့် မလွှဲသာ၍ လုပ်ခဲ့ရခြင်း ဖြစ်သည်။

"အေးကွယ်... မိန်းကလေးရဲ့စေတနာနဲ့ အစွမ်းသတ္တိကို တော့ ချီးကျူးပါတယ်ကွယ်၊ ဒါနဲ့ မိန်းကလေးက ဖန်းလိုမြို့မှာ နေတာလားကွယ်"

"ဖန်းလိုမြို့မှာ ကျွန်မရဲ့ဦးလေးတစ်ယောက် နေတယ်ဆိုတာ သတင်းကြားလို့ ဦးလေးနဲ့တွေ့ရအောင် လာခဲ့တာပါ အဖေါ်၊ ကျွန်မဟာ ငယ်ငယ်ကလေးတည်းက မန်းစန်းတောင်ပေါ်မှာ ကြီးပြင်းလာခဲ့ရတာပါ၊ မန်းစန်းတောင်ပေါ်က မိုးကြိုးသိုင်းသမားကြီး လီခုံချိဆီမှာ သိုင်းပညာသင်ကြားရင်း ကြီးပြင်းလာရတာ ဆိုပါတော့၊ ကျွန်မရဲ့မိဘတွေကတော့ မန်းစန်းတောင်ပေါ်မှာ ကျွန်မနေတုန်း ကလူဆိုးလူရမ်းတွေရဲ့ လက်ချက်နဲ့သေဆုံးကုန်ကြပါပြီ"

"အို... ဖြစ်မှဖြစ်ရလေကွယ်"

"မမမှာလဲ အဖေအမေ မရှိတော့ဘူးကိုး၊ ကျွန်တော်လဲ မမ လိုပါပဲ မရှိရှာယ်၊ ကျွန်တော့်မှာလဲ ဖေဖေမေမေ မရှိတော့ပါဘူး ဆွေမျိုးသားချင်းဆိုလို့လဲ မရှိတော့ပါဘူး၊ ဟောဒီ မေမေကျိုက သားရင်းတစ်ယောက်လို့ သဘောထားပြီး ပြုစုစောင့်ရှောက်လာလို့သာ



သူမ၏အကြံအစည်ဖြစ်သော ရည်ရွယ်ချက် အောင်မြင်ရေးအတွက် ဗိုင်ယီးယီးသည် မှသားသုံးလိုက်ရခြင်းဖြစ်၏။

ဤကဲ့သို့ ထုပ်ဖော်ခဲ့ရသော်လည်း ဖန်းမေးက မှာကြားလိုက်လေသည်။

ဗိုင်ယီးယီးသည် ချန်ဝူးဝမ်းကို ကရုဏာသက်စွာ ပြန်ကြည့်ပြီး....

"အော်... မောင်လေးမှာလဲ မိဘဆွေမျိုးသားချင်း မရှိတော့ဘူးကိုး၊ မမမှာတော့ ဖန်းလိုမြို့မှာနေတဲ့ ဦးလေးရှိနေလို့ တော်သေးတာပေါ့၊ အဲဒီဦးလေးတာလဲပြီး မမမှာ တခြားဆွေမျိုးသားချင်း အားကိုးအားထားတစ်ယောက်မှ မရှိတော့ပါဘူး၊ မမရဲ့ဦးလေးနဲ့ မမ မတွေ့ရတာတောင် ဆယ်နှစ်ကျော်သွားပါပြီ"

"ဟင်... ဒါဆို မိန်းကလေးကို မိန်းကလေးရဲ့ဦးလေးက မှတ်မိပါ့မလား"

ဗိုင်ယီးယီးက ညာဘက်လက်ခလယ်တွင် ဝတ်ထားသော လက်စွပ်ကိုပြပြီး....

"ဒီလက်စွပ်ဟာ ကျွန်မ မေမေရဲ့ လက်စွပ်ပါ အဒေါ်၊ ကျွန်မကို မမှတ်မိတောင် ဒီလက်စွပ်ကိုပြရင် ကျွန်မကို သူသိမှာပါ၊ ကျွန်မကတော့ ဦးလေးကို မှတ်မိပါတယ်"

"ဒါဖြင့် မိန်းကလေး ပြောပါ အဒေါ်"

"အဒေါ်တို့ကတော့ ဒီခရီးကိုမသွားအားလို့ မသိဘူး၊ ဖန်းလိုမြို့ကိုရောက်အောင် နောက်ထပ် ဘယ်နှစ်ရက် ဆက်သွားကြရဦးမလဲကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"တောင်ဆင်း တောင်တက် ဖြတ်လမ်းတွေက သွားမယ်ဆို ရင်တော့ ခြောက်ရက် ခုနစ်ရက်လောက်နဲ့ရောက်နိုင်ပါတယ် အဒေါ်၊ ဒါပေမယ့် ဖြတ်လမ်းက အဒေါ်တို့တွေ သွားနိုင်ကြမှာ မဟုတ်ဘူး ကိုယ်ဖော့ပညာကောင်းတဲ့ သိုင်းသမားတွေမှ သွားလို့ရမှာ၊ မြင်း လှည်းနဲ့ပဲ လမ်းကောင်းက သွားကြမယ်ဆိုရင်တော့ ဆယ်ရက် လောက် သွားရပါလိမ့်ဦးမယ်"

"မိန်းကလေးက ဘယ်လမ်းက သွားမှာလဲ"

"ကျွန်မတစ်ယောက်တည်းဆိုရင်တော့ ဖြတ်လမ်းက သွား မလို့ပါပဲ၊ အဒေါ်တို့ပါနေတော့ အဒေါ်တို့နဲ့ပဲ အတူ သွားရတော့မှာ ပေါ့"

"အေးကွယ်... အများကြီး ကျေးဇူးတင်ပါတယ်၊ မိန်းက လေးကိုလဲ အဒေါ်တို့ အများကြီး အားကိုးပါတယ်၊ အဒေါ်တို့နဲ့ လိုက် ရတဲ့အတွက် ဖန်းလို့မြို့ကို မိန်းကလေးသုံးလေးရက်တော့ နောက်ကျ ပြီးမှ ရောက်မှာပေါ့"

"ကိစ္စမရှိပါဘူး အဒေါ်"

"လူလေးမှာ ရထားတဲ့အတွင်းဒဏ်ရာကော ဖန်းလို့မြို့ကို ရောက်ခင် ကင်းကင်းရှင်းရှင်း ပျောက်နိုင်ပါ့မလားကွယ်"

"ကျွန်မမှာ ဆေးတွေလဲ ပါပါတယ် အဒေါ်၊ ပြီးတော့ မောင် လေးကို အတွင်းအားနဲ့လဲ ကုပေးဦးမှာပါ၊ ဖန်းလို့မြို့မရောက်ခင် မောင်လေးရဲ့အတွင်းဒဏ်ရာ ပျောက်နိုင်ပါတယ်"

ထိုစကားကြောင့် ချန်ဂူးဝမ်းနှင့် ကျိုဖေ့ကျုန်းတို့မှာ ဝမ်းသာ ကြရသည်။

ထိုညက ပိုင်ယီးယီးနှင့် ကျိုဖေ့ကျုန်းတို့က အတူအိပ်ကြ



သည်။ ချန်ဂူးဝမ်းက သီးခြားအိပ်သည်။ သူတို့အားလုံး သတိနှင့် တော့ အိပ်ကြသည်။

နောက်နေ့တွင် ပိုင်ယီးယီးက မြင်းလှည်းကိုမောင်း၍ခရီး ဆက်ခဲ့ကြ၏။ လာခဲ့သည့် ခရီးစဉ်ဆယ်ရက်လုံးလုံး သူတို့သည် မည် သည့် အနှောင့်အယှက်ကိုမှ ထပ်၍ မတွေ့ကြရချေ။

ယင်းဆယ်ရက် ခရီးစဉ်တွင် သူတို့သည် နေ့ဘက်ခရီးနှင် ညဘက်တွင် စခန်းချ နားခဲ့ကြသည်။

တောထဲ တောင်ထဲတွင်လည်း စခန်းချအိပ်ခဲ့ရသည်။ ရွာ ကြီး ရွာငယ်များတွင်လည်း အိပ်ခဲ့ရသည်။

လမ်းခရီးရှိမြို့များတွင် စခန်းချရပ်နားသောအခါ တည်းခို ခန်းများ၌ တစ်ညတာ တည်းခိုခဲ့ကြသည်လည်းရှိ၏။

လာခဲ့သည့် ခရီးစဉ်တလျှောက်လုံး ပိုင်ယီးယီးသည် ချန်ဂူး ဝမ်းကို ဂရုတစိုက်ဖြင့် အတွင်းဒဏ်ရာပျောက်ကင်းစေရန် ဆေးဝါး ကျွေး၍လည်းကောင်း၊ အတွင်းအားနည်းဖြင့်လည်းကောင်း ကုစားခဲ့ လေသည်။

ချန်ဂူးဝမ်းသည် ပိုင်ယီးယီး၏ပြုစုယုယမှုအပေါ် သာယာမိ သည်။

သူ့တစ်သက်တွင် အထိန်းတော်ကြီး ကျိုဖေ့ကျုန်းမှလွဲပြီး သူ့ကို ကြင်ကြင်နာနာ ပြုစုယုယခြင်းကို မခံခဲ့ရချေ။

ဖခင်ကြီးရှိစဉ်ကလည်း ဖခင်ကြီးသည် များစွာသော အလုပ်ကိစ္စများထဲတွင် နစ်မြုပ်နေသဖြင့် သူ့ကို ကိုယ်ဖိရင်ဖိ မပြုစုနိုင် ခဲ့ချေ။

ဖခင်ကြီးရှိစဉ်ကမှ အထိန်းတော်ကြီး ကျိုဖေ့ကျုန်းသည်

www.burmeseclassic.com

www.burmeseclassic.com



ထိုမှပိုင်ရှင်မှ မြှုစုနိုင်ခြင်း ရှိခဲ့သည်။

ဖခင်ကြီးချန်စီးလင်းကွယ်လွန်ပြီးနောက်တွင် လင်ချိုးကျူး၏ အချုပ်ချုပ်မှုအောက်တွင် နေထိုင်ရသောအခါ အထိန်းတော်ကြီး ကျိုဖေ့ကျန်းသည် ချန်ဂူးဝမ်းကို စိတ်ထင်တိုင်း မပြုစုနိုင်ခဲ့ချေ။

လင်ချိုးကျူးလွန်သည့်အခါတွင်လည်း အခြေအနေကို ကြည့်ပြီး ပြုစုယုယခဲ့ရသည်။

ယခုချန်ဂူးဝမ်းသည် လှော်ကားကြီးခရီးရှည်အသွားလုံးတွင် ပိုင်ယီးယီး၏ ဂရုစိုက်မှုကို ပြုစုခြင်းကို ခံယူခဲ့ရသည်။

အသက်အရွယ်ရလည်း မတိမ်းမယိမ်းပြီးနောက် ချော့မော့ ယှော်မြင်ရသောမှာ မယ်ခံ့ဖော့ချိမ်ချိန်မှ အခါ ပိုင်ယီးယီးလို ချွေးမတော်သားမစပ် မိန်းမချောလေး၏ ပြုစုခြင်းကို ခံရသဖြင့်လည်း ချန်ဂူးဝမ်း စိတ်ထဲတွင် ကျေနပ်နှစ်သိမ့်ရသည်။

ပျော်ခဲ့ရသည်။ သံသယတွေ၌ရသည်၊ ဖြစ်ခဲ့ရသည်။ မိန်းကလေးပြီးအရွယ်တွင် သူနှင့်ပိုင်ယီးယီးတို့ခွဲခွာရမည်ကိုပင် ချန်ဂူးဝမ်းစိတ်ထဲ မချမ်းမသာ ဖြစ်နေမိသည်။

ဖြစ်နိုင်လျှင် သူ့အနားတွင် ပိုင်ယီးယီး အမြဲတမ်းရှိနေစေချင်သည်။ သူ့ကို ပြုစုယုယ နေစေချင်သည်။

အခန်းချုပ်မနေချင်သည့် ခုန်ခိုင်းလိုလိုတွင်လည်း ချန်ဂူးဝမ်းနှင့် ပိုင်ယီးယီးတို့သည် နှစ်ယောက်တည်း စကားစမြည်ပြောကြသည်။

ချန်ဂူးဝမ်းကလည်း သူ့အကြောင်းတွေကို ရင်ဖွင့်ပြောပြပြတတ်သည်။

ပိုင်ယီးယီးကလည်း သူမ၏ဘဝနောက်ကြောင်းကို အမှားတစ်ဝက်



ဖြင့် ပြောတတ်သည်။

သူမသည်လည်း ချန်ဂူးဝမ်းနှင့်အတူတူ သွားလာဆက်ဆံခဲ့ရသောအခါ ချန်ဂူးဝမ်း၏ရိုးသားသော စိတ်ဓာတ်၊ သနားစရာကောင်းသောဘဝကို သိခဲ့ရသည်။

ချန်ဂူးဝမ်းသည် များလှစွာသော မိဘ၏အမွေများကို ဆက်ခံရမည်ဖြစ်သော်လည်း လောလောဆယ် အနှိမ်ခံဘဝဖြင့် ရှိနေကြောင်းလည်း သိနားလည်ခဲ့ရသည်။

ယခုမတွေ့ ပိုင်ယီးယီးသည် ချန်ဂူးဝမ်းကိုတာဝန်ခံဆောင်၍ ပြုစုယုယခြင်းဖြစ်သော်လည်း ချန်ဂူးဝမ်း၏အနှိမ်ခံဘဝကို သိလာရသောအခါ ကြင်နာသနားသွားသည်။

တာဝန်ဆောင်မှုမပါဘဲ ချန်ဂူးဝမ်းကိုလည်း စေတနာအပြည့်ထား၍ ပြုစုခဲ့သည်။ သူမသည် သူ၏အကြံကို စွန့်လွှတ်ပြီး ထွက်ခွာသွားရန် သုံးလေးကြိမ် စဉ်းစားမိသေးသည်။

သို့သော် ဖုန်းဖေးတို့လက်ထဲတွင် ကျန်နေခဲ့သော ဖခင်ကြီးပိုင်ကျန်း၏ မျက်နှာမြင်ယောင်လာသောအခါ နောက်ဆုတ်ရန် အကြံအစည်ကို ဖျက်လိုက်ရပြန်သည်။

အထိန်းတော်ကြီး ကျိုဖေ့ကျန်းသည် ချန်ဂူးဝမ်းနှင့် ပိုင်ယီးယီးတို့ တပူးတွဲတွဲနေသည်ကိုမြင်ရတိုင်း စိတ်ထဲမှ များစွာကျေနပ်နေသည်။

သူမသည် ပိုင်ယီးယီး၏ နေထိုင်ပြောဆိုဆက်ဆံပုံကိုကြည့်ပြီး လိမ္မာရေးခြားရှိသော မိန်းကလေးဖြစ်ကြောင်း အကဲခတ်မိသည်။

ထို့ကြောင့် ချန်ဂူးဝမ်းကို ပိုင်ယီးယီးလို မိန်းကလေးနှင့် နီးစပ်သွားစေချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်ဂူးဝမ်းသည် အရွယ်ရောက်လာပြီဖြစ်သော ယောကျ်ား ကလေးဖြစ်သော်လည်း အားငယ်ကြောက်ရွံ့စိတ်ရှိတုန်း ဖြစ်၏။

စိတ်ဓာတ်လည်း အလွန်ပျော့သည်။ သိုင်းပညာမတတ် သည့်ပြင် သိုင်းပညာကို သင်ယူစိတ်လည်း မရှိချေ။

ပိုင်ယီးယီးသည် မိန်းကလေးဖြစ်သော်လည်း မဟုတ်မခံ စိတ်ဓာတ်မျိုး ရှိသည်။

သိုင်းပညာလည်း ထက်ထက်မြက်မြက် တတ်သည်။

စိတ်ဓာတ်တင်းမာပြီး ကြောက်ရွံ့စိတ်မျိုးလည်း မရှိချေ။

ပိုင်ယီးယီးလို မိန်းကလေးမျိုးနှင့်သာ ချန်ဂူးဝမ်း နီးစပ်သွား မည်ဆိုလျှင် ပိုင်ယီးယီးကြောင့် ချန်ဂူးဝမ်းစိတ်ဓာတ်များလည်း ပြောင်းလဲသွားနိုင်လေသည်။

သိုင်းပညာသင်ကြားလိုစိတ်လည်း ပေါ်ပေါက်လာနိုင် သည်။

ဖန်းလို့မြို့တွင် နေထိုင်ကြသူများမှာ ကိုယ့်ခြံ ကိုယ်ဝင်းနှင့် နိုင်ခံ့လှသော အိမ်ကြီးများကိုဆောက်၍သာ နေထိုင်ကြသည်။

ထို့ကြောင့် တစ်အိမ်နှင့်တစ်အိမ် အလှမ်းကွာဝေးကြသည်။

ကျယ်ဝန်းသော မြို့လမ်းမကြီးအတိုင်း ချန်ဂူးဝမ်းတို့စီးနင်း လိုက်ပါလာသော မြင်းလှည်းသည် မောင်းဝင်ခဲ့၏။

ပိုင်ယီးယီးသည် မြင်းလှည်းကိုမောင်းရင်း ဘေးဘီဝဲယာသို့



ဂရုတစိုက် ကြည့်လာခဲ့သည်။

ချန်ဂူးဝမ်းကလည်း ဘေးဘီကိုကြည့်ရင်း နောက်ဘက်မှ လှမ်းမေးသည်။

"မမရဲ့ဦးလေးအိမ်က ဘယ်မှာလဲဟင်"

"ရှေ့နားမှာနဲ့တူတယ်၊ မမလဲ ဒီမြို့ကို ငယ်ငယ်တုန်းကသာ ရောက်ဖူးတော့ ခပ်မှေးမှေးဖြစ်နေပြီ၊ ခြံတွေ အိမ်တွေကလဲ ဆင်တူ လိုလို ဖြစ်နေတယ်မဟုတ်လား"

"ဒါဆိုလဲ တစ်ယောက်ယောက်ကို မေးကြည့်ပါလားမမ"

"ဟုတ်တယ် မောင်လေး၊ မေးကြည့်ရမှာပဲ"

စကားအဆုံးတွင် သူတို့ဘေးနားရှိ ခြံတစ်ခြံထဲမှ လူကြီး တစ်ယောက်ထွက်လာသဖြင့် ပိုင်ယီးယီးလည်း မြင်းလှည်းကိုရပ် လိုက်သည်။ ပြီးမှ ယင်းလူကြီးကိုလှမ်းပြီး အသံပြုလိုက်၏။

"ဒီမယ် ဦးကြီး"

လူကြီးက ပိုင်ယီးယီးကို လှမ်းကြည့်ပြီး လှည်းနားကပ်လာ သည်။

"ဘာများလဲ မိန်းကလေး"

"ဒီမြို့က ကုန်သည်ကြီး ရဲ့ရှန်ရဲ့အိမ်ကို ဘယ်လိုသွားရပါသ လဲရှင်"

ယင်းလူကြီးက မျက်မှောင်ကြုတ်သွားပြီးမှ....

"ကုန်သည်ကြီး ရဲ့ရှန်ဟုတ်လား"

"ဟုတ်ပါတယ်ရှင်... ကုန်သည်ကြီး ရဲ့ရှန်ပါ၊ သူ့ကို ဦးကြီး သိပါသလား"

"သိတာပေါ့ကွယ်... ဒီမြို့တစ်မြို့လုံး ကုန်သည်ကြီး ရဲ့ရှန်

www.burmeseclassic.com

www.burmeseclassic.com



ကို မသိတဲ့လူ မရှိပါဘူး၊ နေပါဦး... မိန်းကလေးတို့က ကုန်သည်ကြီး ရဲ့ရှန်ရဲ့ ဆွေမျိုးတော်စပ်သူတွေကို အလည်လာကြတာလား"

"ကုန်သည်ကြီး ရဲ့ရှန်ဟာ ကျွန်မရဲ့ဦးလေးပါပဲ"

"အို... ဖြစ်မှ ဖြစ်ရလေ"

"ဘာဖြစ်လို့လဲ ဦးကြီး"

"မိန်းကလေးနဲ့ မိန်းကလေးရဲ့ဦးလေးနဲ့ မတွေ့ကြရတာ အတော်ကြာသွားကြပြီနဲ့တူတယ်"

"ဆယ့်နှစ်နှစ်လောက် ရှိသွားပါပြီ ဦးကြီး၊ ဒါကြောင့် ဦးလေးရဲ့ ရှန်ရဲ့အိမ်ကို မမှတ်မိလို့ ဦးကြီးကို မေးရတာပါ"

"အဲဒါဆိုရင် ဦးကြီးကိုယ်တိုင် လိုက်ပို့ပေးပါမယ်"

"ဒီလိုဆိုရင်တော့ ကျေးဇူးရှင်ပါပဲ ဦးကြီးရယ်"

လူကြီးသည် စိတ်မချမ်းမြေ့သော မျက်နှာနှင့် မြင်းလှည်းပေါ်သို့ တက်လာသည်။ ချန်ဂူးဝမ်းအနီးတွင် အသာထိုင်လိုက်သည်။

ပိုင်ယီးယီးက မြင်းလှည်းကို မောင်း၍ ထွက်လာခဲ့သည်။ လူကြီးက နောက်ဘက်မှ လမ်းညွှန်သည်။

မကြာခင် ချုံနွယ်ကြီးများ မြက်ပင်ရှည်ကြီးများသော စိုးမိုးနေပါက်ရောက်နေသော မြေကွက်ကြီးတစ်ခု၏ ရှေ့သို့ရောက်ရှိကြသည်။

ပိုင်ယီးယီးက မြင်းလှည်းကိုရပ်လိုက်ပြီး နောက်ဘက်ရှိ လူကြီးကို မျက်စိမျက်နှာမျက်ဖြင့် လှည့်ကြည့်သည်။

စိတ်လှုပ်ရှားသံဖြင့်ပင် မေးမြန်းသည်။

"ဒီအနီးအနားမှာ ကျွန်မရဲ့ဦးလေးရဲ့ ရှန်ရဲ့အိမ် ရှိနေသလို လိုပဲ"

"မြေကွက်ကြီးကို သက်ပြင်းရှည်ကြီး ချလိုက်ပြီးမှ"



"ဟုတ်ပါတယ်၊ မိန်းကလေး၊ ဒီချုံပင်မြက်ပင်တွေနဲ့ ပြည့်နေတဲ့ မြေကြီးဟာ တစ်ချိန်က မိန်းကလေးရဲ့ဦးလေး ကုန်သည်ကြီး ရဲ့ရှန်ရဲ့ အိမ်ရှိတဲ့နေရာပါပဲကွယ်"

"ရှင်... ဒါ ဒါဖြင့် အခု ဦးလေးရဲ့ ရှန် ဒီမှာ မရှိတော့ဘူးလား၊ မနေတော့ဘူးလား၊ ဘယ်ကိုပြောင်းသွားသလဲ"

ချန်ဂူးဝမ်းနှင့်ကျိုဖေ့ကျန်းတို့ပင် ချုံပင်မြက်ပင်များနှင့်ဖုံးနေသော မြေကွက်ကြီးကို ကြည့်ကြပြီး မြို့ခံလူကြီး၏မျက်နှာကို အကဲခတ်ကြည့်ကြ၏။

သူတို့၏ စိတ်ထဲတွင်လည်း ပိုင်ယီးယီးအတွက် လှုပ်ရှားမိနေကြသည်။

မြို့ခံလူကြီးသည် ချုံချင်းပြိုနေမပြောဘဲ မြေကွက်ကြီးကို စိတ်မချမ်းမြေ့စွာဖြင့် ကြည့်လိုက်ပြီးမှ သက်ပြင်းရှည်ကြီးကိုချလိုက်ကာ....

"စိတ်ကိုထိန်းထားပါ မိန်းကလေး၊ အဖြစ်ကတော့ အတော်ကို စိတ်မကောင်းစရာပါပဲ"

"ရှင်... ဘာဖြစ်လို့လဲ"

"ကုန်သည်ကြီး ရဲ့ရှန်တစ်ယောက်လုံး တော့ ဆုံးပါးသွားရှာပြီ ကွယ်"

"ရှင်...."

"ဟင်...."

"အို... ဖြစ်ရလေ"

ပိုင်ယီးယီး၊ ချန်ဂူးဝမ်းနှင့်ကျိုဖေ့ကျန်းတို့ထံမှ အံ့ဩခြင်းကြီးဖြင့် စိတ်မချမ်းမြေ့စရာအသံများ ထွက်လာကြလေသည်။

www.burmeseclassic.com



ပိုင်ယီးယီး၏မျက်နှာကလေး ချက်ချင်းပင် ငိုင်ကျသွားသည်။

ချန်ဂူးဝမ်းနှင့် ကျိဖေ့ကျန်းတို့သည် ပိုင်ယီးယီးကို သနားသွားကြသည်။

ပိုင်ယီးယီးသည် ခြံဝင်းကြီးကိုကြည့်ကာ တွေတွေကြီး ဖြစ်နေသည်။

ချန်ဂူးဝမ်းက မြို့ခံလူကြီးကို စိတ်မချမ်းမြေ့စွာ မေးမိသည်။

"ဘယ်လိုဖြစ်ပြီး ဆုံးသွားရတာလဲခင်ဗျာ၊ ဆုံးသွားတာ ဘယ်လောက်ကြာသွားပြီလဲ"

"ကုန်သည်ကြီး ရဲ့ရှန်ဆုံးသွားတာ သုံးနှစ်ကျော်လောက်တောင် ရှိသွားပါပြီကွယ်၊ ဖြစ်ပုံကိုပြောပြရင်တော့ စိတ်မကောင်းစရာပါပဲ"

"အမိန့်ရှိပါဦး ဦးကြီးရယ်"

"လွန်ခဲ့တဲ့ သုံးနှစ်ကျော်လောက် တစ်ညမှာ ကုန်သည်ကြီး ရဲ့ရှန်ရဲ့အိမ်ကို လူဆိုးတွေဝင်လာပြီး ဒမြတိုက်ကြတယ်၊ လူဆိုးတွေ သူ့အိမ်ကို ဝင်ကြတုန်းက ဘယ်သူမှတောင် မသိကြပါဘူးကွယ်၊ ကုန်သည်ကြီး ရဲ့ရှန်က ခုခံလို့ပဲလား၊ ဘာကြောင့်လဲတော့ မသိပါဘူး လူဆိုးတွေဟာ ကုန်သည်ကြီး ရဲ့ရှန်နဲ့တစ်အိမ်လုံးမှာရှိတဲ့ လူတွေကိုသတ်သွားကြတယ်"

"အို... ဖြစ်မှဖြစ်ရလေ"

"နောက် အိမ်ကြီးကို မီးရှို့ပြီး ခြံကိုလဲ ဖျက်ဆီးသွားကြတယ်၊ အိမ်နီးနားချင်းတွေလဲ အိမ်ကြီးကို မီးလောင်တော့မှပဲ သိကြတယ်၊ သန်းခေါင်ကျော်အချိန်ဆိုတော့ ဖြန်းခနဲ လူမစုနိုင်ဘူး၊ လူစု



နိုင်တဲ့အချိန်ကျတော့ လူဆိုးတွေ မရှိကြတော့ဘူး၊ အိမ်ကြီးလဲ မီးဟုန်းဟုန်းလောင်နေပြီ၊ မြို့ခံလူတွေလဲ ဝိုင်းငြိမ်းကြပေမယ့် မီးက အိမ်ကိုအကုန်လောင်ပြီးမှပဲ ငြိမ်းသွားတော့တယ်၊ ဒီတော့မှပဲ မီးလောင်ပြင်ထဲမှာ မီးကျွမ်းနေတဲ့ အလောင်းတွေကို တွေ့ရတော့တာပဲ"

ပိုင်ယီးယီးသည် ရှိုက်သံသဲ့သဲ့ဖြင့် ငိုကြွေးနေလေသည်။

ကျိဖေ့ကျန်းကမူ သူမအနီးသို့သွားပြီး အသာအယာ ပွေ့ဖက်ထားသည်။

ချန်ဂူးဝမ်းကိုယ်တိုင်လည်း သူမကို ပွေ့ဖက်ထားပြီး အားပေးနှစ်သိမ့်စကား ပြောလိုက်ချင်သည်။

မသင့်တော်၍သာ ထိုင်မြဲ ထိုင်နေရလေသည်။

မြို့ခံလူကြီးက ဆက်ပြောသည်။

"ကုန်သည်ကြီး ရဲ့ရှန်မှာ ဆွေမျိုးသားချင်း ရှိလိမ့်မယ်လို့ ကျုပ်တို့ ထင်မထားကြဘူးလေ၊ သူနဲ့ပတ်သက်တဲ့သူတွေ ဘယ်မှာရှိမှန်းလဲ ကျုပ်တို့မသိကြဘူး၊ ဒါကြောင့် ဘယ်သူ့ဆီကိုမှ အကြောင်းမကြားနိုင်ပဲ ကျုပ်တို့ မြို့ခံလူတွေကပဲ ဝိုင်းပြီး သင်္ဂြိုလ်လိုက်ကြပါတယ်"

ပိုင်ယီးယီးက ရှိုက်ငို၍ ပြောသည်။

"ကျွန်မလဲ ဦးလေးရဲ့နဲ့ ဆယ်နှစ်ကျော်ကျော် အဆက်အသွယ်ပြတ်နေခဲ့ကြလို့ ဒီသတင်းကို လုံးလုံးမကြားသိရပါဘူး ဦးကြီးရယ်၊ ကျွန်မမှာ မိဘဆွေမျိုးသားချင်းဆိုလို့ ဒီဦးလေးတစ်ယောက်ပဲ ရှိပါတယ်၊ အခု ဦးလေးလဲ မရှိတော့ဘူးဆိုတော့"

ပိုင်ယီးယီးသည် စကားကိုပင်ဆုံးအောင် မပြောနိုင်တော့

www.burmeseclassic.com

www.burmeseclassic.com



ဟန်ဖြင့် ငိုကြွေးလိုက်၏။

မြို့ခံလူကြီးက သက်ပြင်းချဖြင့်...

"အေးကွယ် စိတ်မကောင်းစရာပါပဲ၊ မိန်းကလေးတို့တွေ အနေနဲ့ အဝေးကလာတဲ့ ညီသည်တွေဖြစ်နေတော့ ကျုပ်အိမ်မှာလိုက်ပြီး တည်းခိုမယ်ဆိုရင်လဲ တည်းခိုနိုင်ပါတယ်"

"ကျွန်မတော့ ဘာလုပ်ရမှန်းတောင် မသိတော့ပါဘူးရှင်"

ချန်ဂူးဝမ်းက မြို့ခံလူကြီးကို ဝင်မေးသည်။

"ဒီမြို့မှာစိတ်ချရတဲ့ တည်းခိုခန်း မရှိဘူးလား ဦးကြီး"

"ရှေ့ဆက်သွားရင် တည်းခိုခန်း တစ်ခုတော့ ရှိပါတယ် တူမောင်၊ ဒီမြို့မှာ ညတည်းခိုခန်း ဒီတစ်ခုပဲ ရှိပါတယ်၊ စိတ်လည်းချရပါတယ်၊ ဒါပေမယ့် ဘာဖြစ်လို့ တည်းခိုခန်းမှာ တည်းမှာလဲ တူမောင်ရယ်၊ ကျုပ်အိမ်မှာ တည်းခိုနိုင်တာပဲ"

"ကျေးဇူးတင်ပါတယ် ဦးကြီး၊ ကျွန်တော်တို့ တိုင်ပင်ပါရစေဦး"

"အေးကွယ်... တိုင်ပင်ကြ၊ ကျုပ် သွားလိုက်ဦးမယ်၊ စောစောက ကျုပ်ပြောလိုက်တာ ကျုပ်ရဲ့အိမ်၊ တူမောင်တို့ အချိန်မရွေး လာနိုင်တယ်"

"ကောင်းပါပြီ ခင်ဗျာ"

မြို့ခံလူကြီးသည် မြင်းလှည်းပေါ်မှပြန်ဆင်းပြီး နောက်ကြောင်းကို ပြန်လျှောက်သွားသည်။

ပိုင်ယီးယီး၊ ချန်ဂူးဝမ်းနှင့် ကျိုဖေ့ကျန်းတို့လည်း မြင်းလှည်းပေါ်မှ ဆင်းလိုက်ကြသည်။

ပိုင်ယီးယီးက ရှေ့ဆုံးမှ ချုံပင်မြက်ပင်များ ဖုံးနေသော ခြံ



ကြီးထဲသို့ ဝင်လာသဖြင့် ချန်ဂူးဝမ်းနှင့် ကျိုဖေ့ကျန်းတို့လည်း လိုက်ဝင်လာကြသည်။

ခြံကြီး၏အလယ်တွင် ချုံပင်မြက်ပင်များ ဖုံးနေသော မီးလောင်ခံထားရသည့် အိမ်ကြီး၏ အပိုင်းအစများကို တွေ့ကြရလေသည်။

ပိုင်ယီးယီးသည် မီးကျွမ်းထားသည့် အိမ်အပိုင်းအစများကို တွေတွေကြီး ကြည့်၍ ခပ်သွဲ့သွဲ့ ငိုရှိုက်နေသည်။

ကျိုဖေ့ကျန်းက သူမ၏လက်တစ်ဖက်ကို အသာအယာ ဆွဲကိုင်ထားသည်။

ချန်ဂူးဝမ်းကလည်း စိတ်မကောင်းစွာဖြင့် မေးလိုက်သည်။

"မမပိုင် ဘာလုပ်မလဲဟင်"

"မမမှာ တကယ်အားကိုးအားထားရမယ့် ဆွေမျိုးသားချင်းဆိုလို့ ဒီဦးလေးပဲ ရှိတာပါ မောင်လေးရယ်၊ အခု ဦးလေးလဲ မရှိတော့ဘူးဆိုတော့ မမလဲ ဘာလုပ်ရမှန်း မသိတော့ပါဘူး"

"ကျွန်တော်တို့နဲ့ပဲ လိုက်နေပါလား မမရယ်"

"အို... ဘယ်ဖြစ်ပါ့မလဲကွယ်"

"ဘာဖြစ်လို့လဲ မမ"

"မောင်လေးရဲ့ဦးကြီး လင်ချမ်းကျူးက မမလိုက်နေမှာကို ဘယ်သဘောတူပါ့မလဲ၊ မောင်လေး ကိုယ်တိုင်ကလဲ သူ့ကိုကြောက်နေရတယ် မဟုတ်လား"

"မမဟာ ကျွန်တော့်ရဲ့အသက်သခင် ကျေးဇူးရှင်ပါ၊ ပြီးတော့ လမ်းခရီးတလျှောက်လုံးမှာလဲ ကျွန်တော့်အပေါ် အများကြီး ကောင်းခဲ့တယ်၊ ဒီတော့ မမနဲ့ပတ်သက်တဲ့ ကိစ္စမှန်ရင်တော့ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အညှာမခံဘူး မမ၊ ကျွန်တော်နေတဲ့အိမ်ဟာလဲ ကျွန်တော့်ဘိုးဘဘိုးဘွားတွေရဲ့အိမ်ပါ၊ ကျွန်တော့်အိမ်ပါ၊ ကျွန်တော့်ရဲ့အိမ်မှာ ဘယ်သူကိုပဲဖြစ်ဖြစ် ကျွန်တော် ခေါ်ထားလို့ရပါတယ်"

ချစ်ဂူးဝမ်းနှင့် ပိုင်ယီးယီးတို့ကို နီးစပ်စေချင်သော အထိန်းတော်ကြီး ကျိဖေ့ကျန်းကလည်း ပိုင်ယီးယီးကို ဝင်ရောက်ဖျောင်းဖျသည်။

"ဟုတ်ပါတယ် သမီးရယ်၊ အခုအချိန်မှာ သမီးဟာ အားကိုးရာမဲ့သလို ဖြစ်နေတယ်မဟုတ်လား၊ ဒီတော့ အဒေါ်တို့နဲ့ပဲ လိုက်နေပါ မိန်းကလေးရယ်၊ မိန်းကလေးလိုက်နေတဲ့အတွက် လူလေးအဖို့ ပိုပြီးတော့ အကျိုးရှိပါလိမ့်ဦးမယ်"

"ဘာဖြစ်လို့လဲ အဒေါ်"

"လူလေးက စိတ်ဓာတ်ပျော့တယ်၊ လူတွေကိုကြောက်တတ်တယ်၊ သိုင်းပညာသင်ဖို့ကို လင်ချမ်းကျူးကလဲ အခွင့်အရေးမပေးဘူး၊ လူလေးကိုယ်တိုင်ကလဲ မသင်ချင်ဘူး၊ သမီးသာ လိုက်နေမယ်ဆိုရင် လူလေးရဲ့စိတ်ဓာတ်လဲ ပြောင်းလာနိုင်တယ်၊ ပြီးတော့ သိုင်းပညာသင်ဖို့လဲ အခွင့်အရေးရနိုင်မယ်၊ လူလေးနားမှာ သမီးလို လူမျိုးတစ်ယောက်ရှိနေရင် လင်ချမ်းကျူးကလဲ လူလေးကို သိပ်ပြီးအနိုင်ကျင့်ရဲမှာ မဟုတ်တော့ဘူး၊ ဒါကြောင့် ဖြစ်နိုင်မယ်ဆိုရင် သမီးအနေနဲ့ ငွေဖျိုင်းဖြူစံအိမ်မှာ လိုက်နေစေချင်တယ်ကွယ်၊ နေကြည့်လို့ အဆင်မပြေတဲ့အဆုံး သမီး သွားလိုရာကိုသွားပေါ့"

ပိုင်ယီးယီးသည် ဟန်ဆောင်၍ ငိုကြွေးနေရသော်လည်း သူမတို့စီစဉ်ထားသော အကွက်အတိုင်း ဖြစ်လာသောကြောင့် စိတ်ထဲတွင် ကျေနပ်နေလေသည်။



အကွက်ကျကျ စီစဉ်လုပ်ပေးလိုက်သော ဖုန်းဖေးကိုလည်း ချီးကျူးမိသည်။

တကယ်တော့ သေဆုံးသွားပြီဖြစ်သော ရဲ့ရှန်နှင့်ပိုင်ယီးယီးတို့ သိလည်းမသိချေ။

မြင်လည်း မမြင်ဖူးချေ။ မည်သို့မျှ သွေးသား တော်စပ်ခြင်းလည်း မရှိချေ။

ကုန်သည်ကြီး ရဲ့ရှန်၏သတင်းကို ဖုန်းဖေးသိထားသည်။

ထို့ကြောင့် လောကကြီးတွင် မရှိတော့ပြီဖြစ်သော ရဲ့ရှန်၏တူမအသွင်ဖြင့် ပိုင်ယီးယီးကိုလွှတ်ကာ ချစ်ဂူးဝမ်းနှင့်ပိုပြီး ရင်းနှီးစေရန် ချစ်ဂူးဝမ်းအိမ်သို့ လိုက်နေခွင့်ရစေရန် စီစဉ်လိုက်ခြင်း ဖြစ်လေသည်။

ပိုင်ယီးယီး၏ နှုတ်မှမတောင်းဆိုရပဲ ချစ်ဂူးဝမ်းနှင့်ကျိဖေ့ကျန်းတို့သည် သူတို့နှင့် အတူတူလိုက်နေရန် ခေါ်နေကြလေပြီ။

ဤမျှလောက်ဆိုလျှင် ပိုင်ယီးယီး ဆက်ငြင်းနေစရာ မလိုတော့ချေ။

"လောလောဆယ် ကျွန်မလဲ ဘယ်သွားလို့ ဘယ်လာရမှန်း မသိဖြစ်နေပါတယ် အဒေါ်၊ အဒေါ်တို့နဲ့လိုက်ဖို့ ကျွန်မအတွက် အပန်းမကြီးလှပါဘူး၊ ကျွန်မလိုက်လာတဲ့အတွက်ပဲ အဒေါ်တို့တွေ အနှောင့်အယှက်ဖြစ်မှာ စိုးရိမ်မိပါတယ်"

ကျိဖေ့ကျန်းက ချစ်ဂူးဝမ်းကိုကြည့်လိုက်ပြီး....

"ကဲပါ လူလေးရယ်၊ လူလေးအနေနဲ့ ရှောင်လင်ကျောင်းတော်ကြီးကို ဘာကြောင့် သွားရမယ်ဆိုတာကို ပြောပြလိုက်ပါကွယ်"

"ကျွန်တော်တို့ ဆွေစဉ်မျိုးဆက်ပိုင်ဆိုင် သုံးစွဲလာတဲ့အဖိုး

www.burmeseclassic.com

www.burmeseclassic.com



တန် သိုင်းကျမ်းစာအုပ်ကို ကျွန်တော့်ရဲ့အဖေဟာ သူမသေခင်က ရောင်လင်ဂိုဏ်းချုပ် ဆရာတော်ကြီးဆီမှာ အပ်နှံထားခဲ့ပါတယ် မေ ကျွန်တော် အသက်ဆယ့်ရှစ်နှစ်ပြည့်တဲ့အခါ ဆရာတော်ကြီးက ကျွန်တော့်ကို ပြန်ပေးရပါမယ်၊ အခု ကျွန်တော် ရောင်လင်ကျောင်းတော်ကြီးကို ပြန်လာခဲ့တာဟာ အဲဒီသိုင်းကျမ်းကြီးကို လာယူတာပါပဲ သိုင်းကျမ်းနာမည်က ရှင်ရှန်းပါ မမ၊ ရှင်ရှန်းသိုင်းကျမ်းကြီးထဲမှာ ထက်မြက်တဲ့သိုင်းကွက်တွေ ပါပါတယ်၊ ဒီသိုင်းကျမ်းကြီးရဲ့ သတင်းကိုကြားထားတဲ့လူတွေက သိုင်းကျမ်းကြီးကိုလိုချင်ကြမှာ အမှန်ပါပဲ သိုင်းကျမ်းကြီးကိုယူပြီး ကျွန်တော်တို့ အပြန်ခရီးမှာတောင် ဒီသိုင်းကျမ်းကြီးကို လုမယူကြဘူးလို့ မပြောနိုင်ပါဘူး၊ အဲ... ကျွန်တော်တို့ ချည်းပဲ ပြန်ရမယ်ဆိုရင်တော့ ရင်လေးစရာပါပဲ၊ မမပိုင် ပါလာမယ်ဆိုရင်တော့ ကျွန်တော်တို့အတွက် အများကြီး အနှောင့်အယှက် မ ဖြစ်တဲ့အပြင် အများကြီး ပိုကောင်းပါသေးတယ်"

"ဟုတ်ပါတယ် သမီးရယ်၊ ဘာမှ စဉ်းစားမနေပါနဲ့တော့ အဒေါ်တို့နဲ့ပဲ လိုက်ခဲ့ပါကွယ်"

ပိုင်ယီးယီးသည် ခဏမျှ တွေတွေကလေး စဉ်းစားရဟန်ပြု ပြီးမှ သက်ပြင်းရှည်ကြီးကိုချကာ ပြောလိုက်သည်။

"အင်းလေ... ဒီလိုဆိုလဲ ကျွန်မ လိုက်ခဲ့ပါ့မယ် အဒေါ်"

ချန်ဂူးဝမ်းနှင့် ကျိုဖေ့ကျန်းတို့နှစ်ယောက်စလုံး ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြ၏။



အခန်း(၉)

ရောင်လင်ဂိုဏ်းချုပ်ကြီးနှင့် တွေ့ဆုံခြင်း

"ဒေါင်... ဒေါင်... ဒေါင်"

ပိုင်ယွင်းစန်း တောင်ပေါ်ရှိ ရောင်လင်ကျောင်းတော်ကြီးဆီမှ သာယာကြည်နူးဖွယ်ရာကောင်းသော ခေါင်းလောင်းသံမှာ ခပ်မှန်မှန် ပေါ်ထွက်နေလေသည်။

ချန်ဂူးဝမ်း၊ ပိုင်ယီးယီးနှင့် အထိန်းတော်ကြီး ကျိုဖေ့ကျန်းတို့သည် ရောင်လင်ကျောင်းတော်ကြီးအနီးသို့ ရောက်လာကြသည်။

ကိုယ်ဖော့ပညာထက်မြက်သော ပိုင်ယီးယီးမှာ အနည်းငယ်မှ မောပန်းနွမ်းနယ်ခြင်းမရှိသော်လည်း ချန်ဂူးဝမ်းနှင့် ကျိုဖေ့ကျန်းတို့ကမူ တောင်ဆင်း တောင်တက်ခရီးကို ခြေလျင်လာခဲ့ကြရသဖြင့် လွန်စွာ မောဟိုက်နေကြသည်။

ကျောင်းဝင်းတံခါးနှင့် မလှမ်းမဝေးတွင် လုံခြုံစွာဆောက်လုပ်ထားသော ဇရပ်တစ်ဆောင်ရှိနေသည်။

ဇရပ်နားသို့အရောက် ချန်ဂူးဝမ်းတို့သည် ဇရပ်နားလိုက်ကြသည်။

www.burmeseclassic.com



ထိုစဉ် ကျောင်းဝင်းတံခါးပွင့်သွားပြီး အတွင်းဘက်မှတရုတ် ဘုန်းတော်ကြီး နှစ်ပါးထွက်လာသည်။

တရုတ်ဘုန်းတော်ကြီးနှစ်ပါးသည် ဣန္ဒြေကြီးစွာဖြင့် ချန် ဝမ်းတို့ထံ လျှောက်လှမ်းလာသည်။

ချန်ဂူးဝမ်းတို့က တရုတ်ဘုန်းတော်ကြီးနှစ်ပါးကို ကျိုး ရိုသေစွာ ရှိခိုးကန်တော့လိုက်ကြသည်။

ဘုန်းတော်နှစ်ပါးသည် ချန်ဂူးဝမ်းတို့ကို အကဲခတ်ကြည့် မှ တစ်ပါးက တည်ငြိမ်အေးဆေးသောလေသံဖြင့် မေး၏။

"ဒကာလေးတို့က ဘယ်သူတွေလဲ၊ ဘယ်လိုကိစ္စတွေ ကျုပ်တို့ ကျောင်းတော်ကြီးကို ရောက်လာခဲ့ရတာလဲ"

ချန်ဂူးဝမ်းက ရိုသေစွာ လျှောက်ထားသည်။

"တပည့်တော် နာမည် ချန်ဂူးဝမ်းပါ ဘုရား၊ ငွေဖျိုင်းဖြူ အိမ်ကနေ ရှောင်လင်ဂိုဏ်းချုပ် ဆရာတော်ကြီးနဲ့တွေ့ဖို့ လာခဲ့တာ ဘုရား"

တရုတ်ဘုန်းတော်ကြီးက ပြုံးသည်ဆိုရုံမျှ ပြုံးကာ ခေါင်း ဆတ်ဆတ် ညိတ်ကာ...

"ဩော်... ဒကာလေးက ချန်ဂူးဝမ်းကိုး၊ တူမောင် ရှော လာလိမ့်မယ်ဆိုတာကို ဂိုဏ်းချုပ်ဆရာတော်ကြီးလဲ သိထားပါတယ် တူမောင်ရောက်လာရင် သူ့ဆီကို ခေါ်လာဖို့လဲ ကျုပ်တို့ကို မှာထား တယ်"

"အခုလို ကြားသိရတဲ့အတွက် တပည့်တော် ဝမ်းမြောက် ဝမ်းသာ ရှိလှပါတယ်ဘုရား၊ ဒီလိုဆိုလဲ တပည့်တော်တို့တတွေ ဂိုဏ်း ချုပ်ဆရာတော်ကြီးကို ဖူးတွေ့ပါရစေ"



တရုတ်ဘုန်းတော်ကြီးနှစ်ပါးသည် ပိုင်ယီးယီးနှင့်အထိန်း တော်ကြီး ကိုဖေ့ကျန်းကိုကြည့်လိုက်ကာ အနည်းငယ် မျက်မှောင် ကြုတ်သွားကြသည်။

"ကျုပ်တို့ရဲ့ ကျောင်းတော်ကြီးထဲကို ဘယ်ဒကာမမှ ဝင်ခွင့် မရှိပါဘူး ဒကာလေး၊ ဒီစည်းကမ်းချက်ကို ထုတ်ထားတာ နှစ်ပေါင်း တစ်ရာကျော် ရှိသွားပါပြီ၊ ဒီတော့ ကျောင်းတော်ကြီးထဲကို ဒကာ လေးတစ်ယောက်ပဲ ဝင်လို့ရပါ့မယ်၊ ဒီဒကာမနှစ်ယောက်ကတော့ ဒီဇရပ်မှာပဲ တည်းခိုနေကြရပါလိမ့်မယ်"

ပိုင်ယီးယီးနှင့်ကိုဖေ့ကျန်းတို့ နှစ်ယောက်စလုံး မျက်စိမျက် နှာမကောင်း ဖြစ်သွားကြသည်။

ဤသတ်မှတ်ချက် စည်းကမ်းကိုတော့ သူတို့နှစ်ယောက်စ လုံး မသိကြချေ။

သူတို့အနေနှင့် နာမည်ကြီး လှသော ရှောင်လင်ဂိုဏ်းတော် ကြီး၏ ဂိုဏ်းချုပ်ဆရာတော်ကြီးကို ကြုံတုန်းကြုံခိုက် ဖူးတွေ့ချင်ကြ သည်။

ပိုင်ယီးယီးကမူ သူမ၏ဆန္ဒကို ထုတ်ဖော်သည်။

"ကြုံတုန်းကြုံခိုက် တပည့်တော်မတို့လဲ ဂိုဏ်းချုပ်ဆရာ တော်ကြီးကို ဖူးတွေ့ချင်ပါတယ် ဘုရား၊ ရပ်ဝေးက လာကြတဲ့တပည့် တော်မတို့ကို ငဲ့ညာဖို့ အသနားခံပါတယ် ဘုရား"

တရုတ်ဘုန်းတော်ကြီးက ခေါင်းကိုခါယမ်းပြီး...

"မဖြစ်ဘူး ဒကာမလေး... မဖြစ်ဘူး... စည်းကမ်းချက် သတ်မှတ်ပြီးကတည်းက ကျောင်းတော်ကြီးထဲကို ဘယ်ဒကာမမှ ဝင်ခွင့်မပေးခဲ့ဘူး၊ ဒီတော့ ဒကာမလေးတို့ နှစ်ယောက်အနေနဲ့ ဒီဇရပ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးမှာပဲ အေးအေးချမ်းချမ်း တည်းခိုနေထိုင်ကြပါ၊ ဒကာမလေးတို့ရဲ့လုံခြုံရေး၊ စားရေးသောက်ရေးကိုတော့ ရှောင်လင်ကျောင်းတော်ကြီးက တာဝန်ယူပါတယ်"

ချန်ဂူးဝမ်းသည် သူနှင့်အတူ ပိုင်ယီးယီးတို့ကိုပါ ကျောင်းတော်ကြီးထဲသို့ ခေါ်ချင်သည်။

ထို့ကြောင့် ဘုန်းကြီးနှစ်ပါးကို လျှောက်ထားလိုက်သည်။

"အရှင်ဘုရားတို့အနေနဲ့ ခွင့်ပြုလို့မရဘူးလား ဘုရား"

"မရပါဘူး ဒကာလေး"

"ဂိုဏ်းချုပ်ဆရာတော်ကြီးကိုယ်တိုင်က ခွင့်ပြုမယ်ဆိုရင်ကော"

"ဒီလိုဆိုရင်တော့ ဖြစ်တာပေါ့ကွယ်၊ ဒါပေမယ့် ဂိုဏ်းချုပ်ဆရာတော်ကြီးကလဲ နှစ်ပါင်းတစ်ရာကျော်ကျော် ထိန်းသိမ်းလာခဲ့တဲ့ ဒီစည်းကမ်းကိုဖောက်ဖျက်ပြီး ဒီဒကာမတွေကို ဝင်ခွင့်ပြုမှာ မဟုတ်ပါဘူး"

"တပည့်တော် လျှောက်တင်ကြည့်ပါဦးမယ် ဘုရား"

"ဒါတော့ ဒကာလေးရဲ့သဘောဆန္ဒပဲပေါ့ကွယ်၊ ဒကာမနှစ်ယောက် ဒီဇရပ်မှာ နေခဲ့ကြဦး၊ ဒကာလေးက ကျုပ်တို့နဲ့လိုက်ခဲ့ပါ"

"မှန်လှပါ ဘုရား"

ချန်ဂူးဝမ်းသည် ပိုင်ယီးယီးတို့ကို ဇရပ်တွင်နေခဲ့ရန် ဆရာတော်ကိုလျှောက်တင်ပြီး ပြန်လာခဲ့မည့်အကြောင်း ပြောဆိုမှာကြား၍ တရုတ်ဘုန်းတော်ကြီးနှစ်ပါးနှင့်အတူ ကျောင်းဝင်းကြီးထဲသို့ ဝင်လာခဲ့သည်။

ကျောင်းဝင်းကြီးထဲတွင် စကြံ့လမ်းများ များစွာရှိနေပြီး



ခမ်းနားကြီးကျယ်သော ကျောင်းဆောင်ကြီးများလည်း ရှိနေသည်။

ကျောင်းဆောင်ကြီးတစ်ဆောင်ဆီမှ သာယာနာပျော်ဖွယ်ရာ တရားဓမ္မရွတ်ဆိုသံများ ထွက်ပေါ်နေသည်မှအပ အခြားမည်သည့်အသံမှ ထွက်ပေါ်ခြင်းမရှိပဲ တိတ်ဆိတ်ငြိမ်သက်နေသည်။

စင်္ကြံ့လျှောက်နေသော တရုတ်ဘုန်းကြီးသုံးလေးပါးမှအပ အခြားသွားလာနေသော ဘုန်းတော်ကြီးများကိုမတွေ့ရချေ။

ကြီးမားထည်ဝါသော ကျောင်းဆောင်ကြီး တစ်ဆောင်အနီးသို့အရောက်တွင် ယင်းကျောင်းဆောင်ကြီးထဲမှ သက်တော်ခြောက်ဆယ်ရွယ်ခန့်ရှိ တရုတ်ဘုန်းတော်ကြီးတစ်ပါးထွက်လာသည်ကို ချန်ဂူးဝမ်း တွေ့ရသည်။

ယင်းဘုန်းတော်ကြီးသည် ချန်ဂူးဝမ်းတို့ လာနေသည်ကို မြင်ရသောအခါ ရပ်၍ စောင့်ကြည့်နေသည်။

ချန်ဂူးဝမ်းကိုခေါ်လာသော ဘုန်းကြီးနှစ်ပါးက တံခါးဝနားမှ ဘုန်းတော်ကြီးကို လက်အုပ်ချီလိုက်ပြီး....

"တာမိုးဆရာတော်ဘုရား... ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး စောင့်မျှော်နေတဲ့ ဒကာလေး ချန်ဂူးဝမ်း ရောက်လာပါပြီဘုရား"

တံခါးဝနားမှ ဘုန်းတော်ကြီးမှာ တာမိုးကျောင်းဆောင်တာဝန်ခံ ဆရာတော်ဂူတောက်ပင် ဖြစ်လေသည်။

ဆရာတော်သည် ချန်ဂူးဝမ်းကို တစ်ချက် အကဲခတ်ကြည့်လိုက်ပြီး....

"ဒီဒကာလေးရဲ့အကြောင်းကို ခုပဲ ကျုပ်နဲ့ဆရာတော်ကြီးတို့ ပြောနေမိကြသေးတယ် ကိုယ်တော်တို့၊ ကဲ... သူ့ကို ဆရာတော်ကြီးဆီ ကျုပ် ပို့ပေးလိုက်ပါ့မယ်၊ ကိုယ်တော်တို့ ဝင်းတံခါးမှာ ပြန်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြပါ"

ချန်ဂူးဝမ်းကိုလိုက်ပို့သော ဘုန်းကြီးနှစ်ပါးသည် တာမိုးဆရာတော် ဂူတောက်ကို ဦးညွှတ်လိုက်ကြပြီး ပြန်ထွက်သွားကြသည်။

"ကျုပ်နဲ့ လိုက်ခဲ့ပေတော့ ဒကာလေး"

တာမိုးဆရာတော် ဂူတောက်ခေါ်သဖြင့် ချန်ဂူးဝမ်းလည်း ကျောင်းဆောင်ကြီးထဲသို့ လိုက်လာခဲ့သည်။

ကျောင်းဆောင်ကြီးအတွင်းရှိ ကျယ်ဝန်းသော ခန်းဆောင်ကြီးထဲတွင် အသက်ခုနစ်ဆယ်ရွယ်ခန့်ရှိ တရုတ်ဘုန်းတော်ကြီးတစ်ပါးနှင့် အသက်ရှစ်ဆယ်ရွယ်ခန့်ရှိ တရုတ်ဘုန်းတော်ကြီးတစ်ပါးတို့သည် ခုံတစ်လုံးစီတွင် ထိုင်ပြီးညင်သာအေးဆေးစွာ စကားဆိုနေကြသည်။

ယင်းဘုန်းတော်ကြီးနှစ်ပါးကား ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီး မိန်းကျန့်နှင့် ဒုဂိုဏ်းချုပ်ဆရာတော် ဂူဆန်းပင်ဖြစ်လေသည်။

ချန်ဂူးဝမ်းနှင့် ဒုဂိုဏ်းချုပ် ဆရာတော်ဂူဆန်းတို့သည် တစ်ဦးကိုတစ်ဦး မြင်မြင်ချင်း သိကြသည်။

လင်ချမ်းကျူးကို ငွေဗျိုင်းဖြူ ဂိုဏ်းချုပ်ကြီးအဖြစ် ခန့်အပ်ပွဲကျင်းပစဉ်က ဒုဂိုဏ်းချုပ်ဆရာတော် ဂူဆန်းလည်း ရောက်ခဲ့သည်။

ဆရာတော်ဂူဆန်းသည် ဂိုဏ်းချုပ်ကြီး ခန့်အပ်ပွဲပြီးဆုံးသွားပြီးနောက် လင်ချမ်းကျူးနှင့်အတူ ငွေဗျိုင်းဖြူစံ့ အိမ်ကြီးကိုလိုက်ခဲ့ပြီး ချန်ဂူးဝမ်းနှင့်တွေ့ဆုံစကားပြောခဲ့သည်။

ထို့ကြောင့် သူတို့နှစ်ဦးသည် မြင်မြင်ချင်း သိကြခြင်းဖြစ်၏။

"ငွေဗျိုင်းဖြူစံ့အိမ်က ချန်ဂူးဝမ်း ရောက်လာပါပြီဘုရား"



တာမိုးဆရာတော် ဂူတောက်က လျှောက်ထားလိုက်သည်။

ချန်ဂူးဝမ်းက ဆရာတော်ကြီးနှစ်ပါးကို ရိုကျိုးစွာ ရှိခိုးကန်တော့လိုက်၏။

ဂိုဏ်းချုပ်ဆရာတော်ကြီး မိန်းကျန့်က ချန်ဂူးဝမ်းကို သေချာစွာ အကဲခတ်ကြည့်လိုက်ပြီး....

"အိမ်း... ရှစ်နှစ်ကျော် ကြာသွားပေမယ့် ဒကာလေးရဲ့အသွင်အပြင် ရုပ်လက္ခဏာကတော့ ထူးထူးခြားခြားပြောင်းလဲမသွားပါဘူး။ ဒီခရီးရှည်ကြီးကိုလာခဲ့တာ ဒကာလေး တစ်ယောက်တည်းတော့ဟုတ်လိမ့်မယ် မထင်ဘူး"

ချန်ဂူးဝမ်းက ငွေဗျိုင်းဖြူစံ့အိမ်မှ သူတို့စထွက်လာစဉ်ကစ၍ သူတို့ကိုစောင့်ရှောက်ရန် လိုက်ပါလာသော သိုင်းသမားများမှာ လူဆိုးတစ်စု၏ တိုက်ခိုက်မှုကို ခံရပုံ၊ ပိုင်ယီးယီးနှင့်တွေ့ရပုံ၊ ပိုင်ယီးယီး၏ ကူညီမှုကြောင့် ဤကျောင်းတော်ကြီးသို့ ရောက်ခဲ့ရပုံတို့ကို လျှောက်ထားလိုက်သည်။

"အိမ်း... ဖြစ်မှ ဖြစ်ရလေကွယ်"

"တပည့်တော် ခွင့်ပန်ပါရစေ ဘုရား"

"ဘာများလဲ ဒကာလေး"

"တပည့်တော်နဲ့အဖော်ပါလာတဲ့ ပိုင်ယီးယီးနဲ့ မေမေကျိုတို့ ကျောင်းဝင်းအပြင်ဘက်ဇရပ်မှာ ကျန်နေခဲ့ကြပါတယ်ဘုရား၊ သူတို့လဲ ဆရာတော်ဘုရားကိုဖူးတွေ့ချင်ကြပါတယ်၊ ဖြစ်နိုင်မယ်ဆိုရင် သူတို့ကိုလဲ ကျောင်းဝင်းထဲဝင်ခွင့်ပေးဖို့ လျှောက်ထားခွင့်ပန်အပ်ပါတယ် ဘုရား"

ဂိုဏ်းချုပ်ဆရာတော်ကြီး မိန်းကျန့်သည် ခေါင်းကိုဖြည်း

www.burmeseclassic.com

www.burmeseclassic.com



လေးစွာ ခါယမ်း၍....

"ဒကာလေးရဲ့ ခွင့်ပန်ချက်ကတော့ မဖြစ်နိုင်ပေဘူး ဒကာလေး၊ ရောင်လင်ကျောင်းတော်ကြီးထဲကို မည်သည့်ဒကာမမှ ဝင်ခွင့်မပြုရဆိုတဲ့ စည်းကမ်းချက်ထားခဲ့တာ နှစ်ပေါင်းတစ်ရာကျော်တောင်ရှိနေပြီကွယ်၊ ဒီနှစ်ပေါင်းတစ်ရာကျော်အတွင်း ဘယ်သူကမှ ဒီစည်းကမ်းချက်ကို မဖောက်ဖျက်ခဲ့ဘူး၊ ဒီတော့ ကျုပ်လက်ထပ်ကျမှ ဖောက်ဖျက်လို့ မသင့်ဘူးပေါ့ကွယ်၊ ပြီးတော့ ကျုပ်တို့လို သာသနာ့ဝန်ထမ်း ဘုန်းတော်ကြီးတွေနဲ့ ဒကာမဆိုတာကလဲ မအပ်စပ်ပါဘူးလေ၊ အေး... ရပ်ဝေးကလာတဲ့ ဒကာမတွေအနေနဲ့ ကျုပ်ကိုဖူးတွေ့လိုတယ်ဆိုရင်တော့ ကျောင်းဝင်းအပြင်ဘက်ကို ကျုပ်ကိုယ်တိုင်ထွက်ပြီး သူတို့နဲ့တွေ့ပါ့မယ်"

ဂိုဏ်းချုပ်ဆရာတော်ကြီး မိန်းကျန့်က စကားကုန်ပြောလိုက်သဖြင့် ချန်ဂူးဝမ်းလည်း ၎င်းအခွင့်အရေးကို ထပ်မံပြီး မတောင်းဆိုရဲတော့ချေ။

"ဒီလိုဆိုရင်လဲ ဒီအခွင့်အရေးကို တပည့်တော် မတောင်းဆိုတော့ပါဘူး ဘုရား၊ သူတို့နဲ့အတူ ကျောင်းဝင်းအပြင်ဘက်မှာ တပည့်တော်တည်းခိုခွင့်ရှိရင်တော့ တည်းခိုပါရစေ"

"ဒကာလေးစိတ်ကြိုက် ဘယ်နေရာမှာမဆို တည်းခိုနိုင်ပါတယ်"

ထို့နောက် ဆရာတော်မိန်းကျန့်နှင့် ဒုဂိုဏ်းချုပ်ဆရာတော်ဂူဆန်းတို့သည် ချန်ဂူးဝမ်း၏ဖခင် ချန်စီးလင်းမှာ လူကောင်းသူတော်တစ်ယောက်ဖြစ်ကြောင်း ချီးကျူးစကားများ ပြောဆိုကြသည်။

ဖခင်ဖြစ်သူ ချန်စီးလင်း ရည်မှန်းထားသည့်အတိုင်း ငွေဗျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် ချန်ဂူးဝမ်းမခံယူနိုင်သည့်အတွက် စိတ်မကောင်းဖြစ်မိပါကြောင်း မိန့်ဆိုကြသည်။



ချန်ဂူးဝမ်းကလဲ အနိမ့်ခံခဲ့ရသော သူ့ဘဝဇာတ်ကြောင်းကို ဂိုဏ်းချုပ်ဆရာတော်ကြီးများအား လျှောက်ထားသည်။

ပြီးမှဆက်၍....

"တပည့်တော်ဟာ အခြေအနေအရ လူပျော့လူညံ့တစ်ယောက်ဖြစ်ရပေမယ့် ဘယ်သူ့အပေါ်ကိုမှ မတရားလုပ်လိုစိတ် မရှိပါဘူးဘုရား၊ တပည့်တော် ကျူးလွန်ခဲ့တဲ့ပြစ်မှုဟာလဲ တပည့်တော်ပင်ကိုယ်စိတ်ရင်းက လော်လီလို့ဖြစ်ခဲ့ရတာ မဟုတ်ပါဘူးဘုရား၊ ဒါပေမယ့် တပည့်တော် ကိုယ်ထိလက်ရောက် ပြုမူခဲ့မိတာတော့ မှန်ပါတယ်၊ ဒီလိုစိတ်မိုက်စိတ်ရိုင်း ဘာဖြစ်လို့ပေါ်လာရတယ်ဆိုတာ ဒီနေ့ထိ တပည့်တော် စဉ်းစားလို့မရအောင် ဖြစ်ခဲ့ရပါတယ်ဘုရား"

"အိမ်း... ဒီပြစ်ချက်သာမရှိရင် ဒကာလေးဟာ ငွေဗျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် ဆက်ခံရမှာအမှန်ပဲကွယ့်၊ နေပါဦး... ဒီတုန်းက ဒကာလေးက အရက်သောက်ထားတယ်ဆို"

"တပည့်တော် စိတ်ဆန္ဒနဲ့သောက်ရတာ မဟုတ်ပါဘူးဘုရား၊ ဦးကြီး လင်ချမ်းကျူးက အတင်းရိုက်နှက်ပြီးတိုက်လို့ သူ့ကိုကြောက်တာနဲ့ သောက်ခဲ့ရတာပါ၊ ဒီတုန်းက သက်သေအဖြစ် မေမေကျို တစ်ယောက်ပဲရှိပါတယ်၊ မေမေကျိုဟာ တပည့်တော်ရဲ့လူဖြစ်နေလို့ သူ့စကားကိုလဲ ဘယ်သူမှယုံကြမှာ မဟုတ်ပါဘူး"

ချန်ဂူးဝမ်းသည် ရှုံ့အုံကြူနှင့်ပတ်သက်၍ သူပြစ်မှုကျူးလွန်ခဲ့ရပုံကို တိကျသေချာစွာ လျှောက်ထားပြောဆိုလိုက်သည်။

ဆရာတော်များမှာ သေချာစွာနားထောင်ပြီးမှ စိတ်ပိုလက်မ

www.burmeseclassic.com

www.burmeseclassic.com



ချမ်းမသာ ဖြစ်သွားကြသည်။

ဒုဂိုဏ်းချုပ် ဆရာတော်ဝူဆန်းက....

"ငွေဖျိုင်းဖြူစံအိမ်ကို ကျုပ်ကိုယ်တိုင်လာပြီး ဒကာလေးကို တွေ့ခဲ့သေးတာပဲ၊ ဒီတုန်းက ဒီအဖြစ်အပျက်ကို ခုလို ဘာဖြစ်လို့ ပြောမပြတာလဲ"

"ဦးကြီး လင်ချမ်းကျူးလဲ ရှိနေလို့ပါ ဘုရား၊ ပြီးတော့ အခု ငွေဖျိုင်းဖြူစံအိမ် အမှုထမ်းတွေအားလုံးဟာ ဦးကြီး လင်ချမ်းကျူးရဲ့ လူတွေ ဖြစ်နေကြပါပြီ၊ ငွေဖျိုင်းဖြူစံအိမ်ထဲမှာ တပည့်တော်ရဲ့ ဖြစ်ပျက်ခံစားနေရတာတွေကို ရင်မဖွင့်ရဲပါဘူးဘုရား"

ချန်ဝူးဝမ်းသည် လင်ချမ်းကျူးက သူ့ကိုဆယ်ရက်တစ်ကြိမ် 'ကျွန်တော် အရှူးပါ'ဆိုသော စကားများကို ရေရွတ်ခိုင်းပုံများကိုပါ ပြောပြလိုက်သည်။

ဂိုဏ်းချုပ်ဆရာတော်ကြီးမှာ ပို၍ စိတ်မကောင်းဖြစ်သွားကြသည်။

"တပည့်တော် အခုလျှောက်တင်ခဲ့တာတွေဟာ တစ်လုံးမကျန် အမှန်ဖြစ်ကြောင်း ကျမ်းကျိန်သစ္စာဆိုရဲပါတယ်ဘုရား"

"အိမ်း... ဒီတိုင်းဆိုရင် လင်ချမ်းကျူးဟာ ဒကာလေးအပေါ် မရိုးသားတာတော့ အမှန်ပဲ၊ ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် သူဆက်ခံချင်လို့ ဒကာလေးကို အခုလို အကွက်ဆင်တာမျိုးလဲ ဖြစ်နိုင်တာပဲ၊ ဒကာလေးကို စိတ်ဂယောက်ဂယက်ဖြစ်အောင် လုပ်တာရယ်၊ သိုင်းပညာသင်မပေးတာရယ်ကို ထောက်ရင် ဒကာလေးရဲ့စကားမှန်လိမ့်မယ်ဆိုတာ ကျုပ်တို့တွေးမိပါတယ်၊ ဒါပေမယ့် ခုမှတော့ လွန်ကုန်ပြီ ဒကာလေး၊ သူ့ကိုငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် ခန့်အပ်ပြီးသွားပြီ"



"တပည့်တော်ရဲ့စိတ်ဆန္ဒအမှန်ကို ပြောရရင် ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးလဲ ဖြစ်လိုစိတ် မရှိပါဘူးဘုရား၊ တပည့်တော်ဘာသာ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေးနေချင်တဲ့ဆန္ဒမျိုးပဲ ရှိပါတယ်၊ အခုတောင် ဦးကြီးလင်ချမ်းကျူးအတင်းလွှတ်လို့ ရှင်ရှန်းသိုင်းကျမ်းကို ဆရာတော်ဘုရားဆီမှာယူဖို့ လာခဲ့ရတာပါ၊ တပည့်တော်ရဲ့ ဆန္ဒအတိုင်းဆို သိုင်းကျမ်းကိုပြန်ယူချင်စိတ် မရှိပါဘူး၊ သိုင်းပညာကို သင်ယူလိုစိတ်လဲ မရှိတော့ပါဘူးဘုရား"

"ဒီလိုစိတ်မျိုးတော့ မထားသင့်ဘူး ဒကာလေး၊ ဒကာလေးဟာ ဖခင်ရဲ့ခြေရာကို အပြည့်အဝ မဟုတ်တာတောင် တစ်စိတ်တစ်ဒေသတော့ နင်းနိုင်ရမှာပေါ့၊ ယောကျ်ားကောင်းတစ်ယောက်အနေနဲ့ သိုင်းပညာကိုသင်ပါ ဒကာလေး၊ ရှင်ရှန်းသိုင်းကျမ်းထဲက နည်းစနစ်တွေကို ကျင့်နိုင်အောင်ကြိုးစားပါ ဒကာလေး၊ ဒါဆိုရင် ဒကာလေးရဲ့ ပျော့ညံ့နေတဲ့စိတ်တွေဟာ မာကျောလာပါလိမ့်မယ်၊ ဒကာလေးအနေနဲ့ ထက်မြက်တဲ့ သိုင်းသမားတစ်ယောက်လဲ ဖြစ်လာမယ်၊ လမ်းမှန်ကို လျှောက်လိုစိတ်လဲရှိမယ်ဆိုရင်တော့ အများရဲ့အကျိုးကို ဒကာလေး ဆောင်ရွက်နိုင်ပါလိမ့်မယ်၊ ဒါမှလဲ ဒကာကြီး ချန်စီးလင်းက ဒကာလေးကို မွေးရကျိုးနပ်တော့မှာပေါ့ကွယ်"

"ဆရာတော် ဆန္ဒအတိုင်းဖြစ်အောင် တပည့်တော် ကြိုးစားပါ့မယ် ဘုရား"

"ကောင်းလေစွ... ကောင်းလေစွ... ကောင်းလေစွ"

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

### သံသယပျောက်သောအခါ

ချန်ဂူးဝမ်း ဇရပ်ဆီသို့ပြန်ရောက်လာသောအခါ သူနှင့် ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်များ တွေ့ဆုံပြောဆိုခဲ့ပုံများကို ပြော ပြလိုက်သည်။

ချန်ဂူးဝမ်း၏ဘဝ၊ ချန်ဂူးဝမ်း ဖြစ်ပျက်ခဲ့ရပုံများကို သိထား ပြီးဖြစ်သော ပိုင်ယီးယီးသည် ရှူအံ့ကြူနှင့်ဖြစ်ပျက်ခဲ့သည်တို့ကိုလည်း သိထားပြီးဖြစ်၏။

ပထမတော့ ပိုင်ယီးယီးသည် ချန်ဂူးဝမ်းကို ယုတ်မာစွာဖြင့် ဤပြစ်မှုကျူးလွန်ခဲ့ခြင်း ဖြစ်လေမလားဟု ထင်ယောင်ထင်မှား ဖြစ် ခဲ့သည်။

သို့သော် ခရီးစဉ်တလျှောက်လုံး သူမအပေါ် ဖောက်ပြန် သော အပြုအမူမျိုး အပြောအဆိုမျိုး မရှိခဲ့သည့်ပြင် ချန်ဂူးဝါး၏စိတ် နေစိတ်ထားကို တဖြည်းဖြည်း သိလာရသောအခါ ချန်ဂူးဝမ်းသည် ရှူအံ့ကြူနှင့်ပတ်သက်သောပြစ်မှုကို သူ့စိတ် သူ့ဆန္ဒအရပြုမူခြင်းမ ဟုတ်ပဲ လင်ချမ်းကျူးက ဖန်တီးခြင်းသာ ဖြစ်လိမ့်မည်ဟု လက်ခံယုံ



ကြည်လာမိတော့၏။

ယခုလည်း ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီးများက ချန် ဂူးဝမ်း၏စကားကို လက်ခံသယောင်ယောင်ရှိနေကြောင်းသိရသော အခါ အထိန်းတော်ကြီး ကျိဖေ့ကျန်းသာမက ပိုင်ယီးယီးပါ ချန်ဂူးဝမ်း အတွက် ဝမ်းသာကြရလေသည်။

ထိုညစာကို ရှောင်လင်ကျောင်းတော်ကြီးပင် စီစဉ်ပေး သည်။

သက်သတ်လွတ် ထမင်းဟင်းများကို ဘုန်းကြီးနှစ်ပါးက လာပို့ကာ ကျွေးသည်။

ထမင်းစားပြီး ညဘက်တွင် ချန်ဂူးဝမ်းနှင့် ပိုင်ယီးယီးတို့ သည် ဇရပ်ရှေ့ရှိ ကျောက်တုံးကြီးတစ်တုံးပေါ်၌ ယှဉ်တွဲကာ အေး အေးဆေးဆေး စကားဆိုဖြစ်ကြသည်။

"မမတို့ ဒီမှာ ဘယ်နှစ်ရက်လောက် နေကြဦးမလဲ မောင် လေးရေ"

"မနက်ဖြန် သန်ဘက်ခါလောက် ပြန်ကြမယ် မမ၊ နို့မို့ ဆ ရာတော်ကြီးတွေ ကျွန်တော်တို့အတွက် တာဝန်ကြီးနေပါဦးမယ်"

"ဒါဆိုရင်တော့ ကောင်းပါလေရဲ့ မောင်လေးရယ်၊ ဒီမှာနေ ထိုင်ရ သွားလာရတာ မမတို့လို မိန်းမသားတွေအတွက် အနေကျုံ့ လှပါတယ်၊ မမတို့ ဘယ်မှာမှ မနားပဲ ငွေဖျိုင်းဖြူစံအိမ်အရောက် သွားကြမှာလား"

"ဟုတ်တယ် မမ၊ အခု မမပါ ကျွန်တော်တို့နဲ့ပြန်ပါလာ တော့ ဘယ်မှာမှ မနားတော့ဘူး၊ ငွေဖျိုင်းဖြူစံအိမ်ကို မြန်မြန် ရောက်အောင် ပြန်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်… မမပါလာလို့ ဘယ်မှာမှမနားဘူး ဟုတ်လား၊ မမ ပါမလာရင်ကော"

"တကယ်လို့ မမသာ မမရဲ့ဦးလေးနဲ့အတူ နေခဲ့မယ်ဆိုရင်တော့ ကျွန်တော်တို့လဲ မမတို့အိမ်မှာ တစ်လလောက် ဧည့်သည်လုပ်ပြီး နေရဦးမှာပေါ့"

"ဘာဖြစ်လို့"

ပိုင်ယီးယီး၏အမေးကို ချန်ဂူးဝမ်း ဖြေရခက်ဟန်ဖြင့် မျက်နှာလွှဲလိုက်သည်။

ပိုင်ယီးယီးက ပြုံးလဲ့လဲ့ဖြင့် ထပ်မေးသည်။

"ဘာဖြစ်လို့လဲ မောင်လေးရဲ့ ပြောပါဦး"

ချန်ဂူးဝမ်း ဖွင့်မိုတ်၍ ပြောချလိုက်သည်။

"မမနဲ့ ဖြုန်းစားကြီး ခွဲသွားရမှာ ကျွန်တော် မခွဲနိုင်လို့"

"ဖြစ်ရလေ မောင်လေးရယ်"

"ဟုတ်တယ် မမ၊ ကျွန်တော် လူမှန်းသိတတ်စ အရွယ်ကတည်းက ကျွန်တော့်ကို ကြင်နာယုယခဲ့တဲ့သူဆိုလို့ မေမေကျိုတစ်ယောက်ပဲရှိတယ်၊ ဖေဖေက ကျွန်တော့်ကို သိပ်ချစ်ပေမယ့် သူ့မှာအလုပ်တာဝန်တွေက သိပ်များနေတာမို့ ကျွန်တော့်ကို လက်ပွန်းတတီး မပြုစု မယုယနိုင်ခဲ့ပါဘူး၊ အဲ… ဖေဖေ ဆုံးသွားတော့ မေမေကျိုဟာ ဦးကြီးလင်ချမ်းကျူးကို ကြောက်တာနဲ့ ကျွန်တော့်ကိုပြုစုယုယဖို့ အခွင့်အရေးမရတော့ပါဘူး၊ ကျွန်တော်ဟာ ရှစ်နှစ်လုံးလုံး အနှိမ်ခံဘဝနဲ့ နေလာခဲ့ရပါတယ်၊ မေမေကျိုအနေနဲ့ကလဲ ဦးကြီးလင်ချမ်းကျူး အလစ်လောက်မှာသာ ကျွန်တော့်ကို တိတ်တဆိတ် အားပေးပြုစုခဲ့တာပါ"



ချန်ဂူးဝမ်းသည် စကားပြောရင်းမှ ပိုင်ယီးယီးဘက်ကို ဖြည်းဖြည်း လှည့်ကြည့်သည်။

သူ့ကို ကြင်နာသနားသော မျက်နှာမျိုးဖြင့် ကြည့်နေသော ပိုင်ယီးယီးနှင့် မျက်နှာချင်းဆိုင်မိသည်။

စကားအရှိန်ရနေပြီဖြစ်၍ ချန်ဂူးဝမ်းလည်း ဆက်ပြောနေသည်။

"ဖေဖေ ဆုံးသွားပြီးကတည်းက ဒီခရီးကို ထွက်ခဲ့ရတဲ့အချိန်မှာ ကျွန်တော်ဟာ ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ် နေခွင့်ရခဲ့ပါတယ်၊ ပြီးတော့ အဆိုးထဲက အကောင်းဆိုသလို မမပိုင်နဲ့ ဆုံကြရတယ်၊ မမဟာ ကျွန်တော့်ရဲ့အသက်ကို လက်မတင်ကလေးမှာ ကယ်တင်ခဲ့တယ်၊ တစ်လမ်းလုံးလဲ ကျွန်တော့်ကို ပြုစုစောင့်ရှောက်ခဲ့တယ်၊ ဒီတော့ ကျွန်တော့်စိတ်ထဲမှာ သိပ်ပြီး သာယာကြည်နူးလာမိတယ်၊ ဖန်းလို့မြို့ကိုရောက်ရင် မမဟာ မမရဲ့ဦးလေးနဲ့ နေခဲ့တော့မယ်၊ အပြန်ခရီးမှာ မမ မပါပဲ ကျွန်တော်တို့ချည်းပဲ ပြန်လာရတော့မယ်ဆိုတဲ့ အသိကြောင့် ဖန်းလို့မြို့နားရောက်လေ ကျွန်တော်စိတ်ဆင်းရဲလေ ဖြစ်ခဲ့ရပါတယ် မမပိုင်၊ ဖြစ်နိုင်ရင် မမပိုင်နဲ့ မမပိုင်ရဲ့ဦးလေးတို့ လွဲပါစေ၊ အပြန်ခရီးမှာ ကျွန်တော်တို့နဲ့မမပိုင် ပြန်လိုက်လာနိုင်ပါစေလို့ ကျွန်တော့်စိတ်ထဲက အကြိမ်ကြိမ် အခါခါ ဆုတောင်းလာခဲ့မိပါတယ် မမ၊ ဒီဆုတောင်းမျိုးကို မတောင်းသင့်ဘူးဆိုတာ ကျွန်တော်သိပေမယ့် မမပိုင်နဲ့ခွဲရမှာစိုးလွန်းလို့ ဆုတောင်းလာခဲ့ရတာပါ၊ အခု ကျွန်တော်ဆုတောင်းပြည့်ပါရဲ့၊ ဒါပေမယ့် မမပိုင်ရဲ့ဦးလေးဟာ အသေဆိုး နဲ့သေရပြီ၊ ဒီအတွက် ကျွန်တော် စိတ်မကောင်းဖြစ်ရပြန်ပါတယ်"

www.burmeseclassic.com



ပိုင်ယီးယီးက သက်ပြင်းမှုဲ့ပြီးမျှင်းချလိုက်ပြီး.....

"ဒါကတော့ မောင်လေး ဆုတောင်းတဲ့အတွက် ဖြစ်ရတာမှ မဟုတ်ပဲကွယ်၊ ဦးလေးဟာ လွန်ခဲ့တဲ့ သုံးနှစ်ကျော်လောက်ကတည်းက သေဆုံးနေပြီပဲ၊ မောင်လေး ဆုမတောင်းလဲ ဦးလေးက ပြန်ရှင်လာမှာမှ မဟုတ်ပဲ၊ အင်းလေ... မမပါလာတဲ့အတွက် မောင်လေးရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ဝမ်းသာကျေနပ်တယ်ဆိုတာ သိရတော့ မမလဲ လိုက်ရတာ ကောင်းတာပေါ့၊ မမ စိတ်ထဲမှာ မမအတွက် မောင်လေးမှာ သိပ်ပြီး တာဝန်ကြီးနေမှာကိုပဲ စိုးရိမ်နေမိတာ"

"ဘာမှ တာဝန်မကြီးပါဘူး မမရယ်၊ ဖြစ်နိုင်မယ်ဆိုရင်လေ ကျွန်တော်နဲ့အတူ မမ တစ်သက်လုံးနေသွားစေချင်တာပဲ၊ ဒါ ကျွန်တော့်ရဲ့ ဆန္ဒအမှန်ပါ မမ"

ပိုင်ယီးယီးသည် သူမ၏အကြည့်ကို လွှဲလိုက်ပြီး.....

"အိုကွယ်... မောင်လေးနဲ့မမတို့က သွေးတော်သားစပ်ကြတာမှ မဟုတ်ပဲ၊ တစ်သက်လုံးတော့ ဘယ်လိုလုပ် အတူတူနေလို့ရမလဲ"

"ကျွန်တော့်ဆန္ဒကို မမလိုက်လျောမယ်ဆိုရင်တော့ နေလို့ရမှာပေါ့ မမရယ်"

"ကဲပါ မောင်လေးရယ်... အခု မောင်လေးနဲ့ မမလိုက်နေမှာပဲ၊ ဒီကိစ္စတွေကို နောက်မှ အေးအေးဆေးဆေး ပြောကြတာပေါ့ လောလောဆယ် အစီအစဉ်တွေကို ပြောကြရအောင်"

သူမကို ချစ်ရေးဆိုရန် ချန်ဂူးဝမ်းက စကားစနေပြီဖြစ်ကြောင်း ပိုင်ယီးယီးသိသဖြင့် စကားလွှဲလိုက်ခြင်းသာဖြစ်၏။

တကယ်တမ်းတွင်မူ ချန်ဂူးဝမ်းနှင့်ဆုံအောင် အကွက်ရိုက်



ခရီးစဉ်သို့ သူမလိုက်လာသည်မှာ ချန်ဂူးဝမ်းနှင့် သူမလက်ထပ်နိုင်သည့်အဆင့်ထိ ရောက်လာအောင် ကြိုးစားရန်ဖြစ်၏။

ချန်ဂူးဝမ်းကသာ ဤသို့ချစ်ရေးဆိုလာပါက လက်ခံပြီး အမြန်ဆုံးလက်ထပ်နိုင်အောင် မြူဆွယ်ရမည်ဖြစ်၏။

သို့သော် တကယ်တမ်း ချန်ဂူးဝမ်းက ချစ်ရေးဆိုရန် ယခုလို စကားစလာသောအခါ သူမစိတ်ထဲတွင် ရှက်သလိုလို ရွံ့သလိုလို ဖြစ်နေသည်။

ချန်ဂူးဝမ်းနောက်ကို သူမလိုက်ခဲ့သည့် ရည်ရွယ်ချက်ကို ပင်မေ့နေသည်။

ဤသည်မှာလည်း သူမ၏စိတ်ထဲတွင် ချန်ဂူးဝမ်းအပေါ် သနားကြင်နာမိရာမှ စိတ်ဝင်စားစ ပြုနေပြီဖြစ်သောကြောင့်ပင်တည်း။

နောက်ပိုင်း ချန်ဂူးဝမ်းအပေါ် သူမ၏ဆက်ဆံခြင်းများမှာ အနည်းငယ်မှ ဟန်ဆောင်ခြင်းမရှိတော့ပဲ သူမ၏စိတ်ရင်း စေတနာရင်းအတိုင်းပင် ဖြစ်လေသည်။

သူမ စကားလွှဲလိုက်ခြင်းအတွက် ချန်ဂူးဝမ်းစိတ်ထဲတွင် တစ်မျိုးဖြစ်သွားမိသော်လည်း သူမ၏အကြိုက်ကိုပင်လိုက်၍ စကားကိုမဆက်တော့ချေ။

"ဘယ် လောလောဆယ် အစီအစဉ်တွေကို ပြောရမှာလဲ မမ"

"မောင်လေးရဲ့လက်ထဲကို ဂိုဏ်းချုပ် ဆရာတော်ကြီးက ဘယ်တော့ ရွှင်ရှန်းသိုင်းကျမ်း ပေးမှာလဲ"

"ခုထိတော့ ဘယ်လိုအစီအစဉ်နဲ့ပေးမယ်ဆိုတာ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



ကို ဆရာတော်ကြီးက မပြောသေးဘူး မမ၊ ဘာဖြစ်လို့လဲ”

“ြော်... သွားကာနီး အချိန်ကျမှ ဆရာတော်ကြီးဆီက သိုင်းကျမ်းကို ကပ်ယူရင် ကောင်းမယ်လို့ မမ တွေးမိလို့ပါ၊ မောင်လေးတို့ ရှင်ရှန်းသိုင်းကျမ်းထဲမှာ အဖိုးတန်ထိန်းသိမ်းအပ်တဲ့ သိုင်းကွက်တွေ ပါမှာပဲ၊ ဒါကြောင့် ရှောင်လင်ဂိုဏ်းချုပ် ဆရာတော်ကြီးကိုယ်တိုင် ထိန်းသိမ်းခဲ့တာဖြစ်မှာပေါ့၊ ဒီလိုသိုင်းကျမ်းမျိုး မောင်လေးလက်ထဲမှာရှိနေရင် လုယက်ချင်တဲ့သူတွေ ပေါ်ချင် ပေါ်လာနိုင်တယ် မဟုတ်လား”

“ကျွန်တော့်နားမှာ မမတစ်ယောက်လုံး ရှိနေသရွေ့ ဘယ်သူ့ကိုမှ ကျွန်တော် မမှုပါဘူးမမရယ်”

“ဟား... ဟား... ဟား၊ မောင်လေးက မမကို ဒီလောက်တောင် အထင်ကြီးနေတာကိုး၊ တကယ်လို့ သိုင်းကျမ်းကို လာပြီးလုကြတဲ့လူဆိုးတွေထဲမှာ မမထက် သိုင်းပညာတော်တဲ့သိုင်းသမားကြီးတွေ ပါနေရင်ကော ဘယ်လိုလုပ်မလဲ”

“ဒါဆိုရင်တော့ မမ ဒုက္ခရောက်တာမျိုး အဖြစ်မခံဘူး၊ ရှင်ရှန်းသိုင်းကျမ်းကို ပေးလိုက်မှာပဲ”

သူမအပေါ် ထားရှိသော ချန်ဂူးဝမ်း၏ မေတ္တာစေတနာကြောင့် ပိုင်ယီးယီး စိတ်ကြည်နူးခြင်းဖြစ်ရလေသည်။

နောက်တစ်နေ့ မနက်ပိုင်းတွင် ချန်ဂူးဝမ်းတို့တည်းခိုနေ



ထိုင်သော ဇရပ်ကြီးဆီသို့ ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီး မိန်းကျန့်သည် ဒုဂိုဏ်းချုပ် ဆရာတော်ကြီးဂူဆန်း အပါအဝင် ဘုန်းကြီးသုံးပါးနှင့် ကြွရောက်လာလေသည်။

ချန်ဂူးဝမ်းတို့က ဘုန်းတော်ကြီးများကို သင့်တင့်လျောက်ပတ်သောနေရာတွင် ပျာပျာသလဲ နေရာထိုင်ခင်း ပေးကြပြီး ရိုကျိုးစွာ ရှိခိုးကန်တော့ကြသည်။

ဂိုဏ်းချုပ်ဆရာတော်ကြီး မိန်းကျန့်က ပိုင်ယီးယီးကို အကဲခတ်ကြည့်ပြီး....

“ဒကာမလေးက ပိုင်ယီးယီး ထင်ပါရဲ့”

“မှန်လှပါ ဘုရား၊ တပည့်တော်မ ပိုင်ယီးယီးပါ”

“အိမ်း... ဒကာလေး ချန်ဂူးဝမ်းပြောပြလို့ ဒကာမလေးရဲ့အကြောင်းကို သိတန်သရွေ့ သိရပါတယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ခုလိုသိုင်းပညာထက်မြက်တယ်ဆိုတာ ကောင်းပါတယ်ကွယ်၊ အရေးကြီးတာက ကိုယ်တတ်ထားတဲ့သိုင်းပညာနဲ့ တိုင်းပြည်အကျိုးနဲ့ အများအကျိုးကိုဆောင်ရွက်နိုင်အောင် ကြိုးစားရမယ်ကွယ့်၊ နောက်ဆုံး ဒီလိုမဆောင်ရွက်နိုင်တာတောင် တိုင်းပြည်အကျိုးမဲ့တဲ့အလုပ်တွေကို မလုပ်မိအောင်တော့ ရှောင်ရှားရမယ်”

“မှန်ပါဘုရား၊ တပည့်တော်မ တတ်မြောက်ထားတဲ့သိုင်းပညာကို မတရားတဲ့နေရာမှာ မသုံးပဲ တရားသဖြင့်သုံးဖို့ ဆုံးဖြတ်ထားပါတယ်”

“ကောင်းပါလေရဲ့ကွယ်... ကောင်းပါလေရဲ့”

ဂိုဏ်းချုပ် ဆရာတော်ကြီးမိန်းကျန့်သည် ချန်ဂူးဝမ်းကို ကြည့်လိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



“ဒကာလေးတို့ရောက်တုန်း ရောက်ခိုက် ဒီမှာ အေးအေးဆေးဆေး နေကြဦးမယ်မဟုတ်လား”

“ဆရာတော်ဘုရား ခွင့်ပြုမယ်ဆိုရင် မနက်ပဲ ပြန်ချင်ပါတယ် ဘုရား”

“ဟင်… မြန်လှချည်လား ဒကာလေး”

“မှန်ပါ… တပည့်တော်နဲ့ပါလာတဲ့ သိုင်းသမားတွေ အိမ်ကို ပြန်ရောက်မရောက် သူတို့ရဲ့အခြေအနေကို သိချင်လို့ပါဘုရား။ ပြီးတော့ တပည့်တော်ကြာနေရင် ဦးကြီး လင်ချမ်းကျူးကလဲ တစ်မျိုးတစ်မည်ထင်နေမှာစိုးလို့ပါ ဘုရား”

“အင်းလေ… ဒီလိုဆိုရင်လဲ ဒကာလေး ဆန္ဒရှိသလိုပဲပြန်ပါ။ ဒကာလေးရဲ့ဖခင် ဒကာကြီး ချန်စီးလင်း အပ်နှံခဲ့တဲ့ သိုင်းကျမ်းကို မနက်ဖြန် မနက်စောစော ဒကာလေးရဲ့လက်ထဲ ပြန်ပေးပါ့မယ်”

“မှန်ပါ ဘုရား”

“တစ်ခုတော့ရှိတယ် ဒကာလေး ချန်ဂူးဝမ်း၊ ကျုပ်ဆီကနေ ရှင်ရှန်းသိုင်းကျမ်းကို ဒကာလေးယူပြီး ပြန်သွားတာကို သိတဲ့လူတချို့ ရှိကောင်း ရှိနိုင်တယ်၊ ဒီတော့ အပြန်လမ်းခရီးမှာ ရှင်ရှန်းသိုင်းကျမ်းကို ဒကာလေးဆီက လုယူကောင်း လုယူနိုင်တယ်၊ ဒီလိုအရေးမျိုးကြုံလာရင် ဒကာလေးတို့ခုခံနိုင်မှာ မဟုတ်ဘူး၊ ဒကာလေးတို့သုံးယောက်အနက် ဒီဒကာမလေး ပိုင်ယီးယီးတစ်ယောက်ပဲ သိုင်းပညာတတ်တာ မဟုတ်လား”

“မှန်ပါတယ် ဘုရား”

“ဒီတော့ ဒကာလေးတို့ကို လမ်းမှာစောင့်ရှောက်ဖို့ အစောင့်အရှောက် ထည့်ပေးလိုက်မယ်လေ၊ သူတို့က ငွေဖျိုင်းဖြူစံအိမ်အရောက် ဒကာလေးတို့ကိုလိုက်ပြီး ပို့ကြလိမ့်မယ်”



ဂိုဏ်းချုပ်ဆရာတော်ကြီး မိမိအပေါ် စေတနာထား၍ ဤသို့ စီစဉ်ခြင်းဖြစ်ကြောင်း ချန်ဂူးဝမ်း နားလည်သော်လည်း ချန်ဂူးဝမ်းသည် ဤအစီအစဉ်ကိုသိပ်ပြီး လက်မခံလိုပါချေ။

သူ့စိတ်ထဲတွင် ပိုင်ယီးယီးပါရုံဖြင့် သူတို့လုံခြုံရေးအတွက် စိတ်ချရပြီဟု ယုံကြည်ထားသည်။

သူတို့နှင့်အတူ အစောင့်အရှောက်များပါလာပါက သူနှင့် ပိုင်ယီးယီးတို့ လွတ်လွတ်လပ်လပ် နေခွင့်ရလိမ့်မည်မဟုတ်ဟုလည်း ချန်ဂူးဝမ်း တွေးမိသည်။

သူ့အနေနှင့် ငွေဖျိုင်းဖြူစံအိမ်သို့ ပြန်မရောက်ခင် ပိုင်ယီးယီးနှင့် ပျော်ပျော်ရွှင်ရွှင်နေလိုစိတ် ရှိလေသည်။

ငွေဖျိုင်းဖြူစံအိမ်တော်သို့ပြန်ရောက်လျှင် လင်ချမ်းကျူး၏ အုပ်ချုပ်မှုအောက်သို့ ပြန်ရောက်ပြီဖြစ်၍ ဤသို့လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နေရလိမ့်မည် မဟုတ်တော့ချေ။

သူသည် အပြန်ခရီးကို အချိန်ဆွဲပြီး အေးအေးဆေးဆေး ပြန်မည်ဟု ဆုံးဖြတ်ချက် ချထားလေသည်။

ထို့ကြောင့် စေတနာဖြင့် စီစဉ်သော ဂိုဏ်းချုပ်ဆရာတော်ကြီးများ၏အစီအစဉ်ကို လက်မခံလိုခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

### ပညာရှာပွဲတိုက်

"တပည့်တော် လျှောက်တင်ပါရစေ ဘုရား"

"ဆိုစမ်း"

"ဆရာတော်ဘုရားရဲ့ မိန့်စကားကို ဆန့်ကျင်တာတော့ မဟုတ်ပါဘူးဘုရား။ အပြန်ခရီးကို တပည့်တော်တို့သုံးယောက်ပဲ သိုသိုသိပ်သိပ်နဲ့ ပြန်သွားချင်ပါတယ်ဘုရား၊ ဒါဆိုရင် လုယက်ချင်တဲ့သူတွေရှိဦးတော့ ခြေရာဖျောက်ပြီးသွားလို့ ရပါတယ်၊ တကယ်လို့ အစောင့်အရှောက်တွေနဲ့သွားရင် ရန်သူက တပည့်တော်တို့ကို ပိုပြီးမြင်နိုင်ပါတယ်ဘုရား"

"အင်းလေ... သိုသိုသိပ်သိပ် သွားနိုင်ရင်တော့ ကောင်းတာပေါ့၊ ဒါပေမယ့် ဒကာလေးတို့တွေကို ရန်ရှာမယ်ဆိုရင်ကော"

"ဟောဒီက မမပိုင်ယီးယီးက ကောင်းကောင်းကြီး ခုခံတိုက်ခိုက်နိုင်ပါတယ် ဘုရား၊ မမပိုင်ယီးယီးဟာ တော်ရုံတန်ရုံရန်သူလောက်ကို မမှုပါဘူး၊ ဟုတ်တယ် မဟုတ်လား မမပိုင်"



ချန်ဂူးဝမ်းသည် ဂိုဏ်းချုပ်ဆရာတော် မိန်းကျန့်ကိုလျှောက်ထားနေရာမှ ပိုင်ယီးယီးကို လှည့်မေးလိုက်သည်။

ပိုင်ယီးယီးကလည်း လက်အုပ်ချီကာ ဆရာတော်ကြီး မိန်းကျန့်ကို လျှောက်ထားသည်။

"မှန်ပါ ဘုရား၊ တော်ရုံတန်ရုံ ရန်သူတွေကိုလောက်တော့ တပည့်တော်မ တစ်ယောက်တည်းနဲ့ ခုခံတိုက်ခိုက်နိုင်စွမ်း ရှိပါတယ်"

အပြန်လမ်းခရီးတွင် ချန်ဂူးဝမ်းနှင့်လွတ်လွတ်လပ်လပ်ပြန်လိုသော ပိုင်ယီးယီးကလည်း ချန်ဂူးဝမ်း၏လေသံနှင့်အတူ ပြောဆိုလိုက်ခြင်းဖြစ်၏။

ဂိုဏ်းချုပ်ဆရာတော်ကြီးမိန့်ကျန့် မျက်မှောင်အနည်းငယ်ကြုတ်သွားပြီး....

"ဒကာမလေးရဲ့သိုင်းပညာ ဘယ်လောက်အဆင့်ရှိတယ်ဆိုတာ ကျုပ် သိချင်တယ်၊ ဒီတော့ ဟောဒီက တာမိုးဆရာတော်ဂူတောက်နဲ့ သိုင်းကစားပြစမ်းပါ၊ ဒကာမလေးရဲ့သိုင်းပညာကို ကျုပ်ကျေနပ်တဲ့အဆင့်ရှိရင်တော့ ဒကာမလေးတို့ စိတ်ကြိုက်ပြန်ကြပါ၊ နို့မို့ဆိုရင်တော့ ရွှင်ရှန်းသိုင်းကျမ်းလုံခြုံရေးအတွက် ငွေဖျိုင်းဖြူစံအိမ်မရောက်ခင် ကျုပ်မှာ တာဝန်ရှိနေတယ်၊ အစောင့်အရှောက် ထည့်ပေးလိုက်ရမှာပဲ၊ ဘယ့်နှယ်လဲ ဒကာမလေး"

"မှန်ပါ... ဆရာတော်ဘုရား ဆန္ဒရှိတော်မူတယ်ဆိုရင်တော့ တပည့်တော်မရဲ့သိုင်းပညာစွမ်းကို ပြပါ့မယ်ဘုရား"

"ကိုင်း... ဒါဆို လာကြ"

ဂိုဏ်းချုပ်ဆရာတော်ကြီး မိန်းကျန့်က ဦးဆောင်၍ ချန်ဂူးဝမ်းတို့အားလုံး ဇရပ်ရှေ့ရှိ မြေကွက်လပ်ကြီးထဲသို့ ထွက်လာကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။

မြေကွက်လပ်ထဲရောက်မှ ဂိုဏ်းချုပ်ဆရာတော်ကြီးမိန်းကျန့်က ပိုင်ယီးယီးကို ထပ်မံ၍ ပြောသည်။

"တာမိုးဆရာတော် ဂူတောက်ဟာ ရှောင်လင်ကျောင်းတော်ကြီးမှာ ဒုတိယအဆင့်ရှိတဲ့သူပဲ ဒကာမလေး၊ ဒီတော့ ဂူတောက်ရဲ့သိုင်းကွက်ဆယ်ကွက်အထိ ဒကာမလေးက ပြန်ပြီးခုခံနိုင်မယ်ဆိုရင် ကျုပ် ကျေနပ်ပါပြီ"

ဂိုဏ်းချုပ်ဆရာတော်ကြီး မိန်းကျန့်က သူ့ဘေးမှ တာမိုးကျောင်းဆောင် တာဝန်ခံ ဆရာတော်ဂူတောက်၏လက်မောင်းကို အသာအယာဆုပ်ကိုင်၍ ပြောဆိုလိုက်ခြင်းဖြစ်၏။

ပိုင်ယီးယီးက တာမိုးဆရာတော်ဂူတောက်ကို လက်အုပ်ချီ၍ ပြောသည်။

"တပည့်တော်မကို အရှင်ဘုရားရဲ့သိုင်းကွက်တစ်ကွက်နှစ်ကွက်လောက် ကစားပြပါဘုရား၊ ဒါမှ ဂိုဏ်းချုပ်ဆရာတော်ကြီးရဲ့မိန့်စကားအတိုင်း တပည့်တော်မ ပြုလုပ်နိုင်စွမ်းရှိမရှိ ခန့်မှန်းနိုင်ပါလိမ့်မယ်"

"ကောင်းပါပြီ ဒကာမလေး"

တာမိုးဆရာတော် ဂူတောက်သည် မလှမ်းမကမ်းသို့ ခုန်ထွက်လိုက်ပြီး ခြေနှစ်ဖက်အနည်းငယ်ခွဲကာ ခွင်လိုက်သည်။

ပြီးနောက် သူ့လက်နှစ်ဖက်ကို ခေါင်းထက်ကိုမြှောက်လိုက်ပြီး လက်ဝါးချင်း ပူးလိုက်ကာ မျက်နှာမှာကပ်၍ ရင်ဘတ်အထိ ဖြည်းဖြည်းချင်း ဆွဲချသည်။

သူ့နားထင်ကြောများလည်း ဖုထွက်လာသည်။



ဤကား သူ၏အတွင်းအားကို လက်နှစ်ဖက်ဆီသို့ စုစည်းလိုက်ခြင်းဖြစ်လေသည်။

ထို့နောက် တာမိုးဆရာတော်ဂူတောက်သည် ကိုယ်ကိုယိမ်း၊ လက်ကိုလွှဲ၊ ခြေကိုမြှောက်ကာ သိုင်းကွက်ကို စတင်ကစားတော့ သည်။

"ဟူး... ဟူး... ဟူး"

"ဟိတ်...."

"ဝှီး... ဝှီး"

သူသည် ခပ်မှန်မှန် ခပ်ဖြည်းဖြည်းသာ လှုပ်ရှားခြင်းဖြစ်သော်လည်း သူ့လှုပ်ရှားမှုကြောင့် ထွက်ပေါ်လာသော လေလှိုင်းသံတို့မှာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

လေလှိုင်းရိုက်ခတ်မှုကြောင့် ချုန်ဂူးဝမ်းတို့လူစု၏ အဝတ်များပါ လူးလှုပ်သွား၏။

ချုန်ဂူးဝမ်းသည် တာမိုးဆရာတော်ဂူတောက်၏သိုင်းကွက်များကိုကြည့်ပြီး ရင်ထိတ်သွားသည်။

ဆရာတော်ဂူတောက်၏ လက်ဝါးရိုက်ချက်သည် အားပြင်းလွန်းလှသဖြင့် မိမိသာ ဤလက်ဝါးရိုက်ချက်ကို မိမည်ဆိုပါက ပွဲချင်းပြီး သေဆုံးသွားနိုင်ကြောင်း တွေးမိလေသည်။

တာမိုးဆရာတော်ဂူတောက်သည် သိုင်းကွက်သုံးကွက်ကစားပြီးနောက် ရပ်လိုက်လေသည်။

ဂိုဏ်းချုပ်ဆရာတော်ကြီး မိန်းကျန့်က ပိုင်ယီးယီးကို ပြုံး၍ကြည့်လိုက်ပြီး....

"ဘယ့်နှယ်လဲ ဒကာမလေး၊ ဆရာတော်ဂူတောက်ရဲ့သိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကွက် ဆယ်ကွက်ကို ခုခံတိုက်ခိုက်နိုင်စွမ်း ရှိပါ့မလား"

ပိုင်ယီးယီးကလည်း ပြုံးသည်ဆိုရုံမျှ ပြုံးလိုက်ပြီး....

"မှန်လှပါဘုရား... ဆရာတော်ဂူတောက်အနေနဲ့ တပည့်တော်မကို သိုင်းကွက်ဆယ့်ငါးကွက်အထိ တိုက်နိုင်ပါတယ်ဘုရား။ သိုင်းကွက်ဆယ့်ငါးကွက်အထိတော့ တပည့်တော်မ ခုခံနိုင်ပါလိမ့်မယ်"

ဆရာတော်ဂူတောက်ပင် အနည်းငယ် စိတ်တိုသွားပြီး....

"သိပ်အပြောမကြီးပါနဲ့ ဒကာမလေး၊ ဒကာမလေးလို နုနယ်သေးတဲ့မိန်းကလေးမျိုးမပြောနဲ့ ဒကာမလေးထက် သိုင်းပညာအတွေ့အကြုံရှိတဲ့သူတွေတောင် ကျုပ်ရဲ့သိုင်းကွက် ဆယ့်ငါးကွက်အထိ မခံနိုင်ကြပါဘူး"

ချန်ဂူးဝမ်းကလည်း ပိုင်ယီးယီးကို စိုးရိမ်စွာဖြင့် ပြောသည်။

"ဟုတ်ပါတယ် မမရယ်၊ ဂိုဏ်းချုပ်ဆရာတော်ကြီး အမိန့်ရှိသလို သိုင်းကွက်ဆယ်ကွက်အထိပဲ ကစားပါ"

ပိုင်ယီးယီးက ချန်ဂူးဝမ်းကို ဘာမှပြန်မပြောဘဲ ဂိုဏ်းချုပ်ဆရာကြီး မိန်းကျန့်ကိုသာ လျှောက်ထားလိုက်သည်။

"တပည့်တော်မအနေနဲ့ ကံကောင်းထောက်မလို့ ရှောင်လင်ကျောင်းတော်ကြီးကိုရောက်ခဲ့ရပြီး ခုလို ဆရာတော်ဘုရားများကို ဖူးတွေ့ရခြင်းဖြစ်ပါတယ် ဘုရား၊ နောက်တစ်ခါ ခုလိုဖူးတွေ့ဖို့ အခြေအနေပေးချင်မှ ပေးတော့မှာပါ၊ ဒါကြောင့် ကြုံတုန်းဆုံတုန်း ဆရာတော်ဘုရားများထံမှ ပညာယူသွားချင်ပါတယ်၊ သိုင်းကွက်ဆယ့်ငါးကွက်အထိပဲ တပည့်တော်မ ကစားပါရစေဘုရား"

ဂိုဏ်းချုပ်ဆရာတော်ကြီး မိန်းကျန့် သက်ပြင်းအသာအယာ



ချလိုက်ပြီး......

"အင်းလေ... ဒီလိုဆိုရင်လဲ ဒကာမလေးရဲ့ဆန္ဒအတိုင်းပဲ ဖြစ်ရမှာပေါ့"

ဂိုဏ်းချုပ်ဆရာတော်ကြီး မိန်းကျန့်က နောက်ဘက်ကို အသာအယာ ဆုတ်လိုက်သဖြင့် ချန်ဂူးဝမ်းတို့ တတွေလည်း နောက်ဘက်ကို ဆုတ်ရပ်လိုက်ကြသည်။

တာမိုးဆရာတော်ဂူတောက်နှင့် ပိုင်ယီးယီးတို့လည်း မျက်နှာချင်းဆိုင်ရပ်လိုက်ကြပြီး သိုင်းကွက်ကို နင်းလိုက်ကြသည်။

ဦးစွာဆရာတော်ဂူတောက်က သိုင်းကွက်ကိုစပြီး အသုံးပြုကာ ပိုင်ယီးယီးကိုတိုက်ခိုက်သည်။

သူ၏လှုပ်ရှားပုံမှာ နှေးကွေးဟန် ရှိသော်လည်း ပြင်းထန်လွန်းလှသည်။ အကွက်လည်း စိတ်လှသည်။

"ဟိတ်... ဟိတ်... ဟိတ်"

ပိုင်ယီးယီးက ခြေလက်တို့ကို တစ်ချက်လှုပ်ရှားလိုက်တိုင်း နှုတ်မှ ဟစ်ကြွေးရင်း ဆရာတော်ဂူတောက်၏သိုင်းကွက်များကို ပွတ်ကာသီကာ ရှောင်တိမ်းလျက် ရှိနေသည်။

ဆရာတော်ဂူတောက်၏သိုင်းကွက်များမှာ မိုးပေါ်မှဖြတ်ကျလာသော ပိုက်ကွန်ယက်ကြီးနှင့်တူညီသည်။ ပိုင်ပိုင်နိုင်နိုင်ရှိသည်။

ပိုင်ယီးယီးကမူ 'ပါးပျဉ်းဆုပ်တက်'သိုင်းကွက်ကို အသုံးပြု၍ ခုခံနေရလေသည်။

သူမသည် ရှေ့ကိုခုန်ဝင်ပြီး ခြေလက်အစုံ ဝှေ့ယမ်းတိုက်ခိုက်လိုက်၊ နောက်ကိုခုန်ဆုတ်သွားလိုက်ဖြင့် ဆရာတော်ဂူတောက်၏

www.burmeseclassic.com

www.burmeseclassic.com



သိုင်းကွက်ကွန်ယက်ထဲတွင် မမိစေရန် လှုပ်ရှားနေသည်။

အားလုံးပင် ဆရာတော်ဂူတောက်နှင့် ပိုင်ယီးယီးတို့ယှဉ်ပြိုင်ပွဲကို မျက်တောင်မခတ်ကြည့်နေမိကြသည်။

ချန်ဂူးဝမ်းကမူ ပိုင်ယီးယီးအတွက် လွန်စွာ စိုးရိမ်နေမိသည်။

"လေး… ငါး… ခြောက်"

ဒုဂိုဏ်းချုပ် ဆရာတော်ဂူဆန်းက သိုင်းကွက်များကို အများကြားအောင် ရေတွက်ပေးလျက် ရှိနေသည်။

တာမိုးဆရာတော် ဂူတောက်၏သိုင်းကွက်များမှာ တစ်ကွက်ထက် တစ်ကွက်ပိုပြီး ပြင်းထန်လာသည်။ ပိုပြီး သွက်လက်လာသည်။ ပိုပြီး အကွက်စိတ်လာသည်။

"ရှစ်…. ကိုး… တစ်ဆယ်"

သိုင်းကွက်ကိုးကွက်ရောက်လာသောအခါ ဆရာတော်ဂူတောက်၏သိုင်းကွက်များ ကြောက်ခမန်းလိလိ ပြင်းထန်လာသည်။

သူလက်လှုပ်ရှားမှုကြောင့် ထွက်ပေါ်လာသော လေလှိုင်းသံများမှာ တဟူးဟူး မြည်နေသည်။

ပိုင်ယီးယီး၏အဝတ်များ၊ ဆံပင်များသာမက အနီးအနားမှ သစ်ရွက်သစ်ကိုင်းများပင် လေလှိုင်းရိုက်ခတ်မှုကြောင့် ဝေ့ခနဲ ဝေ့ခနဲ လှုပ်ယမ်းသွားကြ၏။

ပိုင်ယီးယီး၏မျက်နှာပြင်တွင် ချွေးများ စို့လာသည်။

စိုးရိမ်ပန်မှုကလည်း သူမ၏မျက်နှာပေါ်တွင် လွှမ်းမိုးလာသည်။

သူမသည် တိုက်စစ်ကို တစ်ချက်ကလေးမှ မသုံးနိုင်တော့ဘဲ ဆရာတော်ဂူတောက်၏ သိုင်းကွက်များကို သတိကြီးစွာထားလျက် ခုခံနေရသည်။



ချန်ဂူးဝမ်းနှင့် အထိန်းတော်ကြီး ကျိဖေ့ကျန်းတို့၏ နှုတ်မှလည်း 'ဟင်'ခနဲ'ဟာ'ခနဲ ရေရွတ်သံများ အဆက်မပြတ်ပေါ်ထွက်နေသည်။

သူတို့ ဆရာတော်ဂူတောက်၏လက်ဝါးရိုက်ချက်ကို ပိုင်ယီးယီးမိသွားပြီအထင်နှင့် ယင်းသို့ထိတ်လန့်တကြား ရေရွတ်လိုက်ခြင်းသာ ဖြစ်၏။

သို့သော် ပိုင်ယီးယီးသည် ဆရာတော်ဂူတောက်၏ သိုင်းကွက်များကို ပွတ်ကာသီကာ ရှောင်တိမ်းသွားနိုင်လေသည်။

"တစ်ဆယ့်နှစ်… တစ်ဆယ့်သုံး… တစ်ဆယ့်လေး… တစ်ဆယ့်ငါး"

ဒုဂိုဏ်းချုပ် ဆရာတော်ဂူဆန်းသည် နောက်ဆုံး'တစ်ဆယ့်ငါး'ဟူသောအသံကို ကျယ်လောင်စွာ အော်လိုက်ပြီးနောက် ရပ်လိုက်လေသည်။

ဆရာတော်ဂူတောက်ကလည်း သိုင်းကွက်တစ်ဆယ့်ငါးကွက်မြောက်ကို နောက်ဆုံးအဖြစ် အသုံးပြုလိုက်ပြီးနောက် နောက်ကိုအသာအယာ ခုန်ဆုတ်လိုက်ပြီး တိုက်ခိုက်ခြင်းကို ရပ်လိုက်တော့၏။

မည်သို့မှ မောပန်းနွမ်းနယ်ပုံမရဘဲ ပိုင်ယီးယီးကို ခပ်ပြုံးပြုံးပင် ကြည့်နေသည်။

ပိုင်ယီးယီး၏ ခန္ဓာကိုယ်ကမူ လဲကျလုလု ယိမ်းယိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြင်တွင်လည်း ချွေးတွေ ရွှဲရွှဲစိုနေသည်။ မောဟိုက်
နှမ်းနယ်လွန်းသဖြင့် အသက်ကို ပြင်းပြင်းရှူနေသည်။

ဦးစွာ ပိုင်ယီးယီးအနီးသို့ ချန်ဂူးဝမ်း လှစ်ခနဲ ရောက်လာ
ပြီး သူ၏လက်မောင်းကို အသာအယာ ဆွဲကိုင်လိုက်ကာ စိုးရိမ်သံ
လေးဖြင့် ခေါ်လိုက်မိ၏။

"မမပိုင်... မမပိုင်၊ ဘယ်လိုဖြစ်နေသလဲဟင်"

ပိုင်ယီးယီးက မောပန်းနေသည့်ကြားမှ ချန်ဂူးဝမ်းကို အာ
ယူ၍ ပြုံးပြသည်။

"ဘာ... ဘာမှမဖြစ်ပါဘူး မောင်လေးရယ်၊ နည်းနည်းမော
ပန်းသွားလို့ပါ"

ဝိုဏ်းချုပ်ဆရာတော်ကြီး မိန်းကျန့်နှင့် နောက်ပါဘုန်းကြီး
များလည်း ပိုင်ယီးယီးအနီးကို ရောက်လာကြသည်။

ဝိုဏ်းချုပ်ဆရာတော်ကြီး မိန်းကျန့်က ချီးကျူးစကားဆို
သည်။

"ဒကာမလေးရဲ့သိုင်းပညာဟာ အရွယ်နဲ့မလိုက်အောင်
ထက်မြက်ပါပေတယ်ကွယ်၊ ဆရာတော်ဂူတောက်ရဲ့သိုင်းကွက်
ဆယ့်ငါးကွက်အထိ ခံနိုင်တဲ့သူ အတော်ရှားပါတယ်၊ ကျုပ်ကိုယ်တိုင်
ဒကာမလေးရဲ့ဆန္ဒကြောင့်သာ ခွင့်ပြုလိုက်ရပေမယ့် သိုင်းကွက်
ဆယ့်နှစ်ကွက်ထက် ပိုပြီးခံနိုင်လိမ့်မယ် မဟုတ်ဘူးလို့ တစ်ထစ်
တွက်ထားမိတာ၊ ဒကာမလေးဟာ ကျုပ်ထင်တာထက် အများကြီး
ပိုပြီး တော်နေပါတယ်"

ပိုင်ယီးယီးက လက်အုပ်ချီလိုက်ပြီး....

"တကယ်တော့ တပည့်တော်မတော်လွန်းလို့ မဟုတ်ပါဘူး



ဘုရား၊ ဆရာတော်ဂူတောက်က တပည့်တော်မကို သက်ညှာလိုက်လို့
သာပါ"

ဝိုဏ်းချုပ်ဆရာတော်ကြီး မိန်းကျန့်က ချန်ဂူးဝမ်းကို ခပ်ပြုံး
ပြုံးကြည့်လိုက်၍....

"ကျုပ်ရဲ့ဆန္ဒကိုပြောရရင် ဒကာလေးအနေနဲ့ ဟောဒီဒကာ
မလေးဆီမှာ အခြေခံကစပြီး သိုင်းပညာကိုသင်ယူစေချင်တယ်၊ ဒ
ကာမလေးဆီက ပြည့်ပြည့်ဝဝ သင်ကြားပြီးတော့မှ ရှင်ရှန်းသိုင်း
ကျမ်းထဲက သိုင်းကွက်တွေကိုဆက်ပြီး လေ့ကျင့်စေချင်တယ်၊ ဒါဆို
ရင် ဒကာလေးဟာ ထက်မြက်တဲ့ အဆင့်မြင့် သိုင်းသမားတစ်
ယောက် ဖြစ်လာနိုင်မယ်၊ ဒကာလေးရဲ့စိတ်ထားလဲ အများကြီး
ပြောင်းလဲသွားလိမ့်မယ်"

"မှန်ပါဘုရား... ဆရာတော်ဘုရားရဲ့မိန့်မှာ ရှားဒြားကို တ
ပည့်တော် နာယူပါ့မယ် ဘုရား"

"အခု အပြန်ခရီးကိုလဲ ဒကာမလေးနဲ့ပဲပြန်မယ်ဆိုရင် ဖြစ်
ပါပြီ၊ အစောင့်အရှောက်ကို ကျုပ် ထည့်ပေးစရာမလိုတော့ပါဘူး၊
ဒကာမလေးရဲ့ထက်မြက်လွန်းတဲ့သိုင်းပညာကို ကျုပ် မျက်မြင်တွေ့
နေရပါပြီ၊ ကဲ... ကဲ အနားယူကြပေဦးတော့ ဘုန်းကြီးတို့လဲ ပြန်
ကြွပေဦးမယ်"

ချန်ဂူးဝမ်း၊ ပိုင်ယီးယီးနှင့်အထိန်းတော်ကြီး ကျိုဖေ့ကျန်းတို့
သည် မြေတွင် ထိုင်ချလိုက်ပြီး ဆရာတော်ကြီးများကို ရှိခိုးကန်တော့
လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

## အရိပ်လိုလိုက်နေသူ

ချန်းတူးမြို့မှာ သာယာလှပသော မြို့လေးတစ်မြို့ဖြစ်၏။

မြို့အရှေ့ဘက်နှင့်တောင်ဘက်တွင် ရစ်ခွေစီးဆင်းနေသော လီကျန်မြစ်ရှိသည်။

မြို့နောက်ဘက်နှင့် မြောက်ဘက်တွင်မူ မြင့်မားသော တောင်ထွတ်တောင်တန်းကြီးများ ရှိနေသည်။

တောင်မြင့်ကြီးများပေါ်မှ ရေတံခွန်ကြီးများမှာလည်း အဆင့်ဆင့်ကျဆင်းလျက် ရှိနေကြသည်။

ရေတံခွန်ပေါင်း ရာချီ၍ ရှိနေသဖြင့် မြို့ဆီမှကြည့်လိုက်မည်ဆိုလျှင် လွန်စွာလှပလေသည်။

ချန်းတူးမြို့မှာ မြို့လေးတစ်မြို့သာ ဖြစ်သော်လည်း ရေလမ်းခရီးမှကော ကုန်လမ်းခရီးကပါ သွားလာနိုင်သဖြင့် ကုန်ရောင်းဝယ်စည်ကားသော မြို့ဖြစ်၏။

အစားအသောက်ပစ္စည်းပစ္စယလည်း ပေါသည်။



ချန်ငူးဝမ်းတို့သည် နေရာအကွက်အကွင်းကောင်းသော တိမ်နန်းတည်းခိုဆောင်တွင် အေးအေးလူလူ တည်းခိုနေထိုင်ကြသည်။ သုံးရက်ရှိသွားပြီ ဖြစ်၏။

သူတို့တတွေ ရှောင်လင်ကျောင်းတော်ကြီးမှ ထွက်ခွာလာခဲ့ကြပြီးနောက် နေ့တွင်ခရီးဆက်၍ ညတွင်သာ ရောက်သည့်အရပ်၌ စခန်းချရပ်နားခဲ့သည်။

ဤကဲ့သို့ အေးအေးလူလူ နားနေခဲ့ခြင်း မရှိခဲ့ချေ။

ချန်းတူးမြို့ကိုရောက်မှ မြို့ကလည်း သာယာ၊ အစားအသောက်လည်း ပေါ၊ နေရာထိုင်ခင်းလည်း ကောင်းသဖြင့် နားနေကြခြင်းဖြစ်၏။

ချန်ငူးဝမ်းသည် ငွေဖျိုင်းဖြူစံအိမ်သို့ မြန်မြန်ပြန်မရောက်ချင်ပေ။ ငွေဖျိုင်းဖြူစံအိမ်သို့ပြန်ရောက်လျှင် စိတ်ညစ်စရာအနည်းအများတော့ တွေ့ရလိမ့်မည်ဖြစ်ကြောင်းတော့ သိလေသည်။

ထို့ကြောင့် ချန်းတူးမြို့တွင် အခြေအနေအေးဆေးလျှင် ခုနစ်ရက်လောက်အထိ နားနားနေနေနေမည်ဟု ဆုံးဖြတ်ချက် ချထားသည်။

တိမ်နန်းတည်းခိုဆောင်တွင် ချန်ငူးဝမ်းကတစ်ခန်း၊ ပိုင်ယီးယီးနှင့်အထိန်းတော်ကြီး ကျိုဖေ့ကျန်းတို့ကတစ်ခန်း ယူ၍ တည်းခိုကြသည်။

နေ့ဘက်များတွင် ချန်ငူးဝမ်းနှင့် ပိုင်ယီးယီးတို့သည် မြို့တွင်းသို့ထွက်လည်ကြသည်။ မြစ်ကမ်းနားဖူးတွင်ထိုင်ကာ စကားစမြည်လည်း ပြောကြသည်။

လူငယ်နှစ်ဦးကို နီးစပ်သွားစေလိုသော အထိန်းတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကျိဖေ့ကျန်းသည် ချန်ဂူးဝမ်းတို့နှင့်မည်သည့်အခါမှ မလိုက်ချေ။ တည်းခိုဆောင်မှာပင် နေခဲ့သည်။

ချန်ဂူးဝမ်းနှင့်ပိုင်ယီးယီးတို့သည် အိပ်ချိန်မှလွဲ၍ တပူးတတွဲတွဲ ရှိနေကြသည်။

ချန်ဂူးဝမ်းသည် ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီး မိန်းကျန့်ပေးလိုက်သော ရွှင်ရှန်းသိုင်းကျမ်းကိုလည်း သူ့ ကိုယ်နှင့်တွဲ၍ အမြဲထားသည်။

ပိုင်ယီးယီးအနေနှင့် ချန်ဂူးဝမ်းထံမှ ရွှင်ရှန်းသိုင်းကျမ်းကိုယူမည်ဆိုလျှင် လွန်စွာ လွယ်ကူနေသည်။

သို့သော် သူမသည် ဖုန်းဖေးထံသို့ ရွှင်ရှန်းသိုင်းကျမ်းတစ်စုတည်းကိုသာ ယူသွားရလိမ့်မည် မဟုတ်ချေ။

သတို့သမီးလက်ဝတ်ရတနာများကိုပါ ယူဆောင်သွားရမည်ဖြစ်၏။

ထိုမှသာ ဖခင်ကြီးပိုင်ကျန်းကို ဖုန်းဖေးတို့က လွှတ်ပေးကြပေလိမ့်မည်။

ချန်ဂူးဝမ်းသည် ပိုင်ယီးယီးနှင့်လွတ်လပ်စွာ တပူးတွဲတွဲနေရသဖြင့် လွန်စွာ ပျော်ရွှင်မြူးတူးနေသည်။

ပိုင်ယီးယီးကလည်း ချန်ဂူးဝမ်း အလိုဆန္ဒမှန်သမျှ အတတ်နိုင်ဆုံး လိုက်လျောသည်။

သူမကိုယ်တိုင် ရိုးသားအေးဆေးလှသော ချန်ဂူးဝါးအပေါ် ကရုဏာသက်မိရာမှ သံယောဇဉ်ဖြစ်နေမိလေပြီ။



အထိန်းတော်ကြီးကျိဖေ့ကျန်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်။

သူမဘေးမှ ပိုင်ယီးယီးကမူ အိပ်မပျော်နိုင်သေးချေ။

ပိုင်ယီးယီးသည် ညစဉ်ညတိုင်း စောစီးစွာ အိပ်မပျော်ပါချေ။

သူမ၏ဖခင်ကြီး အကြောင်း၊ ချန်ဂူးအကြောင်းကို အပြန်ပြန် အလှန်လှန် စဉ်းစားမိသောကြောင့် ဖြစ်၏။

သူမသည် ချန်ဂူးဝမ်းထံမှ ရွှင်ရှန်းသိုင်းကျမ်းနှင့်သတို့သမီးလက်ဝတ်ရတနာများကို ယူလိုစိတ်မရှိတော့ချေ။

သို့သော် ထိုသို့မယူပါကလည်း ရန်သူလက်ထဲတွင် ကျန်ခဲ့သော ဖခင်ကြီးပိုင်ကျန်း၏ အခြေအနေမှာ ဆိုးရွားပေတော့မည်။

သူမအပေါ် ချန်ဂူးဝမ်းသည် နှစ်နှစ်ကာကာ ချစ်နေပြီဖြစ်ကြောင်းလည်း ပိုင်ယီးယီးသိသည်။

သူမကိုယ်တိုင်ကလည်း ချန်ဂူးဝမ်းအပေါ် ဟန်ဆောင်သဘောမျိုးမဟုတ်တော့ဘဲ ချစ်ခင်နှစ်သက်နေမိလေပြီ။

သူမသာ ဖခင်ကြီးနှင့်ပတ်သက်၍ ထိန်းချုပ်လျက် မရှိပါလျှင် ချန်ဂူးဝမ်းအချစ်ကိုလက်ခံပြီး ရာသက်သန် ရိုးမြေကျ ပျော်ပျော်ရွှင်ရွှင် ပေါင်းသင်းသွားလိုပေသည်။

သို့သော် ဖခင်ကြီး အရေးကြောင့် သူမသည် ချန်ဂူးဝမ်းထံ

www.burmeseclassic.com

www.burmeseclassic.com



မှ သိုင်းကျမ်းနှင့် လက်ဝတ်ရတနာများကိုယူကာ ထွက်ခွာတိမ်းရှောင်သွားရပေလိမ့်မည်။

ထိုအခါ ချန်ဂူးဝမ်းသည် သူမကို သူခိုးမတစ်ယောက်အဖြစ်မြင်သွားပေလိမ့်မည်။

အမုန်းကြီး မုန်းသွားပေလိမ့်မည်။ လွန်စွာ စိတ်နာသွားပေလိမ့်မည်။

ချန်ဂူးဝမ်းနှင့် သူမတို့ပြန်လည်တွေ့ဆုံပေါင်းဖက်ရေးမှာဖြစ်နိုင်လိမ့်မည် မဟုတ်တော့ချေ။

တစ်ခါတစ်ခါ ချန်ဂူးဝမ်းကို သူမ၏အဖြစ်မှန်ကို ပြောပြလိုက်လျှင် ကောင်းလေမည်လားဟု တွေးမိသည်။

သို့သော် ထိုသို့ ပြောလိုက်ခြင်းဖြင့် သူမကို ချန်ဂူးဝမ်းမုန်းသွားကာ သူမ၏အကြံအစည်မအောင်မြင်ခင် ပျက်သွားမှာကိုလည်း ပိုင်ယီးယီးစိုးရိမ်သည်။

ပြီးတော့ ချန်ဂူးဝမ်းသည် လူကြောက်လေးဖြစ်၍ သူမရှေ့မှ မားမားမတ်မတ် ဆောင်ရွက်နိုင်မည့် အနေအထားမျိုးလည်း မရှိချေ။

ဖခင်ကြီး ပိုင်ကျန်းကို တခြားသောနည်းလမ်းနှင့် ကယ်တင်နိုင်ရန် ချန်ဂူးဝမ်းက ဆောင်ရွက်နိုင်လိမ့်မည် မဟုတ်ချေ။

နောက်ဆုံး သူမ၏ဖြစ်ရပ်မှန်ကို ချန်ဂူးဝမ်းအား ဖွင့်မပြောရန်သာ ဆုံးဖြတ်ချက်ချလိုက်ရတော့၏။

"အား...."

"ဝုန်း... ဒိုင်း"

ချန်ဂူးဝမ်း အိပ်သော တစ်ဘက်ခန်းဆီမှ အော်သံသဲ့သဲ့နှင့်



လဲပြိုကျသံကို ကြားလိုက်ရသဖြင့် ပိုင်ယီးယီး အတွေးစပြတ်သွားသည်။

သူမသည် တွေဝေနေခြင်းမရှိဘဲ ဝုန်းခနဲ ထရပ်ကာ တစ်ဘက်ခန်းဆီ ပြေးသွားကြသည်။

ချန်ဂူးဝမ်း၏အိပ်ခန်းတံခါးက ပိတ်ထားသည်။

"ဒုန်း... ဒုန်း"

"မောင်လေး တံခါးဖွင့်စမ်း... ဘာဖြစ်လို့လဲ"

အိပ်ခန်းထဲမှ မည်သည့်တုံ့ပြန်မှုမှ ပြန်ပေါ်မလာချေ။

စိုးရိမ်စိတ်ကြောင့် ပိုင်ယီးယီးသည် လက်နှစ်ဖက်တွင် အတွင်းအား စုစည်းလိုက်ပြီး တံခါးကို လက်ဝါးနှစ်ဖက်နှင့်ရိုက်လိုက်၏။

"ဒုန်း... ဝုန်း"

အိပ်ခန်းတံခါး ပွင့်သွားသည်။

ပိုင်ယီးယီး အိပ်ခန်းထဲ ခုန်ဝင်လိုက်သည်။ အထိန်းတော်ကြီးကျိဖေ့ကျန်းလည်း အိပ်မှုန်စုံမွှားနှင့်အိပ်ခန်းထဲ ပြေးဝင်လာသည်။

ခုတင်အနီးရှိ ထိုင်ခုံတစ်လုံးလဲကျနေပြီး ထိုင်ခုံအနီးတွင် ချန်ဂူးဝမ်း ငြိမ်ငြိမ်ကြီး ထိုင်နေသည်။

ပိုင်ယီးယီးသည် ချန်ဂူးဝါးကို မြင်မြင်ချင်း အကြောပိတ်ခံထားရခြင်းဖြစ်ကြောင်း သိလိုက်၏။

အိပ်ခန်းထဲတွင် အခြား မည်သူမှတော့ မရှိချေ။

ပြတင်းပေါက်တံခါးကမူ ပွင့်နေသည်။

ချန်ဂူးဝမ်ကို အကြောပိတ်သူသည် ပြတင်းပေါက်မှပင် ထွက်ပြေးလိမ့်မည်ဟု ပိုင်ယီးယီးတွက်ဆမိသည်။

ထိုသူနှင့်အတူ ချန်ဂူးဝမ်းထံမှ ရှင်ရှန်းသိုင်းကျမ်း ပါသွား

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်ဟု တွေးမိသည်။

ရန်သူအဝေးသို့ ရောက်သွားမည်စိုးသောကြောင့် ပိုင်ယီးယီးသည် ချုန်ဂူးဝမ်းကို အကြောဖွင့်မပေးနိုင်သေးဘဲ ပြတင်းပေါက်မှ ခုန်ထွက်လိုက်သည်။

အပြင်ဘက်သို့အရောက် ဘေးဘီဝဲယာကို ကြည့်သည်။

မည်သူ့ကိုမှ မတွေ့ရချေ။ သူမသည် တည်းခိုဆောင် ခေါင်မိုးပေါ်သို့ ခုန်တက်လိုက်ပြန်သည်။

လတစ်ခြမ်းပဲ့ကလေးက ကောင်းကင်တွင် ထိန်ထိန်သာနေသည်။

သူမသည် လရောင်ဖြင့် ခေါင်မိုးတစ်ဘက်စွန်းမှ ပြေးသွားသော လူရိပ်တစ်ရိပ်ကို လှစ်ခနဲ တွေ့လိုက်ရသည်။

သူမလည်း တရကြမ်း ပြေးလိုက်ခဲ့သည်။

ရှေ့မှပြေးနေသူမှာ ဝတ်စုံနက်ဝတ်ထားသဖြင့် ပိုင်ယီးယီးသည် မျက်ခြည်ပြတ်မသွားစေရန် မျက်စိကို လျှင်လျှင်ထားရလေသည်။

ဝတ်စုံနက်သည် ခေါင်မိုးတစ်ခုမှ တစ်ခုကို ခုန်ကျော်၍ ပြေးနေသည်။

ပိုင်ယီးယီးကလည်း ကိုယ်ဖော့ပညာကိုသုံး၍ ခုန်ကျော်ကာ လိုက်သည်။ မကြာခင် သူမသည် ဝတ်စုံနက်ကို မီလာသည်။

"ရပ်လိုက်စမ်း"

ပိုင်ယီးယီး အော်လိုက်သည်နှင့် ဝတ်စုံနက်မှာလည်း တုံ့ခနဲ ရပ်လိုက်သည်။

ပြီးမှ ပိုင်ယီးယီးဘက်ကိုလှည့်ကြည့်၍ ပြောသည်။



"ငါပါ ပိုင်ယီးယီး... ဖုန်းဖေးပါ"

ပိုင်ယီးယီးသည် လရောင်ဖြင့် ဝတ်စုံနက်ဝတ်ထားသော ဖုန်းဖေး၏မျက်နှာကို မြင်ရသည်။

သူမလည်း အံ့ဩတကြီးဖြင့် တန့်ခနဲ ရပ်လိုက်မိ၏။

ဤလိုနေရာမျိုးတွင် ဖုန်းဖေးကို တွေ့ရလိမ့်မည်ဟု ပိုင်ယီးယီး မျှော်လင့်မထားချေ။

ဖုန်းဖေးလက်ထဲတွင် စာအုပ်တစ်အုပ်ကိုင်ထားသည်။

စာအုပ်ကိုမြင်မြင်ချင်း ရွှင်ရှန်းသိုင်းကျမ်းဖြစ်ကြောင်း ပိုင်ယီးယီး သိသည်။

"ငါ့ကို မြင်လို့ သိပ်ပြီး အံ့ဩသွားသလား ပိုင်ယီးယီး"

"ဦးကြီး ဖုန်းဖေး ဘယ်တုန်းက ရောက်နေတာလဲ"

"နင်တို့နောက်မှာ ငါဟာ အရိပ်လို အမြဲရှိနေတယ်ဆိုတာ နင် သိထားစမ်းပါ"

"ဒီရွှင်ရှန်းသိုင်းကျမ်းကို ဦးကြီးဖုန်းဖေး ယူသွားတော့မလို့လား"

"ငါ ယူသွားချင်လို့ မဟုတ်ဘူး၊ နင်နာမည်ကောင်းရအောင်၊ ဟိုကောင်လေးက နင့်ကိုပိုပြီး ယုံကြည်အားကိုးလာအောင် အခုလို ငါလုပ်တာ၊ သိုင်းကျမ်းလုပြေးသွားတဲ့ လူဆိုးတစ်ယောက်ကို နင်က လိုက်ပြီး တိုက်ခိုက်တယ်၊ ပြီးတော့ သိုင်းကျမ်းကိုပြန်ယူလာတယ်ပေါ့၊ ဒါဆိုရင် နင့်ကို လင်ချမ်းကျုံးကပါ သဘောကျသွားလိမ့်မယ်၊ ရော့... သိုင်းကျမ်းကိုပြန်ယူသွား"

ပိုင်ယီးယီးသည် ဖုန်းဖေး လှမ်းပေးသောသိုင်းကျမ်းစာအုပ်ကို မယူသေးဘဲ....

www.burmeseclassic.com



"ဒီသိုင်းကျမ်းစာအုပ်ကို ဦးကြီးဖုန်းဖေး ယူသွားပါတော့၊ ပြီးတော့ ဖေဖေ့ကို လွှတ်ပေးပါ၊ ချုန်ဂူးဝမ်းကို ဒီထက်ပိုပြီး ကျွန်မ ဒုက္ခမပေးချင်တော့ဘူး"

"တော်စမ်း ပိုင်ယီးယီး၊ ဒီ ရွှင်ရှန်းသိုင်းကျမ်းတစ်ခုတည်းကို လိုချင်မှတော့ နင့်ကို အခုလို ငါ အသုံးမချဘူး၊ ရွှင်ရှန်းသိုင်းကျမ်း ထက် ငါက သတို့သမီးအတွက် လက်ဝတ်ရတနာတွေကိုပိုပြီး လိုချင် တာ၊ ဒီတော့ ငါပြောတဲ့ အစီအစဉ်အတိုင်း မြန်မြန်အောင်မြင်အောင် နင်လုပ်၊ မင်္ဂလာဆောင်ပြီးတဲ့နေ့မှ ရွှင်ရှန်းသိုင်းကျမ်းနဲ့လက်ဝတ်ရ တနာတွေကိုယူပြီး လာခဲ့၊ ငါ့ကတိအတိုင်း နင့်အဖေကို လွှတ်ပေး မယ်၊ ရော့... သိုင်းကျမ်းကို ပြန်ယူသွား"

ပိုင်ယီးယီးလည်း ဖုန်းဖေးလက်မှ ရွှင်ရှန်းသိုင်းကျမ်းကို ပြန် ယူလိုက်ရတော့၏။

"ဟိုကောင်လေးက နင့်အပေါ် အတော်ကြီးစွဲစွဲလမ်းလမ်း ဖြစ်နေတာကို ငါ သိတယ်၊ နင်က အချိန်ဆွဲနေစရာမလိုဘူး၊ ကောင် လေးအချစ်ကို လက်ခံလိုက်၊ ငွေဖျိုင်းဖြူစံအိမ်ကိုရောက်တာနဲ့ နင် တို့နှစ်ယောက် လက်ထပ်နိုင်ဖို့ ကြိုးစား၊ ကိစ္စမြန်မြန်အောင်မြင် တော့ နင့်အဖေ မြန်မြန်လွှတ်တာပေါ့၊ နို့မို့ တို့ရဲ့ အကျဉ်းသားဘဝလဲ ရောက်နေ၊ နင်လဲ စိတ်ပူနေရသေးတယ်"

ပိုင်ယီးယီး စိတ်အာရုံထဲတွင် သံကြိုးများခတ်၍ ချုပ်နှောင် ခြင်းခံရသော ဖခင်ကြီးပိုင်ကျန်းကို မြင်ယောင်လာလေသည်။

သူမ ရင်ထဲတွင် ဆို့နင့်လာသည်။

"ဒါပဲ နင့်အဖေပြန်လွှတ်စေချင်ရင် ကိစ္စမြန်မြန်ပြီးအောင် နင်က ကြိုးစား၊ မဟုတ်တယုတ်တော့ နင် မကြံစည်နဲ့၊ နင့်နောက်မှာ



တို့တွေ အရိပ်လိုဖြစ်နေတယ်ဆိုတာ မြဲမြဲမှတ်ထား... ငါသွားမယ်"

ဖုန်းဖေး လှည့်ထွက်သွားမည်ပြုသည်။

ပိုင်ယီးယီး တစ်စုံတစ်ခုကို ရုတ်တရက် သတိရပြီး...

"နေပါဦး"

"ဘာပြောချင်လို့လဲ"

"ဦးလေးဖုန်းဖေး ခေါ်သွားတဲ့ မောင်လေးချုန်ဂူးဝါးရဲ့လူ တွေကော၊ သူတို့ထဲမှာ အသေအပျောက် ရှိသလား"

"တစ်ယောက်မှ မသေဘူး၊ သူတို့ရဲ့ဒဏ်ရာတွေကို ပျောက် အောင်ကုပေးဖို့ သမားတော်ကြီးတစ်ယောက်ဆီမှာ ငါအပ်ခဲ့တယ်၊ ခုလောက်ဆို သူတို့ဆယ့်သုံးယောက်စလုံး ငွေဖျိုင်းဖြူစံအိမ်ကို ပြန် ရောက်နေကြရောပေါ့၊ ငွေဖျိုင်းဖြူစံအိမ်ကိုရောက်ရင် နင် သိပါလိမ့် မယ်"

စကားအဆုံးတွင် ဖုန်းဖေးသည် ခုန်ထွက်၍ အမှောင်အ တွင်းဝယ် ပျောက်သွားသည်။

ပိုင်ယီးယီး ခေါင်းငိုက်စိုက်ချပြီး နောက်ကြောင်းကို ပြန် လှည့်လာခဲ့သည်။

ဖုန်းဖေးနှင့်တွေ့ခဲ့ရသောကြောင့် ဖခင်ကြီးပိုင်ကျန်းကို ပိုပြီး သတိရမိသည်။

ဖခင်ကြီး အမြန်ဆုံးလွှတ်မြောက်ရေးအတွက် ဖုန်းဖေးတို့ အစီအစဉ်ကို အချိန်မဆွဲဘဲ အမြန်ဆုံး အကောင်အထည်ဖော်ရန် ဆုံးဖြတ်ချက်ချလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းသည်နှင့် ချန်ဂူးဝမ်းသည် ချန်းတူးမြို့တွင် ဆက်မနေရဲတော့ဘဲ ဆက်လက်ခရီးနှင်ခဲ့သည်။

ချန်ဂူးဝမ်းစိတ်ထဲတွင် သိုင်းကျမ်းကို လုယူသွားသူမှာ ပိုင်ယီးယီးနှင့်အဆက်အသွယ်ရှိသော ဖုန်းဖေးဖြစ်ကြောင်း မသိချေ။

ပိုင်ယီးယီးအပေါ်လည်း မည်သို့မှသံသယ မဝင်မိချေ။

ပိုင်ယီးယီးကလည်း လူဆိုးကိုတိုက်ခိုက်ပြီး သိုင်းကျမ်းကိုရအောင် ပြန်ယူလာခဲ့ကြောင်းပြောပြသဖြင့် ချန်ဂူးဝမ်းသည် ပိုင်ယီးယီးကိုပင် လွန်စွာ ကျေးဇူးတင်နေသည်။

ပိုမို၍လည်း အားကိုးအားထား ဖြစ်မိသည်။

ချန်းတူးမြို့မှထွက်ခွာလာပြီး ယင်းညတွင် ရွာလေးတစ်ရွာ၌ စခန်းချရပ်နားကြရပြန်သည်။

ထိုညတွင် ချန်ဂူးဝမ်းသည် ပိုင်ယီးယီးကို ပွင့်ပွင့်လင်းလင်းပင် ချစ်ရေးဆိုသည်။ လက်ထပ်ခွင့် တောင်းသည်။

"မမပိုင်ကို ကျွန်တော် ချစ်တယ်ဗျာ၊ သိပ်ချစ်တယ်... ငွေဖျိုင်းဖြူစံအိမ်ကိုရောက်တာနဲ့ လက်ထပ်ပါရစေတော့"

"မမြန်လွန်ဘူးလား မောင်လေးရယ်၊ မမနဲ့မောင်လေးတို့ တွေ့တာ တစ်လတောင် မပြည့်ကြသေးပါဘူး... မမပိုင်အကြောင်းကို မင်း ဘယ်လောက်သိလို့လဲ"

"မမပိုင်ဟာ ရိုးသားတယ်၊ အေးဆေးတယ်... သိုင်းပညာလဲ တော်တယ်... မဟုတ်မခံစိတ် ရှိတယ်၊ ပြီးတော့ သိပ်ပြီးလဲ ချစ်စ



ရာ ကောင်းတယ်"

"တကယ်လို့ မမက လူဆိုးသူခိုးဖြစ်နေရင်ကော"

"မဟုတ်တာ မမရယ်၊ အိုဗျာ... နောက်ဆုံး မမဟာ လူဆိုးသူခိုးဖြစ်နေဦးတော့ ကျွန်တော့်ကိုသတ်ဖို့ ကြံစည်နေတဲ့သူပဲဖြစ်ဦးတော့ ကျွန်တော်ကတော့ အချစ်မလျော့ဘူး၊ ချစ်မြဲ ချစ်မှာပဲနော် မမပိုင်၊ ကျွန်တော်တို့ လက်ထပ်ကြရအောင်ဗျာ"

"ဦးကြီး လင်ချမ်းကျူးက မောင်လေးနဲ့မမတို့ကို သဘောတူပါ့မလား"

"အိုဗျာ... သူ သဘောတူတူ မတူတူ ကျွန်တော်နှစ်သက်တဲ့မိန်းကလေးဆိုရင် ဘယ်လိုမိန်းကလေးမျိုးမဆို လက်ထပ်ခွင့်ရှိပါတယ်၊ သူ ကန့်ကွက်လို့မရပါဘူး၊ နောက်ဆုံး သူကန့်ကွက်လာရင်တောင် မမပိုင်နဲ့ပတ်သက်သမျှ သူ့ကို ကျွန်တော်ရင်ဆိုင်မယ်၊ မမပိုင်နဲ့ပတ်သက်လို့ ဘယ်သူနဲ့ပဲ ဘယ်လိုပုံစံမျိုးနဲ့ဖြေရှင်းရ ဖြေရှင်းရ ကျွန်တော် ဖြေရှင်းမယ်"

သူမကို ချန်ဂူးဝမ်း တကယ်နှစ်နှစ်ကာကာချစ်၍ တောင်းဆိုနေကြောင်း ပိုင်ယီးယီး သိသည်။

ထို့ကြောင့် ချန်ဂူးဝမ်းအတွက် လွန်စွာ စိတ်မကောင်းဖြစ်ရလေသည်။

ချန်ဂူးဝမ်းက အထပ်ထပ် အခါခါ တောင်းဆိုတော့မှ နောက်ဆုံးတွင် ပိုင်ယီးယီးသည် သဘောတူလိုက်ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

### အချစ်အမုန်းဆက်ပါ

ချန်ဂူးဝမ်းတို့ ငွေဖျိုင်းဖြူစံအိမ်သို့ ပြန်ရောက်ကြသောအခါ လင်ချမ်းကျုံးက ဝမ်းပန်းတသာ ဆီးကြိုသည်။

"တူမောင်နဲ့ ပါသွားတဲ့ကောင်တွေအားလုံး ဒဏ်ရာကိုယ်စီနဲ့ ပြန်ရောက်လာကြလို့ ဦးကြီးဖြင့် တူမောင့်အတွက် သိပ်ပြီး စိုးရိမ်သွားတာ ဒီတစ်ရက်နှစ်ရက်အတွင်း ပြန်မရောက်ရင်တော့ ဦးကြီး ကိုယ်တိုင် လိုက်တော့မလို့"

လင်ချမ်းကျုံး၏ပျူငှာသော ဆက်ဆံမှုကြောင့် ချန်ဂူးဝမ်းသည် စိတ်သက်သာရာ ရမိလေသည်။

ချန်ဂူးဝမ်းကလည်း ပိုင်ယီးယီးနှင့် လင်ချမ်းကျုံးတို့ကို မိတ်ဆက်ပေးပြီး ပိုင်ယီးယီးကြောင့် သူ့တို့တွေ အသက်သေးမှလွတ်ခဲ့ရပြီး ရွှင်ရှန်းသိုင်းကျမ်းကိုလည်း ယူဆောင်လာနိုင်ခဲ့ပုံကို ပြောပြလိုက်သည်။



ရွှင်ရှန်းသိုင်းကျမ်းပါလာကြောင်း သိရသည့်အတွက် လင်ချမ်းကျုံး ရွှင်တပြုံးပြုံးဖြစ်နေသည်။

ပိုင်ယီးယီးကိုလည်း ကျေးဇူးတင်စကား ချီးကျူးစကားတွေ ပြောသည်။

ချန်ဂူးဝမ်းက သူနှင့်ပိုင်ယီးယီးတို့မှာ ချစ်ခင်စုံမက်နေကြပြီ ဖြစ်၍ လက်ထပ်ပေးပါရန် ပြောသောအခါမှ လင်ချမ်းကျုံး အပြုံး ပျက်သွားသည်။

လင်ချမ်းကျုံးသည် ချန်ဂူးဝမ်းကို ပိုင်ယီးယီးလို ထက်မြက် သော မိန်းကလေးမျိုးနှင့် မပေါင်းဆုံစေချင်ပေ။

ကြောက်ရွံ့စိတ်ရှိပြီး နုံအသော မိန်းကလေးမျိုးနှင့်သာ ပေါင်းဆုံစေချင်သည်။

သို့မှသာ ချန်ဂူးဝမ်းကို သူ အမြဲတမ်း ချုပ်ကိုင်သွားနိုင်မည် ဖြစ်၏။

ပိုင်ယီးယီးလို ထက်ထက်မြက်မြက်ရှိသော မိန်းကလေးနှင့် ပေါင်းသင်းမိလျှင် ချန်ဂူးဝမ်း၏စိတ်ဓာတ်များမှာ ပြောင်းလဲသွားနိုင် ကြောင်းကို လင်ချမ်းကျုံး တွက်ဆမိသည်။

ပိုင်ယီးယီးကိုယ်တိုင်ကလည်း မဟုတ်မခံသော စိတ်မျိုးရှိ သည် မဟုတ်ပါလား။

လင်ချမ်းကျုံး မျက်နှာမသိမသာ ပျက်သွားသည်ကို ပိုင်ယီး ယီးကလည်း အကဲခတ်မိလေသည်။

ပိုင်ယီးယီးနှင့်ပတ်သက်လာလျှင် သတ္တိရှိလာပြီဖြစ်သော ဂူးဝမ်းကလည်း ငြိမ်မနေဘဲ မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးကြီး လင်ချမ်းကျုံး... ကျွန်တော်နဲ့မမပိုင်ယီးယီးကို သဘောမတူဘူးလား"

လင်ချမ်းကျုံးက ဂွနြေဆယ်ကာ ပြန်ပြုံးလိုက်ပြီး....

"မဟုတ်တာ တူမောင်ရယ်... ပိုင်ယီးယီးလို ထက်မြက်တဲ့ မိန်းကလေးမျိုးနဲ့ တူမောင့်ကို ဦးကြီးက ဘာဖြစ်လို့ သဘောမတူရမှာလဲ၊ သိပ်ပြီး သဘောတူပါတယ်၊ ပိုင်ယီးယီးလို မိန်းကလေးမျိုးနဲ့ ပေါင်းစပ်မိလာမှ တူမောင့်ရဲ့ဘဝဟာလဲ တိုးတက်လာတော့မှာပေါ့"

တကယ်တော့ သူ့အနေနှင့်ငြင်းပယ်၍လည်း ရလိမ့်မည် မဟုတ်သဖြင့် လင်ချမ်းကျုံးသည် သဘောမတူချင်သော်လည်း တူလိုက်ရခြင်းဖြစ်၏။

ချန်ဂူးဝမ်း၏ဖခင်ကြီး ချန်စီးလင်း မကွယ်လွန်မီကတည်းက ချန်ဂူးဝမ်းကြိုက်နှစ်သက်သော မိန်းကလေးကိုတွေ့လျှင် မည်သည့်အတန်းအစား၊ မည်ကဲ့သို့သော အမျိုးသမီးပင်ဖြစ်ဖြစ် လက်ထပ်ထိမ်းမြားပေးရမည်ဟု အများရှေ့တွင် မှာကြားခဲ့သည်မဟုတ်ပါလား။

သူကသာ ငြင်းဆန်လိုက်လျှင် သူ့ကို လူတွေက မကောင်းထင်သွားကြမည်။

ပိုင်ယီးယီးကလည်း တစ်မျိုးတစ်မည် ထင်သွားမည်။

သူ့အနေနှင့် ပိုင်ယီးယီးကို ပြောင်ပြောင်တင်းတင်း မဆန့်ကျင်ဘဲ အလိမ္မာ နှင့်ချုပ်ကိုင်သွားနိုင်ပါက သူ့လက်ထဲသို့ ရှင်ရှန်သိုင်းကျမ်းသာမက ချန်ဂူးဝမ်း၏ အမွေပစ္စည်းများကို လက်ဝါးကြီးအုပ်နိုင်မည်ဖြစ်ကြောင်းလည်း လင်ချမ်းကျုံးတွေးမိသည်။



ထို့ကြောင့်လည်း လင်ချမ်းကျုံးသည် လိုလိုချင်ချင် သဘောတူလိုက်ရခြင်း ဖြစ်လေသည်။

ချန်ဂူးဝမ်းနှင့် ပိုင်ယီးယီးတို့၏လက်ထပ်မင်္ဂလာပွဲကား လွန်စွာ စည်ကားလှ၏။

သိုင်းလောကမှ ထိပ်သီးသိုင်းအကျော်အမော်ကြီးများ သိုင်းဂိုဏ်းအသီးသီးမှ ဂိုဏ်းချုပ်ကြီးများနှင့် ဒုဂိုဏ်းချုပ်များ၊ ဒုနယ်စားကြီး ချိုကုဖိန်းအမှူးပြုသော စီချွမ်းပြည်နယ်အတွင်းမှ မြို့စားကြီးများ၊ မင်းမှုထမ်း အရာရှိကြီးများ ကြွရောက်ချီးမြှင့်ကြလေသည်။

ချန်ဂူးဝမ်းနှင့်ပိုင်ယီးယီးတို့နှစ်ယောက်စလုံး အဖိုးထိုက်တန်၍ လှပသော သတို့သား သတို့သမီးဝတ်စုံများကို ဝတ်ဆင်ထားကြသည်။

ပိုင်ယီးယီး၏ကိုယ်ပေါ်တွင် ချန်ဂူးဝမ်းမိခင်က ရည်ရွယ်၍ ထားခဲ့သော ကျောက်စိမ်းလက်ဝတ်ရတနာများကို ဖိတ်ဖိတ်တောက်အောင် ဝတ်ဆင်ထားသည်။

ကျောက်စိမ်းလက်ဝတ်ရတနာများကြောင့် သူမ၏အလှမှာ ပိုပြီး ပေါ်လွင်သည်။

ကျောက်စိမ်းများမှာလည်း အဖိုးလွန်စွာ ထိုက် တန်လှသော ကျောက်စိမ်းများ ဖြစ်သည်။

မင်္ဂလာပွဲသို့ရောက်လာကြသူများမှာ နတ်မိမယ်တမျှ ချောမောလှပသော ပိုင်ယီးယီး၏ချောပုံလှပုံကို ချီးကျူးကြသလို သူမ

www.burmeseclassic.com



ကိုယ်မှ ဝတ်ဆင်ထားသော ကျောက်စိမ်းလက်ဝတ်ရတနာများကိုလည်း မျက်စိကျကြလေသည်။

ကျောက်စိမ်းလက်ဝတ်ရတနာများမှာ လွန်စွာလည်း လက်ရာမြောက်လှသည်။

နန်းတွင်း ပန်းတိမ်တော်ကြီး တစ်ဦးဦး၏ လက်ရာဖြစ်လိမ့်မည်ဟု ထင်ကြေးပေးသူက ပေးကြ၏။

ဤကျောက်စိမ်း လက်ဝတ်ရတနာများ၏တန်ဖိုးမှာ လုံငွေလေးသိန်းထက်မနည်း ရှိရမည်ဟု ဈေးဖြတ်သူတို့က ဖြတ်ကြသည်။

ချန်ဂူးဝမ်းကမူ အပျော်ကြီးပျော်လွန်းနေသဖြင့် မိုးမမြင်လေမမြင် ဖြစ်နေသည်။

ကြွရောက်လာသော ဧည့်သည်များကို စုံစေ့အောင် ဧည့်ခံစကားပြောဖို့ထက် ပိုင်ယီးယီးကိုသာ ကြည့်လို့မဝ ရှုလို့မဝဖြစ်နေသည်။

ပိုင်ယီးယီး၏လက်တစ်ဖက်ကို မလွှတ်တမ်းဆွဲကိုင်ထားသည်။

သူ့စိတ်ထဲတွင် ကြားလေသွေးက ဝေးလိမ့်မည်ဟုပင် ထင်နေသည်။

လင်ချမ်းကျိုးကလည်း ရွှင်မြူးဝမ်းသာဟန်ဖြင့် တပြုံးပြုံးဖြစ်နေသည်။

ကြွရောက်လာကြသော ဧည့်သည်များကို လိုက်လံစွာ ဧည့်သည်။

သူ့အမူအရာကို အကဲခတ်ကြည့်မည်ဆိုလျှင် ချန်ဂူးဝမ်းနှင့် ပိုင်ယီးယီးတို့နှစ်ယောက်ကို သားသမီးရင်းချာပမာ သဘောထား



ကာ ဤမင်္ဂလာပွဲကိုလည်း သဘောတူကြည်ဖြူစွာ စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပေါ်လွင်နိုင်လေသည်။

သူ၏နှုတ်မှလည်း ချန်ဂူးဝမ်းကို 'လူလေး... လူလေး' နှင့် တဖွဖွ ခေါ်နေတတ်ပြီး ပိုင်ယီးယီးကိုလည်း 'သမီးလေး...သမီးလေး' ဟု ခေါ်ဝေါ်ဆက်ဆံလျက်ရှိ၏။

ထို့ကြောင့်လည်း မင်္ဂလာပွဲကိုကြွရောက် ချီးမြှင့်ကြသော ဧည့်သည်များက လင်ချမ်းကျိုးသည် ချန်ဂူးဝမ်းကို သားရင်းတစ်ယောက်သဖွယ် သဘောထားခဲ့ကြောင်း၊ ချန်ဂူးဝမ်းနှင့် ဆက်သွယ်လာသော ပိုင်ယီးယီးအပေါ်တွင် သမီးကဲ့သို့သဘောထားကြောင်း ထင်မြင်ယူဆကြသည်။

တကယ်တော့ လင်ချမ်းကျိုးသည် ရင်ထဲကပါ၍ ဤသို့ ခေါ်ဝေါ်ဆက်ဆံခြင်း မဟုတ်ချေ။

အများက သူ့ကိုစိတ်ထားပြည့်ဝသူဟု ထင်မြင်ကြစေလို၍ တစ်ကြောင်း၊ ချန်ဂူးဝမ်းကိုယ်တိုင်ကလည်း သူ့အပေါ် အမြင်တစ်မျိုး ပြောင်းလာစေလို၍တစ်ကြောင်း၊ တစ်ဘက်မှလည်း ပိုင်ယီးယီးကို သူ့လူဖြစ်အောင်၊ သူ့ကို လေးစားကြည်ညိုအောင် စည်းရုံးလိုက်ခြင်းသာ ဖြစ်လေသည်။

ချန်ဂူးဝမ်းနည်းတူ အထိန်းတော်ကြီး ကျိုဖေ့ကျန်းမှာလည်း လွန်စွာ ဝမ်းသာပျော်ရွှင်နေသည်။

သူမဖြစ်စေချင်သလို ချန်ဂူးဝမ်းနှင့် ပိုင်ယီးယီးတို့ ပေါင်းဆုံမိကြ၍ တစ်ကြောင်း၊ သူမနှင့် ချန်ဂူးဝမ်းအပေါ် ရှစ်နှစ်လုံးလုံး မတရားသဖြင့် ဖိနှိပ်လာခဲ့သော လင်ချမ်းကျိုးက တကယ့်သွေးရင်းသားရင်းပမာ ပြောင်းလဲဆက်ဆံလာသောကြောင့် တစ်ကြောင်း ဖြစ်လေ

www.burmeseclassic.com

www.burmeseclassic.com



၏။

လင်ချမ်းကျိုး၏ အမူအရာကောင်းလွန်းသဖြင့် လင်ချမ်းကျိုးသည် သူမနှင့်ချွန်ဂူးဝမ်းတို့အပေါ် ဟန်ဆောင်၍ ဤသို့ဆက်ဆံနေခြင်းဖြစ်ကြောင်း မရိပ်မိ မသိရှိကြချေ။

လင်ချမ်းကျိုးသည် နောင်တတရားရပြီး စိတ်ပြောင်းသွားကာ သူမနှင့်ချွန်ဂူးဝမ်းတို့ကို ဆက်ဆံမှုပြောင်းလဲလိုက်ခြင်းဖြစ်လိမ့်မည်ဟုသာ ကျိဖေ့ကျုန်း တွေးမိသည်။

ချွန်ဂူးဝမ်းသည် ပိုင်ယီးယီးနှင့်ပေါင်းသင်းနေထိုင်ခြင်းဖြင့် သူ့တွင်ရှိနေသော အားငယ်စိတ်၊ ကြောက်ရွံ့စိတ်တို့ပျောက်သွားနိုင်ပြီး ရဲစွမ်းသတ္တိရှိသော သိုင်းသမားကောင်းတစ်ယောက်ဖြစ်လာနိုင်သည်ကို ကျိဖေ့ကျုန်းတွက်ဆမိသဖြင့်လည်း ဝမ်းသာနေရခြင်းဖြစ်လေသည်။

ပိုင်ယီးယီးကမူ အပြုံးတွေဝေနေအောင် ဟန်ဆောင်ထားရသော်လည်း သူမ၏ရင်ထဲတွင် အပြည့်အဝပျော်ရွှင်ချမ်းမြေ့ခြင်း မရှိလှချေ။

မချိသော ဝေဒနာ၊ ကြေကွဲဆို့နင့်သောခံစားမှုတို့ကို ခံစားနေရသည်။

သူမအနေနှင့် အနှောင်အဖွဲ့ လုံးလုံးမရှိဘဲ ယခု မင်္ဂလာပွဲမှာ ချွန်ဂူးဝမ်းနှင့်သူမတို့ ရာသက်ပန်ပေါင်းဆုံသွားမည့် မင်္ဂလာပွဲမျိုးသာ ဖြစ်ပါက မည်မျှလောက် ကောင်းလေမည်လဲဟုလည်း တွေးမိသည်။

သူမသည် ဤသို့မင်္ဂလာပွဲမျိုးသာ ဖြစ်စေချင်ပါ၏။

သို့သော် ယခုတော့ ဤသို့မဟုတ်ချေ။



ဤမင်္ဂလာပွဲမှာ သူမအတွက် အ,မင်္ဂလာပွဲဖြစ်နေရသည်။

သူမချစ်ရသော ချွန်ဂူးဝမ်းနှင့်ရာသက်ပန် ပေါင်းဆုံရမည့် မင်္ဂလာပွဲမဟုတ်ဘဲ ယနေ့ညတွင်ပင် ရာသက်ပန် ခွဲခွာရတော့မည့် အ,မင်္ဂလာပွဲဖြစ်နေလေသည်။

အစီအစဉ်အတိုင်းသာဆိုပါက ညဘက်မရောက်ခင် သူမသည် ယခု သူမကိုယ်တွင် ဝတ်ဆင်ထားသောကျောက်စိမ်းလက်ဝတ်ရတနာများနှင့် ရွှင်ရှန်းသိုင်းကျမ်းကိုယူကာ ဤငွေဗျိုင်းဖြူစံအိမ်ကြီးမှ အပြီးအပိုင်ထွက်ခွာသွားရတော့မည် ဖြစ်၏။

သူမတစ်သက် ဤငွေဗျိုင်းဖြူစံအိမ်ကြီးသို့ ပြန်ရောက်နိုင်လိမ့်မည် မဟုတ်တော့ချေ။

ချွန်ဂူးဝမ်းသည် သူမ၏ဆိုးရွားသောလုပ်ရပ်ကြောင့် သူမကို အမုန်းကြီးမုန်းသွားပေတော့မည်။ လွန်စွာ စက်ဆုပ်နာကျည်းသွားပေတော့မည်။

သူမသည် ဟန်ဆောင်ရာမှ ချွန်ဂူးဝမ်းအပေါ် အချစ်ကြီးချစ်နေမိပြီဖြစ်၏။

ထို့ကြောင့် ချွန်ဂူးဝမ်း၏မုန်းတီးခြင်းကို မခံယူလိုပါချေ။

သို့သော်လည်း ကျေးဇူးရှင်ဖခင်ကြီး၏ အသက်ဘေးကို ကယ်တင်နိုင်ရေးအတွက် သူမသည် ဤလုပ်ရပ်ကို မလွဲမသွေ လုပ်ရတော့မည်။

ထို့ကြောင့် ပိုင်ယီးယီးသည် ပြုံးရွှင်မြူးထူးသည့်အသွင်မျိုးကို ဟန်ဆောင်ထားရပါသော်လည်း သူမ၏ရင်ထဲတွင် မချိဝေဒနာခံစားနေရလေသည်။

ညနေဘက်တွင် မင်္ဂလာပွဲမှာ ကျင်းပပြီးစီးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရပ်နီးမှ ဧည့်သည်များ အားလုံးလည်း ပြန်ကုန်ကြပြီဖြစ်

ရပ်ဝေးမှလာသော ဧည့်သည်အချို့ကမူ ငွေဖျိုင်းဖြူစံအိ တော်ကြီးတွင်ပင် တည်းခိုကြမည်ဖြစ်၏။ တချို့ကမူ ပြန်သွားကြ

တစ်နေ့လုံးလိုလို ရုတ်ရုတ်သဲသဲ ပျော်ရွှင်မြူးထူးခဲ့သေ ငွေဖျိုင်းဖြူစံအိမ်ကြီးမှာ အတော်ကလေး တိတ်ဆိတ်ငြိမ်သက်သွ ပြီ ဖြစ်လေသည်။

ချန်ဂူးဝမ်းနှင့် ပိုင်ယီးယီးတို့အတွက် ပြင်ဆင်ပေးထားသေ အိပ်ခန်းကြီးမှာ လွန်စွာ ခမ်းနားထယ်ဝါနေသည်။

အိပ်ရာအခမ်းအနားမှအစ ပစ္စည်းအသုံးအဆောင်အား လိုလို အသစ်များဖြစ်ကြပြီး အဖိုးလည်း ထိုက်တန်လှသည်။

မှန်အိမ်ကြီးကို ထိန်ထိန်လင်းအောင် ထွန်းညှိထားသ အိပ်ရာခမ်းနားပစ္စည်းအသုံးအဆောင်များမှာ ပိုမို၍ ပြောင်လက် သည်။

အတောက်ပြောင်ဆုံးပစ္စည်းများကမူ ပိုင်ယီးယီးကိုယ်တွ ဝတ်ဆင်ထားသော ကျောက်စိမ်းလက်ဝတ်ရတနာများပင် ဖြစ် သည်။

အိပ်ခန်းကြီးထဲတွင် ပိုင်ယီးယီးတစ်ယောက်တည်း ရှိ သည်။

သူမသည် သူမကိုယ်ပေါ်တွင် ဝတ်ဆင်ထားသောကျော



စိမ်းလက်ဝတ်ရတနာများကို တစ်ခုချင်းချွတ်၍ စားပွဲပေါ်တွင် စုပုံ လျက် ရှိနေသည်။

သူမ၏မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ရစ်ဝဲနေသည်။ သူမရင်ထဲတွင် မချိအောင် ခံစားနေရသည်။

ချန်ဂူးဝမ်းကိုခွဲ၍ ငွေဖျိုင်းဖြူစံအိမ်ကြီးမှ သူမ အပြီးအပိုင် ထွက်ခွာရတော့မည့်အချိန်မှာ အနီးကပ်အချိန်သို့ ရောက်လာပြီ မ ဟုတ်ပါလား။

ဖြစ်နိုင်လျှင် သူမသည် ချန်ဂူးဝမ်းနှင့်ခွဲခွာ၍ မသွားချင်ပါ ချေ။

ရာသက်ပန် ရိုးမြေကျသော ပေါင်းသင်းနေထိုင်သွားလိုပါ သည်။

သို့သော် သူမအနေနှင့် ဤသို့ပြုမူပါက ဖုန်းဖေးတို့လက် ထဲတွင် ရှိနေသော ဖခင်ကြီးပိုင်ကျန်း၏အခြေအနေမှာ ဆိုးရွားသွား ပေလိမ့်မည်။

ဖုန်းဖေးတို့လူစုသည် ဖခင်ကြီးပိုင်ကျန်းကို နှိပ်စက်ညှဉ်းပန်း ၍ သတ်ပစ်ကြပေလိမ့်မည်။

ပိုင်ယီးယီးသည် ဖခင်ကြီးကို ဤသို့အဖြစ်မခံလိုပါချေ။

သူသည် အနစ်နာခံပြီး ဖုန်းဖေးတို့လိုအပ်သော ကျောက် စိမ်းလက်ဝတ်ရတနာများနှင့် ရွှင်ရှန်းသိုင်းကျမ်းကိုယူကာ ဤအိမ် ကြီးမှ တိတ်တဆိတ် ထွက်ခွာသွားရပါတော့မည်။

အိမ်အောက်ထပ်ဘက်ဆီမှ ရယ်မောသံများကို တစ်ချက် တစ်ချက် ပိုင်ယီးယီး ခပ်သဲ့သဲ့ကြားရသည်။

ငွေဖျိုင်းဖြူစံအိမ်ကြီးတွင် တည်းခိုကြသော ရပ်ဝေးဧည့်

www.burmeseclassic.com

www.burmeseclassic.com



သည်များကို လင်ချမ်းကျိုးက စားသောက်ပွဲဖြင့် ညှော်ခံနေခြင်းဖြစ်၏။

ဤစားသောက်ပွဲသို့ လင်ချမ်းကျိုး၏ဆန္ဒကြောင့် ချန်ဂူးဝမ်းလည်း မသွားချင်ဘဲ သွားနေရသည်။

ချန်ဂူးဝမ်းတို့ မင်္ဂလာပွဲအတွက် ရည်စူး၍လုပ်သော စားသောက်ပွဲဖြစ်၍လည်း ချန်ဂူးဝမ်းကို လင်ချမ်းကျိုးက ရှိနေစေခြင်းပင် ဖြစ်၏။

ပိုင်ယီးယီးသည် ကျောက်စိမ်းလက်ဝတ်ရတနာများကို အကုန်လုံး ချွတ်ပြီးသည်နှင့် ပဝါတစ်စဖြင့် သေချာစွာထုပ်လိုက်သည်။

ပြီးနောက် ချန်ဂူးဝမ်း ပေးထားသောသော့တွဲမှ သော့တစ်ချောင်းဖြင့် ဗီရိုတစ်လုံးကို ဖွင့်လိုက်သည်။

သော့တွဲတွင် ဤအိပ်ခန်းတံခါးနှင့် ဤအိပ်ခန်းတွင်းရှိ ဗီရိုများမှ သော့များကို ဖွင့်နိုင်ပိတ်နိုင်သော သော့ချောင်းများ ရှိလေသည်။

သူမ ဖွင့်လိုက်သောဗီရိုမှာ ချန်ဂူးဝမ်းဗီရိုဖြစ်၏။

သူမသည် ဗီရိုအတွင်းထောင့်ဘက် တစ်နေရာတွင်ကျောက်စိမ်းလက်ဝတ်ရတနာအထုပ်ကို အသာအယာ ထားလိုက်သည်။

ပြီးနောက် သော့ငယ် တစ်ချောင်းနှင့်ဗီရိုအတွင်းမှ အံဝှက်တံခါးကလေးကို ဖွင့်လိုက်ပြန်သည်။

အံဝှက်တံခါးပွင့်သွားသောအခါ အံဝှက်ထဲတွင် ရှိနေသော ရွှင်ရှန်းသိုင်းကျမ်းစာအုပ်ကို တွေ့ရလေသည်။

ဖုန်းဖေးတို့အတွက် သူမယူဆောင်ရမည့်ပစ္စည်းများမှာ လွယ်လင့်တကူ အဆင်သင့်ရှိနေကြပြီဖြစ်၏။

သူမအနေနှင့် ဤအိမ်ကြီးမှ တိတ်တဆိတ် ထွက်ခွာသွား



နိုင်ရန် လူအလစ်ကို စောင့်ဖို့သာ ကျန်တော့သည်။

ပိုင်ယီးယီးသည် အံဝှက်တံခါးနှင့် ဗီရိုကြီး၏တံခါးကို ပြန်ပိတ်လိုက်သည်။

ပြီးနောက် ခုတင်ကြီးပေါ်သို့လာပြီး ခြေပစ်လက်ပစ်ပင် ထိုင်ချလိုက်မိသည်။

ညနေဘက်တွင် မင်္ဂလာပွဲမှာ ကျင်းပပြီးစီးသွားသည်။

သူမသည် တစ်နေ့လုံး စိတ်ပန်းလူပန်းဖြစ်ခဲ့ရသည်။

ယခုတိုင် ဆက်လက်လှုပ်ရှားရမည့် အစီအစဉ်အတွက် စိတ်မောနေရသေးသည်။

ဖြစ်နိုင်လျှင် သူ့အနေနှင့် ညဦးပိုင်းလောက်ကတည်းက ဤအိမ်မှ ထွက်ခွာသွားချင်သည်။

သို့သော် ခြံထဲတွင်လည်း အိမ်အမှုထမ်းများမှာ မင်္ဂလာပွဲပြုလုပ်စဉ်က အသုံးပြုခဲ့သော ပစ္စည်းပစ္စယများကို သိမ်းဆည်းနေကြဆဲဖြစ်၏။ထို့ကြောင့် ထွက်ခွာသွားရန် မဖြစ်ပါတော့ချေ။

ပင်ပန်းနွမ်းနယ်လွန်းသဖြင့် ခုတင်ကြီးပေါ် ကျောခင်းပြီး လှဲလိုက်မိသည်။

ပြီးနောက် နဖူးပေါ် လက်တင်ပြီး စဉ်းစားခန်း ဝင်နေမိသည်။

ချန်ဂူးဝမ်းအကြောင်း၊ ဖခင်ကြီးပိုင်ကျန်းအကြောင်း၊ သူမအကြောင်း၊ လင်ချမ်းကျိုးနှင့် ငွေဖျိုင်းဖြူစံအိမ်အကြောင်း။

"မမ...."

သူမ အတွေးလွန်နေသည်မှာ မည်မျှအချိန်ကြာသွားသည် မသိ။

www.burmeseclassic.com

www.burmeseclassic.com



သူမအနီးမှ ကပ်ခေါ်လိုက်သောအသံကြောင့် အတွေးစ ပြတ် သွားသည်။

သူမ ဘေးနားတွင် ချန်ဂူးဝမ်းဝင်ထိုင်လိုက်သည်ကိုလည်း တွေ့ရသည်။ ပိုင်ယီးယီး ကမန်းကတန်း ထထိုင်လိုက်မိသည်။

ချန်ဂူးဝမ်းက သူမ၏လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက် လေသည်။

"ဘာတွေများ ဒီလောက်တောင် အတွေးလွန်နေတာလဲ မမရယ်၊ အခန်းထဲကို ကျွန်တော်ရောက်နေတာကြာပြီ၊ ဒါတောင် မမ မသိဘူး"

ပိုင်ယီးယီး ရင်ခုန်လာသည်။ ချန်ဂူးဝမ်းလက်ထဲမှ ရုန်းထွက် မည် ပြုသည်။

"မမကလဲဗျာ... ဘာဖြစ်လို့ရုန်းချင်ရတာလဲ၊ ကျွန်တော်နဲ့ မမတို့ အကြင်လင်မယား ဖြစ်သွားကြပြီဆိုတာ မမမေ့နေပြီလား မရုန်းပါနဲ့ဗျာ"

ချန်ဂူးဝမ်းက သည်လိုပြောလာတော့ ပိုင်ယီးယီး ရုန်းထွက် ရမှာ ခက်သွားသည်။

ပြန်၍ ငြိမ်နေလိုက်မိသည်။ ချန်ဂူးဝမ်းက တစ်ဆင့်တက် ပြီး ပိုင်ယီးယီးကို သူ့ရင်ခွင်ထဲ ပွေ့ဖက်ထားလိုက်သည်။

"အို... မောင်လေးကလဲ"

ပိုင်ယီးယီး နှလုံးတုန် ရင်ခုန်သွားသည်။

"ဘာဖြစ်လို့လဲ မမရဲ့"

"အနေရခက်လို့ပါကွယ်"

ချန်ဂူးဝမ်းက ပိုပြီး တင်းတင်းကျပ်ကျပ် ပွေ့ဖက်လိုက် သည်။



"သိပ်ချစ်တာပဲ မမရယ်"

"လွှတ်ပါဦး မောင်လေးရယ်"

"မလွှတ်ပါဘူး... မမပဲ ပြောထားတယ်လေ၊ မောင်လေးနဲ့ မမနဲ့ လက်မထပ်ခင် စည်းနဲ့ကမ်းနဲ့နေရမယ်၊ မဖောက်ပြန်ရဘူးတဲ့၊ အဲ... မင်္ဂလာဆောင်ပြီးမှ မောင်လေးရဲ့သဘောတဲ့၊ မမရဲ့စကားကို မောင်လေးနားထောင်ခဲ့တယ်၊ စည်းမကျော်အောင် နေခဲ့တယ်၊ အခု တော့ မမနဲ့မောင်လေးတို့မင်္ဂလာဆောင်ပြီး ခဲ့ကြပြီလေ၊ ဒီတော့ မောင်လေးရဲ့သဘောပေါ့"

ပိုင်ယီးယီးက ပို၍ ပို၍ ရင်သိမ့်တုန်ရပါသည်။

တကယ်တမ်းဆိုလျှင် သူမသည် ချန်ဂူးဝမ်းကိုဟန်ဆောင်၍ လက်ထပ်ရခြင်းသာ ဖြစ်၏။

ချန်ဂူးဝမ်းနှင့်သူမတို့ လွန်လွန်ကျူးကျူး မဖြစ်ကြဘဲ လိုအပ် သောပစ္စည်းများကိုယူပြီး ဤအိမ်ကြီးမှ ထွက်ခွာသွားရန်သာ ဖြစ်၏။

ယခုတော့ အခြေအနေက တစ်မျိုးဖြစ်သွားသည်။

ချန်ဂူးဝမ်းရင်ခွင်ထဲ သူမ ရောက်နေရလေပြီ။

သူ့အနေနှင့် သိုင်းပညာ တတ်မြောက်ထားသောကြောင့် ချန်ဂူးဝမ်း၏လက်ထဲမှ အလွယ်တကူ ရုန်းထွက်နိုင်ပါသည်။

သို့သော် တကယ်တမ်းမှု မရုန်းထွက်ရက်ပါချေ။ သူမစိတ် ဆန္ဒကိုက မရုန်းထွက်ချင်တော့ပေ။

www.burmeseclassic.com



အခန်း(၁၄)

## အရက်တကွဲအကျိုးနည်း

ပိုင်ယီးယီး နားထဲတွင် တုံးခေါက်သံသဲ့သဲ့ ကြားလိုက်ရပြီး လန့်နိုးလာသည်။

သူမသည် ဖျတ်ကနဲ ထိုင်လိုက်မိသည်။

သူမဘေးတွင် ချန်ဂူးဝမ်းသည် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေသည်။

မိုးသောက်ယံအချိန်သို့ရောက်တော့မည်ဖြစ်ကြောင်း ပိုင်ယီးယီး ခန့်မှန်းမိ၏။

အချိန်တောင် အတော်လေး လင့်သွားပြီဖြစ်၏။

သူမအနေနှင့် ရှင်ရှန်းသိုင်းကျမ်းနှင့် ကျောက်စိမ်းလက်ဝတ်ရတနာထုပ်ကိုယူကာ ဤအိမ်ကြီးမှ ထွက်ခွာသွားရပေလိမ့်မည်။

နှစ်ခြိုက်စွာ အိပ်ပျော်နေသော ချန်ဂူးဝမ်းကို ကြည့်မိသည်။ ရင်ထဲမှလည်း မချိသောဝေဒနာဖြင့် ရေရွတ်လိုက်မိသည်။

"မမ သွားရတော့မယ် မောင်လေးရယ်၊ မမလေ မောင်လေးနဲ့ ပျော်ပျော်ကြီးနေသွားချင်ပါတယ်ကွယ်၊ မောင်လေးကိုခွဲပြီး မသွားချင်ပါဘူး၊ မခွဲရက်ပါဘူး... မမကိုယ်တိုင်ကလဲ ခွဲမသွားချင်ပါဘူး၊ ဒါပေမယ့် မမရဲ့ကျေးဇူးရှင် ဖေဖေအသက်ဘေးက လွတ်မြောက်ရေးအတွက် ခွဲသွားရလိမ့်မယ်ကွယ်၊ မမကို လူဆိုးသူခိုးတစ်ယောက်အနေနဲ့ မောင်လေး မုန်းလိုက်ပါတော့၊ မေ့လိုက်ပါတော့"



ပိုင်ယီးယီး၏မျက်လုံးအိမ်ထဲမှလည်း မျက်ရည်များ စီးကျလာသည်။

ရှိုက်မငိုမိအောင် စိတ်ကို ထိန်းချုပ်ထားရသည်။

"မမလေ မောင်လေးကိုသိပ်ပြီး ချစ်ပါတယ်ကွယ်၊ ဒါကြောင့်လဲ မောင်လေးရဲ့အလိုဆန္ဒကို မမလိုက်လျောခဲ့ပါတယ်၊ မမနဲ့ မောင်လေးတို့တွေ တကယ်အကြင်လင်မယားဘဝကို ရောက်ခဲ့ကြရပါပြီ၊ ဒါပေမယ့် မောင်လေးရယ် ရာသက်ပန်ပေါင်းရမယ့် အကြင်လင်မယားမျိုးတော့ မဟုတ်ပါဘူးကွယ်၊ တစ်ညတာ ပေါင်းကြရတဲ့သူတွေပါ၊ ဒီညကိုလဲ မမတစ်သက်မှာ တစ်နေ့မှ မေ့လို့ရတော့မှာ မဟုတ်ပါဘူး"

ပိုင်ယီးယီးသည် တစ်ဘက်ကိုစောင်း၍ အိပ်နေသော ချန်ဂူးဝမ်း၏ပါးပြင်ကို အသာအယာငုံ့နမ်းမည်ပြုသေးသည်။

သို့သော် သူမ၏မျက်ရည်ကြောင့် ချန်ဂူးဝမ်း နိုးသွားမည်ကို စိုးရိမ်မိသည်။

ထို့ကြောင့် မနမ်းတော့ဘဲ ငုံ့လိုက်သောကိုယ်ကို ပြန်မတ်သည်။

ပြီးမှ သေ့တွဲကိုယူကာ လက်ဝတ်ရတနာထုပ်ကို ထည့်ထားသော စီရိုကြီးဆီ လျှောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သော့ဖြင့် ဗီရိုကိုဖွင့်သည်။ အံဝှက်တံခါးကို ထပ်ဖွင့်သည်။

အိတ်နီကလေးတစ်လုံးကိုယူကာ အံဝှက်ထဲမှ ရွှင်ရှန်းသိုင်းကျမ်းနှင့် ကျောက်စိမ်းလက်ဝတ်ရတနာထုပ်ကို ၎င်းအိတ်ကလေးထဲ ထည့်သည်။

သူမ၏လှုပ်ရှားမှုမှာ ညင်သာလွန်းလှသဖြင့် မည်သည့်အသံမှ မထွက်ချေ။

သူမခါးတွင် အိတ်အနီကလေးကို သေချာစွာ ချည်နှောင်လိုက်သည်။

ပြီးမှ ပြတင်းပေါက်ဆီ လာသည်။ ပြတင်းပေါက်မှ အောက်ကိုငုံ့ကြည့်သည်။

ခြံဝင်းကြီးထဲတွင် လူရိပ်လူရောင်ကို မတွေ့ရချေ။

သူမသည် ခုတင်ဆီ ပြန်လာသည်။ ခုတင်ဘေးတွင် ရပ်ကာ အိပ်မောကျနေသော ချန်ဂူးဝမ်းမျက်နှာကို တွေတွေကြီး စိုက်ကြည့်နေမိသည်။

"မမ သွားတော့မယ်ကွယ်၊ မောင်လေးရယ်"

သူမအကြည့်ကို ဖွတ်လွှဲလိုက်ပြီး ပြတင်းပေါက်နား ပြန်လာသည်။

ပြီးနောက် ကိုယ်ဖော့ပညာကိုသုံး၍ ပြတင်းပေါက်မှ မြေပြင်သို့ ခုန်ဆင်းလိုက်သည်။

တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ခြံဝင်းကြီးထဲတွင် မီးအိမ်များကို ကျိုးတို့ကျဲတဲ ထွန်းထားသည်။

သူမသည် မှောင်ရိပ်ကို ခို၍ ခြံတံခါးဝဆီ ပြေးလာခဲ့သည်။



ထိုစဉ် သူမရှေ့ သစ်ပင်ကွယ်မှ လူရိပ်တစ်ရိပ် မမျှော်လင့်ဘဲ ခုန်ထွက်လာသည်။

"ဘယ်သူလဲ… ရပ်လိုက်"

ပိုင်ယီးယီး တစ်ဘက်ကို လှည့်ပြေးသည်။

"ဟေ့… ရပ်လိုက်လေ၊ မပြေးနဲ့… သူခိုးဟေ့… သူခိုး သူခိုး"

"တောက်… တောက်… တောက်… တောက်… တောက်"

"သူခိုးဟေ့… သူခိုး၊ ဟိုမှာ… ဟိုမှာ ပိုင်းထား"

"မလွတ်စေနဲ့ဟေ့၊ ဟိုဘက်က ဝိုင်း"

ခြံဝင်းကြီးတစ်ခုလုံး အချက်ပေးတုံးခေါက်သံများ အော်ဟစ်သံများ ဆူညံသွားသည်။

ခြံစောင့်များက ပိုင်ယီးယီးကို ဝိုင်းဝိုင်းဖမ်းရန် ကြိုးစားကြသည်။

ပိုင်ယီးယီးသည် သူမရှေ့တွင် ဝိုင်းဆီးနေသူများကို မတိုက်ခိုက်ချင်သဖြင့် ကွေ့ပတ်ရှောင်၍ ပြေးနေသည်။

သူမကို လိုက်ဖမ်း ဆီးသူများ ပိုမိုများလာသည်။

မီးရောင်တွေလည်း ပိုပြီး ထိန်လင်းလာသည်။

ပိုင်ယီးယီး စိုးရိမ်လာသည်။ ဤအတိုင်းသာဆိုပါက သူမကို မိသွားတော့မည်ဖြစ်၏။

သူမရှေ့တွင် ဝိုင်းဆို့သူမှန်သမျှကို တိုက်ခိုက် ထိုးဖောက်သွားရန် ဆုံးဖြတ်ချက် ချလိုက်ရတော့သည်။

ထိုဆုံးဖြတ်ချက်ဖြင့် သူမသည် ခြံဝဆီသို့သာ ဦးတည်ပြေးလာခဲ့သည်။

ထိုစဉ် သူမရှေ့သို့ လူနှစ်ယောက်ရောက်လာပြီး ပြေးလမ်း

www.burmeseclassic.com

www.burmeseclassic.com



ကိုဝိတ်လိုက်ကြ၏။

ထိုသူနှစ်ယောက်ကိုမြင်သည်နှင့် ပိုင်ယီးယီး ထိတ်ခနဲ ဖြစ်သွားသည်။ ခြေလှမ်းတန့်၍လည်း ရပ်လိုက်မိသည်။

ထိုသူနှစ်ဦးမှာ လင်ချမ်းကျိုးနှင့်ငွေဖျိုင်းဖြူစံအိမ်သို့ ဧည့်သည်အဖြစ်ရောက်နေသော ဟူတန်းဂိုဏ်း၏ ဒုဂိုဏ်းချုပ်ကွန့်ပင် ဖြစ်လေသည်။

သူ့ဘေးဘီ ဝဲယာသို့လည်း စံအိမ်အမှုထမ်းများ ရောက်လာကြသည်။

သူမကိုဝိုင်းထားပြီး ဖြစ်နေကြသည်။

ယင်းစံအိမ်အမှုထမ်း များထဲတွင် ဧည့်သည်များဖြစ်ကြသော မင်းမှုထမ်းအချို့နှင့် သိုင်းဂိုဏ်းအသီးသီးမှ ခေါင်းဆောင်အချို့လည်း ပါဝင်ကြသည်။

အားလုံးပင် သူတို့သူခိုးအဖြစ် အလိုက်ခံရသူမှာ ပိုင်ယီးယီး ဖြစ်ကြောင်း မြင်ရသောအခါ အံ့ဩတကြီး ဖြစ်သွားကြသည်။

ယခုအခြေအနေမျိုးကိုရောက်မှတော့ ပိုင်ယီးယီး ထွက်ပြေး၍မဖြစ်တော့ပါ။

သူမသည် ခေါင်းငိုက်စိုက်ချ၍သာ ရပ်နေမိသည်။

လင်ချမ်းကျိုးသည် ရှေ့သို့လျှောက်လာကာ ပိုင်ယီးယီးနှင့် သုံးပေအကွာတွင် ရပ်လိုက်၏။

ပြီးမှ မျက်မှောင်ကြုတ်၍ မေးသည်။

"ဘယ်လိုဖြစ်တာလဲ ပိုင်ယီးယီး၊ ဘာဖြစ်လို့ အချိန်မတော်ကြီး ခြံထဲမှာ ပြေးနေရတာလဲ"

ဘာပြန်ပြောရမှန်း မသိသဖြင့် ပိုင်ယီးယီး ငြိမ်နေမိသည်။



"ငါ မေးတာကိုဖြေစမ်း ပိုင်ယီးယီး"

ပိုင်ယီးယီး ခေါင်းငုံ့မြဲ ငုံ့ထားသည်။ သူမရင်ထဲတွင် တုန်လှုပ်နေသည်။

ကြောက်စိတ်ထက် ရှက်စိတ်က ပိုနေသည်။ ဘာမှ လည်း ပြန်မဖြေမိချေ။

လင်ချမ်းကျိုးအကြည့်က ပိုင်ယီးယီး ခါးတွင်ချည်ထားသော အိတ်နီကလေးကို မြင်သွားသည်။

မျက်မှောင်ပို၍ ကြုတ်သွားသည်။

ထိုစဉ် ဝိုင်းနေသောလူအုပ်ကိုဖောက်၍ ချန်ဂူးဝမ်းလမ်းလျှောက်လာသည်။

ပိုင်ယီးယီးကိုမြင်တော့ လွန်စွာ အံ့ဩသွားသည်။

"ဟင်... မမ ဘာဖြစ်လို့လဲ"

လိပ်ပြာမလုံသော ပိုင်ယီးယီးသည် ချန်ဂူးဝမ်းကို မြင်သည်နှင့် စိတ်ကိုမထိန်းနိုင်တော့ဘဲ ရှိုက်ငိုလိုက်သည်။

"အို... ဘာဖြစ်လို့ ငိုရတာလဲ မမရယ်"

ချန်ဂူးဝမ်းသည် ပိုင်ယီးယီးအနီးသို့ တိုးကပ်လာမည်ပြု၏။

လင်ချမ်းကျိုးက လက်ကိုဆန့်တန်း၍ ကာလိုက်ပြီး တင်းမာစွာ အမိန့်ပေးသည်။

"ချန်ဂူးဝမ်း... ရပ်လိုက်စမ်း"

ပိုင်ယီးယီးထံသို့သွား၍ ဖေးမချင်သော်လည်း လင်ချမ်းကျိုး၏ဟန့်တားမှုကြောင့် ချန်ဂူးဝမ်းသည် ရှေ့ကိုမတိုးရဲတော့ချေ။

လင်ချမ်းကျိုးသည် ပိုင်ယီးယီး ခါးမှအိတ်နီကလေးကိုဖျတ်

www.burmeseclassic.com

www.burmeseclassic.com



ကနဲ ဆွဲဖြုတ်ယူလိုက်၏။

ရုတ်တရက် ဆွဲယူလိုက်ခြင်းဖြစ်သဖြင့် ပိုင်ယီးယီး ပြန်လုယူရန် ကြိုးစားသော်လည်း အိတ်နီကလေးမှာ လင်ချမ်းကျူး လက်ထဲသို့ ပါသွားသည်။

"ဦးကြီး... ဘယ်လိုလုပ်လိုက်တာလဲ"

လင်ချမ်းကျူး၏ ပိုင်စိုးပိုင်နင်းအပြုအမူကြောင့် ပိုင်ယီးယီးကို ချစ်သော ချန်ဂူးဝမ်းသည် ဇနီးသည် ပိုင်ယီးယီးအတွက် မခံမရပ်နိုင် ဖြစ်သွားသည်။

ထို့ကြောင့် တစ်ခါမှမအော်စဖူး လင်ချမ်းကျူးကို တင်းမာစွာ အော်ပြောလိုက်သည်။

"မင်း အသာနေစမ်း ချန်ဂူးဝမ်း၊ မင်း မိန်းမကို မတရားသဖြင့် ဘာမှ ငါမလုပ်ဘူး"

လင်ချမ်းကျူးက ပြန်၍ ဟောက်လိုက်တော့မှ ချန်ဂူးဝမ်း ငြိမ်သွားသည်။

သူသည် လက်ထဲမှ အိတ်ကိုမြှောက်၍ ပိုင်ယီးယီးကို မေးသည်။

"ဒီအိတ်ထဲမှာ ဘာတွေလဲ ပိုင်ယီးယီး"

ပိုင်ယီးယီး ပြန်မဖြေချေ။ ငိုမြဲသာ ငိုရှိုက်နေသည်။

လင်ချမ်းချူး ဆက်မမေးတော့ဘဲ အိတ်ထဲကို လက်နှိုက်လိုက်သည်။

သူ့လက်ကို ပြန်ဆွဲထုတ်လိုက်သောအခါ ရွှင်ရှန်းသိုင်းကျမ်းစာအုပ် ပါလာသည်။



"ဟင်... ရွှင်ရှန်းသိုင်းကျမ်းစာအုပ်ပါလား"

လင်ချမ်းကျူးသာမက အားလုံးပင် အံ့သြသွားကြသည်။

ချန်ဂူးဝမ်းကိုယ်တိုင်လည်း အံ့သြသွားသည်။

သူသည် ပိုင်ယီးယီးမျက်နှာကို နားမလည်ဟန်ဖြင့် ကြည့်သည်။

လင်ချမ်းကျူးက အိတ်ထဲသို့ လက်နှိုက်လိုက်ပြန်သည်။

ပဝါထုပ်ကလေးတစ်ထုပ် ပါလာသည်။ ပဝါစကို ဖြေလိုက်တော့ အထဲမှပြိုးပြိုးပြက်ပြက် ဝင်းဝင်းလက်လက် အရောင်များ ဖြာ ထွက်လာသည်။

"ဟင်... ကျောက်စိမ်းလက်ဝတ်ရတနာတွေပါလား"

ဘေးမှ ဝိုင်းကြည့်နေကြသူများအားလုံး ပွစိပွစိဖြစ်ကုန်ကြသည်။

ပိုင်ယီးယီး၏ငိုရှိုက်သံမှာ ပိုပြီး ကျယ်လောင်လာသည်။

ခိုးထုပ်ခိုးထည်နှင့် လက်ပူးလက်ကြပ်မိနေပြီဖြစ်၍ သူမအနေနှင့် လှည့်ပတ်ပြောဆို၍ မရတော့ပါချေ။

ချန်ဂူးဝမ်းလည်း အတော်ကြီး စိတ်မချမ်းမသာဖြစ်သွားသည်။

ပိုင်ယီးယီးသည် ရွှင်ရှန်းသိုင်းကျမ်းနှင့် ကျောက်စိမ်းလက်ဝတ် ရတနာများကိုယူ၍ ထွက်ပြေးရန် ကြံစည်ခြင်းဖြစ်ကြောင်း သူလည်း သဘောပေါက်နားလည်သွားသည်။

လင်ချမ်းကျူး၏မျက်နှာမှာလည်း ကြောက်စရာကောင်းလောက်အောင် တင်းမာခက်ထန်သွားသည်။

သူသည် ပိုင်ယီးယီးကို စူးစူးရဲရဲ ကြည့်လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"လက်စသတ်တော့ နင်က သူခိုးမပါလား ပိုင်ယီးယီး၊ နင့်ကိုရိုးသားသိမ်မွေ့တဲ့ မိန်းကလေးတစ်ယောက်မှတ်ပြီး ချန်ဂူးဝမ်းနဲ့လူသိရှင်ကြား ခမ်းခမ်းနားနား လက်ထပ်ပေးခဲ့မိတာ သိပ်မှားတာပဲ၊ ဒီကျေးဇူးသစ္စာကိုမှ နင်မထောက် ခုလို လုပ်ရက်လေတယ် ပိုင်ယီးယီးရယ်"

"ကျွန်တော် ပြောပါရစေဦး ဦးကြီးရယ်"

ပိုင်ယီးယီးကို ရင်နင့်အောင် ချစ်ရှာသော ချန်ဂူးဝမ်းသည် သူမ၏အဖြစ်ကိုမကြည့်ရက်သဖြင့် လင်ချမ်းကျုံးကို ဝင်ပြောလိုက်မိသည်။

"မင်းက ဘာပြောမှာလဲ ချန်ဂူးဝမ်း"

"မမပိုင်ကို အပြစ်မတင်ပါနဲ့ဦးကြီးရယ်"

"ဘာဖြစ်လို့ အပြစ်မတင်ရမှာလဲကွ"

"မမပိုင်ဟာ လူစိမ်းတစ်ယောက် မဟုတ်ပါဘူး၊ ကျွန်တော့်ရဲ့ဇနီးပါ၊ ကျွန်တော်ပိုင်တဲ့ ပစ္စည်းမှန်သမျှ သူလဲ ပိုင်ဆိုင်ခွင့်ရှိပါတယ်"

"တော်စမ်း... ချန်ဂူးဝမ်း၊ ငါ နားလည်တယ်၊ မင်းပိုင်တဲ့ဥစ္စာပစ္စည်းကို ပိုင်ယီးယီးလဲ ပိုင်ခွင့်ရှိတယ်ဆိုတာ ငါ နားလည်တယ်၊ ဒါပေမယ့် အခု သူမရိုးသားလို့ ငါပြောနေတာ၊ သူသာ ရိုးသားရင် ဒီပစ္စည်းတွေကို မင်းဆီက ပွင့်ပွင့်လင်းလင်းတောင်းရမယ်၊ ခုတော့ ခိုးပြီး ထွက်ပြေးဖို့ ကြံစားတယ်၊ ပြီးတော့ သူခိုးသွားတာက ရွှင်ရှန်းသိုင်းကျမ်း၊ ရွှင်ရှန်းသိုင်းကျမ်းဟာ မင်းမိဘဘိုးဘွားလက်ထက်ကတည်းက ကိုင်ဆောင်လာခဲ့တဲ့အဖိုးတန်သိုင်းကျမ်း၊ ဒီသိုင်းကျမ်းထဲက သိုင်းကွက်တွေကို မင်းနဲ့မင်းရဲ့သားစဉ်မြေးဆက်ပဲ အသုံးချရ



မယ်လို့ မင်းဖေဖေ မသေခင်က ငါ့ကိုအကြိမ်ကြိမ် မှာကြားခဲ့တာ၊ မင်းကိုထိန်းသိမ်းစောင့်ရှောက်ခဲ့တဲ့ ငါတောင် ဒီရွှင်ရှန်းသိုင်းကျမ်းကို ငါနဲ့မဆိုင်သလိုဘဲ နေခဲ့တယ်"

လင်ချမ်းကျုံးက စကားဖြတ်လိုက်ပြီး ဘေးမှပိုင်းရပ်နေကြသောဧည့်သည်များကို တစ်ချက်အကဲခတ်ကြည့်လိုက်လေသည်။

သူ့စကားကို ထောက်ခံသည့်အနေနှင့် အားလုံးက ခေါင်းတဆတ်ဆတ်ညိတ်၍ နားထောင်နေကြကြောင်း တွေ့ရသောအခါ လင်ချမ်းကျုံးလည်း ကျေနပ်သွားပြီး ဆက်ပြောသည်။

"ပြီးတော့ ကျောက်စိမ်းလက်ဝတ်ရတနာတွေဟာလဲ သာမန် ရိုးရိုးပစ္စည်းတွေ မဟုတ်ဘူး ချန်ဂူးဝမ်း၊ မင်းမေမေကိုယ်တိုင် မင်းဖေဖေနဲ့ လက်ထပ်ခဲ့စဉ်က အမြတ်တနိုးဝတ်ခဲ့တဲ့ပစ္စည်းတွေ၊ သူ မသေခင် မင်း မင်္ဂလာဆောင်တဲ့အခါ သတို့သမီးကိုဝတ်ပေးပါလို့ မှာခဲ့တယ်၊ အခု ပိုင်ယီးယီးဟာ မင်းကိုတကယ်ချစ်လို့ တကယ်မြတ်နိုးလို့ လက်ထပ်ခဲ့တာမှ မဟုတ်ဘဲ၊ ဒီပစ္စည်းတွေကိုလိုချင်လို့ လက်ထပ်ခဲ့တယ်ဆိုတာ ထင်ရှားနေတယ်၊ မင်းအမေ အမြတ်တနိုးထားခဲ့တဲ့ လက်ဝတ်ရတနာတွေကို ခိုးယူတယ်၊ မင်းမိဘ ဘိုးဘွားစဉ်ဆက်ကိုင်ဆောင်သုံးစွဲလာခဲ့တဲ့ ရွှင်ရှန်းသိုင်းကျမ်းကိုခိုးယူတယ်၊ တခြားပစ္စည်းကို ခိုးတယ်ဆိုရင် ငါမပြောဘူး၊ ဒီပစ္စည်းတွေကို ခိုးတာတော့ သိပ်ပြီး ဆိုးရွားလွန်းတယ်၊ မင်းတို့ မျိုးနွယ်အစဉ်အဆက်သာ သုံးစွဲခွင့်ရှိတဲ့ ရွှင်ရှန်းသိုင်းကျမ်းထဲက နည်းစနစ်တွေကို တခြားလူတွေဆီ ပျံ့နှံ့ ကုန်တော့မယ်၊ ဒီလုပ်ရပ်ဟာ ဘယ်လိုမှ ခွင့်မလွှတ်နိုင်တဲ့ လုပ်ရပ်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



လင်ချမ်းကျူး၏စကားမှာ မှန်သင့်သလောက် မှန်နေသဖြင့် ချန်ဂူးဝမ်းလည်း ဘာပြန်ပြောရမှန်းမသိ ဖြစ်နေသည်။

ငြိမ်၍သာ နေမိသည်။

လင်ချမ်းကျူးသည် ပိုင်ယီးယီးကိုလှည့်ကြည့်၍ ပြောပြန်၏။

"ပိုင်ယီးယီး ဒီမှာမင်းမှုထမ်း ပုဂ္ဂိုလ်တွေလဲ ရှိနေတယ်၊ မင်းရဲ့လုပ်ရပ်ဟာ ကောင်းကောင်းကြီး အပြစ်ပေးနိုင်တယ်၊ ဒါပေမယ့် ချန်ဂူးဝမ်းရဲ့မျက်နှာကိုထောက်ထားပြီး မင်းကို အပြစ်မပေးပါဘူး၊ မင်းလိုအကျင့်စာရိတ္တမကောင်းတဲ့ မိန်းကလေးမျိုးနဲ့ ငါတူနဲ့ လုံးလုံး သဘောမတူနိုင်ဘူး၊ မြွေပွေးခါးပိုက်ပိုက်ထားသလို ဖြစ်မှာပဲ၊ ဒီတော့ အကောင်းဆုံးက ခုချက်ချင်း ဒီအိမ်က ထွက်သွားပေတော့၊ နင့်မျက်နှာကို နောက်ဘယ်တော့မှ မမြင်ချင်ဘူး၊ သွား"

ပိုင်ယီးယီးသည် ရှိုက်ငိုရင်းမှ ချန်ဂူးဝမ်းမျက်နှာကို တစ်ချက်မော့ကြည့်သည်။

ပြီးမှ တစ်ရှိန်းထိုး ထွက်ပြေးလာခဲ့သည်။

"မမပိုင်... မမ... နေပါဦး"

နောက်ဘက်မှ ချန်ဂူးဝမ်းခေါ်သံ ပေါ်လာသည်။

အရှက်ကြီး ရှက်သွားသော ပိုင်ယီးယီးသည် ချန်ဂူးဝမ်းကို မျက်နှာချင်း ထပ်ပြီး မဆိုင်ရဲတော့ချေ။

သူမသည် ကိုယ်ဖော့ပညာကိုသုံး၍ ပြေးမြဲသာ ဆက်ပြေးခဲ့သည်။

ငွေဗျိုင်းဖြူစံအိမ်ကြီးမှ ထွက်ခဲ့သည်။



မြို့ပြင်ဘက်သို့ဦးတည်၍ ပြေးခဲ့သည်။

ကောင်းကင်ပြင်တွင် ရောင်နီသမ်းစပြုနေပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၅)

၁၅

ကျေးငှက်ကလေးများ အိပ်တန်းမှနိုးထကြပြီဖြစ်၏။

တစ်ပင်မှတစ်ပင် ကူးလူးပျံသန်းရင်း တွန်ကျူးမြည်ကြွေးနေကြသော ငှက်ကလေးများ၏အသံမှာ စီစီညံလျက် ရှိသည်။

ငွေဖျိုင်းဖြူစံအိမ်မှ တစ်ရှိန်ထိုးထွက်ပြေးခဲ့သော ပိုင်ယီးယီးသည် မြို့ပြင်ရောက်လာသည်အထိ နောက်ကိုတစ်ချက်ကလေးမှ လှည့်မကြည့်တော့ချေ။

မြို့မှထွက်လာသော လမ်းအတိုင်းသာ ဆက်၍ ပြေးလာခဲ့သည်။

မြို့နှင့်သုံးလီခန့် အကွာအဝေးကိုရောက်လာမှ ရပ်လိုက်သည်

နောက်ဘက်ကို လှည့်ကြည့်သည်။ မြို့ကို အပေါ်စီးမှလှမ်းကြည့်သည်။



သူမသည် ယခုတိုင် ငိုလျက်ပင် ရှိနေသေးသည်။

တုန်ယင်လှိုက်လှဲသော ခံစားမှုဝေဒနာကြောင့် သူ့ခြေလက်များပင် တုန်တုန်ယင်ယင်ဖြစ်နေသည်။

ဆက်ပြီးတော့ ခြေမလှမ်းချင်အောင်လည်း ဖြစ်နေသည်။

သူမသည် လမ်းဘေးနားရှိ ကျောက်တုံးကြီးတစ်တုံးကိုမှီကာ ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

ပြီးနောက် အားပါးတရ ချုံးပွဲချ၍ ငိုကြွေးလိုက်သည်။

သူမ၏ အကြံအစည် ရည်ရွယ်ချက်တို့သည်လည်း ပျက်သုဉ်းခဲ့ရလေပြီ။

ချစ်ရသော မောင်လေးချန်ဂူးဝမ်း၏ အမုန်းခံဘဝကိုလည်း ရောက်ခဲ့ရလေပြီ။

ပိုင်ယီးယီး ရှေ့ဆက်ဘာလုပ်ရမှန်း မသိတော့ချေ။ စဉ်းစား၍ မရတော့။

ရှင်ရှန်းသိုင်းကျမ်းနှင့် ကျောက်စိမ်းလက်ဝတ်ရတနာမပါဘဲ ဖုန်းဖေးထံသို့ပြန်ရန်မှာ မည်သို့မှမဖြစ်ပါချေ။

သူမသာ ဤအတိုင်း ပြန်သွားပါက ဖုန်းဖေးတို့လူစုသည် ဖခင်ကြီးပိုင်ကျန်းကို အမြန်ဆုံး ညှဉ်းပန်းနှိပ်စက်၍ သတ်ပစ်ကြပေလိမ့်မည်။

ရှင်ရှန်းသိုင်းကျမ်းနှင့် ကျောက်စိမ်းလက်ဝတ်ရတနာများကို ရယူဖို့ ကြိုးစားရန်လည်း မဖြစ်တော့ပါချေ။

သူမအကြောင်းကို ငွေဖျိုင်းဖြူစံအိမ်ကြီးတစ်အိမ်လုံး သိသွားကြပြီ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးရယူနိုင်သည်ပဲ ထားဦးတော့ သူမသည် မလို ချင်တော့ပါချေ။

ယခုအခါ မိမိကို ချန်ဂူးဝမ်း မုန်းတီးသွားလေပြီဟု ပိုင် ယီးယီး တထစ်ချ တွက်ဆထားသည်။

နောက်တစ်ခေါက်သာ သိုင်းကျမ်းစာအုပ်နှင့် လက်ဝတ်ရတ နာများကိုရယူဖို့ ကြိုးစားပါလျှင် ယခုထက် ပို၍ပို၍ မုန်းတီးရွံ့ရှာ သွားပေလိမ့်မည်။

ပြီးတော့ လင်ချမ်းကျုံးပြောခဲ့သလို ရွှင်ရှန်းသိုင်းကျမ်းနှင့် ကျောက်စိမ်းလက်ဝတ်ရတနာများမှာ ချန်ဂူးဝမ်းတို့မိဘဘိုးဘွားဘီ ဘင် အဆက်ဆက်ကိုင်ဆောင်အသုံးပြုလာသော မျိုးဆက်ပစ္စည်း များဖြစ်၏။

သူမသာ ဤပစ္စည်းများကိုယူဆောင်သွားပါက ရွှင်ရှန်း သိုင်းကျမ်းထဲမှ နည်းစနစ်များမှာ ချန်မျိုးဆက်နှင့်လုံးလုံးမပတ်သက် သော အခြားလူများ၏လက်ထဲသို့ ရောက်သွားပေတော့မည်။

မိမိသည် ဖခင်ကြီး တစ်ဦးတည်း၏အသက်ကိုကယ်တင် ရေးအတွက် ဤအပြုအမူကို ပြုမူခဲ့သည်။

ထိုအတွက် လူများစုမှာ ထိခိုက်နစ်နာကြပေလိမ့်မည်။

ပိုင်ယီးယီးသည် ကျောက်တုံးကြီးကိုမှီ၍ ငိုရှိုက်ရင်းမှအ တွေးများ ယောင်ယက်ခတ်နေသည်။

စိတ်တွေ ကစဉ့်ကလျား ဖြစ်နေသည်။ ဘာမှလုပ်ကိုင်လို စိတ်လည်း မရှိတော့။

အချိန်မည်မျှကြာအောင် ဤနေရာတွင် ငိုနေမိမှန်း သူမ



ကိုယ်ပင် သူမ မသိချေ။

နေရောင်ကမူ သူမကိုယ်ပေါ် ဖြာဆင်းကျနေပြီး ဖြစ်၏။

သူမသည် ခေါင်းငိုက်စိုက်ချ၍ တရှိုက်မတ်မတ် ငိုကြွေးနေ ၏။

"မမပိုင်... မမပိုင်"

သူမအနီးမှ ကပ်၍ခေါ်လိုက်သော အသံတစ်သံကိုကြား လိုက်ရသည်။

ယင်းအသံမှာ ချန်ဂူးဝမ်း၏ အသံဖြစ်ကြောင်း သိလိုက် သည်။

ပိုင်ယီးယီး တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားသည်။

အငိုရပ် သွားသည်။ အသံလာရာကို ဖျတ်ခနဲ မော့ကြည့်မိ သည်။

သူမအနီးတွင် ကပ်၍ရပ်နေသော ချန်ဂူးဝမ်းကို မြင်ရ သည်။

ချန်ဂူးဝမ်းလက်ထဲတွင် အိတ်အနီကလေးကိုလည်း ကိုင် ထားသည်။

ပိုင်ယီးယီး လွန်စွာ အံ့သြသွားသည်။

သူမပင် အမြင်များ မှားလေရော့သလားဟု သူမ မျက်စိကို ပင် မယုံနိုင်အောင် ဖြစ်ရသည်။

ထိုင်နေရာမှ ကမန်းကတန်းလည်း ထရပ်မိသည်။

ချန်ဂူးဝမ်းက သူမလက်မောင်းကို ဖျတ်ခနဲ ဖမ်းဆိုင်လိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



သိမ်မွေ့ညင်သာသောအသံဖြင့်လည်း စကားဆိုသည်။

"နေပါဦး မမပိုင်ရယ်... နေပါဦးဗျာ"

မှန်ပါသည်။ သူမဆီသို့ ချန်ဂူးဝမ်း တကယ်ပင် ရောက်နေပါသည်။

ချန်ဂူးဝမ်းက တောင်းတောင်းပန်ပန်ပြောနေခြင်း ဖြစ်သဖြင့် ပိုင်ယီးယီးသည် ရုန်းမထွက်မိတော့ချေ။

သို့သော် ချန်ဂူးဝမ်းမျက်နှာကို စေ့စေ့ မကြည့်ရဲ၍ အားပါးတရလည်း ငိုကြွေးလိုက်မိပြန်သည်။

ချန်ဂူးဝမ်းက ပိုင်ယီးယီးကို သူ့ရင်ခွင်ထဲသွင်း၍ ပွေ့ဖက်လိုက်သည်။

"မမဟာ သူခိုးမပါ မောင်လေးရယ်... မောင်လေးတို့မျိုးဆက်ပစ္စည်းကို ခိုးဖို့ကြံစည်ခဲ့တဲ့သူမါ၊ ဒါနဲ့တောင် မောင်လေးက မမ နောက်ကို ဘာဖြစ်လို့ လိုက်ခဲ့ရတာလဲဟင်"

"ကျွန်တော်နဲ့အတူ ငွေဗျိုင်းဖြူစံအိမ်ကို ပြန်လိုက်ခဲ့ပါလား မမရယ်၊ မမကို ကျွန်တော် သိပ်ချစ်တယ်၊ မခွဲနိုင်ဘူး"

"မမဟာ သူခိုးမပါ၊ မောင်လေးရဲ့ ဥစ္စာပစ္စည်းကို ခိုးယူဖို့ကြိုးစားခဲ့တဲ့ သူပါ"

"ဒါပေမယ့် ကျွန်တော့်ကို မမ တကယ်ပဲ နှစ်နှစ်ကာကာချစ်တယ်ဆိုတာ ကျွန်တော် သိပါတယ်မမ၊ ကျွန်တော် အသိဆုံးပါ၊ မမဟာ ချမ်းသာကြွယ်ဝမှုကိုမက်မောလို့ ရွှင်ရှန်းသိုင်းကျမ်းနဲ့ ကျောက်စိမ်းလက်ဝတ်ရတနာတွေကိုယူတာ မဟုတ်ဘူးဆိုတာ ကျွန်တော်တွက်ဆမိပါတယ်၊ ကျွန်တော့်အသက် နှစ်ဆယ်ပြည့်ရင် မိဘရဲ့အမွေ



ဥစ္စာပစ္စည်းတွေ ကျွန်တော်တို့တစ်သက် စားလို့မကုန်အောင်ရမယ်ဆိုတာ မမလဲ သိနေတာပဲ၊ မမသာ ချမ်းသာချင်တဲ့စိတ်ကြောင့် ကျွန်တော့်ကို ချစ်တာဆိုရင် ရွှင်ရှန်းသိုင်းကျမ်းနဲ့ လက်ဝတ်ရတနာတွေကိုယူပြီး ပြေးစရာမလိုဘူးဆိုတာ ကျွန်တော်တွက်မိပါတယ်၊ ဒီပစ္စည်းတွေကိုယူရတာ မမမှာ ခိုင်လုံတဲ့အကြောင်းတော့ ရှိလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ် မမ၊ အဲဒီအကြောင်းဟာ ဘာအကြောင်းလဲဟင် မမ၊ ကျွန်တော့်ကို အမှန်အတိုင်း ပြောပြစမ်းပါ"

"ခုမှတော့ မသိချင်ပါနဲ့တော့ မောင်လေးရယ်"

"ပြောပါမမရယ်... ပြောစမ်းပါဦးဗျာ"

ပိုင်ယီးယီး ဘာမှပြန်မပြောဘဲ ရှိုက်၍သာ ငိုကြွေးလိုက်၏။

"ကျွန်တော့်ကို မမချစ်ကာဟာ ဟန်ဆောင်အချစ်နဲ့ ချစ်တာလားမမ"

"မဟုတ်ပါဘူး မောင်လေး မဟုတ်ပါဘူး၊ မမ အမှန်အတိုင်းပဲပြောမယ်၊ ပထမတော့ မမဟာ မောင်လေးကို ဟန်ဆောင်အချစ်နဲ့ ချစ်မယ်၊ မောင်လေးနဲ့လက်ထပ်နိုင်အောင် လုပ်မယ်၊ ပြီးတော့ ရွှင် ရှန်းသိုင်းကျမ်းနဲ့ ကျောက်စိမ်းလက်ဝတ်ရတနာတွေကို ယူပြီးပြေးမယ်လို့ ရည်ရွယ်ထားတယ်၊ ဒါပေမယ့် တကယ်တမ်းကျတော့ မောင်လေးကို မမ တကယ်ပဲချစ်သွားမိတယ်၊ နှစ်နှစ်ကာကာ ချစ်သွားမိတယ်၊ ဖြစ်နိုင်ရင် မောင်လေးနဲ့ သေတစ်ပန်သက်တစ်ဆုံး ပေါင်းသင်းလို့ နေထိုင်သွားချင်တဲ့စိတ်သာ မမမှာ ရှိပါတယ်ကွယ်၊ မောင်လေးမယုံရင် မမရဲ့အသက်နဲ့လဲပြီး သက်သေပြဆိုရင် ပြပါ့မယ်"

"ဟုတ်ပါတယ် မမရယ် ယုံပါတယ်၊ ယုံလို့လဲ ငိုကြီးလင်

www.burmeseclassic.com

www.burmeseclassic.com



ချမ်းကျုံး တားနေတဲ့ကြားက အခု မမနောက်ကို မောင်လေး လိုက်ခဲ့တာပဲပေါ့။ မမရဲ့နောက်ကွယ်မှာ ကျွန်တော်မသိသေးတဲ့ မြှုပ်ကွက်တွေရှိနေလိမ့်မယ်ဆိုတာ ကျွန်တော်တွေးမိပါတယ်၊ အဲဒီမြှုပ်ကွက်ကြောင့်လဲ မမဟာ ဒီအလုပ်ကို မလုပ်ချင်ဘဲ လုပ်ရတယ်ဆိုတာကျွန်တော် စဉ်းစားမိတယ်၊ မမနဲ့ကျွန်တော်ဟာ အသက်ပေးချစ်ကြတဲ့ချစ်သူတွေတောင် မကတော့ပါဘူး၊ အကြင်လင်မယားဘဝတောင်ရောက်နေကြပါပြီ၊ ခုလိုအချိန်မှာ ဘယ်ကိစ္စမဆို တစ်ဦးနဲ့တစ်ဦး ပွင့်ပွင့်လင်းလင်းပြောသင့်တယ်လို့ ကျွန်တော် ထင်ပါတယ်၊ တစ်ဦးအခက်အခဲကို တစ်ဦးက အသက်နဲ့လဲပြီးတော့တောင် ဖြေရှင်းပေးရမယ့်အချိန်မျိုးပါ၊ ဒီတော့ ကျွန်တော်မသိသေးတဲ့ မြှုပ်ကွက်တွေဟာ ဘာလဲဆိုတာသာ ပြောပြပါ မမရယ်"

"မမပြောရင် မောင်လေး မယုံမှာစိုးတယ်၊ ပြီးတော့ မုမကို လူဆိုးကြီးရဲ့သမီး သူခိုးမတစ်ယောက်ဆိုပြီး မုန်းသွားမှာလဲစိုးတယ်"

"တစ်ချိန်က ကျွန်တော်ပြောခဲ့ပြီးပါပကော မမရယ်၊ မမဟာ ကျွန်တော်နဲ့မတွေ့ခင်က ဘယ်လိုဘဝမျိုးပဲ ရောက်ခဲ့ ရောက်ခဲ့ ဘယ်လိုအခြေအနေမျိုးပဲ ဖြစ်ခဲ့ဖြစ်ခဲ့ ကျွန်တော် မမုန်းပါဘူးလို့"

"ဒါဖြင့်လဲ မမ ပြောပြပါ့မယ်ကွယ်"

ပိုင်ယီးယီးသည် သူမ၏ဖခင်မှာ သူမကို မမွေးခင်ကတည်းက ဇံကြောင်နက်လူဆိုးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့ပုံမှစ၍ ယခုအခါ ဖုန်းဖေးတို့လက်တွင် ဖခင်ကြီးအဖမ်းခံနေရ၍ ဖုန်းဖေးအကျပ်ကိုင်စေခိုင်းချက်အရ ဤကဲ့သို့ပြုလုပ်ရကြောင်းကို စုံစုံစေ့စေ့ သေသေချာချာ ပြောပြလိုက်သည်။



ချန်ဂူးဝမ်း စိတ်မကောင်းဖြစ်သွားသည်။

"ဖြစ်မှဖြစ်ရလေ မမရယ်၊ အခုလို အဖြစ်မှန်ကို သိရတဲ့အတွက် မမကို ကျွန်တော်ပိုပြီး လေးစားရတယ်၊ သနားလဲ သိပ်သနားတယ်၊ ဖုန်းဖေးဆိုတဲ့လူကြီးက သိပ်ပြီးယုတ်မာပါလား မမ၊ သိပ်ပြီးရက်စက်ပါလား"

"ယုတ်မာရက်စက်လို့လဲ သူတို့လက်ထဲမှာ ဖေဖေ့ကို မထားရက်တာပေါ့ကွယ်"

"ကျွန်တော်မေးမယ် မမ၊ ရှင်ရှန်းသိုင်းကျမ်းနဲ့ ကျောက်စိမ်းလက်ဝတ်ရတနာတွေကို မမယူသွားရင် ဖုန်းဖေးတို့က မမရဲ့ဖေဖေ့ကို တကယ်ပဲ လွှတ်ပေးမှာလား"

"ဦးကြီးဖုန်းဖေးဟာ ပြောရင်ပြောသလိုတော့ ကတိတည်တယ် မောင်လေး၊ သူလိုချင်တဲ့ပစ္စည်းတွေသာ ပါသွားရင်တော့ ဖေဖေ့ကို လွှတ်ပေးလိမ့်မယ်လို့ မမထင်တယ်'

ချန်ဂူးဝမ်းက သူ့လက်ထဲမှ အိတ်နီကလေးကို ပိုင်ယီးယီးလက်ထဲသို့ထည့်ပေးသည်။

"ရော့မမ… အိတ်ထဲမှာ ရှင်ရှန်းသိုင်းကျမ်းနဲ့ကျောက်စိမ်းလက်ဝတ်ရတနာတွေပါတယ်၊ မမ ယူသွားပါ၊ မမရဲ့ဖေဖေကို ခေါ်လာပါ၊ ပြီးတော့ မမရဲ့ဖေဖေ့ကို ကျွန်တော်တို့နဲ့အတူ ငွေဗျိုင်းဖြူစံအိမ်မှာ ခေါ်ထားမယ်"

"နေပါစေတော့မောင်လေးရယ်၊ ဒီပစ္စည်းတွေဟာ မောင်လေးတို့မျိုးနွယ်အစဉ်အဆက် ကိုင်ဆောင်သုံးစွဲလာတဲ့ပစ္စည်းတွေပါ၊ မမ မယူချင်တော့ပါဘူး၊ ဖေဖေ့ကို မမနည်း မမဟန်နဲ့ပဲဖုန်းဖေးတို့

www.burmeseclassic.com



လက်ထဲက ကယ်တော့မယ်”

“မဟုတ်တာ မမရယ်၊ မမကော မမဖေဖေပါ အန္တရာယ်များပါတယ်၊ ဒီပစ္စည်းတွေသာ ယူသွားပါ၊ ကဲ... ဒါဖြင့် ကျွန်တော်လဲ လိုက်ခဲ့မယ်၊ မမနဲ့အတူ ဖုန်းဖေးတို့ဆီ သွားကြမယ်၊ မမရဲ့ဖေဖေကို ခေါ်လာမယ်”

“မောင်လေးရယ်”

သူမအပေါ် ချစ်လွန်းသော ကောင်းရှာလွန်းသော စေတနာ ထားလွန်းသော ချန်ဂူးဝမ်း၏စကားများကြောင့် ပိုင်ယီးယီး ဝမ်းသာ ခြင်းလည်း ဖြစ်ရသည်။

စိတ်မကောင်းခြင်း၊ ယူကျုံးမရခြင်းလည်း ဖြစ်ရသည်။

သူမသည် ချန်ဂူးဝမ်းကို တင်းတင်းကျစ်ကျစ် ပွေ့ဖက်ထား လိုက်မိသည်။

ချန်းဂူးဝမ်းကလည်း သူမကိုပြန်၍ တင်းတင်းကျစ်ကျစ် ပွေ့ဖက်လိုက်သည်။

ထိုစဉ် သူတို့ထံသို့ပြေးလာသောခြေသံကို နှစ်ယောက်စ လုံး ကြားလိုက်ရသည်။

ချန်ဂူးဝမ်းနှင့် ပိုင်ယီးယီးတို့သည် လူချင်းခွာလိုက်ပြီးနောက် ခြေသံထွက်ပေါ်လာရာကို ကြည့်လိုက်ကြသည်။

တစ်ကိုယ်လုံး သွေးများ စွန်းနေသော အသက်သုံးဆယ် ရွယ်ခန့် လူတစ်ယောက် သူတို့ထံ ဒယီးဒယိုင်နှင့် ပြေးလာသည်ကို တွေ့ရသည်။

ပြင်းထန်စွာ ဒဏ်ရာရလာသောလူတစ်ယောက်ဖြစ်



ကြောင်း မြင်ရုံနှင့်သိနိုင်လေသည်။

ထိုသူကိုမြင်သောအခါ ပိုင်ယီးယီး အံ့သြတကြီး ရေရွတ် လိုက်သည်။

“ဟင်... အစ်ကို ကုံးလီ”

ဒဏ်ရာပြင်းပြင်းရလာသော ကုံးလီသည် ပိုင်ယီးယီးနှင့် ပေ နှစ်ဆယ်ခန့်အကွာတွင် ဖုန်းခနဲ လဲကျသွားသည်။

ကုံးလီထံသို့ ပိုင်ယီးယီး ပြေးသွားသဖြင့် ချန်ဂူးဝမ်းလည်း ပြေးလိုက်သွားသည်။

ပြေးသာလိုက်သွားရသော်လည်း ကုံးလီသည် ကြောင်နက် အဖွဲ့ဝင်တစ်ယောက်ဖြစ်ကြောင်း ချန်ဂူးဝမ်းမသိချေ။

ပိုင်ယီးယီးကော ချန်ဂူးဝမ်းပါ ကုံးလီအနီးတွင် ဒူးထောက် ထိုင်လိုက်ကြသည်။

“ပိုင်... ပိုင်ယီးယီး”

ကုံးလီက အားတင်း၍ ခေါ်သည်။

“ဘယ်လိုဖြစ်တာလဲ အစ်ကိုကုံးလီ”

“ဖုန်း... ဖုန်းဖေးတို့က နင်... နင်မရှိတဲ့နောက်... နောက် ပိုင်းမှာလဲ ဆ... ဆရာကြီးပိုင်ကျန်းကို နှိပ်... နှိပ်စက်နေကြတုန်းပဲ၊ ခု... ခုတော့ ဆရာကြီးပိုင်ကျန်း သေသွားပြီ”

“ဘာ... ဖေဖေ သေပြီဟုတ်လား”

ပိုင်ယီးယီး တုန်လှုပ်ချောက်ချားသွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်ဂူးဝမ်းကလည်း အခြေအနေကို သုံးသပ်ရိပ်စားမိလေပြီ။

ပိုင်ယီးယီး၏စကားများ မှန်ကန်နေကြောင်းလည်း သိသွားသည်။

ပိုင်ယီးယီးအတွက် ချန်ဂူးဝမ်း လွန်စွာ စိတ်မကောင်းဖြစ်ရသည်။

ပိုင်ယီးယီး ချုံးပွဲချ၍ ငိုကြွေးသည်။

ကုံးလီက စိတ်အားတင်းပြီး ဆက်ပြောသည်။

"ဆ… ဆရာကြီး… ပိုင်ကျန်းသေဆုံးရတဲ့အတွက်… ဖုန်း… ဖုန်းဖေးနဲ့ငါ… ငါနဲ့… စ… စကားများ… များရတယ်၊ နင့်… နင့်ကို သွားပြော… ပြောမယ်ဆိုလို့ ငါ့… ငါ့ကို ဝိုင်း… ဝိုင်းတိုက်ကြ"

ကုံးလီ ဇက်ကျိုးကျသွားသည်။ အသက်ရှူရပ်သွားသည်။

ဖခင်ကြီးပိုင်ကျန်းအတွက် ပူဆွေးသောကစိတ်ဖြင့် ရှိုက်ကြီးတငင် ငိုကြွေးနေသောပိုင်ယီးယီးသည် နောက်ထပ် ကုံးလီပြောသော စကားများကိုလည်း မကြားတော့ပါချေ။

ကုံးလီသေဆုံးသွားကြောင်းလည်း မသိပါချေ။

ချန်ဂူးဝမ်းက ပိုင်ယီးယီးကို အသာအယာပွေ့လိုက်သည်။



ပိုင်ယီးယီးက ချန်ဂူးဝမ်း ရင်ခွင်ထဲ မှေးဝင်လိုက်ပြီး ငိုသည်။

"ဖေဖေ သေသွားပြီတဲ့ မောင်လေးရယ်၊ ဖေဖေ သေပြီပဲ"

"မမအတွက် ကျွန်တော်အများကြီး စိတ်မကောင်းဖြစ်ရပါတယ် မမရယ်၊ ကျွန်တော် ဘာလုပ်ပေးရမလဲဟင် မမ… ဘာလုပ်ပေးရမလဲ"

"မင်း လုပ်ပေးရမှာကတော့ မင်းဆီမှာရှိတဲ့ ရွှင်ရှန်းသိုင်းကျမ်းနဲ့ ကျောက်စိမ်းလက်ဝတ်ရတနာတွေကို တို့ကိုပေးဖို့ပဲ ချန်ဂူးဝမ်း"

သူတို့နှင့်မလှမ်းမဝေးမှ စကားထွက်ပေါ်လာသဖြင့် နှစ်ယောက်စလုံး အသံလာရာကို ကြည့်လိုက်မိကြသည်။

လူသုံးယောက် ရပ်နေကြသည်ကို တွေ့ကြရသည်။

တစ်ဦးမှာ ဖုန်းဖေးဖြစ်ပြီး ကျန်နှစ်ဦးမှာ ကြောင်နက်အဖွဲ့ဝင်များ ဖြစ်ကြလေသည်။

ပိုင်ယီးယီးနှင့် ချန်ဂူးဝမ်းတို့နှစ်ယောက်စလုံး တစ်ပြိုင်တည်း ထရပ်လိုက်ကြ၏။

ပိုင်ယီးယီးမျက်နှာ တမုဟုတ်ချင်း တင်းမာ ခက်ထန်သွားသည်။

ဖုန်းဖေးကို စူးစူးရဲရဲကြည့်ပြီး ဒေါသတကြီးဖြင့် လည်းပြောသည်။

"ဖုန်းဖေး… ရှင့်ကို ကျွန်မက ကတိတည်တဲ့လူစားလို့ ထင်ခဲ့တယ်၊ ဒါပေမယ့် ရှင်ဟာ အလကားလူ၊ သိပ်ပြီး ရက်စက်ယုတ်မာတဲ့လူ"

www.burmeseclassic.com



ဖုန်းဖေးသည် သူ့လူနှစ်ယောက်နှင့်အတူ ရေ့ကို တဖြည်းဖြည်း လျှောက်လာသည်။

"ကုံးလီက မသေခင်ကလေးမှာတောင် နင့်အဖေအကြောင်း ပြောသွားနိုင်သေးတာကိုး၊ အေးလေ... ခုမှတော့ နင်သိသိမသိသိ မထူးတော့ပါဘူး၊ နင်တို့ဆီက ရွှင်ရှန်းသိုင်းကျမ်းနဲ့ကျောက်စိမ်းရတနာတွေကို ငါ့လက်ထဲ အေးအေးဆေးဆေးအပ်ပါ"

"လူယုတ်မာ"

ပိုင်ယီးယီးက ဒေါသတကြီးဖြင့်အော်၍ သူမ၏ခါးမှ ဓားရှည်ကို ဆွဲထုတ်လေတော့သည်။

ဖုန်းဖေးတို့ သုံးယောက်ကလည်း လူချင်းခွဲလိုက်ပြီး ပိုင်ယီးယီးကိုပြန်၍ ဝိုင်းတိုက်သည်။

"ဝှစ်... ဝှစ်"

"ချွမ်း... ချွမ်း... ထန်း"

"ဟိတ်...."

ဖုန်းဖေးတို့သုံးယောက်စလုံး ဓားမြှောင်ရှည်ကြီးများကို လက်နှစ်ဖက်စီတွင်ကိုင်ကာ ပိုင်ယီးယီးကို ပြန်တိုက်ကြခြင်းဖြစ်၏။

တိတ်ဆိတ်မှုကိုဖောက်ခွင်းလျက် အော်ဟစ်တိုက်ခိုက်သံတွေ ညံစီသွားလေသည်။

ချန်ပူးဝမ်းမှာ ပထမ ဘာလုပ်လို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေသေးသည်။

ပိုင်ယီးယီးအတွက်လည်း စိုးရိမ်နေမိသည်။

စိုးရိမ်စိတ်ကြောင့်လည်း နောက်တော့ သူသည် ဘာမှစဉ်



စားမနေနိုင်တော့ဘဲ သေဆုံးနေသော ကုံးလီ၏ကိုယ်မှ ဓားရှည်ကို ဆွဲထုတ်ကိုင်လိုက်သည်။

"ထန်း... ထန်း"

"ချွမ်း... ချွမ်း... ချွမ်း"

ပိုင်ယီးယီးသည် သူမ၏ဓားရှည်ဖြင့် ဖုန်းဖေး၏နောက်လိုက် လူနှစ်ယောက်လက်မှ ဓားမြှောင်ရှည်များကို ရိုက်ဖယ်ထုတ်လိုက်နိုင်သည်။

လူနှစ်ယောက်၏လက်မှ ဓားမြှောင်ရှည်များ ခပ်ဝေးဝေးဆီသို့ လွင့်စင်သွားသည်။

ထိုလူနှစ်ယောက်စလုံး မျက်စိမျက်နှာပျက်ဖြင့် နောက်ကို ခုန်ဆုတ်လိုက်ကြသည်။

ပိုင်ယီးယီးက ထိုလူနှစ်ယောက် နောက်ကိုလိုက်ပြီး တိုက်ခိုက်မည်အပြုတွင် သူမထံသို့ ဖုန်းဖေး ခုန်ဝင်လာပြီး တရကြမ်းတိုက်ခိုက်သည်။

ထို့ကြောင့် ပိုင်ယီးယီးသည် လက်နက်မဲ့နေသော လူနှစ်ယောက်နောက်ကို မလိုက်တော့ဘဲ ဖုန်းဖေးကိုသာ တရကြမ်းပြန်၍ ဖိတိုက်သည်။

ထိုစဉ် လက်နက်မဲ့နေသော လူနှစ်ယောက်ထံသို့ ဓားကိုဝှေ့ယမ်းလျက် ချန်ပူးဝမ်းခုန်ဝင်လာပြီး တရကြမ်းတိုက်ခိုက်သည်။

ချန်ပူးဝမ်း၏လှုပ်ရှားမှုက လွန်စွာသွက်လက်နေသည်။

လက်နက်မဲ့နေသောလူနှစ်ယောက်က ကတိုက်ကရိုက်

www.burmeseclassic.com

www.burmeseclassic.com



တိမ်းရှောင်သည်။

ချန်ဂူးဝမ်း၏တိုက်ခိုက်မှုတွင် သိုင်းကွက်များ ပါနေသည်။

အရမ်းမဲ့တိုက်ခိုက်နေခြင်းမျိုး မဟုတ်ချေ။ ဤသည်ကို ချန်ဂူးဝမ်း ကိုယ်တိုင် မသိချေ။

ယခု ချန်ဂူးဝမ်း၏သိုင်းကွက်များမှာ သူ့ဖခင်ကြီး မသေဆုံးခင်က သင်ကြားပေးထားခဲ့သော သိုင်းကွက်များပင်ဖြစ်သည်။

သူသည် ရှစ်နှစ်လုံးလုံး လင်ချမ်းကျုံး၏ဖိနှိပ်မှုကြောင့် သူ သင်ကြားခဲ့ရသော သိုင်းပညာများကို မလေ့ကျင့်ခဲ့ရချေ။

ထို့ကြောင့် ယင်းသိုင်းကွက်များကို မေ့ပျောက်သွားပြီး သူ့ကိုယ်သူ သိုင်းပညာမတတ်ကျွမ်းတော့ဟု အထင်ရောက်သွားသည်။

ထိုသို့အထင်ရောက်ရခြင်းမှာလည်း လင်ချမ်းကျုံး ပုံသွင်းသည့်အတိုင်း လူတွေကိုကြောက်သော လူကြောက်ကလေးဖြစ်သွားသောကြောင့်ပင် ဖြစ်၏။

ယခု ချစ်ရသော ပိုင်ယီးယီးအတွက် စိုးရိမ်စိတ်ကြောင့် သူသည် ဘာမှစဉ်းစားမနေတော့ဘဲ တရကြမ်း ဝင်တိုက်သည်။

သူ့တွင် ကြောက်ရွံ့ထိတ်လန့်စိတ်ဟူ၍ လုံးလုံးမရှိတော့ချေ။

တကယ်တမ်း လှုပ်ရှားတိုက်ခိုက်လိုက်သောအခါ သူမေ့ပြီဟုထင်ထားသော သိုင်းကွက်များ ပြန်ပေါ်လာရခြင်းဖြစ်လေသည်။

ဖုန်းဖေးနှင့်တိုက်ခိုက်နေသော ပိုင်ယီးယီးသည် လက်နက်မဲ့ လူနှစ်ယောက်အား ချန်ဂူးဝမ်း ဝင်တိုက်သည်ကိုတွေ့သည်။

BURMESE CLASSIC



ပထမတော့ သူသည် ချန်ဂူးဝမ်းအတွက် အလွန်အမင်း စိုးရိမ်သွားသည်။

သို့သော် ချန်ဂူးဝမ်း၏လှုပ်ရှားတိုက်ခိုက်မှုက သိုင်းကွက်များဖြစ်နေသောကြောင့် အနည်းငယ် စိတ်သက်သာသွားသည်။

လက်နက်မဲ့နေပြီဖြစ်သော လူနှစ်ယောက်မှာလည်း အဆင့်မြင့်သိုင်းသမားများ ဖြစ်ကြသည်။

သူတို့သည် ပိုင်ယီးယီးကို ယှဉ်ပြိုင် မတိုက်ခိုက်ရဲကြသော်လည်း ချန်ဂူးဝမ်းကိုတော့ အလွယ်တကူ ပြန်တိုက်နိုင်ကြသည်။

ချန်ဂူးဝမ်းက လူတစ်ယောက်၏ရင်ဘတ်ကို ဓားဖြင့် လှမ်းအထိုး ထိုသူက လွတ်သည်ဆိုရုံမျှ တိမ်းရှောင်ပေးပြီး ဓားရှည်ကို ညာလက်ဖြင့် ရိုက်ချလိုက်သည်။

တစ်ပြိုင်တည်းပင် ချန်ဂူးဝမ်း၏ရင်ဘတ်ကို သူ့ဘယ်ဘက်လက်ဝါးဖြင့် ရိုက်လိုက်ပြန်သည်။

"ဗုန်း....."

"အွန့်....."

လက်ဝါးရိုက်ချက်က ချန်ဂူးဝမ်းကိုထိသွားပြီး ချန်ဂူးဝမ်း နောက်ကို ခြေသုံးလေးလှမ်း ယိုင်သွားသည်။

ထိန်းထားသဖြင့် လဲကျသွားခြင်းတော့ မရှိချေ။

သူသည် ခံရခက်လောက်အောင် နာကျင်သွားသော်လည်း လက်နက်မဲ့လူနှစ်ယောက်ထံ ပြန်ခုန်ဝင်ပြီး လက်နှစ်ဖက်ကို ဝှေ့ယမ်း၍ တိုက်ခိုက်ပြန်သည်။

သို့သော် သူ၏လက်နှစ်ချက်လောက်သာ ဝှေ့ယမ်းရသေး

www.burmeseclassic.com

www.burmeseclassic.com



သည် တစ်ဘက်လူ၏လက်ဝါးရိုက်ချက် သူ့ကျောကို ရိုက်မိသွားပြန်သည်။

"ဖြန်း...."

"အ...."

ချန်ငူးဝမ်း ရှေ့ကိုမှောက်လျက် လဲကျသွားသည်။

လူနှစ်ယောက်က ချန်ငူးဝမ်း ဘေးတစ်ဘက်တစ်ချက်ကို ခုန်၍ လိုက်လာကြပြီး ချန်ငူးဝမ်းကို အသေရိုက်ရန် လက်ကိုမြှောက်လိုက်ကြသည်။

ဤအဖြစ်အပျက်ကို လှမ်းမြင်လိုက်ရသော ပိုင်ယီးယီးသည် ဖုန်းဖေးနှင့်တိုက်ခိုက်နေရာမှ ခုန်ထွက်လိုက်ပြီး ချန်ငူးဝမ်းအနီး လွှားခနဲ ရောက်လာသည်။

သူမလက်ထဲမှ ဓားကိုလည်း နှစ်ချက်ဆင့်၍ ဝှေ့ယမ်းလိုက်သည်။

"ဝှစ်... ဝှစ်"

"အား... အီး"

လက်မြှောက်ထားကြသော လူနှစ်ယောက်စလုံး ပိုင်ယီးယီး၏ဓားချက်မိသွားကြပြီး လဲကျသွားသည်။

ချန်ငူးဝမ်းက ဒယီးဒယိုင်နှင့်ထရပ်သည်။

ထိုအချိန်တွင် ဖုန်းဖေးသည် ပိုင်ယီးယီးနှင့် တစ်ယောက်ချင်း ယှဉ်ပြိုက်တိုက်ခိုက်ပါက သူသာ အရေးနိမ့်တော့မည်ဖြစ်ကြောင်း သိနေပြီဖြစ်၏။

ပိုင်ယီးယီးနှင့်နှစ်ယောက်ချင်း ယှဉ်ပြိုင်စဉ်က ပိုင်ယီးယီး၏



သိုင်းပညာမှာ သူ့ထက်သာကြောင်း သေချာစွာ သိသွားပြီဖြစ်၏။

ထို့ကြောင့် သူ့ထံမှ ပိုင်ယီးယီး ခုန်ထွက်သွားပြီး သူ့လူနှစ်ယောက်ကို တိုက်ခိုက်လိုက်ကတည်းက ပိုင်ယီးယီးကို သူတစ်ယောက်တည်း တိုက်ခိုက်ဖို့ လုံးဝစိတ်မကူးရဲတော့ချေ။

သူသည် တွေဝေစွာ စဉ်းစားမနေတော့ဘဲ တစ်ရှိန်ထိုး ထွက်ပြေးသွားလေတော့၏။

ပိုင်ယီးယီးသည် ထွက်ပြေးသွားသော ဖုန်းဖေးနောက်သို့ လိုက်မလိုက်လုပ်ပြီးမှ အတွင်းဒဏ်ရာရသွားသော ချန်ငူးဝမ်းကိုတစ်ယောက်တည်း ထားခဲ့ရမှာ ခက်နေသဖြင့် မလိုက်တော့ချေ။

သူမသည် ဒယီးဒယိုင်ဖြင့် ထရပ်နေသော ချန်ငူးဝမ်းကို တွဲ လိုက်သည်။

"မောင်လေး တော်တော် နာနေလား"

"အရင်တစ်ခါတုန်းကလောက် မထိပါဘူး မမ၊ မစိုးရိမ်ပါနဲ့၊ ဟိုအိတ်နီလေးကိုကောက်ပြီး မမ သိမ်းထားပါဦး"

မလှမ်းမကမ်းတွင်ကျနေသော အိတ်နီလေးကို ချန်ဝမ်းက ညွှန်ပြပြီး ပြောလိုက်သည်။

ပိုင်ယီးယီးကလည်း အိတ်နီကလေးကို ကောက်ယူသည်။

အိတ်နီကလေးထဲတွင် ရွှင်ရှန်းသိုင်းကျမ်းနှင့် ကျောက်စိမ်းလက်ဝတ်ရတနာများ ရှိနေသည်။

ပိုင်ယီးယီးသည် အိတ်နီလေးကို သူမခါးတွင် သေချာစွာ စည်းနှောင်၍ ချိတ်ဆွဲထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ချန်ဂူးဝမ်းကို ပြန်တွဲသည်။

"ကျွန်တော်နဲ့ပဲ ငွေဖျိုင်းဖြူစံအိမ်ကို ပြန်လိုက်ခဲ့ပါတော့ မမ ရယ်"

ဖခင်ကြီး သေဆုံးသွားပြီဖြစ်၍ သူမသည် ချန်ဂူးဝမ်းနှင့်အတူ ငွေဖျိုင်းဖြူစံအိမ်ကို ပြန်လိုက်ရုံမှလွဲပြီး အခြားလမ်းမရှိတော့ချေ။

ထိုစဉ် ကျောက်တုံးကြီးတစ်တုံး နောက်ကွယ်မှ လူလေးဦး ခုန်ထွက်လာကြသည်။

တစ်ခဏနှင့် ချန်ဂူးဝမ်းတို့အနီး ရောက်လာသည်။

ထိုလူလေးယောက်မှာ လင်ချမ်းကျုံး၊ အုပ်ချုပ်ရေးမှူးကြီး ထုံဟူလူး၊ လင်ချမ်းကျုံး၏လူယုံတော် တပည့်နှစ်ယောက်ဖြစ်သည့် မြောင်ယိလန်းနှင့် ချောင်းဝါးတို့ဖြစ်ကြလေသည်။

"ဟင်... ဦးကြီး လင်ချမ်းကျုံး"

လင်ချမ်းကျုံးကိုမြင်တော့ ချန်ဂူးဝမ်းနှင့် ပိုင်ယီးယီးတို့ထိတ်ခနဲ ဖြစ်သွားကြသည်။

လင်ချမ်းကျုံး၏ မျက်နှာလည်း ခက်ထန်တင်းမာနေပေသည်။

သူသည် ချန်ဂူးဝမ်း၏မျက်နှာကို တင်းမာခက်ထန် စွာကြည့်ရင်း ပြောသည်။

"ချန်ဂူးဝမ်း မင်းက ဒီသူခိုးကို ဘာဖြစ်လို့ လာခေါ်ရတာလဲ"

ပိုင်ယီးယီး၏ အဖြစ်မှန်ကို သိပြီးဖြစ်သော ချန်ဂူးဝမ်းသည် လင်ချမ်းကျုံးက ပိုင်ယီးယီးကို ဤသို့နင့်နင့်သီးသီး ပြောလိုက်သောအခါ ခံပြင်းသွား၏။

"ဒီလိုမပြောပါနဲ့ ဦးကြီး၊ မမပိုင်ဟာ သူခိုးမဟုတ်ပါဘူး၊ သူ ယူတဲ့ပစ္စည်းဟာလဲ ဘယ်သူမှမပိုင်ပါဘူး၊ သူ့ခင်ပွန်းဖြစ်တဲ့ ကျွန်တော်သာ ပိုင်တဲ့ပစ္စည်းကို ယူတာပါ၊ ဘယ်သူကျေနပ် မကျေနပ် ကျွန်တော် ကျေနပ်ရင် ပြီးတာပါပဲ"

"တော်စမ်း... ဒီလိုလေသံမျိုးနဲ့ မင်းက ငါ့ကို ဘယ်တုန်းက ပြန်ပြောဖူးလို့လဲ"

"အရင်က မပြောပေမယ့် အခုတော့ နည်းလမ်းမမှန်ရင် ပြောရမှာပဲ ဦးကြီး၊ မမပိုင်နဲ့ပတ်သက်လာရင် ပိုပြီးတော့ ပြောရလိမ့်မယ်၊ ခုချိန်မှာ မမပိုင်ဟာ သိပ်ပြီး အားငယ်နေတာ၊ မမပိုင်ရဲ့ အဖေ...."

"တော်... ငါ အကုန်သိတယ်၊ ဟိုကောင်တွေ ရောက်မလာခင်ကတည်းက ဒီကို တို့ရောက်နေတာ"

ပိုင်ယီးယီး၏ဓားချက်ဖြင့် သေဆုံးနေသော ဖုန်းဖေး၏လူနှစ်ယောက်ကို လက်ညှိုးထိုးပြပြီး လင်ချမ်းကျုံးက ပြောလိုက်သည်။

ချန်ဂူးဝမ်းကော ပိုင်ယီးယီးပါ လင်ချမ်းကျုံးကိုသာ အာရုံစိုက်နေကြသည်။

ထိုစဉ် အုပ်ချုပ်ရေးမှူးကြီး ထုံဟူလူး၊ မြောင်ယိလန်းနှင့် ချောင်းဝါးတို့သည် ပိုင်ယီးယီး၏နောက်ဘက်မှ တစ်ပြိုင်တည်းလှုပ်ရှားလိုက်သည်။

ထုံဟူလူးက ပိုင်ယီးယီး၏ ပခုံးနောက်ဘက်မှ သွေးကြော

www.burmeseclassic.com



ကို လက်ညှိုးနှင့်ထိုး၍ ဝိတ်လိုက်သည်။

မြောင်ယိလန်းနှင့်ချောင်းဝါးတို့က ပိုင်ယီးယီး၏ဝဲယာသို့ ရောက်လာပြီး ချုပ်ကိုင်လိုက်ကြသည်။

"ဟင်... ဒါ ခင်ဗျားတို့ ဘာလုပ်တာလဲ၊ အခု လွှတ်လိုက်"

ချန်ဂူးဝမ်း ဒေါသတကြီးနှင့် အော်ဟစ်ပြောရင်း ရှေ့ကို တိုးမည်ပြုသည်။

လင်ချမ်းကျူးက ချန်ဂူးဝမ်း၏မျက်နှာကို လက်ဝါးဖြင့် ရိုက်လိုက်သည်။

"ဖြန်း....."

"အား....."

ချန်ဂူးဝမ်း နောက်ကိုဖင်ထိုင်လျက် လဲကျသွားသည်။

လင်ချမ်းကျူးသည် ဖုန်းဖေးတို့လူစုလက်ထဲမှ လွှတ်ကျထားသော ဓားမြှောင်ရှည်တစ်လက်ကို ကောက်ယူလိုက်ပြီး ချန်ဂူးဝမ်း ပြန်မထနိုင်ခင် ရှေ့တွင် ဝိတ်ရပ်လိုက်သည်။

သွေးကြောဝိတ်ခံထားရသည့်အပြင် ချုပ်ကိုင်ခံထားရသော ပိုင်ယီးယီးသည် ချန်ဂူးဝမ်းအတွက် စိုးရိမ်သွားသည်။

သူမသည် ခန္ဓာကိုယ်တွင်း သွေးကြောလည်ပတ်စေခြင်းဖြင့် သွေးကြောဖွင့်နိုင်သည့်ပညာကို မိုးကြိုးသိုင်းသမားကြီး လီခုံးချိထံမှ သင်ကြားတတ်မြောက်ထားခဲ့သည်။

ဝိတ်ထားသော သွေးကြောပွင့်မှသာ ချုပ်ကိုင်မှုအောက်မှ ရုန်းထွက်နိုင်မည်ဖြစ်သဖြင့် သူမသည် သွေးများကို လည်ပတ်စေပြီး အဝိတ်ခံထားရသော သွေးကြောပွင့်ရန် ကြိုးစားနေသည်။



လင်ချမ်းကျူးက ဓားမြှောင်ကို သူ့ရင်ဘတ်တွင် ချိန်ထားသဖြင့် ချန်ဂူးဝမ်းမှာ မလှုပ်ရဲချေ။

"ချန်ဂူးဝမ်း... မင်းက ပိုင်ယီးယီးနဲ့တွေ့မှ သတ္တိတွေ သိပ်ရှိလာတယ်၊ စောစောက ဟိုကောင်တွေကို ဝင်တိုက်တာလဲ ငါ တွေ့တယ်၊ ခုလဲ ငါ့ကို ပမာမခန့် ပြောလာပြီ၊ နောက်ဆို ငါ့ကိုပါ **တော်လှန်တော့မယ်၊** ဒီတော့ မင်းကို"

လင်ချမ်းကျူးသည် ပြောရင်းမှ သူ့လက်ထဲမှ ဓားမြှောင်ရှည်ဖြင့် ချန်ဂူးဝမ်း၏ရင်ဘတ်ကို ထိုးစိုက်ချလိုက်သည်။

"အား....."

ချန်ဂူးဝမ်းရင်ဘတ်တွင် သွေးများ ပန်းထွက်လာပြီး **နောက်**ကို ခြေနှစ်လှမ်းမျှ ယိုင်သွားသည်။

"မောင်လေး... မောင်လေး"

ပိုင်ယီးယီးက စိုးရိမ်စိတ်ဖြင့် အော်လိုက်သည်။ သွေးကြောမပွင့်သေးသဖြင့် သူမခန္ဓာကိုယ်က မလှုပ်ရှားနိုင်ချေ။

ချန်ဂူးဝမ်းသည် ရင်ဘတ်မှ ဒဏ်ရာကိုလက်ဖြင့်ဖိ၍ **ဒယိမ်း**ဒယိုင် ဖြစ်နေသည်။

သူ့အပေါ် ရက်ရက်စက်စက်ပြုသော လင်ချမ်း**ကျူးကို အံ့သြ**ခြင်း၊ နားမလည်ခြင်းစသော အကြည့်များဖြင့် ကြည့်နေသည်။

"ငါ့ကို အာခံမယ့် မင်းလို လူမျိုးကို အသေသတ်မယ်"

လင်ချမ်းကျူးက သွေးစွန်းသော ဓားရှည်ကိုကိုင်၍ **ချန်ဂူး**ဝမ်းထံ တိုးကပ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်ဂူးဝမ်း ထိတ်ထိတ်လန့်လန့်နှင့် လက်ကိုကာပြီး....

"မ... မလုပ်ပါနဲ့ ဦးကြီး"

လင်ချမ်းကျိုးက ဓားမြှောင်ရှည်ဖြင့် ချန်ဂူးဝမ်း၏ရင်ဘတ်ကို ဒုတိယအချက် ထိုးစိုက်ချလိုက်ပြန်သည်။

"မောင်လေး....."

ပိုင်ယီးယီး၏ ရူးရူးရားရားအော်သံက ပေါ်ထွက်လာပြန်လေသည်။

**တစေ့ဉ်(၂)ပြီးပြီ။**

**တစေ့ဉ်(၃)ကို ဆက်လက်ဖတ်ရှုပါရန်၊**

တက္ကသိုလ် နေလင်းအောင်

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

# မိုင်းဖြူသခင်မာယာရှင်

(စာစဉ်-၃)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၃၇၇၀၄၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၄၂၂၀၄၀၇

၂၀၀၇ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

## တရားခံ

မားဒက်ရာနှစ်ချက်ရထားသော ချန်ဂူးဝမ်းသည် နောက်ဘက်ကို ယိုင်သွားပြန်သည်။

မားမြောင်ရှည်ကိုင်ထားသော လင်ချမ်းကျုံက ရှေ့ကိုတိုးပြီး လိုက်သည်။

"ငါ့ကို အာခံဦးကွ... အာခံဦး"

သူ့လက်မှ မားမြောင်ရှည်နှင့် ချန်ဂူးဝမ်း ခန္ဓာကိုယ်ကို ဆက်တိုက် ထိုးစိုက်လိုက်ပြန်သည်။

"မောင်လေး... မောင်လေး"

မြောင်ယီလန်းနှင့် ချောင်းဝါးတို့လက်တွင် ချုပ်ကိုင်ခြင်းခံထားရသော ပိုင်ယီးယီးသည် ကြေကွဲဆို့နင့်လာသောကြောင့် အသံ

www.burmeseclassic.com

www.burmeseclassic.com



ပင် ကျယ်ကျယ် မထွက်နိုင်တော့ချေ။

သူမချစ်ရသော ချန်ဂူးဝမ်းတစ်ယောက် သူမ၏မျက်စိရှေ့တွင် ဤကဲ့သို့ပြုမူခြင်း ခံနေရသော်လည်း မကယ်တင်နိုင်သဖြင့် မချိတင်ကဲ ဖြစ်နေမိသည်။

ချန်ဂူးဝမ်းသည် နောက်ဆုံးတစ်ချက် ဓားဖြင့် အထိုးခံလိုက်ရပြီးနောက် ပြာဝေသောမျက်လုံးအစုံဖြင့် ပိုင်ယီးယီးထံသို့ လှမ်းကြည့်သည်။

"မမ... မ... မ... ပိုင်...."

နှုတ်မှရေရွတ်ရင်း မြေပေါ်သို့ ဝုန်းခနဲ လဲကျသွားလေတော့သည်။

ပိုင်ယီးယီးသည် ချန်ဂူးဝမ်းအတွက် ယူကျုံးမရဖြစ်ရသလို ရက်စက်ယုတ်မာသော လင်ချမ်းကျုံးအပေါ် လွန်စွာ နာကျည်းသွားသည်။ ခံပြင်းဒေါသလည်း ဖြစ်သွားသည်။

ချန်ဂူးဝမ်းကား သွေးအိုင်ထဲတွင် ငြိမ်သက်နေလေပြီ။

"ဟား... ဟား... ဟား... ဟား"

လင်ချမ်းကျုံးက သွေးစွန်းနေသော ဓားမြှောင်ရှည်ကို မြှောက်ရင်း အားပါးတရ ရယ်မောလိုက်သည်။

သူမဘက်သို့ လင်ချမ်းကျုံး လှည့်လာတော့မည် ဖြစ်ကြောင်း ပိုင်ယီးယီး သိသည်။

သူမသည် ပူဆွေးဝမ်းနည်းစိတ်ကို ခဏဖျောက်လိုက်ပြီး အပိတ်ခံထားရသော သွေးကြောပြန်ပွင့်လာစေရန် အတွင်းအားဖြင့် ဖွင့်နေသည်။



ထိုအချိန်တွင် လင်ချမ်းကျုံးသည် သူမဆီသို့ တဖြည်းဖြည်း လျှောက်လာသည်။

"ငါ့ကို အာခံချင်တဲ့ နင့်လင်တော့ သေပြီ၊ နင့်လင် ချန်ဂူးဝမ်းဟာ နင့်ကြောင့် လူကြောက်ဘဝကနေ သိပ်ပြီးသတ္တိရှိလာတယ်၊ နင့်ကိုလဲ သတ်ရမယ်"

ပိုင်ယီးယီးမှာ သွေးကြောပြန်ပွင့်တော့မည် ဖြစ်၏။

လင်ချမ်းကျုံး မရိပ်စားမိစေရန် သူမက လှမ်း၍ စကားဆိုသည်။

"ရှင် သိပ်ပြီး ရက်စက်ယုတ်မာတဲ့ လူကြီးပါလား၊ ရှင့်ကို ဘယ်လိုမှ မခုခံနိုင်တဲ့ မောင်လေး ချန်ဂူးဝမ်းကို ရှင်... ရှင် ရက်ရက်စက်စက် သတ်တယ်"

"နင်နဲ့ပတ်သက်လာရင် ဒီကောင်ဟာ ဘာမဆိုလုပ်ရဲတဲ့ သတ္တိရှိလာပြီ ပိုင်ယီးယီး၊ နောက်ဆို ငါ့ကိုလဲ အာခံတော့မယ်၊ ငါ့ရဲ့ အသက်စည်းစိမ်ကိုတောင် ရန်ရှာတော့မယ်၊ ဒါကြောင့် ဒီကောင့်ကို ငါ သတ်လိုက်တာ"

"ကျွန်မကိုကော ဘာဖြစ်လို့ သတ်ချင်ရတာလဲ"

"နင်ဟာ ဒီကောင်ရဲ့မယားပဲ၊ နင် အသက်ရှင်နေသရွေ့ ဒီကောင်ရမယ့် အမွေတွေကို နင်ရအောင် ကြိုးစားတော့မယ်၊ နင်

www.burmeseclassic.com

www.burmeseclassic.com



သေသွားရင်တော့ မကြိုးစားနိုင်တော့ဘူးပေါ့။ ဟား... ဟား... ဟား"

ထိုစဉ် ပိုင်ယီးယီးအပိတ်ခံထားရသော သွေးကြောမှာ ပြန်ပွင့်သွားပြီဖြစ်၏။

သူမသည် မလှုပ်ရှားသေးဘဲ ဆက်၍သာ ငြိမ်နေသည်။

လင်ချမ်းကျိုးသည် စကားရပ်၍ပြောနေရာမှ သူမထံသို့ ဆက်လျှောက်လာသည်။

သူမနှင့် ဆယ့်ငါးပေခန့်အကွာသို့ အရောက်တွင် ပိုင်ယီးယီး ရုတ်တရက် လှုပ်ရှားလိုက်၏။

ကိုယ်ကို ချာခနဲလှည့်ပြီး မြောင်ယိလန်းနှင့် ချောင်းဝါးတို့ လက်မှ ရုန်းထွက်လိုက်ခြင်း ဖြစ်လေသည်။

ပိုင်ယီးယီး ဤသို့ပြုမူလိမ့်မည်ဟု မည်သူမှ ထင်မှတ်မထားချေ။

လင်ချမ်းကျိုးကိုယ်တိုင် သူမ၏အကြောကို ပိတ်ထားခဲ့သည်မဟုတ်ပါလား။

ထို့ကြောင့်လည်း မြောင်ယိလန်းနှင့်ချောင်းဝါးတို့သည် သူမကို လိုလိုမယ်မယ်သဘောဖြင့် ခပ်ပေါ့ပေါ့ ချုပ်ကိုင်ထားကြခြင်းဖြစ်၏။

ယင်းသို့ခပ်ပေါ့ပေါ့ချုပ်ကိုင်ထားသဖြင့်လည်း ပိုင်ယီးယီးသည် သူတို့လက်မှ အလွယ်တကူ ရုန်းထွက်နိုင်ခြင်းဖြစ်လေ၏။

ပိုင်ယီးယီးသည် ရုန်းထွက်ရင်းမှ ချောင်းဝါးကိုလည်း တိုက်



ခိုက်သွားသည်။

သူမ၏ညာဘက်မှာ ချောင်းဝါး၏ကျောမှ ဓားရှည်ကို ဆွဲထုတ်ယူသည်။

ဘယ်လက်ဝါးဖြင့် ချောင်းဝါး၏ကျောကို ရိုက်လိုက်သည်။

ချောင်းဝါး နာကျင်စွာ အော်ဟစ်လိုက်ပြီး ရှေ့ကိုမှောက်လျက် လဲကျသွားသည်။

မြောင်ယိလန်းကမူ ကြောက်လန့်တကြားနှင့်နောက်ကို ခုန်ဆုတ်လိုက်သည်။

ပိုင်ယီးယီး၏အပြုအမူကြောင့် ပထမတွင် လင်ချမ်းကျိုးသည် အံ့သြတကြီးဖြစ်သွားပြီး ခြေလှမ်းတုံ့ခနဲ ရပ်သွားသည်။

သို့သော် ချက်ချင်းပင် ဓားမြောင်ကိုဝှေ့ယမ်း၍ ပိုင်ယီးယီးထံ ခုန်ဝင်သည်။

"ဟိတ်...."

"ချွမ်း... ချွမ်း"

လင်ချမ်းကျိုးလက်ထဲမှ ဓားမြောင်ရှည်နှင့် ပိုင်ယီးယီးလက်ထဲမှ ဓားရှည်ပြင်းထန်စွာထိသွားပြီး မီးပွင့်ကလေးများ ဖွာခနဲ ထွက်လာသည်။

လင်ချမ်းကျိုး လက်ထဲမှ ဓားကိုပြန်မရုပ်ခင် ဘယ်ဘက်ဝါးဖြင့် ပိုင်ယီးယီး၏ရင်ဘတ်ကို လှမ်းရိုက်သည်။

ပိုင်ယီးယီးနောက်ကို ဆုတ်မရှောင်ဘဲ သူမ၏ဘယ်လက်

www.burmeseclassic.com

www.burmeseclassic.com



ဝါးနှင့်ပင် လင်ချမ်းကျူးရိုက်ချက်ကို ဆီးခံသည်။

"ဖြန်း....."

လက်ဝါးချင်း ပြင်းထန်စွာ ရိုက်မိသွားပြီး နှစ်ယောက်စလုံး နောက်ကို ခြေသုံးလှမ်းစီ ဆုတ်သွားမိကြသည်။

နှစ်ဦးစလုံး ဘယ်ဘက်များလည်း ထုံကျဉ်းသွားကြသည်။

နှစ်ယောက်စလုံး မျက်စိ မျက်နှာပျက်သွားကြသော်လည်း ပိုင်ယီးယီးထက် လင်ချမ်းကျူးက ပို၍ မျက်နှာပျက်သွားသည်။

ပိုင်ယီးယီးမှာ အသက်နှစ်ဆယ်အရွယ်ခန့်သာ ရှိသေးသော်လည်း သူမ၏အတွင်းအားမှာ မိမိနှင့်တန်းတူရှိကြောင်း လင်ချမ်းကျူး သိသွားသောကြောင့် ဖြစ်လေ၏။

တစ်ဦးချင်းသာ တိုက်ခိုက်ပါက သူ့အနေနှင့် ပိုင်ယီးယီးကို တိုက်ဖို့ မလွယ်ကြောင်းလည်း တွက်ဆမိသွားသည်။

လင်ချမ်းကျူးထက် သိုင်းပညာများစွာ အဆင့်နိမ့်သောအုပ်ချုပ်ရေးမှူးကြီး ထုံဟူလူးနှင့်မြောင်ယိလန်းတို့လည်း ပိုင်ယီးယီး၏အရည်အချင်းကို သိမြင်ကြရပြီဖြစ်သဖြင့် အနားကို မကပ်ရဲကြချေ။

ထိုစဉ် မြို့ဘက်ဆီမှ သူတို့ဆီသို့ လူလေးယောက် အပြေးအလွှား ရောက်လာကြ၏။

၎င်းလေးယောက်မှာ ချုံကင်းမြို့စားကြီး(သို့မဟုတ်) စီချွမ်းပြည်နယ်၏ ဒုတိယနယ်စားကြီး ချိုကုဖိန်း၊ နယ်စားကြီး စန့်ဟုမ်းယန်း၏ လူယုံတော်ကြီး ထိလုံး၊ ဟူတန်းဂိုဏ်း၏ဒုဂိုဏ်းချုပ် ကွန့်နှင့်



ခွန်းတုံဂိုဏ်း၏ ဒုဂိုဏ်းချုပ်တို့ဖြစ်ကြလေတော့သည်။

ထိုလူလေးယောက်တို့ကိုမြင်လိုက်သည်နှင့် ပိုင်ယီးယီးသည် ဆက်၍မတိုက်တော့ဘဲ ရပ်လိုက်သည်။

ရောက်လာသူလေးယောက်သည် သေဆုံးနေသော ချန်ဂူးဝမ်းနှင့် ကြောင်နက်အဖွဲ့ဝင်သုံးယောက်တို့၏ အလောင်းများကို ကြည့်ပြီး အံ့သြနေကြသည်။

"ဟင်... ဘယ်လိုတွေ ဖြစ်ကုန်ကြတာလဲ"

"ချန်ဂူးဝမ်းလဲ သေနေပါလား"

"ဟိုကောင်သုံးကောင်ကကော ဘယ်သူတွေလဲ"

ပိုင်ယီးယီးက မည်သို့မှမပြောခင် လင်ချမ်းကျူးက ဦးစွာပြောလိုက်သည်။

သူ့အမူအရာ သူ့မျက်နှာက ကြေကွဲဝမ်းနည်းမှု အသွင်ကို ဆောင်နေသည်။

"စိတ်မချမ်းမြေ့စရာတွေတော့ ဖြစ်ကုန်ပါပြီခင်ဗျာ၊ ဒီကောင်မ မိန်းမယုတ် ပိုင်ယီးယီးရဲ့လက်ချက်နဲ့ ချန်ဂူးဝမ်း သေရှာပါပြီ"

လင်ချမ်းကျူးစကားကြောင့် ပိုင်ယီးယီး ဒေါသဖြစ်သွားသည်။

"ရှင် မဟုတ်တာ မပြောနဲ့"

သူမက ပြောပြောဆိုဆိုပင် လင်ချမ်းကျူးထံခုန်ဝင်ပြီး ဓား

www.burmeseclassic.com

www.burmeseclassic.com



ရှည်ဖြင့် ခုတ်လိုက်သည်။ လင်ချမ်းကျိုးက ဓားမြှောင်ဖြင့် ဆီးခံသည်။

"ထန်း....."

ချက်ချင်းပင် လင်ချမ်းကျိုး နောက်ကိုခုန်ဆုတ်သည်။

ပိုင်ယီးယီး ထပ်တိုက်မည်အပြု ချီကုဖိန်းထံမှ အော်ဟစ်သံပေါ်လာသည်။

"ရပ်လိုက်စမ်း"

လင်ချမ်းကျိုးလည်း စိတ်ကိုထိန်းပြီး ရပ်လိုက်သည်။

ဒုနယ်စားကြီးဖြစ်သော ချီကုဖိန်းလို ပုဂ္ဂိုလ်မျိုး၏အမိန့်ကိုဆန့်ကျင်လျှင် သူမလွန်ရာကျလိမ့်မည်ဖြစ်ကြောင်း သိသည်။

သူမသည် ချန်ဂူးဝမ်း ၏အလောင်းရှိရာသို့ ပြေးသွားပြီး ရှိုက်ကြီးတငင် ငိုကြွေးသည်။

ဒူးထောက်ထိုင်ချလိုက်ပြီး ချန်ဂူးဝမ်း၏အလောင်းကို ပွေ့ဖက်လိုက်သည်။

ပြီးမှ ခံပြင်းနာကျည်းစွာဖြင့် ဒုနယ်စားကြီး ချီကုဖိန်း ကိုပြောသည်။

"ကျွန်မနဲ့မောင်လေး ချန်ဂူးဝမ်းတို့ဟာ သိပ်ပြီးချစ်ကြတဲ့ချစ်သူတွေပါရှင်၊ ဒါကြောင့်လဲ လက်ထပ်ခဲ့ကြတာပါ။ မနေ့ကမှလက်ထပ်ခဲ့တဲ့ ကျွန်မရဲ့ယောကျ်ားကို ကျွန်မသတ်ရက်ပါ့မလား၊ မောင်လေး ချန်ဂူးဝမ်းကိုသတ်တာ လင်ချမ်းကျိုးပါ၊ ဘယ်လိုမှပြန်ပြီး မခုခံနိုင်တဲ့ မောင်လေးကို လင်ချမ်းကျိုးက ရက်ရက်စက်စက် သတ်လိုက်



တာပါရှင်"

လင်ချမ်းကျိုးက ကြားဝင် ဟိန်းဟောက်လိုက်သည်။

"တော်စမ်း ပိုင်ယီးယီး၊ ပရိယာယ်များပြီး အပိုစကားတွေကို ပြောမနေနဲ့၊ ငါ့ရဲ့တူလေး ချန်ဂူးဝမ်းကို နင်ချစ်လို့ လက်ထပ်တာမဟုတ်ဘူး၊ ချန်ဂူးဝမ်းဆီက ရွှင်ရှန်းသိုင်းကျမ်းနဲ့ ကျောက်စိမ်းလက်ဝတ်ရတနာတွေကို လိုချင်လို့ လက်ထပ်တယ်ဆိုတာ လူတိုင်းသိတယ်၊ အေး... ဒါပေမယ့် ငါ့ တူလေး ချန်ဂူးဝမ်းကတော့ နင့်အပေါ်မှာ စွဲစွဲလမ်းလမ်းချစ်ရှာတယ်၊ အခု နှင့်ကို ငါနှင်ထုတ်လိုက်တော့ ချန်ဂူးဝမ်းဟာ ငါ့ဆီက ရွှင်ရှန်းသိုင်းကျမ်းစာအုပ်နဲ့ ကျောက်စိမ်းလက်ဝတ်ရတနာတွေကိုယူပြီး နင့်နောက်ကို လိုက်ပေးတယ်၊ လိုချင်တာရရင် နင်စိတ်ချမ်းသာလိမ့်မယ်လို့ သူတွေးပြီး ဒီပစ္စည်းတွေ နင့်ဆီကို လာပို့တယ်၊ ငါတို့လဲ ချန်ဂူးဝမ်းနောက်ကို လိုက်ခဲ့ကြတာပဲ၊ အမှန်တော့ ချန်ဂူးဝမ်းအတွက် စိုးရိမ်လို့၊ ဒါပေမယ့် ဒီရောက်တော့ တို့ အချိန်နှော ်းသွားပြီ၊ ချန်ဂူးဝမ်းကို နင်ကိုယ်တိုင် ဓားမြှောင်နဲ့အဆက်မပြတ် ထိုးနေတာကိုတွေ့ရတယ်၊ နင့်ဘေးမှာလဲ ဟိုကောင်သုံးကောင်ကို တွေ့ရတယ်"

လင်ချမ်းကျိုးသည် သေဆုံးနေပြီဖြစ်သော ကြောင်နက်အဖွဲ့ဝင်သုံးယောက်၏အလောင်းကို လက်ညှိုးထိုး၍ ပြောလိုက်ခြင်းဖြစ်သည်။

သူ၏လုပ်ကြံပြောဆိုသောစကားများက ပိုင်ယီးယီး၏နား

www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် သံပုရာရည်အလောင်းခံရသကဲ့သို့ အခံရခက်လှသဖြင့် အော်ဟစ်လိုက်မိသည်။

"တော်စမ်း လူယုတ်မာကြီး၊ ရှင် ပြောတာ တစ်ခုမှမဟုတ်ဘူး"

ဒုနယ်စားကြီး ချီကုဖိန်းက လက်ကာပြလိုက်ပြီး....

"နေနဦး မိန်းကလေး... မိန်းကလေးက ဘာမှဝင်မပြောနဲ့ဦး။ ဂိုဏ်းချုပ်ကြီး လင်ချမ်းကျုံး ပြောစရာရှိတာ ပြောပါစေဦး၊ သူပြီးမှ မိန်းကလေးလဲ ပြောလိုရာပြောပေါ့၊ ဒီတော့မှ ဘယ်သူ့ရဲ့စကားမှန်တယ်ဆိုတာ ကျုပ်တို့ဆုံးဖြတ်လို့ရမယ်၊ ကဲ... ဂိုဏ်းချုပ်ကြီး ဆက်သာပြောပါ"

လင်ချမ်းကျုံးက ကြေကွဲဆို့နင့် ခံပြင်းသောအမူအရာမျိုးဖြင့် ဆက်ပြောသည်။

"ချန်ဂူးဝမ်းကို ပိုင်ယီးယီးက ဓားနဲ့ထိုးနေတာတွေ့တော့ ကျွန်တော်တို့လဲ ဘာမှစဉ်းစားမနေနိုင်တော့ဘဲ သူတို့လေးယောက်ကို တရကြမ်းဝင်တိုက်ကြပါတယ်၊ သူတို့လေးယောက်ထဲမှာ ပိုင်ယီးယီးဟာ သိုင်းပညာအတော်ဆုံးပါ၊ ဟိုသုံးယောက်ဟာ ကျွန်တော်တို့လက်ချက်နဲ့ သေသွားကြပေမယ့် ပိုင်ယီးယီးကိုတော့ ခုထိ မိအောင်မဖမ်းနိုင်သေးပါဘူး"

လင်ချမ်းကျုံးက စကားဖြတ်လိုက်ပြီးမှ....

"ကျွန်တော်ဟာ ချန်ဂူးဝမ်းအပေါ် တူလိုသားလို သဘောထားပြီး ခုလို လူလားမြောက်လာအောင် စောင့်ရှောက်လာခဲ့ရတဲ့သူပါ ခင်ဗျာ၊ ဒီကောင်လေး စိတ်ချမ်းသာရေးအတွက် အမြဲပဲ ဦးစားပေးခဲ့ရတဲ့သူပါ။ သူနောက် လေးငါးခြောက်နှစ်ကြာလို့ သူ လိမ္မာရေးခြားရှိလာတဲ့အခါ ငွေမျိုးဖြူဂိုဏ်းချုပ်ကြီးအဖြစ် လွှဲအပ်ပေးဖို့လဲ စဉ်းစားဆုံးဖြတ်ထားခဲ့ပါတယ်၊ ပိုင်ယီးယီးကို သူသိပ်ချစ်တယ်ဆိုတာသိရလို့ သူစိတ်ချမ်းသာပါစေတော့ဆိုပြီး ပိုင်ယီးယီးရဲ့နောက်ကြောင်းကို စုံစမ်းဘဲ ကျွန်တော် ပေးစားခဲ့ပါတယ်၊ ကျွန်တော်သိပ်မှားသွားပါတယ်၊ ခုတော့ ဒီကောင်မရဲ့လက်ချက်နဲ့ ချန်ဂူးဝမ်း သေသွားရပါပြီ၊ ကျွန်တော် ယူကျုံးမရလို့ မဆုံးတော့ပါဘူး၊ ချန်ဂူးဝမ်းကို သေမင်းလက်ထဲအပ်လိုက်သလို ဖြစ်ရပါပြီ၊ တကယ်တော့ ပိုင်ယီးယီးဟာ ကြောင်နက်အဖွဲ့ဝင်တစ်ယောက်ပါ၊ လူဆိုးသူခိုးပါ၊ ဟိုသုံးယောက်ဟာလဲ ကြောင်နက်အဖွဲ့ဝင်တွေပါပဲ"

ဒုနယ်စားကြီး ချီကုဖိန်းက ပိုင်ယီးယီးကို ကြည့်လိုက်ပြီး....

"ကဲ... ဘာပြောဦးမလဲ ပိုင်ယီးယီး"

ပိုင်ယီးယီးက ငိုရှိုက်၍....

"ဒီလူယုတ်မာကြီးရဲ့စကားတွေဟာ လုပ်ကြံစကားတွေပါရှင်၊ ကျွန်မဟာ ကြောင်နက်အဖွဲ့ဝင်မဟုတ်ပါဘူး၊ အမှန်အတိုင်းဝန်ခံ ရရင် ကျွန်မရဲ့ဖေဖေကတော့ ကြောင်နက်အဖွဲ့ဝင်ခေါင်းဆောင်ပိုင်ကျုန်းပါ၊ ဒါပေမယ့် ကျွန်မရဲ့ဖေဖေဟာ နောင်တတရားရနေပါပြီ ကြောင်နက်အဖွဲ့ကိုဖျက်ပြီး ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



ခင်းကြဖို့ အဖွဲ့ဝင်တွေကို ပြောပါတယ်၊ ဒါပေမယ့် အဖွဲ့ဝင်တွေက ဘယ်သူမှလက်မခံကြဘူး၊ ဒါနဲ့ကျွန်မတို့ သားအဖထွက်ပြေးကြမယ့် အလုပ်မှာ သူတို့ဖေဖေ့ကို မိသွားကြပါတယ်၊ အမျိုးမျိုးနှိပ်စက်ညှဉ်းပန်းကြပါတယ်၊ ကျွန်မက ကျွန်မတို့ သားအဖကိုလွှတ်ပေးဖို့ အမျိုးမျိုးတောင်းပန်ပေမယ့် မရပါဘူး"

"ပိုင်ယီးယီး... ခုချိန်ကျမှ နင့်ဘဝအကြောင်းကို ဘာဖြစ်လို့ ပြောနေရတာလဲ၊ ငါတို့သိချင်တာက ချန်ဂူးဝမ်းကို နင်သတ်သလား မသတ်သလား ဆိုတာကိုပဲ သိချင်တယ်"

ဒုနယ်စားကြီး ချီကုဖိန်းက ဝင်ပြောလိုက်ခြင်းဖြစ်၏။

ပိုင်ယီးယီးက ခေါင်းကိုခါယမ်း၍...

"မောင်လေး ချန်ဂူးဝမ်းကို ကျွန်မ မသတ်ပါဘူး၊ မောင်လေးကို ရက်ရက်စက်စက်သတ်တဲ့လူဟာ လူယုတ်မာကြီး လင်ချမ်းကျုံးပါ၊ ဒါကို ပေါ်လွင်အောင် ကျွန်မရဲ့အကြောင်းကိုပါ ပြောပြနေတာပါ"

တစ်ချိန်လုံး ငြိမ်သက်ပြီး အကဲခတ်နေသော နယ်စားကြီး စန့်ဟုမ်းယန်း၏လူယုံတော်ကြီး ထိလုံးက ယခုမှ ချီကုဖိန်းကို ပြောသည်။

"မိန်းကလေး ပြောလိုရာ ပြောပါစေ၊ ဒါမှလဲ ကျုပ်တို့တွေ ဝေဖန်သုံးသပ်လို့ရမှာပေါ့"

ထိလုံးမှာ နယ်စားကြီး စန့်ဟုမ်းယန်း၏လူယုံတော်ကြီးဖြစ်



း စိချွမ်းပြည်နယ်တွင် အတောင်အသင့် ဩဇာရှိသူဖြစ်၏။

ထို့ကြောင့် ချီကုဖိန်းသည် ပြောင်ပြောင်းတင်းတင်း ဆန့်ငြင်ရမှာ ခက်သွားသည်။

သူ့အပေါ် ဟူတန်းဂိုဏ်း၏ ဒုဂိုဏ်းချုပ် ကွန်နှင့်ခွန်တုံဂိုဏ်းဒုဂိုဏ်းချုပ် ချုံတို့ပါ တစ်မျိုးထင်သွားမည်လည်း စိုးရိမ်သည်။

ထို့ကြောင့် ပိုင်ယီးယီးကို ပြောခွင့်ပေးလိုက်ရသည်။

"ကဲ... ပိုင်ယီးယီး၊ ပြောချင်ရာသာ ပြောပါ"

"ဖေဖေ့ကို ဖမ်းထားတဲ့ ကြောင်နက်အဖွဲ့ဝင်တွေက ဖေဖေ့ကို လွှတ်စေချင်ရင် သူတို့ခိုင်းတဲ့ကိစ္စကို အောင်မြင်အောင် လုပ်ပေးရမယ်လို့ ကျွန်မကို ပြောပြပါတယ်"

"သူတို့က နင့်ကို ဘာခိုင်းသလဲ"

"မောင်လေး ချန်ဂူးဝမ်းရဲ့အကြောင်းကို သူတို့တွေ အတွင်းကျကျ သိနေကြပါတယ်၊ မောင်လေး ချန်ဂူးဝမ်းကို ကျွန်မက လက်ထပ်ဖြစ်အောင် ကြိုးစားပြီး ရွှင်ရှန်းသိုင်းကျမ်းနဲ့ကျောက်စိမ်းလက်ပတ်ရတနာတွေကို သူတို့ဆီ ယူလာပေးဖို့ အကျပ်ကိုင်ခိုင်းစေကြတာပဲ"

ကြောင်နက်အဖွဲ့မှ ဖုန်းဖေးနှင့်အဆက်အသွယ်ရှိသော ဒုနယ်စားကြီး ချီကုဖိန်းသည် ဣန္ဒြေမပျက်အောင် မနည်းပင်ထိန်းထားရသည်။

သူကိုယ်တိုင်ပင် ဖုန်းဖေးကို ငွေဖျိုင်းဖြူစုံအိမ်အကြောင်း၊

www.burmeseclassic.com



ချန်ဂူးဝမ်းအကြောင်း၊ ရွှင်ရှန်းသိုင်းကျမ်းနှင့်ကျောက်စိမ်းလက်ဝတ်ရတနာများ အကြောင်းကို ပြောပြခဲ့ သည် မဟုတ်ပါလား။

ဖုန်းဖေးကသာ ရွှင်ရှန်းသိုင်းကျမ်းကိုရအောင် ယူနိုင်ခဲ့လျှင် သူက ဈေးကောင်းပေး၍ ဝယ်ရန်လည်း ညှိနှိုင်းထားကြပြီးဖြစ်၏။

"ပထမတော့ ကျွန်မလဲ သူတို့ရဲ့လိုလားချက်ကို ငြင်းပါသေးတယ်၊ ဒါပေမယ့် နောက်တော့ အသေဆိုးနဲ့သေရတော့မယ့် ဖေဖေ့ရဲ့ အသက်ကို ကယ်ချင်တာနဲ့ သူတို့ရဲ့ကမ်းလှမ်းချက်ကို သဘောတူ လိုက်မိပါတယ်၊ နောက်အစီအစဉ်တွေကို သေချာဆွဲပြီး ကျွန်မနဲ့ မောင်လေး ချန်ဂူးဝမ်းတို့ရင်းနှီးအောင် လုပ်ကြပါတယ်၊ ကျွန်မနဲ့ မောင်လေး ချန်ဂူးဝမ်းတို့ဟာ ရှောင်လင်ကျောင်းတော်ကြီးကို သွားတဲ့ ခရီးစဉ်တလျှောက်လုံး အတူတူသွားခဲ့ကြပါတယ်၊ အဲဒီလို သွားရင်းလာရင်းနဲ့ ကျွန်မဟာ မောင်လေးချန်အပေါ် ဟန်ဆောင်ပြီး ဆက်ဆံလာခဲ့ရာက သူ့ရဲ့သနားစရာကောင်းတဲ့ဘဝကို ကြားသိရပြီး သူ့ကို သနားလာမိပါတယ်၊ နောက် တကယ်ပဲ ချစ်မြတ်နိုးခဲ့မိပါတယ်ရှင်"

"နေပါဦး မိန်းကလေးရဲ့၊ ချန်ဂူးဝမ်းဟာ သူ့အဖေထားခဲ့တဲ့ အမွေတွေကို အသက်နှစ်ဆယ်ပြည့်ရင် ရမယ်၊ သူ့တစ်သက်တာ မဟုတ်ဘူး၊ သူ့ရဲ့သားစဉ်မြေးဆက်တွေတောင် ချမ်းချမ်းသာသာ နေနိုင်မယ်၊ ငွေဗျိုင်းဖြူဂိုဏ်းချုပ်ကြီးရထူးကိုတောင် သူ မလိမ်မာလို့ မရတာ၊ သူလိုလူမျိုးကို မိန်းကလေးက သနားတယ်ဆိုတာ ဖြစ်နိုင်



ပါ့ မလား"

"တကယ်တမ်းဆိုရင် လူအများစုဟာ မောင်လေးချန်ရဲ့ လက်ရှိဘဝမှန်ကို မသိကြလို့ပါ၊ မောင်လေးချန်ရဲ့ဖေဖေ သေဆုံးသွားပြီးကတည်းက ဒီလူယုတ်မာကြီး လင်ချမ်းကျိုးက မောင်လေးချန်အပေါ် အနိုင်ကျင့်ခဲ့တယ်၊ အမြဲတမ်း နှိပ်စက်ခဲ့တယ်၊ မောင်လေးချန်ကို လူရာမဝင်အောင် ကြိုးကိုင်ခဲ့တယ်၊ မောင်လေးချန်ကိုတိုက်တဲ့ အရက်ထဲမှာ စိတ်ကြွဆေးတွေကိုထည့်ပြီး ရှုအုံကြူရဲ့အခန်းထဲကို ပို့ပေးတာလဲ ဒီလူယုတ်မာကြီးပဲ"

"တော်စမ်း ပိုင်ယီးယီး၊ မတော်မတရား ငါ့ကို ဒီလောက်အထိ စောင်ကားလာရင် ငါ သည်းခံတော့မှာ မဟုတ်ဘူးနော်"

လင်ချမ်းကျိုးက ဒေါသတကြီးဖြင့် ဝင်ပြောသည်။

လင်ချမ်းကျိုးနှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ဒုနာယကြီး ချိုကုဖိန်းကပါ ဤအကြောင်းများ ပိုင်ယီးယီးအား ဆက်မပြောစေချင်ပေ။

ယခု သူနှင့်အတူ ရှိနေကြသော လူယုံတော်ကြီး ထိလုံးဟူတန်း ဒုဂိုဏ်းချုပ် ကွန်နှင့်ခွန်တုံဂိုဏ်းချုပ် ချုံတို့သည် ချန်ဂူးဝမ်းအား လင်ချမ်းကျိုးက မတရားသဖြင့် အနိုင်ကျင့်ခဲ့သည့်အဖြစ်မှန်များကို မသိကြချေ။

ချိုကုဖိန်းနှင့်လင်ချမ်းကျိုးတို့ တိတ်တဆိတ် ဖူးပေါင်းပြီး စီချွမ်းပြည်နယ်ကြီး တစ်နယ်လုံးတွင် ထင်သလို မင်းမူနိုင်ရန် ကြံစည်

www.burmeseclassic.com

www.burmeseclassic.com



အားထုတ်နေကြကြောင်းကိုလည်း မသိကြချေ။

အကယ်၍ ပိုင်ယီးယီးကသာ ဆက်ပြောပါက သူတို့အပေါ် ပါလာသူများက သက်ာမကင်းဖြစ်၍ သွားပေလိမ့်မည်။

ထို့ကြောင့် ချိုကုဖိန်းကပါ ပိုင်ယီးယီးကို ဝင်ရောက်ဟန့်တားလိုက်သည်။

"ဂိုဏ်းချုပ်ကြီးလင်ချမ်းကျုံးဟာ ဘယ်လိုလူစားမျိုးလဲဆိုတာ တို့တွေ သိပြီးသားပါ ပိုင်ယီးယီး၊ သူ့အကြောင်းကို နင့်အနေနဲ့ ဘာမှမဟုတ်တန်းတရားတွေ ပြောနေစရာမလိုဘူး၊ ပြောလို့လဲ တို့က ယုံမှာမဟုတ်ဘူး၊ နင့်အကြောင်းကိုပဲ နင် ပြောပါ၊ တို့ သိချင်တာက ချန်ဂူးဝမ်းကို နင်သတ်သလား မသတ်ဘူးလားဆိုတာပဲ"

"ကျွန်မ မသတ်ပါဘူးလို့ ဘယ်နှစ်ခါ ပြောရမှာလဲ"

"ဒီနေရာက အဖြစ်အပျက်ကို ပြောစမ်းပါ"

"မနေ့က မောင်လေးနဲ့ကျွန်မနဲ့ လက်ထပ်တယ်၊ ကျွန်မရဲ့ စိတ်ဆန္ဒက မောင်လေးနဲ့ပဲ တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင်နေသွားချင်တယ်၊ ဒါပေမယ့် လူဆိုးတွေလက်ထဲမှာ အဖမ်းခံနေရတဲ့ ဖေဖေ့ရဲ့ မျက်နှာကို မြင်ယောင်ပြန်တော့ ကျွန်မနေလို့ မဖြစ်ပြန်တော့ဘူး၊ ဒါကြောင့် ဒီမနက် ဝေလီဝေလင်းအချိန်မှာ ရွှင်ရှန်းသိုင်းကျမ်းနဲ့ ကျောက်စိမ်းလက်ဝတ်ရတနာတွေကို တိတ်တဆိတ်ယူပြီး ငွေဖျိုင်းဖြူစံအိမ်က ထွက်ပြေးဖို့ ကျွန်မကြိုးစားတယ်၊ ဒါပေမယ့် ကျွန်မကို ဖမ်းမိသွားကြတယ်၊ အားလုံးအသိပဲ ကျွန်မသိပ်ရှက်သွားတယ်၊ ဖေဖေ့ကို တခြားနည်းလမ်းနဲ့ပဲ ကယ်တော့မယ်လို့ဆုံးဖြတ်ပြီး ကျွန်မ ထွက်လာခဲ့တယ်၊ ဒီနေရာကိုရောက်တော့ မောင်လေး ချန်ဂူးဝမ်း ရောက်လာတယ်၊ ကျွန်မကို ကျောက်စိမ်းလက်ဝတ်ရတနာတွေနဲ့ ရွှင်ရှန်းသိုင်းကျမ်းကိုယူသွားဖို့ ပေးတယ်"



"အဓိပ္ပာယ်မရှိတဲ့စကားတွေကို ဘာဖြစ်လို့ ပြောနေရတာလဲ ပိုင်ယီးယီး"

လင်ချမ်းကျုံးက ဝင်ထောက်လိုက်ပြန်သည်။

သို့သော် ပိုင်ယီးယီးက ဂရုမစိုက်ဘဲ ဆက်ပြောသည်။

"ဒီပစ္စည်းတွေကိုပေးတာလဲ မောင်လေးချန်ဟာ ကျွန်မဘာဝမှန်ကို သိသွားလို့ပါပဲ၊ ကျွန်မရဲ့ဖေဖေကို သူနဲ့အတူတူပဲ သွားခေါ်မယ်လို့လဲ ပြောတယ်၊ အဲဒီအချိန်မှာ အစ်ကိုကုံးလီရောက်လာတယ်၊ ဟို မှာသေနေတဲ့လူဟာ အစ်ကိုကုံးလီပဲ၊ ကြောင်နက်အဖွဲ့ဝင်တစ်ယောက်ပဲ"

ဒဏ်ရာများစွာနှင့် သေဆုံးသွားသောကုံးလီကို လက်ညှိုးညွှန်၍ ပိုင်ယီးယီးက ပြောလိုက်သည်။

ချိုကုဖိန်းတို့လူစုအား သေဆုံးနေသောကုံးလီကို ကြည့်ကြသည်။

"အစ်ကိုကုံးလီဟာ ကျွန်မတို့ဆီကို ဒဏ်ရာတွေနဲ့ရောက်လာတာ၊ ဖုန်းဖေးတို့က စကားမတည်ဘဲ ဖေဖေ့ကိုဆက်ပြီး နှိပ်စက်ကြလို့ ဖေဖေသေပြီဆိုတာ အစ်ကိုကုံးလီက ပြောပြတယ်၊ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



သိပ်ပြီး ဒေါသထွက်သွားတယ်၊ အစ်ကိုကုံးလီလဲ ကျွန်မတို့ကိုပြောပြီး သေသွားတယ်၊ အဲဒီမှာ ဖုန်းဖေးနဲ့ ဟိုလူနှစ်ယောက်ရောက်လာတယ်၊ ကျွန်မလဲ ဒေါသဖြစ်ဖြစ်နဲ့ သူတို့သုံးယောက်ကိုတိုက်တယ်၊ မောင်လေးကလဲ ကျွန်မဘက်က ဝင်တိုက်တယ်၊ ကျွန်မလက်ချက်နဲ့ ဟိုလူနှစ်ယောက်သေသွားတော့ ဖုန်းဖေးလဲ ထွက်ပြေးသွားတယ်၊ အဲဒီအချိန်မှာ လူယုတ်မာကြီးက မောင်လေးကို မသေမချင်း ဓားနဲ့ ထိုးသတ်တယ်၊ မောင်လေးဟာ အခု ကျွန်မနဲ့ပေါင်းမိလို့ မဟုတ်မခံ စိတ်ကလေး ရှိလာပြီး နောက်တစ်ချိန်မှာ မောင်လေးဟာ သူ့ကိုလဲ အာခံတော့မယ်ဆိုတာကို လူယုတ်မာကြီးသိတယ်၊ ဒါကြောင့် မောင်လေးကို သူရက်ရက်စက်စက် သတ်ပစ်လိုက်တာပဲ၊ မောင်လေး သေသွားပြီးတဲ့နောက် ကျွန်မကိုပါ နှုတ်ပိတ်သတ်ပစ်ဖို့ ကြိုးစားတယ်၊ ဒါနဲ့ကျွန်မလဲ ရုန်းထွက်ပြီး သူတို့နဲ့တိုက်နေတုန်း ဦးကြီးတို့ ရောက်လာတာပါပဲ”

လင်ချမ်းကျူးက အံတင်းတင်းကြိတ်၍ ပိုင်ယီးယီးအား ကြည့်လိုက်ပြီး....

“မင်းဟာ သိပ်ပြီး မူရာမာယာများတဲ့ မိန်းကလေးပါလား ပိုင်ယီးယီး၊ လုပ်ကြံဇာတ်လမ်းမျိုးလဲ ပြောတတ်တယ်၊ အေးလေ ဒါကြောင့်လဲ ငါ့ချန်ဂူးဝမ်းဟာ မင်းကို တန်းတန်းစွဲဖြစ်ပြီး အသေဆိုးနဲ့သေသွားရရှာတာပဲ”

ပိုင်ယီးယီးကလည်း ထိုင်နေရာမှ ဆတ်ခနဲထရပ်လိုက်ပြီး



ဟင်းတင်းမာမာ ပြန်ပြောသည်။

“ဒီမှာရှင့် လူယုတ်မာကြီးရဲ့ ဟန်ဆောင်ကောင်းသလောက် ရက်စက်ယုတ်မာတဲ့သူဟာ ရှင်ပဲ၊ ရှင်ဟာ မောင်လေးချန်ကို ရက်ရက်စက်စက် သတ်လိုက်တာ”

ဒုနယ်စားကြီး ချီကုဖိန်းက လက်ကာလိုက်ပြီး....

“နေဦး...၊ နေဦး၊ နင်နဲ့ ဂိုဏ်းချုပ်ကြီးလင်ဇ်တို့ တစ်ဘက်နဲ့ တစ်ဘက် ဒီလိုပြောနေလို့ကတော့ တို့လဲ ဆုံးဖြတ်လို့ရမှာမဟုတ်ဘူး၊ ကိုင်း... အုပ်ချုပ်ရေးမှူးကြီး ထုံဟုံလူးက ချန်ဂူးဝမ်းကို ဘယ်သူသတ်တယ်ဆိုတာသာ အမှန်အတိုင်း ပြောပြစမ်းပါ”

တစ်ချိန်လုံးငြိမ်နေသော အုပ်ချုပ်ရေးမှူးကြီး ထုံဟူလူးသည် ယခုမှ လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

“ကျွန်တော်တို့နဲ့ ဂိုဏ်းချုပ်ကြီး လင်ချမ်းကျူး ဒီကိုရောက်လာတော့ ပိုင်ယီးယီးနဲ့သူ့လူတွေက ချန်ဂူးဝမ်းကို ဓားနဲ့ထိုးသတ်နေတာ တွေ့ရပါတယ်၊ အဲ... ဓားနဲ့ထိုးတာက ပိုင်ယီးယီးပါ၊ သူ့လူတွေကတော့ ဝိုင်းထားပါတယ်”

“ရှင်... မဟုတ်တာမပြောနဲ့နော်”

ပိုင်ယီးယီးက ဒေါသတကြီး ဝင်အော်လိုက်သည်။

ဒုနယ်စားကြီး ချီကုဖိန်းက ပိုင်ယီးယီးကို လက်ကာပြလိုက်ပြီး....

“ပိုင်ယီးယီး... ဘာမှဝင်ပြောပါနဲ့ဦး၊ ကိုင်း... ခြောက်ယိ

www.burmeseclassic.com

www.burmeseclassic.com



လန်းကကော တွေ့ကြုံရတာကို အမှန်အတိုင်း ပြောစမ်းပါဦး"

မြောင်ယိလန်းကလည်း မဆိုင်းမတွ ပြန်ပြောသည်။

"ချန်ဂူးဝမ်းကိုသတ်တာ ပိုင်ယီးယီးပါပဲခင်ဗျား၊ ကျွန်တော်တို့တွေ ဝင်တိုက်လို့ သူ့လူသုံးယောက် သေသွားတာပါ၊ ဒီစကားဟာ အမှန်ပဲဆိုတာ ကျမ်းကျိန်ပြီး ပြောရဲပါတယ်"

ဒုနယ်စားကြီး ချီကုဖိန်းက ချောင်းဝါးကို မေးလိုက်သည်။

"ချောင်းဝါး... မင်း အမြင်ကိုလဲ ပြောစမ်းပါဦး"

ချောင်းဝါးကလည်း စိတ်မချမ်းမြေ့သောလေသံဖြင့် ပြန်ပြောသည်။

"ကျွန်တော်ဟာ ငွေဗျိုင်းဖြူစံအိမ်ကြီးမှာ အမှုထမ်းခဲ့တာ ခြောက်နှစ်ကျော်ကျော် ရှိသွားပါပြီ၊ သခင်ကြီး လင်ချမ်းကျုံးက သခင်လေး ချန်ဂူးဝမ်းအပေါ် တကယ့်တူသားရင်းတစ်ယောက်လို ချစ်တာ ကျွန်တော်တို့ အသိအမြင်ပါ၊ သဘောကောင်းလှတဲ့ သခင်လေးချန်ကို ကျွန်တော်တို့စံအိမ်အမှုထမ်းတွေကလဲ ချစ်ကြပါတယ်၊ ဒီတော့သခင်လေးချန်ကို သခင်ကြီးလင်က သတ်တယ်ဆိုတာ ဘယ်လိုဖြစ်နိုင်ပါ့မလဲခင်ဗျာ၊ ဒီကို ကျွန်တော်တို့ရောက်လာလို့ သခင်လေးချန်ကို ပိုင်ယီးယီးက ဓားမြောင်ရှည်နဲ့အဆက်မပြတ် ထိုးသတ်နေတာ တွေ့ရပါတယ်၊ ဟိုမှာကျနေတဲ့ ဓားမြောင်ရှည်နဲ့သခင်လေးချန်ကို ထိုးသတ်တာပါ"

လင်ချမ်းကျုံးကလည်း ဝင်ပြောသည်။



"ကျွန်တော်သာ ချန်ဂူးဝမ်းကိုသတ်တယ်ဆိုရင် ကျွန်တော်ကိုင်ဆောင်တဲ့လက်နက်နဲ့ပဲ သတ်ရမှာပါ၊ အခု ချန်ဂူးဝမ်းဟာ ဓားမြောင်ရှည်နဲ့သတ်ခံရတယ်ဆိုတာ စစ်ဆေးကြည့်ရင် သိနိုင်ပါတယ်၊ ဓားမြောင်ရှည်ဟာ ကြောင်နက်အဖွဲ့ဝင်တွေသာ ကိုင်တာပါ၊ ဟိုသေနေတဲ့ ကြောင်နက်အဖွဲ့ဝင်သုံးယောက်ကို စစ်ဆေးကြည့်ရင် သူတို့ကိုင်ဆောင်တဲ့လက်နက်ဟာ ဓားမြောင်ရှည်ဆိုတာ တွေ့ရပါလိမ့်မယ်"

ပိုင်ယီးယီးက ခံပြင်းနာကျည်းစိတ်ဖြင့် ဝင်အော်သည်။

"ရှင်တို့ပြောတာ တစ်ခုမှမဟုတ်ဘူး... တစ်ခုမှ မဟုတ်ဘူး၊ လှူယုတ်မာလင်ချမ်းကျုံးရဲ့ နောက်လိုက်တွေကတော့ သူတို့လူကို ကာကွယ်ပြီး ပြောကြမှာပါပဲ၊ ကျွန်မအပေါ် အပြစ်ပုံချကြမှာပါပဲ"

ချီကုဖိန်းက လက်ကာလိုက်ပြီး....

"တော်တော့ ပိုင်ယီးယီး၊ နင် ဘာမှမပြောနဲ့တော့၊ အခင်းဖြစ်ပွားစဉ်က ဒီမှာရှိနေတဲ့ လူတွေအားလုံးရဲ့သက်သေခံချက်ဟာ အမှန်ပဲလို့ယူဆရမယ်၊ ချန်ဂူးဝမ်းကို ရက်ရက်စက်စက်သတ်တာ နင်ပဲဆိုတာ သေချာသွားပြီ၊ ဒီတော့ နင့်ကို ဖမ်းရလိမ့်မယ်၊ အေးအေးဆေးဆေး အဖမ်းခံပါ၊ စီချွမ်းပြည်နယ်ရဲ့ ဒုတိယနယ်စားကြီးအနေနဲ့ နင့်ကို ငါအမိန့်ပေးတယ်"

ပိုင်ယီးယီးသည် ဒုနယ်စားကြီး ချီကုဖိန်းကိုပါ ဒေါသဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမက နောက်ကိုစုန်ဆုတ်လိုက်ပြီး ဒေါသတကြီးဖြင့် အော်ပြောသည်။

"ဘာနယ်စားလဲ၊ ရှင်လဲ အလကားလူပဲ၊ ရှင့်လိုလူမျိုးအမိန့်ကို ကျွန်မ မနာခံနိုင်ဘူး၊ ခုချိန်မှာ ကျွန်မ သေရမှာ မကြောက်ဘူး၊ ကျွန်မချစ်ရတဲ့ ဖေဖေလဲ မရှိတော့ဘူး၊ ကျွန်မသိပ်ပြီးချစ်ရတဲ့ မောင်လေးချန်လဲ အသေဆိုးနဲ့သေသွားရရှာပြီ၊ ကျွန်မ သေရမှာ မကြောက်ဘူး၊ သတ္တိရှိရင် ရှေ့ကိုတိုးခဲ့ကြ"

ပိုင်ယီးယီးက ပြတ်သားစွာ စိန်ခေါ်လိုက်သောအခါ လင်ချမ်းကျုံးနှင့်နယ်စားကြီး ချီကုဖိန်းတို့မှာ ရှေ့တိုးရခက်နေသည်။

ပိုင်ယီးယီးအသွင်က ကျားနာတစ်ကောင်လို ရက်ရက်စက်စက်၊ မိုက်မိုက်ကန်းကန်း တိုက်ခိုက်တော့မည်အသွင်မျိုး ဆောင်နေသည်။

နယ်စားကြီး၏လူယုံတော်ကြီး ထိလုံး၊ ဟူတန်းဂိုဏ်း၏ဒုဂိုဏ်းချုပ် ကွန်နှင့်ခွန်တုံဂိုဏ်း၏ ဒုဂိုဏ်းချုပ် ချုံတို့ကမူ ဝေခွဲရခက်ဟန်ဖြင့် ငြိမ်နေကြသည်။

သူတို့စိတ်ထဲတွင် ချန်ပူးဝမ်းကို သတ်သူမှာ ပိုင်ယီးယီးမှာဟု တစ်ထစ်ချ မဆုံးဖြတ်သေးချေ။

ပိုင်ယီးယီးက ဒေါသဖြင့် ဆက်ပြောသည်။

"ကျွန်မသေရမှာ မကြောက်ပေမယ့် မသေချင်သေးဘူး၊ ရှင်တို့လက်ထဲလဲ အဖမ်းမခံနိုင်ဘူး၊ ရှင်တို့ရဲ့ ရက်စက်ယုတ်မာမှုတွေ



ကို လူသိရှင်ကြားဖြစ်အောင် ကျွန်မထုတ်ဖော်ရဦးမယ်၊ မောင်လေးချန်အတွက် ရှင်တို့ကို ကောင်းကောင်းကြီး လက်စားချေရဦးမယ်"

ပိုင်ယီးယီးသည် လင်ချမ်းကျုံးကို စူးစူးရှရှကြည့်၍....

"ဒီမယ် လူယုတ်မာကြီး... ရှင်လဲ မောင်လေးချန် ခံစားရသလို မောင်လေးချန် သေရသလို ခံစားရမယ်၊ သေရလိမ့်မယ်ဆိုတာ စွဲစွဲမြဲမြဲ မှတ်ထားပါ၊ ခုကတည်းက ခံနိုင်ရည်ရှိအောင် အလေ့အကျင့်လုပ်ထားပါ၊ ရှင့်ကိုလက်စားချေဖို့ မကြာခင် တစ်နေ့မှာ ကျွန်မ ဆက်ဆက်ပြန်လာခဲ့မယ်"

ထို့နောက် ပိုင်ယီးယီးသည် ချာခနဲလှည့်ကာ ကိုယ်ဖော့ပညာသုံး၍ တစ်ရှိန်ထိုး ထွက်ပြေးသွားတော့သည်။

သူမ၏အဆင့်မြင့် ကိုယ်ဖော့ပညာကြောင့် ခဏနှင့်အဝေးကြီးကို ရောက်သွားသည်။

လင်ချမ်းကျုံးတို့တတွေ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

## ဝတ်စုံဖြူလူငယ်

ရက်မှလပြောင်း နှစ်ဟောင်းတွေ အလီလီ ကြွေခဲ့ရပြီး နောက်....။

နှစ်ပေါင်း နှစ်ဆယ်ခန့်အကြာ။

ရာသီဥတုသာယာသော နေ့တစ်နေ့။

စိမ့်ချမ်းပြည်နယ်ရှိ ဖိန်းစန်းတောင်နှင့်လီသုံးဆယ်ခန့်အကွာဝေးသော တောအုပ်ကြီးတစ်အုပ်ထဲတွင်....။

တောအုပ်ကြီးမှာ နေပြောက်မထိုးအောင် အခက်အလက်



အရွက်တို့ဖြင့် ဝေဆာလျက်ရှိနေသည်။

ရောင်မျိုးစုံအောင် ပေါက်ရောက်နေကြသော တောပန်းတောင်ပန်းပင်များမှာလည်း နေရာအနှံ့အပြား ရှိနေကြ၏။

ပန်းရနံ့တို့က လေညှင်းရာ သင်းပျံ့ကြိုင်လှိုင်နေသည်။

လှပသော ငှက်ကလေးများကလည်း တစ်ပင်မှတစ်ပင် ကူးလူးပျော်မြူးနေကြသည်။

ကျေးငှက်တို့၏ မြည်ကျွေးတွန်ကျူးသံမှာ မြိုင်ယံတစ်ခွင် ကြည်နူးသာယာဖွယ်ရာ ထွက်ပေါ်နေသည်။

တောလမ်းအတိုင်း လူငယ်ကလေးတစ်ယောက် ခပ်ဖြည်းဖြည်း လျှောက်လှမ်းလာသည်။

သူ့အသက်မှာ ဆယ့်ကိုးနှစ်ခန့်ရှိပြီး သူ့ကိုယ်ပေါ်တွင် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

သူ့ခါးတွင်မူ ပလွေတစ်ချောင်းကိုချိတ်ထိုးထားသည်။

ပလွေမှာ တောက်ပြောင်ဝင်းလက်နေပြီး သံမဏိဖြင့် ပြုလုပ်ထားသည်။ ပလွေ၏အရှည်မှာ နှစ်ပေခန့်ရှိသည်။

ဤပလွေကို မြင်ရုံဖြင့် ယင်းဝတ်စုံဖြူလူငယ်မှာ ပလွေကို လက်နက်သဖွယ် အသုံးပြုတတ်သည့် သိုင်းသမားတစ်ယောက် ဖြစ်ကြောင်း သိနိုင်လေသည်။

ဝတ်စုံဖြူလူငယ်သည် တောင့်တင်းသန်မာသော ခန္ဓာကိုယ်ရှိပြီး စူးရှတောက်ပြောင်သော မျက်လုံးအစုံကိုလည်း ပိုင်ဆိုင်သူ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

တင်းတင်းစေ့ထားသော သူ့နှုတ်ခမ်းကြောင့် သူသည် မဟုတ်မခံစိတ်မျိုးရှိကြောင်းလည်း အကဲခတ်နိုင်သည်။

သူသည် ငြိမ်းအေးသာယာမှုသာ တောအုပ်ကြီးတွင် ခပ်အေးအေး ခပ်မှန်မှန်ပင် လျှောက်လှမ်းလာသည်။ သဘာဝအလှများကို ခံစားလာသည်။

သူနှင့်မလှမ်းမဝေးတွင် ကျွဲကောက်စီးဆင်းနေသောစမ်းချောင်းကလေး တစ်ချောင်းရှိသည်။

သမင်ဖိုမနှစ်ကောင်မှာယှဉ်တွဲ၍ စမ်းရေကို အေးအေးလူလူ သောက်နေကြသည်။

ဝတ်စုံဖြူလူငယ်၏လှုပ်ရှားမှုက ညင်သာလှသဖြင့် လုံးလုံးအသံမထွက်ချေ။

သူ့ခြေထောက်များက တစ်ခါတစ်ရံ သစ်ကိုင်းခြောက်လေးများပေါ်သို့ နင်းမိသည့်တိုင်အောင် သစ်ကိုင်းခြောက်လေးများမှာ ကျိုးကျေသွားခြင်း မရှိချေ။

သူသည် အသက်အရွယ်နှင့်မလိုက်အောင် အဆင့်မြင့်ကိုယ်ဖော့ပညာကို တတ်ကျွမ်းထားကြောင်း ထင်ရှားသည်။

သူ့စိတ်အာရုံက သဘာဝအလှအပများကို ခံစားလာသော်လည်း သူ့မျက်နှာကမူ ကြည်လင်လန်းဆန်းလာခြင်း မရှိချေ။

စိတ်မချမ်းမြေ့ခြင်း၊ ကြေကွဲဆို့နစ်ခြင်း အသွင်မျိုးကိုဆောင်



နေသည်။

သူ့ ရင်ထဲတွင် ပူဆွေးဝမ်းနည်းခြင်းဝေဒနာ ခံစားနေရကြောင်း သူ့မျက်နှာမှာ ပေါ်လွင်နေသည်။

စမ်းချောင်းကလေးနှင့် ပေငါးဆယ်ခန့် အကွာအဝေးသို့ ရောက်လာသောအခါ သူ့ခြေလှမ်းများက တန့်ခနဲ ရပ်သွားသည်။

မျက်မှောင်လည်း ကြုတ်သွားသည်။

သူ့နားထဲတွင် တစ်ရှိန်ထိုး ပြေးလွှားလာသောခြေသံများကို ကြားလိုက်ရသောကြောင့် ဖြစ်၏။

စမ်းချောင်းကလေးတွင် ရေသောက်နေကြသော သမင်ကလေးနှစ်ကောင်မှာလည်း ခေါင်းထောင်လာကြသည်။

သူတို့သည် ဟိုဒီ တစ်ချက် ကြည့်လိုက်ကြပြီးနောက် ထိတ်လန့်တကြီးဖြင့် ကဆုန်ပေါက် ပြေးထွက်သွားကြသည်။

ဝတ်စုံဖြူလူငယ်ကလည်း အနီးဆုံးမှ သစ်ပင်ကြီးတစ်ပင်နောက်တွင် ရပ်လိုက်ပြီးနောက် ခြေသံများ ထွက်ပေါ်လာရာကို ကြည့်နေသည်။

ခြေသံများက တဖြည်းဖြည်း နီးလာသည်။ ခဏသာ ကြာသည်။

သစ်ပင်ကြီးများ နောက်ဘက်ဆီမှ အဘိုးကြီးတစ်ယောက် ယိုင်တိယိုင်တိုင်ခြေလှမ်းဖြင့် ပြေးထွက်လာသည်။

အဘိုးကြီးမှာ အသက်ခုနစ်ဆယ်နီးပါး အရွယ်ခန့်ရှိပြီး ဆံ

www.burmeseclassic.com

www.burmeseclassic.com



ပင်များ၊ မုတ်ဆိတ်များ ဖွေးဖွေးဖြူနေသည်။

သူ့ကိုယ်ပေါ်တွင် အဝါရောင်ဝတ်ရုံကြီးကို ဝတ်ဆင်ထားပြီး သူ့လက်တစ်ဖက်တွင် ဓားရှည်တစ်လက်ကို ကိုင်ထားသည်။

အဝါရောင်ဝတ်ရုံကြီးပေါ်တွင် အနီကွက်များ စွန်းပေနေလေရာ ဒဏ်ရာရထားကြောင်း သိသာလှသည်။

ဝတ်ရုံဝါအဘိုးကြီး စမ်းချောင်းကလေးအနီးသို့ အရောက်တွင် သူပြေးထွက်လာရာ သစ်ပင်များနောက်မှ မီးခိုးရောင်ဝတ်စုံကိုယ်စီကိုဝတ်ဆင်ထားကြသော လူလေးယောက်ပြေးထွက်လာကြသည်။

သူတို့လက်ထဲတွင် လက်နက်ကိုယ်စီ အသင့်ကိုင်ထားကြသည်။

သူတို့လေးယောက်စလုံး၏ လှုပ်ရှားမှုများက ဖျတ်လတ်သွက်လက်နေသည်။

မီးခိုးရောင်ဝတ်စုံဝတ် လေးယောက်စလုံး ခဏနှင့်အဘိုးကြီးကို မီသွားကြသည်။

ဝတ်ရုံဝါအဘိုးကြီးက ပြန်လည်တိုက်ခိုက်ရန် သိုင်းကွက်ကို နင်းလိုက်သည်။

သို့သော် ရရှိထားသောဒဏ်ရာကြောင့် သူ၏ခန္ဓာကိုယ်မှာ ယိမ်းယိုင်နေသည်။

မီးခိုးရောင်ဝတ်စုံဝတ် လေးယောက်က ဝတ်ရုံဝါ အဘိုးကြီး



ကို မတိုက်ခိုက်ကြသေးဘဲ လေးဘက်လေးတန်မှ ဝိုင်းထားလိုက်ကြသည်။

သစ်ပင်ကွယ်မှ ဝတ်စုံဖြူလူငယ်သည် အခြေအနေမှန်ကို မသိသေးသဖြင့် အသာပင် ငြိမ်၍ ကြည့်နေသည်။

မီးခိုးရောင်ဝတ်စုံဝတ်ထားသူများမှာ အသက်သုံးဆယ်မှ ငါးဆယ်အတွင်း အရွယ်ရှိသူများဖြစ်၏။

အသက်လေးဆယ်ရွယ်ရှိ မီးခိုးရောင်ဝတ်စုံက မခိုးမခန့် ရယ်လိုက်ပြီးမှ ဝတ်ရုံဝါအဘိုးကြီးကို ပြောသည်။

“ဘာဖြစ်လို့ အပင်ပန်းခံပြီး ကျုပ်တို့ကို ခုခံနေဦးမှာလဲ အဘိုးကြီးရယ်၊ သေရမယ့်အတူတူ အပင်ပန်းမခံဘဲ ငြိမ်ငြိမ်အေးအေးလေး အသေခံပါလား၊ ဒါဆိုရင် ကျုပ်တို့က ခင်ဗျားကို ဝေဒနာအကြာကြီး မခံစားရတဲ့နည်းနဲ့ အသေသတ်ပေးပါ့မယ်”

“တော်စမ်း ခွေးကောင်၊ မင်းတို့လို လူဆိုးလူမိုက်တွေ လက်ထဲမှာတော့ အညံ့ခံရင်း မသေဘူးကွ၊ တိုက်ရင်းအသေခံမယ်၊ မင်းတို့ကိုပါ ငါနဲ့အတူတူ သေမင်းပြည်ကို ခေါ်သွားမယ်”

အသက်လေးဆယ်ရွယ်ရှိ ခေါင်းဆောင်ဖြစ်ဟန်တူသော မီးခိုးရောင်ဝတ်စုံနှင့်လူက ရယ်လိုက်ပြီး....

“ဟား... ဟား... ဟား၊ ခုထိတောင် ခင်ဗျားက အစွယ်မကျိုးချင်သေးဘူးကိုး၊ ကျုပ်တို့ ငွေဖျိုင်းဖြူဂိုဏ်းကို ခင်ဗျားက ခုထိ အာခံချင်တုန်းပါလား”

www.burmeseclassic.com

www.burmeseclassic.com



ငွေဖျိုင်းဖြူဂိုဏ်းဆိုသောစကားကြောင့် သစ်ပင်နောက်ကွယ်ရှိ ဝတ်စုံဖြူလူငယ်မှာ စိတ်လှုပ်ရှားသွားသည်။

သူသည် မီးခိုးရောင်ဝတ်စုံဝတ်လေးယောက်နှင့် ဝတ်ရုံဝါအဘိုးကြီးကို ပို၍ စိတ်ဝင်တစား အကဲခတ်ကြည့်မိသည်။

ခေါင်းဆောင်ဖြစ်သူက ဆက်ပြောသည်။

"ခုဆိုရင် စီချွမ်းပြည်နယ်မှာ ကျုပ်တို့ရဲ့ငွေဖျိုင်းဖြူဂိုဏ်းဟာ ဘယ်လောက်အထိ အရေးပါတယ်၊ နယ်စားကြီးကိုယ်တိုင်က ဘယ်လိုမြှောက်စားတယ်ဆိုတာ ခင်ဗျားလဲ သိပါတယ်၊ ဒါတောင် ခင်ဗျားက ကျုပ်တို့ဂိုဏ်းနဲ့မပူးပေါင်းချင်ဘူးဆိုတော့ သေမင်းကို ဖိတ်ခေါ် တာနဲ့အတူတူပဲပေါ့"

"တော်စမ်းကွာ... မင်းတို့ဂိုဏ်းကို အရေးပေးမြှောက်စားတဲ့ နယ်စားဟာလဲ လူဆိုးသူခိုး ကိုယ်ကျိုးရှာသမားပဲ၊ မင်းတို့ငွေဖျိုင်းဖြူဂိုဏ်းဟာ ဒုစရိုက်ဂိုဏ်းကြီးဖြစ်နေပြီ၊ ဒီတော့ နယ်စားအယုတ်တမာနဲ့ မင်းတို့ဂိုဏ်းချုပ်လူယုတ်မာတို့ ပေါင်းမိကြတာပေါ့၊ ဒါဘာဆန်းသလဲ"

"တော်စမ်း အဘိုးကြီး၊ ကျုပ်တို့ဂိုဏ်းချုပ်ကြီးကို မစော်ကားနဲ့"

"စော်ကားတာ မဟုတ်ဘူးကွ၊ အမှန်အတိုင်း ပြောတာ၊ ငါ့မှာ သက်သေအထောက်အထား အချက်အလက်တွေ မရသေးလို့ပေါ့၊ နို့မို့ဆို နယ်စားယုတ် မင်းတို့ဂိုဏ်းချုပ်အယုတ်တမာကောင်ရဲ့



လုပ်ပုံတွေကို ဘုရင်မင်းမြတ် ရွှေနားတော် ပေါက်ကြားအောင် လျှောက်ထားတာ ကြာလှပြီ"

"လူသေဟာ စကားမပြောနိုင်တော့ဘူးတဲ့၊ ခင်ဗျားဟာလဲ ဘယ်တော့မှ စကားပြောနိုင်တော့မှာ မဟုတ်တော့ဘူး၊ ဝိုင်းတိုက်ကြဟေ့"

မီးခိုးရောင်ဝတ်စုံဝတ်လေးယောက်သည် တစ်ပြိုင်တည်း ပင် ဝတ်ရုံဝါအဘိုးကြီးကို ဝိုင်းတိုက်ကြသည်။

ဝတ်ရုံဝါအဘိုးကြီးက ကိုယ်ကိုတစ်ပတ်လှည့်၍ ပြန်လှည့် ခုခံတိုက်ခိုက်သည်။

"ချွမ်း... ထန်း.... ချွင်"

ဝတ်ရုံဝါအဘိုးကြီး၏လက်မှ ဓားရှည်လွတ်ကျလွင့်စင်သွားပြီး သူလည်း မြေပေါ်ဖင်ထိုင်လျက် လဲကျသွားသည်။

မီးခိုးရောင်ဝတ် လေးယောက်က အဘိုးကြီးကို သူတို့၏ လက်နက်များဖြင့် တစ်ပြိုင်တည်း ထိုးခုတ်ကြမည်ပြုသည်။

လွတ်လမ်းမရှိတော့သဖြင့် အဘိုးကြီး မျက်လုံးအစုံကိုသာ မှိတ်ထားလိုက်သည်။

ထိုစဉ် ရူးရှပြတ်သားသော အော်သံတစ်သံ ပေါ်လာပြီး ဝတ်ရုံဝါ အဘိုးကြီးအနီးသို့ လူရိပ်တစ်ရိပ် လှစ်ခနဲ ရောက်လာသည်။

"ချွမ်း... ချွမ်း"

"ထန်း... ထန်း"

www.burmeseclassic.com

www.burmeseclassic.com



သံသံချင်း ထိသံများ တစ်ပြိုင်တည်းလိုလို ပေါ်လာပြီးလျှင် မီးခိုးရောင်ဝတ်လေးယောက်၏လက်ထဲတွင် အသီးသီး ကိုင်ထားသော လက်နက်များလည်း လွင့်ကျသွားကြသည်။

မီးခိုးရောင်ဝတ် လေးယောက်စလုံး နောက်ကို ထိတ်လန့်တကြီး ခုန်ဆုတ်လိုက်ကြသည်။

ဝတ်ရုံဝါအဘိုးကြီးလည်း မျက်လုံးအစုံကို ဖွင့်ကြည့်သည်။

သူ့အနီးတွင်ရပ်နေသော အဖြူရောင်ဝတ်စုံနှင့် လူငယ်ကို မြင်ရသဖြင့် အံ့သြသွားသည်။

မီးခိုးရောင်ဝတ်စုံဝတ် လေးယောက်ကလည်း အဖြူရောင်ဝတ်စုံနှင့်လူငယ်ကို မျက်လုံးအပြူးသား အထိတ်တလန့်ဖြင့် ကြည့်ကြသည်။

ဝတ်စုံဖြူလူငယ်လေး လက်ထဲတွင် သံမဏိပလွေရှည်ကို ကိုင်ထားသည်။

ဝတ်စုံဖြူလူငယ်၏အမူအရာက အေးဆေးလွန်းလှသည်။

မီးခိုးရောင်ဝတ်စုံဝတ်လေးယောက်အနက် ခေါင်းဆောင်ဖြစ်သူက ထိတ်လန့်စိတ်ကိုပယ်ဖျောက်လိုက်ပြီး ဣန္ဒြေဆယ်က ခတ်ထန်မာကျောသောလေသံဖြင့် မေးလိုက်၏။

"မင်း ဘယ်သူလဲ"

ဝတ်စုံဖြူလူငယ်က မထေမဲ့မြင်ပြုံးလိုက်ပြီး....

"ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျားတို့ သိစရာမလိုဘူး၊ ခင်



ဗျားတို့သိထားဖို့က ကျုပ် ဒေါသဖြစ်မလာခင် ဒီနေရာက အမြန်ဆုံး ထွက်သွားကြဖို့ပဲ၊ ကျုပ် ဒေါသဖြစ်လာရင်တော့ ခင်ဗျားတို့တွေ တစ်ယောက်မှ အသက်ရှင်လျက် ပြန်ကြရမှာမဟုတ်ဘူး"

မြေပေါ်တွင် ထိုင်ရက်လဲကျနေသော ဝတ်ရုံဝါအဘိုးကြီးက ပြန်ထမရပ်သေးဘဲ ဝတ်ရုံဖြူလူငယ်၏မျက်နှာကို တအံ့တသြကြည့်နေသည်။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်ခန့်က ဤမျက်နှာရှင်မျိုးကို ရင်းရင်းနှီးနှီး တွေ့ဖူးလေသည်။

ဤဝတ်စုံဖြူလူငယ်၏ မျက်နှာနှင့် တူလွန်းနေသည်။ ထိုအတွေးဖြင့် အံ့သြနေခြင်းဖြစ်လေ၏။

အသက်ငယ်ငယ်ရွယ်ရွယ်သာ ရှိသေးသော ဝတ်စုံဖြူလူငယ်၏စကားကြောင့် မီးခိုးရောင်ဝတ်စုံလေးယောက်စလုံး ဒေါသဖြစ်သွားကြသည်။

ခေါင်းဆောင်ဖြစ်သူက....

"မင်းက အသက်ငယ်ငယ်လေးနဲ့ လေအတော်ကျယ်ပါလားကွ၊ မင်းကိုယ်မင်း သိပ်ပြီး အထင်ကြီးမနေနဲ့၊ တို့အလစ်မှာ မင်း ဝင်တိုက်လို့ လက်နက်တွေလွတ်ကျကုန်ရတာ၊ ပြောင်ပြောင်တင်းတင်းသာတိုက်ရင် မင်းသေတာကြာပြီ၊ ဒီတော့ ကြားကနေ မင်း အချောင်မသေချင်စမ်းပါနဲ့ကွာ၊ ကိုယ့်လမ်းကိုယ် အေးအေးဆေးဆေးသာ သွားစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့သာ မသေချင်ရင် ထွက်သွားကြပါလို့ ကျုပ် ပြောနေတယ်"

"မင်းက ဒီပြည်နယ်သား မဟုတ်ဘူးနဲ့တူတယ်၊ ငွေမျိုးဖြူဂိုဏ်းအကြောင်းကို သဲ့သဲ့လေးမှ မင်း မကြားဖူးဘူးနဲ့တူတယ်"

"ကြားဖူးတာပေါ့၊ သိပ်ပြီး ကြားဖူးတာပေါ့၊ ခင်ဗျားတို့ရဲ့ ငွေမျိုးဖြူဂိုဏ်းချုပ်ဟာ ဘယ်လောက်အထိ ယုတ်ကန်းတယ်ဆိုတာလဲ ခင်ဗျားတို့ထက် ကျုပ်က ပိုပြီးသိတယ်၊ ကဲပါလေ ခင်ဗျားတို့ ထွက်သွားမလား မသွားဘူးလား"

"မင်းသာ ထွက်သွားစမ်းကွာ၊ ထပ်ပြီး စော်ကားလာရင်တော့ မင်းကို ငါတို့သတ်ရလိမ့်မယ်"

"ကောင်းပြီလေ... ဒါဆိုလဲ ခင်ဗျားတို့ရဲ့ လက်နက်တွေကို ပြန်ကောက်ယူကြ၊ ကျုပ်က တရားသဖြင့်ပဲ ယှဉ်ပြိုင်တိုက်ခိုက်ချင်တယ်၊ မတရားသဖြင့် အနိုင်မယူချင်ဘူး"

ခေါင်းဆောင်လုပ်သူက သူ၏ဓားကောက်ကြီးကိုကောက်ယူလိုက်သဖြင့် ကျန်သုံးယောက်ကလည်း သူတို့၏လက်နက်များကို သွက်လက်စွာ ကောက်ယူလိုက်ကြသည်။

"နေပါဦး... မင်းက တို့လေးယောက်စလုံးနဲ့ တစ်ယောက်တည်းနဲ့ တစ်ပြိုင်တည်း တိုက်မှာလား"

"ဟုတ်တယ်... သိုင်းကွက်ဆယ်ကွက်အတွင်းမှာ ခင်ဗျားတို့ကို ကျုပ် အနိုင်ယူမယ်၊ အဲ... ဆယ်ကွက်အတွင်းမှာမှ ခင်ဗျားတို့ကို အနိုင်မတိုက်နိုင်ရင် ကျုပ် အရှုံးပေးမယ်၊ ခင်ဗျားတို့ စိတ်တိုင်းကျစီရင်နိုင်တယ်"



"လေလုံး တယ်ထွားတဲ့ကောင်ပါလား"

"စမ်းကြည့်ပေါ့ဗျာ"

ဝတ်စုံဖြူလူငယ်က ဝတ်ရုံဝါအဘိုးကြီး၏ ဓပ်လှမ်းလှမ်းကို ခုန်ထွက်လိုက်သည်။

မီးခိုးရောင်ဝတ်စုံနှင့် လူလေးယောက်ကလည်း လက်နက်ကိုယ်စီဝှေ့ယမ်း၍ ဝတ်စုံဖြူလူငယ်ထံ ခုန်ဝင်ကာ ဝိုင်းဝန်းတိုက်ခိုက်ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃)

မမျှော်လင့်ဲတွေ့ရသူ

"ယား...."

"ငှစ်... ငှစ်... ငှစ်"

"ထန်း... ထန်း"

"ချမ်း...."

"ဟိတ်...."

အော်ဟစ်မာန်သွင်းတိုက်ခိုက်သံများ တစ်ခဲနက် ပေါ်ထွက်လာသည်။

ဝတ်စုံဖြူလူငယ်က မီးခိုးရောင်ဝတ်စုံလေးယောက်၏တိုက်ကွက်များကို ပွတ်ကာသီကာ ရှောင်တိမ်းရင်း သူ့လက်ထဲမှ သံမဏိလှေကို စကြာဝှေ့လှည့်ပတ်သည်။



မီးခိုးရောင်ဝတ်စုံလေးယောက်၏ လက်နက်များကို ရိုက်ဖယ်လိုက်သည်။

"တစ်... နှစ်"

"ငှစ်... ထန်း"

တိုက်ခိုက်ရင်း ဝတ်စုံဖြူလူငယ်၏နှုတ်မှ သိုင်းကွက်များကို ရေရွတ်လျက် ရှိသည်။

"သုံး...."

"ငှစ်...."

"အား...."

"လေး...."

"ထန်း... ချမ်း"

"ငါး...."

"အွန့်...."

"ခြောက်...."

"အီး...."

သိုင်းကွက်ခြောက်ကွက်သို့အရောက်တွင် ဝတ်စုံဖြူလူငယ်က မီးခိုးရောင်ဝတ်သုံးယောက်၏အကြောများကို ပလွေဖြင့် ထိုးပိတ်ပြီးဖြစ်နေသည်။

သွေးကြောထိုးပိတ်ခြင်းခံရသော မီးခိုးရောင် ဝတ်စုံဝတ်သုံးယောက်မှာ မြေပေါ်သို့ ဝုန်းခနဲ ဝုန်းခနဲ လဲကျသွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းသာ ကျန်တော့သည့် ခေါင်းဆောင်ဖြစ်သူမှာ မျက်လုံးပြူးသွားသည်။

အခြေအနေ မဟန်တော့မှန်း သိသဖြင့် လှည့်ပြေးမည်ပြုသည်။

"ခုနစ်"

"ထန်း... ထန်း"

"ရှစ်"

"အား...."

သိုင်းကွက်ရှစ်ကွက်သို့အရောက်တွင် ဝတ်စုံဖြူလူငယ်က နောက်ဆုံးကျန်နေသော ခေါင်းဆောင်၏သွေးကြောကို ပလွေဖြင့် ပိတ်လိုက်နိုင်သည်။

ခေါင်းဆောင်ဖြစ်သူလည်း လူတခြား လက်နက် တခြားဖြစ်သွားကာ မြေပေါ်ကို ဝုန်းခနဲ လဲကျသွားသည်။

မီးခိုးရောင်ဝတ်စုံနှင့်လူလေးယောက်စလုံး မြေပေါ်တွင် လှုပ်မရ ညည်းတွားလျက် ရှိနေကြသည်။

သူတို့လေးယောက်စလုံး မီးလောင်းကျွမ်းခြင်းခံရသကဲ့သို့ ပူလောင်နာကျင်သောဝေဒနာကို အပြင်းအထန် ခံစားနေကြရသည်။

"အား... ပူလှချည်ရဲ့၊ နာလှချည်ရဲ့"

"ကျုပ်ကို မြန်မြန်သတ်လိုက်ပါ၊ အင်း... အင်း"

"အမယ်လေး... ပူလိုက်တာ ပူလိုက်တာ"



ဝတ်စုံဖြူလူငယ်က မလှုပ်ရှားသေးဘဲ မီးခိုးရောင်ဝတ်လေးယောက်က အကဲခတ်ကြည့်နေသည်။

သူသည် သိုင်းကွက်ရှစ် ကွက်နှင့် အနိုင်တိုက်လိုက်ပြီဖြစ်၏။

ဝတ်ရုံဝါနှင့်လူကြီးသည် မီးခိုးရောင်ဝတ် လေးယောက်ကို ဝတ်စုံဖြူလူငယ်က ထူးထူးဆန်းဆန်း အနိုင်ယူလိုက်ခြင်းအတွက် အလွန်အမင်း အံ့သြနေသည်။

သူသည် ယိုင်တိယိုင်တိုင်ဖြင့် ထရပ်ပြီး မျက်လုံးအပြူးသားဖြင့် ကြည့်နေသည်။

ဝတ်စုံဖြူလူငယ်က လူးလိမ့်အော်ဟစ်နေသော မီးခိုးရောင်ဝတ်စုံ လေးယောက်၏ခန္ဓာကိုယ်များကို သူ့လက်ထဲမှပလွေနှင့် တစ်ချက်စီ သွက်လက်စွာ ထိုးလိုက်ပြန်သည်။

ထိုအခါမှ မြေပေါ်တွင် လူးလွန့်အော်ဟစ်နေသော မီးခိုးရောင်ဝတ်စုံနှင့်လူလေးယောက်မှာ ခံစားနေရသော ဝေဒနာ သက်သာသွားဟန်ဖြင့် ငြိမ်သွားကြသည်။

"ခင်ဗျားတို့အားလုံး ထရပ်ကြစမ်းပါ"

ဝတ်စုံဖြူလူငယ်က ပြတ်သားသောလေသံဖြင့် ပြောလိုက်သည်။

မီးခိုးရောင်ဝတ်စုံနှင့်လူလေးယောက်လည်း သွက်လက်စွာ ထရပ်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့မျက်နှာတွင် တင်းမာသော အမူအရာမျိုး မရှိကြတော့ချေ။

ကြောက်ရွံ့ထိတ်လန့်သောအသွင်များကိုသာ ဆောင်နေကြသည်။

သူတို့ခန္ဓာကိုယ်မှာလည်း တဆတ်ဆတ် တုန်နေကြသည်။

သူတို့သည် ဝတ်စုံဖြူလူငယ်ကို စေ့စေ့ပင် မကြည့်ရဲကြဘဲ ဇခါင်းငိုက်စိုက် ချထားကြ၏။

ဝတ်စုံဖြူလူငယ်က ခပ်အေးအေးပင် ပြောသည်။

"ဒီနေ့ကစပြီး ခင်ဗျားတို့တွေ သိုင်းပညာကိုသုံးလို့ မရကြတော့ဘူး။ ခင်ဗျားတို့ဟာ ဒုက္ခိတဘဝအဆင့်အထိ မရောက်ကြပေမယ့် သွက်သွက်လက်လက် လှုပ်ရှားလို့ရကြမှာ မဟုတ်တော့ဘူး။ ဒါဟာ ပထမဦးဆုံးအနေနဲ့ ခင်ဗျားတို့ကို ကျုပ်က သက်ညှာလိုက်တာပဲ၊ နောက်ကို ခင်ဗျားတို့တွေ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားကြပါ၊ မဟုတ်မမှန်တဲ့အလုပ်မျိုးတွေ မလုပ်ကြပါနဲ့၊ အဲ... မဟုတ်မမှန်တဲ့ အလုပ်မျိုးတွေထပ်ပြီး လုပ်လို့ကတော့ ခင်ဗျားတို့ကို ကျုပ်လာပြီး သတ်မယ်၊ နားလည်လား"

"ဟုတ်... ဟုတ်ကဲ့၊ နားလည်ပါတယ်"

မီးခိုးရောင်ဝတ်စုံနှင့်လေးယောက်စလုံးက ထိတ်လန့်တကြီးဖြင့် ပြိုင်တူ ပြန်ပြောကြသည်။

"ငွေဖျိုင်းဖြူဂိုဏ်းကိုလဲ ခင်ဗျားတို့ပြန်သွားဖို့ မလိုတော့ဘူးနော်"



ခေါင်းဆောင်ဖြစ်သူက...

"ကျွန်တော်တို့ ပြန်လဲ မသွားရဲကြတော့ပါဘူး၊ ဒီအခြေအနေနဲ့ပြန်သွားရင်လဲ ဂိုဏ်းချုပ်ကြီးက ကျွန်တော်တို့ကို သတ်မှာပါ၊ ကျွန်တော်တို့တွေ ဒီပြည်နယ်ထဲမှာတောင် မနေရဲကြတော့ပါဘူး"

"ကောင်းပြီ... ဒါဆို သွားကြပေတော့"

မီးခိုးရောင်ဝတ်စုံနှင့် လူလေးယောက်လည်း ဘာမှပြန်မပြောကြတော့ဘဲ ခေါင်းငိုက်စိုက်ချ၍ ထွက်ခွာသွားကြလေသည်။

ထိုအခါမှ ဝတ်စုံဖြူလူငယ်လည်း ဝတ်ရုံဝါဝတ်ထားသော အဘိုးကြီးထံသို့ လှည့်ကြည့်သည်။

အဘိုးကြီးက ဒဏ်ရာရထားသော သူ့ရင်ဘတ်ကို လက်ဝါးတစ်ဖက်ဖြင့်အုပ်၍ သူ့ကိုကြည့်နေကြောင်း တွေ့ရသည်။

ဝတ်စုံဖြူလူငယ်က အဘိုးကြီးထံ လျှောက်လာသည်။

အဘိုးကြီးကလည်း ဝတ်စုံဖြူလူငယ်ထံ ယိမ်းယိမ်းယိုင်ယိုင်နှင့် လျှောက်လာသည်။

သို့သော် ခြေလှမ်းသုံးလှမ်းခန့်သာ လျှောက်နိုင်ပြီး ခွေခနဲလဲကျသွားသည်။

ဝတ်စုံဖြူလူငယ်သည် အဘိုးကြီးထံရောက်အောင် တစ်ချက်ခုန်လိုက်ပြီး မြေပေါ်ကိုမကျခင် အဘိုးကြီးကို ပွေ့ထူထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံဝါ အဘိုးကြီး၏ဒဏ်ရာမှ သွေးများ ထပ်ထွက်လာသည်။

အဘိုးကြီး၏ဒဏ်ရာမှာ ပြင်းထန်လှကြောင်း ၄ ခေုမှ ဝတ်စုံဖြူလူငယ် အကဲခတ်မိသည်။

အဘိုးကြီးသည် နာကျင်သောဝေဒနာကို ခံစားနေရဟန်ဖြင့် မျက်နှာရှုံ့မဲ့နေသည်။

အသက်ပြင်းပြင်း ရှူနေသည်။ မျက်လုံးအစုံကို မှိတ်၍ နှုတ်မှလည်း ညည်းညူနေသည်။

ဝတ်စုံဖြူလူငယ်က သူ၏ရင်ဖုံးအိတ်ထဲမှ ကြွေပုလင်းလေးတစ်လုံးကို နှိုက်ယူလိုက်သည်။

ပုလင်းထဲမှ အနီရောင်ဆေးလုံးကလေး နှစ်လုံးကိုထုတ်ယူပြီး အဘိုးကြီးပါးစပ်ထဲသို့ ခွံ့လိုက်သည်။

"ဒီဆေးကို သောက်လိုက်ပါ ဘကြီး၊ သက်သာသွားပါလိမ့်မယ်"

ဝတ်ရုံဝါ အဘိုးကြီးကလည်း ဆေးလုံးနှစ်လုံးကို မျို့ချလိုက်သည်။

ခဏနှင့်နာကျင်မှုဝေဒနာ အတော်ကလေး သက်သာသွားကြောင်း သတိထားမိသည်။

အသက်ရှူအနည်းငယ် မှန်လာသည်။

အဘိုးကြီးသည် မျက်လုံးကို အသာအယာ ဖွင့်ကြည့်ပြီး



လိုက်လိုက်လှဲလှဲ စတင် စကားဆိုသည်။

"သိပ်ပြီးကျေးဇူးတင်ပါတယ် လူကလေးရယ်၊ ခုလို ကျုပ်အသက်ကိုကယ်တဲ့အတွက် ကျုပ် တစ်သက်လုံး လူကလေးရဲ့ကျေးဇူးကို မမေ့ပါဘူး"

"ဘကြီး ဘယ်မှာနေတယ်ဆိုတာသာ ပြောပါ၊ ကျွန်တော်လိုက်ပို့ပါ့မယ်"

"ကျုပ်နေတာက စိဂူရွာကလေးမှာပါ၊ ဒီကနေ တစ်ရက်ခရီးအကွာမှာ ရှိပါတယ်၊ ကျုပ်ကိုလိုက်ပို့ရင် လူကလေးအချိန်တွေ အများကြီး ကုန်သွားမှာပေါ့"

"ဘကြီးကို ဒီအတိုင်းထားခဲ့လို့မှ မဖြစ်ဘဲ၊ ဘကြီးဘာသာလဲ သွားနိုင်မှာ မဟုတ်ပါဘူး၊ ကျွန်တော် လိုက်ပို့ပါရစေ"

"ကျုပ်က လူကလေးကို အားနာလို့ပါ၊ ခုလို ကျုပ်ကိုကူညီမယ်ဆိုရင်တော့ အတိုင်းထက်အလွန် ဝမ်းသာရမှာပေါ့။ လူကလေးလို လူမျိုးတစ်ယောက်က ကျုပ်ကိုလိုက်ပို့မယ်ဆိုရင်လဲ ကျုပ်အတွက် အများကြီး လုံခြုံပါတယ်"

"ဘကြီးနဲ့ ငွေဖျိုးဖြူစံအိမ်က ရန်သူတွေလား ဟင်"

"အိမ်း... ခုချိန်မှာတော့ ငွေဖျိုးဖြူဂိုဏ်းဟာ လူကောင်းတွေရဲ့ရန်သူ၊ လူဆိုးတွေရဲ့မိတ်ဆွေ ဖြစ်နေပြီပေါ့ကွယ်၊ လူကလေးအသက်ဘယ်လောက် ရှိသွားပြီလဲ"

"ဆယ့်ကိုးနှစ်ကျော်သွားပါပြီ ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"လူကလေးက ဒီပြည်နယ်သားပဲလား"

"ဟုတ်တယ်ပဲ ဆိုပါတော့ ဘကြီး၊ ဘာဖြစ်လို့လဲ"

"အိမ်း... လူကလေးကို မမွေးခင် အချိန်တုန်းလောက်ကဆိုရင်တော့ ငွေဖျိုင်းဖြူဂိုဏ်းကြီးဟာ အများပြည်သူကို အကျိုးပြုခဲ့တဲ့ဂိုဏ်းကြီးတစ်ဂိုဏ်းပါပဲကွယ်၊ လူကောင်းတွေရဲ့ လေးစားချစ်ခင်မှုကိုခံရတဲ့ ဂိုဏ်းကြီးပါ၊ ပြည်သူတွေ အားထားရတဲ့ဂိုဏ်းကြီးပါ၊ ငွေဖျိုင်းဖြူဂိုဏ်း ဒုစရိုက်ဂိုဏ်းအဖြစ်ပြောင်းသွားတာ အနှစ်နှစ်ဆယ်လောက် ရှိသွားပါပြီ၊ အခုလက်ရှိ ဂိုဏ်းချုပ်ကြီး လင်ချမ်းကျိုး ဦးစီးခေါင်းဆောင်ဖြစ်လာကတည်းက ဆိုပါတော့"

ဝတ်စုံဖြူလူငယ်က စိတ်ဝင်တစား နားထောင်နေရာမှ...

"ဘကြီးကို ငွေဖျိုင်းဖြူဂိုဏ်းက သဲကြီးမဲကြီး ရန်ရှာနေတယ်နဲ့တူတယ်၊ ဟိုလူလေးယောက်ရဲ့စကားအသွားအလာကိုကြည့်ပြီး ကျွန်တော် ခန့်မှန်းကြည့်ရတာပါ"

"မှန်တယ် လူကလေး၊ လင်ချမ်းကျိုးက နုတ်နုတ်စင်းပြီး သတ်ချင်နေတယ်၊ ဒီလိုပါပဲလေ နယ်စားယုတ်ကလဲ ကျုပ်ကို သတ်ချင်နေတာပါ"

ဝတ်စုံဖြူလူငယ်၏ဆေးအစွမ်းက ထက်လှသဖြင့် ဝတ်ရုံဝါလူကြီး၏ဝေဒနာမှာ အတော်ကလေး သက်သာသွားသည်။

သူသည် အားယူ၍ပင် ထရပ်သည်။ ဝတ်စုံဖြူလူငယ်က ဖေးဖေးမမနှင့် တွဲထားသည်။



"ဘကြီးက ငွေဖျိုင်းဖြူဂိုဏ်းနဲ့ ဘယ်လိုပတ်သတ်ခဲ့လို့လဲ"

"ငွေဖျိုင်းဖြူဂိုဏ်းနဲ့ကျုပ်နဲ့ ဘယ်လိုမှတော့ မပတ်သက်ခဲ့ပါဘူးလေ၊ ဒါပေမယ့် ကျုပ်ဟာ ငွေဖျိုင်းဖြူဂိုဏ်းနဲ့အတူ လင်ချမ်းကျိုး ကျဆုံးရေး၊ နယ်စားယုတ် ချိုကုဖိန်း ကျဆုံးရေးကို ကြိုးစားနေခဲ့သူဆိုတော့ သူတို့ကလဲ ကျုပ်ကို ဖျောက်ဖျက်ချင်ကြတာပေါ့"

ဝတ်စုံဖြူလူငယ်သည် ဝတ်ရုံဝါအဘိုးကြီးကိုတွဲ၍ ဘေးမှလိုက်လာသည်။

နှစ်ယောက်သား ဖြည်းဖြည်းချင်း လျှောက်ခဲ့ကြသည်။

"ရှေ့နားမှာ ရွာကလေးတစ်ရွာရှိတယ် လူကလေး၊ အဲဒီရွာမှာ ကျုပ်တို့အတွက် မြင်းလှည်းလဲ ရနိုင်လိမ့်မယ်၊ အဲဒီရွာကိုရောက်တဲ့အထိတော့ ဖြည်းဖြည်းချင်းပဲ လျှောက်သွားကြရမှာပဲ"

"ဘကြီး မလျှောက်နိုင်ရင် ကျွန်တော် ထမ်းခေါ်သွားမယ်လေ"

"ကိစ္စမရှိပါဘူး လူကလေးရယ်၊ ကျုပ် ကြိုးစားပြီးတော့ လျှောက်ပါ့မယ်"

ခဏမျှ စကားပြတ်သွားပြီးမှ ဝတ်စုံဖြူလူငယ်က မေးသည်။

"ဘကြီးရဲ့နာမည်ကို သိခွင့်ရှိရင် သိပါရစေလားခင်ဗျာ"

"ခုချိန်မှာ ကျုပ်နာမည်ကို အတတ်နိုင်ဆုံး ဖုံးကွယ်ထားတယ် လူကလေး၊ ကျုပ်နေတဲ့ရွာမှာတောင် ကျုပ်နာမည်ရင်းကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ မသိကြဘူး၊ အားလုံးဟာ ကျုပ်ကို လူထူးဆန်း သိုင်းသမားကြီးလို့ပဲ သိကြတယ်"

"ခုလို မေးမိတဲ့အတွက် ဘကြီးကို တောင်းပန်ပါတယ်"

"ဒါပေမယ့် လူကလေးကို ကျုပ် ယုံကြည်ပါတယ်၊ လူကလေးဟာ ကျုပ်ရဲ့အသက်သခင် ကျေးဇူးရှင်ဖြစ်တဲ့အပြင် မဟုတ်မခံတဲ့စိတ်မျိုး ရှိလိမ့်မယ်လို့လဲ ကျုပ် အကဲခတ်မိပါတယ်၊ ဒါကြောင့် လူကလေးကိုတော့ ကျုပ်နာမည်ရင်းကို ထုတ်ဖော်ပြောပါ့မယ်၊ တခြားလူတွေ ရှေ့မှာသာ ကျုပ်ရဲ့နာမည်ရင်းကို မခေါ်ရင် ပြီးတာပါပဲ"

"ကောင်းပါပြီ ဘကြီး"

"ကျုပ်နာမည် ထိလုံးပါ လူကလေး"

"ထိလုံး ဟုတ်လား"

ဝတ်စုံဖြူလူငယ်၏နှုတ်မှ အံ့သြတကြီး ရေရွတ်လိုက်ပြီး ခြေလှမ်းများပင် တန့်ခနဲ ရပ်သွားမိသည်။

ဝတ်ရုံဝါအဘိုးကြီး ထိလုံးက ဝတ်စုံဖြူလူငယ်၏မျက်နှာကို အကဲခတ်ကြည့်လိုက်ပြီး....

"လူကလေးကိုကြည့်ရတာ ကျုပ်နာမည်ကို ကြားဖူးနေသလိုပဲ"

"အမှန်အတိုင်း ဝန်ခံရရင် ထိလုံးဆိုတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးကို ကျွန်တော် ရှာနေတာပါ ဘကြီး၊ သူကလဲ ဘကြီးတို့ အသက်အရွယ်လောက်ပဲ ရှိလိမ့်မယ်၊ ဘကြီးဟာ တစ်ချိန်က စီချွမ်းပြည်နယ်ကို



အုပ်ချုပ်သွားတဲ့ နယ်စားကြီး စန့်ဟုမ်းယန်းရဲ့ လူယုံတော်ကြီး ထိလုံးများ ဖြစ်နေမလား"

အဘိုးကြီးထိလုံးက အံ့သြတကြီး ဖြစ်သွားပြီး....

"ဟင်... မင်းက ဘယ်သူလဲ"

"ကျွန်တော့်ကိုတော့ ဘကြီးသိမှာ မဟုတ်သေးပါဘူး၊ ဘကြီးဆီက အဖြေစကား ကြားရရင်တော့ ကျွန်တော်ဟာ ဘယ်သူဘယ်ဝါဆိုတာ သိရပါစေ့မယ်"

"အင်း... လူကလေးကိုတော့ ကျုပ်ယုံပါတယ်၊ မကွယ်ဝှက်ပါဘူး၊ ဟုတ်ပါတယ်၊ ကျုပ်ဟာ တစ်ချိန်က နယ်စားကြီးစန့်ဟုမ်းယန်းရဲ့ လူယုံတော်ကြီး ထိလုံးပါပဲ"

ဝတ်စုံဖြူလူငယ်၏မျက်နှာက တည်ငြိမ်လေးနက်မှုအသွင်ကို ဆောင်ထားသည်။

လူယုံတော်ကြီး ထိလုံး၏မျက်နှာကို အသေအချာ ကြည့်သည်။

လူယုံတော်ကြီး ထိလုံးကလည်း ဝတ်စုံဖြူလူငယ်၏ မျက်နှာကို စူးစူးစိုက်စိုက် အကဲခတ်ကြည့်သည်။

ပြီးမှ....

"လူကလေးကို ကျုပ် ရှင်းရှင်းပဲ မေးချင်တယ်"

"မေးပါ ခင်ဗျာ"

"လူကလေးရဲ့မျက်နှာမျိုးကို လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်

www.burmeseclassic.com

www.burmeseclassic.com



လောက်က ရင်းရင်းနှီးနှီးတွေ့ခဲ့ဖူးတယ်၊ အဲဒီတုန်းက သူလဲ လူက လေးရဲ့အသက်အရွယ်လောက်ပဲ ရှိလိမ့်မယ်၊ လူကလေးရဲ့မျက်နှာနဲ့ တစ်ပုံစံတည်းပါပဲကွယ်၊ အဲ… ကွဲပြားခြားနားတာကတော့ သူ့ကိုယ် လုံးကိုယ်ပေါက်က ခပ်သွယ်သွယ်၊ လူလေးရဲ့ခန္ဓာကိုယ်ကတော့ သန် သန်မာမာ တောင့်တောင့်တင်းတင်း၊ ပြီးတော့ သူက သိုင်းပညာ တတ်ဘူး၊ ရဲစွမ်းသတ္တိလဲ မရှိလှဘူး၊ လူကလေးကတော့ သိုင်းပညာ လဲ ထက်မြက်တယ်၊ မဟုတ်မခံစိတ်လဲ ရှိတယ်၊ ရဲစွမ်းသတ္တိနဲ့လဲ ပြည့်စုံတယ်"

"အဲဒီလူက ဘယ်သူလဲ ဘကြီး"

"သူ့နာမည် ချန်ဂူးဝမ်းတဲ့၊ ဆုံးသွားတာ အနှစ် နှစ်ဆယ် လောက် ရှိသွားရှာပါပြီကွယ်၊ အင်း… ဒီတုန်းက အဖြစ်အပျက်တို့ ခု ထက်ထိ ကျုပ် မြင်ယောင်မိပါသေးတယ်"

ဝတ်စုံဖြူလူငယ်၏မျက်နှာမှာလည်း ကြေကွဲဝမ်းနည်းခြင်း အသွင်ကို ဆောင်လာသည်။

ယူကျုံးမရ ခံပြင်းပြင်း အသွင်မျိုးလည်း ဖြစ်လာသည်။

အဘိုးကြီး ထိလုံးက ဆက်ပြောနေသည်။

"ချန်ဂူးဝမ်းရဲ့ဘဝဟာ တကယ့်ကို သနားစရာကောင်းလှပါ တယ်ကွယ်၊ သူသိပ်ပြီးချစ်တဲ့ ပိုင်ယီးယီးဆိုတဲ့ မိန်းကလေးနဲ့လက် ထပ်ပြီး နောက်တစ်နေ့မှာပဲ သူ သေသွားတယ်၊ ပထမတော့ ကျုပ် ကိုယ်တိုင် ပိုင်ယီးယီးက ချန်ဂူးဝမ်းကို သတ်တာလို့ထင်မိသေးတယ်



နောက်မှ လင်ချုမ်းကျုံးရဲ့ ဇာတ်ကွက်ဆိုတာ သိရတော့တယ်၊ ပိုင်ယီး ယီးရဲ့သတင်းကိုတော့ ဒီနေ့အထိ လုံးလုံး မကြားရတော့ပါဘူးကွယ်"

"ကျွန်တော်ဟာ ချန်မျိုးနွယ်တစ်ယောက်ပါ ဘကြီး"

"ဟင်….."

"ကျွန်တော့်နာမည် ချန်တဲ့ယူပါ"

"ဟော…."

"ကျွန်တော့်ရဲ့ မိဘနှစ်ပါးဟာ ချန်ဂူးဝမ်းနဲ့ပိုင်ယီးယီးတို့ပါပဲ"

"ဒို…."

လူယုံတော်ကြီး ထိလုံးသည် အံ့သြတကြီး ဖြစ်သွားလေ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

## သူ့ရဲကောင်းဒွေးသည်

စိဂ္ဂူရွာကလေးကား လူသူ အရောက်အပေါက်နည်းသော တောင်ပေါ်ရွာလေး တစ်ရွာဖြစ်၏။

စိဂ္ဂူရွာရှိသော တောင်ကြီးမှာ မြင့်မားလှပြီး ယင်းတောင်ကြီး၏ဘေးပတ်ပတ်လည်တွင် အခြားတောင်မြင့် တောင်တန်းများ တောအုပ်ကြီးများသာ ဝိုင်းရံလျက် ရှိနေသည်။

၎င်းရွာနှင့် တစ်ရက်ခရီး အကွာအဝေးတွင်လည်း မည်သည့်မြို့ရွာမှ မရှိချေ။

ထို့ကြောင့် စိဂ္ဂူရွာသူရွာသားများသည် အကြောင်းကိစ္စကြီးငယ်မရှိဘဲ မည်သည့်မြို့ရွာသို့မှ မသွားကြချေ။

အခြားမြို့ရွာများနှင့်လည်း ကူးသန်းရောင်းဝယ်ခြင်း မလုပ်



ကြချေ။

သူတို့ဘာသာ သူတို့မွေးမြူရေး၊ စိုက်ပျိုးရေးများကို လုပ်ကိုင်ကြပြီး အသက်မွေးဝမ်းကျောင်းကြသည်။

ရွာသူရွာသားအချင်းချင်းသာ ကုန်ပစ္စည်းဖလှယ်၍ သုံးစွဲတတ်ကြသည်။

ယင်းကြောင့်လည်း စိဂ္ဂူရွာမှာ သီးသန့်ရွာလေးလို ဖြစ်နေသည်။

အခြားမြို့ရွာကလေးသို့ ဖြတ်သွားဖြတ်လာရန် လမ်းမသင့်သဖြင့်လည်း ခရီးသွားများသည် စိဂ္ဂူရွာကလေးသို့ရောက်မလာတတ်ကြချေ။

သုံးနှစ်ကြာလို့မှ ဧည့်သည်တစ်ယောက် ရောက်ခဲ့သော ရွာပင်ဖြစ်လေ၏။

စိဂ္ဂူရွာကလေးမှာ ရေတံခွန်စိမ့်စမ်းနှင့် သာယာလှပလေသည်။ ငြိမ်းအေးမှုအသွင်ကို ဆောင်သည်။

အိမ်ခြေတစ်ရာနီးပါးခန့် သာရှိပြီး ဝါးတောကြီးများ၊ ကြီးမားသော သစ်ပင်ကြီးများ ဖုံးလွှမ်းလျက် အရိပ်အာဝါသ ကောင်းလေသည်။

ရွာနှင့် တောင်ခြေကိုဆင်းသော လမ်းမှာ ပြေပြစ်သည်။

ရွာသူရွာသားများသည် တောင်ခြေမြေပြန့်မှ စိုက်ခင်းများတွင် စိုက်ပျိုးရေးကို လုပ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာသူရွာသူများအားလုံး စည်းလုံးစွာဖြင့် အလုပ်လုပ်ကြသဖြင့် စားဝတ်နေရေးမှုလုံကြသည်။

သူတို့ရွာတွင် ခိုးခြင်း၊ ဝှက်ခြင်းဟူ၍လည်း မရှိသလောက်ပင်။

ချန်တာ့ယူနှင့် အဘိုးကြီးထိလုံးတို့သည် တောင်တက်လမ်းအတိုင်း ခပ်ဖြည်းဖြည်း တက်လာကြသည်။

လမ်းတွင်ရှိသော လုံခြုံစိတ်ချရသည့် ရွာကလေးများတွင် နားနားနေနေဖြင့် ဆေးဝါးကုသခဲ့သဖြင့်လည်း အဘိုးကြီးထိလုံး၏ ဒဏ်ရာမှာ အတော်ကြီး သက်သာနေပြီဖြစ်၏။

ချန်တာ့ယူမတွဲဘဲ သူ့ဘာသာသူ ခပ်ဖြည်းဖြည်း သွားလာနိုင်သည်။

သူတို့နှစ်ဦးသည် လမ်းခရီးတွင် တစ်ဦး၏အကြောင်းကို တစ်ဦးက ပြောပြလာခဲ့သဖြင့် အတော်အသင့် သိနေကြပြီဖြစ်သည်။

လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က ချန်ဝူးဝမ်း သေဆုံးသွားပြီးနောက် တစ်လသာခြားပြီး နယ်စားကြီး စန့်ဟုမ်းယန်းလည်း ကွယ်လွန်သွားခြင်း၊ ဒုတိယနယ်စားကြီး ချိုကုဖိန်းက စီချွမ်းပြည်နယ်၏ နယ်စားကြီး ဖြစ်လာကြောင်း၊ စီချွမ်းပြည်နယ်တွင် ချိုကုဖိန်းအာဏာအရှိဆုံးသူ ဖြစ်လာသောအခါ သူနှင့်အလွမ်းသင့်သော လင်ချမ်းကျိုးသည်လည်း ပို၍ မင်းမူလာနိုင်ကြောင်း အဘိုးကြီးထိလုံးက ရှင်း



လင်းပြောပြသည်။

ထို့နောက် ဆက်၍ပြောပြသည်မှာ ချိုကုဖိန်းကလည်း မိမိကို သူ့လူဖြစ်အောင် စည်းရုံးကြောင်း၊ မိမိအနေဖြင့် ချိုကုဖိန်းနှင့် လင်ချမ်းကျိုးတို့လုပ်ရပ်များမှာ မှုမမှန်ကြောင်းသိသဖြင့် ချိုကုဖိန်းတို့ကို ဆန့်ကျင်ခဲ့ကြောင်း။

ထိုကတည်းက ချိုကုဖိန်းနှင့် လင်ချမ်းကျိုးတို့သည် မိမိအပေါ် အခဲမကျေဖြစ်ကာ မိမိ၏မိသားစုကို တိုက်ခိုက်ကြကြောင်း။

မိမိ၏ဇနီးနှင့် သမီးသမက်တို့မှာ သေဆုံးသွားကြပြီး မိမိမှာ အသက်သုံးနှစ်ရွယ်ခန့် ရှိနေပြီဖြစ်သော မြေးကလေးကိုခေါ်၍ ကိုယ်လွတ်ရုန်းပြေးခဲ့ရကြောင်း။

ထို့နောက် မြေးကလေးနှင့်အတူ စိဂူရွာတွင် ခြေရာဖျောက်ခဲ့ကြကြောင်း၊ မိမိအနေဖြင့် ချိုကုဖိန်းနှင့်လင်ချမ်းကျိုးတို့ ကျဆုံးရေးကို အခွင့်အခါသင့်တိုင်း ကြိုးစားနေကြောင်း ထိလုံးက ပြောပြသည်။

ချန်တာ့ယူကလည်း သူ့ဘဝဖြစ်စဉ် သူ့မိခင်ကြီး၏ဖြစ်စဉ်ကို ပြောပြသည်။

သို့သော် လမ်းခရီးတစ်လျှောက်လုံး ရန်သူများ၏အရိပ်အရောင်ကြည့်၍ လာကြရသဖြင့် လုံးစေ့ပတ်စေ့တော့ မပြောနိုင်ကြသေးချေ။

စိဂူရွာရှိ ထိလုံး၏အိမ်ကိုရောက်မှ အေးအေးလူလူ ပြောကြမည်ဟု ဆုံးဖြတ်ထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



**စိဝ္စရွာ**ကလေးသို့ သူတို့နှစ်ဦးရောက်လာသောအခါ ရွာသူ **ရွာသားများ**က အဘိုးကြီးထိလုံးကို ရိုသေလေးစားစွာ ဆီးကြိုကြသည်။

ရွာသူရွာသားများသည် ယနေ့အထိ ထိလုံးကို နယ်စားကြီး ဓနဲ့ဟုမ်းယန်း၏လူယုံတော်ကြီး ထိလုံးမှန်း မသိကြသော်လည်း ထိလုံး၏ရိုးသားဖြောင့်မတ်ခြင်း ရပ်ရေးရွာရေးကို တရားသဖြင့် ဆုံးဖြတ်တတ်ခြင်းတို့ကြောင့် ရွာ၏အကြီးအကဲတစ်ယောက်အဖြစ် တင်မြှောက်ထားကြသည်။

ထို့ကြောင့် ရွာသို့ ထိလုံးပြန်ရောက်လာသောအခါ ဝမ်းသာအားရ တရိုတသေ ဆီးကြိုကြခြင်းဖြစ်သည်။

အဘိုးကြီးထိလုံးနှင့်ပါလာသော ချန်တာ့ဂူကိုမူ စူးစမ်းအကဲခတ်သော အကြည့်မျိုးဖြင့် ကြည့်ကြသည်။

သူတို့အားလုံး ရိုသေလေးစားသည့် အဘိုးကြီးထိလုံး၏ ဧည့်သည်ဖြစ်သောကြောင့် လေးစားပျူငှာစွာ နှုတ်ဆက်ကြ၏။

စိဝ္စရွာသူရွာသားများက ထိလုံးကို ဝါးရုံတော ဘိုးဘိုးဟုပင် ခေါ်ဝေါ်ကြသည်။

ထိုသို့ခေါ်ဝေါ်ကြခြင်းမှာလည်း ထိလုံးသည် ဝါးရုံ ပင်များ အထပ်ထပ် ပေါက်ရောက်နေသည့်ခြံဝင်းကြီးထဲတွင် နေထိုင်သော ကြောင့်ဖြစ်လေသည်။

ရွာတွင်းသို့ဝင်လာကတည်းက အဘိုးကြီးထိလုံးသည် တွေ့



သမျှ ရွာသူရွာသားများဖြင့် ရင်းရင်းနှီးနှီး ဖော်ရွေစွာ နှုတ်ဆက်လာခဲ့သည်။

"ဝါးရုံတောဘိုးဘိုး ပြန်လာပြီ၊ ဝါးရုံတောဘိုးဘိုး ပြန်လာပြီ"

ဟူသောအသံများမှာ တစ်ရွာလုံး ညံစီသွားသည်။

အဘိုးကြီးထိလုံးသည် သူ့ဒဏ်ရာရထားကြောင်း မည်သူမှ မသိစေဘဲ စိတ်အားတင်းပြီး ရွာသူရွာသားများကိုသာ နှုတ်ဆက်စကား ဆိုလာသည်။

ရွာလယ်သို့အရောက်တွင် သူတို့နှင့်မျက်နှာချင်းဆိုင် တဲရှိမှ မိန်းကလေးတစ်ယောက် ပြေးလာသည်။

သူမနှုတ်မှလည်း ဝမ်းသာအယ်လဲ တကျော်ကျော် ခေါ်လာသည်။

"ဘိုးဘိုး... ဘိုးဘိုး"

အဘိုးကြီးထိလုံးကလည်း လက်တစ်ဖက်ကိုမြှောက်၍ ဝမ်းပန်းတသာ ပြန်ခေါ်သည်။

"မြေလေး... မြေးလေး ရောက်ဟာ"

ရှောက်ဟာမှာ ဆယ့်ရှစ်နှစ်ခန့်ရှိပြီဖြစ်သော မိန်းမလှကလေးတစ်ယောက် ဖြစ်လေသည်။

သူမသည် ချန်တာ့ယူကိုတွေ့သောအခါ အနည်းငယ်ခြေလှမ်းတန့်သွားသည်။

ပြီးမှ အဘိုးဖြစ်သူ ထိလုံးထံ ခပ်သွက်သွက် ပြန်လျှောက်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။

မြေးအဘိုးနှစ်ယောက် ပွေ့ဖက်လိုက်ကြ သည်။

"မြေးဖြင့် ဘိုးဘိုးအတွက် စိတ်ပူနေလိုက်ရတာ ဘိုးဘိုးရယ်"

"ဘာဖြစ်လို့ ဘိုးဘိုးကိုစိုးရိမ်နေရတာလဲ မြေးရဲ့"

"ဘိုးဘိုး ပြန်လာမယ်ဆိုတာထက် ဆယ်ရက်လောက်နောက်ကျနေလို့ပါ၊ ဘိုးဘိုး ဘာဖြစ်လို့လဲ"

မိန်းမလှကလေး ရောက်ဗွာက သူ့ကိုလှမ်းဖက်စဉ် သူ့ရင်ဘတ်မှ ဒဏ်ရာကိုထိသွားသည်။

နာကျင်သွားသဖြင့် အဘိုးကြီး ထိလုံး မျက်နှာတစ်ချက်မဲ့သွားသည်။

အခြားလူများ ပါရှိနေသဖြင့် သူသည် ဣန္ဒြေဆည်ထားသော်လည်း ရောက်ဗွာက အဘိုးဖြစ်သူ၏အမူအရာကိုတွေ့သွားပြီး မေးလိုက်ခြင်းဖြစ်လေသည်။

အဘိုးကြီးထိလုံးသည် သူ ဒဏ်ရာရထားကြောင်းကို လောလောဆယ် အခြားလူများ မသိစေချင်သေးသဖြင့် ဟန်ဆောင်၍ပြန်ပြောလိုက်ရသည်။

"ဘာမှမဖြစ်ပါဘူး မြေးလေးရယ်၊ နည်းနည်း ခရီးပန်းလာလို့ပါ၊ ကဲ... ကဲ၊ လူလေး တာ့ယူနဲ့ မြေးကို မိတ်ဆက်ပေးရဦးမယ်"

ချန်တာ့ယူကို ချန်မျိုးနွယ်မှန်း မည်သူမှ မသိစေ လိုသဖြင့်



အဘိုးကြီးထိလုံးသည် ချန် တစ်လုံးကိုချန်ပြီး ပြောလိုက်ခြင်းဖြစ်၏။

"လူကလေး တာ့ယူ... ဒါ ကျုပ်ရဲ့မြေးလေး"

ချန်တာ့ယူနှင့်မိန်းမလှကလေး ရောက်ဗွာတို့သည် တစ်ယောက်မျက်နှာကိုတစ်ယောက်ပြုံး၍ ကြည့်ကြသည်။

ချန်တာ့ယူသည် ရောက်ဗွာ၏အလှတွင် မိန်းမောနေမိကြသည်။

သူ့အကြည့်ကို ရောက်ဗွာထံမှ မခွာနိုင်အောင် ဖြစ်နေသည်။

ရောက်ဗွာက ရက်ပြုံးကလေးပြုံး၍ မျက်နှာလွှဲလိုက်သည်။

"ကဲ... ကဲ အိမ်ကိုသွားကြရအောင်၊ အိမ်ကျမှပဲ အေးအေးဆေးဆေး စကားစမြည် ပြောကြတာပေါ့"

"ဟုတ်ကဲ့ဘိုးဘိုး"

အဘိုးကြီးထိလုံးက ရောက်ဗွာ၏လက်ကိုဆွဲကာ ရှေ့မှသွားသည်။ နောက်မှ ချန်တာ့ယူ လိုက်လာခဲ့သည်။

နောက်လေးငါးအိမ် ကျော်ခဲ့ပြီးနောက် ဝါးပင်ကြီးများ ထူထပ်စွာ ပေါက်ရောက်နေသော ဝါးတောကြီးထဲ ရောက်လာသည်။

ဝါးတောအလယ်တွင် ဂဝံကျောက်ပြားဖြင့် ဆောက်လုပ်ထားသော အိမ်တစ်လုံးကို ချန်တာ့ယူ တွေ့ရသည်။

အိမ်ပတ်ပတ်လည်တွင်လည်း လှပမွှေးကြိုင်ပြီး အရောင်မျိုးစုံသော ပန်းပင်များကို စနစ်တကျစိုက်ပျိုးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ သိပ်ပြီးမကြီးမားလှသော်လည်း သေသေသပ်သပ်ရှိသည်။ အိမ်ပုံစံလည်း လှသည်။

အိမ်နှင့်မလှမ်းမဝေးတွင် စမ်းချောင်းကလေးကို တွေ့ရသည်။

စမ်းချောင်းကလေးကိုဖြတ်၍ ကျောက်ဖြူသားများဖြင့် ဆောက်ထားသော တံတားကလေးလည်း ရှိသည်။

ခပ်လှမ်းလှမ်းဆီမှ ရေတံခွန် စီးကျနေသံများကို ခပ်သဲ့သဲ့ကြားရသည်။

ထိုကျောက်အိမ်ကလေးအနီးကို ရောက်တော့မှ ရွာသူရွာသားများ ပြန်သွားကြသည်။

အိမ်ထဲမှ အသက်ငါးဆယ် ပတ်ဝန်းကျင်ခန့်ရှိ လူကြီးတစ်ယောက်နှင့် မိန်းမကြီးတစ်ယောက်တို့ ထွက်လာကြပြီး အဘိုးကြီးထိလုံးကို အရိုအသေပေးကြ၏။

အဘိုးကြီးထိလုံးကပြောထားသဖြင့် ၎င်းလူကြီးနှင့်မိန်းမကြီးတို့မှာ အဖော်အဖြစ် ခေါ်ထားသော ဇနီးမောင်နှံမှန်း ချုန်တာ့ယူသိလိုက်၏။

ချုန်တာ့ယူတို့ လူစုအားလုံး အိမ်ထဲကို ဝင်လာကြသည်။

အိမ်ထဲမှ အပြင်အဆင်များကမူ သားသားနားနား ရှိသည်။

အဖိုးထိုက်တန်သော အိမ်ထောင်ပရိဘောဂ ပစ္စည်းပစ္စယများဖြင့် နေရာတကျ ပြင်ဆင်ထားသည်။



အဘိုးကြီးထိလုံးသည် သူ၏အိပ်ခန်းထဲသို့ တန်းဝင်လာခဲ့သည်။

သူနှင့်အတူ ချုန်တာ့ယူနှင့် ရောက်ဗှာတို့ကိုသာ ခေါ်ခဲ့သည်။

အိမ်ခန်းထဲသို့ ရောက်ရောက်ချင်း အဘိုးကြီးထိလုံးသည် အိပ်ရာပေါ် လှဲအိမ်လိုက်သည်။

ခရီးဝေးမှ ပြန်လာတိုင်း ဤသို့သော အပြုအမူမျိုးကို အဘိုးဖြစ်သူ မပြုမူတတ်သဖြင့် ရောက်ဗှာ၏စိတ်ထဲတွင် အံ့ဩနေသည်။

ထူးခြားမှုတစ်ခုခု ရှိနေပြီဟုလည်း တွေးမိသည်။

ချုန်တာ့ယူနှင့် ရောက်ဗှာတို့လည်း ခုတင်ဘေးမှ ထိုင်ခုံတစ်လုံးစီတွင် ထိုင်လိုက်ကြသည်။

အဘိုးကြီးထိလုံးက ဒဏ်ရာရထားသည့် ရင်ဘတ်နေရာကို လက်ဝါးဖြင့် အသာအုပ်၍ ရောက်ဗှာကို ညင်သာစွာခေါ်လိုက်သည်။

"မြေးလေး....."

"ရှင်... ဘိုးဘိုး"

www.burmeseclassic.com



"မြေးလေး ဘာမှမစိုးရိမ်နဲ့နော်"

"ဟင်... ဘာကိုစိုးရိမ်ရမှာလဲ ဘိုးဘိုး"

"ဘိုးဘိုးရဲ့ရင်ဘတ်မှာ ဒဏ်ရာနည်းနည်း ရလာတယ်ကွယ်"

"အို..."

ရှောက်ဗှာ မျက်လုံးကလေးဝိုင်းသွားပြီး စိုးရိမ်စိတ်ဖြင့် ထရပ်သည်။

"ဒဏ်ရာက သိပ်ပြီး များသလား ဘိုးဘိုး၊ ဘယ်လိုဖြစ်ပြီး ဒဏ်ရာရလာတာလဲ"

"ပြန်ထိုင်ပါဦး မြေးလေးရယ်၊ စိတ်အေးအေး ထားစမ်းပါကွယ်၊ ဒဏ်ရာရစကတော့ အသက်အန္တရာယ် စိုးရိမ်ရပေမယ့် အခုတော့ စိုးရိမ်စရာ အခြေအနေမရှိတော့ပါဘူးကွယ်"

အဘိုးကြီးထိလုံးက ရှောက်ဗှာ၏လက်ကိုဆွဲကိုင်၍ ပြန်ထိုင်နိုင်းသဖြင့် ရှောက်ဗှာလည်း ပြန်ထိုင်ရသည်။

"ဘိုးဘိုး ခုလို ဒဏ်ရာရလာတာ မြေးတို့နှစ်ယောက်ကလွဲပြီး တခြားဘယ်သူမှ မသိစေချင်ဘူးကွယ်၊ တစ်ဆင့်စကား တစ်ဆင့်နား ဆိုသလို ရန်သူတွေ ကြားသွားပြီး ဘိုးဘိုးဆီကို ခြေရာခံရောက်လာနိုင်တယ်၊ ဘိုးဘိုးရဲ့အဖြစ်ပျက်မှန်တွေကိုတော့ မြေးသိပြီးသားဆိုတော့ ဘာမှ ကွယ်ဝှက်စရာမရှိပါဘူးကွယ်"

"ဘယ်လိုဖြစ်ပြီး ဒဏ်ရာရလာခဲ့တာလဲ ဘိုးဘိုးရယ်၊ ဒဏ်



ရာဘယ်လောက်များတယ်ဆိုတာ မြေး ကြည့်ပါရစေဦး"

"ဘိုးဘိုးရဲ့ဆေးသေတ္တာ သွားယူလိုက်ပါဦး မြေးရယ်"

ရှောက်ဗှာက အခန်းထောင့်တွင်ရှိသော ဗီရိုကြီးဆီလျှောက်သွားပြီး ဗီရိုထဲမှ ဆေးသေတ္တာကြီးကိုထုတ်ယူလာသည်။

သေတ္တာကြီးကို ခုံတစ်လုံးပေါ်၌ချ၍ ဖွင့်သည်။

သေတ္တာကြီးထဲတွင် ဆေးပုလင်း၊ ဝွမ်းများ၊ ပတ်တီးများနှင့် ဆေးကုသရာတွင် အသုံးပြုသော ပစ္စည်းကိရိယာများကို ချန်တာ့ယူ တွေ့ရသည်။

ဆေးဝါးနှင့် ဆေးပစ္စည်းများက သမားတော်ကြီး တစ်ဦးထံတွင် ရှိသကဲ့သို့ စုံလင်လှသည်။

အံ့ဩစိတ်ဖြင့် ကြည့်နေသော ချန်တာ့ယူကို အဘိုးကြီးထိလုံးက ရှင်းပြသည်။

"တခြား လူနေမြို့ရွာတွေနဲ့ ဒီနေရာက သိပ်ပြီး အလှမ်းကွာဝေးလို့ ဆေးဝါးပစ္စည်း စုံစုံလင်လင်ကို ခုလိုပဲ စုဆောင်းထားရတယ် လူကလေး၊ ဒီရွာသူရွာသားတွေ နာမကျန်းဖြစ်ရင်လဲ ကျုပ်ကပဲ ကုသပေးရတယ်၊ လွန်ခဲ့တဲ့ နှစ်သုံးဆယ်လောက်ကတည်းက ကျုပ်ဟာ ဆေးဝါးအကြောင်းကို နားလည်ခဲ့တယ်၊ ကျုပ်မြေးလေး ရှောက်ဗှာကိုလဲ သင်ပေးထားရတယ်"

ထိုအချိန်တွင် အိပ်ခန်းအပြင်သို့ ရှောက်ဗှာ ထွက်သွားသဖြင့် မရှိချေ။

www.burmeseclassic.com

www.burmeseclassic.com



“လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်လောက်က သေဆုံးသွားရှ
ကျူပ်ရဲ့နယ်စားကြီးဟာ တကယ်တော့ ရိုးရိုးနာမကျန်းဖြစ်ပြီး
ဆုံးရတာ မဟုတ်ပါဘူး၊ အဆိပ်မိပြီး သေရတာပါ၊ ဒါကိုလဲ နယ်
ကြီးသေပြီးမှ အလောင်းကို ကျူပ်စစ်ဆေးကြည့်လို့ သိရတာ၊
စားကြီး မဆုံးခင်ကတော့ မရိပ်မိဘူးလေ”

“နယ်စားကြီးကို ဘယ်သူက အဆိပ်ခပ်တာလဲ ဘကြီး

“ချိုကုဖိန်းနှင့် လင်ချမ်းကျူးတို့ နှစ်ယောက်ရဲ့လက်ချ
ပေါ့ကွယ်၊ နယ်စားကြီးက မဟုတ်မမှန်တာ မလုပ်ဘူး၊ အမှန်တ
ဘက်က ရပ်တည်တဲ့သူဆိုတော့ ခုလိုလုပ်ကြံလိုက်ကြတာပါပဲ၊
မယ့် ခက်တာက သူတို့တွေရဲ့လက်ချက်ပါလို့ အထောက်အထ
နိုင်ဘူး”

ထိုစဉ် အိပ်ခန်းထဲသို့ လင်ဇန်းတစ်ချပ်ကိုင်၍ ရှောက်
ပြန်ဝင်လာသည်။

လင်ဇန်းထဲတွင် ခွက်နှစ်ခွက် ပါလာသည်။ ခွက်တစ်ခွက်
ခွက်လွတ်ဖြစ်ပြီး တစ်ခွက်တွင် ရေနှင့်ရေနွေးများ ရောပြီးသား
လာသည်။

အဘိုးကြီးထိလုံးက အကျီရင်ဘတ်ကို ဟပေးသည်။

ရင်ဘတ်မှဒဏ်ရာကိုကြည့်ပြီး ရှောက်ဝှာ မျက်လုံးပြူး
သည်။ စိုးရိမ်တကြီး ဖြစ်သွားသည်။

“အို… ဒဏ်ရာက အတော်ကြီးတာပဲ”



“ခုတော့ စိုးရိမ်စရာ မလိုတော့ပါဘူးမြေးရယ်၊ တစ်လ
လောက် နားနားနေနေ ကုလိုက်ရင် ကင်းကင်းရှင်းရှင်း ပျောက်သွား
မှာပါ။ လူကလေးတွေ့ယူ ရောက်လာလို့သာပေါ့ကွယ်၊ နို့မို့ဆို ဘိုးဘိုး
နဲ့မြေးတို့ ခုလိုပြန်ဆုံကြရမှာ မဟုတ်တော့ဘူး၊ ရန်သူ့လက်ချက်နဲ့
ဘိုးဘိုးသေနေပြီပေါ့ကွယ်”

“ဘယ်လိုဖြစ်ရတာလဲ ဘိုးဘိုး”

“ငွေဖျိုင်းဖြူဂိုဏ်းရဲ့ မဟုတ်မမှန်တဲ့ လုပ်ရပ်တွေကို သိရ
အောင် ဖိန်းစန်းတောင်တစ်ဝိုက်မှာ ဘိုးဘိုးစုံစမ်းစနည်းနာနေတုန်း
ငွေဖျိုင်းဖြူဂိုဏ်းသားတွေဟာ ကျိုကိုရှင် အာမခံဌာနက အာမခံ
ပစ္စည်းတွေ သယ်လာမယ့်မြင်းလှည်းကို လမ်းကဖြတ်ပြီး တိုက်ခိုက်
ကြ လိမ့်မယ်လို့ သတင်းကြားရတယ်မြေး၊ ဒါနဲ့ ဘိုးဘိုးလဲ အခင်းဖြစ်
မယ့်နေရာကို အချိန်မီသွားတယ်၊ ဒါပေမယ့် အခင်းဖြစ်ပွားမယ့်နေ
ရာကို ရောက်ခါနီးမှာ ငွေဖျိုင်းဖြူဂိုဏ်းဝင်တွေနဲ့ ဆုံမိတယ်၊ သူတို့ထဲ
က လူတချို့က ဘိုးဘိုးကို မှတ်မိတယ်၊ နောက်ပိုင်း တိုက်ကြတယ်၊
ဘိုးဘိုးလက်ချက်နဲ့ သူတို့ထဲက လူသုံးယောက်သေတယ်၊ ဘိုးဘိုးလဲ
ဒဏ်ရာတွေရပြီး ကိုယ်လွတ်ရုန်း ထွက်ပြေးခဲ့ရတယ်၊ ဒါပေမယ့်
နောက်က လိုက်လာတဲ့လူလေးယောက်က ဘိုးဘိုးကို မီလာတယ်၊
သူတို့ကို ဘိုးဘိုးမခုခံနိုင်တော့ဘူး၊ သူတို့တတွေက ဘိုးဘိုးကို သတ်
လုဆဲဆဲအချိန်မှာ”

ရှောက်ဝှာသည် အဘိုးကြီးရင်ဘတ်မှ ဒဏ်ရာကို ရေဆေး၊

www.burmeseclassic.com

www.burmeseclassic.com



ဆေးထည့်ပေးနေရာမှ ဤနေရာသို့အရောက်တွင် စိတ်လှုပ်ရှား ဖြစ်၍ အဘိုးဖြစ်သူ၏မျက်နှာကို ကြည့်လိုက်သည်။

အဘိုးကြီးထိလုံးကလည်း ချန်တာ့ယူမျက်နှာကို တစ်ချ ကြည့်လိုက်ပြီးမှ ဆက်ပြောသည်။

"လူကလေး တာ့ယူ ရုတ်တရက် ရောက်လာတယ်၊ ဘိုး ကတော့ လူဆိုးလေးယောက်ရဲ့လက်ချက်နဲ့သေပြီလို့ စိတ်ကိုလျှေ ထားတယ်၊ လူကလေးတာ့ယူက ရောက်လာလာချင်းပဲ လူဆိုး ယောက်ရဲ့လက်ထဲက လက်နက်တွေကို လွင့်စဉ်သွားအောင် တို ခိုက်လိုက်နိုင်တယ်၊ ဘိုးဘိုးရဲ့အသက်ကို လက်မတင်ကလေး က လိုက်တာပဲ မြေး"

ထို့နောက် ချန်တာ့ယူက လူဆိုးလေးယောက်အား ခေါ်ပုံ၊ သိုင်းကွက်ဆယ်ကွက်အတွင်း အနိုင်တိုက်မည်ဟုပြောပုံ၊ ချ တာ့ယူနှင့် လူဆိုးလေးယောက်တို့တိုက်ခိုက်ကြပုံ၊ သိုင်းကွက် ကွက်မြောက်တွင် လူဆိုးလေးယောက်စလုံးကို အနိုင်ယူလိုက်ပုံ၊ မိ ကို ဤအထိ ဂရုတစိုက်ဖြင့် လိုက်ပို့ပုံတို့ကို အဘိုးကြီးထိလုံးက ဆ ပြောပြန်သည်။

ချန်တာ့ယူကမူ သူ့ကိုချီးမွမ်းခန်းဖွင့်နေသဖြင့် အနေရခ နေသဖြင့် ခေါင်းငိုက်စိုက် ချထားသည်။

အဘိုးကြီးထိလုံးစကားဆုံးမှ ရှောက်ဟွာကို တစ်ချက်မျ ကြည့်သည်။



သူ့ကိုအထင်ကြီးလေးစားသော မျက်လုံးအစုံဖြင့် ကြည့်နေ သော ရှောက်ဟွာနှင့်မျက်လုံးချင်း ဆုံသွားပြီး ရင်ထဲတွင် လှုပ်ရှားသွား သည်။

ရှောက်ဟွာက လိုက်လိုက်လှဲလှဲပင် ကျေးဇူးတင်စကားဆို သည်။

"ဘိုးဘိုးရဲ့အသက်ကို ကယ်တင်လိုက်တဲ့အတွက် သိပ်ပြီး ကျေးဇူးတင်ပါတယ် အစ်ကို၊ အစ်ကို့ကျေးဇူးကို ရှောက်ဟွာ တစ်သက် ယ်တော့မှ မမေ့တော့ပါဘူး"

ချန်တာ့ယူက မျက်နှာလွှဲလိုက်ပြီးမှ ညင်သာစွာ ပြန်ပြော သည်။

"ကျေးဇူးတင်စရာ မလိုပါဘူး ညီမရယ်၊ ဘကြီးကို ဘယ်သူ ယ်ဝါမှန်းသိလို့ ကယ်တာမှ မဟုတ်ဘဲ၊ ဒီလိုအခြေအနေမျိုးရောက် တဲ့ ဘယ်သူ့ကိုမဆို အတတ်နိုင်ဆုံး ကူညီရမှာပါပဲ"

အဘိုးကြီးထိလုံးကလည်း ဝင်ပြောသည်။

"လူကလေးအနေနဲ့ ခရီးသွားဟန်လွှဲကူညီတာမျိုး ဖြစ်ပေ ယ့် ကျုပ်တို့ကတော့ တစ်သက်လုံး လူကလေးကို ကျေးဇူးတင်လို့ ဆုံးနိုင်တော့ပါဘူး၊ ဒီမှာ မြေး...."

"ရှင်... ဘိုးဘိုး"

"မြေးကို ငွေချိုင်းဖြူစံအိမ်ကြီးနဲ့ ချန်ဂူးဝမ်းရဲ့အကြောင်းကို ဘိုး ပြောပြထားတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့... ချန်ဂူးဝမ်းကို ရောက်တာ မမြင်ဖူးပေမယ့် သူ့ကိုသိပ်ပြီး သနားတာပဲ ဘိုးဘိုးရယ်၊ လူယုတ်မာကြီး လင်ချမ်းကျူးက မတရားသဖြင့် နှိပ်စက်ညှဉ်းပန်းတာကိုခံရပြီး သေသွားရရှာတယ်၊ ရောက်တာရဲ့ရင်ထဲမှာတောင် အမြဲပဲ ဆုတောင်းနေမိတယ် ဘိုးဘိုး"

"ဘာများ ဆုတောင်းနေသလဲ မြေး"

ရောက်တာက တကယ့်ခံစားချက် အပြည့်ဖြင့် ပြောလိုက်သဖြင့် အဘိုးကြီးထိလုံးက မေးလိုက်ခြင်းဖြစ်၏။

သူ့ဖခင်၏အကြောင်းကို ပြောနေကြခြင်းဖြစ်သဖြင့် ချန်တာ့ယူလည်း စိတ်လှုပ်ရှားစွာ နားထောင်နေလေသည်။

ရောက်တာက ခံပြင်းစိတ်ဖြင့် ပြန်ပြောသည်။

"ခုချိန်မှာ လူယုတ်မာကြီး လင်ချမ်းကျူးဟာ ချန်ဂူးဝမ်းရသင့်ရထိုက်တဲ့ ငွေဖျိုင်းဖြူစံအိမ်ကြီးနဲ့ဉစ္စာပစ္စည်းတွေကို အပိုင်စီးထားတယ် မဟုတ်လား၊ ပြီးတော့ မဟုတ်မတရားတဲ့အလုပ်တွေကိုလဲ ခုထိလုပ်နေတုန်း၊ ဒီတော့ ရောက်တာ ဆုတောင်းတယ်လေ၊ ချန်ဂူးဝမ်းရဲ့ ဇနီး ပိုင်ယီးယီး ပြန်ရောက်လာပြီး လူယုတ်မာကြီး လင်ချမ်းကျူးကို လက်စားချေနိုင်ပါစေလို့"

အဘိုးကြီးထိလုံးက ခပ်သဲ့သဲ့ပြုံးလိုက်ပြီး....

"မြေးရဲ့ဆုတောင်း ပြည့်တော့မှာပါကွယ်"

ရောက်တာက အဘိုးကြီးထိလုံးကို ဖျတ်ခနဲ ကြည့်လိုက်ပြီး



...င်....

"ဟင်... ရောက်တာရဲ့ဆုတောင်းပြည့်တော့မယ် ဟုတ်လား ...ဘိုး၊ ပိုင်ယီးယီးဟာ တကယ်ပဲ လူယုတ်မာကြီး လင်ချမ်းကျူးကို ...က်စားချေရအောင် ပြန်လာနေပြီလား"

"ဟုတ်တယ် မြေး"

"အို... ဝမ်းသာလိုက်တာ"

"ပိုင်ယီးယီးသာမကဘူး မြေး၊ ချန်ဂူးဝမ်းရဲ့သားပါ နယ်စား...ဦး ချီကုဖိန်းနဲ့လူယုတ်မာ လင်ချမ်းကျူးတို့ရဲ့ဓာတ်ရုပ်ကိုဖော်ထုတ် ...း နှိမ်နင်းဖို့ ဒီပြည်နယ်မှာ ရောက်ပြီ"

ရောက်တာ လွန်စွာ အံ့ဩသွားပြီး....

"ဘယ်လို ဘိုးဘိုး... ချန်ဂူးဝမ်းရဲ့သား ဟုတ်လား၊ ချန်ဂူးဝမ်း... သားရှိလို့လား"

"ရှိလို့ ရောက်လာတာပေါ့ မြေးရယ်၊ ချန်ဂူးဝမ်းနဲ့ပိုင်ယီးယီး ...ရဲ့သားပါ"

"ဟာ... ဟုတ်သားပဲ၊ သူတို့နှစ်ယောက် လက်ထပ်လိုက်ကြ ...သေးတာပဲ၊ အခု သူတို့နဲ့ဘိုးဘိုးကိုယ်တိုင် တွေ့ခဲ့လို့လား"

"ပိုင်ယီးယီးနဲ့တော့ မတွေ့ရသေးပါဘူး မြေး၊ သူ့သားနဲ့ ...တော့ တွေ့ရတယ်"

"ဟင်... ဘယ်မှာတွေ့ခဲ့ရတာလဲ ဘိုးဘိုး၊ မြေးလဲ တွေ့ချင် ...ိုက်တာ၊ လူယုတ်မာကြီးနှစ်ယောက်ကို မြန်မြန်နှိမ်နင်းပါလို့ ပြော

www.burmeseclassic.com

www.burmeseclassic.com



ချင်လိုက်တာ"

"ဒါဆိုလဲ မြေးကိုယ်တိုင် ပြောချင်တာ ပြောပေတော့ကွယ်၊ မြေးရှေ့မှာ အခု သူထိုင်နေတာပဲ"

"ရှင်...."

မိန်းမလှလေးရောက်ဗှာသည် ပါးစပ်အဟောင်းသားဖြစ်သွားပြီး ချုန်တာ့ယူကို မျက်လုံးအပြူးသားဖြင့် ကြည့်လိုက်သည်။

ချုန်တာ့ယူလည်း ရောက်ဗှာကို အသာအယာ ပြန်ကြည့်သည်။

အဘိုးကြီးထိလုံး၏အသံ ပေါ်လာပြန်သည်။

"လူကလေးတာ့ယူဟာ ချုန်ဂူးဝမ်းနဲ့ပိုင်ယီးယီးတို့ရဲ့ သားပါပဲ မြေး၊ နာမည်အပြည့်အစုံက ချုန်တာ့ယူတဲ့"

ပထမတွင်မူ ရောက်ဗှာ၏အမူအရာက မယုံမရဲဖြစ်ခြင်း၊ လွန်စွာ အံ့သြခြင်းတို့ဖြင့် ရောယှက်နေသော်လည်း ချက်ချင်းပင် ဝမ်းမြောက်ဝမ်းသာ အသွင်မျိုးကိုဆောင်လာလေသည်။



## အခန်း(၅)

## ဘဝတူနှစ်ယောက်

မြူတိမ်ကင်းရှင်းသော ည....။

လပြည့်ဝန်းက ကောင်းကင်ပြာတွင် ထိန်ထိန်သာနေသည်။ ကြယ်ကလေးများကလည်း ဝင်းလက်နေကြသည်။

လေပြည်က ညင်းညင်းကလေး တိုက်ခတ်နေသောကြောင့် ဝါးပင်များက ယိမ်းနွဲ့လှုပ်ရှားနေကြသည်။

သစ်ရွက်ခတ်သံများလည်း တရှဲရှဲ မြည်နေသည်။

စိဂူရွာကလေးမှာ လရောင်အောက်တွင် ငြိမ်းအေးသာယာစွာ ရှိနေသည်။

တစ်ရွာလုံးလည်း တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

ရွာထဲတွင် လူသွားလူလာပင် မရှိတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ကိုဖေ့်အိမ်ထဲ ကိုယ်ဝင်နေကြပြီဖြစ်၏။

အချို့က အိပ်ရာဝင်နေကြပြီ။ အချို့က မိသားစုအချင်းချင်း စကားထိုင်ပြောနေကြသည်။

ထိုစဉ် တိတ်ဆိတ်မှုကို ဖောက်ထွင်းလျက် ဆွဲဆွဲငင်ငင် ဆွေးဆွေးမြည့်မြည့် မှုတ်လိုက်သော ပလွေသံတစ်သံ ပေါ်ထွက်လာသည်။

ပလွေသံမှာ သာယာဖွယ်ရာ ကောင်းသလို လွမ်းဆွတ်ကြေကွဲ ဖွယ်ရာလည်း ကောင်းသည်။

လေပြည်နှင့်အတူ ပလွေသံမှာ စိဂူရွာကလေးတစ်ရွာလုံးသို့ ပျံ့နှံ့သွားသည်။

ရွာသူရွာသားများအားလုံးလိုလို ပလွေသံကို ကြားကြသည်။

သူတို့ရွာတွင် ပလွေမှုတ်တတ်သူ လေးငါးယောက်ရှိသည်။ ပလွေမှုတ်သံများကိုလည်း မကြာခဏ ကြားဖူးကြသည်။

သို့သော် ယခုကြားရသော ပလွေသံလောက် တစ်ခါမှ နားထောင်မကောင်းချေ။ သာယာနာပျော်ဖွယ်ရာ မရှိချေ။

ယခုညမှ ဤ ချိုလွင်သောပလွေသံကို စတင်ကြားကြရခြင်းဖြစ်လေသည်။

ဤပလွေသံရှင်မှာလည်း ယနေ့မှ သူတို့ရွာကို ရောက်လာသော ဧည့်သည်လူငယ်ပင် ဖြစ်လိမ့်မည်ဟု တွေးမိကြသည်။



အိပ်ပျော်လုလု လူများလည်း မအိပ်နိုင်ကြဘဲ ပလွေသံကို နားဆင်နေကြသည်။

စကားထိုင်ပြောနေသူများကလည်း စကားဆက်မပြောကြတော့ဘဲ ပလွေသံကိုသာ နားစွင့်ထောင်နေကြသည်။

သူတို့အားလုံး ပလွေသံ၏ဂီတသံစဉ်တွင် နစ်မျောနေကြသည်။

ပလွေသံက ကြေကွဲဆို့နင့်ဖွယ်ရာ ဆောင်နေလေရာ ကြားရသူ အပေါင်းတို့ ကိုယ်တိုင်ပင်လျှင် ဆွေးဆွေးမြည့်မြည့် ခံစားနေရသည်။

တကယ်တော့ ပလွေသံရှင်မှာ ချန်တာ့ယူဖြစ်လေ၏။

သူသည် ဂဝံအိမ်ကလေးနှင့် မလှမ်းမဝေးတွင်ရှိသော စမ်းချောင်းကလေးပေါ်တွင် ဖြတ်ထိုးထားသည့် တံတားဖြူကလေးပေါ်တွင်ထိုင်ကာ ပလွေမှုတ်နေခြင်းဖြစ်၏။

ပလွေမှာ လက်နက်အဖြစ် အသုံးအပြုသော ပလွေဖြစ်သည်။

လရောင်ရိပ်က သူ့မျက်နှာပြင်ပေါ်ကို ထိုးကျနေသည်။

သူ့မျက်နှာမှာလည်း ကြေကွဲဆို့နင့်မှုအသွင်ကို ဆောင်နေသည်။

သူ၏ပလွေသံတွင် သူကိုယ်တိုင် နစ်မျောနေပြီး သူ့အာရုံက သူ မမြင်ဖူးလိုက်သော ဖခင်ဖြစ်သူအကြောင်းကို တွေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မိခင်ကြီး ပိုင်ယီးယီးနှင့်ဘွားလေး ကျိဖေ့ကျန်းတို့ ပြန်ပြောချက်အရ ဖခင်ဖြစ်သူ အနှိပ်စက် အနိုင်ကျင့်ခံရပုံ၊ အသေဆိုးနှင့်သေဆုံးခဲ့ရပုံများကိုပြန်၍ မြင်ယောင်နေမိသည်။

ထို့ကြောင့် သူသည် ပလွေကို ဆွေးဆွေးမြည့်မြည့်မှုတ်ပြီး ကြေကွဲဆို့နင့်စွာ ခံစားနေရခြင်းဖြစ်လေသည်။

တံတားဖြူလေးထိပ်တွင် ရောက်ဗွာလည်း ရောက်နေသည်။

သူမသည်လည်း ချန်တာ့ယူ၏ ပလွေသံကို ကြားရသဖြင့် အိမ်ထဲမှ ထွက်လာခဲ့ခြင်းဖြစ်သည်။

တံတားဖြူလေးနားသို့အရောက် တံတားပေါ်တွင် ပလွေမှုတ်နေသော ချန်တာ့ယူကို တွေ့သည်။

တံတားပေါ်သို့ သူမ မတက်ချေ။ တံတားထိပ်မှာပင်ရပ်၍ ချန်တာ့ယူ၏ပလွေသံတွင် နစ်မျောနေမိသည်။

မျက်နှာတွင်လည်း ကြေကွဲဆို့နင့်မှုအသွင်ကို ဆောင်နေသည်။

သူမ၏မျက်လုံးအိမ်ထဲမှပင် မျက်ရည်ဥကလေးများ လိမ့်ဆင်းကျလာကြသည်။

သူမ စိတ်အာရုံထဲတွင် မီးလောင်နေသော အိမ်ကြီးတစ်အိမ်ကို မြင်ယောင်နေမိသည်။

အော်ဟစ်ပြေးလွှားနေသူများ လိုက်လံသတ်ဖြတ်နေသူများကိုလည်း မြင်ယောင်နေမိသည်။



သူမ ရေးရေးသာမှတ်မိသော မိဘများနှင့် အဘွားဖြစ်သူ အသတ်ခံရပုံကို အဘိုးဖြစ်သူက ပြန်လည်ပြောပြချက်ဖြင့် ဆက်စပ်၍ ယူကျုံးမရဖြစ်မိခြင်းပင်။

အတတ်နိုင်ဆုံး မေ့မေ့ပျောက်ပျောက် နေခဲ့သော်လည်း ချန်တာ့ယူ၏ပလွေသံကိုကြားရသောအခါ မိဘများ၏အဖြစ်ဆိုးကို ပြန်၍တွေးမိပြီး ဝမ်းနည်းဆွေးမြည့်ခြင်းဝေဒနာ ခံစား၍ လာရခြင်းဖြစ်လေသည်။

အတန်ကြာမှ ပလွေသံ ရပ်သွားသည်။

ရောက်ဗွာကမူ ပလွေသံရပ်၍ ရပ်သွားမှန်းပင် မသိချေ။

သူမ၏စိတ်အာရုံမှာ အတိတ်ဆီသို့ ပျံ့လွင့်နေဆဲပင်။

ချန်တာ့ယူသည် ပါးစပ်မှ ပလွေကို ခွာလိုက်ပြီးနောက် ခဏမျှ ငိုင်တွေနေသေးသည်။

ပြီးမှ အသာအယာ ထရပ်ပြီး တံတားဆီ မျက်စိရောက်သွားသည်။

တံတားထိပ်တွင် တွေတွေကြီးရပ်နေသော ရောက်ဗွာကို

www.burmeseclassic.com



တွေ့ရသောအခါ အံ့သြသွားသည်။

လရောင်က သူမမျက်နှာပေါ် ဖြာကျနေသည်။

လရောင်ကြောင့် သူမ၏ပါးပြင်ပေါ်သို့ စီးကျလာသော မျက်ရည်ကို ရောင်ပြန်ဟပ်၍ တွေ့ရသည်။

သူမလည်း ငိုနေရှာပါကလား။

မိမိ၏ပလွေသံက သူမကိုပါ ခံစားမှုဝေဒနာ ပွားစေလေသည်။

ရှောက်တုအတွက် ချန်တာ့ယူ စိတ်မကောင်းဖြစ်ရပြန်သည်။

မိမိအတွက်နှင့် ရှောက်တုပါ ကြေကွဲမှုဝေဒနာ ခံစားနေရလေပြီ။

"ရှောက်တု"

ချန်တာ့ယူက တီးတိုးညင်သာစွာ ခေါ်လိုက်သည်။

ခပ်တိုးတိုး ခေါ်လိုက်သော်လည်း ညက တိတ်ဆိတ်သဖြင့် အသံမှာ အတော်လေးကျယ်သည်။

သို့သော် ရှောက်တုသည် သူ့ခေါ်သံကို ကြားပုံမရပါချေ။ ငေးမြဲ ငေးနေသည်။ တွေးမြဲ တွေးနေသည်။ ဆွေးမြဲ ဆွေးနေလေသည်။

"ရှောက်တု... ညီမ"

ချန်တာ့ယူက အသံကိုမြှင့်၍ ဒုတိယအကြိမ် ထပ်ခေါ်လိုက်



သည်။

ရှောက်တု ခန္ဓာကိုယ်ကလေး ဆတ်ခနဲ လှုပ်သွားသည်။

ယခုတစ်ခါတော့ ချန်တာ့ယူ၏ခေါ်သံကို ကြားသွားသည်။

အတွေး စဉ်လည်း ပျက်သွားသည်။ ချန်တာ့ယူ မျက်နှာကို ဆတ်ခနဲ ကြည့်သည်။

ပါးပြင်ပေါ်မှ မျက်ရည်များကို လက်ဖမိုးဖြင့် သုတ်သည်။

ချန်တာ့ယူက သူမထံ ခပ်ဖြည်းဖြည်း လျှောက်လာသည်။ ကြင်နာသောလေသံဖြင့် မေးသည်။

"ညီမ ရောက်နေတာ ကြာပြီလားဟင်"

ရှောက်တု အသာအယာ ခေါင်းညိတ်ပြသည်။

"ဘာဖြစ်လို့ ငိုနေရတာလဲ ညီမရယ်"

"ရှောက်တုမိဘတွေရဲ့အဖြစ်ဆိုးကို သတိရမိလို့ပါ အစ်ကို၊ အစ်ကိုရဲ့ပလွေသံစဉ်ကလဲ လွမ်းဆွတ်ကြေကွဲဖွယ်ရာ ကောင်းတယ် မဟုတ်လား"

"ထိုင်ပါဦး ညီမရယ်"

ချန်တာ့ယူ ဖိတ်ခေါ်ချက်ကြောင့် တံတားဖြူလေးပေါ်သို့ ရှောက်တု တက်လာသည်။

တံတားဝနားမှာပင် အသာအယာ ထိုင်ချသည်။

ချန်တာ့ယူလည်း သူမနှင့် မလှမ်းမကမ်းတွင် အသာအယာ ပြန်ထိုင်သည်။ ပြီးမှ စကားဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလဲ အိပ်မရတာနဲ့ ဒီတံတားပေါ်မှာ ထိုင်မိတယ် ညီမ၊ လကလဲသာ ညကလဲ လှတော့ ပလွေမှုတ်မိတယ်၊ မှုတ်တုန်းကတော့ ဘာရယ်ညာရယ် မဟုတ်ပါဘူး၊ ဒါပေမယ့် ထွက်ပေါ်လာတဲ့ သံစဉ်က အလွမ်းသံစဉ်၊ မှုတ်နေရင်းနဲ့မမြင်လိုက်ရတဲ့ အစ်ကို့ဖေဖေ့ကို သတိရတယ်၊ သနားစရာကောင်းလှတဲ့ အစ်ကို့ဖေဖေကို တမ်းတမိတယ်၊ အချိန်ဘယ်လောက်ကြာကြာ ပလွေမှုတ်နေမိတယ်ဆိုတာတောင် အစ်ကို့ကိုယ် အစ်ကို သတိမရတော့ဘူး၊ သတိရလို့ ရပ်လိုက်တော့ ညီမကို တွေ့ရတာပဲ၊ အစ်ကို့ကြောင့် ညီမပါ အလွမ်းဝေဒနာခံ စားရတဲ့အတွက် တောင်းပန်ပါတယ်"

"အစ်ကိုရယ် လွမ်းရ ဆွေးရတယ်၊ ဝမ်းနည်းကြေကွဲရတာဆိုတာကလဲ ရင်ထဲမှာကိုက ဒီလိုလွမ်းရဆွေးရမယ့် ဓာတ်ခံရှိနေလို့ပါ၊ အစ်ကို့ကြောင့်ရယ်လို့ မဟုတ်ရပါဘူး"

"အင်း... ညီမနဲ့ အစ်ကိုတို့ရဲ့ ရင်ထဲက ခံစားချက်တွေက အတူတူပဲနော်"

"ဟင်... ဘယ်လိုတူတာလဲ အစ်ကို"

"ဩော်... ဒီလိုလေ ညီမရဲ့ မိဘနှစ်ပါးနဲ့အဘွားဟာ လူယုတ်မာကြီး ချိုကုဖိန်းရဲ့လက်ချက်ကြောင့် အသေဆိုးနဲ့သေသွားကြရတယ်၊ အစ်ကို့ရဲ့ဖေဖေဟာလဲ အယုတ်တမာကောင်ကြီး လင်ချမ်းကျိုးရဲ့လက်ချက်ကြောင့် သေသွားတယ်၊ ချိုကုဖိန်းနဲ့လင်ချမ်းကျိုးတို့ဟာ ကောက်ကျစ်စဉ်းလဲပုံချင်းကော၊ ရက်စက်ယုတ်မာပုံချင်းကော



တူကြတယ်၊ ပြီးတော့ သူတို့နှစ်ဦးဟာ ကြံဖော်ကြံဖက်၊ လုပ်ဖော်ကိုင်ဖက်တွေ၊ ဖြစ်နိုင်ရင် သူတို့နှစ်ယောက်စလုံး အစ်ကိုရော ညီမပါ ချေပစ်လိုက်ချင်တယ်၊ ဒါကြောင့် ခံစားရပုံချင်းတူတယ်လို့ အစ်ကို ပြောတာပါ"

"ဟုတ်တော့ ဟုတ်ပါတယ် အစ်ကို၊ ဒါပေမယ့် ညီမရဲ့ခံစားချက်က အစ်ကို့ထက် ပိုလိမ့်မယ်လို့ ထင်တယ်"

"ဘာဖြစ်လို့လဲ ညီမ"

"အစ်ကိုက အဖေတစ်ယောက်တည်း အသတ်ခံရတာပါ၊ ညီမကတော့ တစ်ချိန်တည်း တစ်ပြိုင်တည်းမှာ အဖေရော အမေရော အဘွားပါ ရက်ရက်စက်စက် အသတ်ခံရတာပါ၊ ဒီတော့ အစ်ကို့ထက် ညီမက ပိုပြီး ခံစားရလိမ့်မယ်လို့ ထင်ပါတယ် အစ်ကို၊ ညီမလဲ မိန်းကလေးတစ်ယောက်တည်း ဖြစ်နေလို့သာပေါ့၊ နို့မို့ဆို အစ်ကို့လို ယောကျ်ားလေးသာ ဖြစ်နေရင်တော့ လင်ချမ်းကျိုးနဲ့ချိုကုဖိန်းတို့ကို သူသေကိုယ်သေ တိုက်တာ ကြာပြီအစ်ကို"

"ခုချိန်မှာ သူတို့က အင်အားများတယ် ညီမ၊ ချိုကုဖိန်းကလဲ ချမ်းပြည်နယ်မှာ အာဏာအရှိဆုံးနယ်စားကြီး ဖြစ်နေပြီ၊ ဒီတော့ သူတို့ကို အရမ်းကာရော ယှဉ်ပြိုင်လို့ မဖြစ်ဘူး၊ စိတ်ရှည်ရှည်ထားပြီး အကွက်စေ့စေ့ စနစ်တကျနဲ့စီစဉ်နိုင်မှ သူတို့ကိုကော သူတို့ရဲ့ဒုစရိုက်လုပ်ငန်းတွေကိုပါ ဖြိုခွင်းနိုင်လိမ့်မယ် ညီမ၊ အစ်ကိုဟာ ဒီပြည်နယ်ကို တာဝန်နဲ့ရောက်လာရတယ်ဆိုတာကော ညီမ သိပြီးပြီလား"

www.burmeseclassic.com



"ဘိုးဘိုးပြောပြလို့ သိပြီးပါပြီ အစ်ကို"

"ဘာတွေ သိပြီးပြီ၊ ပြောပါဦး"

"အစ်ကိုဟာ နေပြည်တော် ဒုစရိုက်နှိမ်နင်းရေးမှူခင်းတပ်ဖွဲ့ ဗဟိုဌာနချုပ်က လွှတ်လိုက်တဲ့ အမှုထမ်းတစ်ယောက်၊ ချိုကုဖိန်းနဲ့ လင်ချမ်းကျုံးတို့ရဲ့ လုပ်ရပ်တွေကို သက်သေအထောက်အထားနဲ့ ဖွေဖော်ထုတ်ရမယ်၊ ပြီးတော့မှ တိုက်ခိုက်နှိမ်နင်းရမယ်၊ စီချွမ်းပြည် နယ်မှာ ဒုစရိုက်မှုတွေ ပပျောက်အောင် ဆောင်ရွက်ရမယ်"

ချန်တာ့ယူက ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်တယ် ညီမ၊ အစ်ကိုဟာ တစ်ချက်ခုတ် နှစ်ချက်ပြတ် သဘောနဲ့ နေပြည်တော် ဒုစရိုက်နှိမ်နင်းရေး မှူခင်းတပ်ဖွဲ့ထဲကို ဝင်ခဲ့ တယ်၊ အစ်ကို့ဖေဖေ့ရဲ့ဘဝ၊ အစ်ကိုဖေဖေရဲ့ သနားစရာကောင်း တဲ့ ဖြစ်ရပ်မှန်တွေကို အစ်ကိုဆယ့်ငါးနှစ်သားအရွယ်ကစပြီး သိ တယ်၊ ဒီအရွယ်မရောက်ခင်အထိ မေမေဟာ ဖေဖေ့ရဲ့အကြောင်း လုံးလုံးမပြောခဲ့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အချိန်မတန်သေးဘဲ ဖေ့အတွက် အစ်ကိုကလက်စားချေမှုတွေ လုပ်မှာစိုးလို့ပဲ"

"အစ်ကို့ မေမေက အမြော်အမြင် ကြီး ပေတယ်"

"ငယ်ငယ်ကလေးတည်းက အစ်ကိုဟာ မဟုတ်မခံစိတ် တယ်၊ မတရားရင် နည်းနည်းမှ ခေါင်းငုံ့ခံမနေတတ်ဘူး၊ ဒီလိုစိတ် ဓာတ်မျိုးဖြစ်အောင်လဲ မေမေနဲ့ အစ်ကို့ရဲ့ ဆရာတို့က အစ်ကို့ကို လေ့ကျင့်ပေးကြတယ်၊ သိုင်းပညာကိုလဲ အပြင်းအထန်သင်ကြား



ကြတယ်၊ အစ်ကိုဟာ ဒုစရိုက်သမား မှန်သမျှကို ရွံ့မုန်းခဲ့တယ်၊ ဒုစ ရိုက်မှုတွေကို နှိမ်နင်းချင်စိတ် ရှိခဲ့တယ်၊ ဖေဖေ့ရဲ့အကြောင်းကို သိရ တော့ ခံပြင်းစိတ်နဲ့ ဒုစရိုက်သမားတွေကို ပိုပြီး မုန်းခဲ့တယ်၊ ဒါကြောင့် လဲ အစ်ကို့ဆရာရဲ့ စီစဉ်ပေးမှုနဲ့ နေပြည်တော် ဒုစရိုက်နှိမ်နင်းရေး မှုခင်းတပ်ဖွဲ့မှာ ဝင်ပြီး အမှုထမ်းခဲ့တယ်၊ စီချွမ်းပြည်နယ်မှာလာပြီး အမှုထမ်းနိုင်အောင်လဲ ကြိုးစားခဲ့တယ်"

ချန်တာ့ယူသည် လရောင်ဟပ်နေသော စမ်းရေကို ကြည့် နေရာမှ ကောင်းကင်ထက်မှ လမင်းကြီးကို မော့ကြည့်သည်။ ဆက်၍လည်း စကားဆိုသည်။

"ခုတော့ စီချွမ်းပြည်နယ်ကို ရောက်လာပြီ၊ နေပြည်တော် မှာလဲ ချိုကုဖိန်းနဲ့လင်ချမ်းကျုံးတို့ရဲ့ အပုပ်နံ့သတင်းတွေထွက်နေ တယ်၊ ဒါပေမယ့် သူတို့ကိုဖြုတ်ချဖို့ နှိမ်နင်းဖို့အတွက် သက်သေအ ထောက်အထားတော့ လိုတယ်၊ အစ်ကို့အနေနဲ့ လောလောဆယ် သူတို့နှစ်ယောက် မဟုတ်တာတွေ လုပ်နေပါတယ်ဆိုတာကို သက်သေအထောက်အထားနဲ့ တင်ပြနိုင်အောင် ပထမ ကြိုးစားရ မယ်၊ သက်သေအထောက်အထားခိုင်လုံရင် သူတို့ကို နှိမ်နင်းရမယ်၊ ဒီတာဝန်ကို ထမ်းဆောင်ရဖို့ အစ်ကိုဟာ သက်ဆိုင်ရာမှာ အကြိမ် ကြိမ် တင်ပြခဲ့ရတယ်၊ အသနားခံခဲ့ရတယ်၊ အစ်ကို့ဖေဖေ့ရဲ့ အဖြစ် မှန်ကိုလဲ တင်ပြခဲ့ရတယ်၊ နောက်တော့ အစ်ကို့ကိုပဲ တာဝန်ပေးကြ တာပါပဲ၊ အစ်ကိုဟာ နိုင်ငံတော်အတွက်၊ အစ်ကို့ဖေဖေ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို တိုက်ခိုက်နှိမ်နင်းရလိမ့်မယ် ညီမ"

"ညီမလဲ ပြည်သူတစ်ယောက်အနေနဲ့ အစ်ကို့လုပ်ငန်းမှာ ပူးတွဲပါဝင်ပါရစေ အစ်ကို၊ ဒုစရိုက်သမားတွေကို နှိမ်နင်းပါရစေ၊ ညီမ ငယ်ငယ်ကတည်းက ဘိုးဘိုးက ညီမကို သိုင်းပညာသင်ပေးခဲ့လို့ အတော်အသင့် တတ်နေပါပြီ"

"လိုအပ်လာရင် ညီမတို့လို ပြည်သူတွေရဲ့ အကူအညီကိုလဲ ရယူရမှာပဲ ညီမ၊ ဒါမှလဲ အစ်ကို့တို့ရဲ့ လုပ်ငန်း ပိုပြီးထိရောက်အောင် မြင်နိုင်ပါတယ်"

ရောက်တာ၏မျက်နှာက ပြုံးပန်းများ ဝေလာသည်။ ဝမ်းသာအားတက်သော အသွင်ကိုဆောင်လာသည်။

ချန်တော့ယူက ထိုင်ရာမှ အသာအယာထရပ်သည်။ တံတားဖြူကလေး လက်ရန်းပေါ်တွင် လက်ထောက်ပြီး စမ်းရေပြင်ကို ငေးကြည့်သည်။

စကားသံထိတ်သွားတော့ စမ်းရေစီးသံလေးကို တလွှင့်လွှင့်ကြားရသည်။

သစ်ရွက်ခတ်သံလေးကို တညင်းညင်း ကြားရသည်။

ခဏနေမှ တိတ်ဆိတ်မှုကိုဖောက်ခွင်းပြီး ချန်တော့ယူ၏စကားသံ ပေါ်လာသည်။

"ညီမရဲ့စကားကို ပြန်ကောက်ရဦးမယ်"

"ဘယ်စကားလဲ အစ်ကို"



"မိဘတွေနဲ့ပတ်သက်ပြီး အစ်ကို့ထက် ညီမက ပိုပြီး ခံစားရတယ်ဆိုတာလေ"

"သြော်... ဒါလား ဟုတ်တယ်လေ၊ ညီမက ဖေဖေရော မေမေရော ဘွားဘွားပါ တစ်ပြိုင်တည်း ဆုံးရှုံးခဲ့ရတာ၊ အစ်ကိုက အဖေ တစ်ယောက်တည်း"

"ဒါပေမယ့် ညီမရယ်... ညီမရဲ့ မိဘတွေကော ဘွားဘွားပါ သေဆုံးခင်ကာလမှာ စိတ်ချမ်းသာ လူချမ်းသာ နေသွားနိုင်ကြပါတယ်၊ သူတို့ကို ဘယ်သူကမှ အနိုင်မကျင့်ရဲကြပါဘူး၊ အစ်ကို့ဖေဖေကတော့ လင်ချမ်းကျုံးရဲ့ အနှိမ်ခံဘဝနဲ့ နေခဲ့ရတယ်၊ စံအိမ်အမှုထမ်းတွေ ကိုယ်တိုင်ကတောင် ဖေဖေ့ကို မထီလေးစားနဲ့ အနိုင်ကျင့်ချင်ကြတယ်၊ ဖေဖေဟာ မေမေနဲ့တွေ့ ခါနီးအထိ စိတ်ဆင်းရဲခြင်းကြီးစွာနဲ့ နေခဲ့ရတယ်၊ ဒီအချက်တွေဟာ အစ်ကို့အတွက် သိပ်ပြီး ခံစားရတဲ့အချက်တွေပဲ၊ ဒါကြောင့် အစ်ကို့ရဲ့ ခံစားချက်နဲ့ ညီမရဲ့ ခံစားချက်တူတယ်လို့ အစ်ကိုပြောတာပါ"

"အင်း... ဒီလိုဆိုတော့လဲ ဟုတ်ပါတယ် အစ်ကို၊ ညီမရဲ့ မိဘတွေကတော့ အသက်ရှင်စဉ်ကာလမှာ စိတ်ချမ်းချမ်းသာသာ နေသွားကြရပါတယ်၊ ဒီအချက်မှာတော့ အစ်ကို့ထက် ညီမက အများကြီးဖြေလို့ ရသေးတာပေါ့"

နှစ်ယောက်စကား ပြတ်သွားကြပြန်သည်။ ခဏနေမှ ရောက်တာက ခေါ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို"

"ဟင်"

"အစ်ကို့ဖေဖေ့ရဲ့အကြောင်းကိုတော့ ဘိုးဘိုးပြောပြလို့ညီမ သိပြီးပါပြီ၊ အစ်ကို့အကြောင်းကိုလဲ ပြောပြပါလား"

"အစ်ကို့အကြောင်း ဟုတ်လား"

"ဒီလိုပါ အစ်ကို၊ အစ်ကို့ဖေဖေ ဆုံးတဲ့နေ့ဟာ အစ်ကို့ မေ မေဟာ တစ်ခါတည်း ပျောက်သွားတယ်၊ ဘယ်မှာနေလို့ ဘယ်မှာ ထိုင်တယ်ဆိုတာလဲ ဘယ်သူမှမသိကြရတော့ဘူး၊ ညီမလဲ အစ်ကို့မေ မေရဲ့အကြောင်းကို သိပ်ပြီး သိချင်နေတယ်၊ အခုတော့ အစ်ကို့အ ကြောင်းပါပေါ့၊ ညီမ စိတ်ဝင်စားလွန်းလို့ပါ အစ်ကိုရယ်"

ချမ်းတာ့ယူသည် သက်ပြင်းတစ်ချက်ချပြီး မူလ သူ့နေရာ တွင် အသာအယာ ပြန်ထိုင်သည်။

ပြီးမှ ညင်သာ အေးဆေးစွာ ပြောသည်။

"အစ်ကို့ဖေဖေဟာ ငယ်ငယ်ကတည်းက လင်ချမ်းကျုံးအ နှိမ်ခံဘဝနဲ့နေခဲ့ရတာ စိတ်ဓာတ်ပျော့တယ်၊ လူတွေကိုကြောက် တယ်၊ အမှန်တရားကို ရင်မဆိုင်ရဲဘူး၊ သတ္တိလည်း သိပ်ပြီးနည်း တယ်၊ မေမေကျတော့ ဖေဖေနဲ့ဆန့်ကျင်ဘက် မဟုတ်မခံစိတ်ရှိ တယ်၊ ကိုယ်မှန်တယ်ထင်ရင် ဘယ်သူ့ကိုမှ မကြောက်ဘူး၊ စိတ်ဓာတ် ခိုင်မာတယ်၊ မေမေဟာ အစ်ကိုကိုလဲ သူ့လိုပဲ စိတ်ဓာတ်ခိုင်မာအောင် ပုံသွင်းပေးခဲ့တယ်၊ အလေ့အကျင့် လုပ်ပေးခဲ့တယ်၊ ဖေဖေ အသတ်ခံ



ရတဲ့ နေ့တုန်းကဆိုရင် လူများစုက ဖေဖေ့ကို သတ်တဲ့လူဟာ မေမေ ပဲလို့ ထင်ခဲ့ကြတယ်၊ ညီမရဲ့ဘိုးဘိုးတောင် ဒီလိုပဲ ထင်ခဲ့သေးတယ်"

"ဒါကတော့ အစ်ကိုရယ်၊ ဒီတုန်းက ဘိုးဘိုးဟာ ချီကုဖိန်းနဲ့ လင်ချမ်းကျုံးတို့ရဲ့ စိတ်ဓာတ်အမှန်ကိုလဲ မသိသေးဘူး မဟုတ်လား၊ သူတို့ကလဲ ဘိုးဘိုးယုံကြည်အောင် ဟန်ဆောင်ကောင်းခဲ့ကြတာကိုး၊ ဘိုးဘိုးကိုတော့ အထင်မလွဲပါနဲ့ အစ်ကိုရယ်"

"ဩော်... ညီမရယ်၊ အထင်လွဲလို့ ပြောတာ မဟုတ်ပါဘူး၊ မေနဲ့ ဘွားလေးတို့ပြောပြလို့ ချီကုဖိန်းနဲ့ လင်ချမ်းကျုံးတို့နှစ် ယောက်စလုံး ပရိယာယ်မာယာ ဘယ်လောက်အထိ များတယ်ဆို တာ အစ်ကိုသိပြီးပါပြီ၊ သူတို့စည်းရုံးမှုထဲကို မဝင်ဘဲ အမှန်လမ်း ကိုသာ လျှောက်တဲ့ ညီမရဲ့ဘိုးဘိုးကို အစ်ကိုတို့က အများကြီး ချီး ကျူးပါတယ်၊ ဒါကြောင့်လဲ အခုလို ညီမရဲ့ဘိုးဘိုးနဲ့ လာပူးပေါင်းတာ ပေါ့"

ထိုအခါကျမှ ရှောက်ဗ့ာ ကျေနပ်သွားသည်။

"အစ်ကို့ရဲ့မေမေ ဘယ်လိုရုန်းကန်လှုပ်ရှားလာတယ်ဆို တာကို ပြောပါဦး အစ်ကို"

ချမ်းတာ့ယူ မျက်နှာက အနည်းငယ်ညှိုးသွားသည်။

"ဖေဖေဆုံးသွားတဲ့ နေ့တုန်းကဆိုရင် မေမေဟာ ကိုယ့် ကိုယ်ကို သတ်သေချင်လောက်အောင် စိတ်ဆင်းရဲသွားတယ်၊ ယူ ကျုံးမရ အများကြီးဖြစ်ရတယ်၊ ဖေဖေ့ကို သတ်တဲ့လူဟာ သူ့ပဲလို့

www.burmeseclassic.com

www.burmeseclassic.com



အမျှားက ထင်မြင်သွားတာကိုပိုပြီး ခံပြင်းခဲ့တယ်၊ အခင်းဖြစ်ပွား တဲ့နေရာက မေမေဟာ အရှုံးတစ်ယောက်လို ခြေဦးတည့်ရာ ထွက် ပြေးလာခဲ့တယ်၊ အဲဒီအချိန်မှာ မိုးတွေကလဲ သဲသဲမဲမဲ ရွာချတယ်"



အခန်း(၆)

သမီးရဲ့အရာ

"ဂျိန်း... ဒလိန်း... ဂျိန်း"

"ဗိုး... ဗိုး... ဗိုး"

"ဝေါ... ဝေါ"

လျှပ်ရောင်တွေက ဝင်းခနဲ ဝင်းခနဲ လင်းလက်သွားသည်။

မိုးခြိမ့်သံတွေက အဆက်မပြတ် မြည်ဟည်းပေါ်ထွက်နေ သည်။

မိုးကလည်း သဲသဲမဲမဲ ရွာချနေသည်။ လေပြင်းကပါ တိုက် ခတ်သဖြင့် သစ်ပင်ကြီးများမှာ ယိမ်းနွဲ့လူးလှုပ်ရှားနေကြသည်။

ဝိုင်ယီးယီးသည် ရှုံကြီးတင် ငိုရှိုက်ရင်းမှ ခြေဦးတည့်ရာ ပြေးသည်။

"မောင်လေး ချန်ဂူးဝမ်း... မောင်လေး"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ယုတ်မာတဲ့လူတွေ… သိပ်မတရားတဲ့လူတွေ၊ အလကားလူတွေ"

"မောင်လေး သေသလို ရှင်တို့လဲ သေရမယ်၊ မောင်လေး ခံစားရသလို ရှင်တို့လဲ ခံစားရမယ်၊ ကျွန်မ တစ်သက် ရှင်တို့ကို ဘယ်တော့မှ မကျေဘူး"

"ဖေဖေလဲ မရှိဘူး၊ ဖေဖေလဲ ဆုံးပြီး၊ ဖေဖေရယ် သမီးရဲ့ ဒုက္ခတွေကို မြင်လှည့်စမ်းပါဦး"

သူမသည် မိုးသဲသဲမဲမဲ ရွာနေသည်ကိုလည်း ဂရုမထားမိ။

လေပြင်းများ တိုက်ခတ်နေသည်ကိုလည်း အမှုမထားမိ။

နှုတ်မှသာ အရူးတစ်ယောက်လို အော်ဟစ်ငိုကြွေးသွားသည်။

သို့သော် သူမ၏ အသံက မိုးသံလေသံတို့ကို မထိုးဖောက်နိုင်ပါချေ။

မည်သည့်နေရာအထိ သူမ ပြေးခဲ့ကြောင်းလည်း အမှတ်မထားမိ။

မိုးထဲ လေထဲတွင် ခြေဦးတည့်ရာကိုသာ ပြေးမြဲ ပြေးနေသည်။

နတ်ကွန်းဆောင်ကြီး တစ်ဆောင်အနီးသို့ ရောက်လာမှ ကစဉ့်ကလျား ဖြစ်နေသောသူမ၏စိတ်ကိုပြန်ပြီး စုစည်းလာနိုင်သည်။

သတိကိုပြန်ပြီး ထိန်းချုပ်လာနိုင်သည်။



နတ်ကွန်းဆောင်ကြီးရှေ့တွင် ဒယီးဒယိုင်ဖြင့် ရပ်မိသည်။

နတ်ကွန်းဆောင်ကြီးထဲသို့ လှမ်း၍လည်း ကြည့်မိသည်။

အထဲတွင် မည်သူတစ်ဦးတစ်ယောက်မှတော့ မရှိချေ။

အမွှေးတိုင်များကို ထွန်းထားသည်။ မီးငြိမ်းနေသော ဖယောင်းတိုင်ကြီးများကိုလည်း မြင်ရသည်။

လှဲကျင်းသုတ်သင်ထားသဖြင့် သပ်ရပ်သန့်ရှင်းနေသည်။

ကွမ်ရင်မယ်တော်ကြီး၏ ရုပ်ထုကြီးကိုလည်း လှမ်းမြင်ရသည်။

နတ်ကွန်းကြီးရှေ့တွင် ရပ်နေစဉ် မိုးလည်း အတော်ကလေး စဲသွားသည်။

ရှေ့ဘက်ကို လှမ်းကြည့်လိုက်သောအခါ ရွာကြီးတစ်ရွာကို မြင်ရသည်။

ငင်းရွာမှ ရွာသူရွာသားများသည် ဤနတ်ကွန်းကြီးတွင် လာရောက်ပူဇော်ပသကြလိမ့်မည်ဟု ဝိုင်ယီးယီး တွေးမိသည်။

နတ်ကွန်းကြီးထဲသို့လည်း ပြေးဝင်လာမိသည်။

ငိုရှိုက်ရင်း ကွမ်ရင်မယ်တော်ကြီးရုပ်တုရှေ့တွင် ဒူးထောက်ထိုင်ချလိုက်သည်။

ရှိုးရင်း နှုတ်မှလည်း မြည်ကြွေးတိုင်တည်သည်။

"သမီးရဲ့ခန္ဓာကိုယ် လောင်ကျွမ်းမတတ်ခံစားရတဲ့ ပရိဒေဝသောကမီးကို အမြန်ဆုံးငြိမ်းသတ်ပေးတော်မူပါ မယ်တော်ကြီး၊

www.burmeseclassic.com

www.burmeseclassic.com



ဆောက်တည်ရာမရဖြစ်နေတဲ့ သမီးရဲ့စိတ်ကို ငြိမ်းအောင် စောင်မတော်မူပါ မယ်တော်ကြီး”

ကွမ်ရင်မယ်တော်ကြီး၏ ခပ်ငိုက်ငိုက် ဖြစ်နေသော မျက်နှာက သူမကို အားပေးနှစ်သိမ့်သယောင် ကြည့်နေသည်ဟု ပိုင်ယီးယီး ထင်မိသည်။

“လောကကြီးမှာ လူကြီးလူကောင်း အရေခြုံထားတဲ့လူသမာတွေ ကြီးစိုးမင်းမူနေကြပါတယ် မယ်တော်ကြီး၊ သူတို့ရဲ့ညှဉ်းပန်းနှိပ်စက်မှုကို လူကောင်းတွေ ခံနေကြရပါတယ်၊ ဒီလိုလူမျိုးတွေကို အပြစ်ဒဏ်တော်မူပါ၊ အပြစ်ပေးတော်မူပါ၊ လူကောင်းတွေကို သင်းတို့ရဲ့နှိပ်စက်ညှဉ်းပန်းဘေးက ဝေးအောင် ကယ်တင်တော်မူပါ”

ပြောဆိုမြည်တမ်းရင်းမှ သူမ၏အသံက ပို၍ ဆို့နင့်လာသည်။

“သမီးရဲ့ဖေဖေလဲ ဆုံးခဲ့ရပြီး သမီးရဲ့ချစ်လင် မောင်လေး ချန်ဂူးဝမ်းလဲ သေသွားရပါပြီ၊ ဒီအတွက် လူကြီးလူကောင်းအရေခြုံ ဒုစရိုက်သမားတွေကိုပြန်ပြီး တုံ့ပြန်ပါရစေ မယ်တော်ကြီး၊ သင်းတို့တွေ ကျဆုံးအောင် တိုက်ခိုက်နိုင်ဖို့ အခြေအနေပေးတော်မူပါ၊ လမ်းဖွင့်ပေးတော်မူပါ၊ မယ်တော်ကြီး ရှေ့မှောက်မှာ ဒူးထောက်ပြီး သမီးအသနားခံရပါတယ်”

အမွှေးတိုင်းမှ မွှေးရနံ့များက နတ်ကွန်းဆောင်ကြီးထဲတွင် လွှင့်ပျံနေ၏။



အပြင်ဘက်တွင်လည်း မိုးမှာ စဲစပြုနေပြီ။

ပိုင်ယီးယီးသည် ဒူးထောက်၍ ခပ်မတ်မတ် ထိုင်နေရာမှ ကိုယ်ကို ရှေ့သို့ ကိုင်းညွတ်လိုက်သည်။

သူမ၏ခါးတွင် ချိတ်ထားသော အိတ်နီကလေးကိုလည်း ကိုယ်နှင့်ဖိမိသည်။

ထိုအခါမှ သူမထံတွင် ရှင်ရှန်းသိုင်းကျမ်းနှင့် ကျောက်စိမ်းလက်ဝတ်ရတနာများ ပါလာကြောင်းကိုသတိရသည်။

သူမသည် တုန်ယင်သောလက်အစုံဖြင့် အိတ်နီထဲမှ ရှင်ရှန်းသိုင်းကျမ်းစာအုပ်နှင့် ကျောက်စိမ်းလက်ဝတ်ရတနာထုပ်ကို ထုတ်ယူသည်။

ကွမ်ရင်မယ်တော်ကြီး၏ ရုပ်တုရှေ့တွင် အသာအယာ ချသည်။

ဤပစ္စည်းများ၏ပံ့ပိုးမှုနှင့် ဒုစရိုက်သမားများကို နှိမ်နင်းတိုက်ခိုက်နိုင်ပါစေ ဟူ၍လည်း ဆုတောင်းသည်။

ထိုသို့ ဆုတောင်းရင်းမှ ချန်ဂူးဝမ်းအသတ်ခံရသည့် မြင်ကွင်းကိုလည်း ပြန်လည်မြင် ယောင်မိသည်။

မိုးထဲလေထဲတွင် ချန်ဂူးဝမ်း၏အလောင်းကို လင်ချမ်းကျုံးတို့က ပစ်သွားလေမလားဟုလည်း တွေးမိသည်။

ပြီးတော့ သူမကိုယ်တိုင်လည်း ချန်ဂူးဝမ်းကို နောက်ဆုံးအနေနှင့် တဝကြီး ကြည့်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ယီးယီး ထိုင်ရာမှ ဖျတ်ခနဲ ထရပ်လိုက်သည်။

နတ်ကွန်းဆောင်ထဲမှ ပြေးထွက်သည်။

လာခဲ့သည့်လမ်းအတိုင်း တစ်ရှိန်ထိုး ပြန်ပြေးခဲ့သည်။

မိုးမှာ လုံးလုံးတိတ်သွားသော်လည်း သူမ တစ်ကိုယ်လုံး ရွှဲရွှဲစိုနေသည်။

သို့သော် သူမ ရင်ထဲတွင် အပူမီး တောက်လောင်နေသဖြင့် ချမ်းအေးခြင်းမရှိပါ။

အချိန်အတော်ကြာအောင် မနားတမ်း ပြေးလာခဲ့ပြီးနောက် နေညိုချိန်တွင် အခင်းဖြစ်ပွားရာနေရာသို့ ပိုင်ယီးယီး ပြန်ရောက်လာသည်။

ယင်းနေရာတွင် မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရတော့ချေ။

ကြောင်နက်အဖွဲ့ဝင် လူဆိုးသုံးယောက်၏ အလောင်းနှင့် ချန်ဝူးဝမ်း၏အလောင်းလည်း မရှိတော့ချေ။

အလောင်းများအားလုံးကို လင်ချင်းကျုံးက သယ်ယူသွားခြင်းပင် ဖြစ်လိမ့်မည်။

ပိုင်ယီးယီးသည် ချန်ဝူးဝမ်း သေဆုံးသည့်နေရာသို့ ဖြည်းဖြည်းကလေး လျှောက်လာသည်။

သူမ စိတ်အာရုံထဲတွင် ချန်ဝူးဝမ်းကို လင်ချင်းကျုံးက ဓားနှင့်ထိုးသတ်နေပုံကို အထပ်ထပ် အခါခါ မြင်ယောင်နေမိသည်။



ချန်ဝူးဝမ်း သေဆုံးသည့်နေရာသို့အရောက်တွင် ဒူးထောက်ထိုင်ချလိုက်ပြီး ရှိုက်ကြီးတငင် ငိုကြွေးလိုက်သည်။

"မောင်လေးချန်ရယ်... မောင်လေးချန်ခံစားရသလို သင်းတို့တွေ ခံစားရပါစေ့မယ်၊ မောင်လေးချန် သေဆုံးရသလို သင်းတို့တွေ သေဆုံးရပါစေ့မယ်၊ သင်းတို့ကို ပြန်ပြီးမဆုံးမရသမျှ သင်းတို့ရဲ့ယုတ်မာရက်စက်မှုကို အမှန်အတိုင်း မဖော်ထုတ်နိုင်သေးသမျှ မောင်လေးချန်နောက်ကို မမလိုက်ချင်ပေမယ့် မလိုက်သေးဘူးကွယ်၊ အမှန်တရားကိုဖော်ထုတ်ပြီး သင်းတို့ကို ဆုံးမပြီးမှ မောင်လေးချန်နောက်ကို မမလိုက်ခဲ့ပါမယ်ကွယ်၊ လိုက်ခဲ့ပါ့မယ်"

ပိုင်ယီးယီးသည် မျက်နှာကို ခေါင်းငိုက်စိုက်ချ၍ လက်ဝါးဖြင့် အုပ်ကာ ငိုကြွေးမြည်တမ်းနေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသဖြင့် သူမ၏ငိုသံမှာ ကျယ်လောင်စွာ ပေါ်ထွက်နေသည်။

သူမသည် စိတ်ကိုလွှတ်ပြီး အားပါးတရ ငိုကြွေးနေသည်။

အချိန်မည်မျှထိ ကြာသွားကြောင်းကိုပင် သတိမပြုမိချေ။

နေရောင်သည် ပျော့သည်ထက် ပျော့လာသည်။ နေဝင်ဆည်းဆာချိန်တို့ပင် ရောက်လာသည်။

ပိုင်ယီးယီးသည် ချန်ဝူးဝမ်းနာမည်ကိုရေရွတ် တမ်းတရင်း ငိုကြွေးနေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် သူမ နောက်ဘက်နားမှ ဆွေးဆွေးမြည့်မြည် ငိုကြွေးသံတစ်သံ ပေါ်ထွက်လာသည်။

သူမစိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားပြီး အသံထွက်ပေါ်လာရာ နောက်ဘက်ကို ဖျတ်ခနဲ လှည့်ကြည့်သည်။

သူမ နောက်ဘက် ဆယ်ပေခန့်အကွာတွင် မတ်တတ်ရပ်၍ ငိုကြွေးနေသော မိန်းမကြီးတစ်ယောက်ကို တွေ့ရသည်။

မိန်းမကြီးသည် မျက်နှာကို ပဝါဖြင့်အုပ်၍ ငိုကြွေးနေသဖြင့် မျက်နှာကိုတော့ မမြင်ရချေ။

သို့သော် ယင်းမိန်းမကြီးမှာ အထိန်းတော်ကြီး ကျီဖေ့ကျန်းဖြစ်ကြောင်း ပိုင်ယီးယီး သိလိုက်လေသည်။

ချန်ဂူးဝမ်းအပေါ် သားရင်းတစ်ယောက်ကဲ့သို့ ချစ်ခင်မြတ်နိုးသော အထိန်းတော်ကြီး ကျီဖေ့ကျန်းကိုမြင်ရတော့ ပိုင်ယီးယီးပိုပြီး ကြေကွဲဝမ်းနည်းသွားသည်။

ငိုရှိုက်ရင်းမှ သူမသည် အသာအယာ ထရပ်လိုက်သည်။

သူမသည် အထိန်းတော်ကြီး ကျီဖေ့ကျန်းထံသို့ကား မသွားရဲသေးချေ။

ဒုနယ်စားကြီး ချီကုဖိန်းတို့နည်းတူ အထိန်းတော်ကြီး ကျီဖေ့ကျန်းကလည်း သူမကို ချန်ဂူးဝမ်း သတ်သူဟု ထင်မြင်ယူဆနေမှာ ပိုင်ယီးယီး စိုးရိမ်နေမိသည်။



အထိန်းတော်ကြီး ကျီဖေ့ကျန်းက မျက်နှာမှ ပဝါကိုဖယ်လိုက်ပြီး ငိုကြွေးရင်းမှ ပိုင်ယီးယီးကိုကြည့်သည်။

ပြီးမှ ပိုင်ယီးယီးထံ လျှောက်လှမ်းလာရင်း တုန်ယင်ဆို့နင့်စွာ စကားဆိုသည်။

"ကိုယ်ကျိုးတော့ နည်းကြပြီပေါ့ သမီးလေးရယ်"

အထိန်းတော်ကြီးကျီဖေ့ကျန်း၏ လေယူလေသိမ်းစကားသုံး အသုံးအနှုန်းကိုကြားရသည်နှင့် အထိန်းတော်ကြီးကျီဖေ့ကျန်းသည် သူမအပေါ် အထင်အမြင် လွဲသွားခြင်းမရှိကြောင်း ပိုင်ယီးယီး တွက်ဆမိသည်။

အထိန်းတော်ကြီး ကျီဖေ့ကျန်းမှာလည်း ချန်ဂူးဝမ်း(ရှင်) နည်းတူ သူမအပေါ် သံယောဇဉ်ကြီးလွန်းသူပါကလားဟု ပိုင်ယီးယီး တွေးမိပြီး ရင်ထဲတွင် ငိုရှုံ့ ဆို့နင့်သွားသည်။

"အမေ... အမေရယ်"

ပိုင်ယီးယီးသည် ဆို့နင့်စွာခေါ်ရင်း အထိန်းတော်ကြီးကျီဖေ့ကျန်း၏ရင်ခွင်ထဲ ပြေးဝင်လိုက်သည်။

အထိန်းတော်ကြီးကျီဖေ့ကျန်း ကလည်း ပိုင်ယီးယီးကို ပြန်၍ပွေ့ဖက်ထားပြီး ငိုကြွေးရင်း တတွတ်တွတ် ရေရွတ်သည်။

"သမီး... သမီးလေး"

www.burmeseclassic.com

www.burmeseclassic.com



"သမီးရဲ့ဒုက္ခကို ကယ်ပါဦး အမေရယ်"

နှစ်ယောက်စလုံး ရင်ထဲတွင် နင့်နေကြသဖြင့် စကားများများ မပြောနိုင်ကြပေ။ တစ်ဦးကိုတစ်ဦး ဖက်၍သာ ရှိုက်ကြီးတငင် ငိုကြွေးနေကြသည်။

ယခင်က အထိန်းတော်ကြီး ကျိဖေ့ကျန်းက ပိုင်ယီးယီးကို မိန်းကလေးဟုသာ ခေါ်ဝေါ်ဆက်ဆံခဲ့သည်။

ပိုင်ယီးယီးကလည်း ကျိဖေ့ကျန်းကို အဒေါ်ဟုသာ ခေါ်ဝေါ်ခဲ့သည်။

ယခု သူတို့သည် ချန်ဂူးဝမ်း သေဆုံးသွားရခြင်းအတွက် ကြေကွဲဝမ်းနည်းနေကြရသည်။

ပိုင်ယီးယီးက ချစ်ရသော ခင်ပွန်းသည်အတွက် ပူဆွေးသောကဖြစ်ရသလို အထိန်းတော်ကြီး ကျိဖေ့ကျန်းကလည်း သားကဲ့သို့ ချစ်ရသောသူအတွက် ပူဆွေးသောကရောက်ရသည်။

သူတို့နှစ်ဦးစလုံး၏ခံစားချက်မှာ အတူတူပင် ဖြစ်၏။

တစ်ဦးအပေါ် တစ်ဦးလည်း ကရုဏာသက်မိကြသည်။

ပို၍ပင် ကြင်နာ မိကြသည်။ ထို့ကြောင့် အခေါ်အဝေါ်တွေ ပြောင်းလဲသွားခြင်း ဖြစ်လေသည်။

"လူလေးရဲ့သတင်းကိုကြားရတော့ အမေ မယုံကြည်အောင် ဖြစ်မိသေးတယ် သမီးရယ်၊ လင်ချမ်းကျူးတို့က လုပ်ကြံသတင်းဖြန့်လိုက်တာလားလို့ ထင်မိသေးတယ်၊ လူလေးအလောင်းကို



မြင်ယောင်ခဲ့သည်။ မိမိသယ်လာကြတယ်၊ ဒီတော့ အမေယုံရတော့တယ်၊ အမေ ရင်ကွဲမတတ် ခံစားလိုက်ရတာ သမီးလေးရယ်၊ အားလုံးက လူလေးကို သမီးသတ်တာပဲလို့ လက်ခံယုံကြည်နေကြတယ်"

"အမေကကော ယုံသလားဟင်"

"လင်ချမ်းကျူးတို့ လုပ်ကြံပြောတဲ့စကားကို အမေ ယုံပါမသားကွယ်၊ အမေယုံမှတော့ သမီးကို ခုလိုဆက်ဆံပါတော့မလား၊ သူလေး ချန်ဂူးဝမ်းကို ရက်သားအရွယ်ကတည်းက အမေဟာ ပြုစုစောင့်ရှောက်လာရတာပါသမီးရယ်၊ လူလေး အမေက လူလေးကို မွေးပြီးပြီးချင်း ဆုံးတယ်၊ ဒီတော့ အမေဟာ လူလေးအပေါ် သားအရင်းတစ်ယောက်လို သံယောဇဉ်ဖြစ်ခဲ့ရပါတယ်၊ ချစ်ခဲ့ရပါတယ်၊ လူလေးကို ရက်ရက်စက်စက်သတ်တဲ့သူဟာ သမီးဖြစ်နေရင် သမီးကိုလဲ လက်စားချေရမှာပဲ"

"သမီး သဘောပေါက်ပါတယ် အမေ"

"လင်ချမ်းကျူး ဘယ်လောက်အထိ ယုတ်မာရက်စက်တယ်ဆိုတာ သမီးထက် အမေက အဆတစ်ရာလောက် ပိုသိတယ်၊ ဒါကြောင့် အဖြစ်အပျက်အမှန်ကို အမေ မသိရပေမယ့် လူလေးကို သတ်တဲ့သူဟာ လင်ချမ်းကျူးပဲ ဖြစ်လိမ့်မယ်ဆိုတာတော့ အမေတစ်ချ တွက်ဆထားပြီးသား"

ပိုင်ယီးယီးသည် အထိန်းတော်ကြီးကျိဖေ့ကျန်း၏မျက်နှာတွင်လွှယ်ထားသော အထုပ်ကြီးကို ကြည့်၍…

www.burmeseclassic.com

www.burmeseclassic.com



"အမေ အခုအိမ်က ထွက်လာတာလားဟင်"

"လင်ချမ်းကျိုးက အမေ့ကို အိမ်ကနှင်ချလိုက်တာ သမီး လူလေးကို သဂြိုလ်ပြီးတဲ့နေ့အထိ နေပါရစေဦးလို့ တောင်းပန်တာ တောင် မရဘူး၊ အမေ့ကိုပါ သမီးနဲ့ပူးပေါင်းပြီး သူ့ကိုမကောင်းကြံ တယ်လို့ စွပ်စွဲတယ်လေ"

"သူက အမေ့ကို ဘာဖြစ်လို့ ငွေမျိုးဖြူစံအိမ်မှာ မထား ချင်ရတာလဲ"

"လူလေး ချန်ဂူးဝမ်း ရမယ့်အမွေတွေကို သူတစ်ယောက် တည်း အပိုင်စီးချင်လို့ပေါ့ သမီးရယ်၊ အမေရှိနေရင် သူလုပ်ချင်သ လိုလုပ်လို့ရမှာ မဟုတ်ဘူးလေ"

"အင်းလေ... လောလောဆယ်အချိန်မှာ ကံကြမ္မာက သူ့ကို မျက်နှာသာ ပေးနေသေးတာကိုး၊ သမီးတို့ အလှည့်ကိုလဲ ရောက် လာ ပါလိမ့်ဦးမယ် အမေ၊ ခုအချိန်မှာ သမီးတို့အနေနဲ့သူ့ကို လက်တုံ့ ပြန်လို့ဖြစ်ကြဦးမှာ မဟုတ်ဘူး၊ ကျောက်တုံးကို ခေါင်းနဲ့ဆောင့်သလို ပဲ ဖြစ်လိမ့်မယ်"

"ဟုတ်ပါတယ် သမီး"

"အမေ အခု ဘယ်သွားမလဲ၊ ဘယ်မှာနေမလဲ"

"မသိသေးပါဘူး သမီးရယ်၊ အမေ့မှာက ဆွေမျိုးသားချင်း လဲ မရှိ၊ အသိမိတ်ဆွေလဲ မရှိ"

"ဒါဆို သမီးနဲ့ပဲ လိုက်ခဲ့ပါလား အမေ"



"ဘယ်ကိုလဲ သမီး၊ သမီးရဲ့အိမ်ကိုလား"

"သမီးမှာလဲ အိမ်ရယ်လို့မရှိပါဘူး အမေ၊ သမီးရဲ့ဖေဖေလဲ ဆုံးသွားပြီး၊ သမီးလဲ ဆွေမျိုးသားချင်းမရှိတဲ့ တစ်ကောင်ကြွက် ဖြစ် သွားပါပြီ"

"စိတ်အားမငယ်ပါနဲ့ သမီးရယ်၊ လောလောဆယ် အမေတို့ ဖြစ်သလို နေကြတာပေါ့၊ အမေ့အနေနဲ့ကတော့ လူလေးကိုယ်စား သမီးကိုပဲ ချစ်ရတော့မှာပဲ၊ သမီးနဲ့အတူတူနေရလို့ကတော့ ဘယ် လိုပဲ နေရနေရ အမေကျေနပ်ပါပြီကွယ်"

"လောလောဆယ် သမီးတို့တွေ မန်းစန်းတောင်မှာ သွား နေကြတာပေါ့ အမေ"

"မန်းစန်းတောင်မှာ ဘယ်သူရှိလို့လဲ သမီး"

"သမီးရဲ့ဆရာ ရှိပါတယ် အမေ၊ သမီး ဆယ်နှစ်သမီး အ ရွယ်လောက်ကတည်းက ဆရာနဲ့အတူတူနေပြီး သိုင်းပညာသင်ကြား ခဲ့လို့ ဆရာကလဲ သမီးအပေါ်မှာ သမီးရင်းတစ်ယောက်လို ချစ်နေ ပါတယ်၊ သမီးတို့နေမယ်ဆိုရင် ဆရာက ဝမ်းမြောက်ဝမ်းသာ လက် ခံမှာပါ အမေ"

"သမီးရဲ့ဆရာက ဘယ်သူလဲ"

"မိုးကြိုးသိုင်းသမားကြီး လီခုံးချိုပါ အမေ"

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

## မျိုးဆက်သွေး

မန်းစန်းတောင်ကား ယင်းတူးမြို့လေးနှင့် လီငါးဆယ်ခန့် အကွာတွင် တည်ရှိသည်။

မန်းစန်းတောင်သည် မြင့်မားမတ်စောက်ခြင်း မရှိဘဲ ချော ပြစ်သွယ်တန်းကာ သစ်ပင်ဝါးပင်များ ပေါများသည့်တောင်ကြီး ဖြစ် ၏။ သာယာလှပခြင်းလည်း ရှိ၏။

သို့သော် ယင်းတူးမြို့သူမြို့သားများနှင့် ခရီးသွားများသည် မန်းစန်းတောင်ပေါ် အရောက်အပေါက် နည်းကြသည်။

မန်းစန်းတောင်ပေါ်တွင် မိုးကြိုးသိုင်းသမားကြီး လီခုံး ချီနေထိုင်ကြောင်းကို အားလုံးသိကြသည်။

လွန်ခဲ့သောနှစ်ပေါင်း လေးဆယ်လောက်ကတည်းက



မန်းစန်းတောင်သို့ လီခုံးချီရောက်လာပြီး နေထိုင်ခဲ့ခြင်း ဖြစ်သည်။

မိုးကြိုးသိုင်းသမားကြီး လီခုံးချီသည် တစ်နှစ်နေလို့မှ တောင်အောက်ကို တစ်ခေါက်မဆင်းချေ။

မည်သူနှင့်မှလည်း ရင်းရင်းနှီးနှီး ဆက်ဆံခြင်းမပြုချေ။

အားလုံးက သူ့ကို လူထူးဆန်း သိုင်းသမားကြီးဟု ခေါ်ကြ သည်။

မန်းစန်းတောင်ပေါ်သို့ လီခုံးချီ ခွင့်မပြုဘဲ မည်သူမှလည်း မတက်ရဲကြချေ။

အထူးသဖြင့် ဒုစရိုက်သမားများ၊ လူဆိုးများသည် မန်းစန်း တောင်ကို ဝေးဝေးက ရှောင်ကြသည်။

မိုးကြိုးသိုင်းသမားကြီး လီခုံးချီသည် မန်းစန်းတောင်ပေါ် သို့ တက်လာသော ဒုစရိုက်သမား မှန်သမျှကို နည်းအမျိုးမျိုးဖြင့် တိုက်ခိုက် သုတ်သင်တတ်သောကြောင့်ပင်တည်း။

မိုးကြိုးသိုင်းသမားကြီး လီခုံးချီသည် ပြိုင်ဘက်ကင်းအောင် သိုင်းပညာထက်မြက်သူလည်း ဖြစ်သည်။

မန်းစန်းတောင်ပေါ်တွင် ထောင်ချောက်အမျိုးမျိုးလည်း ရှိ သည်။

ထို့ကြောင့် ဒုစရိုက်သမားများသည် အင်အား အဖွဲ့အစည်း နှင့်ပင်လျှင် မန်းစန်းတောင်ပေါ်သို့ မတက်ရဲကြချေ။

တက်မိသူတိုင်းလည်း အသက်နှင့် ပြန်ဆင်းရသူဟူ၍ မရှိ

www.burmeseclassic.com

www.burmeseclassic.com



နချ။

မိုးကြိုးသိုင်းသမားကြီး လီခုံးချိုထံ အကူအညီ တောင်းလို သော လူကောင်းသူကောင်းများကမူ ကြိုပြီး ခွင့်ပန်တတ်ကြသည်။

ထိုအခါ မိုးကြိုးသိုင်းသမားကြီး လီခုံးချိုကလည်း ထိုသူတို့ လက်ခံ တွေ့ဆုံသည်။

ထိုသူ လိုသောအကူအညီမှာ သူကူညီထိုက်သော အကူအ ညီမျိုးဆိုပါကလည်း ပေးတတ်သည်။

မိုးကြိုးသိုင်းသမားကြီး လီခုံးချိုသည် အသက်ခြောက်ဆယ် ကျော် ရှိနေလေပြီ။

သူနှင့်အတူ တပည့်ရင်းဖြစ်သော ခါးကုန်းကြီး တစ်ယောက် သာ နေသည်။

ခါးကုန်းကြီးမှာ သူ၏ဝေယျာဝစ္စကို ဆောင်ရွက်ပေးသည်။

သိုင်းပညာကိုလည်း အတော်ကလေး တတ်မြောက်သည်။

ယင်းတူး မြို့သူမြို့သားများကမူ ခါးကုန်းကြီးကို သိနေ ကြသည်။

ခါးကုန်းကြီးသည် ယင်းတူးမြို့ကလေးသို့ တစ်ပတ်တစ်ခါ နှစ်လတစ်ခါ ဆိုသလို ဈေးလာဝယ်တတ်သောကြောင့် ဖြစ်၏။

ထို့ကြောင့် မိုးကြိုးသိုင်းသမားကြီး လီခုံးချိုကို တွေ့လိုကြသူ များမှာ ခါးကုန်းကြီးမှတစ်ဆင့် မှာကြားနိုင်လေသည်။

ခါးကုန်းကြီး၏အမည်မှာ ကင်းလျောင်ဖြစ်သော်လည်း



မည်သူကမှ နာမည်ကိုမခေါ်ကြဘဲ ခါးကုန်းကြီးဟုသာ အလွယ်တကူ ခေါ်နေကြသည်။

ခါးကုန်းကြီး ကင်းလျောင်မှာ သဘောကောင်းပြီး ခပ်ပျော် ပျော်လည်း နေတတ်သဖြင့် လူတိုင်းက ခါးကုန်းကြီးကင်းလျောင်ကို ရဲရဲတင်းတင်း ဆက်ဆံကြသည်။ ချစ်ခင်ကြသည်။

မန်းစန်းတောင်ပေါ်သို့ နှစ်နှစ်အတွင်း မည်သူမှမတက်ရဟူ သော မိုးကြိုးသိုင်းသမားကြီး လီခုံးချို၏စည်းကမ်းချက်ကို ခါး ကုန်းကြီး ကင်းလျောင်ကပဲ လူအများသိသာအောင် ကြေငြာသည်။

ယင်းနှစ်နှစ်အတွင်းတွင် မိုးကြိုးသိုင်းသမားကြီး လီခုံးချိုအ နေနှင့် မည်မျှပင် အရေးကြီးကြီး တွေ့ဆုံနိုင်မည်မဟုတ်ဟုလည်း ကြေငြာသည်။

ဋ္ဌင်းစည်းကမ်းချက်ကို ကြားရသူအပေါင်းမှာ နားမလည် နိုင်အောင် ဖြစ်ရသည်။

ခါးကုန်းကြီး ကင်းလျောင်ကို ဤစည်းကမ်းချက် အဘယ် ကြောင့် ထုတ်ပြန်ရသနည်းဟု သိလိုသူတို့က မေးမြန်းကြသော် လည်း ခါးကုန်းကြီး ကင်းလျောင်က ဖြေကြားခြင်း မရှိပါချေ။

ခါးကုန်းကြီးကင်းလျောင်ကို အကဲခတ်ကြည့်နေသူများ အ

www.burmeseclassic.com

www.burmeseclassic.com



နေနှင့် ထူးခြားမှုတစ်ခုကို သတိပြုမိသည်မှာ စည်းကမ်းချက်ထုတ်ပြန်ပြီးနောက် ယင်းတူးမြို့ကလေးသို့ ဈေးဝယ်လာသည့်အခါ ခါးကုန်းကြီးကင်းလျှောင်သည် ခါတိုင်းထက် နှစ်ဆ ပို၍ ဝယ်တတ်ခြင်းပင် ဖြစ်၏။

သို့သော် ထိုအတွက်နှင့်ပတ်သက်၍ မည်သူမှ မမေးရဲကြချေ။

မန်းစန်းတောင်ခြေပတ်လည်တွင်လည်း ဆိုင်းဘုတ်ကြီးများစွာ စိုက်ထူထားကြသည်။

တောင်ပေါ်သို့ မတက်ရ။

တက်လျှင် သေမည်။

မိုးကြိုးသိုင်းသမား

မန်းစန်းတောင်သည် ဟူပေပြည်နယ်တွင် ရှိသည်။

ဟူပေပြည်နယ် နယ်စားကြီးကိုယ်တိုင် မိုးကြိုးသိုင်းသမားကြီး လီခုံးချီကို လေးလေးစားစားရှိသည်။ ရင်းရင်းနှီးနှီး ရှိသည်။

မိုးကြိုးသိုင်းသမားကြီး လီခုံးချီကလည်း ဟူပေပြည်နယ်အကျိုးဖြစ်ထွန်းရေးအတွက် နယ်စားကြီးကိုများစွာ အကူအညီပေးခဲ့သည်။

ဒုစရိုက်သမားများကို နှိမ်နင်းနုတ်သင်ရာတွင်လည်းကောင်း၊ ပြည်နယ်တိုးတက်ဖွံ့ဖြိုးရေး လုပ်ဆောင်ရာတွင်လည်းကောင်း မိုးကြိုးသိုင်းသမားကြီး လီခုံးချီက ပါဝင်ကူညီခဲ့သည်။



ထို့ကြောင့်လည်း နယ်စားကြီးသည် မိုးကြိုးသိုင်းသမားကြီး လီခုံးချီကို သူ့တစ်သက် နေထိုင်နိုင်သမျှကာလပတ်လုံး အပိုင်စားသဘောမျိုး ပေးထားခဲ့သည်။

ထိုသို့နယ်စားကြီးကိုယ်တိုင် ခွင့်ပြုထားသဖြင့်လည်း မိုးကြိုးသိုင်းသမားကြီး လီခုံးချီသည် မန်းစန်းတောင်ကို သူ့စိတ်တိုင်းကျ စီမံချယ်လှယ်နိုင်ခြင်းဖြစ်လေသည်။

မိုးကြိုးသိုင်းသမားကြီး လီခုံးချီအနေနှင့် နှစ်နှစ်အတွင်း မန်းစန်းတောင်ပေါ်သို့ မည်သူမှမတက်ရဟူသော စည်းကမ်းချက်ကို ပြင်းပြင်းထန်ထန်ထုတ်လိုက်ခြင်းမှာ သူ့ထံသို့ ပိုင်ယီးယီးနှင့်ကျိဖေ့ကျန်းတို့ ရောက်လာသောကြောင့်ပင်။

မိုးကြိုးသိုင်းသမားကြီး လီခုံးချီနှင့် ပိုင်ယီးယီး၏ဖခင် ပိုင်ကျန်းတို့မှာ လွန်စွာ ချစ်ခင်သော မိတ်ဆွေများ ဖြစ်ကြသည်။

ပိုင်ယီးယီး ဆယ်နှစ်သမီး အရွယ်ခန့်တွင် ပိုင်ကျန်းက သမီးဖြစ်သူကို သိုင်းပညာသင်ပေးရန် လီခုံးချီထံတွင် လာရောက်အပ်နှံသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လီခုံးချိသည် ပိုင်ယီးယီးကို သမီးရင်း တစ်ယောက်သဖွယ် ချစ်ခင်ပြီး ဆယ်နှစ်နီးပါးခန့် သိုင်းပညာသင်ကြားပေးခဲ့သည်။

လိမ္မာရေးခြားရှိရန်လည်း သွန်သင်ဆုံးမခဲ့သည်။

မဟုတ်မခံစိတ်ဓာတ် မျိုးရှိရန်လည်း လေ့ကျင့်ပေးခဲ့သည်။

သူ့ထံသို့ ပိုင်ယီးယီး ပြန်ရောက်လာသောအခါ လီခုံးချိ ဝမ်းသာလာသည်။

သူ့မိတ်ဆွေ ပိုင်ကျန်း သေဆုံးသွားပြီဖြစ်ကြောင်းနှင့် ပိုင်ယီးယီး တွေ့ကြုံဖြစ်ပျက်ခဲ့သမျှတို့ကို ကြားပြန်သောအခါ စိတ်မကောင်းဖြစ်ရပြန်သည်။

ပိုင်ယီးယီးတို့ကို သူနှင့်ပင် အတူတူနေသွားရန် နှစ်သိမ့်အားပေးသည်။

ပိုင်ယီးယီးကို လင်ချမ်းကျုံးတို့ ခြေရာမခံမိစေရန် တောင်ပေါ်သို့ နှစ်နှစ်အတွင်း မည်သူမှ မတက်ရဟူသော စည်းကမ်းချက်ကိုလည်း ထုတ်ပြန်ခဲ့သည်။

လောလောဆယ်အချိန်၌ သူ့ထံတွင် ပိုင်ယီးယီးတို့ ရောက်နေကြသည်ကို မည်သူမှ မသိစေချင်သေးပေ။

မိုးကြိုးသိုင်းသမားကြီး လီခုံးချိနှင့် ခါးကုန်းကြီး ကင်းလျှောင်တို့သည် ပိုင်ယီးယီးနှင့်ကျိုဖေ့ကျန်းတို့ကို အတတ်နိုင်ဆုံး စိတ်ချမ်းသာအောင် ထားသည်။

သို့သော် ပိုင်ယီးယီးကော ကျိုဖေ့ကျန်းပါ ချန်ဂူးဝမ်းကိုလွမ်း



ဆွတ်သတိရစိတ်ကြောင့် ဝမ်းနည်းကြေကွဲကြရသေးသည်။

သူတို့စိတ်ကို သူတို့ မည်သို့မှ ဖြေလို့မရအောင် ဖြစ်နေမိကြသေးသည်။

သို့သော် သုံးလခန့်ကြာသောအခါ ပိုင်ယီးယီးတွင် ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း ကျိုဖေ့ကျန်းက စတင်ပြီး အကဲခတ်မိသည်။

သေသေချာချာ စစ်ဆေးမေးမြန်းကြည့်သောအခါ ပိုင်ယီးယီးတွင် အမှန်တကယ် ကိုယ်ဝန်ရှိနေကြောင်း သိကြရသည်။

ချန်ဂူးဝမ်း သေဆုံးပြီးမှ သူတို့တတွေ ဦးစွာဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်။

သူမချစ်ရသော မောင်လေး ချန်ဂူးဝမ်း၏ရင်သွေးကို သူမကိုယ်တိုင် လွယ်ထားရပြီမဟုတ်ပါလား။

ချန်ဂူးဝမ်း၏ ကိုယ်ပွားကလေးကို ရပေတော့မည်။

ထိုနေ့မှစ၍ ပိုင်ယီးယီးသည် ကျန်းမာရေးကို အထူးဂရုစိုက်၍နေသည်။

သူမ၏ရင်သွေးကလေး တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်သည်။

သူမ၏ရင်သွေးကလေးမှာ ချန်မျိုးနွယ်ဆက်ကလေးပင် မဟုတ်ပါလား။

ချန်ဂူးဝမ်း၏သွေးကို လွယ်ထားရသောအခါ သူမသည် ချန်ဂူးဝမ်းကို ပိုပြီး သတိရသည်။

ကျိုဖေ့ကျန်း၊ မိုးကြိုးသိုင်းသမားကြီး လီခုံးချိနှင့် ခါးကုန်း

www.burmeseclassic.com

www.burmeseclassic.com



ကြီး ကင်းလျှောင်တို့အားလုံးက ပိုင်ယီးယီးကို အထူးဂရုစိုက်ကြသည်။

သူတို့ကိုယ်တိုင်က ချန်ဂူးဝမ်း၏ ရင်သွေးကလေးကို ကျန်းမာသန်စွမ်းစွာ မွေးဖွားသန့်စင် စေချင်ကြသည်။

အားလုံးက ယောကျ်ားကလေးဖြစ်ပါစေဟုလည်း ဆုတောင်းကြသည်။

အားလုံးဆုတောင်းသည့် အတိုင်းလည်း ဆုတောင်းပြည့်သည်။

ပိုင်ယီးယီးမွေးလာသော ကလေးမှာ ယောကျ်ားကလေးဖြစ်နေသည်။

ချန်ဂူးဝမ်း၏မျက်နှာပေါက်နှင့်လည်း အတော်ကလေးတူသည်။

ပိုင်ယီးယီးသည် သန္ဓေသားကို လွယ်ထားရစဉ် ချန်ဂူးဝမ်းကို နေ့စဉ်နှင့်အမျှ သတိရသည်။

ချန်ဂူးဝမ်း၏မျက်နှာကိုသာ မြင်ယောင်နေသည်။

ထိုအစွဲကြောင့် မွေးလာသော သားကလေးမှာ ချန်ဂူးဝမ်းနှင့် တူနေရခြင်း ဖြစ်လေသည်။

ကျိဖေ့ကျန်းကမူ တစ်မျိုးယူဆသည်။

သေဆုံးသွားသော ချန်ဂူးဝမ်းသည် ပိုင်ယီးယီးကို စွဲစွဲလမ်းလမ်းနှင့်သေဆုံးသွားသောကြောင့် ပိုင်ယီးယီးထံတွင် ဝင်စားသည်။



ဤသားလေးမှာ ချန်ဂူးဝမ်း ဝင်စားသောသားကလေးပင် ဖြစ်လိမ့်မည်ဟု ယူဆကြခြင်းဖြစ်၏။

မည်သို့ပင်ဖြစ်စေ သားလေးကို ပိုင်ယီးယီးကျိဖေ့ကျန်းတို့သာမက မိုးကြိုးသိုင်းသမားလီခုံးချီနှင့် ခါးကုန်းကြီး ကင်းလျှောင်တို့ကပါ လွန်စွာချစ်ကြသည်။

သားလေး၏နာမည်ကို ချန်တာ့ယူဟု ပေးလိုက်ကြလေသည်။

မိုးကြိုးသိုင်းသမားကြီး လီခုံးချီသည် ချန်တာ့ယူကလေး၏ အဆစ်မမြစ်ကိုကြည့်၍ သိုင်းသမားလေကောင်းတစ်ယောက် ဖြစ်လာနိုင်ကြောင်းကို အကဲခတ်မိသည်။

ချန်ဂူးဝမ်းကဲ့သို့ လူကြောက်လေးဖြစ်မလာရန် ငယ်ငယ်ကတည်းက အလေ့အကျင့် လုပ်ပေးရန်လည်း ဆုံးဖြတ်ချက်ချထားသည်။

ချန်တာ့ယူကို မွေးဖွားချိန်က မိုးဦးကျ ဖြစ်၏။

ချန်တာ့ယူကလေး သုံးလအရွယ်လောက်မှစပြီး မိုးကြိုးသိုင်းသမားကြီး လီခုံးချီနှင့်ပိုင်ယီးယီးတို့သည် ကလေးကိုအပူဒဏ် အအေးဒဏ်ခံနိုင်အောင် စတင် အလေ့အကျင့် လုပ်ပေးခဲ့ကြသည်။

ချန်တာ့ယူကလေး အရွယ်ရောက်လာသည့်အခါ အပူသိုင်း အအေးသိုင်းကို ဦးစွာသင်ကြားပေးမည်ဟုလည်း လီခုံးချီဆုံးဖြတ်ချက် ချထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကလေးငယ်ကို မီးရှူးထဲလည်း ပစ်ထားတတ်သည်။

နေပူထဲတွင်လည်း ချထားတတ်သည်။

ပထမအစတွင် ကလေးငယ်မှာ ငိုကြွေးသည်။

အအေးမိ အပူရှပ်ပြီး နာမကျန်းလည်း အနည်းငယ် ဖြစ်သည်။

သို့သော် လီခုံးချီက ဆေးကောင်းဝါးကောင်းဖြင့် ကုသအကာအကွယ်ယူကာ အပူဒဏ်၊ အအေးဒဏ်ကို ခံနိုင်စေရန် အလေ့အကျင့် လုပ်ပေးသည်။

ပထမသုံးလတွင် အအေးထဲ၌ မိနစ်ပိုင်းမျှသာထား၍ အလေ့အကျင့်လုပ်ပေးသည်။

သုံးလကျော်သွားသောအခါ ကလေးမှာ ခံနိုင်ရည်အနည်းငယ် ရှိလာသည်။

ထို့ကြောင့် အချိန်အနည်းငယ် တိုးတိုးပြီး ထားသွားသည်။

အပူဒဏ်ကိုခံနိုင်စေရန်လည်း ဤနည်းဖြင့် အလေ့အကျင့် လုပ်ပေးသည်။

ပိုင်ယီးယီးနှင့်ကျိဖေ့ကျန်းတို့သည် ဝမ်းသာအားရ ဖြစ်နေကြသည်။

သားကလေး ချန်တာ့ယူသည် ဖခင်ချန်ဂူးဝမ်းအတွက် လင်ချမ်းကျိုးတို့၏ယုတ်မာမှုများကို ဖော်ထုတ်ဆုံးမနိုင်မည့်သူဖြစ်



ကြောင်း ယုံကြည်လာမိကြသည်။

ချန်တာ့ယူကလေးမှာ အရွယ်ကြီးလာလေ ချန်ဂူးဝမ်း၏ မျက်နှာပေါက်နှင့်ပို၍ တူလာလေပင် ဖြစ်၏။

ချန်တာ့ယူကလေးငါးနှစ်သားအရွယ်တွင် ချမ်းအေးသော နှင်းခဲများအကြား နေ့ဝက်မျှ နေနိုင်အောင် အအေးဒဏ်ခံနိုင်လာသည်။ အပူဒဏ်ကိုလည်း အတော်ကြာ ခံနိုင်ရည် ရှိလာသည်။

မိုးကြိုးသိုင်းသမားကြီး လီခုံးချီသည် ချန်တာ့ယူကို ငါးနှစ်သားအရွယ်မှစ၍ အပူသိုင်း၊ အအေးသိုင်းပညာကိုစတင်ပြီး သင်ကြားပေးသည်။

အေးစိမ့်လှသော ရေခဲတုံးကြီးများအကြားတွင် အအေးသိုင်းကိုသင်သည်။

မီးပုံကြီးများ ပတ်ပတ်လည်ဝိုင်းနေသော အလယ်တွင် အပူသိုင်းကို သင်ပေးသည်။

ဖခင်ဖြစ်သူ ချန်ဂူးဝမ်း၏အကြောင်းကိုမူ ချန်တာ့ယူသိအောင် မည်သူကမှ ထုတ်ဖော်မပြောကြသေးချေ။

ချန်တာ့ယူ ငါးနှစ်သားအထိတိုင် မန်းစန်းတောင်အောက်ကို မဆင်းခိုင်းချေ။

သို့သော် မဟုတ်မခံစိတ်ရှိအောင်တော့ ချန်တာ့ယူ၏စိတ်ကို အလေ့အကျင့် လုပ်ပေးကြသည်။

မဟုတ်မမှန်သော အလုပ်ကိုမလုပ်ဖို့၊ ဖြောင့်မတ်သောအ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုလုပ်ဖို့ သွန်သင်ဆုံးမခဲ့ကြသည်။

ဒုစရိုက်သမားလူဆိုးများကို ရွံရှာမုန်းတီးစိတ် ရှိရန်လည်း ပုံပြင်များကို ဖန်တီး၍ ပြောပြခဲ့သည်။

လူကြီးများက နေ့စဉ်လိုလို ဆုံးမနားသွင်းနေသဖြင့် ချန်တော့ယူကလေးမှာ အတော်ကလေး နားဝင်နေသည်။

အားလပ်ချိန်များတွင် ချန်တော့ယူကလေးသည် ခါးကုန်းကြီး ကင်းလျှောင်နှင့် တောထဲတောင်ထဲသွားပြီး ဆော့ကစားနေလေ့ရှိသည်။

ခါးကုန်းကြီး ကင်းလျှောင်က ချန်တော့ယူကို တောင်ဆင်းတောင်တက် ကျွမ်းကျင်အောင် အလေ့အကျင့်လုပ်ပေးသည်။

တစ်ခါတစ်ရံ မိုးကြိုးသိုင်းသမားကြီး လီခုံးချီနှင့်တွေ့ရန် တောင်ပေါ်သို့ ဧည့်သည်များရောက်သောအခါ ပိုင်ယီးယီး၊ ကျိုဖေ့ကျန်းနှင့် ချန်တော့ယူတို့သည် ပုန်းကွယ်နေတတ်ကြသည်။

အခြေအနေက ပိုင်ယီးယီးတို့ရှိနေကြောင်း မည်သူမှ မသိလေ၊ ကောင်းလေပင် မဟုတ်ပါလား။

ပိုင်ယီးယီးနှင့် ကျိုဖေ့ကျန်းတို့ ကိုယ်တိုင်လည်း မန်းစန်းတောင်ပေါ်ကို ရောက်လာပြီးကတည်းက တစ်ခါမှ တောင်အောက်ကို မဆင်းကြသေးချေ။

ခါးကုန်းကြီး ကင်းလျှောင်က ယင်းတူးမြို့ကလေးသို့ဆင်းပြီး ဈေးဝယ်သွားတတ်သည်။



ယင်းတူးမြို့ကလေးတွင် အကြာကြီး မနေဘဲ အတတ်နိုင်ဆုံး မြန်မြန်ဈေးဝယ်ပြီး မန်းစန်းတောင်ကို ပြန်လာတတ်သည်။

ချန်တော့ယူ ခြောက်နှစ်သားအရွယ်သို့ ရောက်လာသောအခါ မိုးကြိုးသိုင်းသမားကြီး လီခုံးချီ၏ခွင့်ပြုချက်ဖြင့် ပိုင်ယီးယီးနှင့် ကျိုဖေ့ကျန်းတို့လည်း မန်းစန်းတောင်မှ ဆင်းခဲ့ကြသည်။

သူတို့နှင့် အတူ ချန်တော့ယူကိုလည်း ခေါ်ခွင့်ရသည်။

ချန်တော့ယူကို လူတောသူတောထဲ တိုးဝင်စေပြီး လူ့အကြောင်းသိစေရန် ပိုင်ယီးယီးနှင့် ကျိုဖေ့ကျန်းတို့သည် ခေါ်လာခဲ့ကြခြင်း ဖြစ်၏။

သူတို့ကို မိုးကြိုးသိုင်းသမားကြီး လီခုံးချီ၏လူများ ဖြစ်ကြောင်း၊ မန်းစန်းတောင်မှ လာကြောင်းကိုတော့ မည်သူမှမသိအောင် ပါးစပ်ပိတ်ထားကြရမည်ဖြစ်၏။

ချန်တော့ယူကလေးကိုလည်း ထိုကဲ့သို့အသိမျိုး ဝင်လာအောင် အထပ်ထပ် မှာကြားထားသည်။

သူတို့သည် ခါးကုန်းကြီး ကင်းလျှောင်ကိုယ်စား ယင်းတူးမြို့ကလေးသို့ ဈေးဝယ်လာကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

### အမေ့အတွက် လက်စားချေမယ်

ယင်းတူးမြို့မှာ မြို့ကလေးတစ်မြို့သာ ဖြစ်သော်လည်း ဈေးကမူ ကျယ်ဝန်းစည်ကားသည်။ အရောင်းအဝယ် ဖြစ်ထွန်းသည်

အခြားသော မြို့ရွာများမှ ကုန်သည်များ လာရောက် ဆည်းကာ ရောင်းဝယ်ကြသောကြောင့် ဤသို့စည်ကားခြင်း ဖြစ် သည်။

ချန်တော့ယူကလေးမှာ ယင်းတူးမြို့နားကို ရောက်လာ တည်းက လူများများ သွားလာလှုပ်ရှားနေကြသည်ကို မြင်ရသဖြင့် အံ့သြထူးဆန်းနေသည်။

သူသည် ယခု အသက်အရွယ်အထိ ဤသို့ လူများများစား စားကို မတွေ့ရဘူးချေ။



လူစိမ်းဆို၍ မန်းစန်းတောင်သို့ရောက်လာသော လီခုံးချီ၏ သို့သည် အနည်းအကျဉ်းလောက်ကိုသာ မြင်ဖူးသည်။ ဤသည်က ည်း ရံဖန်ရံခါမှသာ ဖြစ်၏။

ထို့ကြောင့် လူစုလူဝေးနှင့်သွားလာ လှုပ်ရှားနေသူများကို င်ရသောအခါ အဆန်းတကြယ် ဖြစ်ရခြင်းပင်။

မြို့တွင်းကိုရောက် လာသောအခါ လူတွေ ပိုများသည်။

သူမမြင်ဖူးသော အိမ်များ၊ အဆောက်အအုံများကိုလည်း င်လာရသည်။

ချန်တော့ယူအဖို့ မြင်မြင်သမျှ အဆန်းတွေချည်းသာ ဖြစ်၏။

ဈေးထဲသို့ရောက်လာသောအခါ လူများများကို ပိုတွေ့ရ ည်။ ရောင်းကြ ဝယ်ကြသည်များကိုကြည့်ပြီး စိတ်ဝင်စားမိသည်။

မိုးကြိုးသိုင်းသမားကြီး လီခုံးချီနှင့်ပိုင်ယီးယီးတို့တတွေက ကိုလူတွေအကြောင်း၊ မြို့ရွာများအကြောင်း၊ ကုန်ရောင်းကုန်ဝယ် ပ်ကြပုံအကြောင်းများကိုကြိုတင်၍ နားဝင်အောင် အထပ်ထပ် ပြာထားသဖြင့် သူသည် နားဝင်နေသည်။

သူကြားထားသည်နှင့် သူမြင်ရသော မြင်ကွင်းများမှာ မှန် န်နေသည်။

လူတွေအကြောင်း၊ မြို့ရွာများအကြောင်းကိုသာ သူမသိ ားပါက သူသည် အံ့သြ၍ ဆုံးတော့မည်မဟုတ်တော့ချေ။

သူသည် ကြို၍သိထားသည့်တိုင် ပိုင်ယီးယီးနှင့် ကျိဖေ့

www.burmeseclassic.com

www.burmeseclassic.com



ကျန်းတို့ကို သူမသိသည့်အချက်များမေး၍ မဆုံးအောင် ဖြစ်နေသည်။

ပိုင်ယီးယီးနှင့် ကျိုဖေ့ကျန်းတို့ကလည်း ချန်တာ့ယူသိလိုသမျှ အချက်အလက်များကို ရှင်းလင်းပြောပြကြသည်။

သိသင့်သိထိုက်သမျှများကိုလည်း ထပ်မံ ပြောပြကြသည်။

ပိုင်ယီးယီးသည် ဆယ်နှစ်သမီး အရွယ်မှစ၍ မိုးကြိုးသိုင်းသမားကြီး လီခုံးချီထံတွင် ပညာသင်ကတည်းက ယင်းတူးမြို့ကလေးကို မကြာခဏ ရောက်ဖူးသည်။

ယင်းတူးမြို့ ဈေးကြီးအကြောင်းကိုလည်း သိနေသည်။

သူတို့သည် ပထမတွင် ဈေးမဝယ်ကြသေးဘဲ ချန်တာ့ယူကို ဈေးကြီးထဲတွင် နေရာအနှံ့လိုက်၍ ပြကြသည်။

လူများများနှင့် တရုန်းရုန်းမနေခဲ့ဖူးသော ချန်တာ့ယူသည် ကြာတော့ ခေါင်းထဲတွင် မူးနောက်နောက်ကြီး ဖြစ်လာသည်။

"လူတွေ တရုန်းရုန်းနဲ့ခေါင်းထဲ မူးလာတယ် မေမေ၊ ကျွန်တော် တစ်နေရာမှာ နေခဲ့ချင်တယ်၊ မေမေတို့ ဘာသာ ဈေးဆက်ဝယ်လေ"

ပိုင်ယီးယီးလည်း ချန်တာ့ယူအတွက် ပေါက်စီသုံးလုံး ထပ်ပေးပြီး ဈေးတောင်ဘက်ရှိ မြေကွက်လပ်ထဲတွင် ထိုင်နေစေသည်။

ပိုင်ယီးယီးက မှာသည်။

"ဒီမှာ မုန့်စားရင်း သား နေခဲ့နော်၊ မေမေတို့ လိုတာလေး



ထပ်ဝယ်လိုက်ဦးမယ်၊ သိပ်မကြာဘူး၊ ဘယ်ကိုမှလဲ လျှောက်မသွားနဲ့နော်"

"ဟုတ်ကဲ့ မေမေ"

ချန်တာ့ယူလည်း မြေကွက်လပ် အစပ်ရှိ သစ်ပင်ကြီး၏သစ်မြစ်ဆုံပေါ်တွင် ထိုင်ပြီး ပေါက်စီကို ဖြည်းဖြည်းချင်းစားနေသည်။

သူ့ဘေးနားတွင်လည်း ခြင်းတစ်ခြင်းချထားသည်။

ခြင်းထဲတွင် ပိုင်ယီးယီးတို့ ဝယ်ခြမ်းထားသော ပစ္စည်းပစ္စယအတော်ကလေး စုံစုံလင်လင် ရှိနေသည်။

ချန်တာ့ယူ ပျော်နေသည်။ သူ မမြင်ဖူးသောအရာများကိုမြင်တွေ့ရပြီး သူ မစားဖူးသော အစားများကိုလည်း စားသောက်ရသည် မဟုတ်ပါလား။

ချန်တာ့ယူ ပေါက်စီကို ဖြည်းဖြည်းစားရင်း လူသွားလူသာများသည့် ဈေးဝယ်များကို လှမ်းကြည့်နေမိသည်။

ပေါက်စီနှစ်လုံး ကုန်ခါနီးတွင် သူ့အနီးသို့ လူငယ်လေးယောက် ရောက်လာသည်ကိုတွေ့ရသည်။

လူငယ်လေးယောက်စလုံး သူ့ထက် ကြီးသည်။ ခြောက်နှစ်မှ ဆယ်နှစ်အတွင်း အရွယ်ရှိသူများ ဖြစ်သည်။

အသက်ကိုးနှစ်ကျော်ကျော်ခန့်ရှိ လူငယ်တစ်ယောက်က ချန်တာ့ယူကိုတစ်လှည့်၊ ပစ္စည်းများ ထည့်ထားသောခြင်းကိုတစ်လှည့် ကြည့်လိုက်ပြီးမှ လေသံမာမာနှင့်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီခြင်းက မင်းရဲ့ခြင်းလား"

ချန်တာ့ယူက လေးလေးစားစား ကောင်းကောင်းမွန်မွန်ပင် ပြန်ပြောသည်။

"ဟုတ်ပါတယ် ခင်ဗျာ"

"မင်း တစ်ယောက်တည်း ဈေးဝယ်လာတာလား၊ လူကြီး မပါဘူးလား"

"ကျွန်တော့် မေမေနဲ့ဘွားလေး ပါပါတယ်၊ ဈေးထဲမှာ ဈေး ဝယ်နေကြပါတယ်"

ထိုလူငယ်က ခြင်းတောင်းကို ကိုင်လိုက်ပြီး.....

"ဒါဖြင့် ဒီခြင်းတောင်းကို တို့ယူသွားမယ်"

"ဗျာ... ဘယ်ကိုယူသွားမှာလဲ"

"တို့ဘာသာ ဘယ်ကိုယူယူပေါ့၊ မင်းက အသားမနာချင်ရင် ငြိမ်ငြိမ်ကလေးနေ"

တခြားလူငယ် နှစ်ယောက်ကပါ ခြင်းတောင်းကို မလိုက် ကြသည်။

"နေကြပါဦးဗျာ... နေကြပါဦး'

ချန်တာ့ယူ ထိုင်ရာမှ ထရပ်သည်။

"ဖြန်း....."

"အား....."

အသက်အကြီးဆုံးလူငယ်က ချန်တာ့ယူ မျက်နှာကို လက်



ဝါးဖြင့် ရိုက်လိုက်သည်။

ချန်တာ့ယူ နောက်ကို ဖင်ထိုင်လျက် လဲကျသွားသည်။

"နောက်တစ်ခါ မင်း ထရပ်တာနဲ့အသေပဲ၊ ဘာသံမှ မ ထွက်နဲ့"

ချန်တာ့ယူ ရင်ထဲတွင် လှုပ်ရှားနေသည်။ ဘာလုပ်ရမှန်းမ သိလည်း ဖြစ်နေသည်။

လူငယ်လေးယောက်က ခြင်းကို မ,ပြီး ထွက်သွားကြသည်။

သူ့မေမေ ဝယ်ထားသော ပစ္စည်းများကို တခြား လူများက ယူသွားကြသဖြင့် စိတ်ထဲတွင် ဝမ်းနည်းသလိုလို ဖြစ်လာသည်။

သူသည် ထိုင်ရင်းမှ ငိုကြွေးလိုက်မိသည်။

သူ့အနီးသို့ ပိုင်ယီးယီးနှင့် ကျိဖေ့ကျန်းတို့ အပြေးကလေး ရောက်လာကြသည်။

"ဘယ်လိုဖြစ်တာလဲ သား"

"မေမေတို့ ဈေးဝယ်ထားတဲ့ခြင်းကို ဟိုလူလေးယောက် ယူ သွားကြတယ် မေမေ"

ထိုအချိန်တွင် ခြင်းသယ်သွားသောလူငယ်လေးယောက်မှာ ဘစ်ဘက် ကွင်းစပ်နားသို့ရောက်နေကြပြီ ဖြစ်၏။

ပိုင်ယီးယီးက လူငယ်လေးယောက်ရှိရာကို တစ်ချက်လှည့် ကြည့်လိုက်ပြီးမှ.....

"ကိုယ့်ရဲ့ပစ္စည်းကို သူတို့အတင်းလုယူသွားတာ မင်းက ဒီ

www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပဲ ငြိမ်နေသလား၊ ဘာဖြစ်လို့ ငိုနေရတာလဲ၊ ယောကျ်ားဆိုတာ မငိုရဘူးလို့ မေမေ ပြောထားတာ သားမေ့သွားပြီလား"

"သူတို့ကို ဘယ်သူတွေမှန်း မသိလို့ပါ မေမေ"

"ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် ကိုယ့်ရဲ့ပစ္စည်းကို နိုင်ထက်စီးနင်းလုပ်ပြီး ယူသွားတာဟာ လူဆိုးတွေ လုပ်တဲ့အမူအကျင့်ပဲ၊ မေမေ ပြောထားတယ် မဟုတ်လား၊ မဟုတ်ရင် မခံရဘူးလို့၊ တကယ်တမ်းဆို သူတို့မတရားလုပ်တာ သားငြိမ်ခံနေစရာ မလိုဘူး၊ ဘာလဲ သူတို့ကို သားက ကြောက်လို့လား"

ချန်တာ့ယူ မျက်နှာက တည်ငြိမ်သွားသည်။

"ကြောက်လို့မဟုတ်ပါဘူး မေမေ"

"မကြောက်ရင် ပါသွားတဲ့ ခြင်းကို သား ကိုယ်တိုင်လိုက်ပြီး ရအောင် ပြန်ယူ"

"ကောင်းပါပြီ မေမေ"

ချန်တာ့ယူ တွေဝေမနေတော့ဘဲ လူငယ်လေးယောက်ရှိရာ ဘက်သို့ ပြေးထွက်သွားသည်။

ကျိဖေ့ကျန်းက ချန်တာ့ယူအတွက် စိုးရိမ်သွားပြီး ပိုင်ယီးယီးကို ကမန်းကတန်း ပြောသည်။

"မြေးလေးတစ်ယောက်တည်း ဘာဖြစ်လို့ လွှတ်လိုက်ရတာလဲ သမီးရယ်၊ ဟိုက မြေးလေးထက်လဲ ကြီးတယ်၊ ပြီးတော့ လေးယောက်တောင်၊ သမီးပါ လိုက်သွားရောပေါ့"



ပိုင်ယီးယီးက ပြုံးပြီး....

"မစိုးရိမ်ပါနဲ့ အမေ၊ သားကို ကိုယ့်ကိုယ်ကိုပဲ အားကိုးတဲ့လူ တစ်ယောက် ဖြစ်လာစေချင်တယ်၊ ပြီးတော့ သားဟာ ဟိုကောင်လေးယောက်ကို နိုင်ပါလိမ့်မယ်၊ သမီးတို့နောက်က အသာလိုက်ကြည့်ကြတာပေါ့"

ပိုင်ယီးယီးနှင့် ကျိဖေ့ကျန်းတို့နှစ်ယောက်စလုံး ဖြည်းဖြည်းပင် လိုက်ခဲ့ကြသည်။

အပြေးလိုက်သွားသော ချန်တာ့ယူကမှ ခြင်းယူသွားသော လူငယ် လေးယောက်ကိုမီလာသည်။

နောက်မှ လှမ်းအော်လိုက်သည်။

"နေကြပါဦး"

လူငယ်လေးယောက်စလုံး နောက်ကို လှည့်ကြည့်ကြသည်။

ချန်တာ့ယူ တစ်ယောက်တည်း ပြေးလိုက်လာသည်ကို တွေ့ရသဖြင့် ရပ်လိုက်ကြသည်။

လူငယ်လေးယောက်အနက် ခေါင်းဆောင်ဖြစ်ဟန်တူသူလူငယ်က လှမ်းပြောသည်။

"ဟေ့ကောင်... အသားနာချင်သေးလို့ တို့နောက်ကို လိုက်လာတာလား"

ချန်တာ့ယူက ၎င်းလူငယ်နှင့်မျက်နှာချင်းဆိုင်တွင် ရပ်လိုက်ပြီး လေသံတင်းတင်းဖြင့်ပင် ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့သာ အသားမနာချင်ရင် ငါ့ရဲ့ခြင်းကို ထားပြီး ထွက်သွားကြ"

"ဘာကွ"

ခေါင်းဆောင်ဖြစ်သူလူငယ်က ချန်တာ့ယူမျက်နှာကို သူ့လက်ဝါးနှင့် လွှဲရိုက်လိုက်သည်။

ချန်တာ့ယူက ခေါင်းဆောင်ဖြစ်သူ လူငယ်၏လက်ကို သူ၏ညာလက်ဖြင့် ဆီးခံလိုက်ပြီး ဘယ်ဘက်ဖြင့် ခေါင်းဆောင်ဖြစ်သူ လူငယ်၏ရင်ဘတ်ကို တွန်းလိုက်သည်။

"ဗုန်း...."

"အင့်...."

ခေါင်းဆောင်ဖြစ်သူ လူငယ် မျက်နှာတစ်ချက်မဲ့သွားပြီး နောက်ကို ခြေသုံးလှမ်းခန့် ယိုင်သွားသည်။

ကျန်လူငယ်သုံးယောက်စလုံး မျက်စိမျက်နှာ ပျက်သွားကြသည်။

ခေါင်းဆောင်ဖြစ်သူ လူငယ်မှာ နာလည်းနာ၊ ရှက်လည်းရှက်သွားသည်။

"ဒီကောင့်ကို ဝိုင်းဆော်ကြစမ်း"

လူငယ်သုံးယောက်စလုံး ချန်တာ့ယူထံ ခုန်ဝင်ကြသည်။ လက်နှင့်ရိုက်သူက ရိုက်သည်။ ခြေဖြင့်ကန်သူက ကန်သည်။

ချန်တာ့ယူကလည်း ခြေလက်အစုံကို လှုပ်ယမ်း၍ ပြန်တိုက်



သည်။

လူငယ်တစ်ယောက်၏မျက်နှာကို သူ့လက်ဝါးက ရိုက်မိပြီး နောက်တစ်ယောက်၏ခါးကို သူ့ခြေဖြင့် ကန်မိသည်။

၎င်းလူငယ်နှစ်ယောက်စလုံး မြေပေါ် ဖင်ထိုင်လျက် လဲသွားလေသည်။

ကျန်လူငယ်တစ်ယောက်၏ခြေဖျားက တာ့ယူ မျက်နှာကို ခတ်မိသည်။

"ဖြန်း...."

"အ...."

ချန်တာ့ယူ နောက်ကိုယိုင်ပြီး ဖင်ထိုင်လျက် လဲသွားသည်။ သူ့ပါးစပ်မှ သွေးများလည်း စိမ့်ထွက်လာသည်။

ထိုအချိန်တွင် ပိုင်ယီးယီးနှင့် ကျိဖေ့ကျန်းတို့လည်း မလှမ်းမကမ်းကို ရောက်လာကြသည်။

ချန်တာ့ယူအဖြစ်ကိုမြင်ပြီး ကျိဖေ့ကျန်း စိုးရိမ်သွားလေသည်။

"လုပ်ပါဦး သမီးရယ်"

"နေပေစေ အမေ၊ တစ်ယောက်နဲ့အများ တိုက်ခိုက်တဲ့နေရာမှာ ဒီလောက်တော့ အနာတရ ဖြစ်မှာပေါ့"

ပိုင်ယီးယီး ရှေ့ကိုမတိုးဘဲ ခပ်လှမ်းလှမ်းမှာသာ ရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျိဖေ့ကျွန်းလည်း ရပ်လိုက်ရတော့သည်။

ချန်တာ့ယူပြန်မထနိုင်ခင် ခေါင်းဆောင်ဖြစ်သူ လူငယ်နှင့် အခြားတစ်ယောက် သူ့ဘေးနားကို ရောက်လာတော့သည်။

တစ်ယောက်က ချန်တာ့ယူမျက်နှာကို ကန်သည်။ နောက်တစ်ဦးက ကျောကုန်းကို ကန်သည်။

ချန်တာ့ယူ ဘေးကိုလှိမ့်ထွက်ကာ ရှောင်လိုက်ပြီး ဆတ်ခနဲ ထရပ်သည်။

ခေါင်းဆောင်ဖြစ်သူ လူငယ်က ကိုယ်ကိုတစ်ပတ်လှည့်လိုက်ပြီး ချန်တာ့ယူ ဆီးစပ်ဆီသို့ ခြေဖြင့်ကန်သည်။

ချန်တာ့ယူ မရှောင်နိုင်တော့ဘဲ ခေါင်းဆောင်ဖြစ်သူလူငယ်၏ ခြေထောက်ကို သူ့ခြေထောက်ဖြင့် ပြန်ရိုက်ဖယ် ထုတ်သည်။

ခေါင်းဆောင်ဖြစ်သူလူငယ်၏ ခြေထောက်တစ်ဘက် လည်သွားစဉ် ချန်တာ့ယူ ရှေ့ကိုခုန်သည်။

သူ၏လက်ဝါးစောင်းနှင့် ခေါင်းဆောင်ဖြစ်သူ လူငယ်၏ လည်ကုပ်ကို ခုတ်ချလိုက်လေသည်။

"အား...."

ခုတ်ချက်မိပြီး ခေါင်းဆောင်ဖြစ်သူ လူငယ်ရှေ့သို့ မှောက်ကျသွားသည်။

ထိုစဉ် ချန်တာ့ယူ နောက်ဘက်မှလူငယ်က ခုန်ပြီး ချန်တာ့ယူ၏ကျောကို ခြေနှစ်ဖက်ဖြင့် စုံကန်လိုက်သည်။ ချန်တာ့ယူ



တိမ်းပြီး ရှောင်လိုက်သည်။

ကန်ချက် လွဲသွားပြီး ၎င်းလူငယ် ဟန်ချက်ပျက်သွားသည်။

ချန်တာ့ယူသည် လေထဲ မြောက်နေသော ၎င်းလူငယ်၏ ကိုယ်ကို လက်ဝါးနှစ်ဖက်ဖြင့် ရိုက်ချလိုက်သည်။

"ဗုန်း...."

"အား...."

၎င်းလူငယ် အတော်ကလေး အထိနာသွားသည်။

သူတို့လူစု ချန်တာ့ယူကိုနိုင်လိမ့်မည် မဟုတ်ကြောင်းကို ခေါင်းဆောင်ဖြစ်သူ လူငယ် သိသွားသည်။

သူသည် ကမန်းကတန်း လူးလဲထပြီး မြေပေါ်လဲကျနေသည့် သူ့အဖော်ကိုဆွဲထူကာ ထွက်ပြေးလေတော့သည်။

သူတို့ခေါင်းဆောင်ကိုယ်တိုင် ထွက်ပြေးသွားသဖြင့် ကျန်လူငယ်နှစ်ယောက်လည်း မနေရဲတော့ဘဲ ကမူးရှူးထိုး ထွက်ပြေးသွားကြလေသည်။

ချန်တာ့ယူက သူတို့နောက်ကို ပြေးလိုက်မည်ပြုသည်။

"မလိုက်နဲ့တော့ သား... နေပေစေ"

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ယီးယီးဟန့်တားချက်ကြောင့် ချန်တာ့ယူ မလိုက်တော့ဘဲ ရပ်လိုက်သည်။

သူ့အနီးသို့ ပိုင်ယီးယီးနှင့်ကျိဖေ့ကျန်းတို့ ရောက်လာကြသည်။

“နောက်ဆို သူတို့သားကို အနိုင်မကျင့်ရဲကြတော့ပါဘူး။ သားရဲ့အကြောင်းကို ကောင်းကောင်းကြီး သိသွားကြပါပြီကွယ်၊ အခုလဲ ကိုယ့်ပစ္စည်းကို ကိုယ်ပြန်ရပြီပဲ”

“ကိုယ့်ပစ္စည်းကို ပြန်ရရင် ပြီးရောလား မေမေ”

“သားတို့အရွယ်က ငယ်သေးတော့ ဒီလောက်ဆို တော်လောက်ပါပြီကွယ်၊ တကယ်လို့ သားက လူကြီးဖြစ်လာပြီး လူဆိုးတွေနဲ့တွေ့ရတဲ့အခါမျိုးမှာတော့ ကိုယ့်ပစ္စည်း ကိုယ်ပြန်ရစေမယ့် သူတို့ကို လက်ရဖမ်းနိုင်ဖို့ ကြိုးစားရမယ်ကွ၊ ခုတော့ သူတို့လဲ ကလေးတွေဖြစ်နေလို့ မလိုပါဘူး၊ မဟုတ်ရင် မခံရဘူးဆိုတဲ့ မေမေတို့ ခဏကြာမကြာပြောနေတဲ့ စကားအဓိပ္ပာယ်ကို အခု သားက လက်တွေ့သိသွားပြီ မဟုတ်လား”

“သိပါပြီ မေမေ”

ကျိဖေ့ကျန်းသည် သူ ထိန်းသိမ်းစောင့်ရှောက်လာသော ချန်ဂူးဝမ်းနှင့် ချန်တာ့ဂူတို့၏ စိတ်ဓာတ်ချင်း ကွာခြားမှုကို လက်တွေ့သိမြင်ရပြီ ဖြစ်၏။

လူတကာအပေါ် ဖခင်ဖြစ်သူ ချန်ဂူးဝမ်း ကြောက်ခဲ့သမျှ



သားဖြစ်သူ ချန်တာ့ယူကမူ ရဲစွမ်းသတ္တိ ရှိလွန်းလှသည်။

သူမ ရင်ထဲမှ ရေရွတ်လိုက်မိသည်။

“လင်ချမ်းကျုံးရေ... ထမင်းဝအောင်[illegible]ထားပေတော့၊ အမေ့အတွက် ရှင့်ကိုလက်စားချေဖို့ မကြာခင် [illegible]ဘာ့ယူ ရောက်လာတော့မယ်”

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

## ကြားသိရသော နာကျည်းဖွယ်

နောက်ပိုင်းတွင် လူတွေအကြောင်းကို ချန်တာ့ယူ များများကြီး သိနိုင်စေရန် ယင်းတူးမြို့ကလေးသို့ နှစ်လတစ်ခါလောက်ဆိုသလို လာခွင့်ရသည်။

ခါးကုန်းကြီး ကင်းလျောင်နှင့်လည်း လိုက်လာတတ်သည်။ ပိုင်ယီးယီးနှင့်လည်း ရောက်လာတတ်သည်။

မိုးကြိုးသိုင်းသမားကြီး လီခုံးချီကလည်း ချန်တာ့ယူကို သိုင်းပညာပြင်းပြင်းထန်ထန် သင်ကြားပေးသည်။

ပိုင်ယီးယီးကလည်း မိုးကြိုးသိုင်းသမားကြီး လီခုံးချီထံမှ သိုင်းပညာရပ်များကို ထပ်မံ၍ သင်ကြားပေးသည်။

အခွင့်အခါသင့်သည့် တစ်နေ့တွင် သူတို့တတွေ အားလုံး



လင်ချမ်းကျုံးတို့ကို လက်တုံ့ပြန်ကြရမည် မဟုတ်ပါလား။

ပိုင်ယီးယီးနှင့်ချန်တာ့ယူတို့သည် သွားရင်းလာရင်းက မတရားမှုများကိုတွေ့ရပါက ဝင်ရောက်ကူညီ ဖြေရှင်းပေးတတ်ကြသည်။

ချန်တာ့ယူ ရှစ်နှစ်သားအရွယ်တွင် အအေးသိုင်း၊ အပူသိုင်းပညာများကို ကောင်းစွာ တတ်မြောက်နေလေပြီ။

မိုးကြိုးသိုင်းသမားကြီး လီခုံးချီသည် ချန်တာ့ယူကို အေးလွန်းသောနေရာ၊ ပူလွန်းသောနေရာများတွင် အတွင်းအားကျင့်စဉ်ကို ကျင့်ခိုင်းနေပြန်သည်။

ပလွေမှုတ်ခြင်းအတတ်နှင့် အကြောပိတ်တိုက်ခိုက်နည်းပညာရပ်များကိုလည်း သင်ကြားပေးသည်။

ပိုင်ယီးယီးတို့သည် ထိုနှစ်များအတွင်း စီချွမ်းပြည်နယ်၏သတင်းများကို နားစွင့်ကြသည်။ စုံစမ်းကြသည်။

စီချွမ်းပြည်နယ်စားကြီး စန့်ဟုမ်းယန်း ကွယ်လွန်သွားပြီးနောက် ဒုနယ်စားကြီး ချီကုဖိန်းသည် စီချွမ်းပြည်နယ်၏အကြီးအကဲနယ်စားကြီးဖြစ်လာကြောင်း၊ ငွေဗျိုင်းဖြူဂိုဏ်းမှာလည်း ပိုပြီး အင်အားကြီးမားလာပြီး နယ်စားကြီး ချီကုဖိန်းကိုယ်တိုင် အရေးပေးမြှောက်စားနေကြောင်းကို ကြားသိရသည်။

လူမှန်းသိတတ်လာကတည်းက ချန်တာ့ယူသည် ဖခင်ဖြစ်သူအကြောင်းကို မေးသည်။

သို့သော် ပိုင်ယီးယီးတို့က လိုးလွှဲ၍သာ ပြောခဲ့သည်။

www.burmeseclassic.com



ချန်တာ့ယူ အသက်ဆယ့်လေးနှစ် ကျော်လာသောအခါ သိုင်းပညာရပ်များကို အတော်ကလေး ထက်ထက်မြက်မြက် တတ်မြောက်နေလေပြီ။

ငယ်ငယ်ကတည်းက အအေးဒဏ်၊ အပူဒဏ်ကို ခံနိုင်ရည်ရှိအောင် လေ့ကျင့်ပြီး အအေး၊ အပူသိုင်းပညာကိုတတ်မြောက်ထားပြီးဖြစ်သော ချန်တာ့ယူ၏သိုင်းပညာမှာ မိခင်ဖြစ်သူ ပိုင်ယီးယီးထက်ပင် သာနေလေပြီ။

ပိုင်ယီးယီးမှာ ဆယ်နှစ်သမီးအရွယ်မှသာ မိုးကြိုးသိုင်းပညာသင်ကြားခဲ့ရသဖြင့် အပူအအေးသိုင်းပညာကို သင်ကြားခွင့်မရခဲ့ချေ။

မိုးကြိုးသိုင်းသမားကြီး လီခုံးချီတတ်မြောက်ထားသော သိုင်းပညာရပ်များတွင် အအေးအပူသိုင်းပညာရပ်မှာ အထက်မြက်ဆုံး၊ အခက်အခဲဆုံး သိုင်းပညာရပ်ဖြစ်သောကြောင့် ချန်တာ့ယူ အသက်ဆယ့်လေးနှစ်မှာပင် သူ့ထက် အသက်နှစ်ဆယ်ကျော်ကြီးသော မိခင်ဖြစ်သူ ပိုင်ယီးယီးထက် သိုင်းပညာအဆင့်မြင့်သွားရခြင်း ဖြစ်လေသည်။

မိုးကြိုးသိုင်းသမားကြီး လီခုံးချီသည် သူ့ထံသို့ ပိုင်ယီးယီးနှင့် ကျိဖေ့ကျန်းတို့ ရောက်လာကတည်းက ပိုင်ယီးယီးနှင့်အတူပါလာသော ချန်မျိုးနွယ်၏ရှင်ရှန်းသိုင်းကျမ်းကို လေ့လာကြည့်ရှုခဲ့သည်။

နှစ်နှင့်ချီပြီး လေ့လာတော့မှ ရှင်ရှန်းသိုင်းကျမ်း၏ ဆိုင်



ချက် သဘောတရားများကို နားလည်ခဲ့သည်။

ရှင်ရှန်းသိုင်းကျမ်းထဲမှ နည်းစနစ်များမှာ သူထင်မှတ်ထားသည်ထက် များစွာပိုပြီး လျှို့ဝှက်နက်နဲကြောင်း လီခုံးချီ သိရလေသည်။

သူသည် ခြောက်နှစ်ကျော်ကျော်ခန့် ရှင်ရှန်းသိုင်းကျမ်းကို အပြန်ပြန် အလှန်လှန် လေ့လာပြီးမှ ကျေညက်စွာ သဘောပေါက်သွားသည်။

ရှင်ရှန်းသိုင်းကျမ်းကိုလည်း သေချာစွာ သိမ်းဆည်းထားလိုက်သည်။

ရှင်ရှန်းသိုင်းကျမ်းမှာ ချန်မျိုးနွယ်ပိုင် သိုင်းကျမ်းဖြစ်သောကြောင့် ချန်မျိုးနွယ်ဆက်တွင် တစ်ယောက်သာရှိတော့သော ချန်တာ့ယူတစ်ယောက်သာ ဤသိုင်းကျမ်းထဲမှ နည်းစနစ်များကို တတ်မြောက်သင့်သည်ဟု လီခုံးချီ ယူဆသည်။

ရှင်ရှန်းသိုင်းကျမ်း၏ ပထမစာမျက်နှာတွင်လည်း ကျိန်စာအဲ့သို့ စာများ ရေးသားထားပြီး နောက်စာမျက်နှာများတွင် ရှင်ရှန်းသိုင်းကျမ်းထဲမှ နည်းစနစ်များကို သင်ကြားလေ့ကျင့်ခဲ့သော ချန်မျိုးနွယ်၏နာမည်များ၊ လက်မှတ်များ ပါရှိသည်။

ဤစာအုပ်ကိုသာ အချိန်မရောက်သေးဘဲ ချန်တာ့ယူ တွေ့သွားပါက သူ့မိဘဘိုးဘွားအစဉ်အဆက်နှင့် ငွေဖျိုင်းဖြူစံအိမ်ကြီးအကြောင်းကို သိသွားမည်စိုးသဖြင့် လီခုံးချီသည် ရှင်ရှန်းသိုင်းကျမ်းစာ

www.burmeseclassic.com

www.burmeseclassic.com



အုပ်ကို ချန်တာ့ယူအား မပြသေးဘဲ သေချာစွာ သိမ်းဆည်းထားလိုက်ခြင်းဖြစ်၏။

အချိန်အခါသင့်မှ ရွှင်ရှန်းသိုင်းကျမ်းကို ချန်တာ့ယူအား ထုတ်ပြပြီး သိုင်းကျမ်းထဲမှ နည်းစနစ်များကို သင်ကြားလေ့ကျင့်စေမည်။

ထိုအခါမှပင် ငွေဖျိုင်းဖြူစံအိမ်ကြီးနှင့် ချန်ဂူးဝမ်း၏အဖြစ်ကို ပြောပြကြမည်ဟု အားလုံးညှိနှိုင်းဆုံးဖြတ်ထားကြသည်။

ချန်တာ့ယူ အသက်ဆယ့်လေးနှစ်ကျော်သောအခါ ရွှင်ရှန်းသိုင်းကျမ်းထဲမှ နည်းစနစ်များကို သင်ယူလေ့ကျင့်သင့်ပြီဟု လီခုံးချီ ယူဆသည်။

ဝိုင်ယီးယီးတို့နှင့်လည်း တိုင်ပင်ပြီး ချန်ဂူးဝမ်း၏အဖြစ်နှင့် ငွေဖျိုင်းဖြူစံအိမ်အကြောင်းကို ချန်တာ့ယူအား ပြောပြရန် သဘောတူလိုက်ကြသည်။

ထိုနေ့က အားလုံးပင် မနက်စာကို စောစော စားလိုက်ကြသည်။

ထမင်းစားပြီးနောက် အိမ်ကလေးရှေ့သို့ ကျောက်ပြားပြင်ကြီးပေါ်တွင် ဝိုင်းထိုင်လိုက်ကြသည်။



မိုးကြိုးသိုင်းသမားကြီး လီခုံးချီ၏ လက်ထဲတွင် ရွှင်ရှန်းစာအုပ်ကို ကိုင်ထားသည်။

ချန်တာ့ယူသည် ရွှင်ရှန်းသိုင်းကျမ်းစာအ[illegible]မြင်ဖူးသရွေ့ဖြင့် လှမ်း၍လှမ်း၍ ကြည့်နေသည်။

သူသည် မိုးကြိုးသိုင်းသမားကြီး [illegible]ခုံးချီအား မေးသည် ကြည့်ချင်သော်လည်း ဝိုင်းထိုင်နေသူအား[illegible]ပုံး၏ မျက်နှာ တည်ကြည်လေးနက်မှုအသွင်ကို ဆောင်နေကြသဖြင့် မ[illegible]သာ ပြောတော့ချေ။

ဝိုင်ယီးယီးနှင့် ကျိုဖေ့ကျန်းတို့၏မျက်နှာ[illegible] အနည်းငယ် ညှိုးငယ်နေကြသည်။

သူတို့သည် အတတ်နိုင်ဆုံး [illegible]မေ့ပျောက်[illegible]တ်ထားခဲ့သော ချန်ဂူးဝမ်း၏အကြောင်း[illegible]ပြန်ပြီး [illegible] မဟုတ်ပါလား။

သူတို့စိတ်အာရုံက အတိတ်ဆီကို ပြန်သွားကြရပေတော့မည်။ အတိတ်သည် အရိပ်ပမာ ထင်လာပေတော့မည်။

ချန်တာ့ယူသည် ဖခင်ဖြစ်သူ၏ အဖြစ်မှန်များကို ကြားရသျှင် များစွာစိတ်မကောင်း ဖြစ်ပေတော့မည်။

လင်ချမ်းကျုံး၏ယုတ်မာရက်စက်မှုများကို ဖော်[illegible]တ်စရာ [illegible]လိုပါက သူတို့သည် ချန်ဂူးဝမ်း၏အကြောင်းကို ချန်[illegible]ာ့ယူအား တစ်သက်လုံး ပြန်ပြောကြတော့မည် မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ချန်တော့ယူသည် ဖခင်အတွက် ပြန်လည်လှုပ်ရှား ဆောင်ရွက်ရမည်။

ပြီးတော့ လင်ချမ်းကျူးလက်ထဲ မတရားသဖြင့် ရောက်နေ ထုငွေ ရွှေမျိုင်းဖြူစံအိမ်ကြီးနှင့် ချန်မျိုးဆက်၏အမွေပစ္စည်းများကို မည်။ ဥသာ တရားသောနည်းလမ်းဖြင့် ပြန်၍ ရယူလိုက်သည် ၁း။

ကို ပြော၍သို့ကြောင့် ပိုင်ယီးယီးနှင့် ကျိုဖေ့ကျန်းတို့သည် ရင်နာနာနှင့် ဝမ်း၏အကြောင်းများကို ခရေစေ့တွင်းကျ ပြန်ပြောပြကြရပေ မည်။

ချန်တော့ယူ၊ ပိုင်ယီးယီး၊ ကျိုဖေ့ကျန်း၊ မိုးကြိုးသိုင်းသမားကြီး လီခိုးချီနှင့်ခါးကုန်းကြီး ကင်းလျောင်တို့သည် အတန်ကြာအောင် ထိုင် နေပြီး ကြည့်သို့တိုင်အောင် မည်သူကမှ စတင်စကား မဆိုကြသေး ချေ။ ည်။

ချန်တော့ယူက ဦးစွာ စကားစချင်သော်လည်း လူကြီးလေး ယောက်စလုံး လေးလေးနက်နက် စဉ်းစားနေကြဟန်ဖြင့် ငြိမ်နေ သောကြောင့်လည်း စကားမစရဲကြချေ။

လူကြီးလေးယောက်စလုံးက သူ့ကို တစ်ချက်တစ်ချက် ကြည့်နေကြသဖြင့် သူ့ကိုတစ်ခုခုပြောတော့မည်ဖြစ်ကြောင်း ချန်တော့ ယူ တွေးမိသည်။

ထို့ကြောင့်လည်း ပိုပြီး အနေရအထိုင်ရခက်နေသည်။



သူသည် ချောင်းမဆိုးချင်ဘဲ ချောင်းတစ်ချက် ဟန့်လိုက်မိ သည်။

ထိုအခါမှ မိုးကြိုးသိုင်းသမားကြီး လီခိုးချီက စတင်လှုပ်ရှား လာသည်။

သူ့မျက်နှာကို အကဲခတ်ကြည့်နေသော ပိုင်ယီးယီးသည် ညင်သာစွာ စကားဆိုသည်။

"ကဲ... တူမလေး၊ မြေးလေးကို ပြောစရာရှိတာသာ ပြော လိုက်ပေတော့ကွယ်"

ချန်တော့ယူက မိခင်ဖြစ်သူ၏မျက်နှာကို လှည့်ကြည့်သည်။

မိခင်ပြောမည့်စကားမှာ မည်သည့်စကားများ ဖြစ်လေ မည်လဲဟု တွေးလိုက်မိသည်။

ပိုင်ယီးယီးက သူ့ကိုကြင်နာစွာ ခေါ်လိုက်သည်။

"သားကြီး....."

"ခင်ဗျာ... မေမေ"

"သား သိပ်ပြီး သိချင်နေတဲ့ သားရဲ့ဖေဖေ့အကြောင်းကို ပြောပြတော့မယ်ကွယ်၊ တကယ်တမ်းဆိုရင် သားဖေဖေရဲ့အ ကြောင်း၊ သား ဖေဖေရဲ့အဖြစ်အပျက်တွေကို မေမေတို့ ပြောမပြ ချင်ပါဘူး၊ သားဖေဖေရဲ့အဖြစ်က ရင်နာစရာကောင်းလွန်းလို့ပါ ဒါ ပေမယ့် သားအနေနဲ့သိထားမှ ဖြစ်မယ်၊ မေမေတို့တတွေ ရင်နာနာနဲ့ ပဲ ဖွင့်ပြောကြရလိမ့်မယ် သား"

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ မေမေ၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့် ဖေဖေရဲ့အကြောင်းကို ကျွန်တော်သိပ်ပြီး သိချင်ပါတယ်"

ပိုင်ယီးယီးသည် ရီဝေသောမျက်လုံးအစုံဖြင့် အဝေးဆီမှ တောင်မြင့် တောင်တန်းကြီးများကို လှမ်းကြည့်ရင်းမှ လိုက်လိုက်လှဲလှဲ ပြောသည်။

"သားဖေဖေရဲ့ မိဘဘိုးဘွား အစဉ်အဆက်ဟာ သိပ်ပြီး ချမ်းသာကြွယ်ဝကြတယ်၊ ဩဇာအာဏာနဲ့လဲ ပြည့်စုံကြတယ်၊ သားဖေဖေနဲ့ မိဘဘိုးဘွား အစဉ်အဆက်နေလာခဲ့ကြတာကတော့ စီချွမ်းပြည်နယ်ရဲ့ယန်းမြို့က ငွေဗျိုင်းဖြူစံအိမ်ကြီးမှာပဲသား၊ ငွေဗျိုင်းဖြူစံအိမ်ဆိုရင် စီချွမ်းပြည်နယ်ကြီးတစ်နယ်လုံးက သိလောက်အောင် ကျော်ကြားတယ်၊ ပြီးတော့ စီချွမ်းပြည်နယ်မှာ ငွေဗျိုင်းဖြူဂိုဏ်းဆိုတာ ရှိတယ်၊ သားဖေဖေရဲ့ ဘိုးဘေး အစဉ်အဆက်ဟာ ငွေဗျိုင်းဖြူဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးတွေ ဖြစ်ခဲ့ကြတယ်၊ ဒါကြောင့်လဲ ဩဇာအာဏာပိုပြီး ရှိခဲ့ကြတာပေါ့"

ချန်တာ့ယူက စိတ်ဝင်တစားဖြင့် နားထောင်သည်။ မိခင်ဖြစ်သူ၏မျက်နှာကိုလည်း အကဲခတ်ကြည့်သည်။

မိခင်ဖြစ်သူ၏မျက်နှာက ကြေကွဲနွမ်းလျသည့်အသွင်မျိုးကို ဆောင်နေသည်။



"သားဖေဖေ့ရဲ့နာမည်က ချန်ဂူးဝမ်းတဲ့၊ သားဖေဖေရဲ့ မျက်နှာသွင်ပြင်က သားရဲ့မျက်နှာနဲ့ တထေရာတည်းတူတယ်"

"ဟင်... ဟုတ်လား မေမေ"

ကျိဖေ့ကျန်းက ဝင်ပြောသည်။

"ဟုတ်တယ် မြေး၊ ဘွားလေးဟာ မြေးရဲ့ဖေဖေ ချန်ဂူးဝမ်း ရက်သားလောက်ကတည်းက ပြုစုစောင့်ရှောက်ရတဲ့သူပါ။ မြေးရဲ့ဖေဖေ ဆယ့်လေးငါးနှစ်အရွယ် သားလောက်ကလဲ မြေးလိုပဲ၊ တစ်ခါတစ်ခါ ဘွားလေးရဲ့စိတ်ထဲမှာ မြေးကိုကြည့်ပြီး မြေးရဲ့ဖေဖေ ချန်ဂူးဝမ်းများလားလို့တောင် ထင်မိတယ်မြေး၊ သားဖေဖေနဲ့ မြေးနဲ့ အဲဒီလောက်အထိ တူတာ"

မမြင်လိုက်ရသော ဖခင်ဖြစ်သူနှင့် တူသည်ဆိုသဖြင့် ချန်တာ့ယူ ကျေနပ်သွားသည်။

သူ မမြင်လိုက်ရသော ဖခင်၏မျက်နှာအသွင် အပြင်မှာ မည်သို့ရှိကြောင်း သူ့မျက်နှာကိုပြန်ကြည့်ရုံဖြင့် သိနိုင်သောကြောင့် ဖြစ်၏။

"ဒါဖြင့် ကျွန်တော်ဟာ အဖေတူသားပေါ့၊ ဟုတ်လား ဘွား

www.burmeseclassic.com

www.burmeseclassic.com



လေး”

ကျို့ဖေ့ကျန်းက ရှုံ့ပြုံးပြုံးလိုက်ပြီး....

“မြေးနဲ့မြေးရဲ့ဖေဖေဟာ ရုပ်ရည်ချင်းသာ တထေရာတည်းဖြစ်အောင်တူတာပါ မြေးရယ်၊ စိတ်သဘောထားချင်းတော့ လုံးလုံးမတူဘူး၊ ဆန့်ကျင်တယ်”

“ဟင်... ဖေဖေက စိတ်ကောင်းမရှိလို့လား၊ မရိုးမဖြောင့်ဘူးလား၊ မဟုတ်တာယုတ်တွေ လုပ်နေလို့လား ဘွားလေး”

“ဘွားလေးဆိုလိုတာက ဒီသဘောမျိုး မဟုတ်ဘူး မြေး၊ မြေးရဲ့ဖေဖေဟာ သိပ်ပြီး စိတ်ကောင်းရှိပါတယ်၊ လူရိုးလူအတစ်ယောက်ပါ၊ မဟုတ်မတရားတဲ့အလုပ်မျိုးကို သူသေသွားတဲ့အထိ လုံးလုံးမလုပ်ခဲ့ဘူး”

“ဒါနဲ့ ဘွားလေးပြောတော့ ကျွန်တော်နဲ့ ဖေဖေ စိတ်သဘောထားချင်း မတူဘူးဆို”

“မတူဘူးဆိုတာက ဒီလိုမြေးရဲ့၊ မြေးက မဟုတ်မခံ စိတ်ရှိတယ်၊ ကိုယ့်ကိုမဟုတ်တာလုပ်ရင် မခံဘူး၊ ရဲစွမ်းသတ္တိလဲ ရှိတယ်၊ မှန်တဲ့ဘက်ကဆိုရင် ရပ်တည်ရဲတယ်၊ မှန်တယ်ဆိုရင် ဘယ်သူ့ကိုမဆို ရင်ဆိုင်ရဲတယ်၊ ပြီးတော့ သိုင်းပညာလဲ အရွယ်နဲ့မလိုက်အောင် သိပ်ပြီး ထက်မြက်တယ်၊ ဟုတ်ရဲ့လားမြေး”

“ဟုတ်ကဲ့”

“အဲ... မြေးရဲ့ဖေဖေကျတော့ မြေးလိုမဟုတ်ဘူး၊ သိပ်ပြီး



အားငယ်တတ်တယ်၊ သူ့ကို ဘယ်သူတွေက ဘယ်လိုပဲ မတရားသဖြင့် လုပ်လုပ် ငုံ့ခံတတ်တယ်၊ သတ္တိမရှိဘူး၊ ကိုယ့်ဘက်က ဘယ်လောက်ပဲမှန်မှန် ဘယ်သူနဲ့မှ ရင်မဆိုင်ရဲဘူး၊ အေးလေ မြေးနဲ့မြေးရဲ့ဖေဖေတို့ စိတ်ဓာတ်တွေ ဒီလိုကွားခြားရတာကလဲ ပတ်ဝန်းကျင်ရဲ့ ပြုပြင်ဖန်တီးမှု အဓိက ပါတယ်”

“ဘယ်လိုပတ်ဝန်းကျင် ပြုပြင်ဖန်တီးမှုလဲ ဘွားလေး”

“မြေးလေး နားလည်သဘောပေါက်အောင် အစကနေပဲ ရှင်းပြရလိမ့်မယ်ကွယ်၊ ဒီလိုမြေးရဲ့... မြေးရဲ့ဖေဖေ လူလေး ချန်ငူးဝမ်း ရက်သားအရွယ်မှာပဲ၊ လူကလေးရဲ့ဘွားလေးဟာ သေဆုံးသွားခဲ့တယ်၊ ဘွားလေးကပဲ လူလေးချန်ငူးဝမ်းကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရတယ်၊ မြေးရဲ့ဘိုးဘိုး ချန်စီးလင်းကတော့ အမိမဲ့သားဖြစ်တဲ့ မြေးရဲ့ဖေဖေကို သိပ်ပြီးချစ်ရှာတယ်၊ ဒီတုန်းက မြေးရဲ့ဘိုးဘိုးဟာ ငွေဖျိုင်းဖြူစံအိမ်ကြီးရဲ့အရှင်သခင်၊ ငွေဖျိုင်းဖြူဂိုဏ်းကြီးရဲ့ဂိုဏ်းချုပ်ကြီးဆိုတော့ ငွေကြေးဥစ္စာ သြဇာအာဏာနဲ့လဲ သိပ်ပြီးပြည့်စုံခဲ့တယ်၊ ဒီတော့ မြေးရဲ့ဖေဖေ ချန်ငူးဝမ်းကိုလဲ လူတိုင်းက ဖူးဖူးမှုတ်နေကြတာပေါ့၊ ငွေဖျိုင်းဖြူဂိုဏ်းရဲ့ ဒုဂိုဏ်းချုပ် လင်ချမ်းကျူးကတော့ မြေးဘိုးဘိုးရဲ့လူယုံတော်ကြီးပဲ၊ မြေးဘိုးဘိုးဆုံးတဲ့အချိန်အထိတော့ လင်ချမ်းကျူးဟာ မြေးရဲ့ဘိုးဘိုးအပေါ်မှာကော မြေးရဲ့ဖေဖေ အပေါ်မှာပါ သိပ်ပြီး ကောင်းခဲ့တယ်၊ ဖြောင့်မှန်တဲ့လုပ်ရပ်တွေကိုပဲ လုပ်ခဲ့တယ်၊ အဲ... မြေးရဲ့ဖေဖေ ဆယ်နှစ်သားလောက်မှာတော့ မြေးရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုး ဆုံးသွားရှာတယ်ကွယ်”

ကိုဖေကျန်းက ဆက်လက်ပြီး ချန်စီးလင်း မသေဆုံးခင် သတ်မှတ်သွားသော စည်းကမ်းချက်များ၊ ချန်ပူးဝမ်းအတွက် ထား သွားသော ပစ္စည်းဥစ္စာ အမွေအနှစ်များ အကြောင်းနှင့် ချန်ပူးဝမ်း အသက်နှစ်ဆယ်မပြည့်ခင်အထိ ငွေဖျိုင်းဖြူစံအိမ်အပါအဝင် အမွေပ စ္စည်းများနှင့် ချန်ပူးဝမ်းကိုလူယုံတော်ကြီး လင်ချမ်းကျုံးက ကြည့်ရှု စောင့်ရှောက်သွားဖို့ မှာကြားခဲ့ကြောင်း ပြောပြသည်။

ထိုနောက်ပိုင်းတွင် လင်ချမ်းကျုံးသည် ဖောက်ပြန်သွားကာ ချန်ပူးဝမ်းအား အမျိုးမျိုး နှိပ်စက်အနိုင်ကျင့်ခဲ့ပုံ။

လူညံ့ကလေးဖြစ်အောင်၊ လူကြောက်လေး ဖြစ်အောင် ပုံ သွင်းခဲ့ပုံ။

သိုင်းပညာကိုလည်း လုံးဝမသင်ကြားစေခဲ့ပုံများကို သူမ မှတ်မိသမျှ သိသမျှ တိတိကျကျ ပြန်လည်ပြောပြလေတော့သည်။



အခန်း(၁၀)

## နေပြည်တော်တပ်ဖွဲ့ဝင်

ဖခင်ဖြစ်သူ၏ ရင်နင့်ဖွယ်ရာ အဖြစ်အပျက်များကို ကြား ရသောအခါ ချန်တာ့ယူလည်း လွန်စွာ စိတ်မကောင်းဖြစ်မိသည်။

သိလိုသောအချက်များ၊ မရှင်းလင်းသောအချက်အလက် များကိုလည်း ကြားဖြတ်ပြီး မေးတတ်သည်။

ချန်ပူးဝမ်း နာမည်ပျက်စေရန် လင်ချမ်းကျုံးက မြောင်ယိ လန်း၊ ရှူအုံကြူတို့ဇနီးမောင်နှံနှင့်ပူးပေါင်းကြံစည်ခဲ့ပုံကို ကြားရသော အခါ ချန်တာ့ယူမှာ ခံပြင်းဒေါသဖြစ်ရလေသည်။

လင်ချမ်းကျုံးအပေါ်လည်း ပို၍ ပို၍ မုန်းတီးလာခဲ့ရသည်။

ကိုဖေကျန်းက ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ် လင်ချမ်း ကျုံး ဖြစ်သွားပုံ၊ ငွေဖျိုင်းဖြူစံအိမ်သို့ လင်ချမ်းကျုံး၏သား လင်ချွင်

www.burmeseclassic.com



စစ် ရောက်လာပုံ၊ လင်ချွင်စစ်က သူ့ထက် အသက်များစွာကြီးသော ချန်ဂူးဝမ်းကို အမျိုးမျိုးအနိုင်ကျင့်ခဲ့ပုံတို့ကိုလည်း ပြောပြသည်။

ရှောင်လင်ဂိုဏ်းချုပ် ဆရာတော်ထံတွင် အပ်နှံထားသော ရွှင်ရှန်းသိုင်းကျမ်းကို ယူခါနီးတွင် လင်ချမ်းကျုံး၏ ဆက်ဆံရေး ပြောင်းလဲလာပုံ၊ မိမိနှင့် ချန်ဂူးဝမ်းတို့ ရှောင်လင်ကျောင်းတော်ကြီး ကိုထွက်ခွာလာရာ လမ်းခရီးတွင် ပိုင်ယီးယီးနှင့် စတင်ဆုံတွေ့ရပုံကို လည်း ပြောသည်။

ကျိဖေ့ကျန်း၏စကား ဤနေရာသို့အရောက်တွင် တစ်ချိန် လုံး တွေဝေငြိမ်သက်နေသော ပိုင်ယီးယီးက သူမ၏ဘဝအကြောင်း၊ ဖခင်ဖြစ်သူ ပိုင်ကျန်းအကြောင်း၊ ချန်ဂူးဝမ်းတို့နှင့်ဆုံတွေ့ရန် ဖန်တီးခဲ့ ပုံအကြောင်း၊ နောက်ဆုံးတွင် ချန်ဂူးဝမ်းနှင့်လက်ထပ်ခဲ့ပုံအကြောင်း၊ လက်ထပ်ပြီး နောက်တစ်နေ့တွင် လင်ချမ်းကျုံးလက်ချက်ဖြင့် ချန်ဂူး ဝမ်း သေဆုံးခဲ့ရပုံအကြောင်းများကို စီကာစဉ်ကာဖြင့် အသေးစိပ် ပြောပြသည်။

ချန်တာ့ယူမှာ အဖြစ်ဆိုးလှသော ဖခင်အတွက် လွန်စွာ စိတ်မချမ်းမသာ ဖြစ်ရသည်။

“ဖေဖေ့အတွက် ဒီလူယုတ်မာကြီးတွေကို ကျွန်တော်ကိုယ် တိုင်ပြန်ပြီး လက်စားချေမယ် မေမေ၊ ဖေဖေတို့ မေမေတို့ စိတ်ဆင်း ရဲခဲ့ရသလို သင်းတို့လဲ စိတ်ဆင်းရဲရစေ့မယ်”

သူသည် ခံပြင်းနာကျည်းစွာဖြင့်လည်း ကြုံးဝါးလိုက်မိ၏။



ထိုအခါမှ တစ်ချိန်လုံး ငြိမ်သက်နေသော မိုးကြိုးသိုင်းသ မားကြီး လီခုံးချီက ချောင်းတစ်ချက် ဟန့်လိုက်သည်။

“အဟမ်း”

အားလုံး၏အကြည့်များက လီခုံးချီထံ ရောက်သွားသည်။ လီခုံးချီက ချန်တာ့ယူကိုကြည့်၍ အေးဆေးညင်သာစွာ ပြောသည်။

“မြေးလေး ချန်”

“ခင်ဗျာ… ဘဘ”

“အခုဆိုရင် မြေးရဲ့ဘိုးဘေးဘီဘင် အဆက်ဆက်တည် ထောင် အုပ်ချုပ်လာခဲ့တဲ့ ငွေဖျိုင်းဖြူဂိုဏ်းကြီးဟာ ဒုစရိုက်ဂိုဏ်းကြီး တစ်ဂိုဏ်းဖြစ်နေပြီလို့တောင် ဘဘတို့ သတင်းကြားကြရတယ်၊ မှန်မ မှန်တော့ တိတိကျကျ မသိရသေးဘူးပေါ့ကွယ်၊ ဒါပေမယ့် လင်ချမ်း ကျုံးလို လူမျိုးအုပ်ချုပ်တဲ့ဂိုဏ်းကတော့ ဘယ်နည်းနဲ့မှကောင်းတဲ့ လုပ်ရပ်မျိုးတွေလုပ်မှာ မဟုတ်ဘူးဆိုတာ ခန့်မှန်းနိုင်ပါတယ်”

“မှန်ပါတယ် ဘဘ”

“အေး… ဒီတော့ မြေးလေးအနေနဲ့က အချိန်အခါသင့်တဲ့ တစ်နေ့ကျရင် စီချွမ်းပြည်နယ်ကို သွားရလိမ့်မယ်၊ လင်ချမ်းကျုံးလို ဒုစရိုက်သမား၊ လူယုတ်မာတွေရဲ့လုပ်ရပ်တွေကို ဖော်ထုတ်ပြီး နှိမ် နင်းရလိမ့်မယ်၊ ပုဂ္ဂိုလ်ရေးအရ မုန်းတီးလို့ လုပ်တာမျိုးမဟုတ်ဘဲ နိုင်ငံကို အကျိုးမဲ့အောင် လုပ်နေတဲ့သူတွေကို ဆုံးမတာမျိုးပဲ ဖြစ်စေ ချင်တယ်၊ ဘဘစကားကို မြဲမြဲ မှတ်ထားနော်”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့… မှတ်ထားပါ့မယ် ဘဘ၊ ကျွန်တော် တစ်ခုခွင့်တောင်းပါရစေ"

"ဘာများလဲ မြေး"

"ဘဘတို့ မေမေတို့ ခွင့်ပြုမယ်ဆိုရင် အခုပဲ စီချွမ်းပြည်နယ်ကို ကျွန်တော် သွားချင်ပါတယ်၊ လင်ချမ်းကျုံးတို့ရဲ့ ယုတ်မာမှုတွေကို ဖော်ထုတ်ပြီး ဆုံးမချင်ပါတယ်"

လီခုံးချီက ခေါင်းကို ဖြည်းဖြည်းလေးစွာ ခါယမ်းလိုက်ပြီး…

"ဘယ်ဖြစ်ပါဦးမလဲ မြေးရယ်၊ မြေးက အသက်ငယ်သေးတယ်၊ အတွေ့အကြုံလဲ နည်းနေတယ်၊ တွေးတော ချင့်ချိန်နိုင်စွမ်းလဲ သိပ်ပြီး မရှိလှသေးဘူး၊ ပြီးတော့ မြေးထက် အတွေ့အကြုံလဲ များဉာဏ်လဲများပြီး အင်အားလဲများတဲ့ လင်ချမ်းကျုံးတို့လို လူမျိုးတွေကို ရင်ဆိုင်ရမှာဆိုတော့ အခု လူလေးတတ်မြောက်ထားတဲ့ သိုင်းပညာလောက်နဲ့မလုံလောက်သေးဘူး၊ သိုင်းပညာပိုပြီး အဆင့်မြင့်အောင် သင်ကြားရဦးမယ်ကွယ့်၊ ဉာဏ်ပညာ ထက်မြက်အောင် လေ့ကျင့်ရဦးမယ်၊ အတွေ့အကြုံတွေလဲ ထပ်ယူရဦးမယ်၊ ဟုတ်လား မြေး"

"ဟုတ်ကဲ့ ဘဘ"

"ဘယ်တော့မဆို အလုပ်တစ်ခုကို မပိုင်ဘဲနဲ့ အလောတကြီး မလုပ်ရဘူးကွယ့်၊ လင်ချမ်းကျုံးဟာ ကောက်ကျစ်စဉ်းလဲတာမှန်ပေမယ့် သူဖြစ်ချင်တာကို ဖြစ်အောင် လုပ်နိုင်တဲ့ အတွေးအခေါ်ဉာဏ်ကတော့ ချီးကျူးစရာပဲ မြေး၊ မြေးအနေနဲ့ သူလို လူမျိုးကိုယှဉ်



ရမှာဆိုတော့ ပေါ့ပေါ့တန်တန် သဘောထားလို့မရဘူး၊ အများကြီးကြံစည်ကြိုးစားရမယ်"

"ဒါဆို အချိန်တွေ သိပ်ကြာဦးမှာပေါ့ ဘဘ"

"ဒါကတော့ မြေးရဲ့ကြိုးစားမှု၊ ဘဘတို့ရဲ့သင်ကြားမှုပေါ်မှာ မူတည်ပါတယ်ကွယ်၊ မြေးကလဲ ထက်မြက်တဲ့ ကလေးတစ်ယောက်ဆိုတာ ဘဘတို့သိပါတယ်၊ နောက် သုံးလေးနှစ်လောက်ဆိုရင် မြေးရဲ့ဆန္ဒရှိသလို ဆောင်ရွက်နိုင်လိမ့်မယ်လို့ ဘဘထင်တယ်"

"ဟုတ်ကဲ့ ဘဘ၊ ဘဘရဲ့စကားကို ကျွန်တော် နာခံပါ့မယ်"

လီခုံးချီက သူ့လက်ထဲမှ ရွှင်ရှန်းသိုင်းကျမ်းကို ထောင်ပြပြီး…

"ဒီစာအုပ်ကတော့ မြေးရဲ့ဘိုးဘေးဘီဘင် အဆက်ဆက်ကိုင်ဆောင်လာတဲ့ ချုန်မျိုးဆက်ရဲ့ ရွှင်ရှန်းသိုင်းကျမ်းစာအုပ်ပဲ မြေး၊ မနက်ဖြန်ကစပြီး ရွှင်ရှန်းသိုင်းကျမ်းထဲက နည်းစနစ်တွေကို မြေးသင်ရလိမ့်မယ်၊ ဒီသိုင်းကျမ်းထဲက သိုင်းကွက်တွေဟာ လျှို့ဝှက်ဆန်းပြားပြီး သိပ်ထက်မြက်တဲ့ သိုင်းကွက်တွေပဲ၊ ဒီ ရွှင်ရှန်းသိုင်းကျမ်းထဲက နည်းစနစ်တွေကို မြေးလေးတတ်သွားရင်တော့ ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်သွားပြီ"

"ဘဘနဲ့ မေမေတို့ကော ဒီရွှင်ရှန်းသိုင်းကျမ်းထဲက နည်းစနစ်တွေကို တတ်ပြီလား"

လီခုံးချီက ခေါင်းကိုခါယမ်း၍…

www.burmeseclassic.com

www.burmeseclassic.com



"မလေ့ကျင့်ခဲ့ကြလို့ မတတ်ပါဘူးကွယ်၊ ဘဘတို့ မြေးရဲ့မေမေတို့ အနေနဲ့လဲ ဒီရွှင်ရှန်းသိုင်းကျမ်းထဲက နည်းစနစ်တွေကို လေ့ကျင့်ကိုင်ခွင့် မရှိပါဘူးကွယ်၊ ဒီရွှင်ရှန်းသိုင်းကျမ်းထဲက နည်းစနစ်တွေဟာ မြေးတို့ ချန်မျိုးနွယ် အစဉ်အဆက်သာ သင်ကြားလေ့ကျင့်ခွင့်ရှိတယ်၊ သိုင်းသမားကောင်းတို့မည်သည် ဒီလိုစည်းကမ်းမျိုးကို မဖောက်ဖျက်ရဘူးကွယ့်၊ စောင့်ထိန်းရတယ်၊ ဘဘအနေနဲ့ မြေးကို သင်ကြားလေ့ကျင့်ပေးနိုင်ဖို့သာ ဒီရွှင်ရှန်းသိုင်းကျမ်းကို လေးငါးခြောက်နှစ်ကြာအောင် လေ့လာခဲ့ရတာ၊ ရော့... စာအုပ်ရဲ့ပထမစာမျက်နှာက စာကိုဖတ်ကြည့်စမ်း"

ချန်တာ့ယူလည်း လီခုံးချီလှမ်းပေးသော သိုင်းကျမ်းစာအုပ်ကို တရိုတသေ လှမ်းယူသည်။

ပြီးနောက် ပထမ စာမျက်နှာကိုလှန်၍ ကြည့်သည်။

"ချန်မျိုးနွယ်၏ကျိန်စာ"

ဤရွှင်ရှန်း သိုင်းကျမ်းထဲတွင်ပါသော သိုင်းပညာရပ်များမှာ ချန်မျိုးဆက်၏တီထွင်ခဲ့သော မူပိုင်သိုင်းပညာရပ်များသာဖြစ်သည်။ ချန်မျိုးနွယ်အစဉ်အဆက်သာ ဤရွှင်ရှန်းသိုင်းကျမ်းထဲမှ သိုင်းပညာ နည်းစနစ်များကို သင်ကြားလေ့ကျင့်အသုံးချခွင့်ရှိသည်။

အကယ်၍ ချန်မျိုးနွယ်မဟုတ်သော အခြားသူတစ်ဦးဦးက ဤရွှင်ရှန်းသိုင်းကျမ်းထဲမှ သိုင်းပညာနည်းစနစ်များကို သင်ကြားလေ့ကျင့်ခဲ့ပါလျှင် ထိုသူသည် ဘေးအမျိုးမျိုးသင့်၍ အန္တရာယ်အမျိုးမျိုးတွေ့ကာ အသေဆိုးနှင့်သေပါစေသား။



ချန်မျိုးနွယ်၏အဆက်ဆက်သော ဝိညာဉ်များကလည်း ထိုသူ့ကို ဒုက္ခအမျိုးမျိုး ပေးပါစေသား။

ဤရွှင်ရှန်းသိုင်းကျမ်းကို တီထွင်ပြုစုရေးသားခဲ့သောကျွန်ုပ် ချန်ဟွမ်ယယ်သည် သေအံ့မူမူ အချိန်၌ ဤကျိန်စာကို ရေးသားသွားပါသည်။

ချန်တာ့ယူသည် ရွှင်ရှန်းသိုင်းကျမ်း၏ပထမစာမျက်နှာမှ ကျိန်စာကို ဖတ်ရှုပြီးနောက် သူ့ကိုအကဲခတ်ကြည့်နေသော မိုးကြိုးသိုင်းသမားကြီး လီခုံးချီကို မော့ကြည့်သည်။

လီခုံးချီက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီးပြောသည်။

"ဘဘတို့ အနေနဲ့ ကျိန်စာတို့ ဘာတို့ကိုတော့ ယုံကြည်လို့မဟုတ်ပါဘူး၊ ခုချိန်မှာ ဒီသိုင်းကျမ်းထဲက နည်းစနစ်တွေကို မြေးတစ်ယောက်ပဲ သင်ပိုင်ခွင့်ရှိတယ်ဆိုတာ ဘဘ ယူဆတယ်၊ နောက်မြေးရဲ့သားစဉ်မြေးဆက်ပေါ့"

"ဟုတ်ကဲ့... ကျွန်တော် နားလည်ပါပြီဘဘ"

"ဒုတိယ စာမျက်နှာမှာတော့ မြေးတို့ချန်မျိုးဆက် ၁_ ဘေးဘီဘင် အဆက်ဆက်မှာ ဘယ်သူတွေက ဒီရွှင်ရှန်းသိုင်းကျမ်းထဲက သိုင်းပညာရပ်တွေကို လေ့ကျင့်ခဲ့သလဲဆိုတာ နာမည်နဲ့လက်မှတ်တွေနဲ့ ပါတယ်ကွယ့်၊ အဲ... မြေးရဲ့ဘိုးဘိုး ချန်စီးလင်းရဲ့နာမည်အထိ ပါတယ်ဆိုတော့ မြေးရဲ့ဖေဖေနာမည်တော့ မပါဘူး၊ အသက်ငယ်

www.burmeseclassic.com



ငယ်ရွယ်ရွယ်နဲ့ ဆုံးသွားခဲ့ရရှာတာကိုးကွယ်"

ချန်တာ့ယူက ဒုတိယစာမျက်နှာကို လှန်ကြည့်သည်။

လီခုံးချီ ပြောသည့်အတိုင်း သူ့ဘိုးဘေးဘီဘင် အဆက်ဆက် ရှင်ရှန်းသိုင်းကို လေ့ကျင့်ခဲ့ကြသူများ၏နာမည်များကို တွေ့ရသည်။

ဖခင်ဖြစ်သူ၏ နာမည်ကိုမူ မတွေ့ရချေ။ ထိုအတွက် ချန်တာ့ယူ ပိုပြီး စိတ်မကောင်းဖြစ်မိလေသည်။

သူသည် လင်ချမ်းကျုံး၏ယုတ်မာရက်စက်ပုံများကို ဖော်ထုတ်ပြီး တိုက်ခိုက်နှိမ်နင်းနိုင်ရန် ဤရှင်ရှန်းသိုင်းကျမ်းထဲမှ သိုင်းပညာရပ်များကိုတတ်မြောက်ရန် အမြန်ဆုံး သင်ကြားလေ့ကျင့်မည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။

သူတို့စကားဝိုင်းပြတ်တော့ နေဝင်ဆည်းဆာချိန်သို့ပင် ရောက်နေလေပြီ။

၁၉

နောက်တစ်နေ့မှစပြီး ချန်တာ့ယူသည် ရှင်ရှန်းသိုင်းကျမ်းထဲမှ နည်းစနစ်များကို မိုးကြိုးသိုင်းသမားကြီး လီခုံးချီ၏လမ်းညွှန်ချက်ဖြင့် အပြင်းအထန် လေ့ကျင့်တော့သည်။



သူထင်ထားသည်ထက် ချန်တာ့ယူ၏ကြိုးစားလေ့ကျင့်မှုက ခရီးပိုရောက်နေသဖြင့် လီခုံးချီပင် အံ့သြချီးကျူးရလေသည်။

နားနေချိန်တွင်လည်း ချန်တာ့ယူသည် သူ့ဖခင်၏အဖြစ်အပျက်များကို စိတ်ထဲမှမှန်း၍ မြင်ယောင်နေမိသည်။

သူ့ဖခင် ပိုင်ဆိုင်ရမည့် ငွေဖျိုင်းဖြူစံအိမ်ကြီးပေါ်တွင် စည်းစိမ်ခံစားနေမည့် လင်ချမ်းကျုံး၏အဖြစ်ကို မှန်းဆ၍မြင်ယောင်ကာ ခံပြင်းဒေါသဖြစ်နေမိသည်။

မိုးကြိုးသိုင်းသမားကြီး လီခုံးချီသည် လူတွေ၏အကြောင်း လူ့လောက၏အကြောင်းများကိုသိနိုင်ရန် ယင်းတူးမြို့နှင့်အခြားမြို့ရွာများသို့လည်း ချန်တာ့ယူကို မကြာခဏ လွှတ်ပေးသည်။

သိုင်းလောကအကြောင်းနှင့် သိုင်းသမားများ၏အကြောင်းကိုလည်း ချန်တာ့ယူနားဝင်စေရန် အမြဲတမ်းလိုလို ပြောပြနေတတ်သည်။

ချန်တာ့ယူသည် ကြိုးကြိုးစားစား ပြင်းပြင်းထန်ထန် သင်ကြားလေ့ကျင့်မှုကြောင့် နှစ်နှစ်ခန့်အကြာတွင် ရှင်ရှန်းသိုင်းပညာရပ်များကို တတ်မြောက်သွားလေတော့သည်။

ထိုအခါမှ သူတို့အားလုံး စုဝေးတိုင်ပင်ပြီး အစီအစဉ်ဆွဲကြသည်။

ယခုအချိန်တွင် သူတို့သည် လင်ချမ်းကျုံး၏သတင်းသာမက စီချွမ်းပြည်နယ် နယ်စားအသစ်ဖြစ်သော ချီကုဖိန်း၏မကောင်း

www.burmeseclassic.com

www.burmeseclassic.com



သတင်းများကိုပါ ကြားထားကြသည်။

လင်ချမ်းကျုံးကို နှိမ်နင်းရုံသာမက နယ်စားသစ် ချီကုဖိန်း၏မဟုတ်မမှန်သောလုပ်ရပ်များကိုဖော်ထုတ်ပြီး နှိမ်နင်းရမည်ဖြစ်၏။

ယင်းသို့အင်အားကြီးမား၍ အာဏာရှိသောသူများကို နှိမ်နင်းရာတွင် သူတို့လူစုလောက်နှင့် မဖြစ်ချေ။

ထို့ကြောင့် မိုးကြိုးသိုင်းသမားကြီး လီခုံးချီသည် ချန်တာ့ယူကိုနေပြည်တော်မှ တပ်ဖွဲ့တစ်ဖွဲ့ထဲဝင်ရန် စီစဉ်ပေးမည်။

ဟူပေပြည်နယ် နယ်စားကြီး၏အကူအညီဖြင့် ရနိုင်စရာရှိလေသည်။

ပိုင်ယီးယီးနှင့်ကျိဖေ့ကျန်းတို့က စီချွမ်းပြည်နယ်တွင် တတ်တဆိတ် အခြေချနေထိုင်ကြမည်။

ပိုင်ယီးယီးတို့နှင့်အတူ ခါးကုန်းကြီး ကင်းလျောင်လည်း လိုက်ပါသွားမည်။

ပိုင်ယီးယီးတို့က လင်ချမ်းကျုံးနှင့်ချီကုဖိန်းတို့၏အကြောင်း ငွေဖျိုင်းဖြူဂိုဏ်းအကြောင်းနှင့် အခြေအနေအရပ်ရပ်ကို စုံစမ်းထားကြမည်။

အခွင့်အခါသင့်မှ ချန်တာ့ယူနှင့်မိုးကြိုးသိုင်းသမားကြီး လီခုံးချီတို့သည် ပိုင်ယီးယီးတို့ထံ လိုက်လာကြမည်ဖြစ်၏။

ဤအစီအစဉ်ကို မိုးကြိုးသိုင်းသမားကြီး လီခုံးချီကိုယ်တိုင်



စီစဉ်ခြင်းဖြစ်၏။

သူသည် သိုင်းလောကမှဖွယ်ခွာကာ နှစ်ပေါင်းများစွာ မန်းစန်းတောင်ပေါ်တွင် အခြေချနေထိုင်ခဲ့ပြီးမှ ပိုင်ယီးယီးနှင့်ချန်တာ့ယူတို့အားအမိ သံယောဇဉ်ဖြင့် ပြန်လည်လှုပ်ရှားရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်လေသည်။

ထို့နောက် ချန်တာ့ယူတို့အားလုံးသည် မန်းစန်းတောင်ပေါ်မှ ဆင်းလာခဲ့ကြသည်။

ချန်တာ့ယူနှင့် မိုးကြိုးသိုင်းသမားကြီး လီခုံးချီတို့က ဟူပေပြည်နယ်စားကြီးထံသို့ ထွက်ခွာသွားကြသည်။

ပိုင်ယီးယီး၊ ကျိဖေ့ကျန်းနှင့် ခါးကုန်းကြီး ကင်းလျောင်တို့က စီချွမ်းပြည်နယ်ဆီသို့ ထွက်ခွာသွားကြသည်။

မကြာမီ ရက်ပိုင်းအတွင်းမှာပင် ဟူပေနယ်စားကြီး၏အကူအညီဖြင့် ချန်တာ့ယူသည် နေပြည်တော် ဒုစရိုက်နှိမ်နင်းရေး တပ်ဖွဲ့ဝင်တစ်ယောက်ဖြစ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

### ရှေ့သွားနောက်လိုက်

သန်းခေါင်တိုင်လုပြီဖြစ်၏။

လရောင်မှာလည်း ပိုပြီး လင်းလာသယောင် ထင်ရလေသည်။

လေညင်းက တိုက်ခတ်နေသေးသဖြင့် သစ်ရွက်ခတ်သံပေါ်ထွက်နေဆဲ။

စမ်းရေစီးသံကလေးများမှာလည်း လွင်စီနေဆဲ။

ချန်တာ့ယူသည် သူ့ဇာတ်ကြောင်းကို ပြန်လည်ပြောပြနေရာမှ နားလိုက်သည်။

ချန်တာ့ယူ ပြောပြနေသည့်ကာလတစ်လျှောက်လုံး ဘေးနားမှ မိန်းမလှကလေး ရှောက်တ့ာသည် ရင်သပ်ရှုမော နားထောင်



နေသည်။

စိတ်ဝင်စားလွန်းသဖြင့် စကားတစ်လုံးမှပင် ဝင်မထောက်မိချေ။

သူမသည် ချန်တာ့ယူ၏ဖခင် ချန်ဂူးဝမ်း၏အကြောင်းကို အဘိုးဖြစ်သူ ထိလုံးထံမှ ကြားဖူးထားသော်လည်း ယခုလောက် စုံစုံစေ့စေ့ မကြားဘူးချေ။

ယခု ချန်တာ့ယူပြောပြမှသာ ဖွင့်ကျသေချာစွာ သိရခြင်းဖြစ်လေသည်။

ချန်ဂူးဝမ်း၏ဘဝမှာ သူမ ထင်ထားသည် ပိုမိုပြီး သနားစရာကောင်းလှကြောင်း ရှောက်တ့ာ သဘောပေါက်နားလည်သွားသည်။

ချန်တာ့ယူ မည်မျှအထိ ခံစားနေရမည်ဖြစ်ကြောင်းကိုလည်း ရှောက်တ့ာ ယခု စာနာမိလေသည်။

“အစ်ကို့ရဲ့ဖေဖေဟာ လင်ချမ်းကျိုးရဲ့မတရားသဖြင့် နှိပ်စက်မှုကို သေသည်အထိ ခံသွားရတာကို၊ အစ်ကို့ဖေဖေ့အကြောင်းကို ဒီလောက်အထိ ညီမ မသိထားဘူးလေ”

“ညီမ ဘိုးဘိုးကလဲ အပြင်လူဆိုတော့ အစ်ကို့ဖေဖေ့ရဲ့အဖြစ်ကို ဒီလောက်တော့ ဘယ်သိထားပါ့မလဲ၊ အစ်ကိုတို့တောင် အေ့အေးလေးကိုဖွေ့ကျန်းလိုလူမျိုးက ပြောပြလို့သာ သိရတာ၊ နို့မို့ ဒီလောက်အထိ တိတိကျကျ ဘယ်သိကြပါ့မလဲ”

www.burmeseclassic.com

www.burmeseclassic.com



"လင်ချမ်းကျိုးဟာ ညီမတို့ထင်ထားတာထက်တောင် ပိုပြီး ရက်စက်ယုတ်မာနေပါလား အစ်ကို"

"ဟုတ်တယ် ညီမ၊ ဒါတောင် အစ်ကိုတို့နဲ့ပတ်သက်ပြီး လင်ချမ်းကျိုး ယုတ်မာပုံတွေကိုသာ သိရတယ်၊ ဘယ်သူတွေအပေါ်မှာလဲ ဘယ်လောက်အထိ ရက်စက်ယုတ်မာကြသေးတယ်ဆိုတာ တိတိကျကျ သိရသေးတာမဟုတ်ဘူး"

"အစ်ကို့ရဲ့မေမေတို့နဲ့တွေ့ပြီးပြီလား အစ်ကို၊ အစ်ကို့အကြောင်းကို ဆက်ပြောပါဦး"

"စီချွမ်းပြည်နယ်ကို အစ်ကိုရောက်နေတာ နှစ်လကျော် သုံးလလောက် ရှိနေပါပြီ ညီမ၊ မေမေတို့နဲ့အစ်ကိုတို့နဲ့ အဆက်အသွယ် မပြတ်တော့ စီချွမ်းပြည်နယ်ကို အစ်ကိုနဲ့ဘာဘာလီတို့ ရောက်ရောက်ချင်း မေမေတို့နဲ့ တွေ့ပါတယ်၊ မေမေတို့ဆီကလဲ သတင်းမျိုး ကြားရတယ်လေ"

"ဘာသတင်းလဲ အစ်ကို"

"လင်ချမ်းကျိုးနဲ့ငွေဖျိုင်းဖြူရဲ့သတင်း၊ နယ်စားယုတ် ချီကုဖိန်းရဲ့သတင်း၊ ပြီးတော့ ညီမရဲ့ဘိုးဘိုးဟာ စီချွမ်းပြည်နယ် တစ်နေရာမှာ ပုန်းလျှိုးပြီးရှိနေတယ်၊ လင်ချမ်းကျိုးနဲ့ချီကုဖိန်းက အပြင်းအထန် ရှာဖွေနေကြတယ်၊ ညီမရဲ့ဘိုးဘိုးကိုလဲ တိုင်းပြည်သစ္စာဖောက်လို့ ကြေငြာထားတယ်၊ ညီမရဲ့ဘိုးဘိုးကို လူအများက တိုင်းပြည်သစ္စာဖောက်လို့ ထင်အောင် လုပ်ကြံဇာတ်လမ်းခင်းပြီး ထားကြ



တယ်ဆိုတဲ့ သတင်းတွေကိုကြားရပါတယ် ညီမ"

"ဟုတ်ပါတယ် အစ်ကို… ဒါကြောင့်လဲ ဘိုးဘိုးဟာ ညီမကိုခေါ်ပြီး ဒီရွာကလေးမှာ ခြေရာဖျောက်နေကြတာပေါ့၊ ဒါပေမယ့် ခဏခဏတော့ အပြင်ကိုထွက်ပြီး ချီကုဖိန်းနဲ့ လင်ချမ်းကျိုးတို့ရဲ့ လှုပ်ရှားမှု သတင်းတွေကို စုံစမ်းတတ်တယ်"

"အဲ… အစ်ကိုလဲ ညီမ ဘိုးဘိုးရဲ့သတင်းကိုကြားရတော့ ညီမ ဘိုးဘိုးနဲ့တွေ့လိုစိတ် ပြင်းပြလာတယ်၊ ညီမ ဘိုးဘိုးနဲ့တွေ့ရင် လင်ချမ်းကျိုးတို့ရဲ့ထူးခြားတဲ့ သတင်းတွေကိုကြားရလိမ့်မယ်လို့ ယုံကြည်တယ်လေ၊ ဒါနဲ့အစ်ကိုလဲ တစ်ဘက်က လင်ချမ်းကျိုးတို့ရဲ့သတင်းကို စုံစမ်းရင်း တစ်ဘက်ကလဲ ညီမရဲ့ဘိုးဘိုးကိုတွေ့အောင် ရှာခဲ့တယ်၊ အခုမှ ကံကောင်းထောက်မပြီး တိုက်တိုက်ဆိုင်ဆိုင် တွေ့ကြရတယ် ညီမ"

"လင်ချမ်းကျိုးနဲ့ချီကုဖိန်းတို့ကိုကော အစ်ကိုမြင်ဖူး တွေ့ဖူးပြီလားဟင်"

"ချီကုဖိန်းလဲ တွေ့ဖူးပါပြီ ညီမ၊ လင်ချမ်းကျိုးနဲ့ သူ့ရဲ့သား လင်ချွင်စစ်ကိုလဲ သေသေချာချာ တွေ့ဖူးပါပြီ"

"ဟင်… ဘယ်မှာတွေ့ဖူးတာလဲ အစ်ကို"

"လွန်ခဲ့တဲ့လက ငွေဖျိုင်းဖြူစံအိမ်မှာ လင်ချွင်စစ်ရဲ့နှစ်ဆယ်ရှစ်နှစ်မြောက် မွေးနေ့ပွဲ လုပ်တယ်လေ၊ အဲဒီမွေးနေ့ပွဲကို နယ်စားယုတ် ချီကုဖိန်းလဲ လာတယ်၊ လင်ချမ်းကျိုးကို မျက်နှာလို မျက်နှာရ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ချင်တဲ့ လူကြီးလူကောင်း အရေခြုံတွေလဲ လာကြတယ်၊ အစ်ကိုလဲ အစ်ကို့နည်း အစ်ကို့ဟန်နဲ့ ရုပ်ဖျက်ပြီး မွေးနေ့ပွဲကို ရောက်ခဲ့တယ်၊ မေမေကိုယ်တိုင်လဲ ရုပ်ဖျက်ပြီး အစ်ကိုနဲ့ပါလာတယ်"

"အို... သူတို့မရိပ်မိဘူးလား အစ်ကို"

"မရိပ်မကြပါဘူး ညီမ၊ သူတို့ကိုယ်တိုင်က ချန်ဂူးဝမ်းရဲ့သား အစ်ကိုဟာ လောကကြီးမှာ ရှိနေတယ်လို့မှ သိမထားကြဘဲ၊ မေမေကိုယ်တိုင်လဲ ပျောက်ချင်းမလှ ပျောက်နေတော့ သေပြီလို့တောင် သူတို့က ထင်ချင်ထင်နေမှာ၊ အခုလို အစ်ကိုတို့သားအမိ ရုပ်ဖျက်ပြီး ရောက်လာကြလိမ့်မယ်လို့ ဘယ်ထင်ပါ့မလဲ"

"အင်း... ဒီလိုတော့လဲ ဟုတ်သားပဲ အစ်ကို၊ အစ်ကိုဟာ အစ်ကို့ဖေဖေရဲ့ ရုပ်ရည်နဲ့တထေရာတည်း တူနေတော့ အစ်ကိုသာ ရုပ်ဖျက်မသွားရင် လင်ချမ်းကျုံးတို့က အစ်ကို့ကိုမြင်မြင်ချင်း သင်္ကာမကင်း ဖြစ်မိကြမှာပဲနော်"

"ဖြစ်မှာပေါ့ ညီမ၊ ပြီးတော့ အစ်ကို့အကြောင်းကို စုံစမ်းကြတော့မယ်၊ သူတို့က အစ်ကို့ကို အာရုံစိုက်လာရင် သိပ်မကောင်းဘူး၊ သူတို့အကြောင်းကို လွတ်လွတ်လပ်လပ်စုံစမ်းဖို့ ခက်သွားမှာပေါ့"

"လင်ချွင်စစ်ရဲ့ မွေးနေ့ပွဲကို အစ်ကိုရောက်သွားတော့ ဘာတွေ ထူးထူးခြားခြား တွေ့ရသေးသလဲ အစ်ကို... ပြောပါဦး"

"အစ်ကို့ ဖေဖေကိုဒုက္ခပေးတဲ့နေရာမှာ လင်ချမ်းကျုံးနဲ့ပူးပေါင်းပါဝင်ခဲ့တဲ့ ငွေဖျိုင်းဖြူဂိုဏ်းရဲ့ဒုဂိုဏ်းချုပ် ထုံဟူလူးဆိုတဲ့လူကြီးကော၊ မြောင်ယိလန်းနဲ့ရှုအုံကြူတို့ လင်မယားကိုလဲ တွေ့ခဲ့ရတယ် ညီမ၊ မေမေပြလို့ အစ်ကိုလဲ သိရပါတယ်၊ သင်းတို့ကို အစ်ကိုအသည်းထဲမှာ စွဲနေအောင်မှတ်ထားတယ်"



"သူတို့တွေလဲ လင်ချမ်းကျုံးဆီမှာ မြဲနေကြတုန်းကိုး"

"မြဲမှာပေါ့ ညီမရယ်၊ လင်ချမ်းကျုံးကလဲ သူတို့ကို အခွင့်အရေးတွေ လိုတာထက် ပိုပြီး ပေးထားမှာပေါ့"

"အစ်ကို့ ဖေဖေနေသွားတဲ့ ငွေဖျိုင်းဖြူစံအိမ်ကိုရောက်သွားတော့ အစ်ကိုသိပ်ပြီး ခံစားရမှာပဲနော် အစ်ကို"

ချန်တာ့ယူ မျက်နှာက ညှိုးမှိုင်းသွားသည်။

"သိပ်ပြီးခံစားရတာပေါ့ ညီမရယ်၊ အရင်တုန်းကတော့ ငွေဖျိုင်းဖြူစံအိမ်အကြောင်းကိုကြားရုံသာ ကြားဖူးတာ၊ ဒါပေမယ့် ဒီလောက်အထိ ကြီးကျယ်ခမ်းနားလိမ့်မယ်လို့ မထင်မိဘူး၊ ရောက်သွားမှ အစ်ကိုတင်ထားတာက် လေးငါးဆယ်[illegible]ပြီး ကြီးကျယ်ခမ်းနားနေတာကို တွေ့ရတယ်၊ ပြီးတော့ ဒီအိမ်ဟာ အစ်ကို့ဖေဖေ၊ အစ်ကို့ရဲ့ဘိုးဘေးဘီဘင် အဆက်ဆက်က ပိုင်ဆိုင်ပြီး နေထိုင်ခဲ့တဲ့ အိမ်ပါလားဆိုတဲ့အသိ ဝင်လာပြီး သိပ်ခံစားလာရတယ်"

ရှောက်ဗာပင်လျှင် ချန်တာ့ယူအတွက် အတော်ကလေး စိတ်မကောင်း ဖြစ်သွားသည်။

"မှန်ပါတယ် အစ်ကို၊ တကယ်တော့ ခုချိန်မှာ ငွေဖျိုင်းဖြူစံအိမ်ရဲ့အရှင်သခင်ဟာ အစ်ကိုပဲဖြစ်ရမှာပါ၊ လင်ချမ်းကျုံးဟာ ငွေ

www.burmeseclassic.com

www.burmeseclassic.com



ဗျိုင်းဖြူစံအိမ်နဲ့ အစ်ကို့ဖေဖေရဲ့ဥစ္စာပစ္စည်းတွေကို မတရားသိမ်းထားတာပဲ၊ အစ်ကို့ ကိုယ်စား သူ့သားလင်ချင်စစ်က စည်းစိမ်ခံစားနေရတာပေါ့"

"ဒါနဲ့လင်ချမ်းကျူးကို ညီမတွေ့ဘူးလား"

"မတွေ့ဖူးသေးပါဘူး အစ်ကို၊ ဘိုးဘိုးကိုယ်တိုင်က ညီမကို အန္တရာယ်ရှိနေမယ့် နေရာမျိုးတွေကို ခေါ်မသွားသေးဘူး"

"အင်းလေ… မကြာခင် ညီမကိုယ်တိုင် သူတို့နဲ့ရင်ဆိုင်ကြရမှာပါ၊ ကဲ… ညီမ ညဥ့်နက်လှပြီ၊ အိမ်ထဲကို ဝင်ကြစို့နော်"

ရှောက်ဗှာက အသာအယာ ခေါင်းညိတ်ပြသည်။

ထို့နောက် သူတို့နှစ်ဦးသည် အိမ်ကလေးဆီသို့ ယှဉ်၍ လျှောက်လာကြသည်။

အမှောင်ထုဖုံးနေသော အိမ်ကလေးထဲမှ သူတို့နှစ်ဦးကို တစ်စုံတစ်ယောက်က ချောင်းကြည့်နေကြောင်းကို သူတို့တွေ မသိကြချေ။



ထိုသူမှာ အဘိုးကြီး ထိလုံးပင်ဖြစ်၏။

အဘိုးကြီး ထိလုံး၏မျက်နှာက ပြုံးနေသည်။ ရင်ထဲတွင် ကျေနပ်နေသည်။

သူ့စိတ်ထဲမှလည်း တွေးနေမိသည်။

"တယ်ပြီး ရေသွားနောက်လိုက်ညီတဲ့ ကလေးနှစ်ယောက်ပဲ၊ ချစ်တာ့ယူလိုလူမျိုးနဲ့သာ ငါ့မြေးလေး နီးစပ်သွားရင် ငါ့မြေးရဲ့ နောင်ရေးကို ငါ စိတ်အေးရပါပြီ၊ စိတ်အေးရပါပြီ"

www.burmeseclassic.com



## အခန်း(၁၂)

### အသက်ခွေမားပုံနှစ်လက်

ရှုခင်းရှုကွက် ကောင်းလှသော ရေတံခွန်ကြီး၏မလှမ်းမ ကမ်းတွင် ယာယီတဲကလေး ငါးတဲရှိနေကြသည်။

ယာယီတဲ ငါးလုံး၏အနီးတွင် စမ်းချောင်းကလေး ရှိသည်။

ယာယီတဲငါးလုံးကို ခပ်ဝိုင်းဝိုင်းဆောက်ထားကြခြင်း ဖြစ်သည်။

ယာယီတဲငါးလုံး၏ အလယ်တွင် လှပသေသပ်စွာ ပြုလုပ်ထားသော ဝါးစားပွဲတစ်လုံးရှိသည်။

ဝါးစားပွဲပတ်လည်တွင် ဝါးထိုင်ခုံ ငါးလုံးကိုလည်း ဝိုင်း၍ ချထားသည်။

ဝါးစားပွဲပေါ်တွင် အပြာရောင်စားပွဲခင်းကို ခင်းထားပြီး ထိုင်



ခုံများပေါ်တွင် ဇိမ်ရှိရှိ ထိုင်နိုင်ရန်အတွက် ကတ္တီပါစများ ခပ်ထူထူ ခင်းထားသည်။

ထိုင်ခုံသုံးလုံးတွင် လူလွတ်နေသော်လည်း ထိုင်ခုံနှစ်လုံးတွင်မူ လူနှစ်ယောက် ထိုင်နေကြသည်။

ထိုနှစ်ယောက်မှာ လင်ချမ်းကျိုးနှင့်လင်ချွင်စစ်တို့ ဖြစ်ကြလေသည်။

လင်ချမ်းကျိုးမှာ အသက်ခုနစ်ဆယ်နီးပါးခန့် ရှိပြီဖြစ်၍ ဆံပင်များ မုတ်ဆိတ်များပင် ဖြူဖွေးနေလေပြီ။

အသက်နှစ်ဆယ့်ရှစ်နှစ် ကျော်မျှသာရှိသေးသော လင်ချွင်စစ်ကမူ ထွားကျိုင်းသန်မာပုံရသော ခန္ဓာကိုယ်မျိုးရှိသည်။

သို့သော် စည်းစိမ်ခံ၍ နေခဲ့ရသူပီပီ ဗိုက်အနည်းငယ်ရွဲပြီး ဝသယောင် ဖြစ်နေသည်။

သူတို့သားအဖ နှစ်ယောက်စလုံး သစ်လွင်အဖိုးတန်သော အဝတ်များကို ဝတ်ထားကြသည်။

စားပွဲပေါ်တွင်မူ အရက်အိုးတစ်လုံးနှင့် အသားကင်တစ်ပွဲရှိနေသည်။

အရက်အိုးမှာ နန်းတွင်းသုံး ပန်းတစ်ရာ အရက်အိုးပင်ဖြစ်ပြီး လွန်စွာရှားပါး အဖိုးတန်သည်။

လင်ချမ်းကျိုးနှင့်လင်ချွင်စစ်တို့ သားအဖနှစ်ယောက်သည် အရက်ကို သောက်လိုက်၊ အသားကင်ကိုစားလိုက်နှင့် စကားတပြော

www.burmeseclassic.com



ပြော ရှိနေကြသည်။

သူတို့နှင့် ခပ်လှမ်းလှမ်းတွင် လူတစ်စုမှာ အိုးကြီးအိုးငယ်များဖြင့် ချက်ပြုတ်နေကြသည်။

ထိုသူတို့မှာ ငွေဖျိုင်းဖြူစံအိမ်မှ စားဖိုချောင် အမှုထမ်းများနှင့် စားပွဲထိုးများ ဖြစ်ကြသည်။

လင်ချမ်းကျိုးက ယုံကြည်စိတ်ချရသော သူ့လူရင်းများကိုသာ ရွေး၍ ခေါ်ဆောင်ထားခြင်းဖြစ်သည်။

ဤနေရာသို့လာရောက် စခန်းချနားနေရခြင်းမှာလည်း သားဖြစ်သူ လင်ချွင်စစ်၏ဆန္ဒကြောင့် ဖြစ်လေသည်။

ယခုကဲ့သို့ ဤနေရာတွင် လာရောက်စခန်းချ နားနေခြင်းမှာ လေးငါးကြိမ်ရှိသွားပြီ ဖြစ်၏။

"ဖေဖေရယ် ကျွန်တော်တို့တွေ ရေတံခွန်စခန်းမှာ သုံးလေးရက်လောက်သွားပြီး အပန်းဖြေကြဦးစို့နော်"

"အခု ဖေဖေ့မှာ လုပ်စရာလေးတွေ နည်းနည်းရှိနေသေးတယ် သားရယ်၊ နောက်တစ်လလောက်နေမှ သွားကြရအောင်"

"ဟာ... ဖေဖေကလဲ ကျွန်တော်က အခုသွားချင်လို့ ဖေဖေ့ကို ပြောနေတာပေါ့"

"ဒါဖြင့် သားပဲ သွားလေ၊ သား ခေါ်ချင်တဲ့သူကို ကြိုက်သလောက် ခေါ်သွား၊ ငွေကို ကြိုက်သလောက် သုံး"

"ဟာ... ဖေဖေဖေပါ လိုက်ခဲ့ပါ"



"ဘာဖြစ်လို့လဲ သားရဲ့"

"ဖေဖေကိုယ်တိုင်ပါလာတော့ ကျွန်တော်ပိုပြီး အားရှိတာပေါ့၊ လိုက်ခဲ့ပါ ဖေဖေရယ်၊ လိုက်ခဲ့ပါ"

"ဟား... ဟား... ဟား... ဟား၊ ကောင်းပါပြီ သားရယ်၊ သားက သိပ်ပြီး လိုက်စေချင်မှတော့ ဖေဖေ လိုက်ခဲ့ပါတော့မယ်၊ ကဲ ကျေနပ်ပြီလား"

ဤသို့ဖြင့် လင်ချမ်းကျိုးသည် လင်ချွင်စစ်၏ဆန္ဒကိုလိုက်လျောပြီး ဤနေရာသို့ရောက်နေရခြင်း ဖြစ်လေသည်။

သူသည် သား ဖြစ်သူ မျက်နှာညှိုးမှာကိုပင် မလိုလားချေ။

သားဖြစ်သူသာ စိတ်ချမ်းသာမည်ဆိုပါက ဘာမဆို ဆောင်ရွက်ပေးဖို့ ဝန်မလေးချေ။

သူတို့သည် မနေ့ကတည်းက ဤအပန်းဖြေစခန်းတွင် ရောက်နေကြခြင်းဖြစ်၏။

ကြီးမားကျယ်ဝန်းသော ယာယီတဲကြီး တစ်လုံးတွင် သူတို့သားအဖ တည်းကြပြီး ကျန်တဲလေးလုံးတွင် ငွေဖျိုင်းဖြူစံအိမ်အမှုထမ်းများနှင့် ပါလာသော ငွေဖျိုင်းဖြူဂိုဏ်းသား တချို့တည်းကြသည်။

လင်ချွင်စစ်သည် စားပွဲပေါ်မှာ အရက်အိုးကိုလှမ်းယူပြီး သူ့ ခွက်ထဲသို့ ငှဲ့ထည့်လိုက်သည်။

သူ့မျက်လုံးများက ရီဝေစပြုနေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အရက်အိုးကို စားပွဲပေါ်ပြန်ချပြီး ဖခင်ဖြစ်သူ လင်ချမ်းကျူးကို မေးလိုက်သည်။

"ကျွန်တော်တို့တတွေ ဒီမှာ ဘယ်နှစ်ရက်နေကြမှာလဲ ဖေဖေ"

လင်ချမ်းကျူးက လိုက်လိုက်လှဲလှဲ ပြုံးလိုက်ပြီး....

"သား ပျော်သလောက် နေပေါ့သားရဲ့"

"နေ့လယ်ဘက်မှာ တောလိုက်ရတာကို ကျွန်တော်သိပ်ပြီး ပျော်တယ် ဖေဖေ၊ တောလိုက်ရတဲ့ လတ်လတ်ဆတ်ဆတ်အကောင်တွေကို ခုလိုချက်ပြုတ်ပြီး စားရတာ ကျွန်တော်ပိုကြိုက်တယ်၊ ကျွန်တော်ကတော့ လေးငါးရက်လောက် နေချင်သေးတယ်"

"သား နေချင်သလောက် နေပါလို့ ဖေဖေ ပြောထားသားပဲ၊ သား နေချင်သေးတယ်ဆိုရင် တစ်လပဲနေနေ တစ်နှစ်ပဲ နေနေ ဖေဖေလဲ နေမှာပေါ့"

"ဖေဖေ့ရဲ့အလုပ်တွေ သိပ်ပျက်မှာစိုးလို့ပါ"

"ဖေဖေအနေနဲ့ကတော့ သား စိတ်ချမ်းသာရေးက လွဲပြီး ဘယ်ကိစ္စမှ ဒီလောက်အရေးမကြီးပါဘူး သားရယ်၊ အခု ဖေဖေ လုပ်ကိုင်ဆောင်ရွက်နေရတာလဲ ဒီထက်ပိုပြီး သားလေး ချမ်းချမ်းသာသာ နေနိုင်အောင်ပါ၊ သားအတွက်ပါပဲ"

လင်ချွင်စစ်က သူ့ခွက်ထဲမှ အရက်ကို မော့သောက်လိုက်ပြီးမှ....



"ကျွန်တော့်ကို ဖေဖေ သိပ်ချစ်တာပဲနော်၊ သိပ်ပြီးလဲ အလိုလိုက်တာပဲ"

"သြော်... သားရယ်၊ တစ်လောကလုံး ပြေးကြည့်မှ ဖေဖေ့ရဲ့ သွေးသားရင်းချာဆိုလို့ သားတစ်ယောက်ပဲရှိတာပဲ၊ ဒီတော့ သိပ်ပြီး ချစ်ရတာပေါ့၊ ဒါကြောင့်လဲ သား ဘာပဲလုပ်ချင်လုပ်ချင် ဖေဖေ ခွင့်ပြုခဲ့တာပဲ မဟုတ်လား"

"ကျွန်တော်ကလဲ ကျွန်တော့်အပေါ် သိပ်ပြီး အလိုလိုက်တဲ့ ဖေဖေ့ကိုသိပ်ပြီး ချစ်ရတာပါပဲ ဖေဖေ၊ ဖေ့ဖေ့အတွက်ဆိုရင် ကျွန်တော် ဘာပဲလုပ်ရလုပ်ရ လုပ်မယ်"

"ဟား... ဟား... ဟား... ဟား၊ ဒါမှ ဖေဖေ့သား ပီသတာပေါ့ကွာ၊ ဟား... ဟား... ဟား... ဟား"

"ဟား... ဟား.. ဟား"

သားအဖနှစ်ယောက်စလုံး သဘောကျစွာ ရယ်မောလိုက်ကြသည်။

ထိုအချိန်တွင် လင်ဗန်းတစ်ချပ်ကိုကိုင်ပြီး သူတို့အနီးသို့ မြောင်ယီလန်း ရောက်လာသည်။

လင်ဗန်းထဲတွင် အငွေ့တထောင်းထောင်း ထနေပြီး မွှေးကြိုင်သင်းပျံ့နေသော ဟင်းနှစ်ခွက်ပါလာသည်။

မြောင်ယီလန်းသည် သူတို့အနီးတွင် ရိုကျိုးစွာ ရပ်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လိုက်လိုက်လဲ့လဲ့ ပြုံးလိုက်၏။

"သခင်ကြီးနဲ့သခင်လေးတို့ သားအဖနှစ်ယောက်ကို ကြည့်ရတာ သိပ်ပြီး စိတ်ချမ်းသာဖို့ ကောင်းပါတယ်ခင်ဗျာ"

လင်ချမ်းကျိုးကလည်း ပြုံးလိုက်ပြီး....

"ဟား... ဟား... ဟား... ဟား၊ ဒီလိုပဲ ဖြစ်ရမှာပေါ့ မြောင်ယိလန်းရယ်၊ နေပါဦးကွ၊ ဟိုစားပွဲထိုးက ဘာတွေလုပ်နေကြလို့လဲ"

"ဘာဖြစ်လို့လဲ သခင်ကြီး"

"မင်းကိုယ်တိုင် တို့ကိုစားပွဲထိုး လာလုပ်နေလို့ပါ"

"သခင်ကြီးနဲ့ သခင်လေးကို ကျွန်တော်ကိုယ်တိုင် ပြုစုချင်လို့ တမင်သက်သက် ယူလာခဲ့တာပါခင်ဗျာ"

လင်ချမ်းကျိုး လွန်စွာ ကျေနပ်သွားသည်။

"အေး... မင်းဟာ နေရာတကာမှာ အလိုက်သိတတ်တယ် မြောင်ယိလန်း၊ အဲဒါကြောင့်လဲ မင်းတို့လင်မယားကို ငါက ချီးမြှင့်မြှောက်စားသင့်တာထက်ပိုပြီး ချီးမြှင့်မြှောက်စားခဲ့ရတာပဲ မြောင်ယိလန်း"

"သခင်ကြီးနဲ့သခင်လေးရဲ့ကျေးဇူးကို ကျွန်တော်တို့ တစ်သက်မှာလဲ မမေ့တော့ပါဘူးခင်ဗျာ"

ပြောပြောဆိုဆို မြောင်ယိလန်းသည် လင်ဗန်းထဲမှ ဟင်းပန်းကန် နှစ်ပန်းကန်ကို စားပွဲပေါ် အသာအယာ ချလိုက်သည်။



လင်ချမ်းကျိုးက မေးလိုက်သည်။

"ရှုအုံကြူတစ်ယောက်ကော မမြင်ပါလားကွ"

"စောစောကပဲ စမ်းချောင်းဘက်ကို ရေချိုးထွက်သွားပါတယ် သခင်ကြီး၊ ဘာများခိုင်းစရာရှိလို့ပါလဲ ခင်ဗျာ"

"မရှိပါဘူးကွာ မတွေ့လို့ မေးကြည့်တာပါ၊ ကဲ... မင်း လုပ်စရာရှိတာ သွားလုပ်ပေတော့"

"ဟုတ်ကဲ့... နောက်ချက်နေတဲ့ ဟင်းတွေ ကျက်ကျက်ချင်း ကျွန်တော်ကိုယ်တိုင် လာပို့ပေးပါ့မယ် သခင်ကြီး"

"အေး... အေး"

မြောင်ယိလန်းသည် လင်ချမ်းကျိုးတို့ကို အရိုသေပေး၍ ပြန်လည်ထွက်ခွာသွားသည်။

လင်ချွင်စစ်က ပူပူနွေးနွေး သမင်သားဟင်းတုံး တစ်တုံးကို ညှပ်၍ ဝါးစားလိုက်ပြီး အရသာခံကြည့်သည်။

လွန်စွာ သဘောကျသွားဟန်ဖြင့် ခေါင်းတဆတ်ဆတ် လည်း ညိတ်လိုက်သည်။

"ဟား... သိပ်ကောင်းတဲ့ သမင်သားဟင်းပဲ ဖေဖေ၊ မြည်းကြည့်စမ်းပါဦး"

လင်ချမ်းကျိုးကလည်း သားဖြစ်သူ၏ဆန္ဒအတိုင်း သမင်သားဟင်းတစ်တုံးကို တူဖြင့် ညှပ်၍ ဝါးစားလိုက်သည်။

"ဟုတ်တယ် သားရေ၊ သိပ်ကောင်းတဲ့ သမင်သားဟင်းပဲ၊

www.burmeseclassic.com

www.burmeseclassic.com



သား ကိုယ်တိုင်ဖမ်းထားတဲ့သမင်သားမို့လို့ ထင်ပါရဲ့"

"ဟဲ... ဟဲ... ဟဲ၊ ဖေဖေကလဲ"

ဖခင်က သားအကြိုက်ကိုလိုက်၍ ပြောလိုက်ခြင်း ဖြစ်သဖြင့် လင်ချွင်စစ် သဘောကျကျေနပ်သွားသည်။

သူသည် လင်ချမ်းကျုံးကို ရယ်ရင်းစကားပြန်ပြောမည်ပြုပြီးမှ တစ်စုံတစ်ရာကို စိတ်ဝင်တစား ဖြစ်သွားဟန်ဖြင့် စကားကိုရပ်လိုက်သည်။

လင်ချမ်းကျုံးလည်း လင်ချွင်စစ်ကြည့်ရာကို တစ်ချက်ကြည့်လိုက်သည်။

သူတို့ကို ဘေးတိုက်အနေအထားနှင့် မလှမ်းမကမ်းမှ လျှောက်သွားသော ရှုအုံကြူကို တွေ့ရသည်။

ရှုအုံကြူသည် စမ်းချောင်းမှ ရေချိုးပြီး ပြန်လာခဲ့ရခြင်းဖြစ်၏။

လင်ချွင်စစ်သည် ယခင်က ရှုအုံကြူ၏ခန္ဓာကိုယ်ဖွံ့ဖြိုးလှပမှုကို ဂရုမပြုမိချေ။

သူ့ပတ်ပတ်လည်တွင် ရှုအုံကြူထက် ချောမောလှပသူတွေ ဝိုင်းဝိုင်းလည်နေကြသည် မဟုတ်ပါလား။



သူသည် ယာယီတဲအိမ်ကလေးထဲသို့ ရှုအုံကြူ ဝင်ရောက်ပျောက်ကွယ်သွားသည်အထိ ကြည့်နေပြီးမှ သူ့လက်ထဲမှအရက်ခွက်ကို တစ်ရှိန်ထိုး မော့သောက်လိုက်သည်။

လင်ချမ်းကျုံးကမူ ဘာမှမပြောသေးတဲ့ သားဖြစ်သူ၏အရိပ်အကဲကို ပြုံးပြုံးကြီး အကဲခတ်ကြည့်နေသည်။

လင်ချွင်စစ်ကလည်း အရက်ကို တစ်ရှိန်ထိုး မော့သောက်လိုက်ပြီးမှ ဖခင်ဖြစ်သူ လင်ချမ်းကျုံးကို တစ်ချက်ကြည့်သည်။ သူ့နဖူးတွင် ချွေးတွေ စို့နေသည်။

လင်ချွင်စစ် ဘာမှမပြောသော်လည်း သူ့အကြည့်ကို လင်ချမ်းကျုံး နားလည်သည်။

သားဖြစ်သူကို အသာအယာ ခေါင်းညိတ်ပြလိုက်သည်။

သားလုပ်ချင်တာလုပ် ဟူသောသဘောပင်။

လင်ချွင်စစ်ထိုင်ရာမှ ထရပ်သည်။ ခပ်လှမ်းလှမ်းရှိ ချက်ပြုတ်နေသည့်နေရာတွင် ရပ်နေသော မြောင်ယိလန်းကို တစ်ချက်လှမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြောင်ယိလန်းက သူတို့ဘက်ကို ကျောခိုင်းထားသည်။

လင်ချင်စစ်သည် ရှုအုံကြူ ဝင်သွားသောတဲဆီသို့ ခပ်သွက်သွက် လျှောက်လာခဲ့သည်။

လင်ချမ်းကျုံးက သားဖြစ်သူကို ပြုံးပြုံးကြီး ကြည့်ရင်း ကျန်ခဲ့သည်။

ယာယီတဲဆီသို့အရောက်တွင် လင်ချင်စစ် တွေဝေတုံ့ဆိုင်းမနေဘဲ ခန်းဆီးဝကိုဆွဲဖယ်ကာ အတွင်းကို လှစ်ခနဲ ဝင်လိုက်သည်။

ရှုအုံကြူ တံခါးပေါက်ဆီ လှစ်ခနဲ လှည့်ကြည့်သည်။ လင်ချင်စစ်ကိုမြင်ပြီး မျက်လုံးပြူးသွားသည်။

"ဟင်… သခင်လေး"

ရှုအုံကြူအနီးသို့ လင်ချင်စစ် လှစ်ခနဲ ရောက်လာသည်။

လင်ချင်စစ်၏မှုမမှန်သော မျက်နှာကိုမြင်လိုက်ကတည်းက ရှုအုံကြူအခြေအနေကို ရိပ်စားမိလိုက်သည်။

တံခါးပေါက်ဆီသို့ သူမ တိုးထွက်မည်အပြုတွင် လင်ချင်စစ်က သူမကိုယ်ကိုဆွဲပြီး တင်းတင်းကျပ်ကျပ် ပွေ့ဖက်လိုက်လေတော့သည်။



ဟင်းချက်ပြုတ်နေသည့်အတွက် အနားတွင် ရပ်နေသော မြောင်ယိလန်းသည် ပထမတော့ မသိသေးချေ။

ရှုအုံကြူ၏ ရူးရူးရားရား အော်ဟစ်အကူအညီတောင်းသံ ထွက်ပေါ်လာတော့မှ စိုးရိမ်တကြီးဖြင့် ပြေးလာသည်။

ပထမတော့ သူသည် လင်ချမ်းကျုံး ထိုင်နေရာဘက်ဆီသို့ မကြည့်မိချေ။

ဇနီးအတွက် စိုးရိမ်စိတ်ဖြင့် သူ၏ယာယီတဲကလေးဆီသို့ ဦးတည်ပြေးလာခဲ့ခြင်းဖြစ်၏။

လင်ချမ်းကျုံးလည်း မြောင်ယိလန်း ပြေးလာသည်ကိုမြင်သည်။

သို့သော်လည်း သူသည် အနည်းငယ်မှ အပြုံးမပျက်ချေ။

"အို… လွှတ်… လွှတ်၊ အစ်ကို… အစ်ကိုရေ"

"ဟား… ဟား… ဟား"

တဲအတွင်းမှ ရှုအုံကြူ၏အော်သံ၊ လင်ချင်စစ်၏ရယ်မောသံများကို အပြင်ဘက်မှ အတိုင်းသား ကြားနေကြရသည်။

ချက်ပြုတ်နေသူများလည်း မြောင်ယိလန်းကို အကဲခတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြသည်။

လင်ချမ်းကျိုးသည် မြောင်ယိလန်း သူနှင့်မလှမ်းမကမ်းသို့ အရောက်တွင် လှမ်းခေါ်လိုက်သည်။

"ဟေ့… မြောင်ယိလန်း လာစမ်းပါဦးကွ"

လင်ချမ်းကျိုး၏ခေါ်သံကြောင့် မြောင်ယိလန်း တန့်ခနဲရပ်သွားပြီး လင်ချမ်းကျိုးထံ လှည့်ကြည့်သည်။

ထိုအခါမှပင် လင်ချမ်းကျိုးအနီးတွင် လင်ချွမ်စစ်မရှိတော့ကြောင်း မြင်သွားသည်။

"ဟား… ဟား… ဟား ပင်ပန်းပါတယ်ဗျာ၊ မရှက်ပါနဲ့"

"အို… လွှတ်… လွှတ်၊ လူယုတ်မာ"

လင်ချွင်စစ်နှင့်ရှုအုံကြူတို့အသံမှာ တဲအတွင်းမှ ပေါ်ထွက်လာပြန်သည်။

ရှုအုံကြူကို အနိုင်ကျင့်နေသူမှာ လင်ချွင်စစ်ဖြစ်ကြောင်းလည်း တိတိကျကျ သိသွားသည်။

မြောင်ယိလန်းသည် လင်ချမ်းကျိုးထံသို့ ကမူးရှူးထိုးဖြင့် ပြေးလာပြီး လင်ချမ်းကျိုးရှေ့တွင် ဒူးထောက်ထိုင်ချလိုက်သည်။

"ကယ်ပါဦး သခင်ကြီးရယ်၊ သခင်လေးလုပ်ပုံ မသင့်ပါဘူး ရှုအုံကြူဟာ ကျွန်တော့် ဇနီးပါ၊ ကျွန်တော်တို့ လင်မယားနှစ်ယောက်စလုံး သခင်ကြီးတို့အပေါ် သစ္စာစောင့်သိလာခဲ့ကြတာ သခင်ကြီး အသိဆုံးပါ"



လင်ချမ်းကျိုးက ပြုံးရယ်လိုက်ပြီး…

"ငါ့သားကို တစ်ကြိမ်တစ်ခါတော့ ခွင့်ပြုလိုက်ပါ မြောင်ယိလန်းရယ်"

"ခွေး… ခွေး… လွှတ်"

ရှုအုံကြူ၏အသံဗလုံးဗထွေး ပေါ်ထွက်လာပြန်သည်။

မြောင်ယိလန်း အနေရ အထိုင်ရခက်လာသည်။ အံကိုတင်းတင်း ကြိတ်မိသည်။

"ကျွန်တော့်ဇနီးအပေါ် ကျွန်တော် ဘယ်လောက်ချစ်တယ်ဆိုတာ သခင်ကြီး သိပါတယ်၊ ဒီအပြုအမူကိုတော့ သခင်ကြီး ဟန့်တားပေးပါ"

"ငါ့သား ဘာလုပ်လုပ် ဘယ်တုန်းကများ ငါ ဟန့်တားဘူးလို့လဲကွ၊ မင်း အစားပြန်လိုချင်ရင် မင်းကို ချောချောလှလှကလေး တစ်ယောက် ငါရှာပေးမယ်"

မြောင်ယိလန်း ခံစားချက်ကို ထိန်းချုပ်၍မရတော့ချေ။

သူသည် ဒေါသတကြီးဖြင့် ဆတ်ခနဲ ထရပ်လိုက်သည်။

"ခင်ဗျား ခွေးစကားမျိုးကို မပြောနဲ့ ခင်ဗျားမယား ခင်ဗျားနှမကျမှ ဒီစကားမျိုးကို ပြော၊ ဒီလောက်အထိ စော်ကားတာတော့ ကျုပ် မခံနိုင်ဘူး"

မြောင်ယိလန်းသည် ချာခနဲလှည့်ပြီး သူ့ခါးမှ ဓားရှည်ကိုဆွဲ

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ကိုင်ကာ ရှုအုံကြူရှိနေသော တဲဆီကို တစ်ရှိန်ထိုး ပြေးသွားသည်။

လင်ချမ်းကျူး မျက်နှာထား ပြောင်းသွားသည်။

သူသည် လက်နှစ်ဖက်ကိုလည်း လှုပ်တစ်ပြက် လှုပ်ရှားလိုက်သည်။

ဓားပျံနှစ်လက်က သူ့လက်တွင်းမှ ပြေးသွားသော မြောင်ယိလန်းကျောပြင်ဆီ တစ်ရှိန်းထိုး ပြေးလိုက်သွားသည်။

တဲနှင့်ငါးပေခန့်အကွာသို့ ရောက်နေပြီဖြစ်သော မြောင်ယိလန်းကျောပြင်ကို ဓားပျံနှစ်လက်စလုံး အရှိန်ပြင်းစွာဖြင့် စိုက်ဝင်သွားသည်။

"အား...."

မြောင်ယိလန်း ကျောကော့ပြီး မြေပေါ်ကို ဝုန်းခနဲ လဲကျသွားသည်။

"အို... လွှတ်၊ အား... လွှတ်"

တဲအတွင်းမှ နောက်ဆုံးအော်လိုက်သော ရှုအုံကြူ၏အသံကို မြောင်ယိလန်း မကြားနိုင်တော့ပါ။

မြောင်ယိလန်းတစ်ယောက် လင်ချမ်းကျူး၏လက်ချက်ဖြင့် အသက်ဆုံးရလေပြီ။

ရှုအုံကြူသည်လည်း ကယ်သူဝေးသဖြင့် လင်ချွင်စစ်ကြောင့်



ဘဝဆုံးရရှာလေသည်။

တဲအတွင်းမှ ရှုအုံကြူ၏အော်ဟစ်သံ တိတ်သွားသောအခါ လင်ချမ်းကျူး ကျေကျေနပ်နပ်ကြီး ရယ်မောလိုက်သည်။

သူ့အပေါ် နှစ်ပေါင်းနှစ်ဆယ်ခန့် သစ္စာစောင့်သိသော မြောင်ယိလန်း သေဆုံးသွားခြင်းအတွက် သူသည် အနည်းငယ်မျှ မခံစားရပါချေ။

သားဖြစ်သူ၏လိုအင်ဆန္ဒ ပြည့်သွားအောင် သူ ဆောင်ရွက်လိုက်နိုင်သည့်အတွက် ကျေနပ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

### ဒဏ်ရာရနေသောမိန်းမ

တောလမ်းအတိုင်း မြင်းနှစ်စီး အပြေးစိုင်းနှင်လာကြသည်။

မြင်းကိုယ်စီ စီးလာကြသူ နှစ်ယောက်မှာ ချန်တာ့ယူနှင့် ရှောက်ဗှာတို့ ဖြစ်ကြလေသည်။

သူတို့သည် မနက်ဝေလီဝေလင်း အချိန်ကတည်းက စိဂူရွာမှ ထွက်ခဲ့ကြခြင်းဖြစ်၏။ ယခု နေအတော် စောင်းနေပြီ။

ခရီးလည်း အတော်ပေါက်လာကြသည်။

"နေမဝင်ခင် ရှေ့က ရွာကို ရောက်နိုင်တယ် ညီမ၊ အဲဒီရွာကိုရောက်မှ နားကြတာပေါ့"

မြင်းကိုယှဉ်စီးလာရင်းမှ ချန်တာ့ယူက ရှောက်ဗှာကို ပြောလိုက်သည်။



ရှောက်ဗှာက ပြုံးပြုံးကလေး ခေါင်းညိတ်ပြသည်။

ခရီးပမ်းလာသော်လည်း သူမသည် ခရီးစဉ် တစ်လျှောက်လုံး အပြုံးမပျက်ချေ။

သူမရင်ထဲတွင် လွန်စွာ ဝမ်းသာပျော်ရွှင်နေသည်။

ချန်တာ့ယူ အပြန်တွင် လိုက်ပါလိုသော သူမ၏ဆန္ဒပြည့်ဝခဲ့ပြီ မဟုတ်ပါလား။

ချန်တာ့ယူနှင့် ရှောက်ဗှာတို့ တဲတားကလေးတွင် တွေ့ဆုံပြီး နောက်တစ်နေ့တွင် ချန်တာ့ယူနှင့် အဘိုးကြီး ထိလုံးတို့ အေးအေးဆေးဆေး တွေ့ကြသည်။

"မနက်ဖြန် စောစောတော့ ကျွန်တော်ပြန်မှ ဖြစ်မယ်ဘကြီး"

"အေးလေ… မောင့်မှာ လုပ်စရာ လုပ်ငန်းဆောင်တာတွေ အများကြီးရှိနေတယ်ဆိုတာ ကျုပ်ကိုယ်တိုင် သိနေတော့လဲ နေပါဦးလို့ မတားတော့ပါဘူး၊ ဖြစ်နိုင်ရင် မောင်နဲ့အတူ ကျုပ်ပါ တပါတည်း လိုက်ခဲ့ချင်တယ်၊ ဒါပေမယ့် ကျုပ်ရဲ့ဒဏ်ရာက ဆယ့်လေးငါးရက်

www.burmeseclassic.com



လောက် နားနားနေနေ နေပြီး ဆေးကုမှ အကောင်းပကတိ ပြန်ဖြစ်မှာဆိုတော့ လောလောဆယ်လိုက်လို့ မဖြစ်သေးဘူးလေ"

"ကျွန်တော်တို့တတွေ ဘယ်မှာ စခန်းချနေထိုင်ကြတယ်ဆိုတာလဲ ဘကြီးသိပြီးသားပဲ၊ ဘကြီးရဲ့ဒဏ်ရာ ကင်းကင်းရှင်းရှင်း ပျောက်တော့ အချိန်မရွေး လိုက်လာခဲ့ပါ၊ မေမေတို့ကိုလဲ ဘကြီးရဲ့အကြောင်း သေသေချာချာ ကျွန်တော် ပြောပြထားပါ့မယ်"

"အေးကွယ်... ကျုပ်လဲ ပိုင်ယီးယီးကိုသိပ်ပြီး တွေ့ချင်ပါတယ်၊ လူယုတ်မာ ချိုကုဖိန်းရဲ့လှည့်ကွက်ကြောင့် မောင့်မေမေအပေါ် အထင်လွဲခဲ့မိတာကိုလဲ ကျုပ်က တောင်းပန်လိုက်ပါတယ်လို့ မောင့် မေမေကို ပြောပြလိုက်ပါ"

"ဟုတ်ကဲ့... ပြောပြလိုက်ပါ့မယ်"

"ကျုပ်ကိုယ်တိုင် မောင့်မေမေနဲ့တွေ့မှ ကိုယ်တိုင်ကိုယ်ကျ တောင်းပန်ပါဦးမယ်"

"ဒီကိစ္စအတွက်တော့ ဘာမှစိတ်မကောင်း ဖြစ်မနေပါနဲ့တော့ ဘကြီးရယ်၊ ဘကြီးဟာ အမှန်တရားက ရပ်တည်ခဲ့လို့ လင်ချမ်းကျုံးတို့ရဲ့ရန်သူဖြစ်သွားတယ်ဆိုတာကို မေမေကြားသိရပြီးကတည်းက ဘကြီးကို ခွင့်လွှတ်နားလည်ပြီးသားပါ"

"ဆယ့်လေးငါးရက်လောက်နေရင် ကျုပ်လဲ လိုက်ခဲ့ပါ့မယ်လေ"



ရောက်ဇာသည် ချန်တာ့ယူနှင့် အဘိုးဖြစ်သူ ထိလုံးတို့အပြန်အလှန် ပြောဆိုနေကြသည်ကို ဘာမှဝင်မပြောဘဲ အသာအယာထိုင်၍ နားထောင်နေသည်။

သူမ၏မျက်လုံးအစုံကမူ ချန်တာ့ယူကိုသာ အကြည့်များသည်။ ညှို့ငယ်သော မျက်နှာထားမျိုးလည်း ရှိသည်။

ဤသည်ကို အဘိုးဖြစ်သူ ထိလုံးက သတိပြုမိလေသည်။

အဘိုးကြီး ထိလုံးစိတ်ထဲတွင် မြေးဖြစ်သူ ရောက်ဇာကို ချန်တာ့ယူနှင့်အတူတူ ထည့်လိုက်လျှင် သင့်မသင့် စဉ်းစားနေသည်။

ရောက်ဇာ၏အမူအရာကိုကြည့်၍ ချန်တာ့ယူနှင့်အတူ ရောက်ဇာ လိုက်ချင်နေကြောင်းသိသဖြင့် ဤသို့ စဉ်းစားနေခြင်း ဖြစ်၏။

"မောင်တို့ သားအမိနဲ့ မိုးကြိုးသိုင်းသမားကြီး လီခုံးချီတို့တတွေ စီချွမ်းပြည်နယ်မှာ ရောက်နေတယ်ဆိုတာ လင်ချမ်းကျုံးတို့ ဘက်တော်သားတွေ မသိကြသေးဘူးလား"

"မသိကြသေးပါဘူး ဘကြီး၊ မသိအောင်လဲ လောလောဆယ်တော့ ကျွန်တော်တို့တွေ အတတ်နိုင်ဆုံး လှုပ်ရှားနေကြပါတယ်၊ သူတို့ရဲ့ မမှန်ကန်တဲ့လုပ်ရပ်တွေကို တိတိကျကျ သိရတော့မှပဲ ကျွန်တော်တို့တွေ ပြောင်ပြောင်တင်းတင်း လှုပ်ရှားကြပါ့မယ်၊ သူတို့ကို ပွင့်ပွင့်လင်းလင်းပဲ စိန်ခေါ်ကြရမှာပဲ၊ ဒါပေမယ့် သူတို့တွေကို အပြီးအပိုင် မနှိမ်နင်းခင်မှာတော့ ကျွန်တော်ဟာ နေပြည်တော်

www.burmeseclassic.com

www.burmeseclassic.com



ဒုစရိုက် နှိမ်နင်းရေးမှူးခင်းတပ်ဖွဲ့ဝင်တစ်ယောက်ဖြစ်တယ်ဆိုတာ လျှို့ဝှက်ထားရပါဦးမယ်"

"ဒီစီချွမ်းပြည်နယ်မှာ ရှိတဲ့ ဒုစရိုက်နှိမ်နင်းရေး မှူခင်းတပ်ဖွဲ့ကော မောင်ရင် အဆက်အသွယ် မလုပ်ဘူးလား"

"လောလောဆယ်တော့ အဆက်အသွယ် မလုပ်သေးဘူး ဘကြီး၊ ကျွန်တော်ဟာ နေပြည်တော် ဒုစရိုက်နှိမ်နင်းရေး မှူခင်းတပ်ဖွဲ့ဝင်တစ်ယောက်ဆိုတော့ ဘယ်သူမှ မသိစေချင်သေးဘူး၊ ဘကြီးတို့ကိုသာ ကျွန်တော့်အကြောင်းမှန် သိစေချင်လို့ ဖွင့်ပြောထားတာ"

"အခုလို ဘာဖြစ်လို့ ဖုံးကွယ်ထားရတာလဲ မောင်"

"ကျွန်တော်ဟာ နေပြည်တော် ဒုစရိုက်နှိမ်နင်းရေး မှူခင်းတပ်ဖွဲ့ဝင်တစ်ယောက်ဖြစ်တယ်ဆိုတာသာ ချီကုဖိန်းနဲ့ လင်ချမ်းကျုံးတို့သိသွားရင် ကျွန်တော့်ကို ပြောင်ပြောင်တင်းတင်း ရင်ဆိုင်ရဲကြတော့မှာ မဟုတ်ဘူး ဘကြီး၊ သူတို့နဲ့ မဟုတ်တာယုတ် အလုပ်တွေကိုလဲ ကျွန်တော် မသိအောင် ထိန်းထိန်းသိမ်းသိမ်းနဲ့ လုပ်ကြတော့မယ်၊ ကျွန်တော့်ကိုလဲ အတတ်နိုင်ဆုံး ရှောင်ကြလိမ့်မယ်၊ ဒီလိုဆို သူတို့အကြောင်းကို ကျွန်တော် စုံစမ်းရတာပိုပြီး ခက်သွားလိမ့်မယ်"

"အင်း... ဒါလဲ ဟုတ်တာပဲမောင်"

"မကြာခင်မှာတော့ ကျွန်တော်ဟာ ချန်ဂူးဝမ်းရဲ့သား၊ သူတို့ကို လက်စားချေဖို့ရောက်နေပြီဆိုတာကို သူတို့သိအောင် လုပ်ရမှာပဲ၊ ဒါဆိုရင် သူတို့တွေ ကျွန်တော့်ကို ရန်မူဖို့ကြိုးစားလာမှာပဲ၊



ဖေဖေ ဒုက္ခရောက်ခဲ့သလို စိတ်ဆင်းရဲခဲ့ရသလို သူတို့ကိုလဲ ဒုက္ခရောက်အောင် စိတ်ဆင်းရဲအောင် ကျွန်တော်လုပ်ချင်သေးတယ် ဘကြီး"

"အင်း... သတိတော့ ထားကွယ်၊ သင်းတို့က ရက်စက်ယုတ်မာကြသလောက် သိပ်ပြီးလဲ ဉာဏ်များကြတယ်"

"ဟုတ်ကဲ့... သူတို့အကြောင်းကိုသိလို့ ကျွန်တော်လဲ အစစအရာရာ သတိထားပါတယ်"

ချန်တာ့ယူနှင့် အဘိုးကြီး ထိုလုံးတို့စကားပြတ်သွားကြသည်။

ထိုအခါ ရှောက်ဗ့ာသည် အဘိုးဖြစ်သူ၏မျက်နှာကို မငြိမရဲဖြင့် ကြည့်၍ ဝင်ပြောသည်။

"ရှောက်ဗ့ာလဲ လူယုတ်မာတွေကို တိုက်ခိုက်နှိမ်နင်းပါရစေ ဘိုးဘိုး"

"ပါရမှာပေါ့ မြေးရယ်၊ ပါရမှာပေါ့၊ အခွင့်သင့်တဲ့ တစ်နေ့မှာ မြေးကိုယ်တိုင် ပါနိုင်အောင်လို့ ဘိုးဘိုးက သိုင်းပညာသင်ပေးထားတာပဲပေါ့"

"ဒါပေမယ့် ဒီနေ့အထိ သင်းတို့ကို ဖြူတယ် မည်းတယ်ဆိုတာတောင် ရှောက်ဗ့ာ မမြင်ဖူးသေးပါဘူး၊ သူတို့ကို ရှောက်ဗ့ာ မြင်ဖူးချင်ပါတယ်"

www.burmeseclassic.com



"မြေးကိုလဲ သူတို့က မသိမမြင်ဖူးကြပါဘူး မြေးရယ်"

"အစ်ကို ချွန်တာ့ယူရဲ့မေမေကိုလဲ ရောက်ဝှာ သိပ်တွေ့ချင်ပါတယ် ဘိုးဘိုး"

မြေးဖြစ်သူ ရောက်ဝှာ၏သဘောဆန္ဒကို ရိပ်စားမိသော အဘိုးကြီးထိလုံးက ခပ်သဲ့သဲ့ ပြုံးလိုက်မိသည်။

ခဏမျှ စဉ်းစားသည်။

ချွန်တာ့ယူနှင့် ရောက်ဝှာတို့ တစ်ဦးကိုတစ်ဦး အသာအယာ ကြည့်လိုက်ကြသည်။

သူတို့နှစ်ဦးကမူ တစ်ဦးသဘောကို တစ်ဦးနားလည်ကြသည်။

ရောက်ဝှာက ချွန်တာ့ယူနှင့် တစ်ပါတည်း လိုက်ချင်သည်။

ချွန်တာ့ယူကလည်း သူနှင့်တစ်ပါတည်း ရောက်ဝှာကို ခေါ်သွားချင်သည်။

သို့သော် အဘိုးကြီး ထိလုံးကို မည်သူမှ ပြောင်ပြောင်တင်းတင်း ခွင့်မပန်ရဲကြ။

အဘိုးကြီး ထိလုံးသည် ခဏမျှ စဉ်းစားပြီးမှ ချွန်တာ့ယူ ကြည့်ကာ....

"ဒီလိုလုပ်ရင် ကောင်းမလားလို့ ကျုပ် စဉ်းစားမိတယ် မောင်"



"ဘယ်လိုများလဲ ဘကြီး ပြောပါ"

"ကျုပ်ကတော့ အတော်ကလေး သွားလာလှုပ်ရှားလာနိုင်တာနဲ့ မောင်တို့ဆီကို လိုက်လာမှာပဲ၊ ဒါပေမယ့် ကျုပ်နဲ့အတူ ကျုပ်မြေးကလေး လိုက်မယ်ဆိုရင် အန္တရာယ်တွေ့ကောင်း တွေ့လိမ့်မယ်လို့ ကျုပ်တော့ယူဆတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ် လှုပ်ရှားနေတယ်ဆိုတာကို လင်ချမ်းကျူးတို့ သိနေကြတာကိုး"

"ဟုတ်တော့ဟုတ်ပါတယ် ဘကြီး၊ ဘကြီး ဘယ်လိုလုပ်ချင်ပါသလဲ"

"ရှင်းရှင်းပဲ ပြောမယ်ကွယ်၊ မနက်ဖြန် တူမောင် ပြန်တဲ့အခါ မြေးလေးကိုလဲ မောင်နဲ့အတူတူ ထည့်လိုက်ချင်တယ် ဖြစ်မလား"

"ခင်ဗျာ...."

အဘိုးကြီး ထိလုံးက တဲ့တိုးပြောလိုက်သဖြင့် ပထမတော့ ချွန်တာ့ယူ အံ့ဩသွားသည်။

ရောက်ဝှာလည်း မျက်နှာလေး ငုံ့သွားသည်။

သူဆိုင်းငံ့နေလျှင် အဘိုးကြီး ထိလုံးကော ရောက်ဝှာပါ သူ့အပေါ် တစ်မျိုးမြင်သွားမည်စိုးသဖြင့် ချွန်တာ့ယူသည် ချက်ချင်းပင် ဆက်ပြောလိုက်မိသည်။

"ကျွန်တော့်အနေနဲ့ကတော့ မဖြစ်စရာ မရှိပါဘူးဘကြီး၊ ဖြစ်ပါတယ်၊ ဘာမှ အပန်းမကြီးပါဘူး"

"မြေးလေးရောက်ဝှာ မောင်နဲ့လိုက်ရင် ကျုပ်နဲ့လိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



ထက် အန္တရာယ်ပိုကင်းလေမလားလို့ ကျုပ် တွေးမိလို့ပါ။ ကျုပ်ရဲ့ မြေးလေးကို မောင့်အနေနဲ့ ကျုပ်ထက် အန္တရာယ်ကိုပိုပြီး ကာကွယ်ပေးနိုင်လိမ့်မယ်လို့ ကျုပ် ယုံကြည်မိတယ်လေ၊ ကျုပ်လိုက်လာတဲ့အခါမှာလဲ သူ့အတွက် ငဲ့မနေရတော့ လွတ်လွတ်လပ်လပ် လာနိုင်တာပေါ့။ အန္တရာယ်တွေကို ရှောင်ကွင်းပြီး လာနိုင်တာပေါ့"

"မှန်ပါတယ် ဘကြီး"

ချွန်တဲ့ယူသည် အဘိုးကြီးထိလုံးကို ခေါင်းညိတ်ပြန်ပြောလိုက်ပြီးမှ ရှောက်ဗှာကိုလှည့်၍ မေးလိုက်သည်။

"ရှောက်ဗှာကကော အစ်ကိုနဲ့တပါတည်း လိုက်ခဲ့ချင်တဲ့ ဆန္ဒရှိရဲ့လား၊ အစ်ကိုဆိုလိုတာက ရှောက်ဗှာရဲ့ဘိုးဘိုးကို ဒဏ်ရာကြီးနဲ့ထားခဲ့ရမှာ နောက်ဆံတင်းနေမှာ စိုးလို့ပါ"

ရှောက်ဗှာက အဘိုးဖြစ်သူ ထိလုံးကို တစ်ချက်ကြည့်လိုက်ပြီးမှ ချွန်တဲ့ယူကို ပြန်ပြောသည်။

"ရှောက်ဗှာကတော့ ဘိုးဘိုးကိုယ်တိုင် ကောင်းမယ်ထင်လို့ စီစဉ်တာကို လိုက်နာမှာပါပဲ အစ်ကို၊ ဘိုးဘိုးကို ပြုစုဖို့တော့ အိမ်မှာ ဒေါ်ကြီးချိုင်တို့တွေ ရှိနေတာပဲ၊ ပြီးတော့ တစ်ရွာလုံးကလဲ ဘိုးဘိုးကို ဂရုစိုက်ကြမှာဆိုတော့ ရှောက်ဗှာအနေနဲ့ ဘိုးဘိုးကို နောက်ဆံတင်းစရာတော့ မလိုပါဘူး"

အဘိုးကြီး ထိလုံးကလည်း ခေါင်းတစ်ချက် ညိတ်ပြီး ဝင်ပြောသည်။



"ဟုတ်ပါတယ် မောင်၊ ကျုပ်အတွက်တော့ နောက်ဆံတင်းစရာ မလိုပါဘူး၊ ကျုပ်ကိုယ်တိုင် ဆေးဝါးအကြောင်းကို ကောင်းကောင်းနားလည်နေတာပဲ၊ ပြီးတော့ ကျုပ်ကိုပြုစုတဲ့ ချိုင်ကျိုတို့လင်မယား ရှိနေတာပဲ၊ မောင့်အနေနဲ့သာ မပန်းမကြီးဘူးဆိုရင် မြေးလေးကို ခေါ်သွားလိုက်ပါ၊ မောင့်ရဲ့မေမေကို ကျုပ်ကိုယ်စား ကျုပ်ရဲ့မြေးလေးကို ကြိုပြီး တောင်းပန်ထားနိုင်တာပေါ့၊ ပြီးတော့ ကျုပ် မြေးလေးလဲ ရဲ့ယန်းမြို့ကို လုံးလုံးမှရောက်ဖူးတော့ အတွေ့အကြုံ ဗဟုသုတ စောစောစီးစီး ရတာပေါ့"

"ကောင်းပါပြီ ဘကြီး၊ ရှောက်ဗှာကို ကျွန်တော်နဲ့ တစ်ပါတည်း ခေါ်သွားပါ့မယ်"

ချွန်တဲ့ယူက ဝမ်းမြောက်ဝမ်းသာ ပြောလိုက်သည်။

ရှောက်ဗှာ ရင်ထဲတွင်လည်း ချွန်တဲ့ယူနှင့်အတူတူ တစ်ပါတည်း လိုက်ပါရမည်ဖြစ်၍ အလွန်အမင်း ဝမ်းသာနေသည်။

လမ်းခရီးတစ်လျှောက်လုံး သူတို့နှစ်ဦးသည် ပျော်တပြုံးပြုံး ဖြစ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စကားကို အေးအေးဆေးဆေးပြောပြီး မြင်းကိုဖြည်းဖြည်း စီးသည့်အခါလည်း စီးခဲ့ကြသည်။

ယခုကဲ့သို့ မြင်းကို အပြင်းနှင်၍ စီးသည့်အခါလည်း စီးခဲ့ကြသည်။

နှစ်ယောက်စလုံး မြင်းစီးလည်း ကျွမ်းကျင်ကြသည်။

ချန်တာ့ယူသည် နေပြည်တော် ဒုစရိုက်နှိမ်နင်းရေး မှုခင်းတပ်ဖွဲ့သို့ ဝင်ကတည်းက မြင်းကိုကျွမ်းကျင်စွာ စီးနိုင်ရန် လေ့ကျင့်ခဲ့သည်။

ရှောက်ဗှာကမူ ရွာမှ မွေးမြူထားသော မြင်းများကို ငယ်ငယ်ကလေးကတည်းက စီး၍ လေ့ကျင့်ခဲ့သဖြင့် ချန်တာ့ယူထက်ပင် မြင်းစီးပို၍ ကျွမ်းကျင်သည်။

တောအုပ်ကြီးအတွင်း မြင်းနှစ်ကောင်၏ မြင်းခွာသံများမှာ ပဲ့တင်ထပ်လျက် ရှိနေသည်။

လမ်းကွေ့တစ်ကွေ့သို့အရောက်တွင် သူတို့နှစ်ဦးစလုံး မြင်းများကို ရုတ်ခြည်း အရှိန်လျှော့လိုက်ကြသည်။

သူတို့ရှေ့ မလှမ်းမကမ်းတွင် လမ်းပေါ် ကန့်လန့်ဖြတ် လဲကျ



နေသောလူတစ်ယောက်ကို တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

ထိုသူမှာ မှောက်လျက်လဲကျနေပြီး သူ့ဝတ်စုံပေါ်တွင် သွေးများ စွန်းပေနေသည်။

သူ့မျက်နှာကို မမြင်ရသော်လည်း သူ့ခန္ဓာကိုယ် အချိုးအစား၊ ဝတ်စားဆင်ယင်ပုံကိုကြည့်၍ အမျိုးသမီးဖြစ်ကြောင်း သိကြရသည်။

ယင်းအမျိုးသမီးအနီးတွင် မြင်းများကို ရပ်လိုက်ကြသည်။

ချန်တာ့ယူနှင့်ရှောက်ဗှာတို့သည် မြင်းပေါ်မှ မဆင်းကြသေးဘဲ ဘေးဘီပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ကြသည်။

အခြားမည်သူတစ်ဦးတစ်ယောက်ကိုမှတော့ မတွေ့ရချေ။

သူတို့ ထောင်ချောက်ဆင်သည့် အနေအထားမျိုးကိုလည်း မတွေ့ရချေ။

ထိုအခါမှ ချန်တာ့ယူနှင့် ရှောက်ဗှာတို့ မြင်းပေါ်မှ ဆင်းလိုက်ကြသည်။

မှောက်လျက်လဲကျ ငြိမ်သက်နေသော အမျိုးသမီးအနီးတွင် ဒူးထောက်ထိုင်ချလိုက်သည်။

ဦးစွာ ချန်တာ့ယူက အမျိုးသမီး၏ကျောကို လက်ဝါးဖြင့် အုပ်ကိုင်ကြည့်သည်။

အသက်ရှိသေးရဲ့လားဟူသော သဘောဖြင့် ကိုင်ကြည့်ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး၏ခန္ဓာကိုယ် ပူနွေးနေသည်။ အသက်လည်း မျှင်းမျှင်း ရှူနေသည်။

သူ့မျက်နှာကို အကဲခတ်ကြည့်နေသော ရှောက်ဗွာကို ချန်တာ့ယူက ပြောလိုက်သည်။

"အသက်ရှိသေးတယ်"

ပြောပြောဆိုဆိုပင် ချန်တာ့ယူက အမျိုးသမီး၏လက်မောင်းကိုင်ကာ မွေ့ထူလိုက်သည်။

အမျိုးသမီးကို အသာအယာ ပက်လက်လှန်လိုက်သည်။

သူမ၏ မျက်နှာကိုမြင်ရတော့ ချန်တာ့ယူ အံ့သြတုန်လှုပ်သွားသည်။

"ဟာ... ရှအုံကြူပါလား"

ဒဏ်ရာရထား၍ သတိမေ့နေသူမှာ ရှအုံကြူပင် ဖြစ်လေသည်။



အခန်း(၁၄)

သက်သေ

ရှအုံကြူ၏မျက်နှာကို ကြည့်နေရာမှ ရှောက်ဗွာသည် ချန်တာ့ယူကို ကြည့်လိုက်ပြီး....

"သူ့ကို အစ်ကိုသိလို့လားဟင်"

"ညီမ မေ့နေပြီလား၊ ဖေဖေ့ကို နာမည်ပျက်အောင် လင်ချမ်းကျုံးနဲ့ပေါင်းပြီး ကြံစည်ခဲ့ကြတဲ့ မြောင်ယိလန်းရဲ့မိန်းမ ရှအုံကြူလေ"

"ဟင်... ဟုတ်လား အစ်ကို"

"လင်ချွင်စစ် မွေးနေ့ပွဲတုန်းက သူ့ကို အစ်ကိုသေသေချာချာ မှတ်ထားတာ၊ ဘယ်လိုဒဏ်ရာရပြီး ဒီကိုရောက်နေတာပါလိမ့်"

www.burmeseclassic.com



"လင်ချမ်းကျုံးကို မလိုလားတဲ့ လူတစ်ယောက်ရဲ့လက်ချက်ဖြစ်မှာပေါ့ အစ်ကို"

"ဒီလိုလဲ မဖြစ်နိုင်ဘူး ညီမ၊ ညီမပြောသလိုသာဆိုရင် ရှုအုံကြူတစ်ယောက်တည်းကိုပဲ တွေ့ရမှာ မဟုတ်ဘူး၊ သူနဲ့ပါလာတဲ့အဖော်တွေလဲ တွေ့ရမှာ၊ ကဲ... ညီမ သူ့ကိုသတိရအောင် ဦးဆုံးလုပ်ကြတာပေါ့၊ သူ့ဒဏ်ရာကလဲ စိုးရိမ်ရတဲ့အခြေအနေပဲ၊ သူ့ဒဏ်ရာကိုလဲ သက်သာအောင် လုပ်ကြတာပေါ့၊ မြင်းနှစ်ကောင်ကို ညီမဆွဲခဲ့၊ သူ့ကို အစ်ကို ထမ်းသွားမယ်"

"ဘယ်ကို သွားမှာလဲ အစ်ကို"

"ဒီအနီးပတ်ဝန်းကျင်မှာ လင်ချမ်းကျုံးရဲ့ ဘက်တော်သားတွေ ရှိချင်ရှိနိုင်တယ်၊ ဒီလမ်းပေါ်မှာ မြင်မြင်ထင်ထင်နေလို့ မဖြစ်ဘူး၊ လုံခြုံတဲ့နေရာမှာ သူ့ကိုသတိရအောင် လုပ်ကြမယ်၊ သူ သတိရလာမှ အစ်ကိုတို့သိချင်တာ မေးကြည့်ကြတာပေါ့"

"ဟုတ်ကဲ့ အစ်ကို"

ချန်တာ့ယူက သတိမေ့နေသော ရှုအုံကြူကို ပွေ့ချီလိုက်သည်။

လမ်းမှဖယ်ထွက်ကာ သစ်ပင်ချုံပင်များ ထူထပ်သောတောအုပ်ကြီးထဲ ဝင်ခဲ့သည်။

သူ့နောက်မှ ရှောက်ဟွာက မြင်းနှစ်ကောင်ကို ဆွဲပြီးလိုက်



လာသည်။

မကြာမီ သစ်ပင်ချုံပင်ကြီးများ ပတ်ပတ်လည် ဝိုင်းနေသော မြေကွက်လပ်ကလေးတစ်ခုကို ရှာတွေ့ကြသည်။

သစ်ရွက်သစ်ခက်များ ပိတ်ဖုံးနေသဖြင့် ၎င်းမြေကွက်လပ်ကလေးထဲဝင်နေလျှင် အပြင်ဘက်မှ လုံးလုံးမြင်ရလိမ့်မည် မဟုတ်တော့ပါချေ။

ချန်တာ့ယူသည် မြေကွက်လပ်လေးထဲသို့ဝင်လိုက်ပြီး သတိမေ့နေသော ရှုအုံကြူကို မြေပေါ် အသာအယာချသည်။

ပြီးမှ ရှောက်ဟွာကို ပြောသည်။

"သူ့ကိုသတိရအောင် ညီမပဲ လုပ်ပေးလိုက်ပါ၊ ပြီးတော့ သူ့ ဒဏ်ရာကိုလဲ ကုပေးလိုက်ပါ၊ အစ်ကို အပြင်ဘက်မှာ သွားနေမယ်"

"ဘာဖြစ်လို့လဲ အစ်ကို"

"အစ်ကို့ကို သူ မတွေ့စေချင်သေးလို့ပါ"

"အစ်ကို့ကိုမှ သူမသိဘဲ"

"ဒါပေမယ့် အစ်ကို့ရဲ့ရုပ်ရည်နဲ့ ဖေဖေ့ရဲ့ရုပ်ရည်ဟာ ခြေးမနေအောင် တူနေတယ်ဆိုတော့ အစ်ကို့ကိုမြင်သွားရင် သူ့စိတ်ထဲမှာ သေကာဖြစ်သွားချင် ဖြစ်သွားမယ်၊ ဒါဆို ဘယ်လိုမှ အမှန်အတိုင်း မေးလို့ ရတော့မှာ မဟုတ်ဘူး၊ သူ့ကို ညီမဘာသာ အမှန်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



မေးကြည့်မယ်ဆိုရင်တော့ အမှန်အတိုင်း ပြောလိမ့်မယ်လို့ အစ်ကိုယူဆတယ်"

"ညီမ နားလည်ပါပြီ အစ်ကို"

"အစ်ကိုလဲ အပြင်ဘက်မှာ နားထောင်နေမှာပါ"

"ဟုတ်ကဲ့"

ချန်တာ့ယူလည်း ချုံပင်ကြီး အပြင်ဘက်ထွက်ပြီး တစ်ဘက်တွင် သွားနေလိုက်သည်။

ပထမဦးစွာ ရောက်တာသည် ရှုအုံကြူ၏သွေးကြောသုံးနေရာကို လက်ညှိုးဖြင့် အသာထောက်ပေးလိုက်သည်။

ပြီးနောက် သူ့ အိတ်ထဲမှ ဆေးပုလင်းကလေးတစ်လုံးကို ထုတ်ယူကာ အထဲမှ အနီရောင်ဆေးမှုန့်အနည်းငယ်ကို ထုတ်ယူသည်။

ဆေးမှုန့်ကို လက်ဝါးဖြင့် ပွတ်ချေပြီး ရှုအုံကြူ နှာခေါင်းဝတွင် အသာတော့ပေးသည်။

"အင်း... အင်း"

ရှုအုံကြူ ညည်းတွားသံပြုရင်း လှုးလွန့်လာသည်။

"မမ... မမ"

ရောက်တာလည်း သတိပြန်လည်လာစေရန် နှုတ်မှ တဖွဖွ ခေါ်သည်။



"မကြာမီ ရှုအုံကြူ၏မျက်လုံး တဖြည်းဖြည်း ပွင့်လာသည်။

မှိုးဝါးသော မျက်လုံးအစုံဖြင့် ရောက်တာကိုကြည့်သည်။

သူမမျက်နှာက စိုးရိမ်ထိတ်လန့်မှုကြီးစိုးနေသည်။ ကမန်းကတန်း ထရန်ကြိုးစားသည်။

"အား...."

သို့သော် သူမကိုယ်တွင် ရထားသော ဒဏ်ရာများကြောင့် မတ်မတ် မထိုင်နိုင်ခင်မှာပင် နာကျင်စွာ ညည်းတွားရင်း ပြန်လဲကျသွားသည်။

ရောက်တာက သူမကို သွက်လက်စွာ ပွေ့ထားလိုက်ပြီး....

"မမမှာ ဒဏ်ရာတွေ ရထားတယ်၊ လှုပ်လှုပ်ရှားရှား မလုပ်ပါနဲ့ဦး၊ ကျွန်မက မမကို အကူအညီပေးမယ့်သူပါ၊ ဒုက္ခပေးမယ့်သူ မဟုတ်ပါဘူး"

ထိုအခါမှ ရှုအုံကြူ ငြိမ်သွားသည်။

ရောက်တာ မျက်နှာကိုလည်း အသေအချာ ကြည့်သည်။

မောဟိုက်နွမ်းလျသော အသံဖြင့်လည်း မေးသည်။

"ညီ... ညီမလေး၊ ညီမလေးက ဘယ်သူလဲဟင်"

"ခရီးသွားတစ်ယောက်ပါ မမ၊ လမ်းမှာ မမသတိမေ့လဲနေတာ တွေ့လို့ပါ၊ ကျွန်မဆေးဝါးလဲ ကောင်းကောင်းကုတတ်ပါတယ်၊ မမရထားတဲ့ဒဏ်ရာတွေ ပျောက်အောင် ကုပေးပါ့မယ်၊ ဘာမှမစိုး

www.burmeseclassic.com

www.burmeseclassic.com



ရိမ်ပါနဲ့နော်'

ရှုအုံကြူ မျက်နှာညှိုးသွားသည်။ ကြေကွဲဆို့နင့်သည့်အသွင်ကိုလည်း ဆောင်လာသည်။

မျက်လုံးအိမ်ထဲမှ မျက်ရည်များလည်း စီးကျလာသည်။

"မမရဲ့ ဒဏ်ရာတွေ မပျောက်ချင်တော့ပါဘူး ညီမရယ်၊ မမ သေသွားရင် ကောင်းမှာပါ"

"အို... မဟုတ်တာ မမရယ်၊ မမရဲ့ဒဏ်ရာတွေကိုတော့ ညီမ ကုပေးပါရစေ"

ပြောပြောဆိုဆို ရောက်ဗှာက သူမအိတ်ထဲမှ ဆေးပုလင်းနှစ်ပုလင်းကို ဆွဲထုတ်ယူလိုက်ပြန်သည်။

ဆေးပုလင်း တစ်ပုလင်းထဲမှ အဖြူရောင်ဆေးလုံးကလေး သုံးလုံးကို ထုတ်ယူပြီး ရှုအုံကြူကို တိုက်လိုက်သည်။

ရှုအုံကြူ၏ဒဏ်ရာများကိုလည်း စစ်ဆေးကြည့်ရှုကာ သေချာစွာ ရေဆေးပေးပြီးမှ ဆေးထည့်ပေးသည်။

ရောက်ဗှာ ဆောင်ရွက်ပေးနေစဉ် အချိန်အတွင်းတွင် ရှုအုံကြူသည် ဘာမှမပြောဘဲ ငိုရှိုက်လျက်သာ ရှိနေသည်။

"မမ ဘယ်လိုဒုက္ခမျိုးနဲ့ ကြုံတွေ့ခဲ့ရလို့လဲဟင်၊ ကျွန်မကူညီနိုင်တာမျိုးဆိုရင် ကူညီပါရစေ"

"မမရဲ့ဒုက္ခကို ဘယ်သူမှမကူညီနိုင်ပါဘူး ညီမရယ်၊ ဘယ်



သူမှ မကူညီနိုင်ပါဘူး"

ရောက်ဗှာသည် ဆေးလိမ်းပေးရင်းမှ ရှုအုံကြူကို အကဲခတ်သည်။

ရှုအုံကြူတွင် ဓားဒဏ်ရာနှစ်ချက်ရထားသော်လည်း အသက်ကို ထိခိုက်လောက်အောင် စိုးရိမ်စရာမရှိချေ။

ရောက်ဗှာက ဘာမှဆက်မပြောဘဲ ငြိမ်နေလိုက်သောအခါ ရှုအုံကြူသည် သူမဘာသာ သူမ ခံပြင်းနာကျည်းစွာ ရေရွတ်သည်။

"သင်းတို့ကို ဒီလောက်အထိ ယုတ်မာရက်စက်ကြလိမ့်မယ်လို့ မထင်လို့ သင်းတို့အပေါ် သစ္စာစောင့်သိခဲ့တာ အလကားပဲ၊ လူမဆန်အောင် ရက်စက်ယုတ်မာကြတဲ့သူတွေ သင်းတို့ကို ဘယ်တော့မှ မကျေဘူး၊ ကောင်းကောင်းကြီး ကလဲ့စားချေရမယ်"

"မမ ဘာတွေပြောနေတာလဲဟင်၊ ဘယ်သူတွေက ရက်စက်ယုတ်မာကြတာလဲ"

ရှုအုံကြူသည် ရောက်ဗှာကို အကဲခတ်ကြည့်ပြီး...

"ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီး လင်ချမ်းကျုံးကို ညီမ သိသလား"

"ဟင့်အင်း မသိပါဘူးမမ၊ နာမည်ကိုတော့ ကြားဖူးပါတယ်၊ ဘာဖြစ်လို့လဲဟင်"

"မမဟာ လင်ချမ်းကျုံးဆီမှာ အနှစ်နှစ်ဆယ် ကျော်ကျော်

www.burmeseclassic.com

www.burmeseclassic.com



လောက် သစ္စာရှိရှိနဲ့ အမှုထမ်းခဲ့တာပါ ညီမ၊ မမရဲ့ယောက်ျားနဲ့အတူ တူပေါ့၊ လင်ချမ်းကျိုးရဲ့ နိုင်းစေချက်တွေကိုလဲ တရားတယ် မတရား ဘူး ခွဲခြားမနေဘဲ ဘယ်ကိစ္စမဆို တို့လင်မယားဟာ သူ့စိတ်တိုင်းကျ ဖြစ်အောင် ဆောင်ရွက်ပေးခဲ့ကြပါတယ်၊ ဒါပေမယ့် ခုတော့ ညီမ ရယ်… ခုတော့"

"ဘာဖြစ်သလဲဟင် မမ၊ ဘာဖြစ်သလဲ"

"ရိုင်းရိုင်းပဲ ပြောပါရစေတော့ ညီမရယ်၊ လင်ချမ်းကျိုးရဲ့ သား လင်ချွင်စစ်က မမကို အဓမ္မကျင့်တယ်"

"အို…"

"လင်ချမ်းကျိုးက မမရဲ့ယောက်ျားကို ရက်ရက်စက်စက် သတ်တယ်"

"ဟင်… ဖြစ်ရလေ"

"သူတို့ကို မမ နာကျည်းသွားမှန်းသိတော့ မမကို သတ်ပစ် ဖို့ သူတို့ကြိုးစားကြပြန်တယ်၊ သူတို့ရဲ့ မဟုတ်တယုတ် အလုပ်တွေကို မမက သိနေတာကိုး၊ သူတို့အကြောင်းကို မမက တခြားသူတွေကို ဖွင့်မပြောနိုင်အောင်သတ်ဖို့ ကြိုးစားကြတာပဲ၊ မမလဲ သူတို့ကိုခုခံပြီး ကိုယ်လွတ်ရုန်း ထွက်ပြေးခဲ့ရတယ်"

"စိတ်မကောင်းစရာပါလား မမရယ်"

"လင်ချမ်းကျိုးရဲ့ အလိုကျ မမတို့ဟာ တခြားလူတွေအပေါ်



မှာ မတရားလုပ်ခဲ့ကြတယ်၊ ဒီအပြုအမူတွေအတွက် အခု မမတို့ ပြန်ခံကြရတယ်နဲ့ တူပါရဲ့ကွယ်"

ချုံပင်ကြီး တစ်ဘက်မှချောင်း၍ နားထောင်နေသော ချန် တာ့ယူသည် ရှုအုံကြူ၏အဖြစ်ကိုကြားရသောအခါ စိတ်မကောင်း ဖြစ်မိသည်။

ရှုအုံကြူသည် ဤစကားများကို အမှန်အတိုင်းပြောနေခြင်း ဖြစ်ကြောင်းလည်း ချန်တာ့ယူ ယုံကြည်သည်။

ရှုအုံကြူကို သူထွက်ပြီး တွေ့သင့်ပြီဟု တွေးမိသည်။

သူသည် ချုံပင်တစ်ဘက်မှလှည့်၍ ရောင်ဝှာတို့ရှိရာဘက် သို့ လာခဲ့သည်။

ထိုအချိန်တွင် ရှုအုံကြူသည် ရောက်ဝှာ၏ပြုစုကုသမှု ကြောင့် အတော်ကလေး သက်သာလာသည်။

သူမသည် သူမထံလာနေသော ချန်တာ့ယူကိုလည်း တွေ့ သည်။

ချန်တာ့ယူ မျက်နှာကိုမြင်တော့ သူမ အံ့သြတုန်လှုပ်သွား သည်။

"ဟင်… ချန်… ချန်ဂူးဝမ်း"

နှုတ်မှလည်း တုန်လှုပ်ချောက်ချားစွာ ရေရွတ်သည်။

ဖေးဖေးမမ ကိုင်ထားသော ရောက်ဝှာ၏လက်ထဲမှ ရုန်း

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးမည်လည်း ပြုသည်။

ရှုအုံကြူ၏စိတ်ထဲတွင် ချန်ဂူးဝမ်း တစ္ဆေလာခြောက်သည်ဟု ထင်လိုက်မိသည်။

"သတိထားပါ မမ၊ သူ ချန်ဂူးဝမ်း မဟုတ်ပါဘူး"

ရှောက်ဟှာ အတင်းဆွဲထားသည်။ ချန်တာ့ယူလည်း အနားကို လှစ်ခနဲ ရောက်လာပြီး ဒူးထောက်ထိုင်ချလိုက်သည်။ ရှုအုံကြူကိုလည်း ပြောသည်။

"ကျွန်တော် ချန်ဂူးဝမ်း မဟုတ်ပါဘူး"

ရှုအုံကြူက ချန်တာ့ယူ၏မျက်နှာကို အံ့သြတကြီး ကြည့်ရင်း......

"တူလိုက်တာကွယ်... သိပ်တူတာပဲ"

"ကျွန်တော်က ဘယ်သူနဲ့တူလို့လဲ"

"ချန်ဂူးဝမ်းနဲ့ သိပ်တူတာပဲ၊ ချန်ဂူးဝမ်းသာ မသေသေးဘူးဆိုရင် မင်းကို ချန်ဂူးဝမ်းလို့ပဲ ထင်ကြမှာပဲ၊ ဒါပေမယ့် ချန်ဂူးဝမ်းသာ မသေသေးရင် ခုဆို အသက်သုံးဆယ့်ရှစ်နှစ်လောက် ရှိပြီ၊ မင်းကတော့ အသက်နှစ်ဆယ်တောင် ပြည့်ပုံမရသေးဘူး။ မင်း ဘယ်သူလဲဟင်"

"ကျွန်တော့်နာမည် တာ့ယူပါ။ ကျွန်တော် ဟောဒီကရှောက်ဟှာနဲ့အတူတူ ခရီးသွားကြရင်း မမကို တွေ့လို့ ကူညီကြတာပါ"



"ဟုတ်ပါတယ် မမ"

ရှောက်ဟှာကလည်း ဝင်ပြီး ခေါင်းညိတ်သည်။ ထိုအခါမှ ရှုအုံကြူ အနည်းငယ် စိတ်သက်သာရာ ရသွားသည်။

သို့သော် ချန်တာ့ယူ ထပ်ပြီး ပြောလိုက်သော စကားကြောင့် မျက်လုံးပြူးသွားသည်။

"ကျွန်တော်ဟာ လင်ချမ်းကျုံး လက်ချက်နဲ့သေသွားတဲ့ ချန်ဂူးဝမ်းရဲ့သားပါ၊ ကျွန်တော့် နာမည်အပြည့်အစုံက ချန်တာ့ယူ"

"ဟင်...."

"ကျွန်တော့် မေမေက ပိုင်ယီးယီးပါ၊ ကျွန်တော့် တစ်သက်မေမေဟာ သုံးမြို့စိတ်ချရတဲ့တစ်နေရာမှာ ခြေရာဖျောက်နေခဲ့ပြီး အခုတော့ လင်ချမ်းကျုံးကို လက်စားချေဖို့ ကျွန်တော်တို့ ပြန်လာကြတာပါ"

"မင်း... မင်း... တကယ်ပြောနေတာလား"

"မကြာခင် မမကိုယ်တိုင် ကျွန်တော့်မေမေ ပိုင်ယီးယီးကိုကော၊ ကျွန်တော့်ဖေဖေကို ထိန်းခဲ့တဲ့ ဘွားလေး ကျိုမေ့ကျုန်းကိုပါ တွေ့ရပါလိမ့်မယ်"

ရှုအုံကြူသည် အံ့သြလွန်းသဖြင့် ဘာမှပြန်ပြောနိုင်အောင် ဖြစ်နေသည်။

"မမက ရှုအုံကြူ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်လိုလုပ်သိသလဲ"

"လင်ချင်စစ်ရဲ့မွေးနေ့ပွဲတုန်းက ကျွန်တော်နဲ့ မေမေရှပ်ဖျက်ပြီး ငွေဖျိုင်းဖြူစံအိမ်ကိုရောက်လာကြသေးတယ်၊ ဒီတုန်းက မေမေပြလို့ ဖေဖေ့ကို ဝိုင်းပြီး နှိပ်စက်ခဲ့ကြတဲ့သူတွေအားလုံးကို ကျွန်တော် မြင်ဖူးထားပြီးပြီ၊ ဖေဖေနဲ့ပတ်သက်ပြီး မမဆီက သိပ်ပြီး သိချင်တဲ့ အချက်တစ်ချက်ရှိနေတယ်၊ မမ အမှန်အတိုင်း ပြောမလား"

"မင်း ဘာသိချင်လို့လဲ"

"ကျွန်တော့် ဖေဖေဟာ တကယ်ပဲ မမကို ယုတ်ယုတ်မာမာ အဓမ္မကြံစည်ခဲ့သလား"

ရှုအုံကြူ မျက်နှာကလေး တွေဝေသွားသည်။ သူမသည် ချန်တာ့ယူကို အမှန်အတိုင်းပြောပြရန် မဝံ့မရဲ ဖြစ်နေသည်။

"ပြောစမ်းပါ မမရယ်၊ ဒီကိစ္စအတွက် ဖေဖေဟာ နာမည်ပျက်ခဲ့ရတယ်၊ လူတွေက ဖေဖေ့ကို ရွံ့ရှာမုန်းတီးသွားကြတယ်၊ ဒီလို ဖေဖေဖြစ်ရတာဟာ လင်ချမ်းကျိုးရဲ့ လက်ချက်ဆိုတာ ကျွန်တော်သိပေမယ့် လင်ချမ်းကျိုး ဘယ်ပုံ ဘယ်နည်းနဲ့ ဖေဖေ့ကို ဒီလိုစိတ်မျိုးဝင်အောင် ယုတ်မာခဲ့တယ်ဆိုတာကိုတော့ တိတိကျကျ မသိကြပါဘူး၊ မမကတော့ သိလိမ့်မယ်လို့ ကျွန်တော် ယုံကြည်တယ်၊ ဒီတော့ အမှန်အတိုင်း ပြောပြစမ်းပါ"



ရှုအုံကြူက သက်ပြင်းတစ်ချက် ချလိုက်ပြီးမှ....

"အေးလေ... မင်းတို့တွေ မမကို မုန်းချင် မုန်းပါစေတော့၊ ဆက်ပြီး အကူအညီမပေးကြရင်လဲ မပေးကြပါနဲ့တော့၊ မမ အမှန်အတိုင်းပြောပြပါ့မယ်"

"ပြောပါ"

"မင်း ဖေဖေ ချန်ဂူးဝမ်းဟာ တကယ်တော့ သူတော်ကောင်းတစ်ယောက်ပါ၊ သူ့တစ်သက်မှာ ဘယ်သူ့အပေါ်မှ မတရားလုပ်တာ မမ မတွေ့ခဲ့ပါဘူး၊ မင်းဖေဖေ နာမည်ပျက်အောင် လင်ချမ်းကျိုးရဲ့ခိုင်းစေချက်အရ မမနဲ့မမရဲ့ယောကျ်ားတို့က ပူးပေါင်းပါဝင်ကြ ရတာပါ၊ မမတို့က ငွေနဲ့ရာထူးကို သိပ်ပြီး မက်ခဲ့ကြတာကိုး၊ လင်ချမ်းကျိုး အရေးပေးမြှောက်စားမှုကို သိပ်ပြီးလိုချင်ကြတာကိုး၊ ဒီကိစ္စရဲ့အဖြစ်မှန်ကို မမတို့လင်မယား နှစ်ယောက်ရယ်၊ လင်ချမ်းကျိုးရယ်ပဲ သိကြတယ်၊ တခြား ဘယ်သူမှ တိတိကျကျ မသိကြပါဘူး"

ရှုအုံကြူသည် ခဏနားပြီးမှ ဆက်ပြောသည်။

"ဒီကိစ္စကို မမတို့သုံးယောက်ဟာ အကွက်စေ့စေ့နဲ့ ကြံစည်ခဲ့ကြတာပဲ၊ ပထမဦးဆုံး လင်ချမ်းကျိုးက ချန်ဂူးဝမ်းကို အရက်အတင်းတိုက်တယ်၊ ပထမ ချန်ဂူးဝမ်းက ငြင်းသေးပေမယ့် နောက်တော့ ကြောက်တာနဲ့ သောက်လိုက်ရတယ်၊ အဲဒီအရက်ထဲမှာ ကာမ

www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒကို တက်ကြွစေတဲ့ စိတ်ကြွဆေးတွေ ခပ်ထားတယ်၊ အရက်ကြောင့် ချန်ဂူးဝမ်း သတိမေ့သွားချိန်မှာ ဘယ်သူမှမသိအောင် မမရဲ့ယောက်ျားနဲ့လင်ချမ်းကျိုးတို့က ချန်ဂူးဝမ်းကို မမတို့အခန်းထဲ သယ်လာကြတယ်၊ ပြီးတော့ မမတို့ အိပ်ရာပေါ် ထားလိုက်တယ်၊ အဝတ်မလုံမလဲနဲ့ မမက သူ့ဘေးနား ဝင်အိပ်နေတယ်၊ အားလုံး အချိန်ကိုက်ပြီး လုပ်ကြတာပဲ"

"ပြီးတော့ လင်ချမ်းကျိုးက ဧည့်ခန်းထဲကိုသွားပြီး ဧည့်သည်တွေနဲ့ စကားပြောနေတယ်၊ မမရဲ့ယောက်ျားကတော့ အခန်းဝကို စောင့်နေတယ်၊ မမက ချန်ဂူးဝမ်း မြန်မြန်သတိရလာအောင် နှိုးရတယ်၊ ချန်ဂူးဝမ်း သတိရလာတော့ သူဟာ စိတ်ကြွဆေးကြောင့် သူ့စိတ်ဟာ မူမမှန်တော့ဘူးလေ၊ မမကိုဆွဲလား လွဲလားလုပ်တယ်၊ မမရဲ့ယောက်ျားက ဧည့်ခန်းထဲမှာရှိတဲ့ လင်ချမ်းကျိုးနဲ့အတူ ဧည့်သည်တွေကို သွားခေါ်လာတယ်၊ ဧည့်သည်တွေကလဲ တကယ့်အရေးပါ အရာရောက်တဲ့ဧည့်သည်တွေဆိုတော့ လင်ချမ်းကျိုးအတွက် အဖိုးတန်သက်သေတွေ ဖြစ်သွားတာပေါ့၊ ဒီအတွက် မင်းရဲ့ဖေဖေ ချန်ဂူးဝမ်းဟာ ခေါင်းမဖော်ရဲလောက်အောင် နာမည်ပျက်သွားရတယ်၊ ဒီလိုနာမည်ပျက်သွားရတဲ့အတွက်လဲ မင်းဖေဖေဟာ ငွေဗျိုင်းဖြူကိုဏ်းချုပ်ကြီးနေရာနဲ့ လွှဲခဲ့ရတာပဲ၊ တကယ်လူယုတ်မာတဲ့ လင်ချမ်းကျိုးက ငွေဗျိုင်းဖြူကိုဏ်းချုပ်ကြီး ဖြစ်သွားတယ်၊ မင်း ဖေဖေ



အတွက် မမကို မင်းကြိုက်သလိုသာ အပြစ်ပေးပါတော့ကွယ်၊ မမတို့ သပ်ပြီး မိုက်ခဲ့မှားခဲ့ကြတယ်"

စကားဆုံးသည်တွင် ရှုအုံကြူလည်း ဝမ်းနည်းတနည်း ငိုကြွေးလေသည်။

"ဒီအဖြစ်မှန်တွေကို ဘယ်သူ့ရဲ့ ရှေ့မှာမဆို မမ ဖွင့်ပြောမလား၊ ဒါဆို မမလုပ်ခဲ့တဲ့ အပြစ်တွေအတွက် ကျွန်တော် ခွင့်လွှတ်ပါ့မယ်"

ချန်တာ့ယူ၏အမေးကို ရှုအုံကြူက သွက်လက်စွာပင် ပြန်ပြောသည်။

"ပြောမယ် ချန်တာ့ယူ၊ ပြောမယ်၊ ဘယ်သူ့ရှေ့မှာမဆို သူတို့ရဲ့မိုက်ပြစ်တွေကို ဝန်ခံမယ်၊ လင်ချမ်းကျိုးနဲ့ လင်ချွင်စစ်သားအဖယုတ်မာပုံတွေကိုလဲ ဖော်ထုတ်မယ်၊ မင်းရဲ့ဖေဖေ ချန်ဂူးဝမ်းကို သတ်တဲ့လူဟာ လင်ချမ်းကျိုးပဲဆိုတာကိုပါ မမ ပြောမယ်"

ရှုအုံကြူ၏စကားကြောင့် ချန်တာ့ယူ ဝမ်းသာအားတက်သွားသည်။

"အခု လင်ချမ်းကျိုးတို့တတွေ ဘယ်မှာရှိနေကြသလဲ မမ"

"ဒီနေရာနဲ့သိပ်မဝေးတဲ့ ရေတံခွန်ကြီးနားမှာ စခန်းချနေကြတယ်လေ၊ အဲဒီနေရာက မမ ထွက်ပြေးလာခဲ့တာ၊ ညဘက်ကျ အမ ပြန်သွားချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မလို့လဲ မမ"

"သူတို့ အခြေအနေကိုကြည့်ပြီး မမယောကျ်ားရဲ့ အလောင်းကိုယူချင်တယ်"

"ကောင်းပြီလေ မမ၊ အဲဒီနေရာနားကိုသာ ကျွန်တော့်ကို လိုက်ပို့ပါ၊ အခြေအနေကြည့်ပြီး မမယောကျ်ားရဲ့အလောင်းကို ကျွန်တော် ယူပေးပါ့မယ်"

ချန်တာ့ယူလည်း ရှုအုံကြူ၏စကား မှန်မမှန်ကို သိလိုသဖြင့် လွယ်လွယ်ကူကူ သဘောတူလိုက်လေသည်။

ချန်တာ့ယူသည် သူတို့၏ မူလခရီးစဉ်ကိုဖျက်၍ ယခုရောက်သည့် နေရာမှာပင် မိုးချုပ်အောင် နေလိုက်ကြသည်။

မိုးမချုပ်မီ အချိန်အတွင်းမှာပင် လင်ချမ်းကျူးနှင့်နယ်စားကြီး ချိုကုဖိန်းတို့၏ ဒုစရိုက်လုပ်ငန်းများအကြောင်းကို ရှုအုံကြူထံမှ သိရလေသည်။

ရှုအုံကြူသည် မြောင်ယိလန်းထံမှတစ်ဆင့် လင်ချမ်းကျူးတို့၏ လျှို့ဝှက်ချက်အတော်များများကို သိထားလေရာ ရှုအုံကြူ မိမိတို့ဘက်တော်သားဖြစ်လာသည့်အတွက် ချန်တာ့ယူအဖို့ များစွာ အကျိုးထူးလေသည်။



ညဘက်တွင် သူတို့သည် ရှုအုံကြူ၏လမ်းညွှန်ချက်အရ လင်ချမ်းကျူးတို့စခန်းချနေသော ရေတံခွန်ကြီးအနီးရှိ ယာယီစခန်းသို့ တိတ်တဆိတ် လာခဲ့ကြသည်။

စခန်းအနီးသို့အရောက်တွင် ချန်တာ့ယူတစ်ယောက်တည်း ဆက်လာခဲ့သည်။

ယာယီတဲများနှင့် လင်ချမ်းကျူးတို့လူစုကို မတွေ့ကြရတော့ချေ။

မီးဖိုများ၊ အသုံးမကျတော့သည့် ပစ္စည်းပစ္စယများကိုသာ တွေ့ရသည်။

လင်ချမ်းကျူးတို့လူစု ထွက်ခွာသွားကြလေပြီ။

ချန်တာ့ယူလည်း ရှုအုံကြူနှင့်ရှောက်မှာကို သွားခေါ်ခဲ့သည်။

ပြီးနောက် စခန်းချသောနေရာ အနီးပတ်ဝန်းကျင်တွင် စေ့စေ့စပ်စပ် ရှာဖွေကြသည်။

ထိုအခါ ချုံတစ်ချုံထဲတွင် ရှိနေသော မြောင်ယိလန်း၏အလောင်းကို တွေ့ကြရလေသည်။

ရှုအုံကြူသည် မြောင်ယိလန်း၏အလောင်းကိုဖက်၍ သည်း

www.burmeseclassic.com

www.burmeseclassic.com



သည်းထန်ထန် ငိုကြွေးသည်။

နောက်တော့ မြောင်ယိလန်း၏အလောင်းကို ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုလ်လိုက်ကြတော့သည်။

တစဉ်(၃) ပြီး၏။

စာစဉ်(၄-ဓာတ်သိမ်း) ကိုဆက်လက် ဖတ်ရှုပါရန်၊

တက္ကသိုလ် နေလင်းအောင်

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်
# နေလင်းအောင်

# မျိုင်းဖြူသခင်မာယာရှင်

(စာစဉ်-၄-ဓာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၃၇၀၄၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၄၂၂၀၄၀၇

၂၀၀၇ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေနိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးသော်လွှင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဗိုလ်တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

## ရှည်မှန်းချက်ရောင်ခြည်

ရှဲယန်းမြို့နှင့် လီတစ်ရာခန့် အကွာအဝေးတွင် လူသူအရောက်အပေါက် မရှိသလောက်နည်းသော ကျောက်တောင်ကြီးတစ်တောင်တွင် လျှို့ဝှက်ကျောက်ဂူကြီးတစ်ဂူ ရှိလေသည်။

၎င်းကျောက်ဂူကြီးတွင် ပိုင်ယီးယီးတို့လူစု တိတ်တဆိတ်နေထိုင်ကြသည်။

ကျောက်ဂူကြီးဆီသို့ ချန်တာ့ယူတို့ရောက်လာကြသောအခါ ကျောက်ဂူကြီးတွင် ပိုင်ယီးယီးတို့အားလုံး လူစုံတက်စုံ ရှိနေကြသည်။

ပိုင်ယီးယီး၊ ကျိဖေ့ကျန်း၊ မိုးကြိုးသိုင်းသမားကြီး လီခုံးချီနှင့် ခါးကုန်းကြီး ကင်းလျောင်တို့သည် ငါးရက်တိုင်တိုင် ချန်တာ့ယူ ပျောက်နေသဖြင့် စိတ်ပူနေကြသည်။

သူတို့ကို အသိမပေးဘဲ ချန်တာ့ယူသည် တစ်ခါမှ ဤသို့မပျောက်ဘူးချေ။

မိုးကြိုးသိုင်းသမားကြီး လီခုံးချီနှင့် ခါးကုန်းကြီးကင်း

www.burmeseclassic.com

www.burmeseclassic.com



လျှောင်တို့ လူစုခွဲ၍ ချန်တာ့ယူကိုရှာရန် တိုင်ပင်စီစဉ်နေကြစဉ် ချန်တာ့ယူသည် ရောက်မှာ၊ ရှုအုံကြူတို့နှင့်အတူ ပြန်ရောက်လာခြင်းဖြစ်လေသည်။

ချန်တာ့ယူ ဘေးမသီ ရန်မခ ပြန်ရောက်လာခြင်းအတွက် ပိုင်ယီးယီးတို့ ဝမ်းသာသွားကြသည်။

ပိုင်ယီးယီးနှင့် ကျိုဖေ့ကျန်းတို့သည် သူတို့ လုံးလုံးမျှော်လင့်မထားသော ရှုအုံကြူကိုမြင်ရသောအခါ အံ့သြတကြီးဖြစ်မိကြသည်။

ရင်ထဲမှလည်း ထိတ်ခနဲ ဖြစ်သွားမိကြလေသည်။

ရှုအုံကြူကမူ ချန်တာ့ယူဖွင့်ဟပြောပြချက်အရ ပိုင်ယီးယီး၊ ကျိုဖေ့ကျန်း၊ မိုးကြိုးသိုင်းသမားကြီး လီခိုးချီနှင့် ခါးကုန်းကြီးကင်လျှောင်တို့အကြောင်းကို ကြိုတင်သိထားပြီး ဖြစ်သည်။

ထို့ကြောင့် ပိုင်ယီးယီးတို့ကိုတွေ့ရသောအခါ အံ့သြခြင်းဖြစ်မိချေ။

ပထမတွင် ချန်တာ့ယူကို ချန်ဂူးဝမ်းရဲ့သား ဟုတ်မှဟုတ်ရဲ့လားဟု အတွေးဝင်နေမိသေးသော်လည်း ပိုင်ယီးယီးတို့ကိုတွေ့ရသောအခါ ရှုအုံကြူ လုံးလုံးယုံကြည်သွားလေတော့သည်။

ချန်တာ့ယူက သူတွေ့ကြုံဖြစ်ပျက်ခဲ့ပုံများကို ပိုင်ယီးယီးတို့သိအောင် အသေးစိတ် သေချာစွာ ရှင်းလင်းပြောပြလိုက်သည်။

ထိုအခါမှ ပိုင်ယီးယီးတို့သည် ရောက်မှာကို ထိလုံး၏မြေမှန်းသိသွားကြပြီး ဝမ်းသာအားရ နှုတ်ဆက်စကားဆိုကြလေသည်။

ဒုက္ခရောက်ပြီး နောင်တရလာသော ရှုအုံကြူကိုလည်း အပြစ်မယူဘဲ ခွင့်လွှတ်ကြသည်။

ရှုအုံကြူကလည်း ပိုင်ယီးယီးနှင့် ကျိုဖေ့ကျန်းကို အထပ် အခါခါ တောင်းပန်စကားဆိုသည်။



လင်ချမ်းကျူး၏ မတရားလုပ်ရပ်များကိုဖော်ထုတ်ပြီး တိုက်ခိုက်နှိမ်နင်းရာတွင် အသက်စွန့်၍ ကူညီမည်ဖြစ်ကြောင်း ကတိပေးသည်။

ရှုအုံကြူ၏ ဝန်ခံကတိပေးစကားကြောင့် ပိုင်ယီးယီးတို့မှာ လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရလေသည်။

သူတို့ဘက်သို့ ရှုအုံကြူရောက်လာခြင်းအတွက် လင်ချမ်းကျူးနှင့်ချိုကုဖိန်းတို့ကို နှိမ်နင်းရာတွင် များစွာထိရောက်ကြလိမ့်မည်ဖြစ်ကြောင်း သိကြသည်။

ရှုအုံကြူကလည်း ချိုကုဖိန်းနှင့်လင်ချမ်းကျူးတို့သားအဖ၏ လွဲမှားသော လုပ်ရပ်များကို သူမ သိသလောက် ဖော်ထုတ်ပြောပြသည်။

ရှုအုံကြူ၏ထုတ်ဖော်ပြောပြချက်များက ချန်တာ့ယူတို့အတွက် များစွာ ထိရောက်လှသည်။

သူတို့သည် ချက်ချင်းပင် ရှေ့လုပ်ငန်းစဉ်များကို တိုင်ပင်ဆွေးနွေးကြသည်။

မိုးကြိုးသိုင်းသမားကြီး လီခိုးချီက သူ့တွေးခေါ်ယူဆချက်ကို ပြောသည်။

“ရှုအုံကြူက လင်ချမ်းကျူးတို့ရဲ့လုပ်ရပ်တွေကို ဒီလောက်အထိသိရမှတော့ တို့အနေနဲ့ ပုန်းလျှိုးကွယ်လျှိုး ဆက်ပြီး စုံစမ်းနေရာ မလိုတော့ဘူးလို့ ငါတော့ ယူဆတယ်၊ မြေးလေး ချန်အနေနဲ့ လင်ချမ်းကျူးကို ပြောင်ပြောင်တင်းတင်း တွေ့ပြီး ရင်ဆိုင်လိုက်ရင် ကောင်းလိမ့်မယ်”

www.burmeseclassic.com

www.burmeseclassic.com



ချန်တာ့ယူက....

"ဘယ်လိုပြောင်ပြောင်တင်းတင်း ရင်ဆိုင်ရမှာလဲ ဘာ ကျွန်တော်ဟာ နေပြည်တော် ဒုစရိုက်နှိမ်နင်းရေး မှူခင်းတပ်ဖွဲ့ တစ်ယောက် ဖြစ်တယ်ဆိုတာတော့ လောလောဆယ် လင်ချမ်းကျ တို့ မသိစေချင်သေးဘူး"

"ဘာဘကလဲ ဒီအချက်ကို သတိပေးဖို့ပြောတာ မဟုတ် ဘူး၊ မြေးကို ချန်ဝူးဝမ်းရဲ့သားဆိုတာကိုပဲ သူတို့ကို အသိပေး ရင်ဆိုင်ဖို့ပြောတာပါ၊ အဲ... အဲလို အသိပေးလိုက်ရင်တော့ သူတို့ မြေးတို့သားအမိကို နည်းအမျိုးမျိုးနဲ့ရန်ရှာလာကြမှာပဲ၊ မြေး ချန်တို့အတွက် အန္တရာယ်တော့ များလာနိုင်တယ်၊ အန္တရာယ်မျ တာနဲ့အမျှ သူတို့ရဲ့လွဲမှားတဲ့လုပ်ရပ်တွေလဲ ပေါ်လာနိုင်တယ်၊ သူ ရဲ့ခြေလှမ်းတွေ မှားလာနိုင်တယ်၊ သူတို့ခြေလှမ်းမှားလေ ဘာဘတို့ တွက် ကောင်းလေပဲ"

"မှန်ပါတယ် ဘာဘ... ကျွန်တော်လဲ ဘာဘပြောသလိုတေ လင်ချမ်းကျူးတို့နဲ့ ရင်ဆိုင်ချင်ပါတယ်၊ အန္တရာယ်ကိုတော့ ကြည့် ရှောင်ရမှာပါပဲ"

"မြေးလေးချန် တတ်မြောက်ထားတဲ့ သိုင်းပညာအဆ လောက်နဲ့ဆို တော်ရုံတန်ရုံ သိုင်းသမားလောက်ကို မှုစရာမလို ဘူးလေ၊ ဒါပေမယ့် သတိဆိုတာ ပိုတယ်လို့တော့ မရှိဘူးကွယ့်၊ တော့ ကိုယ်နဲ့ရင်ဆိုင်ရမယ့် ရန်သူကိုလဲ ဘယ်တော့မှ အထင်မသေ လေနဲ့"

"ဟုတ်ကဲ့ဘာဘ"

ရှောက်ဟုက ဝင်ပြောသည်။



"ကျွန်မရဲ့ဘိုးဘိုးလဲ နောက်ဆယ့်လေးငါးရက်လောက်ဆို ရောက်လာပါလိမ့်မယ် ဘာဘ၊ ဘိုးဘိုး ရောက်လာတဲ့အထိ စောင့် ကြည့်ကြသေးရင် မကောင်းဘူးလား"

မိုးကြိုးသိုင်းသမားကြီး လီခုံးချီက....

"ဒီတိုက်ပွဲဟာ လတ်တလော တိုက်ရုံနဲ့ပြီးသွားမယ့် တိုက်ပွဲ မျိုး မဟုတ်ဘူးကွယ့်၊ မြေးရဲ့ဘိုးဘိုး ရောက်လာရင်လဲ တိုက်ပွဲမှာ ပါဝင်ဆင်နွှဲခွင့်ရပါလိမ့်မယ်ကွယ်၊ အခု အခြေအနေအရ တိုက်ပွဲစပြီး ခေါ်ဖို့သင့်နေပြီဆိုတော့ လောလောဆယ် မြေးရဲ့ဘိုးဘိုး ရောက် လာတဲ့အထိ စောင့်ဖို့ မလိုသေးပါဘူး"

ပိုင်ယီးယီးက....

"ကျွန်မတို့ဆီမှာ ရှုအုံကြူ ရောက်နေတယ်ဆိုတာကိုတော့ လင်ချမ်းကျူးတို့ဘက်က လုံးလုံးသိမထားရင် ကောင်းမယ်"

လီခုံးချီက ခေါင်းညိတ်၍....

"ဟုတ်တယ်ကွယ့်၊ ရှုအုံကြူ ဒီမှာရောက်နေတယ်ဆိုတာ ကိုတော့ လင်ချမ်းကျူး လုံးလုံးမသိတာ အကောင်းဆုံးပဲ"

"ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ ဘာဘ"

"မြေးလေးချန်နဲ့ ပိုင်ယီးယီးတို့က လင်ချမ်းကျူးတို့နဲ့ သွား တွေ့ကြရင် ကောင်းမယ်၊ ဖြစ်နိုင်ရင် လင်ချမ်းကျူးအကြောင်းကို မြေးလေးတို့က ဒီထက်ပိုပြီး ပြည့်ပြည့်စုံစုံဖြစ်အောင် စုံစမ်း၊ သူတို့ တတွေဘက်က ခြေလှမ်းမှားလာအောင် ပရိယာယ်ဆင်ရမယ်၊ ရှင်း ရှင်းပြောရရင် လူလေးက ငါးစာဖြစ်ရမယ်၊ လင်ချမ်းကျူးက ငါးစာကို လာဟပ်မယ့် ငါးဖြစ်ရမယ်၊ နောက်ဆုံး လင်ချမ်းကျူးက ငါးမျှားချိတ် မှာ အမိအရလာချိတ်အောင် မြေးတို့က ဆောင်ရွက်ရမယ်၊ နားလည်

www.burmeseclassic.com

www.burmeseclassic.com



လား"

"ဟုတ်ကဲ့ နားလည်ပါတယ် ဘဘ"

"ဘဘနဲ့ ကင်းလျောင်တို့ကတော့ ချီကုဖိန်းကို အနီးကပ်စုံစမ်းကြမယ်၊ ဘဘတို့လဲ ပရိယာယ်ဆင်ပြီး သူ့ကိုချဉ်းကပ်ရမှာပဲ၊ ရှောက်ဝှာရဲ့ ဘိုးဘိုးထိလုံး ရောက်လာရင်တော့ ဘဘတို့က ထိလုံးရဲ့ အကူအညီကို ယူရမယ်၊ ထိလုံးဟာ တစ်ချိန်က နယ်စားကြီး စန့်ဟုမ်းယန်းရဲ့ လူယုံတော်ကြီးဆိုတော့ ချီကုဖိန်းအကြောင်းကို စုံစမ်းတဲ့အခါမှာ ဘဘတို့အတွက် အများကြီး အကူအညီရလိမ့်မယ်"

"မှန်ပါတယ် ဘဘ"

"ပထမဦးဆုံး လင်ချမ်းကျုံးနဲ့ မြေးလေးချန်တို့ သားအမိနှစ်ယောက်တွေ့ဆုံတဲ့အခါတော့ ကျိဖေ့ကျန်းလဲ လိုက်သွားပါ၊ ဒါမှ ချန်ဂူးဝမ်းအပေါ် သူယုတ်မာရက်စက်ခဲ့ပုံတွေကို မြေးလေးချန် သိနေပြီဆိုတာ လင်ချမ်းကျုံး ရိပ်စားမိလိမ့်မယ်"

မိုးကြိုးသိုင်းသမားကြီး လီခုံးချိုက ကျိဖေ့ကျန်းကို ပြောလိုက်ရာ ကျိဖေ့ကျန်းကလည်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့… ကောင်းပါပြီ အစ်ကိုကြီး"

"နောက်တစ်ခေါက်တွေ့တော့ လိုက်စရာ မလိုတော့ပါဘူး ဒီမှာပဲ ရှုအုံကြူနဲ့နေပေါ့"

"ဟုတ်ကဲ့"

ချန်တာ့ယူက စဉ်းစဉ်းစားစားနှင့်မေးသည်။

"ဒါဆိုရင် ကျွန်တော်တို့တွေ တစ်ရက်နှစ်ရက် အတွင်းမှာစပြီး လှုပ်ရှားကြမယ်ဘဘ၊ ငွေဖျိုင်းဖြူစံအိမ်ကိုပဲ တိုက်ရိုက်သွားပြီး လင်ချမ်းကျုံးကို တွေ့ရမှာပဲ"



လီခုံးချိုကလည်း စဉ်းစဉ်းစားစားနှင့် ပြန်ပြောသည်။

"နေဦးမြေး၊ သိပ်တော့မဲလောနဲ့ဦး မြေးတို့နဲ့ လင်ချမ်းကျုံးနဲ့တွေ့တဲ့အခါ သိုင်းလောကမှာ အရေးပါ အရာရောက်တဲ့ တခြားသိုင်းအကျော်အမော်ကြီးတွေလဲ ရှိနေရင် ပိုကောင်းမယ်၊ အဲဒီလူကြီးတွေ ရှေ့မှာဆိုရင်တော့ လင်ချမ်းကျုံးဟာ မြေးလေးတို့ကို လက်လွတ်စပယ် မတရား မလုပ်နိုင်ဘူးပေါ့၊ ပြီးတော့ ချန်ဂူးဝမ်းရဲ့သားချန်တာ့ယူ ပေါ်လာပြီဆိုတာလဲ မကြေငြာဘဲနဲ့ သတင်းပြန့်သွားနိုင်တာပေါ့၊ ဒီလိုသတင်း ပြန့်သွားတာ[illegible] မြေးလေးချန်အတွက်ကောင်းဖို့ လင်ချမ်းကျုံးအတွက် ဆိုး[illegible]"

"ဟုတ်ကဲ့ ဘဘ၊ ဘဘ[illegible] အစီအစဉ်ကတော့ အများကြီး ကောင်းပါတယ်၊ ဒါဆိုရင် ကျွန်တော်တို့တတွေ ဒီလိုအခြေအနေမျိုးဖြစ်အောင် စောင့်ကြည့်ရလိမ့်ဦးမယ်နဲ့တူတယ်၊ တခြား သိုင်းအကျော်အမော်ကြီးတွေနဲ့ လင်ချမ်းကျုံး ဘယ်တော့ဆုံမယ်ဆိုတာ ကျွန်တော်တို့ စုံစမ်းကြရတော့မှာပဲ"

"ဒါတော့ စုံစမ်းကြရတော့မှာပေါ့ မြေးရယ်"

"ကျွန်မသိထားတာ တစ်ခုတော့ရှိတယ်"

ရှုအုံကြူက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ အားလုံး၏အကြည့်က သူမထံ ရောက်သွားကြသည်။

မိုးကြိုးသိုင်းသမားကြီး လီခုံးချိုကပင် မေးသည်။

"ဘာများရှိလို့လဲ မိန်းကလေး"

"ဒီလ (၂၃) ရက်နေ့မှာ လင်ချမ်းကျုံးက သိုင်းဂိုဏ်းအသီးသီးက ဂိုဏ်းချုပ်ကြီးတချို့နဲ့ သိုင်းအကျော်အမော်ကြီးတချို့ကို ဖိတ်ခေါ် ထားတယ်၊ ငွေဖျိုင်းဖြူဂိုဏ်းရဲ့ နှစ်တစ်ရာပြည့် အထိမ်းအ

www.burmeseclassic.com

www.burmeseclassic.com



မှတ်ပွဲ လုပ်လိမ့်မယ်၊ တကယ့်ထိပ်သီးတွေကိုပဲရွေးပြီး ဖိတ်တာဆိုတော့ ဧည့်သည်အများကြီးတော့ လာမှာမဟုတ်ဘူး၊ ဒါပေမယ့် တကယ့်ထိပ်သီး ဧည့်သည်ကြီးတွေ အယောက်သုံးဆယ်ထက်မနည်း လာကြလိမ့်မယ်လို့တော့ ကျွန်မထင်တယ်"

"သေချာတယ်နော် မိန်းကလေး"

လီခုံးချိုက စိတ်အားထက်သန်စွာ မေးလိုက်သည်။

ရွှေအုံကြူက ခေါင်းညိတ်လိုက်ပြီး....

"သေချာပါတယ် ဆရာကြီး၊ ကျွန်မနဲ့ကျွန်မယောကျ်ား ကိုယ်တိုင် ဖိတ်စာရေးဆွဲ သေသေချာချာ လုပ်ပေးခဲ့ကြရတာပါ၊ ဖိတ် ကြားခံရတဲ့ဧည့်သည်ရှင်ကြီးနာမည်တွေကိုတောင် မှတ်မိသေးတယ်၊ ရောင်လင်ဂိုဏ်းဖော်ကြီးရဲ့ ဂိုဏ်းချုပ်ဆရာတော်ကြီး ဂူဆန်း ဂူတန်းဂိုဏ်းချုပ်ကြီး ကွန့်ချောက်၊ ကျောက်စိမ်းလက်ဝါး ဂိုဏ်းချုပ်ကြီး ကျန်းယုစိမ်း၊ မြောက်ပိုင်းလူထူးဆန်းလေးဖော်၊ တောင်ပိုင်းနယ် ခံသမားကြီး တုန်းဖန်းမင်၊ ပြီးတော့ တခြား သိုင်းအကျော်အမော် ကြီးတွေ အတော်များများပဲ၊ ကျွန်မမှတ်မိတာလဲ ရှိတယ် မမှတ်မိ တာလဲရှိတယ်"

မိုးကြိုးသိုင်းသမားကြီး လီခုံးချိုက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး....

"အင်း... လာမယ့်ပုဂ္ဂိုလ်တွေကတော့ တကယ့်ထိပ်ထိပ်ကျဲ ပုဂ္ဂိုလ်တွေပဲ၊ ဒီလောက်အထိ မိန်းကလေးပြောမှတော့လဲ သေချာ ပါပြီ၊ ကျုပ်လိုချင်တာ ဒီလိုပွဲမျိုးပဲ၊ ဒါနဲ့ ဘယ်မှာလုပ်မှာလဲ၊ ငွေဖျိုင်း ဖြူဂိုဏ်းဌာနချုပ်မှာလား၊ ငွေဖျိုင်းဖြူစံအိမ်မှာလား"

"ငွေဖျိုင်းဖြူစံအိမ်မှာ လုပ်မှာပါရှင်"



"လုပ်မှာက နှစ်ဆယ့်သုံးရက် နေ့ဆိုတော့ နောက်ရှစ်ရက် လောက်တော့ စောင့်ရဦးမှာပဲ၊ ကောင်းပါတယ်လေ၊ သေသေချာချာ အကွက်ရိုက်လို့ ပိုကောင်းတာပေါ့"

လီခုံးချိုသည် စကားဖြတ်လိုက်ပြီး စဉ်းစားခန်း ဝင်နေ သည်။

ချန်တာ့ယူက သူ့ဘာသာ သူတွေးရင်း စိတ်မကောင်းဖြစ် သွားကာ ရေရွတ်လိုက်မိသည်။

"ဪ... ကျွန်တော်ရဲ့ဘိုးဘေးဘီဘင် အဆက်ဆက်က တည်ထောင်လာခဲ့တဲ့ ငွေဖျိုင်းဖြူဂိုဏ်းဟာ နှစ်တစ်ရာတောင် ပြည့် ပြီကိုး"

လီခုံးချိုလည်း ချန်တာ့ယူကို ကြည့်လိုက်ပြီး....

"အေးကွယ်... တွေးကြည့်ရင်တော့ မခံချင်စရာ စိတ်မ ကောင်းစရာတွေချည်းပဲ၊ တကယ်တော့ ချန်မျိုးနွယ်အဆက်ဆက်က တည်ထောင်လာခဲ့တဲ့ ငွေဖျိုင်းဖြူဂိုဏ်းရဲ့နှစ်တစ်ရာပြည့် အထိမ်းအ မှတ်ကို၊ ချန်မျိုးနွယ်မှာ တစ်ဦးတည်းသာ ကျန်တော့တဲ့ မြေးလေး ချန်ကပဲ ဦးဆောင်ကျင်းပသင့်တာ၊ အေးလေ... ဒါပေမယ့် ဒီပွဲကို မြေးလေးချန် ရောက်သွားမှာမို့ ဖြေသာပါသေးတယ်၊ မကြာခင်မှာ အမှန်တရား ပေါ်ပေါက်လာတော့မှာပါ၊ နောက်ဆုံးကွယ် မြေးလေး ချန်အနေနဲ့ လူမှန် နေရာမှန် ပြန်ရောက်မှာ သေချာပါတယ်၊ ယုတ်မာ ကောက်ကျစ်တဲ့ လင်ချမ်းကျုံးတို့ရဲ့ကျဆုံးခန်းဟာ မဝေးတော့ပါဘူး ကွယ်၊ မဝေးတော့ပါဘူး"

"ကျွန်မတစ်ခုလောက် မေးပါရစေ ဘဘ"

ရောက်တုန်းက မိုးကြိုးသိုင်းသမားကြီး လီခုံးချိုကို ခွင့်တောင်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်း ဖြစ်သည်။

"မေးပါကွယ် မေးပါ၊ မြေးကကော ဘာသိချင်လို့လဲ"

"လင်ချမ်းကျုံးနဲ့ချိုကုဖိန်းရဲ့ မဟုတ်မမှန်တဲ့ လုပ်ရပ်တွေကြောင့် သူတို့ရဲ့အပုပ်နံ့ဟာ အတော်ကလေး ပြန့်နေပါပြီ၊ သမိုင်းကြားဖူးထားသလောက်တော့ သူ့ဖိတ်ကြားမှုကြောင့် ရောက်လာမယ့် ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီးတို့ ဂူတန်းဂိုဏ်းချုပ်ကြီးတို့ ကျောက်စိမ်းလက်ဝါးဂိုဏ်းချုပ်ကြီးတို့ဆိုတာ အမှန်တရားဘက်က ရပ်တည်ကြတဲ့ပုဂ္ဂိုလ်ကြီးတွေပါ၊ ဒီပုဂ္ဂိုလ်ကြီးတွေကလဲ လင်ချမ်းကျုံးတို့ရဲ့ သတင်းတွေကိုကြားမှာပါပဲ"

"ကြားမှာပေါ့ မြေးရယ်၊ သူတို့က တခြားလူတွေထက်ပိုပြီး သိုင်းလောကအကြောင်း၊ သိုင်းဂိုဏ်းကြီးတွေရဲ့အကြောင်းကို နားစွင့်နေကြတဲ့ သူတွေပဲ"

"ဒါတောင် ဒီပုဂ္ဂိုလ်ကြီးတွေက လင်ချမ်းကျုံးလို လူယုတ်မာရဲ့ ဖိတ်ကြားမှုကို ဘာဖြစ်လို့ လက်ခံကြရတာလဲ၊ တကယ်တမ်းဆိုရင် လင်ချမ်းကျုံးကို ဆန့်ကျင်နေဖို့ကောင်းတယ်၊ လင်ချမ်းကျုံးရဲ့ ဖိတ်ကြားမှုကို လက်မခံဖို့ ကောင်းတယ်"

မိုးကြိုးသိုင်းသမားကြီး လီခုံးချိုက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး....

"အင်း... မြေးရဲ့ အမြင်နဲ့တော့လဲ ဟုတ်တာပဲ၊ ဒါပေမယ့် မြေးက လူငယ်ပီပီ မခံချင်စိတ်လောက်နဲ့ပဲ ပြောတာကိုး၊ ပြီးတော့ လောကရဲ့အတွေ့အကြုံကလဲ နည်းသေးတယ်၊ ဟိုပုဂ္ဂိုလ်ကြီးတွေကတော့ လောကရဲ့အတွေ့အကြုံကလဲ ရင့်ကျက်နေကြပြီ၊ ပြီးတော့ အသက်ကလဲ ထောက်လာပြီ၊ ထိပ်တန်း သိုင်းဂိုဏ်းကြီးတွေရဲ့



ဦးစီးဦးဆောင်တွေဆိုတော့ အလုပ်တစ်ခုခုကိုလုပ်တဲ့အခါမှာ ပိုင်ပိုင်နိုင်နိုင်ဖြစ်မှ လုပ်လေ့လုပ်ထ ရှိကြတယ်၊ မြေးယူဆသလို သူတို့လဲ လင်ချမ်းကျုံးရဲ့မကောင်းသတင်းတွေကို ကြားရမှာပါပဲ၊ ဒါပေမယ့် လင်ချမ်းကျုံးရဲ့လုပ်ရပ်တွေဟာ ပိရိတော့ ဒီနေ့အထိ ဘယ်သူမှလက်ဆုပ်လက်ကိုင် သက်သေအထောက်အထားနဲ့ တိတိကျကျ မပြနိုင်ကြသေးဘူး မဟုတ်လား"

"မှန်ပါတယ် ဘဘ"

"ဘဘတို့တောင် သူတို့ရဲ့ လုပ်ရပ်တွေကို သဲသဲမဲမဲ စုံစမ်းနေကြတာ ကြာပြီ၊ တိတိကျကျ မသိရသေးဘူး၊ အခုမှ ရှုအုံကြူပြောပြလို့ သိကြရတာ၊ ဒါပေမယ့် လင်ချမ်းကျုံး ဖိတ်ကြားလို့ ရောက်လာကြမယ့် ပုဂ္ဂိုလ်ကြီးတွေကတော့ ဘဘတို့လောက် သိဦးမှာမဟုတ်ဘူး၊ သူတို့လဲ အများကြားသလောက်ပဲ ကြားကြရမှာ"

"ဟုတ်ပါတယ်"

"ဒီတော့ ဒီပုဂ္ဂိုလ်ကြီးတွေအနေနဲ့ သူတို့ရင်ထဲမှာ ခံစားချက်တွေရှိတာ မှန်ပေမယ့် လင်ချမ်းကျုံးကိုတော့ လုံးလုံးဆန့်ကျင်လို့ မဖြစ်သေးဘူးလေ၊ လူကြီး မပီသရာရောက်သွားကြမှာ မဟုတ်လား၊ အဲ... အပိုင်ကိုင်နိုင်တဲ့ တစ်နေ့မှာတော့ သူတို့တွေလဲ လင်ချမ်းကျုံးကိုညှာကြမှာ မဟုတ်ပါဘူး၊ အဲဒီတော့ မြေးတို့အနေနဲ့လဲ ဆောင်ရွက်ကြတဲ့အခါမှာ အလျင်စလို စိတ်လိုက်မာန်ပါ မလုပ်ကြဘဲ ဒီပုဂ္ဂိုလ်ကြီးတွေရဲ့ စံနမူနာကိုယူပြီး စိတ်ရှည်ရှည်ထားကြရမယ်၊ ပိုင်ပိုင်နိုင်နိုင် လုပ်ကြရမယ်၊ နားလည်ပြီလား"

"ဟုတ်ကဲ့... နားလည်ပါပြီဘဘ"

"ဘဘရဲ့ဆိုဆုံးမချက်အတိုင်း ကျွန်တော်တို့ လိုက်နာကြပါ့

www.burmeseclassic.com



မယ်"

လုပ်ငန်းကို ပြောင်ပြောင်တင်းတင်း စတင် ဆောင်ရွက်ကြရတော့မည်ဖြစ်သဖြင့် သူတို့အားလုံး တက်တက်ကြွကြွ ရှိနေကြသည်။ အပြုံးတွေ ဆောင်နေကြသည်။

အားလုံး၏အပြုံးထက် ဗိုင်ယီးယီးနှင့်ကျိုဖေ့ကျန်းတို့၏ အပြုံးက ပိုပြီး လေးနက်သည်။

သူတို့ရင်ထဲကသာမက အသည်းထဲကပါ လှိုက်လှိုက်လှဲလှဲ ပြုံးနေကြသည်။

နှစ်ပေါင်း နှစ်ဆယ်နီးပါး ကြာအောင် သူတို့တတွေ၏ ရည်မှန်းချက်များကား မကြာမီ အကောင်အထည် ပေါ်လာတော့မည် မဟုတ်ပါလား။



အခန်း(၂)

## ဝိညာဉ်လိုက်မောင်နံ

ငွေဖျိုင်းဖြူဂိုဏ်း၏ နှစ်တစ်ရာပြည့် အခမ်းအနားကို သုံးလပိုင်း နှစ်ဆယ့်သုံးရက်နေ့တွင် ကျင်းပမည့်ဖြစ်လေသည်။

အခမ်းအနား ကျင်းပမည့်နေ့မတိုင်မီ သုံးရက်လောက်ကတည်းက ကြိုပြီး စံအိမ်အမှုထမ်းအားလုံး ကိုယ့်တာဝန်နှင့်ကိုယ် အလုပ်ရှုပ်နေကြသည်။

စာဖိုဆောင်အမှုထမ်းများက လိုလေသေး မရှိရအောင် အကောင်းဆုံး စားသောက်ဖွယ်ရာများကို ချက်ပြုတ်ကြရန် ကြိုတင်၍ လိုအပ်သည့် စားသောက်ဖွယ်ရာများကို ရှာဖွေဝယ်ယူနေကြသည်။

စံအိမ်အလှအပ ဖန်တီးရေးနှင့်သန့်ရှင်းရေး အမှုထမ်းများကလည်း စံအိမ်ကြီး၏အခန်းတိုင်းကို သန့်ရှင်းကြသည်။ ပြင်ဆင်ကြသည်။

ရပ်ဝေးမှ ညအိပ်ညနေ ရောက်လာကြမည့် ဧည့်သည်များတည်းခိုခန်းအတွက်လည်း အခန်းများကို ခမ်းခမ်းနားနား ပြင်ဆင်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

အထူးသဖြင့် အခမ်းအနား ကျင်းပပြုလုပ်မည့် ကျယ်ဝန်းသော ခန်းမဆောင်ကြီးထဲတွင် စားပွဲခုံ၊ ထိုင်ခုံများ ခင်းကျင်း၍လည်းကောင်း၊ အဖိုးတန်၍ ရောင်မျိုးစုံလှသော ခန်းဆီးများ၊ ပိုးသားအစများဖြင့်လည်းကောင်း လှပအောင် မွမ်းမံကြသည်။

ခန်းမဆောင်ကြီး၏ အိမ်နံရံတွင်လည်း "ငွေဖျိုင်းဖြူဂိုဏ်း၏ နှစ်တစ်ရာပြည့် အခမ်းအနား"ဟူသော စာလုံးကို ရွှေစာလုံးများဖြင့် ခန့်ခန့်ထည်ထည် ပြုလုပ်ထားကြသည်။

ခန်းမဆောင်ကြီးထဲရှိ ပစ္စည်းပစ္စယ အသုံးအဆောင်များမှာ ဖိတ်ဖိတ်တောက်နေသည်။

အားလုံးပစ္စည်း အသုံးအဆောင်များမှာ အသစ်ချည်းသာ ဖြစ်၏။

စားပွဲများနှင့် ထိုင်ခုံများကို လူခုနစ်ဆယ်ခန့် တစ်ပြိုင်တည်း ထည်ဝါစွာဖြင့် စားသောက်နိုင်ရန် ခင်းကျင်းထား သည်။

ရွှေစာလုံးကြီးများ၏ အောက်ဘက်တွင် သိပ်မမြင့်လှသော စင်မြင့်ကလေး တစ်စင်ကို ပြုလုပ်ထားသည်။

ငွေဖျိုင်းဖြူစံအိမ်ကြီးအတွင်းတွင် ရှိရင်းထက် ပိုမိုခန့်ညားထည်ဝါမှုရှိအောင် ပြင်ဆင်မွမ်းမံနေကြသလို ခြံဝင်းထဲရှိ ပန်းဥယျာဉ်ကြီးကိုလည်း ပို၍ လှပအောင် မွမ်းမံနေကြသည်။

စံအိမ်ကြီး၏လုံခြုံရေးတာဝန်ယူထားသော အမှုထမ်းများမှာလည်း အခမ်းအနား ကျင်းပမည့် သုံးလေးရက်ကပင် အထူးလုံခြုံရေးတာဝန်ကို စတင်ဆောင်ရွက်ကြသည်။

စံအိမ်အမှုထမ်း မဟုတ်သော ငွေဖျိုင်းဖြူဂိုဏ်းသားများ



သည် စံအိမ်အမှုထမ်းများနှင့်ပူးပေါင်း၍ စံအိမ်လုံခြုံရေးကို အပြည့်အဝ ဆောင်ရွက်ကြသည်။

သူတို့မသိဘဲ စံအိမ်တော်ထဲသို့ ကြောင်တစ်ကောင်ပင် ဝင်ထွက်ဖို့ မလွယ်ချေ။

ဤသို့သော အစီအစဉ်များမှာ လင်ချမ်းကျုံး၏ အစီအစဉ်များပင် ဖြစ်သည်။

လင်ချမ်းကျုံး၏ ညွှန်ကြားချက်ဖြင့် စံအိမ်အမှုထမ်းသူ ဆက်အောက်ငယ်သားများက အကွက်စေ့စေ့စီမံကြခြင်း ဖြစ်လေသည်။

သုံးလပိုင်း နှစ်ဆယ့်တစ်ရက်နေ့မှစကာ စံအိမ်လုံခြုံရေးကို တင်းတင်းကျပ်ကျပ် စတင် ဆောင်ရွက်ကြလေသည်။

နေ့ညမပြတ် စံအိမ်တံခါးပေါက်နှင့် အိမ်တံခါးပေါက်များတွင် အစောင့်များ ရှိနေကြသည်။

စံအိမ်ဝင်းအတွင်းသို့ စိစစ်၍သာ ဝင်ခွင့်ပြုသည်။

စံအိမ်အတွင်းမှ အမှုထမ်းများပင် လင်ချမ်းကျုံး၏ ခွင့်ပြုချက်မရဘဲ မည်သူမှ အပြင်သို့ထွက်ခွင့် မရှိတော့ချေ။

လင်ချမ်းကျုံးအနေနှင့်စံအိမ် လုံခြုံရေးကို ဤမျှအထိ စီစဉ်ခြင်းမှာ ရှုအုံကြူကြောင့်ပင် ဖြစ်၏။

ယခင် ဖိတ်ကြားစာများ ပို့စဉ်က ဤကဲ့သို့ လုံခြုံရေးကို တင်းတင်းကျပ်ကျပ်လုပ်ရန် စိတ်ကူးထားခြင်း မရှိချေ။

သူ့လက်ချက်ဖြင့် မြောင်ယိလန်း သေဆုံးပြီး ရှုအုံကြူ ထွက်ပြေးလွတ်မြောက် သွားမှသာ ယခုကဲ့သို့ လုံခြုံရေးကို စီစဉ်ခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် သားဖြစ်သူ လင်ချင်စစ် စိတ်မညှိုးနွမ်းစေရန်သ[...] ဤကဲ့သို့ လုပ်ဆောင်လိုက်ရခြင်းဖြစ်သည်။

ပြီးမှ သူ မှားမှန်းသိသွားသည်။ သို့သော် သူသည် လုပ်ပြီး[...]သော ကိစ္စတစ်ခုကို မှားမှားမှန်မှန် မည်သည့်အခါမှ နောင်တရခြင်း[...] မရှိချေ။

တောလည်ထွက်၍ စခန်းချရာသို့ သူနှင့်ပါသွားသူများအား[...]လုံးကိုသာ သူသည် ပြင်းပြင်းထန်ထန် သတိပေးထားသည်။

မြောင်ယိလန်းနှင့်ရှုအုံကြူတို့၏အဖြစ်မှန်များကို မည်သူ[...] ပြန်မပြောရ။

အကယ်၍ ပြန်ပြောခဲ့လျှင် ပြောသူကိုသာမက ထိုသူ၏[...] သားတစ်စုလုံးကိုပါ ရက်ရက်စက်စက် သတ်ပစ်မည်ဟု ခြိမ်းခြောက်[...] ထားသည်။

လင်ချမ်းကျူးသည် မြှောက်စားစရာရှိလျှင် သူမတူအောင်[...] မြှောက်စားတတ်သလို ရက်စက်စရာရှိလျှင်လည်း သူမတူအောင်[...] ရက်စက်တတ်ကြောင်း သိထားသော သူလူများ အားလုံး မြောင်ယိ[...]လန်းနှင့် ရှုအုံကြူတို့၏အဖြစ်မှန်များကို တစ်ခြားသူများအား [...]လည်ပြောပြရန် စိတ်ထဲမှပင် မကူးဝံ့ကြတော့ချေ။

သို့သော် မြောင်ယိလန်းနှင့်ရှုအုံကြူတို့၏ အဖြစ်မှန်ကို သ[...]ထားသော အမှုထမ်းတချို့၏ စိတ်ထဲတွင်မူ စိုးရိမ်စိတ်ကလေးများ[...] မကျေနပ်မှုကလေးများ ဖြစ်သွားကြလေသည်။

ငွေဗျိုင်းဖြူစံအိမ်တွင် မြောင်ယိလန်းနှင့် ရှုအုံကြူတို့၏[...] မောင်နှံမှာ လင်ချမ်းကျူး၏အရေးပေး အမြှောက်စားဆုံး၊ ယုံကြည်[...] စိတ်အချက်ဆုံးသောသူများ ဖြစ်ကြောင်း စံအိမ်အမှုထမ်းများအ[...]



[...]သုံး သိကြသည်။

မြောင်ယိလန်းနှင့် ရှုအုံကြူတို့ကလည်း လင်ချမ်းကျူး ဤသို့ယုံကြည်အားထားအရေးပေး မြှောက်စားလာစေရန် လင်ချမ်းကျူး[...]၏အကျိုးကို အစွမ်းကုန်သယ်ပိုးခဲ့ကြသည်။

လင်ချမ်းကျူးအတွက်ဆိုလျှင် အသက်ပင် စွန့်ဝံ့ကြသူများ[...] အားလုံးက သိထားကြသည်။

သို့သော် လင်ချမ်းကျူးသည် သားအလိုကို လိုက်ချင်လွန်းသောစိတ်ဖြင့် မြောင်ယိလန်းနှင့် ရှုအုံကြူတို့ကို ရက်ရက်စက်စက်[...]ပြုမူခဲ့သည်။

ထို့ကြောင့် မြောင်ယိလန်းတို့အဖြစ်ကို သိထားကြသောစံအိမ်အမှုထမ်းများသည် သူတို့အတွက်လည်း စိုးရိမ်စိတ်ဝင်လာမိကြသည်။

လင်ချမ်းကျူးအပေါ် ပြည့်ပြည့်ဝဝ ယုံကြည်စိတ် မရှိကြတော့ချေ။ အယုံအကြည် နည်းလာကြသည်။

စံအိမ်တွင် မြောင်ယိလန်းတို့ကဲ့သို့ပင် အရေးပေးမြှောက်စားခြင်း မခံရသော သူတို့သည်လည်း မြောင်ယိလန်းအဖြစ်မျိုး အချိန်မရွေး ဖြစ်လာနိုင်ကြောင်း တွေးမိကြသည်။

အချို့ကလည်း မြောင်ယိလန်းအပေါ် လေးစားခင်မင်ကြသည်။

မြောင်ယိလန်း မတရားသဖြင့် အသတ်ခံရပြီး ရှုအုံကြူ မယားပြုမှုခြင်း ခံရသည့်အတွက် ယူကျုံးမရဖြစ်ကြသည်။

မြောင်ယိလန်းတို့အတွက် ခံပြင်းဒေါသ ဖြစ်မိကြသည်။

သို့သော် သူတို့၏ခံစားချက်များကို ထုတ်ဖော်ရဲခြင်းတော့

www.burmeseclassic.com

www.burmeseclassic.com



မရှိကြချေ။

လင်ချမ်းကျူးကမူ အကင်းပါးသူဝီဝီ စံအိမ်အမှုထမ်းများ၏ ခံစားမျက်များကို ရိပ်စားမိသည်။

သူ့အပေါ် သစ္စာဖောက်ချင် ဖောက်ကြလိမ့်မည်ဟု တွေး သည်။

ပြီးတော့ သူ့လက်မှလွတ်သွားသော ရှုအုံကြူတွင် ဆေ လောက်သည့်ဒဏ်ရာပါသွားသော်လည်း ကယ်တင်မည့်သူတွေ့ပါ အသက်ရှင်ကောင်း ရှင်နိုင်လေသည်။

ရှုအုံကြူသည် မိမိတို့သားအဖကို အခဲကြေလိမ့်မည် ဟုတ်ဟုလည်း သိသည်။

အခြေအနေပေးလျှင် ရှုအုံကြူကလည်း မိမိကို အနှောင့် ယှက် ပေးလာမည်ဖြစ်ကြောင်း လင်ချမ်းကျူး တွက်ဆမိသည်။

ထို့ကြောင့်လည်း လင်ချမ်းကျူးသည် ငွေဖျိုင်းဖြူစံအိမ် ခြုံရေး အစီအစဉ်များကို ခါးတိုင်းထက်ပိုပြီး ပြည့်ပြည့်ဝဝ ချထား ဖြစ်လေသည်။

လုံခြုံရေးအစောင့်များကိုလည်း သူကိုယ်တိုင် ရွေးချ သည်။

သူ ယုံကြည်စိတ်ချရသူများကိုသာ ရွေးချယ်ခြင်းဖြစ်သ

လုံခြုံရေးအစီအစဉ်ကို သူကိုယ်တိုင်စစ်ဆေးပြီး ကျေ သွားသည်။

သူ့လူများ မသိဘဲ စံအိမ်ဝင်ထဲသို့ပင် ကြောင်တစ်ကေ ဝင် ထွက်ဖို့ မလွယ်ချေ။

စံအိမ်တော်တွင်းသို့ရောက်ဖို့မှု ဝေးလေစွ။



သုံးလပိုင်း နှစ်ဆယ့်တစ်ရက်နေ့မှစ၍ အစောင့်များသည် ပို၍ တင်းတင်းကျပ်ကျပ် စောင့်ကြသည်။

ယနေ့တွင် ရပ်ဝေးမှ ဧည့်သည်များ စတင်ပြီး ရောက်လာနိုင်သောကြောင့် ဖြစ်လေ၏။

ရောက်လာသော ဧည့်သည်များကို ချက်ချင်း ဝင်ခွင့်မပေးသေးဘဲ သူ့ထံသို့ဦးစွာ အကြောင်းကြားရန် လင်ချမ်းကျူးသည် သူ့လူများကို တင်းတင်းကျပ်ကျပ် မှာထားသည်။

အစောင့်များက ဂရုတစိုက် စောင့်ကြပ်ကြသည်။

ထိုနေ့တစ်နေ့လုံး မည်သည့် ဧည့်သည်မှ ရောက်မလာချေ။ စံအိမ်ကြီးအတွင်းသို့ လူဝင်မရှိသလို အထွက်လည်း မရှိချေ။

မိုးချုပ်စအချိန်တွင် ရပ်ဝေးမှ ဧည့်သည်တစ်စု စတင်ရောက်လာလေသည်။

ယင်းဧည့်သည်တစ်စု ဝင်းတံခါးဆီသို့ရောက်လျှင် ရောက်ချင်းပင် အစောင့်များက အကဲခတ်ကြသည်။

ဧည့်သည် စုစုပေါင်း ခုနစ်ယောက်ဖြစ်သည်။

ရွှေဝါရောင်ဝတ်ရုံကြီးကို ဝတ်ထားသော အဘိုးကြီးတစ်ယောက်သာ အဖြူရောင်မြင်းကြီးကို စီးထားသည်။

အခြားခြောက်ယောက်မှာ လူရွယ်များဖြစ်ကြပြီး အပြာရောင်ဝတ်စုံကို တူညီစွာ ဝတ်ဆင်ထားကြသည်။

ထိုသူခြောက်ယောက်စလုံးမှာ မြင်းမပါဘဲ ခြေလျင်လိုက်ခဲ့ရသူများ ဖြစ်လေသည်။

ဤမြင်ကွင်းကို မြင်ရရုံဖြင့် မြင်းပေါ်မှ ရွှေဝါရောင်ဝတ်ရုံ ဝတ်ဆင်ထားသည့် လူကြီးမှာ ဦးစီးခေါင်းဆောင်ဖြစ်မှန်းတော့ အ

www.burmeseclassic.com

www.burmeseclassic.com



စောင့်များသိကြသည်။

သို့သော် မည်သူမည်ဝါဖြစ်ကြောင်းကိုတော့ မသိချေ။

ရှေ့ဘက်ဝင်းတံခါးတွင် တာဝန်ယူစောင့်ကြပ်နေသည့် ခေါင်းဆောင်နာမည်မှာ ဟွားချုံဖြစ်သည်။

ဟွားချုံနှင့် အဖွဲ့ဝင်အစောင့်များက ရွှေဝါရောင်အဘိုးကြီးကို ဦးညွှတ်အရိုအသေ ပြုလိုက်ကြသည်။

ဝင်းထဲသို့တော့ ဝင်ခွင့်မပြုသေးချေ။

ဟွားချုံက လေးစားရိုကျိုးစွာ မေးလိုက်သည်။

"လူကြီးမင်းခင်ဗျာ... မည်သူမည်ဝါ ရောက်လာတယ်လို့ ကျွန်တော်တို့ သခင်ကြီးကို အကြောင်းကြားလိုက်ရပါ့မလဲ ခင်ဗျာ။ သခင်ကြီးကိုယ်တိုင်ရောက်လာတဲ့ ဧည့်သည်တော်တိုင်းကို ဝင်းတံခါးအရောက် ထွက်ကြိုချင်လို့ ခုလို မေးမြန်းရခြင်းဖြစ်ပါတယ်"

ရွှေဝါရောင်ဝတ်ရုံဝတ် အဘိုးကြီးက ခန့်ထည်သော လေသံဖြင့် ပြန်ပြောသည်။

"ငါဟာ ကျောက်စိမ်းလက်ဝါးဂိုဏ်းချုပ်ကြီး ကျန်းယုစိန်ပဲ။ ငါနဲ့ နောက်လိုက်ခြောက်ယောက် ရောက်လာတယ်ဆိုတာ မင်းတို့သခင်ကြီးကို အကြောင်းကြားလိုက်"

အစောင့်များအားလုံး ပျာပျာသလဲ ဖြစ်သွားကြပြီး ဟွားချုံက ထပ်မံ အရိုအသေပေးကာ ကတိုက်ကရိုက် ပြန်ပြောသည်။

"ကောင်းလှပါပြီ ဂိုဏ်းချုပ်ကြီးခင်ဗျာ... ကောင်းလှပါပြီ။ ကျွန်တော်ကိုယ်တိုင် ခုချက်ချင်းပဲ သွားပြီး အကြောင်းကြားလိုက်ပါ့မယ်၊ ခေတ္တဆိုင်းငံ့တော်မူပါ ဂိုဏ်းချုပ်ကြီးခင်ဗျာ"

တောင်းပန်စကားဆိုသည်နှင့် ဟွားချုံသည် စံအိမ်ကြီးရှိ



ရာဘက်သို့ ပြေးထွက်သွားသည်။

လင်ချမ်းကျုံးကိုယ်တိုင် မိမိကို ထွက်ကြိုလို၍ ယခုကဲ့သို့ စီစဉ်ရခြင်းဖြစ်ပါကြောင်း ဟွားချုံက ပြောသွားသဖြင့် ကျောက်စိမ်းလက်ဝါးဂိုဏ်းချုပ်ကြီး ကျင်းယုစိန်လည်း ကျေနပ်သွားပြီး ခြံဝတွင်ပင် ရပ်စောင့်နေလိုက်သည်။ သိပ်မစောင့်လိုက်ရချေ။

ခြံဝဆီသို့ ဟွားချုံနှင့်အတူ လင်ချမ်းကျုံးသည် သုတ်သီးသုတ်ပျာ ရောက်လာ၏။

ဂိုဏ်းချုပ်ကြီး ကျန်းယုစိန်ကလည်း လင်ချမ်းကျုံးကို လေးစားသည့်သဘောမျိုးဖြင့် မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

ဦးစွာ အိမ်ရှင်ဖြစ်သူ လင်ချမ်းကျုံးက လက်ဖမိုးနှစ်ဖက်ကို ယှက်၍ နှုတ်ဆက်စကားဆိုသည်။

"ခြံဝမှာ ဂိုဏ်းချုပ်ကြီးစောင့်နေရတဲ့အတွက် ကျွန်တော် လှိုက်လှိုက်လှဲလှဲ တောင်းပန်ပါတယ် ခင်ဗျာ၊ ရောက်လာတဲ့ ဧည့်သည်တွေကို ကျွန်တော်ကိုယ်တိုင် ခြံဝအထိ ထွက်ကြိုချင်လို့ ခုလို စီစဉ်နေရခြင်းဖြစ်ပါတယ်"

ကျောက်စိမ်းလက်ဝါးဂိုဏ်းချုပ်ကြီး ကျန်းယုစိန်ကလည်း လက်ဖမိုးနှစ်ဖက်ကို ယှက်ကာ ဦးညွှတ်လိုက်ပြီး...

"ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ထွက်ကြိုတဲ့အတွက် ကျုပ်ကတောင် အားနာလှပါပြီ၊ ကျုပ်ကို အခုလို ဂရုတစိုက်ရှိတဲ့အတွက်လဲ ဝမ်းသာပါတယ်"

"အားနာစရာ မလိုပါဘူးခင်ဗျာ၊ ဂိုဏ်းချုပ်ကြီးအနေနဲ့ ခရီးဝေးကနေ ကျွန်တော့်ဖိတ်ကြားမှုကိုလက်ခံပြီး လာခဲ့တဲ့အတွက် ကျွန်တော်အများကြီး အားနာလှပါပြီ၊ ကျေးဇူးလဲအထူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရပ်ဝေးက တခြားဧည့်သည်တွေကော ရောက်ပါပြီလား"

"မရောက်ကြသေးပါဘူး ခင်ဗျာ၊ ဂိုဏ်းချုပ်ကြီးဟာ ရပ်ဝေးက ပထမဦးဆုံး ရောက်လာတဲ့ဧည့်သည်ပါပဲ၊ ကဲ... ကြွပါ ဂိုဏ်းချုပ်ကြီး ကြွပါ"

လင်ချမ်းကျိုးက ဖိတ်ခေါ်လိုက်သည်။

ထို့နောက် ဂိုဏ်းချုပ်ကြီး ကျန်းယုစိန်နှင့် လင်ချမ်းကျိုးတို့သည်

ပခုံးချင်းယှဉ်၍ စံအိမ်ကြီးဆီသို့ လျှောက်သွားကြသည်။

သူတို့နောက်မှ ကျောက်စိမ်းလက်ဝါး ဂိုဏ်းသားခြောက်ယောက်လည်း လိုက်ပါသွားကြသည်။

ဟွားချို့ ဦးဆောင်သောအစောင့်များသည် ဝင်းတံခါးဝတွင်ပင် ထပ်မံ၍ စောင့်ကြပ်ကြသည်။

တစ်ဦးနှင့်တစ်ဦးဆယ်ပေစီသာ ကွာသည်။

ထို့ကြောင့် အစောင့်များကို ကျော်လွန်၍ မည်သူမှ ဝင်ထွက်ရန် မလွယ်ကူပါချေ။

အစောင့်များကို အမြဲတမ်း နိုးနိုးကြားကြား ရှိစေရန် လေးနာရီ တစ်ကြိမ်ကျ လဲပေးသည်။

ဝင်းတံခါးမှ အစောင့်များကိုလည်း ထိုကဲ့သို့ပင် အလဲအလှယ် လုပ်ပေးသည်။

သို့သော် ဦးစီးခေါင်းဆောင်ဖြစ်သော ဟွားချို့ကမူ အချိန်ပြည့် တာဝန်ထမ်းဆောင်ရသည်။

အချိန်ပြည့်တာဝန် ထမ်းဆောင်နိုင်ရန် သူသည် တာဝန်ထမ်းဆောင်နေချိန်တွင် နားနားနေနေ နေခွင့်ရှိသည်။ အိပ်စက်ခွင့်ရှိသည်။



ဧည့်သည်ရောက်လာချိန်မှသာ သူသည် အခြေအနေပေါ်မူတည်ပြီး ဆက်ဆံရသည်။ တာဝန် ရှိလာသည်။

လင်ချမ်းကျိုးသည် ဟွားချို့အား သူဖိတ်ကြားထားသော ဧည့်သည်များ၏နာမည်စာရင်းကို ပေးထားသည်။

ရောက်လာသော ဧည့်သည်အချို့ကို ဟွားချို့ မြင်ဖူးသော်လည်း တချို့ကို လုံးလုံးမမြင် ဖူးချေ။

ထို့ကြောင့် လင်ချမ်းကျိုးသည် ဟွားချို့ မမြင်ဖူးသော ဧည့်သည်များရောက်လာလျှင် နာမည်ပြောရုံနှင့်ချက်ချင်း ဝင်ခွင့်မပေးဘဲ သူ့ထံ အကြောင်းကြားရန် မှာထားခြင်းဖြစ်သည်။

သန်းခေါင်ယံအချိန်တွင် ဧည့်သည်တစ်ဦး ထပ်ရောက်လာသည်။

ရောက်လာသောသူမှာ သိုင်းလောက နာယကကြီး ကျင့်ကျန်းရှင်းပင် ဖြစ်လေ၏။

သိုင်းလောက၏နာယကကြီး ကျင့်ကျန်းရှင်းကိုတော့ ဟွားချို့သိသည်။

သူ၏သခင်ကြီး လင်ချမ်းကျိုးထံသို့ သုံးလေးကြိမ် လာလည်ဖူးသဖြင့် ကောင်းစွာမြင်ဖူးသည်။

လင်ချမ်းကျိုး ဖိတ်ကြားထားသော ဧည့်သည်များစာရင်း

www.burmeseclassic.com



တွင်လည်း ပါသည်။

ဟွားချုံသည် လင်ချမ်းကျုံးထံသို့ အကြောင်းမကြားတော့ဘဲ သိုင်းလောက၏ နာယကကြီး ကျင့်ကျန်းရှင်းကိုသာ လင်ချမ်းကျုံး ရှိရာသို့ ဖိတ်ခေါ်သွားသည်။

လင်ချမ်းကျုံးကလည်း သိုင်းလောက နာယကကြီး ကျင့်ကျန်းရှင်းကို ဝမ်းပန်းတသာ ကြိုဆိုသည်။

သန်းခေါင်ကျော်အချိန်တွင် ဝင်းတံခါးဝသို့ ဧည့်သည်နှစ်ဦး ရောက်လာကြပြန်သည်။

အသက်အရွယ် အိုမင်းလှပြီဖြစ်သော အဘိုးအိုနှင့် အဘွားအိုပင် ဖြစ်သည်။

ဆံပင်များ ဖွေးဖွေးဖြူနေကြသည်။ အဘွားအိုက ခါးပင် အနည်းငယ် ကိုင်းနေလေပြီ။

သူတို့နှစ်ဦးစလုံး၏လက်ထဲတွင် တောင်ဝှေးတစ်ချောင်းစီကို ကိုင်ဆောင်ထားကြသည်။

ယင်းအဘိုးအိုနှင့်အဘွားအိုကိုမူ ဟွားချုံ မမြင်ဖူးချေ။

သို့သော် သူသည် လေးလေးစားစားပင် ဦးညွှတ်အရိုအသေ ပေးလိုက်ပြီး....

"ဆရာကြီးတို့က နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲကို တက်ဖို့ရောက်လာကြတဲ့ ဧည့်သည်များ ဟုတ်ပါသလား"

"ဟုတ်တယ်လေ"

အဘိုးအိုက ဘုဆတ်ဆတ် လေသံဖြင့် ပြန်ပြောသည်။

"စိတ်မရှိပါနဲ့ခင်ဗျာ၊ ဆရာကြီးတို့ရဲ့နာမည်ကို အမိန့်ရှိစေလိုပါတယ်"



အဘိုးအိုမျက်နှာက မှုန်တေတေ ဖြစ်သွားသည်။

"ကြီးကျယ်လိုက်တာကွာ၊ တယ်ပြီးတော့ အမေးအမြန်း ထူလှချည်လား၊ မင်းက ဘာ့ကြောင့်မို့လဲ၊ ငါလို လူမျိုးကိုများ စစ်စစ်ဆေးဆေး"

ဟွားချုံက ပျာပျာသလဲ တောင်းပန်ရသည်။

"သည်းခံပါခင်ဗျာ... သည်းခံပါ... တာဝန်အရ ကျွန်တော် မေးရတာပါ၊ ဆရာကြီးကို စော်ကားလိုစိတ်နဲ့မေးနေတာ မဟုတ်ပါဘူး၊ ရောက်လာတဲ့ဧည့်သည်များရဲ့ လုံခြုံရေးအတွက် ကျွန်တော်တို့ သခင်ကြီးက ခုလိုပဲ ဆောင်ရွက်ရမယ်လို့ ကျွန်တော့်ကို အမိန့်ပေးထားလို့ပါ၊ ပြီးတော့ ဆရာကြီးတို့ ဘယ်သူဘယ်ဝါမှန်းသိရင် ကျွန်တော်တို့ရဲ့ သခင်ကြီးဆီ သွားအကြောင်းကြားရပါမယ်၊ သခင်ကြီးကိုယ်တိုင် ဝင်းဝအထိ လာကြိုချင်လို့လဲ ခုလို မေးမြန်းရခြင်း ဖြစ်ပါတယ်"

"ငါတို့လို လူမျိုးတွေကိုတောင် ဘယ်သူဘယ်ဝါမှန်း မင်းမသိဘူးလား၊ တော်တော်ညံ့တဲ့ကောင်ပဲ"

"မသိလို့ပါခင်ဗျာ၊ ကျွန်တော့်ရဲ့ညံ့ဖျင်းမှုအတွက် ခွင့်လွှတ်ပါ"

ထိုအခါမှ အဘိုးအိုကြီးကို အဘွားအိုကြီးက ပြောသည်။

"ရှင်ကလဲလေ... ကျွန်မတို့တတွေ အသက်အရွယ်တွေလဲ ထောက်လာကြပါပြီ၊ နေရာတကာ ဘာဖြစ်လို့ စိတ်တိုနေချင်ရတာလဲ၊ သူက မသိလို့ မေးနေတာကို ဖြေလိုက်ရင် ပြီးတာပဲ မဟုတ်လား"

တင်းမာသော အဘိုးအို၏မျက်နှာ လျော့သွားဘဲ ဟွား

www.burmeseclassic.com

www.burmeseclassic.com



ချုံကို ဘုဆတ်ဆတ် ပြောသည်။

“ငါ့နှာမည် ကွမ်းစန်းအောက်၊ သူ့နှာမည် ချွန်းစုလန်၊ တို့ဟာ ဝိညာဉ်လိုက် သိုင်းသမားမောင်နှံ နှစ်ဖော်ပဲ”

ယခုရောက်နေသော အဘိုးအို၊ အဘွားအိုနှစ်ဦးမှာ ဝိညာဉ်လိုက် သိုင်းမောင်နှံနှစ်ဖော်ဖြစ်ကြောင်း သိရသောအခါ ဟွားချုံသည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

အဘိုးဘိုနှင့်အဘွားအိုတို့ကိုလည်း အထပ်ထပ် အခါခါ ဦးညွတ်လိုက်သည်။

နှုတ်မှလည်း ကျိုးနွံ့စွာ တောင်းပန်စကားဆိုသည်။

“သည်းခံပါ ခင်ဗျာ… ခွင့်လွှတ်ပါ၊ ဆရာကြီးနဲ့ဆရာမကြီးတို့ရဲ့ ကျော်ကြားလှတဲ့ ဂုဏ်သတင်းကို ကျွန်တော်လဲ ကောင်းကောင်းကြီး ကြားဖူးထားပါတယ်၊ ဝိညာဉ်လိုက် သိုင်းမောင်နှံနှစ်ဖော်ဟာ ထိပ်တန်းသိုင်းအကျော်အမော်ကြီးတွေပါပဲ၊ ဆရာကြီးနဲ့ ဆရာမကြီးတို့ကို ခုလို တွေ့မြင်ရတဲ့ ကျွန်တော့်မှာ အများကြီး ကံကောင်းပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သိုင်းလောကမှာ ဆရာကြီး တို့မောင်နှံဟာ ထင်ထင်ပေါ်ပေါ် မနေကြဘူး မဟုတ်လား၊ ဆရာကြီးတို့ မောင်နှံကိုမြင်ဖူးတဲ့သူ အတော်ရှားတယ်လို့ ကျွန်တော် သိရပါတယ်”

“လျှာရှည်လိုက်တာကွာ၊ တို့ ရောက်လာတယ်ဆိုတာ လင်ချမ်းကျုံးကို မြန်မြန်သွားပြောလိုက်စမ်း၊ သိပ်ကြာနေရင်တော့ တို့တွေ ပြန်လှည့်သွားရလိမ့်မယ်”

အဘိုးအိုက ဒေါသတကြီးဖြင့် ပြောလိုက်တော့မှ ဟွားချုံသည် ပိုပြီး ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

“ကောင်းပါပြီ ခင်ဗျာ၊ ကောင်းပါပြီ၊ မကြာစေရပါဘူး၊ ခဏ



လေး သည်းခံပြီး စောင့်ပါ”

ဟွားချုံလည်း စံအိမ်ဆီသို့ တစ်ရှိန်ထိုး ပြေးထွက်သွားလေသည်။

www.burmeseclassic.com



## အခန်း(၃)

## ညှော်သည်သုံးယောက်

ခဏသာ ကြာသည်။

ဝင်းတံခါးဆီသို့ လင်ချမ်းကျိုးနှင့် ဟွားချိုတို့ ရောက်လာကြသည်။

လင်ချမ်းကျိုးသည် အဘိုးအိုနှင့် အဘွားအိုတို့ကို လေးလေးစားစား အရိုအသေပေးသည်။

ပြီးမှ အဘိုးအိုကိုတစ်လှည့် အဘွားအိုကို တစ်လှည့် သေချာစွာ ကြည့်ပြန်သည်။

သူသည် နှုတ်ဆက်စကားကိုပင် မဆိုမိသေးချေ။

အဘိုးအိုက စိတ်မရှည်တော့သည့်လေသံမျိုးဖြင့် ဘုဆတ်ဆတ် ပြောသည်။

"ဘယ်လိုလဲကွ လင်ချမ်းကျိုးရဲ့၊ မင်းဖိတ်လို့ ရပ်ဝေးက ရောက်လာရတဲ့ တို့ကို နှုတ်ဆက်စကားမဆိုဘဲ သူခိုး ကြမ်းပိုးကို ကြည့်သလို ဘာဖြစ်လို့ကြည့်နေရတာလဲ၊ ဒီလိုအကြည့်မျိုး ဘယ်သူ



ကြည့်တာမှ ငါက ခံချင်တဲ့ကောင် မဟုတ်ဘူးကွ"

ထိုအခါမှ လင်ချမ်းကျိုးသည် ပျာပျာသလဲ တောင်းပန်လေ၏။

"သည်းခံပါ နောင်ကြီးကွမ်းရယ်... သည်းခံပါခင်ဗျာ... ကျွန်တော်နဲ့ နောင်ကြီးကွမ်းတို့ မောင်နှံနဲ့မတွေ့ကြတာ နှစ်ပေါင်း သုံးဆယ်နီးပါးရှိသွားပြီ မဟုတ်လား၊ နောင်ကြီး ကွမ်းတို့ရှိမယ်ထင်တဲ့နေရာကို မှန်းပြီး ဖိတ်စာကိုသာ ပို့လိုက်ရတယ်၊ ကျွန်တော်စိတ်ထဲမှာတော့ နောင်ကြီးကွမ်းတို့ဆီ ဖိတ်စာရောက်လိမ့်မယ် မထင်ဘူး၊ နောင်ကြီးကွမ်းတို့ မောင်နှံလာလိမ့်မယ်လို့လဲ မထင်ဘူး"

"ဘာကွ... တို့ကို မလာဘူးထင်လို့ မင်းက ဝတ်ကျေတန်းကျေဖိတ်လိုက်တဲ့ သဘောလား"

"ဟာ... ဒီလို မဟုတ်ရပါဘူးခင်ဗျာ၊ ဒီလိုမဟုတ်ရပါဘူး၊ ကျွန်တော်အနေနဲ့ နောင်ကြီးကွမ်းတို့ မောင်နှံကို လာစေချင်လွန်းလို့ ဖိတ်လိုက်တာပါ၊ ဒါပေမယ့် နောင်ကြီးကွမ်းတို့မောင်နှံ ဘယ်မှာရှိနေမှန်းတော့ တိတိကျကျ မသိရပါဘူး၊ ရှိမယ်ထင်တဲ့နေရာလောက်ကိုပဲ မှန်းပြီး ပို့လိုက်ရတာပါ၊ ခုလို နောင်ကြီးကွမ်းတို့ မောင်နှံရောက်လာတော့ ကျွန်တော်သိပ်ပြီး အံ့ဩသွားမိပါတယ်၊ ဖိတ်ရကျိုးနပ်လေခြင်းလို့တွေးပြီး လိုက်လိုက်လှဲလှဲ ဝမ်းသာမိပါတယ်ခင်ဗျာ၊ အံ့ဩဝမ်းသာလွန်းလို့ ရုတ်တရက် နှုတ်ဆက်စကားမဆိုမိတာပါ၊ ကျွန်တော့်အပေါ် ဘယ်လိုမှ အထင်မလွဲစေချင်ပါဘူး"

သည်တော့မှ ခက်ထန်တင်းမာသော အဘိုးအို၏မျက်နှာ အနည်းငယ် ပြေလျော့သွားသည်။

"အေးလေ... တို့ ရောက်လာတဲ့အတွက် လိုက်လိုက်လှဲလှဲ

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာတယ်ဆိုရင်တော့ တို့တွေလဲ လာရကျိုးနပ်တာပေါ့၊ ဟုတ် တယ် လင်ချမ်းကျုံး၊ တို့နှစ်ယောက်ကလဲ တစ်နေရာမှ အခြေတကျ နေဘဲ စိတ်ကူးတည့်ရာ လျှောက်သွားနေကြတဲ့သူတွေဆိုတော့ တို့ ဘယ်မှာရှိတယ်ဆိုတာ သိဖို့မလွယ်ဘူး၊ မင်းပို့လိုက်တဲ့ ဖိတ်စာ တောင် ကံကောင်းလို့ တို့ဆီကို ရောက်လာတာ၊ တို့လဲ မင်းဖိတ်စာ ကိုတွေ့တာနဲ့ လာမယ်လို့ ချက်ချင်းဆုံးဖြတ်လိုက်ကြတယ်၊ နှစ်ပေါင်း သုံးဆယ်အတွင်းမှာ မင်းသတင်းတွေကို အမျိုးမျိုးကြားရပေမယ့် လူချင်းမတွေ့ကြတော့ ခုလို အခါအခွင့်သင့်တုန်း တွေ့ချင်တယ်လေ ငွေဖျိုင်းဖြူဂိုဏ်းရဲ့ အနှစ်တစ်ရာပြည့် အထိမ်းအမှတ် ကျင်းပတဲ့ပွဲ လဲ တို့ တက်သင့်တယ်လို့လဲ ထင်တယ်”

“ဟုတ်ကဲ့ခင်ဗျာ၊ နောင်ကြီးကွမ်းတို့ မောင်နှံတက်ရောက် လာတဲ့အတွက် နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲဟာ ပိုပြီးဂုဏ် သွားပါတယ်၊ ကဲ… အိမ်ထဲကို ကြွကြပါ၊ သိုင်းလောကရဲ့ နာယကကြီး ကျင့်ကျန်းရှင်းနဲ့ ကျောက်စိမ်းလက်ဝါးဂိုဏ်းချုပ်ကြီး ကျန်းယုစိန်လ လဲ ရောက်နေကြပါပြီ”

“ဟော… ဟုတ်လား၊ တို့ထက် ဦးအောင်ရောက်နေတဲ့ တောင် ရှိနေပြီကိုး၊ တို့က ဘယ်သူမှရောက်ကြလိမ့်ဦးမယ် မဟုတ် ဘူးလို့ ထင်နေတာ၊ ကောင်းပါတယ်လေ၊ သူတို့နဲ့ ငါနဲ့လဲ တွေ့ မြင်ဖူးသွားတာပေါ့၊ သူတို့ရဲ့နာမည်ကိုသာ ကြားဖူးပေမယ့် လူ တော့ မမြင်ဖူးသေးဘူး”

ထို့နောက် အဘိုးအို၊ အဘွားအိုတို့သည် လင်ချမ်းကျုံးနှင့် တူ စံအိမ်ကြီးဆီသို့ လာခဲ့ကြသည်။

စံအိမ်ကြီး အပြင်ဘက်နှင့်အတွင်းဘက်တွင် မီးရောင်



ထိန်ထိန်လင်းနေသည်။

အိမ်ကြီးအတွင်း ဧည့်ခန်းဆောင်တွင် ကျောက်စိမ်းလက်ဝါး ဂိုဏ်း၏ ဂိုဏ်းချုပ်ကြီး ကျန်းယုစိန်နှင့် သိုင်းလောက၏နာယကကြီး ကျင့်ကျန်းရှင်းတို့နှစ်ယောက် အေးအေးလူလူ စကားပြောဆိုနေကြ သည်။

ထိုစဉ် ဧည့်ခန်းဆောင်တွင်းသို့ လင်ချမ်းကျုံးနှင့် အဘိုးအို၊ အဘွားအိုတို့ ဝင်ရောက်လာကြသည်။

အဘိုးအို၊ အဘွားအိုနှစ်ဦးစလုံး အသက်ကိုးဆယ်ရွယ်ခန့် ရှိနေကြပြီး လင်ချမ်းကျုံးကိုယ်တိုင် ရိုရိုသေသေ ခေါ်ဆောင်လာခြင်း ဖြစ်သဖြင့် ဂိုဏ်းချုပ်ကြီး ကျန်းယုစိန်နှင့်နာယကကြီး ကျင့်ကျန်းရှင်း တို့သည် ထိုင်ရာမှ ထရပ်လိုက်ကြသည်။

လင်ချမ်းကျုံးက အဘိုးအို အဘွားအိုနှင့်နာယကကြီး ကျင့် ကျန်းရှင်းတို့ကို အပြန်အလှန် မိတ်ဆက်ပေးသည်။

အဘိုးအိုနှင့် အဘွားအိုမှာ ဝိညာဉ်လိုက် သိုင်းဇနီးမောင်နှံ ဖြစ်ကြောင်း သိရသောအခါ နာယကကြီး ကျင့်ကျန်းရှင်းနဲ့ ဂိုဏ်းချုပ် ကြီး ကျန်းယုစိန်တို့သည် ထိပ်တန်းသိုင်းအကျော်အမော်ကြီးများ ဖြစ် ကြသော်လည်း ယခုမှ ဝိညာဉ်လိုက် သိုင်းမောင်နှံနှစ်ဖော်ကို တွေ့ဖူး ကြခြင်းဖြစ်သည်။

ဝိညာဉ်လိုက် သိုင်းမောင်နှံ နှစ်ဖော်မှာ တစ်နေရာတည်း တွင် အခြေတကျမနေဘဲ နေရာအနှံ့ လျှောက်သွားနေကြသူများဖြစ် သည်။

သို့သော် သူတို့သည် လူစုလူဝေးရှိသော နေရာများကို ရှောင်ရှားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လူအများရှေ့သို့ သူတို့ရောက်လျှင်လည်း သူတို့ကို ဝိညာဉ်လိုက် သိုင်းမောင်နှံ့ နှစ်ဖော်မှန်းမသိအောင် နေကြသည်။

အခြားလူများနှင့်လည်း အသိအကျွမ်း မဖွဲ့တတ်ချေ။ ရောရောယှက်ယှက် မနေကြချေ။

ထို့ကြောင့် သူတို့ကို မြင်ဖူးသူတိုင်းက ဝိညာဉ်လိုက် သိုင်းမောင်နှံ့နှစ်ဖော်ဖြစ်ကြောင်း မသိကြချေ။

သူတို့ နာမည်ကို ကြားဖူးသူတိုင်းလည်း သူတို့ကိုဆုံတွေ့ရန် လွန်စွာ ခက်ခဲလှလေသည်။

လင်ချမ်းကျုံး ကိုယ်တိုင်လည်း ဖိတ်စာသာ ပို့လိုက်ရသော်လည်း သူ့ဖိတ်ကြားချက်ကို ဝိညာဉ်လိုက် သိုင်းမောင်နှံ့နှစ်ဖော်က လက်ခံလိမ့်မည်မဟုတ်ဟု ထင်ထားသည်။

လက်ခံရရှိသည့်တိုင်အောင် လာလိမ့်မည် မဟုတ်ဟု တွေးမိထားသည်။

သို့သော် မလာလျှင်လည်းအရင်း၊ လာလျှင် အမြတ်ဟူ၍ သဘောထားကာ ဖိတ်ကြားလိုက်ရခြင်းဖြစ်လေသည်။

ဝိညာဉ်လိုက် သိုင်းမောင်နှံ့နှစ်ဖောက်ကို ရအောင်ဖိတ်ကြား နိုင်ခြင်းအတွက် သူသည် လူအများ၏ ချီးမွမ်းခြင်းကို ခံရမည်။

လူစုလူဝေးရှိရာသို့ ရှောင်ကွင်းလေ့ရှိသော ဝိညာဉ်လိုက် သိုင်းမောင်နှံ့နှစ်ဖော်သည် သူ့ပွဲကျမှ ရောက်လာခြင်းအတွက်လည်း ဂုဏ်ယူစရာပင်ဖြစ်၏

သူတို့သည် ဧည့်ခန်းဆောင်အတွင်းမှာပင်ထိုင်ပြီး သိုင်းဝိဇ္ဇာများအကြောင်း၊ သိုင်းလောကသားများ၏အကြောင်းကို ပြောကြသည်။



ဂိုဏ်းချုပ်ကြီး ကျန်းယုစိန်၊ နာယကကြီး ကျင့်ကျန်းရှင်းနှင့် လင်ချမ်းကျုံးတို့ကသာ စကားကိုရွှန်းရွှန်းဝေအောင် ပြောကြသည်။

အဘွားအိုကမူ စကားတစ်လုံးမှ ဝင်မပြောချေ။ အဘိုးကိုကသာ တစ်လုံးစ နှစ်လုံးစ ဝင်ပြောသည်။

အဘိုးအိုနှင့် အဘွားအိုသည် ဧည့်ခန်းဆောင်ထဲတွင် ခဏသာ ထိုင်ကြပြီး အဘိုးအိုက လင်ချမ်းကျုံးကို ပြောသည်။

"ကဲ... လင်ချမ်းကျုံး တို့အတွက် နေရာချထားပေးပါဦး၊ အသက်အရွယ်ထောက်လာတော့ ငယ်ငယ်တုန်းကလို ခံနိုင်ရည်စွမ်းအား မရှိတော့ဘူး ငါတို့လာရတဲ့ ခရီးကလဲ မနီးဘူးလေ၊ တို့တွေ အနားယူချင်ပြီ"

လင်ချမ်းကျုံးက သွက်လက်စွာပင် ထရပ်ပြီး....

"ဖြစ်ပါတယ် နောင်ကြီးကွမ်း ဖြစ်ပါတယ်၊ နောင်ကြီးကွမ်းတို့ရောက်လာရင် တည်းခိုနားနေနိုင်ဖို့ အခန်းတွေ သီးသန့်ပြင်ဆင်ထားပြီးသားပါ၊ ကျွန်တော်ကိုယ်တိုင် လိုက်ပြီး နေရာချထားပေးပါ့မယ် ခင်ဗျာ၊ ကြွကြပါ... ကြွကြပါ"

လင်ချမ်းကျုံးသည် ဂိုဏ်းချုပ်ကြီး ကျန်းယုစိန်နှင့် နာယကကြီး ကျင့်ကျန်းရှင်းတို့ကို တောင်းပန်ပြီး အဘိုးအိုနှင့်အဘွားအိုကို အိမ်အိုကြီးအတွင်းဘက်သို့ ခေါ်ဆောင်လာခဲ့သည်။

ကျယ်ဝန်းသော အခန်းကြီးတစ်ခန်းထဲတွင် သူကိုယ်တိုင် နေရာချထားပေးသည်။

အခန်းကျယ်ကြီးထဲတွင် စားပွဲကုလားထိုင် တစ်စုံ၊ သားသားနားနား အိပ်ရာခင်းကျင်းထားသော ခုတင်ကြီးတစ်လုံး၊ ဗီရိုကြီး တစ်လုံးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်တွင်လည်း အကောင်းစား အဖိုးတန် အရက်အိုး တစ်လုံးနှင့် အချိန်မရွေး စားသောက်နိုင်သော သီးနှံများ အခြားစားဖွယ်ရာများ ရှိသည်။

အဘိုးအိုက အခန်းထဲမှ အပြင်အဆင်ကို ကြည့်လိုက်ပြီး သဘောကျသွားသည်။

"အံမယ်… တယ်ကောင်းတဲ့ အခန်းပါလား၊ လိုလေသေးမရှိအောင်လဲ ပြင်ဆင်ထားတယ်၊ တစ်သက်လုံးတောင် ဒီမှာ နေသွားလိုက်ချင်တယ်"

အဘိုးအို စကားကြောင့် လင်ချမ်းကျိုးလည်း ကျေနပ်သွားပြီ….

"နောင်ကြီးကွမ်းတို့သာ နေနိုင်မယ်ဆိုရင် ကျွန်တော်က ဝမ်းမြောက်ဝမ်းသာ လက်ခံမှာပါ ခင်ဗျာ၊ ဒီထက် ဆယ်ဆလောက်သာတဲ့ နေရာမျိုးမှာလဲ ထားပါ့မယ်၊ နောင်ကြီးကွမ်းတို့နဲ့ ကျွန်တော် အေးအေးဆေးဆေး ဆွေးနွေးချင်ပါသေးတယ်"

"မင်းက ဘာများ ဆွေးနွေးချင်းလို့လဲ"

"အချိန်ယူပြီး ဆွေးနွေးရမှာပါ ခင်ဗျာ၊ နောင်ကြီးကွမ်းတို့ရော ကျွန်တော်ရော အကျိုးရှိမယ့် ကိစ္စပါ၊ အခုတော့ နောင်ကြီးကွမ်းတို့ ခရီးပန်းလာလို့ အနားယူကြပါဦး၊ ကိုယ့်အိမ် ကိုယ်ရာလို သဘောထားပြီးလဲ ကြိုက်သလိုနေကြပါ"

"အေးလေ… တို့လဲ အနားယူချင်နေပါပြီ၊ မင်းကို တစ်ခုတော့ မှာထားရဦးမယ်"

"အမိန့်ရှိပါ နောင်ကြီးကွမ်း"

"နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲကိုတက်ဖို့ တို့ရောက်နေတယ်ဆိုတာကို နောက်ထပ် ရောက်လာမယ့် ဧည့်သည်တွေ ဘယ်သူမှ မသိပါစေနဲ့"



"ခင်ဗျာ… ဘာဖြစ်လို့လဲ နောင်ကြီးကွမ်း"

"တို့ရောက်နေတယ်ဆိုတာသာ သိရင် ရောက်လာသမျှ ……င်းရဲ့ ဧည့်သည်တွေနဲ့ တို့တွေ လေကုန်ခံပြီး စကားပြောနေရဦးမယ်၊ အထိမ်းအမှတ်ပွဲ ကျင်းပမယ့်နေ့မတိုင်ခင် ဘယ်သူနဲ့မှ ငါတို့ စကားမပြောချင်ဘူး၊ နားနားနေနေပဲ နေချင်သေးတယ်၊ အထိမ်းအမှတ်ပွဲ ကျင်းပတော့မှပဲ တို့ရောက်နေတာကို တခြားလူတွေ သိပါစေ"

"ကောင်းပါပြီ နောင်ကြီးကွမ်း၊ နောင်ကြီးကွမ်း စိတ်တိုင်းကျ ဖြစ်ရပါစေ့မယ်၊ နောင်ကြီးကွမ်းတို့ ရောက်နေတာကို ဝင်းတံခါးရှေ့မှာ စောင့်နေတဲ့သူတွေပဲ သိပါသေးတယ်၊ သူတို့ကို နှုတ်ပိတ်ခိုင်းထားပါ့မယ်"

"ကျန်းယုစိန်နှင့် ကျင့်ကျန်းရှင်းတို့ကိုလည်း နှုတ်ပိတ်ခိုင်းထားပါ"

"ဟုတ်ကဲ့… ဖြစ်ပါတယ် နောင်ကြီးကွမ်း၊ သူတို့ကိုလဲ ကျွန်တော်အကျိုးအကြောင်း ပြောပြထားလိုက်ပါ့မယ်"

"တို့အတွက် အစားအသောက်ကိုလဲ ဒီအခန်းထဲပဲ ပို့ပေးပါ"

"ဟုတ်ကဲ့ ကောင်းပါပြီ"

ထို့နောက် လင်ချမ်းကျိုးလည်း နှုတ်ဆက်၍ ပြန်ထွက်လာသည်။

အဘိုးအိုက အခန်းတံခါးကို အတွင်းမှ ပိတ်လိုက်လေသည်။

လင်ချမ်းကျိုးလည်း ချက်ချင်းပင် ဝိုဏ်းချုပ်ကြီး ကျန်းယုစိန်နှင့် နာယကကြီး ကျင့်ကျန်းရှင်းတို့ကို ဝိညာဉ်နှုတ်သိုင်းကောင်နှံနှစ်

www.burmeseclassic.com

www.burmeseclassic.com



ဖော် ရောက်နေသည့်အကြောင်းကို မည်သူ့မှမပြောရန် ဦးစွာမေတ္တာရပ်ခံသည်။

အဘိုးအို ကွမ်းစန်းအော်၏ သဘောဆန္ဒကိုလည်း ပြောပြသည်။

အိမ်ရှင်ဖြစ်သော လင်ချမ်းကျိုးက မေတ္တာရပ်ခံနေသဖြင့် ဧည့်သည်ဖြစ်သော ကျန်းယုစိန်နှင့် ကျင့်ကျန်းရှင်းတို့ကလည်း လင်ချမ်းကျိုး အလိုကျ ကတိပေးလိုက်ကြရသည်။

ထို့နောက် ဆက်တိုက်ပင် လင်ချမ်းကျိုးသည် အစောင့်ခေါင်းဆောင် ဟွားချုံကိုခေါ်ပြီး ဝိညာဉ်လိုက် သိုင်းမောင်နှံနှစ်ဖော် ရောက်နေသည့်အကြောင်းကို နှုတ်ပိတ်ထားရန် အမိန့်ပေးလိုက်သည်။

ထိုညတွင် နောက်ထပ်ဧည့်သည်များ ရောက်မလာတော့ချေ။

နောက်တစ်နေ့မနက်မှစပြီး ရပ်ဝေးမှ ဧည့်သည်များ တအုပ်ဖွဲ့ ရောက်လာကြသည်။

မနက်စောစောတွင် ဂူတန်းဂိုဏ်းချုပ်ကြီး ကွန့်ချောက် ရောက်လာသည်။

လွန်ခဲ့သော ငါးနှစ်ခန့်ကအထိ ကွန့်ချောက်သည် ဒုဂိုဏ်းချုပ်အဖြစ်ပင် ရှိသေးသည်။

ဂူတန်းဂိုဏ်းချုပ်ကြီး လောင်ဖေး ကွယ်လွန်သွားပြီးနောက်မှ ကွန့်ချောက်သည် ဂူတန်းဂိုဏ်း၏ ဂိုဏ်းချုပ်ကြီး ဖြစ်လာခဲ့လေသည်။

နေမြင့်ချိန်တွင် နေပူခေါ်ဂိုဏ်း၏ ဂိုဏ်းချုပ်ကြီး ချင်းယွင် ရောက်လာသည်။



ရှေ့ဆင့်နောက်ဆင့် ဆိုသလိုပင် မိုးကောင်းကင် ဓားသမားကြီး တိန့်ရောင်ရှမ်း ရောက်လာပြန်သည်။

မွန်းတည့်ချိန်တွင်မူ မြောက်ပိုင်း လူထူးလူဆန်းကြီးလေးဖော်ဖြစ်သော ကျင်းကျံုကွဲ၊ ရှာယူဖူး၊ ရွှဲ့စန်းနှင့် ချင့်ရီတို့ ရောက်လာကြသည်။

မွန်းတည့်ချိန်တွင် ရှောင်လင်ဂိုဏ်းတော်ကြီးမှ ဒုဂိုဏ်းချုပ်ဆရာတော်ကြီး ဂူဆန်းနှင့်တောင်ဗိုင်းနယ်စား ဓားသမားကြီး တုန်းဖန်မင်းတို့သည် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ရောက်လာကြလေ၏။

နောက်ပိုင်းတွင်လည်း သိုင်းဂိုဏ်းအသီးသီးမှ ဂိုဏ်းချုပ်ကြီးများနှင့် ဒုဂိုဏ်းချုပ်များ၊ သိုင်းလောက သိုင်းအကျော်အမော်ကြီးများ ဆက်တိုက်ဆိုသလို ရောက်လာကြသည်။

အစောင့်ခေါင်းဆောင် ဟွားချုံသည် သူ မြင်ဖူးသိဖူးထားသူများကို ကြိုဆိုပြီး လင်ချမ်းကျိုးထံသို့ ခေါ်ဆောင်သွားသည်။

နာမည်သာ ကြားဖူးပြီး သူ မမြင်ဖူးသူများကိုမူ ဝင်းတံခါးမှာပင် ခေတ္တစောင့်ခိုင်းထားပြီး လင်ချမ်းကျိုးထံ ဦးစွာ လာရောက်အကြောင်းကြားရသည်။

ထိုအခါ လင်ချမ်းကျိုးကိုယ်တိုင် ဝင်းတံခါးသို့ လိုက်ပါလာပြီးမှ သူ ဖိတ်ကြားထားသူ ဟုတ်မဟုတ်၊ မှန်မမှန် ကြည့်ကာ ခေါ်ဆောင်သွားတတ်သည်။

ထိုနေ့တစ်နေ့လုံး လင်ချမ်းကျိုး၊ ဟွားချုံနှင့် စံအိမ်အမှုထမ်းများသည် အလုပ်များကြရသည်။

ရောက်လာသော ဧည့်သည်များကို ကြိုဆိုပြီး သင့်တင့်

www.burmeseclassic.com

www.burmeseclassic.com



သော နေရာများတွင် နေရာချထားပေးကြရသည်။

ဧည့်သည်များထဲတွင် လင်ချင်စစ်၏မွေးနေ့ပွဲကို တက်ရောက်ခဲ့ဖူးသော ဧည့်သည်များ ပါသည်။

ထိုသူတို့က လင်ချင်စစ်ကို မမြင်သဖြင့် မေးမြန်းကြသည်။

လင်ချမ်းကျိုးက သားဖြစ်သူ လင်ချင်စစ်ကို ကိစ္စတစ်ခုခိုင်းထားသဖြင့် ခရီးထွက်နေကြောင်း၊ အထိမ်းအမှတ်မကျင်းပမီ အချိန်မီ ပြန်ရောက်လာလိမ့်မည်ဖြစ်ကြောင်း ပြန်ပြောပြနေရသည်။

တကယ်လည်း လင်ချမ်းကျိုးသည် သားဖြစ်သူ လင်ချင်စစ်ကို သူကိုယ်တိုင် ဆောင်ရွက်ရမည့်ကိစ္စတစ်ခုကို သူ့ကိုယ်စား ခိုင်းလိုက်သည်။ ကိစ္စမှာ မည်သူမှ အသိမခံရဲသော ကိစ္စဖြစ်၏။

ပထမတွင် လင်ချမ်းကျိုးသည် ယင်းကိစ္စကို သူကိုယ်တိုင် သွားရန် စီစဉ်ထားသော်လည်း ရောက်လာသော ဧည့်သည်များကို သူကိုယ်တိုင် စစ်ဆေးကြိုဆိုလိုသဖြင့် လင်ချင်စစ်ကို သူ့ကိုယ်စား လွှတ်လိုက်ရခြင်း ဖြစ်လေသည်။

ရောက်လာသော ဧည့်သည်များ အားလုံး ဤငွေဖျိုင်းဖြူစံအိမ်ကြီးတွင် ဝိညာဉ်လိုက် သိုင်းမောင်နှံနှစ်ဖော် ရောက်နေကြကြောင်း မသိကြချေ။

လင်ချမ်းကျိုး၊ ကျန်းယုစိန်၊ ကျင့်ကျန်းရှင်းနှင့် ဟွားချုံတို့က ဖွင့်ဟမပြောကြသောကြောင့်ပင်။

ဝိညာဉ်လိုက် သိုင်းမောင်နှံနှစ်ဖော်အတွက် စားသောက်ဖွယ်ရာများကို အခန်းထဲသို့သာပို့ပေးသည်။

အဘိုးအို၊ အဘွားအိုတို့ကလည်း တစ်နေ့လုံး အပြင်သို့ မထွက်ကြချေ။



လင်ချမ်းကျိုး ကိုယ်တိုင်ပင် ရောက်လာသော ရပ်ဝေးမှ ဧည့်သည်များကို ကြိုဆိုဧည့်ခံနေရသဖြင့် မွန်းတည့်ချိန်တွင်သာ အဘိုးအို၊ အဘွားအိုနှင့် တစ်ခေါက်သာ လာတွေ့နိုင်လေသည်။

မိုးချုပ်စ အချိန်တွင်မှ ငွေဖျိုင်းဖြူစံအိမ် ဝင်းတံခါးရှေ့သို့ ဧည့်သည်သုံးဦး ရောက်လာကြပြန်သည်။

သုံးဦးစလုံး အသက်ခုနစ်ဆယ်နှင့် ရှစ်ဆယ်ကြား ရှိနေကြလေပြီ။

တစ်ဦးမှာ ဆံပင်နှင့်မုတ်ဆိတ်၊ ပါးမြိုင်းမွေးပါ ဖွေးဖွေးဖြူနေသော အဘိုးအိုကြီးဖြစ်ပြီး နှစ်ဦးမှာ ဆံပင်များဖွေးဖွေးဖြူနေပြီဖြစ်သော အဘွားအိုကြီးနှစ်ယောက် ဖြစ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

## ပင်လယ်ဘီလူးသုံးဖော်

ဟွားချုံသည် အဘိုးအိုနှင့် အဘွားအိုများကို မမြင်ဖူး မတွေ့ဖူးသော်လည်း ထိပ်တန်းသိုင်းအကျော်အမော်ကြီးများ ဖြစ်ကြောင်းတော့ ခန့်မှန်းမိသည်။

သူသည် အဘိုးအိုနှင့် အဘွားအိုများကို ရိုကျိုးလေးစားသည့် အမူအရာမျိုးဖြင့် ဦးညွှတ်လိုက်သည်။

ပြီးမှ ရိုရိုသေသေ မေးသည်။

"ဆရာကြီးတို့ရဲ့နာမည်ကို အမိန့်ရှိစေလိုပါတယ် ခင်ဗျာ"

အသက်အကြီးဆုံးဖြစ်ပုံရသော အဘိုးအိုက ဝင်ပြောသည်။

"တို့က တောင်ပင်လယ်ကျွန်းက လာခဲ့ကြတဲ့ ညီသည်တွေပဲ၊ ငါတို့ရဲ့ နာမည်ရင်းတွေကိုတော့ ဘယ်သူမှ သိစရာ မလိုဘူး တို့ရဲ့ဘွဲ့နာမည်တွေကိုတော့ သိုင်းလောကသားတိုင်း ကြားဖူးကြလိမ့်မယ်၊ ငါက ကျောက်စိမ်းမျက်နှာဘီလူး၊ ဟောဒီက ငွေညီမက မျက်နှာအေး ဘီလူး၊ သူက မျက်နှာတစ်ထောင် ဘီလူး"



ဟွားချုံ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။

"ခင်ဗျာ... တောင်ပင်လယ် ဘီလူးသုံးဖော်လား"

"ဟုတ်တယ်... မင်းတို့ရဲ့သခင် လင်ချမ်းကျုံး ဘယ်မှာလဲ"

ဟွားချုံ ထိတ်လန့်အံ့ဩနေသဖြင့် အဘွားအို၏အမေးကို ချက်ချင်း ပြန်မဖြေနိုင်ချေ။

သူသည်လည်း သိုင်းလောသားတစ်ဦးဖြစ်သောကြောင့် တောင်ပင်လယ် ဘီလူးသုံးဖော်အကြောင်းကို ကောင်းစွာ ကြားဖူးထားသည်။

တောင်ပင်လယ် ဘီလူးသုံးဖော်မှာ ထိပ်တန်းသိုင်းအကျော်အမော်ကြီးများ ဖြစ်ကြသော်လည်း သူတို့အကြောင်းကို ကြားဖူးသူများပြီး သူတို့ကို မြင်ဖူးသူ မရှိသလောက်ပင်။

သူတို့သည် တောင်ပင်လယ်တွင်သာ အနေများပြီး ကုန်းပေါ်သို့ ဆယ်နှစ်ခန့်နေ၍ တစ်ခေါက်ပင် မရောက်ကြချေ။

ထို့ကြောင့် မမြင်ဖူးခြင်းဖြစ်၏။

ပြီးတော့ လင်ချမ်းကျုံးက သူ့ကိုပေးထားသော စာရင်းထဲတွင် တောင်ပင်လယ်ဘီလူးသုံးဖော် မပါချေ။

ငွေဖျိုင်းဖြူထဲတွင် နှစ်တစ်ရာပြည့်အခမ်းအနားသို့ တက်ရောက်ရန် လင်ချမ်းကျုံးက တောင်ပင်လယ်ဘီလူးသုံးဖော်အား ဖိတ်ကြားထားခြင်း မရှိချေ။

တောင်ပင်လယ် ဘီလူးသုံးဖော်သည် ရက်စက်ကြမ်းကြုတ်သူများဖြစ်ကြောင်း ဟွားချုံ ကြားဖူးထားသည်။

ပြဿနာလည်း ရှာတတ်ကြသူများ ဖြစ်၏။

သူတို့ရောက်ရာ နေရာတိုင်းတွင် ပြဿနာများ ထက်လေ့ရှိ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ထို့ကြောင့်လည်း ဟွားချုံသည် ထိတ်လန့် အံ့သြရခြင်း ဖြစ်...လေသည်။

"ဟိတ်... ငါ မေးနေတာ မကြားဖူးလား။ လင်ချမ်းကျုံး ဘယ်မှာလဲ"

ထိုအခါမှ ဟွားချုံ ထိတ်ထိတ်ပျာပျာ ပြန်ပြောလေသည်။

"စံအိမ်ကြီးထဲမှာ ရှိပါတယ်ခင်ဗျာ၊ ရှိပါတယ်"

အဘိုးအိုကျောက်စိမ်းမျက်နှာ ဘီလူးက ဟွားချုံကို ဘာ... ပြန်မပြောတော့ဘဲ သူ့မခံဘေးမှ အဘွားအိုမျက်နှာအေးဘီလူး... ပြော လိုက်၏။

"ဒါဖြင့် တို့တွေ စံအိမ်ကြီးထဲကိုသွားပြီး လင်ချမ်းကျုံး... တွေ့ကြမယ်"

အဘွားအို မျက်နှာအေးဘီလူးက ခေါင်းညိတ်ပြီး...

"ကောင်းပါတယ် မမ... သွားကြတာပေါ့"

ဟွားချုံသည် မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် လက်ကာ... လိုက်ပြီး...

"သည်းခံကြပါ ခင်ဗျာ... သည်းခံကြပါ၊ ကျွန်တော့်မှာ တာ... ဝန်ရှိနေလို့ တစ်ခွန်းနှစ်ခွန်းတော့ မေးပါရစေ"

မျက်နှာအေးဘီလူးက ဟွားချုံကို ခက်ထန်စွာ ကြည့်လိုက်... ရင်း...

"မင်းလို ဘာမဟုတ်တဲ့ ကောင်စားမျိုး မေးတာကို တို့... ဖြေရမှာလား"

အဘိုးအိုမျက်နှာတစ်ထောင်ဘီလူးက မျက်နှာအေးဘီ...



ကို လက်ကာပြပြီး...

"ဒီကောင် တာဝန်မကျေရင် သူ့ကို သူ့သခင် လင်ချမ်းကျုံးက သတ်မှာစိုးလို့နဲ့တူပါတယ် မမလေးရယ်၊ သူမေးတာကို ကျွန်တော်တို့က တစ်ခွန်းလောက်ပဲ ဖြေကြမယ်၊ ကဲ... ဟေ့ကောင် မေးခွန်းတစ်ခွန်းပဲ တို့ကိုမေးစမ်း"

ဟွားချုံလည်း ကြောက်ကြောက်လန့်လန့် ဖြစ်နေသည်။

တောင်ပင်လယ်ဘီလူးသုံးဖော် ဒေါသဖြစ်အောင် လုပ်မိလျှင် လောလောဆယ် မိမိ သေသွားနိုင်ကြောင်း ဟွားချုံတွေးမိသဖြင့် ကြောက်ရွံ့နေခြင်းဖြစ်၏။

"ဆရာကြီးတို့က သခင်ကြီးနဲ့တွေ့ဖို့သက်သက်ပဲ လာကြတာလားခင်ဗျာ၊ သခင်ကြီးကို ကျွန်တော် အကြောင်းကြားရမှာမို့ပါ"

"မင်းရဲ့သခင် လင်ချမ်းကျုံးနဲ့လဲ တွေ့မယ်၊ ငွေဗျိုင်းဖြူဂိုဏ်းရဲ့နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲလဲ တက်မယ်"

"ဗျာ... ခဏလေးစောင့်ပါဦး ခင်ဗျာ၊ ခဏလေး စောင့်ပါဦး၊ သခင်ကြီးကို ကျွန်တော်သွားပြီး အကြောင်းကြားလိုက်ပါရစေဦး၊ သခင်ကြီးကိုယ်တိုင် လာပါလိမ့်မယ်"

"မစောင့်နိုင်ဘူးဟေ့... မစောင့်နိုင်ဘူး၊ တို့ဘာသာ ဝင်မယ်"

မျက်နှာအေးဘီလူးက ဒေါသသံဖြင့် ဝင်ပြောသည်။

ကျောက်စိမ်းမျက်နှာဘီလူးက မျက်နှာအေးဘီလူး၏ပခုံးကို အသာအယာ ဆုပ်ကိုင်လိုက်ပြီး...

"ကဲ... ညီမ၊ တို့က လင်ချမ်းကျုံးကို သွားတွေ့တာထက် လင်ချမ်းကျုံးက တို့ကို လာတွေ့တာ ပိုပြီးကောင်းပါတယ်၊ ကဲဟေ့...

www.burmeseclassic.com

www.burmeseclassic.com



သွား… သွား၊ မြန်မြန်သွားပြီး နင့်သခင် လင်ချမ်းကျုံးကိုအကြောင်းကြားလိုက်၊ သူကိုယ်တိုင် ဒီနေရာအထိ တို့ကို လာကြိုမယ်ဆိုရင် ပိုကောင်းတယ်"

ကျောက်စိမ်းဘီလူးက ခွင့်ပေးလိုက်သဖြင့် ဟွားချုံလည်း စံအိမ်ဆီသို့ တစ်ရှိန်ထိုး ပြေးထွက်သွားလေသည်။

ဝင်းတံခါးဝတွင် တောင်ပင်လယ် ဘီလူးသုံးဖော်မှာ မည်သူ့ကိုမှ မမှုသောအမူအရာမျိုးဖြင့် မလှုပ်မယှက် ရပ်နေကြလေသည်။

သိပ်မကြာလိုက်ချေ။ ဝင်းတံခါးဝဆီသို့ လင်ချမ်းကျုံး မျက်စိမျက်နှာပျက်ဖြင့် ရောက်လာသည်။

သူသည် တောင်ပင်လယ်ဘီလူး သုံးဖော်ကို မျက်လုံးအပြူးသားဖြင့် ကြည့်၍ အကဲခတ်သည်။

အဘိုးအိုနှင့် အဘွားအိုသုံးယောက်ကလည်း လင်ချမ်းကျုံးကို စူးစူးရဲရဲ ပြန်ကြည့်ကြသည်။

"ရှင်က လင်ချမ်းကျုံးလား"

အဘွားအို ကျောက်စိမ်းမျက်နှာဘီလူးက လေသံတင်းတင်းဖြင့် မေးသည်။

လင်ချမ်းကျုံးက ဝေခွဲမရသောစိတ်ဖြင့် ပြန်ပြောသည်။

"ဟုတ်ပါတယ်… ကျွန်တော်က ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီး လင်ချမ်းကျုံးပါပဲ၊ နောင်တော်ကြီးနဲ့ အစ်မကြီးတို့က တောင်ပင်လယ်ဘီလူးသုံးဖော်နော်"

အဘွားအို ကျောက်စိမ်းမျက်နှာဘီလူးက ခြေတစ်ချက်ဆောင့်လိုက်ပြီး ဒေါသတကြီးဖြင့် ပြန်အော်ပြောသည်။



"ကျုပ်တို့လို သိုင်းအကျော်အမော်ကြီးတွေကိုတောင် ရှင်သေိဘူးလား၊ သိရဲ့သားနဲ့ ကျုပ်တို့ကို မထီမဲ့မြင် လုပ်တဲ့သဘောလား"

"မဟုတ်ပါဘူး ခင်ဗျာ မဟုတ်ပါဘူး၊ နောင်တော်ကြီးနဲ့ အစ်မကြီးတို့ရဲ့ ဂုဏ်သတင်းကို ကျွန်တော်ကောင်းကောင်းကြီး ကြားဖူးထားပါတယ်၊ ဒါပေမယ့် လူကိုတော့ ခုမှမြင်ဖူးလို့ပါ ခင်ဗျာ၊ ဒါကြောင့် မေးကြည့်မိတာပါ"

"ဟုတ်တယ်… တို့ဟာ တောင်ပင်လယ်ဘီလူး သုံးဖော်ပဲ"

"ငွေဖျိုင်းဖြူဂိုဏ်းရဲ့ အနှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲကို တက်ဖို့ လာကြတယ်ဆိုတာ သိရပါတယ်၊ ဟုတ်ပါသလား ခင်ဗျာ"

"ဟုတ်တယ်… ဒီပွဲကို တက်ချင်လွန်းလို့တော့ မဟုတ်ဘူး၊ ဒါပေမယ့် ရှင်က သိုင်းလောကမှာ ထင်ပေါ်ကျော်ကြားတဲ့ အကျော်အမော်ကြီးတွေကို ဒီပွဲမှာ ဟက်ရောက်ဖို့ အထူးဖိတ်ကြားတယ်၊ ဒီဖိတ်ကြားတဲ့အထဲမှာ ကျုပ်တို့ မပါဘူး၊ ဘာလဲ… ကျုပ်တို့က နာမည်မကျော်တဲ့သူတွေမို့လို့လား၊ ဒီပွဲကိုတက်ဖို့ မတန်လို့လား"

"ဟာ မဟုတ်ပါဘူး ခင်ဗျာ၊ မဟုတ်ရပါဘူး၊ အစ်မကြီးတို့တတွေနေတဲ့ တောင်ပင်လယ်က အလှမ်းဝေးလွန်းတာက တစ်ကြောင်း၊ ဖိတ်ရင်လဲ အစ်မကြီးတို့တတွေ လာကြလိမ့်မယ်လို့ မထင်လို့ပါ"

"ဝေးဝေး မဝေးဝေး၊ လာလာ မလာလာပါ၊ ဖိတ်ရမှာက ရှင့်ဝတ္တရားပဲ၊ ထားပါတော့လေ ပြီးခဲ့တာတွေ၊ ရှင့်ကို ကျွန်မတို့ တင်းတင်းပြတ်ပြတ် မေးချင်တယ်"

"ဟုတ်ကဲ့… မေးပါ အစ်မကြီး"

www.burmeseclassic.com



"ကျုပ်တို့ကို တကယ်ပဲ အထိမ်းအမှတ်ပွဲကို လာစေချင်တဲ့ ဆန္ဒ အမှန်ရှိနေလို့လား"

"ဟုတ်ကဲ့… ရှိပါတယ်ခင်ဗျာ"

"ဒါဆိုရင် ကျွန်မတို့ ရောက်လာကြပြီ၊ လှည့်ပြန်ရမှာလား"

"မဟုတ်တာ ခင်ဗျာ၊ လှည့်မပြန်ပါနဲ့၊ ငွေဗျိုင်းဖြူဂိုဏ်းရဲ့ နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲကို အစ်မကြီးတို့လိုပုဂ္ဂိုလ်မျိုးတွေ တက်ရောက်မယ်ဆိုရင် ကျွန်တော်က ဝမ်းမြောက်ဝမ်းသာ ဖိတ်ခေါ် ပါတယ်၊ တောင်ပင်လယ်ဘီလူးသုံးဖော် တက်ရောက်တဲ့အတွက် ကျွန်တော့်အဖို့ ပိုပြီးတော့တောင် ဂုဏ်ရှိပါသေးတယ်၊ ကျေးဇူးထဲ အများကြီးတင်ပါတယ်"

လင်ချမ်းကျူးက လက်ဖမိုးနှစ်ဖက်ကိုယှက်ပြီး လေးလေး စားစား ပြောလိုက်သည်။

တကယ်လည်း သူ့ဆီသို့ တောင်ပင်လယ်ဘီလူးသုံးဖော် ရောက်လာခြင်းအတွက် သူ၏စိတ်ထဲတွင် ဝမ်းမြောက်ဝမ်းသာ ဖြစ် နေသည်။

သူသည် ငွေဗျိုင်းဖြူဂိုဏ်းကြီးကို ပြည်သူ့အကျိုးဆောင် သော ဂိုဏ်းကြီးကဲ့သို့ လူအများက မြင်အောင် အတတ်နိုင်ဆုံး ဟန် ဆောင်ခဲ့သည်။

သို့သော် နောက်ကွယ်တွင်မူ ဒုစရိုက်လုပ်ငန်းများကို တွင် တွင်ကြီး လုပ်နေခဲ့သည်။

ထိုသို့ဖြင့် စည်းရုံးခဲ့ရာတွင်လည်း စည်းရုံး၍ ရမည်ထင် သူတို့သာ စည်းရုံးခဲ့ခြင်း ဖြစ်လေသည်။

စည်းရုံး၍ရလိမ့်မည် မထင်သူများကို လေသံမျှပင် မဟ



ချေ။

တောင်ပင်လယ်ဘီလူးသုံးဖော်၏ သတင်းကိုမူ သူသည် ကောင်းစွာ ကြားသိထား၏။

တောင်ပင်လယ်ဘီလူးသုံးဖော်သည် အကျိုးအမြတ်ရှိမည် ဆိုလျှင် မည်သည့်ကိစ္စကိုမဆို လုပ်ဆောင်သူများ ဖြစ်၏။

ဆယ်နှစ်တစ်ကြိမ် ကုန်းပေါ် တက်ခဲ့သော်လည်း တက် သည့် အခါတိုင်းတွင်မူ အနည်းဆုံး တစ်နှစ်လောက်တော့ နေသွား တတ်သည်။

ထို့ကြောင့် သူတို့သည် ရောက်သည့်နေရာတိုင်းတွင် ပြဿ နာပေါ် တတ်သည်ဟု လူကောင်းတို့က ဆိုစမှတ် ပြုကြခြင်း ဖြစ်လေ သည်။

လင်ချမ်းကျူးသည် ယခု တောင်ပင်လယ်ဘီလူးသုံးဖော်ကို မြင်မြင်ချင်း သူ့လုပ်ငန်းတွင် တောင်ပင်လယ်ဘီလူးသုံးဖော်ကို စည်း ရုံး၍ ရနိုင်ကြောင်း တွေးမိသည်။

တောင်ပင်လယ်ဘီလူးသုံးဖော်သာ သူ့လူများ ဖြစ်လာမည် ဆိုလျှင် သူ့အတွက် ကြီးစွာသောအင်အား တိုးလာပေလိမ့်မည်။

ယင်းအတွက်ကြောင့်လည်း လင်ချမ်းကျူးသည် ဝမ်း မြောက်ဝမ်းသာ ဖြစ်ရခြင်းပင်။

လင်ချမ်းကျူးက ဝမ်းမြောက်ဝမ်းသာ ဖိတ်ခေါ်လိုက်တော့ တောင်ပင်လယ်ဘီလူးသုံးဖော်တို့လည်း ကျေနပ်သွားကြသည်။

တင်းမာနေသောမျက်နှာများမှာလည်း အတော်ကြီးပြုံး ပျော့သွားကြသည်။

"ဧည့်သည်တွေ အတော်များများ ရောက်နေကြပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့… ရောက်နေကြပါပြီခင်ဗျာ၊ အစ်မကြီးတို့ ရော လာတာကိုမြင်ရင်တော့ အားလုံးက အံ့သြကြမှာပါပဲ၊ ကဲ ကြွကြ ခင်ဗျာ၊ ကြွကြပါ"

လင်ချမ်းကျုံးက ဖိတ်ခေါ်သွားရာ အဘိုးကြီးနှင့် အဘွား ကြီးတို့လည်း လိုက်ပါသွားကြလေသည်။

စံအိမ်ကြီး၏အိမ်ခန်းထဲတွင် သိုင်းလောကမှ သိုင်းအကျေ အမော်ကြီး အတော်များများ စုဝေးထိုင်နေကာ စပ်မိစပ်ရာ စကား များ ပြောဆိုနေကြသည်။

ဧည့်ခန်းဆောင်ထဲသို့ လင်ချမ်းကျုံးနှင့်အတူ တောင်ပ လယ်ဘီလူးသုံးဖော် ဝင်လာသောအခါ အားလုံး၏မျက်လုံးများ သူတို့ထံ ရောက်လာကြသည်။

ပြောဆိုနေသော စကားများပင် အနည်းငယ် ထိတ်သွ ကြသည်။

လင်ချမ်းကျုံးက ဧည့်သည်များကို ဦးညွှတ်လိုက်ပြီး အ ကျယ်ကျယ်ဖြင့် စတင်စကားဆိုသည်။

"ဧည့်သည်တော်များ ခင်ဗျာ၊ ငွေဖျိုင်းဖြူဂိုဏ်းရဲ့ နှစ်တ ရာပြည့် အထိမ်းအမှတ်ပွဲကို တက်ရောက်ဖို့ တောင်ပင်လယ်ဘီလူ သုံးဖော် ရောက်လာကြပါပြီခင်ဗျာ"

ထိုအခါမှ ဧည့်ခန်းဆောင်ထဲတွင် ရှိနေသူများ အားလုံး လို ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြသည်။ လွန်စွာလည်း အံ့သြနေ သည်။

အချို့ကလည်း မကျေနပ်သော အသွင်မျိုးဖြစ်သွား သည်။



အချို့ကလည်း ထရပ်ပြီး လက်ဖမိုးနှစ်ဖက်ကိုယှက်၍ အ ိုးအို အဘွားအိုတို့ကို နှုတ်ဆက်ကြသည်။

သိုင်းလောက၏နာယကကြီး ကျင့်ကျန်းရှင်းကမူ အဘိုးအို အဘွားအိုများရှေ့သို့ လျှောက်လာပြီး နှုတ်ဆက်စကားဆိုလိုက် သည်။

"ခင်ဗျားတို့နဲ့ မတွေ့ရတာတောင် ဆယ့်ငါးနှစ်လောက် ရှိ သွားပြီနော်၊ ဒီမှာတော့ မမျှော်လင့်ဘဲ လာတွေ့နေရပြီ"

အဘွားအို ကျောက်စိမ်းမျက်နှာဘီလူးက အေးစက်စက် သံဖြင့် ပြန်ပြောသည်။

"ကျွန်မတို့ ဒီပွဲကို တက်မယ့်အတွက် ရှင်ကော ကျေကျေ ပ်နပ် ရှိရဲ့လား"

"အို… ဘာဖြစ်လို့ မကျေမနပ် ဖြစ်ရမှာလဲခင်ဗျာ၊ အိမ်ရှင် ဖြစ်တဲ့ ဂိုဏ်းချုပ်ကြီး လင်ချမ်းကျုံး ကိုယ်တိုင်တောင် ကျေနပ်နေ ာပဲ၊ ကျုပ်ကလဲ ဘာမကျေနပ်စရာရှိသလဲ"

သိုင်းလောက၏နာယကကြီး ကျင့်ကျန်းရှင်းက မျက်စိမျက် မျက်ဖြင့် ပြန်ပြောသည်။

အဘွားအို ကျောက်စိမ်းမျက်နှာဘီလူးက ဧည့်ခန်းဆောင် ဲမှ လူများကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပြီးမှ ကျင့်ကျန်းရှင်းကို ဲ့တဲ့တဲ့ ပြန်ပြောသည်။

"ရှင့်လို သိုင်းလောကရဲ့နာယကကြီးတစ်ယောက် ကျေနပ် ယ်ဆိုရင် တော်သေးတာပေါ့၊ ဒါပေမယ့် လူအတော်များများက ာ့ ကျေနပ်ကြမှာ မဟုတ်ဘူး၊ ရှင် ပြောသလိုပါပဲလေ၊ ဘယ်သူ ကျေနပ်နပ် မကျေနပ်နပ် အိမ်ရှင်ဖြစ်တဲ့ လင်ချမ်းကျုံး ကျေနပ်ရင်

www.burmeseclassic.com

www.burmeseclassic.com



ပြီးတာပါပဲ"

ပြီးမှ သူမသည် ဘေးနားတွင် ရပ်နေသော လင်ချမ်းကျူးကို လှည့်ပြောသည်။

"ကဲ… လင်ချမ်းကျူး၊ ကျုပ်တို့အတွက် နေရာထိုင်ခင်းသ… စီစဉ်ပေးပေတော့၊ ခရီးပန်းလာလို့ ဘယ်သူနဲ့မှလဲ စကားမပြော… သေးဘူး၊ အေးအေးဆေးဆေး နားနားနေနေပဲနေချင်တယ်"

"ကောင်းပါပြီခင်ဗျာ… ကောင်းပါပြီ"

လင်ချမ်းကျူးသည် တောင့်ပင်လယ်ဘီလူးသုံးဖော်ကို အ… တွင်းဆောင်သို့ခေါ်သွားပြီး သီးသန့်ခန်းတစ်ခန်းတွင် နေရာချထား… ပေးလိုက်လေတော့သည်။



အခန်း(၅)

ပီရိုထဲကစာတန်းများ

သန်းခေါင်ကျော်သွားပြီ ဖြစ်၏။

ငွေဖျိုင်းဖြူစံအိမ်ကြီး တစ်အိမ်လုံးတိတ်ဆိတ်ငြိမ်သက်နေလေပြီ။

ရပ်ဝေးမှ ရောက်လာကြသော ဧည့်သည်များလည်း ခရီးပန်းပန်းနှင့် အိပ်မောကျနေကြလေပြီ။

လူများ သွားသွားလာလာ သိပ်မရှိလှသော်လည်း အိမ်ကြီး၏အတွင်းအပြင်တွင်မူ မီးရောင်တွေ ထိန်ထိန်လင်းအောင် ထွန်းညှိထားသည်။

ငွေဖျိုင်းဖြူစံအိမ်ကြီးထဲတွင် ချန်မျိုးနွယ်မိသားစု အစဉ်အဆက် အသုံးပြုခဲ့ကြသော လျှို့ဝှက်အခန်းတစ်ခန်း ရှိနေသည်။

၎င်းလျှို့ဝှက်ခန်းရှိကြောင်းကို အပြင်လူများ တစ်ဦးတစ်ယောက်မှ မသိကြချေ။

ငွေဖျိုင်းဖြူစံအိမ် အမှုထမ်းများလည်း မသိကြချေ။

www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်တွင် လင်ချမ်းကျိုးနှင့် လင်ချင်စစ်တို့သာ ၎င်းလျှို့ဝှက်ခန်းကို သိကြသည်။

သူတို့သားအဖ တိတ်တဆိတ် ဆွေးနွေးလိုသော ကိစ္စရပ်များကို ၎င်းလျှို့ဝှက်ခန်းထဲမှာပင် ဆွေးနွေးခြင်း ပြုကြသည်။

ယခုလည်း လင်ချမ်းကျိုးနှင့် လင်ချင်စစ်တို့သည် လျှို့ဝှက်ခန်းထဲတွင် ရောက်နေကြသည်။

အခန်းအလယ်ရှိ စားပွဲတွင် မျက်နှာချင်းဆိုင် ထိုင်နေကြသည်။

လင်ချင်စစ်သည် ခရီးထွက်နေရာမှ ပြန်ရောက်လာသည်မှာ မကြာသေးချေ။

လင်ချင်စစ် ပြန်ရောက်စက ဧည့်သည်များ မရှင်းသေးသဖြင့် လင်ချမ်းကျိုးမှာ ဧည့်ခံနေရသေးသည်။

ဧည့်သည်များရှင်းသွားတော့မှ လင်ချမ်းကျိုးနှင့် လင်ချင်စစ်တို့သည် ဤလျှို့ဝှက်ခန်းထဲသို့ ရောက်လာကြခြင်း ဖြစ်လေသည်။

လျှို့ဝှက်ခန်းထဲတွင် နံရံကပ် ဗီရိုကြီး ရှစ်လုံးတိတိ ရှိသည်။

ဗီရိုကြီးနှစ်လုံးမှာ လျှို့ဝှက်တံခါးများဖြစ်ပြီး ကျန်ဗီရိုခြောက်လုံးမှာ ပစ္စည်းပစ္စယထည့်ရန်ထားသော ဗီရိုကြီးများဖြစ်သည်။

လင်ချမ်းကျိုးသည် ၎င်းဗီရိုကြီး ခြောက်လုံးအနက် နှစ်လုံးကို အသုံးပြုသည်။

သူ့အတွက် အရေးကြီးသော ပစ္စည်းပစ္စယ စာရွက်စာတန်းများကို ၎င်းဗီရိုကြီးနှစ်လုံးတွင် ထည့်ထားသည်။

ခိုင်ခံ့သော သော့ခလောက်ကြီးများဖြင့်လည်း ခတ်ထားသည်။



ကျန်ဗီရိုလေးလုံးကမူ လွတ်နေသည်။ လွတ်နေသော ၎င်းဗီရိုလေးလုံးကို အဖွင့်အပိတ် မလုပ်သည်ကပင် ဆယ်နှစ်ကျော်ကျော် ရှိသွားလေပြီ။

လင်ချမ်းကျိုးသည် သူနှင့်မျက်နှာချင်းဆိုင်ထိုင်နေသော လင်ချင်စစ်ကို ကြင်နာစွာ ကြည့်လိုက်ပြီး စတင်စကားဆိုသည်။

"သားလဲ အထိမ်းအမှတ်ပွဲကိုမီအောင် ပြန်လာရတော့ သိပ်ပြီး ပင်ပန်းမှာပဲနော်"

"ဟုတ်ကဲ့ ဖေဖေ၊ နည်းနည်းတော့ ပင်ပန်းသွားတယ်"

"နယ်စားကြီးနဲ့ရော တွေ့ခဲ့ရဲ့လား"

"ဟုတ်ကဲ့... တွေ့ခဲ့ပါတယ် ဖေဖေ"

"ဖေဖေကိုယ်တိုင် မလာတဲ့အတွက်ကော အပြစ်မတင်ဘူးလား"

"မတင်ပါဘူး ဖေဖေ၊ ခုချိန်မှာ ရောက်လာတဲ့ဧည့်သည်တွေကို ဧည့်ခံဖို့ ဖေဖေကိုယ်တိုင် အိမ်မှာရှိနေသင့်တယ်ဆိုတာ နယ်စားကြီး သဘောပေါက်ပါတယ်"

"ဒါနဲ့ အထိမ်းအမှတ်ပွဲကို နယ်စားကြီး လာဦးမှာလား"

"လာမှာ မဟုတ်ဘူး ဖေဖေ၊ ခုရောက်နေတဲ့ ဧည့်သည်တွေထဲက လူအတော်များများဟာ ဖေဖေနဲ့ သူ့ရဲ့ဆက်ဆံရေးကို အကဲခတ်ကြည့်ကြလိမ့်မယ်ဆိုတာ နယ်စားကြီး သိထားတယ်၊ သူသာလာရင် သူနဲ့ဖေဖေနဲ့ ဆက်ဆံပုံကို ရိပ်စားမိသွားကြလိမ့်မယ်တဲ့၊ ဒါကြောင့် အထိမ်းအမှတ်ပွဲကိုတော့ သူ မလာတော့ဘူး ဖေဖေ၊ လက်ဆောင်တော့ ရေးပေးလိုက်တယ်"

လင်ချင်စစ်သည် ပြောပြောဆိုဆို သူ့အင်္ကျီအတွင်းမှ ဝှက်

www.burmeseclassic.com

www.burmeseclassic.com



ယူလာခဲ့သော စာလိပ်တစ်လိပ်ကိုထုတ်ယူ၍ လင်ချမ်းကျုံးအား ပေးသည်။

လင်ချမ်းကျုံးကလည်း ချက်ချင်းပင် စာလိပ်ကိုဖြန့်၍ ဖတ်သည်။

စာဖတ်နေရင်းမှ သူ့မျက်နှာသည် ကျေနပ်အားရသောအသွင်ကို ဆောင်လာသည်။

မကြာခဏ ခေါင်းကိုလည်း တဆတ်ဆတ် ညိတ်သည်။

လင်ချွင်စစ်သည် ဖခင်ဖြစ်သူ လင်ချမ်းကျုံး စာဖတ်နေစဉ် ဘာတစ်ခွန်းမှ ဝင်မပြောဘဲ အရက်အိုးထဲမှ အရက်ကိုသာ ငှဲ့ပြီး သောက်နေသည်။

စာမှာ အတော်ကလေး ရှည်သည်။ လင်ချမ်းကျုံးက သေချာစွာ ဖတ်နေသဖြင့် အချိန်အတော်ကလေး ကြာသည်။

စာဆုံးအောင် ဖတ်ပြီးမှ လင်ချမ်းကျုံးက လင်ချွင်စစ်အား ပြောသည်။

"နယ်စားကြီးရဲ့စာထဲမှာတော့ အတော့်ကို ပြည့်ပြည့်စုံစုံ ပါတယ်သား။ ဘယ်လိုမှ စည်းရုံးလို့မရတဲ့ မြို့စားကိုးယောက်ကိုတော့ ရှေ့လမကုန်ခင် လုပ်ကြံရလိမ့်မယ် သား။ သူတို့က ဖေဖေနဲ့ နယ်စား ကြီးရဲ့လုပ်ရပ်အချို့ကို သိနေတယ်"

"ဟုတ်ပါတယ် ဖေဖေ၊ နယ်စားကြီးကလဲ ကျွန်တော့်ကို သေသေချာချာ ပြောပြလိုက်ပါတယ်၊ စည်းရုံးလို့မရတဲ့ မြို့စား ယောက်ကို ဒီအတိုင်း ဆက်ထားမယ်ဆိုရင် ကျွန်တော်တို့ရဲ့လုပ်ရပ် တွေဟာ ဘုရင့်ရွှေနားတော်အထိ ပေါက်ကြားသွားနိုင်တယ်၊ အဲဒီ ကြောင့် ဖေဖေက တာဝန်ယူပြီး မြို့စားကိုးယောက်ကို တစ်လအ



တွင်း ကိစ္စပြတ်အောင် လုပ်ကြံပါတဲ့၊ လိုအပ်တဲ့ အကူအညီအကာအကွယ်ကို သူ ပေးပါ့မယ်တဲ့"

"မြို့စားကိုးယောက်ထဲမှာ အဲပင်မြို့စား ပေါင်းချူဟာ အဆိုးဆုံးပဲတဲ့၊ သူက ဖေဖေတို့ရဲ့လုပ်ရပ်တွေကို အသိဆုံးတဲ့၊ ပထမဦးဆုံး သူ့ကိုလုပ်ကြံရမယ်၊ ဒုတိယ လုပ်ကြံရမယ့်မြို့စားကတော့ နိတ်ကျန်မြို့စား ပိန်းဗိုးလောက်ပဲ၊ တခြားမြို့စားတွေကိုလဲ သူပေးထားတဲ့ နံပါတ်စဉ်အတိုင်း သတ်ပေးရလိမ့်တဲ့"

"ဟုတ်ပါတယ် ဖေဖေ၊ ကျွန်တော့်ကိုလဲ ဒီလိုပဲ မှာလိုက်ပါတယ်၊ အရေးကြီးတဲ့လူကို အရေးကြီးသလို ဦးဆုံးလုပ်ကြံပေးပါတဲ့၊ ဒါပေမယ့် ဖေဖေ့အတွက်တော့ အတော်ကြီး ခက်ခက်ခဲခဲ လုပ်ရမှာပဲ"

"ဘာဖြစ်လို့လဲ သားရဲ့"

"အခြေအနေပေးလာသလို ဒီမြို့စားကိုးယောက်ထဲက ဘယ်သူ့ကိုပဲ အလျင်လုပ်ကြံ လုပ်ကြံ ဖြစ်တယ်ဆိုရင်တော့ လုပ်ရတာ ပိုပြီးလွယ်တာပေါ့ ဖေဖေ၊ ခုလို နံပါအစဉ်အတိုင်း တိတိကျကျ လုပ်ကြံရမယ်ဆိုတော့ အခက်အခဲ ရှိနိုင်တာပေါ့"

လင်ချမ်းကျုံးက ပြုံးပြီး....

"ဒီလောက်လဲ အခက်အခဲ မရှိလှပါဘူး သားရယ်၊ ဖေဖေ့ဆီမှာ အရည်အချင်း ပြည့်ဝတဲ့သူတွေ အတော်များများ ရှိနေတယ်ဆိုတာ သားလဲ သိသားပဲ၊ ပြီးတော့ ဖေဖေ ဘယ်လောက်အထိတွေး ခေါ်မြော်မြင်တတ်တယ်ဆိုတာ သား အသိဆုံးပါ"

"ဟုတ်ကဲ့... သိပါတယ် ဖေဖေ"

"သား ခေါင်းထဲမှာ ဒီကိစ္စကို ထည့်စဉ်းစားမနေနဲ့ သား၊

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ဘာသာ ဖေဖေကြည့်ပြီး စီစဉ်လိုက်မယ်၊ သားသာ စိတ်အေးအေးထားပြီးနေ၊ ပျော်ပျော်ရွှင်ရွှင်နေ၊ စိတ်ညစ်မခံနဲ့၊ သား စိတ်ညစ်မှာ ဖေဖေ အကြောက်ဆုံးပဲ ဟုတ်လား သား"

"ဟုတ်ကဲ့ ဖေဖေ"

လင်ချမ်းကျိုးလည်း ထိုင်ရာမှ ထရပ်ပြီး ဗီရိုကြီးတစ်လုံးဆီကို လျှောက်သွားသည်။

သူ့ရင်ဖုံးအိတ်မှ သော့တွဲကလေးတစ်တွဲကို ထုတ်ယူလိုက်သည်။ သော့တွဲတွင် သော့သုံးချောင်းသာ ပါသည်။

သူသည် သော့ချောင်းတစ်ချောင်းနှင့် ဗီရိုတွင် ခပ်ထားသော သော့ခလောက်ကို ဖွင့်လိုက်သည်။ ဗီရိုကို ဖွင့်သည်။

ဗီရိုထဲတွင် စာရွက်စာတမ်းများ စီကာ စဉ်ကာ ရှိနေသည်။

သူသည် နယ်စားကြီး ရေးပေးလိုက်သောစာကို ဗီရိုထဲတွင် ထည့်လိုက်ပြီး ဗီရိုကို ပြန်ပိတ်လိုက်သည်။

ပြီးမှ လင်ချွင်စစ်ထံသို့ပြန်လာပြီး မူလနေရာတွင် ဝင်ထိုင်သည်။

အရက်တစ်ခွက်ကိုလည်း ငှဲ့သောက်သည်။ ထို့နောက် လင်ချွင်စစ်ကို မေးလိုက်သည်။

"ဒါနဲ့ ဟိုကောင်မ ရွှေအုံကြူရဲ့သတင်းကိုသွားရင်း လာရင်းနဲ့ စုံစမ်းသေးသလား သား"

"ဟုတ်ကဲ့ စုံစမ်းပါတယ် ဖေဖေ"

"အခြေအနေ ဘယ်လိုလဲကွယ့်"

"သူ့သတင်းကို လုံးလုံးမကြားရပါဘူး ဖေဖေ၊ ကျွန်တော့်စိတ်ထဲတော့ ရသွားတဲ့ဒဏ်ရာနဲ့ သူသေပြီလို့ ထင်ပါတယ်"



"မသေဘဲ တစ်နေရာမှာ ပုန်းနေတာမျိုးလဲဖြစ်နိုင်တယ် သား၊ ရွှေအုံကြူကိစ္စကိုကော နယ်စားကြီးသိအောင် ပြောပြလိုက်သေးသလား"

"ဖုံးကွယ်ရမယ့်သူတွေ မဟုတ်လို့ ပွင့်ပွင့်လင်းလင်းပဲ ကျွန်တော် ပြောလိုက်ပါတယ် ဖေဖေ၊ နယ်စားကြီးကတော့ ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူး၊ သူ့လူတွေကို ဖြန့်ပြီး ရွှေအုံကြူသတင်းကို စုံစမ်းခိုင်းလိုက်ပါ့မယ်တဲ့"

"အေးလေ ဒါဆိုလဲ ပြီးတာပဲကွယ်၊ ကဲ... သားလဲ ခရီးပန်းလာတယ်၊ မနက်ဖြန်လဲ အထိမ်းအမှတ်ပွဲက ရှိသေးတယ်၊ အိပ်ပေတော့ သား"

"ဖေဖေကော"

"ဖေဖေလဲ အိပ်မယ်သား၊ ဒီသုံးလေးရက်အတွင်း ဖေဖေလဲ အတော်ကလေး ပင်ပန်းသွားတယ်"

လင်ချမ်းကျိုးက ဦးစွာ ထိုင်ရာမှ ထရပ်လိုက်သည်။ လင်ချွင်စစ်လည်း ထရပ်သည်။

နှစ်ယောက်စလုံး ဗီရိုကြီးတစ်လုံးဆီ လျှောက်သွားသည်။ ဗီရိုမှာ အမည်းရောင်ဗီရိုကြီး ဖြစ်၏။

လင်ချမ်းကျိုးက ဗီရိုတွင် ဖုထွက်နေသော ဘုကလေးကို လက်မဖြင့် နှိပ်လိုက်သည်။

တကျွီကျွီ မြည်လာပြီး ဗီရိုမည်းကြီးက ဆုံလည် လည်ပြီး သွားသည်။

ဒေါင်လိုက်ဖြစ်သွားသော ဗီရိုဘေးတစ်ဘက်တစ်ချက် တွင် အပေါက်နှစ်ပေါက်ဖြစ်သွားသည်။ ယင်းအပေါက်နှစ်ပေါက်မှ

www.burmeseclassic.com

www.burmeseclassic.com



လင်ချမ်းကျူးနှင့် လင်ချွင်စစ်တို့ ဝင်လိုက်သောအခါ တစ်ဘက်ခန်းသို့ ရောက်လာသည်။

ရောက်လာသောအခန်းမှာ စာကြည့်ဆောင်ပင်ဖြစ်သည်။

စာကြည့်ဆောင်ထဲတွင်လည်း နံရံကပ်ဗီရိုကြီးများ အစီအရီ ရှိနေကြသည်။

လင်ချမ်းကျူးသည် အမည်းရောင်ဗီရိုကြီး၏ အောက်ခံခြေထောက်ကို ဝဲဘက်သို့ နှစ်ပတ်၊ ယာဘက်သို့ သုံးပတ်၊ ပြီးမှ ဝဲဘက်သို့ နှစ်ပတ် လှည့်လိုက်သည်။

တကျည်ကျည် မြည်ပြီး ဗီရိုကြီးမှာ ဆုံလည်ကာ တံခါးပေါက်လည်း ပြန်ပိတ်သွားသည်။

အမည်းရောင်ဗီရိုကြီးမှာ နံရံနှင့် ကပ်လျက် ရှိသွားသည်။

လင်ချမ်းကျူးနှင့် လင်ချွင်စစ်တို့ စာကြည့်ဆောင်မှ ထွက်သွားကြသည်။

ထိုစဉ် လျှို့ဝှက်ခန်းထဲတွင် ပစ္စည်းပစ္စယများ လုံးလုံးထည့်မထားသော ဗီရိုကြီးတစ်လုံး အတွင်းမှ တချောက်ချောက် မြည်သံပေါ်ထွက်လာသည်။

ခဏသာကြာပြီး ဗီရိုတံခါးမှာ တဖြည်းဖြည်း ပွင့်လာသည်။

ဗီရိုလွတ်အတွင်းမှ လူတစ်ယောက် ထွက်လာသည်။

သူ့ကိုယ်ပေါ်တွင် အမည်းရောင်ဝတ်စုံကို ဝတ်ထားပြီး ခေါင်းတွင်လည်း အမည်းရောင်ခေါင်းစွပ်ကို မျက်နှာဖုံးအောင်စွပ်ထားသည်။

စူးရှတောက်ပြောင်သော မျက်လုံးအစုံသာ မျက်လုံးပေါက်တွင်းမှ ပေါ်ထွက်နေသည်။



သူသည် အခန်းတွင်းသို့ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ပြီး ဗီရိုတံခါးကို ပြန်ပိတ်သည်။

ပြီးမှ စောစောက လင်ချမ်းကျူး ဖွင့်သွားသော ဗီရိုကြီးဆီ သွက်လက်စွာ လျှောက်လာသည်။

သူ့လက်ထဲတွင်လည်း သံချောင်းကလေးများ ပုံသဏ္ဍာန်အမျိုးမျိုး ချိတ်ဆွဲထားသော သော့တွဲပုံသဏ္ဍာန် အတွဲတစ်တွဲ ပါရှိလာသည်။

ဝတ်စုံနက်သည် လင်ချမ်းကျူး ဖွင့်ထားသော သော့ခလောက်ကြီးကို သံချောင်းကြီးတစ်ချောင်းနှင့် ထိုးမွှေသည်။

"ချလောက်...."

အချိန်သိပ်မကြာခင်မှာပင် သော့ခလောက် ပွင့်သွားသည်။

ဝတ်စုံနက်သည် သွက်လက်စွာပင် သော့ခလောက်ကိုဖြုတ်ပြီး ဗီရိုကြီးကို ဖွင့်သည်။

ထို့နောက် ဗီရိုကြီးအတွင်းမှ စာရွက်စာတမ်းများကို တစ်ရွက်ပြီးတစ်ရွက် ခြေရာလက်ရာမပျက်အောင် ကြည့်သည်။

သူ့နေရာနှင့်သူ ပြန်ထားသည်။

လိုအပ်သော စာရွက်စာတမ်းအချို့ကိုမူ ပြန်မထားဘဲ သူ့ဝတ်ရုံအတွင်းသို့ ထည့်လိုက်သည်။

လင်ချွင်စစ်မှတစ်ဆင့် နယ်စားချီကုဖိန်းက လင်ချမ်းကျူးထံသို့ ပေးလိုက်သော စာကို ဝတ်စုံနက်သည် ဖတ်ကြည့်ပြီးနောက် ခေါင်းတဆတ်ဆတ်ညိတ်လျက် ကျေနပ်သွားသည်။ ယင်းစာကိုလည်း ယူလိုက်သည်။

www.burmeseclassic.com



သူသည် အချိန်အတော်ကြာအောင် စာရွက်စာတန်းများကို သေချာစွာ ဖတ်ရှုသည်။

လိုအပ်သော စာရွက်စာတန်းများကို သူ ယူသည်။

ထိုသို့ စာရွက်စာတန်းများကို ဖတ်နေစဉ် သူနားကိုလည်း အစွမ်းကုန် စွင့်ထားသည်။

မတော်တဆ လျှို့ဝှက်ခန်းတွင်းသို့ လင်ချမ်းကျူး ပြန်ဝင်လာလျှင် အချိန်မီ ပြန်ပုန်းရမည်ဖြစ်၏။

ဗီရိုတွင်းရှိ စာရွက်စာတန်းများကို စုံစုံစေ့စေ့ ဖတ်ပြီးသွားသောအခါ သူသည် ဗီရိုကြီးကို သေချာစွာ ပြန်ပိတ်သည်။ သော့လောက်ကို ပြန်ခတ်သည်။

ထို့နောက် နောက်ဗီရိုတစ်လုံးကို ထပ်ဖွင့်ပြန်သည်။ ခဏနှင့် သော့ခလောက် ပွင့်သွားသည်။

ဝတ်စုံနက်သည် ဗီရိုကို ဖွင့်လိုက်ပြန်သည်။

ဗီရိုထဲတွင် စာရွက်စာတန်း အတော်များများ ရှိနေသည်။

ယခင်ကကဲ့သို့ပင် သူသည် စာရွက်စာတန်းများကို တစ်ရွက်ချင်း စိတ်ရှည်လက်ရှည် သေချာစွာ ဖတ်သည်။ ယူသင့်သည့် စာရွက်အချို့ကို ယူသည်။

အချိန်အတော်ကြာမှ သူသည် ဗီရိုကြီးအတွင်းမှ စာရွက်စာတန်းများကို ဖတ်ပြီးသွားသည်။

ဗီရိုကြီးကို ခြေရာလက်ရာမပျက် သေချာစွာပြန်ပိတ်သည်။

ထို့နောက် သူသည် အဖြူရောင်ဗီရိုကြီးရှိရာသို့ လျှောက်လာသည်။

ဗီရိုဖြူကြီး၏တံခါးမှ လက်ကိုင်ကို အတွင်းသို့ဖိနှိပ်လိုက်



သည်။

တကျွိကျွိ မြည်သံပေါ်လာပြီး ဗီရိုဖြူကြီးမှာ ဆုံလည်ပွင့်သွားသည်။

ပွင့်သွားသော တံခါးပေါက်မှ ဝတ်စုံနက်ထွက်လိုက်လေသည်။

ပစ္စည်းဟောင်းများထားသော အခန်းမှာ မှောင်မည်းနေလေရာ ဝတ်စုံနက်လည်း အမှောင်ထဲမှပင် ပျောက်ကွယ်သွားသည်။

စံအိမ်ကြီးအပြင်ဘက်တွင် ရောင်နီသမ်းနေချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

## အရေးကြီးသောမေးခွန်း

ငွေဖျိုင်းဖြူစံအိမ်ကြီးအတွင်းရှိ ခန်းမကျယ်ကြီးထဲတွင် ငွေဖျိုင်းဖြူ၏နှစ်တစ်ရာမြောက် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြသောဧည့်သည်များ စုံစုံလင်လင်ရောက်နေကြသည်။

ခန်းမကျယ်ကြီးအတွင်းရှိ စားပွဲကြီးပေါ်တွင် အကောင်းဆုံးသော စားသောက်ဖွယ်ရာများ ဖွယ်ဖွယ်ရာရာ စုံစုံလင်လင် ပြင်ဆင်ထားသည်။

ဟင်းလျာများက ရွှေနန်းတော်တွင်း ဧည့်ခံပွဲများတွင် သုံးသော ဟင်းလျာမျိုးဖြစ်၏။

လွန်စွာရှားပါး၍ အဖိုးတန်လှသော ရေသတ္တဝါများ၊ ကုန်းသတ္တဝါများကို အရသာရှိစွာ ချက်ပြုတ်ထားခြင်း ဖြစ်လေသည်။

ဟင်းများက အငွေ့တလူလူ၊ ပူပူနွေးနွေး။

ဟင်းရနံ့များက ခန်းမကျယ်ကြီးထဲတွင် သင်းပျံ့ကြိုင်လှိုင်နေသည်။



တန်ဖိုးကြီးမားလှသော အရက်အိုးများကလည်း စားပွဲပေါ်တွင် ပြည့်စုံစွာ ရှိနေသည်။

ဧည့်သည်များနှင့် ငွေဖျိုင်းဖြူဂိုဏ်းမှ အရေးပါအရာရောက်သော ဦးစီးဦးဆောင်ခေါင်းဆောင်များသည် စားသောက်ဖွယ်ရာများ ပြင်ဆင်ထားသော စားပွဲကြီးများ၏ပတ်ပတ်လည်တွင် ထိုင်နေကြပြီး ဖြစ်သော်လည်း မည်သူကမှ စတင်၍ စားသောက်ကြခြင်း မရှိကြသေးချေ။

အားလုံးပင် စင်မြင့်ပေါ်တွင် စကားဆိုနေသော ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီး လင်ချမ်းကျုံးထံသို့ အာရုံရောက်နေကြသည်။

လင်ချမ်းကျုံးသည် စင်မြင့်ပေါ်မှနေ၍ ငွေဖျိုင်းဖြူဂိုဏ်းကြီး စတင် တည်ထောင်လာခဲ့သော ချန်မျိုးနွယ်အကြောင်းကို စီကာပတ်ကုံးကာ ရှင်းလင်းပြောဆိုနေခြင်းဖြစ်လေသည်။

"ချန်စီးလင်း ဂိုဏ်းချုပ်ကြီးဖြစ်လာတော့ ကျွန်တော်ဟာ ဒုတိယဂိုဏ်းချုပ် ဖြစ်လာခဲ့ပါတယ်၊ ကျွန်တော်ဟာ ဂိုဏ်းချုပ်ကြီး ချန်စီးလင်းရဲ့ဦးစီးညွှန်ကြားမှုနဲ့ ငွေဖျိုင်းဖြူဂိုဏ်းရဲ့အားကိုယူပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို လုပ်ခဲ့ပါသေးတယ်၊ ဒါကြောင့်လဲ ဂိုဏ်းချုပ်ကြီးချန်စီးလင်းဟာ ကျွန်တော့်ကိုဒုဂိုဏ်းချုပ်အနေလောက်နဲ့သာ သဘောမထားတော့ဘဲ သူ့ရဲ့လူယုံတော်ကြီးတစ်ဦးအဖြစ်ပါ သတ်မှတ်ခဲ့ပါတယ်၊ ဒါကြောင့် ကျွန်တော်ဟာ ဂိုဏ်းချုပ်ကြီး ချန်စီးလင်းရဲ့ကိုယ်ရေးကိုယ်တာ မိသားစုအရေးကိစ္စတွေပါ ပါဝင်ဆောင်ရွက်လာရပါတယ်"

လင်ချမ်းကျုံးက စကားကိုဖြတ်လိုက်ပြီး ဧည့်သည်များကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်သည်။

www.burmeseclassic.com



အားလုံးက သူ့စကားကို ငြိမ် ငြိမ်သက်သက် စိတ်ဝင်တစား နားထောင်နေကြောင်းကို တွေ့ရသောအခါ ဆက်လက်ပြောဆို သည်။

“ဂိုဏ်းချုပ်ကြီး ချန်စီးလင်းရဲ့သားဖြစ်တဲ့ ချန်ဂူးဝမ်းကို မွေးလာကတည်းက ကျွန်တော်ဟာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ တာပါပဲ၊ ချန်ဂူးဝမ်းမှာ အထိန်းတော်ကြီးရှိပေမယ့် အထိန်းတော်ကြီး က အပေါ်ယံ ထိန်းရုံတင် ထိန်းခဲ့ရတာပါ၊ ကျွန်တော်ကတော့ အ တတ်နိုင်ဆုံး လူတော်လူကောင်းကလေးဖြစ်အောင် လမ်းညွှန်ခဲ့ တယ်၊ ဆုံးမတန်တာလဲ ဆုံးမခဲ့ရပါတယ်၊ တခြားလူတွေအနေနဲ့ ကျွန် တော့်ရဲ့ စိတ်စေတနာကိုနားလည်ချင်မှ နားလည်ကြပါလိမ့်မယ်၊ ဒါ ပေမယ့် ဂိုဏ်းချုပ်ကြီး ချန်စီးလင်းကတော့ ကျွန်တော့်ရဲ့စေတနာ တွေကိုကောင်းကောင်းကြီး နားလည်ထားပါတယ်၊ ဒါကြောင့်ပဲ သူဆုံးခါနီးမှာ သူ့ရဲ့သား ချန်ဂူးဝါးကို စောင့်ရှောက်ဖို့၊ ချန်ဂူးဝမ်း အရွယ်မရောက်ခင် ချန်ဂူးဝမ်းရမယ့် ဥစ္စာအမွေတွေနဲ့ ငွေဖျိုင်းဖြူ အိမ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ဖို့၊ ကျွန်တော့်ကို သေသေချာချာ မှာကြား စီစဉ်ပေးခဲ့ပါတယ်၊ ပြီးတော့ ချန်ဂူးဝမ်းကို ငွေဖျိုင်းဖြူဂိုဏ်း ချုပ်ကြီးအဖြစ် တင်မြှောက်ဖို့ရာမှာ အသက်ဆယ့်ရှစ်နှစ် ပြည့်တဲ့အ ထိစောင့်ဖို့ အဲဒီအသက်ဆယ့်ရှစ်နှစ် မပြည့်ခင်အတွင်း ချန်ဂူးဝမ်းဟာ ခွင့်မလွှတ်နိုင်တဲ့ ပြစ်မှုကြီးတစ်ခုကို ကျူးလွန်ရင်တော့ ဂိုဏ်းချုပ်ကြီး အဖြစ် မတင်မြှောက်ဘဲ ကျွန်တော်သာ ဂိုဏ်းချုပ်ကြီးအဖြစ် ဆက်ခံ ဖို့ပဲ တခြားသိုင်းအကျော်အမော်ကြီးတွေရှေ့မှာ မှာကြားခဲ့ပါတယ်”

လင်ချမ်းကျူးသည် စကား ခဏဖြတ်လိုက်ပြီးမှ ဆက်၍ ပြောသည်။



“ချန်ဂူးဝမ်းရဲ့အမွေဥစ္စာပစ္စည်းနဲ့ပတ်သက်လို့ အထူးမှာ ကြားထားတာလဲ ရှိပါတယ်၊ ဒီအမွေပစ္စည်းတွေကို ချန်ဂူးဝမ်း အ သက်နှစ်ဆယ်ပြည့်တဲ့နေ့မှပဲ သူ့ကို လွှဲအပ်ပေးရမှာပါ၊ တကယ်လို့ အသက်နှစ်ဆယ်မပြည့်ခင် သူဆုံးသွားမယ်ဆိုရင်တော့ သူ့မှာသားမ ယားရှိနေမယ်ဆိုရင် ဒီအမွေတွေကို သူ့မယားလက်ထဲ လွှဲပေးရမှာ ဖြစ်ပါတယ်၊ ဒီအချက်မှာ တစ်ခုခြွင်းချက်ထားခဲ့တာကတော့ သူ့ရဲ့ဇ နီးမယားဟာ ရိုးသားတဲ့သူဖြစ်ရမယ်၊ အကျင့်စာရိတ္တကောင်းသူ ဖြစ် ရမယ်၊ ချန်ဂူးဝမ်းရဲ့ဥစ္စာပစ္စည်းကိုလိုချင်လို့ ပေါင်းဖက်တာမျိုး မဖြစ် ရပါဘူး၊ ချန်ဂူးဝမ်းရဲ့ဇနီးမယားဟာ အဲဒီလိုမိန်းကလေးမျိုးဖြစ် နေမယ်ဆိုရင်တော့ ချန်ဂူးဝမ်း သေဆုံးသွားသည့်တိုင်အောင် ချန်ဂူး ဝမ်းရဲ့အမွေတွေကို လွှဲပေးစရာမလိုတော့ပါဘူး၊ အဲဒီအခါမှာတော့ ချန်ဂူးဝမ်းရဲ့အမွေဥစ္စာပစ္စည်းတွေကို ငွေဖျိုင်းဖြူဂိုဏ်းအတွက် သုံးစွဲ ဖို့ မှာကြားသွားပါတယ်”

ချန်ဂူးဝမ်း အမွေအကြောင်းကိုသိသော ဧည့်သည်သုံး ဆယ်ကမူ သူတို့ဘာသာ ၎င်းအကြောင်းကို တီးတိုးပြောဆိုနေကြ သည်။

လင်ချမ်းကျူးသည် စင်မြင့်ပေါ်မှ လှမ်းမြင်ရသော်လည်း မသိချင်ယောင်ဆောင်ပြီး ဆက်ပြောနေသည်။

“ကျွန်တော့်အနေနဲ့လဲ ကျွန်တော့် လက်ပေါ်မှာ ကြီးလာခဲ့ရ တဲ့ ချန်ဂူးဝမ်းကို တူသားရင်းတစ်ယောက်လို ချစ်ခဲ့ပါတယ်၊ အတတ် နိုင်ဆုံး ဆိုဆုံးမခဲ့ပါတယ်၊ ဒါပေမယ့် ချန်ဂူးဝမ်းဟာ သူ့ဖခင်လို အ ကျင့်အချင်း မပြည့်ဝဘူး၊ တိုးတက်ရာ တိုးတက်ကြောင်းအတွက် ကြိုးစားလိုစိတ်လဲ မရှိဘူး၊ ဒီတော့ သူဟာလူညံ့ကလေးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရတယ်၊ ဒီကြားထဲ ပိုပြီးဆိုးတာက ဘယ်လိုမှ ခွင့်မလွှတ်နိုင်တဲ့လူမှုရေး ပြစ်မှုကြီးကိုကျူးလွန်လိုက်တာပါပဲ၊ ဘယ်လိုပြစ်မှုကြီးကို ကျူးလွန်တယ်ဆိုတာတော့ လူအတော်များများ သိပြီးကြပါပြီ၊ မသိသေး သူရှိရင် သိအောင်တော့ ပြောပါရစေ၊ ချန်ဂူးဝမ်းဟာ ဒီအိမ်မှာ အမှုထမ်းနေတဲ့ ရှအုံကြူဆိုတဲ့မိန်းကလေးကို အဓမ္မပြုစည်ခဲ့တာပါပဲ၊ ရှအုံကြူဟာ လူလွတ်အပျိုဆိုရင်တော့ သိပ်ပြီး အပြစ်ပြောစရာ မရှိပါဘူး၊ ဒါပေမယ့် ရှအုံကြူဟာ ကာမပိုင်လင်ယောကျ်ား ရှိပါတယ်၊ လင်ရှိမယားတစ်ယောက်ကို ခုလိုစော်ကားတဲ့ အပြုအမူဟာ အဆိုးရွားဆုံး အပြုအမူပါပဲ၊ ဒီပြစ်မှုကို ကျူးလွန်တဲ့ အချိန်တုန်းက သက်သေအဖြစ် အခု ဂူတန်းဂိုဏ်းချုပ်ကြီးဖြစ်နေတဲ့ ဂိုဏ်းချုပ်ကြီးကွန်၊ ခွန်တုံဂိုဏ်းရဲ့ ဒုဂိုဏ်းချုပ်ချူနဲ့ ကွယ်လွန်သွားတဲ့ နယ်စားကြီး စန့်ဟုမ်းယန်းရဲ့ လူယုံတော်ကြီး ထိလုံးတို့ရှိနေကြလို့သာ တော်သေးတာပေါ့၊ နို့မို့ ယုံနိုင်စရာတောင် မရှိပါဘူး၊ ဒီပြစ်မှုကြောင့် တခြားဂိုဏ်းက ဦးစီးခေါင်းဆောင်တွေဟာ အကျင့်စာရိတ္တမကောင်းတဲ့ ချန်ဂူးဝမ်းကို ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီးအဖြစ်မတင်မြှောက်ဖို့ ကျွန်တော့်ကို အကြောင်းကြားကြပါတယ်၊ ဒီတုန်းက နယ်စားကြီး စန့်ဟုမ်းယန်း ကိုယ်တိုင်ကလဲ ကျွန်တော့်ကိုပဲ ငွေဖျိုင်းဖြူဂိုဏ်းချုပ်ဖြစ်ဆက်ခံဖို့ ဆန္ဒပေးလာပါတယ်၊ ဒါကြောင့်လဲ ကျွန်တော်ဟာ အများဆန္ဒအတိုင်း မလွှဲမရှောင်သာတော့ဘဲ ငွေဖျိုင်းဖြူဂိုဏ်းချုပ်ဖြစ် ဆက်ခံတော့တာပါပဲ"

လင်ချမ်းကျုံးသည် စကားဖြတ်လိုက်ပြီးမှ ဆက်ပြောသည်။

"အခုလို ကျွန်တော်ရှင်းလင်း ပြောပြနေရတာကတော့



ကြောင်းမသိတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ ကျွန်တော့်အပေါ်မှာ အထင်လွဲမှာစိုးလို့ပါပဲ၊ ချန်ဂူးဝမ်းအနေနဲ့ သူ့မိဘဘိုးဘွားဘီဘင် အဆက်ဆက်က ထူထောင်ဦးစီးလာခဲ့တဲ့ ငွေဖျိုင်းဖြူဂိုဏ်းမှာ ဂိုဏ်းချုပ်ကြီးအဖြစ်ဆက်ခံခွင့်မရတာလဲ ကံဆိုးရှာတယ်လို့ ဆိုရမှာပါပဲ၊ ပိုင်ယီးယီးဟာ သူ့ဆီက ဥစ္စာပစ္စည်းကိုမက်ပြီး သူ့ကို အမျိုးမျိုး မြှူဆွယ်တယ်၊ ချန်ဂူးဝမ်းကလဲ မိန်းမလှလှမြင်ရင် ဆန္ဒကိုမထိန်းချုပ်နိုင်တဲ့လူဆိုတော့ ပိုင်ယီးယီးကို အရူးအမူးကြိုက်သွားတော့တာပါပဲ၊ ကျွန်တော့်အနေနဲ့ဆိုတော့ ပိုင်ယီးယီးရဲ့ အပြုအမူ အပြောအဆိုကို သဘောမတွေ့ပေမယ့် ချန်ဂူးဝမ်းကိုယ်တိုင်က သဲသဲမဲမဲဖြစ်နေတော့ ချန်ဂူးဝမ်း စိတ်ချမ်းသာပါစေတော့ဆိုပြီး လက်ထပ်ပေးလိုက်မိပါတယ်၊ ကျွန်တော်သိပ်မှားသွားတယ်၊ ဒီတုန်းကသာ ချန်ဂူးဝမ်းရဲ့ အလိုဆန္ဒကို မလိုက်လျောခဲ့ရင် ချန်ဂူးဝမ်းလဲ သေဦးမှာ မဟုတ်ပါဘူး"

"ခုတော့ ချန်ဂူးဝမ်းဟာ လက်ထပ်ပြီးတဲ့ နောက်တစ်နေ့မှာ ပိုင်ယီးယီးရဲ့ လက်ချက်နဲ့ သေဆုံးသွားရရှာပါတယ်၊ လက်ထပ်ပြီးနောက်တစ်နေ့မှာ ပိုင်ယီးယီးက ချန်မျိုးနွယ်ပိုင်တဲ့ ရှင်ရှန်းသိုင်းကျမ်းနဲ့ အဖိုးတန်လက်ဝတ်ရတနာတွေကို ခိုးပြီး ထွက်ပြေးတယ်၊ ချန်ဂူးဝမ်းက သူ့နောက်ကို လိုက်တယ်၊ အဲဒီမှာတင် ပိုင်ယီးယီးက ချန်ဂူးဝမ်းကို သတ်လိုက်တာပါပဲ၊ ဒါကိုတော့ အခု နယ်စားကြီးဖြစ်နေတဲ့ ကျားဖိန်းလဲ သက်သေအဖြစ် ရှိနေပါတယ်၊ ပိုင်ယီးယီးကတော့ ထွက်ပြေးလွတ်မြောက်သွားပါတယ်၊ ဒီနေ့အထိ ပိုင်ယီးယီးရဲ့ သတင်းကို ဘယ်သေတယ်ရှင်တယ်ဆိုတာတောင် မကြားရတော့ပါဘူး၊ ဒါကြောင့် ကျွန်တော်လဲ ချန်ဂူးဝမ်း ပိုင်ဆိုင်မယ့် ဒီစံအိမ်ကြီးနဲ့ အမွေပစ္စည်းတွေကို ငွေဖျိုင်းဖြူဂိုဏ်း တိုးတက်ဖွံ့ဖြိုးရေးမှာ သုံးလာခဲ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



လင်ချမ်းကျိုးသည် ငြိမ်သက်နေသော ဧည့်သည်များကို တစ်ချက် အကဲခတ်ကြည့်လိုက်ပြီးမှ ဆက်ပြောသည်။

“အခုလို သေသေချာချာ ကျွန်တော် ရှင်းလင်းပြောပြနေရတာကတော့ အဖြစ်မှန်ကို မသိသေးတဲ့သူတွေ သိအောင်လို့ပဲ ဖြစ်ပါတယ်၊ ပြီးတော့ အခုရှိနေကြတဲ့ ဧည့်သည်တွေထဲမှာပဲ ပုဂ္ဂိုလ်တချို့ဟာ ကျွန်တော့်ရဲ့ မဟုတ်မမှန်တဲ့ သတင်းတွေကိုကြားပြီး ကျွန်တော့်အပေါ် အထင်အမြင်လွဲနေကြတယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ကျွန်တော့်ကို မလိုလားတဲ့သူတွေကတော့ ကျွန်တော့် မကောင်းကြောင်း၊ မကောင်းသတင်းတွေကို ဖြန့်နေကြပါတယ်၊ ဒါပေမယ့် ကျွန်တော်ရဲရဲကြီး ပြောပါရစေ၊ ကျွန်တော်ဟာ ချန်မျိုးနှယ် ဆက်ဂိုဏ်းချုပ်ကြီးများ ချမှတ်သွားတဲ့ မူဝါဒအတိုင်း ငွေဖျိုင်းဖြူဂိုဏ်းကြီးကို အခုထက်တိုင် အုပ်ချုပ်နေတယ်ဆိုတာတော့ ပြောပါရစေ”

“တစ်ခုတော့ ရှိပါတယ် ဧည့်သည်တော်များခင်ဗျာ၊ ကျွန်တော့်ရဲ့ ငွေဖျိုင်းဖြူဂိုဏ်းဟာ အင်အားကြီးမားတဲ့ဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်လေတော့ ဂိုဏ်းထဲမှာ ကျွန်တော် မသိအောင် မဟုတ်မမှန်တဲ့လုပ်ရပ်တွေကို လုပ်နေတဲ့သူ ရှိနေပါတယ်၊ ဒီလိုလူမျိုးကြောင့် ငွေဖျိုင်းဖြူဂိုဏ်းရဲ့မကောင်းသတင်းဟာလဲ ထွက်ကောင်း ထွက်နိုင်ပါတယ်၊ ဒါပေမယ့် ဒီလိုလူမျိုးကို ကျွန်တော်ဟာ အတတ်နိုင်ဆုံး စုံစမ်းဖော်ထုတ်ပြီး ကြီးလေးတဲ့အပြစ်ဒဏ်ကို ပေးခဲ့တာချည်းပါပဲ”

“နောက်လဲ ကျွန်တော့်ရဲ့ ငွေဖျိုင်းဖြူဂိုဏ်းထဲမှာ ဒီလိုလူမျိုးတွေ သန့်စင်သွားအောင် ပြင်းပြင်းထန်ထန် အရေးယူဦးမှာပါပဲ၊ ဒီတော့ ဧည့်သည်များကို ကျွန်တော်ပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေ



ကျွန်တော့်အပေါ်မှာ သံသယမကင်း ဖြစ်နေတဲ့ ပုဂ္ဂိုလ်များအနေနဲ့ အများလူဘုံအလယ်မှာပဲ ကျွန်တော့်ကိုပွင့်ပွင့်လင်းလင်း မေးမြန်းနိုင်ပါတယ်၊ ဆွေးနွေးနိုင်ပါတယ်၊ ဒါမှလဲ ကျွန်တော့်အပေါ် သံသယရှင်းသွားမှာ ဖြစ်ပါတယ်လို့ပြောရင်း ကျွန်တော့်စကားကို နိဂုံးချုပ်လိုက်ပါရစေခင်ဗျား”

စင်မြင့်အောက်တွင် ထိုင်နေကြသော ဧည့်သည်များထံမှ ဩဘာလက်ခုပ်သံများ ပေါ်ထွက်လာသည်။

လင်ချမ်းကျိုးသည် စင်မြင့်ပေါ်မှ မဆင်းသေးဘဲ ဧည့်သည်များကို လှိုက်လှိုက်လှဲလှဲ ပြုံး၍ ဦးညွှတ်လျက် ရှိနေသည်။

ဩဘာလက်ခုပ်သံများ စဲသွားတော့မှ လင်ချမ်းကျိုးကမေးမြန်းခြင်း ပြုသည်။

“ကျွန်တော့်ကို မေးမြန်းလိုတာများရှိရင် ပွင့်ပွင့်လင်းလင်း မေးမြန်းနိုင်ကြပါတယ်ခင်ဗျာ၊ အားလုံးက သံသယရှင်းလို့ မမေးမြန်းဘူးဆိုရင်တော့ ကျွန်တော်တို့တတွေ စားပွဲသောက်ပွဲကို စတင် ကျင်းပကြတာပေါ့”

ထိုစဉ် ဧည့်သည်များအထဲမှ တောင်ဝှေးကို ကိုင်ထားသော အဘိုးအိုတစ်ဦးက ထရပ်လာပြီး ပြောလိုက်သည်။

“ကျုပ်အနေနဲ့ နည်းနည်းပါးပါးတော့ မေးမြန်းချင်ပါတယ်”

အားလုံး၏မျက်လုံးများက ၎င်းအဘိုးအိုထံ ရောက်သွားကြသည်။

လင်ချမ်းကျိုးက လှမ်းကြည့်လိုက်သောအခါ ၎င်းအဘိုးအိုမှာ ဝိညာဉ်လိုက် သိုင်းမောင်နှံနှစ်ဖော်မှ အဘိုးအို ကွမ်းစင်းအောက် ဖြစ်နေကြောင်းတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်ချမ်းကျုံး အနည်းငယ်တော့ မျက်စိမျက်နှာ ပျက်သွားသည်။

ကျောက်စိမ်းလက်ဝါး ဂိုဏ်းချုပ်ကြီး ကျန်းယုစိန်ကလည်း အဘိုးအိုကိုကြည့်ပြီး တွေးလိုက်သည်။

"ဝိညာဉ်လိုက်မောင်နှံနှစ်ဖော်ကတော့ လင်ချမ်းကျုံးကို ပြဿနာရှာကြတော့မယ်နဲ့ တူတယ်၊ ဒီလူကြီးရဲ့မျက်နှာက သုန်သုန်မှုန်မှုန် မကျေမနပ်နဲ့"

လင်ချမ်းကျုံးကလည်း ပျက်သွားသောမျက်နှာကို ပြင်လိုက်ပြီး....

"မေးနိုင်ပါတယ်ခင်ဗျာ၊ မေးနိုင်ပါတယ်၊ ဘယ်သူမဆို ကျွန်တော့်အပေါ် သံသယရှိတယ်ဆိုရင် ပွင့်ပွင့်လင်းလင်း မေးမြန်းနိုင်ပါတယ်၊ ကျွန်တော်ကိုယ်တိုင်က ဖိတ်ခေါ်ထားတာပဲ၊ တစ်ခုတော့ ရှိတယ်ခင်ဗျာ"

"ဘာတစ်ခုရှိတာလဲကွ"

"ကျွန်တော့်ကို မေးမြန်းတဲ့နောင်ကြီးကွမ်းဟာ ဘယ်သူ ဘယ်ဝါဖြစ်တယ်ဆိုတာတော့ ဧည့်သည်များ သိချင်ကြလိမ့်မယ်၊ ဒီတော့ ကျွန်တော့်ကို မမေးမြန်းခင် နောင်ကြီးကွမ်းဟာ ဘယ်သူ ဘယ်ဝါဖြစ်တယ်ဆိုတာတော့ ဧည့်သည်များသိအောင် ကျွန်တော် ထုတ်ဖော်ပြီး ပြောပါရစေ၊ ပြီးတော့ နောင်ကြီးကွမ်းတို့လို ပုဂ္ဂိုလ်မျိုးတွေ ဒီပွဲကိုတက်လာတယ်ဆိုတာ အများသိတော့ ကျွန်တော် ဂုဏ်ရှိတာပေါ့"

ဧည့်သည်များမှာ အဘိုးအိုကို မည်သူမည်ဝါမှန်း မသိကြချေ။



လင်ချမ်းကျုံးနှင့် အပြန်အလှန်ပြောနေကြသည်ကိုသာ စိတ်ဝင် စားနေကြသည်။

လင်ချမ်းကျုံးက ခွင့်တောင်းလိုက်သောအခါ အဘိုးအိုကလည်း ခပ်တင်းတင်းပင် ပြန်ပြောသည်။

"လင်ချမ်းကျုံး... တို့ဟာ ဘယ်သူဘယ်ဝါဆိုတာ မင်းပဲ ဧည့်သည်တွေကို သိအောင် ပြောပြလိုက်ပါ"

ထိုအခါမှ လင်ချမ်းကျုံးသည် ဧည့်သည်များကို ကြည့်လိုက်ပြီး....

"ဧည့်သည်တော်များ ခင်ဗျာ၊ အခု မတ်တတ်ရပ်နေတဲ့ နောင်ကြီးကွမ်းကတော့ အခြားသူ မဟုတ်ပါဘူး၊ ဝိညာဉ်လိုက် သိုင်းမောင်နှံနှစ်ဖော်အနက်က နောင်ကြီး ကွမ်းစန်းအောက်ပါပဲ၊ သူ့ဘေးနားမှာ ထိုင်နေတဲ့ အစ်မကြီးကတော့ ချန်းဂူလန့်ပါပဲ ခင်ဗျာ၊ ဝိညာဉ်လိုက်သိုင်းမောင်နှံနှစ်ဖော်ဟာလဲ ဒီအထိမ်းအမှတ်ပွဲကိုတက်ရောက်လာလို့ အများကြီး ထူးခြားသွားပါတယ်ခင်ဗျာ"

ဧည့်သည်အားလုံးလိုလိုမှာ အဘိုးအိုတို့နှင့်အဘွားအိုကို ကြည့်ပြီး အံ့သြတကြီးဖြစ်သွားကြသည်။

သူတို့ထံမှ အံ့သြတကြီး ရေရွတ်သံများမှာလည်း တခဲနက် ပေါ်ထွက်လာသည်။

အဘိုးအိုကမူ မည်သူ့ကိုမှ ဂရုစိုက်ဟန်မပြဘဲ လင်ချမ်းကျုံး

www.burmeseclassic.com

www.burmeseclassic.com



ကိုသာ ပြောလိုက်သည်။

"ကဲ... ငါမေးချင်တာ မေးလို့ရပြီလား"

"ဟုတ်ကဲ့... နောင်ကြီးကွမ်း သိလိုတာသာ မေးပါ"

အဘိုးအိုသည် ခဏမျှ စဉ်းစားသလို မျက်မှောင်ကြုတ်နေပြီးမှ....

"ချန်ဂူးဝမ်းနဲ့ပိုင်ယီးယီးတို့ လက်ထပ်ခဲ့ကြတယ်၊ လက်ထပ်ပြီး နောက်တစ်နေ့မှာ ပိုင်ယီးယီးရဲ့ လက်ချက်နဲ့ ချန်ဂူးဝမ်းသေတယ်၊ ပိုင်ယီးယီးကတော့ ထွက်ပြေးလွတ်မြောက်သွားတယ်၊ ပိုင်ယီးယီးဟာ ချန်ဂူးဝမ်းရဲ့ ဇနီးမယားဖြစ်သော်လည်း အကျင့်စာရိတ္တမကောင်းလို့ ချန်ဂူးဝမ်းရဲ့ အမွေတွေကို မရထိုက်ဘူးလို့ မင်း ပြောခဲ့တယ်နော်"

"ဟုတ်ကဲ့... ပြောခဲ့ပါတယ် နောင်ကြီးကွမ်း"

"ပိုင်ယီးယီးဟာ အကျင့်စာရိတ္တမကောင်းလို့ ချန်ဂူးဝမ်းဉစ္စာအမွေပစ္စည်းတွေကို မရထိုက်ဘူးဆိုတာတော့ ထားတော့၊ ဒါပေမယ့် ခုချိန်မှာ ချန်ဂူးဝမ်းရဲ့ သားပဲဖြစ်ဖြစ် သမီးပဲဖြစ်ဖြစ် တစ်ယောက်ယောက်ရှိနေဦးမယ်ဆိုရင်ကော အဲဒီချန်ဂူးဝမ်းရဲ့ သွေးသားရင်းချာတစ်ယောက်ယောက်က ချန်ဂူးဝမ်းရဲ့ အမွေဉစ္စာပစ္စည်းတွေကို မရထိုက်တော့ဘူးလား"

အဘိုးအို၏အမေးစကားကြောင့် လင်ချမ်းကျိုးသာမက ညှော်သည်များ အားလုံးပါ ပါးစပ်အဟောင်းသားဖြစ်သွားကြလေတော့သည်။



## အခန်း(၇)

## ပုန်းကွယ်နေသောသူ

လင်ချမ်းကျိုး၏ မျက်နှာမှာလည်း မကျေနပ်သည့်အသွင်မျိုး ဖြစ်သွားသည်။

"နောင်ကြီးကွမ်း.... မဖြစ်နိုင်တဲ့ မေးခွန်းမျိုးတွေကို ဘာဖြစ်လို့မေးရတာလဲ"

"ဘယ်အရာမဆို မဖြစ်နိုင်ဘူးလို့ ထင်ထားတာတွေဟာ တစ်ခါတလေတော့ ဖြစ်လာတတ်ကြတယ်မဟုတ်လား၊ မဖြစ်နိုင်ဘူးပဲ ထားပါဦးလေ၊ တကယ်လို့ ကျုပ်ပြောသလို ဖြစ်လာခဲ့ရင် ဘယ်လိုလုပ်ပြီး ဖြေရှင်းမယ်ဆိုတာ သိချင်လို့ပါ၊ ကျုပ်လိုပဲ တခြားလူတွေလဲ သိချင်လိမ့်မယ်လို့ ထင်ပါတယ်"

"ချန်ဂူးဝမ်းမှာ သွေးသားရင်းချာဆိုလို့ တစ်ယောက်မှ မကျန်ခဲ့ဘဲ"

"ထွက်ပြေးလွတ်မြောက်သွားတဲ့ ပိုင်ယီးယီးဟာ ချန်ဂူးဝမ်းရဲ့ လူသိရှင်ကြား ဇနီးမယားပဲ၊ ပိုင်ယီးယီးမှာ ချန်ဂူးဝမ်းရဲ့ကိုယ်ဝန်ပါ

www.burmeseclassic.com

www.burmeseclassic.com



မသွားဘူးလို့ မပြောနိုင်ပါဘူး၊ အဲဒီလို ပေါ်လာခဲ့ရင် ဘယ်လိုလုပ်မယ်ဆိုတာ ကျုပ် သိချင်ပါတယ်”

လင်ချမ်းကျိုးမှာ အတော်ကြီး မျက်စိမျက်နှာပျက်နေသည်။

သူသည် ဤအချက်ကို လုံးလုံး တွေးမထားမိချေ။

ယခု အဘိုးအိုပြောမှ ဤအချက်ကို လင်ချမ်းကျိုး စဉ်းစားမိခြင်းဖြစ်သည်။

အဘိုးအို ကွမ်းစန်းအောက် ပြောသလို မဖြစ်နိုင်ဟုလည်း တထစ်ချ ပြော၍မရပါချေ။

လင်ချမ်းကျိုးသည် အတန်ကြာအောင် တွေတွေကြီး စဉ်းစားနေမိသည်။

ဧည့်သည်များပါ သူ့အဖြေကို စိတ်ဝင်တစား စောင့်နေကြကြောင်း တွေ့ရသောအခါ သူသည် စိတ်မပါ့တပါဖြင့် ပြောလိုက်ရတော့သည်။

“ပိုင်ယီးယီးသာ ချန်ဂူးဝမ်းရဲ့ သွေးသားတစ်ယောက်ယောက်ကို အမှန်မွေးဖွားခဲ့မယ်ဆိုရင်တော့ တစ်မျိုးတစ်ဖုံ စဉ်းစားရပါလိမ့်မယ်”

“ဘယ်လိုစဉ်းစားမှာလဲ”

လင်ချမ်းကျိုး အဖြေရကျပ်နေသည်။

တကယ်တမ်းသာ ချန်ဂူးဝမ်း သွေးသားတစ်ယောက်ယောက်ပေါ်လာခဲ့ရင် ချန်ဂူးဝမ်း ရမည့်ဥစ္စာအမွေပစ္စည်းအားလုံးကို ၎င်းသွေးသားအား လွှဲပြောင်းပေးအပ်ရမည်ဖြစ်ကြောင်း လင်ချမ်းကျိုး တွေးမိသည်။

သူ့အနေနှင့် ချန်ဂူးဝမ်း၏သွေးသားကို အသိအမှတ်မပြုနိုင်



ပါဟု လူပုံလယ်တွင် ပြောခဲ့သောသူ့ကို အားလုံးက အပြစ်တင် ရှုတ်ချကြပေတော့မည်။

ချန်ဂူးဝမ်း၏ ရပိုင်ခွင့်များကို သူသည် မတရားသဖြင့် ရယူခဲ့သည့် ကိစ္စအဝဝမှာလည်း ပေါ်ပေါက်သွားနိုင်လေသည်။

“အိုလေ... ငါ့ ပါးစပ်ကပဲ ပြောရ ပြောရမှာပဲ၊ တကယ်တမ်းဆို ဘယ်နည်းနဲ့မှ ချန်ဂူးဝမ်းရဲ့ သွေးသား တစ်ယောက်ယောက်ပေါ်ပေါက်လာနိုင်စရာလမ်း မရှိပါဘူး၊ ချန်ဂူးဝမ်းသေသွားတာပဲ အနှစ်နှစ်ဆယ်လောက်ရှိနေပြီ တကယ်တမ်းသာ ပေါ်လာမယ်ဆိုရင် ဒီလောက်တောင် ကြာနေမှာ မဟုတ်ဘူး၊ ပေါ်လာတာ ကြာလှပြီပေါ့၊ အခုမှ ပေါ်လာမယ်ဆိုရင်လဲ သူဟာ လူလိမ်တစ်ယောက်ပဲ ဖြစ်လိမ့်မယ်”

ထိုသို့ လင်ချမ်းကျိုး တွေးမိပြီး စိတ်သက်သာရာ ရသွားသည်။

ဧည့်သည်များ အားလုံးလိုလို တိတ်ဆိတ်ငြိမ်သက်စွာ သူ့အဖြေစကားကို နားစွင့်နေကြသည်။ သူသည် ချောင်းတစ်ချက် ဟန့်လိုက်သည်။

“အဟမ်း”

သူ့ချောင်းဟန့်သံက တိတ်ဆိတ်မှုကို ဖောက်ထွင်းပေါ်ထွက်လာသည်။

“နောင်ကြီးကွမ်း ပြောသလို ချန်ဂူးဝမ်းရဲ့သွေးသားတစ်ယောက်ယောက် ပေါ်လာမယ်ဆိုရင်တော့ ကျွန်တော့်အနေနဲ့ ချန်ဂူးဝမ်းရသင့်တဲ့ ရထိုက်တဲ့ အမွေဥစ္စာပစ္စည်းအားလုံးကို အဲဒီကလေးအတွက် ပေးဖို့ တာဝန်ရှိပါတယ်၊ ဒါပေမယ့် အဲဒီကလေးဟာ ချန်ဂူးဝမ်း

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ရင်သွေး အမှန်တကယ်ဖြစ်ကြောင်းကိုတော့ အထူးသက်သေပြစို့ လိုပါတယ်"

လင်ချမ်းကျိုးသည် စကားကို စဉ်းစဉ်းစားစား ပြောသည်။

သူ့အနေနှင့် မစဉ်းမစားပြောလိုက်လျှင် စကားကျွံသွားမည် စိုးသောကြောင့် ဖြစ်လေသည်။

သူသည် ပြောလက်စ စကားကိုဖြတ်လိုက်ပြီး ရှေ့ဆက် ပြောရမည့်စကားစုကို စဉ်းစားနေစဉ်မှာပင် ခန်းမကျယ်ကြီးထဲသို့ ဟွားချုံ ပြေးဝင်လာသည်ကို မြင်ရသည်။

ဟွားချုံ၏အမူအရာက အရေးတကြီးနိုင်လှသည်။

သူသည် မတ်တတ်ရပ်နေသော အဘိုးအိုကွမ်းစန်းအောင် ကို တစ်ချက်ကြည့်လိုက်ပြီးမှ လင်ချမ်းကျိုး ရပ်နေသော စင်မြင့်အထိ ခပ်သုတ်သုတ် ဆက်လျှောက်သွားသည်။

လင်ချမ်းကျိုး ရှေ့တွင်ရပ်လိုက်ပြီး ဦးညွှတ်အရိုအသေ ပေး လိုက်သည်။ ပြီးမှ စကားဆိုသည်။

"ဝင်းတံခါးဝမှာ ဧည့်သည်နှစ်ဦး ရောက်နေပါတယ် သခင် ကြီး၊ ကျွန်တော်တို့ တားထားတာတောင် အတင်းဝင်မယ် တကဲကဲ လုပ်နေပါတယ်၊ ဧည့်သည်နှစ်ယောက်စလုံး သိပ်ပြီးလဲ ဒေါသဖြစ်နေ ကြပါတယ်"

"ဘယ်သူတွေလဲ ဟွားချုံ"

"အဘိုးအိုနဲ့ အဘွားအိုနှစ်ယောက်ပါ၊ သူတို့ကိုယ် သူတို့ ဝိညာဉ်လိုက် သိုင်းမောင်နှံနှစ်ဖော်လို့ ပြောနေပါတယ်၊ သခင်ကြီးနဲ့ ဖိတ်စာရလို့ သူတို့လာခဲ့တာပါတဲ့"

"ဟေ...."



လင်ချမ်းကျိုး မျက်လုံးပြူးသွားပြီး မတ်တတ်ရပ်နေသော အဘိုးအိုနှင့် ထိုင်နေသော အဘွားအိုနှစ်ယောက်ကို ကြည့်လိုက် သည်။

ဝိညာဉ်လိုက် သိုင်းမောင်နှံနှစ်ဖော် ရောက်နေကြပြီဖြစ် ကြောင်း သိထားသော တခြားဧည့်သည်များ အားလုံးလည်း လှုပ် လှုပ်ရွရွ ဖြစ်သွားကြသည်။

ပြောဆိုဝေဖန်သံများလည်း အသီးသီး ပေါ်ထွက်လာ သည်။

"ဝိညာဉ်လိုက် သိုင်းမောင်နှံနှစ်ဖော်က ဟိုမှာရောက်နေပြီ ပဲ၊ အခုဟာက ဘယ်လိုလုပ်ပြီး ရောက်လာရတာလဲ"

"အခုထပ်ပြီး ရောက်လာတဲ့သူတွေက ဝိညာဉ်လိုက် သိုင်း မောင်နှံနှစ်ဖော်ရဲ့နာမည်ကို အလွဲသုံးစားလုပ်တဲ့ လူလိမ်လူညာဖြစ် မှာပေါ့"

"အိုဗျာ... ကျုပ်တို့မှ ဝိညာဉ်လိုက် သိုင်းမောင်နှံနှစ်ဖော်ကို မမြင်ဖူးတာ၊ ခုလို အရမ်းပြောနေလို့ ဘယ်ဖြစ်ပါ့မလဲ"

လင်ချမ်းကျိုးက ဦးစွာရောက်နေသော ဝိညာဉ်လိုက် သိုင်း မောင်နှံနှစ်ဖော်ကို သေချာစွာ အကဲခတ်ကြည့်လိုက်သည်။

အဘိုးအို၊ အဘွားအိုနှစ်ယောက်စလုံးကမူ မည်သို့မှ စိတ် လှုပ်ရှားသည့် အမူအရာမျိုးမပြဘဲ ခပ်အေးအေးသာ ရှိနေကြသည်။

လင်ချမ်းကျိုး အဘိုးအိုထံ လက်ညှိုးညွှန်ပြပြီး ဟွားချုံကို ပြောလိုက်သည်။

"ဟိုမှာ ဝိညာဉ်လိုက် သိုင်းမောင်နှံနှစ်ဖောက် ရောက်နေ ကြပြီဆိုတာ မင်းကိုယ်တိုင် သိနေတာပဲ၊ အခုရောက်လာတဲ့ လူလိမ်

www.burmeseclassic.com

www.burmeseclassic.com



လူညာတွေပဲ ဖြစ်ရမှာပေါ့၊ ဒီလူလိမ်လူညာတွေကို မင်းတို့က ဝိုင်း
မောင်းမထုတ်လိုက်ကြဘူးလား"

"ကျွန်တော်တို့လဲ မောင်းထုတ်ဖို့ ကြိုးစားကြပါသေးတ
သခင်ကြီး၊ ဒါပေမယ့် သူတို့နှစ်ယောက်ရဲ့သိုင်းပညာက သိပ်ပြီး
ဆင့်မြင့်နေပါတယ်၊ ကျွန်တော်တို့ရဲ့လူ သုံးလေးယောက်တော
ဒဏ်ရာရသွားပါတယ်၊ အဘိုးကြီးနဲ့အဘွားကြီးနှစ်ယောက်စလုံး
တင်းဝင်ဖို့ ကြိုးစားနေပါတယ်၊ ကျွန်တော် အခြေအနေမလှတော့

ဟွားချုံ့စကားဆုံးအောင်ပင် မပြောနိုင်ဘဲ ရပ်သွားသည်

အပြင်ဘက်မှ ဆူညံအော်ဟစ်သံများ ပေါ်ထွက်လာသေ
ကြောင့် ဖြစ်လေသည်။

"မဝင်စေနဲ့ဟေ့... တား... ထား"

"ဝုန်း... ဒိုင်း"

"ဖယ်ကြစမ်း... ဟိတ်... မဖယ်ရင် မင်းတို့အားလုံး သေ
လိမ့်မယ်"

"ဒုန်း... ဝုန်း"

"လင်ချမ်းကျူး ဘယ်မှာလဲကွ၊ ဘယ်မှာလဲ"

ခန်းမကျယ်ကြီးထဲတွင် ရှိနေကြသူအားလုံး၏ မျက်လုံး
မှာ ခန်းမကျယ်ကြီး၏တံခါးပေါက်ဆီကို ရောက်သွားကြသည်။

တံခါးပေါက်ဝမှ တောင်ဝှေးကိုယ်စီ ကိုင်ဆောင်ထားသေ
အဘိုးအိုနှင့် အဘွားအိုနှစ်ဦး ဒေါသတကြီးဖြင့် ဝင်လာကြသည်
တွေ့ကြရသည်။

ဟွားချုံက ထိတ်ထိတ်လန့်လန့်ဖြင့် အဘိုးအို အဘွား
နှစ်ယောက်ကို လက်ညှိုးထိုးပြပြီးပြောလိုက်သည်။



"သူတို့... သူတို့နှစ်ယောက်ပါပဲ သခင်ကြီး"

လင်ချမ်းကျူးက စင်မြင့်ပေါ်မှပင် အဘိုးအို အဘွားအိုတို့ကို စူးစူးစိုက်စိုက်ကြည့်သည်။

အဘိုးအိုနှင့်အဘွားအိုတို့ကလည်း ခန်းမကျယ်ကြီးအတွင်းသို့ မျက်စိဝေ့ဝိုက်၍ ကြည့်လိုက်ပြီးမှ စင်မြင့်ပေါ်ရှိ လင်ချမ်းကျူးကို ကြည့်လိုက်ကြသည်။

အဘိုးအိုကပင် ဒေါသတကြီးဖြင့် လင်ချမ်းကျူးကို အော်ပြောသည်။

"ဘယ်လိုလဲကွ... မင်းက တို့ကို အရှက်ခွဲတာလား၊ ဒီအထိမ်းအမှတ်ပွဲကိုတက်ဖို့ တို့ဆီကို မင်းက ဖိတ်စာပို့လိုက်တယ်၊ တို့ကလဲ ခရီးအဝေးကြီးက တကူးတက လာခဲ့ကြရတယ်၊ ဒီကိုရောက်တော့ ခင်းလူတွေက ဝင်ခွင့်မပေးဘူး၊ တို့ကို လူလိမ်လူညာတွေလို့ တောင်စွပ်စွဲချင်ကြသေးတယ်၊ ဒီတော့ တို့ကလဲ ပညာနည်းနည်း ပေးလိုက်တယ်"

လင်ချမ်းကျူးသည် ဦးစွာရောက်နေသော ဝိညာဉ်လိုက် သိုင်းမောင်နှံနှစ်ဖော်နှင့် ယခုမှရောက်လာသော အဘိုးအို အဘွားအိုတို့ကို အပြန်အလှန် အကဲခတ်ကြည့်နေသည်။

ထိုသို့ကြည့်နေရင်းမှ သူ့စိတ်ထဲတွင် ယခုမှ ရောက်လာကြသော အဘိုးအို အဘွားအိုမှာ လွန်ခဲ့သော နှစ်သုံးဆယ်ခန့်က သူနှင့်တွေ့ဆုံဖူးသော ဝိညာဉ်လိုက် သိုင်းမောင်နှံနှစ်ဖော်တို့နှင့် အတော်ကလေးတူကြောင်း သတိထားမိလာသည်။

သို့သော် သူ့စိတ်ထဲတွင် ဝေခွဲရခက်နေသေးသည်။

ဘာပြန်ပြောရမှန်းပင် မသိအောင် ဖြစ်နေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုမှရောက်လာသော အဘွားအိုကြီးကလည်း ဒေါသဖြ
ပြောပြန်သည်။

"လင်ချမ်းကျိုး... တို့ကို မကြိုဆို မဖိတ်ခေါ်ဘဲ ဘာဖြစ်
ကြောင်ကြောင်ကြီး ကြည့်နေရတာလဲ၊ တို့က အသက်နဲ့လူလုပ်တာ
မဟုတ်ဘူး၊ အရက်နဲ့လူလုပ်တာ၊ ဒီလို အပေါက်မျိုးချိုးရင်တော့ 
ရဲ့ပိုင်နက်ထဲမှာ ဖြစ်ပေမယ့် မင်းသေသေ တို့သေသေ တိုက်ရမှာ

လင်ချမ်းကျိုးက လက်ကာပြလိုက်ပြီး....

"ခဏလေး သည်းခံကြပါဦး ခင်ဗျာ၊ သည်းခံကြပါဦး၊ ကျွ
တော့်ဆီကို ရောက်လာတဲ့ဧည့်သည်မှန်သမျှ ဘယ်သူ့ကိုမှ စော်ကား
လိုတဲ့စိတ်မျိုး ကျွန်တော့်မှာ မရှိပါဘူး၊ ကျွန်တော်တစ်ခုလောက်
မေးပါရစေ"

"ဘာမေးမှာလဲ"

"နောင်တော်ကြီးတို့ဟာ တကယ်ပဲ ဝိညာဉ်လိုက် သိုင်း
မောင်နှံနှစ်ဖော် ဟုတ်ပါသလား"

လင်ချမ်းကျိုး၏အမေးကြောင့် အဘိုးအိုနှင့်အဘွားအိုနှ
ဦးစလုံး ပိုပြီး ဒေါသဖြစ်သွားကြသည်။

"ဘာကွ... ဒီမေးခွန်းဟာ လူပုံအလယ်မှာ တို့ကို စော်ကား
လိုက်တာနဲ့အတူတူပဲ၊ ဒီသိုင်းလောကမှာ ဝိညာဉ်လိုက် သိုင်းမောင်
နှစ်ဖော်ဆိုလို့ တို့ပဲ ရှိတယ်၊ နာမည်တူလဲ မရှိဘူး"

"သည်းခံပါ ခင်ဗျာ၊ ခုလိုမေးရတာ အကြောင်းရှိလို့ပါ"

"ဘာအကြောင်းလဲ"

"တစ်နေ့ကပဲ ကျွန်တော့်ရဲ့စံအိမ်ကို ဝိညာဉ်လိုက်သိုင်း
မောင်နှံနှစ်ဖော် ရောက်နေကြပါတယ်၊ သူတို့နှစ်ယောက်ပါပဲ"



လင်ချမ်းကျိုးက စားပွဲတွင် ရှိနေသော အဘိုးအို အဘွားအို
ကို လက်ညှိုးထိုးပြသည်။

ယခုမှ ရောက်လာသော အဘိုးအို အဘွား အိုနှစ်ယောက်စ
လုံးက လင်ချမ်းကျိုး လက်ညှိုးထိုးပြသော အဘိုးအို အဘွားအိုတို့ကို
ကြည့်လိုက်ကြသည်။ ပို၍လည်း ဒေါသဖြစ်သွားကြ၏။

ထိုအချိန်တွင် စားပွဲတွင် နေရာယူထားသော အဘိုးအို အ
ဘွားအိုနှစ်ဦးစလုံး ထရပ်နေကြပြီဖြစ်၏။

ယခုမှ ရောက်လာသောအဘိုးအိုက သူတို့ကို ဒေါသတကြီး
ဖြင့် လက်ညှိုးထိုးလိုက်ပြီး အော်ငေါက်လိုက်သည်။

"ခင်ဗျားတို့လား ဝိညာဉ်လိုက် သိုင်းမောင်နှံနှစ်ဖော်ဆိုတာ
ပြောစမ်း ပြောစမ်း"

အဘွားအိုကလည်း ဒေါသဖြင့် ပြောပြန်သည်။

"ရှင်တို့က ကျွန်မတို့ရဲ့နာမည်တွေကို ဘာဖြစ်လို့ အလွဲသုံး
စား လုပ်ရတာလဲ၊ ရှင်တို့ ဘယ်သူတွေလဲ၊ ပြောစမ်းပါ"

စားပွဲမှ အဘိုးအို အဘွားအိုတို့နှစ်ယောက်စလုံး၏အမူအ
ရာများမှာ ခပ်အေးအေးပင် ရှိနေကြသည်။

တစ်ဦးနှင့်တစ်ဦးလည်း ခေါင်းညိတ်အချက်ပြလိုက်သည်။

ပြီးနောက် စားပွဲမှ ထွက်ခွာလာခဲ့ကြသည်။

အဘွားအိုက စင်မြင့်ဆီသို့ လျှောက်သွားသည်။

အဘိုးအိုက တံခါးပေါက်ဝတွင် ရပ်နေသော အဘိုးအို၊ အ
ဘွားအိုထံ ခပ်ဖြည်းဖြည်းပင် လျှောက်လာသည်။

ဧည့်သည်အားလုံး ပထမရောက်နေသော အဘိုးအိုအဘွား
အိုနှင့် နောက်မှရောက်လာသော အဘိုးအို အဘွားအိုတို့ကို စိတ်ဝင်

www.burmeseclassic.com

www.burmeseclassic.com



တစား အကဲခတ်ကြည့်နေကြသည်။

စားပွဲမှ ထွက်လာသော အဘိုးအိုက တံခါးဝတွင် ရပ်နေသောအဘိုးအို အဘွားအိုရှေ့တွင် ရပ်လိုက်သည်။

ပြီးမှ အေးအေးဆေးဆေးပင် စကားဆိုသည်။

"ဝိညာဉ်လိုက် သိုင်းမောင်နှံနှစ်ဖော်ဆိုတာ ခင်ဗျားတို့လား"

တံခါးပေါက်ဝမှ အဘိုးအိုက ဒေါသတကြီးဖြင့် ပြန်အော်သည်။

"ဟုတ်တယ်ဟေ့ ဟုတ်တယ်၊ ဘာဖြစ်လို့တို့နာမည်တွေကို အလွဲသုံးစားလုပ်ပြီး ဒီကိုလာရတာလဲဆိုတာ အမှန်အတိုင်း ပြောစမ်းပါ"

"ဒီမှာရှိနေတဲ့ ဧည့်သည်များအားလုံး နားလည်သဘောပေါက်အောင် ကျွန်တော်ရှင်းပြပါ့မယ်၊ ခင်ဗျားကိုတော့ အရေးကြီးတဲ့ စကားကို နှစ်ကိုယ်ကြားပြောပါရစေ"

"ဘာစကားလဲ"

ပထမ အဘိုးအိုက ယခုမှ ရောက်လာသော အဘိုးအို၏ နား၊နားကို သူ့ပါးစပ်ကို ကပ်လိုက်ပြီး နှစ်ကိုယ်ကြားသာရုံ စကားတိုးတိုး ပြောလိုက်သည်။

လင်ချမ်းကျူးကမူ ပထမရောက်လောသာ အဘိုးအိုနှင့်အဘွားအိုနှစ်ယောက်၏ အပြုအမူကို သင်္ကာမကင်းဖြစ်လာသည်။

ပထမရောက်နေသော အဘိုးအိုအဘွားအို နှစ်ယောက်စလုံးမှာ ဝိညာဉ်လိုက် သိုင်းမောင်နှံနှစ်ဖော် နာမည်ကိုအလွဲသုံးစားလုပ်ပြီး ရောက်လာသူများ ဖြစ်လိမ့်မည်ဟုလည်း တွေးမိလာသည်။



ယခုမှ ရောက်လာသော အဘိုးအို အဘွားအိုသာလျှင် ဝိညာဉ်လိုက် သိုင်းမောင်နှံနှစ်ဖော်ဖြစ်လိမ့်မည်ဟုလည်း စဉ်းစားမိသာသည်။

သို့သော် ယင်းကိစ္စကို မိမိထက် ကာယကံရှင်များဖြစ်သော ဝိညာဉ်လိုက် သိုင်းမောင်နှံနှစ်ဖော်က ဦးစွာဖော်ထုတ်ဖြေရှင်းသင့်သည်ဟု လင်ချမ်းကျူး ယူဆသည်။

ပြီးမှ လူလိမ်လူညာနှစ်ယောက်ကို မိမိအရေးယူဆောင်ရွက်ရပေလိမ့်မည်။

ထိုအတွေးဖြင့် လင်ချမ်းကျူးသည် ငြိမ်နေလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၈)

စင်မြင့်ပေါ်သို့တက်လာသူ

ခန်းမကျယ်ကြီးအတွင်း အပ်ကျသံပင် ကြားနိုင်လောက်အောင် တိတ်ဆိတ်ငြိမ်သက်နေသည်။

ဧည့်သည်အားလုံးပင် အဘိုးအို အဘွားအိုနှစ်တွဲရှိသည့်အနက် မည်သည့်အတွဲက ဝိညာဉ်လိုက် သိုင်းမောင်နှံနှစ်ဖော် အစစ်ဖြစ်ပြီး မည်သည့်အတွဲက အတုဖြစ်လိမ့်မည်ကို စိတ်ထဲမှ စဉ်းစားဝေဖန်နေကြသည်။

ယခုမှရောက်လာသော အဘိုးအိုသည် ရောက်စက ဒေါသတကြီးဖြစ်နေသော်လည်း ပထမရောက်နေသော အဘိုးအိုက နှစ်ကိုယ်ကြား စကားဆိုလိုက်သောအခါ သူ့မျက်နှာက တမုဟုတ်ချင်း ပြောင်းလဲသွားသည်။

သူ့မျက်နှာတွင် လွှမ်းမိုးနေသော ဒေါသများလည်း လွင့်စင်သွားသည်။ အံ့ဩသည့်အသွင်မျိုး ဖြစ်လာသည်။

ပထမရောက်နေသော အဘိုးအိုက ပြန်ခွာလိုက်သောအခါ ယခုမှ ရောက်လာသော အဘိုးအိုသည် ပထမရောက်နေသော အဘိုးအို၏မျက်နှာကို သေသေချာချာ ကြည့်သည်။ ပြီးမှ တီးတိုးစကားပြန်ဆိုသည်။

"ကျုပ်တော့ အံ့ဩလို့ကို မဆုံးတော့ဘူး၊ သိပ်အံ့ဩဖို့ကောင်းပါလား"



"ဘာတွေ အံ့ဩနေတာလဲရှင့်"

ဘေးနားမှ အဘွားအိုက မည်သို့မှ နားမလည်သဖြင့် မေးလိုက်သည်။

ထိုအခါ သူ၏တွဲဘက်အဘိုးအိုက အဘွားအိုနား၌နားကို သူ့မျက်နှာကပ်ပြီး တီးတိုးပြောပြနေသည်။

ထိုစဉ် ပထမအဘိုးအိုလည်း စင်မြင့်ရှိရာသို့ လျှောက်လာ၏။

စင်မြင့်ပေါ်မှ လင်ချမ်းကျိုးသာမက ဧည့်သည်များပါ ပထမ အဘိုးအိုကို အကဲခတ်ကြည့်နေကြသည်။

စင်မြင့်အနီးကို ရောက်လာသော ပထမအဘိုးအိုကို လင်ချမ်းကျိုးက စိတ်မရှည်စွာဖြင့် လှမ်းမေးသည်။

"ကဲ... ဘယ်သူက ဝိညာဉ်လိုက် သိုင်းမောင်နှံနှစ်ဖော် အစစ်လဲ၊ ဘယ်သူက အတုလဲ၊ ပြောကြစမ်းပါ... ပြောကြစမ်းပါ"

ပထမအဘိုးအိုက စင်မြင့်အနီးတွင် ရပ်လိုက်ပြီးမှ လင်ချမ်းကျိုးကို မော့ပြောသည်။

"ဂိုဏ်းချုပ်ကြီးလင်ချမ်းကျိုးက စင်မြင့်ပေါ်မှာပဲ နေပါဦး၊ ကျုပ် စင်မြင့်ပေါ်ကို တက်လာခဲ့ပါ့မယ်၊ ဘယ်သူက အတုဆိုတာလဲ ပြောပါ့မယ်"

ပထမအဘိုးအိုသည် သူ၏တွဲဘက် အဘွားအို၏လက်တစ်ဖက်ကိုဆွဲကာ စင်မြင့်ပေါ်သို့ အေးအေးဆေးဆေး အမူအရာဖြင့်သာ တက်လာသည်။

လင်ချမ်းကျိုးနှင့် မလှမ်းကမ်းတွင် ရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုမှရောက်လာသော အဘိုးအို အဘွားအိုနှစ်ယောက်စလုံးမှာ တံခါးပေါက်နားတွင်သာ ရပ်နေကြတုန်းဖြစ်၏။

သူတို့နှစ်ဦးစလုံး၏ မျက်နှာတွင် ဒေါသ၏အရိပ်အရောင်များ လုံးလုံးမရှိကြတော့ချေ။

ပထမ အဘိုးအိုနှင့်အဘွားအို စင်မြင့်ပေါ်ကို ရောက်လာမှ လင်ချမ်းကျိုးသည် စိတ်လှုပ်ရှားစွာဖြင့် မေးလိုက်ပြန်သည်။

"ခင်ဗျားတို့နှစ်ယောက် ဝိညာဉ်လိုက် သိုင်းမောင်နှံနှစ်ဖော် အစစ်လား၊ ဒါမှမဟုတ် ဟိုနှစ်ယောက်က အစစ်လား၊ ဘယ်သူတွေက အတုလဲ"

ပထမအဘိုးအိုက လင်ချမ်းကျိုးကို စူးစူးရဲရဲကြည့်ပြီး ခပ်အေးအေးပင် ပြန်ပြောသည်။

"ဝိညာဉ်လိုက်သိုင်းမောင်နှံနှစ်ဖော် အစစ်ဟာ ဟိုတံခါးဝမှာ ရပ်နေတဲ့သူတွေပါပဲ၊ ကျုပ်တို့က အတုဆိုပါတော့"

လင်ချမ်းကျိုးသာမက ဧည့်သည်များအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

လင်ချမ်းကျိုးမှာ ဒေါသတကြီးဖြစ်သွားပြီး စင်မြင့်ပေါ်မှ ပထမအဘိုးအို အဘွားအိုနှစ်ယောက်ကို လက်ညှိုးငေါက်ငေါက်ထိုး၍ မေးလိုက်သည်။

"ဒါဖြင့်... ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ဘာဖြစ်လို့ ဝိညာဉ်လိုက် သိုင်းမောင်နှံနှစ်ဖော်ရဲ့နာမည်ကို အလွဲသုံးစားလုပ်ပြီး ဒီကိုလာရတာလဲ"

"ဟင်း... ဟင်း၊ ဒေါသမကြီးပါနဲ့လေ၊ ကျုပ်တို့တွေ ဘယ်သူတွေလဲ၊ ဒီကိုဘာကြောင့် လာရတယ်ဆိုတာ ခင်ဗျားသာမကဘူး



ဒီမှာရောက်နေကြတဲ့ ဧည့်သည်များ အားလုံးကို ပြောပြပါ့မယ်၊ ဧည့်သည်များကလဲ ဝေဖန်ပိုင်းခြားကြပါ၊ ကျုပ်ဟာ အဘိုးကြီးအသွင် ရုပ်ဖျက်လာပေမယ့် ကျုပ်အသက်ကတော့ နှစ်ဆယ်မကျော်သေးပါဘူး"

"ဟင်... မင်း ဘယ်သူလဲ"

"ကျုပ်နာမည် ချန်တာ့ယူ၊ ကျုပ်ဟာ ချန်မျိုးနွယ်တစ်ယောက်ပဲ"

အဘိုးအို ကွမ်းစန်းအောက် အသွင်ရုပ်ဖျက်လာသော ချန်တာ့ယူသည် အဘိုးအို၏လေသံမှ သူ၏မူလလေသံကို ပြောင်းသွားသည်။

"ဟာ... ချန်မျိုးနွယ်ဆိုပါလား"

"သူ့နာမည် ချန်တာ့ယူတဲ့၊ ဒီနာမည်မျိုးဟာ ချန်မျိုးနွယ်မှာ မကြားဖူးပါဘူး"

"ဘယ်လိုလုပ်ပြီး ချန်တာ့ယူ ပေါ်လာရတာလဲ"

"ချန်မျိုးနွယ်ရဲ့ ဥစ္စာပစ္စည်းတွေကို လိုချင်လို့ ဒီပုံစံမျိုးနဲ့ ရောက်လာတာလားမှ မသိတာ"

"နေပါဦးလေ... သူပြောတာကိုပဲဆုံးအောင် နားထောင်ပါဦး၊ သူကလဲ မဟုတ်ဘဲနဲ့တော့ လူဘုံအလယ်ကို ခုလို လာရဲပ့ါမလား"

"ဟုတ်ပါတယ်... ချန်မျိုးနွယ်အကြောင်း ကောင်းကောင်းသိထားတဲ့ ဂိုဏ်းချုပ်ကြီး လင်ချမ်းကျိုးရဲ့ဆုံးဖြတ်ချက်ကိုပဲ နားထောင်ပါဦး"

ခန်းမကျယ်ကြီးအတွင်းရှိ ဧည့်သည်များ အားလုံးလိုလိုပင်

www.burmeseclassic.com

www.burmeseclassic.com



အုံ့သြတကြီး ဖြစ်သွားကြပြီး တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုကြသည်။

လင်ချမ်းကျိုးသည် ပထမ ချန်တာ့ယူ၏စကားကို ကြားလိုက်သောအခါ ထိတ်ခနဲ ဖြစ်သွားသော်လည်း သူ့ကိုတစ်ဦးဦးက လာရောက်ခြိမ်းခြောက်ခြင်းဖြစ်လိမ့်မည်ဟု တွေးမိပြီး ခံပြင်းဒေါသဖြစ်သွားသည်။

"ဒီလိုပုံစံမျိုးနဲ့ ငါ့ကိုလိမ်လို့ မရဘူး၊ မင်း ဘယ်သူလဲဆိုတာ မှန်မှန်ပြောစမ်း"

"ကျုပ်နာမည် ချန်တာ့ယူ၊ ကျုပ်အဖေနာမည် ချန်ဂူးဝမ်း"

"ဘာ...."

လင်ချမ်းကျိုး ကိုယ်မှာ ဆတ်ခနဲ တုန်လှုပ်သွားသည်။

သူသည် အဘိုးအိုအသွင်ရုပ်ပြောင်းထားသော ချန်တာ့ယူကို မျက်လုံးအပြူးသားဖြင့် ကြည့်လိုက်ပြီး....

"မင်း လူလိမ်လူညာပဲ၊ ချန်ဂူးဝမ်းကို မွေးစကတည်းက ငါ ထိန်းသိမ်းအုပ်ချုပ်လာတာ၊ ချန်ဂူးဝမ်းမှာ သားမရှိဘူး"

"ကျုပ် မလိမ်ဘူး၊ ဒီမှာကြည့်"

ချန်တာ့ယူက ပြောပြောဆိုဆို သူ့ခေါင်းမှ ဖွေးဖွေးဖြူနေသော ဆံပင်တုကြီးကို ဦးစွာဆွဲဖြုတ်လိုက်သည်။

သူ့မျက်နှာပေါ်မှ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေး အတုများကိုလည်း ဖယ်ရှားလိုက်သည်။

ပြီးမှ သူ့မျက်နှာကို ပွတ်သပ်လိုက်လေရာ သူ၏ပကတိမျက်နှာ ပေါ်လာသည်။

ချန်တာ့ယူ၏မျက်နှာကို မြင်လိုက်ရသော လင်ချမ်းကျိုး



ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး နောက်ကိုပင် ခြေသုံးလေးလှမ်း ဆုတ်သွားမိသည်။

ချန်ဂူးဝမ်းကို သေချာစွာ မြင်ဖူးထားသော ဧည့်သည်များဆီမှ အုံ့သြတကြီး ပြောဆိုသံများလည်း ပေါ်ထွက်လာကြသည်။

"ဟာ... ချန်ဂူးဝမ်းနဲ့ အတော်တူပါလား"

"ဟုတ်တယ်... လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်လောက်က ချန်ဂူးဝမ်း ကိုယ်တိုင်ရောက်လာသလိုပဲ၊ ဒါပေမယ့် ချန်ဂူးဝမ်းက ကိုယ်လုံးသွယ်တယ်၊ သူကတော့ ထွားကျိုင်းသန်မာတယ်"

"ဒီလောက်တူနေမှတော့ ချန်ဂူးဝမ်းရဲ့သားဆိုတာ ဟုတ်မှာပဲ"

"လူတူမရှား နာမည်တူမရှားဆိုတာလဲ ရှိပါသေးတယ်"

"မင်းဟာ ချန်ဂူးဝမ်းနဲ့တော့ တော်တော့်ကိုတူတယ်၊ ပြောစမ်း... မင်းကို ဘယ်သူက ဒီလိုနည်းနဲ့ လိမ်ခိုင်းလိုက်တာလဲ"

လင်ချမ်းကျိုး၏ မေးမြန်းသံက အားလုံး၏ဝေဖန်ပြောဆိုသံများကို ဖောက်၍ထွက်လာသည်။

ဧည့်သည်များ၏အာရုံက စင်မြင့်ပေါ် ရောက်သွားကြပြန်သည်။

ချန်တာ့ယူက ရှေ့ကို ခြေနှစ်လှမ်း တိုးလိုက်ပြီး ပြတ်သားသောလေသံဖြင့် ပြန်ပြောသည်။

"ကျုပ်ကို ဘယ်သူမှ လိမ်ခိုင်းတာမဟုတ်ဘူး၊ လိမ်စရာလဲ မလိုဘူး၊ ခင်ဗျားသာ လူတကာကို လိမ်ညာလှည့်ဖြားခဲ့တာ"

"ဖြန်း...."

လင်ချမ်းကျိုး၏လက်ဝါးက ချန်တာ့ယူ၏ပါးပေါ်ကို ရုတ်

www.burmeseclassic.com

www.burmeseclassic.com



တရက် ကျသွားသည်။

ချန်တာ့ယူသည် သူ့ကို လူမြင်ကွင်းတွင် လင်ချမ်းကျိုးက ဤသို့ပြုမူလိမ့်မည်မဟုတ်ဟု ထင်ထားသည်။

ထို့ကြောင့် ရှောင်တိမ်းရန် စိတ်ကူးမထားချေ။

လင်ချမ်းကျိုးသည် ချန်တာ့ယူ၏ပါးကို ဆက်တိုက်ရိုက်လိုက်ခြင်းဖြစ်သော်လည်း ချန်တာ့ယူ နောက်ဆုတ်ရှောင်တိမ်းလိုက်သဖြင့် တစ်ချက်သာ ရိုက်မိသွားသည်။

"ငါ့ကို လူဘုံအလယ်မှာ စော်ကားဦးကွ၊ ထပ်ပြီးစော်ကားရင် စော်ကားကြည့်၊ ဒီထက်ပိုပြီး နာမယ်"

ချန်တာ့ယူက လင်ချမ်းကျိုးကို စူးစူးရှားရှား ကြည့်လိုက်ပြီး အေးစက်စက်လေသံဖြင့် ပြောလေသည်။

"ဒီမှာ လင်ချမ်းကျိုး၊ ကျုပ်အဖေ ချန်ဂူးဝမ်းဟာ ခင်ဗျားနှိပ်စက်တာကို အမျိုးမျိုးခံခဲ့ရတယ်၊ ခင်ဗျား မတရားတာကိုလဲ လက်တုံ့ပြန်ဖို့ဝေးလို့ ပါးစပ်နဲ့တောင် ပြန်မပြောရဲခဲ့ဘူး၊ ဒါပေမယ့် ကျုပ်ကတော့ ကျုပ်အဖေလို လူစားမျိုး မဟုတ်ဘူးဗျနော်၊ မတရားရင် နည်းနည်းမှခံမယ့် ကောင်စားမျိုးလဲ မဟုတ်ဘူး၊ ကျုပ်ကို မတရားသဖြင့် စော်ကားရင် ကျုပ်ကလဲ လက်တုံ့ပြန်တတ်တယ်၊ အခု လူဘုံအလယ်မှာ ကျုပ်ပါးကို ခင်ဗျားတစ်ချက်ရိုက်တယ်၊ ခင်ဗျားရဲ့ပါးကို အခု လူဘုံအလယ်မှာ ဆယ်ချက်ပြန်ရိုက်ရလိမ့်မယ်"

"ခွေးသား စော်ကားလှချည်လား၊ ငါ့ပိုင်နက်ထဲလာပြီး စော်ကားမော်ကား လုပ်တဲ့ကောင်ကိုတော့ ကောင်းကောင်းကြီး ဆုံးမရမယ်"

"ဘာဗျ... သေသေချာချာ စဉ်းစားပြီးမှ ပြောစမ်းပါ၊ ဒီနေရာက ခင်ဗျားပိုင်နက်လား၊ ဒီစံအိမ်က ခင်ဗျားပိုင်တဲ့စံအိမ်လား၊ ဒီစံအိမ်ရှင်ဟာ ချန်မျိုးနွယ်အစဉ်အဆက် ပိုင်ဆိုင်ခဲ့တဲ့စံအိမ်ပါဗျ၊ တကယ်တမ်း ပိုင်ကြကြေးဆိုရင် ချန်ဂူးဝမ်းရဲ့တစ်ဦးတည်းသောသားဖြစ်တဲ့ ကျုပ်သာ ဒီစံအိမ်ကို ပိုင်သင့်တယ်"



"မင်း အဓိပ္ပာယ်မရှိတဲ့စကားတွေ မပြောနဲ့"

"အဓိပ္ပာယ်ရှိတဲ့အလုပ်ကိုတော့ လုပ်ရဦးမယ်၊ ကျုပ်ပါးကို တစ်ချက်ရိုက်ခဲ့တဲ့အတွက် ခင်ဗျားပါးကို ဆယ်ချက်တိတိ ပြန်ရိုက်ရမယ်"

စကားဆုံးသည်နှင့် ချန်တာ့ယူက လင်ချမ်းကျိုးထံ ခုန်ဝင်သည်။

လင်ချမ်းကျိုးက ခုခံကာကွယ်ရန် ပြင်လိုက်သည်။ သူသည် ခုခံရှောင်တိမ်းရင်း ချန်တာ့ယူအား ပြန်လည်တိုက်ခိုက်ရန် ကြိုးစားသော်လည်း ချန်တာ့ယူ၏လက်ဝါးက သူ့ပါးပေါ်သို့ ဆက်တိုက်ကျလာသည်။

"တစ်... ဖြန်း"

"နှစ်... ဖြန်း"

"သုံး... ဖြန်း"

"လေး... ဖြန်း"

"ငါး... ဖြန်း"

"ခြောက်... ဖြန်း"

"ခုနစ်... ဖြန်း"

"ရှစ်... ဖြန်း"

"ကိုး... ဖြန်း"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ဆယ်... ဖြန်း"

ချန်တာ့ယူ နှုတ်မှ အမှတ်စဉ်ကို ရေတွက်သည်။

အမှတ်စဉ် ရေရွတ်စဉ် သူ့လက်ဝါးက လင်ချမ်းကျူး၏ ပါးပြင်ပေါ် တစ်ချက်ကျသည်။

ဆယ်ချက်တိတိ ရိုက်ပြီးသည်နှင့် ချန်တာ့ယူနောက်ကို ပြန်ဆုတ်သည်။

လင်ချမ်းကျူး ပါးနှစ်ဖက်မှာ ရဲရဲနီသွားပြီး အနည်းငယ်လည်း ဖူးယောင်လာသည်။

သူသည် ချန်တာ့ယူ၏ အရည်အချင်း၊ ချန်တာ့ယူ၏ လက်သံကိုကောင်းကောင်းကြီး သိသွားလေသည်။

ချန်တာ့ယူမှာ အသက်နှစ်ဆယ်ခန့် ရှိမည်ဖြစ်သော်လည်း သူ့ထက် သိုင်းပညာအဆင့်မြင့်သူ ဖြစ်ကြောင်း နားလည်သွားသည်။

ထို့ကြောင့် သူသည် သူကိုယ်တိုင် ချန်တာ့ယူကို တိုက်ခိုက်ရန် မစဉ်းစားရဲတော့ချေ။

လူဘုံအလယ်တွင် သူ့ထက် အသက်များစွာ ငယ်သော ချန်တာ့ယူက ပါးကို ဆယ်ချက်တိတိ ရိုက်ခြင်းအတွက်လည်း အတော်ကြီး ရှက်သွားသည်။

ပြီးတော့ သူသည် သာမန်လူတစ်ယောက် မဟုတ်ချေ။

လူတိုင်းက အထင်ကြီးလေးစားခြင်းခံရသော ငွေဗိုင်းဖြူဂိုဏ်းချုပ်ကြီးဖြစ်လေသည်။

သူ့စိတ်ထဲတွင် ချန်တာ့ယူကို ရွံ့သွားသော်လည်း ဣန္ဒြေဆယ်လိုက်ပြီး ဟိန်းဟောက်လိုက်သည်။

"ဟေ့ လူလိမ်လူကောက်... ငါ့ကိုစော်ကားတဲ့ အပြစ်ဒဏ်



ကို ခုချက်ချင်းပဲ မင်းခံရမယ်ကွ၊ မင်းကို ငါ့လက်နဲ့ဆုံးမရမှာ မတန်ဘူး"

သူသည် ခန်းမကျယ်ကြီးအတွင်းတွင် စောင့်ကြပ်နေသော လူများကို လက်မြှောက်၍ အချက်ပြလိုက်သည်။

ချက်ချင်းပင် လက်နက်ကိုင် အစောင့်သိုင်းသမားများသည် ချန်မြင့်ပတ်လည်ကို ရောက်လာပြီး ဝိုင်းလိုက်ကြသည်။

အင်အားများလှသော သူ့လူစုအားကိုးဖြင့် လင်ချမ်းကျူးက ချန်တာ့ယူအား တင်းမာခက်ထန်စွာ ပြောလိုက်ပြန်သည်။

"ဟေ့... လူလိမ်လူကောက်... ဒီပွဲဟာ ငွေဗိုင်းဖြူဂိုဏ်းရဲ့ နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲကွ၊ ဒီတော့ ဧည့်သည်တွေရဲ့ မျက်နှာကိုထောက်ထားပြီး မင်းကိုအနာတရဖြစ်အောင် မတိုက်ခိုက်ချင်ဘူး၊ အေးအေးဆေးဆေး မင်း အဖမ်းခံပါ၊ နောက်မှ ငါဆီကို ဘယ်လိုသဘောနဲ့ ချန်ဂူးဝမ်းရဲ့သား အယောင်ဆောင်လာရတယ်ဆိုတာ ငါ မေးမယ်"

ချန်တာ့ယူကလည်း လေသံမာမာဖြင့် ပြန်ပြောသည်။

"ဒီမယ် လူယုတ်မာကြီး... ဒီပွဲဟာ ကျုပ်ရဲ့ဘိုးဘေးဘီဘင် အဆက်ဆက်က တည်ထောင်လာခဲ့တဲ့ ငွေဗိုင်းဖြူဂိုဏ်းရဲ့နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲဆိုတာ ကျုပ် နားလည်တယ်၊ ဒါကြောင့် ခင်ဗျားကို ကျုပ်လက်နဲ့ခုချက်ချင်း သတ်နိုင်ပေမယ့် ဒီအထိမ်းအမှတ်ပွဲနဲ့ ကြွရောက်လာကြတဲ့ဧည့်သည်တွေရဲ့ မျက်နှာကိုထောက်ထားပြီး ဒီနေ့မှာတော့ ခင်ဗျားကို ခွင့်လွှတ်လိုက်မယ်၊ မနက်ဖြန်ကစပြီး ကျုပ်အဖေ ချန်ဂူးဝမ်းရဲ့ ကိုယ်စား ခင်ဗျားကို ကောင်းကောင်းကြီး ပြန်ဒုက္ခပေးရမယ်၊ ကျုပ်အဖေ ခံစားရသလို ခင်ဗျား ခံစားရစေမယ်၊ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ မဟုတ်တာယုတ် လုပ်ရပ်တွေကိုလဲ အမြန်ဆုံး ကျုပ် ဖော်ထုတ်ရလိမ့်မယ်"

လင်ချမ်းကျုံး၏စိတ်ထဲတွင်တော့ တုန်လှုပ်ချောက်ချားနေသည်။

ခန်းမကျယ်ကြီးထဲတွင် ရှိနေကြသူအားလုံးက သူတို့ကို အကဲခတ်ကြည့်နေ၍သာ လူခြေဆိတ်ထားရခြင်း ဖြစ်လေသည်။

"တော်စမ်းကွာ... မင်းဟာ ချန်ဂူးဝမ်းရဲ့သား ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ မင်းဟာ ချန်ဂူးဝါးနဲ့တူတာ မှန်ပေမယ့် ဒီတစ်ခုတည်းကို ကြည့်ပြီး မင်းကို ချန်ဂူးဝမ်းရဲ့သားပါလို့ ဘယ်သူကမှ လက်ခံကြမှာ မဟုတ်ဘူး"

"ကျုပ်ကို ချန်ဂူးဝမ်းရဲ့သားပါလို့ ထောက်ခံပြောဆိုမယ့်လူတွေ ရှိပါတယ်၊ ဒါပေမယ့် လောလောဆယ်မှာတော့ အရေးအကြီးဆုံး လူနှစ်ယောက်ကို သက်သေပြမယ်"

"မဟုတ်မဟတ်လူတွေနဲ့ သက်သေပြတိုင်းကော ငါက ယုံရမှာလား"

"မဟုတ်မဟတ်လူတွေ မဟုတ်ဘူး၊ တစ်ချိန်က ကျုပ်ဖေဖေ ချန်ဂူးဝမ်းနဲ့ အနီးစပ်ဆုံး၊ အရင်းနှီးဆုံး နေသွားတဲ့လူနှစ်ယောက်"

လင်ချမ်းကျုံး မျက်နှာကွက်ခနဲ ပျက်သွားပြီး....

"ဟင်... ဘယ်သူတွေလဲ၊ ဘယ်မှာလဲ"

"အဲဒီလူနှစ်ယောက်စလုံး ဒီအခန်းထဲမှာ အသင့်ရှိနေကြတယ်၊ တစ်ယောက်ကတော့ တစ်ချိန်က ဖေဖေ့ကိုသားရင်းတစ်ယောက်လို ပြုစုထိန်းသိမ်းစောင့်ရှောက်ခဲ့တဲ့ ကျိဖေ့ကျန်းပဲ"

"ဟင်... အထိန်းတော်ကြီး ကျိဖေ့ကျန်း ဟုတ်လား၊ ဘယ်



မှာလဲ... ဘယ်မှာလဲ"

လင်ချမ်းကျုံး မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ခန်းမကျယ်ကြီးအတွင်း ကိုးကန်းတောင်းမော်က် ကြည့်သည်။

အထိန်းတော်ကြီး ကျိဖေ့ကျန်းအကြောင်းကို သိထားကြသော ဧည့်သည်များကလည်း ဟိုဟိုဒီဒီ မျက်လုံးဝေ့ဝိုက်ပြီး ကြည့်ကြသည်။

ချန်တာ့ယူက လင်ချမ်းကျုံး၏အမေးကို မဖြေဘဲ ဆက်ပြောသည်။

"နောက်တစ်ယောက်ကတော့ ကျုပ်ရဲ့မေမေ ပိုင်ယီးယီး"

"ဟင်... ပိုင်ယီးယီး... ပိုင်ယီးယီး ဟုတ်လား"

လင်ချမ်းကျုံး ပိုပြီး မျက်စိမျက်နှာ ပျက်သွားသည်။

ထိုအခါ ချန်တာ့ယူဘေးတွင်ရပ်နေသော အဘွားအိုကြီးထံမှ စကားသံထွက်လာသည်။

"လင်ချမ်းကျုံး... ကျွန်မကိုတောင် မမှတ်မိတော့ဘူးလား၊ ကျွန်မဟာ ချန်ဂူးဝမ်းကို ထိန်းကျောင်းနေခဲ့တဲ့ အထိန်းတော်ကြီး ကျိဖေ့ကျန်းပါပဲ"

သူမကလည်း ပြောပြောဆိုဆို သူမ၏ခေါင်းမှ ဖွေးဖွေးဖြူနေသော ဆံပင်များကို ဆွဲဖယ်လိုက်သည်။

နက်မှောင်နေသော သူမ ၏ဆံပင်များ ပေါ်လာသည်။

ထို့နောက် သူမ၏မျက်နှာကို ပွတ်သပ်လိုက်ရာ မျက်နှာပေါ်မှ အရေတွန့်များ ပျောက်သွားပြီး ကျိဖေ့ကျန်း၏ မူလမျက်နှာ ပေါ်လာလေတော့သည်။

သူမကိုကြည့်၍ လင်ချမ်းကျုံး မျက်လုံးပြူးသွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောဇာ်ကိုလည်း ခြေတစ်လှမ်းဆုတ်သွားသည်။ သူ့အံ့ဩ တကြီး ရေရွတ်သံလည်း ပေါ်လာသည်။

"ဟင်... ကျိုဖေ့ကျန်း"

ကျိုဖေ့ကျန်းကို ကောင်းကောင်းကြီး သိဖူးမြင်ဖူးထားသော ဧည့်သည်အချို့ထံမှ စကားသံများလည်း ပေါ်ထွက်လာသည်။

"ဟုတ်တယ်... သူဟာ တစ်ချိန်က ချန်ဂူးဝမ်းကို ပြုစုထိန်း သိမ်းလာခဲ့တဲ့ ကျိုဖေ့ကျန်းပဲ"

"ကျိုဖေ့ကျန်းလဲ ချန်တာ့ယူနဲ့ပါလာတာကိုး"

"ဒါဆို ချန်တာ့ယူဟာ ချန်ဂူးဝမ်းရဲ့သားဖြစ်ဖို့ နီးစပ်တာ ပေါ့"

စင်မြင့်နှင့်မလှမ်းမကမ်းရှိ စားပွဲပေါ်တွင် ထိုင်နေသော ရှောင်လင်ဂိုဏ်းတော်ကြီးမှ ဒုဂိုဏ်းချုပ် ဆရာတော်ကြီး ဂူသန်းဝင် လျှင် အတော်ကလေး စိတ်လှုပ်ရှားသွားပြီး သူ့ဘေးတွင်ထိုင်နေသော သိုင်းလောက၏နာယကကြီး ကျင့်ကျန်းရှင်းကို တီးတိုးပြောဆိုလေ သည်။

"အထိန်းတော်ကြီး ကျိုဖေ့ကျန်းဟာ ချန်ဂူးဝမ်းအပေါ်မှာ သားရင်းတစ်ယောက်လို ချစ်တယ်ဆိုတာတော့ ကျုပ်ကိုယ်တိုင်ထဲ သိတယ် ဒကာကြီးကျင့်၊ ဒါဆိုရင် ဒီကလေးဟာ ချန်ဂူးဝမ်းရဲ့သားဆို တာ လက်ခံရမလိုဖြစ်နေပြီ"

ဧည့်သည်များ အားလုံးလိုလို ဝေဖန်ပြောဆိုနေကြစဉ် စင် မြင့်ဘေးတွင် ရပ်နေသော လင်ချမ်းကျူး၏ အစောင့်သုံးယောက်မှာ လူတစ်ယောက်၏ တိုးဝင်ဖယ်ရှားခြင်းကို ခံလိုက်ရသဖြင့် အလဲ အပြိုပြို ဖြစ်သွားကြသည်။



ရင်းအစောင့်များကို တိုးဖောက်၍ စင်မြင့်ပေါ်သို့လည်း လူ တစ်ယောက်ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

## အနိုင်ယူသူကျဆုံးသူ

သူ့ကိုယ်ပေါ်တွင် ပန်းရောင်ဝတ်စုံကို ဝတ်ထားသည်။

ကျောတွင် ဓားရှည်တစ်လက်ကို လွယ်ထားသည်။

သူ့မျက်နှာကို ပဝါစတစ်စဖြင့် ဖုံးထားသည်။

သူ့မျက်နှာကိုမမြင်ရသော်လည်း သူ၏ဆင်ယင်ထုံးဖွဲ့မှုကို ကြည့်၍ အမျိုးသမီးတစ်ယောက်ဖြစ်ကြောင်း သိနိုင်လေသည်။

၎င်းအမျိုးသမီးမှာ မည်သူမည်ဝါဖြစ်လိမ့်မည်ဟု မှန်းဆသော် လင်ချမ်းကျိုးသည် မျက်စိမျက်နှာပျက်ဖြင့် နောက်ကိုခြေတစ်လှမ်း ဆုတ်လိုက်မိသည်။

ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီးကလည်း လင်ချမ်းကျိုးကို စူးစူးစိုက်စိုက်ကြည့်ရင်းမှ သူမ၏မျက်နှာမှပဝါကို ဆွဲဖယ်လိုက်သည်။

သူမ၏မျက်နှာကို မြင်ရသောအခါ လင်ချမ်းကျိုး၏မျက်နှာမှာ ကြည့်၍မကောင်းတော့လောက်အောင် ရှုံ့မဲ့သွားသည်။

"ပိုင်ယီးယီး... ပိုင်ယီးယီး"



သူ့နှုတ်မှလည်း ညည်းတွားသံ ပေါ်ထွက်လာသည်။

ပိုင်ယီးယီးကို မြင်ဖူးတွေ့ဖူးထားကြသော ဧည့်သည်အချို့ထံမှ တီးတိုးဝေဖန်သံများလည်း ပေါ်ထွက်လာကြပြန်သည်။

"ဟုတ်တယ်... သူဟာ ချန်ဂူးဝမ်းဇနီး ပိုင်ယီးယီးပဲ"

"ချန်ဂူးဝမ်းနဲ့ ပိုင်ယီးယီးရဲ့ လက်ထပ်ပွဲတုန်းက ကျုပ်ရောက်ခဲ့သေးတာပေါ့"

"ပိုင်ယီးယီး ကိုယ်တိုင်ရောက်လာမှတော့ ချန်တာ့ယူဟာ ချန်ဂူးဝမ်းရဲ့သားဆိုတာ သေချာသွားပါပြီ"

"ဟုတ်တယ်... ဂိုဏ်းချုပ်ကြီး လင်ချမ်းကျိုးအနေနဲ့ ဘယ်လိုမှ ငြင်းလို့မရတော့ဘူး"

ပိုင်ယီးယီးသည် လင်ချမ်းကျိုးကို လက်ညှိုးဆတ်ခနဲ ထိုးလိုက်ပြီး....

"လင်ချမ်းကျိုး... ကျွန်မရဲ့ယောကျ်ားသေတဲ့နေ့တုန်းက ကျွန်မရဲ့ယောကျ်ား ချန်ဂူးဝမ်း ရှင့်လက်ချက်နဲ့ ဆုံးသွားရတဲ့နေ့တုန်းက ရှင့်ကိုကျွန်မ ပြောခဲ့တယ်မဟုတ်လား၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကျွန်မယောကျ်ားအတွက် လက်စားချေဖို့ ကျွန်မ ပြန်လာခဲ့မယ်ဆိုတာလေ၊ အခုတော့ ကျွန်မတစ်ယောက်တည်းသာ မဟုတ်ဘူး၊ သူ့အဖေအတွက် လက်စားချေဖို့ ကျွန်မရဲ့သား ချန်တာ့ယူပါ ပြန်ရောက်လာပြီ၊ ရှင့်ရဲ့မတရားပြုမှုချက်တွေကို ကျွန်မဖော်ထုတ်မယ်၊ ကျွန်မယောကျ်ားခံစားရသလို ရှင် ခံစားရစေ့မယ်"

လင်ချမ်းကျိုးမှာ ဘာပြန်ပြောမှန်းမသိအောင် နှုတ်ဆွံ့နေသည်။

ပိုင်ယီးယီးကသာ တင်းမာပြတ်သားသော လေသံဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြောသည်။

"အခုချက်ချင်း ရှင့်ကို သတ်လိုက်လို့ရတယ်၊ ကျွန်မသား တတ်ထားတဲ့ သိုင်းပညာနဲ့ ရှင့်လိုလူမျိုးသုံးယောက်ကို တစ်ပြိုင်တည်း သတ်နိုင်တယ်၊ ဒါပေမယ့် ရှင့်ကိုမသတ်သေးဘူး၊ ရှင့်ရဲ့ယုတ်မာမှုတွေကို အများသိအောင် ဖော်ထုတ်ရဦးမယ်၊ ကျွန်မယောကျ်ား ခံစားရသလို ရှင် ခံစားရစေဦးမယ်၊ ပြီးမှ ကျွန်မယောကျ်ားသေသလို ရှင်လဲ သေရမယ်"

လင်ချမ်းကျိုးသည် ကြောက်ရွံ့ထိတ်လန့်စိတ်ကို ဖျောက်လိုက်သည်။

ဤအတိုင်းငြိမ်နေပါက လူပုံအလယ်တွင် သူသည် အရှက်ကွဲသည်ထက် ကွဲပေတော့မည်။

ဧည့်သည်အားလုံးက သူ့ကိုအယုတ်တမာကောင်ကြီးဟု လုံးလုံးထင်သွားပေတော့မည်။

ထို့ကြောင့် လင်ချမ်းကျိုးသည် ဣန္ဒြေဆယ်လိုက်ပြီး တင်းမာသောလေသံဖြင့် ပိုင်ယီးယီးကို ပြန်ပြောလိုက်လေသည်။

"ပိုင်ယီးယီး... ငါ့ကိုလာပြီး ခြိမ်းခြောက်စရာမလိုဘူး၊ ငါ့သိက္ခာကျအောင် မဟုတ်တာယုတ်တွေ လုပ်ကြံပြီး ပြောနေစရာလဲ မလိုဘူး၊ နင်ဟာ ဥစ္စာပစ္စည်းကိုမက်ပြီး ချန်ဂူးဝမ်းကို လက်ထပ်ခဲ့တယ်ဆိုတာလဲ လူတိုင်းသိတယ်၊ ချန်ဂူးဝမ်းကို နင်ကိုယ်တိုင် ရက်ရက်စက်စက် သတ်ခဲ့တယ်ဆိုတာလဲ လူတိုင်းသိတယ်"

"ဘယ်သူတွေက သိတာလဲ၊ ရှင့်လူတွေကပဲသိတာ မဟုတ်လား၊ ရှင့်လူတွေကတော့ ရှင့်ဘက်က သက်သေလိုက်ကြမှာပေါ့ အဲဒီသက်သေတွေထဲမှာလဲ ရှင်အရေးပေး မြှောက်စားခဲ့တဲ့ မြောင်ယီလန်းလဲ ပါတယ်လေ၊ မြောင်ယီလန်းနဲ့ရှုအုံကြူတို့နှစ်ယောက်ဟာ ကျွန်မရဲ့ယောကျ်ားနာမည်ပျက်အောင် ရှင်ကြံစည်တဲ့နေရာမှာ ပူးပေါင်းပါဝင်ခဲ့ကြတဲ့ သူတွေပေါ့ မဟုတ်လား၊ အဲဒီလိုလူမျိုးက ရှင့်ဘက်ကပဲ သက်သေလိုက်ကြတော့မှာပေါ့"



"ဘာ... ချန်ဂူးဝမ်းနာမည်ပျက်အောင် ငါက ရှုအုံကြူနဲ့ ထောင်ဖမ်းတယ် ဟုတ်လား၊ နင် မဟုတ်တာ မပြောနဲ့၊ ချန်ဂူးဝမ်းကိုယ်တိုင် ရှုအုံကြူကို ယုတ်ယုတ်မာမာနဲ့ အဓမ္မကျင့်ကြံစည်ခဲ့တာ အားလုံးသိတယ်၊ လင်ရှိမယားတစ်ယောက်ကို ခုလိုစော်ကားခဲ့တဲ့ ပြစ်မှုကို ဘယ်သူကမှ ခွင့်မလွှတ်ကြဘူး"

"ဒီမှာ လင်ချမ်းကျိုး... ကျွန်မရဲ့ယောကျ်ားအကြောင်းကို ကျွန်မကောင်းကောင်း သိတယ်၊ ကျွန်မယောကျ်ားဟာ ဘယ်သူ့အပေါ်မှာမှ မတရားမလုပ်ခဲ့ဘူး၊ ဟုတ်တယ်... လင်ရှိမယားတစ်ယောက်ကို ကျူးလွန်စော်ကားတာဟာ ဘယ်လိုမှခွင့်မလွှတ်နိုင်တဲ့ ပြစ်မှုပဲ၊ ကျွန်မရဲ့ယောကျ်ားဟာ ယုတ်ယုတ်မာမာ ရှုအုံကြူကို မကြံစည်ခဲ့ဘူး၊ ရှုအုံကြူကို ယုတ်ယုတ်မာမာ ကြံစည်တဲ့သူဟာ ဘယ်သူလဲဆိုတာ ရှင်အသိဆုံး၊ ရှင့်ရဲ့သား လင်ချွင်စစ် အသိဆုံး"

"ဘာ...."

လင်ချမ်းကျိုး တစ်ကိုယ်လုံး ဆတ်ဆတ် တုန်သွားသည်။ မနေတတ် မထိုင်တတ် ဖြစ်သွား၏။

ပိုင်ယီးယီးစကားက သူနှင့် သူ့သား၏လုပ်ရပ်များကို သိနေသလိုလို။

ဧည့်သည်များ အားလုံးကိုလည်း လင်ချမ်းကျိုး အကဲခတ်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညှော်သည်များနှင့်ရောစွဲ ထိုင်နေသော လင်ချွင်စစ် မလုံမလဲ ဖြစ်နေသည်။

မျက်စိမျက်နှာပျက် ဖြစ်နေသည်။

ညှော်သည်များက သူ့ကိုဝိုင်းကြည့်ကြသောအခါ ညှော်သည်များကိုပင် ရဲရဲပြန်မကြည့်ရဲဘဲ ခေါင်းငုံ့သွားသည်။

လင်ချမ်းကျိုးသည် ဣန္ဒြေဆယ်လိုက်ပြီးမှ....

"နင့်စကားက ဘာစကားလဲ ဝိုင်ယီးယီး၊ ညှော်သည်တွေအတွက် တို့သားအဖအပေါ် တစ်မျိုးတစ်မည်ထင်အောင် ခုလိုပြောလိုက်တာလား၊ ချန်ဂူးဝမ်းရဲ့အပြစ်ကို တို့ရဲ့အပြစ်ဖြစ်အောင် ဘာဖြစ်လို့ ပြောချင်ရတာလဲ"

ချန်တဲ့ယူက ရှေ့တိုးလာပြီး လင်ချမ်းကျိုး၏ မျက်နှာကို စေ့စေ့ကြည့်၍ ပြောသည်။

"ဒီမှာ... ရှုအုံကြူနဲ့ပတ်သက်လို့ ကျုပ်အဖေမှာ ဘာအပြစ်မှ မရှိဘူး၊ ခင်ဗျားရယ် မြောင်ယိလန်းရယ် ရှုအုံကြူရယ် သုံးယောက်ပေါင်းပြီး ကျုပ်အဖေ နာမည်ပျက်သွားအောင် ပူးပေါင်းကြံစည်ခဲ့ကြတယ်ဆိုတာ ကျုပ်တို့တိတိကျကျ သိရပြီးပြီ၊ ကျုပ်အဖေဟာ ခင်ဗျားကို သိပ်ပြီးကြောက်တယ်၊ အဲဒီနေ့က ခင်ဗျားက အရက် တိုက်တယ် ဟောဒီက ဘွားလေး ကျိဖေ့ကျန်း မျက်မြင်ပဲ၊ ဒါကို ခင်ဗျား ငြင်းမလား"

"ငါ မငြင်းဘူး၊ ချန်ဂူးဝမ်းကို လူပျော့လူညံ့ဖြစ်မှာစိုးလို့ ရဲကြမ်းတစ်ယောက်ဖြစ်အောင်စပြီး ငါ လေ့ကျင့်ပေးတာ သူ့ဘာသူ ဖောက်ပြန်ပြီး ရှုအုံကြူကို အဓမ္မကြံစည်တာ"

"သူ့ဘာသာသူ ဖောက်ပြန်တယ်လို့ မပြောစမ်းပါနဲ့ ခင်



ဗျားတိုက်တာက ရိုးရိုးအရက်မှမဟုတ်တာဘဲ၊ အရက်ထဲမှာ ကာမဆန္ဒတက်ကြွစေတဲ့ စိတ်ကြွဆေးတွေ ထည့်တိုက်တာကိုး၊ ပြီးတော့မှ မူးလဲနေတဲ့ ဖေဖေ့ကို ရှုအုံကြူရဲ့ ခုတင်ပေါ်ကို သယ်တင်ကြတယ်၊ ဖေဖေ သတိရလာတော့ စိတ်ကြွဆေးကြောင့် ဖေဖေဟာ ပင်ကိုယ်စိတ်ပျောက်ရတယ်"

"တော်စမ်း... မဟုတ်တာတွေ မင်း မပြောနဲ့၊ မင်း စိတ်မှန်းနဲ့ရမ်းပြီး ပြောချင်တိုင်း ပြောလို့ရမလား"

"ကျုပ် စိတ်မှန်းနဲ့ရမ်းပြီးပြောတာ မဟုတ်ဘူး"

"မင်း ဘာသက်သေ အထောက်အထား ပြနိုင်လို့လဲ"

"ခင်ဗျားကို မေးခွန်းတစ်ခုလောက် ကျုပ် မေးပါရစေဦး"

"ဘာမှ ငါ့ကို မေးမြန်းစစ်ဆေးနေစရာ မလိုဘူး"

"ခင်ဗျား မလိုပေမယ့် ကျုပ်တို့အတွက်လိုလို့ မေးရမှာပဲ၊ ခင်ဗျားရဲ့အကျိုးအတွက် သစ္စာရှိရှိနဲ့ အမှုထမ်းခဲ့တဲ့ မြောင်ယိလန်းနဲ့ ရှုအုံကြူတို့ လင်မယားကို မမြင်ပါလား၊ ဘယ်များရောက် နေကြသလဲ"

လင်ချမ်းကျိုး မျက်စိမျက်နှာ ပျက်သွားပြန်သည်။

ညှော်သည်များကိုလည်း မလုံမလဲနှင့် တစ်ချက်ကြည့်သည်။

ပြန်မဖြေလျှင်လည်း ညှော်သည်များက တစ်မျိုးတစ်မည်ဖြစ် မည်စိုးသဖြင့် လင်ချမ်းကျိုးသည် ဒေါသတကြီး ပြန်ပြောလိုက်ရသည်။

"သူတို့ ဘယ်ရောက်နေနေ မင်းနဲ့မဆိုင်ဘူး၊ မင်း သိစရာမလိုဘူး"

"ကျုပ် သိစရာ မလိုပေမယ့် ကျုပ် သိနေတာက ခက်တာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဗျာ၊ ခင်ဗျားအပေါ် သစ္စာရှိရှိနဲ့အမှုထမ်းခဲ့တဲ့ မြောင်ယိုလန်းဟာ အခုဆိုရင် သေမင်းနိုင်ငံကိုရောက်နေပြီ မဟုတ်လား။ ခင်ဗျား လယ်ချက်နဲ့ သူ သေရာပြီ မဟုတ်လား"

လင်ချမ်းကျိုး ကတုန်ကယင် ဖြစ်သွားပြီး....

"မင်း.... မင်း.... မဟုတ်တာ မပြောနဲ့၊ ငါ့အပေါ်မှာ သစ္စာရှိရှိနဲ့ အမှုထမ်းခဲ့တဲ့ မြောင်ယိုလန်းကို ငါက သတ်ပါ့မလား"

"သတ်လို့ မြောင်ယိုလန်း သေသွားရရှာပြီပဲ၊ ပြီးတော့ မြောင်ယိုလန်းမှာ အပြစ်ရှိလို့ အပြစ်ပေးတဲ့အနေနဲ့ သတ်လိုက်တာမျိုးဆိုရင်တော့ ကျုပ် မပြောလိုပါဘူး၊ ခုတော့ မြောင်ယိုလန်းမှာ ဘာအပြစ်မှမရှိဘဲ သေရတယ်၊ တကယ်တမ်း သတ်ပစ်သင့်တာက ခင်ဗျားရဲ့သား တဏှာရူးကို သတ်သင့်တယ်၊ ခင်ဗျားသားက ရှုအုံကြူကို အဓမ္မကျင့်တယ်၊ မြောင်ယိုလန်းက သူ့မိန်းမကို ကာကွယ်မယ်ဆိုတော့ မြောင်ယိုလန်းကို ခင်ဗျားက သတ်တယ်"

လင်ချမ်းကျိုးသည် မတ်မတ်မရပ်နိုင်လောက်အောင် တုန်တုန်ယင်ယင် ဖြစ်နေသည်။

သူ့ခန္ဓာကိုယ်က ယိမ်းယိမ်းယိုင်ယိုင် ဖြစ်နေသည်။

ဧည့်သည်များသည် လင်ချွင်စစ်ကိုပါ လှမ်းကြည့်ကြသည်။

လင်ချွင်စစ်သည်လည်း အလွန်အမင်း မျက်စိမျက်နှာပျက်သွားကာ ထိုင်ရမလို ထရမလို ဂနာမငြိမ်ဖြစ်နေသည်။

သူတို့သားအဖ၏ အမူအရာကိုကြည့်၍ ဧည့်သည်များမှာ ချန်တာ့ယူ၏စကားကို ယုံကြည်ချင်လာသည်။

"မင်း ငါ့ကိုမဟုတ်တာ မပြောနဲ့၊ မဟုတ်တာ မပြောနဲ့"

လင်ချမ်းကျိုးက ဤစကားကိုသာ အထပ်ထပ် အခါခါ



ပြောနေသည်။

"ကျုပ် မဟုတ်တာ မမှန်တာ တစ်လုံးမှမပြောဘူး"

"မင်း ဘာသက်သေပြနိုင်လို့လဲ"

"ခင်ဗျားက မြောင်ယိုလန်းကို သတ်ရုံသာ မကဘူး၊ ခင်ဗျားရဲ့သား လင်ချွင်စစ် အာသာဆန္ဒပြည့်ဝသွားတော့ ခင်ဗျားတို့က ရှုအုံကြူကိုပါ နှုတ်ပိတ်သတ်ပစ်ဖို့ ကြိုးစားကြတယ်၊ ရှုအုံကြူ ဒဏ်ရာနဲ့ ထွက်ပြေးရတယ်၊ ကံအားလျော်စွာ ရှုအုံကြူဟာ ကျုပ်တို့နဲ့တွေ့လို့အသက်မသေဘူး၊ သူက ကျုပ်ကို ချန်ဂူးဝမ်းရဲ့သားမှန်းသိတော့ ကျုပ်အဖေကို ခင်ဗျားနဲ့ သူတို့လင်မယားပေါင်းပြီး နာမည်ပျက်အောင် ကြံစည်ခဲ့ပုံတွေကို ဖွင့်ဟဝန်ခံတယ်၊ သူ့လင်ကို ခင်ဗျားကသတ်ပြီး ခင်ဗျားသားက သူ့ကိုအဓမ္မကြံစည်ခဲ့ပုံကိုလဲ ပြောပြတယ်၊ ပြီးတော့ မဟုတ်တယုတ် အလုပ်ပေွကို ခင်ဗျား ဘယ်လောက်အထိ လုပ်ခဲ့တယ်ဆိုတာလဲ ကျုပ်တို့ကို ပြောပြတယ်၊ ကဲ... ခင်ဗျား ဘာငြင်းဦးမလဲ"

လင်ချမ်းကျိုး စိတ်ထဲတွင် ခံပြင်းဒေါသလည်း ဖြစ်နေသည်။

ချန်တာ့ယူတို့ လက်ထဲတွင် ရှုအုံကြူရောက်နေသည်ဆို၍လည်း စိတ်ဓာတ်ကျသွားမိသည်။

ရှုအုံကြူ ချန်တာ့ယူတို့ဘက် ရောက်သွားခြင်းမှာ မိမိတို့အတွက် လွန်စွာ ကံဆိုးသွားပြီဖြစ်ကြောင်းလည်း တွေးမိသည်။

သူသည် ချန်တာ့ယူ၏စကားကို မည်သို့မှပြန်လည်ချေပနိုင်ခြင်း မရှိတော့ချေ။

ခေါင်းကြီးငိုက်စိုက်ချလျက်သာ ဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်ချမ်းကျူးနှင့် လင်ချွင်စစ်တို့၏အမူအရာကို ကြည့်ပြီး ဧည့်သည်များသည် ချန်တာ့ယူ ပြောသောစကားများမှာ အမှန်ဖြစ်ကြောင်း ယုံကြည်သွားကြလေသည်။

ဦးစွာ ရှောင်လင်ဂိုဏ်းတော်ကြီး၏ ဒုဂိုဏ်းချုပ် ဆရာတော်ကြီး ဂူဆန်းသည် ထိုင်ရာမှ မျက်နှာသုန်သုန်မှုန်မှုန်နှင့်ထရပ်ပြီး ခက်ထန်တင်းမာသောလေသံဖြင့် လင်ချမ်းကျူးကို ပြောလိုက်သည်။

"ဒကာကြီး လင်ချမ်းကျူး... ဒကာကြီးလို လူမျိုးစိတ်ဓာတ်အဲ့ ထိမ်းအမှတ်ပွဲကို ကျုပ် မတက်သင့်တော့ဘူး၊ ခု ပြန်မယ်၊ နောင်လဲ ဒကာကြီးအနေနဲ့ ကျုပ်တို့ရဲ့ရှောင်လင်ဂိုဏ်းတော်ကြီးကို ဆက်ဆံစရာမလိုတော့ဘူး"

လင်ချမ်းကျူးမှာ မည်သို့မှ ပြန်လည်မပြောရဲအောင် ဖြစ်နေသည်။

ဒုဂိုဏ်းချုပ်ဆရာတော် ဂူဆန်းသည် ချန်တာ့ယူကိုကြည့်လိုက်ပြီး ညင်သာအေးဆေးစွာ ပြောလိုက်သည်။

"ဒကာလေး ချန်တာ့ယူ၊ ဒကာလေးရဲ့ဖခင် ချန်ဂူးဝမ်းအပေါ် ကျုပ်တို့တတွေ အထင်လွဲခဲ့တဲ့အတွက် စိတ်မကောင်းပါဘူး ဒကာလေး အားလပ်တဲ့အခါ ကျုပ်တို့ရှောင်လင်ကျောင်းတော်ကြီးကို လာလည်နိုင်ပါတယ်"

ချန်တာ့ယူကလည်း ကျိုးနွံလေးစားစွာ ပြန်လည်လျှောက်ထားသည်။

"မှန်လှပါ ဘုရား၊ အခါအခွင့်သ ာ်တဲ့တစ်နေ့ ရှောင်လင်ကျောင်းတော်ကြီးကို တပည့်တော် အရောက်လာခဲ့ပါဦးမယ်"

ဒုဂိုဏ်းချုပ် ဆရာတော် ဂူဆန်းလည်း မည်သူ့ကိုမှ နှုတ်



ဆက်စကားမဆိုတော့ဘဲ ခန်းမကျယ်ကြီးအတွင်းမှ ထွက်ခွာသွားလေသည်။

ရှောင်လင်ဂိုဏ်းတော်ကြီးမှ ဒုဂိုဏ်းချုပ် ဆရာတော်ကြီး ကိုယ်တိုင် လင်ချမ်းကျူး၏အပြစ်များကိုမြင်သွားပြီး ချန်တာ့ယူကို ချန်ဂူးဝမ်း၏သားဖြစ်ကြောင်း လက်ခံသွားလေပြီ။

ထိုနည်းတူစွာ အမှန်တရားကိုသာ လက်ခံသော ဂိုဏ်းအသီးသီးမှ ဂိုဏ်းချုပ်ကြီးများနှင့် သိုင်းအကျော်အမော်ကြီးများသည်လည်း ထိုင်ရာမှ ထရပ်ကြကာ လင်ချမ်းကျူးကို လုံးလုံးစကားမပြောနှုတ်မဆက်ကြတော့ဘဲ ချန်တာ့ယူကိုသာ နှုတ်ဆက်ကြကာ ခန်းမကျယ်ကြီးအတွင်းမှ တစ်ယောက်ပြီးတစ်ယောက် ထွက်ခွာသွားကြလေသည်။

ချန်တာ့ယူ၊ လည်း လင်ချမ်းကျူးကို ပြောလိုက်သည်။

"ဒီငွေဖျိုင်းဖြူစံအိမ်ဟာ ကျုပ်ပိုင်ဆိုင်သင့်တဲ့ စံအိမ်မှန်ပေမယ့် ခုတော့ ကျုပ်တို့သွားလိုက်ပါဦးမယ်၊ ခင်ဗျားတို့ရဲ့မဟုတ်မမှန်တဲ့ လုပ်ရပ်တွေကို ဖော်ထုတ်ပြီးမှ ဒီစံအိမ်မှာ ကျုပ်လာနေမယ်ဆိုတာ ပြောခဲ့ပါရစေ"

ချန်တာ့ယူ ထိုမျှသာပြောပြီး စင်မြင့်ပေါ်မှ ဆင်းခဲ့သည်။

သူ့နောက်မှ ပိုင်ယီးယီးနှင့် ကျိဖေ့ကျန်းတို့လည်း ဆင်းလာကြသည်။

သူတို့ကို လင်ချမ်းကျူးကလည်း မဟန့်တားရဲချေ။

လင်ချမ်းကျူး၏ ဘက်တော်သားများကလည်း မတားဆီးရဲကြချေ။

ဧည့်သည်တော်တော်များများမှာ ချန်တာ့ယူဘက်မှ ရှိနေ

www.burmeseclassic.com

www.burmeseclassic.com



ကြသောကြောင့်ပင်တည်း။

ခန်းမကျယ်ကြီးထဲမှ ချန်တာ့ယူထွက်လာသောအခါ သူနှင့်အတူ သိုင်းအကျော်အမော် အတော်များများ ပါလာသည်။

ဝိညာဉ်လိုက် သိုင်းမောင်နှံနှစ်ဖော်လည်း ပါလာကြ၏။

ခန်းမကျယ်ကြီးထဲမှ ညည်သည်လေးပုံသုံးပုံမှာ မရှိတော့ချေ။

လင်ချမ်းကျုံးမှာ စင်မြင့်ပေါ်တွင် ကျောက်ရုပ်ကြီးတစ်ရုပ်လို မလှုပ်မယှက်ရပ်၍ ကျန်နေခဲ့သည်။

သူသည် မည်သူ့ကိုမှလည်း မဟန့်တားရဲချေ။

ချန်တာ့ယူနှင့်ပါလာသော သိုင်းအကျော်အမော်ကြီးများသည် စံအိမ်ကြီး အပြင်ဘက်အထိ လိုက်လာကြပြီးမှ ချန်တာ့ယူကို နှုတ်ဆက်ကာ အသီးသီး ထွက်ခွာသွားကြသည်။

နောက်ဆုံး ချန်တာ့ယူတို့နှင့်အတူ ဝိညာဉ်လိုက်သိုင်းမောင်နှံနှစ်ဖော်သာ ပါလာကြတော့သည်။

သူတို့လူစု ငါးယောက်သာရှိတော့မှ အဘိုးအို ကွမ်းစန်းအောက်သည် ချန်တာ့ယူကို ပြောလိုက်သည်။

"ပထမတော့ ကျုပ်တို့အယောင်ဆောင်တဲ့ မောင်တို့ကို ဘယ်သူဘယ်ဝါမှန်းမသိလို့ သိပ်ပြီးဒေါသဖြစ်ခဲ့တယ်၊ မောင်ကသာ ရှင်းမပြဘူးဆိုရင်တော့ အဲဒီမှာပဲ မောင်တို့ကို တိုက်ခိုက်မိမှာပဲ၊ တော်သေးတာပေါ့၊ မောင်က အချိန်မီ ရှင်းပြလို့"

"ကျွန်တော်လဲ ကျွန်တော့်ဆရာရဲ့ ညွှန်ကြားချက်အတိုင်း ဆရာကြီးတို့အသွင် ဟန်ဆောင်ပြီး ငွေဇျိုင်းဖြူစံအိမ်ထဲကို ဝင်ကြရတာပါပဲ၊ ဆရာကြီးက ဆရာကြီးတို့မောင်နှံကို သိပ်ပြီး ခင်မင်ရင်းနှီးတယ်လို့ ပြောပါတယ်၊ ဆရာကြီးတို့ မောင်နှံအနေနဲ့ လင်ချမ်းကျုံးရဲ့ ဖိတ်ကြားချက်ကို လက်ခံလိမ့်မယ် မဟုတ်ဘူး၊ ငွေဇျိုင်းဖြူစံအိမ်ကို လာလိမ့်မယ်မဟုတ်ဘူးလို့ ယူဆတဲ့အတွက် ဆရာကြီးတို့ မောင်နှံအသွင်နဲ့ ကျွန်တော်တို့ သွားခဲ့ကြတာပါ။ တကယ်လို့ ငွေဇျိုင်းဖြူစံအိမ်မှာ ဆရာကြီးတို့မောင်နှံနဲ့ဆုံရင် သူ့ရဲ့ညွှန်ကြားချက်အရ ကျွန်တော်လုပ်ရတဲ့အကြောင်း ပြောပြပါလို့ မှာလိုက်ပါတယ်"



"ဟုတ်ပါတယ်… ကျုပ်တို့နဲ့ မောင့်ရဲ့ဆရာကြီး မိုးကြိုးသိုင်းသမားကြီး လီခိုးချီနဲ့သိပ်ပြီး ခင်မင်ရင်းနှီးကြပါတယ်၊ ယုံကြည်ချက်ခြင်း၊ ခံယူချက်ခြင်းလဲ တူတယ်၊ လင်ချမ်းကျုံးရဲ့ ဖိတ်ကြားချက်ကို လက်ခံပြီး ငွေဇျိုင်းဖြူစံအိမ်ကို လာရတာကတော့ မကောင်းသတင်းထွက်နေတဲ့ လင်ချမ်းကျုံးအကြောင်းကို စုံစမ်းချင်လို့ပါပဲ၊ ခုတော့ ကျုပ်တို့မစုံစမ်းရဘဲ သူ့ရဲ့ယုတ်မာမှုတွေကို သိခဲ့ရပြီ၊ ဒါနဲ့ နေပါဦးကွယ်၊ မောင်တို့သားအမိဟာ မိုးကြိုးသိုင်းသမားကြီးရဲ့ တပည့်ဆိုတာ လူသိရှင်ကြား ဘာဖြစ်လို့ မပြောသလဲ"

"လောလောဆယ် ကျွန်တော်တို့ဟာ မိုးကြိုးသိုင်းသမားကြီး လီခိုးချီရဲ့ တပည့်တွေမှန်း လင်ချမ်းကျုံတို့ မသိစေချင်သေးလို့ပါ ဆရာကြီး၊ ဒါကြောင့်လဲ ဆရာကြီးကို နှစ်ကိုယ်ကြားပဲ ပြောခဲ့ရတာပေါ့၊ အဲဒီလို အသိမခံချင်တာကလဲ ဆရာကြီးလီခိုးချီဟာ တစ်ဘက်တနေ နယ်စားကြီး ချီကုဖိန်းရဲ့အကြောင်းကို စုံစမ်းချင်သေးလို့ပါပဲ ခင်ဗျာ"

"သြော်… ဒါကြောင့်ကိုး၊ ဒါနဲ့ မောင်တို့နဲ့လိုက်ခဲ့ရင် မိုးကြိုးသိုင်းသမားကြီးနဲ့ တွေ့ရမလား"

"ဟုတ်ကဲ့… တွေ့ရပါမယ် ဆရာကြီး၊ လိုက်သာ လိုက်ခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



ပါ”

ချန်တာ့ယူသည် အဘိုးအို ကွမ်းစန်းအောက်ကို ပြောနေရာ မှ ဘေးနားတွင် လျှောက်လိုက်လာသော မိခင်ပိုင်ယီးယီးကို မေး လိုက်သည်။

“ဒါနဲ့ မေမေက ဘယ်လိုလုပ် ငွေဖျိုင်းဖြူစံအိမ်ထဲ ရောက် လာတာလဲ”

ပိုင်ယီးယီးသည် ဝိညာဉ်လိုက်မောင်နှံနှစ်ဖော်ကို လက်ညှိုး ထိုးပြပြီး....

“ဟောဒီက ဆရာကြီးတို့မောင်နှံ ငွေဖျိုင်းဖြူစံအိမ်ထဲ အတင်းဝင်ကြတော့ အစောင့်တွေအားလုံး ဆရာကြီးတို့ဆီ အာ ရောက်နေကြတယ်၊ ဆရာကြီးတို့မောင်နှံနဲ့ အစောင့်တွေ ပဋိပက္ခ ဖြစ်နေတဲ့အချိန်မှာ မေမေလဲ အခွင့်ကောင်းယူပြီး စံအိမ်ထဲကို ဝင်ခဲ့ ခဲ့တာပါပဲ”

ထို့နောက် သူတို့သည် စကားမဆိုကြတော့ဘဲ ခြေလှမ်း သွက်သွက် လှမ်းလာကြသည်။

ချန်တာ့ယူ၊ ပိုင်ယီးယီးနှင့် ကျိဖေ့ ကျန်းတို့၏အမှုအရာ က ရွှင်လန်းတက်ကြွနေသည်။

သူတို့သည် ပထမဦးဆုံးအကြိမ်အဖြစ် လင်ချမ်းကျူး ပေါ် အနိုင်ယူလာနိုင်ခဲ့ကြသည် မဟုတ်ပါလား။



အခန်း(၁၀)

အချိတ်အဆက်

“ဒုန်း... ဝုန်း”

လင်ချမ်းကျူးသည် ခံပြင်းဒေါသဖြစ်လွန်းသဖြင့် ရှေ့မှ စား ပွဲငယ်ကလေးကို လက်ဝါးဖြင့် အားကုန်ရိုက်ချလိုက်သည်။

သူ၏ရိုက်ချက်က ပြင်းသဖြင့် စားပွဲကလေးမှာ အပိုင်းပိုင်း ကျိုးသွားသည်။

ကျောက်စားပွဲကြီးတွင် ဝိုင်းထိုင်နေကြသော လင်ချွင်စစ်၊ ငွေဖျိုင်းဖြူဂိုဏ်း၏ ဒုဂိုဏ်းချုပ် ထုံဟူလူး၊ ငွေဖျိုင်းဖြူစံအိမ်၏ အုပ် ချုပ်ရေးမှူးဖြစ်နေသည့် ချောင်းဝါးတို့သည် ငိုင်ငိုင်ကြီးရှိနေရာမှ လင် ချမ်းကျူးကို အလန့်တကြား မော့ကြည့်လိုက်ကြသည်။

လင်ချမ်းကျူးက သူတို့ကိုမကြည့်ဘဲ နံရံကို စူးစူးစိုက်စိုက် ကြည့်၍ ခံပြင်းစွာ စကားဆိုသည်။

“သိပ်ပြီး ခံပြင်းစရာကောင်းတယ်၊ သိပ်ပြီး ရှက်စရာ ကောင်းတယ်၊ အထိမ်းအမှတ်ပွဲကို တက်ဖို့ရောက်လာတဲ့ ဧည့်သည်တန်း

www.burmeseclassic.com



ပုဂ္ဂိုလ်ကြီးတွေ ပြန်သွားတာဟာ ရုပ်အဆိုးဆုံးပဲ၊ ဒီသတင်းဟာ သိုင်း လောကမှာ ပြန့်သွားတော့မယ်၊ ငါ့မျက်နှာကို ဓားနဲ့လှီးပစ်မှ ကောင်းတယ်"

လင်ချွင်စစ်၊ ထုံဟူလူးနှင့် ချောင်းဝါးတို့သည် မည်သို့ ရောက်ဖျောင်းဖျရန် မသိသဖြင့် ငြိမ်မြဲ ငြိမ်နေကြသည်။

လင်ချမ်းကျုံး၏အသံသာ ဆက်၍ပေါ်လာသည်။

"အဆိုးဆုံးကတော့ ငါတို့လုံးလုံး ထင်မှတ်မထားတဲ့ ချန်ပူး ဝမ်းရဲ့သား ချန်တာ့ယူဆိုတဲ့ကောင် ပေါ်လာတဲ့ကိစ္စပဲ၊ ဒီကောင်ဟာ သူ့အဖေလို လူပျော့လူညံ့တစ်ယောက်မဟုတ်ဘူး၊ သိုင်းပညာ သိပ်ပြီးထက်မြက်တယ်၊ ဉာဏ်ပညာလဲ ထက်မြက်ပုံရတယ်၊ အခု ဘုံအလယ်မှာ တို့ကို အရှက်ခွဲသွားနိုင်တာသာ ကြည့်ပေတော့၊ ပြီး တော့ သူတို့ဆီမှာ ရွှေအုံကြူရောက်နေတာ အဆိုးဆုံးပဲ"

ချောင်းဝါးက ဝင်ပြောသည်။

"ဒီကောင်တွေဆီမှာ ရွှေအုံကြူရောက်နေတယ်ဆိုတာ ဟုတ် ပါ့မလား၊ သခင်ကြီးကို ဖြီးတာ ဖြန်းတာလားမှ မသိတာ"

"ဖြီးတာ ဖြန်းတာ မဟုတ်ဘူး ချောင်းဝါး၊ ဒီကောင့်ဆီမှာ သာ ရွှေအုံကြူမရောက်ရင် ဒီကောင်ဟာ တို့လုပ်ရပ်တွေကို ဒီလောက် အထိ တိတိကျကျ သိစရာမလိုဘူး၊ သိမှာလဲ မဟုတ်ဘူး၊ ခုတော့ မြောင်ယိလန်း ငါ့လက်ချက်နဲ့သေတာကို သိနေတယ်၊ လင်ချွင်စစ် ရွှေအုံကြူကို ကြံစည်လိုက်တာလဲ သိနေတယ်"

ထုံဟူလူးကလည်း ထင်မြင်ချက်ကို ဝင်ပြောသည်။

"ဒီအကြောင်းတွေကို ချန်တာ့ယူဆိုတဲ့ကောင် သိအောင် ရွှေအုံကြူက ပြောတာမဟုတ်ဘဲ ဂိုဏ်းချုပ်ကြီးတို့နဲ့ပါလာတဲ့ တစ်



ယောက်ယောက် ဖောက်သည်ချလိုက်တာများ ဖြစ်နေမလား၊ ဘာ ဖြစ်လို့လဲဆိုတော့ ဂိုဏ်းချုပ်ကြီးတို့နဲ့ တောခရီးကိုလိုက်လာတဲ့သူ တွေထဲမှာလဲ မြောင်ယိလန်းကို လေးစားချစ်ခင်တဲ့သူ ရှိနိုင်တာပဲ၊ မြောင်ယိလန်းအတွက် မခံချင်စိတ်နဲ့ ဖွင့်ပြောလိုက်နိုင်တာပဲ"

လင်ချမ်းကျုံးသည် ကျောက်စားပွဲကြီးရှိရာကို ပြန်လာပြီး သူ၏မူလနေရာတွင် ထိုင်ချလိုက်သည်။

ပြီးမှ ခေါင်းကို ဖြည်းဖြည်းလေးလေး ခါယမ်း၍ပြောသည်။

"ကျုပ်လူတွေထဲက ဒီသတင်း ပေါက်ကြားသွားတာတော့ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး ထုံဟူလူး၊ ဒီအကြောင်းကို သိထားတဲ့ တို့လူတွေကိုလဲ သေသေချာချာ မှာထားတာပဲ၊ နှုတ်မလုံတဲ့သူကို သူတစ်ယောက်တည်းသာ မဟုတ်ဘဲ သူ့ရဲ့တစ်မိသားစုလုံးကို သတ် ပစ်မယ်လို့၊ ကျုပ်ဟာ ပြောရင် ပြောတဲ့အတိုင်းလုပ်တတ်တဲ့သူဆို တာ ကျုပ်လူတွေ အားလုံးသိကြတယ်၊ ကျုပ်လူတွေကတော့ ဘယ် သူ့ကိုမှ ဖွင့်ပြောရဲမှာ မဟုတ်ဘူး၊ ချန်တာ့ယူကို ရွှေအုံကြူကိုယ်တိုင်က ဖွင့်ပြောတယ်ဆိုတာ သေချာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ တစ်ချိန် က ချန်ပူးဝမ်းကို နာမည်ပျက်အောင် ရွှေအုံကြူနဲ့ထောင်ဖမ်းတဲ့ကိစ္စမှာ ကျုပ်ရယ်၊ မြောင်ယိလန်းရယ်၊ ရွှေအုံကြူရယ် သုံးယောက်ပဲ သိကြ တယ်၊ အခု ဒီကိစ္စကို ချန်တာ့ယူကလဲ တိတိကျကျ သိနေတယ်၊ ဒါ ဟာ ရွှေအုံကြူကိုယ်တိုင် ဖွင့်ပြောလို့ပဲပေါ့၊ ချန်တာ့ယူတို့ဆီမှာ ရွှေအုံ ကြူ ရောက်နေတယ်ဆိုတာ ဒီအချက်နဲ့ပဲ သေချာနေပြီ"

ထုံဟူလူးက သက်ပြင်းရှည်ကြီးချလိုက်ပြီး စိတ်မသက်မ သာနှင့်ပြောသည်။

"ဟင်း... ရွှေအုံကြူသာ ချန်တာ့ယူတို့ လက်ထဲ ကယ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေတယ်ဆိုရင်တော့ ကျွန်တော်တို့အတွက် အခြေအနေ မ ကောင်းလှဘူး ဂိုဏ်းချုပ်ကြီး၊ ရှုအုံကြူဟာ ကျွန်တော်တို့ရဲ့လုပ်ရပ် တွေ အားလုံးလိုလို သိနေတယ်၊ ကျွန်တော်တို့ရဲ့လုပ်ရပ်တွေကိုလဲ ချန်တာ့ယူသိအောင် ဖွင့်ပြောမှာပဲ"

"ဖွင့်ပြောလို့လဲ ကျုပ်တို့ရဲ့လုပ်ရပ်တွေကို ချန်တာ့ယူ သိနေ ပါပြီ၊ ဒါကြောင့်လဲ ချန်တာ့ယူဟာ လူဘုံအလယ်မှာ ကျုပ်ကိုပြောင် ပြောင်တင်းတင်း ရင်ဆိုင်ရဲတာပေါ့"

လင်ချွင်စစ်က စိုးရိမ်စိတ်ဖြင့် ဝင်ပြောသည်။

"ဒါဆို ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ ဖေဖေ"

လင်ချမ်းကျုံးက စဉ်းစားစားစားနှင့် ပြန်ပြောသည်။

"အကောင်းဆုံးကတော့ ချန်တာ့ယူတို့ ဘယ်မှာနေတယ် ဆိုတာ အဦးဆုံး စုံစမ်းရလိမ့်မယ် သားကြီး၊ ချန်တာ့ယူတို့နေတဲ့ နေရာကိုသာသိရင် ရှုအုံကြူကိုလဲ တွေ့ရမှာပဲ၊ ရှုအုံကြူကို အမြန်ဆုံး နှုတ်ပိတ်ရမယ်၊ နောက်ဆက်ပြီး ချန်တာ့ယူနဲ့ ပိုင်ယီးယီးတို့ကိုပါ သတ်ပစ်ရလိမ့်မယ်၊ ဒါမှ ဖေဖေတို့အတွက် ရင်အေးရလိမ့်မယ်"

"မှန်ပါတယ် ဂိုဏ်းချုပ်ကြီး၊ ဂိုဏ်းချုပ်ကြီး အမိန့်ရှိတဲ့အ တိုင်း ကျွန်တော်တို့ အမြန်ဆုံး စီစဉ်ဆောင်ရွက်ကြရင် ကောင်းမယ်"

"ကဲ... ထုံဟူလူး၊ ခုချက်ချင်း ဌာနချုပ်ကိုပြန်ပြီး ခင်ဗျား ကိုယ်တိုင် စီစဉ်ဆောင်ရွက်ပေတော့ဗျာ၊ ချန်တာ့ယူ ရောက်လာတုန်း က ကျုပ်တို့ဂိုဏ်းသားတွေ အတော်များများ သူ့ကိုမြင်ဖူးလိုက်ကြ တာပဲ၊ လူဖြန့်ပြီး ချန်တာ့ယူကို ခြေရာခံကြ၊ ချန်တာ့ယူအကြောင်း စုံစမ်းကြ၊ ချန်တာ့ယူတို့ ဘယ်မှာရှိနေတယ်ဆိုတာ တိတိကျကျ သိ အောင် အထူးစုံစမ်း၊ လောလောဆယ် ဒီကိစ္စကို ခင်ဗျားပဲ ဖြ



စီစဉ်လိုက်၊ နောက်သုံးလေးရက်နေမှ ဌာနချုပ်ကို ကျုပ်လိုက်ခဲ့မယ်"

"ဟုတ်ကဲ့ ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး"

"လောလောဆယ် ကျုပ်တို့တွေ ဘယ်လိုအလုပ်ကိုမှ ထပ် မလုပ်ကြနဲ့ဦး၊ ကျုပ်တို့ရဲ့လှုပ်ရှားမှုတွေကို ချန်တာ့ယူက ကြည့်နေမှာ ပဲ၊ ကျုပ်တို့ရဲ့မှားကွက်ကို သူထပ်ပြီး ရှာနေမှာပဲ"

"မြို့စားကိုးယောက်ကို သုတ်သင်ဖို့ကိစ္စကော ဂိုဏ်းချုပ် ကြီး"

"ဒီကိစ္စကိုလဲ လောလောဆယ် ရပ်ထားမှ ဖြစ်လိမ့်မယ်၊ နယ်စားကြီးဆီကို အခြေအနေအရပ်ရပ် ကျုပ် တင်ပြလိုက်ပါ့မယ်၊ မြို့စားကိုးယောက် သုတ်သင်ဖို့ကိစ္စကို ခင်ဗျားရဲ့ခေါင်းထဲမှာ လုံးလုံး မေ့ထားလိုက်တော့၊ ချန်တာ့ယူတို့ ဘယ်မှာနေကြတယ်၊ ဘာတွေ လှုပ်ရှားနေတယ်ဆိုတာသာ သိအောင် မြန်မြန်စုံစမ်း"

"ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး"

"ပြီးတော့ ခင်ဗျားကို အထူးမှာကြားချင်းမယ်"

"ဟုတ်ကဲ့"

"ချန်မျိုးနွယ်ဆက်တစ်ယောက်ဖြစ်တဲ့ ချန်တာ့ယူပေါ်လာ တဲ့အတွက် ကျုပ်တို့ဂိုဏ်းဝင်တွေထဲက တချို့လူတွေဟာ ချန်တာ့ယူ ဘက်ကို ယိမ်းချင်ယိမ်းကြလိမ့်မယ်ဆိုတာ ခင်ဗျား နားလည်ထား၊ ဒီတော့ ဂိုဏ်းဝင်တိုင်းကို အရင်ကလို ခင်ဗျားမယုံနဲ့၊ ယုံသင့်တဲ့သူကိုမှ ယုံ၊ ခိုင်းသင့်တဲ့သူကိုမှ ခိုင်း"

"ဟုတ်ကဲ့... ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး"

"ဒါဆို ခုချက်ချင်းပဲ ခင်ဗျား သွားပေတော့"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဒုဂိုဏ်းချုပ် ထုံဟူလူးသည် ထရပ်ကာ လင်ချမ်းကျူးကို အရိုအသေပေးပြီး အခန်းထဲမှ ခပ်သွက်သွက် ထွက်ခွာသွားလေတော့သည်။

လင်ချမ်းကျူးက ချောင်းဝါးကိုကြည့်လိုက်ပြီး....

"ငွေဖျိုင်းဖြူစံအိမ်ရဲ့လုံခြုံရေးကို မင်းက အထူးဂရုစိုက်ပြီး စီစဉ်ပါ၊ လူအင်အား မင်းကြိုက်သလောက် သုံးနိုင်တယ်၊ ပြီးတော့ မင်း စီစဉ်ထားသမျှကို ငါ့တင်ပြ"

"ဟုတ်ကဲ့... ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး"

"အထူးသဖြင့် ဒီရက်ပိုင်းမှာ ဘယ်ဧည့်သည်ကိုမှ မတွေ့ချင်ဘူး၊ ဘယ်သူလာလာ ငါ အတွင်းအားကျင့်စဉ် ဝင်နေလို့ ဘယ်သူနဲ့မှ မတွေ့နိုင်ဘူးလို့ပြော၊ ဖြစ်နိုင်ရင် အပြင်လူကို ဘယ်သူ့မှ စံအိမ်ထဲ မဝင်စေနဲ့၊ အပြင်ရန်ကို အထူးသတိထားပါ"

"ဟုတ်ကဲ့... ကျွန်တော်တို့အနေနဲ့ အပြင်ရန်သာ မဟုတ်ဘဲ အတွင်းရန်ကိုလဲ အထူးသတိထားကြရပါလိမ့်မယ် ခင်ဗျာ"

လင်ချမ်းကျူး မျက်မှောင်ကြုတ်သွားပြီး....

"အတွင်းရန် ဟုတ်လား... ချောင်းဝါး၊ မင်း ဘာကိုဆိုလိုတာလဲ"

"စောစောက ဒုဂိုဏ်းချုပ်ကြီး ထုံဟူလူး အမိန့်ရှိသွားသလို စံအိမ်အမှုထမ်းတွေထဲမှာ မြောင်ယိလန်းကို ချစ်ခင်လေးစားတဲ့သူတွေ အများကြီးရှိနေပါတယ် သခင်ကြီး၊ သူတို့ဟာ မြောင်ယိလန်းသေဆုံးရတဲ့ကိစ္စမှာ သခင်ကြီးကို ကျေနပ်ကြလိမ့်မယ် မဟုတ်ပါဘူး သခင်ကြီးကို ကြောက်လို့သာ မပြောရဲတာပါ"

"ဒါကို ငါလဲ ရိပ်စားမိပါတယ် ချောင်းဝါး၊ ဘယ်သူဘယ်ဝါ



တွေက ငါ့အပေါ် မကျေနပ်ကြသလဲဆိုတာ တိတိကျကျ မသိရသေးလို့သာ ငါ အရေးမယူသေးတာပါ"

"ပြီးတော့ စံအိမ်အမှုထမ်း အတော်များများဟာ မြောင်ယိလန်းရဲ့လူတွေ မဟုတ်ပေမယ့်၊ သူတို့ကိုယ်တိုင် သခင်ကြီးဆီမှာ အမှုထမ်းရမှာ ကြောက်လန့်နေကြပါတယ်လေ၊ အခြေအနေပေးရင် သခင်ကြီးဆီက ခွာထွက်သွားကြဖို့ ကြံစည်နေကြပါတယ်၊ ဒါပေမယ့် သူတို့မှာ တခြားအားထားစရာမရှိလို့ ထွက်မသွားရဲကြတာပါ"

"နေပါဦး ချောင်းဝါး၊ သင်းတို့က ဘာဖြစ်လို့ ငါ့ဆီမှာ အမှုထမ်းရမှာ ကြောက်လန့်နေကြတာလဲ၊ ငါ့အပေါ် သစ္စာရှိတဲ့သူကို ဘယ်လိုအခွင့်အရေးမျိုးတွေ ပေးတယ်ဆိုတာ အားလုံးအသိပဲ မဟုတ်လား"

"ဒါကိုတော့ အမှုထမ်းတွေ အားလုံးသိထားကြပါတယ် သခင်ကြီး၊ ဒါပေမယ့် သူတို့အားလုံးတွေးပြီး ကြောက်လန့်နေတာ ရှိပါတယ်"

"ဘာကို ကြောက်လန့်နေကြတာလဲကွ"

"ဒီလိုပါ သခင်ကြီး၊ မြောင်ယိလန်းနဲ့ ရှုအုံကြူတို့ဟာလဲ သခင်ကြီးအပေါ်မှာ သစ္စာရှိရှိ အမှုထမ်းခဲ့တဲ့သူတွေ မဟုတ်လား၊ အဲဒီလို သစ္စာရှိရှိနဲ့အမှုထမ်းခဲ့လို့လဲ သခင်ကြီးက သူတို့လင်မယားကို အထူးအခွင့်အရေးပေးခဲ့တယ်၊ မြောင်ယိလန်းဟာ စံအိမ်အမှုထမ်းတွေထဲက အကြီးဆုံးရာထူးဖြစ်တဲ့ စံအိမ်အုပ်ချုပ်ရေးမှူးကြီးတောင်ဖြစ်ခဲ့တယ်"

"ဟုတ်တယ်လေ... အဲဒါ ဘာဖြစ်သလဲ"

"ဒီလိုလူမျိုးတောင် သခင်ကြီးက သတ်ပစ်တယ်ဆိုတော့

www.burmeseclassic.com



စံအိမ်အမှုထမ်းတွေကလဲ တွေးလာကြတယ်၊ သူတို့လဲ သခင်ကြီးအပေါ်မှာ ဘယ်လိုပဲသစ္စာရှိခဲ့ရှိခဲ့ သခင်ကြီး စိတ်မထင်ရင် သတ်ပစ်လိမ့်မယ်လို့ ယူဆနေကြတယ်၊ ဒါကြောင့် သခင်ကြီးလက်အောက်မှာ အမှုမထမ်းတော့ဘဲ ထွက်ပြေးဖို့...”

“ဒုန်း....”

“တော်စမ်း... ချောင်းဝါး”

လင်ချမ်းကျူးက စားပွဲကို လက်ဝါးဖြင့် ရိုက်ပြီး ဒေါသတကြီးဖြင့် အော်လိုက်သောအခါ ချောင်းဝါးလည်း စကားတစ်ပိုင်းတစ်စနှင့် ရပ်သွားသည်။

လင်ချမ်းကျူးသည် ချောင်းဝါးကို လက်ညှိုးဖြင့် ဆတ်ခနဲထိုးလိုက်ပြီး....

“မင်းလဲ ဒီလိုလူမျိုးတွေထဲမှာ ပါနေသလား ချောင်းဝါး”

ချောင်းဝါးက ထိတ်ထိတ်လန့်လန့်နှင့် ပြန်ပြောသည်။

“မပါပါဘူး သခင်ကြီးရယ်၊ မပါပါဘူး ခင်ဗျာ၊ ကျွန်တော့်မှာသာ ဒီလိုစိတ်မျိုးရှိနေမှတော့ သခင်ကြီးကို အခုလို ဖွင့်ပြောပါ့မလား။ စံအိမ်အမှုထမ်းတွေရဲ့ စိတ်ထားမှန်ကို သခင်ကြီး သိထားဖို့သာ ဖွင့်ပြောရခြင်းဖြစ်ပါတယ် ခင်ဗျာ”

ထိုအခါမှ လင်ချမ်းကျူးသည် အနည်းငယ် စိတ်ပြေသွားပြီး....

“အင်း... ငါ့မှာ အတွင်းရန်ကော အပြင်ရန်ကော ဝိုင်းနေပါလား၊ အပြင်ရန်က ဘယ်သူဘယ်ဝါဆိုတာ သိပေမယ့် အတွင်းရန်က မသိနိုင်ဘူး ချောင်းဝါး၊ မိတ်ဆွေယောင်ဆောင်တဲ့ရန်သူက ပိုပြီး ကြောက်စရာကောင်းသတဲ့၊ ဒီမယ် ချောင်းဝါး”



“အမိန့်ရှိပါ သခင်ကြီး”

“စံအိမ်အမှုထမ်းတွေထဲမှာ ဘယ်သူတွေက ငါ့အပေါ် ဒီလိုစိတ်မျိုးရှိတယ်ဆိုတာ အလိမ်မာဖက်ပြီး မင်း စုံစမ်းပါ ချောင်းဝါး၊ ဘယ်သူဘယ်ဝါတွေက ဘယ်လိုစိတ်မျိုးရှိတယ်ဆိုတာသိရင် ငါ့ကို ပြန်ပြော၊ မင်းကိုတော့ ငါ ယုံကြည်စိတ်ချပါတယ်”

“ဟုတ်ကဲ့... ကောင်းပါပြီ သခင်ကြီး”

“ကိုင်း... လောလောဆယ် စံအိမ်လုံခြုံရေးအတွက် မင်းသွားပြီး စီစဉ်ပေတော့”

“ဟုတ်ကဲ့”

ချောင်းဝါး ထိုင်ရာမှထရပ်ပြီး လင်ချမ်းကျူးကို အရိုအသေပေးကာ အခန်းပြင်သို့ ထွက်ခွာသွားလေသည်။

အခန်းထဲတွင် လင်ချမ်းကျူးနှင့် လင်ချွင်စစ်တို့ နှစ်ယောက်သာ ကျန်နေတော့သည်။

လင်ချွင်စစ်မှာ ခေါင်းငိုက်စိုက်ကျလျက် မလှုပ်မယှက်ရှိနေသည်။ သူ့မျက်နှာက မှိုင်တွေနေသည်။

လင်ချမ်းကျူးက သားဖြစ်သူကိုကြည့်ပြီး သက်ပြင်းတစ်ချက်ချသည်။

“စိတ်ညစ်နေသလား သား”

လင်ချွင်စစ် ခေါင်းမော့လာပြီး ဖခင်ဖြစ်သူကို ညှိုးငယ်စွာကြည့်သည်။

“ဖေဖေ့အတွက် စိတ်မကောင်းဖြစ်မိလို့ပါ ဖေဖေ”

“ဖေဖေ့အတွက် ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့သားရယ်”

“မဟုတ်ဘူး ဖေဖေ၊ ကျွန်တော့်ကြောင့် ဖေဖေ ခုလို စိတ်ဒု

www.burmeseclassic.com



ဒုက္ခရောက်ရတာပါ၊ ကျွန်တော်သာ ရှုအုံကြူကို မကြံစည်မိရင် ခုလို ဖြစ်လာစရာ မရှိပါဘူး”

“ဒီမှာ သား... သားဟာ ဖေဖေ့ရဲ့အသက်၊ ဖေဖေ့ရဲ့ အသည်းပဲ၊ သားအတွက်နဲ့ ဖေဖေ ဘယ်လောက်ပဲ ဒုက္ခရောက်စမ်းပါစေ၊ နောက်ထပ် ဒီထက်ကြီးမားတဲ့ ဒုက္ခမျိုးတွေကိုလဲ တွေ့ချင် တွေ့ပါစေ ဖေဖေ မမှုပါဘူး၊ အရေးကြီးတာက သား စိတ်ချမ်းသာအောင်နေ၊ ကြိုက်သလိုသာလုပ်၊ သားစိတ်ဆင်းရဲဖြစ်နေမှာကိုတော့ ဖေဖေ မလိုလားဘူး၊ ဖေဖေပြောတာ သဘောပေါက်ရဲ့လား သား”

“ဟုတ်ကဲ့... သဘောပေါက်ပါတယ် ဖေဖေ၊ ကျွန်တော်အပေါ် သိပ်ပြီးကောင်းတဲ့ဖေဖေ့ကိုလဲ အတတ်နိုင်ဆုံး ကျွန်တော်ပြန်ပြီး ကူညီပါရစေ၊ ဖေဖေ စိတ်ချမ်းသာအောင် ကျွန်တော် ဘာလုပ်ပေးရမလဲဟင်”

လင်ချမ်းကျိုးက ခဏမျှ စဉ်းစားလိုက်ပြီး ခေါင်းတဆတ်ဆတ်ညိတ်၍....

“အိမ်း... တစ်ခုတော့ ဖေဖေ့ကို သား ကူညီရလိမ့်မယ်ကွယ့်”

“ပြောပါ ဖေဖေ... ဘာကူညီရမှာလဲ”

“နယ်စားကြီး ချိုကုဖိန်းဆီကို သား သွားရလိမ့်မယ်၊ ပြီးတော့ ဒီမှာဖြစ်ပျက်ပုံ အခြေအနေတွေကို ပြောပြပါကွယ်၊ လောလောဆယ် မြို့စားကိုးယောက်ကို သုတ်သင်ဖို့ကိစ္စကို ဆိုင်းငံ့ထားမှ ဖြစ်လိမ့်မယ်လို့ပဲ ပြောပြပါ”

“ကောင်းပါပြီ ဖေဖေ၊ ကျွန်တော် သေသေချာချာ ပြောပြလိုက်ပါ့မယ်”



“ဖြစ်နိုင်မယ်ဆိုရင် နယ်စားကြီးကိုယ်တိုင် ဒီစံအိမ်ကိုကြွခဲ့ပါလို့ ဖိတ်ခဲ့ပါ၊ ဖေဖေ့မှာ အရေးတကြီးဆောင်ရွက်စရာတွေ ရှိနေလို့ ဖေဖေကိုယ်တိုင် မလာနိုင်တဲ့အတွက်လဲ တောင်းပန်လိုက်ပါ၊ ပြီးတော့ နယ်စားကြီး လာခဲ့ရင် ထင်ထင်ပေါ်ပေါ် မလာဘဲ အတတ်နိုင်ဆုံး ဘယ်သူမှ မသိအောင်လာဖို့ ပြောပြပါ”

“ဟုတ်ကဲ့ ဖေဖေ၊ ကျွန်တော် ဘယ်တော့လောက် သွားရမလဲ”

“သွားဆို မနက်စောစောပဲ ခရီးစထွက်ပေတော့ သား၊ လမ်းခရီးမှာ အစစအရာရာတော့ ဂရုစိုက်နော်၊ ချန်တာ့ယူတို့တာတွေက ဖေဖေတို့ သားအဖရဲ့ ခြေလှမ်းတွေကို မျက်ခြည်မပြတ်ကြည့်ချင် ကြည့်နေကြမှာ”

“စိတ်ချပါ ဖေဖေ”

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၁)

မိုးနဲ့မြေ

ချန်တူးမြို့ကလေးထဲသို့ မြင်းတစ်စီး ခပ်မှန်မှန် ဝင်လာသည်။

မြင်းပေါ်တွင် ပါလာသူကား လင်ချွင်စစ်။

သူသည် မြို့အရှေ့ဘက်မှ ရစ်ခွေစီးဆင်းနေသော လီကျန်းမြစ်ကို တစ်ချက်ကြည့်လိုက်၏။

လီကျန်းမြစ်ထဲတွင် လှေကြီးလှေငယ်များ စုန်ဆန်သွားလာနေကြသည်။

မြို့အနောက်ဘက်ရှိ တောင်ထွတ်တောင်တန်းကြီးများထဲသို့ နေဝန်းသည် ငုပ်လျှိုးပျောက်ကွယ်သွားလေသည်။

နေလုံးကြီး ပျောက်ကွယ်သွားသော်လည်း နေရောင်ကမူ မပျောက်သေးချေ။

မြို့ပေါ်တွင် နေရောင်ခြည်များ လွှမ်းခြုံနေသေးသည်။

ကောင်းကင်တွင် ပုစွန်ဆီရောင် တိမ်လိပ်ကြီးများ ရှ



လျှားနေသည်။

လီကျန်းမြို့ကို ရှပ်တိုက်လာသော လေပြည်က လင်ချွင်စစ်ကို အေးမြစွာ ဖြတ်ကျော်နေသည်။

နေဝင်ချိန်တွင် ချန်တူးမြို့နှင့် ပတ်ဝန်းကျင်မှာ လှပစွာ သာယာလှပနေသည်။

လင်ချွင်စစ် စိတ်ထဲတွင်လည်း အတော်ကလေး ကြည်လင်လန်းဆန်းနေသည်။

သူသည် ဖခင်ကြီးစေခိုင်းလိုက်သော တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခဲ့သောကြောင့်လည်း စိတ်ကြည်လင် လန်းဆန်းနေခြင်း ဖြစ်လေသည်။

သူသည် ငွေဖိုုင်းဖြူစံအိမ်မှ နယ်စားကြီး ချီကုဖိန်း၏စံအိမ်တော်အရောက် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ရောက်အောင်သွားနိုင်ခဲ့သည်။

ငွေဖိုုင်းဖြူစံအိမ်မှ ထွက်ခဲ့စဉ်တုန်းက သူသည် စိတ်လက်မကြည်သာ ဖြစ်နေသေးသည်။

ထို့နောက် နယ်စားကြီး ချီကုဖိန်းနှင့်တွေ့သည်။

လင်ချွင်စစ်က နယ်စားကြီး ချီကုဖိန်းအား ငွေဖိုုင်းဖြူစံအိမ်တွင် ဖြစ်ပျက်ခဲ့သမျှ အကျိုးအကြောင်းကို တစ်လုံးမကျန် ဖွင့်ဟပြောသည်။

ပြီးတော့ ချန်တဲ့ယူနှင့် ပိုင်ယီးယီးတို့ သားအမိပေါ်လာသည့်အကြောင်း၊ ချန်တဲ့ယူတို့ထံတွင် ရှုအုံကြူရောက်နေသည့် အကြောင်းများကိုပါ ပြောပြသည်။

သူ့ထံမှ စကားအလုံးစုံကိုကြားရသော နယ်စားကြီး ချီကု

www.burmeseclassic.com

www.burmeseclassic.com



ဖိန်းလည်း ပထမတော့ အတော်ကြီး စိတ်မချမ်းမသာဖြစ်သွားသည်။

နောက်မှ နယ်စားကြီး ချိုကုဖိန်းသည် သူ့ကိုပြန်၍ အားပေးစကားပြောသည်။

ချန်တာ့ယူတို့လူစုကို ဖမ်းဆီးသုတ်သင်နိုင်ရန်အတွက် သူကိုယ်တိုင် အာဏာအပြည့်အဝ၊ အင်အားအပြည့်အဝ သုံးမည့်အကြောင်း၊ လောလောဆယ် လင်ချမ်းကျုံးနှင့် သူ၏ရှေ့လုပ်ငန်းစဉ်များကို ရပ်ထားကြမည်ဖြစ်ကြောင်း။

တစ်ဦးနှင့်တစ်ဦးလည်း ပြောင်ပြောင်တင်းတင်း မဟုတ်ဘဲ တိတ်တဆိတ် ဆက်သွယ်ကြမည့်အကြောင်း၊ သူကိုယ်တိုင် လင်ချမ်းကျုံးနှင့်တွေ့ရန် ငွေဖျိုင်းဖြူစံအိမ်သို့ လာခဲ့မည့်အကြောင်းများကို လင်ချွင်စစ်အား ပြောလိုက်လေသည်။

နယ်စားကြီး ချိုကုဖိန်းကို ငွေဖျိုင်းဖြူစံအိမ်သို့လာရန် ဖိတ်ခေါ်နိုင်ခဲ့သဖြင့် လင်ချွင်စစ်ကို သူ့ကိုယ်သူ များစွာ ကျေနပ်နေသည်။

ဖခင်ကြီး လင်ချမ်းကျုံးနှင့် နယ်စားကြီး ချိုကုဖိန်းတို့သာ ခေါင်းချင်းဆိုင်ပြီး ဆွေးနွေးကြမည်ဆိုလျှင် သူတို့ခက်ခဲကြုံတွေ့နေရသော ပြဿနာများ အားလုံးပြေလည်သွားလိမ့်မည်ဟူ၍လည်း လင်ချွင်စစ် ယုံကြည်သည်။

ထို့ကြောင့် ယခုအပြန်ခရီးတွင် လင်ချွင်စစ်သည် စိတ်လက်ကြည်သာခြင်း ဖြစ်လေသည်။

သူသည် မြင်းကို ဖြည်းဖြည်းစီးကာ ချန်တူးမြို့၏ သာယာလှပုံကို ခံစားလာသည်။



စားသောက်ဆိုင်တစ်ဆိုင် ရှေ့သို့အရောက် သူသည် မြင်းကို ရပ်လိုက်သည်။

စားသောက်ဆိုင်မှာ အကောင်းစား စားသောက်ဆိုင် မဟုတ်သလို အညံ့စားထဲကလည်း မဟုတ်ချေ။

ဂဏန်းနှစ်ကောင် စားသောက်ဆိုင်....။

သူသည် ဆိုင်ရှေ့တံခါးဝအပေါ်တွင် ချိတ်ထားသော ဆိုင်းဘုတ်ကိုဖတ်ပြီး မြင်းပေါ်မှ ဆင်းလိုက်သည်။

ထိုစဉ် ဆိုင်ထဲမှ မိန်းမလှကလေးတစ်ယောက် ပြေးထွက်လာသည်။

ထိုမိန်းမလှကလေးကား ရှောက်ဗှာပင် ဖြစ်လေသည်။

လင်ချွင်စစ်သည် မိန်းမလှကလေးရှောက်ဗှာကို မြင်သည်နှင့် သူ့မျက်လုံးမှာ ရှောက်ဗှာထံမှခွာမရတော့ချေ။

ရှောက်ဗှာ၏အလှတွင် ယစ်မူးသွားမိသည်။

ဆိုင်ထဲမှ အသက်လေးဆယ်ရွယ်ခန့်ရှိ လူဝကြီးတစ်ယောက်လည်း ပြေးထွက်လာသည်။

"ဟဲ့... ကောင်မလေး ရပ်စမ်း... မပြေးနဲ့"

ငင်းလူဝကြီးက ရှောက်ဗှာကို လှမ်းအော်သည်။

ရှောက်ဗှာသည် ဟိုပြေးရမလို ဒီပြေးရမလိုလုပ်ပြီးမှ လင်ချွင်စစ်ကို လှမ်းကြည့်သည်။

ပြီးနောက် လင်ချွင်စစ်ထံ ပြေးလာသည်။

"ကျွန်မကို ကယ်ပါဦး အစ်ကိုကြီးရယ်... ကယ်ပါဦး"

ရှောက်ဗှာသည် လင်ချွင်စစ်၏လက်မောင်းကို ဆွဲကိုင်ပြီး ကြောက်လန့်တကြား အကူအညီတောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်မှလိုက်လာသော လူဝကြီးလည်း လင်ချွင်စစ်အနီး ရောက်လာလေသည်။

ယင်း လူဝကြီးက ရှောက်ဗှာ၏လက်မောင်းကို ဆွဲ၍ခေါ် သည်။

"လာ… ကောင်မလေး၊ ပြန်လိုက်ခဲ့စမ်း… ပြန်လိုက်ခဲ့စမ်း"

ရှောက်ဗှာက ခေါင်းကို တွင်တွင်ခါယမ်းပြီး….

"ဟင့်အင်း… မလိုက်နိုင်ဘူး၊ ကျွန်မကို လွှတ်ပါ လွှတ် အစ်ကိုကြီးရယ် ကျွန်မကို ကယ်ပါဦးရှင်"

သူမက လင်ချွင်စစ်ကိုလည်း အားကိုးတကြီးနှင့်အကူအညီ တောင်းသည်။

လင်ချွင်စစ်က လူဝကြီး၏လက်ကောက်ဝတ်ကို ဆွဲကိုင်ဖျစ် ညှစ်လိုက်ရာ လူဝကြီး၏မျက်နှာရှုံ့မဲ့သွားပြီး ရှောက်ဗှာ၏လက်ကို လည်း လွှတ်လိုက်သည်။

လူဝကြီးက လင်ချွင်စစ်ကို ဘုကြည့်ကြည့်ပြီး ဒေါသတကြီး နှင့်ပြောလိုက်သည်။

"မင်းက ကိုယ်နဲ့မဆိုင်တဲ့ကိစ္စမှာ ဘာဖြစ်လို့ ဝင်ရှုပ်ရတာလဲ ကွ"

"ရှုပ်တာမဟုတ်ပါဘူး နှောင်ကြီးရယ်၊ ခင်ဗျားနဲ့ ဒီကောင်မ လေးနဲ့ ဘယ်လိုဖြစ်လာတာလဲဆိုတာ ပြောပါဦး"

"ငါက ဒီဂဏန်းနှစ်ကောင် စားသောက်ဆိုင်ပိုင်ရှင်ကွ၊ သူ့ကို ဒီဆိုင်မှာလုပ်ဖို့ လခ သုံးနှစ်စာ ကြိုပေးပြီး ခေါ်ထားတာ၊ အခုတစ် လတောင် မပြည့်သေးဘူး၊ ငါ့ဆီက ထွက်ပြေးတယ်"

လင်ချွင်စစ်က ရှောက်ဗှာကိုကြည့်၍….



"သူပြောတာ ဟုတ်သလား ညီမ"

ရှောက်ဗှာက ကြောက်ရွံ့စိုးရိမ်သည့်လေသံမျိုးဖြင့် ပြန် ပြောသည်။

"ဟုတ်တော့ ဟုတ်ပါတယ် အစ်ကိုကြီး၊ ဒါပေမယ့် ဒီလူကြီး ပြောတာ အကုန်အစင် မမှန်ပါဘူး"

"ဘယ်လိုမမှန်တာလဲ ညီမလေး၊ အစ်ကိုကြီးကို မှန်မှန်သာ ပြောပြ၊ အစ်ကိုကြီး ဖြေရှင်းလို့ရရင် ဖြေရှင်းပေးမယ်"

"ကျွန်မဟာ မိထွေးနဲ့နေရသူပါ၊ ကျွန်မဖေဖေ ဆုံးတာတစ် နှစ်ကျော်ကျော်ပဲ ရှိပါသေးတယ်၊ တခြားမှာလဲ အားကိုးအားထား ဆွေမျိုးသားချင်း မရှိတာနဲ့ မိထွေးနဲ့ နေရပါတယ်၊ ကျွန်မရဲ့မိထွေး ဟာ ကျွန်မကို သိပ်ပြီးနိုင်တယ်၊ အလုပ်ကို မတရားလုပ်ခိုင်းတယ်၊ လွန်ခဲ့တဲ့ တစ်လလောက်ကတော့ ကျွန်မရဲ့မိထွေးဟာ ဒီလူကြီးရဲ့ စားသောက်ဆိုင်မှာ လုပ်ဖို့ လခသုံးနှစ်စာကြိုယူပြီး ဒီလူကြီး လက် ထဲ အပ်လိုက်တယ်၊ ငွေတစ်စကိုတောင် ကျွန်မ မကိုင်ရပါဘူး"

ရှောက်ဗှာသည် ပြောရင်းမှ မျက်ရည်ကျလာသည်။

သူသည် လုပ်ကြံဇာတ်လမ်းကို ပြောနေခြင်းဖြစ်သော် လည်း သဘာဝကျအောင် ညှစ်ထုတ်ရခြင်းဖြစ်လေသည်။

"ကျွန်မ စိတ်ထဲမှာလဲ ကျွန်မ မိထွေးနဲ့ နေရတာထက်စာ ရင် စားသောက်ဆိုင်မှာနေရမယ်ဆိုတော့ ပိုပြီး အဆင်ပြေမလားလို့ တွေးမိပါတယ်၊ ဒါကြောင့်လဲ လိုက်ခဲ့ပါတယ်၊ မိုးလင်းက မိုးချုပ် အလုပ်ကို လက်နဲ့မပြတ်အောင် လုပ်ရတယ်"

ဆိုင်ရှင်လူဝကြီးက ဝင်ပြောသည်။

"နင့်ကို ငါ့ဆိုင်မှာ အလုပ်လုပ်ဖို့ ခေါ်တာပဲ၊ အလုပ်လုပ်ရ

www.burmeseclassic.com

www.burmeseclassic.com



တာ ဆန်းသလား”

ရှောက်ဝှာကလည်း လူဝကြီးကို လေသံမာမာဖြင့် ပြန်ပြော သည်။

“အလုပ်ရယ်လို့ ကျွန်မ ညည်းညူနေတာ မဟုတ်ဘူး၊ ရှင် တို့ခိုင်းသလောက် ဘယ်တော့မဆို တာဝန်ကျေအောင် လုပ်ပေး တယ် မဟုတ်လား၊ ဒါပေမယ့် ရှင်က ကျွန်မကို ရှင့်မယားအဖြစ် သိမ်းဖို့ကြံတာ နှစ်ကြိမ်သုံးကြိမ်ရှိသွားပြီ မဟုတ်လား၊ ကျွန်မ ကိုယ့် ကိုယ်ကို ခုခံကာကွယ်နိုင်လို့ ရှင့်မယားမဖြစ်တာပေါ့၊ ရှင်နဲ့ကျွန်မရဲ့ အသက်နှစ်ဆယ်ကျော်လောက် ကွာနေတာ၊ ပြီးတော့ ရှင့်မှာ သားကြီး မယားကြီးနဲ့၊ ကျွန်မက ဘယ်လိုလုပ် ရှင့်မယား အဖြစ်ခံနိုင် ပါ့မလဲ၊ တကယ်လို့ ရှင်သာ ကျွန်မထက် ဆယ်နှစ်လောက်ပဲ ကြီး မယ်၊ ပြီးတော့ ရှင့်မှာလဲ သားမယား မရှိဘူးဆိုရင်တော့ အားတိုး ရာမဲ့နေတဲ့ ကျွန်မအနေနဲ့ ရှင့်ကိုငြင်းမိမှာ မဟုတ်ဘူး”

ရှောက်ဝှာ၏စကားကိုကြားရသော လင်ချင်စစ် စိတ်ထဲတွင် ဝိတိဖြစ်သွားမိသည်။

မိမိလို လူမျိုးသာဆိုလျှင် မိန်းမလှကလေးမှာ ငြင်းလိမ့် မည် မဟုတ်ဟုလည်း တွေးမိသည်။

လူဝကြီးက ချော့မော့သောလေသံဖြင့် ပြောသည်။

“ပြန်လိုက်ခဲ့ပါ ရှောက်ဝှာရယ်၊ မင်းဟာ ငါ့ရဲ့မယားငယ်ဖြစ် ပေမယ့် ငါ့ရဲ့မယားကြီးထက် အခွင့်အရေးတွေ ပိုပေးမှာပါ”

“တော်... ရှင် ဆက်မပြောနဲ့၊ ဘယ်လိုနည်းနဲ့မှ ကျွန်မ လိုက်နိုင်ဘူး”

“မလိုက်လို့ ဖြစ်မလားကွ၊ ငါ့ဆီမှာ မင်းကိုနေဖို့ မင်းမိဘတွေ



ကို သုံးနှစ်စာ ပေးခဲ့ရတာပဲ”

လင်ချင်စစ်က ကြားဖြတ်မေးလိုက်သည်။

“ဒီမိန်းကလေးရဲ့ မိထွေးကို ခင်ဗျားက ဘယ်လောက် ထောင် ပေးခဲ့ရလို့လဲ”

“သုံးနှစ်စာအတွက် လျှံငွေ တစ်ထောင် ပေးခဲ့ရတာကွ”

“ဒါဖြင့် အဲဒီငွေကို ကျုပ်ပေးမယ်၊ ဒီညီမလေးကို ခင်ဗျား နှောက်ယှက်နဲ့”

“ဘာ... မင်းက ပေးမယ် ဟုတ်လား”

ဆိုင်ရှင်လူဝကြီးက မယုံမရဲဖြင့် မေးသည်။

လင်ချင်စစ်က ခေါင်းညိတ်၍...

“ဟုတ်တယ်... ကျုပ် ပေးမယ်”

လူဝကြီးက စဉ်းစားလိုက်ပြီး...

“ဟာ... တစ်ထောင်နဲ့ ပြန်ရွေးလို့တော့ ဘယ်နည်းနဲ့မှ မ ဖြစ်ဘူး ငါက...”

“ခင်ဗျာ... စကားရှည်မနေနဲ့တော့၊ ခင်ဗျားကို နှစ်ထောင် ပေးမယ်”

လူဝကြီးက အံ့သြသွားပြီး...

“ဘာ... နှစ်ထောင် ဟုတ်လား၊ မင်း တကယ်ပြောတာ လား”

လင်ချင်စစ်က ဘာမှပြန်မပြောတော့ချေ။

သူ့ခရီးဆောင် အိတ်ထဲမှ ကြိုးရှုံ့နှင့်အိတ်ကလေးတစ်လုံးကို ထုတ်လိုက်ပြီးလျှင် ဆိုင်ရှင် လူဝကြီးကို ပေးလိုက်သည်။

“ရော့... ဒီထဲမှာ လျှံငွေ နှစ်ထောင်ပါပါတယ်၊ ယူသွား

www.burmeseclassic.com

www.burmeseclassic.com



တော့… ဒီညီမလေးနဲ့ပတ်သက်တဲ့ ကိစ္စအဝဝကိုလဲ ခင်ဗျား ခေါင်းထဲက ဖျောက်လိုက်တော့"

လူဝကြီးက အိတ်ကပ်ထဲမှ ငွေစများကို သူ့လက်ဝါးပေါ် သွန်ကြည့်သည်။

ပြီးမှ သူသည် မိန်းမလှကလေး ရောက်ဗုံကို နှမြောတသသည့် အမူအရာဖြင့်ကြည့်၍ ဘာမှမပြောတော့ဘဲ ဆိုင်ထဲပြန်ဝင်သွားလေသည်။

ရောက်ဗုံက လင်းချင်စစ်ကို မကျေနပ်သောလေသံဖြင့် ပြောသည်။

"အစ်ကိုကြီးကလဲ သူ့ကို ဘာဖြစ်လို့ နှစ်ထောင်တောင်မှ ပေးလိုက်ရတာလဲ၊ ကျွန်မအတွက် သူပေးခဲ့တဲ့ ငွေက တစ်ထောင်ပဲ ဥစ္စာ"

"သူက တစ်ထောင်ပေးတာမှ လက်မခံဘဲ ညီမလေးရဲ့"

"နှစ်ရာ သုံးရာလောက်ပဲ ပိုပေးလိုက်ပေါ့၊ ဒါဆိုလဲ သူယူမှာပါ"

"ကိစ္စမရှိပါဘူး ညီမလေးရယ်၊ အစ်ကိုကြီးက ဒီငွေလောက်နဲ့စကား အခြေအတင်မပြောချင်ဘူး"

"ဘာလဲ… အစ်ကိုကြီးက သူဌေးသားမို့လို့လား"

"ဟဲဟဲ… သူဌေးသားပဲ ထားလိုက်ပါတော့ ညီမလေးရယ်ကဲ… လာ အစ်ကိုကြီးနဲ့လိုက်ခဲ့ပေတော့"

"ဟင်… ဘယ်ကိုလဲ"

"အစ်ကိုကြီး ညစာ မစားရသေးဘူး၊ ပထမတော့ ဒီဆိုင်မှာစားမလို့ဘဲ၊ ဒီဆိုင်ရှင်နဲ့ မျက်နှာချင်း မဆိုင်ချင်တာနဲ့ မစားတော့ဘူး ညီမလေးလဲ ညစာ မစားရသေးဘူး မဟုတ်လား"



"ဟင့်အင်း… မစားရသေးဘူး၊ ညီမလေးတို့က ညဉ့်နက်မှ စားကြရတာ"

"ဒါကြောင့် အစ်ကိုကြီးနဲ့လိုက်ခဲ့ဖို့ ခေါ်တာပေါ့၊ အစ်ကိုကြီးနဲ့ ညီမလေးတို့ အကောင်းဆုံး စားသောက်ဆိုင်မှာ စားသောက်ကြတာပေါ့၊ ဒါမှလဲ အေးအေးဆေးဆေး စကားပြောလို့ရမယ်၊ လာ… ညီမလေး"

လင်းချင်စစ်က မြင်းဇက်ကြိုးကိုဆွဲကာ ဦးစွာ ထွက်သည်။ သူ့ဘေးမှ ရောက်ဗုံက လိုက်လာသည်။

လင်းချင်စစ်သည် ရောက်ဗုံကို တကယ်ပင် ဆွေမျိုးသားချင်းမရှိသော အားကိုးရာမဲ့ မိန်းမလှအဖြစ် ယုံကြည်ထားသည်။

ယင်းသို့သော မိန်းမလှကလေးကို သူနှင့်တပါတည်း ခေါ်ဆောင်လာနိုင်သဖြင့် စိတ်ထဲတွင် ကျိတ်၍ ဝမ်းသာနေသည်။

သူသည် မိန်းမလိုက်စားရာတွင် ဝါသနာထုံသူဖြစ်ရာ ရောက်ဗုံလို မိန်းမလှကလေးအတွက် သောင်းချီ၍ ငွေကုန်မည်ဆိုပါက သူသည် စိတ်တိုင်းကျ ခြေတော်တင်နိုင်ကြောင်း သူ့အတွေ့အကြုံများအရ ကောင်းစွာ သိနေပြီဖြစ်၏။

သို့သော် သူသည် မျက်နှာကို လူကြီးလူကောင်း အသွင်ကို အတတ်နိုင်ဆုံး ဟန်ဆောင်ထားသည်။

ဝမ်းသာအယ်လဲ ဖြစ်သည့် အမူအရာမျိုး လုံးလုံးမပြချေ။ သို့မှသာ မိန်းမလှလေးက အထင်ကြီး လာမည် မဟုတ်ပါလား။

"ညီမလေး နာမည် ဘယ်လိုခေါ်သလဲ"

"ရောင်ယိပါ အစ်ကိုကြီး၊ ကျွန်မရဲ့ ကျေးဇူးရှင် အစ်ကိုကြီး

www.burmeseclassic.com

www.burmeseclassic.com



ရဲ့နာမည်ကိုကော သိခွင့်ရှိမလားဟင်"

"အစ်ကိုကြီးက ဘာမဆို ပွင့်ပွင့်လင်းလင်း နေတတ်ပြော တတ်သူပါ ညီမလေးရယ်၊ ဘာမှ ဖုံးကွယ်စရာ မလိုပါဘူး၊ အစ်ကိုကြီး နာမည်လင်ချမ်စစ်ပါ၊ ဒီပြည်နယ်မှာ သိပ်ပြီး နာမည်ကြီး ထင်ရှားတဲ့ ငွေဗျိုင်းဖြူဂိုဏ်းကို ညီမလေး သိသလား"

"သိတာပေါ့ အစ်ကိုကြီး၊ ညီမလေးရဲ့ဖေဖေက သိုင်းသမား ကြီးတစ်ဦးလေ၊ နာမည်ကတော့ မထင်ရှားပါဘူး၊ ဖေဖေသင်ပေး ခဲ့လို့ ညီမလေးလဲ သိုင်းပညာ နည်းနည်းပါးပါးတတ်တယ်၊ ဒါကြောင့် ဟိုဆိုင်ရှင် လူဝကြီး ညီမအနားကို မကပ်နိုင်တာပေါ့၊ အဲ... ဖေဖေ ပြောပြလို့ ငွေဗျိုင်းဖြူဂိုဏ်းအကြောင်း ကြားဖူးနေပါတယ်၊ နေပါဦး— အစ်ကိုကြီးက ငွေဗျိုင်းဖြူဂိုဏ်းနဲ့ ပတ်သက်နေလို့လား"

လင်ချင်စစ်က ဂုဏ်ယူဝင့်ကြွားစွာ ရယ်မောလိုက်ပြီး—

"ပတ်သက်တာမှ သိပ်ပြီး ပတ်သက်နေတာပေါ့ ညီမရယ်၊ နေပါဦး... ညီမလေးက ငွေဗျိုင်းဖြူဂိုဏ်းအကြောင်း ဘာတွေများ ကြားထားသလဲ"

"ငွေဗျိုင်းဖြူဂိုဏ်းရဲ့ ကောင်းသတင်းတွေပါ အစ်ကိုကြီး၊ ငွေဗျိုင်းဖြူဂိုဏ်းကြီးက လူတွေကို အကျိုးပြုနေတဲ့ ဂိုဏ်းကြီးတဲ့၊ အင်အားလဲ ကြီးမားတယ်တဲ့၊ ငွေဗျိုင်းဖြူဂိုဏ်းချုပ်ကြီး လင်ချမ်း— ဟင် အစ်ကိုကြီးက ငွေဗျိုင်းဖြူဂိုဏ်းချုပ်ကြီး လင်ချမ်းကျူးနဲ့များ ပတ်သက်နေသလား"

"ဂိုဏ်းချုပ်ကြီး လင်ချမ်းကျူးဟာ အစ်ကို့ရဲ့ဖေဖေပေါ့ ညီမ လေး ဟဲ... ဟဲ"

"အို...."



ရှောက်ဗှာ လမ်းလျှောက်နေရာမှ ရပ်သွားသည်။

နောက်ကို ခြေတစ်လှမ်း ဆုတ်သွားသည်။

လင်ချင်စစ်ကပါ ရပ်လိုက်ပြီး ရှောက်ဗှာကို မေးသည်။

"ဟင်... ဘာဖြစ်လို့လဲ ညီမလေး ရှောင်ယိ"

"ကျွန်မ... ကျွန်မ သိပ်ပြီး အံ့သြသွားမိလို့ပါ အစ်ကိုကြီး၊ အစ်ကိုကြီးကို ဒီလောက်အထိ ကြီးမြင့်တဲ့သူ ဖြစ်လိမ့်မယ်လို့တောင် ကျွန်မ မထင်ဘူး၊ ခုတော့ အစ်ကိုကြီးက ဩဇာအာဏာနဲ့ပြည့်ဝရုံ သာမက ဥစ္စာကြေးငွေလဲ ကြွယ်ဝလွန်းတဲ့ဂိုဏ်းချုပ်ကြီး လင်ချမ်း ကျူးရဲ့သားကိုး၊ အစ်ကိုကြီးနဲ့တောင် ကျွန်မယှဉ်ပြီးတော့ လမ်းမ လျှောက်ရဲတော့ဘူး"

"ဟား... ဟား... ဟား ဘာဖြစ်လို့လဲ ညီမလေးရဲ့"

"အစ်ကိုကြီးရဲ့အဆင့်အတန်းနဲ့ ကျွန်မရဲ့အဆင့်အတန်းက မိုးနဲ့မြေလို သိပ်ပြီး ကွာခြားနေလို့ပါ၊ ကျွန်မလို အဆင့်အတန်းမရှိတဲ့ မိန်းကလေးတစ်ယောက်နဲ့ တွဲသွားနေရင် အစ်ကိုကြီးပါ သိက္ခာကျ သွားပါဦးမယ်"

"ဟား... ဟား... ဟား၊ ကျချင်သလောက် ကျစမ်းပါစေ ညီမလေးရယ်၊ အစ်ကိုကြီးက ဘယ်သူ့ကိုမှ အဆင့်အတန်း မခွဲခြား တတ်ပါဘူး၊ ပြီးတော့ ညီမလေးနဲ့ ခုလိုယှဉ်ပြီး သွားရတာ အစ်ကိုကြီး အတွက်တောင် ဂုဏ်ရှိပါသေးတယ်"

"ဘာဖြစ်လို့ ဂုဏ်ရှိမှာလဲ"

"ဟုတ်ပါတယ်... ညီမလေးက အလှဂုဏ်နဲ့ပြည့်စုံတဲ့သူမှ သိပ်လှတဲ့ မိန်းမချောကလေးပဲ၊ ဒီတော့ အစ်ကိုကြီး ဂုဏ်ရှိတာပေါ့ မဟုတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"သွား... မဟုတ်ပါဘူး"

"သွားပါ့မယ်ဗျာ... သွားပါ့မယ်၊ ညီမလေးလဲ လာလေ"

နှစ်ယောက်သား ပခုံးချင်း ယှဉ်၍ ဆက်လျှောက်ခဲ့ကြပြန်သည်။

နှစ်ယောက်စလုံး ရယ်ရယ်မောမော ရွှင်ရွှင်ပြုံးပြုံး။



အခန်း(၁၂)

## အကြံအစည်

ထိုညက လင်ချွင်စစ်နှင့် ရှောက်ဟုတတို့သည် တိမ်နန်းတည်းခိုဆောင်တွင် တည်းခိုကြသည်။

သူတို့သည် အထက်တန်းကျသော စားသောက်ဆိုင်ကြီးတစ်ဆိုင်တွင် စားသောက်ရင်း စကားတွေ များစွာ ပြောခဲ့ကြသည်။

ရှောက်ဟုတက သူမ၏လုပ်ကြံဖောက်လမ်းကို သနားစဖွယ်ဖြစ်အောင် ပြောပြသည်။

လင်ချွင်စစ်က သူနှင့် ငွေဖျိုင်းဖြူစံအိမ်ကို လိုက်ခဲ့ရန် ခေါ်သည်။

ရှောက်ဟုတကလည်း အားကိုးရာမဲ့နေသဖြင့် လိုက်မည်ဟု ပြောသည်။

လင်ချွင်စစ်သည် ရှောက်ဟုတကို လွယ်လွယ်ကူကူ ကြံစည်၍ ရလိမ့်မည် မဟုတ်မှန်းသိသည်။

သူနှင့်အတူ အမြဲရှိနေမည့် ရှောက်ဟုတကို ပိုင်ပိုင်နိုင်နိုင်ဖြစ်မှ

www.burmeseclassic.com

www.burmeseclassic.com



ကြံစည်မည်ဟု ဆုံးဖြတ်ထားသည်။

လောလောဆယ် သူသည် ရှောက်ဗှာကို တဖြည်းဖြည်း သိမ်းသွင်းရပေလိမ့်မည်။

ရှောက်ဗှာသည် ကိုယ်ခံသိုင်းပညာကို တတ်ကျွမ်းထားသူဖြစ်၍ အဓမ္မကြံစည်လျှင်လည်း ရလိမ့်မည်မဟုတ်ချေ။

ထို့ကြောင့် လင်ချွင်စစ်သည် တီမ်နန်းတည်းခိုဆောင်တွင် တည်းခိုကြသောအခါ သူနှင့်ရှောက်ဗှာတို့ တစ်ခန်းစီ တည်းကြသည်။ အခန်းချင်းကမူ ကပ်လျက်။

ထိုညက ရှောက်ဗှာသည် လင်ချွင်စစ်ကို ထိကပါး ရိကပါး လုပ်ကာ အရက်တွင်တွင် တိုက်သည်။

အရက်နှင့် မိန်းမကိုကြိုက်သော လင်ချွင်စစ်ကလည်း အရက်ကို တိုက်သလောက်သောက်သည်။

လင်ချွင်စစ် အရက်မူးလာသောအခါ ရှောက်ဗှာက ငွေဖျိုင်းဖြူဂိုဏ်း၏လုပ်ရပ်များကို တဖြည်းဖြည်း မသိမသာ မေးသည်။

အလိုလိုကမှ ကြွားဝါချင်သော လင်ချွင်စစ်သည် အရက်မူးတော့ ကျွဲခိုးပေါ်တော့သည်။

သူသည် ဖုံးဖုံးဖိဖိပြောနေသည့်ကြားမှ ငွေဖျိုင်းဖြူဂိုဏ်း၏လုပ်ရပ်များ၊ လင်ချမ်းကျုံး၏လုပ်ရပ်များကို ပြောမိလေသည်။

ရှောက်ဗှာသည် ထိုညက အတော်ကလေး သိလိုက်ရသည်။

လင်ချွင်စစ် မူးပြီး အိပ်ပျော်သွားသောအခါ ရှောက်ဗှာလည်း အခြား အခန်းတစ်ခန်းဆီသို့ လာခဲ့သည်။

သူမက တံခါးကို အချက်ပေးနည်းစနစ်ဖြင့် ခေါက်လိုက်သောအခါ ချက်ချင်းတံခါးပွင့်သွားသည်။



တံခါးနောက်ကွယ်တွင် ချန်တာ့ယူ ပေါ်လာသည်။

ရှောက်ဗှာ အခန်းထဲသို့ဝင်လိုက်သည်နှင့် တံခါးလည်း ပြန်ပိတ်သွားသည်။

နောက်တစ်နေ့တွင် လင်ချွင်စစ်နှင့် ရှောက်ဗှာတို့သည် မြင်းကိုယ်စီဖြင့် ခရီးဆက်ခဲ့ကြသည်။

လင်ချွင်စစ်သည် ရှောက်ဗှာအတွက် ချန်တူးမြို့တွင်ပင် မြင်းကောင်းတစ်စီးကို ဝယ်ပေးခဲ့သည်။

ရှောက်ဗှာ မြင်း ကျင်ကျင်လည်လည် စီးနိုင်သည်ကို မြင်ရသောအခါ လင်ချွင်စစ် အံ့ဩချီးကျူးမိလေသည်။

ရှောက်ဗှာကလည်း လင်ချွင်စစ် သင်္ကာမကင်းမဖြစ်စေရန် သူမ ငယ်စဉ်ကင် ဖခင် ဖြစ်သူက မြင်းစီးသင်ပေးခဲ့ကြောင်း ပြောပြသည်။

လမ်းခရီးတစ်လျှောက်လုံး ရှောက်ဗှာသည် လင်ချွင်စစ်ကို ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံသည်။

ချစ်စဖွယ်စကားများကို ဆိုသည်။ ပြုစုယုယခြင်းအမှု ပြုသည်။

လင်ချွင်စစ်သည် ရှောက်ဗှာ၏ချစ်စဖွယ် ပြောဆိုဆက်ဆံမှုတို့ကြောင့် ရှောက်ဗှာအပေါ် ကျောရရုံ ကြံစည်လိုစိတ်ပင်မရှိတော့ဘဲ အမှန်တကယ် ချစ်ကြိုက်စိတ် ဖြစ်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့တစ်သက်တွင် ရှောက်ဂုာအပေါ် ချစ်သည့်ချစ်စိတ်မျိုးဖြင့် မည်သည့်မိန်းကလေးကိုမှ မချစ်ခဲ့ဖူးချေ။

သူသည် သူနှင့်တွေ့သော မိန်းကလေးတိုင်းကို အာသာဆန္ဒဖြေဖျောက်ဖို့ရန်သာ သဘောထားခဲ့သည်။

ရှောက်ဂုာကျမှ တကယ့်ချစ်ခြင်းမေတ္တာနှင့် ချစ်မိရလေပြီ။

ရှောက်ဂုာကလည်း ဤသို့ဖြစ်လာရန် မိန်းမမာယာဖြင့် လင်ချွင်စစ်ကို မြူဆွယ်ခဲ့သည်။ ဖြားယောင်းခဲ့သည်။ လမ်းခင်းခဲ့သည်။

ထိုညက သူတို့သည် တောထဲမှာပင် စခန်းချကြသည်။

မီးပုံကြီး တစ်ပုံကို ဖိုပြီး မီးပုံ တစ်ဘက်တစ်ချက်တွင် သူတို့နှစ်ဦး၏ အိပ်ရာကိုခင်းကြသည်။

ရှောင်ဂုာက လင်ချွင်စစ်စားသောက်ရန် အဆင်သင့် ပြင်ဆင်ပေးသည်။

လင်ချွင်စစ်ကို ဦးဆုံး ဂရုတစိုက် ကျွေးမွေးသည်။

လင်ချွင်စစ်သည် ရှောက်ဂုာ၏ကြင်နာစွာ ပြုစုမှုကြောင့် လွန်စွာ ပီတိဖြစ်နေသည်။

"ညီမလေးလဲ စားလိုက်ပါဦးကွယ်"

"အစ်ကိုကြီးပဲ ဝအောင်စားပါဦး အစ်ကိုကြီးရယ်၊ ပြီးမှပဲ ညီမလေး စားပါ့မယ်"

"ဒါဆို အစ်ကိုကြီးလဲ မစားတော့ဘူး၊ ညီမလေး စားမှစားမယ်"

"ကဲပါ… ဒါဖြင့်လဲ ညီမလေးပါ စားတော့မယ်"

ရှောက်ဂုာပါ ဝင်စားတော့မှ လင်ချွင်စစ်သည် ဆက်စားသည်။



စားပြီးတော့ မျက်နှာချင်းဆိုင် စကားဆိုကြပြန်သည်။

"ညီမလေးဟာ သိပ်လဲလှတယ်၊ သိပ်လဲ လိမ်မာတယ်"

"ဒီလောက်လဲ မဟုတ်ပါဘူး အစ်ကိုကြီးရယ်၊ မြှောက်မနေပါနဲ့"

"မြှောက်ပြောတာ မဟုတ်ပါဘူးညီမလေးရယ်၊ အစ်ကိုကြီးရင်ထဲက တကယ်ပဲ လှိုက်လှိုက်လှဲလှဲ ပြောတာပါ၊ ပြီးတော့ ညီမလေးကို တစ်ခုခွင့်တောင်းချင်တယ်"

"ဘာများလဲ အစ်ကိုကြီး"

"ညီမလေးကို အစ်ကိုကြီး လက်ထပ်ပါရစေ"

"အို… မဟုတ်တာ"

"ဘာမဟုတ်တာလဲ ညီမလေး"

"အစ်ကိုကြီးနဲ့ ညီမလေးတို့တွေ့ကြတာမှာ တစ်ရက်နှစ်ရက်ပဲ ရှိသေးတယ်၊ ဒီစကားမျိုး မပြောသင့်သေးပါဘူး အစ်ကိုကြီးရယ်"

"ဘာလဲ… ညီမလေးက အစ်ကိုကြီးရဲ့မေတ္တာကို မယုံလို့များလား"

"ဘယ်မှာယုံရဲပါ့မလဲ ရှင်ရယ်၊ အစ်ကိုကြီးက ပြောမပြနိုင်လောက်အောင် ချမ်းသာတယ်၊ ဩဇာအာဏာလဲရှိတဲ့ ပုဂ္ဂိုလ်တွေ၊ အစ်ကိုကြီးပတ်လည်မှာ ညီမလေးထက် အဆင့်အတန်းအများကြီးမြင့်တဲ့ မိန်းမလှကလေးတွေ ဝိုင်းဝိုင်းလည်နေကြမှာပါ၊ ဒီမိန်းမလှကလေးတွေထဲက အစ်ကိုကြီးကြိုက်တာကို ခေါင်းခေါက်ပြီး ရွေးယူနိုင်ရဲ့သားနဲ့ ညီမလေးလို လူမျိုးကိုမှ လက်ထပ်ချင်တယ်ဆိုတော့ မဖြစ်

www.burmeseclassic.com



နိုင်တာ အစ်ကိုကြီးရယ်"

"ညီမလေးပြောသလို အစ်ကိုကြီးရဲ့ပတ်လည်မှာ ငွေကြေးပြည့်စုံတဲ့ မိန်းမလှကလေးတွေ ဝိုင်းဝိုင်းလည်နေကြတယ်ဆိုတာတော့ မှန်ပါတယ်၊ ဒါပေမယ့် ဘယ်မိန်းကလေးကိုမှ ညီမလေးအပေါ် မေတ္တာထားသလို မထားခဲ့ပါဘူး၊ ဒါဟာ မှန်သောစကားပါညီမလေး၊ ဘယ်သူ့ကိုမှလဲ လက်ထပ်ဖို့ စိတ်မကူးမိခဲ့ပါဘူး၊ ညီမလေးကျမှ ဒီလိုစိတ်မျိုး ဝင်မိတော့တာပါ"

"ဖြစ်နိုင်မယ် မထင်ပါဘူး အစ်ကိုကြီးရယ်၊ အစ်ကိုကြီးရဲ့ဖေဖေက ညီမလေးလို မိန်းကလေးမျိုးနဲ့ အစ်ကိုကြီးကို ဘယ်သဘောတူနိုင်ပါ့မလဲ"

"ဟာ… ဒီအတွက်တော့ မပူပါနဲ့ ညီမလေးရယ်၊ အစ်ကိုကြီးဘာလုပ်လုပ် အစ်ကိုကြီးကို တစ်ဦးတည်းသားမို့လို့ သိပ်ပြီး ဖေဖေက ချစ်တာ၊ အစ်ကိုကြီး ဘာလုပ်လုပ် ဘယ်တော့မှ မဟန့်တားခဲ့ဘူး အစ်ကိုကြီး စိတ်ညစ်သွားမှာ စိတ်မချမ်းသာသွားမှာ သိပ်ပြီးစိုးရိမ်တာ၊ ညီမလေးကို အစ်ကိုကြီးက လက်ထပ်မယ်ဆိုရင်လဲ ဝမ်းမြောက်ဝမ်းသာနဲ့ခွင့်ပေးမှာပါ။ ကဲ… ညီမလေး မယုံရင် ငွေဖျိုင်းဖြူစံအိမ်ကို ပြန်ရောက်ရောက်ချင်း ညီမလေးနဲ့အစ်ကိုကြီးကို လက်ထပ်ပေးပါလို့ ဖေဖေ့ကို ခွင့်တောင်းမယ်လေ၊ ဖေဖေက ခွင့်ပြုရင် ညီမလေး လက်ထပ်မလား"

"စဉ်းစဉ်းစားစားလုပ်ပါ အစ်ကိုကြီးရယ်၊ ညီမလေးကိုလဲ စဉ်းစားခွင့် ပေးပါဦး၊ တော်ကြာ အစ်ကိုကြီးကို ငွေမက်ပြီး ယူတာလို့ လူတွေကပြောကြမှာကိုတော့ ညီမလေး နည်းနည်းမှမခံနိုင်ဘူး"

"ပတ်ဝန်းကျင်ကို ဂရုစိုက်စရာ မလိုပါဘူး ညီမလေးရယ်



ညီမလေးကို အစ်ကိုကြီးက ချစ်တယ်၊ အစ်ကိုကြီးကို ညီမလေးကလဲ ချစ်တယ်၊ ဖေဖေကလဲ ကျေကျေနပ်နပ်နဲ့ သဘောတူတယ်ဆိုရင် ပြီးတာပါပဲ"

လင်ချွင်စစ်က သူမကို တကယ့်စိတ်ရင်းအမှန်နှင့် ပြောဆိုနေခြင်းဖြစ်ကြောင်း ရှောက်ဗ္ဗာ အကဲခတ်မိသည်။

ချန်တာ့ယူနှင့် သူမတို့ဆင်ထားသော ချောက်ထဲသို့ လင်ချွင်စစ် ဝင်လာပြီဖြစ်သဖြင့်လည်း စိတ်ထဲတွင် ကျေနပ်နေသည်။

ရှောက်ဗ္ဗာငြိမ်နေသဖြင့် လင်ချွင်စစ်က ထပ်ပြီး လောဆော်သည်။

"ညီမလေးကို တကယ့်မေတ္တာမှန်နဲ့ချစ်လို့ ခုလိုခွင့်တောင်းနေတယ်ဆိုတာ ညီမလေးသိဖို့ ကောင်းပါတယ်၊ ရှင်းရှင်းပြောရရင် ဘယ်မိန်းကလေးကိုမှ ခုလို ခွင့်မတောင်းခဲ့ဖူးပါဘူးကွယ်"

"မိန်းမသားမို့ စဉ်းစားရတာပါ အစ်ကိုကြီးရယ်"

"ဘာလဲ… အစ်ကိုကြီးက ရုပ်ဆိုးနေလို့လား၊ ညီမလေးထက် အသက်ဆယ်နှစ်ကျော်ကျော် ကြီးနေလို့လား"

"မဟုတ်ပါဘူး အစ်ကိုကြီးရယ်"

"ဒါဖြင့်ရင် ဘာများ စဉ်းစားစရာလိုသလဲ ညီမလေးရယ်"

"ကဲ… အစ်ကိုကြီး၊ ညီမလေး ပြောမယ်"

"ပြောလေ"

"တကယ်လို့ အစ်ကိုကြီးပြောသလို ငွေဖျိုင်းဖြူစံအိမ်ကို ရောက်တဲ့အခါ အစ်ကိုကြီးက အစ်ကိုကြီးရဲ့ဖေဖေဆီမှာ ညီမလေးနဲ့ လက်ထပ်ဖို့ခွင့်တောင်း၊ အစ်ကိုကြီးရဲ့ဖေဖေက လွယ်လွယ်ကူကူခွင့် ပေးမယ်ဆိုရင် အစ်ကိုကြီးနဲ့ညီမလေး လက်ထပ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်… တကယ်လား ညီမလေး၊ ဝမ်းသာလိုက်တာကွယ်"

လင်ချွင်စစ်က ရောက်ဗှာအနီးကို တိုးကပ်မည်ပြုသည်။

ရောက်ဗှာက လက်ကိုကာလိုက်ပြီး….

"နေဦး အစ်ကိုကြီး"

"ဟင်… ဘာလဲ"

လင်ချွင်စစ် အရှိန်တန့်သွားသည်။

"ညီမလေးကိုတော့ ကတိပေးရမယ်"

"ဘာကတိလဲ"

"ညီမလေးနဲ့အစ်ကိုကြီး လက်မထပ်မချင်း စည်းစောင့်ကြရမယ်၊ မောင်လိုနှမလိုပဲ နေကြရမယ်၊ ဖောက်ပြန်တဲ့ အပြုအမူမျိုး လုံးလုံး မလုပ်ရဘူး"

"ဟာ… ညီမလေးကလဲကွာ"

"ဘာလဲ… ဒီကတိကို မပေးဘူးလား၊ ဒါဆိုရင် အစ်ကိုကြီးကို လက်ထပ်ပါ့မယ်ဆိုတဲ့ ကတိကိုလဲ ညီမလေး မပေးနိုင်တော့ဘူး ဘယ်လိုလဲ"

လင်ချွင်စစ် နောက်ဆုတ်သွားပြီး မူလ သူ့နေရာတွင်ပင် ပြန်ထိုင်သည်။

"ကဲပါ ညီမလေးရယ်၊ ညီမလေး လိုချင်တဲ့ကတိကို အစ်ကိုကြီးပေးပါတယ်၊ ညီမလေးနဲ့ လက်မထပ်မချင်း ညီမလေးနဲ့ မောင်နှမတွေလိုပဲ နေပါ့မယ် ကျေနပ်ပြီလား"

"ကျေနပ်ပါပြီ အစ်ကိုကြီးရယ်၊ ကဲ… အိပ်ကြစို့နော်၊ မနက်ဖြန်လဲ စောစော ခရီးဆက်ကြရဦးမယ် မဟုတ်လား"

"ကောင်းပါပြီဗျာ"



လင်ချွင်စစ်သည် မီးပုံကြီးတစ်ဘက်မှ သူ့အိပ်ရာဆီသို့ ပြန်သွားလေ၏။

မီးပုံကြီးနှင့်မလှမ်းမဝေးရှိ သစ်ရွက်သစ်ခက်များ ဝေဆာသော သစ်ပင်ကြီးတစ်ပင်ပေါ်တွင် ရှိနေသည့် ချန်ဘာ့ယူသည် ရောက်ဗှာ၏လင်ချွင်စစ်တို့ကို ကြည့်နေရာမှ ကျေကျေနပ်နပ်ကြီး ပြုံးလိုက်လေသည်။

နောက်နှစ်ရက်ခန့်အကြာတွင် ရောက်ဗှာနှင့် လင်ချွင်စစ်တို့သည် မို့ကျင်းမြို့သို့ ရောက်လာကြလေသည်။

ထိုနှစ်ရက်အတွင်း လင်ချွင်စစ်သည် အခါအားလျော်စွာ အရက်ကိုသောက်သော်လည်း သူ့ကတိအတိုင်း ရောက်ဗှာကို နှမကလေးသဖွယ် ဆက်ဆံခဲ့သည်။

ရောက်ဗှာကလည်း အခွင့်သင့်တိုင်း ချန်ဘာ့ယူနှင့် တိတ်တဆိတ် တွေ့ဆုံခဲ့သည်။

အစီအစဉ်များကိုလည်း အသေးစိတ် ညှိနှိုင်းခဲ့ကြသည်။

ရောက်ဗှာက လင်ချွင်စစ်ထံမှသိရသော အတွင်းရေးများကိုလည်း ချန်ဘာ့ယူအား ဖောက်သည်ချခဲ့သည်။

ရောက်ဗှာထံမှ လက်ထပ်မည်ဟူသောကတိစကားကိုကြားပြီးနောက် လင်ချွင်စစ်သည် ရောက်ဗှာကိုပို၍ ယုံကြည်သွားသည်။

အရက်မူးသောအခါတိုင်း သူတို့၏အတွင်းရေးများကို ဖွင့်ဟ

www.burmeseclassic.com

www.burmeseclassic.com



ပြောပြခဲ့သည်။

ရောက်ဗှာသည် ချန်တာ့ယူထံမှ အတွင်းရေးကိစ္စ အတော် သိခဲ့ရလေ၏။

မို့ကျင်းမြို့မှာ ရဲ့ယန်းမြို့နှင့် တစ်ရက်ခရီးခန့်သာ ကွာဝေး လေတော့သည်။

မို့ကျင်းမြို့မှာ မြို့ကြီးတစ်မြို့ဖြစ်ပြီး သိုင်းလောကမှ သိုင်း လောကသားများနှင့်သိုင်းဂိုဏ်းအသီးသီးမှ ဦးစီးခေါင်းဆောင်များ ဆုံတွေ့ရာ မြို့လည်း ဖြစ်သည်။

ရောက်ဗှာသည် မို့ကျင်းမြို့ မရောက်ခင်ကပင် ရင်ထဲ အောင့်သော ဝေဒနာတစ်ခုခုကို ခံစားရသယောင်ယောင် ဟ ဆောင်လာခဲ့သည်။

လင်ချွင်စစ်ကမူ ရောက်ဗှာအတွက် လွန်စွာ စိုးရိမ်နေသည်

မို့ကျင်းမြို့ကိုရောက်မှ သမားတော်ကြီး ကောင်းကောင်းနှ ကုသပေးမည်ဟု အားပေးသည်။

"ညီမလေးရဲ့ရောဂါက ဒီလိုပဲ နှစ်နှစ်တစ်ခါ သုံးနှစ်တ ခါဆိုသလို ဖြစ်တတ်ပါတယ် အစ်ကိုကြီးရယ်၊ စိုးရိမ်စရာတော့ မလို ဘူး၊ ဘယ်သမားတော်နဲ့မှလဲ ကုလို့ မပျောက်ပါဘူး လေးငါးရ လောက် နားနားနေနေနေလိုက်ရင် အလိုလိုပျောက်သွားတာချည် ပါပဲ၊ ဘယ်သမားတော်မှ မခေါ်ပါနဲ့၊ အနာတခြား ဆေးတခြား ဖြ ရင် ပိုဆိုးနေပါဦးမယ်၊ မို့ကျင်းမြို့ကိုရောက်ရင်သာ လေးငါးရ လောက် နားနေပါရစေ"

ရောက်ဗှာက ထိုသို့ပြောထားသဖြင့် လင်ချွင်စစ်လည်း မို ကျင်းမြို့ကိုရောက်သောအခါ မည်သည့်သမားတော်ကိုမှခေါ်



ကြိုး စားတော့ချေ။

ရောက်ဗှာ၏ဆန္ဒအတိုင်း သိုင်းလောကသားများ အများ ဆုံးတည်းခိုတတ်သော 'သိုင်းထိပ်ခေါင် တည်းခိုဆောင်' တွင်ပင် ဝင် ရောက်တည်းခိုကြသည်။

သိုင်းထိပ်ခေါင် တည်းခိုဆောင်ပိုင်ရှင်မှာလည်း တစ်ချိန်က ထိပ်တန်းသိုင်းအကျော်အမော်ကြီးတစ်ယောက် ဖြစ်လေသည်။

သိုင်းထိပ်ခေါင်ဘွဲ့ရ စွန်းလောင်စုပင် ဖြစ်လေသည်။

သိုင်းထိပ်ခေါင် စွန်းလောင်စုသည် လွန်ခဲ့သော အနှစ်နှစ် ဆယ်ခန့်က သိုင်းလောကမှ အနားယူသွားပြီးနောက် ဤမို့ကျင်းမြို့ တွင် တည်းခိုဆောင်ဖွင့်ခဲ့ခြင်းဖြစ်၏။

ထို့ကြောင့်လည်း တည်းခိုဆောင်နာမည်ကို သူ့ဘွဲ့ရနာမည် ယူကာ သိုင်းထိပ်ခေါင်ဟု ပေးထား ခြင်းဖြစ်လေ၏။

သိုင်းထိပ်ခေါင် တည်းခိုဆောင်မှာ ကြီးမားလှသောအ ဆောက်အအုံတွင် အခန်းများ ဖွဲ့စည်းထားခြင်းမျိုးမဟုတ်ချေ။

ကျယ်ဝန်းသော ခြံကြီးထဲတွင် နှစ်ယောက်တွဲအဆောင်က လေးများ၊ သုံးယောက်တွဲ အဆောင်ကလေးများ၊ လေးယောက်၊ ငါးယောက်၊ ခြောက်ယောက် စသဖြင့် အဆောင်များ ဆောက်လုပ် ထားခြင်းဖြစ်၏။

၎င်းအဆောက်ကလေးများမှာ သိုင်းထိပ်ခေါင် စွန်းလောင် စုနေထိုင်သော နှစ်ထပ်အိမ်ကြီးကို ပတ်ပတ်လည် ဝိုင်းရံလျက်ရှိနေ သည်။

သိုင်းထိပ်ခေါင်စွန်းလောင်စုသည် အပေါ်ထပ်တွင် သူနေပြီး အောက်ထပ်တွင် စားသောက်ခန်းဖွင့်ထားသည်။ ဧည့်ခန်းလည်း

www.burmeseclassic.com

www.burmeseclassic.com



ထားသည်။

သူသည် ချမ်းတူးမြို့မှ တိမ်နန်းတည်းခိုဆောင်ကို ပုံစံယူကာ သူ့တည်းခိုဆောင်ကို ဆောက်လုပ်ထားခြင်းဖြစ်လေသည်။ လွန်စွာ အေးချမ်းသာယာသည်။

ထို့ကြောင့်လည်း မို့ကျင်းမြို့ကိုရောက်လာကြသော သိုင်း လောကသားတိုင်းလိုလို သိုင်းထိပ်ခေါင်တည်းခိုဆောင်တွင်သာ တည်းခိုစားသောက်ကြသည်။

သိုင်းထိပ်ခေါင် စွန်းလောင်စုနှင့်သိ ကျွမ်းခဲ့ကြသူများက လည်း စွန်းလောင်စုနှင့်တွေ့ဆုံကာ ရေ့ဖြစ် နောက်ဟောင်းများကို ပြောဆိုကြသည်။

သိုင်းထိပ်ခေါင် တည်းခိုဆောင်သို့ ရောက်ဗှာတို့ရောက် သောအခါ တည်းခိုဆောင်တွင် တည်းခိုသူ အတော်များများ ရှိနေ ကြသည်။

လင်ချွင်စစ်နှင့် ရောက်ဗှာတို့အတွက် ပူးတွဲဆောင်ကို မ တော့ချေ။

ရောက်ဗှာအတွက် အဆောင်(၉) အခန်း(၂)ကိုသာ ရ သည်။

လင်ချွင်စစ်အတွက် အဆောင်(၂) အခန်း(၃)ကိုသာ ရ သည်။

ရောက်ဗှာနှင့် တစ်ဆောင်တည်း တည်းခိုလိုသော လင်ချွင် စစ်သည် တည်းခိုဆောင်ပိုင်ရှင် သိုင်းထိပ်ခေါင် စွန်းလောင်စုနှင့်တော တွေ့သည်။

စွန်းလောင်စုကလည်း လင်ချွင်စစ်ကို လင်ချမ်းကျူး၏ သား



မှန်းသိနေသဖြင့် ရင်းရင်းနှီးနှီး ဆက်ဆံသည်။

"ကျွန်တော်တို့နှစ်ယောက် တစ်ဆောင်ထဲမှာ တည်းခိုချင် ပါတယ် ဦးကြီး၊ ကျွန်တော့် ညီမလေးက နေမကောင်းဖြစ်နေလို့ပါ"

စွန်းလောင်စု ကိုယ်တိုင် တည်းခိုဆောင် အုပ်ချုပ်ရေးမှူးကို ခေါ်မေးသည်။

အခန်းစာရင်းများကို စစ်ဆေးကြည့်သည်။ ပြီးမှ လင်ချွင် စစ်ကို စိတ်မကောင်းသောလေသံဖြင့် ပြန်ပြောသည်။

"ဒီမှာ အခု တည်းခိုနေကြတဲ့သူတွေက နောက်သုံးလေး ရက်ကနေ ဆယ့်လေးငါးရက်အထိ တည်းခိုကြမယ့်သူတွေချည်းပါပဲ တူမောင်၊ အားလုံး သူ့အတွဲနဲ့ချည်းပဲမို့ ခွဲထုတ်လို့မရပါဘူး၊ တူမောင် တို့နှစ်ယောက်အတွက် အုပ်ချုပ်ရေးမှူးပြောထားတဲ့ အခန်းနှစ်ခန်းပဲ ရပါတော့မယ်၊ ဝမ်းနည်းပါတယ် တူမောင်"

နောက်ဆုံးတော့ ရောက်ဗှာနှင့် လင်ချွင်စစ်တို့သည် တည်း ခိုဆောင်အုပ်ချုပ်ရေးမှူး စီစဉ်ပေးသော မူလအခန်းနှစ်ခန်းတွင်သာ တည်းခိုလိုက်ကြရလေတော့သည်။

ရောက်ဗှာက အဆောင်(၉) အခန်း(၂)။

လင်ချွင်စစ်က အဆောင်(၂) အခန်း(၃)။

သူတို့ကြားတွင် အဆောင်(၆)ဆောင် ခြားနေသည်။

အဆောင် နံပါတ်(၃)တွင် မိုးကြိုးသိုင်းသမားကြီး လီခိုးချို တည်းခိုပြီး၊ အဆောင်နံပါ(၈)တွင် ချန်တာ့ယူတည်းခိုနေကြောင်းကို ရောက်ဗှာ သိထားသည်။

တည်းခိုဆောင်ပိုင်ရှင် သိုင်းထိပ်ခေါင် စွန်းလောင်စုသည်း သိထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးသိုင်းရာဇာကြီး လီခုံးချိုနှင့် သိုင်းထိပ်ခေါင် စွန်းလောင်စုတို့သည် လွန်ခဲ့သောနှစ်ပေါင်း သုံးဆယ်ခန့်ကတည်းက ရင်းနှီးခင်မင်ကြသူများ ဖြစ်လေသည်။

သိုင်းထိပ်ခေါင် စွန်းလောင်စုမှာ အမှန်တရားကို လိုလားသူဖြစ်သည်။

သူသည် ငွေဖျိုင်းဖြူစံအိမ်နှင့် တစ်ရက်ခရီးသာ ဝေးသောမိုကျင်းမြို့တွင် အခြေချနေထိုင်ခဲ့သဖြင့် ငွေဖျိုင်းဖြူစံအိမ်၏ရာဇဝင်နှင့် ချန်မျိုးနွယ်အကြောင်း၊ လင်ချမ်းကျုံးအကြောင်းကို ကောင်းကောင်းကြီး ကြားဖူးထားသည်။

လူပေါင်းစုံ လာရောက်တည်းခိုသော တည်းခိုဆောင်ပိုင်ရှင်လည်းဖြစ်၊ ထိပ်တန်းသိုင်းအကျော်အမော်ကြီးတစ်ဦးလည်း ဖြစ်ခဲ့သောကြောင့် လင်ချမ်းကျုံးနှင့်ငွေဖျိုင်းဖြူဂိုဏ်း၏ မကောင်းသတင်းများစွာကိုလည်း ကြားထားရသည်။

လွန်ခဲ့သော သုံးရက်လောက်က မိုးကြိုးသိုင်းသမားကြီး လီခုံးချိုသည် သိုင်းထိပ်ခေါင် စွန်းလောင်စုထံသို့ရောက်လာပြီး ငွေဖျိုင်းဖြူစံအိမ်အကြောင်း၊ ချန်ဂူးဝမ်းအကြောင်း၊ ချန်တာ့ယူအကြောင်းနှင့် လင်ချမ်းကျုံးတို့အကြောင်းများကို ဖွင့်ဟပြောသည်။

စွန်းလောင်စုထံတွင်လည်း သူလိုသော အကူအညီကို တောင်းသည်။

အစကတည်းက လင်ချမ်းကျုံးကို ရွံ့မုန်းနေသော စွန်းလောင်စုကလည်း မိုးကြိုးသိုင်းသမားကြီး လီခုံးချိုလိုအပ်သော အကူအညီကို ပေးသည်။

မိုးကြိုးသိုင်းသမားကြီး လီခုံးချိုကလည်း သိုင်းလောကမှ



ထိပ်တန်း သိုင်းအကျော်အမော်ကြီးများကို ကြိုတင်၍ ဖိတ်ကြားထားလေရာ၊ လီခုံးချိုရောက်ပြီး နောက်တစ်နေ့မှာပင် သူဖိတ်ကြားခဲ့သော သိုင်းအကျော်အမော်ကြီးများ သိုင်းထိပ်ခေါင်တည်းခိုဆောင်သို့ တဖွဲဖွဲ ရောက်လာကြလေသည်။

မိုးကြိုးသိုင်းသမားကြီး လီခုံးချိုက နှစ်ပေါင်းများစွာ ကွဲကွာနေသော မိတ်ဆွေရောင်းရင်း သိုင်းအကျော်အမော်ကြီးများအား ပြန်လည်တွေ့ဆုံပွဲလုပ်လိုသဖြင့် ဖိတ်ကြားထားခြင်းဖြစ်၏။

စွန်းလောင်စုကလည်း လီခုံးချိုနှင့် ကြိုတင်အကွက်ရိုက်ထားသည့်အတိုင်း ရောက်လာသောဧည့်သည်များကို နေရာချထားပေးသည်။

မကြာမီ ရောက်ဟုနှင့်လင်ချွင်စစ်တို့ ရောက်လာမည်ကိုသိသဖြင့် အခန်းနှစ်ခန်းကိုသာ ချန်ထားလေသည်။

ယင်းအခန်းနှစ်ခန်းမှာ အဆောင်(၉) အခန်း(၂)နှင့် အဆောင်(၂) အခန်း(၃)တို့ ဖြစ်ကြလေသည်။

ရောက်ဟုတို့ရောက်လာမည့် မနက်စောစောတွင် ချန်တာ့ယူလည်း သိုင်းထိပ်ခေါင်တည်းခိုဆောင်ကို ရောက်လာသည်။

သူ့အတွက် ကြိုတင်စီစဉ်ထားသော အဆောင်(၈)တွင် နေရာယူလိုက်သည်။

ဤသို့ အဘက်ဘက်မှ ကြိုတင်စီစဉ်ထားသဖြင့် လင်ချွင်စစ်သည် သူတို့၏ဆင်ကွက်ထဲသို့ ဝင်ခဲ့ရခြင်းဖြစ်လေသည်။

လင်ချွင်စစ်သည် အနည်းငယ်မှ ရိပ်စားမိခြင်းမရှိချေ။

သူသည် တစ်ရက်ခရီးသာ ဝေးသော ငွေဖျိုင်းဖြူစံအိမ်ကို သွားပြီး ဖခင်ကြီးထံ အကြောင်းကြားရလျှင် ကောင်းလေမည်လား

www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးမိသည်။ ရှောက်ဗွာကိုလည်း တိုင်ပင်သည်။

"ဒီတည်းခိုဆောင်မှာ အစ်ကိုကြီးတို့က လေးငါးရက်လောက် ကြာနေမှာဆိုတော့ ဖေဖေ့ဆီကို အခြေအနေသွားအကြောင်းကြားလိုက်ရင် ကောင်းမယ်ညီမ၊ မနက်စောစောသွားရင် နောက်တစ်နေ့ ညနေပိုင်းလောက် ပြန်ရောက်နိုင်တာပဲ"

ရှောက်ဗွာက ဝေဒနာခံစားနေရဟန်ဖြင့် မျက်နှာရှုံ့မဲ့ရင်း....

"ဟာ... ညီမလေး တစ်ယောက်တည်းတော့ ထားမသွားပါနဲ့ အစ်ကိုကြီးရယ်၊ ညီမလေးရဲ့ အနီးအနားမှာ အစ်ကိုကြီး ရှိနေစေချင်တယ်၊ အရေးအကြောင်းဆို အစ်ကိုကြီးပဲ အားကိုးအားထားရှိတာ မဟုတ်လား၊ အစ်ကိုကြီးရဲ့ဖေဖေကို ဒီလာခိုင်းလိုက်ရင် မဖြစ်ဘူးလား"

"ဒီမှာ အစ်ကိုကြီးတို့ရှိနေတာ ဖေဖေမှ မသိဘဲ"

"လူလွှတ်ခေါ်ခိုင်းလို့ အစ်ကိုကြီးဖေဖေက လာမယ်ဆိုရင် လူလွှတ်ခေါ်ခိုင်းလိုက်ပါလား။ ဒီတည်းခိုဆောင်ပိုင်ရှင် ဦးကြီး ဇွန်လောင်စုကို အကူအညီတောင်းလိုက်ရင် ဖြစ်နိုင်မှာပါ"

"အစ်ကိုကြီးကသာ ခေါ်လိုက်ရင် ဖေဖေ ချက်ချင်း လိုက်လာမှာပါ"

"ဒါဆိုလဲ ခေါ်ခိုင်းလိုက်ပါ အစ်ကိုကြီးရယ်၊ အစ်ကိုကြီး ဖေဖေကို ညီမလေး သိပ်ပြီးတွေ့ချင်တယ်၊ နောက်ထပ် ရှေးငါးခြောက်ရက်အထိတောင် မစောင့်နိုင်ဘူး၊ အစ်ကိုကြီး ဖေဖေ ရောက်လာလျှင်ချင်း အစ်ကိုကြီးက ညီမလေးနဲ့ လက်ထပ်ခွင့်တောင်းလေ၊ ဒါဆို ညီမလေးလဲ မြန်မြန်သိရတာပေါ့"

ရှောက်ဗွာအပေါ် ချစ်လွန်းသည့်စိတ်ကြောင့် အယုံကြီး



ယုံနေသော လင်ချွင်စစ်သည် ရှောက်ဗွာအလိုကျ ချက်ချင်းပင် စာတစ်စောင် ရေးလိုက်သည်။

စာထဲတွင် သူနှင့်ရှောင်ယိဆိုသော မိန်းကလေးတို့ သိုင်းထိပ်ခေါင် တည်းခိုဆောင်တွင် တည်းခိုနေကြောင်း၊ တည်းခိုဆောင်သို့ ချက်ချင်း လိုက်လာစေလိုကြောင်း၊ အရေးကြီးပြောစရာစကားများလည်း ရှိကြောင်း၊ ရှောင်ယိနှင့်မိမိတို့ကို လက်ထပ်ပေးရန်လည်း ခွင့်တောင်းမည့်အကြောင်း၊ တည်းခိုဆောင်တွင် သိုင်းလောကသားအတော်များများရောက်နေသဖြင့် လာလျှင် တိတ်တိတ်တဆိတ် လာခဲ့စေလိုကြောင်း ပါရှိလေသည်။

ရှောက်ဗွာက စာကိုဖတ်ကြည့်ပြီး....

"အစ်ကိုကြီးရဲ့ဖေဖေကို ဘာဖြစ်လို့ တိတ်တိတ်ကလေး လူမသိ သူမသိ လာခိုင်းရတာလဲဟင်"

"ဖေဖေဟာ ဒီနယ်မြေဒေသမှာ ဩဇာအာဏာနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကြီး မဟုတ်လား၊ ဒီကို သူလာတယ်မှန်းသိရင် ဒီမှာရှိနေကြတဲ့ သိုင်းအကျော်အမော်ကြီးတွေက ဖေဖေကို အရေးတယူဆက်ဆံကြမယ်၊ ဧည့်ခံကြမယ်၊ ဖေဖေက သူ့ကို ဒီလိုဆက်ဆံကြမှာ၊ ဧည့်ခံကြမှာ မကြိုက်ဘူးလေ၊ ဒါကြောင့် ကိုယ်ရေးကိုယ်တာနဲ့ ဘယ်ကိုပဲသွားသွား မထင်ရှားတဲ့ လူတစ်ယောက်အသွင်မျိုးနဲ့ပဲ သွားတတ်တယ်၊ တစ်ဆောင်တစ်ယောင် မသွားတတ် မလာတတ်ဘူး၊ ဖေဖေ့အကြောင်းကိုသိလို့ ခုလို အစ်ကိုကြီး ရေးလိုက်တာပါ"

တကယ်တော့ လင်ချွင်စစ်သည် သူ့ဖခင် လင်ချမ်းကျုံးတာသည်ကို ဤတည်းခိုဆောင်တွင် တည်းခိုနေကြသော သိုင်းသမားကြီးများ မသိစေချင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်တွင် သိုင်းအကျော်အမော် တော်တော်များများသည် သူ့ဖခင်ကို ရှံ့မုန်းနေကြကြောင်း လင်ချွင်စစ် သိသည်။

ထို့ကြောင့်လည်း မည်သူမှမသိစေရန် ဖခင်ကြီးအား တိတ်တဆိတ် လာခိုင်းခြင်းဖြစ်လေသည်။

ထို့နောက် လင်ချွင်စစ်သည် သိုင်းထိပ်ခေါင် စွန်းလောင်စုကို အကျိုးအကြောင်းပြောပြီး အကူအညီတောင်းသည်။

ဖခင်ဖြစ်သူကို မိမိခေါ်ယူကြောင်း မည်သူမှ မသိစေရန်လည်း နှုတ်ပိတ်သည်။

ယုံကြည်စိတ်ချရ၍ နှုတ်လုံသော သူလူတစ်ယောက်ကို လွှတ်ပေးမည်ဟု သိုင်းထိပ်ခေါင် စွန်းလောင်စုက ဆိုသည်။

စွန်းလောင်စုသည် ခို့ကျန်းဆိုသော လူရွယ်တစ်ယောက်ကို ခေါ်ပြီး ငွေဖျိုင်းဖြူစံအိမ်မှ လင်ချမ်ကျုံးထံ လင်ချွင်စစ်စာကို သွားပို့ခိုင်းသည်။

အစကတည်းက လင်ချမ်းကျုံးထံ လင်ချွင်စစ်က စာပို့ခိုင်းလျှင် ခို့ကျန်းကိုသာ လွှတ်ရန် အားလုံးအကွက်ရိုက်ပြီးသား။

ပြီးတော့ ချန်တာ့ယူတို့သည် ခို့ကျန်းအား မည်သို့မည်ပုံဆောင်ရွက်ရမည်ကိုလည်း မှာကြားထားပြီးသား။ အကွက်ရိုက်ထားပြီးသား။

အကယ်၍သာ လင်ချွင်စစ်က လင်ချမ်းကျုံးကို စာရေးမခေါ်လျှင်လည်း သိုင်းထိပ်ခေါင်တည်းခိုဆောင်ကို လင်ချမ်းကျုံးရောက်လာအောင် သူတို့နည်း သူတို့ဟန်ဖြင့် ခေါ်ဆောင်ရန် ချန်တာ့ယူတို့က အကွက်ရိုက် စီစဉ်ထားပြီးသား။

လင်ချွင်စစ် ကိုယ်တိုင်ခေါ်ခြင်းကသာ ပို၍ကောင်းသဖြင့်



ချန်တာ့ယူသည် ရောက်ဟာမှ တစ်ဆင့် လင်ချွင်စစ်ကို စာရေးခိုင်းလိုက်ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

## ယောင်ချောက်ခိုး

လင်ချမ်းကျိုးသည် သားဖြစ်သူ လင်ချွင်စစ် ရေးပေးထားသောစာကိုဖတ်ပြီး စဉ်းစားမရအောင် ဖြစ်မိလေသည်။

တစ်ရက်ခရီးသာ ဝေးတော့သော ဤစံအိမ်ကို ရောက်အောင်မလာဘဲ မိမိကို အဘယ်ကြောင့် စာရေးမှာလိုက်ကြောင်း တွေးမရချေ။

ဤစာမှာ သူ့သား လင်ချွင်စစ်ကိုယ်တိုင် စိတ်ပါလက်ပါရေးလိုက်သောစာဖြစ်ကြောင်းတော့ လင်ချမ်းကျိုး သိသည်။

တစ်စုံတစ်ယောက်က ခြိမ်းခြောက်၍ ရေးခိုင်းသဖြင့် ရေးလိုက်ရခြင်းမဟုတ်ကြောင်း နားလည်သည်။

သူတို့သားအဖသည် တစ်ဦးနှင့်တစ်ဦး စာရေးဆက်သွယ်ရာတွင် သင်္ကေတတစ်ခုထားသည်။

မည်သူတစ်ဦးတစ်ယောက် ခြိမ်းခြောက်ချက်မှ မပါသောစာမျိုးရေးမည်ဆိုလျှင် စာရေးတိုင်း၊ စာရေးတိုင်း၊ ကြက်ခြေခတ်အ



မှတ်အသားတစ်ခုကို အောက်ဘက်တစ်နေရာတွင် ထည့်သွင်းရလေသည်။

ကြက်ခြေခတ်အမှတ်အသားပါလျှင် ကိုယ့်စိတ်နှင့်ရေးသောစာ။

သို့မဟုတ် ကြက်ခြေခတ် အမှတ်အသားမပါလျှင် တစ်ဦးတစ်ယောက်က အကျပ်ကိုင်ခြိမ်းခြောက်၍ ရေးသားသောစာဖြစ်ကြောင်း သိနိုင်လေသည်။

တစ်ဘက်ရန်သူမရိပ်မိစေရန် ဤနည်းကိုသုံးထားခြင်း ဖြစ်လေသည်။

ယခု လင်ချွင်စစ်၏စာတွင် ကြက်ခြေခတ်ပါသည်။

ထို့ကြောင့် လင်ချွင်စစ်သည် မည်သူ့မှ မခြိမ်းခြောက်ဘဲ သူ့ပင် ကိုယ်စိတ်ဖြင့် ဤစာကိုရေးလိုက်ကြောင်း လင်ချမ်းကျိုး သိရ၏။

သို့သော် လင်ချမ်းကျိုး စဉ်းစား၍မရသည်မှာ လင်ချွင်စစ်အနေနှင့် တစ်ရက်ခရီးသာ ဝေးတော့သော ဤစံအိမ်သို့မလာနိုင်ဘဲ မိမိကို အခေါ်လွှတ်လိုက်ခြင်းအတွက် ဖြစ်လေသည်။

သူသည် စာလာပို့သော ခို့ကျုန်းကိုကြည့်၍ မေးလိုက်သည်။

"မင်းကို ငါ့သားက ဘာများ မှာလိုက်သေးသလဲ"

ခို့ကျုန်းက ကျိုးကျိုးနွံနွံလေးလေးစားစား ပြန်ပြောသည်။

"ဘာမှတော့ မမှာပါဘူး ဂိုဏ်းချုပ်ကြီး၊ သူနဲ့အတူ ပါလာတဲ့ မိန်းကလေးတစ်ယောက်ကတော့ နေမကောင်းဖြစ်နေတာ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော် တွေ့ရပါတယ်”

“အဲဒီမိန်းကလေးက အသက်ဘယ်လောက်ရှိပြီလဲ”

“အသက်ဆယ့်ရှစ်နှစ်လောက်ပဲ ရှိပါဦးမယ်၊ သိပ်ပြီးချော သိပ်ပြီးလှတဲ့ မိန်းကလေးပါ”

“အင်း... ဒီမိန်းကလေး ပစ်ပြီး ငါ့သားက မလာနိုင်ဘူးနဲ့တူပါရဲ့၊ ကောင်းပြီလေ... မင်းနဲ့အတူတူ ငါလိုက်ခဲ့မယ်”

လင်ချမ်းကျိုးက ချက်ချင်းပင် စံအိမ်အုပ်ချုပ်ရေးမှူး ချောင်းဝါးကိုခေါ်က မှာစရာရှိသည်များကို အထပ်ထပ်မှာကြားသည်။

ပြီးမှ ခို့ကျန်းနှင့်အတူ ငွေဖျိုင်းဖြူစံအိမ်မှ ထွက်ခဲ့သည်။

လင်ချမ်းကျိုးသည် လင်ချွင်စစ် စာထဲတွင်ပါသော ရှောင်ယိ ဆိုသော မိန်းကလေးကို မသိချေ။ မမြင်ဖူးချေ။

သို့သော် မည်သို့သော မိန်းကလေးမျိုးပင် ဖြစ်လင့်ကစား သားဖြစ်သူက တကယ်တမ်း မေတ္တာရှိ၍ လက်ထပ်မည်ဆိုလျှင် ကျေကျေနပ်နပ်ကြီး ပေးစားမည်သာ ဖြစ်၏။

သားဖြစ်သူ လင်ချွင်စစ်ကို အိမ်ထောင်နှင့်သားမယားနှင့် တညီတည်တန့်တန့် ဖြစ်စေချင်သည်။

တွေ့သမျှ မြင်သမျှ မိန်းမများနှင့် ရှုပ်ပွေနေသည်ကို လင်ချမ်းကျိုး မနှစ်သက်လှချေ။

သားဖြစ်သူ စိတ်ဆင်းရဲသွားမည်စိုး၍သာ မဟန့်တားနိုင်ခဲ့ခြင်းဖြစ်၏။

ဆက်၍သာ သားဖြစ်သူ လင်ချွင်စစ် တွေ့သမျှ မိန်းမများနှင့်ရှုပ်ပွေနေမည်ဆိုလျှင် မိမိအတွက်ပါ ကြီးစွာသော ပြဿနာပေါ်



လာနိုင်သည်။

ယခုပင်လျှင် ရှုအိုကြူကြောင့် သူတို့တတွေ ပြဿနာပေါ် နေကြရပြီ မဟုတ်ပါလား။

ထို့ကြောင့် လင်ချမ်းကျိုးသည် သားဖြစ်သူကို သားနှင့်မယားနှင့် တည်တည်တန့်တန့် ဖြစ်စေချင်သည်။

လင်ချမ်းကျိုးသည် မည်သည့်အဆောင်အယောင်မှမပါဘဲ ခရီးထွက်လာခြင်းဖြစ်၏။

ရုပ်လည်း အနည်းငယ်ဖျက်လာ၏။ သူ့ကို မြင်သူတိုင်းက ငွေဖျိုင်းဖြူဂိုဏ်းချုပ်ကြီး လင်ချမ်းကျိုးမှန်း သိကြလိမ့်မည် မဟုတ်ချေ။

သူ့ကိုယ်ပေါ်တွင် လယ်သမားကြီးတစ်ဦးကဲ့သို့ ဝတ်စားဆင်ယင်လာသည်။

ထိုသို့ သူရုပ်ဖျက်လာရခြင်းမှာ သူ့ကိုခြေရာခံနေသော ချန်တာယူတို့ကို ခြေရာဖျောက်လိုသောကြောင့် ဖြစ်ပေ၏။

နောက်တစ်နေ့ မွန်းတည့်ချိန်တွင် လင်ချမ်းကျိုးနှင့်ခို့ကျန်း တို့သည် သိုင်းထိပ်ခေါင်တည်းခိုဆောင်ကို ရောက်လာလေသည်။

ထိုအချိန်တွင် လင်ချွင်စစ်သည် သိုင်းထိပ်ခေါင် စွန်းလောင်စု၏အိမ်အပေါ်ထပ်ရှိ သီးသန့်ခန်းထဲတွင် ရောက်နေလေသည်။

လင်ချမ်းကျိုး ရောက်လာနိုင်သည့် အချိန်ကိုမှန်း၍ စွန်းလောင်စုက လင်ချွင်စစ်ကိုခေါ်ပြီး အရက်သောက်နေကြခြင်းဖြစ်၏။

အရက်ကြိုက်လှသော လင်ချွင်စစ်ကလည်း ဝမ်းမြောက်ဝမ်းသာပင် စကားတပြောပြောဖြင့် စွန်းလောင်စုနှင့်အတူ အရက် သောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဖခင်ဖြစ်သူရောက်လာသည်ကိုပင် မသိချေ။

စွန်းလောင်စု၏အိမ်အောက်ထပ် ဧည့်ခန်းဆောင်ထဲတွင် သိုင်းအကျော်အမော်ကြီးများဖြင့် ဝိုင်းဖွဲ့စကားပြောနေသော မိုးကြိုးသိုင်းသမား လီခုံးချီကမူ ခို့ကျုန်းနှင့်အတူ လယ်သမားလိုဝတ်ထားသော လူကြီးတစ်ယောက်ပါလာကြောင်း မြင်သည်။

ထိုသို့မြင်လျှင် မြင်ချင်း လယ်သမားကြီးအသွင် ရုပ်ဖျက်လာသူမှာ လင်ချမ်းကျူးဖြစ်ကြောင်း သိလေသည်။

လင်ချမ်းကျူးကလည်း ဧည့်ခန်းထဲတွင်ထိုင်နေသော မိုးကြိုးသိုင်းသမားကြီး လီခုံးချီတို့ကို လှမ်း၍မြင်သည်။

ယင်းလူစုထဲတွင် သူနှင့်သိသော သိုင်းအကျော်အမော်ကြီးများလည်း ပါသည်။

သူ့အထိမ်းအမှတ်ပွဲမှ စိတ်ဆိုး၍ ပြန်သွားကြသူများလည်း ပါသည်။

ထို့ကြောင့် သူသည် ယင်းသိုင်းသမားကြီးများကို မျက်နှာချင်းမဆိုင်ရဲချေ။

မျက်နှာလွှဲလိုက်ပြီး ခို့ကျုန်းနှင့်တည်းခိုဆောင်များ ရှိရာသို့ ဆက်လာခဲ့၏။

ခို့ကျုန်း၏လမ်းညွှန်ချက်အရ ဦးစွာ လင်ချွင်စစ်တည်းခိုနေသော အဆောင်(၂) အခန်း(၃)သို့ လာသည်။

သို့သော် လင်ချွင်စစ်၏ အခန်းမှာ အပြင်မှ သော့ခတ်ထားသည်။

"ဟင်... မရှိပါလား"

"သူကောင်မလေးရဲ့အခန်းကို သွားနေလို့ ဖြစ်ပါလိမ့်မယ် ခင်ဗျာ၊ ကျွန်တော် လိုက်ပို့ပါ့မယ်"



ခို့ကျုန်းက ရောက်တာနေသော အဆောင်(၉) အခန်း(၂)သို့ လိုက်ပို့သည်။

ယင်းအခန်းကိုမူ အတွင်းဘက်မှ တံခါးပိတ်ထားသည်။

ခို့ကျုန်းက တံခါးကို အသာအယာ ခေါက်လိုက်သည်။

"မမလေး ရောင်ယီ... မမလေးရောင်ယီ"

"ဒေါက်... ဒေါက်... ဒေါက်... ဒေါက်"

"ဘယ်သူလဲ"

အတွင်းဘက်မှ ရောက်တာ၏မေးသံ ပေါ်လာသည်။

ရောက်တာသည် လင်ချမ်းကျူး ရောက်လာပြီဖြစ်ကြောင်း သိသည်။

လင်ချမ်းကျူးနှင့်ခို့ကျုန်းတို့ တည်းခိုဆောင်ဆီ လာနေစဉ်ကပင် ချန်တာ့ယူက ရောက်တာထံ သတင်းပို့ပြီး နေလေပြီ။

ရောက်တာကလည်း အကွက်ရိုက်ထားသည့်အတိုင်း ပြုလုပ်ရန် စီစဉ်ထားပြီးဖြစ်၏။

သူမသည် မသိချင်ယောင်ဆောင်ပြီး ပြန်မေးလိုက်ခြင်း ဖြစ်လေသည်။

"ကျွန်တော် ခို့ကျုန်းပါ မမလေး"

ချက်ချင်း တံခါးပွင့်သွားသည်။ တံခါးပေါက်ဝတွင် ပေါ်လာသော ရောက်တာက ခို့ကျုန်းနှင့်ပါလာသော လင်ချမ်းကျူးကို သိသည်။

ခို့ကျုန်းက ခပ်တိုးတိုး ပြောပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေးရဲ့ဖေဖေ ပါလာပြီ မမလေး"

"ဪ... ကြွပါ... ကြွပါ"

ရောက်ဗွာက ပျာပျာသလဲဆိုသလို အရိုအသေပေးပြီး လင်ချမ်းကျူးကို ဖိတ်ခေါ်လိုက်သည်။

လင်ချမ်းကျူးက ရောက်ဗွာကို သေချာစွာ အကဲခတ်သည်။

"သိပ်ချော သိပ်လှတဲ့ မိန်းကလေးပဲ၊ ဒါကြောင့် သားတသဘောကျတာပဲ"

ဤသို့တွေးလိုက်ပြီးမှ ညင်သာစွာ မေးလိုက်သည်။

"သမီးလေးက ရောင်ယိနော်"

"ဟုတ်ပါတယ် ဘဘရှင့်"

"သားကိုတော့ မမြင်ပါလား"

"တစ်နေရာရာမှာ ရှိပါလိမ့်မယ် ဘဘ၊ စားသောက်ခန်းထဲမှာများ ရှိမလား"

"ကျွန်တော် သွားရှာပြီး အကြောင်းကြားလိုက်ပါ့မယ် ခင်ဗျာ"

ခို့ကျန်းက ပြောပြောဆိုဆို ထွက်သွားသည်။

ရောက်ဗွာက ထပ်မံ ဖိတ်ခေါ်လိုက်သဖြင့် လင်ချမ်းကျူး အခန်းထဲဝင်လိုက်သည်။

"သမီး လေတိုက်မခံနိုင်လို့ တံခါးကို ပိတ်ထားပါရစေနော်"

"ပိတ်ထားပါ သမီးလေးရယ်၊ ပိတ်ထားပါ"

သားက ချစ်မြတ်နိုးသူဖြစ်သောကြောင့် လင်ချမ်းကျူးကလည်း လိုက်လိုက်လျောလျော ဆက်ဆံသည်။



ရောက်ဗွာက ပြုံးပြီး တံခါးကို အတွင်းမှပြန်ပိတ်သည်။

အပြင်မှ တွန်းဖွင့်ဝင်နိုင်ရန် ချိတ်ကို တည်းတည်းကလေးသာ ချိတ်ထားသည်။

"ထိုင်ပါ ဘဘ၊ ထိုင်ပါ"

ရောက်ဗွာ ညွှန်ပြသောခုံတွင် လင်ချမ်းကျူးကလည်း အေးသာအယာ ထိုင်ချလိုက်သည်။

"သမီးဖြင့် ဘဘ လိုက်လာလိမ့်မယ်တောင် မထင်ဘူး"

"လာရမှာပေါ့ သမီးရယ်၊ ဘဘမှာက သွေးရင်းသားရင်းဆိုလို့ ဒီသားလေးတစ်ယောက်ပဲ ရှိတာ၊ သား စိတ်တိုင်းကျ ဘဘက ဘာမဆို ဆောင်ရွက်ပေးရမှာပဲကွယ့်၊ သားရဲ့စာထဲမှာ ပါတယ်၊ သမီးနဲ့သားတို့ လက်ထပ်ကြမယ်ဆို"

"သမီးက အစ်ကိုကြီးလင်ကို ချစ်ပေမယ့် မမျှော်မှန်းရဲပါဘူး၊ သမီးက ဆင်းရဲတယ်၊ ဆွေမျိုးသားချင်းလဲ မရှိဘူး"

"ဟား... ဟား... ဟား၊ ဘဘတို့က ဒီလိုအဆင့်အတန်း မခွဲခြားတတ်ပါဘူး သမီးရယ်၊ သား သဘောကျနှစ်မြို့က်တယ်ဆိုရင် ဘယ်သူနဲ့မဆို ပေးစားမယ်လို့ ဘဘက ရည်မှန်းထားပြီးသားပါ"

"ခုလိုကြားရတာ ဝမ်းသာပါတယ် ဘဘရယ်၊ အစ်ကိုကြီးကတော့ ပြောသား၊ ဒါပေမယ့် ဘဘတို့နဲ့သမီးတို့က သိပ်ပြီး အဆင့်အတန်း ကွာနေတော့ ဘဘက သဘောတူမှ တူပါ့မလားလို့ သမီးစိတ်ထဲက စိုးရိမ်နေတာ"

"သမီးက ငွေကြေးဥစ္စာ မပြည့်စုံပေမယ့် သိပ်ပြီးချော့တဲ့ သမီးလေးပါကွယ်၊ ပြီးတော့ ပြောတာဆိုတာလဲ ယဉ်ယဉ်ကျေးကျေး ရှိတယ်၊ သမီးလို မိန်းကလေးမျိုးနဲ့ သားကို ပိုပြီး သဘောတူပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ကွယ်၊ သမီး စိတ်အေးအေးသာ နေပေတော့”

“ဝမ်းသာပါတယ် ဘဘရယ်၊ သြော်... ဘဘက ခရီးဝေးက လာခဲ့ရတော့ သိပ်ပြီး ပင်ပန်းနွမ်းနယ်နေမှာပေါ့”

ပြောပြောဆိုဆို ရှောက်ဗှာက အရက်အိုးထဲမှ အရက်တစ်ခွက်ကို ငှဲ့ထည့်ပေးသည်။

ပြီးမှ အရက်ခွက်ကို လင်ချမ်းကျူးထံ လှမ်းပေးသည်။

“အမောပြေ သောက်လိုက်ပါဦး ဘဘ”

လင်ချမ်းကျူး အပြုံးမပျက် အရက်ခွက်ကို လှမ်းယူသည်။

ခရီးပန်းနေသည့်အတွက် သူ့စိတ်ထဲတွင်လည်း အရက်တစ်ခွက်လောက် သောက်ချင်နေသည်။

သူသည် ချွေးမ ချောချောလှလှကလေးကို မြင်ရသောအခါ သားဖြစ်သူအတွက် စိတ်ချမ်းသာသွားသည်။

ပျော်သွားသည်။ ရှောက်ဗှာအပေါ်တွင်လည်း လုံးလုံးသံသယမရှိချေ။

ထို့ကြောင့်လည်း ရှောက်ဗှာပေးသော အရက်ကို တစ်ရှိန်ထိုး မော့သောက်လိုက်သည်။

ရှောက်ဗှာက နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်သည်။

“ယူဦးမလား ဘဘ”

“တော်ပါပြီ သမီးရယ်”

“သမီးရင်ထဲမှာ နာနေလို့ ခဏလှဲနေလိုက်ဦးမယ်နော်”

“လှဲနေပါ သမီး”

ရှောက်ဗှာက ခုတင်ပေါ်တွင် လှဲနေလိုက်သည်။ လင်ချမ်းကျူးကို ကျောပေး၍ လှဲနေခြင်းဖြစ်၏။



လင်ချမ်းကျူးသည် ရှောက်ဗှာကိုကြည့်ပြီး စိတ်ထဲတွင် တစ်မျိုးကြီးဖြစ်လာပြီး သွေးများဆူပွက်လာသလို ခံစားလိုက်ရသည်။

ထို့ကြောင့် အခန်းအပြင်သို့ ထွက်သွားရန် ထိုင်နေရာမှ ထလိုက်သည်။

ရှောက်ဗှာက ခုတင်ပေါ်မှ ထရပ်လိုက်ပြီး...

“ဟင်... ဘဘ ဘာဖြစ်လို့လဲ”

ပြောပြောဆိုဆို လင်ချမ်းကျူးအနီး လျှောက်လာပြီး လက်ကိုလှမ်းကိုင်လိုက်သည်။

ရှောက်ဗှာက သူ့အား လာထိသောအခါ လင်ချမ်းကျူး သတိလက်လွတ်ဖြစ်သွားသည်။

သူက ရှောက်ဗှာကို လှမ်းဖက်သည်။ ရှောက်ဝါ နောက်ကို ခုန်ဆုတ်သည်။

သူမ၏လက်နှင့်လည်း အရက်အိုးကို ရိုက်ချလိုက်သည်။ ကြမ်းပေါ်သို့ အရက်အိုးကျပြီး ကွဲသွားသည်။

လင်ချမ်းကျူးက ရှောက်ဗှာကို အတင်းလှမ်းဆွဲသည်။

ရှောက်ဗှာသည် သတိလည်းရှိ သိုင်းပညာလည်း တတ်မြောက်ထားသဖြင့် ကောင်းစွာ ရှောင်တိမ်းနိုင်သည်။

တဏှာရာဂစိတ်ကြီးစိုးနေသော လင်ချမ်းကျူးကမူ ရှောက်ဗှာကို ဖမ်းမိရန်သာ စိတ်ထက်သန် နေသည်။ ဘာကိုမှ သတိမရချေ။

“ဗုန်း... ဒုန်း”

“ရှင်... ရှေ့မတိုးနဲ့နော်... မတိုးနဲ့”

“လာကြပါဦး... ကယ်ကြပါဦး”

စားပွဲကုလားထိုင်များ လဲကျန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောက်ဗွာက ရှောင်တိမ်းရင်းမှ ကျယ်လောင်သောအသံဖြင့် အော်ဟစ်အကူအညီ တောင်းသည်။

လင်ချမ်းကျူးကမူ အသိစိတ်ပျောက်နေပြီး ရှောက်ဗွာကိုသာ အတင်းလိုက်ဆွဲနေတော့သည်။

* * *

"ဒုန်း... ဒုန်း... ဒုန်း... ဒုန်း"

"တံခါးဖွင့်စမ်း... တံခါးဖွင့်စမ်း"

အပြင်ဘက်မှ တံခါးထုသံနှင့်အတူ ချန်တာ့ယူ၏အသံပေါ်လာသည်ကို ရှောက်ဗွာ ကြားလိုက်ရသည်။

ရှောက်ဗွာ ရူးရူးရားရား အော်လိုက်သည်။

"ကယ်ကြပါဦး... ကယ်ကြပါဦး"

ထို့နောက် သူမသည် လွတ်အောင် မရှောင်တိမ်းတော့ဘဲ လင်ချမ်းကျူးလက်တွင် တမင်သက်သက် အမိခံလိုက်သည်။

လင်ချမ်းကျူးက သူမကို အတင်းဖက်သည်။ သူမက ရုန်းလေသည်။

"လွှတ်စမ်း... လွှတ်... ခွေးကြီးလွှတ်"

"ဗြိ...."

* * *



"ခုမှ သူအကျင့်ယုတ်တာကို မျက်မြင်ကိုယ်တွေ့ မြင်ရတော့တယ်... တို့..."

"ဂိုဏ်းချုပ်ကြီးဆိုတဲ့ အဆင့်နဲ့မတန်အောင် တယ်ပြီး ယုတ်မာပါလား"

သိုင်းအကျော်အမော်ကြီးများထံမှ ဝေဖန်သံများကြောင့် လင်ချမ်းကျူး လဲကျနေရာမှပင် မထရဲတော့ချေ။

မျက်နှာကိုလည်း လွှဲထားသည်။

ချန်တာ့ယူက ခါးထောက်ပြီး လင်ချမ်းကျူးကို ဒေါသတကြီးဖြင့် ပြောသည်။

"ခင်ဗျားဟာ ကျုပ်အဖေ ချန့်ဂူးဝမ်း အပေါ်မှာလဲ မတရားနှိပ်စက်ခဲ့တယ်၊ ယုတ်ယုတ်မာမာ ကြံစည်ခဲ့တယ်၊ အခုလဲ ကျုပ်ချစ်သူကို ခင်ဗျား အဓမ္မ ကြံစည်ပြန်ပြီ"

လင်ချမ်းကျူး ဖျတ်ခနဲ ထထိုင်လိုက်ပြီး အံ့ဩတုန်လှုပ်သဖြင့်....

"ဘာ... ရှောင်ယိ... မင်းချစ်သူ"

ရှောက်ဗွာက ငိုယိုရင်းမှ ဝင်ပြောသည်။

"ကျွန်မနာမည် ရှောင်ယိမဟုတ်ဘူး... ရှောက်ဗွာ"

လင်ချမ်းကျူး နားလည်လိုက်ပါပြီ။

ချန်တာ့ယူသည် မိမိကို ထောင်ချောက်ဆင်လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှာတိုက်လိုက်သော အရက်ထဲတွင် စိတ်ကြွဆေးများ ပါနေရှလေပြီ။

လင်ချမ်းကျူးလည်း ခံပြင်းဒေါသစိတ်ဖြင့် ထရပ်လိုက်သည်။

"မင်းတို့ ငါ့ကို ထောင်ချောက်ဆင်တယ်၊ ငါ သောက်တဲ့အရက်ထဲမှာ စိတ်ကြွဆေးတွေ ထည့်လိုက်ပြီး ငါ့ကိုနာမည်ပျက်အောင် လုပ်တယ်"

"တော်စမ်း လူယုတ်မာကြီး၊ ဒီလိုနည်းလမ်းကို ကျုပ်ရဲ့ဖေဖေ နာမည်ပျက်အောင် ခင်ဗျားသာ သုံးခဲ့တာမဟုတ်လား၊ ရှုအုံကြူကို တကယ်မုဒိမ်းကျင့်တော့ ခင်ဗျားသား၊ အခုလဲ ကျုပ်ချစ်သူကို ခင်ဗျားက..."

ချန်တာ့ယူသည် စကားဆုံးအောင်ပင် မပြောတော့ဘဲ လက်ဝါးဖြင့် လင်ချမ်းကျူး ရင်ဘတ်ကို ရိုက်ချလိုက်သည်။

လင်ချမ်းကျူး ရှောင်တိမ်းခုခံလိုက်သော်လည်း မြွေလိမ်မြွေကောက်သဖွယ် ဝင်လာသော ချန်တာ့ယူ၏လက်ဝါးက သူ့ရင်ဘတ်ကို ရိုက်မိသွားသည်။

"ဘုန်း..."

"အွန်း..."

လင်ချမ်းကျူး နောက်အက်ကိုယိုင်သွားပြီး တံခါးပေါက်မှ အပြင်ဘက်ကိုရောက်သွားကာ လဲကျသွားသည်။

ချန်တာ့ယူသည် နံရံတွင် သူကိုယ်တိုင် အသင့်ချိတ်ထားသော ကျာပွတ်ကိုဖြုတ်ယူလိုက်ပြီး တည်းခိုဆောင်ရှေ့သို့ ခုန်ထွက်သည်။



"လူယုတ်မာကြီး... ကဲ.. ယုတ်မာဦး"

"ရွှမ်း..."

"အား..."

"ယုတ်မာဦး... ယုတ်မာဦး"

"ရွှမ်း... ရွှမ်း... ရွှမ်း"

"အား... အ"

အခြား သိုင်းအကျော်အမော်ကြီးများက ချန်တာ့ယူကို ဝင်ဆွဲကြမည်အလုပ်တွင် မိုးကြိုးသိုင်းသမားကြီး လီခုံးချီက ဟန့်တားထားလိုက်သည်။

"အားလုံး ကြည့်နေကြပါ၊ ဒါ သူတို့ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စပါ၊ ချန်ရူးဝမ်းကို လင်ချမ်းကျူး ဘယ်လိုအနိုင်ကျင့်ခဲ့တယ်ဆိုတာ ခင်ဗျားတို့အသိပဲ၊ အခု ချန်တာ့ယူက သူ့အဖေကြွေးကို ပြန်ဆပ်နေတာပါ ကြည့်နေကြပါ"

လင်ချမ်းကျူးသည် ချန်တာ့ယူ၏ ကျာပွတ်ရိုက်ချက်ကို ရှောင်တိမ်းသော်လည်း မလွတ်ချေ။

ချန်တာ့ယူ၏သိုင်းပညာက လင်ချမ်းကျူးထက် အဆင့်မြင့်နေသောကြောင့်ပင်။

လင်ချမ်းကျူးသည် ကျာပွတ်ရိုက်ချက်ကို ဆက်တိုက်ခံရသဖြင့် မြေတွင်လိမ့်နေသည်။

"ရွှမ်း..."

"အား..."

"နောက် ယုတ်မာဦးမလား"

www.burmeseclassic.com

www.burmeseclassic.com



"ရှမ်း... ရှမ်း"

"အီး...."

"မေးတာပြောလေ... ယုတ်မာဦးမလား"

"ရှမ်း... ရှမ်း"

"အင့်... မ... မယုတ်မာတော့ပါဘူး"

လင်ချမ်းကျူး ကိုယ်မှ အဝတ်များမှာ အစိပ်စိပ် အမြွာမြွာ စုတ်ပြတ်ကုန်သည်။

ပေါ်နေသော အသားပြင်များတွင်လည်း သွေးတွေ စို့နေသည်။ မခံမရပ်နိုင်လောက်အောင်လည်း နာကျင်နေသည်။

သို့သော် သူသည် ချွန်တာ့ယူရိုက်ချက်မှ မရှောင်တိမ်းနိုင်ချေ။ ကြာလေ သူ့လှုပ်ရှားမှုမှာ နှေးလာလေ။

သူ့တွင် မာန်မာနများလည်း မရှိတော့ချေ။

ထို့ကြောင့် မာန်လျှော့၍ ချွန်တာ့ယူ အရိုက်ရပ်စေရန် လိုက်ပြောရခြင်းဖြစ်လေသည်။

"သူများကို မတရားလုပ်ဦးမလား"

"ရှမ်း... ရှမ်း"

"အား... မလုပ်တော့ပါဘူး"

"ယုတ်မာဦးမလား"

"ရှမ်း...."

"အီး... မယုတ်မာတော့ပါဘူး"

"ရှမ်း... ရှမ်း... ရှမ်း"

"အင့်... အ... နာလှပါပြီ"



"မှတ်ပလား"

"ရှမ်း... ရှမ်း... ရှမ်း"

"အ... အ"

"ရှမ်း... ရှမ်း... ရှမ်း"

"အား...."

လင်ချမ်းကျူးသည် မြေပေါ်တွင် ကောင်းကောင်းပင် မလှုပ်ရှားနိုင်တော့ချေ။

ထိုအချိန်ကျမှ တည်းခိုဆောင်ပိုင်ရှင် သိုင်းထိပ်ခေါင်စွန်းလောင်စုသည် မျက်လုံးပြူး ဗျက်ဆန်ပြူးရောက်လာသည်။

ချွန်တာ့ယူလက်ကိုဆွဲ၍ တောင်းပန်သည်။

"တော်ပါတော့ မောင်ရင်ရယ်၊ တော်ပါတော့... ကျုပ်တောင်းပန်ပါတယ်"

ချွန်တာ့ယူ ဒေါသဖြင့် ပြန်ပြောသည်။

"ကျုပ် ချစ်သူကို ဒီလူကြီးက စော်ကားတာဗျ... စော်ကားတာ"

"ကျုပ် အားလုံးကြားပြီးပါပြီ ကူမောင်ရယ်၊ ကြားကြားချင်းပဲ ပြေးလာခဲ့တာပါ၊ ကျုပ် တောင်းပန်ပါတယ်၊ ဒီလောက်နဲ့ တော်ပါတော့"

"တောက်... ခင်ဗျားရဲ့ တည်းခိုဆောင်က လုံခြုံမှုမရှိဘူး၊ ကျုပ်တို့ မတည်းတော့ဘူး၊ ခင်ဗျား တည်းခိုဆောင် နာမည်မပျက်စေချင်ရင် ဒီလိုလူယုတ်မာတွေကို အဝင်မခံပါနဲ့၊ သွား... သွား... ဒီလူယုတ်မာကိုခေါ်သွား၊ သူ့ကို ဆက်တွေ့ရင် ကျုပ် ရိုက်ဖိလိမ့်မယ်"

"ကောင်းပါပြီ မောင်ရင်ရယ်... ကောင်းပါပြီ၊ မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



ကိုလဲ ကျုပ် တောင်းပန်ပါဦးမယ်"

သိုင်းထိပ်ခေါင် စွန်းလောင်စုက မြေပေါ်မှမထနိုင်သေး
သော လင်ချမ်းကျူးကို ဆွဲထူသည်။

ပြီးမှ သူ့အလုပ်သမားနှစ်ယောက်ကို လှမ်းခေါ်သည်။

"ဟေ့... ဂိုဏ်းချုပ်ကြီးကို ငါ့အိမ်ခန်းထဲ ခေါ်သွားစမ်းကွာ၊ တစ်ယောက်က သမားတော်ကြီးကို မြန်မြန်သွားပင့်၊ ငါ အခုပဲ လိုက်ခဲ့မယ်"

စွန်းလောင်စုသည် သူ့အလုပ်သမားများကို ပြောပြီးမှ လင်ချမ်းကျူးကို ပြောသည်။

"လိုက်သွားပါ ဂိုဏ်းချုပ်ကြီး၊ ကျွန်တော် ခုပဲ လိုက်ခဲ့ပါ့မယ်"

လင်ချမ်းကျူးသည် တစ်ကိုယ်လုံး နာကျင်နေသဖြင့် ဘာမှ ပြန်မပြောနိုင်တော့ဘဲ အလုပ်သမားများ တွဲခေါ်ရာကို လိုက်သွားရတော့သည်။

မိုးကြိုးသိုင်းသမားကြီး လီခုံးချိုကလည်း သူ့ညွှန်သည်သိုင်းသမားများကိုခေါ်၍ ထွက်ခွာသွားသည်။

သိုင်းထိပ်ခေါင် စွန်းလောင်စု၊ ချန်တာ့ယူနှင့် ရှောက်ဖုံတို့ သုံးယောက်သာ အခန်းထဲတွင် ကျန်နေခဲ့ကြသည်။

ထိုအခါမှ ချန်တာ့ယူက စွန်းလောင်စုကို တိုးတိုးမေးသည်။

"လင်ချွင်စစ်ကော ဦးကြီး"

"ငါ့အခန်းထဲမှာ အမူးလွန်ပြီး အိပ်မောကျနေရဲ့၊ သူလဲ တော့ ဘာမှသိမှာ မဟုတ်ဘူး"

"ကျွန်တော်တို့သွားရင် လင်ချွင်စစ်ကို ခေါ်သွားမယ်၊ လင်ချမ်းကျူးကိုတော့ ဦးကြီးဘာသာကြည့်ပြီး ဖြေရှင်းထားပါ"



"စိတ်ချပါကွယ်... စိတ်ချပါ၊ ကဲ... ကျုပ် သွားလိုက်ပါဦးမယ်"

သိုင်းထိပ်ခေါင် စွန်းလောင်စု ခပ်သုတ်သုတ် ထွက်ခွာသွားသည်။

သည်တော့မှ ချန်တာ့ယူလည်း ရှောက်ဖုံကို ကြင်နာစွာဖြင့် ဖက်လိုက်သည်။

ရှောက်ဖုံကလည်း ချန်တာ့ယူကို အသာအယာဖြင့် ပြန်ဖက်သည်။

"ညီမလဲ စိတ်ရော လူရော သိပ်ပြီး ပင်ပန်းသွားမှာပဲနော်"

"ပင်တော့ ပင်ပန်းတာပေါ့ အစ်ကိုရယ်၊ ဒါပေမယ့် ပင်ပန်းရကျိုးနပ်ပါတယ်လေ၊ ရည်မှန်းထားတဲ့အတိုင်း ဖြစ်ကြရတယ် မဟုတ်လား"

"လင်ချမ်းကျူးက ကြမ်းကြမ်းတမ်းတမ်း ဖြစ်လာတော့ ညီမ သိပ်ပြီးကြောက်သွားမှာပဲနော်"

"မကြောက်ဘူး... ညီမကိုယ် ညီမလဲ ခုခံကာကွယ်နိုင်တယ်၊ အစ်ကိုလဲ ညီမနဲ့အနီးဆုံးမှာ ရှိနေတာပဲ၊ အကွက်ရိုက်ထားတဲ့အတိုင်း တိတိကျကျ ဝင်လာလို့ ညီမ ဝမ်းသာပါတယ်"

"အစ်ကိုလဲ ဖေဖေ့အတွက် လင်ချမ်းကျူးကို ဦးဆုံးလက်စားချေလိုက်ရလို့ သိပ်ပြီး ဝမ်းသာပါတယ်၊ မေမေနဲ့ ဘွားလေးကိုပါ မြင်စေချင်လိုက်တာ ဖေဖေအနှိပ်စက်ခံရတာကို မြင်ထားရတဲ့ ဘွားလေးသာ ဒီမြင်ကွင်းကိုမြင်ရရင် သိပ်ပြီးဝမ်းသာမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပြီး ညီမ ဘာလုပ်ပေးရဦးမလဲ အစ်ကို"

"မပင်ပန်းသေးဘူးလား ညီမရယ်"

"အစ်ကို ခိုင်းတာဆို ဘာစဲလှုပ်လှုပ်ရ ညီမ မပင်ပန်းပါဘူး။ အသက်သေချင် သေသွားပါစေဦး"

"ဒါကြောင့် ညီမကို အစ်ကိုက ချစ်ရတာ"

"အစ်ကို့ကိုလဲ သိပ်ချစ်ပါတယ် အစ်ကိုရယ်"

ချန့်တာ့ယူနှင့် ရောက်ဗွာတို့ တစ်ဦးကိုတစ်ဦး တင်းတင်းကျပ်ကျပ် ပွေ့ဖက်လိုက်ကြသည်။



အခန်း(၁၄)

## ကြမ္မာရဟတ်တစ်ပတ်လည်

မှောင်နှင့်မည်းမည်း ဖြစ်နေသည်။ ဘာဆို ဘာမှမမြင်ရ။

လင်ချွင်စစ်သည် သူကိုယ်သူ ဘယ်ရောက်နေမှန်း မသိချေ။

သူ့ခြေလက်များကို သံကြိုးဖြင့် ချည်နှောင်ခြင်း ခံထားရသည်။

မှောင်နှင့် မည်းမည်းကြီးထဲတွင် ဤကဲ့သို့ ချုပ်နှောင်ခြင်းခံနေရသည်မှာ ဘယ်နှစ်ရက်၊ ဘယ်နှစ်လရှိနေပြီဖြစ်ကြောင်းကိုလည်း လင်ချွင်စစ် မသိချေ။

သိုင်းထိပ်ခေါင် စွန်းလောင်စုနှင့် သူတို့အရက်သောက်ခဲ့သည်ကို နောက်ဆုံးအနေနှင့် သူ မှတ်မိသည်။ နောက် သတိမေ့သွားသည်။

သတိရလာတော့ အမှောင်ထဲတွင် သံကြိုးနှင့်ချည်နှောင်ထားခြင်းခံရကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့် အသံဗလံကိုမှလည်း မကြားရချေ။

မှောင်လွှမ်းသည်ပြင် လွှမ်းစွာလည်း တိတ်ဆိတ်ငြိမ်သက်နေသည်။

သူသည် သံကြိုးမှ အတင်းရုန်းသည်။ သို့သော် ခြေလက်များသာနာပြီး မရချေ။

သူ့အာခေါင်တွေလည်း ခြောက်နေသည်။ သူ့ဗိုက်ကလည်း ဆာနေသည်။

သူသည် ရန်သူ၏ဖမ်းဆီးခြင်းကိုခံရပြီး ဖြစ်ကြောင်းတော့ သူ နားလည်သည်။

သူ့သက်တမ်းတစ်လျှောက်တွင် ဤလိုအခြေအမျိုးကို တစ်ခါမှ မရောက်ဖူးသေးချေ။

သူတစ်ပါး၏ဖမ်းဆီးခြင်းကို မခံခဲ့ရသေးပေ။

ယခုမူ ဖမ်းဆီးခြင်းခံရရုံမျှသာမက မည်သည့်နေရာတွင် မည်သူက ဖမ်းဆီးထားခြင်းဖြစ်ကြောင်းလည်း မသိရချေ။

စိုးရိမ်ထိတ်လန့်စွာဖြင့် သူသည် အော်လိုက်သည်။

"ဘယ်သူမှ မရှိကြဘူးလား... ကယ်ကြပါဦး။ ဘယ်သူမှ မရှိကြဘူးလား... ကယ်ကြပါဦး"

သူ့အော်သံက ပဲ့တင်ထပ်၍ အကြိမ်ကြိမ် ပြန်ပေါ်လာသည်။

ထိုအခါမှ သူသည် လိုဏ်ခေါင်းတစ်ခုထဲတွင် အဖမ်းခံနေရခြင်းဖြစ်ကြောင်း ခန့်မှန်းနိုင်လေသည်။

"ညီမလေး ရှောင်ယိ... ညီမလေး ရှောင်ယိ... ဘယ်မှာလဲ"

"ဖေဖေ ကျွန်တော့်ကို ကယ်ပါဦး... ဖေဖေရေ"



"ညီမလေး ရှောင်ယိရေ"

သူသည် ဤစကားမျိုးကိုသာ အထပ်ထပ် အော်နေသည်။

သူ့အော်သံက အဆက်မပြတ် ပဲ့တင်ထပ်နေသည်။

အချိန် ကြာကြာ ဆက်တိုက်ကြီးအော်လိုက်သောအခါ မောဟိုက်လာသည်။ သူ့အာခေါင်တွေက ပို၍ခြောက်လာသည်။

နောက်တော့ သူ ဆက်မအော်နိုင်တော့ချေ။ သူ့အော်သံက ရပ်သွားသည်။

ထိုအခါ ပကတိ တိတ်ဆိတ်ငြိမ်သက်သွားပြန်လေသည်။

မောဟိုက်စွာ ရှူရှိုက်နေသော သူ၏အသက်ရှူသံကိုသာ ကျယ်လောင်စွာ ပြန်၍ ကြားနေရသည်။

သူ့ထံသို့ မည်သူမှလည်း ရောက်မလာချေ။ မည်သည့်တုံ့ပြန်သံမှလည်း ပေါ်မလာချေ။

သူသည် ဆာလောင်သည့်ဝေဒနာ၊ စိုးရွံ့ကြောက်လန့်သည့် ဝေဒနာကို ပြိုင်တူခံစားနေရသည်။

သိုင်းထိပ်ခေါင် တည်းခိုဆောင်မှ သူသည် ဤနေရာသို့ မည်ကဲ့သို့ရောက်လာကြောင်းကို စဉ်းစား၍မရချေ။

"ဘယ်သူမှ မရှိကြဘူးလား... ဘယ်သူမှ မရှိကြဘူးလား"

"ကျွန်တော့်ကို ကယ်ကြပါဦး... ကယ်ကြပါဦး"

"ဖေဖေရေ... ကျွန်တော့်ကို ကယ်ပါဦး"

အမောပြေသွားသောအခါ သူသည် ထပ်မံပြီး အော်ဟစ်ပြန်သည်။

အဆက်မပြတ်အော်ဟစ်သည်။ မအော်နိုင်လောက်အောင်

www.burmeseclassic.com



မောလာတော့မှ ရပ်လိုက်သည်။

ဆာလောင်မွတ်သိပ်မှုထက် အမှောင်ကြီးထဲတွင် အချုပ်အနှောင်နှင့်တစ်ယောက်တည်း နေရသည့်အတွက် စိတ်ချောက်ချားနေမိသည်။

သူသည် ငယ်စဉ်ကပင် အများ၏ဂရုတစိုက်ယုယခြင်းကို ခံခဲ့ရသည်။

လူအများ၏ ဝိုင်းဝန်းပြုစုခြင်းကို ခံခဲ့ရသည်။

ဖခင်ကြီး ကိုယ်တိုင်က အလိုလိုက် အကြိုက်ဆောင်ခဲ့သဖြင့် အနည်းငယ်မျှ စိတ်ဆင်းရဲခြင်းမခံရချေ။ အနည်းငယ်မျှ ဒုက္ခမရောက်ဖူးချေ။

ယခုမူ သူ့အဖို့ ကြီးစွာသောဒုက္ခ ခံရလေပြီ။ စိတ်ချောက်ချားရလေပြီ။

မှောင်ကြီးထဲတွင် တိတ်ဆိတ်ငြိမ်သက်စွာ နေရသည်မှာ စိတ်ချောက်ချားဖွယ်ရာ ကောင်းလှသဖြင့် လင်းချင်စစ်သည် အမောပြေတိုင်း အော်ဟစ်လိုက်၊ မင်ပန်းသွားသောအခါ နားလိုက်နှင့် လုံးလည်လိုက်နေတော့၏။

အချိန်မည်မျှကြာလို့ ကြာသွားမှန်းပင် မသိတော့ချေ။

နောက်ဆုံးတွင် လင်းချင်စစ်သည် လုံးလုံးမအော်နိုင်တော့ချေ။ လုံးလုံး အသံမထွက်နိုင်တော့ချေ။

သတိလစ်သလိုလိုလည်း ဖြစ်သွားသည်။

"လင်... ချင်... စစ်"

"လင်... ချင်... စစ်"



သူနားထဲတွင် သူ့နာမည်ကို ခေါ်သံကြားသလို ထင်မိသဖြင့် မှိတ်ထားသောမျက်လုံးကို ဖွင့်လိုက်သည်။ ပိန်းပိတ်အောင် မှောင်နေတုန်း ဖြစ်၏။

အသံကိုတော့ အမှန်တကယ် ကြားနေရသည်။ သာယာဖွယ်အသံတော့ မဟုတ်ချေ။

မကောင်းဆိုးဝါးတစ်ကောင်ကောင် ညည်းတွားခေါ်ဝေါ်နေသံမျိုး ဖြစ်၏။ လွန်စွာချောက်ချားဖွယ်ရာ အသံမျိုးဖြစ်၏။

"လင်... ချင်... စစ်"

"လင်... ချင်... စစ်"

အသံက ဖြည်းဖြည်းလေးလေးကြီး၊ အမှောင်တွင်း တစ်နေရာမှ ထွက်ပေါ်လာခြင်းဖြစ်သော်လည်း သူ၏ဝဲဘက်မှလား ယာဘက်မှလား၊ အနောက်ဘက်မှလား၊ အပေါ်ဘက်မှလားဟူ၍ပင် လင်းချင်စစ် ခွဲခြား၍မသိချေ။

သူသည် ချောက်ချားလွန်းမက ချောက်ချားလာသောအခါ ထိတ်လန့်တကြား ကျယ်လောင်စွာ အော်ဟစ်လိုက်လေတော့သည်။

"ငါ့နာမည်ကိုခေါ်နေတာ... ဘယ်သူလဲ ဘယ်သူလဲ၊ မခေါ်ကြနဲ့ ရပ်"

သူ့အသံက ကျယ်လောင်စွာ ဖုံးလွှမ်းသွားသည်။

သူ့ကိုခေါ် နေသော ချောက်ချားဖွယ်ရာအသံကြီးလည်း ရပ်သွားသည်။

သို့သော် ခဏသာ တိတ်သွားပြီး ချောက်ချားဖွယ်ရာအသံကြီးမှာ ပေါ်ထွက်လာပြန်လေသည်။

"လင်... ချင်... စစ်"

www.burmeseclassic.com

www.burmeseclassic.com



လင်ချွင်စစ်ခန္ဓာကိုယ် ဆတ်ခနဲတုန်သွားသည်။

ယခုတစ်ခါတော့ ချောက်ချားဖွယ်ရာအသံကြီးမှာ သူ့အနီးမှ ကပ်ပြီး ပေါ်လာလေသည်။

သူသည် တုန်တုန်ယင်ယင်ဖြင့်....

"ဟင်... ဘယ်သူလဲ... ဘယ်သူလဲ"

သူ့အသံက ရှုးရှူးရားရား ပေါ်ထွက်လာသည်။

ချောက်ချားဖွယ်ရာ အသံကြီးကလည်း ဖြည်းဖြည်းလေးလေးကြီး ပေါ်လာသည်။

"ငါလား... မြောင်ယီလန်းလေကွာ၊ မင်းဖေဖေ သတ်လိုက်တဲ့ မြောင်ယီလန်းလေ၊ ဟား... ဟား... ဟား"

လင်ချွင်စစ် မျက်လုံးပြူးသွားသည်။

"ဘာ... မြောင်ယီလန်း ဟုတ်လား၊ အို... မဟုတ်ဘူး မဟုတ်ပါဘူး၊ မဖြစ်နိုင်ဘူး မဖြစ်နိုင်ဘူး၊ ငါမယုံဘူး... ငါ့ကို ဒီလိုနည်းနဲ့ ခြောက်လှန့်လို့ မရဘူး"

"ဟား... ဟား... ဟား၊ ငါ့မိန်းမကို စော်ကားတဲ့ကောင်၊ လူမဆန်တဲ့ကောင်၊ မင်းကို ငါ လက်စားချေမယ်၊ လက်... စား... ချေ... မယ်"

ချောက်ချားဖွယ်ရာ အသံကြီးအဆုံးတွင် သူ့မျက်နှာကို လက်ဝါးကြီးတစ်ဖက်က လာရောက်ဖိကပ်ကြောင်း ခံစားလိုက်ရသည်။

လက်ဝါးကြီးမှာ ရေခဲတုံးတမျှ အေးစက်လှ၏။

လင်ချွင်စစ် ကိုယ်ခန္ဓာ ဆတ်ခနဲ တုန်သွားပြီး မျက်နှာကိုလည်း အတင်းခါယမ်း၍ ရုန်းသည်။



သို့သော် အေးစက်သောလက်ကြီးမှ ရုန်း၍မရချေ။

"အား... အား... အား"

သူသည် ကြောက်လန့်တကြားဖြင့် ရှုးရှူးရားရား အော်သည်။ အတင်းရုန်းသည်။ ခြေလက်များတွင် ချည်ထားသော သံကြိုးများက တချွင်ချွင် မြည်နေသည်။

ကြောက်လန့်လွန်းသဖြင့် လင်ချွင်စစ်သည် လွန်စွာအိပ်ချင်သော်လည်း မအိပ်ရဲချေ။

မှောင်နှင့်မည်းမည်း ဖြစ်နေသော်လည်း သူ့ကိုမြောင်ယီလန်းတစ္ဆေက မြင်နေပါလားဟု တွေးမိလာသည်။

ထိုအတွေးကြောင့်လည်း သူသည် မအိပ်မိအောင် မျက်လုံးကိုအတင်း ပြူးထားသည်။

သို့သော် သူ့မျက်လုံးက တဖြည်းဖြည်း မှေးလာကာ အိပ်ပျော်မည့်ကဲ့သို့ ဖြစ်လာသည်။

"ဖြန်း" ခနဲ မြည်သွားပြီး သူ့မျက်နှာအေးခနဲ ဖြစ်သွားသည်။

လင်ချွင်စစ် လန့်သွားသည်။ သူ့မျက်နှာကို အေးမြသောရေဖြင့် ပက်လိုက်ခြင်းဖြစ်၏။

သူ့ပါးစပ်ထဲသို့ ရေအနည်းငယ်လည်း ဝင်သွားသည်။ ချက်ချင်း သူ့ရင်အေးသွားသည်။

ပါးစပ်ထဲသို့ ရေအေးများ ထပ်ဝင်လာသည်။

သူသည် လွန်စွာ ရေငတ်နေသဖြင့် အာသာငမ်းငမ်း မျိုချသည်။

လက်အေးကြီးက သူ့ပါးစပ်ကို ရုတ်တရက် ထိလာပြီး သူ့ပါး

www.burmeseclassic.com



စပ်ထဲသို့ တစ်စုံတစ်ခု ထည့်လိုက်ကြောင်း ခံစားလိုက်ရသည်။

အသားတုံးတစ်တုံးဖြစ်ကြောင်း သိလိုက်သည်နှင့် သူသည် ငတ်ငတ်နှင့် မျိုချလိုက်သည်။

အမှောင်ထဲမှ ချောက်ချားဖွယ်ရာ အသံကြီးက ပေါ်လာပြန်သည်။

"လင်... ချွင်... စစ်... မင်းကို မ... သေ... ရုံ... တော့... ကျွေး... မယ်၊ ဒါပေမယ့် မင်း... မ... အိပ်... ရဘူး။ မ... အိပ်... ရဘူး"

ဤမျှသာ ပြောပြီး ထပ်မံ ပေါ်ထွက်မလာတော့ချေ။

သူသည် အချိန်အတော်ကြာအောင် အိပ်ချင်စိတ် ပျောက်နေသည်။

ဟိုတွေး ဒီတွေးတွေးနေရင်းမှ အိပ်ချင်လာပြန်သည်။ မည်သို့မှ မဟာန်နိုင်အောင် ဖြစ်လာသည်။

မှေးခနဲ ဖြစ်သွားပြီး အိပ်တော့မည်အပြုတွင် လက်အေးကြီးက သူ့မျက်နှာကို ကပ်လာပြန်သည်။

ချောက်ချားဖွယ်ရာ အသံကြီးလည်း ပေါ်လာပြန်သည်။

"လင်... ချွင်... စစ်... မ... အိပ်... နဲ့၊ မ... အိပ်... နဲ့"

"အား... အား"

သူ့တစ်ကိုယ်လုံးလည်း အသည်းခိုက်အောင် နာကျင်သွားသဖြင့် လင်ချွင်စစ် အော်လိုက်မိသည်။

"မ... အိမ်... နဲ့ အိပ်... ရင်... နာ... မယ်"

လင်ချွင်စစ် မအိပ်ရဲပြန်တော့ချေ။



ဤသို့ဖြင့် အိပ်ပျော်မည်ပြုလိုက်၊ လက်အေးကြီးက သူ့မျက်နှာကိုကပ်လာပြီး နာကျင်သောဝေဒနာကို ခံစားလိုက်ဖြင့် လင်ချွင်စစ် သံသရာလည်နေတော့၏။

အချိန်တွေ မည်မျှကြာပြီး ရက်တွေ မည်မျှကျော်ခဲ့ကြောင်းလည်း မသိတော့ချေ။

အစာရေစာကိုမူ မသေရုံတမယ် စားသောက်ရသည်။

သို့သော် အိပ်ရေးပျက်လာသောအခါ သူသည် ကြောင်တောင်တောင် ဖြစ်လာသည်။

ကယောင်ကတမ်း ဖြစ်လာသည်။ ကြောက်ရွံ့စိုးရိမ်စိတ်ကလည်း ပိုလာသည်။

မြောင်ယီလန်းသဗ္ဗာန် ဖြူဖြူကြီးကလည်း တစ်ခါတစ်ရံ ပေါ်လာပြီး လင်ချွင်စစ်ကို မေးခွန်းတွေ မေးသည်။

လင်ချမ်းကျူးနှင့် နယ်စားကြီး ချိကုဖိန်းတို့၏လုပ်ရပ်များကိုလည်း မေးသည်။

စိတ်အားငယ်ပြီး ကြောက်လန့်လွန်းနေပြီဖြစ်သော လင်ချွင်စစ်ကလည်း သတိကိုမထိန်းချုပ်နိုင်တော့ဘဲ ဖခင်ဖြစ်သူ လင်ချမ်းကျူးနှင့် နယ်စားကြီးချိကုဖိန်း၏လုပ်ရပ်များကို သူသိသလောက် ဖွင့် ပြောတော့သည်။

ကြာလေ လင်ချွင်စစ်၏အခြေအနေမှာ ပိုဆိုးလေ။

"ကျွန်တော့်ကို လွှတ်ပါတော့ လွှတ်ပါတော့"

"ကျွန်တော့်ကို သတ်လိုက်ပါတော့"

"ကျွန်တော် အိပ်ရစေတော့... အိပ်ပါရစေတော့၊ အိပ်ချင်လှပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဤစကားမျိုးကိုသာ အဖန်တလဲလဲ အော်ဟစ်နေသည်။

သို့သော် ကောင်းကောင်းမွန်မွန် အိပ်ခွင့်မရချေ။

အိပ်မရလေ ပိုပြီး စိတ်ကယောင်ကတမ်း ဖြစ်လေ။

တစ်ကြိမ်တွင် ချောက်ချားဖွယ်ရာ အသံကြီးပေါ်လာသည်။

"လင်... ချွင်... စစ်... မင်း အိပ်... ချင်... သလား"

"အိပ်ချင်ပါတယ်... သိပ်အိပ်ချင်ပါတယ်"

"အိပ်ချင်ရင် မင်း ပါးစပ်က ကျွန်တော် အရှုံးပါ၊ ကျွန်တော့်ကိုယ်မှာ အရှုံးသေွး ပါပါတယ်လို့ အဆက်မပြတ် ရွတ်နေရမယ်၊ ဒါဆိုရင် နည်းနည်းတော့ မင်း အိပ်ရမယ်"

"အိပ်ရမယ်ဆိုရင် ကျွန်တော် ဘာမဆို လုပ်ပါ့မယ်"

"ဒါဖြင့် ရွတ်"

လင်ချွင်စစ်က အဆက်မပြတ် ရေရွတ်တော့၏။

"ကျွန်တော် အရှုံးပါ၊ ကျွန်တော် အရှုံးပါ၊ ကျွန်တော့်ကိုယ်မှာ အရှုံးသွေးပါပါတယ်၊ ကျွန်တော့်ကိုယ်မှာ အရှုံးသွေးပါပါတယ်၊ ကျွန်တော် အရှုံးပါ၊ ကျွန်တော့်ကိုယ်မှာ အရှုံးသွေး ပါပါတယ်"

အကြိမ်များစွာ ရွတ်ပြီး မောလာသောအခါ နားလိုက်သည်။ အသံပေါ်လာပြန်သည်။

"မ... နား... နဲ့... လေ... ဆက်... ရွတ်"

လင်ချွင်စစ် အဆက်မပြတ် ရေရွတ်နေရပြန်သည်။

"ကျွန်တော် အရှုံးပါ၊ ကျွန်တော့်ကိုယ်မှာ အရှုံးသွေးပါပါတယ်၊ ကျွန်တော် အရှုံးပါ၊ ကျွန်တော့်ကိုယ်မှာ အရှုံးသွေး ပါပါတယ်၊ ကျွန်တော် အရှုံးပါ"



အချိန်အကြာကြီး ရွတ်ပြီးမှ သူသည် ခဏအိပ်ခွင့်ရသည်။

နိုးသည်နှင့် ဤစကားစုကိုပင် ပြန်ပြီး အဆက်မပြတ် ရွတ်ဆိုရပြန်သည်။

သူသည် အခြားမည်သည့်စကားကိုမှ မပြောရတော့ချေ။

အစားအသောက်ကိုလည်း မသေရုံတမယ်သာစားသောက်ရသည်။

ကြာလာတော့ ဤစကားစုသာ သူ့ပါးစပ်တွင် စွဲနေတော့သည်။

လူလည်း ခပ်ကြောင်ကြောင် ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

### တူသောအကျိုး

လင်ချမ်းကျိုးသည် ပျောက်ဆုံးနေသော သားဖြစ်သူ လင်ချွင်စစ်အတွက် လွန်စွာ ပူဆွေးသောက ရောက်နေလေသည်။

သူသည် ချန်တာ့ယူ၏ကျာပွတ်ရိုက်ချက်ကြောင့် အိပ်ရာထဲတွင် ဆယ့်လေးငါးရက်ခန့် ဆေးကုသခြင်း ခံခဲ့ရသည်။

ထိုရက်အတွင်း သူသည် သူ့လူများကိုဖြန့်ကာ လင်ချွင်စစ်ကို ရှာဖွေခိုင်းသည်။ စုံစမ်းခိုင်းသည်။

လင်ချမ်းကျိုး၏လူများကလည်း လင်ချွင်စစ်ကို အစွမ်းကုန် ရှာဖွေကြသည်။

လင်ချွင်စစ်၏သတင်းကို အစွမ်းကုန်စုံစမ်းကြသည်။

သို့သော် မည်သို့မှ ရှာဖွေစုံစမ်း၍ မရကြချေ။

လင်ချမ်းကျိုးသည် သူ့အတွက်ထက် သားဖြစ်သူအတွက် ပူဆွေးသောကရောက်နေသည်။



ချန်တာ့ယူက သူ့ကိုကျာပွတ်ဖြင့်ရိုက်၍ အရှက်ခွဲလိုက်သည့် ခံစားချက်ဝေဒနာထက် သားဖြစ်သူ ပျောက်ဆုံးနေသည့်အတွက် ခံစားနေရသည့်ဝေဒနာက ပိုပြီးကြီးမားလေသည်။

ဆယ်ရက်ပြည့်သောနေ့တွင်မူ လင်ချမ်းကျိုးထံသို့ စာတစ်စောင်ရောက်လာသည်။

စာမှာ ချန်တာ့ယူ ရေးလိုက်သောစာဖြစ်၏။

စာထဲတွင်.....

လင်ချွင်စစ်မှာ မိမိတို့လက်ဝယ်ရှိကြောင်း၊ ယခုအခါ ကောင်းကောင်းကြီး ပညာပေးပြီးပြီဖြစ်၍ လင်ချွင်စစ်ကို ပြန်လည်ခေါ်နိုင်ကြောင်း၊ ခေါ်ရမည့် နေ့ရက်၊ နေရာနှင့် အချိန်အခါပါ တိတိကျကျ ပါရှိလေသည်။

လင်ချမ်းကျိုးသည် ချက်ချင်းပင် သူ့လူများကို စုရုံးသည်။

အစီအစဉ်များကို ရေးဆွဲသည်။ သူတို့သည် လင်ချွင်စစ်ကို ကယ်တင်နိုင်ရေးသာမက ချန်တာ့ယူကို ဖမ်းဆီးနိုင်ရေးမျှ အကွက်ရိုက်ကြသည်။

ထိုစဉ် လင်ချမ်းကျိုးထံသို့ သတင်းတစ်ခုရောက်လာသည်။ လွန်စွာ အဖိုးတန်သောသတင်းပင် ဖြစ်လေသည်။

ယင်းသတင်းမှာ ချန်တာ့ယူတို့နေသောနေရာကို တိကျစွာ သိရပြီဟူသော သတင်းပင်ဖြစ်တော့၏။

www.burmeseclassic.com



ရုံ့ယန်းမြို့နှင့် လီသုံးဆယ်ခန့် ကွာဝေးသောနေရာတွင် ရှေးဟောင်းသချိုင်းကြီး ရှိသည်။

ကြီးမားလှသော အုတ်ဂူကြီးအများအပြားမှာ အပြိုပြိုအပျက်ပျက် ဖြစ်နေလေပြီ။

သချိုင်းလယ်ရှိ ဇရပ်ဟောင်းကြီးများလည်း ပျက်စီးယိုယွင်းနေပြီဖြစ်၏။

သချိုင်းကြီး တပြင်လုံး ချုံပင်ကြီးများ၊ သစ်ပင်ကြီးများ ဖုံးလွှမ်းနေသည်။

ထို့ကြောင့် နေ့အချိန်ပင် ဖြစ်သော်လည်း လင်းလင်းရှင်းရှင်း မရှိလှဘဲ အမှောင်ရိပ်သမ်းနေသည်။

ခရီးသွားများ ဖြတ်သန်းသွားလာရာ လမ်းပေါ်တွင် မကျသဖြင့်လည်း ယင်းသချိုင်းဟောင်းကြီးသို့ လူသူအရောက်အပေါက် မရှိချေ။

သချိုင်းအလယ်ရှိ ဇရပ်ကြီးထဲတွင် လင်ချမ်းကျုံးနှင့် ချောင်းဝါးတို့ နှစ်ယောက်ရောက်နေကြ၏။

သူတို့ဘေးပတ်ဝန်းကျင်ကို လှမ်းမျှော်ကြည့်လျက်ရှိသည်။ မှောင်ရီပျိုးဖျအချိန်သို့ ရောက်လာသည်။

သူတို့သည် ယခုထက်တိုင် ချန်တာ့ယူတို့၏အရိပ်အရောင်ကိုမျှ မမြင်ရသေးချေ။



ချောင်းဝါးက စိတ်မရှည်တော့ဘဲ လင်ချမ်းကျုံးကို ပြောလိုက်သည်။

"သခင်ကြီး... ဒီကောင်တွေ လာမှ လာပါ့မလား"

"ဒါတော့ ငါလဲ တွက်ဆလို့မရဘူး ချောင်းဝါး၊ လာပါစေလို့ပဲ ဆုတောင်းပါတယ်"

"ကျုပ်တို့က ဒီမှာပဲ ရှိနေကြတာပါဗျ"

သူတို့နောက်ဘက် အမှောင်ရိပ်ဆီမှ စကားသံတစ်သံ ရုတ်တရက် ပေါ်လာသည်။

နှစ်ယောက်စလုံး နောက်ကို ဖျတ်ခနဲ ကြည့်လိုက်ကြသည်။

သူတို့နောက်တွင် ချန်တာ့ယူတစ်ယောက်တည်း ရပ်နေသည်ကို တွေ့ရသည်။

လင်ချမ်းကျုံးက ရေးကြီးသုတ်ပျာ မေးလိုက်သည်။

"ဟင်... ချန်တာ့ယူ၊ ငါ့သား... ငါ့သားကော၊ ဘယ်မှာလဲ"

ချန်တာ့ယူက ခပ်သွဲ့သွဲ့ ပြုံးလိုက်ပြီး....

"ရှိပါတယ်ဗျ... ဟိုဘက်ခန်းမှာ ရှိပါတယ်"

ပြောပြောဆိုဆိုပင် ချန်တာ့ယူသည် တစ်ဘက်ခန်းထဲသို့ ဝင်သွားသည်။

တစ်ဘက်ခန်းထဲမှ မီးရောင်လည်း ဖျတ်ခနဲ လင်းလာသည်။

လင်ချမ်းကျုံးလည်း သားဇောနှင့်ချန်တာ့ယူ ဝင်သွားရာ အခန်းထဲသို့ဝင်လိုက်သည်။

ယင်းအခန်းထဲတွင် ဖယောင်းတိုင်ကြီးတစ်တိုင် ထွန်းထား

www.burmeseclassic.com



သည်။

ဖယောင်းတိုင်အနီးတွင် လင်ချွင်စစ်ကို တွေ့ရ၏။

လင်ချွင်စစ်ကို တွေ့လိုက်ရသောအခါ လင်ချမ်းကျူး ရင်ထဲတွင် နင့်ခနဲ ဖြစ်သွားသည်။

လင်ချွင်စစ်သည် ကြောင်ငေးငေးကြီး ရပ်နေသည်။

ပြည့်ပြည့်ဖြိုးဖြိုးဖြစ်နေသော သူ၏မျက်နှာမှာ အရိုးပေါ်ပေါ်ထွက်အောင် ပိန်လှီသွားသည်။

မျက်ကွင်းကြီးတွေက ဟောက်ပက်၊ သူသည် မည်သည့်ခံစားချက်မှ မရှိသည့်အမူအရာမျိုးဖြင့် ဖခင်ဖြစ်သူကို ကြည့်နေသည်။

ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော သားဖြစ်သူကို တွေ့လိုက်ရသောအခါ လင်ချမ်းကျူးစိတ်ထဲတွင် မချိတင်ကဲ ဖြစ်သွားသည်။

လင်ချွင်စစ်၏အမူအရာက သူ့ကိုပင် မမြင်သလိုလို၊ မသိသလိုလို။

လင်ချွင်စစ် ဘေးနားတွင် လူကြီးတစ်ယောက် ရပ်နေသည်။

အသက်ငါးဆယ်ရွယ်ခန့်ရှိပြီး ဖြစ်သော်လည်း ကျစ်လျစ်သန်မာသော ခန္ဓာကိုယ်ရှိသည်။

သူ့ကိုယ်ပေါ်တွင် အစြာရောင်ဝတ်ရုံကြီးကို ဝတ်ထားသည်။

အခန်းထောင့် ကြမ်းပြင်တွင် အပေါက်ကြီးတစ်ပေါက်ကိုလည်း တွေ့ရသည်။

မြေအောက်သို့ဆင်းသော အပေါက် ဖြစ်ကြောင်း သိသာလှသည်။



ချန်တာ့ယူက လင်ချွင်စစ်အနီးကို ကပ်သွားပြီး ပခုံးကိုဖျတ်ခနဲ ပုတ်လိုက်သည်။

လင်ချွင်စစ် ဆတ်ခနဲ တုန်သွားပြီး ကြောက်လန့်တကြီးနှင့် ရေရွတ်တော့သည်။

“ကျွန်တော် အရူးပါ... ကျွန်တော် အရူးပါ... ကျွန်တော့်ကိုယ်မှာ အရူးသွေး ပါပါတယ်”

“ကျွန်တော် အရူးပါ... ကျွန်တော် အရူးပါ၊ ကျွန်တော့်ကိုယ်မှာ အရူးသွေး ပါပါတယ်”

“ကျွန်တော် အရူးပါ... ကျွန်တော် အရူးပါ... ကျွန်တော့်ကိုယ်မှာ အရူးသွေး ပါပါတယ်”

လင်ချမ်းကျူး ရင်ထဲတွင် နင့်ခနဲ ဖြစ်သွားသည်။

သူ့သား လင်ချွင်စစ်သည် စိတ်ဝေဒနာခံစားနေရပြီဖြစ်ကြောင်း နားလည်သွားသည်။

သူ့စိတ်၏အာရုံထဲတွင် ချန်ပူးဝမ်း ငယ်စဉ်က ဆယ်ရက်တစ်ကြိမ် ဤစကားမျိုးကို ရွတ်ဆိုခိုင်းခဲ့ပုံများကိုလည်း ပြန်လည်မြင်ယောင်လာသည်။

“သား... သား... လူလေး”

လင်ချမ်းကျူးသည် ငိုသံပါကြီးဖြင့် လင်ချွင်စစ်ကို ခေါ်ရင်း ရှေ့ကိုတိုးမည် ပြု၏။

ချန်တာ့ယူက လက်ကာလိုက်ပြီး ဟန့်တားလေသည်။

“ခင်ဗျား... ရှေ့မတိုးနဲ့ဦး၊ ကျုပ်တို့ပြောစရာရှိတာ ပြောပြီးမှ ခင်ဗျားသားကို ခေါ်သွားနိုင်တယ်”

လင်ချမ်းကျူးကလည်း ရှေ့ကိုမတိုးရဲတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



အချိန်အခါ လိုသေးသဖြင့် သူသည် ချန်တာ့ယူကို မဆန့်ကျင်ရဲချေ။

လင်ချင်စစ်က သူတို့လက်ထဲရောက်နေသည် မဟုတ်ပါလား။

လင်ချင်စစ်ကမူ 'ကျွန်တော် အရှုံးပါ' ဆိုသော စကားကို အဆက်မပြတ် ရွတ်ဆိုနေတုန်း။

ချန်တာ့ယူက ခပ်အေးအေးပင် ပြောသည်။

"ဒီမယ် အဘိုးကြီး... ခုလို ခင်ဗျားရဲ့သားအဖြစ်ကိုမြင်တော့ ခင်ဗျားသိပ်ပြီး ခံစားသွားရတယ် မဟုတ်လား၊ ကျုပ်အဖေတုန်းကလဲ ဒီလိုစကားမျိုးကို အမြဲတမ်း ခင်ဗျား ရွတ်ခိုင်းခဲ့တယ်၊ ဒါကြောင့် ခင်ဗျားသားကို ကျုပ်ပြန်ပြီး ဒီစကားမျိုး ရွတ်ခိုင်းရတာပဲ၊ တစ်ခုပိုသွားတာက ခင်ဗျားသားဟာ တကယ်ပဲ ကြောင်တောင်တောင် ဖြစ်သွားပြီ"

"ဖြစ်ရလေ သားရယ်... ဖြစ်ရလေ"

လင်ချမ်းကျုံး ယူကျုံးမရစွာ ရေရွတ်လိုက်သည်။ သူ့မျက်လုံးထဲမှ မျက်ရည်များလည်း စီးကျလာသည်။

ထိုစဉ် လင်ချင်စစ် ဘေးနားတွင် ရပ်နေသော အပြာရောင်ဝတ်ရုံနှင့်လူကြီးက ပြောလိုက်သည်။

သူ့အသံက သြဇာအာဏာနှင့် ပြည့်ဝလှလေသည်။



"ဒီမယ် လင်ချမ်းကျုံး... ခင်ဗျားနဲ့ နယ်စား အယုတ်တမာ ချီကာဖိန်းတို့တတွေလဲ လမ်းဆုံးပါပြီ၊ ခင်ဗျားတို့နှစ်ယောက် အပြန်အလှန်ဆက်သွယ်ကြတဲ့ စာတွေကိုလဲ ကျုပ်တို့ရထားပြီးပြီ၊ ခင်ဗျားသားကို ကျုပ်တို့စိတ်ချောက်ချားအောင်လုပ်ပြီး မေးတော့လဲ ခင်ဗျားတို့ရဲ့ ဓာတ်လမ်းတွေကိုသိရပြီ၊ ချီကာဖိန်းကိုတော့ ကျုပ်တို့ဖမ်းထားလိုက်ပြီ"

လင်ချမ်းကျုံးသည် တုန်လှုပ်ချောက်ချားစွာဖြင့် ဝတ်ရုံပြာလူကြီးကို ကြည့်သည်။

"ဟင်... ခင်ဗျား ဘယ်သူလဲ"

"ကျုပ် နာမည် ဝေဖူ... ကျုပ်ဟာ နေပြည်တော် ဒုစရိုက်နှိမ်နင်းရေး မူခင်းတပ်ဖွဲ့က အုပ်ချုပ်ရေးမှူးကြီးပဲ၊ ပြီးတော့ ဟောဒီက ချန်တာ့ယူကလဲ မူခင်းတပ်ဖွဲ့ဝင်တစ်ယောက်ပဲ၊ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် အမိန့်တော်ချမှတ်လို့ ခင်ဗျားနဲ့ချီကာဖိန်းရဲ့ လှုပ်ရှပ်တွေကို စုံစမ်းဖော်ထုတ်ရအောင် ဦးဆုံး ချန်တာ့ယူကို ရေ့ပြေးအဖြစ် လွှတ်လိုက်တာပဲ၊ ခုတော့ ခင်ဗျားတို့ချင်း ဆက်သွယ်တဲ့စာတွေကို သိမ်းမိရုံနဲ့ ခင်ဗျားတို့ ဘာတွေကျူးလွန်ခဲ့တယ်ဆိုတာ သိနေပါပြီ၊ ပိုပြီးပြည့်စုံ အောင်သာ ခင်ဗျားသားကိုဖမ်းပြီး မေးရတာ၊ ခုတော့ ပိုပြီးလဲ ပြည့်ပြည့်စုံစုံသိရပြီ၊ တစ်ချိန်က နယ်စားကြီး စန့်ဟုမ်းယန်းရဲ့ လူယုံတော်ကြီးထိလိုးကလဲ ကျုပ်တို့ဘက်က သက်သေလိုက်ပါလိမ့်မယ်"

လွန်စွာ အံ့သြထိတ်လန့်နေသော လင်ချမ်းကျုံး မျက်ဝန်းပြူးသွားပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဟင်... ထီလုံး ဟုတ်လား... ထီလုံးက ဘယ်မှာလဲ"

"ကျုပ်က ဒီမှာပါ လင်ချမ်းကျူး"

ကြမ်းခင်းတံခါးပေါက်အောက်မှ အသံပေါ်လာပြီး ယင်းတံခါးပေါက်မှပင် အဘိုးကြီး ထီလုံး ဖြည်းဖြည်းချင်း တက်လာလေသည်။ လင်ချမ်းကျူး မိုပြီး အံ့ဩသွားသည်။

အပေါ်ကိုရောက်လာသောထီလုံးက လင်ချမ်းကျူးကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး....

"လင်ချမ်းကျူး... ကျုပ်ကိုတွေ့ရလို့ အံ့ဩသွားသလား... ကျုပ်နဲ့ချန်တာ့ယူ ပူးပေါင်းခဲ့တာကြာပြီ၊ ခင်ဗျားနဲ့ နယ်စားယုတ်ရဲ့ ယုတ်မာပုံတွေကိုလဲ ကျုပ် သိသလောက်ဖွင့်ပြောပြီးပြီ၊ ခင်ဗျားတို့ သေဒဏ်အကျခံရအောင် သက်သေခံဖို့လဲ ကျုပ်က အဆင်သင့်ပဲ"

မထင်မှတ်တာတွေ ဖြစ်လာသောကြောင့် လင်ချမ်းကျူးသည် သားဖြစ်သူ လင်ချွင်စစ်ကိုပင် ခဏမေ့သွားသည်။

မှူခင်းတပ်ဖွဲ့ အုပ်ချုပ်ရေးမှူးကြီး ဝေက ထပ်မံပြောဆိုသည်။

"လင်ချမ်းကျူး... ခင်ဗျားလဲ အေးအေးဆေးဆေး အဖမ်းခံပါ၊ အေးအေးဆေးဆေး အဖမ်းမခံရင် ခင်ဗျားကို အသေဖမ်းရလိမ့်မယ်၊ အသေဖမ်းဖို့လဲ အမိန့်ပါတယ်၊ ငွေမျိုးဖြူပိုဆိုးဌာနချုပ်ကိုလဲ

BURMESE CLASSIC



ကျုပ်တို့ဘက်တော်သားတွေ သွားပြီးဝိုင်းထားကြပြီ"

လင်ချမ်းကျူး ဘာလုပ်ရမှန်းမသိအောင် တုန်လှုပ်ချောက်ချားသွားသည်။

ချန်တာ့ယူက ဝင်ပြောပြန်သည်။

"ကဲ... အဘိုးကြီး... ခင်ဗျားသဝနဲ့ ခင်ဗျား တွေ့နိုင်ပြီ၊ ခင်ဗျားရဲ့သားကိုလဲ ခင်ဗျားနဲ့အတူ အကျဉ်းခန်းထဲ ခေါ်သွားနိုင်ပြီ"

ထိုအခါမှ လင်ချမ်းကျူးသည် ကြောင်ငေးငေးကြီး ရပ်နေသော သားဖြစ်သူကို လှမ်းကြည့်ပြီးမှ သားဖြစ်သူထံ လျှောက်သွားကာ ခေါ်လည်းခေါ် ဖက်လည်း ဖက်လိုက်သည်။

"သား... သား... လူလေး"

လင်ချွင်စစ် အတင်းရုန်းကန်ရင်း အော်ဟစ်သည်။

"လွှတ်ပါ... လွှတ်ပါ၊ ကျွန်တော် အရူးပါ... ကျွန်တော် အရူးပါ... ကျွန်တော့်ကိုယ်မှာ အရူးသွေး ပါပါတယ်၊ ကျွန်တော် အရူးပါ"

"သားသား သတိထားပါကွယ်၊ ဖေဖေလေ... ဖေဖေလေ"

"ကျွန်တော် အရူးပါ... လွှတ်ပါ... ကျွန်တော့်ကိုယ်မှာ အရူးသွေး ပါပါတယ်... လွှတ်ပါ"

လင်ချမ်းကျူးသည် သူ့အတွက်ထက် သားဖြစ်သူအတွက် ပိုပြီး မချိတင်ကဲ ဖြစ်မိလေ၏။

"သားရယ်... သတိထားပါကွယ်၊ ဖေဖေပါ သားရယ်"

လင်ချမ်းကျူးက မည်သို့ပင် ပြောဆိုသော်လည်း လင်ချွင်စစ်သည် ရုန်းကန်ရင်း 'ကျွန်တော်အရူးပါ' ဆိုသော စကားကိုသာ ရေရွတ်နေတော့၏။

ထိုစဉ် အခန်းထဲသို့ လူတစ်ယောက် ပြေးဝင်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်ရေးမှူးကြီး ဝေကာ ဦးစွာ လှမ်း၍မေးသည်။

"စွေစင်း… ဘာဖြစ်လာတာလဲ"

ဝင်လာသူက စိုးရိမ်တကြီး ဖြေဆိုသည်။

"သချိုင်းထဲကို ငွေဖျိုင်းဖြူဂိုဏ်းသားတွေ ဝင်လာနေကြပါတယ်၊ အုပ်ချုပ်ရေးမှူးကြီး၊ သူတို့နဲ့အတူ အမျိုးသမီးသုံးယောက်လဲ ပါလာတယ်"

"ဟော…"

ချန်တာ့ယူကော အုပ်ချုပ်ရေးမှူးကြီးဝေကိုပါ စိတ်လှုပ်ရှားသွားကြသည်။

လင်ချမ်းကျူးကို ချုပ်ကိုင်ဖမ်းဆီးရန်လည်း လှုပ်ရှားလိုက်ကြ၏။

လင်ချမ်းကျူးက နောက်ကိုခုန်လိုက်ပြီး ရယ်မောလိုက်သည်။

"ငါ့ကို ဘယ်အချိန်ဖမ်းဖမ်း မင်းတို့ ဖမ်းလို့ရပါတယ်၊ ငါ့ဂိုဏ်းသားတွေနဲ့အတူပါလာတဲ့ အမျိုးသမီးသုံးယောက်ဟာ ဘယ်သူတွေလဲဆိုတာ ထွက်ကြည့်ပါဦး"

ချန်တာ့ယူ ထိတ်ခနဲဖြစ်သွားပြီး အပြင်ဘက်ကို ပြေးထွက်ကြည့်သည်။

သူ့နောက်မှ လင်ချမ်းကျူးကလည်း လင်ချွင်စစ်ကိုတွဲ၍ လိုက်လာသည်။ နောက်ဆုံးမှ ကျန်လူများ လိုက်လာ၏။

ဇရပ်အပြင်ဘက်ကို ရောက်လာသောအခါ သူတို့ထံ လာနေသော ငွေဖျိုင်းဖြူဂိုဏ်းသား ဆယ့်ငါးယောက်ခန့်ကို ချန်တာ့ယူကို တွေ့ရသည်။



ငွေဖျိုင်းဖြူဂိုဏ်းသားများ အလယ်တွင် ရှောက်မှာ၊ ပိုင်ယီးယီးနှင့် ကျိဖေ့ကျန်းတို့ကို မြင်ရသည်။

ငွေဖျိုင်းဖြူဂိုဏ်းသားများက ပိုင်ယီးယီးတို့ကို ဖမ်းဆီးခေါ်ဆောင်လာကြခြင်း ဖြစ်လေသည်။

"ဟင်… မေမေ၊ ရှောက်မှာ… ဘွားလေး"

ချန်တာ့ယူက စိုးရိမ်တကြီးဖြင့်ခေါ်ပြီး ပြေးထွက်မည်ပြုသည်။

နောက်ဘက်မှ လင်ချမ်းကျူးက ဟန့်တားလိုက်သည်။

"ရပ်လိုက်… ချန်တာ့ယူ၊ နို့မို့ ငါ့ လက်ပြလိုက်တာနဲ့ ငါ့လူတွေက မင်းလူသုံးယောက်ကို သတ်လိုက်လိမ့်မယ်"

ထိုစကားကြောင့် ချန်တာ့ယူသည် ရှေ့ကိုမတိုးရဲတော့ချေ။ သူသည် ဒေါသတကြီးဖြင့်သော လင်ချမ်းကျူးကို လှည့်ပြောသည်။

"ကျွန်တော့်လူတွေကို လွှတ်လိုက်ပါ အဘိုးကြီး၊ ခင်ဗျားအတွက် အပြစ်အကျိုးကြီးသွားမယ်နော်"

"ဟား… ဟား… ဟား… ဟား၊ ငါ့အတွက်တော့ မထူးပါဘူး၊ ငါက သေလူဖြစ်နေပြီပဲ၊ ခုချိန်မှာ ဘယ်သူ့ကိုပဲ ထပ်သတ်ရသတ်ရ အကြောင်းမဟုတ်တော့ဘူး၊ အေး… မင်းသာ ငါ့စကားကို လက်ခံမယ်ဆိုရင်တော့ မင်းလူသုံးယောက်စလုံးကို ဘာမှဒုက္ခမပေးဘဲ လွှတ်ပေးမယ်"

"ကျုပ်က ဘာကိုလက်ခံရမှာလဲ"

"ငါ့လက်မှာ မင်း အဖမ်းခံရမယ်၊ မင်းကို ငါကိုယ်တိုင် သတ်

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ပြီးမှ ငါ အဖမ်းခံမယ်၊ ချွန်အမျိုးအနွယ်အဖြစ် တစ်ဦးတည်း ကျန်ခဲ့တဲ့မင်းကို ငါသတ်ရရင် ကျေနပ်ပြီ၊ မင်းလူသုံးယောက်ရဲ့အသက်နဲ့ မင်းအသက်နဲ့လဲတဲ့ သဘောပဲဆိုပါတော့... ဘယ့်နှယ်လဲ"

ချစ်ရသော မိခင်၊ ဘွားလေးနှင့်ချစ်သူတို့၏အသက်သုံးသက်နှင့် သူ့အသက်လဲရမည့်အတွက် ချွန်တာ့ယူ နောက်မတွန့်ချေ။

"ကျုပ် အဖမ်းခံရင် ကျုပ်လူသုံးယောက်ကို ခင်ဗျားက တကယ်လွှတ်ပေးမှာလား"

"လွှတ်ပေးမယ်... ဒါမှ မင်းမယုံရင် မတတ်နိုင်ဘူး"

ပိုင်ယီးယီး၊ ရှောက်ဗှာနှင့်ကျိဖေ့ကျန်းတို့မှာ သွေးကြောပိတ်ခံထားရသဖြင့် ဘာမှ လှမ်းမပြောနိုင်ကြချေ။

အဘိုးကြီးထိလုံးမှာ ရန်သူ့လက်ထဲရောက်နေသော မြေးလေး ရှောက်ဗှာကိုကြည့်ပြီး စိုးရိမ်မကင်းဖြစ်နေသည်။

သူသည် ကျောမှဓားကိုဆွဲထုတ်ကာ လင်ချမ်းချုံးထံ ခုန်ဝင်လာပြီး ရှယ်သည်။

"လူယုတ်မာ... ကျုပ်မြေးကို အခုလွှတ်ပေး"

"ခင်ဗျားမြေးက ဘယ်သူလဲ"

"ရှောက်ဗှာ...."

"ဩော်... ရှောက်ဗှာက ခင်ဗျားရဲ့မြေးကိုး၊ ဟား... ဟား... ဟား၊ ပိုပြီး ကောင်းတာပေါ့၊ ဒီမှာ ထိလုံး... ခုနေ ကျုပ်ကို ခင်ဗျားသတ်လိုက်လဲ မမှုဘူး၊ ကျုပ်က သေလူပဲ၊ ဒါပေမယ့် ခင်ဗျားမြေးလဲ သေလိမ့်မယ်နော်၊ ခင်ဗျားမြေးတစ်ယောက်တည်းတောင် မဟုတ်ဘူး၊ ပိုင်ယီးယီးရယ်... ကျိဖေ့ကျန်းရယ် သုံးယောက်တောင်"



အဘိုးကြီး ထိလုံး ငိုင်သွားသည်။ ချွန်တာ့ယူ ရောက်လာပြီး အဘိုးကြီးထိလုံးကို ဆွဲဖယ်လိုက်သည်။

"ဘကြီး အသာနေပါ၊ ကျွန်တော်နဲ့မှ ပြီးမယ့်ကိစ္စကို ကျွန်တော်ပဲ ရှင်းပါ့မယ်"

ချွန်တာ့ယူက ပြောပြီး လင်ချမ်းကျုံး ရှေ့တွင် ရပ်လိုက်သည်။

"ကဲ... ကျွန်တော့်ကိုဖမ်းပြီး ကျွန်တော့် လူသုံးယောက်ကို လွှတ်ပေးပါ"

လင်ချမ်းကျုံးက ရယ်မောရင်း ချွန်တာ့ယူ၏သွေးကြောကို ထိုးပိတ်လိုက်သည်။

မည်သူမှ မလှုပ်ရှားနိုင်ခင် ချွန်တာ့ယူသည် လင်ချမ်းကျုံး လက်တွင် ချုပ်နှောင်ဖမ်းဆီးခြင်းကို ခံရသည်။

လင်ချမ်းကျုံးလက်တွင် ချွန်တာ့ယူ ရောက်သွားသဖြင့် အုပ်ချုပ်ရေးမှူးကြီး ဝေဖူနှင့်ထိလုံးတို့မှာလည်း မလှုပ်ရှုကြတော့ချေ။

အုပ်ချုပ်ရေးမှူးကြီး ဝေက ခပ်ပြင်းစွာ လှမ်းပြောသည်။

"လင်ချမ်းကျုံး... ပိုင်ယီးယီးတို့ကို လွှတ်လိုက်လေ"

"ဟား... ဟား... ဟား၊ လွှတ်မှာပေါ့ အုပ်ချုပ်ရေးမှူးကြီးရယ်... လွှတ်ရမှာပေါ့... ဒါပေမယ့် ခုတော့ မလွှတ်နိုင်ဘူး၊ ချွန်တာ့ယူကိုသတ်ပြီးမှ လွှတ်ပေးမှာမယ်၊ ခုတော့ ခင်ဗျားတို့အားလုံး စရပ်ကြီးအပြင်ဘက် ထွက်ပြေးကြပါ"

ချွန်တာ့ယူကော ပိုင်ယီးယီးတို့ပါ ရန်သူ့လက်တွင်းရောက်နေသောကြောင့် အုပ်ချုပ်ရေးမှူးကြီးဝေနှင့် ထိလုံးတို့သည် စရပ်ကြီးပေါ်မှ ဆင်းလိုက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်ချမ်းကျိုးသည် ချန်တာ့ယူကို ဇရပ်ကြီးထဲတွင် သွေးကြောပိတ်ထားခဲ့ပြီး သူ့လူများကို ဇရပ်ကြီးအား မီးရှို့စေသည်။

ဝိုင်ယီးယီး၊ ကျိုဖေ့ကျန်းနှင့်ရှောက်ဗုာတို့သည် အဖြစ်အပျက်များကို မြင်နေ၊ ကြားနေကြရသော်လည်း သွေးကြောလည်း အပိတ်ခံရ၊ ကြိုးဖြင့်လည်း အတုပ်ခံနေရသဖြင့် ဘာမှမတတ်နိုင်ကြချေ။

လင်ချမ်းကျိုးသည် ဇရပ်ပေါ်တွင်မှ ဆင်းလာပြီး အုပ်ချုပ်ရေးမှူးကြီး ဝေနှင့် ထိလုံးကို ခြိမ်းခြောက်လိုက်သည်။

"ခင်ဗျားတို့ ဘယ်သူမှ ချန်တာ့ယူကိုကယ်ဖို့ မကြိုးစားနဲ့နော်၊ ကြိုးစားတာနဲ့ ဝိုင်ယီးယီးတို့ သုံးယောက်စလုံး အသေပဲ"

ထို့ကြောင့်လည်း အုပ်ချုပ်ရေးမှူးကြီး ဝေနှင့် ထိလုံးတို့သည် မလှုပ်ရှားရဲကြချေ။

ရန်သူ့လက်တွင်းမှ ချန်တာ့ယူတို့ကို ကယ်တင်နိုင်ရန် နည်းလမ်းလည်း ရှာမရကြချေ။

လင်ချမ်းကျိုးသည် စိတ်ကယောင်ကတမ်းဖြင့် ထင်ရာစိုင်းနေလေပြီ။

ငွေဖျိုင်းဖြူဂိုဏ်းသားခြောက်ယောက်က မီးတုတ်များကို ချက်ချင်း ပြုလုပ်ကြပြီး ဇရပ်ကြီး၏ပတ်လည်မှ မီးရှို့ကြလေသည်။

အမှောင်ဖုံးလာပြီဖြစ်၍ ဇရပ်ကြီးကိုတောက်လောင်သော မီးရောင်ရှွေ့က ထိန့်ထိန့်လင်းနေသည်။ မီးတောက်တွေက ဇရပ်ကြီးကို ဝါးမျိုနေသည်။

မီးတောက်အလယ်မှ ချန်တာ့ယူသည် သွေးကြောပိတ်ခံထားရသဖြင့် မလှုပ်မယှက်.....။



ဝိုင်ယီးယီးသည် သားဖြစ်သူကို လင်ချမ်းကျိုးက သတ်မည်ဟုကြားရစဉ်က လွန်စွာ စိုးရိမ်ပူပန်နေသည်။

သို့သော် ယခုကဲ့သို့ မီးရှို့သတ်သည်ကိုမြင်ရသောအခါ အနည်းငယ် စိတ်အေးသွားသည်။

ချန်တာ့ယူသည် တခြားသူတွေထက် အဆပေါင်းများစွာ အပူအအေးဒဏ်ကိုခံနိုင်သူ ဖြစ်၏။

မွေးစကတည်းက အပူအအေးဒဏ်ကိုခံနိုင်အောင် အလေ့အကျင့်လုပ်ပေးခဲ့သည်။

သိပ်ပူလွန်း၊ သိပ်အေးလွန်းလေ ချန်တာ့ယူ၏စွမ်းရည်မှာ ပိုပြီး ထက်မြက်လာလေ မဟုတ်ပါလား။

အပူအအေးသိုင်းကို တတ်မြောက်ထားသော ချန်တာ့ယူပင်တည်း။

"ဟား... ဟား... ဟား.... ဟား... ဟား"

လင်ချမ်းကျိုးသည် ဇရပ်ကြီးကို ဝါးမျိုစပြုနေပြီဖြစ်သော မီးတောက်မီးလျှံများကိုကြည့်ကာ အားပါးတရ ရယ်မောနေသည်။

မီးတောက်မီးလျှံများက ချန်တာ့ယူကို ဝိုင်းနေလေပြီ။

ချန်တာ့ယူ၏စွမ်းရည်ကို မသိသော ရှောက်ဗုာက ချစ်သူအတွက် ပူပန်စိုးရိမ်စိတ်ဖြင့် မျက်ရည်ကျလေသည်။

ထိုစဉ် အမှောင်တွင်းမှ လူရိပ်နှစ်ရိပ်ခုန်ထွက်လာပြီး ဝိုင်ယီးယီးတို့ကိုချုပ်ကိုင်ထားသော ငွေဖျိုင်းဖြူဂိုဏ်းသားများကို စတင်တိုက်ခိုက်လေသည်။

ဝင်ရောက်တိုက်ခိုက်သူနှစ်ဦးမှာ မိုးကြိုးသိုင်းသခင်ကြီး လီ

www.burmeseclassic.com

www.burmeseclassic.com



ခုံးချိုနှင့် တပည့်ဖြစ်သူ ခါးကုန်းကြီး ကင်းလျှောက်တို့ပင် ဖြစ်လေသည်။

"အား....."

"အီး....."

"အူး... အားရီး"

ငွေဖျိုင်းဖြူဂိုဏ်းသားများထံမှ ညည်းတွားသံများ ပေါ်လာပြီး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြ၏။

အုပ်ချုပ်ရေးမှူးကြီး ဝေနှင့် ထီလုံးတို့လည်း လင်ချမ်းကျူးကို ဝင်တိုက်သည်။

အော်ဟစ်တိုက်ခိုက်သံတွေက ရုတ်တရက် ဆူညံစွာ ပေါ်ထွက်လာသည်။

ထိုအချိန်တွင် မီးများ ဝိုင်းနေသည့်အလယ်တွင် ရှိနေသော ချန်တာ့ယူ တစ်ကိုယ်လုံးမှာ အပူရှိန်ပြင်း ဟပ်နေပြီဖြစ်၏။

သူ့ကိုယ်မှ အဝတ်များပင် မီးကျွမ်းစပြုနေပြီ ဖြစ်သည်။

သူသည် အတွင်းအား ကျင့်စဉ်ကိုကျင့်ရင်း သွေးများကို လည်ပတ်စေသည်။

သူ့ကိုယ်သည် ပထမပူလောင်သောဝေဒနာကို ခံစားရသော်လည်း ခဏနှင့်အပူဒဏ် လျော့သွားသည်။ ပိတ်ထားသော သွေးကြောလည်း ပွင့်သွားသည်။

"ယား....."

သူသည် အော်ဟစ်မာန်သွင်းလိုက်ပြီး မီးလျှံများကြားမှ ခုန်ထွက်လိုက်သည်။



ချက်ချင်းပင် ဇရပ်ကြီး အပြင်ဘက်ရောက်သွားသည်။ မီးရောင်ဖြင့် အပြင်ဘက်တွင် တိုက်ပွဲကြီးဖြစ်နေသည်ကို မြင်ရသည်။

ပိုင်ယီးယီး၊ ကျိုဖေ့ကျန်းနှင့် ရှောက်ဇုဝတို့လည်း အနှောင်အဖွဲ့မှ လွတ်နေကြပြီဖြစ်၏။

ပိုင်ယီးယီးနှင့် ရှောက်ဇုဝတို့ကလည်း ကျိုဖေ့ကျန်းကို အကာအကွယ်ပေးတာ ငွေဖျိုင်းဖြူဂိုဏ်းသားများကို တိုက်ခိုက်ကြသည်။

လင်ချမ်းကျူး၊ ဒုဂိုဏ်းချုပ် ထုံဟူလူးနှင့် ချောင်းဝါးတို့အပါအဝင် ငွေဖျိုင်းဖြူဂိုဏ်းမှ အဆင့်မြင့်သိုင်းသမား လေးငါးဖယောက်က မူခင်းတပ်ဖွဲ့ အုပ်ချုပ်ရေးမှူးကြီး ဝေနှင့်ထီလုံးတို့ကို ဝိုင်းတိုက်နေကြသည်။

"ကျွန်တော် အရှုံးပါ... ကျွန်တော် အရှုံးပါ"

လင်ချောင်စစ်ကမူ သွေးရူးသွေးတန်းဖြင့် ဟိုပြေးသည်ပြေးရင်း နှုတ်မှ ရေရွတ်နေသည်။

မီးလျှံများထဲမှ ချန်တာ့ယူ ခုန်ထွက်လာသည်ကို မြင်ကြသူအားလုံးမှာ အံ့သြတကြီးဖြစ်သွားကြ၏။

အားလုံးမှာ ချန်တာ့ယူ မီးလောင်ပြီး သေပြီဟု ထင်နေကြ၏။

ချန်တာ့ယူသည် လင်ချမ်းကျူးထံသို့ခုန်ဝင်၍ တိုက်ခိုက်လေသည်။

လင်ချမ်းကျူး လျော့သွားသောအခါ ဝေနှင့်ထီလုံးတို့က ခဏနှင့် ထုံဟူလူးနှင့် ချောင်းဝါးတို့ကို အနိုင်ယူလိုက်နိုင်သည်။

လင်ချမ်းကျူးသည် ချန်တာ့ယူကို လုံးလုံးပြန်မတိုက်နိုင်ဘဲ နောက်ကို တဆုတ်ဆုတ်ဆုတ်၍သာ ရှောင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် သွေးရူးသွေးတန်းနှင့်ပြေးနေသော လင်ချွင်စစ်သည် မီးလျှံထဲသို့ ပြေးဝင်သည်။

သူ့အဝတ်များကို မီးလောင်သောအခါ အပြင်ဘက်ကို ပြန်ထွက်ပြေးသည်။

"အား… လုပ်ကြပါဦး… လုပ်ကြပါဦး"

လင်ချွင်စစ်သည် ကြောက်လန့်တကြားဖြင့် အော်ဟစ်ရင်း မြေပေါ်လဲကျသွားသည်။

သားဖြစ်သူ လင်ချွင်စစ်အဖြစ်ကိုမြင်ရသော လင်ချမ်းကျူးသည် တန့်ခနဲ ရပ်သွားသည်။

"သား… သားကြီး"

သူ့နှုတ်မှလည်း ရူးရူးရားရား အော်လိုက်သည်။

ထိုစဉ် ချန်တာ့ယူ၏လက်ဝါးရိုက်ချက်က လင်ချမ်းကျူးရင်ဘတ်ကို ပြင်းစွာကျလာသည်။

"ဗုန်း…"

"အား…"

လင်ချမ်းကျူး နောက်ကိုယိုင်သွားသည်။

ခံပြင်းဒေါသဖြစ်နေသော ချန်တာ့ယူက ဆက်တိုက်ပင် လင်ချမ်းကျူးကို ဆက်ရိုက်သည်။ နှုတ်မှလည်း အော်ဟစ်သည်။

"အဲဒါ ကျုပ် အဖေအတွက်ဗျ"

"ဗုန်း…"

"အဲဒါ ကျုပ်အတွက်ဗျ"

"ဗုန်း…"

"အွန့်…"



လင်ချမ်းကျူးပါးစပ်မှ သွေးများပွက်ခနဲ ပွက်ခနဲထွက်လာပြီး မြေပေါ်ကို ဗုန်းခနဲ လဲကျပြီးသက်သွားလေတော့၏။

အခြား ငွေဇိုင်းဖြူဂိုဏ်းသားများကိုလည်း မိုင်ယီးယီးနှင့် မိုးကြိုးသိုင်းသမားကြီးတို့က အနိုင်ယူလိုက်နိုင်ကြပြီဖြစ်၏။

မိုးကြိုးသိုင်းသမားကြီး လီခိုးချီက လဲကျနေသော လင်ချမ်းကျူးအနီး လျှောက်လာပြီး စမ်းသပ်ကြည့်သည်။ ပြီးမှ စိတ်မသက်မသာဖြင့် ရေရွတ်သည်။

"အင်း… လူယုတ်မာတစ်ယောက်တော့ အမိုက်ဇာတ်သိမ်းသွားပြီ"

အုပ်ချုပ်ရေးမှူးကြီးဝေဖူက လီခိုးချီကို မေးလိုက်သည်။

"ငွေဇိုင်းဖြူစံအိမ်အခြေအနေနဲ့ ငွေဇိုင်းဖြူဂိုဏ်းဌာနချုပ်ရဲ့အခြေအနေ ဘယ်လိုလဲ ဆရာကြီး"

"ခေါင်းဆောင်တွေက ဒီမှာရောက်နေကြတော့ ဘာမှ ခုခံမှုမရှိဘဲ သိမ်းလိုက်နိုင်ပါတယ် အုပ်ချုပ်ရေးမှူးကြီး၊ ခုဆို ငွေဇိုင်းဖြူစံအိမ်မှာရော၊ ငွေဇိုင်းဖြူဂိုဏ်းဌာနချုပ်မှာရော အုပ်ချုပ်ရေးမှူးကြီးရဲ့လူတွေက နေရာယူပြီးပါပြီ"

အုပ်ချုပ်ရေးမှူးကြီး ဝေဖူက…

"ကဲ… ဒါဖြင့်လဲ အားလုံးပဲ ချန်တာ့ယူရဲ့ငွေဇိုင်းဖြူစံအိမ်ကို သွားကြစို့၊ လင်ချမ်းကျူးနဲ့ ထိုဟူလူးအလောင်းတွေကို ယူလာကြ၊ ကျန်တဲ့ အလောင်းတွေကို နောက်မှ လာကောက်မယ်"

ပြောပြီးသည်နှင့် အုပ်ချုပ်ရေးမှူးကြီး ဝေဖူ၊ မိုးကြိုးသိုင်းသမားကြီး လီခိုးချီနှင့် ထိုလုံးတို့က ရှေ့ဆုံးမှထွက်ခွာသည်။

www.burmeseclassic.com

www.burmeseclassic.com



အလယ်မှ မူခင်းတစ်ဖွဲ့ဝင်အချို့က လင်ချမ်းကျူးနှင့် ထုံပါ လူး၏အလောင်းများကိုသယ်၍ လိုက်လာကြသည်။

နောက်မှ ပိုင်ယီးယီး၊ ချန်တာ့ယူ၊ ရှောက်ဖုာနှင့်ကျိုဖေ့ကျန်း တို့ လိုက်လာကြသည်။

သူတို့အားလုံး၏မျက်နှာများက ပြုံးပန်းတွေ ဝေနေသည်။

ချန်တာ့ယူသည် ငွေဖျိုင်းဖြူစံအိမ်ကြီး၏အရှင်သခင် ဖြစ် သွားရလေပြီ။

ချန်မျိုးနွယ်၏အမွေများကို ဆက်ခံရပေတော့မည်။

ငွေဖျိုင်းဖြူဂိုဏ်းကြီးကိုလည်း ဘိုးဘွားဘီဘင်များ လက် ထက်တုန်းကလို ပြည်သူ့အကျိုးပြုဂိုဏ်းကြီး ပြန်ဖြစ်လာအောင် ဦး စီးချုပ်ကိုင်ရပေမည်။

ချန်တာ့ယူနှင့်ရှောက်ဖုာတို့က တဦးလက်ကို တစ်ဦး မြဲမြဲဆွဲ ကိုင်ထားကြသည်။

နောက်ဆုံးမှ လိုက်လာသော ပိုင်ယီးယီးနှင့်ကျိုဖေ့ကျန်းတို့ သည် ချန်တာ့ယူနှင့်ရှောက်ဖုာတို့ကိုကြည့်ကာ ကြည်နူးချမ်းမြေ့နေ ကြလေတော့၏။

**ပြီး၏။**

တက္ကသိုလ် နေလင်းအောင်

www.burmeseclassic.com